# ခရစ်တော်၏သရုပ်ပြသွန်သင်ချက်များ

(အယ်လင်၊ ဂျီ၊ ဝှိုက်)

ဒုတိယအကြိမ်

# ခရစ်တော်
# ၏
# သရုပ်ပြသွန်သင်ချက်များ

အယ်လင်၊ ဂျီ၊ ဝှိုက် ရေးသားပြုစုသည်

ဦးထွန်းသိန်းမြန်မာမှုပြုသည်

ကင်းစောင့်ပုံနှိပ်တိုက် စာတည်းဦးစိုင်းရပ်စ်ဘရောင်း
တည်းဖြတ်သည်

# ရှေးဦးစကား

ခရစ်တော်သည် ပလတိဏပြည်တောင်ကုန်းဒေသများနှင့် တောင်ကြားအရပ်များတွင် တပည့်တော်များနှင့်အတူ လှည့်လည်တော်မူရာ၌လည်းကောင်း၊ ဂါလိလဲအိုင်နှင့်ယော်ဒန်မြစ်ဝန်းကျင်တွင် အပန်းဖြေရာ၌လည်းကောင်း ကိုယ်တော်၏သွန်သင်ချက်အများစုကိုဟောကြားတော်မူ၏။ ကိုယ်တော်သည် ဥပမာကိုပုံဆောင်၍သွန်သင်ပေးတော်မူရာ၌သမ္မာတရားတော်ကိုသိုးထိန်းလျက်များ၊ ဗိသုကာများ၊ ထွန်ယက်စိုက်ပျိုးသူများ၊ ခရီးသည်များနှင့်အိုးအိမ်တည်ထောင်သူများ၏အတွေ့အကြုံဗဟုသုတများနှင့်ဆက်စပ်သည့်သာမန်အဖြစ်အပျက်များဖြင့် နှိုင်းယှဉ်၍ သွန်သင်တော်မူ၏။ ဘုရားသခင်သည်ကျွန်ုပ်တို့အားချစ်တော်မူ၍ အရေးယူဂရုစိုက်တော်မူသည့်အကြောင်းများကိုလည်းကောင်း၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျေးဇူးတရားသိတတ်စွာဖြင့်ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရမည့်အကြောင်းများကိုလည်းကောင်း၊ ကျွန်ုပ်တို့သည် လူသားချင်းတစ်ဦးတစ်ဦးကြည့်ရှုစောင့်ရှောက်ရမည့်အကြောင်းများကိုလည်းကောင်း၊ လူသိများသောအကြောင်းအရာနှင့်ဝတ္ထုပစ္စည်းများကိုပုံစံထား၍ မှန်ကန်စွာဖြင့်လည်းကောင်း၊ တင့်တယ်လျောက်ပတ်စွာဖြင့်လည်းကောင်းနှိုင်းယှဉ်ဖော်ပြထားပါသည်။ ထိုကြောင့် ဉာဏ်ပညာအားဖြင့် ဟောကြားတော်မူသည့်သမ္မာတရားတော်ဆိုင်ရာသွန်သင်ချက်များသည် ကိုယ်တွေ့အသုံးဝင်သောသစ္စာတရားများဖြစ်၏။ အဓိပ္ပါယ်လေးနက်၏။ စိတ်နှလုံးအတွင်းစွဲမှတ်စေနိုင်၏။

ဤစာစောင်တွင် ဥပမာများကိုတူညီသောအကြောင်းအရာအလိုက်စီစဉ်ထားပါသည်။ ယင်းအကြောင်းအရာများနှင့် သက်ဆိုင်သည့်သင်ခန်းစာများကို အဓိပ္ပါယ်ပေါ်လွင်အောင်ဖော်ပြထားပါသည်။ ရုပ်ပုံများဖြင့်လည်း သရုပ်ဖော်ထားပါသည်။ ဤစာစောင့်သည် သစ္စာ

# ရှေးဦးစကား

တရားကျောက်မျက်ရွဲများနှင့်ကြွယ်ဝသည်ဖြစ်၍ စာဖတ်သူအများအတွက်ဝန်းကျင်၏ သာမန်အရာများက နေ့စဉ်အသက်တာကို အကျိုးထူးစေပါလိမ့်မည်။

**"ခရစ်တော်၏သရုပ်ပြသွန်သင်ချက်များ"** စာစောင်ကိုအင်္ဂလိပ်ဘာသာအားဖြင့်လည်းကောင်း၊ အခြားဘာသာရပ်ကြီးများဖြင့်လည်းကောင်းအကြိမ်ကြိမ် ထုတ်ဝေခဲ့ပြီးဖြစ်ပါသောကြောင့် လူကြိုက်များသောစာစောင်တစ်ခုဖြစ်ကြောင်းထင်ရှားနေပါသည်။ ယင်းစာစောင်ကိုပြုစုရေးသားစဉ်အချိန်က ကျမ်းပြုစုသူသည် ယင်းစာစောင်ကိုရိုက်နှိပ်ဝေငှရာတွင်ရရှိသမျှငွေကိုပညာရေးလုပ်ငန်းအတွက် ထောက်ပံ့ရန်သီးသန့်လှူဒါန်းခဲ့ပါသည်။ ထိုကြောင့်ကျမ်းပြုစုသူ၏အားထုတ်ကြိုးပမ်းမှုတွင် ပုံနှိပ်ထုတ်ဝေသူများနှင့် အသင်းတော်သားများ၏ ဝိုင်းဝန်းကူညီမှုဖြင့်ခရစ်ယာန်ပညာရေးအတွက် အကျိုးထူးလောက်သောဝင်ငွေကိုရရှိခဲ့ပါသည်။

ဤစာစောင်အားဖြင့် အမှုတော်ကိုဆက်လက်ဆောင်ရွက်ရာ၌စာဖတ်သူသည် ကိုယ်တော်၏သွန်သင်ချက်များကို ပိုမိုနားလည်သဘောပေါက်၍ ကယ်တင်ရှင်ထံတော်ပါးသို့ တိုးဝင်ချဉ်းကပ်နိုင်စေရန်မှာပုံနှိပ်ထုတ်ဝေသူများနှင့် အယ်လင်၊ ဂျီ၊ ဝှိုက် ထုတ်ဝေသောစာပေကျမ်းဂန်များကိုစောင့်ရှောက်ထိန်းသိမ်းသည့်အဖွဲ့၏ကောင်းမြတ်သောဆန္ဒဖြစ်ပါသည်။

**ပုံနှိပ်ထုတ်ဝေသူများ**

# မာတိကာစဉ်


၁။ ဥပမာပုံဆောင်၍သွန်သင်တော်မူခြင်း --- ၁
၂။ “မျိုးစေ့ကြဲသောသူသည်မျိုးစေ့ကြဲခြင်းငှါထွက်သွား၏” --- ၁၇
၃။ “ရှေးဦးစွာအညှောက်၊ ထိုနောက်အနှံ” --- --- --- ၆၉
၄။ တောပင်များ --- --- --- --- --- ၇၉
၅။ “မုန်ညင်းစေ့နှင့်တူ၏” --- --- --- --- --- ၈၈
၆။ မျိုးစေ့ကြဲခြင်းဆိုင်ရာအခြားသွန်သင်ချက်များ --- --- --- ၉၅
၇။ “တဆေးနှင့်တူ၏” --- --- --- --- --- ၁၁၁
၈။ “ဝှက်ထားသောဘဏ္ဍာ” --- --- --- --- ၁၂၄
၉။ ပုလဲရတနာ --- --- --- --- --- ၁၄၅
၁၀။ ပိုက်ကွန် --- --- --- --- --- ၁၅၆
၁၁။ “အသစ်အဟောင်း” --- --- --- --- --- ၁၅၉
၁၂။ ပေးကမ်းဝေငှရန်တောင်းခံခြင်း --- --- --- --- ၁၇၈
၁၃။ ဘုရားသခင်ကိုဝတ်ပြုသောလူနှစ်ယောက် --- --- --- ၁၉၈
၁၄။ “ဘုရားသခင်သည် သူတို့ဘက်၌တရားမစီရင်ဘဲ နေတော်မူမည်လော --- --- --- --- ၂၂၂
၁၅။ “ဤသူသည်ဆိုးသောသူတို့ကိုလက်ခံ၍” --- --- --- ၂၅၀
၁၆။ “အထက်ကပျောက်၏၊ ယခုတွေ့ပြန်၏” --- --- --- ၂၇၂
၁၇။ “ယခုနှစ်ရှိပါစေဦး” --- --- --- --- ၂၉၃
၁၈။ “မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွားဦးလော့” --- --- --- ၃၀၄
၁၉။ အပြစ်လွှတ်ခြင်းအတိုင်းအတာ --- --- --- --- ၃၃၈
၂၀။ ရှုံးသောအမြတ် --- --- --- --- --- ၃၅၁
၂၁။ “အလွန်နက်လှသောချောက်ကြီး” --- --- --- --- ၃၆၃
၂၂။ အပြောနှင့်အလုပ် --- --- --- --- --- ၃၈၄
၂၃။ စပျစ်ဥယျာဉ်တော် --- --- --- --- --- ၄၀၅
၂၄။ “မင်္ဂလာဆောင်ပွဲ၏အဝတ်ကိုမဝတ်သောသူ” --- --- --- ၄၄၆
၂၅။ “အသီးအသီးအစွမ်းသတ္တိရှိသည်အတိုင်း” --- --- --- ၄၆၈
၂၆။ “မမြဲသောလောကစည်းစိမ်ကိုသုံးဆောင်ကြလော့” --- --- --- ၅၄၅
၂၇။ “အဘယ်သူသည်အကျွန်ုပ်နှင့်စပ်ဆိုင်သောသူဖြစ်ပါသနည်း” --- --- ၅၆၂
၂၈။ ကျေးဇူးတော်ဆိုင်ရာဆုလာဘ် --- --- --- --- ၅၈၄
၂၉။ “မင်္ဂလာဆောင်လုလင်ကိုခရီးဦးကြိုပြုအံ့သောငှါ” --- --- --- ၆၀၈


---ooo---

# ဥပမာပုံဆောင်၍သွန်သင်တော်မူခြင်း

ခရစ်တော်ဤလောကသို့ကြွလာတော်မူခြင်းနှင့် ဥပမာပုံဆောင်၍သွန်သင်တော်မူခြင်းများသည် မူလသဘောတရားအားဖြင့်တူညီကြပါသည်။ ကိုယ်တော်၏ဘုန်းတော်နှင့်အသက်တာကို ကျွန်ုပ်တို့သိကျွမ်းနားလည်သဘောပေါက်စေရန် ကိုယ်တော်သည် ကျွန်ုပ်တို့ကဲ့သို့ ကျွန်ုပ်တို့နှင့်အတူ လူသားအဖြစ် ဤလောကတွင်နေထိုင်တော်မူခဲ့၏။ မျက်စိဖြင့်မတွေ့မြင်နိုင်သော ဘုန်းအသရေတော်ကိုလည်းကောင်း လူသားအသွင်ဖြင့် ထင်ရှားစေတော်မူခဲ့၏။ သိမြင်နိုင်သောအရာမှ မသိမမြင်နိုင်သောအရာကို လူတို့သင်ကြားနာယူနိုင်၏။ ကောင်းကင်ဆိုင်ရာများကို မြေကြီးဆိုင်ရာများအားဖြင့်ထင်ရှားစေတော်မူ၏။ ဘုရားသခင်သည် လူသား၏ပုံရုပ်ကိုဆောင်လျက် ထင်ရှားပေါ်ထွန်းတော်မူခဲ့၏။ ထိုနည်းအတူ ခရစ်တော်၏သွန်သင်ချက်များတွင်လည်း မသိနားမလည်နိုင်သောအရာများကိုလည်းကောင်း၊ ဘုရားသခင်၏တရားတော်ကိုလည်းကောင်း လူတို့အားအကျွမ်းတဝင်သိရှိ နားလည်နိုင်သည့် လောကအရာများဖြင့် ဥပမာပုံဆောင်၍ သွန်သင်တော်မူ၏။

ထိုကြောင့် ကျမ်းစာတော်မြတ်တွင် “သခင်ယေရှုသည်ပရိသတ်များတို့အား ဟောပြောတော်မူ၏။ --- ထိုသို့သောအားဖြင့် ပုရောဖက်စကားဟူမူကား၊ ငါသည်နှုတ်ကိုဖွင့်၍ ဥပမာများကိုမြွက်ဆိုပေအံ့၊ ကမ္ဘာဦးမှစ၍ ထိမ်ဝှက်သောအရာတို့ကိုဖော်ပြပေအံ့” ဟုဖော်ပြထားပါသည်။ မဿဲ၁၃း၃၄၊၃၅။ သဘာဝတရားနှင့်တရားနာပရိသတ်၏ဘဝအသက်တာအတွေ့အကြုံများကိုနှုတ်ထွက်စကားတော်မှသစ္စာတရားများနှင့်

ဆက်စပ်ထားပြီးလျှင် သဘာသတရားကိုအကြောင်းခံလျက် ဝိညာဉ်ရေးရာများကိုဖေါ်ထုတ်တော်မူ၏။ ဤနည်းအားဖြင့် သဘာဝလောကမှဝိညာဉ်တော်နိုင်ငံသို့ပို့ဆောင်တော်မူရာတွင် ခရစ်တော်၏ဥပမာများသည် မြေကြီးနှင့်ကောင်းကင်ကိုလည်းကောင်း၊ ဘုရားသခင်နှင့်လူသားများကိုလည်းကောင်း ဆက်သွယ်ထားသည့်ဘုရားသခင်၏တရားတော်ရွှေကြိုး၏ကွင်းဆက်များဖြစ်ပါသည်။

ခရစ်တော်သည် သဘာဝတရားကိုအကြောင်းခံ၍သွန်သင်တော်မူရာတွင် ကိုယ်တော်တိုင်ဖန်ဆင်းခဲ့သည့်မိုးကုပ်စက်ဝိုင်း၏အရည်အသွေးများနှင့်တန်ခိုးအာနိသင်များကိုထုတ်ဖေါ်တော်မူခြင်းဖြစ်ပါသည်။ ဖန်ဆင်းထားသမျှသောအရာအလုံးစုံတို့၏မူလအစပြည့်စုံကုံလုံမှုသည် ဘုရားသခင်၏အကြံအစည်တော်ကိုဖေါ်ညွှန်းလျက်ရှိကြကုန်၏။ အာဒံနှင့်ဧဝတို့၏ဒေင်အိမ်တွင် ဘုရားသခင်ကိုသိကျွမ်းစေဖို့ သဘာဝနှင့်ပတ်သက်၍အကြောင်းမျိုးစုံလင်ပါ၏။ ကိုယ်တော်၏သင်ကြားချက်များနှင့်လည်း ပြည့်လျှံလျက်ရှိပေ၏။ သူတို့သည် ကိုယ်တော်ဖန်ဆင်းထားတော်မူသော မိုးကုပ်စက်ဝိုင်းနှင့်ဆက်ဆံညှိနှိုင်းရသောကြောင့်ဉာဏ်မျက်စိဖြင့်သိမြင်၍ စိတ်နှလုံးဖြင့်လက်ခံကြ၏။ သန့်ရှင်းသောဇနီးမောင်နှံတို့သည် အမြင့်မြတ်ဆုံးသောဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူး၍ အပြစ်မကောင်းမှုပြုသည်နှင့်တစ်ပြိုင်နက် ဘုရားသခင်၏မျက်နှာတော်သည် သဘာဝလောကကြီး၏ မျက်နှာပြင်မှကွယ်ပျောက်လေတော့၏။ အပြစ်မကောင်းမှုသည် ကမ္ဘာမြေကြီးကိုညစ်ညူးစေ၏။ ချို့တဲ့စေ၏။ ယင်းသို့ချို့တဲ့ပုပ်ပျက်တတ်သည့် အခြေအနေသို့ဆိုက်ရောက်နေသော်လည်း တင့်တယ်လှပခြင်းမြောက်မြားစွာကျန်ရှိနေပါသေးသည်။ သို့သော် ဝဘာဝတွင် ဘုရားသခင်၏သရုပ်ပြ သင်ခန်းစာများ

ပျောက်ပျက်သွားခြင်းမရှိသေးပါ။ အမှန်အတိုင်းသိမြင်နိုင်မည်ဆိုပါက သဘာဝတရားသည် ဖန်ဆင်းသူဘုရားသခင်၏ အကြောင်းကိုဖော်ပြ လျက်ပင်ရှိပါသေးသည်။

ခရစ်တော် ဤလောကတွင်သက်တော်ထင်ရှားရှိခဲ့စဉ်က ယင်း သင်ခန်းစာများမှာ မျက်ခြည်ပြတ်သည့်အခြေသို့ပင်ဆိုက်ရောက်နေခဲ့ ပါသည်။ လူတို့သည် ဖန်ဆင်းထားတော်မူသည့်သဘာဝပေါ်တွင်ဘုရား သခင်ကိုမတွေ့မမြင်နိုင်ကြတော့ပါ။ ဖန်ဆင်းထားသောသဘာဝအလှ အပမျက်နှာပြင်ကို လူသား၏အပြစ်မကောင်းမှုက လွှမ်းခြုံဖုံးကွယ်လိုက် ပါသည်။ ထိုအပြစ်ကြောင့်ဘုရားသခင်ဖန်ဆင်းထားသောသဘာဝတရား သည်ဘုရားသခင်ကိုမဖော်ညွှန်းဘဲကိုယ်တော်၏မျက်နှာတော်ကိုမတွေ့ မမြင်ရအောင်ဖုံးကွယ်သည့်တံတိုင်းကြီးပမာဖြစ်နေပါသည်။ လူတို့သည် "ဖန်ဆင်းတတ်သောဘုရားသခင်ကိုပယ်၍ ဖန်ဆင်းအပ်သောအရာကို ဝတ်ပြုကိုးကွယ်သောသူဖြစ်ကြ၏။" ထိုကြောင့်အသိအမြင်နည်းပါးသော သူတို့သည် "အချည်းနှီးတွေးဆခြင်း၊ သတိမရှိသောစိတ်နှလုံးမိုက်မဲခြင်း သို့ရောက်ကြ၏။" ရော၊ ၁း၂၅၊၂၁။ ဤသို့ဖြင့် ဣသရေလနိုင်ငံတွင် ဘုရားသခင်၏ဆုံးမသွန်သင်ချက်များကိုလူတို့၏ သွန်သင်ချက်များ နှင့်အစားထိုးကြ၏။ သဘာဝတရားဆိုင်ရာသွန်သင်ချက်များကိုသာမက ကိုယ်တော်ကိုထင်ရှားဖော်ညွှန်းရန်ဖြစ်သည့် ပူဇော်သကာဆိုင်ရာ သွန်သင်ချက်များနှင့်တကွ ကျမ်းစာကိုပါဆိုလိုရင်းအနက်အကောင်လွဲ မှား၍ဘုရားသခင်ကိုဖုံးကွယ်ထားရာရောက်နေပါသည်။

ဘုရားသခင်၏တရားတော်ကိုတိမ်မြုပ်စေသည့်အရာများကို ဖယ်ရှားရန်ခရစ်တော်စီမံတော်မူခဲ့ပါသည်။ ဘုရားသခင်၏ဝိညာဉ်ရေး ဆိုင်ရာဘုန်းအသရေတော်ကိုတွေ့မြင်နိုင်ရန်ဖန်ဆင်းထားသောမိုးကုပ်စက်ဝိုင်းကို

ဖုံးကွယ်ထားသည့်မကောင်းမှုကိုပပျောက်စေရန် ကိုယ်တော်ကြွလာတော်မူခဲ့၏။ ကိုယ်တော်၏နှုတ်တော်ထွက်စကားများသည် မိုးကုပ်စက်ဝိုင်းနှင့်ကျမ်းစာ၏သွန်သင်ချက်များကိုအသစ်သောမြင်ကွင်းဖြင့် အသစ်တစ်ဖန်ဖေါ်ထုတ်တော်မူ၏။

သခင်ယေရှုသည်တောနှင်းပန်းအလှကလေးကိုဆွတ်ခူး၍ ကလေးများနှင့်လူငယ်တို့၏လက်သို့ပေးလိုက်သောအခါ သူတို့သည်နေ၏အလင်းရောင်ပမာရွှင်လန်းစွာဖြင့် ခမည်းတော်၏ပုံသဏ္ဌာန်တော်ကိုဆောင်လျက်နေသောခရစ်တော်၏မျက်နှာတော်ကိုဖူးမြော်နေကြစဉ် “တောနှင်းပင်တို့သည်အဘယ်သို့သောအားဖြင့်ကြီးပွားသည်ကိုဆင်ခြင်အောက်မေ့ကြလော့။ ထိုအပင်တို့သည် အလုပ်လည်းမလုပ်၊ ချည်ဖြစ်စေခြင်းငှာမငင်မဝင့်။ သို့သော်လည်း ဘုန်းကြီးသောရှောလမုန်းမင်းကြီး၏ အဝတ်သည်ထိုအပင်တစ်ပင်မျှ၏ အဝတ်ကိုမမီ” ဟုမိန့်တော်မူပြီးမှ ဘဝအာမခံချက်အပြည့်အဝပါသောသင်ခန်းစာကို ချီးသာစွာဆိုတော်မူသည်ကား “ယုံကြည်အားနည်းသောသူတို့၊ ယနေ့အသက်ရှင်လျက် နက်ဖြန်မီးဖိုထဲသို့ရောက်သောတောမြက်ပင်ကို ဘုရားသခင်သည် ထိုသို့သောအဝတ်နှင့်ဖုံးလွှမ်းတော်မူလျှင် ထိုမျှမက သင်တို့ကိုအဝတ်နှင့်ဖုံးလွှမ်းတော်မူမည်မဟုတ်လော” ဟုသင်ကြားတော်မူ၏။

ယင်းတရားတော်ကိုတောင်ပေါ်တရားတော်တွင် ကလေးများနှင့်လူငယ်များအပြင် အခြားသူများကိုပါဟောကြားတော်မူ၏။ ၎င်းတရားတော်ကိုကြားနာလျက်ရှိသော လူပရိသတ်ကြီးထဲတွင် စိတ်မသာညည်းတွားသောသူ၊ စိတ်ပျက်အားလျော့သောသူ၊ ဝမ်းနည်းကြေကွဲသောသူ၊ ကြီရာမရစိတ်ရှုပ်ထွေးသောသူ ယောကျ်ားမိန်းမအမြောက်အမြားပါဝင်ကြ၏။ “ထိုကြောင့် အဘယ်သို့စားသောက်ရအံ့နည်း၊

အဘယ်သို့ဝတ်ရအံ့နည်းဟူ၍မစိုးရိမ်ကြနှင့်။ ထိုအရာများကို မယုံကြည်သူလူတို့သည်ရှာဖွေတတ်ကြ၏။ ထိုအရာများကိုသင်တို့သည်အသုံးလိုကြောင်းကိုကောင်းကင်ဘုံ၌ ရှိတော်မူသောသင်တို့အဘသည် သိတော်မူ၏။" ဟုခရစ်တော်မိန့်တော်မူပြီးလျှင် လက်တော်ကိုဆန့်တန်းလျက် "ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့။ နောက်မှထိုအရာများကိုထပ်၍ ပေးတော်မူလတ္တံ့။" ဟုဆက်၍လမ်းညွှန်မိန့်မြွက်တော်မူ၏။ မ၊ ၆း၂၈-၃၃။

ဤသို့ဖြင့်လယ်တွင်ပေါက်သောတောနှင်းပင်နှင့်မြက်ပင် တို့တွင်မိမိကိုယ်တိုင်ထားတော်မူသောသတင်းစကား၏ ဆိုလိုရင်းအနက်ကိုဖေါ်ထုတ်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် မြက်ပင်ကလေးတစ်ပင်စီနှင့်တောနှင်းပန်းကလေးတစ်ပွင့်စီတို့ကိုလေ့လာ၍ ယင်းသတင်းစကားများကိုသင်ကြားနာယူရန် ကိုယ်တော်အလိုရှိတော်မူ၏။ ကိုယ်တော်၏မိန့်မှာချက်များသည် အာမခံချက်နှင့်ပြည့်ဝ၍ ဘုရားသခင်အားယုံကြည်ကိုးစားရန် အတည်ပြုလိုက်ခြင်းဖြစ်ပါသည်။

ဘုရားသခင်၏တရားတော်တွင် ခရစ်တော်၏အမြင်သည်ကျယ်ဝန်းသည်နှင့်အမျှ တိုးချဲ့သင်ကြားတော်မူသည်ဖြစ်၍သဘာဝလောကကြီးတစ်ခုလုံးသည် ဘုရားသခင့်တရားတော်၏ဥပမာပုံဖြစ်လေ၏။ နေ့စဉ်ရှုမြင်ရသော သဘာဝမြင်ကွင်းဟူသမျှသည်လည်းဝိညာဉ်ရေးဆိုင်ရာသစ္စာတရားတစ်ခုခုနှင့် ဆက်စပ်လျက်ရှိပါ၏။ ထို့ကြောင့် သဘာဝလောကကြီးတစ်ခုလုံးသည် ကိုယ်တော်၏ဥပမာပုံဆောင်ချက်များနှင့်တန်ဆာဆင်လျက်ရှိနေပါသည်။

**ယေရှုသည်သဘာဝရှုခင်းများကိုအခြေပြု၍ပုံပမာများကို ဆိုလိုရင်းအနက်ဖေါ်ဆောင်ထားတော်မူ၏**

ခရစ်တော်အမှုတော်ဆောင်ရွက်သည့်အစောပိုင်းကာလတွင် ကိုယ်တော်၏သွန်သင်ချက်များမှာ အထူးရှင်းလင်းပြတ်သားသည်ဖြစ်၍ တရားနာပရိသတ်အားလုံးသည် ကယ်တင်ခြင်းရနိုင်သည့်အသိပညာဖြင့် ဘုရားသခင်၏တရားတော်ကိုဆုပ်ကိုင်မိကြပြီးဖြစ်တန်ရာ၏။ သို့သော် အများသောသူတို့၏စိတ်နှလုံးတွင် ၄င်းတရားတော်အမြစ်မစွဲဘဲ ရုတ်ခြည်းကွယ်ပျောက်သွားတတ်ကြ၏။ ထိုကြောင့် "ဥပမာကိုဆောင်၍ ငါဟောပြော၏" ဟု ခရစ်တော်မိန့်တော်မူရသည့်အကြောင်းရင်းမှာ "သူတို့သည်မြင်လျက်မမြင်၊ ကြားလျက်မကြား၊ ဆိုလိုရင်းအနက်ကို လည်းနားမလည် . . . . သူတို့စိတ်နှလုံးသည်မိုက်လျက်၊ နားသည်ထိုင်းလျက်၊ ကိုယ်မျက်စိကိုပိတ်လျက်ရှိကြ၏။" မဿဲ ၁၃း၁၃-၁၅

မေးမြန်းလိုစိတ်၊ သိလိုစိတ်ကိုနိုးကြားထကြွစေရန် ခရစ်တော် အလိုရှိတော်မူ၏။ သတိတရားကင်းမဲ့နေသောသူကိုနိုးထအောင်ပြု၍ ဘုရားသခင်၏တရားတော်ကိုနှလုံးတွင်း၌စွဲမှတ်စေတော်မူ၏။ ဥပမာ ပုံဆောင်၍ပြောဟောခြင်းကို ထိုစဉ်ကလူကြိုက်များနေ၏။ ဂျူးလူမျိုး များ၌သာမက အခြားမယုံကြည်သူများတွင်ပါ ခေတ်စားနေ၏။ အရေးပေးတောင်းဆိုကြ၏။ အကောင်းဆုံးသောသင်ကြားပြသမှုဖြစ်၍ အခြားသာ၍ ကောင်းသောနည်းလမ်းမရှိ။ ကိုယ်တော်၏တရားနာ ပရိသတ်အနေဖြင့် ဘုရားသခင်၏တရားတော်ကိုလိုလားတောင့်တပါက ကိုယ်တော်၏နှုတ်တော်ထွက်စကားများကို နားလည်သဘောပေါက် ကြမည်မှာ ကေန်မုချဖြစ်၏။ ကိုယ်တော်သည် ရိုးသားစွာထောက်လှမ်း မေးမြန်းသူကို ရှင်းလင်းဖေါ်ပြရန်အမြဲတစေလိုလားတော်မူ၏။

၎င်းအပြင်လူအနေဖြင့် လက်ခံရန်အသင့်မရှိသည်သမက နားလည်သဘောပေါက်ရန်ပင် မလွယ်ကူသော်လည်း သင်ပေးရမည်။ သစ္စာတရားများ ခရစ်တော်၌ရှိနေပါသည်။ ယင်းအကြောင်းကြောင့် လည်းဥပမာပုံဆောင်၍ ဟောကြားတော်မူ၏။ ကိုယ်တော်၏ဟောကြား တော်မူချက်များကိုအသက်တာ၏မြင်ကွင်းများဖြင့် လည်းကောင်း၊ အတွေ့အကြုံများဖြင့်လည်းကောင်း၊ သဘာဝတရားအားဖြင့်လည်း ကောင်းပူးပေါင်းဆက်စပ်ထားခြင်းအားဖြင့် တရားနာသောသူများကိုအာ ရုံစူးစိုက်အောင်ဆွဲဆောင်နိုင်သည်သာမက သူတို့၏စိတ်နှလုံးများတွင် စွဲမှတ်စေ၏။ ထိုသို့အားဖြင့်တရားနာယူသူတို့သည် ကိုယ်တော်၏ တရားတော်ပါ ဥပမာများတွင် သရုပ်ဆောင်ထားသောအရာများကို တွေ့မြင်လေတိုင်း ကိုယ်တော်၏နှုတ်တော်ထွက်စကားများကိုသတိရကြ ၏။ သန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်တော်မူခြင်းကိုခံရသောစိတ်နှလုံး

များအတွက်မှာမူကား ခရစ်တော်၏ထူးခြားသည့်ဆိုလိုရင်းအနက်ရှိသော သွန်သင်ချက်များသည် ပို၍ပို၍ဆိုလိုရင်းအနက်ပေါ်လွင်လာပါသည်။ နက်နဲသည့်အကြောင်းများရှင်းလင်းပြီး နားလည်ရန်ခက်ခဲသည့် အချက်များလည်းသိသာထင်ရှားလာပါသည်။

ခရစ်တော်သည်လူတိုင်း၏ စိတ်နှလုံးအတွင်းသို့ဝင်ရောက်ရန် လမ်းစကိုရှာတော်မူ၏။ ဥပမာပုံအမျိုးမျိုးဖြင့် ဘုရားသခင်၏တရားတော်ကိုနည်းမျိုးစုံဖြင့်ဖေါ်ထုတ်သည်သာမက တရားနာသူတစ်ဦးစီ၏စိတ်နှလုံးကိုလည်းဆွဲဆောင်တော်မူ၏။ သူတို့၏ဝန်းကျင်တွင်နေ့စဉ်တွေ့မြင်နေရသောအရာများနှင့်ပုံဆောင်၍ ဟောပြောတော်မူသောကြောင့် စိတ်ဝင်စားကြ၏။ ခရစ်တော်၏တရားတော်ကိုနာကြားရသူတိုင်း အနေဖြင့် သူ့အားမေ့ထားခဲ့ပါသည်။ သူတော့ဖြင့်မပါဝင်ဟု အဘယ်သူမျှမထင်မမှတ်ကြ။ အနိမ့်ကျဆုံးသောသူနှင့်အဆိုးသွမ်းဆုံးသောသူတို့ ပင်လျှင်နူးညံ့သိမ်မွေ့ကြင်နာသောစိတ်ထားဖြင့်ဟောကြားသွန်သင်တော်မူသည့် ကိုယ်တော်၏အသံတော်ကိုနာကြားကြပါသည်။

ဥပမာပုံဆောင်၍ ဟောတော်မူခြင်းနှင့်စပ်လျဉ်း၍ အခြားအကြောင်းရင်းတစ်ခုရှိပါသေးသည်။ ကိုယ်တော်၏ တရားနာပရိသတ်များတွင် ယဇ်ပုရောဟိတ်များနှင့်တရားဟောဆရာများ၊ ကျမ်းပြုဆရာများနှင့်သင်းအုပ်များ၊ ဟေရုဒ်မင်း၏လူများနှင့်အုပ်စိုးသူများ၊ လောကတပ်မက်သူများ၊ အယူသန်သောသူများ၊ ထင်ပေါ်ကျော်ကြားလိုသောသူများ၊ အထူးသဖြင့်ကိုယ်တော်အားပြစ်တင်စွပ်စွဲလိုသောသူများပါဝင်ကြ၏။ ၄င်းတို့စေလွှတ်ထားသောသူလျှိုများကလည်းကိုယ်တော်အား နေ့စဉ်နှင့်အမျှ လိုက်လံစုံထောက်လျက်ရှိကြ၏။ ကိုယ်တော်သည် ကမ္ဘာလောကကြီးတစ်ခုလုံးကိုမိမိ၏နောက်တော်သို့လိုက်လျှောက်အောင်

ဆွဲဆောင်နေသည့်လက္ခဏာကြောင့် ကိုယ်တော်အားအပြီးသတ်တိတ်ဆိတ်သွားအောင်ပြစ်ဒဏ်စီရင်ရန် လုံလောက်သည့်စကားတစ်ခွန်းခွန်းကို ကိုယ်တော်၏နှုတ်တော်မှထွက်ဖို့ လိုက်လံချောင်းမြောင်းနေကြ၏။ သခင်ယေရှုသည် သူတို့၏အကျင့်ဓလေ့များကိုသိတော်မူသည်ဖြစ်၍ ဘုရားသခင်၏တရားကိုဟောပြောရာတွင် သာသနာအဖွဲ့သို့ကိုယ်တော်အားပို့၍ စွပ်စွဲလောက်သည့်စကားတစ်ခွန်းကိုမျှ သူတို့မကြားရကြ။ ဥပမာပုံပြင်များတွင် သူတောကောင်းယောင်ဆောင်ခြင်း၊ ရာထူးကြီးသူများ၏ မတရားလုပ်ဆောင်ခြင်းစသည်များကိုဝတ္ထုသက်သေပါသောပုံဆောင်မှုများနှင့်လွှမ်းခြုံ၍ဘုရားသခင်၏တရားကိုဟောပြောတော်မူသဖြင့်တဲ့တိုးပြောဆိုဆုံးမခဲ့ပါလျှင် နားထောင်ကြမည်မဟုတ်သည့်ပြင် ကိုယ်တော်၏အမှုတော်ကိုပင်ဆောလျင်စွာအဆုံးသတ်ရမည့်အခြေတွင်ရှိပါသည်။ ကိုယ်တော်သည် ထိုသူလျှိုတို့ကိုရှောင်တိမ်းရင်း ဘုရားသခင်၏တရားတော်ကိုရှင်းလင်းပြတ်သားစွာဖေါ်ပြတော်မူသဖြင့် သူတို့၏လမ်းလွဲမှုများထင်ရှားသောကြောင့် စိတ်နှလုံးရိုးဖြောင့်သောသူတို့သည်အကျိုးကျေးဇူးရှိသောသင်ခန်းစာများကိုရရှိကြပါသည်။ ဘုရားသခင်၏အသိဉာဏ်နှင့်ကျေးဇူးတော်ကို ကိုယ်တော်၏ဖန်ဆင်းအပ်သောအရာတို့ဖြင့်ထင်ရှားစေတော်မူ၏။ သဘာဝတရားနှင့်လူတို့၏ဘဝအသက်တာအတွေ့အကြုံများကိုအကြောင်းခံ၍ ဘုရားသခင်၏အကြောင်းကိုလူတို့အားသင်ပေးတော်မူ၏။ “ဖန်ဆင်းတော်မူသောအရာများကိုထောက်ရှုသဖြင့်ထာဝရတန်ခိုးတော်နှင့်ထာဝရရအဖြစ်တော်တည်းဟူသောမျက်မြင်မရသော

---

“ထိုကြောင့်သူတို့သည် မြင်လျက်မမြင်၊ ကြားလျက်မကြား၊ ဆိုလိုရင်းအနက်ကိုလည်းနားမလည်သောကြောင့် ဥပမာကိုဆောင်၍ ငါဟောပြော၏။ ဟေရှာယဟောဖူးသောစကားဟူမူကား . . . . . ဤလူမျိုးသည် မျက်စိမမြင်၊ နားမကြား၊ စိတ်နှလုံးမသိ။” မ၊ ၁၃း၁၃-၁၅။

---

ဘုရားသခင်၏အရာတို့သည်ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။” ရော၊ ၁း၂၀။

“အဆင့်မြင့်ပညာ” ထွန်းကားစေရန်အတွက် ခရစ်တော်သည် ဥပမာများဖြင့်သရုပ်ပြ၍သင်ကြားတော်မူ၏။ ခရစ်တော်သည်အနက်ရှိုင်းဆုံးသောသိပ္ပံအတတ်ကိုလူတို့အားဖွင့်ပြတော်မူနိုင်ခဲ့၏။ ရာစုနှစ်ပေါင်းများစွာကြိုးပမ်း၍သင်ကြားဆည်းပူးပါမှ ပေါ်ကရောက်နိုင်မည့်နက်နဲရာများကိုလည်းဖွင့်ပြနိုင်ခဲ့၏။ နောက်ဆုံးသောကာလတွင်သိပ္ပံပညာဆိုင်ရာနည်းလမ်းနှင့်ပတ်သတ်၍စဉ်းစားစရာအကြောင်းအချက်များနှင့်တီထွင်ဖန်တီးမှုများအတွက် အားတက်စရာအကြံပြုချက်များကိုလူတို့အတွက် ထားနိုင်တော်မူ၏။ သို့သော်ခရစ်တော်သည်ယင်းအဖြစ်မျိုးကိုပြုတော်မမူ။ သိလိုမြင်လိုစိတ်နှင့်ပတ်သက်၍ လူတို့အလိုပြည့်စေရန်အတွက်လည်းကောင်း၊ ကြီးပွားတိုးတက်လိုစိတ်နှင့်ပတ်သက်၍ လူတို့ကျေနပ်မှုရရှိစေရန်လည်းကောင်း၊ လောကဆိုင်ရာကြီးပွားရေးအတွက် တံခါးဖွင့်ပေးခြင်းကို ကိုယ်တော်သည်မည်သို့မျှမပြောမသင်ခဲ့။ ကိုယ်တော်၏သင်ကြားမှုအရပ်ရပ်တွင် လူ၏စိတ်နေသဘောထားကိုအကန့်အသတ်မရှိစုံလင်သောဘုရားသခင်၏စိတ်တော်နှင့်တွေ့ထိအောင်ပို့ဆောင်တော်မူ၏။ ဘုရားသခင်၏အကြောင်းနှင့်ပတ်သက်၍လည်းကောင်း၊ နှုတ်ထွက်စကားတော်နှင့်ပတ်သက်၍လည်းကောင်း၊ လုပ်ဆောင်တော်မူချက်နှင့်ပတ်သတ်၍လည်းကောင်း လူတို့စိတ်ကူးဉာဏ်ဖြင့်မှတ်သားထားသည်များကိုလေ့လာရန်မညွှန်ကြားပါ။ ဘုရားသခင်ဖန်ဆင်းထားတော်မမူသောအရာများပေါ်တွင်လည်းကောင်း၊ နှုတ်ထွက်တရားတော်တွင်လည်းကောင်း၊ စီမံထားတော်မူသောအရာများပေါ်တွင်လည်းကောင်း ထင်ရှားတော်မူသည်ကိုသာ ဖူးမြော်သိမြင်စေရန်သင်ကြားတော်မူ၏။

ခရစ်တော်သည်စိတ်ကူးယူဆချက်သီအိုရီများနှင့်ပတ်သက်၍ ဆောင်ရွက်တော်မူသည်မဟုတ်၊ အကျင့်ဓလေ့တိုးတက်ဖွံ့ဖြိုးရေးတွင် အရေးကြီးသောအချက်များနှင့်ပတ်သက်၍လည်းကောင်း၊ လူသားတို့ အနေဖြင့်ဘုရားသခင်ကို သိကျွမ်းသည့်ပညာရင့်ကျက်စေရန်အတွက် လည်းကောင်း၊ ကောင်းမှုပြုရာတွင်အရည်အချင်းတိုးတက်စေရန်အတွက် လည်းကောင်းဆောင်ရွက်တော်မူ၏။ လူ၏အသက်တာအပြုအမူအနေ အထိုင်နှင့်ပတ်သက်သောဘုရားသခင်၏တရားများ၊ ထာဝရအသက်နှင့် ပတ်သက်သည်များကိုသာဟောပြောတော်မူ၏။

ဣသရေလလူတို့၏ပညာရေးကို ခရစ်ကိုယ်တိုင်ညွှန်ကြား တော်မူခဲ့၏။ ထာဝရဘုရား၏ ပညတ်တော်များ၊ နည်းဥပဒေများနှင့် ပတ်သက်၍ "သင်၏သားသမီးတို့အား ကြိုးစား၍သွန်သင်ရမည်။ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီးသွားသည်ဖြစ်စေ အိပ်လျက်၊ ထလျက်ရှိသည်ဖြစ်စေ ထိုစကားကိုပြောရမည်။ ထိုစကားကိုလည်း သင်၏လက်၌သက်သေဖြစ်ဖို့ရာလည်းကောင်း၊ သင်၏မျက်စိကြားမှာ သင်းကျစ်ကဲ့သို့လည်းကောင်းချည်ထားရမည်။ အိမ်တံခါး၊ မြို့တံခါး တို့၌လည်းကောင်းရေးထားရမည်" ဟု ကိုယ်တော်မိန့်တော်မူ၏။ တရား၊၆း၇-၉။ ယင်းပညတ်တော်ကိုမည်ကဲ့သို့ပြည့်စုံကုံလုံစွာ လိုက်နာရမည်ကိုလည်းကောင်း၊ ဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သော ပညတ်တော်များနှင့်အခြေခံသဘောတရားများသည် တင့်တယ်သန့်ရှင်း ၍နှစ်သက်မြတ်နိုးဖွယ်ဖြစ်ကြောင်းမည်သို့ဖေါ်ထုတ်ရမည်ကိုလည်း ကောင်းသခင်ယေရှုကိုယ်တိုင်သင်ပြတော်မူ၏။ ဣသရေလလူတို့သည် ကိုယ်တော်၏အထူးရွေးချယ်တော်မူခြင်းကိုခံရသောအမွေခံကိုယ်စားလှယ် များဖြစ်စေဖို့ သင်ကြားပဲ့ပြင်နေချိန်က ယင်းလူမျိုးတို့ကိုတောင်ကုန်း

ခရစ်တော်သည်ဘဝအသက်တာဆိုင်ရာအကျင့်ဓလေ့များကို ဥပမာတင်စား၍ အမှန်တရားများကိုသွန်သင်တော်မူ၏

များနှင့်တောင်ကြားအရပ်များတွင် နေထိုင်ကြစေတော်မူ၏။ သူတို့၏ နေအိမ်အသက်တာနှင့်ဝတ်ပြုကိုးကွယ်ခြင်းများတွင် သူတို့သည်သဘာဝ တရားနှင့်လည်းကောင်း၊ နှုတ်ထွက်တရားတော်နှင့်လည်းကောင်း၊ အမြဲ တစေဆက်သွယ်မှုရှိနေစေရန် ပို့ဆောင်တော်မူ၏။ ထိုနည်းတူစွာ ခရစ်တော်သည် တပည့်တော်များအားရေကန်၏ပတ်ဝန်းကျင်တွင် လည်းကောင်း၊ တောင်ကမ်းပါးယံတွင်လည်းကောင်း၊ လယ်ကွင်း လဟာပြင်များတွင်လည်းကောင်း၊ သစ်တောအုပ်များတွင်လည်းကောင်း ဥပမာပုံဆောင်မှုများတွင် အသုံးပြုသည့်သဘာဝ၏အလှအပတို့ကို တွေ့မြင်နိုင်သည့်နေရာများ၌ ဆုံးမသွန်သင်တော်မူ၏။ တပည့်တော် တို့သည်ခရစ်တော်၏အထံတော်မှ သင်ကြားနာယူရင်း မိမိတို့၏အသိ ပညာများကိုကိုယ်တော်၏အမှုတော်တွင် ကိုယ်တော်နှင့်အတူလက်တွဲ၍ ဆောင်ရွက်ကြပါသည်။

ထိုနည်းတူစွာ ကျွန်ုပ်တို့သည်လည်း ဖန်ဆင်းထားသောအရာများအားဖြင့် ဘုရားသခင်ကိုသိကျွမ်းရမည်။ သဘာဝတရားတည်းဟူသောစာအုပ်ကြီးသည် ကြီးမြတ်သောသင်ခန်းစာအုပ်ကြီးဖြစ်၏။ ယင်းစာအုပ်ကြီးကိုဘုရားသခင်၏တရားတော်နှင့်ပေါင်းစပ်၍ကိုယ်တော်၏ဘုန်းတော်များကိုသူတစ်ပါးတို့အား သွန်သင်ပြသ၍ ပျောက်ဆုံးနေသောသိုးတို့ကိုဘုရားသခင်၏သိုးစုနှင့်ပေါင်းစပ်မိအောင် လမ်းပြပို့ဆောင်ရမည်။ ဘုရားသခင်ဖန်ဆင်းထားတော်မူသည့်သဘာဝကိုလေ့လာနေချိန်တွင်သန့်ရှင်းသောဝိညာဉ်တော်သည် စိတ်နှလုံးကိုပြုပြင်တော်မူသဖြင့်ထင်ရှားစွာသိမြင်လာ၏။ ဆင်ခြင်တုံတရားနှင့်ဆီလျော်သောအကြောင်းကြောင့်ပေါ်ပေါက်လာသည့်အသိအမြင်မျိုးမဟုတ်။ စိတ်အာရုံသည်ဘုရားသခင်ကိုမသိနိုင်လောက်အောင် အမိုက်မှောင်ဖုံးလွှမ်းမနေပါကလည်းကောင်း၊ ကိုယ်တော်ကိုမတွေ့မမြင်နိုင်လောက်အောင်မျက်စိမှုန်၍မနေပါကလည်းကောင်း၊ ကိုယ်တော်၏အသံကိုမကြားနိုင်လောက်အောင် နားထိုင်း၍မနေပါကလည်းကောင်း ပို၍နက်နဲသောဆိုလိုရင်းအနက်ကိုဆုပ်ကိုင်မိပေမည်။ ၎င်းအပြင်အလွန်မွန်မြတ်လှသောနှုတ်ထွက်ဆိုင်ရာတရားများသည်နှလုံးသားပေါ်တွင်စွဲမှတ်ပြီးဖြစ်လိမ့်မည်။

သဘာဝမှတိုက်ရိုက်သရုပ်ဖော်ထားသည့် ဤသင်ခန်းစာများသည်လွယ်ကူ၍သန့်စင်ပီပြင်သည်ဖြစ်သောကြောင့် အဖိုးအထိုက်တန်ဆုံးဖြစ်ပါသည်။ အရာရာတိုင်းတွင်သင်ကြားမှုသည် ယင်းအတိုင်းပင်ဖြစ်သင့်ပါသည်။ ယင်းသင်ခန်းစာမျိုးသည် စိတ်နှလုံးကိုလောကတပ်မက်ခြင်းနှင့်အပြစ်မကောင်းမှုမှကင်းဝေးစေ၍ သန့်စင်ပီပြင်ခြင်း၊ ငြိမ်သက်ခြင်းနှင့်ဘုရားသခင်ထံတော်သို့လမ်းညွှန်ပို့ဆောင်ပါသည်။ များသောအားဖြင့်လေ့လာသင်ကြားသူတို့သည် အမည်နာမအားဖြင့် သိပ္ပံအတတ်နှင့်

သဘာ၀တရားပညာဟုခေါ်တွင်သောအတွေးအခေါ်များနှင့်စိတ်ကူးယူဆချက်သီအိုရီများဖြင့် အချိန်ကုန်နေတတ်ကြပါသည်။ ယင်းစူးစမ်းသူများသည် သဘာ၀နှင့်နီးကပ်စွာတွေ့ထိရန်လိုအပ်ပါသည်။ ဖန်ဆင်းခြင်းနှင့်ခရစ်ယာန်အယူအဆတွင်ဘုရားသခင်တစ်ပါးတည်းသာရှိကြောင်းသူတို့သင်ကြားနားယူကြပါစေ။ သဘာ၀တရားနှင့်ဝိညာဉ်တော်ဆိုင်ရာသဘောတရားတို့သည် သဘောညီညွတ်မှုရှိကြောင်း သူတို့အားသင်ကြားပေးပါ။ သူတို့လက်ဖြင့်တို့ထိ၍ မျက်စိဖြင့်မြင်နိုင်သောအရာအားလုံးသည်သူတို့၏အကျင့်ဓလေ့ဆောက်တည်ရေးတွင် သူတို့အတွက် သင်ခန်းစာဖြစ်ပါစေ။ သူတို့၏စိတ်အင်အားရင့်သန်တိုးတက်၍ အကျင့်ဓလေ့ဖွံ့ဖြိုးပြီးလျှင် ဘ၀အသက်တာတစ်ခုလုံးဘုန်းအသရေတိုးတက်လိမ့်မည်။

## ဖန်ဆင်းတော်မူခြင်းဆိုင်ရာတန်ခိုးတော်ကိုအောက်မေ့သတိရဖို့ရာ ဥပုသ်နေ့ကိုအထိမ်းအမှတ်ထားတော်မူ၏

ဥပမာပုံဆောင်၍သွန်သင်တော်မူရာ၌ခရစ်တော်၏ အခြေခံကြံရွယ်တော်မူချက်သည် ဥပုသ်နေ့၏အခြေခံကြံရွယ်တော်မူချက်နှင့် ထပ်တူထပ်မျှဖြစ်ပါသည်။ ဘုရားသခင်သည် မိမိ၏ဖန်ဆင်းခြင်းဆိုင်ရာဘုန်းအာနုဘော်ကိုလူသားတို့အောက်မေ့သတိရဖို့ပေးအပ်ထားခြင်းဖြစ်ပါသည်။ သို့မှသာလျှင် လက်တော်ဖြင့်ဆောင်ရွက်မှုကိုလူတိုင်းပိုင်းခြားဝေဖန်၍ သိနားလည်နိုင်မည်ဖြစ်ပါသည်။ ဘုရားသခင်၏ဘုန်းအသရေတော်ကို ဖန်ဆင်းအပ်သောအရာများအားဖြင့် သိမြင်ကြစေရန်ဥပုသ်နေ့ကဆင့်ဆိုကြေညာလျက်ရှိနေပါသည်။ ယင်းအတိုင်းကျွန်ုပ်တို့နားလည်သဘောပေါက်စေရန်အတွက် ခရစ်တော်သည် အဖိုးထိုက်တန်သောသင်ခန်းစာများကို သဘာဝ၏အလှအပများနှင့်ရစ်ပတ်လွှမ်းခြုံ၍ဟောကြားတော်မူ၏။ နေ့တကာတို့တွင် သန့်ရှင်းသောနားရက်၌သဘာဝတွင်မှတ်တမ်းတင်ထားသောဘုရားသခင်၏သတင်းစကားတော်များကို ကျွန်ုပ်တို့လေ့လာသင်ကြား၍ စူးစမ်းသင့်လှပါသည်။ မြက်ခင်းပြင်ပေါ်ပန်းပွင့်ကလေးများ၏ အကြားတွင်လည်းကောင်း၊ လယ်ကွင်း၊ လွင်ပြင်နှင့်သစ်တောသစ်အုပ်များတွင်လည်းကောင်း၊ ကောင်းကင်အောက်လဟာပြင်တွင်လည်းကောင်း ကိုယ်တော်ကိုယ်တိုင်ဩဝါဒပေးတော်မူသည့်နေရာမျိုးတို့၌ ကိုယ်တော်၏ဥပမာပုံဆောင်ချက်များကို လေ့လာသင်ကြားသင့်ပါသည်။ ကျွန်ုပ်တို့သည် သဘာဝနှင့်နီးစပ်တွေ့ထိလာသောအခါ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူအမှန်တကယ်ရှိ၍ ကျွန်ုပ်တို့၏နှလုံးသားအတွင်း၌ ကိုယ်တော်၏မေတ္တာတော်နှင့်ငြိမ်သက်ခြင်းအကြောင်းကို ကျွန်ုပ်တို့အားပြောပြတော်မူလိမ့်မည်။

ခရစ်တော်သည် မိမိ၏ဩဝါဒများကိုငြိမ်သက်စွာနားနေရသောဥပုသ်နေ့နှင့်သာ ဆက်စပ်ထားတော်မူသည် မဟုတ်၊ အလုပ်အမျိုးမျိုး

ကိုကြိုးစား၍ လုပ်ဆောင်ရသောရက်သတ္တပတ်အတွင်းအခြားနေ့ရက်များနှင့်လည်းဆက်နွယ်၍ထားတော်မူ၏။ ထွန်ကိုင်းကိုကိုင်လျက်မျိုးစေ့ကြဲသောသူကိုပညာပေးတော်မူ၏။ လယ်ထွန်ခြင်းနှင့်မျိုးစေ့ကြဲခြင်း၌လည်းကောင်း၊ စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်း၌လည်းကောင်းကိုယ်တော်၏ကျေးဇူးတော်လုပ်ဆောင်မှုကိုသိမြင်အောင် ပုံဆောင်၍သင်ကြားတော်မူ၏။ ထို့ကြောင့် အကျိုးရှိသောလုပ်ငန်းမှန်သမျှနှင့်အသက်တာနှင့်စပ်ဆိုင်သည့်အရာခပ်သိမ်းတွင် ဘုရားသခင်၏တရားတော်နှင့်ပတ်သက်သောသင်ခန်းစာတစ်ခုခုကို ရရှိစေရန် အလိုရှိတော်မူ၏။ သို့ဖြင့်နေ့စဉ်နှင့်အမျှအလုပ်မျိုးကိုကြိုးစားလုပ်ဆောင်ခြင်း၌ နစ်မြုပ်နေခြင်းအားဖြင့် ဘုရားသခင်ကိုမေ့လျော့နေမည်မဟုတ်ဘဲ ဘုရားသခင်နှင့်ခရစ်တော်ကိုအစဉ်မပြတ်အောက်မေ့သတိရနေပေလိမ့်မည်။ ဘုရားသခင်ကိုအစဉ်မပြတ်အာရုံပြုနေပါက ကျွန်ုပ်တို့၏အိမ်တွင်းမှုဖြစ်ရပ်များနှင့်လုပ်ငန်းဆောင်တာများသည် ရွှေကြိုးဖြင့်ဆက်သွယ်၍ထားသကဲ့သို့ရှိနေပါလိမ့်မည်။ ဘုန်းအသရေတော်နှင့်ပြည့်ဝသောကိုယ်တော်၏မျက်နှာတော်သည်ဖန်ဆင်းထားတော်မူသောသဘာဝအလှအပပေါ်တွင် ထင်ရှားလျက်ရှိပေလိမ့်မည်။ ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာတရားတော်နှင့်ပတ်သက်၍ အသစ်သောသင်ခန်းစာများကိုအစဉ်မပြတ်သင်ကြားနာယူနေရခြင်းဖြင့် ကိုယ်တော်ကဲ့သို့သန့်စင်သည့်ပုံသဏ္ဍာန်တော်အတိုင်းကြီးထွားတိုးတက်နေကြပေလိမ့်မည်။ သို့ဖြစ်၍ကျွန်ုပ်တို့သည် "ထာဝရဘုရားသခင်ဆုံးမသွန်သင်တော်မူခြင်း" ကိုခံယူ၍ခေါ်တော်မူခြင်းကျေးဇူးကိုခံရသောလူစုတွင်ပါဝင်ကြပြီးလျှင် ထိုသို့ "ဘုရားသခင်ရှေ့တော်၌လူတိုင်းလုပ်နေစေ။" ဟေရှာယ၊ ၅၄း၁၃။ ၁ကော၊ ၇း၂၄။

---ooo---

# "မျိုးစေ့ကြဲသောသူသည် မျိုးစေ့ကိုကြဲခြင်းငှာထွက်သွား၏"

မ၊ ၁၃း၁-၉၊ ၁၈-၂၃။ မာကု၊ ၄း၁-၂၀။ လုကာ၊ ၈း၄-၁၅။ **တို့ကိုအခြေပြုပါသည်။**

## မျိုးစေ့နှင့်မျိုးစေ့ကြဲသူ

ခရစ်တော်သည်ကောင်းကင်နိုင်ငံတော်၏ အကြောင်းအရာများကိုလည်းကောင်း၊ ဘုရားသခင်သည် မိမိ၏လူတို့အတွက်မည်သို့လုပ်ဆောင်တော်မူသည်ကို ဥယျာဉ်စောင့်အဖြစ်ပုံဆောင်၍လည်းကောင်း မျိုးစေ့ကြဲသူ၏ဥပမာကိုဟောကြားတော်မူ၏။ မျိုးစေ့ကြဲသောသူသည် လယ်သို့ဆင်း၍မျိုးစေ့ကိုကြဲသကဲ့သို့ ကိုယ်တော်သည် ဘုရားသခင်၏ တရားမျိုးစေ့ကိုကြဲဖြန့်ရန် ဤလောကသို့ကြွလာတော်မူ၏။ ဥပမာပုံဆောင်၍ဟောကြားတော်မူသောကိုယ်တော်၏ တရားတော်သည်ပင်လျှင် တရားမျိုးစေ့ဖြစ်၍ယင်းမျိုးစေ့အားဖြင့် ကိုယ်တော်၏ကျေးဇူးမေတ္တာတော်တည်းဟူသော မွန်မြတ်လှသည့်ဘုရားသခင်၏တရားတော်ကို စိုက်ပျိုးကြဲဖြန့်တော်မူ၏။ ရိုးရိုးကလေးနှင့်လါယ်ကူစွာနားလည်နိုင်သောပုံဆောင်မှုတစ်ခုဖြစ်နေသောကြောင့် မျိုးစေ့ကြဲသောသူ၏ဥပမာပုံကို အလေးပြုသင့်သလောက်မပြုကြပါ။ သဘာဝမျိုးစေ့ကိုမြေတွင်ကြဲဖြန့်သည်ကိုအကြောင်းပြု၍ ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးတွင် ဧဝံဂေလိသတင်းစကားမျိုးစေ့ကိုစိုက်ပျိုးရန်အလိုရှိတော်မူ၏။ ယင်းသို့စိုက်ပျိုးပေးခြင်းအားဖြင့် လူသားအား ဘုရားသခင်၏ကျေးဇူးသစ္စာတော်ကိုပြန်လည်စောင့်သိရိုသေစေ၏။ သေးငယ်သော မျိုးစေ့ကိုဥပမာပြု၍

သွန်သင်တော်မူသောသခင်သည် ကောင်းကင်ဘုံကိုအုပ်စိုးတော်မူသော သူဖြစ်တော်မူ၏။ မြေတွင်မျိုးစေ့ကြဲရာ၌ စိုးမိုးသောဖြစ်မြဲတရား သည်ပင်လျှင်ဘုရားသခင်၏တရားမျိုးစေ့ကြဲရာ၌လည်းစိုးမိုးပါသည်။

ဂါလိလဲအိုင်အနီးတါင်စိတ်အားထက်သန်စွာစောင့်မျှော်နေ သောပရိသတ်ကြီးစုဝေးလျက်ရှိနေပါသည်။ နာမကျန်းသူများကလည်း အသနားခံရန်ဖျာများနှင့်လဲလျောင်း၍ ကိုယ်တော်ကိုစောင့်နေကြပါ သည်။ ပူဆွေးစိုးရိမ်သူများအား ရောဂါကင်းငြိမ်းစေနိုင်ခြင်းမှာ ခရစ်တော်အားဖြင့် ဘုရားသခင်ပေးတော်မူသည့်အခွင့်အာဏာဖြစ်၍ အနာရောဂါကိုပြစ်တင်ဆုံးမတော်မူ၏။ ထိုကြောင့် ကိုယ်တော်၏ ဝန်းကျင်၌ ကျန်းမာခြင်း၊ ငြိမ်သက်ခြင်းနှင့်အသက်ရှင်ခြင်းတို့ဝန်းရံ လျက်ရှိပါ၏။

လူပရိသတ်တို့များလာသည်နှင့်အမျှ ခရစ်တော်၏ဝန်းကျင်တွင် လူများကျပ်သိပ်၍ နေစရာမရှိလောက်အောင်ဖြစ်လာပါသည်။ သို့ဖြစ် ၍ ရေအိုင်တစ်ဖက်ကမ်းသို့ခေါ်ဆောင်သွားရန်အသင့်စောင့်နေသော လှေအတွင်း၌ရှိသည့်လူအချို့ကိုစကားတစ်ခွန်းမျှပြောပြီးလျှင် ကိုယ်တော်သည်လှေအတွင်းသို့ဆင်း၍ လှေကိုကမ်းမှအနည်းငယ်ခွာစေ လျက်ကမ်းပေါ်ရှိပရိသတ်ကြီးအားတရားဟောကြားတော်မူ၏။

ပင်လယ်ရေပြင်၏တစ်ဖက်တွင် လှပတင့်တယ်ရှုချင်စဖွယ် ကောင်းသောဂင်နေသရက်လွင်ပြင်၏နောက်ဆွယ်တွင်ညို့ဆိုင်းသောတောင် ကုန်းများဆင့်ကဲဆင့်ကဲတက်ဆင်းလျက်ရှိသောတောင်ကမ်းပါးယံနှင့် လွင်ပြင်ပေါ်တွင်မျိုးစေ့ကြဲနေသူများနှင့်ရိတ်သိမ်းနေသူများမှာလည်း အ လုပ်များလျက်ရှိနေကြပါသည်။ တစ်ဦးသောသူသည်မျိုးစေ့ကိုကြဲနေချိန် ၌ပင် အခြားသူတစ်ဦးမှာကောက်လျင်စပါးများကိုရိတ်သိမ်းလျက်ရှိနေ

ပါသည်။ ခရစ်တော်သည် ယင်းမြင်ကွင်းကိုရှုမျှော်လျက် မိန့်တော်မူသည်ကား-

"မျိုးစေ့ကြဲသောသူသည် မျိုးစေ့ကြဲခြင်းငှါထွက်သွား၏။ အစေ့ကိုကြဲသည်တွင် အချို့သောအစေ့တို့သည် လမ်း၌ကျသဖြင့် ငှက်တို့သည်လာ၍ ကောက်စားကြ၏။ အချို့သောအစေ့တို့သည် မြေနည်း၍ကျောက်ပေါ်များသောအရပ်၌ကျသဖြင့် မြေတိမ်သောကြောင့် ချက်ချင်းအပင်ပေါက်သော်လည်း နေထွက်သောအခါပူလောင်သည်ဖြစ်၍ အမြစ်မစွဲသောကြောင့် ညှိုးနွမ်းပျက်စီးခြင်းသို့ရောက်ကြ၏။ အချို့သောမျိုးစေ့တို့သည် ဆူးပင်တို့တွင်ကျသဖြင့် ဆူးပင်တို့သည် ကြီးပွား၍ညှဉ်းဆဲကြ၏။ အချို့သောအစေ့တို့သည် ကောင်းသောမြေ၌ကျသဖြင့် အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာများ၍ အသီးသီးကြ၏။"

ခရစ်တော်၏သာသနာအမှုတော်ကို ထိုခေတ်ကလူတို့နားမလည်ကြ။ သူတို့မျှော်လင့်စောင့်စားနေသည့်ပုံစံအတိုင်း ခရစ်တော်ကြွလာတော်မူသည်မဟုတ်။ သူတို့၏ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာပြဌာန်းချက်များသည် ဘုရားသခင်၏ပညတ်ချက်များပင်ဖြစ်ပါသည်။ ယဇ်ပူဇော်ခြင်းဆိုင်ရာထုံးစံဓလေ့များသည် ချိန်းချက်ထားသောအချိန်ကာလသို့ရောက်သောအခါ ကိုယ်တော်ကြွလာတော်မူမည်ကိုညွှန်ပြလျက်ရှိကြောင်း ယင်းခေတ်လူတို့အား သွန်သင်ရန်ကြံရွယ်ထားခြင်းဖြစ်ပါသည်။ ထိုကြောင့်ယုဒလူတို့၏စားဝတ်နေရေးအလုံးစုံသည် သခင်ယေရှုကိုအမှီပြု၍နေပါသည်။ သို့သော်ယုဒလူတို့သည် ယင်းထုံးစံဓလေ့များနှင့် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာနည်းလမ်းများကိုသာအရေးပေးလွန်းသဖြင့် ရည်ရွယ်ချက်အမှန်ကို မျက်ခြည်ပြတ်နေကြပါသည်။ လူတို့၏ရိုးရာများ၊

ထုံးတမ်းစဉ်လာများနှင့်နည်းဥပဒေသများသည် ဘုရားသခင်၏ရည်ရွယ်ချက်ကိုဖုံးကွယ်ထားလိုက်ပါသည်။ ၎င်းအပြင် မှန်သောဝတ်ပြုကိုးကွယ်ခြင်းကိုနားလည်လိုက်လျှောက်နိုင်ရန်အတွက် အဆီးအတားဖြစ်လာတော့၏။ ထို့ကြောင့် ခရစ်တော်သည် လူသားအဖြစ်နှင့်အမှန်တကယ်ကြွလာတော်မူသောအခါ သူတို့အတွက် အရိပ်နိမိတ်ဖြင့်ဖေါ်ညွှန်းခဲ့သည့်အကြောင်းရင်းကိုလည်းကောင်း၊ သူတို့ပုံဆောင်ဝတ်ပြုပူဇော်ခဲ့သည်များ ပြီးပြည့်စုံပြီဖြစ်ကြောင်းကိုလည်းကောင်း သူတို့မသိမမြင်နိုင်ကြ။ သူတို့သည် ဥပမာတည်းဟူသောအမှန်ဖြစ်ရပ်ကိုငြင်းပယ်၍ ဥပမာပုံစံဖြစ်သောအချည်းနှီးအခမ်းအနားများကိုသာစွဲကိုင်ထားကြ၏။ ဘုရားသခင်၏သားတော်ကြွလာတော်မူပြီးသော်လည်းကြွလာမည့်နိမိတ်လက္ခဏာများကိုတောင်းဆိုနေကြဆဲပင်ဖြစ်သည်။ "ကောင်းကင်နိုင်ငံတော်သည်တည်လုနီးပြီ၊ ထို့ကြောင့်နောင်တရကြလော့" ဟူသောသတင်းစကားကိုကြားနေပါလျက် နိမိတ်လက္ခဏာကိုသာတောင်းဆိုနေကြပါသည်။ မ၊ ၃း၁၊၂။ သူတို့သည်ခရစ်တော်ကိုတောင်းဆိုရမည့်အစား နိမိတ်လက္ခဏာကိုသာတောင်းဆိုနေကြသောကြောင့် ခရစ်တော်၏ဧဝံဂေလိတရားတော်သည် သူတို့အတွက်ထိမိ၍လဲစရာဖြစ်နေပါသည်။ ပျက်စီးယိုယွင်းနေသောလောကနိုင်ငံများကိုတန်ခိုးအင်အားကြီးစွာဖြင့်ပြန်လည်တည်ထောင်မည့်မေရှိယသခင်ကိုစောင့်မျှော်နေကြ၏။ ယင်းသို့စောင့်မျှော်နေခြင်းကို ခရစ်တော်သည် မျိုးစေ့ကြဲသောသူကို ဥပမာပုံဆောင်၍ဖြေကြားတော်မူ၏။ ဘုရားသခင်၏နိုင်ငံတော်သည် လက်နက်အင်အားဖြင့်မဟုတ်၊ အင်အားကြီးမားစွာဖြင့်ကြားဝင်ဖျန်ဖြေမှုမျိုးလည်းမဟုတ်ဘဲ လူသားတို့စိတ်နှလုံးအတွင်း၌အခြေသဘောတရားသစ်ကို နှလုံးသွင်းစေခြင်းသာ အောင်မြင်စိုးမိုးရန်ဖြစ်ပါသည်။

“ကောင်းသောမျိုးစေ့ကိုကြဲသောသူသည်လူသားဖြစ်၏” မဿဲ၊ ၁၃း၃၇။ ခရစ်တော်သည် မျိုးစေ့ကြဲသောသူကဲ့သို့ကြွလာတော်မူ၏။ တိုင်းနိုင်ငံတို့ကိုတွန်းလှန်ဖြိုဖျက်ရန်ကြွလာတော်မူသည်မဟုတ်။ မျိုးစေ့ကြဲရန်ဖြစ်တော်မူ၏။ လောကအောင်မြင်ခြင်းနှင့်လူမျိုးရေးထင်ရှားကျော်ကြားမှုအတွက် တပည့်တော်များအားလမ်းညွှန်ရန်လည်းမဟုတ်၊ ဆုံးရှုံးနစ်နာမှုများနှင့်စိတ်ပျက်စရာများကိုအောင့်အည်းသည်းခံ၍ ကြိုးစားအားထုတ်ဆောင်ရွက်ခြင်းဖြင့် ရိတ်သိမ်းရမည့်အကျိုးကျေးဇူးများအကြောင်းကိုတပည့်တော်အပေါင်းအား သွန်သင်ရန်ဖြစ်တော်မူ၏။

ဖါရိရှဲတို့သည်ခရစ်တော်၏ ဥပမာကိုနားလည်သဘောပေါက်ကြသော်လည်းယင်းသင်ခန်းစာကိုမခံမယူနိုင်ကြ။ နားမလည်ယောင်ဆောင်ကြ၏။ လူထုပရိသတ်ကြီးအတွက်မှာမူကား ဆရာကြီးသစ်၏ ဩဝါဒများမှာ ပို၍ကျယ်ပြန့်နက်နဲနေပါသည်။ ကိုယ်တော်၏နှုတ်ထွက်စကားများသည် သူတို့၏စိတ်နှလုံးကိုထူးခြားစွာလှုပ်ရှားစေသော်လည်း သူတို့ရည်မှန်းခဲ့ကြသည့်ကြီးပွားအောင်မြင်လိုစိတ်နှင့်မညီညွတ်၍ ခါးခါးသီးသီးစိတ်ပျက်ကြ၏။ တပည့်တော်ရင်းများပင်လျှင် ဥပမာကိုနားမလည်ကြသော်လည်း စိတ်ပါဝင်စားလာကြသည်ဖြစ်၍ သခင်ယေရှုထံတော်သို့လျှို့ဝှက်စွာချဉ်းကပ်လျက် ဆိုလိုရင်းအနက်ကောက်ယူပုံကိုမေးလျှောက်ကြပါသည်။

ခရစ်တော်သည် ယင်းအတိုင်းပင်ဖြစ်စေလိုတော်မူ၏။ တပည့်တော်များအနေဖြင့်ဆိုလိုရင်းအနက်ကိုသိလိုသောစိတ်များပေါ်ပေါက်မေးမြန်းကြရန်ကိုယ်တော်အလိုရှိတော်မူ၏။ သို့မှသာလျှင် ပိုမိုတိကျသောသွန်သင်မှုကိုပြုတော်မူနိုင်လိမ့်မည်။ ထို့ကြောင့် တပည့်တော်များအားဥပမာကို ရှင်းပြတော်မူ၏။ ထိုနည်းတူစွာ ရိုးသားသော စိတ်ထားဖြင့်

နှုတ်ထွက်တရားတော်ကိုရှာဖွေလေ့လာ၍ မေးမြန်းသောသူတို့အားလည်း ဆိုလိုရင်းအနက်လွယ်ကူရှင်းလင်းစေရန် ဖေါ်ပြတော်မူလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်ပေးတော်မူသည့်အလင်းရောင်ကိုလက်ခံ၍ နှုတ်ထွက်တရားတော်ကိုလေ့လာသင်ကြားသူတို့သည် နှုတ်ထွက်တရားတော်၏အနက်ဆိုလိုရင်းများကို နားမလည်နိုင်လောက်အောင် မှောင်မိုက်ဖုံးလွှမ်း၍နေလိမ့်မည်မဟုတ်ပါ။ ခရစ်တော်မိန့်တော်မူခဲ့သည်မှာ "အလိုတော်သို့လိုက်ချင်သောသူမည်သည်ကား၊ ဤတရားသည် ဘုရားသခင်၏တရားတော်ဖြစ်သလော။ ငါသည်ကိုယ်အလိုအလျောက် ဟောပြောသလောဟု ပိုင်းခြား၍သိလိမ့်မည်။" ယော၊ ၇း၁၇။ ဘုရားသခင်၏တရားတော်ကိုပိုမိုရှင်းလင်းစွာနားလည်သဘောပေါက်လိုသောစိတ်နှင့်ခရစ်တော်ထံသို့ချဉ်းကပ်သောသူအပေါင်းသည်အသိပညာကိုလက်ခံရရှိကြလိမ့်မည်။ ကောင်းကင်နိုင်ငံတော်၏နက်နဲရာတို့ကိုကိုယ်တော်သည် သူတို့အားဖေါ်ပြတော်မူလိမ့်မည်။ ဘုရားသခင်၏တရားတော်ကိုသိနားလည်လိုသောစိတ်ပြင်းပြသူသည် ယင်းနက်နဲရာတို့ကိုနားလည်ခွင့်ရရှိကြလိမ့်မည်။ စိတ်နှလုံးဗိမာန်တွင်းသို့ကောင်းကင်အလင်းတော်သည် ထွန်းလင်း၍မှောင်မိုက်ဖုံးလွှမ်းနေသောလမ်းခရီးအတွက် ထွန်းညှိထားသောမီးအိမ်ကဲ့သို့ သူတစ်ပါးတို့အတွက်အကျိုးထူးလိမ့်မည်။

"မျိုးစေ့ကြဲသောသူသည် မျိုးစေ့ကြဲခြင်းငှါထွက်သွား၏။" အရှေ့နိုင်ငံများတွင်အခြေအနေမငြိမ်မသက်မှုများကြောင့် ရန်သူတို့ကျူးကျော်ဖြိုဖျက်ခြင်းမှကာကွယ်ရန် ထိုခေတ်ကာလကလူတို့သည်မြို့ရိုးများအတွင်းနေထိုင်လေ့ရှိကြပါသည်။ ထို့ကြောင့်လယ်လုပ်သောသူသည်မြို့ရိုးအပြင်ရှိလယ်ယာကိုင်းကျွန်းသို့နေ့စဉ်ထွက်သွားရပါသည်။ ထိုနည်းတူစွာ ကောင်းကင်မျိုးစေ့ကို ကြဲတော်မူသည့် ခရစ်တော်သည်

လည်း မျိုးစေ့ကြဲခြင်းငှါထွက်ခွာခဲ့တော်မူ၏။ ကိုယ်တော်သည်လုံခြုံငြိမ်သက်သည့်အိမ်တော်ကိုစွန့်ခွာခဲ့၏။ ကမ္ဘာမတည်မရှိမီကပင် ခမည်းတော်နှင့်အတူခံစားရသောဘုန်းစည်းစိမ်ကိုစွန့်ခွာခဲ့တော်မူ၏။ မိုးကုပ်စက်ဝိုင်းကြီးတစ်ခုလုံးကို ပိုင်သအုပ်စိုးတော်မူသည့် ပလ္လင်တော်ကိုစွန့်ခွာခဲ့တော်မူ၏။ စုံစမ်းနှောင့်ယှက်ခြင်းနှင့် အခက်အခဲနာကျင်မှုကိုရင်ဆိုင်ရသည့်လူသားဘဝကိုခံယူရန် ထွက်ခွာခဲ့တော်မူ၏။ ပျောက်ဆုံးနေသောကမ္ဘာလောကကြီးပေါ်တွင် အသက်ပင်စိုက်ပျိုး၍ ပင်ပန်းကြီးစွာကြိုးပမ်းလျက် အသေခံခြင်းဖြင့်ရေလောင်းရန် တစ်ကိုယ်တည်းအိမ်တော်မှထွက်ခွာခဲ့တော်မူပါသည်။

ကိုယ်တော်၏အမှုတော်ဆောင်များသည်လည်း ယင်းပုံစံအတိုင်းမျိုးစေ့ကြဲဖြန့်ရန်ထွက်ခွာရကြပါမည်။ အာဗြဟံသည် ဘုရားသခင်၏တရားမျိုးစေ့ကြဲသူအဖြစ် "သင်၏ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဖေါ်များထဲကထွက်ပြီးလျှင်ငါပြလတ္တံ့သောပြည်သို့သွားလော့" ဟုခေါ်တော်မူခြင်းကိုခံရသောအခါ (က၊ ၁၂း၁) "သူသည်အဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲလျက်၊ . . . ထွက်သွားလေ၏။" ဟေဗြဲ၊၁၁း၈။ ထိုနည်းတူစွာ တမန်တော်ပေါလုသည်လည်းယေရုရှလင်မြို့ဗိမာန်တော်တွင်ဆုတောင်းလျက်ရှိနေစဉ် "သွားလော့၊ ငါသည်မယုံကြည်သူရှိရာသို့ သင့်ကိုဝေးလှစွာစေလွှတ်မည်" ဟုဘုရားသခင်၏အထံတော်မှသတင်းစကားရောက်လာခဲ့၏။ တ၊ ၂၂း၂၁။ ထိုကြောင့်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ရန် ခေါ်တော်မူခြင်းကိုခံရသောသူတို့သည် ကိုယ်တော်၏နောက်တော်သို့လိုက်လျှောက်နိုင်ရန်အတွက် မိမိတို့၌ရှိသမျှကိုစွန့်လွှတ်ရမည်၊ မိတ်ဆွေအပေါင်းအဖေါ်များနှင့်ခွဲခွာရမည်၊ ဘဝအသက်တာ၏အကြံအစည်များကိုစွန့်လွှတ်ရမည်၊

လောကရေးရာမျှော်မှန်းချက်များကို မေ့ပစ်လိုက်ရမည်။ ပင်ပန်းကြီးစွာအားထုတ်ဆောင်ရွက်ခြင်းအားဖြင့်လည်းကောင်း၊ တစ်ကိုယ်တည်းနေခြင်းဖြင့်လည်းကောင်း၊ ကိုယ်ကျိုးစွန့်၍ အနစ်နာခံခြင်းဖြင့်လည်းကောင်း မျိုးစေ့ကိုကြဲဖြန့်ရမည်။

“မျိုးစေ့ကြဲသောသူသည် တရားစကားကိုကြဲ၏” ခရစ်တော်သည်ဤလောကတွင်ဘုရားသခင်၏တရားမျိုးစေ့ကိုကြဲရန်ကြွလာတော်မူ၏။ လူသားကျဆုံးချိန်မှအစပြု၍စာတန်သည် မတရားသောမျိုးစေ့များကိုကြဲနေ၏။ သူသည်လိမ့်ညာသောစကားကိုအသုံးပြု၍ လူကိုအောင်နိုင်ခဲ့၏။ ယခုကာလတွင်လည်းယင်းနည်းအတိုင်းပင်ဆက်လက်၍ မြေကြီးပေါ်တွင်ဘုရားသခင်၏နိုင်ငံတော်ကိုဖြိုလှဲမှောက်လှန်၍ လူကိုအုပ်စိုးရန်လုပ်ဆောင်လျက်ပင်ရှိသေး၏။ အထက်ကမ္ဘာမှမျိုးစေ့ကြဲသူခရစ်တော်သခင်သည်ဘုရားသခင်၏တရားမျိုးစေ့ကိုကြဲရန်ကြွလာတော်မူ၏။ ဘုရားသခင်၏အတိုင်ပင်ခံဖြစ်တော်မူ၍ထာဝရသန့်ရှင်းရာဗိမာန်တော်၌နေတော်မူသောကိုယ်တော်သည် လူတို့အတွက်သန့်ရှင်းမြင့်မြတ်တော်မူသောဘုရားသခင့်တရား၏အခြေခံသဘောတရားများကိုယူဆောင်နိုင်ခဲ့တော်မူ၏။ လူသားကျဆုံးသောအချိန်မှအစပြု၍ ခရစ်တော်သည်ကမ္ဘာလောကကြီးအားဘုရားသခင်၏တရားတော်ကိုဖွင့်ပြတော်မူသောသူဖြစ်တော်မူ၏။ ကိုယ်တော်အားဖြင့်မဖေါက်ပြန်မပျက်စီးတတ်သောမျိုးစေ့တည်းဟူသော “အသက်ရှင်၍အစဉ်အမြဲတည်တော်မူသောဘုရားသခင်၏နှုတ်ထွက်တရားတော်”ကို လူတို့အားဝေငှပေးကမ်းတော်မူ၏။ ၁ ပေ၊ ၁း၂၃။ ဒေင်အရပ်၌ကျဆုံးသောလူသားအားပထမအကြိမ်ပေးတော်မူသည့်ကတိတော်သည်လည်းဘုရားသခင်၏တရားမျိုးစေ့ကိုခရစ်တော်ကြဲတော်မူခဲ့ခြင်းပင်ဖြစ်ပါသည်။ မျိုးစေ့ကြဲသောသူ၏ ဥပမာသည်လူသားတို့တွင်

ကိုယ်တော်ကိုယ်တိုင်အမှုတော်ဆောင်ရွက်ခြင်းနှင့် ယင်းဆောင်ရွက်ပြီးသည့်အမှုတော်ကို ခိုင်ခံ့စွာတည်ထောင်ထားတော်မူသည်ကိုပုံဆောင်ထားပါသည်။

ဘုရားသခင်၏နှုတ်ထွက်တရားတော်သည် မျိုးစေ့ဖြစ်၏။ မျိုးစေ့တိုင်းတွင်အပင်ပေါက်စေသည့် မူလသဘောတရားပါဝင်၏။ ယင်းမျိုးစေ့၌အပင်ပေါက်စေသောအသက်ကိုထည့်သွင်းထားတော်မူပါသည်။ ထိုနည်းတူစွာ ဘုရားသခင်၏နှုတ်ထွက်တရားတော်တွင်လည်း အသက်ပါဝင်ပါသည်။ ထို့ကြောင့် "ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏။" ဟူ၍လည်းကောင်း၊ "ငါ့စကားကိုနားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကိုယုံကြည်သောသူသည်ထာဝရအသက်ကိုရသည်" ဟူ၍လည်းကောင်း ခရစ်တော်မိန့်တော်မူ၏။ ယော၊ ၆း၆၃။ ယေ ၅း၂၄။ ဘုရားသခင်၏နှုတ်ထွက်တရားတော်၌ပါရှိသော ပညတ်တရားရှိသမျှသည်လည်းကောင်း၊ ကတိတော်ရှိသမျှသည်လည်းကောင်း တန်ခိုးတော်ဖြစ်၏။ ဘုရားသခင်၏အသက်တော်လည်းဖြစ်၏။ ၎င်းအားဖြင့် ပညတ်တော်တည်၍ ကတိတော်သည် သရုပ်သကန်ပေါ်၏။ ယုံကြည်ခြင်းအားဖြင့် နှုတ်ထွက်တရားတော်ကို လက်ခံသောသူသည် ဘုရားသခင်၏အသက်တော်နှင့်ဘုန်းတော်ကို လက်ခံသောသူဖြစ်၏။

မျိုးစေ့တိုင်းအမျိုးကိုလိုက်၍ အသီးသီးတတ်၏။ အခြေမှန်အနေမှန်အတိုင်းမျိုးစေ့ကိုစိုက်မျိုးလျှင် အပင်အတွက်အလိုအလျှောက်အသက်ဖြစ်ထွန်းလိမ့်မည်။ မဖေါက်ပြန်မပျက်စီးတတ်သောနှုတ်ထွက်တရားတော်ကိုယုံကြည်ခြင်းဖြင့် စိတ်နှလုံးတွင်လက်ခံပါက ဘုရားသခင်၏ဘုန်းတော်နှင့်ယှဉ်သော အကျင့်ဓလေ့နှင့်အသက်ကို လက်ခံရရှိလိမ့်မည်။

ဣသရေလတရားဟောဆရာများသည် နှုတ်ထွက်တရားတော်မျိုးစေ့ကိုမကြဲမဖြန့်ကြပါ။ ဘုရားသခင်၏တရားတော်အတွက် တရားဟောဆရာအနေဖြင့်ခရစ်တော်၏ဆောင်ရွက်မှုသည် ထိုခေတ်ကာလကတရားဟောဆရာများနှင့်ထူးခြားစွာကွဲပြားခြားနားခဲ့ပါသည်။ ယင်းဆရာများသည်ရိုးရာဓလေ့ပေါ်တွင်မှီငြမ်းပြုကြ၏။ လူတို့၏စိတ်ကူးယူဆချက်များနှင့်တွေးဆချက်များပေါ်တွင်ရပ်တည်ကြပါသည်။ ဘုရားသခင်၏နှုတ်ထွက်တရားတော်အစားနှုတ်ထွက်တရားတော်နှင့်ပတ်သက်၍ လူတို့လေ့လာရေးသားချက်များကို အစားထိုးကြ၏။ ၎င်းတို့၏သင်ကြားပို့ချမှုများတွင်စိတ်နှလုံးကိုနိုးကြားထကြွစေနိုင်သောတန်ခိုးစွမ်းအားမပါမရှိ။ ခရစ်တော်ဟောကြားသွန်သင်တော်မူသောအကြောင်းအရာမှာ နှုတ်ထွက်တရားတော်ဖြစ်၏။ မေးလာသောမေးခွန်းများနှင့်ပတ်သက်၍ “ကျမ်းစာလာသည်ကား” ဟူ၍လည်းကောင်း၊ “ကျမ်းစာ၌သင်တို့မဖတ်ဖူးသလော” ဟူ၍လည်းကောင်းဖြေဆိုရင်ဆိုင်တော်မူ၏။ မိတ်ဆွေဖြစ်စေ၊ ရန်သူဖြစ်စေစိတ်ဝင်စားမှုနိုးကြားထကြွ၍မေးလာသောအခါ ယင်းနည်းများဖြင့်နှုတ်ထွက်တရားတော်မျိုးစေ့ကိုကြဲတော်မူ၏။ လမ်းခရီးလည်းဖြစ်၊ ဘုရားသခင်၏တရားလည်းဖြစ်၊ အသက်လည်းဖြစ်တော်မူသောကိုယ်တော်ကိုယ်တိုင်သည် အသက်ရှင်တော်မူသော နှုတ်ထွက်တရားတော်ဖြစ်တော်မူသည့်အလျောက် ခရစ်ယာန်ကျမ်းစာတော်မြတ်ကိုညွှန်ပြ၍ “ထိုကျမ်းစာပင်ငါ၏သက်သေဖြစ်၏” ဟူ၍လည်းကောင်း၊ “မောရှေ၏ကျမ်းစာမှစ၍ ပုရောဖက်တို့၏ကျမ်းစာများ၌ ကိုယ်တော်ကိုရည်မှတ်၍ရေးထားသမျှ” ကိုတပည့်တော်တို့အားဖွင့်ဟမိန့်မြွက်တော်မူ၏။ ယော၊ ၅း၃၉။ လု၊ ၂၄း၂၇။

ခရစ်တော်၏အမှုတော်ထမ်းများအနေဖြင့်လည်း ယင်းလုပ်ငန်းကိုပင်ဆောင်ရွက်ရကြပါမည်။ ကျွန်ုပ်တို့ခေတ်ကာလတွင်လည်း ရှေးယခင်အချိန်ကာလကဲ့သို့ပင် ဘုရားသခင်၏နှုတ်ထွက်တရားတော်တွင်ပါရှိသောအသက်နှင့်စပ်ဆိုင်သည့် သစ္စာတရားများကိုပယ်၍လူတို့၏စိတ်ကူးယူဆချက်သီအိုရီများနှင့်တွေးဆချက်များကိုအစားထိုးကြ၏။ ဧဝံဂေလိတရားဟောဆရာအခေါ်ခံသူများသည်ပင်လျှင် ခရစ်ယာန်ကျမ်းစာတစ်အုပ်လုံးကို ဝိညာဉ်တော်၏လှုံ့ဆော်မှုဖြင့်ရေးသားထားသောနှုတ်ထွက်တရားတော်ဟူ၍ မယူဆကြပါ။ ပညာရှိတစ်ဦးက ကျမ်းတစ်ပိုဒ်ကိုငြင်းပယ်၍ နောက်တစ်ဦးကနောက်တစ်ပိုဒ်ကိုငြင်းပယ်ပြန်၏။ မိမိတို့၏ဝေဖန်ဆုံးဖြတ်ချက်များကိုနှုတ်ထွက်တရားတော်ထက် အထက်တန်းကျသည်ဟုယူဆကြပြီးလျှင် သူတို့၏အခွင့်အာဏာပေါ်မူတည်သောခရစ်ယာန်ကျမ်းစာကိုသင်ကြားပို့ချကြ၏။ ဘုရားသခင်၏စစ်မှန်သောသက်သေခံချက်များကို ဖျက်ဆီးကြ၏။ ယင်းနည်းဖြင့်ဘုရားသခင်ကိုမကြည်ညို မယုံကြည်သောမျိုးစေ့တို့ကိုအနှံ့အပြားကြဲဖြန့်ကြ၏။ လူတို့သည်လည်းစိတ်ရှုပ်ထွေး၍ဘာကိုယုံကြည်ရမည်ဟုမသိလောက်အောင်ဖြစ်ကြတော့၏။ အသိဉာဏ်ဖြင့်ဆင်ခြင်၍မနှစ်သက်လက်မခံထိုက်သောအယူအဆများစွာပင်ရှိပါသည်။ ဤလောကတွင် ခရစ်တော်သက်တော်ထင်ရှားရှိတော်မူခဲ့စဉ်က ခရစ်ယာန်ဆရာများသည် ခရစ်ယာန်ကျမ်းစာတော်မြတ်မှအများသောအစိတ်အပိုင်းများကိုနားလည်ရန်ခက်ခဲလောက်အောင်အထူးဆိုလိုရင်းအနက်ကောက်ယူခြင်းများပြုကြပါသည်။ ဘုရားသခင်၏နှုတ်ထွက်တရားတော်က ထင်ရှားနားလည်လွယ်အောင်သွန်သင်ပြသမှုကြောင့်သူတို့၏အလေ့အကျင့်များ မှားယွင်းနေကြောင်းဖေါ်ထုတ်နေသဖြင့်နှုတ်ထွက် တရားတော်၏ တန်ခိုးစွမ်းအားကိုဖျက်ဆီးရန် ကြိုးပမ်းခြင်းဖြစ်

ပါသည်။ ယနေ့ကာလတွင်လည်း ယင်းအတိုင်းပင်ပြုလုပ်နေကြပါသည်။ ပညတ်တော်ကိုသူတို့ကျူးလွန်နေကြသည်ကို ဖုံးကွယ်လိုသဖြင့် နှုတ်ထွက်တရားတော်သည်နားလည်ရန်ခက်ခဲ၍ဆိုလိုရင်းအနက်မထင်မရှားသည့်အနေသို့ရောအောင်ဖန်တီးကြ၏။ ခရစ်တော်လက်ထက်မှာပင်ယင်းအပြုအမူများကိုပြစ်တင်ဆုံးမတော်မူခဲ့ပါသည်။ နှုတ်ထွက်တရားတော်ကိုလူတိုင်းနားလည်သဘောပေါက်ရမည်ဟုသင်ကြားတော်မူခဲ့ပါသည်။ ခရစ်ယာန်ကျမ်းစာ၏အခွင့်အာဏာကိုယုံမှားသံသယဖြစ်စရာအကြောင်းလုံးဝမရှိကြောင်းထောက်ပြတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည်လည်း ယင်းအတိုင်းပင်ထောက်ပြကြရန် တာဝန်ရှိပါသည်။ ခရစ်ယာန်ကျမ်းစာသည်ဘုရားသခင်၏ နှုတ်ထွက်တရားတော်ဖြစ်ကြောင်း၊ အမှားနှင့်အမှန်တိုက်လှန်ပွဲကြီး၏ အဆုံးသတ်လည်းဖြစ်ကြောင်းနှင့်ယုံကြည်ခြင်းအပေါင်း၏ အခြေအမြစ်လည်းဖြစ်ကြောင်းတင်ဆက်ရကြပါမည်။

ခရစ်ယာန်ကျမ်းစာ၏တန်ခိုးအာနုဘော်ကို အလွဲသုံးစားပြုနေကြသောကြောင့် ဝိညာဉ်ရေးအသက်တာကျဆင်းဆုတ်ယုတ်နေသည်ကိုတွေ့မြင်နိုင်ပါသည်။ ယနေ့ကာလတွင်အများသောတရားပလ္လင်များမှဟောပြောနေကြသောဘုရားသခင်၏တရားများတွင် ဝိညာဉ်တစ်ခုလုံးကိုအသက်ရှင်စေခြင်းနှင့် စိတ်ကိုနိုးကြားစေလောက်အောင် ဘုရားသခင်ကိုထုတ်ဖေါ်တင်ပြချက်များမပါဝင်ပါ။ “လမ်းခရီး၌ ငါတို့နှင့်ဟောပြော၍ ကျမ်းစာအနက်ကိုဖွင့်ပြတော်မူသောအခါ ငါတို့စိတ်နှလုံးသည်ယိုဖိတ်မတတ်ဖြစ်သည်မဟုတ်လော” ဟုတရားနာသူများကပြောလောက်ဖွယ်ရာမပါမရှိ။ လု၊ ၂၄း၃၂။ အသက်ရှင်တော်မူသောဘုရားသခင်ကိုမျှော်လင့်တောင့်တနေသူများရှိကြပါသည်။ ကျိုးကြောင်းဆင်ခြင်တုံတရားသီအိုရီများ၊ (သို့မဟုတ်) စာပေခရစ်ယာန်ကျမ်းနှင့်စပ်ဆိုင်သော

စာတမ်းများမည်မျှပင်ထွန်းပြောင်စေကာမူ စိတ်ကျေနပ်မှုကိုမပေးနိုင်။ လူတို့၏အခိုင်အမာပြောဆိုချက်များ၊ အတည်ပြုချက်များနှင့်တီထွင်ကြံဆချက်များသည် အကျိုးကျေးဇူးတန်ဖိုးမရှိ၊ ဘုရားသခင်၏နှုတ်ထွက်တရားတော်ကိုလူတို့အားပြောကြားပါစေ။ ထုံးစံဓလေ့များ၊ လူတို့၏စိတ်ကူးယူဆချက်များနှင့်လိုက်နာနေကျအစဉ်အလာများကိုသာ ကြားသိနေသူများအား ထာဝရအသက်ကိုပေးနိုင်စွမ်းရှိသည့် ကိုယ်တော်၏နှုတ်ထွက်တရားတော်ကို ကြားပြောကြပါလော့။

ဟောပြောသွန်သင်ရန်ခရစ်တော် နှစ်သက်မြတ်နိုးတော်မူသောတရားတော်မှာ ဘုရားသခင်၏ပြည့်စုံကုံလုံသောကျေးဇူးတော်နှင့်ဖခင်ပီသစွာ ထောက်ထားညှာတာတော်မူခြင်းအကြောင်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏သန့်ရှင်းမြင့်မြတ်တော်မူသောဘုန်းအင်္ဂါတော်နှင့်ပညတ်တော်အကြောင်းကိုမြောက်မြားစွာဟောကြားသွန်သင်တော်မူ၏။ ကိုယ်တော်သည် ကိုယ်တော်တိုင်အားဖြင့် လမ်းခရီး၊ စစ်မှန်သောတရားနှင့်အသက်ဖြစ်တော်မူကြောင်း သွန်သင်တော်မူ၏။ ခရစ်တော်၏အမှုတော်ဆောင်များသည်လည်း ယင်းအကြောင်းကိုပင်ဟောပြောသင့်ပါသည်။ စစ်မှန်သောတရားတော်ကို ခရစ်တော်၌ရှိသည့်အတိုင်းပင် တင်ဆက်ကြပါ။ ဧဝံဂေလိတရားတော်နှင့်ပညတ်တော်၏လိုရင်းအချက်များပေါ်လွင်ပါစေ။ ခရစ်တော်၏ကိုယ်ကျိုးစွန့်သောအသက်တာနှင့်အနစ်နာခံပုံကိုလည်းကောင်း၊ ကိုယ်ကိုကိုယ်နှိမ့်ချ၍အသေခံတော်မူကြောင်းကိုလည်းကောင်း၊ ထမြောက်စေတော်မူခြင်းနှင့် ကောင်းကင်သို့တက်ကြွတော်မူခြင်းအကြောင်းကိုလည်းကောင်း၊ ဘုရားသခင်၏တရားပလ္လင်တော်ရှေ့တွင် ကြားဖျန်ဖြေသူဖြစ်တော်မူကြောင်းကိုလည်းကောင်း၊ “ငါသည်. . . တစ်ဖန်လာပြန်၍. . . သင်တို့ကိုငါ့ထံသို့သိမ်းဆည်းမည်” ဟု

ကတိထားတော်မူကြောင်းကိုလည်းကောင်း လူတို့အားဟောပြောကြပါ။ ယော ၁၄း၃။

နည်းလမ်းမမှန်သည့်အတွေးအခေါ်များကိုဆွေးနွေး၍ ဧဝံဂေလိတရားတော်ကိုဆန့်ကျင်သူများနှင့်ယှဉ်ပြိုင်နေမည့်အစား ခရစ်တော်၏ခြေတော်ရာကိုလိုက်လျှောက်ပါ။ ဘုရားသခင်၏ ဘဏ္ဍာတော်တိုက်ထဲမှအသစ်သောဘုရားသခင်၏တရားများအားဖြင့် အသက်တာကိုရှင်လန်းပါစေ။ "နှုတ်ထွက်တရားတော်ကိုဟောပြောလော့၊" "ရေရှိရာအရပ်တို့၌မျိုးစေ့ကိုကြဲ၍" "အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြိုးစားအားထုတ်လော့၊" "ငါ၏နှုတ်ထွက်တရားတော်ကိုခံရသောသူသည် နှုတ်ထါက်တရားစကားတော်ကို မှန်ကန်စွာဟောပြောပါလေစေ။ အဖျင်းသည်စပါးနှင့်အဘယ်သို့သက်ဆိုင်သနည်းဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။" "ဘုရားသခင်၏စကားတော်ရှိသမျှသည်စင်ကြယ်၏။ . . . စကားတော်တို့၌ထပ်၍မသွင်းနှင့်၊ သို့ပြုလျှင် အပြစ်တင်တော်မူ၍ သင်သည်လိမ်ညာမှုသုံးသောသူဖြစ်လိမ့်မည်။" ၂ တိ ၄း၂။ ဟေရှာ ၃၂း၂၀။ ယေ ၂၃း၂၈။ Prov. ၃၀း၅၊၆။

"မျိုးစေ့ကြဲသောသူသည် တရားစကားကိုကြဲ၏" ဤနေရာတွင် ပညာရေးလုပ်ငန်းမှန်သမျှအတွက် အရေးကြီးသောအခြေခံသဘောတရားများကိုတင်ဆက်ထားပါသည်။ "မျိုးစေ့သည် ဘုရားသခင်၏တရားစကားဖြစ်၏။" သို့သော်ကျွန်ုပ်တို့၏ခေတ်ကာလတွင် ဘုရားသခင်၏တရားတော်ကိုဘေးဖယ်ထားကြသောစာသင်ကျောင်းများသည်များလွန်းပါသည်။ အခြားသောဘာသာရပ်များကိုသာ စိတ်ပါဝင်စားကြ၏။ တချို့ပညာရေးစနစ်များတွင် ဘုရားသခင်၏တရားတော်နှင့်မသက်ဆိုင်သောစာပေများကသာ နေရာယူခေတ်စားနေကြပါသည်။

ကျောင်းသုံးစာအုပ်များတွင် ယုံကြည်မှုအတိအကျမရှိသည့်စိတ်ကူးယဉ်သူများ၏သဘောတရားများ ရောပြွမ်းရှုပ်ထွေးလျက်ရှိကြပါသည်။ ရှာဖွေတွေ့ရှိမှုများကို ဆိုလိုရင်းအနက်ကောက်ယူမှုလွဲမှားသောကြောင့် သိပ္ပံအတတ်နှင့်ပတ်သက်၍လေ့လာမှုများမှာလည်း လမ်းလွဲ၍နေပါသည်။ ဘုရာသခင်၏နှုတ်ထွက်တရားတော်ကိုသိပ္ပံဗေဒနှင့်စပ်ဆိုင်သည်ဟုထင်မြင်ယူဆရသောစာပေများနှင့်နှိုင်းယှဉ်ပြီးလျှင်တိကျပြတ်သား၍ယုံကြည်စိတ်ချလောက်အောင်မရှိဟု ထင်ယောင်ထင်မှားဖြစ်ကြ၏။ ထိုကြောင့် လူငယ်တို့၏စိတ်တွင် ယုံမှားသံသယဖြစ်စေသောမျိုးစေ့ကိုကြဲသဖြင့် စုံစမ်းသွေးဆောင်ခြင်းနှင့်ရင်ဆိုင်ရသောအခါ အယူမှားပင်များပေါက်ကြ၏။ ဘုရားသခင်၏နှုတ်ထွက်တရားတော်အပေါ်ယုံကြည်မှုကင်းမဲ့သောအခါ အသက်ဝိညာဉ်အတွက် ရှေ့ဆောင်လမ်းပြမရှိ၊ ဘေးရန်မှလည်းအကာအကွယ်မရှိတော့ပါ။ ထိုကြောင့်လူငယ်များသည်ဘုရားသခင်ထံသို့ပို့ဆောင်သောလမ်းမှလွဲသွားကြ၏။ ထာဝရအသက်နှင့်လည်းဝေးကြ၏။

ယင်းသို့ဖြစ်ရခြင်းမှာ ယနေ့ကမ္ဘာနိုပ်တို့၏လောကကြီးကိုမကောင်းမှုမျိုးလွှမ်းခြုံမှု၏အတိုင်းအတာကြီးမားသောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ထွက်တရားတော်ကိုပယ်ထားခြင်းအားဖြင့် မကောင်းမှုမျိုးတို့ကိုမက်မောတတ်သည့်သဘာဝစိတ်ကို မချုပ်ထိန်းနိုင်တော့ပါ။ လူသည်မိမိစိတ်ပကတိ၌ မျိုးစေ့ကိုစိုက်ပျိုးသောကြောင့် စိတ်ပကိမှဖေါက်ပြန်ပျက်စီးမှုအသီးကို ရိတ်သိမ်းရ၏။

ဤနေရာတွင်လည်း စိတ်အားနည်းပါးမှုနှင့် အရည်အချင်းမရှိမှုတို့မှာ အကြောင်းရင်းတစ်ခုပင်ဖြစ်နေပါသည်။ ဘုရားသခင်၏နှုတ်ထွက်တရားတော်ကိုလွှဲရှောင်၍ ဝိညာဉ်တော်နှိုးဆော်တိုက်တွန်းခြင်းကိုမခံ

ရသောသူတို့၏စာပေများကိုလိုက်စားခြင်းဖြင့် စိတ်နှလုံးတိုးတက်ကြီးပွား မှုမရှိဘဲ အသုံးမဝင်သောဘဝသို့ဆိုက်ရောက်ပါသည်။ ၄င်းအပြင် ဘုရားသခင်တရား၏နက်နဲကျယ်ပြန့်သောအခြေခံသဘောတရားနှင့် လည်းတွေ့ထိမှုမရှိနိုင်တော့ပါ။ ပိုင်းခြားဝေဖန်သိမြင်တတ်သောဉာဏ် သည် ပွန်းတီးကျွမ်းဝင်သောအရာတို့ကိုသာ နားလည်သဘောပေါက် နေသောကြောင့်လည်းကောင်း၊ အကန့်အသတ်ရှိသောအရာများကိုသာ စွဲလမ်းနေသောကြောင့်လည်းကောင်း ပိုင်းခြားဝေဖန်တတ်သောအသိ ပညာသည် ယုတ်လျော့အားနည်းလာသဖြင့် ယင်း၏တန်ခိုးအာနိသင် မှာလည်း ကျဉ်းမြောင်း၍အချိန်ကြာမြင့်သောအခါ တိုးတက်ဖွံ့ဖြိုးမှု မရှိနိုင်တော့ပါ။

ဤအရာအားလုံးတို့သည် စစ်မှန်သောအတတ်ပညာမဟုတ်ပါ။ ဝိညာဉ်တော်မှုတ်သွင်းသောနှုတ်ထွက်စကားတော်ဆိုင်ရာမြင့်မြတ်သော တရားတော်ကိုသာ လူငယ်တို့၏ စိတ်နှလုံးတွင်စွဲမြဲစေရန်မှာ ဆရာများ၏ လုပ်ငန်းဆောင်တာဖြစ်သင့်ပါသည်။ ဤသည်သာလျှင်ယခုဘဝနှင့် နောင်ဘဝအတွက် အထူးအရေးပါအရာရောက်သောအတတ်ပညာဖြစ် ပါသည်။

ဤအကြောင်းကြောင့် သိပ္ပံအတတ်ကိုမသင်ရဟူ၍လည်း ကောင်း၊ ပညာရေးအဆင့်အတန်းကျဆင်းလိမ့်မည်ဟူ၍လည်းကောင်း မထင်မမှတ်သင့်ပါ။ ဘုရားသခင်ကိုသိကျွမ်းခြင်းပညာသည် ကောင်းကင် နှင့်အမျှမြင့်မား၍မိုးကုပ်စက်ဝိုင်းနှင့်အမျှ ကျယ်ဝန်းလှပါသည်။ ထာဝရအသက်နှင့် စပ်ဆိုင်သောအရာများကိုသင်ကြားလေ့လာသည် ထက်ပို၍ဘုန်းအသရေ တိုးတက်စေသည့်ကြံခိုင်ရင့်ကျက်စေသော အရာမရှိပါ။ လူငယ်တို့သည် ဘုရားသခင်ပေးတရားတော်ကို ဆုပ်ကိုင်မိအောင် ရှာဖွေလေ့လာကြပါစေ။

သို့ပြုလျှင် အမှုတော်၌သူတို့၏စိတ်သဘောထားကျယ်ပြန့်၍ ကြီးပွားတိုးတက်လိမ့်မည်။ ဘုရားသခင်၏ နှုတ်ထွက်တရားတော်နှင့်အညီ လေ့လာသောစာသင်သားတိုင်းသည် ပိုမိုကျယ်ပြန့်သော စဉ်းစားနယ်မြေတွင်းသို့ဝင်ရောက်၍ ယိုယွင်းပျက်စီးခြင်းကင်းသောအသိပညာနှင့် ကြွယ်ဝလိမ့်မည်။

လယ်ကွင်းမှာလည်း
လမ်းဘေးတွင်ကျရောက်သောမျိုးစေ့တို့ကိုငှက်တို့က
ကောက်ယူကြသကဲ့သို့ စိတ်နှလုံးတွင်
လက်ခံရယူထားသောတရားမျိုးစေ့တို့ကိုလုယူရန်
စာတန်အသင့်စောင့်နေပါသည်။

ခရစ်ယာန်ကျန်းစာကိုလေ့လာဆည်းပူး၍ ရရှိသောအတတ်ပညာသည် ကယ်တင်ခြင်းစီမံကိန်းကို ကိုယ်တွေ့စမ်းသပ်ရရှိသောပညာဖြစ်သည်။ ယင်းအတတ်ပညာအားဖြင့် ဘုရားသခင်၏ပုံသဏ္ဍာန်တော်ကိုစိတ်နှလုံးအတွင်း၌ပြန်လည်တည်မြဲစေလိမ့်မည်။ သွေးဆောင်ဖြားယောင်းခြင်းကိုတွန်းလှန်ဖြိုဖျက်နိုင်သော စိတ်တည်တံ့ခိုင်ခံ့၍ ဤလောကအတါက် ကိုယ်တော်၏မေတ္တာအမှုတော်တွင် ခရစ်တော်နှင့်ဖက်စပ်လုပ်ဆောင်ရန်ထိုက်တန်သောသူဖြစ်လိမ့်မည်။ သူသည်ကောင်းကင်မိသားစုဝင်တစ်ဦးဖြစ်၍ အလင်းတရား၌သန့်ရှင်းသူများနှင့်အတူအမွေခံရာတွင် ရေတွက်ဝင်သူဖြစ်ရန်ပြင်ဆင်မှုရှိလိမ့်မည်။

သို့သော် ဘုရားသခင်၏တရားတော်နှင့်စပ်ဆိုင်သည့် ဆရာသည်မိမိကိုယ်တွေ့အသိအမြင်များကိုသာ သူတစ်ပါးတို့အားပေးဝေနိုင်လိမ့်မည်။ “မျိုးစေ့ကြဲသောသူသည်သူ၏မျိုးစေ့ကိုကြဲ၏။” ခရစ်တော်သည်ဘုရားသခင်၏တရားဖြစ်တော်မူသောကြောင့် ၄င်းတရားကိုဟောကြားတော်မူ၏။ ကိုယ်တော်သည် ကိုယ်တော်၏အတွေးအခေါ်၊ ကိုယ်တော်၏ဘုန်းအင်္ဂါ၊ ကိုယ်တော်၏အသက်တာနှင့် ကိုယ်တော်၏အသိအမြင်များကိုသရုပ်ပေါ်အောင်ဟောကြားတော်မူ၏။ နှုတ်ထွက်တရားတော်ကိုသင်ကြားပို့ချသော ကိုယ်တော်၏တပည့်တော်များအနေဖြင့်လည်း ယင်းအတိုင်းပင်နှုတ်ထွက်တရားတော်ကို သူတို့ကိုယ်ပိုင်ဖြစ်အောင် လေ့လာထားရကြပါမည်။ သူတို့သည်ပညာဉာဏ်နှင့်ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့်ရွေးနုတ်ခြင်းဖြစ်စေရန် ခရစ်တော်သည် သူတို့အားမည်သို့ပြုပြင်ထားကြောင်း သူတို့ကိုယ်တိုင်နားလည်ထားရကြမည်။ နှုတ်ထွက်တရားတော်ကိုသူတစ်ပါးတို့အား ဝေငှရာ၌ ထင်မြင်ယူဆပါသည်ဟူ၍လည်းကောင်း၊ ဖြစ်ကောင်းဖြစ်လိမ့်မည်ဟူ၍လည်းကောင်းမည်သည့်အခါမျှ

မပြောမဆိုသင့်ပါ။ တမန်တော်ပေတရုကဲ့သို့ “ငါတို့သခင်ယေရှုခရစ်၏တန်ခိုးတော်ကိုလည်းကောင်း၊ ကြွလာတော်မူခြင်းကိုလည်းကောင်းသင်တို့အား ကြားပြောသောအခါ ငါတို့သည် ဥာဏ်ဆင်မှုနှင့်ပြင်ဆင်သောယုံတမ်းစကားကိုမလိုက်၊ ဘုန်းအာနုဘော်တော်ကိုကိုယ်တိုင်မြင်သောသူဖြစ်ကြ၏” ဟုကြွေးကြော်သင့်ပါသည်။ ၂ပေ၊ ၁း၁၆။ ခရစ်တော်၏အမှုတော်ဆောင်တိုင်းနှင့် ဆရာတိုင်းသည် ကိုယ်တော်ချစ်တော်မူသောတပည့်တော်ယောဟန်ကဲ့သို့ “ထိုအသက်သည်ထင်ရှားခဲ့ပြီ။ ငါတို့လည်းမြင်ရကြပြီ၊ ခမည်းတော်နှင့်အတူရှိဖူး၍ ငါတို့အားထင်ရှားခဲ့ပြီးသော ထိုထာဝရအသက်ကို ငါတို့သည် သင်တို့အားသက်သေခံ၍ ပြသကြ၏” ဟုသောပြောနိုင်ရမည်။ ၁ယော ၁း၂။

## လမ်းဘေးကမြေဆီလွှာ

မျိုးစေ့ကြဲသူ၏ဥပမာတွင် မျိုးစေ့ကျရောက်သောမြေဆီလွှာသည်မျိုးစေ့ကိုအပင်ပေါက်စေနိုင်သည့် အကျိုးသက်ရောက်မှုနှင့် အဓိကစပ်ဆိုင်ပါသည်။ ယင်းဥပမာအားဖြင့် တရားနာသူများအား ခရစ်တော်ဟောကြားတော်မူသည်မှာ၊ ငါ၏အမှုတော်ကိုအမှားအမှန်ဝေဖန်သုံးသပ်ရန်အတွက် နားထောင်နေကြလျှင် သင်တို့အတွက် အကျိုးထူးမည်မဟုတ်၊ သင်တို့၏ယုံကြည်ချက်နှင့်မကိုက်ညီသောကြောင့်လည်း စိတ်ပျက်ခြင်းအလိုသို့မလိုက်သင့်၊ သင်တို့အတွက် အရေးကြီးဆုံးသောအချက်မှာ၊ ငါဟောပြောသောသတင်းစကားကို သင်တို့အဘယ်သို့ ခံယူပါမည်နည်း။ သင်တို့၏ထာဝရအဆုံးအခြေအနေသည် ငါ၏သတင်းစကားကို နားထောင်ခြင်းနှင့်ငြင်းပယ်ခြင်းအပေါ်တွင်မူတည်နေပါသည်။

လမ်းဘေးကျရောက်သောမျိုးစေ့များနှင့် ပတ်သက်၍ ခရစ်တော်ရှင်းပြတော်မူသည်မှာ၊ "လမ်း၌အစေ့ကြဲခြင်းအကြောင်းအရာကား၊ နိုင်ငံတော်၏တရားစကားကိုကြား၍ နှလုံးမသွင်းသည်ရှိသော် နတ်ဆိုးလာ၍ နှလုံး၌ကြဲသောအစေ့ကိုနုတ်ယူတတ်သည်" ဟုဆိုသတည်း။

လမ်းဘေး၌ကြဲသောမျိုးစေ့မှာ ဘုရားသခင်၏နှုတ်ထွက်တရားတော်သည် အလေးမထားအာရုံမစိုက်ဘဲပေ့ါပေ့ါတန်တန်တရားနာသူများ၏နှလုံးတွင်းသို့ကျရောက်သောတရားမျိုးစေ့ဖြစ်၏။ လူအများနှင့် တိရစ္ဆာန်အပေါင်း အသွားအပြန် နင်းနှိပ်ထားသောလမ်းပမာ ယင်းနှလုံးသားသည် လောကပျော်မွေ့ခြင်းနှင့်မကောင်းမှုလမ်းမကြီးဖြစ်နေပါသည်။ တစ်ကိုယ်ကောင်းစိတ်ထားနှင့်ရည်မှန်းချက်များ၌ နစ်မြှုပ်၍ မကောင်းမှု အလိုသို့လိုက်သောကြောင့် "မကောင်းမှု၏လှည့်ဖြားခြင်းအားဖြင့်" သူတို့၏စိတ်နှလုံးကိုခိုင်မာစေကြ၏။ ဟေဗြဲ ၃း၁၃။ ဝိညာဉ်ရေးကိုအားပေးသည့် စွမ်းရည်ရဲရင့်မှု သေကြေပျက်စီးခြင်းသို့ရောက်ကြ၏။ လူတို့သည် နှုတ်ထွက်တရားတော်ကိုကြားနာရသော်လည်း နားမလည်ကြ။ သူတို့နှင့်စပ်ဆိုင်သည်ဟု ပိုင်းခြားဝေဖန်၍ သူတို့မသိကြ။ သူတို့အတွက် လိုအပ်ကြောင်း (သို့မဟုတ်) သူတို့သည်အခက်အခဲနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်းကို သူတို့သဘောမပေါက်ကြ။ ခရစ်တော်၏မေတ္တာတော်ကိုသူတို့မသိနားမလည်ကြသောကြောင့် ကိုယ်တော်၏ကျေးဇူးတော်သတင်းစကားကိုသူတို့နှင့်မဆိုင်ဟုသဘောထား၍ တိမ်းရှောင်ကြ၏။

လမ်းပေါ်မှမျိုးစေ့များကို ငှက်တို့ကောက်ယူရန်အသင့်ရှိနေကြသကဲ့သို့ စာတန်သည်လည်း လူတို့၏စိတ်နှလုံးတွင်းမှဘုရားသခင်၏တရားမျိုးစေ့များကိုနုတ်ယူရန်အသင့်ရှိနေပါသည်။ သတိမမူသေးသောသူသည်နိုးကြား၍သူ၏ခိုင်မာနေဆဲစိတ်နှလုံးအတွက် အကျိုးသက်ရောက်မည်ကို-

စိုးရိမ်သောကြောင့် ဧဝံဂေလိတရားတော်ကို ဟောကြားသောအစည်း အဝေးများ၌ စာတန်နှင့်သူ၏တမန်တို့ရှိနေကြပါသည်။ ကောင်းကင် တမန်များသည် လူတို့၏စိတ်နှလုံးတွင် တရားစကားများစွဲမှတ်စေရန် ကြိုးစားအားထုတ်သကဲ့သို့ ရန်သူသည်လည်း နှုတ်ထွက်တရားတော် အကျိုးသက်ရောက်မှုမရှိစေရန် သတိကြီးစွာဖြင့်စောင့်နေပါသည်။ ရန်ငြိုးဖွဲ့သောစိတ်ပြင်းထန်သလောက် ဇွဲကောင်းသည့်စာတန်သည် ဘုရားသခင်၏ဝိညာဉ်တော်လုပ်ငန်းပျက်စီးအောင်အားထုတ်၏။ ခရစ် တော်သည်အသက်ဝိညာဉ်တစ်ခုကို မေတ္တာတော်ဖြင့်ဆွဲဆောင်နေချိန် တွင် ကယ်တင်မည့်သူကိုရှာရန်စိတ်ဝင်စားနေသူ၏ အာရုံကိုပြောင်းလွှဲ ဖို့စာတန်ကလည်းကြိုးစားနေပါသည်။ သူ၏စိတ်ကိုလောကရေးရာအကြံ အဖန်များတွင် နစ်မြုပ်နေစေပါသည်။ စေဖန်ပြစ်တင်ဖို့စိတ်ထကြွစေပါ သည်။ သို့တည်းမဟုတ် မယုံမကြည်ဖြစ်စေဖို့နှင့်ယုံမှားသံသယဖြစ်စေဖို့ တဖြည်းဖြည်းသွေးဆောင်နေပါသည်။ တရားဟောပြောသောသူ၏ စကားအသုံးအနှုန်း (သို့မဟုတ်) ဟောပုံဟောနည်းများသည် တရားနာသူ တို့၏စိတ်နှလုံးနှင့် မတွေ့မထိဘဲ ရှိကောင်းရှိမည်ဖြစ်ရာ ယင်းချွတ်ယွင်း မှုများကို တရားနာသူများသည် ထပ်တလဲလဲပြစ်တင်ပြောဆိုနေတတ် ကြပါသည်။ ထို့ကြောင့်သူတို့အတွက် လိုအပ်သည့်အလျောက် ကျေးဇူး တော်အားဖြင့် ဘုရားသခင်ပေးပို့တော်မူသော မိမိ၏တရားသည် သူတို့၏စိတ်တွင်ကြာရှည်စွာမတည်မမြဲနိုင်တော့ပါ။

စာတန်၏တပည့်တပန်းများစွာရှိပါသည်။ ခရစ်ယာန်အခေါ်ခံ သူအများပင်လျှင်အခြားသောသူတို့ထံမှ ဘုရားသခင်၏တရားမျိုးစေ့ကို ရန်သူကနုတ်ယူသွားရန် ကူညီယိုင်းပင်းနေကြပါသည်။ ဘုရားသခင်၏ နှုတ်ထွက်တရားတော်ကိုကြားနာသောသူအများစုသည်မိမိတို့၏နေအိမ်၌

ယင်းတရားစကားများနှင့်စပ်လျဥ်း၍ ပြစ်တင်ဝေဖန်တတ်ကြပါသည်။ ဆရာကြီးတစ်ဦးပို့ချသောသင်ခန်းစာကို ဝေဖန်သုံးသပ်သကဲ့သို့လည်းကောင်း၊ နိုင်ငံရေးသမားတစ်ဦး၏ ဟောပြောချက်များကိုပြစ်တင်ဝေဖန်သကဲ့သို့လည်းကောင်း ဘုရားသခင်၏တရားကိုသူတို့ဝိုင်းဖွဲ့၍ ဝေဖန်ဆုံးဖြတ်ကြပါသည်။ သူတို့အတွက် ဘုရားသခင်၏နှုတ်ထွက်တရားတော်ဟု ယူဆရမည့်သတင်းစကားများနှင့်ပတ်သက်၍ အသေးအဖွဲဖြစ်ရပ်များကို အကျယ်ချဲ့ကြ၏။ ထင်မြင်ယူဆချက်အတိုင်းထိခိုက်လောက်အောင် စောင်းချိတ် ပြောဆိုကြ၏။ တရားဟောဆရာ၏အကျင့်၊ ရည်ရွယ်ချက်နှင့်ဟောပုံဟောနည်းများကိုလည်းကောင်း၊ အသင်းသားများ၏အနေအထိုင်အကျင့်ဓလေ့များကိုလည်းကောင်းအပြန်အလှန်လွတ်လပ်စွာနှီးနှော

လမ်းဘေး၊ ကျောက်ပေါ်သောမြေ၊ ဆူးပင်ထူထပ်သည့်ဝန်းကျင်နှင့်တူသော တရားနာသူများသည်ယင်းအခြေအနေ၌ပင်အမြဲတစေတည်မြဲနေရန်မလိုပါ။ ပြုစုသူမရှိသောဥယျာဉ်နှင့်တူသည့်စိတ်နှလုံးခိုင်မာသောသူသည်သန့်ရှင်း၊ သောဝိညာဉ်တော်၏ပြုစုပျိုးထောင်ခြင်းကိုလိုအပ်နေပါသည်။

ဆွေးနွေးကြ၏။ ပြင်းထန်စွာပြစ်တင်ဆုံးဖြတ်ကြ၏။ အဖျင်းစကားများ၊ ကုန်းချောစကားများနှင့်ပုတ်ခတ်သောစကားများကို ထပ်တလဲလဲပြော ကြ၏။ ဤသို့မသင့်လျော်သောစကားများကို မယုံကြည်သေးသော သူများ၏ရှေ့မှောက်မှာပင်ပြောဆိုလေ့ရှိကြ၏။ မကြာခဏလိုပင်မိဘ များသည်လည်း သားသမီးများကြားနိုင်လောက်သည့်နေရာတွင်ပြော ကြ၏။ ယင်းသို့ပြုမူခြင်းအားဖြင့် ဘုရားသခင်၏အမှုတော်ဆောင်များ အား ရိုသေလေးစားခြင်းနှင့်သူတို့ဝေငှသောသတင်းစကားများကိုပါ လေးစားမြတ်နိုးခြင်းမရှိအောင်ဖျက်ဆီးနေကြပါသည်။ ဘုရားသခင်၏ နှုတ်ထွက်တရားတော်ကို လူအများကပေါ့ပေါ့တန်တန်သဘောထားဖို့ သင်ပေးရာရောက်နေပါသည်။

ဤနည်းအားဖြင့် ခရစ်ယာန်အမည်ခံသည့် အိမ်ထောင်စုများ တွင်လူငယ်အများစုမှာ ဘုရားသခင့်တရားတော်နှင့်ဝေးကွာ၍နေကြပါ သည်။ မိဘများကလည်း သူတို့၏သားသမီးများသည်ဧဝံဂေလိတရား တော်တွင်အဘယ်ကြောင့်စိတ်ပါဝင်စားမှုနည်းကြပါသနည်းဟူ၍လည်း ကောင်း၊ ကျမ်းစာပါဘုရားသခင်၏တရားတော်ကို အဘယ်ကြောင့်ယုံမှား သံသယဖြစ်နေကြပါသနည်းဟူ၍လည်းကောင်း မေးနေတတ်ကြပါသည်။ ကျင့်ဝတ်ကောင်းဖို့နှင့်ဘာသာရေးကိုကိုင်းညွှတ်ဖို့သူတို့ကိုဆွဲဆောင် ရာမှာမလွယ်ကူပါဟု သူတို့အံ့အားသင့်နေကြပါသေး၏။ သို့သော် သူတို့ပြုသည့်ပုံသက်သေကြောင့် သူတို့သားသမီးများ၏ စိတ်နှလုံး များခိုင်မာနေကြသည်ကို သူတို့မသိသဘောမပေါက်ကြ။ ကောင်းသော မျိုးစေ့သည် အမြစ်စွဲဖို့နေရာမရသောကြောင့် စာတန်နုတ်ယူသွားလေပြီ။

## ကျောက်ပေါ်သောအရပ်၌

"ကျောက်ပေါသောအရပ်၌ အစေ့ကိုကြဲခြင်းအကြောင်းအရာကား၊ တရားစကားကိုကြား၍ ဝမ်းမြောက်သောစိတ်နှင့်ချက်ချင်းခံယူသော်လည်း စိတ်နှလုံး၌အမြစ်မစွဲ ခဏသာတည်သဖြင့် တရားစကားကြောင့်အမှုအခင်းနှင့်ညှင်းဆဲခြင်းကိုခံရသောအခါ ချက်ချင်းဖေါက်ပြန်တတ်သည်ဟုဆိုလိုသတည်း။"

ကျောက်ပေါသောမြေပေါ်တွင် စိုက်ပျိုးထားသောမျိုးစေ့သည် ထုမနက်သောမြေဆီလွှာနှင့်သာဆုံတွေ့ရ၏။ ပျိုးပင်သည် လျင်မြန်စွာပေါက်လာသော်လည်း အမြစ်များသည် ကျောက်ကိုမထိုးမပေါက်နိုင်သောကြောင့်ကြီးထွားရှင်သန်ရန် ခွန်အားဖြစ်စေသောအစာမလုံလောက်သည့်အတွက် မကြာမြင့်မီသေကျေပျက်စီးကြ၏။ ဘာသာရေးကိုအသက်မွေးဝမ်းကျောင်းပညာတစ်ရပ်အနေဖြင့် လိုက်စားသူအများစုသည် ကျောက်ပေါသောမြေနှင့်တူသောတရားနာသူများဖြစ်ကြ၏။ ကျောက်သည်မြေဆီလွှာ၏အောက်တွင် အခြေခံနေသကဲ့သို့ မြေဆီလွှာတည်းဟူသောကောင်းကျိုးလိုလားသည့်စိတ်၏နောက်ဆွယ်တွင် ကိုယ်အကျိုးကိုသာကြည့်တတ်သောပကတိစိတ်က အခြေခံနေပါသည်။ မိမိကိုယ်ကိုသာချစ်မြတ်နိုးသောစိတ်ကိုနှိပ်ကွပ်၍မရ။ မကောင်းမှု၏အဆမတန်ဆိုးသွမ်းမှုကိုမတွေ့မမြင်နိုင်သောကြောင့် မကောင်းမှု၏ပြစ်ဒဏ်ကိုစိတ်အာရုံတွင်မခံစားရသဖြင့် စိတ်နှိမ့်ချခြင်းမရှိ၊ စိတ်မာနကိုလည်းမချိုးမနှိမ်။ ယင်းကဲ့သို့သောလူစုသည် ယုံကြည်လွယ်၍ အလားအလာရှိသောပြောင်းလဲသူများဖြစ်လိမ့်မည်ဟု ယူဆရသော်လည်း သူတို့သည်အပေါ်ယံဘာသာရေးသမားများသာဖြစ်ကြ၏။

လူတို့ဖေါက်ပြန်ပျက်စီးရကြသည်မှာ သူတို့သည် တရားတော်ကို ချက်ချင်းလက်ခံကြသောကြောင့်မဟုတ်၊ ဝမ်းမြောက်ဝမ်းသာစွာ လက်ခံကြသောကြောင့်လည်း မဟုတ်ပါ။ တမန်တော်မဿဲသည် ခရစ်တော်၏ခေါ်တော်မူသံကိုကြားရသည်နှင့် တစ်ပြိုင်နက် ရှိသမျှကို စွန့်လွှတ်ပြီးလျှင် ထ၍နောက်တော်သို့ချက်ချင်းလိုက်လေ၏။ ဘုရားသခင်၏တရားတော်ကို ကျွန်ုပ်တို့ကြားနာရသည့်နှင့်တစ်ပြိုင်နက် လက်ခံရန် ဘုရားသခင်အလိုရှိတော်မူ၏။ ဝမ်းမြောက်ဝမ်းသာစွာလက်ခံခြင်းသည်လည်း အမှန်တရားပင်ဖြစ်၏။ “နောင်တရသောလူဆိုးတစ်ယောက်၌ သာ၍ဝမ်းမြောက်ခြင်းရှိကြ၏။” လူကာ ၁၅း၇။ ၎င်းအပြင် ခရစ်တော်ကိုယုံကြည်သောသူ၏စိတ်၌လည်း ဝမ်းမြောက်ခြင်းရှိ၏။ ဥပမာတွင်တရားစကားကိုကြား၍ ဝမ်းမြောက်သောစိတ်နှင့်ချက်ချင်းခံယူသည်ဆိုသောသူတို့သည် မိမိတို့စွန့်လွှတ်ရမည့် အရာများကိုသတိမမူခဲ့ကြ၊ ဘုရားသခင်၏တရားတော်အတွက်မည်မျှကိုယ်ကျိုးစွန့်ရမည်ကို သူတို့မစဉ်းစားမိခဲ့ကြ၊ သူတို့သည်တရားတော်ကို အမှန်တကယ်လက်မခံမီက မိမိတို့၏အကျင့်ဓလေ့များနှင့်အံဝင်ခွင်ကျဖြစ်မဖြစ် ချင့်ချိန်ခြင်းမပြုခဲ့ကြ။

အပင်၏အမြစ်များသည် မြေဆီလွှာအတွင်းသို့ နက်ရှိုင်းစွာထိုးဖေါက်ဝင်ရောက်ပြီးလျှင် မျက်စိနှင့်မမြင်နိုင်သည့် အောက်ခြေမှအပင်ကိုကြီးထွားရှင်သန်စေရန် အစာကျွေးပါသည်။ ခရစ်ယာန်အသက်တာသည်လည်း ယင်းအတိုင်းပင်ဖြစ်ပါသည်။ အသက်ဝိညာဉ်သည် ယုံကြည်ခြင်းအားဖြင့်ခရစ်တော်နှင့်မျက်စိဖြင့် မမြင်နိုင်သောမိတ်သဟာယဖွဲ့ခြင်းမျိုးဖြင့်ဆက်သွယ်၍ ဝိညာဉ်ရေးအသက်တာကြီးထွားရှင်သန်ပါသည်။ သို့သော် ကျောက်ပေါ်သောမြေနှင့်တူသော တရားနာသူများအနေဖြင့်

မှုကား ခရစ်တော်ကိုမှီခိုခြင်းမပြုဘဲ ကိုယ်ကိုကိုယ်အားကိုးကြ၏။ သူတို့သည် မိမိတို့၏ ကောင်းမှုများနှင့် ကောင်းသောစိတ်ထားများကိုသာအားကိုးသဖြင့် ကိုယ်ကိုကိုယ်ဖြောင့်မတ်သည်ဟုအယူသန်ကြ၏။ ထာဝရဘုရားသခင်ဘက်၌လည်းကောင်း၊ ကိုယ်တော်၏တန်ခိုးတော်၌လည်းကောင်း ကြံ့ခိုင်ခြင်းမရှိကြ။ ထိုသို့သောသူသည် ခရစ်တော်၌မတည်သောကြောင့် "စိတ်နှလုံး၌အမြစ်မစွဲ။"

နွေရာသီ၏ပူပြင်းသောနေရောင်ခြည်သည် ခံနိုင်ရည်ရှိသောသီးနှံများကိုအားဖြည့်၍မှည့်ဝင်းစေသော်လည်း မြေဆီလွှာအောက်နက်ရှိုင်းခြင်းမရှိသောအမြစ်များကိုဖျက်ဆီးတတ်ပါသည်။ ထိုကြောင့် "စိတ်နှလုံး၌အမြစ်မစွဲသောသူသည် ခဏသာတည်သဖြင့် တရားစကားကြောင့် အမှုခင်းညှင်းဆဲခြင်းကိုခံရသောအခါ ချက်ချင်းဖေါက်ပြန်တတ်၏။" အများသောသူတို့သည် ဧဝံဂေလိတရားတော်ကိုလက်ခံကြခြင်းမှာ အပြစ်မကောင်းမှုမှလွတ်မြောက်ရန်မဟုတ်၊ အခက်အခဲမှလွတ်မြောက်ရန်အတွက်သာဖြစ်ကြပါသည်။ ဘာသာရေးကိုအကာအကွယ်ယူခြင်းအားဖြင့် အခက်အခဲနှင့်ကျပ်တည်းမှုအပေါင်းမှလွတ်မြောက်လိမ့်မည်ဟုသူတို့ယူဆကြသောကြောင့် ခဏမျှသာရွှင်လန်းဝမ်းမြောက်ကြ၏။ ဘဝအသက်တာတွင် အဆင်ပြေမှုရှိနေသမျှကာလပတ်လုံးခရစ်ယာန်ပီသဟန်ရှိနေပါ၏။ သို့သော်စုံစမ်းစစ်ဆေးခြင်းကို ပြင်းထန်စွာခံရသောအခါ စိတ်ပျက်အားလျော့ကြ၏။ ခရစ်တော်အတွက် ကဲ့ရဲ့ပြစ်တင်ရှုတ်ချခြင်းကိုရင်မဆိုင်နိုင်ကြ။ ဘုရားသခင်၏နှုတ်ထွက်တရားတော်ကြောင့်သူတို့စွဲလမ်းမြတ်နိုးသောမကောင်းမှုတစ်ခုခုထင်ပေါ်လာသောအခါ (သို့မဟုတ်) ကိုယ်ကျိုးစွန့်၍အနစ်နာခံရန်လိုအပ်လာသောအခါ သူတို့ဖောက်ပြန်ကြ၏။ သူတို့၏အသက်တာကိုလုံးလုံးလျားလျားပြောင်းလဲဖို့

အတွက် ခက်ခဲလွန်းသည့်သဘောသက်ရောက်နေပါသည်။ လောလော လတ်လတ်အဆင်မပြေမှုနှင့်ခက်ခဲမှုကိုကြည့်၍ ထာဝရချမ်းသာမှန်ကို မေ့လျော့ကြ၏။ "ထိုစကားသည် အလွန်ခက်လှ၏၊ အဘယ်သူနာခံ နိုင်မည်နည်း" ဟုပြော၍ ခရစ်တော်နှင့်ခွဲခွာသွားသောတပည့်တော်များ ကဲ့သို့ဖြစ်ကြ၏။ ယော ၆း၆၀။

ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်ပါသည်ဟု အဆိုပြုသူ အများရှိပါသည်။ သို့သော် ၎င်းတို့အနေဖြင့် ဘုရားသခင်ကိုကိုယ်တိုင် စမ်းသပ်၍ သိနားလည်ထားသည့်အသိပညာမရှိကြပါ။ ဘုရားသခင်၏ အလိုတော်ကိုဆောင်ရွက်ရန် သူတို့အလိုရှိကြသည်မှာ သူတို့၏ စိတ်အလိုပေါ်တွင်သာမူတည်သည်ဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော် တိုက်တွန်းမှုမပါသဖြင့် လေးလေးနက်နက် ယုံကြည်စွဲလမ်းကြသည် မဟုတ်ပါ။ သူတို့၏အနေအထိုင်အကျင့်အကြံများမှာလည်း ဘုရား သခင်၏ပညတ်တော်နှင့်ညီညွတ်ခြင်းမရှိကြပါ။ ခရစ်တော်ကိုသူတို့၏ ကယ်တင်သူအဖြစ်လက်ခံကြသည်ဟုအဆိုပြုကြသော်လည်း သူတို့၏ မကောင်းမှုအပြစ်များကိုနှိမ်နင်းအောင်မြင်နိုင်ရန် ကိုယ်တော်သည် သူတို့အားစွမ်းအားပေးတော်မူမည်ဟု သူတို့မယုံကြည်ကြ။ သူတို့သည် အသက်ရှင်တော်မူသော ကယ်တင်သခင်နှင့် ကိုယ်တိုင်မိတ်သဟာယဖွဲ့ ခြင်းမရှိသဖြင့် သူတို့၏အကျင့်ဓလေ့များသည် လူအဖြစ်ပကတိအရလည်း ကောင်း၊ လေ့ကျင့်ပြုပြင်မှုအရလည်းကောင်း ချွတ်ယွင်းမှုများထင်ရှား ရှိနေပါသေးသည်။

သာမန်အားဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးသက် ရောက်မှုကိုဝန်ခံခြင်းသည်တစ်ဘာသာဖြစ်၍ မိမိ၏အပြစ်ကိုနောင်တရ ရန်သန့်ရှင်းသောဝိညာဉ်တော်ကအပြစ်ဖေါ်ပြ၍ဆုံးမခြင်းကိုလက်ခံခြင်း

မှာ တစ်ဘာသာဖြစ်ပါသည်။ အများသောသူတို့သည်မကောင်းမှုအပြစ်ကြောင့်လည်းကောင်း၊ ကိုယ်ကျိုးလိုလားသောစိတ်၏ကျွန်ဖြစ်နေကြသောကြောင့်လည်းကောင်း ဘုရားသခင်နှင့်အဆက်ပြတ်နေသည်ကိုတွေ့သိခံစားရကြသောအခါ ပြုပြင်ပြောင်းလဲရန်အားထုတ်ကြ၏။ သို့သော်ကိုယ်ကိုကိုယ် လက်ဝါးကပ်တိုင်တွင်အသေမခံကြ။ ကိုယ်တော်၏အလိုတော်အတိုင်းစီမံရန် ခရစ်တော်အား ကိုယ်ကိုကိုယ်လုံးလုံးလျားလျားဆက်ကပ်အပ်နှံခြင်းမပြုမလုပ်ကြ။ ကိုယ်တော်နှင့်ပုံသဏ္ဍာန်တူအောင် ပုံသွင်းခြင်းကိုသဘောအလိုမတူကြ။ ကံအားလျော်စွာသူတို့သည်စုံလင်ခြင်းမရှိကြောင်းဝန်ခံကြသော်လည်း သူတို့၏ ထူးခြားသောမကောင်းမှုများကို မစွန့်မလွှတ်ကြ။ မကောင်းမှုတစ်ခုကိုပြုလေတိုင်း တစ်ကိုယ်ကောင်းစိတ်အင်အားက ပိုမိုကြီးထွားလာပါသည်။

ယင်းသို့သောသူများအတွက် တစ်ခုတည်းသောမျှော်လင့်ချက်မှာ "ဒုတိယမွေးခြင်းကိုခံရမည်။" "ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရ" ဟုနိကောဒင်အားသခင်ယေရှုမိန့်တော်မူသောစကားများ၏ အမှန်တရားကိုသူတို့ကိုယ်တိုင်သဘောပေါက်လက်ခံရကြပါမည်။ ယော ၃း၇၊၃။

စစ်မှန်သောသန့်ရှင်းခြင်းသည် ဘုရားသခင်၏အမှုတော်တွင်ပြည့်စုံကုံလုံ၏။ ဤသည်ကား စစ်မှန်သောခရစ်ယာန်အသက်တာ၏အခြေခံစည်းကမ်းသတ်မှတ်ချက်ဖြစ်၏။ ခရစ်တော်သည် တစ်လုံးတစ်ဝတည်းသောအမှုတော်အတွက်လုံးလုံးလျားလျားပေးကမ်းရန် တောင်းဆိုတော်မူ၏။ ကိုယ်၊ စိတ်၊ နှလုံးသုံးပါးလုံးနှင့်တကွ စွမ်းအားရှိသမျှကိုပါခရစ်တော်တောင်းဆိုတော်မူ၏။ ကိုယ်ကျိုးကိုမြတ်နိုးခြင်းမရှိရ။ ကိုယ်ကျိုးအတွက်အသက်ရှင်သောသူသည် ခရစ်ယာန်မဟုတ်။

မေတ္တာသည်လှုပ်ရှားမှု၏အခြေခံသဘောတရားဖြစ်ရမည်။ ကောင်းကင်ပေါ်၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း ဘုရားသခင်စီရင်အုပ်ချုပ်တော်မူခြင်း၏ အခြေခံသဘောတရားသည်မေတ္တာဖြစ်၏။ ထိုကြောင့်ခရစ်ယာန်အကျင့်ဓလေ့ဆိုင်ရာအခြေခံအုတ်မြစ်လည်းဖြစ်ရမည်။ ယင်းမေတ္တာတရားအခြေခံရှိမှသာလျှင် သူသည်တည်မြဲသောခရစ်ယာန်ဖြစ်လိမ့်မည်။ ယင်းမေတ္တာတရားအခြေခံရှိမှသာလျှင်သူသည် ဖြားယောင်းသွေးဆောင်မှုကိုလည်းကောင်း၊ စစ်ဆေးစုံစမ်းမှုများကိုလည်းကောင်း ခုခံနိုင်လိမ့်မည်။

၄င်းပြင်မေတ္တာသည် အနစ်နာခံမှုအပေါ်တွင် ပေါ်လွင်ထင်ရှားလိမ့်မည်။ ကယ်တင်ခြင်းစီမံကိန်းသည် အနစ်နာခံမှုပေါ်တွင်အခြေခံထားပါသည်။ ယင်းအနစ်နာခံမှုကြီးသည် မည်မျှကျယ်ဝန်းသည်၊ မည်မျှနက်ရှိုင်းသည်၊ မည်မျှမြင့်မားသည်ကို တိုင်းတာ၍မရနိုင်ပါ။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက်ရှိသမျှကိုစွန့်တော်မူသည်ဖြစ်၍ ကိုယ်တော်အားလက်ခံသောသူတိုင်းသည် ရွေးနုတ်တော်မူသောသခင်အတွက် ရှိသမျှကိုစွန့်လွှတ်၍ အနစ်နာခံရန်အသင့်ရှိလိမ့်မည်။ အရာခပ်သိမ်းကိုမပြုမလုပ်မီ ကိုယ်တော်၏ ဘုန်းအသရေတော်နှင့် ဘုန်းတော်ကိုဆင်ခြင်ထောက်ချင့်လိမ့်မည်။

ကျွန်ုပ်တို့သည် ခရစ်တော်အားချစ်မြတ်နိုးခဲ့ပါလျှင်ကိုယ်တော်အတွက် အသက်ရှင်ရန်ကိုလည်းကောင်း၊ ကိုယ်တော်၏ကျေးဇူးတော်ကိုချီးမွမ်းရန်လည်းကောင်း၊ ကိုယ်တော်အတွက်အမှုတော်ဆောင်ရွက်ရန်ကိုလည်းကောင်း ချစ်မြတ်နိုးကြလိမ့်မည်။ အမှုတော်ကိုဆောင်ရွက်ရန်ကိုလည်းကောင်း ချစ်မြတ်နိုးကြလိမ့်မည်။ အမှုတော်ကိုဆောင်ရွက်ရာတွင်လည်း ဝန်မလေးဘဲရှိလိမ့်မည်။ ကျွန်ုပ်တို့သည် ကိုယ်တော်အတွက် ပြစ်ဒဏ်ခံခြင်း၊ ပင်ပန်းစွာအမှုဆောင်ခြင်းနှင့် အနစ်နာခံခြင်း

ဆူးပင်တည်းဟူသော "လောကအမှု၌စိုးရိမ်ခြင်း" နှင့် "စည်းစိမ်ဥစ္စာ၏
လှည့်စားခြင်း" များက စိတ်နှလုံးအတွင်း လက်ခံရယူထားပြီးသော
နှုတ်ထွက်တရားမျိုးစေ့ကိုမလွှမ်းမိုးပါစေနှင့်

တို့ကိုမက်မောကြလိမ့်မည်။ ကိုယ်တော်သည် လူသားများအားကယ်တင်ရန်စိတ်အလိုပြင်းပြတော်မူသည်ကို ကျွန်ုပ်တို့ကိုယ်ချင်းစာတတ်ကြလိမ့်မည်။ ကိုယ်တော်သည် အသက်ဝိညာဉ်များကိုသနားညှာတာတော်မူသကဲ့သို့ ကျွန်ုပ်တို့သည်လည်း သနားညှာတာတတ်ကြလိမ့်မည်။

ဤကားခရစ်တော်၏တရားတော်ဖြစ်၏။ ယင်းတရားတော်အတိုင်းပြီးပြည့်စုံအောင်မလိုက်နာပါကဥာဏ်ဆင်မှုသာဖြစ်လိမ့်မည်။စာတွေ့ဘုရားသခင်၏တရားမျှဖြင့်လည်းကောင်း၊ အသက်မွေးဝမ်း ကျောင်းမှုအတွက်တပည့်တော်ဖြစ်ရုံမျှဖြင့်လည်းကောင်း အဘယ်အသက်ဝိညာဉ်မျှကယ်တင်ခြင်းရလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည်ခရစ်တော်

၏လူလုံးလုံးလျားလျားမဖြစ်ပါက ခရစ်တော်နှင့်မဆိုင်ပါ။ ခရစ်ယာန် အသက်တာတွင် စိတ်ပါဝင်စားမှုအပြည့်အဝမရှိပါက ရည်ရွယ်ချက် အားနည်း၍ စိတ်သဘောထားပြောင်းလဲလိမ့်မည်။ လှေနံနှစ်ဖက်ကို နင်းသကဲ့သို့ ကိုယ်ကျိုးကိုရှာရင်း ခရစ်တော်၏အစေကိုလည်းခံဖို့ ကြိုးစားအားထုတ်သောသူသည် ကျောက်ပေါ်သောမြေနှင့်တူသော တရားနာသူဖြစ်၍ စစ်ဆေးစမ်းသပ်ခြင်းများနှင့် ရင်ဆိုင်ရသောအခါ တည်မြဲလိမ့်မည်မဟုတ်။

## ဆူးပင်တို့တွင်

"ဆူးပင်တို့တွင်အစေ့ကိုကြဲခြင်း အကြောင်းအရာကားဘုရား သခင်၏တရားစကားကိုကြား၍ လောကအမှု၌စိုးရိမ်ခြင်းနှင့်စည်းစိမ် ဉစ္စာဒလှည့်စားခြင်းသည် ဘုရားသခင်၏တရားစကားကိုလွှမ်းမိုးညှဉ်းဆဲ တတ်သောကြောင့် အသီးမသီးနိုင်ဟု ဆိုလိုသတည်း။"

ဧဝံဂေလိတရားတော်မျိုးစေ့များသည် မကြာခဏဆူးပင်အဆိပ် ပင်တို့တွင်ကျရောက်တတ်ပါသည်။ လူ၏စိတ်နှလုံးတွင် အကျင့်ကောင်း အကျင့်မှန်များသက်ဝင်ပြောင်းလဲခြင်းမရှိပါကလည်းကောင်း၊ မကောင်းမှု အသက်တာနှင့်ထုံးစံဓလေ့ဟောင်းများကိုကျော်ခိုင်း၍ မထားခဲ့ပါက လည်းကောင်း၊ စာတန်နှင့်ဆိုင်သည့် ထူးခြားသောအရည်အသွေးများကို စိတ်နှလုံးအတွင်းမှနှင်ထုတ်ခြင်းမပြုလုပ်ပါကလည်းကောင်း စပါးပင် တို့သည်အသီးမသီးဘဲရှိကြလိမ့်မည်။ ဆူးပင်တောပင်များလွှမ်းမိုးသဖြင့် စပါးပင်များပျက်စီးကြလိမ့်မည်။

ဘုရားသခင်၏တရားမျိုးစေ့အတွက်အမြဲတမ်းပြင်ဆင် မှုရှိသောစိတ်နှလုံးအတွင်း၌သာကျေးဇူးတော်ဖွံ့ဖြိုးလိမ့်မည်။ မကောင်းမှု

ဆူးပင်တို့မူကား မည်ကဲ့သို့သောမြေအမျိုးအစား၌မဆို ကြီးထွားရှင်သန်ကြလိမ့်မည်။ ၎င်းတို့ကိုပြုစုပျိုးထောင်ပေးရန်မလိုပါ။ သို့သော်ကျေးဇူးတော်ကိုမူကား ကောင်းစွာစိုက်ပျိုးပြုစုရမည်။ ဆူးပင်တောပင်တို့သည် မည်သည့်အခါမဆိုပေါက်ပွားရန်အသင့်ရှိသည်ဖြစ်၍ ရှင်းလင်းရေးလုပ်ငန်းကိုဆက်တိုက်လုပ်ရမည်။ စိတ်နှလုံးသည် ဘုရားသခင်၏အုပ်စိုးတော်မူခြင်းကိုမခံမယူပါကလည်းကောင်း၊ အကျင့်ဓလေ့ကိုမြင့်မြတ်သန့်ရှင်းစေရန် သန့်ရှင်းသောဝိညာဉ်တော်က မပြတ်မလပ်ပြုပြင်ခြင်းမရှိပါကလည်းကောင်း အသက်တာတွင်အကျင့်ဟောင်းများပေါ်လွင်ထင်ရှားလျက်ပင်ရှိနေပေလိမ့်မည်။ လူတို့သည် ဧဝံဂေလိတရားတော်ကိုယုံကြည်ကြသည်ဟုယူဆကြသော်လည်း သူတို့သည် ဧဝံဂေလိတရားတော်အားဖြင့် သန့်စင်ခြင်းမရှိကြပါက သူတို့ယုံကြည်သည်ဟုဆိုရာ၌သူတို့အတွက် အကျိုးသက်ရောက်မှုမရှိနိုင်။ သူတို့သည်မကောင်းမှုအပြစ်ကို အောင်နိုင်ခြင်းမရှိပါက မကောင်းမှုအပြစ်ကသူတို့ကိုအောင်နိုင်လျက်ပင်ရှိနေပေလိမ့်မည်။ ပင်စည်ကိုဖြတ်တောက်ထားသော်လည်းအမြစ်ကိုပါနုတ်ပစ်ခြင်းမပြုသေးသောဆူးပင်တို့သည် လျင်မြန်စွာကြီးထွားလာသောကြောင့် အသက်ဝိညာဉ်တစ်ခုလုံးသည် ဆူးပင်များနှင့်ပြည့်လျှံ၍နေသည်တိုင်အောင် ကြီးပွားထွန်းကားကြလိမ့်မည်။

အသက်ဝိညာဉ်အတွက် ခက်ခဲမှုဖြစ်စေနိုင်သောအရာများကို ခရစ်တော်ကအတိအကျညွှန်ပြတော်မူခဲ့ပါသည်။ မာကုခရစ်ဝင်တွင် 'လောကအမှု၌စိုးရိမ်ခြင်း၊ စည်းစိမ်ဥစ္စာ၏လှည့်စားခြင်း၊ ကြွင်းသောအရာကိုတပ်မက်ခြင်း' ဟူ၍လည်းကောင်း၊ လုကာခရစ်ဝင်တွင် 'လောကစိုးရိမ်ခြင်း၊ စည်းစိမ်ကြွယ်ဝခြင်း၊ လောကပျော်မွေ့မှုခံစားခြင်း' ဟူ၍လည်းကောင်း ကိုယ်တော်၏ သွန်သင်ချက်များကို မှတ်တမ်းတင်ထားကြ

ပါသည်။ ဤအရာများသည် ကြီးထွားရှင်သန်နေသောဝိညာဉ်မျိုးစေ့ တည်းဟူသော တရားစကားတော်ကို ဖိစီးညှဉ်းဆဲကြ၏။ အသက်ဝိညာဉ် ကိုကြီးထွားရှင်သန်စေနိုင်သည့် ခွန်အားကို ခရစ်တော်ထံမှခံယူခြင်း မပြုနိုင်တော့သဖြင့် စိတ်နှလုံးအတွင်းရှိ ဝိညာဉ်ရေးမျိုးစေ့များ သေကျေ ပျက်စီးကြ၏။

"လောကအမှု၌စိုးရိမ်ခြင်း" လောကရေးရာများနှင့်ပတ်သက်၍ စိုးရိမ်မှုကင်းဝေးသောလူတန်းစားမရှိနိုင်။ ဆင်းရဲနွမ်းပါးသောသူများ အတွက် ပင်ပန်းစွာကြိုးပမ်းလုပ်ကိုင်ရခြင်း၊ အရာခပ်သိမ်းတွင်အချည်း စည်းရှိခြင်း၊ စိုးရိမ်ကြောင့်ကြခြင်းများကြောင့် ဝန်လေးပင်ပန်း၍ နေပါသည်။ ကြွယ်ဝသူများအတွက်မှာမူကား ပျက်စီးဆုံးရှုံးမှုများနှင့် စိုးရိမ်ကြောင့်ကြမှုမျိုးစုံကို ရင်ဆိုင်ရကြ၏။ ခရစ်တော်၏နောက်တော်သို့ လိုက်လျှောက်သောသူအများပင်လျှင် ကိုယ်တော်သင်ကြားတော်မူ သည့်တောနှင်းပင်ကလေးများ၏ ဥပမာကိုမေ့လျော့ကြ၏။ ကိုယ်တော် သည် အစဉ်အမြဲစောင့်ရှောက်ကြည့်ရှုလျက်ရှိတော်မူသည်ကို သူတို့ မယုံကြည်ကြ။ သူတို့၏ဝန်ကို ခရစ်တော်သို့လွှဲပြောင်းမပေးကြသော ကြောင့်ကိုယ်တော်သည် သူတို့၏ကိုယ်စားသူတို့၏ဝန်ကိုသယ်ဆောင်၍ မပေးနိုင်။ ထို့ကြောင့်သူတို့သည် အသက်တာ၏စိုးရိမ်ကြောင့်ကြမှုများ ကြောင့် ကိုယ်တော်နှင့်နီးကပ်ရမည့်အစား ကိုယ်တော်နှင့်ဝေးကွာကြ၏။

ဘုရားသခင်၏အမှုတော်တွင်အကျိုးဖြစ်ထွန်း စေနိုင်သောသူ အများသည် လောကကြွယ်ဝခြင်းများကိုဆည်းပူးစွဲလမ်းနေကြပါသည်။ သူတို့၏စွမ်းအားရှိသမျှသည် စီးပွားရေးလုပ်ငန်းများတွင် နစ်မြုပ်နေကြ သည်ဖြစ်၍ ဝိညာဉ်ရေးကို လျစ်လျူရှုရန်ဝန်မလေးကြ။ ယင်းနည်းအား ဖြင့်ဘုရားသခင်နှင့်ဝေးကြ၏။ "အားထုတ်ခြင်းအရာမှာပျင်းရိခြင်းမရှိဘဲ"

ဆောင်ရွက်ကြရန် ကျမ်းစာတော်မြတ်က ကျွန်ုပ်တို့အားလမ်းညွှန်ထား ပါသည်။ ရောမ ၁၂း၁၁။ ဆင်းရဲနွမ်းပါးသောသူကိုဝေငှထောက်ပံ့နိုင် ရန် ကျွန်ုပ်တို့လုပ်ဆောင်ရမည်။ ခရစ်ယာန်များသည် အလုပ်ကိုကြိုးစား ၍လုပ်ဆောင်ရမည်။ စီးပွားရေးလုပ်ငန်းများတွင်လည်း တွဲဖက်ပါဝင် ရပါမည်။ ယင်းသို့ပါဝင်ဆောင်ရွက်သော်လည်း မကောင်းမှုအပြစ် ပြုရန်မလိုပါ။ သို့သော်အများသောသူတို့သည် ဆုတောင်းချိန်ပင်မရ လောက်အောင် စီးပွားရေးလုပ်ငန်းတွင်နစ်မြုပ်နေတတ်ကြပါသည်။ ဘုရားသခင်၏ကျမ်းစာကို ဖတ်ရှုလေ့လာရန်လည်း အချိန်မပေးနိုင်ကြ၊ ဘုရားသခင်ကိုရှာ၍ ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်ရန်အချိန် လည်းမပေးနိုင်ကြ။ တစ်ခါတစ်ရံသန့်ရှင်းခြင်းနှင့်ကောင်းကင်ဘုံသို့ စိတ်ရောက်သွားတတ်ကြသော်လည်း လောကဆူညံမှုအပေါင်းကို ကျော်ခိုင်း၍ ဘုရားသခင်၏ဝိညာဉ်တော်ဆိုင်ရာ ဘုန်းတန်ခိုးတော် ၏စကားသံအတိုင်း လိုက်နာရန် အချိန်မရှိကြ။ ထာဝရကာလဆိုင်ရာ ရေးရာများကိုဦးစားမပေးဘဲ လောကရေးရာများကို အရေးအကြီးဆုံး ဟုသဘောထားကြ၏။ သူ၏အသက်တာသည် ဆူးပင်တည်းဟူသော လောကရေးရာများကိုသာ ခွန်အားပြုနေသောကြောင့် နှုတ်ထွက် တရားတော်မျိုးစေ့သည် အသီးမသီးနိုင်တော့ပါ။

အမှန်တကယ်ထူးခြားသောရည်ရွယ်ချက်ဖြင့်တာဝန်ထမ်း ဆောင်နေကြသောသူအများသည်လည်း အလားတူမှားနေကြပါသည်။ သူတို့သည်သူတစ်ပါးကောင်းကျိုးအတွက်တာဝန်ယူဆောင်ရွက်နေကြ၏။ တာဝန်များ၏ဖိနှိပ်မှုကိုခံနေရကြ၏။ သူတို့၏တာဝန်ဝတ္တရားသည် မြားမြောင်လှသောကြောင့်ဘုရားသခင်ကို ဝတ်ပြုခြင်းမပြုလုပ်နိုင်ကြပါ။ ဆုတောင်းခြင်းအားဖြင့်လည်းကောင်း၊ နှုတ်ထွက်တရားတော်ကိုလေ့လာ

ဖတ်ရှုခြင်းအားဖြင့်လည်းကောင်း ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းကိုမပြုမလုပ်နိုင်ကြပါ။ “ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ” ဟုခရစ်တော်မိန့်တော်မူသည်ကိုသူတို့မေ့နေကြ၏။ ယော ၁၅း၅။ သူတို့သည်ခရစ်တော်နှင့်ခွဲခွာ၍ လျှောက်လှမ်းကြ၏။ သူတို့၏အသက်တာတွင် ကိုယ်တော်၏ကျေးဇူးတော်ကို မခံစားရကြ။ တစ်ကိုယ်ကောင်းစိတ်များကိုလည်း ထင်ရှားစွာပြသကြ၏။ သူတို့၏ထောင်လွှားသောစိတ်၊ ခက်ထန်ကြမ်းတမ်းသောစိတ်၊ သူတစ်ပါးထက်သာလိုသောစိတ်များသည် နှစ်သက်ဖွယ်မကောင်းသောကြောင့် သူတို့အမှုတော်ဆောင်ရွက်ရာတွင် အကျိုးမဖြစ်ထွန်း။ ဤအချက်သည်လည်း ခရစ်ယာန်လုပ်ငန်းမအောင်မြင်မှုအတွက် လျှို့ဝှက်ချက်ကြီးတစ်ခုဖြစ်ပါသည်။ ယင်းအကြောင်းကြောင့် အကျိုးသက်ရောက်မှုအလွန်နည်းပါးနေပါသည်။

**“စည်းစိမ်ဥစ္စာ၏လှည့်စားခြင်း”** စည်းစိမ်ဥစ္စာကြွယ်ဝခြင်းကိုမြတ်နိုးသောစိတ်သည် ချုပ်တည်း၍မရနိုင်သည့်အပြင်လှည့်စားတတ်သောစွမ်းပကားရှိပါသည်။ လောကကြွယ်ဝမှုရှိသောသူသည် ယင်းကြွယ်ဝမှုကို ဘုရားသခင်ပေးသနားတော်မူသော စွမ်းရည်ခွန်အားဖြင့်သာရရှိသည်ကို များသောအားဖြင့် မေ့လျော့တတ်၏။ “ငါ့တန်ခိုး၊ ငါ့လက်အစွမ်းအားဖြင့် ဤစည်းစိမ်ကိုငါရတတ်သည်” ဟုသူတို့ပြောဆိုတတ်ကြ၏။ တရား ၂။၁၇။ သူတို့၏ကြွယ်ဝမှုကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကိုသိနားလည်ရမည့်အစား ကိုယ်ကိုကိုယ် ချီးမြှောက်ကြ၏။ သူတို့သည် ဘုရားသခင်အပေါ်တွင်မှီခိုအားထား၍နေရကြသည်ကိုလည်းကောင်း၊လူသားလုပ်ဖော်ဆောင်ဖက်အချင်းချင်း၏တာဝန်ဝတ္တရားများကိုလည်းကောင်းမေ့ကြ၏။ စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာခြင်းသည်

ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်၊ လူသားတို့၏ဘဝကိုမြှင်တင်ပေးရန်အတွက် စွမ်းရည်တစ်ခုဖြစ်သည်ဟု သဘောထားရမည့်အစားကိုယ်ကျိုးအတွက် သက်သက်အသုံးချရမည်ဟု သဘောပိုက်ကြ၏။ ယင်းကြွယ်ဝမှုများအားဖြင့် လူသားတို့တွင် ဘုရားသခင်၏ဘုန်းအင်္ဂါတော်ကိုဖြစ်ထွန်းစေရမည့်အစား စာတန်၏ဘုန်းအင်္ဂါလက္ခဏာများကိုသာဖြစ်ထွန်းပေါ်ပေါက်လာစေကြ၏။ နှုတ်ထွက်တရားမျိုးစေ့များသည် ဆူးပင်တောပင်တို့၏နှိပ်စက်ညှဉ်းပန်းခြင်းကိုခံရကြ၏။

**"လောကပျော်မွေ့မှုလိုက်စားခြင်း"** ကိုယ့်အလိုပြည့်စေရန်အတွက်သာလိုက်စားသောပျော်ရွှင်မှုတွင် ဘေးရန်များလှပါသည်။ ကိုယ်ကိုယ်ကိုအင်အားဆုတ်ယုတ်စေတတ်သော၊ စိတ်အာရုံကိုထိုင်းမှိုင်းစေတတ်သော၊ သိမှတ်တတ်သောဉာဏ်ကိုထုံထိုင်းစေတတ်သောအလေ့အထရှိသမျှ၏အလိုကို လိုက်ခြင်းများသည် "ဝိညာဉ်နှင့်စပ်ဆိုင်တတ်သောကိုယ်ကာယတပ်မက်ခြင်းများ" ဖြစ်ကြ၏။ ၁ပေ ၂း၁၁။

**"ကြွင်းသောအရာကိုတပ်မက်ခြင်း"** အချို့သောအရာများသည် အလိုအလျောက်မကောင်းမှုအပြစ်များမဟုတ်ကြသော်လည်း ယင်းတို့ကိုဘုရားသခင်၏နိုင်ငံတော်ထက်ပို၍ဦးစားပေးခြင်းအားဖြင့် မကောင်းမှုများဖြစ်လာကြပါသည်။ ဘုရားသခင်အား အာရုံပြုနေသည့်စိတ်ကိုအခြားတစ်ပါးသို့ဆွဲဆောင်သည့် အရာများချင့်ခရစ်တော်ကိုချစ်မြတ်နိုးသည်ထက်ပို၍မြတ်နိုးချစ်ခင်စေတတ်သောအရာမှန်သမျှသည် အသက်ဝိညာဉ်၏ရန်သူများဖြစ်ကြပါသည်။

နုနယ်ပျိုမျစ်သောစိတ်သည် အင်အားသန်စွမ်းလျက် လျင်မြန်စွာကြီးထွားရှင်သန်ခြင်းကိုခံယူနိုင်စွမ်းရှိသည့်အချိန်တွင် ကိုယ်ကျိုးအတွက်သက်သက်ဆောင်ရွက်ရန်နှင့်ကိုကိုယ်ထင်ပေါ်ကျော်စောလိုသော

စိတ်များနှင့်သာလွှမ်းမိုး၍နေပါသည်။ လောကရေးအကြံအစည်များတွင် အောင်မြင်မှုရရှိနေသမျှကာလပတ်လုံးအမှားအမှန်ကိုချိန်ဆရန် သတိမမူတော့ဘဲ စုံလင်သောအကျင့်ဓလေ့ဆိုသည်မှာ အဘယ်အရာဖြစ်သည်ကိုမှန်ကန်စွာ ချင့်ချိန်နိုင်ရန် မလွယ်ကူတော့ပါ။ အကယ်၍ အခြေအနေပေးလာပက ယင်းကဲ့သို့ကြီးပွားတိုးတက်နေခြင်းမှာ နှုတ်ထွက်တရားတော်နှင့်ဆန့်ကျင်နေကြောင်း တွေ့သိရလိမ့်မည်။

ကလေးသူငယ်များ၏ ဘဝအသက်တာကိုပုံသွင်းနေသည့်အချိန်သည်မိဘများအတွက် အလွန်တာဝန်ကြီးလေးသောအချိန်ဖြစ်ပါသည်။ လူငယ်များအား မှန်သောအကျိုးသက်ရောက်မှုကိုဖြစ်စေမည့် အကြံအစည်များကိုသွန်သင်ပေးရန် ကိုယ်တိုင်လေ့လာရပါမည်။ ဘဝအသက်တာ၏မှန်သောအောင်မြင်မှုနှင့်စစ်မှန်သောအယူအဆကို ယင်းသို့ဆောင်ရွက်ရမည့်အစား သားသမီးများအား လောကစည်းစိမ်တိုးတက်ကြီးပွားရေးအတွက် ခိုင်လုံမှုရှိစေရန် ပထမဦးစားပေးအဖြစ်ဆောင်ရွက်ပေးနေသောမိဘများ မည်မျှများပြားလျက်ရှိပါသနည်း။ သူတို့အတွက် အပေါင်းအသင်းများကိုလည်း ယင်းရည်ရွယ်ချက်ဖြင့် ပင်ရွေးချယ်ပေးနေကြပါသည်။ အများသောမိဘများသည် မြို့ကြီးပြကြီးများတွင် နေအိမ်ကိုရွေးချယ်၍ သားသမီးများအား ခေတ်မီသောဝန်းကျင်တွင် ပါဝင်ဆက်သွယ်စေကြ၏။ လောကရေးရာများကိုလိုက်စားခြင်းနှင့် ဂုဏ်ဝင့်ဝါခြင်းကိုအားပေးသောအသိုက်အဝန်းနှင့်ဝန်းရံလျက်ရှိနေစေ၏။ ယင်းပတ်ဝန်းကျင်တွင် သူတို့သည် ကိုယ်ရောစိတ်ပါကြီးထွားရှင်သန်ခြင်းမရှိနိုင်ကြ။ ဘဝအသက်တာအတွက် မြင့်မြတ်သောရည်ရွယ်ချက်များကို သူတို့မျက်ခြည်ပြတ်ကြ၏။ ဘုရားသခင်၏သားသမီးများဖြစ်ရမည့်အခွင့်အရေးတည်းဟူသော ထာဝရအမွေအနှစ်ကို လောကအောင်မြင်မှုနှင့်ဖလှယ်ကြ၏။

အများသောမိဘတို့သည် သားသမီးများ၏စိတ်ချမ်းသာမှုအပြည့်အဝရရှိစေရန် သူတို့ကြိုက်နှစ်သက်သောပျော်ရွှင်မှုများဖြင့် အလိုပြည့်စေကြ၏။ ပြေးခုန်ကစားပွဲများတွင်လည်းပါဝင်ခွင့်ပြုကြ၏။ အပျော်အပါးနှင့်ပါတီပွဲများကိုလည်းသွားရောက်ခွင့်ပြုကြ၏။ အလှပြုပြင်ခြင်းနှင့်ကိုယ်ကြိုက်နှစ်သက်သလိုသုံးစွဲရန်အတွက် လိုသလောက်ငွေကိုအကန့်အသတ်မရှိပေးကြ၏။ "သောက်လေသောက်လေငတ်မပြေ ကာမေငါးသင်းဆားငန်တွင်း" ဟုအဆိုရှိသကဲ့သို့ အပျော်အပါးလိုက်စားရန်စိတ်အလိုကိုလိုက်လျောလေ အာသာစိတ်ပြင်းပြလေဖြစ်၏။ ယင်းလူငယ်တို့သည်ပျော်ရွှင်မှုကိုသာ အာရုံစူးစိုက်နေကြသောကြောင့် ယင်းပျော်ရွှင်မှုသည် သူတို့၏ဘဝအသက်တာအတွက် ကြီးမားသောရည်မှန်းချက်ဖြစ်သည်ဟု သဘောထားကြ၏။ ဘာမျှမလုပ်ဘဲနေခြင်းသည် မကောင်းမှုတို့၏မိခင်ဖြစ်သည်ဟု အဆိုရှိသကဲ့သို့ သူတို့သည် အချည်းနှီးနေခြင်းနှင့် ကိုယ်အလိုသို့လိုက်ခြင်းများကိုအလေ့အထပြုလုပ်ထားကြသောကြောင့် တည်မြဲသောခရစ်ယာန်များမဖြစ်နိုင်တော့သည့် အခြေအနေသို့ဆိုက်ရောက်နေပါသည်။

ဘုရားသခင့်တရားတော်၏အခြေခံနှင့်မှတ်တိုင် ဖြစ်ရမည့်အသင်းတော်သည်ပင်လျှင် ကိုယ်ကျိုးအတွက် သက်သက်လိုက်စားပျော်ရွှင်မှုများကိုအားပေးနေကြောင်းတွေ့ရပါသည်။ ဘာသာရေးအတွက် ရံပုံငွေရှာရန်လိုအပ်လာသောအခါ အများသောအသင်းတော်များ မည်သို့မည်ပုံ ဆောင်ရွက်နေကြပါသနည်း။ စားသောက်ဆိုင်များ၊ အပျော်စျေးဆိုင်များနှင့်ထီဆိုင်များပင်မကျန် အလားတူလုပ်ငန်းများနှင့်ရန်ပုံငွေရှာကြ၏။ ဘုရားသခင်ကိုဝတ်ပြုရန်သီးခြားသတ်မှတ်ထားသောနေရာများ၌ပင်စားလျက်သောက်လျက်၊ ရောင်းလျက်ဝယ်လျက်၊ ပျော်ပွဲရွှင်ပွဲများနှင့်

မကြာခဏမရိုမသေပြုလုပ်နေကြ၏။ သူငယ်တို့၏စိတ်သဘောတွင် ဘုရားသခင်၏ဗိမာန်တော်ကို ရိုသေလေးစားရန်နှင့် ဘုရားသခင်ကို ရိုသေမြတ်နိုးစွာဝတ်ပြုကိုးကွယ်ရန် စိတ်အလိုများလျော့နည်းလာကြ၏။ ကိုယ်အကျိုးကိုသာလိုလားခြင်း၊ စိတ်အလိုကြီးခြင်း၊ ဝတ်စားဆင်ယင်ခြင်းကိုမြတ်နိုးခြင်းများ၌ စိတ်ဝင်စားကြ၏။ ယင်းစိတ်ဝင်စားမှုများလည်း တစ်စတစ်စ ပြင်းထန်လာကြ၏။

ပျော်ပွဲရွှင်ပွဲများကိုမြို့ကြီး ပြကြီးများ၌သာအများအားဖြင့်တွေ့ရှိနိုင်ပါသည်။ မိဘအများစုသည် သားသမီးများအတွက် အကျိုးကျေးဇူးပို၍ထူးကဲလိမ့်မည်ဟု ထင်မြင်ယူဆချက်ဖြင့် မြို့ကြီးပြကြီးများတွင် နေအိမ်ရှာဖွေရွေးချယ်ကြရာ စိတ်ပျက်စရာနှင့် ရင်ဆိုင်ရသောအခါ မိမိတို့၏အမှားအတွက် အချိန်နှောင်းမှနောင်တရကြ၏။ ယနေ့မြို့ကြီးပြကြီးများသည် သောဒုံမြို့နှင့်ဂေါမောရမြို့တို့၏ခြေရာကို အလျင်တစော လိုက်နေကြပါသည်။ များပြားလှစွာသောနေ့အားရက်အားတို့သည် အကျိုးမဲ့အချိန်ဖြုန်းခြင်းကိုအားပေးနေပါသည်။ စိတ်လှုပ်ရှားစေတတ်သော လောင်းကစားခြင်း၊ အရက်သေစာသောက်စားမူးယစ်ခြင်း စသည်တို့မှာ မကောင်းမှုအပျော်အပါး လိုက်စားခြင်းကိုသာ စိတ်အားထက်သန်အောင် လှုံ့ဆော်နေပါသည်။ လူငယ်များသည် ခေတ်စားလျက်ရှိသောရေယဉ်ကြောတွင် မျောနေကြပါသည်။ အပျော်အပါးသက်သက်ကိုနှစ်သက်လိုက်စားသူများသည် သွေးဆောင်ဖြားယောင်းမှုမျိုးစုံနှင့်ရင်ဆိုင်ရန် လမ်းဖွင့်ပေးနေကြပါသည်။ သူတို့သည် ဆင်ခြင်တုံတရားကင်းမဲ့သောပျော်ရွှင်မှုများကိုအများနှင့်ရောပြွမ်း၍လိုက်စားကြရာတွင်အပျော်အပါးလိုက်စားသူများနှင့်သာ ပေါင်းသင်းဆက်ဆံရကြ

သဖြင့် သူတို့၏စိတ်အာရုံသည်လည်း အပျော်အပါးလိုက်စားခြင်း၌သာ စွဲလမ်းနေကြပါသည်။ သူတို့သည်အပျော်အပါးစွဲလမ်းမှုတစ်မျိုးမှ နောက်တစ်မျိုးသို့ကူးပြောင်း၍ နောက်ဆုံးတွင်အသုံးဝင်သောအသက် တာကို လိုလားသောစိတ်မရှိနိုင်။ ယင်းအသက်တာမျိုးကိုရယူနိုင်မည့်စွမ်း ရည်လည်းမရှိနိုင်။ သူတို့၏ဘာသာရေးစိတ်အလိုများအေးစက်၍ ဝိညာဉ် ရေးအသက်တာသည်လည်း မှောင်မိုက်ဖုံးလွှမ်း၍နေပါသည်။ အသက် ဝိညာဉ်ဆိုင်ရာမြင့်မြတ်သောအရည်အချင်းများနှင့်ဝိညာဉ်ဆိုင်ရာအတွေး အခေါ်များသည်လည်း ယုတ်ညံ့ခြင်းသို့ရောက်ကြ၏။

အချို့သောသူတို့သည် ကိုယ့်အမှားကိုကိုယ်မြင်၍နောင်တရ ကောင်းရကြလိမ့်မည်ဆိုသည်မှာ မှန်ကန်ပါသည်။ ဘုရားသခင်သည် သူတို့၏အပြစ်ကိုလွှတ်ကောင်းလွှတ်တော်မူလိမ့်မည်။ သို့သော်သူတို့ သည်သူတို့၏အသက်ဝိညာဉ်ကိုထိခိုက်ဒဏ်ရာရစေသောကြောင့် ဘဝ အသက်တာတစ်လျှောက်လုံးတွင် အခက်အခဲနှင့်ရင်ဆိုင်ရလိမ့်မည်။ အမှားနှင့်အမှန်ကိုခွဲခြားဝေဖန်နိုင်သောအသိဉာဏ်ကို အမြဲတစေ ထက်မြက်ရှင်သန်နေစေရမည့်အစား များစွာပျက်စီးချွတ်ယွင်းသွားပါ သည်။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းညွှန်သံဖြစ်သည့် (သို့မဟုတ်) စာတန်၏ဉာဏ်ဆင်ခြင်းများဖြစ်သည်ကို ရုတ်တရက်ခွဲခြား၍မရိပ်စား မိကြ။ အခက်အခဲနှင့်ရင်ဆိုင်ရသောအခါ များသောအားဖြင့်သွေးဆောင် ဖြားယောင်းမှုနောက်သို့လိုက်ပါသွားသဖြင့် ဘုရားသခင်နှင့်ဝေးကြ၏။ သူတို့၏အပျော်အပါးမြတ်နိုးသောအသက်တာ၏ အဆုံးသည် ယခုဘဝအ တွက်သာမကနောင်ဘဝအတွက်ပါ ပျက်စီးဆုံးရှုံးခြင်းသို့ရောက်ကြရ၏။

လောကစိုးရိမ်ခြင်း၊စည်းစိမ်ကြွယ်ဝခြင်း၊အပျော်အပါးခံစား ခြင်း နည်းလမ်းများဖြင့်စာတန်သည် လူတို့၏ဝိညာဉ်ရေးအသက်တာများကို

အလောင်းအစားပြုလုပ်ပါသည်။ ထို့ကြောင့် "လောကကိုလည်းကောင်း၊ လောက၌ရှိသောအရာတို့ကိုလည်းကောင်းမချစ်ကြနှင့်။ လောကကို ချစ်သောသူမည်သည်ကား၊ ခမည်းတော်ကိုချစ်ခြင်းမေတ္တာမရှိ။ လောက၌ရှိသောအရာတည်းဟူသော ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ လောကစည်းစိမ်၌ဝါကြွားခြင်းတို့သည် ခမည်းတော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင်ကြ၏" ဟုသတိပေးသွန်သင်ချက်များရှိပါသည်။ ၁ယော ၂း၁၅၊၁၆။ ၎င်းအပြင် "သင်တို့သည် ကိုယ်ကိုကိုယ်သတိပြုကြလော့။ (သို့မဟုတ်) အစားအသောက်လွန်ကြူးခြင်း၊ လောကစိုးရိမ်ခြင်းအားဖြင့် စိတ်နှလုံးပင်ပန်း . . . လိမ့်မည်" ဟုဖွင့်ထားသောစာအုပ်ကိုဖတ်သကဲ့သို့ လူတို့၏စိတ်နှလုံးကိုသိတော်မူသော ကိုယ်တော်မိန့်တော်မူ၏။ လု ၂၁း၃၄။ တမန်တော်ပေါလုကလည်း သန့်ရှင်းသောဝိညာဉ်တော်တိုက်တွန်းချက်ဖြင့်ရေးသားဖေါ်ပြထားသည်မှာ "ငွေရတတ်ခြင်းငှါအလိုရှိသောသူတို့သည် အပြစ်သွေးဆောင်ခြင်း၊ ဖမ်းမိခြင်း၊ မိုက်မဲပျက်စီးတတ်သောတပ်မက်ခြင်းများထဲသို့ကျရောက်တတ်ကြ၏။ ထိုသို့သောအားဖြင့် လူတို့သည် အကျိုးနည်းခြင်း၊ ပျက်စီးခြင်း၌နစ်မွန်းတတ်ကြ၏။ အကြောင်းမူကား ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သတည်း၊ လူအချို့တို့သည် ငွေကိုတပ်မက်သောကြောင့် ယုံကြည်ခြင်းတရားလမ်းမှလွဲသွား၍ ပူပန်ခြင်းဒဏ်များနှင့်ကိုယ်ကိုကိုယ်ထုတ်ချင်းခတ်အောင်ထိုးကြပြီ။" ၁ တိ ၆း၉၊၁၀။

## မြေဆီလွှာကိုပြင်ဆင်ထားခြင်း

မျိုးစေ့ကြဲသူ၏ဥပမာအားလုံးတွင် မျိုးစေ့ကြဲခြင်း၏အကျိုးသက်ရောက်မှု အဖုံဖုံသည်မြေဆီလွှာပေါ်တွင် အခြေပြုလျက်ရှိကြောင်း

ခရစ်တော်သည် ဥပမာပုံဆောင်၍ဟောကြားတော်မူ၏။ အကြောင်းအရာတိုင်းတွင် မျိုးစေ့ကြဲသူနှင့်မျိုးစေ့များမှာ အတူတူပင်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏တရားစကားသည် ကျွန်ုပ်တို့၏စိတ်နှလုံးနှင့်အသက်တာများတွင် အကျိုးသက်ရောက်မှုမရှိပါက အကြောင်းရင်းမှာ ကျွန်ုပ်တို့သာလျှင်ဖြစ်ပါသည်။ သို့သောအကျိုးသက်ရောက်မှုအတွက် ကျွန်ုပ်တို့လုံးဝမတတ်နိုင်သည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ်ပြောင်းလဲခြင်းမပြုနိုင်သည်မှာမှန်ပါ၏။ သို့သော်ကျွန်ုပ်တို့တွင်ရွေးချယ်ပိုင်ခွင့်ရှိသည်ဖြစ်၍ ကျွန်ုပ်တို့သည် မည်ကဲ့သို့သောသူဖြစ်လာမည်ကို ကျွန်ုပ်တို့သာလျှင် ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ လမ်းဘေးကမြေ၊ ကျောက်ပေါ်သောမြေနှင့်ဆူးပင်များရှိရာမြေများနှင့်တူသောတရားနာသူများသည် ယင်းအခြေအနေများ၌ပင်ရှိမြဲရှိနေကြရန်မလိုပါ။ လောကရေးရာများတွင် နစ်မွန်းနေသောလူတို့အား မကောင်းမှု၏လှည့်ဖြားမှုမှလွတ်မြောက်စေရန်ဘုရားသခင်၏ဝိညာဉ်တော်သည် အမြဲတစေစောင့်ရှောက်ရှာဖွေလျက်၊ မဖေါက်ပြန်မပျက်စီးနိုင်သောရတနာကိုအလိုရှိလာစေရန်နိုးထစေ၏။ ဝိညာဉ်တော်ကိုတွန်းလှန်ခြင်းအားဖြင့်သာ လူသည်ဘုရားသခင်၏တရားတော်ကိုအလေးမမူဂရုမစိုက်ဖြစ်လာတတ်ပါသည်။ ကောင်းသောမျိုးစေ့ပင်အမြစ်စွဲခြင်းမှတားဆီးသောစိတ်နှလုံးခိုင်မာခြင်းနှင့် တိုးတက်ဖွံ့ဖြိုးခြင်းကိုဟန့်တားသည့်မကောင်းမှုတောပင်များ ကြီးထွားရှင်သန်ရခြင်းမှာ သူတို့ကိုယ်တိုင်၌သာတာဝန်ရှိပါသည်။

စိတ်နှလုံးဥယျာဉ်ကိုကြည့်ရှုပြုစုရမည်။ အပြစ်အတွက်လေးလေးနက်နက်နောင်တရခြင်းအားဖြင့် မြေဆီလွှာကိုတူးဆွရမည်။ စာတန်ဆိုင်ရာအဆိပ်အတောက်ပင်များအမြစ်ပါမကျန်နုတ်ပစ်ရမည်။ တစ်ကြိမ်တစ်ခါက ဆူးပင်များကြီးထွားစိုးမိုးခဲ့သောမြေဆီလွှာကိုပြန်လည်ပြုပြင်ရန်

ကြိုးစားအားထုတ်ရမည်။ ထိုနည်းတူ မကောင်းမှုဘက်သို့ယိမ်းညွှတ်နေသောလူ၏ပကတိစိတ်ကိုနှိမ်နင်းရန်မှာလည်း ယေရှု၏တန်ခိုးတော်နှင့်နာမတော်အားဖြင့် စိတ်အားထက်သန်စွာအားထုတ်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ထာဝရဘုရားသခင်ကမိမိ၏ပုရောဖက်များအားဖြင့် “သင်တို့၏လယ်ကိုထွန်ကြလော့၊ ဆူးပင်တို့တွင်မျိုးစေ့ကိုမကြဲကြနှင့်” “ကိုယ်အဖို့ဖြောင့်မတ်ခြင်းမျိုးစေ့ကိုကြဲ၍ ချစ်ခြင်းမေတ္တာအသီးအနှံကိုရိတ်ကြလော့” ဟုမိန့်တော်မူ၏။ ယေ ၄း၃။ ဟော ၁၀း၁၂။ ယင်းအမှုကိုကျွန်ုပ်တို့အတွက် ပြီးမြောက်အောင် ဆောင်ရွက်ရန်ကိုယ်တော်အလိုရှိတော်မူသည်ဖြစ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူပူးပေါင်းဆောင်ရွက်ရန် သွန်သင်ထားခြင်းဖြစ်ပါသည်။

ကောင်းသောမြေ၌မြောက်မြားစွာသောအသီးအနှံတို့ကိုရိတ်သိမ်းရသည်နည်းတူ ဖြောင့်မှန်ကောင်းမွန်သောစိတ်နှလုံးသည် သည်းခံခြင်းဖြင့်အသီးသီးလိမ့်မည်။

ဧဝံဂေလိတရားတော်ကို တရားနာသူများလက်ခံနိုင်အောင် မျိုးစေ့ကြဲသောသူများသည် စိတ်နှလုံးမြေသားများကိုပြုပြင်ပေးရန် တာဝန်ရှိပါသည်။ နှုတ်ထွက်တရားတော်အတွက် အမှုတော်ဆောင် လုပ်ငန်းတွင် ဟောပြောမှုများလွန်း၍ တစ်ဦးချင်းရင်းနှီးစွာတွေ့ထိ ဆွေးနွေးမှုနည်းလွန်းပါသည်။ လမ်းလွဲနေသောအသက်ဝိညာဉ်များ အတွက် တစ်ဦးချင်းရင်းရင်းနှီးနှီးဆွေးနွေး၍အမှုဆောင်ရန် လိုအပ်နေ ပါသည်။ ခရစ်တော်ကဲ့သို့ကြင်နာမှုရှေ့ထားလျက် ထာဝရအသက်နှင့် စပ်ဆိုင်သည့်မြင့်မြတ်သောအရာများကို စိတ်ပါဝင်စားမှုရှိအောင် လူ အများအား တစ်ဦးချင်းအေးချမ်းစွာဆွေးနွေးခြင်းဖြင့် ဘုရားသခင်၏ အမှုတော်ကိုဆောင်ရွက်သင့်ပါသည်။ သူတို့၏စိတ်နှလုံးများသည် လူသွားလမ်းပမာ၊ မာကျောလျက်ရှိမည်ဖြစ်၍ကယ်တင်သောသခင်၏ အကြောင်းကိုသူတို့အား တင်ပြပါက အချည်းနှီးဖြစ်လိမ့်မည်ဟု ယူဆ ရသော်လည်း ဆင်ခြင်တုံတရားအရလည်းကောင်း၊ ဆွေးနွေးနှီးနှော ခြင်းအားဖြင့်လည်းကောင်း အောင်မြင်မှုကိုမရသည့်တိုင်အောင် ခရစ်တော်၏မေတ္တာတော်သည် တစ်ဦးချင်းအမှုတော်ဆောင်ရွက်မှု၌ ထင်ရှား၍ ကျောက်နှင့်တူသောစိတ်နှလုံးကို ပျော့ပျောင်းစေပြီးလျှင် ဘုရားသခင်၏တရားမျိုးစေ့ကို အမြစ်စွဲစေလိမ့်မည်။

သို့ဖြစ်ရာ မျိုးစေ့များသည် မြေဆီလွှာတိမ်သောကြောင့်လည်း ကောင်း၊ ဆူးပင်တောပင်တို့ညှဉ်းဆဲသောကြောင့်လည်းကောင်း မပျက် စီးစေရန် မျိုးစေ့ကြဲသူတို့သည် သင့်လျော်သလိုဆောင်ရွက်ရန်လိုအပ် ပါသည်။ ခရစ်ယာန်အသက်တာစတင်သည်နှင့်တစ်ပြိုင်နက် ယုံကြည်သူ တိုင်းအား ဘုရားသခင့်တရားတော်၏ အခြေခံသဘောတရားများကို သင်ကြားပေးရမည်။ ခရစ်တော်အသေခံတော်မူခြင်းသက်သက်ဖြင့် သူသည်ကယ်တင်ခြင်းကို ခံစားရလိမ့်မည်မဟုတ်ကြောင်း သူ့အနေဖြင့်

ခရစ်တော်၏အသက်တာကို သူ၏အသက်ဖြစ်အောင်၊ သူ၏အကျင့်ကို ခရစ်တော်၏ဘုန်းတော်ကဲ့သို့ဖြစ်အောင်သူကိုယ်တိုင် အားထုတ်ရမည် ဟုသင်ပေးရမည်။ ယုံကြည်သူတိုင်းကျရာတာဝန်ကိုထမ်းဆောင်ရမည် ဖြစ်ကြောင်း၊ ကိုယ်အလိုသို့လိုက်ခြင်းကို ရှောင်ရမည်ဖြစ်ကြောင်း နားလည်သဘောပေါက်အောင်သင်ကြားထားရမည်။ သူရဲကောင်း များကဲ့သို့ ခက်ခဲခြင်းမျိုးစုံကိုသည်းခံလျက် ကိုယ်ကိုကိုယ်ငြင်းပယ်၍ ခရစ်တော်၏နောက်တော်သို့လိုက်ပြီးလျှင် ကိုယ်တော်၏အမှုတော် အတွက်ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကောင်းချီးချမ်းသာအပေါင်းနှင့် ပြည့်စုံလိမ့်မည်ဖြစ်ကြောင်း သူတို့နားလည်သဘောပေါက်အောင် သင်ကြားထားရမည်။ ကိုယ်တော်၏မေတ္တာတော်ကိုယုံကြည်ကိုးစား၍ သူတို့၏လောကစိုးရိမ်ခြင်းများကို ကိုယ်တော်အားလွှဲအပ်ထားရမည် ဖြစ်ကြောင်း သူတို့အားသင်ကြားထားရမည်။ ကိုယ်တော်အတွက် အသက်ဝိညာဉ်များကယ်တင်ခြင်းအားဖြင့် ရရှိသည့်ဝမ်းမြောက်ခြင်း အရသာကိုသူတို့မြည်းစမ်းကြပါစေ။ သူတို့သည်လမ်းလွဲနေသူများ အတွက် ချစ်မေတ္တာထားခြင်းဖြင့် ကိုယ်ကျိုးကိုမေ့လျော့ကြလိမ့်မည်။ လောကပျော်ရွှင်မှုမျိုးစုံ၏ဆွဲဆောင်မှုစွမ်းအားပျက်ပြယ်၍ယင်းဝန်ထုပ် ကြီးကိုစိတ်ပျက်ကြလိမ့်မည်။ ဘုရားသခင်၏တရားထယ်သွားသည် သူ့အလုပ်ကိုသူလုပ်ဆောင်လိမ့်မည်။ မြေရိုင်းကိုတူးဆွလိမ့်မည်။ ဆူးပင် များ၏ပင်စည်ကိုသာဖြတ်မည်မဟုတ်၊ အမြစ်ပါမကျန်နုတ်ပစ်လိမ့်မည်။

## ကောင်းသောမြေ၌

မျိုးစေ့ကြဲသောသူသည် အမြဲတစေစိတ်ပျက်စရာများနှင့်သာ ဆုံတွေ့ရမည်မဟုတ်ပါ။ ကောင်းသောမြေပေါ်သို့ကျရောက်သောမျိုးစေ့ များနှင့်ပတ်သက်၍ "ဘုရားသခင်၏တရားစကားကိုကြား၍နှလုံးသွင်း

သဖြင့် အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာပွားများ၍ အသီးသီးတတ်၏။" "ကောင်းသောမြေ၌ရှိသောသူကား၊ ဖြောင့်မတ်စင်ကြယ်သောစိတ်နှလုံးနှင့် ဘုရားသခင်၏တရားစကားကိုကြားလျှင် စွဲလမ်းသောအားဖြင့် မြဲမြံစွာအသီးသီးသောသူကိုဆိုလိုသတည်း" ဟု ယေရှုကမိန့်တော်မူ၏။

ဇဝံဂေလိတရားတော်ကို လမ်းလွဲပျောက်ဆုံးနေသောသူများအားဟောကြားရန်ဖြစ်သောကြောင့် ဥပမာ ပုံတွင်ဖော်ပြပါရှိသည့် "ဖြောင့်မတ်စင်ကြယ်သောစိတ်နှလုံး" ဆိုသည်မှာမကောင်းမှုနှင့်ကင်းစင်သောစိတ်နှလုံးမဟုတ်ပါ။ "ဖြောင့်မတ်သောသူတို့ကို နောင်တသို့ခေါ်ခြင်းငှါငါလာသည်မဟုတ်၊ ဆိုးသောသူတို့ကိုခေါ်ခြင်းငှါ ငါလာသတည်း" ဟုခရစ်တော်မိန့်တော်မူ၏။ မာကု ၂း၁၇။ သန့်ရှင်းသောဝိညာဉ်တော်ပြစ်တင်ဆုံးမခြင်းကိုဝန်ခံသောသူ၌ ဖြောင့်မှန်သောစိတ်နှလုံးရှိ၏။ သူ၏မကောင်းမှုများကိုဝန်ခံခြင်းဖြင့် သူသည်ဘုရားသခင်၏ကျေးဇူးမေတ္တာတော်ကိုလိုအပ်သည်ဟုတွေ့သိသောသူဖြစ်၏။ သူ့အနေဖြင့် ဘုရားသခင်၏တရားတော်ကိုသိနားလည်၍လိုက်နာစောင့်ထိန်းလိုသည့် ရိုးဖြောင့်သောစိတ်ရှိ၏။ ကောင်းသောစိတ်နှလုံးသည် ယုံကြည်တတ်သောစိတ်နှလုံး၊ ဘုရားသခင်၏တရားတော်၌ယုံကြည်ကိုးစားသောစိတ်နှလုံးဖြစ်၏။ ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏တရားတော်ကိုလက်မခံနိုင်။ "ဘုရားသခင့်အထံတော်သို့ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်ကိုရှာသောသူအား အကျိုးပေးတော်မူသည်ကိုလည်းကောင်း ယုံကြည်ရမည်။" ဟေဗြဲ ၁၁း၆။

ဤသူသည် "ဘုရားသခင်၏တရားစကားကိုကြား၍နှလုံးသွင်း" သောသူဖြစ်၏။ ခရစ်တော်သက်တော်ထင်ရှားရှိတော်မူချိန်က ဖါရိရှဲ

များသည် မြင်မည်စိုးရိမ်၍ မျက်စိကိုမှိတ်ထားကြ၏။ ကြားမည်စိုး၍ နားကိုပိတ်နေကြ၏။ ထိုကြောင့် ဘုရားသခင်၏တရားတော်သည် သူတို့၏စိတ်နှလုံးများအတွင်းသို့ မဝင်ရောက်နိုင်။ သူတို့သည် ကိုယ့်သဘောကိုယ့်အလိုအရမမြင်၊ မတွေ့၊ မနာယူလိုကြသော ကြောင့် တူသောအကျိုးကို သာခံစားရကြ၏။ သို့သော်ကိုယ်တော်သည် တပည့်တော်များအားစိတ်နှလုံးတံခါးကို ဖွင့်လျက် ဆုံးမသွန်သင်ချက်များကိုနာခံခြင်းဖြင့် ယုံကြည်ရန်အသင့်ရှိစေဖို့သွန်သင်တော်မူ၏။ တပည့်တော်များအနေဖြင့် ကိုယ့်မျက်စိဖြင့်မြင်၍ ကိုယ့်နားဖြင့်ကြားသည်အတိုင်း ယုံကြည်သဖြင့် ကိုယ်တော်သည် တပည့်တော်များအား ကောင်းချီးပေးတော်မူ၏။

ကောင်းသောမြေနှင့်တူသောတရားနာသူများသည် “လူ၏စကားကိုမခံမယူဘဲ ဘုရားသခင်၏တရားတော်အမှန်” ကိုလက်ခံသောသူများဖြစ်ကြ၏။ ၁သက် ၂း၁၃။ ခရစ်ယာန်ကျမ်းစာကို ဘုရားသခင်ကိုယ်တော်တိုင် မိမိအားပြောနေသောအသံတော်ဖြစ်သည်ဟု လက်ခံသောသူသာလျှင် စစ်မှန်စွာသင်ကြားနာယူသောသူဖြစ်၏။ သူ့အတွက်အသက်ရှင်သောအမှန်တရားဖြစ်သည်ဟု ခံယူသဖြင့် နှုတ်ထွက်စကားတော်ကြောင့် ကြောက်ရွံ့တုန်လှုပ်၏။ သူ၏အသိအမြင်နှင့်နှလုံးတံခါးကိုဖွင့်လှစ်၍နာယူ၏။ ယင်းကဲ့သို့သောဘုရားသခင်၏တရားနာယူသူများသည် “ဘုရားသခင်သည် ကိုယ်တော်၌မှာထားတော်မူသမျှကိုနားထောင်ခြင်းငှါ ယခုအကျွန်ုပ်တို့ရှိသမျှသည် ဘုရားသခင့်ရှေ့တော်၌အသင့်နေကြပါသည်” ဟုကော်နေလိနှင့်သူ၏မိတ်ဆွေများပြောကြသကဲ့သို့ဖြစ်၏။ တ ၁၀း၃၃။

ဘုရားသခင်၏တရားတော်ကိုသိနားလည်ခြင်းသည် ပိုင်းခြားသိမြင်တတ်သောဉာဏ်စွမ်းပေါ်တွင် မူတည်သည်မဟုတ်ပါ။ သန့်စင်

ပီပြင်သောရည်ရွယ်ချက်နှင့်စိတ်အားထက်သန်ခြင်း၊ ရိုးသားခြင်း၊ ယုံကြည်ကိုးစားခြင်းတို့အပေါ်တွင် အခြေပြုပါသည်။ စိတ်မာနနှိမ့်ချ၍ ဘုရားသခင်ကိုယ်တော်၏လမ်းညွှန်မှုကို ရှာကြံသူတို့၏ အနီးသို့ ကောင်းကင်တမန်များချဉ်းကပ်ကြ၏။ ထိုသို့သောသူတို့အား ဘုရားသခင့်တရားတော်၏ပြည့်စုံကြွယ်ဝသောဘဏ္ဍာတော်များကိုဖွင့်ပြရန်သန့်ရှင်းသောဝိညာဉ်တော်ကို သူတို့ထံသို့စေလွှတ်တော်မူ၏။

ကောင်းသောမြေနှင့်တူသော ဘုရားသခင်၏တရားနာသူများသည် ဘုရားသခင်၏တရားတော်ကိုကြားနာရသောအခါ နှလုံးသွင်းကြ၏။ စာတန်သည် သူ၏မကောင်းမှုတန်ခိုးအင်အားရှိသမျှနှင့် နုတ်ယူ၍မရနိုင်။

ဘုရားသခင်၏တရားတော်ကိုဖတ်ရုံ၊ နာရုံမျှဖြင့်မလုံလောက်ပါ။ ခရစ်ယာန်ကျမ်းစာအားဖြင့် အကျိုးဖြစ်ထွန်းရန်အလိုရှိသောသူသည် နာယူရရှိပြီးသောဘုရားသခင်၏ တရားတော်ကိုနှလုံးသွင်း၍တစ်နေ့လုံး ဆင်ခြင်အောက်မေ့ရမည်။ ဘုရားသခင့်တရားတော်များ၏ အနက်ဆိုလိုရင်းများကို စိတ်အားထက်သန်စွာအာရုံပြုလျက် ဆုတောင်းခြင်းများစွာဖြင့် ဆင်ခြင်စဉ်းစား၍ သင်ကြားနာယူရမည်။ ၎င်းအပြင် ဖေါ်ပြမှု၏သဘောအလိုကိုလေးလေးနက်နက်ခံယူသောက်သုံးရမည်။

ကျွန်ုပ်တို့၏စိတ်အာရုံများသည် မွန်မြတ်သောဆင်ခြင်တုံတရားများဖြင့်လည်းကောင်း၊ သန့်စင်သောအတွေးအခေါ်များဖြင့်လည်း ကောင်းပြည့်လျှံစေရမည်ဟု ဘုရားသခင်မိန့်တော်မူ၏။ ကိုယ်တော်၏ မေတ္တာတော်နှင့်ကြင်နာမှုကိုဆင်ခြင်အောက်မေ့၍ကိုယ်တော်၏ကြီးမြတ်အံ့ဩဖွယ်ရာဖြစ်တော်မူသောကယ်တင်ခြင်းစီမံကိန်းကြီးကို လေ့လာသင်ကြားရန် အလိုရှိတော်မူ၏။ ထိုအခါ ဘုရားသခင်၏တရားတော်ကိုသိမြင်နားလည်နိုင်သည့် စွမ်းရည်သည် ကြည်လင်သည်ထက်ပို၍

ကြည်လင်ပြတ်သားလာလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်အာရုံကိုကြည်လင်စေလိုသောသဘောနှင့်စိတ်နှလုံးကို သန့်စင်စေလိုသောသဘောများသည်လည်း သာ၍မြင့်မြတ်လာလိမ့်မည်၊ သာ၍သန့်ရှင်းလာလိမ့်မည်။ သန့်ရှင်းသောအတွေးအခေါ်အမြော်အမြင်များတည်ရှိလျက်ရှိသောစိတ်ဝိညာဉ်သည် ဘုရားသခင်၏တရားတော်ကိုလေ့လာသင်ကြားခြင်းအားဖြင့် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့လျက် ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်လိမ့်မည်။

“အသီးသီးသောသူ” ဆိုသည်မှာ ဘုရားသခင်၏တရားစကားကိုကြားလျှင် စွဲလမ်းသောအားဖြင့် နားထောင်ခြင်းတည်းဟူသောအသီးကိုသီးသောသူများဖြစ်ကြ၏။ ဘုရားသခင်၏တရားတော်ကိုလက်ခံသောသူသည်ကောင်းသောအကျင့်အားဖြင့် ထင်ရှားပြသလိမ့်မည်။ ခရစ်တော်နှင့်တူသောအသက်တာနှင့်အကျင့်ကိုတွေ့မြင်ရလိမ့်မည်။ “အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်၏အလိုကိုဆောင်ရာ၌အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားတော်သည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏” ဟူ၍လည်းကောင်း၊ ဒာလံ ၄၀း၈။ “ငါသည်ကိုယ်အလိုသို့မလိုက်၊ ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်၏အလိုသို့လိုက်၏” ဟူ၍လည်းကောင်း၊ ယော ၅း၃၀။ ကိုယ်တိုင်အကြောင်းကိုခရစ်တော်မိန့်တော်မူ၏။ ၄င်းအပြင် ခရစ်ယာန်ကျမ်းစာတော်မြတ်၌ “ထိုသခင်၌ငါတည်၏ဟုဆိုသောသူသည် ထိုသခင်ကျင့်တော်မူသည်နည်းတူကျင့်ရမည်” ဟု ပါရှိပါသည်။ ၁ယော ၂း၆။

ဘုရားသခင်၏တရားတော်သည် လူ၏အဖြစ်စိတ်နှင့်လည်းကောင်း၊ အလေ့အကျင့်ရပြီးခဲ့သည့်အကျင့်များနှင့်လည်းကောင်း၊ အသက်တာ၏ထုံးစံဓလေ့များနှင့်လည်းကောင်း များသောအားဖြင့်မဆီလျော်ဘဲ ထိပ်တိုက်တွေ့နေတတ်ပါသည်။ သို့သော် ကောင်းသောမြေနှင့်တူသော

ဘုရားသခင်၏တရားနာသူသည် ဘုရားသခင်၏တရားစကားများကို နာကြားရသောအခါ ဘုရားသခင့်တရားတော်၏စည်းကမ်းသတ်မှတ်ချက်များနှင့်လိုအပ်ချက်အားလုံးကိုလက်ခံလိုက်နာ၏။ သူ၏အလေ့အထများ၊ ထုံးစံဓလေ့များနှင့်သူ၏ကျင့်ကြံပြုမူခြင်းများကိုလည်း ဘုရားသခင်၏တရားတော်နှင့်အညီပြောင်းလဲပြုပြင်လိုက်ပါသည်။ မစုံမလင်မှားယွင်းလမ်းလွဲတတ်သောလူ၏အခွင့်အရေးများသည် ဘုရားသခင်၏တရားတော်နှင့်နှိုင်းယှဉ်ပါက အရေးမပါ အရာမရောက်သည်ကို သူတွေ့မြင်၏။ တစ်သမတ်တည်းသောကြံရွယ်ချက်ဖြင့်လည်းကောင်း စုံလင်သောစိတ်ထားဖြင့်လည်းကောင်း သူသည် ထာဝရအသက်ကို ရှာဖွေလျက် နစ်နာဆုံးရှုံးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းသာမက သေဘေးနှင့်ရင်ဆိုင်ရသည်တိုင်အောင် ဘုရားသခင်၏တရားစကားများကို နားထောင်လိမ့်မည်။

ထိုမှတစ်ပါးသူသည် "မြဲမြံစွာ" အသီးသီးသောသူဖြစ်၏။ ဘုရားသခင်၏တရားစကားကိုနာခံသူတို့တွင် အဘယ်သူမျှအကျပ်အတည်းဆင်းရဲမှုများနှင့်လည်းကောင်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့်လည်းကောင်း လွတ်ကင်းသည်ဟူ၍မရှိပါ။ သို့သော်စိတ်ပင်ပန်း ဆင်းရဲခြင်းနှင့်ရင်ဆိုင်ရသောအခါ သစ္စာတည်သောခရစ်ယာန်သည် မတည်မငြိမ်မဖြစ်။ စိတ်နှောင့်နှေးခြင်းမရှိ၊ စိတ်ပျက်အားလျော့ခြင်းလည်းမရှိပါ။ အမှုအမျိုးမျိုးနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့်အကျိုးအပြစ်ကို အတိအကျကြိုတင်၍မသိနိုင်သည်သာမက ဘုရားသခင်၏စီမံတော်မူချက်ကိုလည်း နားမလည်နိုင်စေကာမူ ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုကို စွန့်ပစ်ရန်မဟုတ်ပါ။ ထာဝရဘုရားသခင်၏သနားစုံမက်တတ်ခြင်းကို အောက်မေ့သတိရလျက် ကျွန်ုပ်တို့၏လောကစိုးရိမ်ခြင်းအမှုရှိသမျှကို ကိုယ်တော်၌အပ်နှံ၍ သည်းခံခြင်းဖြင့် ကယ်တင်ခြင်းကိုစောင့်မျှော်၍ နေရမည်။

ဆိုင်ပြိုင်တိုက်လှန်ခြင်းဖြင့် ဝိညာဉ်ရေးအသက်တာရင့်ကျက်၏။ စစ်ဆေးစမ်းသပ်ခြင်းများကို ကောင်းစွာခံရပ်နိုင်လျှင် တည်ငြိမ်သောအကျင့်ဓလေ့နှင့်မွန်မြတ်သောဝိညာဉ်ဆုကျေးဇူးကိုဖြစ်ထွန်းစေလိမ့်မည်။ ယုံကြည်ခြင်း၏စစ်မှန်သောအသီး၊ စိတ်နှလုံးနူးညံ့သိမ်မွေ့ခြင်းအသီးနှင့် မေတ္တာအသီးများသည် မိုးသက်မုန်တိုင်းနှင့်မှောင်မိုက်ဖုံးလွှမ်းရာတွင်များသောအားဖြင့် ရင့်မှည့်ကြ၏။

"လယ်လုပ်သောသူသည် အဦးမိုး၊ နောက်မိုးကိုရသည်တိုင်အောင်အဖိုးထိုက်သောမြေအသီးကိုသည်းခံလျက်စောင့်နေ၍မျှော်လင့်တတ်၏။" ယာ ၅း၇။ ထို့ကြောင့် ခရစ်ယာန်သည် ကိုယ့်အသက်တာတွင် ဘုရားသခင်၏တရားတော်ဆိုင်ရာအသီးသီးချိန်ကိုသည်းခံလျက်စောင့်မျှော်ရမည်။ ကျွန်ုပ်တို့သည် ဆုကျေးဇူးများကိုတောင်းလျှောက်ကြသောအခါ ကျွန်ုပ်တို့၏အသက်တာတွင် ယင်းဆုကျေးဇူးများဖြစ်ထွန်းစေမည့်အခြေအနေသို့ ဆိုက်ရောက်သည့်တိုင်အောင်ဘုရားသခင်စီမံပြုပြင်၍ စောင့်ဆိုင်းနေတော်မူ၏။ သို့သော်ကျွန်ုပ်တို့သည် ကိုယ်တော်၏စီမံတော်မူချက်ကို နားမလည်နိုင်ကြသဖြင့် အံ့သြကြ၏။ သိလိုကြ၏။ ထိတ်လန့်ကြ၏။ သို့ရာတွင် သဘာဝအတိုင်းကြီးထွားရှင်သန်၍အသီးသီးရမည့်နည်းလမ်းမှလွဲ၍မည်သူမျှယင်းအကျိုးကျေးဇူးကိုဖြစ်ထွန်းအောင်မဖန်တီးနိုင်ပါ။ ဘုရားသခင်၏တရားတော်ကို နာယူလက်ခံ၍ စွဲမြဲစွာဆုပ်ကိုင်ထားခြင်းမှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်၍ ဘုရားသခင့်တရားတော်၏ကွပ်ကဲလမ်းညွှန်မှုကို လုံးလုံးလျားလျားဝန်ခံလျှင် တရားတော်၏စီမံချက်သည် ကျွန်ုပ်တို့တွင်စုံလင်ခြင်းသို့ရောက်လိမ့်မည်။

"ငါ့ကိုချစ်သောသူသည် ငါ့စကားကိုနားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကိုချစ်တော်မူသည်။ ငါတို့သည်လည်း သူ့ဆီသို့

ကြွ၍ နေရာချမည်” ဟုခရစ်တော်မိန့်တော်မူ၏။ ယော ၁၄း၂၃။ ကျွန်ုပ်တို့သည် အရာခပ်သိမ်းကိုတတ်နိုင်တော်မူသည့်စွမ်းအားနှင့် သက်ရှင်ဆက်စပ်နေသောကြောင့် ကျွန်ုပ်တို့၏စိတ်သဘောသည် စုံလင်၍ခိုင်မာလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာကိုခရစ်တော်ယေရှုသိမ်းပိုက်တော်မူလိမ့်မည်။ ကျွန်ုပ်တို့တွင် ကိုယ့်ကျိုးကိုယ့်စီးပွားကိုသာလိုလားသည့် သာမန်စိတ်သဘောများရှိတော့မည်မဟုတ်သဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးတွင် တည်ရှိတော်မူလိမ့်မည်။ ကျွန်ုပ်တို့၏အသက်တာတွင် ခရစ်တော်၏ဘုန်းတော်များထင်ပေါ်လျက်ရှိလိမ့်မည်။ ထိုနည်းအားဖြင့် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အသီးများကို “အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာပွားများ၍” သီးကြလိမ့်မည်။

---ooo---

# “ရှေးဦးစွာအညှောက်၊ ထိုနောက်အနှံ”

**မာကု၊ ၄း၂၆-၂၉ ကိုအခြေပြုပါသည်။**

မျိုးစေ့ကြဲသောသူ၏ဥပမာကြောင့် စိတ်တက်ကြွသဖြင့်အမေး အမြန်းထူ၏၊ အခက်အခဲဖြစ်၏။ အချို့သောဘုရားသခင်၏တရားနာ သူများက ခရစ်တော်သည် ဤလောက၌နိုင်ငံတော်တည်ထောင်ရန် မဟုတ်ဟုအနက်ကောက်ကြ၏။ အများသောသူတို့ကမူကား သိလိုဇော ကြောင့်စိတ်ရှုပ်ထွေးကြ၏။ သူတို့စိတ်ရှုပ်ထွေးနေကြသည်ကို ခရစ်တော် သိမြင်တော်မူသောအခါ သူတို့သည် လောကနိုင်ငံထူထောင်ခြင်းကို မျှော်လင့်တောင့်တနေကြမည့်အစား အသက်ဝိညာဉ်အတွက်ဘုရား သခင်၏ကျေးဇူးတော်လုပ်ငန်းအကြောင်းကို စူးစမ်းရှာဖွေကြစေလိုသော ကြောင့်အခြားသောဥပမာများကိုပုံဆောင်၍ သွန်သင်တော်မူ၏။

“ထိုမှတစ်ပါး၊ လူသည် လယ်၌မျိုးစေ့ကြဲပြီးမှ နောက်တစ်ဖန် မိမိမကြည့်မမှတ်၊ ညဉ့်၊ နေ့၊ အိပ်လျက်၊ နိုးလျက်နေသော်လည်း အပင်ပေါက်၍ ကြီးပွားသည်နှင့် ဘုရားသခင်၏နိုင်ငံတော်နှင့်တူ၏။ မြေကြီးသည်မိမိ၏အလိုအလျောက်အသီးကိုသီးစေ၍ရှေးဦးစွာအညှောက်၊ ထိုနောက်အနှံ၊ ထိုနောက်အနှံထဲမှာ အောင်မာသောအဆန်ကိုဖြစ်စေ တတ်၏။ အသီးမှည့်၍ ရိတ်ချိန်ရောက်သောအခါ လယ်ရှင်သည် မဆိုင်းမလင့်၊ တံစဉ်နှင့်ရိတ်စေတတ်သည်ဟု မိန့်တော်မူ၏။”

“အသီးမှည့်၍ရိတ်ချိန်ရောက်သောအခါ လယ်ရှင်သည်” ဟု ဆိုရာ၌ယင်းလယ်ရှင်သည် အခြားသူမဟုတ်ဘဲ ခရစ်တော်သာလျှင် ဖြစ်တော်မူ၏။ ကိုယ်တော်သည်ပင်လျှင် နောက်ဆုံးသောနေ့ရက်ကြီး သို့ရောက်သောအခါ ဤလောကကြီး၏ စပါးများကိုရိတ်သိမ်းတော်မူ လိမ့်မည်။ သို့သော် မျိုးစေ့ကို ကြဲသောသူများမှာမူကား ခရစ်တော်၏

ကိုယ်စားအမှုတော်ဆောင်သူများကို ပုံဆောင်ထားပါသည်။ "မျိုးစေ့ကြဲပြီးမှ" မည်ကဲ့သို့ "အပင်ပေါက်၍ကြီးပွား" သည်ကို "နောက်တစ်ဖန်မကြည့်မမှတ်" ဟုဆိုရာ၌ ဘုရားသခင်၏သားတော်ကို ဆိုလိုသည်မဟုတ်ပါ။ ခရစ်တော်သည် တာဝန်ကျနေချိန်၌ အိပ်စက်၍မနေပါ။ နေ့ရောညပါကြည့်ရှုစောင့်ရှောက်၍ နေတော်မူ၏။ မျိုးစေ့သည်မည်သို့မည်ပုံ အပင်ပေါက်လာသည်ကိုလည်း ကိုယ်တော်သိတော်မူ၏။

ဘုရားသခင်သည် သဘာဝတရားတွင်လုပ်ဆောင်လျက်ရှိတော်မူကြောင်း မျိုးစေ့ဥပမာအားဖြင့် ထင်ရှားစေတော်မူ၏။ မျိုးစေ့၌အပင်ပေါက်စေနိုင်သည့်အခြေခံ သဘောတရားပါဝင်နေသည်ဖြစ်ရာ ယင်းသဘောတရားမှာလည်း ဘုရားသခင်စီမံထားတော်မူရာဖြစ်ပါသည်။ သို့ရာတွင် ယင်းမျိုးစေ့ကိုသူ့ချည်းသက်သက်လွှတ်ထားပါက အပင်ပေါက်စေသည့်စွမ်းအားမရှိပါ။ စပါးစေ့ကိုအပင်ပေါက်စေလိုသောအခါလူအနေဖြင့် တာဝန်ယူရသည့်အစိတ်အပိုင်းရှိပါသည်။ လယ်မြေကိုထွန်ယက်တူးဆွရမည်။ ယင်းသို့လယ်မြေကိုပြုပြင်၍ ကောင်းသောမြေသားကိုထည့်ပြီးလျှင် မျိုးစေ့ကိုကြဲရမည်။ သို့သော် လူသည်ယင်းအဆင့်ထက်ကျော်လွန်၍ မဆောင်ရွက်နိုင်ပါ။ မျိုးစေ့မှရှင်သန်စေသောအပင်ပေါက်လာစေရန် လူ၌စွမ်းအားပညာမရှိပါ။ လူသည်မိမိတွင်စွမ်းအားရှိသမျှအတတ်နိုင်ဆုံးအားထုတ်ဆောင်ရွက်ပြီးနောက် မျိုးစေ့ကြဲချိန်မှစပါးရိတ်သိမ်းချိန်တိုင်အောင် အံ့ချီးဖွယ်ကောင်းသောကွင်းဆက်ဆို့ဖြင့် ဆက်စပ်ထားတော်မူသောထာဝရဘုရားသခင်ကိုအားထားမှီခိုရန်လိုပါသေးသည်။

မျိုးစေ့တွင်း၌ အသက်ရှိ၍ မြေသားတွင်စွမ်းအားရှိ၏။ သို့သော်ဘုရားသခင်ကနေ့ရောညပါဆောင်ရွက်ခြင်းမပြုပါလျှင်မျိုးစေ့သည်တိုးပွား

ခြင်းရှိလိမ့်မည်မဟုတ်ပါ။ ရေငတ်နေသောလယ်မြေကိုစွတ်စိုစေရန် မိုးရွာသွန်း၍ နေကအပူရှိန်ပေးသောအခါ မြေ၌မြုပ်နေသောမျိုးစေ့သည် မိုးကြိုးစွမ်းအားကိုရရှိလေ၏။ ဖန်ဆင်းသောသခင်ထည့်သွင်းထားတော်မူသည့်အသက်ကို ကိုယ်တော်သာလျှင် ခေါ်ထုတ်နိုင်တော်မူ၏။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် မျိုးစေ့တိုင်းအပင်ပေါက်၍ အပင်တိုင်းရှင်သန်ကြီးထွား၏။

“မြေကြီးသည်အပင်ကိုပေါက်စေသကဲ့သို့လည်းကောင်း၊ လယ်ယာသည် မိမိ၌စိုက်ပျိုးသောမျိုးစေ့ကိုအညွှာက်ထွက်စေသကဲ့သို့လည်းကောင်း ထို့အတူထာဝရဘုရားသည် . . . . . ဖြောင့်မတ်ခြင်းနှင့်ချီးမွမ်းခြင်းကိုပေါ်ထွန်းစေတော်မူလိမ့်မည်။” ဟေရှာ ၆၁း၁၁။ သဘာဝတွင်စိုက်ပျိုးသကဲ့သို့ ဝိညာဉ်ရေးစိုက်ပျိုးရာတွင်လည်း လိုက်နာရ၏။ ခရစ်ယာန်တရားဟောဆရာသည် စိတ်နှလုံးမြေသားကိုပြုပြင်ရန် စူးစမ်းရှာဖွေ၍ ဘုရားသခင်၏တရားမျိုးစေ့ကိုကြဲရမည်။ သို့သော် အသက်ရှင်စေနိုင်သောတန်ခိုးသည် ဘုရားသခင်၌သာရှိတော်မူ၏။ လူတို့သည် ယင်းအဆင့်ထက်ကျော်လွန်၍မဆောင်ရွက်နိုင်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏တရားစကားကိုဟောကြားရမည်ဖြစ်သော်လည်း နားထောင်သောသူ၌ ဖြောင့်မတ်ခြင်းနှင့်ချီးမွမ်းခြင်းပေါ်ထွန်းလာစေရန် သူ၏စိတ်နှလုံးကို ရှင်သန်စေနိုင်သောတန်ခိုးသည် ကျွန်ုပ်တို့တွင်မရှိပါ။ နှုတ်ထွက်တရားတော်ကိုဟောပြောရာတွင် လူသားအနေဖြင့် မတတ်နိုင်စွမ်းသောတန်ခိုးအင်အားက လုပ်ဆောင်လျက်ရှိနေပါသည်။ ထာဝရအသက်ရရှိဖို့စိတ်နှလုံးကိုအသစ်ပြုပြင်ပေးရန် ဝိညာဉ်တော်အားဖြင့်သာလျှင် ဘုရားသခင်၏တရားတော်သည် အသက်ရှင်၍ တန်ခိုးနှင့်ပြည့်ဝလိမ့်မည်။ ခရစ်တော်သည် တပည့်တော်တို့အား ယင်းအချက်ကိုနှလုံးပိုင်စေလိုတော်မူ၏။ သူတို့၏လုပ်ဆောင်မှုအောင်မြင်စေရန်အတွက်

သူတို့ပိုင်စွမ်းအားလုံးဝမရှိကြောင်း၊ ဘုရားသခင်၏အံ့ချီးဖွယ်ဖြစ်စေသော တန်ခိုးတော်သာလျှင် ကိုယ်တော်ပိုင်နှုတ်ထွက်တရားတော်ကို အစွမ်းထက်စေလိမ့်မည်ဖြစ်ကြောင်း ဟောကြားတော်မူ၏။

မျိုးစေ့ကြဲသောသူ၏လုပ်ငန်းသည် ယုံကြည်ခြင်းလုပ်ငန်းဖြစ်၏။ မျိုးစေ့ကိုအပင်ပေါက်စေ၍ ကြီးထွားရှင်သန်စေခြင်းနှင့်ပတ်သက်သော နက်နဲခြင်းအရာကို သူကိုယ်တိုင်နားမလည်နိုင်ပါ။ သို့သော် ကောက်ပဲသီးနှံမှအစ သစ်ပင်ဝါးပင်အပေါင်းတို့ကို ပွားများရှင်သန်စေသည့် ဘုရားသခင်၏အင်အားစုကို သူသည် ယုံကြည်အားထား၏။ မြေ၌ကြဲဖြန့်လိုက်သောမျိုးစေ့သည် မိသားစုအတွက်တန်ဖိုးရှိလှသောအစားအစာကိုစွန့်ပစ်လိုက်သည့် လက္ခဏာရှိနေပါသည်။ သို့ရာတွင် ကောင်းသောလက်ရှိစပါးကိုစွန့်ပစ်ခြင်းမှာ ပို၍များပြားသောအစာကို ရရှိရန်အတွက်ဖြစ်ပါသည်။ များစွာသောအသီးကိုရိတ်၍ လုံလောက်စွာစုသိမ်းထားရန်မျှော်မှန်းလျက် မျိုးစေ့များကိုကြဲဖြန့်လိုက်၏။ ထိုနည်းတူစွာ ခရစ်တော်၏အမှုတော်ဆောင်များသည်လည်း သူတို့ကြဲဖြန့်သော ဘုရားသခင်၏တရားစကားမျိုးစေ့မှ ဝိညာဉ်စပါးရိတ်သိမ်းရန် ရည်မှန်းလျက်လုပ်ဆောင်ရမည်။

ကောင်းသောမျိုးစေ့သည် လောကရေးရာနှင့်ကိုယ့်အကျိုးကိုယ့်စီးပွားကိုသာလိုလား၍ အေးစက်သောစိတ်နှလုံးအတွင်း၌အတန်ကြာကာလတိုင်အောင် အမြစ်မစွဲဘဲ နေသော်လည်း ဘုရားသခင်၏ဝိညာဉ်တော်သက်ဝင်လှုပ်ရှားလာသောအခါ ဖုံးကွယ်လျက်ရှိသောမျိုးစေ့သည် အပင်ပေါက်၍ နောက်ဆုံးတွင် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေဖို့ အသီးသီးလေ၏။ ကျွန်ုပ်တို့၏ အသက်တာလုပ်ငန်းတွင် မည်သည့်လုပ်ရပ်ကထမြောက်အောင်မြင်လိမ့်မဟု မသိနိုင်ပါ။ ယင်းအမှုများကို ကျွန်ုပ်တို့ဖြေရှင်းရန်မဟုတ်။ ကျွန်ုပ်တို့သည် ကိုယ့်တာဝန်ကိုထမ်းဆောင်

၍ အကျိုးသက်ရောက်မှုအတွက် ဘုရားသခင်အား လွှဲအပ်ထားရမည်။ "နံနက်အချိန်မျိုးစေ့ကိုကြဲလော့၊ ညဦးအချိန်၌လည်းမကြဲဘဲမနေနှင့်။" Eccl. ၁၁း၆။ "မြေကြီးမကုန်မီတိုင်အောင် မျိုးစေ့ကြဲသောကာလ၊ အသီးအနှံကိုသိမ်းရသောကာလ၊ . . . . မပြတ်ရ" ဟုဘုရားသခင်သည် ကြီးမြတ်တော်မူသောပဋိညာဉ်ကိုပြုတော်မူ၏။ က ၈း၂၂။ ယင်းကတိတော်ကိုယုံကြည်စိတ်ချလျက် လယ်သမားသည် လယ်ကိုထွန်ယက်စိုက်ပျိုး၏။ ဝိညာဉ်ရေးမျိုးစေ့စိုက်ပျိုးသည့်လုပ်ငန်းတွင်လည်း၊ "ထိုအတူငါ၏နှုတ်ထွက်စကားသည်ဖြစ်လိမ့်မည်။ အကျိုးမရှိဘဲငါ့ထံသို့မပြန်ရ။ ငါ့အလိုကိုပြည့်စုံစေမည်။ ငါစေခိုင်းသောအမှု၌အောင်လိမ့်မည်" ဟု ကိုယ်တော်ထားတော်မူသည့်အာမခံချက်ကိုလည်း ယုံကြည်ကိုးစား၍ မလျှော့သောလုံ့လဖြင့် ဆောင်ရွက်ရမည်။ ဟေရှာယ ၅၅း၁၁။ "မျက်ရည်ကျလျက်ကြဲရန်မျိုးစေ့ကိုဆောင်၍ထွက်သွားသောသူသည် ကောက်လှိုင်းများကိုဆောင်လျက် ရွှင်လန်းသောစိတ်နှင့် အမှန်ပြန်လာလိမ့်မည်။" ဆာ၊ ၁၂၆း၆။

မျိုးစေ့မှအပင်ပေါက်လာခြင်းသည် ဝိညာဉ်ရေးအသက်တာစတင်ချိန်ကိုပုံဆောင်၍ ပျိုးပင်ကြီးထွားရှင်သန်ခြင်းသည်ခရစ်ယာန်အသက်တာဖွံ့ဖြိုးပုံကို လှပတင့်တယ်စွာရုပ်လုံးဖော်ထားခြင်းဖြစ်ပါသည်။ သဘာဝတရားမှာကဲ့သို့ ကျေးဇူးတရားတွင်လည်း ကြီးပွားတိုးတက်မှုမရှိဘဲအသက်မရှင်နိုင်ပါ။ ပျိုးပင်သည် သေကျေပျက်စီးရမည်၊ (သို့မဟုတ်) ကြီးထွားရှင်သန်ရမည်။ ယင်းကြီးထွားရှင်သန်မှုကိုမျက်စိဖြင့်မတွေ့မမြင်နိုင်သော်လည်း ငြိမ်သက်စွာဆက်တိုက်ကြီးထွားနေသကဲ့သို့ ခရစ်ယာန်အသက်တာသည်လည်း တိုးတက်ရှင်သန်၍နေပါသည်။ တိုးတက်ရှင်သန်သည့် အဆင့်တိုင်းတွင် ကျွန်ုပ်တို့၏အသက်တာ၌ စုံလင်ခြင်းရှိကောင်းရှိပေလိမ့်မည်။ သို့သော်ဘုရားသခင်၏ကြံရွယ်တော်

မှုချက်သည် ကျွန်ုပ်တို့၌ပြည့်စုံပါမှ အဆက်မပြတ်တိုးတက်ရှင်သန်၍ နေလိမ့်မည်။ သန့်ရှင်းခြင်းသည် ဘဝအသက်တာတစ်လျှောက်လုံး အတွက် လုပ်ရပ်ဖြစ်၏။ ကျွန်ုပ်တို့၏အခွင့်ကောင်း အခါကောင်းများ ထပ်ဆင့်ပွားများလာသည်နှင့်အမျှ အကျွန်ုပ်တို့၏အသိအမြင်များသည် ကျယ်ပြန့်လာသည့်အလျောက် ကျွန်ုပ်တို့၏အသိပညာလည်း ပိုမို တိုးတက်လာပါသည်။ ကျွန်ုပ်တို့သည် တာဝန်ထမ်းရွက်ရန်အင်အား ပြည့်ဖြိုးလာလိမ့်မည်။ ၄င်းအပြင်ကျွန်ုပ်တို့၏အသိစိတ်ထားရင့်ကျက် ခြင်းသည်လည်း ကျွန်ုပ်တို့ရရှိသောအခွင့်အရေးများ၏အချိုးအစား အတိုင်းပင်ဖြစ်ပေလိမ့်မည်။

အပင်သည် ဘုရားသခင်စီမံထားတော်မူသောအရာများကိုခံယူ ရရှိခြင်းအားဖြင့် ကြီးထွားရှင်သန်၏။ ၄င်း၏အမြစ်များကိုမြေကြီး အတွင်းသို့ထိုးဆင်းစေ၏။ နေရောင်ခြည်၊ နှင်းနှင့်မိုးရေကိုသောက် သုံး၏။ အသက်ရှင်စေနိုင်သောစွမ်းအားများကိုလေမှ ရှူရှိုက်၏။ ထိုနည်း တူခရစ်ယာန်သည်လည်း ဘုရားသခင်နှင့်စပ်ဆိုင်သောတန်ခိုးအင်အားစု များနှင့်လက်တွဲလုပ်ဆောင်ခြင်းဖြင့် ကြီးထွားရှင်သန်၏။ ကျွန်ုပ်တို့ သည်ကိုယ်တိုင်အားဖြင့် မည်သည့်အရာကိုမျှ မတတ်နိုင်သည်ကိုခံယူ လျက် သာ၍ပြည့်စုံကုံလုံသောအတွေ့အကြုံကိုရရှိနိုင်ရန် ခွင့်ပြုထားပြီး ဖြစ်သောအခွင့်အရေးများကို ပို၍အကျိုးထူးအောင်မြင်ရမည်။ အပင် သည် မြေ၌ အမြစ်စွဲသကဲ့သို့ကျွန်ုပ်တို့သည်လည်း ခရစ်တော်၌နက်ရှိုင်း စွာအမြစ်စွဲနေရမည်။ အပင်သည် မိုး၊ နှင်းနှင့်နေရောင်ခြည်ကိုခံယူ သကဲ့သို့ ကျွန်ုပ်တို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်ကို ခံယူရန် စိတ်နှလုံးတံခါးကိုဖွင့်ထားရမည်။ လုပ်ငန်းကိုမူကား ဘုရားသခင် အားဖြင့်မဟုတ်၊ အာဏာတန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည်" ဟုထာဝရဘုရားသခင်မိန့်တော်မူသည့်အတိုင်း ပြီးအောင်

ဆောင်ရွက်ရမည်။ ဇာခရိ ၄း၆။ ကျွန်ုပ်တို့သည် ခရစ်တော်အား အာရုံစိုက်နေပါက “ရွာသောမိုးနှင့်မြေပေါ်သို့ရွာသောနောက်မိုး” ကဲ့သို့ ကိုယ်တော်သည် ကျွန်ုပ်တို့ထံသို့ရောက်ရှိလာတော်မူလိမ့်မည်။ ဟောရှေ၊ ၆း၃။ “တရားတော်နေမင်းသည် အနာပျောက်စေသော

အပင်တို့သည်ကြီးထွားရှင်သန်ရေးအတွက် နေရောင်ခြည်နှင့်မိုးရေဘက်သို့
အလိုအလျောက်လှည့်ကြသည်နည်းတူ ကျွန်ုပ်တို့သည်လည်း
သန့်ရှင်းသောဝိညာဉ်တော်ထံသို့ဦးတည်ရကြပါမည်။

အတောင်တို့နှင့်ပေါ်ထွန်းတော်မူ" သကဲ့သို့ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက်ပေါ်ထွန်းတော်မူလိမ့်မည်။ မာလခိ၊ ၄း၂။ ကျွန်ုပ်တို့သည် "နှင်းပွင့်ကဲ့သို့ပွင့်" ၍ "စပါးကိုပြုစု" သကဲ့သို့ပြုစုခြင်းကိုခံရပြီးလျှင် "စပျစ်နွယ်ပင်ကဲ့သို့တိုးပွား" ကြလိမ့်မည်။ ဟောရှေ၊ ၁၄း၅၊၇။ ခရစ်တော်သည် ကျွန်ုပ်တို့တစ်ဦးချင်းအတွက် ကယ်တင်သောသခင်ဖြစ်တော်မူကြောင်း စွဲမြဲစွာယုံကြည်ကိုးစားပါက ကျွန်ုပ်တို့၏ဦးခေါင်းဖြစ်တော်မူသောကိုယ်တော်၌ ကျွန်ုပ်တို့သည် ဘက်စုံကြီးထွားရှင်သန်ကြလိမ့်မည်။

စပါးသည် "ရှေးဦးစွာအညှောက်၊ ထိုနောက်အနှံ၊ ထိုနောက်အနှံထဲမှာအောင်မာသောအဆန်ကို" ဖြစ်ထွန်းစေ၏။ လယ်ရှင်သည် မျိုးစေ့ကိုကြဲ၍ ကြီးထွားလာသောအပင်ကိုပြုစုပျိုးထောင်ပေးခြင်း၏ ရည်ရွယ်ချက်မှာ သီးနှံများဆက်လက်ဖြစ်ထွန်းစေရန်ဖြစ်၏။ နောင်ကာလတွင်ဆက်လက်ရိတ်သိမ်းဖို့မျိုးစေ့နှင့်ဆာငတ်သူတို့အဖို့ စားစရာကိုလည်း သူအလိုရှိ၏။ ထိုနည်းတူ လယ်ရှင်ဖြစ်တော်မူသော ကိုယ်တော်သည်လည်းမိမိကိုယ်တိုင်အနစ်နာခံမှုနှင့်လုပ်ဆောင်မှုအတွက်ရရှိမည့် အကျိုးတည်းဟူသော ရိတ်သိမ်းစရာသီးနှံများကို မြင်လိုတော်မူ၏။ ခရစ်တော်သည် မိမိကိုယုံကြည်သောသူများအားဖြင့် မိမိ၏ပုံသဏ္ဌာန်တော်ကို ပြန်လည်ဖော်ထုတ်ရန် ဆောင်ရွက်တော်မူ၏။ ခရစ်ယာန်အသက်တာ၏ ရည်ရွယ်ချက်မှာ အသီးသီးရန်ဖြစ်၍ ယုံကြည်သောသူသည်ခရစ်တော်နှင့် တူသောအကျင့်အသီးကိုသီးပြီးလျှင် မိမိမှတစ်ဆင့် အခြားသူများတွင်လည်း ယင်းအကျင့်အသီးများကို ဆက်လက်ဖော်ထုတ်ရန်ဖြစ်ပါသည်။

အပင်သည် မျိုးစေ့ကိုဖြစ်စေခြင်း၊ ကြီးထွားရှင်သန်စေခြင်းနှင့် အသီးကိုသီးစေခြင်းတို့မှာ ကိုယ်ကျိုးအတွက်မဟုတ်၊ "မျိုးစေ့ကြဲသောသူအားမျိုးစေ့ကိုလည်းကောင်း၊ အစာစားသောသူအား အစာကိုလည်းကောင်းပေး" ရန်အတွက်ဖြစ်ပါသည်။ ဟေရှာယ ၅၅း၁၀။ ထို့ကြောင့် မည်သူမျှကိုယ်ကျိုးအတွက် အသက်ရှင်ရန်မဟုတ်ပါ။ ခရစ်ယာန်သည် ဤလောကတွင် အသက်ရှင်နေခြင်းမှာ အခြားသောသူများကယ်တင်ခြင်းရရှိစေရန်အတွက် ခရစ်တော်၏ကိုယ်စားလှယ်ဖြစ်၏။

ကိုယ့်အကျိုး ကိုယ့်စီးပွားကိုသာ ဗဟိုပြုထားသောသူ၏အသက်တာသည် ကြီးထွားရှင်သန်ခြင်းနှင့်အသီးသီးခြင်းမရှိနိုင်။ သင်သည် ခရစ်တော်အားမိမိ၏ကယ်တင်သခင်ဖြစ်ကြောင်း ခံယူထားပြီးဖြစ်ပါက ကိုယ်ကိုကိုယ်မေ့၍ သူတစ်ပါးကိုကူညီထောက်ပံ့ရန် အားထုတ်ရမည်။ ခရစ်တော်၏မေတ္တာတော်နှင့်ကောင်းမြတ်တော်မူခြင်းအကြောင်းများကိုပြောကြားရမည်။ ကျရောက်လာသောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရမည်။ သူတစ်ပါး၏လေးသောဝန်ကို ကိုယ်ချင်းစာတရားနှင့်ကူညီသယ်ပိုး၍ ပျောက်ဆုံးသောသူကိုသင်တတ်စွမ်းသမျှသောနည်းလမ်းများဖြင့်ရှာဖွေကယ်ဆယ်ပါ။ ခရစ်တော်၌ရှိသောကိုယ်ကျိုးစွန့်သည့်မေတ္တာတော်နှင့် သူတစ်ပါးအတွက်ဆောင်ရွက်သည့် စိတ်သဘောကိုသင့်အနေဖြင့် ခံယူသိမ်းပိုက်သည်နှင့်အမျှ သင်သည် ကြီးထွားရှင်သန်၍ အသီးသီးလိမ့်မည်။ ဝိညာဉ်ပကတိ၏ဆုကျေးဇူးများသည် သင်၏အကျင့်ဓလေ့များတွင် ဝင်းမှည့်၍နေကြလိမ့်မည်။ သင်၏ယုံကြည်ခြင်းတိုးပွား၍ သင်ကိုယ်တိုင်အပြစ်ရှိကြောင်း ဝန်ခံခြင်းနက်ရှိုင်းပြီးလျှင် သင်၏မေတ္တာသည် စုံလင်ခြင်းသို့ရောက်လိမ့်မည်။ သင်သည် ခရစ်တော်ကဲ့သို့ သန့်ရှင်းဖြူစင်ခြင်း၊ မြင့်မြတ်ခြင်းနှင့်မေတ္တာပွားများခြင်းတို့တွင် ပို၍ပို၍ ရောင်ပြန်ဟပ်လိမ့်မည်။

"ဝိညာဉ်ပကတိ၏အကျိုးမှုကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ လောကပျော်မွေ့မှုချုပ်တည်းခြင်း ပေတည်း ဂလာတိ ၅း၂၂၊၂၃။ ယင်းကဲ့သို့ပုပ်ပျက်ခြင်းမရှိသောအသီးများ သည် အမျိုးကိုလိုက်၍ ထွန်းကားသဖြင့် ထာဝရအသက်တာအတွက် ရိတ်သိမ်းရလိမ့်မည်။

"အသီးမှည့်၍ ရိတ်ချိန်ရောက်သောအခါ လယ်ရှင်သည်မဆိုင်း မလင့်တံစဉ်နှင့်ရိတ်စေတတ်၏။" ခရစ်တော်သည် မိမိ၏ပုံသဏ္ဍာန် တော်ကို မိမိ၏အသင်းတော်တွင်ထင်ရှားပေါ်လွင်စေရန် လိုလားစွာ စောင့်မျှော်၍နေတော်မူ၏။ ခရစ်တော်၏လူတို့တွင် ကိုယ်တော်နှင့်တူ သောအကျင့်များစုံစုံလင်လင်ရုပ်လုံးပေါ်လာသောအခါ ကိုယ်တော်သည် မိမိ၏လူတို့ကို သိမ်းပိုက်ရယူရန် ကြွလာတော်မူလိမ့်မည်။

ကျွန်ုပ်တို့၏သခင်ယေရှုကြွလာတော်မူမည်ကို မျှော်လင့်တောင့် တနေရန်သာမကဘဲ ကိုယ်တော်ကြွလာတော်မူခြင်းကို လျင်မြန်စေရန် အတွက်လုပ်ဆောင်ဖို့အခွင့်အရေးသည် ခရစ်ယာန်တိုင်းမှာရှိနေပါသည်။ (၂ပေ ၃း၁၂)။ ခရစ်တော်၏အမည်ကိုခံယူသူတိုင်းသည် ကိုယ်တော်၏ ဘုန်းတော်အသီးကိုသီးကြမည်ဆိုပါက ဧဝံဂေလိတရားတော်မျိုးစေ့သည် ဤလောက ကမ္ဘာတစ်ဝန်းလုံးတွင် မည်မျှလျင်မြန်စွာ ကြဲဖြန့်၍ပြီးစီးနေ ပါလိမ့်မည်နည်း။ နောက်ဆုံးစပါးရိတ်ချိန်အတွက် ရိတ်သိမ်းရန်စပါး များမှာလည်း လျင်မြန်စွာမှည့်ပျော်၍နေပေလိမ့်မည်ဖြစ်သောကြောင့် ခရစ်တော်သည်လည်း အဖိုးထိုက်တန်လှစွာသောသီးနှံများကို စုသိမ်း ရန်ကြွလာတော်မူပါလိမ့်မည်။

---ooo---

## တောပင်များ

### မဿဲ ၁၃း၂၄-၃၀၊ ၃၇-၄၃ ကိုအခြေပြုပါသည်။

"အခြားသောဥပမာစကားကို မိန့်မြွက်တော်မူသည်ကား၊ ကောင်းကင်နိုင်ငံတော်သည် ကောင်းသောမျိုးစေ့ကိုလယ်၌ကြဲသော သူနှင့်တူ၏။ လူတို့သည် အိပ်ပျော်သောအခါ သူ၏ရန်သူသည်လာ၍ ကောင်းသောစပါးနှင့်လက္ခဏာတူသောမျိုးစေ့ကို စပါးအထဲ၌ ကြဲ၍ သွားလေ၏။ အပင်ပေါက်၍ အသီးအနှံထွက်သောအခါ တောပင်များလည်းထင်ရှားလျှင်။"

"လယ်ကားဤလောကဖြစ်၏" ဟုခရစ်တော်မိန့်တော်မူ၏။ သို့သော် ဤလောကတွင်ရှိသောခရဏ်တော်၏အသင်းတော်ကို ဆိုလိုကြောင်း ကျွန်ုပ်တို့နားလည်ထားရပါမည်။ ယင်းဥပမာသည် ဘုရားသခင်၏နိုင်ငံတော်နှင့်သက်ဆိုင်သည်ဖြစ်၍ လူသားတို့အား ကယ်တင်ရန်ကိုယ်တော်၏အမှုတော်ကို ပုံဆောင်ထားပါသည်။ ယင်းအမှုတော်ကိုအသင်းတော်အားဖြင့် ပြီးမြောက်တော်မူ၏။ မှန်ပေ၏၊ သန့်ရှင်းသောဝိညာဉ်တော်သည် ဤလောကအတွင်းသို့ဝင်ရောက်တော်မူလေပြီ၊ နေရာတိုင်းတွင်လူသားများ၏ စိတ်နှလုံးများကို လှုပ်ရှားထကြွနေစေပါ၏။ သို့သော် ဘုရားသခင်၏စပါးကျီအတွက် စပါးများရှင်သန်၍ မှည့်ဝင်းစေရန် အသင်းတော်အတွင်းမှ ကျွန်ုပ်တို့ဆောင်ရွက်ရပါမည်။

"ကောင်းသောမျိုးစေ့ကိုကြဲသောသူသည် လူသားဖြစ်၏။. . . ကောင်းသောအစေ့ကား နိုင်ငံတော်သားဖြစ်၏။ တောမျိုးစေ့ကား နတ်ဆိုးသားဖြစ်၏။" ကောင်းသောမျိုးစေ့သည် အမှန်တရားတည်းဟူသော ဘုရားသခင်၏တရားတော်၌ မွေးဖွားသော သူများကိုပုံဆောင်

ထားပါသည်။ တောမျိုးစေ့များမှာမူကား မှားသောအခြေခံသဘော တရားများမှ ပေါက်ဖွားသောအသီးတည်းဟူသော လမ်းလွဲသူတစ်စုကို ပုံဆောင်ထားပါသည်။ "တောမျိုးစေ့ကိုကြဲသောရန်သူကား စာတန်ဖြစ်၏။" တောမျိုးစေ့ကိုဘုရားသခင်ကြဲတော်မူသည်မဟုတ်၊ ကိုယ်တော်၏ကောင်းကင်တမန်များလည်း အဘယ်အခါမျှ မစိုက်မပျိုးကြ။ ဘုရားသခင်နှင့်လူတို့၏ ရန်သူစာတန်သာလျှင် အမြဲတစေတောမျိုးစေ့ကို ကြဲနေ၏။

အချို့အရှေ့နိုင်ငံများတွင် ရံဖန်ရံခါမျိုးစေ့ကြဲပြီးစ လယ်ယာများတွင် ဖျက်ဆီးတတ်သောတောမျိုးစေ့များကိုကြဲခြင်းဖြင့် ရန်သူကို လက်စားချေလေ့ရှိကြပါသည်။ ယင်းတောမျိုးစေ့များမှာ ကြီးထွားနေစဉ်ကာလတွင် စပါးပင်များနှင့်ဆင်တူယိုးမှားဖြစ်ကြ၏။ စပါးပင်များနှင့်အတူ ကြီးပွားရှင်သန်၍ ကောင်းသောသီးနှံပင်များကို ဖျက်ဆီးသဖြင့် လယ်ရှင်ကို အခက်အခဲပေးသည်သာမက ဆုံးရှုံးနစ်နာစေ၏။ ထိုနည်းအတူစာတန်သည် ခရစ်တော်အပေါ် ရန်ငြိုးဖွဲ့၍ မကောင်းမှုမျိုးစေ့များကိုနိုင်ငံတော်၏ ကောင်းသောသီးနှံတို့တွင် ကြဲဖြန့်နေပါသည်။ သူစိုက်ပျိုးသောအပင်တို့၏အသီးများကို ဘုရားသခင်၏သားတော်အပေါ် တာဝန်ကျရောက်စေ၏။ ခရစ်တော်၏အမည်ကိုခံယူထားသော်လည်း ခရစ်တော်နှင့်တူသော အကျင့်မရှိသောသူများအား အသင်းတော်တွင်းသို့ခေါ်ဆောင်ခဲ့ခြင်းဖြင့် ထိုအကျပ်ကိုင်သမားသည် ဘုရားသခင်၏ နာမတော်ကိုရှုတ်ချလျက် ကယ်တင်ခြင်းလုပ်ငန်းကို အလွဲဖော်ပြခြင်းဖြင့် အသက်ဝိညာဉ်များအား ဘေးရန်သင့်ရောက်စေပါသည်။

အသင်းတော်တွင် ယုံကြည်သူအစစ်များနှင့်အတုများရောထွေးနေသည်ကို ခရစ်တော်၏အမှုတော် ဆောင်များတွေ့သိကြသောအခါ စိတ်ဆင်းရဲရကြ၏။ အသင်းတော်သန့်ရှင်းရေးကို ဆောင်ရွက်လိုကြ၏။

အိမ်ရှင်၏အစေခံတို့ကဲ့သို့ သူတို့သည်လည်း တောပင်များကိုနုတ်ပစ်လိုကြ၏။ သို့သော်ခရစ်တော်က "ထိုသို့ငါအလိုမရှိ၊ တောပင်တို့ကိုရွေးနုတ်လျှင်စပါးပင်တို့ကိုရောနှော၍နုတ်မိမည်စိုးရိမ်စရာအကြောင်းရှိ၏။ စပါးရိတ်သည်ကာလတိုင်အောင် အပင်နှစ်မျိုးတို့သည် အတူကြီးပွားပါလေစေ" ဟုမိန့်တော်မူ၏။

နောက်မဆုတ်လက်မလျှော့ပဲ ပွင့်ပွင့်လင်းလင်းအပြစ်ကျူးလွန်နေသူများအား အသင်းတော်မှဖြုတ်တောက်ထားရမည်ဟု ခရစ်တော်က အတိအလင်းသွန်သင်တော်မူ၏။ သို့သော် သူတို့၏အကျင့်နှင့်ရည်ရွယ်ချက်များကို စီရင်ဆုံးဖြတ်ရန်အတွက် အခွင့်အာဏာကိုမူကား ကျွန်ုပ်တို့အားလွှဲအပ်ထားခြင်းမရှိပါ။ ယင်းအာဏာကိုကျွန်ုပ်တို့အားလွှဲအပ်ထားသင့်မထားသင့်ဆိုသည်ကိုကိုယ်တော်သည်ကျွန်ုပ်တို့၏သဘောသဘာဝကိုကောင်းစွာသိတော်မူ၏။ အကယ်၍ ကျွန်ုပ်တို့သည် မှုမမှန်သောခရစ်ယာန်များဟု ကျွန်ုပ်တို့ထင်မြင်ယူဆသောအသင်းသားများကို အသင်းတော်မှထုတ်ပယ်မည်ဆိုပါက ကျန်မှုချကျွန်ုပ်တို့အနေဖြင့်မှားယွင်းကြမည်သာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အမြင်အားဖြင့်မျှော်လင့်ချက်မရှိဟုယူဆနေသောငယ်သားများသည် ခရစ်တော်ကိုယ်တိုင် မိမိထံတော်သို့ဆွဲဆောင်နေသူများဖြစ်နေနိုင်ပါသည်။ ယင်းကဲ့သို့သောသူများကို ကျွန်ုပ်တို့၏စုံလင်ခြင်းမရှိသောစီရင်ချက်ဖြင့် အရေးယူလိုက်ပါကသူတို့အတွက် နောက်ဆုံးသော မျှော်လင့်ချက်ကို ဖျက်ဆီးရာရောက်ပေလိမ့်မည်။ ကိုယ်ကိုကိုယ်ခရစ်ယာန်ဟုထင်မြင်ယူဆသူများသည်နောက်ဆုံးတွင်ချိန်ခွင်နှင့်ချိန်၍ လျော့နေကြောင်းတွေ့ရကြလိမ့်မည်။ နီးစပ်သောသူများက နိုင်ငံတော်သို့ရောက်လိမ့်မည်ဟု မထင်မမှတ်သူများသည်လည်း ကောင်းကင်နိုင်ငံတော်သို့ ရောက်နေကြပေလိမ့်မည်။

လူသည် အပြင်သဏ္ဍာန်ကိုကြည့်၍ ဆုံးဖြတ်တတ်သော်လည်း ဘုရားသခင်မူကားစိတ်နှလုံးကိုသိတော်မူသည့် အလျောက် တရားစီရင်တော်မူ၏။ တောပင်နှင့်စပါးပင်တို့သည် စပါးရိတ်သည့်ကာလတိုင်အောင် အတူကြီးပွားကြရမည်ဖြစ်ပါသည်။ ယင်းစပါးရိတ်သိမ်းရာကာလသည် သနားကြင်နာမှုတံခါးပိတ်သောအချိန်ဖြစ်ပါသည်။

ခရစ်တော်၏သွန်သင်ချက်များတွင် အခြားသောသင်ခန်းစာတစ်မျိုးရှိပါသေးသည်။ ယင်းသင်ခန်းစာမှအံ့သြဖွယ်ရာဖြစ်သောသည်းခံခြင်းသဘောတရားနှင့် သနားစုံမက်တတ်သောမေတ္တာတရားပင်ဖြစ်ပါသည်။ တောပင်တို့၏အမြစ်များသည် ကောင်းသောသီးနှံပင်တို့၏အမြစ်များနှင့်ရောထွေးရစ်ပတ်နေသကဲ့သို့ အသင်းတော်၌ သစ္စာမရှိခရစ်ယာန်အယောင်ဆောင်သောညီအစ်ကိုတို့သည်လည်း သစ္စာရှိသောတပည့်တော်များနှင့်နီးစပ်ပူးကပ်သည့် ကွင်ဆက်များရှိနေနိုင်ပါသည်။ ယင်းအယောင်ဆောင်အသင်းသားများ၏ အကျင့်အမှန်အမှာလည်း အပြည့်အဝမထင်ရှားပါ။ အကယ်၍ ၎င်းတို့အားအသင်းတော်နှင့်ခွဲခွာစေမည်ဆိုပါက သာမန်အားဖြင့်ဆက်လက်သစ္စာရှိနေမည့်အသင်းသားများအတွက်ပင် ထိမိလဲစရာအကြောင်းဖြစ်လာနိုင်ပါသည်။

ဤဥပမာပုံတွင် ဘုရားသခင်သည် လူသားတို့နှင့်လည်းကောင်း ကောင်းကင်တမန်များနှင့်လည်းကောင်း ဆက်ဆံဆောင်ရွက်တော်မူပုံကိုသရုပ်ဖေါ်ထားခြင်းဖြစ်ပါသည်။ စာတန်သည် လိမ်လည်လှည့်ဖြားသူဖြစ်၏။ သူသည်ကောင်းကင်တွင် အပြစ်ကျူးလွန်သောအခါသစ္စာရှိသောကောင်းကင်တမန်များပင်လျှင် သူ၏အကျင့်ကိုပြည့်စုံအောင်ခွဲခြား၍နားမလည်ကြပါ။ ထိုကြောင့် ဘုရားသခင်သည် စာတန်အားချက်ချင်းအပြီးသတ်မစီရင်ခဲ့ပါ။ အကယ်၍ဘုရားသခင်သည်စာတန်အား

ထိုစဉ်က အဆုံးစီရင်ခဲ့မည်ဆိုပါက သန့်ရှင်းသောကောင်းကင်တမန်တို့သည်ဘုရားသခင်၏မေတ္တာတော်နှင့် ကိုယ်တော်၏ဖြောင့်မတ်တော်မူခြင်းအကြောင်းကို သိမြင်ကြလိမ့်မည်မဟုတ်ပါ။ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို ယုံမှားစရာဖြစ်စေမည့် မကောင်းမှုမျိုးစေ့သည် အပြစ်နှင့်မကောင်းမှုဆိုင်ရာ အခါးသီးများနည်းတူပင် ဆိုးရွားလာလိမ့်မည်။ ထို့ကြောင့်မကောင်းမှုကို စတင်ဖန်တီးသူအား သူ၏အကျင့်ရုပ်လုံးပေါ်သည်တိုင်အောင် ချမ်းသာပေးခဲ့တော်မူ၏။ ဘုရားသခင်သည်မကောင်းမှုအပေါင်းကိုရှုမြင်တော်မူရသည့်အတွက် ခေတ်ကာလကြာမြင့်စွာ ကိုယ်ရောစိတ်ပါစိုးရိမ်မှုခံစားတော်မူရခြင်းမှာ ဆိုးညစ်သူ၏ပုံသက်သေအမှားကိုအကြောင်းပြု၍ မည်သူတစ်ဦးတစ်ယောက်မျှ ပျက်စီးခြင်းသို့မရောက်စေခြင်းငှါ ဘုရားသခင်သည် ကရာနီကုန်းတော်ပေါ်တွင်အဖိုးမဖြတ်နိုင်သောမေတ္တာလက်ဆောင်တော်မြတ်ကိုပေးကမ်းတော်မူ၏။ အဖိုးထိုက်တန်သောသီးနှံပင်များကိုဘေးရန်မဖြစ်စေဘဲ တောပင်များကိုနုတ်ပစ်ရန်မဖြစ်နိုင်သောကြောင့် ယင်းသို့စိတ်ရှည်စွာစောင့်ဆိုင်းတော်မူ၏။ ဘုရားသခင်သည် စာတန်အပေါ်ယင်းကဲ့သို့စိတ်ရှည်တော်မူသည်နည်းတူ ကျွန်ုပ်တို့သည်လည်း လူသားအချင်းချင်းအပေါ်စိတ်မရှည်သင့်ပါသလော။

အသင်းတော်တွင် မထိုက်မတန်သောသူတို့ရှိသောကြောင့် ခရစ်ယာန်အယူအဆမှန်မမှန်ကို လောကသားများက ဝေဖန်ရန်မဟုတ်ပါ။ ခရစ်ယာန်များအနေဖြင့်လည်း ယင်းမစစ်မမှန်သောညီအစ်ကိုများကြောင့် စိတ်ပျက်အားလျော့စရာမလိုပါ။ ရှေးရှေးကအသင်းတော်များတွင်မည်သို့ရှိခဲ့ပါသနည်း။ အာနနိနှင့်ရှဖိရေတို့သည် တပည့်တော်များနှင့်ပေါင်းဖက်ကြ၏။ နတ်ဆရာရှိမုန်ကိုနှစ်ခြင်းပေးခဲ့ကြ၏။ တမန်တော်

ပေါလုကိုစွန့်ပစ်သွားသောဒေမသည် ယုံကြည်သူများတွင်ရေတွက်ဝင်ခဲ့၏။ ယုဒရှကာရုတ်သည်လည်း တပည့်တော်တို့တွင် တစ်ယောက်အပါအသင်ဖြစ်ခဲ့၏။ ရွေးနုတ်သောသခင်သည် အသက်ဝိညာဉ်တစ်ခုကိုမျှမဆုံးရှုံးစေလိုပါ။ လူသားများ၏ ဆိုးသွမ်းလမ်းလွဲတတ်သောသဘောထားပေါ် ကိုယ်တော်၏ အချိန်ကြာမြင့်စွာသည်းခံတော်မူခြင်းကို ထင်ရှားစေရန် ကိုယ်တော်နှင့်ယုဒရှကာရုတ်တို့ဆက်ဆံခဲ့ပုံကို မှတ်တမ်းတင်ထားခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အားလည်း ယင်းသို့ပင်ပြုစေလိုတော်မူ၏။ မှားယွင်းသောညီအစ်ကိုများအား အမှုကုန်ရာသည်ကာလတိုင်အောင်အသင်းတော်တွင်တွေ့ရှိရလိမ့်မည်ဟု ကိုယ်တော်မိန့်တော်မူ၏။

ခရစ်တော်သတိပေးတော်မူပါလျက် လူတို့သည် တောပင်များကိုနုတ်ပစ်ရန် အကြောင်းရှာကြ၏။ မကောင်းမှုပြုသည်ဟု ယူဆရသောသူများကိုပြစ်ဒဏ်ပေးရန် အသင်းတော်သည် အများသဘောတူထောက်ခံမှုအထောက်အပံ့ကိုခံယူကြ၏။ ခရစ်တော်၏အခွင့်အာဏာကိုအမှီပြု၍ဆောင်ရွက်သည်ဟု အဆိုပြုသူများ၏တိုက်တွန်းမှုဖြင့် အသင်းတော်က သတ်မှတ်ထားသောသွန်သင်ချက်များမှ ကွဲလွဲခြားနားသူများကို အကျဉ်းထောင်သို့ပို့ကြ၏။ နှိပ်စက်ညှဉ်းပန်းခြင်းသာမက အသေသတ်ခြင်းတိုင်အောင်ပြုကြ၏။ သို့သော် ယင်းသို့တိုက်တွန်းပေးခြင်းများမှာ ခရစ်တော်၏သဘောတရားများမဟုတ်ပါ။ စာတန်၏သဘောတရားများသာဖြစ်ပါသည်။ ယင်းနည်းအားဖြင့် စာတန်သည် ဤကမ္ဘာကြီးကို မိမိ၏တန်ခိုးအာဏာလက်အောက်သို့ သိမ်းသွင်းလျက်ရှိနေပါသည်။ အယူလွဲမှားသည်ဟု စွပ်စွဲခြင်းခံရသောသူအား ယင်းသို့အရေးယူဆောင်ရွက်ခြင်းဖြင့် အသင်းတော်သည် ဘုရားသခင်ကို အလွဲပုံဆောင်လျက်ရှိနေပါသည်။

**တစ်နေ့သောအခါကမ္ဘာပေါ်ရှိတောပင်များကိုစုစည်း၍မီးရှို့ရသော အချိန်ကာလရောက်လိမ့်မည်။**

သူတစ်ပါးကိုအကဲဖြတ်ခြင်း၊ စစ်ကြောစီရင်ခြင်း၊ မှားသည်ဟုဆုံးဖြတ်စီရင်ခြင်းများကိုပြုလုပ်ရန်မဟုတ်၊ ကိုယ့်အားကိုယ်မကိုးဘဲစိတ်နှလုံးနှိမ့်ချ၍ စိတ်မာနမထားရန် ဤပုံပမာကိုပုံဆောင်၍ခရစ်တော်ဟောကြားတော်မူ၏။ လယ်၌ကြဲသောမျိုးစေ့အားလုံးသည် ကောင်းသောမျိုးစေ့များမဟုတ်ကြ။ အသင်းတော်၌ အသင်းသားအဖြစ်ပါဝင်ရုံမျှဖြင့် ခရစ်ယာန်ဖြစ်သည်ဟုမဆိုင်နိုင်ပါ။

အရွက်များစိမ်းစိုနေစဉ်အချိန်တွင် တောပင်များသည် စပါးပင်များနှင့်ထပ်တူထပ်မျှပုံသဏ္ဍာန်တူညီကြသော်လည်း စပါးရိတ်သိမ်းချိန်သို့ရောက်သောအခါ အနှစ်မပါတန်ဖိုးမရှိသောတောပင်တို့သည် အနှစ်အသားနှင့်ပြည့်ဝ၍ ရွှေဝါရောင်ဝင်းမှည့်နေသောစပါးနှံများကြောင့်ခေါင်းငိုက်စိုက်ကျနေသောစပါးပင်များနှင့်လုံးဝမတူပါ။ ဘုရားသခင့်တရား၌မွေ့လျော်ယောင်ဆောင်သောသူများမှာ ခရစ်တော်၏နောက်တော်သို့သစ္စာနှင့်လိုက်သောသူများနှင့်ရောပြွမ်း၍နေချိန်တွင် ခဏတာမျှခရစ်ယာန်တို့၏အသွင်အပြင်ကဲ့သို့ လူအများကတွေ့မြင်ရကြမည်ဖြစ်သော်လည်း၊ ကမ္ဘာကြီး၏နောက်ဆုံးစပါးရိတ်သိမ်းချိန်သို့ရောက်သောအခါ မကောင်းသူနှင့်ကောင်းသူတို့၏ ပုံသဏ္ဍာန်သည်လုံးဝတူညီမှုရှိကြလိမ့်မည်မဟုတ်ပါ။ ထိုအခါအသင်းတော်နှင့်ဆက်သွယ်ပြီးသော်လည်း ခရစ်တော်နှင့်မဆက်သွယ်ရသေးသောသူတို့သည် တသီးတသန့်ပေါ်လွင်၍နေကြလိမ့်မည်။

တောပင်တို့သည် စပါးပင်များနှင့်အတူ ကြီးပွားခွင့်ရကြ၏။ နေရောင်ခြည်နှင့်တကွ မိုးရေကိုလည်းအတူသောက်သုံးနိုင်ကြ၏။ သို့သော် စပါးရိတ်သိမ်းချိန်သို့ရောက်သောအခါ "သင်တို့သည် ပြောင်းလဲ၍ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူ၊ ဘုရားသခင်၏အမှုတော်ကိုဆောင်သောသူ၊ မဆောင်သောသူတို့ကို ပိုင်းခြား၍သိရကြလိမ့်မည်။" မာလခိ ၃း၁၈။ ကောင်းကင်မိသားစုနှင့်အတူနေထိုက်သောသူကို ခရစ်တော်ကိုယ်တိုင်ဆုံးဖြတ်ရွေးချယ်တော်မူလိမ့်မည်။ လူတိုင်းသည် မိမိတို့၏အပြောအဆိုအလုပ်အတိုင်း တရားစီရင်ခြင်းကိုခံရကြလိမ့်မည်။ ယုံကြည်သူအမည်ခံရုံမျှဖြင့် ချိန်ခွင်တွင်အလေးစီးလိမ့်မည်မဟုတ်ပါ။ နောက်ဆုံးအချိန်အတွက် အကျင့်ကသာဆုံးဖြတ်ချက်ပေးလိမ့်မည်။

တောပင်တို့သည် စပါးပင်များအဖြစ်သို့ရောက်ရှိလာမည့်အချိန်ကိုကယ်တင်သခင်ညွှန်ပြထားခြင်း မရှိပါ။ တောပင်နှင့်စပါးပင်တို့သည် စပါးရိတ်သိမ်းရာကာလဖြစ်သော ကမ္ဘာကုန်ဆုံးချိန်တိုင်အောင် အတူတကွကြီးပွားကြ၏။ ထိုအချိန်သို့ရောက်သောအခါ တောပင်များကို မီးလောင်တိုက်သွင်းရန် အထုံးလိုက်စုစည်း၍ စပါးပင်များကို ဘုရားသခင်၏စပါးကျီတွင်းသို့ သိမ်းသွင်းလိမ့်မည်။ "ထိုအခါ ဖြောင့်မတ်သောသူတို့သည် နေထွန်းလင်းသကဲ့သို့ မိမိတို့အဘ၏နိုင်ငံတော်၌ ထွန်းလင်းကြလတ္တံ့။" ၎င်းအပြင် "လူသားသည် မိမိ၏ကောင်းကင်တမန်တို့ကို စေလွှတ်ပြီးလျှင် မှားယွင်းစေသောသူများနှင့်မတရားသောအမှုကို ပြုသောသူရှိသမျှတို့ကို နိုင်ငံတော်ထဲကရွေးနုတ်၍ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ မီးဖို၌ ချကြလတ္တံ့။"

---ooo---

# "မုန်ညင်းစေ့နှင့်တူ၏"

**မဿဲ ၁၃း၃၁၊၃၂။ မာကု ၄း၃၀-၃၂။**
**လုကာ ၁၃း၁၈၊၁၉ တို့ကိုအခြေပြုပါသည်။**

ခရစ်တော်၏ဟောကြားချက်များကိုနာကြားနေကြသော လူထု ပရိတ်သတ်ကြီးထဲတွင်ဖါရိရှဲများပါဝင်ကြပါသည်။ ခရစ်တော်၏တရား နာသူများအနက် ကိုယ်တော်ကိုမေရှိယဟုအသိအမှတ်ပြုသူအဘယ်မျှ နည်းလှပါသနည်းဟု ယင်းဖါရိရှဲတို့ကမထီတရီမှတ်ချက်ပြုကြ၏။ ဟိတ် ဟန်မရှိဘဲ ဤမျှရိုးသားသောဆရာသည် ဣသရေလလူအပေါင်းတို့နှင့် ဆိုင်သောနိုင်ငံတော်ကိုအဘယ်သို့တည်ထောင်နိုင်ပါလိမ့်မည်နည်းဟု အချင်းချင်းဆွေးနွေးကြ၏။ ဥစ္စာဘဏ္ဍာကြွယ်ဝခြင်းမရှိ၊ တန်ခိုးအာဏာ စက်မရှိ၊ ဘုန်းအသရေလည်းမရှိသောသူသည် အဘယ်သို့လျှင် ဣသရေ လနိုင်ငံသစ်ကို တည်ထောင်နိုင်ပါလိမ့်မည်နည်း။ ခရစ်တော်သည် သူတို့ ၏တွေးတောယူဆချက်များကိုသိတော်မူသောကြောင့် အဖြေပေးတော် မူသည်မှာ၊

"ဘုရားသခင်၏နိုင်ငံတော်ကိုအဘယ်သို့ ပုံပြရအံ့နည်း။ အဘယ်ဥပမာနှင့်ခိုင်းနှိုင်းရအံ့နည်း" လောကအစိုးရတို့နှင့် နှိုင်းယှဉ်ရန် ဥပမာမလုံလောက်။ လောကအဖွဲ့အစည်းတစ်ခုမျှ ကိုယ်တော်နှင့်အသွင် တူအောင် ပုံမဆောင်နိုင်။ ဘုရားသခင်၏နိုင်ငံတော်သည် "မုန်ညင်းစေ့ နှင့်တူ၏။ မုန်ညင်းစေ့သည် မြေ၌စိုက်သောအခါ မြေ၌ရှိသောအစေ့ တကာတို့ထက် ငယ်သော်လည်း စိုက်ပြီးမှအပင်ပေါက်၍ မြက်ပင်တကာ တို့ထက်ကြီးပွားသဖြင့် မိုးကောင်းကင်ငှက်တို့သည် အရိပ်ခို၍နားနေ လောက်သောအကိုင်းအခက်ကြီးတို့ကို ဖြစ်စေတတ်သည်" ဟုခရစ်တော် မိန့်တော်မူ၏။

ဘုရားသခင်စီမံထားတော်မူသည့်အတိုင်း သစ်စေ့တွင်း၌ရှိသော စွမ်းအားသည် အသက်ရှင်စေတတ်သောမူလသဘောတရားကို ထုတ်ဖေါ်၍ လူတို့၌တန်ခိုးစွမ်းအားမရှိ။ ခရစ်တော်၏နိုင်ငံတော်သည်လည်း ယင်းနည်းအတိုင်းပင်ဖြစ်၏။ ယင်းသည် အသစ်ပြုပြင်ဖန်ဆင်းခြင်း တစ်ရပ်ဖြစ်၏။ ခရစ်တော်၏နိုင်ငံတော်ပေါ်ထွန်းရန်အတွက် အခြေခံသဘောတရားများသည် လောကနိုင်ငံတို့ကိုစိုးမိုးသည့် အခြေခံသဘောတရားများနှင့် ဆန့်ကျင်ဖီလာ၏။ လောကဆိုင်ရာအုပ်စိုးမှုများကို ကိုယ်ကာယစွမ်းအားဖြင့်စိုးမိုး၍ သူတို့၏ နိုင်ငံများကိုတိုက်လှန်မှုဖြင့်တည်မြဲစေကြ၏။ သို့သော် နိုင်ငံတော်သစ်ကိုအခြေစိုက်တည်ထောင်သောသူမှာ ငြိမ်သက်ခြင်းဘုရင်ဖြစ်တော်မူ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် လောကနိုင်ငံများကို ကြောက်မက်ဖွယ်သောအသားစားသားရဲများနှင့်ပုံဆောင်ထားပါသည်။ သို့သော်ခရစ်တော်သည် "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်" ဖြစ်တော်မူ၏။ ယော၊ ၁း၂၉။ ကိုယ်တော်၏အုပ်ချုပ်မှုစီမံကိန်းတွင် စိတ်ကိုအတင်းအကျပ်တိုက်တွန်းသည့်နည်းစနစ်ကို အသုံးမပြုပါ။ ယုဒလူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို လောကနိုင်ငံများနည်းတူ တည်ထောင်ရန်စောင့်မျှော်၍ နေကြ၏။ သူတို့သည် စီမံကိန်းများနှင့်နည်းလမ်းများကိုတီထွင်ဖန်တီးကြ၏။ ဖြောင့်မတ်ခြင်းကိုရရှိရန်အပေါ်ယံကအားဖြင့် သာကျင့်ကြ၏။ သို့သော် ဘုရားသခင်၏တရားနှင့်ဖြောင့်မတ်ခြင်းတရားကို နှလုံးသွင်းယားခြင်းအားဖြင့် မကောင်းမှုတိုက်မဖျက်ရန် ခရစ်တော်သည် အခြေခံသဘောတရားတစ်ခုကို ချမှတ်ထားတော်မူ၏။

သခင်ယေရှုသည် ဤဥပမာကိုဟောကြားနေတော်မူစဉ်တွင် မုန်ညင်းပင်ကိုအနီးအဝေးအရပ်ရပ်မှတွေ့မြင်နေရကြ၏။ သီးနှံပင်၊ မြက်ပင်များအပေါ်မြင့်မားလျက်ရှိ၏။ အခက်အလက်များမှာလည်း လေယူရာတိမ်းယိမ်းနွဲ့လျက်ရှိကြ၏။ ငှက်အပေါင်းသည်လည်း ဟိုအကိုင်းမှ သည်အကိုင်းသို့လူးလာပျံသန်းလျက်၊ အရွက်အခက်များ ဝေဆာနေသည့်စပ်ကြားတွင် တေးသံသာလျက်နေကြ၏။ သို့ရာတွင် ယင်းသို့ကြီးထွားလှသောအပင်ကြီးကိုပေါက်စေသောမုန်ညင်းစေ့ကလေး မှာမူကား အစေ့တကာတို့ထက်ငယ်၏။ ပထမတွင်အစို့နုကလေးထွက် လာ၏။ သို့သော် ယင်းအစို့ငယ်သည် ရှင်သန်စေတတ်သည့်စွမ်းအား နှင့်ပြည့်ဝသဖြင့် လက်ရှိအခြေသို့တိုင်အောင် ကြီးထွားသန်စွမ်းလေ၏။ ထိုနည်းတူစွာ ခရစ်တော်၏နိုင်ငံတော်သည်လည်း အစအဦးတွင်သေး သိမ်၍ မထင်မပေါ်နိုင်ဟုထင်မှတ်စရာရှိပါသည်။ လောကနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အသေးငယ်ဆုံးဖြစ်သည့်လက္ခဏာရှိနေပါသည်။ ခရစ် တော်သည် ဘုရင်ဖြစ်တော်မူသည်ဟုဆိုရာတွင် လောကဘုရင်များက ပြက်ရယ်ပြုကြ၏။ သို့ရာတွင် ကိုယ်တော်၏တပည့်တော်များအား လွှဲအပ်ထားသောတန်ခိုးကြီးသည့် ဘုရားသခင်၏တရားများတွင်နိုင်ငံ တော်နှင့်စပ်ဆိုင်သည့် ဧဝံဂေလိတရားတော်သည် အသက်ရှင်တော်မူ၏။ ထိုမျှမကငှင်း၏ကြီးပွားမှုသည် အဘယ်မျှလျင်မြန်လျက်ရှိပါသနည်း။ ၎င်း၏တန်ခိုးသက်ရောက်မှုသည် အဘယ်မျှကျယ်ပြန့်လျက်ရှိပါသနည်း။ ဤဥပမာပုံကိုခရစ်တော်ဟောကြားတော်မူစဉ်က ဂါလိလဲတောင်သူ လယ်သမားအနည်းငယ်သာ နိုင်ငံတော်သစ်၏ကိုယ်စားလှယ်များဖြစ်ခဲ့ ကြပါသည်။ သခင်ယေရှု၏ ရိုးအသောနောက်လိုက်တံငါသည်များသည် ဆင်းရဲနွမ်းပါးသည်သာမကလူနည်းစုဖြစ်သောကြောင့်သူတို့နှင့်ဆက်သွယ် ပေါင်းသင်းရန်မသင့်ကြောင်းလူအများအားထပ်တလဲလဲသတင်းဖြန့်ရန်

အကြောင်းရင်းတစ်ခုဖြစ်လာပါသည်။ သို့သော် မုန်ညင်းစေ့သည် ကြီးပွား၍ ယင်း၏အကိုင်းအခက်များသည် ကမ္ဘာအနှံ့အပြားကျယ်ပြန့်ရမည်ဖြစ်ပါသည်။ လူသားတို့အနေဖြင့် ဘုန်းတန်ခိုးကြီးလှပါသည်ဟု ယူဆရသောလောကနိုင်ငံတို့သည် ယိုယွင်းပျက်စီးချိန်ရောက်ရမည်ဖြစ်သော်လည်း ခရစ်တော်၏နိုင်ငံတော်သည် အမြဲတည်၍ ဘုန်းတန်ခိုးအာနုဘောနှင့်ပြည့်စုံလိမ့်မည်။

ထိုနည်းအတူ စိတ်နှလုံးအတွင်း၌ ကျေးဇူးတော်လုပ်ငန်းသည် မူလအစတွင်သေးငယ်ပါ၏။ စကားတစ်ခွန်း၊ လင်းရောင်ခြည်တစ်ပြက်သည် လူ၏စိတ်နှလုံးအတွင်းသို့ရှုတ်တရက်ဝင်ရောက်လာသောအခါ အကျိုးသက်ရောက်မှုရှိသဖြင့် အသစ်သောအသက်တာတွင် အာရုဏ်တတ်စပြုလေ၏။ ယင်းအကျိုးသက်ရောက်မှုကို အဘယ်သူတိုင်းတာနိုင်ပါမည်နည်း။

ခရစ်တော်၏ နိုင်ငံတော်ကြီးပွားခြင်းအကြောင်းကို မုန်ညင်းစေ့ ဉပမာနှင့်ပုံဆောင်ထားသည်သာမက နိုင်ငံတော်၏ ကြီးပွားမှုအဆင့်တိုင်းတွင် ထပ်တလဲလဲရင်ဆိုင်ရမည့်အတွေ့အကြုံများကိုပါ ပုံဆောင်ထားခြင်းဖြစ်ပါသည်။ လူမျိုးဆက်တိုင်းတွင် ဘုရားသခင်သည် မိမိ၏အသင်းတော်အတွက် ထူးခြားသောဘုရားသခင်၏တရားနှင့်သီးခြားသတ်မှတ်ထားသောအမှုတော်ရှိပါသည်။ လောကပညာရှင်နှင့်တတ်သိလိမ္မာသောသူတို့ထံမှ ကွယ်ဝှက်ထားသောဘုရားသခင်၏ တရားတော်ကို သူငယ်ကဲ့သို့စိတ်နှိမ့်ချသောသူများအား ဖွင့်ပြတော်မူ၏။ ယင်းသို့ကိုယ်ကျိုးစွန့်လွှတ်ရန်ဆင့်ဆိုတော်မူ၏။ ဆင်နွှဲရမည့်တိုက်လှန်ပွဲများနှင့် အောင်ပွဲခံရမည့်အချိန်များလည်းရှိပါသည်။ အစပထမတွင် ထောက်ခံချက်များနည်းပါးလိမ့်မည်။ သူတို့သည် လောကဆိုင်ရာလူကြီးလူကောင်းများနှင့်

လောကပုံသဏ္ဍာန်ကိုဆောင်သောအသင်းတော်ကြီး၏ ဆန့်ကျင်ဖီလာခြင်းနှင့်မထီမဲ့မြင်ပြုခြင်းကိုခံရကြလိမ့်မည်။ ခရစ်တော်၏ရှေ့တော်ပြေးဖြစ်သောနှစ်ခြင်းဆရာယောဟန်သည် ယုဒနိုင်ငံသားတို့၏မာနထောင်လွှားမှုနှင့်ထုံးစံဓလေ့လိုက်စားခြင်းများကို တစ်ဦးတည်းမားမားမတ်မတ်ရပ်တည်၍ ဆိုဆုံးမခဲ့သည်ကိုကြည့်ပါလော့။ ဥရောပနိုင်ငံသို့ရှေးဦးစွာဧဝံဂေလိတရားတော်ကို သယ်ဆောင်သွားသောသူများကိုလည်းကြည့်ကြပါတော့။ တဲရှင်ချုပ်ပုပ်သောပေါလုနှင့်သိလတို့သည် သူတို့၏အပေါင်းအဖေါ်များနှင့်တရောမြို့မှ ဖိလိပ္ပိမြို့သို့သင်္ဘောလွှင့်ကြသောအခါအဘယ်မှလောက်မျှော်လင့်စရာကင်းမဲ့၍ မရေမရာဖြစ်နေကြပါသနည်း။ အသက်အရွယ် "အိုမင်းမစွမ်း" ရှိသောတမန်တော်ပေါလုသည်သံကြိုးဖြင့်ချည်နှောင်ခြင်းကိုခံလျက် ကဲသာဘုရင်၏ရဲတိုက်တွင် ခရစ်တော်အကြောင်းဟောပြောရခြင်းကိုလည်းကြည့်ပါကုန်လော့။ လူနည်းစုအစေခံကျွန်များနှင့်တောင်သူလယ်သမားကျေးရွာသားများအနေဖြင့် စည်းမရှိကမ်းမရှိသည့်ရောမအာဏာပိုင်များနှင့်ဆန့်ကျင်တိုက်ခိုက်ခဲ့ရသည်ကိုလည်းကြည့်ရှုထောက်ထားပါလော့။ လောကပညာဆိုင်ရာ၏အထွတ်အထိပ်ဖြစ်သောတန်ခိုးအာဏာလွှမ်းမိုးသည့်အသင်းတော်ကြီးကို ခုခံတွန်းလှန်ခဲ့ရသော မာတင်လူသာ (Martin Luther) ၏အကြောင်းကိုလည်းဆင်ခြင်ကြပါကုန်လော့။ သူသည် ဘုရားသခင်၏တရားတော်ကိုစွဲမြဲစွာဆုပ်ကိုင်လျက် ဧကရာဇ်ဘုရင်နှင့်ပုပ်ရဟန်းမင်းကြီး (Pope) တို့အား "ကျွန်ုပ်တို့၏ယုံကြည်ချက်ကို ကျွန်ုပ်သည် စွဲမြဲစွာဆုပ်ကိုင်ထားပါ၏။ လက်မလွှတ်နိုင်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစောင့်ရှောက်တော်မူပါစေသော" ဟုကြွေးကြော်ခဲ့၏။ ဂျွန်ဝက်စလီ (John Wesley) သည် ဓလေ့ထုံးစံများကိုသာအရေးပေးလိုက်စားသည့်

အချိန်၊ လောကပျော်မွေ့မှုလိုက်စား၍ စစ်မှန်သောဘုရားသခင်ကိုမကိုးကွယ်ကြသည့်အချိန်တွင် ခရစ်တော်နှင့်ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားကို ဟောကြား၏။ ထိုသူသည် ဘုရားသခင်ကိုမကြည်ညိုသောလောက၏မကောင်းမှုဝန်ထုပ်ကြီးကို မိမိကိုယ်တိုင်ထမ်းဆောင်နေရသကဲ့သို့ ခရစ်တော်၏မေတ္တာတော်သတင်းစကားကိုသယ်ဆောင်သွားရန် အခွင့်အရေးတောင်းခံလျက်ရှိ၏။ ယင်းကဲ့သို့တောင်းခံနေသည်ကို "အမောင်၊ အေးအေးဆေးဆေးသာထိုင်နေပါလော့။ ဘုရားသခင်မကိုးကွယ်သူများအားပြောင်းလဲစေလိုလျှင် အမောင်၏အကူအညီကိုသော်လည်းကောင်း၊ ကျွန်ုပ်တို့၏ အကူအညီကိုသော်လည်းကောင်းမလိုဘဲ ဘုရားသခင်ကိုယ်တော်တိုင်ဆောင်ရွက်ပါလိမ့်မည်" ဟု ဘုရားသခင်၏ဘာသာရေးဆိုင်ရာအသင်းတော်ကြီးက ပြန်ကြားခဲ့၏။

ရာစုနှစ်ပေါင်းများစွာက ခရစ်ယာန်တရားမျိုးစေ့ကိုကြဲဖြန့်ခဲ့သောဆရာကြီးများအတွက် အထိမ်းအမှတ်အဆောက်အအုံများကိုဆောက်လုပ်ခြင်း၊ ချီးမွမ်းကောင်းချီးပေးခြင်းများပြုလုပ်ကြ၏။ ယင်းဘုရားသခင်၏တရားမျိုးစေ့ရှင်သန်ကြီးထွားတိုးတက်ရေးလုပ်ငန်းကိုလည်း လူအများတို့က တစ်ဖက်ကနှိမ်နင်းနေကြသည်မဟုတ်ပါလော။ "ဘုရားသခင်သည် မောရှေ၌ဖေါ်ပြထားတော်မူကြောင်းကို ငါတို့သိကြ၏။ ထိုသူ (ခရစ်တော်) သည် အဘယ်ကဖြစ်သည်ကိုမသိ" ဟုရှေးလူများအော်ဟစ်သံအတိုင်း ထပ်မံအော်ဟစ်ကြွေးကြော်ကြ၏။ ယော ၉း၂၉။ ယခင်ခေတ်များမှာကဲ့သို့ ယခုခေတ်အတွက် ထူးခြားသောဘုရားသခင်၏တရားများသည်လည်း ခရစ်ယာန်ဘာသာရေးဆိုင်ရာအာဏာပိုင်များ၌မရှိ။ အသိပညာနည်းသော်လည်း ဘုရားသခင်၏တရားတော်ကိုယုံကြည်သည့်အမျိုးသားအမျိုးသမီးများ၌သာတွေ့ရှိနိုင်ပါသည်။

"ညီအစ်ကိုတို့၊ သင်တို့ကိုခေါ်တော်မူခြင်းအကြောင်းအရာကို ဆင်ခြင်ကြလော့။ ခေါ်တော်မူသောသူတို့တွင် လောကပညာရှိအများ မပါ။ ထင်ရှားသောလူကြီးအများမပါ။ မင်းအမျိုးအနွယ်ဖြစ်သော သူအများမပါ။ ဘုရားသခင်သည် ပညာရှိတို့ကို ရှက်ကြောက်စေခြင်း ငှါ၊ လောကအရာများ၌မိုက်မဲသောသူတို့ကိုရွေးကောက်တော်မူ၏။ အစွမ်းရဲရင့်ခြင်းရှိသောသူတို့ကိုရှက်ကြောက်စေခြင်းငှါ လောကအရာ၌ အားနည်းသောသူတို့ကိုရွေးကောက်တော်မူ၏။ မြတ်သောသူတို့ကို ရှက်ကြောက်စေခြင်းငှါ လောကအရာ၌ဆင်းရဲသောသူ၊ မရေရာသော သူ၊ ယုတ်သောသူတို့ကိုရွေးကောက်တော်မူ၏။" (၁ ကော ၁း၂၆-၂၈)။ အကြောင်းမှာ "သင်တို့၏ယုံကြည်ခြင်းသည် လူပညာအားဖြင့် မတည်၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့်တည်စေခြင်းငှါ" ဖြစ်ပါသည်။ (၁ ကော ၂း၄-၅။)

၄င်းအပြင် ယနေ့နောက်ဆုံးကာလတွင် မုန်ညင်းစေ့၏ဥပမာ သည်ထူးခြားစွာဖြင့်လည်းကောင်း၊ အောင်မြင်ထမြောက်စွာဖြင့်လည်း ကောင်း၊ ပြီးမြောက်ရန်အချိန်တန်နေပါပြီ။ သေးငယ်သောမျိုးစေ့ကလေး မှကြီးမားသောအပင်ဖြစ်လာရမည်။ နောက်ဆုံးသတိပေးနှိုးဆော်သည့် သတင်းစကားနှင့်သနားကြင်နာမှုတရားသည် "မြေကြီးပေါ်မှာနေသော သူတည်းဟူသော အသီးအသီးဘာသာစကားကိုပြောသော လူအမျိုးအ နွယ်ခပ်သိမ်း" တို့ထံသို့ရောက်ရမည်။ (Rev. ၁၄း၆-၁၄။) "ဘုရားသခင် သည်မိမိနာမအဖို့၊ မယုံကြည်သူထဲက အချို့သောသူတို့ကိုနုတ်ယူ" တော်မူ၏။ (တ၊ ၁၅း၁၄။) ထိုနောက် ဘုရားသခင်၏ဘုန်းတော် အလင်းအားဖြင့် ကမ္ဘာမြေကြီးသည် ထွန်းလင်းလျက် ရှိလိမ့်မည်။ (Rev.၁၈း၁)။

---ooo---

## မျိုးစေ့ကြဲခြင်းဆိုင်ရာအခြားသွန်သင်ချက်များ

မျိုးစေ့ကြဲသည့်လုပ်ငန်းမှလည်းကောင်း၊ မျိုးစေ့မှအပင်ပေါက်သည့်အကြောင်းတွင်လည်းကောင်း အဖိုးထိုက်တန်သောသင်ခန်းစာများကိုမိသားစုတွင်း၌ဖြစ်စေ၊ စာသင်ကျောင်း၌ဖြစ်စေ သင်ယူနိုင်ပါသည်။ သဘာဝတရားတွင် တန်ခိုးတော်အားဖြင့် ဘုရားသခင်ပြုပြင်စီမံထားတော်မူသောအရာများကို သားသမီးများနှင့်လူငယ်တို့မှတ်မိသတိရအောင်သင်ကြားထားကြပါစေ။ သို့ပြုလျှင် သူတို့သည် မတွေ့မမြင်နိုင်သောအကျိုးကျေးဇူးများကို ယုံကြည်ခြင်းအားဖြင့်ခံယူနိုင်ကြလိမ့်မည်။ ဘုရားသခင်သည် မိမိ၏မိသားစုကြီးအတွက် လိုအပ်သမျှကိုထောက်ပံ့နေသည့်အံ့ဩဖွယ်သောလုပ်ငန်းကြီးကိုလည်းကောင်း၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ မည်ကဲ့သို့ပါဝင်လုပ်ဆောင်ရမည်ကိုလည်းကောင်း သူတို့သဘောပေါက်နားလည်ကြသောအခါ သူတို့သည် ဘုရားသခင်ကို ပိုမိုယုံကြည်ကိုးစားကြလိမ့်မည်။ ၎င်းအပြင် သူတို့၏နေ့စဉ်အသက်တာတွင် ဘုရားသခင်၏ကျေးဇူးတော်သည် မည်မျှကြီးမားကြောင်း သူတို့သဘောပေါက်နားလည်ကြလိမ့်မည်။

ဘုရားသခင်သည် နှုတ်ထွက်စကားတော်အားဖြင့် ကမ္ဘာမြေကြီးကိုဖန်ဆင်းတော်မူစဉ်က မျိုးစေ့ကိုလည်းဖန်ဆင်းတော်မူ၏။ မျိုးစေ့သည်ကြီးထွားရှင်သန်၍ ပွားများလာစေနိုင်သောတန်ခိုးကိုကိုယ်တော်သည်နှုတ်ထွက်စကားတော်အားဖြင့် ယင်းမျိုးစေ့၌ထည့်သွင်းထားတော်မူ၏။ ဘုရားသခင်က "မြေသည်မြက်ပင်ကိုလည်းကောင်း၊ စပါးသီးကိုဖြစ်စေသောစပါးပင်ကိုလည်းကောင်း၊ မြေပေါ်မှာမျိုးစေ့ပါလျက်သစ်သီးမျိုးကိုဖြစ်စေသောသစ်ပင်ကိုလည်းကောင်း ပေါက်စေ" ဟုအမိန့်တော်ရှိသည်အတိုင်းဖြစ်လေ၏။ . . . ယင်းနှုတ်ထွက်စကားတော်သည်ပင်လျှင်

ယနေ့တိုင်အောင်မျိုးစေ့ကို ပေါက်ပွားစေတော်မူ၏။ နှုတ်ထွက်စကားတော်၏အံ့ဩဖွယ်သောလုပ်ဆောင်မှုတန်ခိုးတော်အကြောင်းနှင့်ပတ်သက်၍ "မြွက်ဆိုတော်မူသည်အတိုင်းဖြစ်သည်" ကိုလည်းကောင်း "အမိန့်တော်ရှိ၍မိန့်တော်မူသည်အတိုင်းတည်လျက်" နေသည်ကိုလည်းကောင်း (ဆာလံ ၊ ၃၃း၉)။ နေရောင်ခြည်ရှိရာသို့အစိမ်းရွက်ကလေးကိုထွက်လာစေသောမျိုးစေ့ကလေးတိုင်းက ကြေညာနေပါသည်။

"အသက်မွေးလောက်သောအစာကို အကျွန်ုပ်တို့အားယနေ့ပေးသနားတော်မူပါ" ဟုဆုတောင်းရန် တပည့်တော်များအား ခရစ်တော်သင်ပေးတော်မူ၏။ ၎င်းအပြင်ပန်းပွင့်ကလေးများကို လက်ညှိုးညွှန်တော်မူလျက် "မြက်ပင်ကိုဘုရားသခင်သည် ထိုသို့သောအဝတ်နှင့်ဖုံးလွှမ်းတော်မူလျှင် ထိုမျှမကသင်တို့ကိုအဝတ်နှင့်ဖုံးလွှမ်းတော်မူမည်မဟုတ်လော" ဟုစိတ်ချယုံကြည်စေရန် အာမခံချက်ပေးတော်မူ၏။ မဿဲ ၆း၁၁၊၃၀။ ယင်းအာမခံချက်တည်မြဲစေရန်နှင့်အဆိုပါဆုတောင်းချက်ပြည့်စုံစေရန် ခရစ်တော်သည် စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိတော်မူ၏။ လူကိုကျွေးမွေး၍ဝတ်ဆင်ပေးနေသည့်မတွေ့မမြင်နိုင်သောတန်ခိုးစွမ်းအားတစ်ရပ်သည် လူသားအတွက် အမြဲတစေတာဝန်ထမ်းဆောင်လျက်ရှိနေပါသည်။ စွန့်ပစ်လိုက်သည့်သဘောသက်ရောက်သောမျိုးစေ့မှရှင်သန်သောအပင်ဖြစ်လာစေရန် ဘုရားသခင်သည် ကိုယ်စားလှယ်အမြောက်အမြားကိုခန့်ထားတော်မူ၏။ ပြည့်စုံကုံလုံစွာရိတ်သိမ်းရသည်တိုင်အောင် လိုအပ်သမျှကိုလည်း သင့်လျော်စွာထောက်ပံ့တော်မူ၏။ ထို့ကြောင့် ဆာလံဆရာက နှစ်သက်ဖွယ်ရာကြွေးကြော်ထားသည်မှာ -

မြေကြီးကိုအကြည့်အရှုကြွလာ၍၊ မိုးကိုများစွာရွာစေလျက်၊
ရေနှင့်ပြည့်သောဘုရားသခင်၏ မြစ်အားဖြင့် အလွန်ကြွယ်ဝ
စေတော်မူ၏။

ထိုသို့မြေကိုပြုပြင်ပြီးမှ၊
မြေသားတို့အဖို့စပါးကိုပြုပြင်တော်မူ၏။
မြေရိုးတို့ကိုစိုစွတ်စေ၍၊
လယ်ပြင်ကိုတညီတည်းစီရင်ပြီးမှ၊
မိုးရွာသောအားဖြင့်ပျော့စေ၍၊
ပေါက်သောအပင်များကို ကောင်းချီးပေးတော်မူ၏။
နှစ်တို့ကိုကျေးဇူးတော်နှင့်ပတ်ရစ်တော်မူ၍၊
ခြေတော်ရာတို့သည်ဆီဥယိုတတ်ကြပါ၏။တ
ဆာလံ ၆၅း၉-၁၁။

ရုပ်ဝတ္ထုနှင့်ဆိုင်သောကမ္ဘာလောကကြီးတစ်ခုလုံးသည် ဘုရားသခင်၏အုပ်ချုပ်မှုအောက်တွင် တည်နေပါသည်။ သဘာဝ၏တရားစည်းကမ်းများကို သဘာဝကလိုက်နာပါသည်။ ခပ်သိမ်းသောအရာတို့သည်ဘုရားသခင်၏အကြောင်းကိုကြားပြော၍ အလိုတော်အတိုင်းဆောင်ရွက်ကြပါသည်။ မိုးတိမ်နှင့်နေရောင်ခြည်သည်လည်းကောင်း၊ နှင်းပေါက်များနှင့်မိုးရေတို့သည်လည်းကောင်း၊ လေနှင့်မိုးသက်မုန်တိုင်းတို့သည်လည်းကောင်းဖြစ်ပျက်နေသမျှတို့သည် ဘုရားသခင်စီမံခန့်ခွဲရာများဖြစ်တော်မူ၍ကိုယ်တော်၏အမိန့်တော်ကိုလုံးလုံးလျားလျားနာခံဆောင်ရွက်ကြ၏။ မျိုးစေ့မှအညှောက်ငယ်သည် မြေကိုဖေါက်ထွင်း၍ပေါ်လာခြင်းမှာ ဘုရားသခင်၏တရားအမိန့်တော်ကိုနာခံခြင်းဖြစ်၏။ “ရှေးဦးစွာအညှောက်၊ ထိုနောက်အနှံ၊ ထိုနောက်အနှံထဲမှာ အောင်မာသောအဆန်ကိုဖြစ်စေတတ်၏။” မာကု၊ ၄း၂၈။ ဤအရာများကို

ဘုရားသခင်သည် ရာသီဥတုအလိုက်အချိန်မှန်ဖြစ်ထွန်းစေသည်ဖြစ်၍ အမိန့်တော်ကိုလည်း ဖီဆန်ခြင်းမပြုကြ။ ယင်းအကြောင်းကြောင့် လူသည်ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းထားပါလျက်၊ စဉ်းစားတတ်သောဉာဏ်နှင့် စကားပြောဆိုနိုင်သောအစွမ်းခွန်အားများနှင့်လည်းပြည့်စုံပါလျက်၊ သူတစ်ဦးတည်းသာလျှင် ကိုယ်တော်၏လက်ဆောင်တော်များအတွက် ကျေးဇူးတရားမသိဘဲ၊ အလိုတော်သို့လည်း မလိုက်ဘဲနေသည်ဆိုခြင်းမှာ ဖြစ်နိုင်ပါမည်လား၊ ဆင်ခြင်တုံတရားနှင့်ပြည့်စုံသောသက်ရှိအရာများကသာလျှင် ကျွန်ုပ်တို့၏ကမ္ဘာလောကကြီးကိုရှုပ်ထွေးမှုအပေါင်းနှင့်ပြည့်ဝလျက်ရှိနေစေပါမည်လော။

လူသည် အစားအစာရရှိရေးအတွက် လုပ်ငန်းမှန်သမျှတွင် ဘုရားသခင်နှင့်ဖက်စပ်လုပ်ဆောင်မှသာလျှင် ရရှိနိုင်သည်ကိုတွေ့သိနိုင်ပါသည်။ မိမိ၏လက်ဖြင့် မျိုးစေ့ကြဲရသည့် တာဝန်ကိုမဆောင်ရွက်ပါက စပါးရိတ်သိမ်းခြင်းမရှိနိုင်။ ဘုရားသခင်စီမံထားတော်မူသည့် အင်အားစုများဖြစ်သောနေရောင်ခြည်နှင့် မိုးရေမိုးပေါက်များ၊ နှင်းရည်နှင့်မိုးတိမ်များမရှိပါကလည်း တိုးပွားများပြားခြင်းရှိမည်မဟုတ်ပါ။ စီးပွားရေးလုပ်ငန်းများတွင်လည်းကောင်း၊ သိပ္ပံအတတ်နှင့်ပညာရှာမှီးဆည်းပူးရာတွင်လည်းကောင်း ယင်းနည်းအတိုင်းပင်ဖြစ်ပါသည်။ အကျင့်ဓလေ့တည်ဆောက်ရာတွင်လည်းကောင်း၊ ခရစ်ယာန်လုပ်ငန်းလမ်းစဉ်တွင်လည်းကောင်း၊ ဝိညာဉ်ရေးဆိုင်ရာအမှုအရာများတွင်လည်းကောင်း ယင်းကဲ့သို့ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည်ကိုယ့်တာဝန်ကိုယ်ထမ်းဆောင်ရမည်ဖြစ်သော်လည်း ဘုရားသခင်၏တန်ခိုးတော်ကိုလည်းလိုအပ်ပါသည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့၏ ကြိုးစားမှုတွင် အကျိုးသက်ရောက်မှုမရှိနိုင်ပါ။

လူသည်ဝိညာဉ်ရေးအမှုအရာများတွင်လည်းကောင်း၊ လောကရေးရာများတွင်လည်းကောင်း မည်သည့်အမှုအရာများ၌မဆိုဆောင်ရွက်အောင်မြင်မှုရှိသောအခါတိုင်း မိမိကိုယ်ဖန်ဆင်းတော်မူသောသခင်နှင့်အတူလုပ်ဆောင်သောကြောင့်သာဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုခိုလှုံကိုးစားခြင်းဖြင့်သာ အသက်ရှင်ရသည်ကိုသဘောပေါက်ရန်အထူးအရေးကြီးပါသည်။ လူကိုယုံကြည်စိတ်ချမှုများလွန်းကြ၏။ လူတို့၏ တီထွင်မှုများကိုလည်း အားကိုးလွန်းကြ၏။ ဘုရားသခင်ကပေးတော်မူရန် အသင့်ပြင်ဆင်ထားပြီးသောစွမ်းအားများကိုယုံကြည်ကိုးစားခြင်းနည်းလွန်းပါသည်။ “ငါတို့သည် ဘုရားသခင်ထံ၌အလုပ်လုပ်သောသူချင်းဖြစ်ကြ၏။” ၁ကော ၃း၉။ အစားအစာကိုရရှိစေရန် လူ၏စွမ်းအားသည် အတိုင်းအာတာမရှိဘဲနိမ့်ကျသော်လည်း ခရစ်တော်နှင့်ကွင်းဆက်ရှိထားပါက ခရစ်တော်ပေးတော်မူသည့်စွမ်းအားဖြင့်အရာခပ်သိမ်းကိုပြုလုပ်နိုင်ပါသည်။

မျိုးစေ့သည်အပင်ပေါက်၍ တရွေ့ရွေ့ကြီးထွားရှင်သန်လာပုံတွင်ကလေးသူငယ်ကိုသွန်သင်ရန်အတွက် သရုပ်ပြသင်ခန်းစာတစ်ရပ်ပါဝင်ပါသည်။ “ရှေးဦးစွာညှောက်၊ ထိုနောက်အနှံ၊ ထိုနောက်အနှံအထဲမှာအောင်မာသောအဆန်ကိုဖြစ်စေတတ်၏။” ယင်းဥပမာကိုဟောကြားတော်မူသောသခင်သည်သေးငယ်သောမျိုးစေ့ကိုဖန်ဆင်းတော်မူ၏။ အသက်ရှင်စေသောအစွမ်းကိုလည်းပေးသွင်းထားတော်မူ၏။ ယင်းမျိုးစေ့ကြီးထွားရှင်သန်လာစေရန် စိုးမိုးသောတရားကိုလည်း စီမံခန့်ခွဲထားတော်မူ၏။ ဥပမာပုံအားဖြင့် သင်ကြားထားသည့် သစ္စာတရားများ၏မူအတိုင်း ကိုယ်တော်၏အသက်တာတွင် အမှန်ဖြစ်တော်မူခဲ့၏။ ကိုယ်တော်၏ရုပ်ပိုင်းဆိုင်ရာစိတ်သဘောထားများနှင့်ဝိညာဉ်ရေးဆိုင်ရာ

စိတ်သဘောထားများသည် ဘုရားသခင်စီစဉ်ထားတော်မူသည့်အတိုင်း ဥပမာတွင်ပုံဆောင်ထားသည်နှင့်အညီ လိုက်လျှောက်တော်မူ၏။ လူငယ်တိုင်းကိုလည်း ယင်းနည်းအတိုင်းပင် လိုက်လျှောက်စေလိုတော်မူ၏။ ကိုယ်တော်သည် ကောင်းကင်ဘုံ၏မြင့်မြတ်တော်မူသောဘုန်းတော်ဘုရင်ကြီးဖြစ်တော်မူသော်လည်း ဗက်လင်မြို့၌သူငယ်တော်ဖြစ်ခဲ့ပါသည်။ ခဏတာမျှနို့စို့သူငယ်၏မစမဲ့ဘဝတွင် မိခင်၏စောင့်ရှောက်မှုကိုခံယူတော်မူခဲ့၏။ ကလေးဘဝတွင်နားထောင်သောကလေးအဖြစ်နှင့်ကလေးတို့၏အလုပ်ကိုလုပ်ခဲ့၏။ လူကြီးကဲ့သို့မဟုတ်ဘဲ ကလေးကဲ့သို့အသိပညာဖြင့်၊ ပြောဆိုပြုကျင့်ခြင်းဖြင့် ကလေးတစ်ယောက်၏အရည်အချင်းနှင့်လျော်ညီစွာမိဘတို့၏အလိုကိုအသုံးဝင်သောနည်းလမ်းအားဖြင့်သယ်ပိုးဆောင်ရွက်ခဲ့ခြင်းဖြင့် မိဘတို့အားဂုဏ်ပြုခဲ့၏။ သို့သော်ယင်းကဲ့သို့ကြီးပွားလျက်ရှိသောအသက်တာအဆင့်တိုင်းတွင် ကိုယ်တော်သည်ရိုးသားတည်ကြည်စွာဖြင့်လည်းကောင်း၊ ပကတိယဉ်ကျေးသိမ်မွေ့၍အပြစ်ကင်းသောအသက်တာဖြင့်လည်းကောင်း ပြီးပြည့်စုံ၏။ သူငယ်တော်ဘဝနှင့်ပတ်သက်၍ “သူငယ်သည်လည်းကြီးပွား၍ ပညာဉာဏ်အစွမ်းနှင့်ပြည့်စုံ၏။ ဘုရားသခင်၏ကျေးဇူးတော်သည်လည်း သူ့အပေါ်၌တည်၏။” လု၊ ၂း၄၀။ ၎င်းအပြင်လူငယ်ဘဝနှင့်ပတ်သက်၍ “ယေရှုသည်လည်း အစဉ်အတိုင်းကြီး၍ပညာတိုးပွားလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာမျက်နှာရတော်မူ၏” ဟု သန့်ရှင်းတော်မူသောမှတ်တမ်းတွင်ဖော်ပြထားပါသည်။ လု၊ ၂း၅၂။

မိဘနှင့်ဆရာများအတွက် ဆောင်ရွက်ရန်လုပ်ငန်းနှင့်ပတ်သက်၍အကြံပြုထားသည်မှာ ဥယျာဉ်၌ရှိသောအပင်များသည် သဘာဝအလုကိုဖော်ဆောင်နေသကဲ့သို့လူငယ်များသည်လည်းသူတို့၏ဘဝအသက်တာ

အဆင့်တိုင်းတွင် ပကတိလှပတင့်တယ်ခြင်းကိုသူတို့အသက်တာနှင့် လိုက်လျောညီထွေရှိစေရန်ရည်ရွယ်၍ သူတို့၏စိတ်နေသဘောထားကို ဆရာမိဘတို့က ပြုစုပျိုးထောင်ပေးရမည်။

ဟန်ဆောင်မှုကင်း၍ စိတ်ရင်းသဘောထားရှိသောကလေးသူငယ်များသည် လူတို့၏စိတ်ကိုအဆွဲဆောင်နိုင်ဆုံးဖြစ်၏။ သူတို့အား အထူးဂရုစိုက်အရေးမပေးသင့်ပါ။ သူတို့အနေဖြင့် လိမ္မာရေးခြားပြောဆိုသည့်စကားများကိုလည်း သူတို့ရှေ့၌မချီးမွမ်းသင့်ပါ။ သူတို့၏ပုံပန်းသဏ္ဍာန်၊ သူတို့၏စကားအသုံးအနှုန်း၊ (သို့မဟုတ်) သူတို့၏အပြုအမူများကိုချီးမွမ်းခြင်းအားဖြင့် စိတ်ကြီးဝင်မှုကိုလည်းအားမပေးသင့်ပါ။ ဟိတ်ဟန်ထုတ်သည့်သဘောသက်ရောက်သောအဝတ်များ၊ (သို့မဟုတ်) ငွေအကုန်အကျများစေသည့် အဖိုးတန်အထည်များကိုဆင်မြန်းမပေးသင့်ပါ။ ယင်းသို့ပြုလျှင် သူတို့အားဝါကြွားစေရန် အားပေးရာရောက်သည့်အပြင်သူတို့၏အပေါင်းအဖော်များကလည်း သူတို့အပေါ်မနာလိုစိတ်များပေါ်ပေါက်လိမ့်မည်။

ငယ်သောကလေးငယ်များကိုကလေးတို့၏ ရိုးသားမှုနှင့်လျော်ညီသောပညာကိုပေးသင့်ပါသည်။ သူတို့၏အသက်တာနှင့်လိုက်လျောညီသောအတွေ့အကြုံဖြင့်လည်းကောင်း၊ သူတို့ကိုအထောက်အကူပြုစေမည့်တာဝန်နှင့် ပျော်ရွှင်မှုကလေးများအားဖြင့်လည်းကောင်း သူတို့သည် တင်းတိမ်ရောင့်ရဲမှုရှိကြစေရန် သူတို့ကိုလေ့ကျင့်ပညာပေးရမည်။ ကလေးဘဝသည် ဥပမာပုံတွင် ဖော်ပြထားသည့်အညှောက်နှင့်တူပါသည်။ ၎င်းအတွက် သီးခြားလှပတင့်တယ်ခြင်းရှိပါသည်။ ကလေးသူငယ်များကိုအချိန်အခါမရောက်မီ လူကြီးဖြစ်အောင် အတင်းအကျပ်မပြုသင့်ပါ။ သူတို့၏ငယ်ရွယ်နုနယ်သော အသက်နှင့် လိုက်လျော

သည့်ယဉ်ကျေးဖွယ်ရာမှုနှင့် သန့်ရှင်းဖြူစင်မှုကို တာရှည်နိုင်သမျှ တာရှည်အောင် လက်ကိုင်ထားပါစေ။

ကလေးများအနေဖြင့် သူတို့၏အသက်နှင့်ကိုက်ညီသောအတွေ့အကြုံအလိုက် ခရစ်ယာန်များဖြစ်နိုင်ပါသည်။ ဘုရားသခင်သည် သူတို့ထံမှ ဤမျှသာအလိုရှိတော်မူ၏။ သူတို့သည် ဝိညာဉ်ရေးနှင့်ဆိုင်သောအရာများကို သင်ကြားကြရန် လိုအပ်ပါသည်။ ခရစ်တော်ကဲ့သို့သောအကျင့်တည်ဆောက်ရန် မိဘများကတတ်နိုင်သမျှနည်းပေးလမ်းပြရမည်။

သဘာဝတွင်ဘုရားသခင်၏တရားတော်အရအကြောင်းကြောင့်အကျိုးဖြစ်လာရသည်မှာ မလွဲမမှားနိုင်သောတိကျမှန်ကန်မှုတစ်ရပ်ဖြစ်ပါသည်။ စိုက်ပျိုးခဲ့ပုံကိုရိတ်သိမ်းခြင်းကသက်သေထွက်ဆိုပါသည်။ ပျင်းရိသောအလုပ်သမားကို သူ၏လုပ်ငန်းကပြစ်ဒဏ်စီရင်ပါသည်။ သူ၏တစ်ဖက်တွင်ရိတ်သိမ်းခြင်းက သက်သေခံပါသည်။ ထိုနည်းတူဝိညာဉ်ရေးများတွင်လည်း အမှုဆောင်တိုင်း၏သစ္စာရှိမှုကိုသူ၏လုပ်ငန်းအကျိုးသက်ရောက်မှုဖြင့်တိုင်းတာပါသည်။ သူ၏လုပ်ငန်းတွင် ကြိုးစားအားထုတ်ထားသည်၊ (သို့မဟုတ်) ပျင်းရိစွာဆောင်ရွက်ထားသည်ကိုရိတ်သိမ်းခြင်းက ထင်ရှားစေပါလိမ့်မည်။ ထိုနည်းတူစွာ သူ၏ထာဝရအသက်တာကိုလည်း ယင်းအတိုင်းပင်ဆုံးဖြတ်လိမ့်မည်။

စိုက်ပျိုးသည့်မျိုးစေ့အမျိုးအစားအလိုက် အသီးကိုရိတ်သိမ်းရပါသည်။ လူ၏အသက်တာတွင်လည်း ယင်းအတိုင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် စိုက်သည့်အတိုင်းရိတ်ရမည်ဖြစ်၍ သနားကြင်နာခြင်းမျိုးစေ့၊ စာနာထောက်ထားခြင်းမျိုးစေ့နှင့်မေတ္တာမျိုးစေ့များကိုစိုက်ပျိုးကြရန်လိုပါသည်။ ကိုယ်ကျိုးကိုယ်စီးပွားကိုသာလိုလားခြင်း၊ ကိုယ်ကိုကိုယ်သာချစ်မြတ်နိုးခြင်း၊ ကိုယ်ကိုကိုယ်သာအထင်ကြီးခြင်း၊ ကိုယ်အလို

သို့သာလိုက်စားခြင်းမှန်သမျှအတွက် တူသောအသီးကိုရိတ်သိမ်းရလိမ့်
မည်။ ကိုယ်ကျိုးအတွက်သာအသက်ရှင်သောသူသည် ကိုယ်ကျိုးအတွက်
မျိုးစေ့ကိုကြဲသောကြောင့် ကိုယ်ကျိုးအားဖြင့် ပုပ်ပျက်တတ်သောအသီးကို
ရိတ်သိမ်းရလိမ့်မည်။

ဘုရားသခင်သည် မည်သူကိုမျှဖျက်ဆီးတော်မမူ။ ပျက်စီးသူ
တိုင်းသည်ကိုယ်ကိုကိုယ်ဖျက်ဆီးသောကြောင့်သာဖြစ်ရမည်။ စိတ်၏သတိ
ပေးနှိုးဆော်ခြင်းကိုငြင်းဆန်သောသူသည် မယုံကြည်သောမျိုးစေ့များ
ကိုကြဲသောကြောင့် တူညီသောအသီးကိုပင် မုချရိတ်သိမ်းရလိမ့်မည်။
ဘုရားသခင်ပထမအကြိမ်သတိပေးနှိုးဆော်ခြင်းကိုငြင်းပယ်သော
ရှေးသရောအခါက ဖါရောဘုရင်သည် နှလုံးခိုင်မာခြင်းမျိုးစေ့ကို ကြဲ
သောကြောင့် နှလုံးမာခြင်းအသီးကိုရိတ်သိမ်းခဲ့ရ၏။ သူ့အနေဖြင့်
မယုံကြည်သောမျိုးစေ့ကိုသူကိုယ်တိုင်ကြဲသောကြောင့် အမျိုးတူသော
အသီးကိုရိတ်သိမ်းခဲ့ရ၏။ သို့ဖြစ်၍သူသည်ဆက်ခါဆက်ခါ ငြင်းပယ်
ခဲ့ရာပျက်စီးပြုန်းတီးလျက်ရှိသော သူ၏နိုင်ငံတော်ကြီးတွင်အေးစက်၍
သေနေသောသူ၏သားဦးကိုသာမက သူ၏နန်းတော်တွင်းရှိသားဦး
တို့ပါသေဆုံးကြသည်သာမက နောက်ဆုံးတွင် သူ၏စစ်သူရဲအားလုံး
တို့ပါသေဆုံးကြသည်သာမက နောက်ဆုံးတွင် သူ၏စစ်သူရဲအားလုံး
သည်စစ်ရထား၊ စစ်မြင်းများနှင့်တကွ ပင်လယ်ရေအောက်တွင်
နစ်မြုပ်ရကြသည့်အဖြစ်အပျက်ကို သူကိုယ်တိုင်မြင်ရသည်တိုင်အောင်
ဖြစ်ခဲ့၏။ "လူသည်မျိုးစေ့ကြဲသည့်အတိုင်း အသီးအနှံကိုရိတ်ရလိမ့်
မည်"ဟုခရစ်ယာန်ကျမ်းစာ၌ဖော်ပြထားသည့်အတိုင်းသူ၏အကြောင်း
သည်ကြောက်မက်ဖွယ်ကောင်းသောဖြစ်ရပ်တစ်ခုဖြစ်ပါသည်။ ဂလ၊
၆း၇။ အကယ်၍လူတို့သည် ဤအကြောင်းအရာကို ဧကန်အမှန်

သိနားလည်ကြမည်ဆိုပါက မည်ကဲ့သို့သောမျိုးစေ့ကိုကြဲရန် သတိပြုကြလိမ့်မည်။

စိုက်ပျိုးသောမျိုးစေ့အလိုက် အသီးအနှံဖြစ်ထွန်းသောကြောင့် ယင်းမျိုးစေ့ကိုဆက်ခါဆက်ခါ စိုက်ပျိုးပြန်ရာ အသီးအနှံများပွားများလေ၏။ ကျွန်ုပ်တို့သည် သူတစ်ပါးတို့နှင့်ပေါင်းသင်းဆက်ဆံရာတွင်လည်း ယင်းဖြစ်စဉ်တရားအတိုင်းပင်ဖြစ်ပါသည်။ ပြုလေသမျှ ပြောလေသမျှတို့သည် မျိုးစေ့များဖြစ်၍ယင်းအမျိုးအစားအတိုင်းအသီးအနှံများဖြစ်ထွန်းလိမ့်မည်။ ကိုယ်ချင်းစာတရားဖြင့်လည်းကောင်း၊ နာရေးထောင်ခြင်းဖြင့်လည်းကောင်း၊ ကိုယ်ကျိုးစွန့်၍အနစ်နာခံခြင်းဖြင့်လည်းကောင်း ကြင်နာစွာပြုသောကောင်းမှုတိုင်းသည် အခြားသောသူတို့တွင်ပြန်လည်ဖြစ်ထွန်း၍ ထိုသူများမှတစ်ဆင့် အသီးများဆက်လက်ပြန့်ပွားလိမ့်မည်။ ထိုနည်းတူစွာ မနာလိုခြင်း၊ ငြူစူခြင်း၊ ရန်ပြိုးဖွဲ့ခြင်း၊ အငြင်းအခုံပြုခြင်းများသည်လည်း "ခါးသောပင်မြစ်" တည်းဟူသောမျိုးစေ့ဖြစ်၍ လူအများအားညစ်ညူးစေလိမ့်မည်။ (ဟေဗြဲ ၁၂း၁၅)။ ထိုမှတစ်ဆင့် "လူအများ" မည်မျှဆက်လက်၍ညစ်ညူးဆိပ်သင့်ကြပါလိမ့်မည်နည်း။ ထို့ကြောင့်ကောင်းမှုမျိုးစေ့နှင့်မကောင်းမှုမျိုးစေ့ကြဲခြင်းတို့သည် ယခုကာလမျှအစ ထာဝရကာလတိုင်အောင် ကြာရှည်လိမ့်မည်။

ဝိညာဉ်ရေးရာများတွင်လည်းကောင်း၊ လောကရေးရာများတွင်လည်းကောင်း ရက်ရက်ရောရောပြုလုပ်ရန်လိုအပ်ကြောင်း မျိုးစေ့ကြဲသည့်ဥပမာအားဖြင့် သင်ကြားထားပါသည်။ "ရေရှိရာအရပ်တို့၌မျိုးစေ့ကြဲ . . . . တတ်သောသင်တို့သည် ကောင်းချီးခံရကြ၏။" ဟေရှာ၊ ၃၂း၂၀။ "အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာရိတ်ရမည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟုမှတ်ကြ"

ရန် ဘုရားသခင်မိန့်တော်မူ၏။ ၂ကော ၉း၆။ “ရေရှိရာအရပ်ရပ်တို့၌ မျိုးစေ့ကိုကြဲရမည်” ဟုဆိုရာ၌ “ဘုရားသခင်၏ကျေးဇူးများကိုအဆက်မပြတ်ဝေငှပေးကမ်းရမည်” ဟုဆိုလိုပါသည်။ ကျွန်ုပ်တို့၏ကူညီထောက်ပံ့ခြင်းကိုလိုအပ်သောသူများအတွက်လည်းကောင်း၊ ဘုရားသခင်၏အမှုတော်အတွက်လည်းကောင်း နေရာမရွေးဝေငှပေးကမ်းရမည်ဟုအနက်ဆိုလိုရင်းဖြစ်ပါသည်။ ယင်းသို့ပြုလုပ်ခြင်းအားဖြင့် ဆင်းရဲနွမ်းပါးသွားလိမ့်မည်မဟုတ်ပါ။ “များစွာကြဲသောသူသည်များစွာရိတ်ရလိမ့်မည်” မျိုးစေ့ကြဲသောသူသည် မိမိ၏မျိုးစေ့ကိုကြဲဖြန့်သောကြောင့် စပါးမြောက်များစွာကိုတိုးပွားရရှိပါသည်။ ဘုရားသခင်၏ဆုကျေးဇူးများကိုသစ္စာရှိစွာဝေငှဖြန့်ဖြူးသူများအတွက်မှာလည်း ယင်းအတိုင်းပင်ဖြစ်ပါသည်။ ဝေငှခြင်းဖြင့်သူတို့ရရှိသောကောင်းချီးများကိုတိုးပွားစေပါသည်။ သူတို့အနေဖြင့်ဆက်လက်ဝေငှပေးကမ်းရန် လုံလောက်အောင်ပေးမည်ဟုဘုရားသခင်ကတိပြုတော်မူ၏။ “သူတစ်ပါးအားပေးကြလော့၊ ပေးလျှင်သူတစ်ပါးသည် သင်တို့အားပေးကြလိမ့်မည်။ အမှန်ခြင်ရုံမျှမကသိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ပေးကြလိမ့်မည်။” လု၊ ၆း၃၈။

မျိုးစေ့ကြဲခြင်း၊ စပါးရိတ်ခြင်းအကြောင်းတွင် ထိုမျှမကစိတ်ပါဝင်စားစရာများရှိပါသေးသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ပေးသနားတော်မူသောလောကဆိုင်ရာဆုကျေးဇူးများကိုဝေငှဖြန့်ဖြူးသောအခါ လက်ခံရရှိသူအနေဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းရန်ကျွန်ုပ်တို့၏မေတ္တာနှင့်ကြင်နာမှုက ယင်းလက်ခံရရှိသူအားနိုးကြားစေပါသည်။ သူ၏စိတ်နှလုံးမြေဆီလွှာသည် ဝိညာဉ်ရေးဆိုင်ရာဘုရားသခင်၏တရားမျိုးစေ့ကိုခံယူရန်ပြင်ဆင်လိမ့်မည်။ မျိုးစေ့ကြဲသောသူအား မျိုးစေ့ပေးတော်မူသောကိုယ်တော်သည် ယင်းမျိုးစေ့မှအသက်ရှင်

သောအပင်ကိုပေါက်စေခြင်းအားဖြင့် ထာဝရအသက်တည်းဟူသော အသီးကိုသီးလိမ့်မည်။

စပါးစေ့ကိုမြေဆီလွှာအတွင်းသို့ကျရောက်စေခြင်းသည် လူသားတို့အားရွေးနုတ်ကယ်တင်ရန်အတွက် ခရစ်တော်သည် ကိုယ်ကိုကိုယ်အသေခံခြင်းနှင့်ပုံဆောင်ထားပါသည်။ "မြေ၌ကျသောစပါးစေ့သည် မပျက်လျှင်တစ်ခုတည်းနေ၏။ ပျက်လျှင်မူကား၊ များစွာသောအသီးကိုသီးတတ်၏" ဟုကိုယ်တော်မိန့်တော်မူ၏။ ယော၊ ၁၂း၂၄။ ထို့ကြောင့်ခရစ်တော်အသေခံတော်မူခြင်းအားဖြင့် ဘုရားသခင်၏နိုင်ငံတော်အတွက်အသီးကိုဖြစ်ထွန်းစေတတ်၏။ ကောက်ပဲသီးနှံလောကနှင့်စပ်ဆိုင်သောဖြစ်စဉ်တရားအတိုင်းကိုယ်တော်အသေခံတော်မူခြင်းအားဖြင့်အသက်ရှင်ခြင်းအကျိုးကိုဖြစ်စေတော်မူ၏။

အသီးအနှံကိုဖြစ်ထွန်းစေလိုသည့်ချစ်စိတ်ဖြင့် ခရစ်တော်နှင့်အတူအမှုတော်ကိုဆောင်ရွက်သူတိုင်းသည် ရှေးဦးစွာမြေသို့ကျ၍သေရမည်။ လယ်ကွက်အတွင်းရှိထယ်ကြောင်းတည်းဟူသောလောက၏ဆင်းရဲနွမ်းပါးမှုအတွင်းသို့ အသက်ကိုချပေးရမည်။ ကိုယ်ကိုကိုယ်သာချစ်မြတ်နိုးခြင်း၊ ကိုယ်ကျိုးကိုယ်စီးပွားကိုသာလိုလားခြင်း စသည့်စိတ်သဘောများပျက်စီးရမည်။ သို့သော်ကိုယ်ကိုကိုယ်စွန့်လွှတ်ခြင်းတည်းဟူသောအနစ်နာခံခြင်းအားဖြင့် ကိုယ်ကိုကိုယ်မပျက်မစီးအောင်သိုသိပ်ထားခြင်းပင်ဖြစ်ပါသည်။ မြေ၌မြှုပ်နှံသောမျိုးစေ့သည်အသီးကိုဖြစ်ထွန်းစေ၍ ယင်းအသီးကိုတစ်ဖန်ပြန်စိုက်ပျိုးပြန်၏။ ဤသို့ဖြင့်သီးနှံရိတ်သိမ်းခြင်းကိုများပြားစေ၏။ လယ်ရှင်သည်မိမိ၏စပါးမျိုးစေ့ကိုကြဲဖြန့်ခြင်းဖြင့်ယင်းစပါးကိုမပျက်မစီးအောင်သိုသိပ်ထားခြင်းဖြစ်ပါသည်။ ထိုနည်းတူစွာ လူသားတို့၏အသက်တာတွင် ပေးကမ်းစွန့်ကြဲခြင်းသည် အသက်ရှင်ခြင်းဖြစ်၏။ ဘုရားသခင်၏ အမှုတော်နှင့် လူသား

အတွက် ရက်ရက်ရောရောပေးစွန့်သောအသက်သည် ပျက်စီးဆုံးရှုံးခြင်းနှင့်ကင်း၍ တည်မြဲသောအသက်ဖြစ်လိမ့်မည်။ ဤလောကတွင် ခရစ်တော်အတွက် မိမိတို့၏အသက်တာကိုစွန့်လွှတ်ပေးကမ်းထားလျှင် ထာဝရအသက်အတွက် သိုသိပ်ထားခြင်းပင်ဖြစ်ပါသည်။

မျိုးစေ့သည် အသစ်သောအသက်ဖြင့်အပင်ပေါက်လာစေရန် ပထမပျက်စီးရ၏။ ယင်းနည်းအားဖြင့်ထမြောက်ရှင်ပြန်ခြင်းအကြောင်းကိုကျွန်ုပ်အားသင်ကြားတော်မူ၏။ ဘုရားသခင်ကိုချစ်သောသူတိုင်းသည် အထက်ဒေင်ဥယျာဉ်တွင် နောက်တစ်ဖန်အသက်ရှင်ခွင့်ရကြလိမ့်မည်။ မြေသင်္ချိုင်းအတွင်းဆွေးမြည့်၍မြေကြီးဖြစ်စေသောလူသား၏ကိုယ်ထည်သည် “စိုက်သောအခါပုပ်တတ်သောသဘောရှိ၏။ ထမြောက်သောအခါမပုပ်နိုင်သောအဖြစ်၌တည်၏။ စိုက်သောအခါ ဘုန်းအသရေပျက်၏။ ထမြောက်သောအခါဘုန်းအသရေနှင့်ပြည့်စုံ၏။ စိုက်သောအခါအစွမ်းမရှိ၊ ထမြောက်သောအခါအစွမ်းနှင့်ပြည့်စုံ၏” ဟုဘုရားသခင်မိန့်တော်မူ၏။ ၁ ကော ၁၅း၄၂၊၄၃။

ဤအကြောင်းအရာများမှာ မျိုးစေ့ကြဲသောသူနှင့်မျိုးစေ့ဥပမာတွင် သင်ပြထားသည့်သင်ခန်းစာအများထဲမှ တချို့ဖြစ်ပါသည်။ ယင်းသည်သဘာဝ၏အသက်ရှင်သောဥပမာဖြစ်ပါသည်။ ဆရာမိဘတို့သည်ဤသင်ခန်းစာများကိုသင်ကြားပေးကြသောအခါ တတ်နိုင်သမျှကိုယ်တွေ့အတွေ့အကြုံဖြစ်အောင် ကြိုးစားသင့်ကြပါသည်။ ကလေးများအားကိုယ်တိုင်မြေဆီလွှာကိုပြုပြင်၍မျိုးစေ့ကိုစိုက်ပျိုးကြပါစေ။ သူတို့အလုပ်လုပ်နေကြစဉ်တွင် ကောင်းသောမျိုးစေ့ (သို့မဟုတ်) မကောင်းသောမျိုးစေ့နှင့်စိုက်ပျိုးထားသည့်စိတ်နှလုံးဥယျာဉ်အကြောင်းကိုဆရာမိဘတို့ကရှင်းပြသင့်ပါသည်။ ထိုနောက်သဘာဝမျိုးစေ့ကိုစိုက်ပျိုးရန်ဥယျာဉ်မြေကိုပြုပြင်ရသကဲ့သို့ စိတ်နှလုံးသည်လည်း ဘုရားသခင်၏

တရားမျိုးစေ့ကိုခံယူနိုင်ရန် ပြင်ဆင်ထားဖို့လိုအပ်ကြောင်းသင်ကြားပေးရမည်။ မျိုးစေ့ကိုမြေကြီး၌ချနေစဉ်တွင် ခရစ်တော်အသေခံတော်မူခြင်းအကြောင်းကိုသင်ပြနိုင်ပါသည်။ အစို့ (သို့မဟုတ်) အညှောက်ထွက်ပေါ်လာသောအခါ ထမြောက်ရှင်ပြန်ခြင်းဆိုင်ရာဘုရားသခင်၏တရားကိုသင်ကြားပေးနိုင်ပါသည်။ အပင်များရှင်သန်ကြီးထွားနေစဉ်တွင် သဘာဝစိုက်ပျိုးခြင်းနှင့်ဝိညာဉ်ရေးဆိုင်ရာစိုက်ပျိုးခြင်းတို့၏ဆီလျော်စပ်ဟပ်ပုံကို ဆက်လက်သင်ကြားပေးနိုင်ပါသည်။

လူငယ်များကိုလည်းယင်းအတိုင်းပင် သင်ကြားပေးသင့်ပါသည်။ မြေဆီလွှာထွန်ယက်တူးဆွပုံကို သူတို့အားလက်တွေ့သင်ကြားပေးသင့်ပါသည်။ ကျောင်းတိုင်း၌ စိုက်ပျိုးရေးလုပ်ငန်းအတွက် ကိုယ်တွေ့ဆောင်ရွက်နိုင်အောင်မြေနေရာဆက်စပ်ထားပါက အထူးသင့်လျော်ပါသည်။ ယင်းမြေနေရာကို ဘုရားသခင်၏စာသင်ခန်းဖြစ်သည်ဟုသဘောထားသင့်ပါသည်။ သဘာဝလောကကြီးသည် ဘုရားသခင်၏သားသမီးများသင့်အံလေ့ကျင့်ရန်အတွက် သင်ခန်းစာ စာအုပ်ဖြစ်၍ယင်းစာအုပ်မှအသက်ဝိညာဉ်ကို ပြုစုပျိုးထောင်ရန်အတွက် အသိပညာရရှိကြပေလိမ့်မည်။

မြေဆီလွှာကိုထွန်ယက်တူးဆွရာတွင်လည်းကောင်း၊ မြေနေရာကိုပြုပြင်ရှင်းလင်းရာတွင်လည်းကောင်း သူတို့အတွက်အဆက်မပြတ်သင်ခန်းစာများရယူနိုင်ပါသည်။ မြေရိုင်းတစ်နေရာတွင် ချက်ချင်းအသီးအနှံကိုရိတ်သိမ်းရလိမ့်မည်ဟူသောမျှော်လင့်ချက်ဖြင့် အဘယ်သူမျှသွားရောက်အခြေစိုက်လိမ့်မည်မဟုတ်ပါ။ မြေနေရာကိုစိုက်ပျိုးလုပ်ကိုင်စားသောက်နိုင်လောက်အောင် စိတ်ထက်သန်စွာဖြင့်လည်းကောင်း၊ စိတ်ရှည်ရှည်နှင့်သည်းခံခြင်းဖြင့်လည်းကောင်း ကြိုးစားအားထုတ်ဆောင်ရွက်ရမည်။ ဝိညာဉ်ရေးလုပ်ငန်းတွင်လည်း လူသားတို့၏

စိတ်နှလုံးတွင် ယင်းနည်းအတိုင်းဆောင်ရွက်ရပါမည်။ မြေနေရာကို ထွန်ယက်စိုက်ပျိုး၍အကျိုးကျေးဇူးကိုခံစားလိုသောသူများသည် ဘုရားသခင်၏နှုတ်တော်ထါက်စကားတော်ကိုနှလုံးသွင်း၍ဆက်လက်ဆောင်ရွက်ရမည်။ သို့မှသာလျှင် မြေရိုင်းနှင့်တူသောစိတ်နှလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်မှုကြောင့် ပျော့ပျောင်း၍ကြွေမွကျိုးပဲ့နေသည်ကို သူတို့ခံစားရကြလိမ့်မည်။ မြေဆီလွှာကိုခွန်အားစိုက်၍လုပ်ဆောင်ခြင်းမရှိပါက အသီးအနှံကိုရိတ်သိမ်းရလိမ့်မည်မဟုတ်ပါ။ စိတ်နှလုံးမြေဆီလွှာသည်လည်း ယင်းအတိုင်းပင်ဖြစ်၍ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေမည့်အသီးအနှံများဖြစ်ထွန်းစေရန် ဘုရားသခင်၏ဝိညာဉ်တော်သည်ယင်းစိတ်နှလုံးမြေဆီလွှာကို စည်းကမ်းသေဝပ်မှုရှိအောင်ပြုပြင်ထားတော်မူပြီးဖြစ်ရမည်။

ရုတ်တရက်စိတ်ကူးပေါက်လာမှ ထ၍အလုပ်လုပ်ခြင်းဖြင့် မြေဆီလွှာမှအဖိုးထိုက်တန်သောသီးနှံများဖြစ်ထွန်းလာမည်မဟုတ်၊ နေ့စဉ်ဂရုစိုက်၍ဆောင်ရွက်ရန်လိုအပ်ပါသည်။ ကောင်းသောမျိုးစေ့များသောက်သုံးရမည့်စွမ်းအားဖြစ်စေသောအစာများကိုစုပ်ယူသွားမည့်တောပင်များမကြီးမထွားမရှင်သန်နိုင်အောင် မြေဆီလွှာကိုမကြာခဏနက်ရှိုင်းစွာထွန်ယက်ရမည်။ ထိုနည်းအားဖြင့်ထွန်ယက်စိုက်ပျိုးသောသူတို့သည် ရိတ်သိမ်းရန်အတွက်ပြင်ဆင်ထားသောသူများဖြစ်ကြ၏။ သို့ပြုလျှင် မျှော်လင့်စရာမရှိလောက်အောင် ပျက်စီးယိုယွင်းနေသောလယ်ယာနှင့်မည်သူမျှရင်ဆိုင်ရလိမ့်မည်မဟုတ်ပါ။

သဘာဝမှဝိညာဉ်ရေးရာသင်ခန်းစာများကိုသင်ယူ၍ လယ်ယာမြေကြီးကိုဤကဲ့သို့လုပ်ဆောင်သောသူများအားဘုရားသခင်ကောင်းချီးပေးတော်မူပါလိမ့်မည်။ မြေဆီလွှာကို ထွန်ယက်စိုက်ပျိုးသောသူသည်

မိမိရှေ့မှောက်တွင် မည်ကဲ့သို့သောဥစ္စာဘဏ္ဍာများပေါ်ထွက်လာလိမ့်မည်ကို သိကောင်းမှသိပေလိမ့်မည်။ ကိုယ်တွေ့အတွေ့အကြုံရှိသောသူတို့ထံမှရရှိသောနည်းလမ်းများနှင့်သိနားလည်သူများက မှတ်သားစရာပြောပြချက်များကို မထီလေးစားမပြုဘဲ ကိုယ်တိုင်ကလည်း စူးစမ်းရှာဖွေစုဆောင်းသင့်ပါသည်။ ယင်းသို့ပြုလုပ်ခြင်းသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ကိုယ်တွေ့လေ့ကျင့်သင်ကြားနေခြင်းဖြစ်ပါသည်။ လယ်ယာမြေကိုထွန်ယက်စိုက်ပျိုးခြင်းသည် အသက်ဝိညာဉ်အတွက် အတတ်ပညာတစ်ရပ်ဖြစ်ကြောင်းသက်သေထင်ရှားလိမ့်မည်။

မျိုးစေ့ကိုအပင်ပေါက်စေသောသူ၊ နေ့ရောညပါကြည့်ရှုစောင့်ထိန်းသောသူ၊ ယင်းကိုကြီးထွားရှင်သန်စေရန် စွမ်းအားပေးတော်မူသောထိုသူသည် အစအဦးတွင် ကျွန်ုပ်တို့အားလူအဖြစ်စတင်ဖန်ဆင်းတော်မူသော သခင်ဖြစ်တော်မူ၍ကောင်းကင်ဘုံသခင်ဘုရင်ကြီးလည်းဖြစ်တော်မူသောကြောင့် ကိုယ်တော်သည် မိမိ၏သားသမီးများကို ထိုထက်ပို၍အရေးပေးစောင့်ရှောက်တော်မူ၏။ လယ်လုပ်သောသူသည် ကျွန်ုပ်တို့၏ယခုဘဝအသက်ရှင်စေဖို့ မျိုးစေ့ကိုစိုက်ပျိုးသကဲ့သို့ လယ်ရှင်ဘုရားသခင်သည် ထာဝရအသက်အတွက် အသီးကိုသီးစေဖို့ မျိုးစေ့ကို စိတ်နှလုံးအတွင်း၌ စိုက်ပျိုးတော်မူလိမ့်မည်။

---၀၀၀---

# “တဆေးနှင့်တူ၏”

**မဿဲ ၁၃း၃၃၊ လုကာ ၁၃း၂၀၊၂၁ ကိုအခြေပြုပါသည်။**

ဂါလိလဲပုရောဖက်ထံတော်သို့ပညာရှိကြီးများ၊ အရှိန်အဝါရှိသော လူကြီးလူကောင်းများ အများအပြားလာရောက်၍ ခရစ်တော်၏တရားနာကြ၏။ ပင်လယ်ကမ်းခြေတွင် ခရစ်တော်၏ဝန်းကျင်၌စုဝေးနေသော တရားနာပရိတ်သတ်ကြီးကို အချို့သောသူတို့က စိတ်ပါဝင်စားစွာစူးစမ်းနေကြ၏။ ယင်းလူစုလူဝေးကြီးတွင် လူထုလူတန်းစားပေါင်းစုံပါဝင်ကြပါသည်။ ဆင်းရဲနွမ်းပါးသောသူ၊ စာပေမတတ်အသိပညာနည်းသောသူ၊ ချို့ငဲ့သောသူ၊ မိမိစိတ်မလုံသည်ကို မျက်နှာတွင်ပေါ်လွင်နေသောသူခိုးဓါးပြ၊ ဆွံ့အသူ၊ အင်္ဂါချို့တဲ့သူ၊ အပျော်အပါးလိုက်စားသူ၊ ကုန်သည်လယ်လုပ်နှင့်အလုပ်မလုပ်သူ၊ နိမ့်ကျသူနှင့်မြင့်မြတ်သူ၊ ချမ်းသာကြွယ်ဝသူနှင့်နွမ်းပါးသောသူစသည်ဖြင့် လူမျိုးစုံတို့သည် ခရစ်တော်၏တရားစကားများကိုနာယူရန် တိုးဝှေ့၍မတ်တပ်ရပ်စရာနေရာကလေးကိုပင် အရလုယူနေရကြ၏။ လူရည်မွန်တို့သည် ယင်းကဲ့သို့ထူးခြားသော လူထုပရိတ်သတ်ကြီးကိုငေးမောရင်း ဘုရားသခင်၏နိုင်ငံတော်သည် ဤသို့သောများနှင့်ပြည့်ဝနေပါလိမ့်မည်လားဟုအချင်းချင်းမေးမြန်းကြသည်ကိုခရစ်တော်သိတော်မူသောကြောင့် ဥပမာပုံဆောင်၍ သွန်သင်တော်မူ၏။

“ကောင်းကင်နိုင်ငံတော်သည် တဆေးနှင့်တူ၏။ မိန်းမသည် တဆေးကိုယူ၍မုန့်ညက်သုံးတင်း၌ထည့်သဖြင့် မုန့်ညက်ရှိသမျှကို ဖေါင်းကြွစေတတ်၏။”

ယုဒတို့သည် တဆေးကိုအပြစ်၏အထိမ်းအမှတ်အဖြစ်ရံဖန်ရံခါအသုံးပြုကြသည်။ ပသခါပွဲကျင်းပချိန်တွင် လူတို့သည်စိတ်နှလုံးအတွင်းမှမကောင်းမှုရှိသမျှကို ပယ်ရှားရမည်ဖြစ်သောကြောင့် မိမိကို၏နေအိမ်၌ရှိသမျှသောတဆေးများကိုဖယ်ရှားရန် လူတို့အားညွှန်ကြားထားပါသည်။ "လျှို့ဝှက်ခြင်းတည်းဟူသောဖါရိရှဲတို့၏တဆေးကိုရှေးဦးစွာကြဉ်ရှောင်ကြလော့" ဟုတပည့်တော်များအား ခရစ်တော်မိန့်တော်မူ၏။ လု၊ ၁၂း၁။ ၎င်းအပြင်တမန်တော်ပေါလုက "ဆိုးညစ်မိုက်မဲခြင်းတဆေး" အကြောင်းပြောခဲ့ဖူးပါသည်။ ၁ကော၊ ၅း၈။ သို့သော်ခရစ်တော်၏ဥပမာတွင်မူကား ကောင်းကင်နိုင်ငံတော်ကိုတဆေးနှင့်ပုံဆောင်ထားပါသည်။ ၎င်းမှာ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာ အသွေးအသားကိုဖြစ်စေ၍ အသက်ရှင်စေနိုင်ကြောင်းသရုပ်ဆောင်းထားခြင်းဖြစ်ပါသည်။

ယင်းတန်ခိုးတော်မကဆောင်ရွက်နိုင်လောက်အောင် မည်သူမျှမဆိုးသွမ်း၊ မယုတ်ညံ့။ သန့်ရှင်းသောဝိညာဉ်တော်၏အလိုတော်ကိုလိုက်နာသောသူတိုင်းသည် ဘဝအသက်တာအတွက်ခံယူချက်သဘောတရားသစ်ကို နှလုံးပိုက်နိုင်လိမ့်မည်ဖြစ်သောကြောင့် ပျောက်ဆုံးခဲ့ပြီးသောဘုရားသခင်၏ပုံသဏ္ဍာန်တော်ကိုလူသားတွင်ပြန်လည်ဖေါ်ထုတ်နိုင်လိမ့်မည်။

သို့သော်လူသည် မိမိ၏အလိုအတိုင်းအကျင့်အားဖြင့်ကိုယ်ကိုကိုယ်ပုံသဏ္ဍာန်ပြောင်းလဲအောင် မပြုလုပ်နိုင်ပါ။ ဤကဲ့သို့သောပြောင်းလဲမှုကိုရယူရန် သူ၌တန်ခိုးစွမ်းအားမရှိပါ။ မုန့်ညက်ကိုအလိုရှိသည့်အတိုင်းပြောင်းလဲမှုပြုလုပ်နိုင်ရန် လုံးဝပြင်ပအရာဖြစ်သည့် တဆေးကိုရောစပ်ရပါသည်။ ထိုနည်းအတူအပြစ်သားသည် ဘုန်းတော်နိုင်ငံအတွက်အံဝင်ခွင်ကျဖြစ်ရန် ရှေးဦးစွာ ဘုရားသခင်၏ကျေးဇူးတော်ကိုလက်ခံ

ရရှိပြီးဖြစ်ရမည်။ လောကအတတ်ပညာနှင့်ယဉ်ကျေးမှုရှိသမျှသည် အပြစ်မကောင်းမှုအတွင်းနစ်မွန်းနေသောသူကို ကောင်းကင်နိုင်ငံတော်သားဖြစ်လာအောင် မပြုလုပ်နိုင်ပါ။ ပြန်လည်အသစ်ပြုပြင်နိုင်သောတန်ခိုးကိုဘုရားသခင်၏ အထံတော်၌သာရရှိနိုင်ပါသည်။ ပြောင်းလဲမှုကိုသန့်ရှင်းသောဝိညာဉ်တော်သာ ဆောင်ရွက်နိုင်ပါသည်။ နိမ့်ကျသောသူဖြစ်စေ၊ မြင့်မြတ်သောသူဖြစ်စေ၊ ကြွယ်ဝသောသူဖြစ်စေ၊ နွမ်းပါးသောသူဖြစ်စေ ကယ်တင်ခြင်းခံစားခွင့်ရရှိရန် သန့်ရှင်းသောဝိညာဉ်တော်ပြုပြင်မှုကိုခံယူရမည်။

တဆေးသည်သည်မုန့်ညက်နှင့်ရောစပ်မိသောအခါ ဖေါင်းပွစေတတ်သကဲ့သို့စိတ်နှလုံးသည် အသစ်ပြုပြင်ပြောင်းလဲသောအခါ ဘုရားသခင်၏ကျေးဇူးတော်သည် လူ၏အသက်တာကိုပုံသဏ္ဍာန်ပြောင်းလဲရုံမျှဖြင့်မလုံလောက်ပါ။ လူအများစုသည် ထိုအပြစ်၊ ဤအမှားစသည်များကိုပြုပြင်ခြင်းအားဖြင့် ခရစ်ယာန်ဖြစ်ရန်ကြိုးစားအားထုတ်ကြသဖြင့် အစပြုသောနေရာမှားနေပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့၏စိတ်နှလုံးမှအစပြုရန်ဖြစ်ပါသည်။

ဘုရားသခင်၏တရားတော်ကိုစိတ်နှလုံးအတွင်း၌ ပိုင်ဆိုင်ထားခြင်းနှင့်ယုံကြည်ခြင်းကိုဝန်ခံထားခြင်းတို့မှာ တစ်ခုနှင့်တစ်ခုတူညီမှုမရှိပါ။ ဘုရားသခင်၏တရားကိုသိရုံမျှဖြင့် မလုံလောက်ပါ။ ယင်းကိုကျွန်ုပ်တို့ပိုင်ဆိုင်ကောင်းပိုင်ဆိုင်လိမ့်မည်ဖြစ်သော်လည်း ကျွန်ုပ်တို့၏အတွင်းစိတ်သဘောပြောင်းလဲချင်မှပြောင်းလဲပေလိမ့်မည်။ သို့ပါ၍စိတ်နှလုံးပြောင်းလဲခြင်းနှင့်သန့်ရှင်းခြင်းသာအကြောင်းရင်းဖြစ်ပါသည်။

မလုပ်မနေရသဘောဖြင့် တာဝန်အရဘုရားသခင်၏ပညတ်တော်များကိုစောင့်ထိန်းသောသူသည်နားထောင်ခြင်း၏ဝမ်းမြောက်ခြင်း

ဆုကျေးဇူးများကိုခံစားရလိမ့်မည်မဟုတ်ပါ။ သူသည် နားထောင်သော သူမဟုတ်။ လူသည် မိမိ၏စိတ်အလိုမပြည့်သောကြောင့် ဘုရားသခင်၏ ဆင့်ဆိုချက်များကို ဝန်လေးသည်ဟုသဘောထားလျှင်ထိုသူ၏အသက် တာသည် ခရစ်ယာန်အသက်တာမဟုတ်ကြောင်း ကျွန်ုပ်တို့သိရပါသည်။ မှန်သောနားထောင်ခြင်းဆိုသည်မှာ - "ခံယူချက်တစ်ရပ်ကို သာလွန် ကောင်းမွန်အောင်ဆောင်ရွက်ခြင်း" ဖြစ်ပါသည်။ ဖြောင့်မတ်ခြင်းတရား နှင့်ဘုရားသခင်၏ပညတ်တော်တို့ကို ရိုသေမြတ်နိုးသောစိတ်မှပေါက် ပွားလာခြင်းလည်းဖြစ်ပါသည်။ ဖြောင့်မတ်ခြင်းတရား၏အနှစ်အရ သာသည်တရားသောအမှုကိုနှစ်သက်တော်မူသောကြောင့်လည်းကောင်း အကျွန်ုပ်တို့သည် တရားသောအမှုကိုပြုရန်လမ်းပြတော်မူလိမ့်မည်။

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်စိတ်နှလုံးပြောင်းလဲစေ သည့်ဘုရားသခင်၏တရားကို နိကောဒင်အားခရစ်တော်မိန့်တော်မူသည့် စကားများတွင်ဖေါ်ပြထားပါသည်။ "ဒုတိယမွေးခြင်းကိုမခံသောသူ မည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရ . . . . လူ့စိတ်ပက တိမွေးသောအရာသည်လူ့စိတ်ပကတိဖြစ်၏။ ဝိညာဉ်တော်မွေးသောအရ

---

"ထာဝရဘုရား၏တရားလမ်း၌ မလွဲမတိမ်းလိုက်သွားသောသူတို့သည် ကောင်းချီးခံရကြ၏။ သက်သေခံတော်မူချက်တို့ကိုစောင့်၍ ကိုယ်တော်ကိုစိတ်နှလုံး အကြွင်းမဲ့ရှာသောသူသည် ကောင်းချီးခံရကြ၏။ ထိုသူတို့သည်မကောင်းမှုကိုမပြု လမ်းခရီးတော်၌လိုက်သွားတတ်ကြ၏။ အကျွန်ုပ်တို့သည်ကြိုးစား၍ကျင့်ဖို့ရာ ကိုယ်တော်သည်သွန်သင်တော်မူပြီ။ ကိုယ်တော်၏အထုံးအဖွဲ့များကိုစောင့်ရှောက် နိုင်မည်အကြောင်း၊ အကျွန်ုပ်သည်လမ်းဖြောင့်ပါစေသော။" ဆာ၊ ၁၁၉း၁-၅။

---

သည် ဝိညာဉ်ဖြစ်၏။ ဒုတိယမွေးခြင်းခံရမည်ဟုငါဟောပြောသည်ကို အံ့ဩခြင်းမရှိနှင့်။ လေသည် အလိုရှိတိုင်းသွားလာ၏။ လေ၏အသံကို သင်သည်ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည်၊ အဘယ်အရပ်သို့သွားသည်ကိုမသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူဖြစ်သည်ဟုမိန့်တော်မူ၏။" ယော၊ ၃း၃-၈။

သန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်ခြင်းဖြင့် တမန်တော်ပေါလုရေးသားထားသည်မှာ၊- "သနားကြင်နာမှုနှင့်ကြွယ်ဝတော်မူသောဘုရားသခင်သည် ငါတို့ကိုချစ်တော်မူသောမေတ္တာတော်အားဖြင့် မကောင်းမှုအပြစ်၌သေလျက်ရှိနေသောငါတို့ကို ခရစ်တော်နှင့်အတူအသက်ရှင်စေတော်မူပြီ။ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ရောက်ရ၏။ ယေရှုခရစ်အားဖြင့်ငါတို့ကိုထမြောက်စေ၍ ကောင်းကင်အရပ်၌နေရာပေးတော်မူ၏။ အကြောင်းမူကား ထိုသခင်အားဖြင့်ငါတို့၌ကျေးဇူးပြု၍ ကျေးဇူးတော်၏အလွန်ကြွယ်ဝခြင်းကိုနောင်ကပ်ကာလတို့၌ ထင်ရှားစေမည်အကြောင်းဖြစ်သတည်း။ ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။" ဧဖက်၊ ၂း၄-၈။

---

"အိုထာဝရဘုရား၊ နှုတ်ထွက်စကားတော်သည် ကောင်းကင်ဘုံ၌ အစဉ်အမြဲတည်ပါ၏။ သစ္စာတော်သည် လူမျိုးအဆက်ဆက်မြဲမြံပါ၏။ မြေကြီးကိုတည်စေတော်မူသဖြင့် သူသည် အမြဲနေပါ၏။ . . . . . ကိုယ်တော်၏ဥပမာများကိုအစဉ်မမေ့လျော့နိုင်ပါ။ အကြောင်းမူကား ထိုဥပဒေသများအားဖြင့်အကျွန်ုပ်ကိုအသက်ရှင်စေတော်မူ၏။ . . . . ခပ်သိမ်းသောစုံလင်ခြင်း၏အဆုံးကို အကျွန်ုပ်မြင်ပါပြီ။ ပညတ်တရားတော်ကား အလွန်ကျယ်ဝန်းပါ၏။" ဆာလံ၊ ၁၁၉း၈၉-၉၆။

---

မှန်ညက်သည်အတွင်း၌ ဖုံးကွယ်နေသောတဆေးအားဖြင့်မျက်စိဖြင့်မမြင်နိုင်ဘဲဖေါင်းပွလာသကဲ့သို့ ဘုရားသခင်၏တရားတဆေးသည် လည်းလျှို့ဝှက်စွာဖြင့်လည်းကောင်း၊ တိတ်ဆိတ်စွာဖြင့်လည်းကောင်း လေးလေးနှင့်မှန်မှန် ပုံသဏ္ဍာန်ပြောင်းလဲပေးနေပါသည်။ ထိုအခါ သဘာဝစိတ်နေသဘောထားပျော့ပျောင်း၍ ကိုယ်ကိုကိုယ်ချုပ်တည်းနိုင်သဖြင့်အသစ်သောအတွေးအခေါ်များ၊ ခံယူချက်များနှင့်ရည်ရွယ်ချက်များကို နှလုံးပိုက်လေ၏။ ခရစ်တော်၏အသက်တာကဲ့သို့အသစ်သောအကျင့်အဆင့်အတန်းကိုလည်းအစပြုလေ၏။ စိတ်သဘောထားပြောင်းလဲ၍ အသစ်သောနည်းလမ်းနှင့်လုပ်ဆောင်ရန်စွမ်းရည်များ ထကြွလှုပ်ရှားလာ၏။ ထိုအခါလူသည် အသစ်သောစွမ်းရည်များနှင့်ပြည့်ဝလာသည်မဟုတ်ဘဲ မူလစွမ်းရည်များသန့်ရှင်းစင်ကြယ်လာခြင်းဖြစ်၍စိတ်သည်လည်းထကြွနိုးကြားလာပါသည်။ ထိုအခါ ကျွန်ုပ်တို့သည်ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နိုင်ရန် ထူးခြားသောအကျင့်ကောင်းများနှင့်ပြည့်စုံခြင်းသို့ရောက်ကြ၏။

ဘုရားသခင်၏တရားတော်ကိုယုံကြည်သည်ဟုဆိုပါလျက်အကျင့်အားဖြင့်လည်းကောင်း၊ စိတ်သဘောအားဖြင့်လည်းကောင်း အပြောအဆိုအားဖြင့်လည်းကောင်း ပုံသဏ္ဍာန်ပြောင်းလဲခြင်းမရှိသူများရှိနေသည်မှာ အဘယ်ကြောင့်ပါနည်းဟူ၍လည်းကောင်း၊ မိမိတို့၏ရည်ရွယ်ချက်နှင့်အကြံအစည်များကိုဆန့်ကျင်ဘက်ပြုခြင်းအတွက်သည်းမခံနိုင်သူများ၊ မသန့်ရှင်းသောစိတ်သဘောထားကိုပြသောသူများကြမ်းတမ်းသောစကားကိုပြောဆိုသောသူများ၊ စိတ်မာနထောင်လွှားသောသူများနှင့်တပ်မက်မောသောသူ အများအပြားရှိနေကြသည်မှာ အဘယ်ကြောင့်ပါနည်းဟုလည်းကောင်း မေးခွန်းများမကြာခဏပေါ်ပေါက်တတ်ပါသည်။ သူတို့၏အသက်တာများတွင် ကိုယ်ကိုကိုယ်

ချစ်မြတ်နိုးသောစိတ်သဘောရှိမြဲရှိနေခြင်း၊ ကိုယ်စိတ်အလိုသို့သာ လိုက်မြဲလိုက်နေခြင်း၊ မဆင်ခြင်မစဉ်းစားဘဲ ပြောဆိုမြဲပြောဆိုနေခြင်း စသည့်လောကဆန်သောသဘောထားများကို နဂိမူလအတိုင်းပင် သူတို့၏အသက်တာ၌တွေ့နေရပါသည်။ သူတို့သည် ဘုရားသခင်၏ တရားတော်ကိုလုံးဝမသိနားမလည်သကဲ့သို့ မာနကြီးမြဲကြီးနေကြ၏၊ ပကတိစိတ်အလိုသို့လိုက်မြဲလိုက်နေကြ၏၊ ဆိုးသွမ်းသောအကျင့်များရှိမြဲရှိနေကြ၏။ ယင်းသို့ဖြစ်ရခြင်း၏အကြောင်းရင်းမှာ သူတို့သည် လုံးဝမပြောင်းလဲသောကြောင့်ဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်၏ တရားတဆေးကို သူတို့၏စိတ်နှလုံးအတွင်း၌ သို၀ှက်ထားခြင်းမပြုကြသေး၍ ၎င်းအနေဖြင့်အလုပ်လုပ်ခွင့်မရသေးပါ။ မကောင်းမှုနောက်သို့လိုက်တတ်သောသူတို့၏ ပကတိစိတ်နှင့်အလေ့အကျင့်များကိုပုံသဏ္ဍာန်ပြောင်းလဲစေနိုင်သည့် တန်ခိုးအာဏာစက်၏လက်ဝယ်သို့လွှဲအပ်ခြင်းမပြုကြသေးပါ။ သူတို့၏အသက်တာတွင် ခရစ်တော်၏ကျေးဇူးတော်မပေါ်လွင်၊ သူတို့၏အကျင့်ကိုလည်း ကိုယ်တော်၏တန်ခိုးတော်အားဖြင့် ပြောင်းလဲပြုပြင်နိုင်တော်မူသည်ကို သူတို့မယုံကြည်ကြပါ။

"ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏။" ရောမ၊ ၁၀း ၁၇။အကျင့်ကိုအသွင်ပြောင်းစေရန်အတွက် ခရစ်ယာန်ကျမ်းစာသည်

---

"ဖြောင့်မတ်စွာစီရင်တော်မူချက်များကို အကျွန်ုပ်လေ့ကျက်ပြီးမှဘုန်းတော်ကိုဖြောင့်မတ်သောသဘောနှင့်ချီးမွမ်းပါမည်။ ကိုယ်တော်၏အထုံးအဖွဲ့များကို စောင့်ပါမည်။" ဆာလံ၊ ၁၁၉း၇၊၈။

---

ကြီးမားသောတန်ခိုးစွမ်းအားဖြစ်ပါသည်။ "ကိုယ်တော်၏တရားအားဖြင့် သူတို့သန့်ရှင်းစေတော်မူ၏။ ကိုယ်တော်၏နှုတ်ထွက်စကားသည် ဘုရားသခင်၏တရားဖြစ်ပါ၏" ဟု ခရစ်တော်ဆုတောင်းတော်မူ၏။ ယော၊ ၁၇း၁၇။ လေ့လာသင်ကြားပြီးလျှင် လိုက်နာပါက ဘုရားသခင်၏ နှုတ်ထွက်တရားတော်သည်လူ၏စိတ်နှလုံးကို ညစ်ညူးစေသည့်လက္ခဏာများမှကင်းစင်စေလိမ့်မည်။ အပြစ်ကိုထင်ရှားစေရန် သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူ၍ ခရစ်တော်၏မေတ္တာတော်အားဖြင့် စိတ်နှလုံးအတွင်း၌ဖြစ်ပေါ်လာသောယုံကြည်ခြင်းသည် ကိုယ်၊ စိတ်၊ နှလုံးသုံးပါးလုံးကို ကိုယ်တော်၏ပုံသဏ္ဌာန်တော်ကဲ့သို့ဖြစ်စေတော်မူလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့သည် ကိုယ်တော်၏အလိုတော်အတိုင်း အမှုတော်ဆောင်ရွက်ရန် ဘုရားသခင်အသုံးပြုတော်မူလိမ့်မည်။ ကျွန်ုပ်တို့ကိုပေးအပ်ထားတော်မူသည့် တန်ခိုးစွမ်းအားသည် အတွင်းမှလှုံ့ဆော်သဖြင့် ကျွန်ုပ်တို့ကိုပေးအပ်ထားသော ဘုရားသခင်၏တရားတော်ကို သူတစ်ပါးတို့အားတစ်ဆင့်ဝေငှရန် ကျွန်ုပ်တို့ကိုလမ်းပြတော်မူလိမ့်မည်။

---

"လူပျိုသည်မိမိသွားသောလမ်းကိုအဘယ်သို့သန့်ရှင်းစေနိုင်ပါမည်နည်းဟူမူကား၊ နှုတ်ထွက်စကားတော်အတိုင်းသတိပြုရမည်။ အကျွန်ုပ်သည် ကိုယ်တော်ကိုစိတ်နှလုံးအကြွင်းမဲ့ရှာပါ၏။ ပညတ်တော်လမ်းမှလွှဲစေတော်မမူပါနှင့်။ ကိုယ်တော်ကိုမပြစ်မှားဘဲနေနိုင်မည်အကြောင်း၊ တရားတော်ကိုနှလုံးထဲမှာ သိုထားပါပြီ။ . . . . ပေးတော်မူသောသွန်သင်ချက်ကိုဆင်ခြင်၍ လမ်းခရီးတော်တို့ကိုကြည့်ရှုပါ၏။ အထုံးအဖွဲ့တော်တို့၌မွေ့လျော်ပါ၏။ နှုတ်ထွက်စကားတော်ကိုမမှတ်ဘဲမနေပါ။" ဆာလံ၊၁၁၉း၉-၁၆။

---

လူသားအတွက် အရေးကြီးဆုံးသောလိုအပ်ချက်မှာ ယုံကြည်ခြင်းအားဖြင့် စိတ်နှလုံးပြောင်းလဲရန်ဖြစ်ပါသည်။ ယင်းပြောင်းလဲခြင်းကိုရရှိရန် ဘုရားသခင်၏နှုတ်ထွက်တရားတော်ဆိုင်ရာသစ္စာတရားများနှင့်တွေ့ထိဖို့လိုပါသည်။ ဤကောင်းမြတ်သောအခြေခံသဘောတရားများသည် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာနှင့်တွေ့ထိရန် သန့်ရှင်းဖြူစင်လွန်းသည်ဟုသဘောမထားသင့်ပါ။ ယင်းသစ္စာတရားများသည် ကောင်းကင်ဘုံသို့လည်းကောင်း၊ ထာဝရအသက်တာသို့လည်းကောင်း လမ်းညွှန်နေပါသည်။ သို့သော် ၄င်းတို့၏အထူးအကျိုးသက်ရောက်မှုကိုလူတို့၏ကိုယ်တွေ့အတွေ့အကြုံများနှင့်လည်းကောင်း၊ အသက်တာ၏အမှုကြီးငယ်ရှိသမျှနှင့်လည်းကောင်း ပေါင်းစပ်ရမည်။

တဆေးတည်းဟူသောဘုရားသခင်၏တရားကို စိတ်နှလုံးအတွင်း၌လက်ခံရရှိသည်နှင့်တစ်ပြိုင်နက် စိတ်အလိုများလမ်းမှန်ကြလိမ့်မည်။ အတွေးအခေါ်များသန့်စင်ကြလိမ့်မည်။ ချစ်ဖွယ်သောစိတ်နေသဘောထားရှိလိမ့်မည်။ ကိုယ်၊ စိတ်နှစ်ပါးလုံးသည်လည်းစွမ်းရည်များနှင့်ရှင်သန်ကြလိမ့်မည်။ မေတ္တာတရားနှင့်ကြင်နာမှုတရားလည်းတိုးပွားလိမ့်မည်။

---

"အိုထာဝရဘုရား၊ အထုံးအဖွဲ့တော်လမ်းကိုအကျွန်ုပ်အားသွန်သင်တော်မူပါ။ အဆုံးတိုင်အောင်လိုက်သွားပါမည်။ ဉာဏ်ကိုပေးတော်မူပါ။ ဘုရားသခင်၏တရားတော်ကိုစောင့်ပါမည်။ စိတ်နှလုံးအကြွင်းမဲ့စောင့်ပါမည်။ ပညတ်တော်လမ်း၌အကျွန်ုပ်ကိုပို့ဆောင်တော်မူပါ။ ထိုလမ်းကိုနှစ်သက်ပါ၏။ . . . . ကိုယ်တော်ကိုကြောက်ရွံ့သော ကိုယ်တော်၏ကျွန်၌ဖေါ်ပြသောတရားတော်ကိုတည်စေတော်မူပါ။ အကျွန်ုပ်ကြောက်သောကဲ့ရဲ့ခြင်းကိုပယ်ပျောက်စေတော်မူပါ။ စီရင်တော်မူချက်တို့သည်ကောင်းမွန်ကြပါ၏။" ဆာလံ၊ ၁၁၉း၃၃-၃၉။

---

ဤအခြေခံသဘောတရားများနှင့်ပြည့်ဝသူကို လျှို့ဝှက်နက်နဲသူဟု ကမ္ဘာကသဘောထားပါ၏။ ကိုယ်ကျိုးကိုလိုလား၍ ငွေကိုတပ်မက်သောသူသည် ကြွယ်ဝခြင်း၊ ဘုန်းအသရေရှိခြင်းနှင့်လောကပျော်မွေ့ခြင်းများကိုခံစားရန်အတွက်သာ အသက်ရှင်၏။ သူ၏ခန့်မှန်းယူဆချက်ကြောင့်သူသည် ထာဝရကမ္ဘာကိုဆုံးရှုံးရ၏။ သို့သော် ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်သောသူအတွက်မှာမူကား ဤအရာအပေါင်းကိုစိတ်ပါဝင်စားလိမ့်မည်မဟုတ်၊ ၎င်းအပြင် ဤအရာအပေါင်းကိုစိတ်ပါ ဝင်စားလိမ့်မည်မဟုတ်၊ ၎င်းအပြင် ဤလောက၌ခရစ်တော်ကိုမသိ၍မျှော်လင့်ချက်ကင်းမဲ့နေသူများ၏အသက်ဝိညာဉ်များကိုကယ်တင်သည့်အမှုတော်ကြီးတွင် ခရစ်တော်အတွက် ကိုယ်ကျိုးစွန့်၍ပါဝင်ဆောင်ရွက်လိမ့်မည်။ ယင်းကဲ့သို့သောသူ၏အကြောင်းကိုဤလောကကြီးက နားမလည်နိုင်ကြသည့်အကြောင်းမှာ ထိုသူသည်ထာဝရကာလဆိုင်ရာဘဏ္ဍာရတနာများကိုသာ မျှော်မှန်းရှေးရှုနေသောကြောင့်ဖြစ်၏။ ရွေးနုတ်ခြင်းတန်ခိုးတော်နှင့်ပြည့်ဝသည့် ခရစ်တော်၏မေတ္တာတော်သည် သူ၏စိတ်နှလုံးအတွင်းသို့ရောက်ရှိနေပြီဖြစ်၍ယင်းမေတ္တာသည် အခြားသောရည်မှန်းချက်အပေါင်းကိုလွှမ်းမိုး၍ယင်းမေတ္တာကိုပိုင်ဆိုင်သူသည် ဤလောကတွင် ဖေါက်ပြန်ပျက်စီးတတ်သည့် အရာများကိုအောင်နိုင်လိမ့်မည်။

---

"နုတ်ထွက်စကားတော်သည် အကျွန်ုပ်ခြေရှေ့မှာမီးခါက်ဖြစ်၍အကျွန်ုပ်၏လမ်းခရီးကိုလင်းစေပါ၏။ ဖြောင့်မတ်စွာစီရင်တော်မူချက်တို့ကိုစောင့်ပါမည်ဟု အကျွန်ုပ်ကျိန်ဆိုသည်အတိုင်းပြုပါမည်။ . . . . သက်သေခံတော်မူချက်တို့သည် အကျွန်ုပ်နှလုံးရွှင်လန်းရာဖြစ်၍ ကိုယ်အမွေဥစ္စာအဖို့ အစဉ်အမြဲခံယူပါ၏။ အထုံးအဖွဲ့တော်သို့ . . . . အစဉ်လိုက်ခြင်းအလို၌ ကိုယ်စိတ်နှလုံးကိုတိုက်တွန်းပါ၏။"
ဆာ၊ ၁၁၉း၁၀၅-၁၁၂။

---

ကျွန်ုပ်တို့သည် လူသားမိသားဝင်တိုင်းနှင့်ပေါင်းသင်းဆက်ဆံရာတွင် ဘုရားသခင်၏နှုတ်ထွက်စကားတော်သည် သန့်စင်စေသော အကျိုးသက်ရောက်မှုရှိပါသည်။ ဘုရားသခင်၏တရားတဆေးသည် လူသားအချင်းချင်းဂုဏ်ပြိုင်လိုသောစိတ်မရှိ၊ ထင်ပေါ်ကျော်စောခြင်းကို တပ်မက်သောစိတ်မရှိ၊ အကြီးဆုံးဖြစ်လိုသောစိတ်မရှိ၊ အထွက်မှပေါက်ဖွားသောမေတ္တာမှန်သည် ကိုယ်ကျိုးကိုမလိုလား၊ ဖေါက်ပြန်ခြင်းမရှိ၊ လူတို့၏ချီးမြှောက်ခြင်းအပေါ်တွင်လည်း မူတည်သည်မဟုတ်ပါ။ ဘုရားသခင်၏ကျေးဇူးတော်ကိုလက်ခံရယူထားသောသူသည် ဘုရားသခင်ကိုလည်းကောင်း၊ ခရစ်တော်၏အသေခံရယူထားသောသူသည် ဘုရားသခင်ကိုလည်းကောင်း၊ ခရစ်တော်၏အသေခံတော်မူသောလူသားများကိုလည်းကောင်းချစ်မြတ်နိုးလိမ့်မည်။ မိမိအားသူတစ်ပါးကအသိအမှတ်ပြုဖို့အားထုတ်ကြိုးစားလိမ့်မည်မဟုတ်။ သူသည်သူတစ်ပါးအားချစ်မြတ်နိုးသည်မှာ သူတစ်ပါးကသူ့ကိုချစ်၍မဟုတ်၊ ကျေးဇူးပြုကြ၍လည်းမဟုတ်၊ သူ၏ကောင်းမှုများကိုတန်ဖိုးထားကြ၍မဟုတ်၊ သူတို့သည် ခရစ်တော်၏အသေခံခြင်းအားဖြင့် ဝယ်ယူထားသောသူများဖြစ်သောကြောင့်သာတည်း။ အကယ်၍သူ၏ရည်ရွယ်ချက်များ၊ အပြောအဆိုများ၊ (သို့မဟုတ်) အပြုအမူများကို သူတစ်ပါးတို့ကအထင်မှားလျှင်သော်လည်းကောင်း၊ ဆိုလိုရင်းအနက်အကောက်မှားလျှင်သော်လည်းကောင်း သူသည် စိတ်ပျက်လိမ့်မည်မဟုတ်၊ မိမိ၏လမ်းစဉ်အတိုင်းပင်ဆက်လက်ဆောင်ရွက်လိမ့်မည်။ သူသည် ကြင်နာသနားတတ်၏။ ဆင်ခြင်စဉ်းစားတတ်၏။ ကိုယ်ကိုကိုယ်အထင်မကြီးတတ်။ သို့သော်မျှော်လင့်ချက်အပြည့်အဝရှိ၏။ ဘုရားသခင်၏ကျေးဇူးတော်နှင့်မေတ္တာတော်ကိုစွဲမြဲစွာယုံကြည်ကိုးစား၏။

"သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည်နည်းတူကျင့်ကြံပြုမူ သမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့။ အကြောင်း

မှုကား၊ ငါသည်သန့်ရှင်းတော်မူသောကြောင့် သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့ဟု ခရစ်ယာန်ကျမ်းစာလာ" ကြောင်း တမန်တော်ပေတရုကသွန်သင်ထားပါသည်။ ၁ပေ ၁း၁၅-၁၆။ ခရစ်တော်၏ကျေးဇူးတော်အားဖြင့် စိတ်နေသဘောထားနှင့်အသံကို ချုပ်ထိန်းထားရန်ဖြစ်ပါသည်။ ယင်းလုပ်ဆောင်မှုကိုယဉ်ကျေးစွာဖြင့်လည်းကောင်း၊ နူးညံ့သိမ်မွေ့စွာဖြင့်လည်းကောင်း၊ ကြင်နာစွာဖြင့်လည်းကောင်း၊ အားပေးစကားပြောဆိုခြင်းဖြင့်လည်းကောင်း၊ ညီအစ်ကိုအချင်းချင်းဆက်ဆံရာတွင်လည်းကောင်းတွေ့မြင်နိုင်ပါသည်။ ထိုကဲ့သို့သောမိသားစုတွင်ဘုရားသခင်၏ ကောင်းကင်တမန်ရှိပါသည်။ နံ့သာပေါင်းကိုလှူသောရနံ့သကဲ့သို့ အသက်တာ၏မွှေးကြိုင်သောရနံ့သည် ထာဝရဘုရား၏အထံတော်သို့တက်လေ၏။ ကျေးဇူးပြုခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ သည်းခံခြင်းနှင့်စိတ်ရှည်ခြင်းများအားဖြင့် မေတ္တာတရားထင်ရှား၏။

ခရစ်တော်ကိုချစ်မြတ်နိုး၍ ကိုယ်တော်၏ပညတ်တော်တို့ကိုစောင့်ထိန်းသောသူ၏စိတ်နှလုံးတါင် ခရစ်တော်တည်ရှိတော်မူသည်ဖြစ်၍ သူ၏မျက်နှာသည်ရွှင်လန်း၏။ အသွင်အပြင်ပြောင်းလဲခြင်းသို့ရောက်၏။ မျက်နှာတွင် ဘုရားသခင်၏တရားထင်ရှား၏။ ကောင်းကင်နိုင်ငံတော်၏ သာယာသောငြိမ်သက်ခြင်းသည်သူ၏မျက်နှာတွင်ထင်ရှားပေါ်လွင်၏။ လူသားတို့၏သာမန်မေတ္တာထက်ပိုသောမေတ္တာတရားနှင့် နူးညံ့သိမ်မွေ့သောလက္ခဏာသည် သူ၏မျက်နှာတွင်ပေါ်လွင်ထင်ရှား၏။

တဆေးနှင့်တူသော ဘုရားသခင်၏တရားသည် လူတစ်ကိုယ်လုံးကိုပြောင်းလဲစေ၏။ မယဉ်ကျေးသောသူကို ယဉ်ကျေးသိမ်မွေ့စေ၏။ ကြမ်းတမ်းသောသူကို နူးညံ့သိမ်မွေ့စေ၏။ ကိုယ်ကျိုးလိုသားသူကို

ရက်ရောသောသူဖြစ်စေ၏။ မသန့်ရှင်းသောသူကို ခရစ်တော်၏အသေခံခြင်းအားဖြင့်ဆေးကြော၍ ယင်းဘုရားသခင်၏တရားအားဖြင့်သန့်စင်စေ၏။ ၎င်းသည်အသက်ပေးနိုင်သော တန်ခိုးရှိသဖြင့် ကိုယ်စိတ်နှစ်ပါးနှင့် စွမ်းအားရှိသမျှကို ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့နိုင်သည့်အခြေသို့ရောက်စေ၏။ လူသည် လူသားသဘာဝနှင့်ပင် ဘုရားသခင်နှင့်ဆက်ဆံနိုင်သောသူဖြစ်လာ၏။ အကျင့်စုံလင်လာသည်ဖြစ်၍ ခရစ်တော်၏ဘုန်းတော်ကိုချီးမွမ်းရာရောက်ပါသည်။ ဤကဲ့သို့ပြောင်းလဲမှုများဖြစ်ပေါ်လာသောအခါ ကောင်းကင်တမန်တို့သည် ဝမ်းမြောက်ဝမ်းသာစွာသီဆိုကြ၍ ဘုရားသခင်နှင့်ခရစ်တော်တို့သည် သန့်ရှင်းသူများ၏အသွင်သို့ပုံသဏ္ဍာန်ပြောင်းလဲမှုများအတွက် ဝမ်းမြောက်တော်မူကြ၏။

---ooo---

# “ဝှက်ထားသောဘဏ္ဍာ”

**မ၊ ၁၃း၄၄။ ကိုအခြေပြုပါသည်။**

“တစ်နည်းကား၊ ကောင်းကင်နိုင်ငံတော်သည် လယ်၌ဝှက်ထားသောဘဏ္ဍာနှင့်တူ၏။ ထိုဘဏ္ဍာကိုတွေ့သောသူသည် တစ်ဖန်ဖုံးအုပ်၍ ဝမ်းမြောက်သောစိတ်နှင့်သွားပြီးလျှင် ရတတ်သမျှကိုရောင်း၍ ထိုလယ်ကို ဝယ်လေ၏။”

ရှေးအခါက သူခိုးဓါးပြပေါများသောကြောင့် လူတို့သည် မိမိတို့၏ဥစ္စာဘဏ္ဍာများကို မြေတွင်းမြှုပ်နှံထားလေ့ရှိကြပါသည်။ ၎င်းအပြင်အုပ်ချုပ်သူအာဏာပိုင်များပြောင်းလဲသောအခါတိုင်းဥစ္စာပစ္စည်းကြွယ်ဝသူများအပေါ်အခွန်အတုတ်များစွာစည်းကြပ်လေ့ရှိကြပါသည်။ ထို့မျှမက တိုင်းပြည်ကိုဝင်ရောက်တိုက်ခိုက်လုယက်သောလူဆိုးများနှင့်လည်း မကြာခဏရင်ဆိုင်ရတတ်ပါသည်။ ထိုကြောင့်ဥစ္စာပစ္စည်းပေါကြွယ်ဝသူများသည် မိမိတို့ပိုင်ဆိုင်ဥစ္စာဘဏ္ဍာများတည်မြဲစေရန်ကြိုးစား၍ သို့ဝှက်ထားရကြသည်ဖြစ်ရာ မြေ၌မြှုပ်နှံထားလျှင် လုံခြုံသည်ဟုသဘောထားကြ၏။ သို့သော် ယင်းမြှုပ်နှံထားသောနေရာကိုမေ့လျော့သွားတတ်ပါသည်။ (သို့မဟုတ်) ဥစ္စာရှင်သေဆုံးခြင်း၊ အကျဉ်းထောင်သို့ကျရောက်ခြင်း၊ ပြည်နှင်ဒဏ်ခံရခြင်းများကြောင့် မိမိပိုင်ဥစ္စာဘဏ္ဍာများနှင့်ခွဲခွာရတတ်သဖြင့် ဆင်းရဲခံပြီးစုဆောင်းသိုဝှက်ထားသောဘဏ္ဍာများကိုအကြောင်းအားလျော်စွာ အခြားသူတစ်ဦးတစ်ယောက်ကတွေ့ရှိသွားတတ်ပါသည်။ ခရစ်တော်လက်ထက်က အမှုမဲ့အမှတ်မဲ့ထားသောမြေများတွင် ရှေးဟောင်းငွေဒင်္ဂါးများ ရွှေတန်ဆာ၊ ငွေတန်ဆာများတွေ့ရတတ်ပါသည်။

ထိုအချိန်က လူတစ်ယောက်သည် စိုက်ပျိုးရေးလုပ်ရန်မြေတစ်ကွက်ကိုငှါး၍ နွားတို့နှင့်ထွန်ယက်သောအခါ မြှုပ်နှံထားသောဘဏ္ဍာကိုတွေ့လေ၏။ ထိုသူသည် ယင်းဘဏ္ဍာရတနာများကိုတွေ့သောအခါ ဥစ္စာပစ္စည်းကြွယ်ဝခြင်းသို့ရောက်တော့မည်ကိုသိ၍ တွေ့သောရွှေငွေတို့ကို နဂိုမူလအတိုင်းပြန်၍မြှုပ်ထားပြီးလျှင် ဝှက်ထားသောဘဏ္ဍာများရှိသည့်လယ်မြေကိုဝယ်ယူရန်အတွက် အိမ်သို့ပြန်၍ မိမိပိုင်ပစ္စည်းရှိသမျှကိုရောင်းလေ၏။ သူ၏အိမ်သူအိမ်သားများနှင့်အိမ်နီးချင်းတို့က သူသည်စိတ်မနှံ့သောသူကဲ့သို့ပြုသည်ဟုထင်မှတ်ကြ၏။ ဂရုမစိုက်ဘဲပစ်ထားသောလယ်မြေဖြစ်၍ တန်ဖိုးရှိသည်ဟု သူတို့မထင်မမှတ်ကြ။ သို့သော်ထိုသူကားတပ်အပ်သေချာစွာသိ၏။ ယင်းလယ်မြေကိုဝယ်၍ ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းများရရှိသောအခါ လယ်မြေတစ်ကွက်လုံးအနှံ့အပြားရှာဖွေ၍ မိမိပိုင်ဆိုင်သောရွှေငွေဥစ္စာဘဏ္ဍာများကို စိတ်တိုင်းကျရယူလေ၏။

ဤဥပမာသည် ကောင်းကင်ဘဏ္ဍာ၏တန်ဖိုးနှင့်ယင်းဘဏ္ဍာကိုရအောင်ယူရန်ကြိုးစားအားထုတ်သင့်ကြောင်း ပုံဆောင်ထားခြင်းဖြစ်ပါသည်။ လယ်တွင်မြှုပ်နှံထားသောဘဏ္ဍာကိုတွေ့သောသူသည် ယင်းဘဏ္ဍာကိုရယူရန်အတွက် မိမိပိုင်ဆိုင်သမျှကိုစွန့်လွှတ်၍ အားသွန်ခွန်စိုက်လုပ်ဆောင်ရန် အသင့်ဖြစ်နေပါသည်။ ထိုနည်းတူစွာ ကောင်းကင်ဘဏ္ဍာကိုတွေ့သိသောသူသည်လည်း ဥစ္စာဘဏ္ဍာနှင့်တူသောဘုရားသခင်၏တရားအတွက် မည်ကဲ့သို့သောစွန့်လွှတ်မှုကိုမျှ ကြီးလွန်းသည်ဟူ၍လည်းကောင်း၊ မည်ကဲ့သို့သောလုပ်ဆောင်မှုကိုမျှပင်ပန်းလွန်းသည် ဟူ၍လည်းကောင်းသဘောထားလိမ့်မည်မဟုတ်ပါ။

ဥပမာတွင် လယ်မြေသည် ခရစ်ယာန်ကျမ်းစာတော်မြတ်ဖြစ်၍ ဝှက်ထားသောဘဏ္ဍာသည် ဧဝံဂေလိတရားတော်ဖြစ်ကြောင်း ပုံဆောင်ထားပါသည်။ ဘုရားသခင်၏ နှုတ်ထွက်တရားတော်သည် ရတနာရွှေငွေတည်းဟူသော ဧဝံဂေလိသတင်းစကားများနှင့်ပြည့်ဝနေသကဲ့သို့ကမ္ဘာမြေကြီးသက်သက်တွင် ရွှေကြောများလိမ်ယှက်၍ ရတနာများပြည့်ဝနေသည်မဟုတ်ပါ။

## မည်သို့ဝှက်ထားပါသနည်း

ဧဝံဂေလိတရားတည်းဟူသော ဘဏ္ဍာကိုဝှက်ထားသည်ဟုဆိုပါသည်။ ကိုယ်ကိုကိုယ် ပညာရှင်ဟုအခေါ်ခံသူများနှင့်အချည်းနှီးသောအတွေးအခေါ်များအားဖြင့် စိတ်နေမြင့်နေသောသူများသည်ရွေးနုတ်ခြင်းအကြံအစည်၏နက်နဲပုံ၊ တန်ခိုးကြီးပုံနှင့် တင့်အပ်လျောက်ပတ်ပုံများကိုနားလည်နိုင်ကြလိမ့်မည်မဟုတ်ပါ။ မျက်စိရှိသူအများစုမမြင်၊ နားရှိသူအများစုလည်းမကြား၊ ထက်မြက်သောဉာဏ်ရည်ဉာဏ်စွမ်းရှိသော်လည်း ဝှက်ထားသောဘဏ္ဍာရတနာအကြောင်းကို သူတို့မသိကြ။

လူတစ်ယောက်သည် မြှုပ်နှံထားသောဘဏ္ဍာရှိရာနေရာကိုဖြတ်ကျော်သွားကောင်းသွားပေလိမ့်မည်။ သူသည်မောပန်းနွမ်းရိသဖြင့်သစ်ပင်ရိပ်တွင်ခဏမျှထိုင်၍ နားနေမိခဲ့မည်ဖြစ်သော်လည်း ယင်းသစ်ပင်၏အောက်ခြေတွင်များစွာသောဘဏ္ဍာကို မြှုပ်နှံထားကြောင်းမသိဘဲရှိနိုင်ပါသည်။ ယုဒလူတို့မှာယင်းကဲ့သို့ပင်ဖြစ်ခဲ့ကြပါသည်။ ရွှေငွေဘဏ္ဍာများတည်းဟူသောဘုရားသခင်၏တရားကို ဟေဗြဲလူတို့အားယုံမှတ်လွှဲအပ်ထားခဲ့ပါသည်။ ကောင်းကင်အမှတ်တံဆိပ်ပါသောယုဒလူတို့၏ စီးပွားရေး၊ စားဝတ်နေရေးကို ခရစ်တော်ကိုယ်တိုင်ပြဋ္ဌာန်းခဲ့ပါသည်။ မွန်မြတ်လှသောရွေးနုတ်ခြင်းဆိုင်ရာ သစ္စာတရားများကို

ပုံစံများဖြင့်လည်းကောင်း၊ အထိမ်းအမှတ်များဖြင့်လည်းကောင်း အရိပ်နိမိတ်ပြခဲ့ပါသည်။ ခရစ်တော်ကိုပြည့်စုံခဲ့သော ယင်းအထိမ်းအမှတ်များရှိခဲ့ပါလျက် ခရစ်တော်ကြွလာသောအခါ ယုဒလူတို့သည် ကိုယ်တော်ကိုအသိအမှတ်မပြုကြ။ သူတို့၏လက်ဝယ်တွင် ဘုရားသခင်၏နှုတ်ထွက်တရားတော်ရှိခဲ့ပါလျက် ခေတ်အဆက်ဆက်မှဆင်းသက်ခဲ့သောထုံးစံဓလေ့များနှင့်လူတို့ဆိုလိုရင်းအနက်ဖော်ပြထားသောခရစ်ယာန်ကျမ်းစကားများကြောင့် ယေရှု၌ရှိတော်မူသောဘုရားသခင်၏တရားမှန်ကိုသူတို့မသိမတွေ့ကြ။ ခရစ်ယာန်ကျမ်းစာတော်မြတ်၏ဝိညာဉ်ရေးဆိုင်ရာဆိုလိုရင်းအနက်သက်ရောက်မှုများကို မျက်ခြည်ပြတ်ကြ၏။ ဉာဏ်ပညာပေါင်းစုံပါဝင်သော ဘဏ္ဍာတိုက်ကြီးကို သူတို့အတွက်ဖွင့်ပေးထားသော်လည်း သူတို့မတွေ့မသိနားမလည်ကြ။

ဘုရားသခင်သည် မိမိ၏တရားကိုလူတို့ထံမှဖုံးကွယ်၍မထားပါ။ သူတို့၏လုပ်ငန်းစဉ်များကသာ သူတို့ကိုမှောင်မိုက်နှင့်ဖုံးလွှမ်းထားပါသည်။ မိမိသည်မေရှိယဖြစ်ကြောင်း ယုဒ၏လူတို့အား ပြည့်စုံကိုလုံသောအထောက်အထားများပေးထားတော်မူ၏။ သို့သော်ကိုယ်တော်၏သွန်သင်ချက်များသည် သူတို့၏အသက်တာလမ်းစဉ်ကို လုံးလုံးလျားလျားပြောင်းလဲရန်တောင်းဆိုနေပါသည်။ သူတို့သည် ခရစ်တော်အားလက်ခံခဲ့ပါလျှင် သူတို့နှစ်သက်မြတ်နိုးသောဆိုရိုးစကားများ၊ ရိုးရာဓလေ့များ၊ တစ်ကိုယ်ကောင်းစိတ်ထားများနှင့် ဘုရားသခင်ကိုမသိသောနေထိုင်ခြင်းများကို စွန့်လွှတ်ရကြမည်ကိုသူတို့သိနှင့်ကြ၏။ ပြောင်းလဲခြင်းမရှိသောထာဝရတရားကိုလက်ခံရန် အနစ်နာခံရမည်။ ထိုကြောင့် ခရစ်တော်ကိုယုံကြည်ရန် ဘုရားသခင်သည် သူတို့အားသက်သေခံချက်လုံလောက်စွာပေးနိုင်တော်မူသည်ကို သူတို့ဝန်မခံကြ။ ခရစ်ယာန်ကျမ်းဟောင်းများကိုယုံကြည်ပါသည်ဟု သူတို့ကဆိုပါသည်။ သို့ပါလျက်

ယင်းကျမ်းများတွင်ဖေါ်ညွှန်းထားသော ခရစ်တော်အကြောင်းနှင့် ကိုယ်တော်၏အသက်တာအတွက် သက်သေခံချက်များကို သူတို့လက် မခံကြ။ သူတို့သည် ပြောင်းလဲခြင်းသို့ရောက်၍သူတို့တင်ကူးမှတ်ယူ ထားသောသဘောတရားများကို မလွဲမသွေစွန့်လွှတ်ရမည်ကိုစိုးရိမ် သောကြောင့် သူတို့နားမလည်လိုကြ။ ဇေ၀ဂေလိုတရားတော်ဆိုင်ရာ ဘဏ္ဍာတည်းဟူသောလမ်းခရီး၊ ဘုရားသခင်၏တရားနှင့်အသက်ဖြစ် တော်မူသည့်ခရစ်တော်သည် သူတို့နှင့်အတူရှိနေတော်မူသော်လည်း ကောင်းကင်၏အကြီးမြတ်ဆုံးသောလက်ဆောင်တော်ကို သူတို့ငြင်းပယ် ကြ၏။

"အရာရှိအများတို့သည် ကိုယ်တော်ကိုယုံကြည်ကြ၏။ ခရစ် ယာန်တရားဇရပ်မှဖါရိရှဲတို့သည် နှင်ထုတ်မည်ကိုစိုးရိမ်သောကြောင့် ထင်ရှားစွာ၀န်မခံကြ" ဟု ကျမ်းစာတွင်တွေ့ဖတ်ရပါသည်။ ယော၊ ၁၂း၄၂။ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း သူတို့ ယုံကြည်ကြ၏။ နားလည်သဘောပေါက်ကြ၏။ သို့သော် သူတို့၏ ကျော်စောထင်ပေါ်လိုသောစိတ်နှင့်မကိုက်ညီသောကြောင့် ကိုယ်တော်ကို ၀န်မခံကြ။ သူတို့သည် ဘောကဘဏ္ဍာကိုသာရှာဖွေနေကြသောကြောင့် ကောင်းကင်ဘဏ္ဍာကိုစိတ်ချလက်ချပိုင်ဆိုင်နိုင်လောက်သည့် ယုံကြည်ခြင်း သူတို့တွင်မရှိပါ။

ယနေ့လောကတွင်လည်း လူတို့သည် လောကဘဏ္ဍာများကိုသာ မက်မက်မောမောရှာဖွေစုဆောင်းနေကြပါသည်။ သူတို့သည် ကိုယ့်ကျိုး ကိုယ့်စီးပွားကိုလိုလား၍ ထင်ပေါ်လိုသောစိတ်ထားများနှင့်ပြည့်၀နေကြ ၏။လောကစည်းစိမ်ကြွယ်၀ခြင်း၊ ဘုန်းအသရေကြီးခြင်း၊ တန်ခိုး အရှိန်အ၀ါကြီးခြင်း များကိုလိုလားသောကြောင့် ရိုးရာအစဉ်အလာများ၊

ထုံးစံဓလေ့များနှင့်လူတို့၏လိုအပ်ချက်များကို ဘုရားသခင်ဆင့်ဆိုတော်မူချက်များထက် ဦးစားပေးကြ၏။ ထိုကဲ့သို့သောသူများထံမှ နှုတ်ထွက်တရားတော်ဆိုင်ရာဘဏ္ဍာတော်များသည် ဖုံးကွယ်လျက်ရှိပါသည်။

"ပကတိလူသည် ဘုရားသခင်၏ ဝိညာဉ်တော်အရာတို့ကို မခံမယူ။ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟုထင်တတ်၏။ ထိုအရာတို့ကိုဝိညာဉ်တော်အားဖြင့်သာပိုင်းခြား၍ နားလည်နိုင်သောကြောင့်ပကတိလူသည် နားမလည်နိုင်။" ၁ ကော ၂း၁၄။

"ငါတို့ဟောပြောသော ဧဝံဂေလိတရားသည် ဖုံးအုပ်လျက်ရှိလျှင်ဆုံးရှုံးခြင်းသို့ရောက်သောသူတို့အားသာဖုံးအုပ်လျက်ရှိ၏။ ထိုသို့မယုံကြည်သောသူတို့ကား ဘုရားသခင်၏ပုံသဏ္ဍာန်တော်တည်းဟူသောခရစ်တော်၏ဘုန်းအသရေနှင့်ပြည့်စုံသော ဧဝံဂေလိတရား၏အရောင်သည် အလင်းကိုမပေးစေခြင်းငှါ ဤလောကကိုအစိုးရသောဘုရားသခင်သည် သူတို့၏ဉာဏ်မျက်စိကိုကွယ်စေ၏။" ၂ကော ၄း၃၊၄။

## ဘဏ္ဍာ၏တန်ဖိုး

လူတို့သည် အကျိုးအမြတ်ရရှိရေး၌သာ စိတ်ဝင်စားနေကြသောကြောင့် ထာဝရကာလ၏အမှန်ဖြစ်ရပ်များကို မျက်ခြည်ပြတ်နေကြသည်ကို ကိုယ်တော်သိတော်မူ၏။ ထို့ကြောင့် ယင်းအမှားကိုပြုပြင်ရန်ကိုယ်တော်ဆောင်ရွက်တော်မူ၏။ အသက်ဝိညာဉ်ကိုသေစေတတ်သည့်မကောင်းမှု၌ စွဲလမ်းနေခြင်းများကိုဖြတ်တောက်ရန်ကိုယ်တော်အလိုရှိတော်မူ၏။ ထို့ကြောင့်၊ "လူသည်မိုးကုပ်စက်ဝိုင်းကိုအကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ် ရှုံးလျှင်အဘယ်ကျေးဇူးရှိသနည်း။ မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်ရွေးနိုင်သနည်း" ဟု အသံမြင့်၍ မိန့်တော်မူ၏။ မ ၁၆း၂၆။ ထာဝရကာလ၏အမှန်ဖြစ်ရပ်များကို ဆုံးရှုံး

နေသောလူသားတို့ကိုတွေ့မြင်နိုင်စေရန် သူတို့မျက်ခြည်ပြတ်နေသည့်သာ၍မြတ်သောကမ္ဘာကို သူတို့အားထင်ရှားစွာပြတော်မူ၏။ ပြော၍မကုန်နိုင်သည့်ဘုန်းတန်ခိုးရှိတော်မူသော ဘုရားသခင်၏တံခါးဝသို့ သူတို့ကိုပို့ဆောင်၍ ကိုယ်တော်ထံ၌ရှိသောဘဏ္ဍာများကိုပြတော်မူ၏။

ယင်းဘဏ္ဍာများသည် ရွှေငွေရတနာထက်တန်ဖိုးကြီး၏။ ကမ္ဘာမြေကြီးပေါ်၌ရှိသောသတ္တုတွင်းများ၏ရတနာပေါင်းနှင့် နှိုင်းယှဉ်၍မရနိုင်။

"နက်နဲသောအရပ်ကငါ၌မရှိ။
ပင်လယ်ကလည်း ငါ၌မရှိဟုဆိုတတ်၏။
ရွှေစင်ကိုပေး၍ပညာအဖိုးကိုမမီနိုင်။
ငွေကိုချိန်၍ ပညာအဖိုးကိုမမီနိုင်။
သြဖိရရွှေ၊ မြတ်သောရှုဟံကျောက်၊
နီလာကျောက်နှင့်ဝယ်သော်လည်းမရနိုင်။
ရွှေဖြစ်စေ၊ ကျောက်သလင်းဖြစ်စေ၊ မမီနိုင်။
ရွှေစင်တန်ဆာနှင့်ဖလှယ်၍မရနိုင်။
သန္တာနှင့်ပုလဲကိုပြောစရာမရှိ။
ပညာသည် ပတ္တမြားထက်သာ၍အဖိုးကြီး၏။"
ယောဘ ၂၈း၁၄-၁၈။

ဤဘဏ္ဍာများအကြောင်းကိုခရစ်ယာန် ကျမ်းစာတော်မြတ်တွင်ရှာဖွေတွေ့သိနိုင်ပါသည်။ ၎င်းကျမ်းစာသည် ဘုရားခင်၏သင်ခန်းစာစာအုပ်ကြီးဖြစ်၍ ကိုယ်တော်၏နည်းပြ ဆရာကြီးလည်းဖြစ်ပါသည်။ သိပ္ပံပညာမှန် အပေါင်း၏အခြေခံသည် ၎င်းကျမ်းစာတွင်ပါဝင်ပါသည်။

ဘုရားသခင်၏နှုတ်ထွက်တရားတော်ကို စူးစမ်းရှာဖွေလျှင် ပညာ၏အခန်းကဏ္ဍမှန်သမျှကိုတွေ့နိုင်ပါသည်။ ထိုမျှမက သိပ္ပံပညာတကာတို့၏သိပ္ပံပညာဖြစ်သောကယ်တင်ခြင်းဆိုင်ရာသိပ္ပံပညာသည်လည်း နှုတ်ထွက်တရားတော်၌ပါဝင်ပါသည်။ ခရစ်ယာန်ကျမ်းစာသည် စူးစမ်းရှာဖွေ၍မကုန်နိုင်သည့်ခရစ်တော်၏ရတနာသိုက်ကြီးဖြစ်ပါသည်။

ဘုရားသခင်၏နှုတ်ထွက်တရားတော်ကိုလေ့လာသင်ကြားလိုက်နာခြင်းအားဖြင့် အဆင့်မြင့် ပညာမှန်ကိုရရှိနိုင်ပါသည်။ ယင်းနှုတ်ထွက်တရားတော်မှအပ ဘုရားသခင်ထံတော်သို့လည်းကောင်း၊ ကောင်းကင်နိုင်ငံတော်သို့လည်းကောင်း လမ်းညွှန်ခြင်းမပြုသောစာအုပ်များကိုလေ့လာသင်ကြား၍ ရရှိသောပညာသည် လောကပညာဖြစ်ပါသည်။

သဘာဝတွင် အံ့ဩဖွယ်ရာဘုရားသခင်၏တရားများရှိပါသည်။ ကမ္ဘာမြေကြီး၊ ပင်လယ်နှင့်ကောင်းကင်တွင် ၎င်းတရားများပြည့်လျှံလျက်ရှိပါသည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏နည်းပြဆရာများဖြစ်၍ ထာဝရဘုရားသခင်၏တရားနှင့်ကောင်းကင်ပညာဆိုင်ရာ သင်ခန်းစာများကို သဘာဝကသင်ကြားပို့ချလျက်ရှိနေပါသည်။ သို့သော် ဆုံးရှုံးသောလူသားသည် နားလည်မည်မဟုတ်ပါ။ အပြစ်သည် သူ၏အမြင်အာရုံ ကိုမှုန်ဝေစေသောကြောင့် သဘာဝကိုဘုရားသခင်ထက်ဦးစားပေးပါကသူ၏ကိုယ်ပိုင်ဉာဏ်ဖြင့် ဆိုလိုရင်းအနက်ကောက်ယူနိုင်မည်မဟုတ်ပါ။ ထာဝရဘုရား၏နှုတ်ထွက်တရားတော်ကို ငြင်းပယ်သောသူတို့၏ဉာဏ်မျက်စိတွင် သင်ခန်းစာမှန်ကိုခွဲခြားသိမြင်နိုင်မည် မဟုတ်ပါ။ သူတို့သည် သဘာဝ၏သင်ကြားချက်များကို အလွဲယူဆသောကြောင့် ဘုရားသခင်ကိုကျောခိုင်းကြ၏။

လူအများစုက လူ၏ပညာကိုဘုရားသခင်၏ပညာထက်အဆင့်မြင့်သည်ဟုယူဆ၍ဘုရားသခင်၏သင်ခန်းစာစာအုပ်တွင်စိတ်ပါဝင်စားမှုမရှိ၊ ခေတ်နောက်ကျနေသည်ဟုသဘောပိုက်ကြ၏။ သို့သော်သန့်ရှင်းသောဝိညာဉ်တော်တိုက်တွန်းနှိုးဆော်ခြင်းကို လက်ခံသောသူတို့ကမူ ထိုသို့သဘောမထားဘဲ အဖိုးမဖြတ်နိုင်သောဘဏ္ဍာကိုတွေ့မြင်သောကြောင့်ယင်းရတနာ ဘဏ္ဍာရှိသောလယ်မြေကိုဝယ်ယူရန် မိမိတို့ပိုင်သမျှကိုရောင်းချလိမ့်မည်။ နာမည်ကြီးသောစာရေးဆရာတို့၏စာပေများတွင်ပါဝင်သော အတွေးအခေါ်များအစား အကြီးဆုံးသောစာရေးဆရာကြီးဖြစ်တော်မူသော၊ ကမ္ဘာကြီးကသိသမျှတွင် အကြီးဆုံးနည်းပြဆရာကြီးဖြစ်တော်မူသော၊ မိမိ၏အသက်တော်ကိုလည်း ကျွန်ုပ်တို့အတွက်စွန့်တော်မူသော ကိုယ်တော်အားဖြင့် ကျွန်ုပ်တို့သည် ထာဝရအသက်ကိုရမည်အကြောင်း ကိုယ်တော်၏နှုတ်ထွက်တရားတော်ကိုရွေးချယ်ကြ၏။

## ဘဏ္ဍာကိုငြင်းပယ်လျှင်

အံ့သြဖွယ်ကောင်းသောအတတ်ပညာများကို ဆည်းပူးရယူရန်အတွက်ဘုရားသခင်ကို ကိုးစားရန်မလိုဟုလူတို့ထင်မြင်ယူဆရလေအောင်စာတန်သည် အမြဲတစေကြံစည်လျက်နေပါသည်။ ယင်းလိမ်လည်လှည့်ဖြားသောနည်းလမ်းဖြင့်ပင် အာဒံနှင့်ဧဝတို့အား ဘုရားသခင်၏စကားတော်ကိုသံသယဖြစ်၍နားမထောင်သည်တိုင်အောင်ဖြားယောင်းခဲ့၏။ သူ၏စဉ်းလဲသောဉာဏ်ဆင်မှုဖြင့် ဒေင်အရပ်တွင် အလုပ်လုပ်ခဲ့သကဲ့သို့ယနေ့လည်းလုပ်ဆဲပင်။ လူငယ်များအားပညာသင်ပေးရာတွင်တရားနှင့်ဘုရားသခင်ကိုမကြည်ညိုသောစာရေးဆရာတို့၏သဘောတရားများကိုရောပွမ်း၍သင်ပေးသောဆရာတို့သည်လူငယ်များအားဘုရားသခင်

ကိုမယုံကြည်မကိုးစားစေသည်သာမက ပညတ်တော်များကိုလွန်ကျူးစေမည့်အတွေးအခေါ်များကိုသင်ပေးနေခြင်းဖြစ်ပါသည်။ ထိုကြောင့်မည်သည့်အမှုကိုပြုလုပ်နေသည်ဟု သူတို့မသိကြ။ သူတို့၏လုပ်ငန်းအတွက်မည်သို့အကျိုးသက်ရောက်လိမ့်မည်ဟုလည်း သူတို့သဘောမပေါက်ကြ။

စာသင်သားတစ်ဦးသည် ယနေ့လောကတွင်ကျောင်းသားများနှင့်တက္ကသိုလ်များတွင်ပညာဆည်းပူးပြီးကောင်း ပြီးပေလိမ့်မည်။ ပညာရရှိရန်စွမ်းအားရှိသမျှနှင့်အားထုတ်ကောင်းအားထုတ်ပေလိမ့်မည်။ သို့သော် ဘုရားသခင်၏အကြောင်းကို မသိသေးပါကလည်းကောင်း၊ သူ၏ကိုယ်ထည်ဖြစ်ပျက်နေပုံကိုစိုးမိုးသည့် တရားစည်းကမ်းများကိုမလိုက်နာပါကလည်းကောင်းသူသည် ကိုယ်ကိုကိုယ်ဖျက်ဆီးလိမ့်မည်။ လွဲမှားသောအကျင့်ဓလေ့များကြောင့် ကိုယ့်တန်ဖိုးကိုယ်မထားဘဲနေလိမ့်မည်။ ကိုယ်ကိုယ်ကိုမချုပ်တည်းနိုင်သည့်အခြေသို့ရောက်လိမ့်မည်။ ကိုယ်တိုင်နှင့်ပတ်သက်သောအကြောင်းအရာများကို မှန်ကန်စွာမစဉ်းစားနိုင်ဘဲရှိလိမ့်မည်။ မဆင်ခြင်မစူးစမ်းဘဲ ကိုယ်ရောစိတ်ပါမသင့်မလျော်ပြုလိမ့်မည်။ မကောင်းသောအကျင့်ဓလေ့တို့ဖြင့်ကိုယ်ကိုကိုယ်ဖျက်ဆီးလိမ့်မည်။ သန့်ရှင်းစင်ကြယ်သောကျန်းမာရေးအခြေခံသဘောတရားများကို ဂရုမစိုက်ဘဲငြိမ်သက်ခြင်းကိုပျက်စီးစေသည့်အလေ့အကျင့်များကို ဦးစားပေးခဲ့သောကြောင့် သူသည်ပျော်ရွှင်မှုစစ်ကိုမရနိုင်။ ကိုယ်ကိုကိုယ်ဖျက်ဆီးထားသောကြောင့်ကြိုးစားအားထုတ်၍သင်ကြားလေ့လာနိုင်သည့် ပညာသင်နှစ်များကိုဆုံးရှုံးရ၏။ ကာယစွမ်းအားနှင့်ဉာဏစွမ်းအင်များကိုအလွဲသုံးစားပြုသောကြောင့် ကိုယ်ထည်ဗိမာန်ပျက်စီးရ၏။ ယခုဘဝအသက်တာသာမက နောင်ဘဝအသက်တာ

ကိုပါပျက်စီးစေ၏။ လောကပညာကိုဆည်းပူးခြင်းအားဖြင့် ဘဏ္ဍာကို ရလိမ့်မည်ဟု သူယူဆခဲ့သော်လည်း ဘုရားသခင်၏တရားတော်ကို ပယ်ထားသောကြောင့် အရာခပ်သိမ်းထက်တန်ဖိုးကြီးသောဘဏ္ဍာ ရတနာကိုဆုံးရှုံးရ၏။

## ဘဏ္ဍာရှာဖွေခြင်း

ထာဝရဘုရား၏နှုတ်ထွက်တရားတော်သည် ကျွန်ုပ်တို့ရှာဖွေ ဆည်းပူးသောပညာရပ်ဖြစ်ရမည်။ ယင်းတရားတော်တွင် သိတွေ့နိုင် သောသစ္စာတရားများကို ကျွန်ုပ်တို့၏သားသမီးများအားသင်ကြားပေး ရမည်။ ယင်းပညာသည် မကုန်မခမ်းနိုင်သောဘဏ္ဍာရတနာဖြစ်သော် လည်း လူတို့သည်မိမိတို့၏လက်ဝယ်တွင်ရရှိပိုင်ဆိုင်အောင် မရှာဖွေ မစူးစမ်းကြသည့်အတွက် မတွေ့မသိကြ။ လူအများစုသည် ဘုရား သခင်၏တရားနှင့်ပတ်သက်၍မိမိတို့၏ထင်မြင်ယူဆချက်မျှဖြင့်သာ ရောင့်ရဲတင်းတိမ်နေကြ၏။ အရေးကြီးသောလိုအပ်ချက်များကို မိမိ ရရှိပြီဟု စိတ်ချယုံကြည်လျက် အပေါ်ယံလုပ်ငန်းဖြင့်သာ ကျေနပ်နေ ကြ၏။ မြှုပ်နှံထားသည့်ဘဏ္ဍာကိုတူးဆွရှာဖွေခြင်းနှင့်ပုံဆောင်ထားသော နှုတ်ထွက်စကားတော်တွင် ပါဝင်သောရတနာများကိုစူးစမ်းရှာဖွေရန် စိတ်ပါဝင်စားစွာဖြင့်လည်းကောင်း၊ မပျင်းမရိဘဲကြိုးစားလုပ်ဆောင် ခြင်းဖြင့်လည်းကောင်း စူးစမ်းရှာဖွေခြင်းမပြုလိုသောကြောင့် လူတို့၏ ဆိုရိုးစကားများကို ဘုရားသခင်၏တရားဟုသူတို့မှတ်ယူကြ၏။ သူတို့သည်ဘုရားသခင်၏နေရာတွင် လူကိုအစားထိုးကြသောကြောင့် လူတို့၏တီထွင်မှုများသည် စိတ်မချရသည်သာမက အခက်အခဲနှင့်ပင် ရင်ဆိုင်ရတတ်ပါသည်။ "ထာဝရဘုရားသခင်မိန့်တော်မူသည်ကား" ဟု

ပြောဆိုသုံးနှုန်းရမည့်နေရာတွင် လူတို့၏ဆိုရိုးစကားများကိုအစားထိုးကြ၏။

ခရစ်တော်သည် ဘုရားသခင်၏တရားတော်ဖြစ်တော်မူ၏။ ကိုယ်တော်၏စကားတော်တို့သည် ဘုရားသခင်၏တရားဖြစ်၍အပေါ်ယံတွင်မြင်သာသည်ထက် နက်နဲသောဆိုလိုရင်းအနက်ရှိပါသည်။ ခရစ်တော်မိန့်တော်မူသည့်စကားပုံများအားလုံးသည် အပေါ်ယံကအမြင်အားဖြင့်ရိုး၍လွယ်သည်ဟုထင်မှတ်ရသော်လည်းပိုမိုလေးနက်သောဆိုလိုရင်းအနက်ရှိပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သက်ရှင်နိုးကြားသောသူတို့သည်ယင်းစကားပုံများ၏တန်ဖိုးကို ကောင်းစွာနားလည်သဘောပေါက်ကြလိမ့်မည်။ ယင်းအဖိုးထိုက်သောဘုရားသခင်၏တရားကျောက်မျက်ရတနာများသည် ဝှက်ထားသောဘဏ္ဍာများဖြစ်သော်လည်း သူတို့ နားလည်သဘောပေါက်ကြလိမ့်မည်။

လူတို့၏အတွေးအခေါ်အယူအဆများအားဖြင့် ဘုရားသခင်၏နှုတ်ထွက်တရားတော်ကို မည်သည့်အခါမျှ နားလည်သဘောပေါက်ကြလိမ့်မည်မဟုတ်ပါ။ ဘုရရားသခင်၏တရားပညာကို နားလည်တတ်ကျွမ်းပါသည်ဟု အဆိုပြုသောသူတို့က အတတ်ပညာရတနာသိုက်များကိုဖေါ်ထုတ်ရန် သူတို့၏ဆိုလိုရင်းအနက်ကောက်ယူချက်များအရေးကြီးသည့်အပြင်အလွဲမှားသောသူများအသင်းတော်သို့ဝင်ရောက်လာခြင်းမှလည်းကွယ်ကာနိုင်လိမ့်မည်ဟု သူတို့ထင်မှတ်ကြပါသည်။ သို့သော်ယင်းဆိုလိုရင်းအနက်ကောက်ယူချက်များပင်လျှင်လွဲမှားသောအယူအဆများနှင့်မမှန်သောအတွေးအခေါ်များကို သိမ်းသွင်းလာတတ်ကြပါသည်။ ခက်ခဲနက်နဲသည်ဟုသူတို့ယူဆသောခရစ်ယာန်ကျမ်းပိုဒ်များကိုလူတို့သည် အတိုင်းထက်အလွန်ကြိုးစားအားထုတ်၍ ဆိုလိုရင်းအနက်ဖွင့်ဆိုကြပါသည်။ သို့သော် ယင်းဖွင့်ဆိုထားသောဆိုလိုရင်းအနက်များရှင်းလင်းပြတ်သားမှုမရှိသည်သာမကဘဲ ပို၍ပင်ရှုပ်ထွေးသွားတတ်ပါသည်။

ယဇ်ပုရောဟိတ်များနှင့် ဖါရိရှဲတို့သည် ခရစ်ယာန်တရားဟော ဆရာများဖြစ်ကြသည့်အလျောက် ဘုရားသခင်၏နှုတ်ထွက်တရားတော် တွင်သူတို့ကိုယ်ပိုင်ဆိုလိုရင်းအနက်ဖွင့်ဆိုချက်များကို ထည့်သွင်းခြင်းဖြင့် အရေးကြီးသောလုပ်ငန်းများကိုဆောင်ရွက်ကြသည်ဟု ထင်မှတ်ကြ၏။ သို့သော်ခရစ်တော်က "သင်တို့သည်ကျမ်းစာကိုနားမလည်၊ ဘုရား သခင်၏တန်ခိုးတော်ကိုမသိ" ဟုမိန့်တော်မူ၏။ မာကု ၁၂း၂၄။ ၎င်းအပြင်ကိုယ်တော်က "လူတို့စီရင်သောပညတ်တို့ကို သွန်သင်၍ နည်းဥပဒေသပေး" ကြသည်ဟု သူတို့အားပြစ်တင်ဆုံးမတော်မူ၏။ မာကု ၇း၇။ သူတို့သည် ဘုရားသခင်၏တရားတော်ကို ဆင့်ဆို ပြန်ကြားရသည့်ဆရာများဖြစ်သောကြောင့် ကိုယ်တော်၏နှုတ်ထွက် တရားတော်ကိုတတ်ကျွမ်းရမည်ဖြစ်သော်လည်း သူတို့သည် နှုတ်ထွက် တရားတော်အတိုင်း လိုက်နာစောင့်ရှောက်သောသူများမဟုတ်ကြပါ။ စာတန်သည် သူတို့၏မျက်စိများကိုကွယ်စေသောကြောင့် သူတို့သည် နှုတ်ထွက်တရားတော်၏ဆိုလိုရင်းအနက်မှန်ကို မသိနားမလည်ကြ တော့ပါ။

ယနေ့လောကတွင်ယင်းသို့ပင်ဖြစ်နေပါသည်။ အသင်းတော် အများစုသည် ယင်းအမှားလမ်းအတိုင်းပင်လိုက်နေကြပါသည်။ ယနေ့ ပညာရှိဟုယူဆရသောသူများသည်လည်း ရှေးယခင်က ယုဒခရစ်ယာန် ဆရာတို့၏အမှားများအတိုင်း ထပ်၍မှားနေကြမည့်ဘေးရန်ကြီးမားသော အခက်အခဲရှိနေပါသည်။ ဘုရားသခင်၏တရားတော်ကို သူတို့လွဲမှားစွာ နားလည်ထားကြသောကြောင့် ဘုရားသခင်၏တရားတော်များကို အမှားဆိုလိုရင်းအနက်ဖွင့်ဆိုကြသဖြင့် လူတို့သည်ကြံရာမရစိတ်ရှုပ်ထွေး ၍မှောင်မိုက်ဖုံးအုပ်ခြင်းကိုခံနေရကြ၏။

ခရစ်ယာန်ကျမ်းစာကိုမှုန်ဝါးသည့် ထုံးစံဓလေ့အလင်းရောင်၏ အောက်တွင်လည်းကောင်း၊ လူတို့၏ချင့်ချိန်တွေးဆခြင်းဖြင့်လည်းကောင်း မဖတ်သင့်ပါ။ လူတို့၏ထုံးစံဓလေ့များအရလည်းကောင်း၊ စိတ်ကူးစိတ်သန်းအရလည်းကောင်း ခရစ်ယာန်ကျမ်းစာကိုရှင်းပြခြင်း၊ သည်နေကိုလက်နှိပ်ဓါတ်မီးဖြင့်အလင်းရောင်ပေးနေသကဲ့သို့ဖြစ်နေပါသည်။ ဘုရားသခင်၏သန့်ရှင်းသောနှုတ်ထွက်တရားတော်ဆိုင်ရာဘုန်းတန်ခိုးများထင်ရှားစေရန်အတွက် ဤလောက၏မှေးမှန်သောလက်နှိပ်ဓါတ်မီးရောင်မလိုပါ။ ယင်းတရားတော်သည်ပင်လျှင် အလင်း၌ထင်ရှားတော်မူ၏။ ၄င်းတရားတော်နှင့်ယှဉ်လျှင် အခြားသောအလင်းရှိသမျှသည်မှုန်မွှား၏။

သို့သော်ဘုရားသခင်၏တရားတော်ကိုစိတ်အားထက်သန်စွာလေ့လာသင်ကြားရမည်။ တတ်ကျွမ်းသည်တိုင်အောင် စူးစမ်းရှာဖွေရမည်။ ပျင်းရိသောသူသည် အဘယ်အခါမျှ ယင်းတရားတော်ကိုရှင်းရှင်းလင်းလင်းနားလည်လိမ့်မည်မဟုတ်ပါ။ အားထုတ်ခြင်းဖြင့်လည်းကောင်း၊ သည်းခံခြင်းဖြင့်လည်းကောင်း၊ စိတ်ရှည်ရှည်ဖြင့်လည်းကောင်း ကြိုးစားအားထုတ်ခြင်းမပြုပါက လောကဆိုင်ရာကောင်းချီးများကိုရနိုင်မည်မဟုတ်ပါ။ လူတို့သည်စီးပွားရေးလုပ်ငန်းတွင် အောင်မြင်မှုရရှိသည်ဆိုပါက လိုအင်စိတ်ပြည့်ဝစွာဖြင့် အကျိုးအမြတ်ကိုယုံကြည်စွာရှေးရှု၍ဆောင်ရွက်ခြင်းကြောင့်သာဖြစ်ရမည်။ ထိုနည်းတူစွာဝိညာဉ်ရေးဆိုင်ရာအတတ်ပညာကိုလည်း အားထုတ်၍မကြိုးစားပါက အကျိုးကျေးဇူးဖြစ်ထွန်းရန် မျှော်လင့်ချက်မရှိပါ။ သတ္တုတွင်းတူးသောသူသည် မြေ၌မြှုပ်နှံနေသောရတနာကိုတူးဖော်ရသကဲ့သို့ ဘုရားသခင်၏တရားဆိုင်ရာရတနာကို လိုလာသောသူသည်လည်း အလားတူ တူးဆွရှာဖွေ

ရပါမည်။ စိတ်မပါ၊ အမှုမထား၊ ဂရုမစိုက်သောလုပ်ဆောင်မှုဖြင့် အကျိုးကျေးဇူးခံစားရမည်မဟုတ်ပါ။ လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ ဘုရားသခင်၏နှုတ်ထွက်တရားတော်ကို ဖတ်ရှုရုံမျှသာမဟုတ်ဘဲ စိတ်ဝင်စားစွာဖြင့်လည်းကောင်း၊ အားထုတ်ခြင်းဖြင့်လည်းကောင်း၊ စိတ်ရှည်ရှည်ဖြင့်လည်းကောင်းဆုတောင်းလျက်ဝှက်ထားသောဘဏ္ဍာကိုရှာဖွေသကဲ့သို့ဘုရားသခင်၏တရားကိုစူးစမ်းရှာဖွေ၍ လေ့လာသင်ကြားန် အထူးအရေးကြီးပါသည်။ ခရစ်တော်သည် ဤကဲ့သို့ကြိုးစားအားထုတ်သောသူတို့၏ သိမြင်တတ်သောဉာဏ်ကိုရှင်သန်စေလိမ့်မည်။ဖြစ်သောကြောင့် သူတို့သည်ကေန်မုချအကျိုးကျေးဇူးခံရကြပါလိမ့်မည်။

ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ခရစ်ယာန်ကျမ်းစာ၌ပါရှိသော ဘုရားသခင်၏တရားကို သိကျွမ်းမှုအပေါ်တွင်မူတည်နေပါသည်။ ယင်းအသိပညာကို ကျွန်ုပ်တို့ရရှိရန် ထာဝရဘုရားသခင်အလိုရှိတော်မူ၏။ ထို့ကြောင့်ရှာဖွေလေ့လာကြပါ။ ဘုရားသခင်၏အဖိုးထိုက်တန်သောခရစ်ယာန်ကျမ်းစာတော်မြတ်ကို ဆာငတ်ခင်မွတ်သောစိတ်နှလုံးဖြင့်စူးစမ်းရှာဖွေကြပါ။ သတ္တုတွင်းတူးသောသူတို့သည် ရွှေကြောများကိုတွေ့ရှိရန် နှံ့စပ်အောင်စူးစမ်းရှာဖွေသကဲ့သို့ ဘုရားသခင်၏နှုတ်ထွက်တရားတော်ကိုလည်း နှံ့စပ်အောင်ရှာဖွေကြပါ။ ဘုရားသခင်နှင့်သင်သည် မည်သို့တော်စပ်သည်ကိုလည်းကောင်း၊ ကိုယ်တော်သည် သင့်အပေါ်မည်သို့သဘောထားတော်မူသည်ကိုလည်းကောင်း အမှန်သိနားလည်သည်တိုင်အောင် အားမလျှော့ဘဲဆက်လက်ရှာဖွေပါ။ "သင်တို့သည် ငါ၏နာမကိုအမှီပြုလျက် ဆုတောင်းသမျှအတိုင်း ငါပြုမည်။ အကြောင်းမူကား၊ ခမည်းတော်သည် သားတော်အားဖြင့် ဘုန်းထင်ရှားတော်မူမည်အကြောင်းတည်း။ သင်တို့သည် ငါ၏နာမကို

အမှီပြု၍ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင် တောင်းသည်အတိုင်း ငါပြုမည်" ဟုခရစ်တော်အတိအလင်း မိန့်တော်မူ၏။ ယော၊ ၁၄း၁၃၊၁၄။

ဘုရားသခင်ကိုကြည်ညိုလေးစား၍ ပင်ကိုယ်စွမ်းရည်ရှိသော သူများသည်ထာဝရကာလ၏အမှန်ဖြစ်ရပ်များကို ရေးရေးရိပ်ရိပ်ရှုမြင်ရမည်ဖြစ်သော်လည်း နားလည်သဘောပေါက်ရန် အားနည်းပါသည်။ အကြောင်းရင်းမှာ တွေ့မြင်နိုင်သောအရာများသည် မတွေ့မမြင်နိုင်သော အရာများကို ဖုံးကွယ်ထားသောကြောင့်ဖြစ်ပါသည်။ ဝှက်ထားသော ဘဏ္ဍာကို တွေ့အောင်ရှာဖွေလိုသောသူသည် ဤလောက၏အရာများ ထက်ပို၍မြင့်သောအရာများကို မီအောင်တက်၍လိုက်လံရှာဖွေရမည်။ မိမိမြတ်နိုးစုံမက်သောအရာရှိသမျှနှင့် မိမိ၏စွမ်းရည်အားလုံးကို ရှာဖွေသည့်လုပ်ငန်းအတွက် ကိုယ်တော်အားပေးအပ်ထားရမည်။

ခရစ်ယာန်ကျမ်းစာမှရရှိနိုင်သည့်ကျယ်ဝန်းလှစွာသော အတတ်ပညာနေရာတံခါးကြီးကိုနားမထောင်ခြင်းကပိတ်ထားပါသည်။ နားလည်သဘောပေါက်ခြင်းဆိုသည်မှာ ဘုရားသခင်၏ပညတ်တော်များအတိုင်း လိုက်နာခြင်းဖြစ်ပါသည်။ ခရစ်ယာန်ကျမ်းစာကိုလူတို့တင်ကူးယူဆ ထားသောသဘောထားများနှင့်လည်းကောင်း၊ ကြောင့်ကြသောစိတ်နှင့် လည်းကောင်းကိုက်ညီအောင်မပြုသင့်ပါ။ ဘုရားသခင်၏တရားတော် အတိုင်းလိုက်နာကျင့်သုံးရန် စိတ်နှလုံးနှိမ့်ချစွာဖြင့် ရှာဖွေလေ့လာ သောသူများသာလျှင် ဘုရားသခင်၏တရားဆိုင်ရာအတတ်ပညာကို နားလည်တတ်ကျွမ်းလိမ့်မည်။

"ကယ်တင်ခြင်းရဖို့ရာ ဘာကိုလုပ်ရပါမည်နည်း" ဟု ကိုယ်ကို ကိုယ်မေးဖူးပါသလား။ သင်၏ရိုးရာအယူအဆများနှင့်လေ့လာမှတ်သား ထားသည့်အတွေးအခေါ်များကိုစူးစမ်းရှာဖွေရေးတံခါးဝတွင် ထားခဲ့ပါ။ သင်၏ကိုယ်ပိုင် အယူအဆများကို အတည်ပြုရန်အတွက် ခရစ်ယာန်

ကျမ်းစာကိုရှာဖွေလေ့လာလျှင် သင်သည်မည်သည့်အခါမျှ ဘုရားသခင်၏တရားကိုမတွေ့မသိနိုင်။ ဘုရားသခင်မည်သို့မိန့်တော်မူသည်ကို နာယူသင်ကြားရန် ခရစ်ယာန်ကျမ်းစာကိုရှာဖွေစူးစမ်းပါ။ အကယ်၍ စေ့စေ့ရှာဖွေချိန်တွင် သင်၌အပြစ်ရှိကြောင်းဖေါ်ပြသည့်အချက်တစ်ခုခုကိုတွေ့သောအခါ သင်၏ကိုယ်ပိုင်အယူအဆနှင့်မကိုက်ညီလျှင် ဘုရားသခင်၏တရားကိုသင်၏ယုံကြည်ချက်နှင့်ညီလျော်အောင် ဆိုလိုရင်းအနက်မဖွင့်ပါနှင့်။ သင့်ကိုပေးသောအလင်းတရားအတိုင်းလက်ခံပါ။ ဘုရားသခင်၏နှုတ်ထွက်တရားတော်မှ အံ့ဩဖွယ်ရာများကိုသိတွေ့နိုင်ရန်သင်၏စိတ်နှလုံးတံခါးကိုဖွင့်ထားပါ။

ခရစ်တော်သည် ဤလောက၏ရွေးနုတ်သခင်ဖြစ်သည်ဟု ယုံကြည်လက်ခံနိုင်ရန် ကောင်းကင်ဘဏ္ဍာတော်၏ အကျိုးသက်ရောက်မှုကိုကောင်းစွာနားလည်သဘောပေါက်၍ အမှားနှင့်အမှန်ကိုပိုင်းခြားဝေဖန်၍သိမြင်နိုင်သူတစ်ဦးဖြစ်ရမည်။ ဤယုံကြည်ခြင်းသည် နောင်တရခြင်းနှင့်လည်းကောင်း၊ အကျင့်ပြောင်းလဲခြင်းနှင့်လည်းကောင်း မကွဲမလွဲပါ။ "ယုံကြည်ခြင်းရှိရမည်" ဆိုသည်မှာ ဧဝံဂေလိတရားတော်တည်းဟူသောဘဏ္ဍာတော်ကိုတွေ့အောင်ရှာ၍ ယင်းတရားတော်နှင့်တကွ ၎င်းကပေးအပ်သောတာဝန်များကိုပါ လက်ခံရမည်ဖြစ်ပါသည်။

"ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရ။" ယော ၃း၃။ သူသည်စိတ်ကူးဖြင့်မှန်းဆတွေးယူနိုင်မည်ဖြစ်သော်လည်း ယုံကြည်ခြင်းမျက်စိမရှိလျှင် ကောင်းကင်ဘဏ္ဍာကိုမတွေ့မမြင်နိုင်။ ယင်းအဖိုးမဖြတ်နိုင်သောရတနာကို ကျွန်ုပ်တို့ရရှိနိုင်ရန် ခရစ်တော်သည် မိမိ၏အသက်ကိုစွန့်တော်မူ၏။ သို့သော်ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်၏ အသေခံခြင်း၌အသစ်မွေးဖွားခြင်းကို

မခံမယူပါက အပြစ်လွတ်ငြိမ်းခွင့်ကိုမရနိုင်။ သေဆုံးနေသောအသက်ဝိညာဉ်အဖို့ ဘဏ္ဍာရတနာမရှိ။

ဘုရားသခင်၏နှုတ်ထွက်တရားတော်တွင် ပါဝင်သောသစ္စာတရားများကိုနားလည်သဘောပေါက်ရန် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏အလင်းရောင်ကိုလိုအပ်ပါသည်။ နေသည်အမှောင်ထုကိုလွင့်ပျောက်စေပြီး ကမ္ဘာလောကကြီးကိုအလင်းရောင်ဖြင့် မဖုံးလွှမ်းမီတိုင်အောင် သဘာဝလောကကြီး၏အလှအပများကိုမတွေ့ရမမြင်နိုင်သကဲ့သို့ တရားတော်နေမင်း၏အလင်းရောင်အားဖြင့်မဖေါ်ပြလျှင်ဘုရားသခင်၏နှုတ်ထွက်တရားတော်ဆိုင်ရာ ဘဏ္ဍာရတနာများ၏အကျိုးကျေးဇူးကိုမသိနားမလည်နိုင်ပါ။

မေတ္တာတော်၏ ကောင်းမြတ်သောချစ်ခြင်းနှင့် ကောင်းကင်မှစေလွှတ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ထံတော်မှအရာခပ်သိမ်းကိုယူ၍ စိတ်နှောင်နှေးခြင်းမရှိဘဲခရစ်တော်ကိုယုံကြည်သူတိုင်းအား ဖွင့်ပြတော်မူ၏။ အသက်ဝိညာဉ်ကယ်တင်ခြင်းရရှိရေးအတွက် အလွန်အရေးကြီးသောဘုရားသခင်၏တရားကိုဝိညာဉ်တော်တန်ခိုးအားဖြင့် သူ၏စိတ်တွင်စွဲမြဲစေ၍ ဘဝအသက်တာ၏လမ်းစဉ်ကို ဖြူးဖြောင့်စေသောကြောင့် မည်သူတစ်ဦးတစ်ယောက်မျှလမ်းမလွဲနိုင်။ ကျွန်ုပ်တို့သည် ဘုရားသခင့်တရားတော်၏ ဘဏ္ဍာရတနာများကိုတွေ့သိ၍ ၎င်းအကျိုးကျေးဇူးများကိုခံစားနိုင်ရန် ကျမ်းစာကိုစေ့စေ့လေ့လာရင်း ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်သည်နှုတ်ထွက်တရားတော်အပေါ် အလင်းရောင်ပေးတော်မူပါစေသတည်းဟုဆုတောင်းသင့်ကြပါသည်။

## ရှာဖွေခြင်း၏ဆုကျေးဇူး

“ပို၍တတ်မြောက်စရာအတတ်ပညာမရှိတော့ပါ” ဟုမည်သူမျှ မထင်မမှတ်ပါစေနှင့်။ လူသားနှင့်ဆိုင်သောပိုင်းခြားဝေဖန်သိမြင်တတ်သည့်ပင်ကိုဉာဏ်၏အတိမ်အနက်ကိုတိုင်းတာ၍ ရနိုင်ပေလိမ့်မည်။ လူသားစာရေးဆရာတို့၏စာပေများကိုလည်း ကုန်စင်အောင်တတ်ကျွမ်းနိုင်ပေလိမ့်မည်။ သို့သော် အမြင့်ဆုံး၊ အနက်ရှိုင်းဆုံး၊ အကျယ်ဝန်းဆုံးသောစိတ်ကူးဉာဏ်ဖြင့် ဘုရားသခင်ကိုမတွေ့မမြင်နိုင်။ ကိုယ်တော်၌ ကျွန်ုပ်တို့နားလည်သိမြင်နိုင်သည်ထက်ပိုသော တန်ခိုးရှိတော်မူ၏။ တူးယူသောသူအတွက် အကျိုးကျေးဇူးခံစားရမည့်ရွှေငွေသတ္တုရတနာများသည် သတ္တုတွင်းအောက်နက်ရှိုင်းသည့်မြေလွှာ၌ သာရှိပါလျက် ကျွန်ုပ်တို့သည် အပေါ်ယံမြေလွှာကိုသာတူးဆွရှာဖွေနေသကဲ့သို့ အတိုင်းအတာမရှိသော ဘုရားသခင်၏ဉာဏ်ပညာနှင့်ဘုန်းအာနုဘော်ကို ကျွန်ုပ်တို့သည်မှိန်မှိန်ကလေးသာတွေ့မြင်နိုင်လိမ့်မည်။ သတ္တုတွင်းပြွန်ကိုမြေအောက်သို့ ပို၍ပို၍နက်ရှိုင်းစွာတူးသွင်းပါမှ မွန်မြတ်သောဘဏ္ဍာရတနာကိုတွေ့မြင်ရပါလိမ့်မည်။ မှန်သောယုံကြည်ခြင်းဖြင့်သာလျှင် ဘုရားသခင်နှင့်ဆိုင်သောပညာဉာဏ်သည် လူသား၏ပညာဉာဏ်ဖြစ်လာလိမ့်မည်။

ခရစ်တော်၏ဝိညာဉ်တော်အား ကျမ်းစာကိုလေ့လာရှာဖွေသူတိုင်း အကျိုးကျေးဇူးမခံစားရဘဲနေလိမ့်မည်မဟုတ်ပါ။ လူသည်သွန်သင်မှုကိုသူငယ်ကဲ့သို့ ခံယူမည်ဆိုပါကလည်းကောင်း၊ ဘုရားသခင်အားကိုယ်ကိုကိုယ်လုံးလုံးလျားလျားပေးကမ်းထားမည်ဆိုပါကလည်းကောင်း ကိုယ်တော်၏နှုတ်ထါက်တရားတော်တွင် ဘုရားသခင်၏တရားတော်ကိုတွေ့သိနိုင်လိမ့်မည်။ လူတို့တွင် နားထောင်ခြင်းရှိပါက ထာဝရဘုရားသခင် စိုးမိုးအုပ်ချုပ်တော်မူပုံကို နားလည်သဘောပေါက်ကြ

ပါလိမ့်မည်။ သူတို့စူးစမ်းရှာဖွေရေးအတွက် ကောင်းကင်လောကကြီး၏ကျေးဇူးတော်နှင့်ဘုန်းတော်တံခါးများကို ဖွင့်၍ပေးတော်မူလိမ့်မည်။ ဘုရားသခင်၏ တရားသတ္တုတွင်းများကိုနှံ့စပ်အောင်စူးစမ်းရှာဖွေခြင်းအားဖြင့် လူတို့သည် ဘုန်းအသရေတိုးတက်မြင့်မြတ်၍ ယနေ့လူသားများနှင့်လုံးဝခြားနားလိမ့်မည်။ ရွေးနုတ်ခြင်းစီမံကိန်း၏နက်နဲမှုသည်လည်းကောင်း၊ ခရစ်တော်သည် လူအဖြစ်၌ဖွားမြင်တော်မူခြင်းသည်လည်းကောင်း၊ ကိုယ်တော်၏ကိုယ်စားပြုအသေခံတော်မူခြင်းသည်လည်းကောင်း ယခုကဲ့သို့ကျွန်ုပ်တို့၏ဉာဏ်မျက်စိတွင် မထင်မရှားမှုန်ဝါးဝါးဖြင့်နေလိမ့်မည်မဟုတ်ပါ။ ယင်းအကြောင်းများကို ပိုမိုနားလည်သဘောပေါက်လိမ့်မည်သာမက ယင်းကျေးဇူးတရားကိုလည်း ကောင်းစွာနားလည်ကြပေလိမ့်မည်။

"ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တစ်ပါးတည်းဖြစ်တော်မူသောကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိကျွမ်းခြင်းတည်း" ဟု ခရစ်တော်ဆုတောင်းတော်မူ၏။ ယော ၁၇း၃။ ယင်းဆုတောင်းတော်မူချက်ကိုဤလောကအတွက် သင်ခန်းစာတစ်ရပ်ဖြစ်စေရန် ခရစ်တော်သည်ခမည်းတော်ထံမှတောင်းခံတော်မူသည်ဖြစ်၍ ကျွန်ုပ်တို့၏ကိုယ်နှင့်စိတ်နှလုံးပေါ်တွင် စာထွင်းထားသင့်ပါသည်။ ယင်းသည် စစ်မှန်သောပညာဖြစ်၏။ တန်ခိုးစွမ်းအားကိုလည်းပေး၏။ ဘုရားသခင်နှင့်စေလွှတ်တော်မူသောခရစ်တော်ကို ကိုယ်တိုင်သိသောအသိပညာသည် လူ၏ပုံသဏ္ဍာန်ကို ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်တညီတစ်သဏ္ဍာန်တည်းဖြစ်အောင် ပြောင်းလဲစေပါသည်။ ယင်းပညာအားဖြင့် လူသည်တပ်မက်ခြင်းနှင့်ကိုယ်စိတ်အလိုသို့လိုက်တတ်သည့် ယုတ်နိမ့်သောစိတ်ထားကို သာ၍မြင့်မြတ်သော ဉာဏ်မျက်စိ၏စွမ်းအားဖြင့်ချုပ်ထိန်း

နိုင်ပါလိမ့်မည်။ ယင်းပညာကိုပိုင်ဆိုင်သောသူသည် ဘုရားသခင်၏ သားဖြစ်၍ ကောင်းကင်နိုင်ငံတော်ကိုအမွေခံရလိမ့်မည်။ ယင်းပညာ အားဖြင့် သူသည် ဘုရားသခင်၏စိတ်တော်နှင့် ညှိနှိုင်းခွင့်ရသည် ဖြစ်၍ မိုးကုပ်စက်ဝိုင်း၏ကြွယ်ဝသောဘဏ္ဍာရတနာများကို သူ့အား ဖွင့်ပြတော်မူလိမ့်မည်။

ယင်းပညာသည် ဘုရားသခင်၏နှုတ်ထွက်တရားတော်ကိုရှာဖွေ ဆည်းပူးခြင်းအားဖြင့်ရရှိသောပညာဖြစ်၏။ ၄င်းအပြင်ရှိသမျှကိုစွန့်လွှတ် ၍နှံ့စပ်အောင်ရှာဖွေသူတိုင်း ယင်းပညာရတနာကိုတွေ့လိမ့်မည်။

"သိပ္ပံအတတ်ကိုခေါ်၍ ဉာဏ်နောက်သို့အသံကိုလွှင့်လျှင်လည်း ကောင်း၊ ငွေကိုရှာတတ်သကဲ့သို့ ပညာကိုရှာ၍ဝှက်ထားသောဘဏ္ဍာ ကိုစူးစမ်းတတ်သကဲ့သို့ ဉာဏ်ကိုစူးစမ်းလျှင်လည်းကောင်း ထာဝရ ဘုရားသခင်ကို ကြောက်သောသဘော၌ကျင်လည်၍ ဘုရားသခင်ကို သိသောဉာဏ်နှင့်ပြည့်စုံလိမ့်မည်။" သု ၂း၃-၅။

---ooo---

# ပုလဲရတနာ

## မ၊ ၁၃း၄၅၊၄၆ ကိုအခြေပြုပါသည်။

ကျွန်ုပ်တို့၏ကယ်တင်သခင်သည် ရွေးနုတ်ခြင်းဆိုင်ရာမေတ္တာတော်၏ကောင်းချီးများကို ပုလဲရတနာနှင့်နှိုင်းယှဉ်ထားပါသည်။ မြတ်သောပုလဲတို့ကိုရှာသောကုန်သည်၏ ဥပမာနှင့်ကိုယ်တော်၏သင်ခန်းစာကိုသရုပ်ဖေါ်ထားပါသည်။ "ထိုကုန်သည်သည် အလွန်အဖိုးထိုက်သောပုလဲကိုတွေ့သောအခါ သွား၍မိမိ၌ရတတ်သမျှကိုရောင်းပြီးလျှင် ထိုပုလဲကိုဝယ်လေ၏။" ခရစ်တော်ကိုယ်တိုင်သည် အဖိုးထိုက်သောပုလဲရတနာဖြစ်တော်မူ၏။ ကိုယ်တော်၌ခမည်းတော်ဘုရားသခင်၏အဖြစ်တော်နှင့်ပြည့်စုံသော ဘုန်းတော်အပေါင်းတည်ရှိတော်မူ၏။ ကိုယ်တော်သည် ခမည်းတော်၏ဘုန်းတော်ဖြင့်ထွန်းတောက်၍ ခမည်းတော်၏ပုံသဏ္ဍာန်တော်နှင့်ထပ်တူဖြစ်တော်မူ၏။ ကိုယ်တော်၏ဘုန်းတော်၌ ဘုရားသခင်၏ဘုန်းတော်အလင်းထင်ရှားတော်မူ၏။ ခရစ်ယာန်ကျမ်းစာတော်မြတ်၏ စာမျက်နှာတိုင်းတွင် ကိုယ်တော်၏ဘုန်းအလင်းတော်ထွန်းတောက၏။ ခရစ်တော်၏ဖြောင့်မတ်ခြင်းသည် ဖြူသောပုလဲရတနာကဲ့သို့သန့်ရှင်းဖြူစင်၍ အပြစ်အနာအဆာ၊ အစွန်းအညစ်မရှိ။ အဖိုးထိုက်တန်သောဘုရားသခင်၏ ထိုလက်ဆောင်တော်ကြီးကို သာလွန်ကောင်းမွန်စေရန် လူသားအနေဖြင့်မည်သို့မျှထပ်လောင်းမဆောင်ရွက်နိုင်။ ယင်းလက်ဆောင်တော်ကြီးတွင် အပြစ်အနာအဆာမရှိ။ ခရစ်တော်၌ "ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိကြ၏။" ကော၊ ၂း၃။ ကိုယ်တော်သည် "ပညာမှစ၍

ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနုတ်ခြင်းဖြစ်တော်မူ၏။" ၁ ကော၊ ၁း၃၀။ ဤလောကအတွက်လည်းကောင်း၊ နောင်လာလတ္တံ့သော လောကအတွက်လည်းကောင်း၊ လူသားတို့၏လိုအပ်ချက်များနှင့် မျှော်မှန်းချက်များကို ခရစ်တော်အားဖြင့် ပြည့်စုံကုံလုံစွာလက်ခံရရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏ရွေးနုတ်သခင်သည် အဖိုးအထိုက်တန်ဆုံးသော ပုလဲရတနာဖြစ်သောကြောင့် ကိုယ်တော်နှင့်နှိုင်းယှဉ်ပါက ခပ်သိမ်းသောအရာတို့ကိုရှုံးစေသောအရာကဲ့သို့ထင်မှတ်ရ၏။

ခရစ်တော်သည် "မိမိနေရာအရပ်သို့ကြွလာသော်လည်း မိမိလူမျိုးတို့သည် သူ့ကိုလက်မခံဘဲနေကြ၏။" ယော၊ ၁း၁၁။ ဘုရားသခင်၏အလင်းတော်သည် လောကမှောင်မိုက်၌လင်း၍ "မှောင်မိုက်သည် မခံမယူ။" ယော၊ ၁း၅။ သို့သော် ကောင်းကင်လက်ဆောင်ကို လူတိုင်းလျစ်လျူမရှုကြပါ။ ဘုရားသခင်၏တရားတော်ကိုရိုးသားစွာ လိုလားသောသူတစ်စုအား ဥပမာတွင် ကုန်သည်နှင့်ပုံဆောင်ထားပါသည်။ နိုင်ငံအများစုတွင် အမြော်အမြင်ကြီးသောသူအများသည် စိတ်အားထက်သန်စွာဖြင့် စာပေကျမ်းစာများတွင်လည်းကောင်း၊ သိပ္ပံပညာရပ်များတွင်လည်းကောင်း၊ ဘာသာအသီးသီးတွင်လည်းကောင်း၊ အသက်ဝိညာဉ်အတွက် ရတနာရှာဖွေကြပါသည်။ ယုဒလူမျိုးတို့တွင်လည်းသူတို့၌မရှိသေးသောအရာများကို စူးစမ်းရှာဖွေခဲ့သော သူအများရှိခဲ့ပါသည်။ ဓလေ့ထုံးစံအရတည်မြဲလာခဲ့သောဘာသာအယူအဆတစ်ခုဖြင့်ကျေနပ်မှုမရှိသောကြောင့်ဝိညာဉ်တော်နှင့်ဆိုင်၍ မြင့်မြတ်သောဘာသာအယူအဆကိုသူတို့လိုလားတောင့်တကြ၏။ ခရစ်တော်၏ အရွေးချယ်ခံတပည့်တော်များသည်ဒုတိယအမျိုးအစားတွင် ပါဝင်ကြပါသည်။ ကော်နေလိနှင့်အဲသဘောပိအမတ်တို့သည် ပထမအမျိုးအစားတွင်ပါဝင်ကြ၏။ ကောင်းကင်မှအလင်းတော်ကိုသူတို့ ဆုတောင်းလျက်

စောင့်မျှော်၍နေကြရာ ခရစ်တော်ကြွလာတော်မူသောအခါ ဝမ်းမြောက်စွာလက်ခံကြပါသည်။

ဥပမာတွင် ပုလဲရတနာသည် လက်ဆောင်ဖြစ်သည်ဟုပုံဆောင်ထားခြင်းမဟုတ်ပါ။ ကုန်သည်သည် မိမိရတတ်သမျှကိုရောင်း၍ဝယ်ယူရပါသည်။ ကျမ်းစာ၌ခရစ်တော်အားလက်ဆောင်တော်ဖြစ်သည်ဟုဖေါ်ပြချက်ရှိပါသဖြင့် ဤဥပမာ၏ဆိုလိုရင်းအနက်ကိုအများသောသူတို့ကမေးကြပါသည်။ ခရစ်တော်သည်လက်ဆောင်တော်ဖြစ်ပါသည်။ သို့သော် မိမိအတွက်မည်သည့်အရာကိုမျှ ချန်လှပ်ထားခြင်းမပြုဘဲကိုယ်စိတ်နှလုံးသုံးပါးလုံးကို ကိုယ်တော်အား အပ်နှံထားသူများအတွက်သာဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ်ခရစ်တော်အားအပ်နှံထားရပါမည်။ ကိုယ်တော်၏ဆင့်ဆိုချက်အားလုံးကိုလိုလားစွာလိုက်နာ၍ အသက်ကိုခရစ်တော်အား အပ်နှံထားရပါမည်။ ကျွန်ုပ်တို့၏ကိုယ်ထည်နှင့်တကွ ကျွန်ုပ်တို့၏စွမ်းရည်ရှိသမျှကိုကိုယ်တော်ပိုင် တော်မူသည်ဖြစ်၍ ကိုယ်တော်၏အမှုတော်အတွက်အပ်နှံထားရမည်။ ကျွန်ုပ်တို့သည် ဤကဲ့သို့ မိမိတို့ကိုယ်ကိုကိုယ်တော်အား လုံးလုံးလျားလျားအပ်နှံထားပါက ခရစ်တော်သည်ကောင်းကင်ဘဏ္ဍာရှိသမျှနှင့် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အတွက်ပေးတော်မူ၏။ ထိုအခါ ကျွန်ုပ်တို့သည် အဖိုးထိုက်တန်သောပုလဲရတနာကိုလက်ခံရရှိကြ၏။

ကယ်တင်ခြင်းသည် အခမဲ့ပေးသောလက်ဆောင်ဖြစ်သော်လည်းယင်းကိုဝယ်ရရောင်းရပါသည်။ ဘုရားသခင်၏သနားကြင်နာမှုစီမံအုပ်ချုပ်သောဈေးကွက်တွင် မြတ်သောပုလဲရတနာကို အခကြေးငွေမပေးဘဲ ဝယ်ယူသည်ဟု ပုံဆောင်ထားပါသည်။ ယင်းဈေးကွက်တွင်လူတိုင်း ကောင်းကင်ကုန်ပစ္စည်းများကို ရနိုင်ပါသည်။ ဘုရားသခင်၏

တရားတည်းဟူသော ကျောက်မျက်ရတနာဘဏ္ဍာတိုက်ကို လူတိုင်းအတွက်ဖွင့်လှစ်ထားပါသည်။ "အဘယ်သူမျှမပိတ်နိုင်သောတံခါးကို သင့်ရှေ့၌ငါဖွင့်ထားပြီ" ဟုထာဝရဘုရားသခင်မိန့်တော်မူ၏။ Rev. ၃း၈။ ယင်းတံခါးသို့သွားရာလမ်း၌ဓါးလက်နက်အစောင့်အကြပ်မရှိ။ အခန်းအတွင်းနှင့်တံခါးဝ၌ရှိသောအသံများက "လာကြပါ" ဟုခေါ်ဖိတ်နေကြ၏။ ကယ်တင်သခင်ကလည်း မေတ္တာတော်ဖြင့်အမှန်ပင်ဖိတ်ခေါ်၍နေတော်မူ၏။ "သင်သည် ဥစ္စာရတတ်ခြင်းငှါ၊ မီးနှင့်ချွတ်ပြီးသောရွှေကို. . . . ငါ့ထံမှာဝယ်လော့ဟု သင့်အားငါသည်အကြံပေး၏။" Rev. ၃း၁၈။

ခရစ်တော်၏ဧဝံဂေလိတရားတော်သည် လူတိုင်းပိုင်းဆိုင်ခွင့်ရှိသောကောင်းချီးဖြစ်ပါသည်။ လောကစည်းစိမ်ဥစ္စာ မည်မျှပင်ပေါကြွယ်စေကာမူ ကယ်တင်ခြင်းကိုရယူနိုင်မည်မဟုတ်ပါ။ အဆင်းရဲအနွမ်းပါးဆုံးသောသူသည်လည်း အကြွယ်ဝဆုံးသောသူကဲ့သို့ပင် ကယ်တင်ခြင်းကိုဝယ်ယူနိုင်ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့ကိုဝယ်ပိုင်ဆိုင်ပြီးဖြစ်သည့်အလျောက် မိမိတို့ကိုယ်ကို ကိုယ်တော်အားအပ်နှံ၍ လိုလားစွာနားထောင်ခြင်းဖြင့်သာ ကယ်တင်ခြင်းကိုရယူနိုင်ပါသည်။ အဆင့်တန်းအမြင့်ဆုံးသောပညာရှိသူပင်လျှင် မိမိကိုယ်ပိုင်အရည်အချင်းအားဖြင့် ဘုရားသခင်၏အနီးသို့မချဉ်းကပ်နိုင်။ ဖါရိရှဲများသည် လောကရေးရာ၌လည်းကောင်း၊ ဝိညာဉ်ရေးရာများ၌လည်းကောင်း အကျိုးကျေးဇူးမြောက်များစွာကို အထူးခံစားရကြပါသည်။ ထိုကြောင့် ငါတို့သည် "ဥစ္စာတတ်၏၊ ဘဏ္ဍာများကိုဆည်းပူးပြီး၊ တစ်စုံတစ်ခုမျှမလို"ဟု ဝါကြွားစွာပြောကြ၏။ သို့သော် "ကိုယ်တိုင်ပင်ပန်းခြင်း သနားဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်အချည်းစည်းရှိခြင်းဖြစ်သည်ကို" သူတို့မသိကြ။ Rev. ၃း၁၇။ ခရစ်တော်သည်

သူတို့အား အဖိုးမဖြတ်နိုင်သောပုလဲရတနာကို ကမ်းလှမ်းတော်မူသော်လည်း သူတို့အနေဖြင့် လက်ခံပါက ဂုဏ်နိမ့်စရာဖြစ်သည်ဟု သဘောပိုက်ကြသောကြောင့် "အခွန်ခံတို့နှင့်ပြည့်တန်ဆာတို့သည် သင်တို့အဦး ဘုရားသခင်၏နိုင်ငံတော်သို့ဝင်တတ်ကြ၏" ဟုခရစ်တော်မိန့်တော်မူ၏။ မဿဲ ၂၁း၃၁။

ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကိုအကျင့်အားဖြင့်မရနိုင်ပါ။ သို့သော် ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာပေါ်တွင် ပိုင်သမျှကိုစွန့်လွှတ်ပါမည်ဟုသဘောပိုက်လျက် စိတ်ရောကိုယ်ပါကြိုးစားအားထုတ်၍ စူးစမ်းရှာဖွေရပါမည်။

ကျွန်ုပ်တို့သည် အဖိုးထိုက်တန်သောပုလဲရတနာကိုရှာရမည်။ သို့သော် လောကရောင်းဝယ်ဖေါက်ကားရာအရပ်များတွင်မတွေ့နိုင်။ လောကနည်းလမ်းများဖြင့်လည်းမရနိုင်။ ကျွန်ုပ်တို့ပေးရမည့်အဖိုးအခသည်ရွှေငွေမဟုတ်၊ ဤအရာများကို ဘုရားသခင်ပိုင်တော်မူ၏။ လောကရေးရာနှင့် ဝိညာဉ်ရေးရာအခွင့်အရေးများအားဖြင့် ကယ်တင်ခြင်းကိုရလိမ့်မည်ဟု အယူအဆရှိလျှင် ယင်းယူဆချက်ကိုစွန့်လွှတ်ပါ။ သင်၏အနေဖြင့် လိုလားစွာနားထောင်၍ မကောင်းမှုများကိုစွန့်လွှတ်ရန်ကိုယ်တော်တောင်းဆိုတော်မူ၏။ "ငါသည်အောင်မြင်၍ ခမည်းတော်၏ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူ ထိုင်နေသကဲ့သို့ အောင်မြင်သောသူသည် ပလ္လင်တော်ပေါ်မှာ ငါနှင့်အတူထိုင်နေရသောအခွင့်ကိုငါပေးမည်" ဟုခရစ်တော်မိန့်တော်မူ၏။ Rev. ၃း၂၁။

ကောင်းကင်ပုလဲရတနာကို အမြဲတစေလိုက်လံရှာဖွေ၍နေပုံပေါက်သောသူအချို့ရှိပါသည်။ သို့သော် သူတို့၏မှားယွင်းသောအကျင့်များကို လုံးလုံးလျားလျားမလွှတ်ကြပါ။ သူတို့၏စိတ်နှလုံးတွင် ခရစ်တော် နေထိုင်တော်မူရန် သူတို့၏ ပကတိစိတ်ကို အသေမခံကြ

သေးပါ။ ထိုကြောင့်သင်တို့သည် အဖိုးမဖြတ်နိုင်သောပုလဲရတနာကို မတွေ့ကြပါ။ လောကတပ်မက်ခြင်းနှင့် မသန့်ရှင်းသောရည်မှန်းချက်များကိုမစွန့်မလွှတ်နိုင်ကြသေးပါ။ ကိုယ်ကိုကိုယ်ငြင်းပယ်၍အနစ်နာခံသောလမ်းစဉ်အတိုင်း လက်ဝါးကပ်တိုင်ကိုထမ်းလျက် ခရစ်တော်၏နောက်တော်သို့မလိုက်မလျှောက်ကြပါ။ ခရစ်ယာန်ဖြစ်လုနီးသော်လည်း တင်းပြည့်ကျမ်ပြည့်ခရစ်ယာန်မဖြစ်ကြသေး၍ ကောင်းကင်နိုင်ငံတော်နှင့်နီးပုံပေါက်သော်လည်း ယင်းနိုင်ငံတော်သို့မဝင်နိုင်ကြပါ။ ကင်တင်ခြင်းခံရလုနီးဖြစ်သော်လည်း လုံးလုံးလျားလျားကယ်တင်ခြင်းမခံရသေးဟုဆိုသည့်အနက်မှာ ဆုံးရှုံးလုနီးမဟုတ်၊ လုံးဝဆုံးရှုံးသွားခြင်းသာဖြစ်တော့၏။

မြတ်သောပုလဲကိုရှာသောကုန်သည်၏ဥပမာတွင် ထူးခြားသည့်အနက်နှစ်မျိုးရှိပါသည်။ ကောင်းကင်နိုင်ငံတော်ကိုရှာနေသောသူများသာမက ပျောက်ဆုံးနေသောအမွေခံများကို ရှာနေတော်မူသည့်ခရစ်တော်ကိုလည်းပုံဆောင်ထားပါသည်။ ကောင်းကင်ကုန်သည်ကြီးတည်းဟူသောခရစ်တော်သည် မြတ်သောပုလဲများကိုရှာရာတွင် အဖိုးထိုက်တန်သောပုလဲရတနာတည်းဟူသော ပျောက်ဆုံးနေသည့်လူသားကိုတွေ့မြင်တော်မူ၏။ အပြစ်ကြောင့်ညစ်ညူး၍ ပျက်စီးနေသောလူသားကိုရွေးနုတ်ရန်ဖြစ်နိုင်ကြောင်းကို ကိုယ်တော်မြင်တော်မူ၏။ အမှားနှင့်အမှန်ယှဉ်ပြိုင်တိုက်ခိုက်နေသည့် စာတန်၏စစ်မြေပြင်တည်းဟူသောနှလုံးသားများကို မေတ္တာတော်၏တန်ခိုးဖြင့် ကယ်ဆယ်၍ရရှိသောအခါမည်သည့်အခါကမျှမဆုံးရှုံးခဲ့သောသူများထက် ပို၍ခရစ်တော်မြတ်နိုးတော်မူ၏။ ဘုရားသခင်သည် လူသားကို စက်ဆုပ်ဖွယ်ဖြစ်သည်ဟူ၍လည်းကောင်း၊ အချည်းနှီးဖြစ်သည်ဟူ၍လည်းကောင်း မှတ်တော်မမူ၊ ခရစ်တော်အားဖြင့် ရှုမြင်တော်မူ၍ ရွေးနုတ်ခြင်းမေတ္တာအရဖြစ်ပေါ်လာ

**အလွန်အဖိုးထိုက်တန်သောပုလဲရတနာကိုရှာနေသည့်ကုန်သည်ကြီး**

မည့်သည်အခြေအနေကိုမြင်တော်မူ၏။ မိုးကုပ်စက်ဝိုင်းတစ်ခုလုံး၏ကြွယ်ဝမှုအပေါင်းကို စုပုံ၍ ပုလဲရတနာကိုဝယ်တော်မူ၏။ ယေရှုသည် ထိုပုလဲ

ကိုတွေ့သောအခါ မိမိပိုင်သရဖူတွင် တပ်ဆင်တော်မူ၏။ "သူတို့သည် မြေတော်၌ ထင်ရှားသောသရဖူမျက်မှန်ကဲ့သို့ဖြစ်ကြလိမ့်မည်။" ဇခရိ၊ ၉း၁၆။ "ထိုသူတို့သည် ငါစီရင်သောနေ့ရက်၌ ငါပိုင်ထိုက်သော ဘဏ္ဍာတော်ဖြစ်ကြလိမ့်မည် . . . . ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။" မာလခိ၊ ၃း၁၇။

သို့သော်ခရစ်တော်သည် အဖိုးအထိုက်တန်ဆုံးသောပုလဲရတနာဖြစ်တော်မူ၍ ဤကောင်းကင်ဘဏ္ဍာတော်ကို ကျွန်ုပ်တို့ပိုင်ဆိုင်ခွင့်ရှိပါသည်ဟုဆိုသည့်အကြောင်းတရားပေါ်တွင်သာလျှင် ကျွန်ုပ်တို့သည် အမြဲတစေစဉ်းစား၍နေသင့်ပါသည်။ မြတ်သောပုလဲရတနာ၏ အဖိုးထိုက်တန်ပုံကို သန့်ရှင်းသောဝိညာဉ်တော်က လူတို့အားဖွင့်ပြတော်မူပါသည်။ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုရရှိသောအချိန်သည် ကောင်းကင်လက်ဆောင်တော်ကို ရှာဖွေတွေ့ရှိသည့်ထူးခြားသော အချိန်ဖြစ်ပါသည်။ ခရစ်တော် ဤလောကတွင်ရှိတော်မူစဉ်က ဧဝံဂေလိတရားတော်ကို လူအများကြားနာရသော်လည်း သူတို့၏ဉာဏ်မျက်စိများသည် မှားယွင်းသောသင်ကြားမှုများအားဖြင့် အမှောင်ဖုံးလွှမ်းနေကြသောကြောင့် နှိမ့်ချသောဂါလိလဲဆရာကြီးကို ဘုရားသခင်၏သားတော်ဖြစ်သည်ဟု သတို့အသိအမှတ်မပြုကြ။ သို့သော် ခရစ်တော်သည် ကောင်းကင်နိုင်ငံတော်သို့ ပြန်လည်တက်ကြွတော်မူပြီးသည့်နောက် ကိုယ်တော်သည်ဖျွန်ဖြေရေးနိုင်ငံတော်၏ ပလ္လင်တော်ပေါ်၌တင်မြှောက်တော်မူခြင်းခံရသည်ကို သန့်ရှင်းသောဝိညာဉ်တော်အထူးသွန်းလောင်းခြင်းဖြင့် ထင်ရှားစွာပြတော်မူ၏။ ပင်တေကုတ္တေပွဲနေ့ရောက်သောအခါ ဝိညာဉ်တော်ကိုစေလွှတ်တော်မူ၏။ ခရစ်တော်၏သက်သေခံချက်များသည် ထမြောက်တော်မူသော ခရစ်တော်၏တန်ခိုးတော်ကြောင့် ကြွေးကြော်ကြပါသည်။ ခရစ်တော်၏ရန်သူများက လိမ်လည်လှည့်ဖြား

ခြင်းကိုခံရသူတို့၏မှောင်မိုက်ဖုံးလွှမ်းနေသောဉာဏ်မျက်စိများ အတွင်းသို့ကောင်းကင်အလင်းတော်ကို ထိုးဖေါက်ဝင်ရောက်လေ၏။ ကိုယ်တော်ကို "ဣသရေလလူတို့အား နောင်တတရားနှင့်အပြစ်လွှတ်ခြင်းအခွင့်ကိုပေးစေခြင်းငှါ၊ ထိုသူကိုအစိုးရသောသခင်အရာ၌ လည်းကောင်း၊ ကယ်တင်သောသခင်အရာ၌လည်းကောင်း" ချီးမြှင့်ခြင်းခံရသည်ကို ယခုသူတို့တွေ့မြင်ရကြ၏။ တမန်တော် ၅း၃၁။ ဆန့်ကျင်မှုများကို ကျော်ခိုင်းသောသူတို့အား ပေးမည့်အတိုင်းမသိ များစွာသောကောင်းကင်ဘဏ္ဍာရတနာများကို လက်တော်၌ပွေ့ပိုက်ထားတော်မူသည့်ကိုယ်တော်သည် ကောင်းကင်၌ ဘုန်းတော်အလင်းနှင့်ဝန်းရံလျက်ရှိသည်ကို သူတို့မြင်ရကြ၏။ တမန်တော်များသည် ဘုရားသခင်၏တစ်ပါးတည်းသောသားတော်ဆိုင်ရာဘုန်းတန်ခိုးတော်အကြောင်းကို ကြားပြောကြသောအခါ ထိုနေ့တွင် လူသုံးထောင်ယုံကြည်ကြပါသည်။ သူတို့သည်ကိုယ်တိုင်အားဖြင့် အပြစ်နှင့်ပြည့်ဝ၍ ညစ်ညမ်းလျက်ရှိကြောင်း၊ ခရစ်တော်သည် သူတို့၏ မိတ်ဆွေနှင့်ရွေးနုတ်သူဖြစ်တော်မူကြောင်း သူတို့ကိုယ်တိုင်သိမြင်အောင် ရှင်းပြကြ၏။ သန့်ရှင်းသောဝိညာဉ်တော်သည်လူတို့အပေါ်သို့ သက်ရောက်ခြင်းအားဖြင့် ခရစ်တော်သည် ချီးမြှင့်ခြင်းကိုခံရ၏။ ခရစ်တော်သည် တန်ခိုးကြီးတော်မူ၏။ ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကိုရစေခြင်းငှါ ခရစ်တော်သည် နှိမ့်ချခြင်းကိုလည်းကောင်း၊ အခက်အခဲများကိုလည်းကောင်း၊ အသေသတ်ခြင်းကိုလည်းကောင်း ခံတော်မူသည်ကို ထိုသူတို့သည် ယုံကြည်ခြင်းအားဖြင့် တွေ့မြင်ရကြ၏။ ဝိညာဉ်တော်အားဖြင့် ခရစ်တော်ကိုဖေါ်ပြခြင်းသည် ထိုသူတို့အား ကိုယ်တော်၏ဘုန်းတန်ခိုးတော် အာနုဘော်အကြောင်းကို သဘောပေါက်စေသဖြင့် "အကျွန်ုပ်ယုံကြည်ပါသည်" ဟု အသီးအသီးကြွေးကြော်ကြ၏။

ငင်းနောက် ခရစ်တော်ထမြောက်တော်မူခြင်း၏ ဝမ်းမြောက်စရာသတင်းစကားများကို လောကနိုင်ငံအရပ်ရပ်သို့သယ်ဆောင်သွားကြ၏။ အနယ်နယ်အရပ်ရပ်မှ ယုံကြည်သောသူအမြောက်အမြားအသင်းတော်သို့စုရုံးဝင်ရောက်ကြပါသည်။ ယုံကြည်သောသူများသည်လည်း ထပ်မံပြောင်းလဲခြင်းသို့ရောက်ကြ၏။ မယုံကြည်သူများနှင့် ခရစ်ယာန်တို့ပေါင်းဖက်၍ အဖိုးထိုက်တန်သောပုလဲရတနာကိုရှာဖွေကြ၏။ အားနည်းသောသူသည် "ဒါဝိဒ်မင်းကဲ့သို့" လည်းကောင်း ဒါဝိဒ်မင်းမျိုးသည် "ထာဝရဘုရားသခင်၏ ကောင်းကင်တမန်ကဲ့သို့" လည်းကောင်းဖြစ်လိမ့်မည်အကြောင်း ပုရောဖက်ဟောပြောသောစကားပြည့်စုံလေ၏။ ဇာခရိ ၁၂း၈။ ခရစ်ယာန်တိုင်းသည် ကိုယ်တော်ကဲ့သို့ ကြင်နာမှုထက်သန်၍ မေတ္တာတရားပွားများနိုင်ကြောင်း ညီအစ်ကိုတိုင်းကတွေ့မြင်ရကြ၏။ တစ်ခုတည်းသောအာရုံစူးစိုက်မှုစိုးမိုး၏။ တညီတညွတ်တည်းသောရည်မှန်းချက်သည် အခြားသောရည်မှန်းချက်အပေါင်းကိုငုံမိလေ၏။ ညီအစ်ကိုအပေါင်းသည်လည်း တစ်လုံးတစ်ဝတည်းဖြစ်ကြ၏။ ယုံကြည်သောသူတို့၏တစ်ခုတည်းသော ရည်မှန်းချက်သည်ခရစ်တော်၏ဘုန်းတော်နှင့်တူညီသောအကျင့်ကို ဆည်းပူး၍ ကိုယ်တော်၏နိုင်ငံတော်ကို တိုးချဲ့ရေးအတွက် အမှုတော်ဆောင်ရန်ပင်ဖြစ်ပါသည်။ "ယုံကြည်သောသူအပေါင်းတို့သည် စိတ်နှလုံးတညီတညွတ်တည်းရှိကြ၍ . . . . သခင်ယေရှုထမြောက်တော်မူခြင်းအကြောင်းကိုတမန်တော်တို့သည်ကြီးသောတန်ခိုးနှင့်သက်သေခံ၍ထိုသူအပေါင်းတို့သည် ကြီးသောကျေးဇူးတော်နှင့်ပြည့်စုံကြ၏။" တမန်တော် ၄း၃၂၊၃၃။ ငင်းအပြင် "ကယ်တင်ခြင်းသို့ရောက်သောသူတို့ကိုလည်း နေ့စဉ်မပြတ်ဘုရားသခင်သည်သင်းဝင်စေတော်မူ၏။" တ ၂း၄၇။ သူတို့

သည် အဖိုးထိုက်တန်သောပုလဲရတနာကိုတွေ့ရကြပြီဖြစ်၍ခရစ်တော်၏ ဝိညာဉ်တော်သည်လူစုလူဝေးကြီးတစ်ခုလုံးကို သက်ဝင်လှုပ်ရှားစေ၏။

ပိုမိုအင်အားကြီးမားသည့်အလာတူမြင်ကွင်းများ ထပ်တလဲလဲ ဖြစ်ပေါ်ပါလိမ့်မည်။ ပင်တေကုတ္တေပွဲနေ့တွင် သွန်းလောင်းတော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် အဦးမိုးဖြစ်၏။ သို့သော် နောက်မိုး သည် အဦးမိုးထက်ပို၍ ကြွယ်ဝလှံလောက်ခြင်းရှိလိမ့်မည်။ ဝိညာဉ် တော်သည် ကျွန်ုပ်တို့တောင်းဆို၍လက်ခံရန်စောင့်နေတော်မူ၏။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်ဖြင့်ခရစ်တော်ကိုပြည့်စုံကုံလုံ စွာပြန်လည်ဖော်ထုတ်ရန်ဖြစ်ပါသည်။ လူတို့သည် မြတ်သောပုလဲရတနာ ၏တန်ဖိုးကိုနားလည်သဘောပေါက်၍တမန်တော်ပေါလုကဲ့သို့ "ငါ၏ အကျိုးစီးပွားကိုပြုစုသောအရာရှိသမျှတို့ကို ရှုံးစေသောအရာကဲ့သို့ ခရစ်တော်ကြောင့်ငါထင်မှတ်၏။ ထိုမျှမက ငါ၏သခင်ယေရှုခရစ်ကို သိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကိုထောက်၍ ခပ်သိမ်း သောအရာတို့ကို ရှုံးစေသောအရာကဲ့သို့ငါထင်မှတ်၏" ဟုပြောကြ လိမ့်မည်။ ဖိလိ ၃း၇-၈။

---ooo---

# ပိုက်ကွန်

## မ၊ ၁၃း၄၇-၅၀ ကိုအခြေပြုပါသည်။

"ကောင်းကင်နိုင်ငံတော်သည် ပင်လယ်၌ချ၍ အမျိုးမျိုးသော ငါးတို့ကိုအုပ်မိသောပိုက်ကွန်နှင့်တူ၏။ ငါးနှင့်အပြည့်ရှိသော တံငါတို့သည်ကုန်းပေါ်သို့ဆွဲတင်၍ထိုင်လျက် ကောင်းသောငါးကိုခြင်းတောင်းထဲသို့ရွေးချယ်ထည့်ထား၍ မကောင်းသောငါးကိုပြင်သို့ပစ်လိုက်ကြ၏။ ထိုနည်းတူ ကမ္ဘာအဆုံး၌ ကောင်းကင်တမန်တို့သည်ဆင်းလာပြီးလျှင် ဖြောင့်မတ်သောသူတို့အထဲမှ ဆိုးသောသူတို့ကိုနုတ်ယူခွဲထား၍ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ မီးဖို၌ချကြလတ္တံ့။"

ပိုက်ကွန်ကိုပင်လယ်၌ချခြင်းသည် ဧဝံဂေလိတရားတော်ကို ဟောပြောခြင်းဖြစ်ပါသည်။ ဤသို့အမှုတော်ကိုဆောင်ရွက်ခြင်းအားဖြင့် ကောင်းသောသူများနှင့်မကောင်းသောသူများရောပြွမ်း၍အသင်းတော်သို့ဝင်ရောက်လာကြလိမ့်မည်။ ဧဝံဂေလိတရားတော်ဆိုင်ရာသာသနာလုပ်ငန်းပြီးဆုံးချိန်ရောက်သောအခါ ကောင်းသူနှင့်ဆိုးသူခွဲခြားသည့်လုပ်ငန်းကို တရားစီရင်ခြင်းနည်းဖြင့်အဆုံးသတ်ပါလိမ့်မည်။ အသင်းတော်၌အသင်းသူသားအတုများရှိခြင်းအားဖြင့် ဘုရားသခင်၏တရားတော်လမ်းစဉ်ကို မကောင်းသတင်းဖြန့်ကြလိမ့်မည်ဖြစ်ကြောင်း ခရစ်တော်ကြိုတင်သိမြင်တော်မူ၏။ ဆရာကြီးအတုများ၏မတည်ငြိမ်သောအသက်တာများကြောင့် လောကသားတို့သည် ဧဝံဂေလိတရားတော်ကိုကဲ့ရဲ့ရှုတ်ချကြလိမ့်မည်။ ကိုယ်တော်၏ဝိညာဉ်တော်အုပ်ချုပ်မှုကို မခံယူသောခရစ်ယာန်အမည်ခံသူများသည် အခြားသောခရစ်ယာန်များအတွက်ထိမိလဲစရာဖြစ်ကြလိမ့်မည်။ ဤကဲ့သို့ဆိုးသွမ်းသူများအသင်း၌ရှိခြင်းအားဖြင့်ဘုရားသခင်သည်သူတို့၏အပြစ်များကိုလွှတ်တော်မူသည်ဟု

လူအများက ထင်မှတ်များစရာအကြောင်းရှိနေပါသည်။ ထိုကြောင့် ခရစ်တော်ကရာထူးရာခံအားဖြင့်မဟုတ်၊ အကျင့်အားဖြင့်သာလျှင် လူတို့၏ရှေ့ရေးဘဝအသက်တာကို ဖန်တီးလိမ့်မည်ဖြစ်ကြောင်း ရှေ့ရေးအချိန်ကိုမျှော်ရှုရန် ရေးရေးရိပ်ရိပ်ပြတော်မူ၏။

တောပင်များနှင့်ပိုက်ကွန်ဥပမာတို့တွင် ဆိုးသွမ်းသူအားလုံးတို့သည်ဘုရားသခင်၏ထံတော်သို့ ပြန်လာကြမည့်အချိန်ရှိမည်မဟုတ်ကြောင်းထင်ရှားစွာသင်ပြထားပါသည်။ စပါးပင်နှင့်တောပင်တို့သည် စပါးရိတ်သိမ်းရာအချိန်တိုင်အောင် အတူကြီးပွားကြ၏။ ပိုက်ကွန်တွင် မိသောငါးအားလုံးကို ကမ်းခြေသို့ရောက်အောင်ဆွဲယူပြီးမှ ကောင်းသောငါးနှင့်မကောင်းသောငါးတို့ကို အပြီးသတ်ခွဲခြားပါသည်။

၄င်းအပြင် တရားစီရင်တော်မူပြီးသည့်နောက်ပိုင်းတွင်သနားကြင်နာမှုတံခါးကိုဖွင့်ထားလိမ့်မည်မဟုတ်တော့ကြောင်း ဤဥပမာများက ထင်ရှားစွာသင်ပြထားပါသည်။ ဧဝံဂေလိတရားတော်ကိုဟောပြောသည့်အချိန်ပြီးပြည့်စုံသောအခါကောင်းသောသူနှင့်မကောင်းသူတို့ကိုအပြီးသတ်ခွဲခြား၍ယင်းလူတစ်စုစီ၏ထာဝရအဆုံးစွန်ရာအဖြစ်ကိုဆုံးဖြတ်ပါလိမ့်မည်။

ဘုရားသခင်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဖျက်ဆီးရန် အလိုတော်မရှိပါ။ "ထာဝရဘုရားသခင်မိန့်တော်မူသည်ကား၊ ငါအသက်ရှင်သည်အတိုင်း ဆိုးသောသူသည်အသေခံခြင်းအမှုကိုငါနှစ်သက်သည်မဟုတ်။ ဆိုးသောသူသည် မိမိဆိုးသောလမ်းမှလွှဲ၍ အသက်ရှင်ခြင်းအမှုကိုသာငါနှစ်သက်၏။ . . . သင်တို့လိုက်သောလမ်းဆိုးမှလွှဲကြလော့၊ လွှဲကြလော့။ အဘယ်ကြောင့်အသေခံလိုကြသနည်း။" ယေဇကျေလ၊ ၃၃း၁၁။ သနားကြင်နာမှုတံခါးမပိတ်မီကာလပတ်လုံးအခမဲ့ပေးနေသော အသက်လက်ဆောင်ကို လက်ခံရယူကြရန် ကိုယ်တော်၏ ဝိညာဉ်တော်က

အားပေးတိုက်တွန်းနေပါသည်။ ဝိညာဉ်တော်တိုက်တွန်းခြင်းကိုငြင်းပယ်သောသူများသာလျှင် ပျက်စီးဆုံးရှုံးခြင်းသို့ရောက်ကြလိမ့်မည်။ အပြစ်သည်မိုးကုပ်စက်ဝိုင်းကိုပျက်စီး ယိုယွင်းစေသည့်မကောင်းမှုဖြစ်သောကြောင့် လုံး၀ဖျက်ဆီးရမည်ဟု ဘုရားသခင်ကြေညာထားတော်မူ၏။ ထို့ကြောင့် အပြစ်ကိုစွဲမြဲစွာတွယ်ကပ်နေသူများသည်လည်း ယင်းအပြစ်ကိုသုတ်သင်ရာတွင် တစ်ပါတည်းပါသွားကြပါလိမ့်မည်။

---ooo---

# "အသစ်အဟောင်း"

### မ၊ ၁၃း၅၁၊၅၂ ကိုအခြေပြုပါသည်။

လူထုပရိတ်သတ်ကိုသွန်သင်စဉ်တွင်ပင် ခရစ်တော်သည်ရှေ့ရေး လုပ်ငန်းစဉ်အတွက် တပည့်တော်များအားပညာပေးတော်မူ၏။ ကိုယ်တော်၏သင်ခန်းစာတိုင်းတွင် တပည့်တော်များအတွက် သွန်သင်ချက်များပါဝင်ပါသည်။ ပိုက်ကွန်ဥပမာကိုပေးတော်မူပြီးသည်နောက် ကိုယ်တော်က "ဤအရာအလုံးစုံတို့ကို သင်တို့သည်နားလည်ကြ သလော" ဟုမေးတော်မူရာတပည့်တော်များက "နားလည်ပါပြီသခင်" ဟုလျှောက်ကြပါသည်။ ထိုနောက်သူတို့လက်ခံရရှိထားပြီးဖြစ်သော ဘုရားသခင်၏တရားများနှင့်ပတ်သက်၍ သူတို့၏တာဝန်ဝတ္တရားများကို အခြားသောဥပမာဖြင့် သူတို့အား သွန်သင်တော်မူသည်မှာ "ကောင်းကင်နိုင်ငံတော်၏ အကြောင်းအရာကိုသင်ပြီးသောကျမ်းဆရာ မည်သည်ကား၊ မိမိဘဏ္ဍာထဲကအထူးထူးအပြားပြားသောအသစ်အဟောင်းတို့ကိုထုတ်ဖေါ်သောအိမ်ရှင်နှင့်တူ၏။"

ဥစ္စာဘဏ္ဍာများကိုရရှိသောအိမ်ရှင်သည် ယင်းဥစ္စာဘဏ္ဍာများကိုသိုလှောင်ထားခြင်းမပြု၊ အခြားသူများအားဝေငှပေးကမ်းရန်ထုတ်ယူလာ၏။ ယင်းသို့ဝေငှအသုံးပြုခြင်းကြောင့် ဥစ္စာဘဏ္ဍာများတိုးပွားများပြားလေ၏။ အိမ်ရှင်၌မွန်မြတ်သောအရာအဟောင်းအသစ်များရှိ၏။ ထိုနည်းတူမိမိတို့ကိုပေးအပ်ထားသည့် ဘုရားသခင်၏တရားများကိုလည်း ကမ္ဘာပေါ်ရှိလူအပေါင်းတို့အား ဝေငှရမည်ဟု ခရစ်တော်သည် တပည့်တော်တို့ကို သွန်သင်တော်မူ၏။ ယင်းတရားအသိပညာသည်လည်း ဝေငှသည်နှင့်အမျှ တိုးပွားခြင်းရှိပါလိမ့်မည်။

ဧဝံဂေလိသတင်းစကားကိုလက်ခံရရှိထားပြီးသော သူတိုင်းသည်ယင်းသတင်းစကားတော်ကို ဆက်လက်ကြေငြာရန် စိတ်အလိုပြင်းပြလိမ့်မည်။ ကောင်းကင်မှဖြစ်ဖွားသောခရစ်တော်၏မေတ္တာတော်အားဖြင့်ပြောတတ်သည့်စွမ်းရည်ကိုလည်းရရှိကြလိမ့်မည်။ ခရစ်တော်နှင့်မိတ်သဟာရဖွဲ့ပြီးသောသူတို့သည် ဘုရားသခင်နှင့်စေလွှတ်တော်မူသောသခင်ယေရှုခရစ်၏အကြောင်းများကို သိကျွမ်းလိုသည့်စိတ်အဘယ်မျှပြင်းပြကြသည်ကိုလည်းကောင်း၊ သူတို့အနေဖြင့်ကျမ်းစာတော်မြတ်ကိုစူးစမ်းရှာဖွေလေ့လာရာတွင် အဘယ်မျှအကျိုးကျေးဇူးသက်ရောက်သည်ကိုလည်းကောင်း၊ သူတို့အနေဖြင့် အဘယ်မျှဆုတောင်းခဲ့ကြသည်ကိုလည်းကောင်း၊ သူတို့၏အသက်ဝိညာဉ်အတွက်အဘယ်မျှပူဆွေးစိုးရိမ်ခဲ့ကြသည်ကိုလည်းကောင်း သူတို့အားခရစ်တော်က "သင်၏အပြစ်ကိုလွှတ်စေပြီ" ဟုမိန့်တော်မူကြောင်းကိုလည်းကောင်း မိမိတို့၏ကိုယ်တွေ့အဖြစ်အပျက်များကိုသန့်ရှင်းသောဝိညာဉ်တော်၏ရှေ့ဆောင်လမ်းပြခြင်းကို တစ်လုံးချင်းလိုက်လျှောက်၍သူတစ်ပါးတို့အားပြောကြားဝေငှကြလိမ့်မည်။ ယင်းကဲ့သို့သောအကြောင်းအရာများကို လျှို့ဝှက်ထားမည်ဆိုပါက သဘာဝကျလိမ့်မည်မဟုတ်ပါ။ ၎င်းပြင် ခရစ်တော်၏မေတ္တာတော်နှင့်ပြည့်ဝသူများသည်လည်း ထိုသို့ပြုကြလိမ့်မည်မဟုတ်ပါ။ ဘုရားသခင်၏တရားတော်ကို သူတို့အားဘုရားသခင်ကပစ္စည်းထိန်းအဖြစ်လွှဲအပ်ထားသည့်အရေအတွက်အတိုင်းသူတစ်ပါးတို့သည်လည်း အလားတူကောင်းချီးခံစားကြစေရန်သူတို့အလိုရှိကြလိမ့်မည်။ သူတို့သည် ဘုရားသခင်၏ကျေးဇူးတော်ဆိုင်ရာဘဏ္ဍာရတနာ၏ကြွယ်ဝမှုအကြောင်းကို သူတစ်ပါးတို့အားကြားသိစေသည်နှင့်အမျှ ခရစ်တော်၏ကျေးဇူးတော်များကိုသူတို့အနေဖြင့်ပို၍ပို၍ များပြားစွာလက်ခံရရှိကြလိမ့်မည်။ သူတို့သည်

သူငယ်ကဲ့သို့ရိုးသားသောစိတ်နှလုံးရှိ၍ လုံးလုံးလျားလျားနားထောင်သည့်စိတ်သဘောရှိကြလိမ့်မည်။ သူတို့၏စိတ်နှလုံးများသည် သန့်ရှင်းခြင်းကိုလိုလားတောင့်တကြလိမ့်မည်။ ဘုရားသခင်၏တရားဘဏ္ဍာများနှင့်ကျေးဇူးတော်များကိုလည်း ကမ္ဘာပေါ်ရှိလူအပေါင်းတို့အားဝေငှရန်ပို၍ပို၍ထင်ရှားစွာတွေ့သိခံစားရကြလိမ့်မည်။

ဘုရားသခင်၏နှုတ်ထွက်တရားတော်သည် အမှန်တရား သိုလှောင်ရုံကြီးဖြစ်ပါသည်။ ယင်းသိုလှောင်ရုံကြီးတွင် စာလုံးတင်ထားသောနှုတ်ထွက်တရားတော်၊ သဘာဝလောကတည်းဟူသောသင်ခန်းစာစာအုပ်၊ ဘုရားသခင်နှင့်လူသားတို့ဆက်ဆံသည့် ကိုယ်တွေ့အဖြစ်အပျက်စာအုပ်များပါဝင်ပါသည်။ ခရစ်တော်၏အမှုတော်ဆောင်များသည် ယင်းသိုလှောင်ရုံမှဥစ္စာဘဏ္ဍာများကို ထုတ်ယူကြရန်ဖြစ်ပါသည်။ ဘုရားသခင်၏တရားတော်ကို ရှာဖွေစူးစမ်းရာတွင် လူ၏အသိအမြင်ကိုအားထားရန်မဟုတ်၊ ဘုရားသခင်ကိုသာကိုးစားရမည်။ လူ၏အတတ်ပညာသည် ဘုရားသခင်၏ရှေ့တော်၌မိုက်မဲခြင်းသာဖြစ်၏။ ဘုရားသခင်ကိုသိကျွမ်းသည့်ပညာဥာဏ်ကို ရှာဖွေသောသူတိုင်းအားကိုယ်တော်သည် မိမိကိုယ်တိုင်သတ်မှတ်ထားသောလမ်းစဉ်များအတိုင်းပညာဥာဏ်ကိုပေးသနားတော်မူပါလိမ့်မည်။

အကယ်၍ခရစ်တော်၏နောက်လိုက်တပည့်များသည် ကိုယ်တော်၏နှုတ်ထွက်တရားတော်ကိုယုံကြည်၍ကိုယ်တွေ့ကျင့်သုံးမည်ဆိုပါက သဘာဝလောကတွင် သူတို့နားမလည်သဘောမပေါက်နိုင်သောသိပ္ပံပညာဟူ၍မရှိနိုင်။ သူတစ်ပါးအား ဘုရားသခင်၏တရားတော်ဝေငှရန်သဘာဝမှမရနိုင်သောနည်းလမ်းဟူ၍မရှိနိုင်။ ခရစ်တော်၏ကျောင်းတော်သားတိုင်းသည်သဘာဝသိပ္ပံဘဏ္ဍာတိုက်ကြီးထဲမှ သိပ္ပံပညာပေါင်းစုံကိုထုတ်ယူနိုင်ပါသည်။ ကျွန်ုပ်တို့သည် သဘာဝ၏အလှအပများကို

အာရုံပြုရာ၌လည်းကောင်း၊ မြေဆီလွှာကိုထွန်ယက်စိုက်ပျိုးရာမှရရှိသည့် သင်ခန်းစာများအရလည်းကောင်း၊ သစ်ပင်ပန်းပင်များကြီးထွားရှင်သန်ရာမှလည်းကောင်း၊ မြေကြီး၊ ပင်လယ်နှင့်ကောင်းကင်၌ရှိသောအံ့ချီးဖွယ်ရာများမှလည်းကောင်း ဘုရားသခင်၏တရားတော်နှင့်စပ်လျဉ်း၍ နားလည်သဘောပေါက်စရာအသစ်အဆန်းများ အမြဲတစေရရှိနေပေလိမ့်မည်။ ၎င်းအပြင် ဘုရားသခင်သည် လူသားနှင့်ဆက်ဆံသည့် နက်နဲသောအကြောင်းအရာများကိုလည်းကောင်း၊ လူသားသက်ရှင်နေထိုင်ခြင်းနှင့်စပ်လျဉ်း၍ ကိုယ်တော်၏နက်နဲသောပညာဉာဏ်နှင့် စီရင်ဆုံးဖြတ်တော်မူပုံများကိုလည်းကောင်း ယင်းသဘာဝသိုလှောင်ရုံကြီးတွင် ဘဏ္ဍာရတနာများအဖြစ် ပြည့်စုံကြွယ်ဝလျက်ရှိသည်ကို တွေ့မြင်ရလိမ့်မည်။

သို့သော်ကျဆုံးသောလူသားအတွက် ဘုရားသခင်အားသိကျွမ်းနိုင်သောပညာကို စာလုံးတင်ထားသောနှုတ်ထွက်တရားတော်၌ အထင်ရှားဆုံးဖေါ်ပြထားပါသည်။ ယင်းဘဏ္ဍာတိုက်ကြီးတွင် စူးစမ်းရှာဖွေ၍ မကုန်မခန်းနိုင်သောခရစ်တော်၏ ဘဏ္ဍာရတနာများကြွယ်ဝစွာရှိပါသည်။

ဘုရားသခင်၏နှုတ်ထွက်တရားတော်တွင် ကျမ်းဟောင်းနှင့် ကျမ်းသစ်တို့ပါဝင်ပါသည်။ တစ်ကျမ်းမပါလျှင်အခြားတစ်ကျမ်းသည် ပြည့်စုံကုံလုံခြင်းမရှိနိုင်။ ကျမ်းဟောင်းတွင်ပါဝင်သောဘုရားသခင်၏တရားတော်များသည် ကျမ်းသစ်၏ယင်းတရားများကဲ့သို့ပင်အဖိုးထိုက်တန်ကြောင်းခရစ်တော်ကြေညာထားတော်မူ၏။ ခရစ်တော်သည်ယနေ့လူသားတို့၏ရွေးနုတ်သောသခင်ဖြစ်တော်မူသကဲ့သို့ကမ္ဘာဦးလူတို့၏ရွေးနုတ်သောသခင်လည်းဖြစ်တော်မူခဲ့၏။ ကိုယ်တော်သည်ဘုရားသခင်အဖြစ်မှ

လူအဖြစ်ကိုယူတင်ဝတ်ဆောင်၍ ဤလောကသို့ကြွလာတော်မမူမီ ဧဝံဂေလိသတင်းစကားတော်ကိုအာဒံ၊ ရှေသ၊ နောက်၊ မသုရှလနှင့် နောဧတို့ကဝေငှခဲ့ကြပါသည်။ အာဗြဟံသည် ခါနာန်ပြည်သို့လည်းကောင်း၊ လောတသည်သောဒုံမြို့သို့လည်းကောင်း သတင်းစကားတော်ကိုယူဆောင်သွားကြပါသည်။ ယင်းနည်းအားဖြင့် လူမျိုးတစ်ဆက်ပြီးတစ်ဆက်သစ္စာတည်သောသတင်းစကားသယ်ဆောင်သူများသည် ကြွလာတော်မူလတ္တံ့သောကိုယ်တော်၏အကြောင်းကိုကြွေးကြော်ခဲ့ကြပါသည်။ ယုဒလူတို့၏စားဝတ်နေရေးတည်းဟူသောစီးပွားရေးဆိုင်ရာဝတ်ပြုကိုးကွယ်နည်းများကို ခရစ်တော်ကိုယ်တိုင်ချမှတ်စီရင်တော်မူခဲ့ပါသည်။ ခရစ်တော်သည်ယုဒလူတို့ဝတ်ပြုကိုးကွယ်ရာ၌ ပုံဆောင်ပြုလုပ်ခဲ့ကြသောယဇ်မီးရှို့ခြင်းစနစ်၏အခြေအမြစ်ဖြစ်၍ သူတို့၏ဘာသာရေးဆိုင်ရာဝတ်ပြုကိုးကွယ်ခြင်းရှိသမျှသည် ကိုယ်တော်ကိုရည်မှန်း၍ ဥပမာပုံဆောင်ထားခြင်းဖြစ်ပါသည်။ ယဇ်မီးရှို့ခြင်းများ၌သွန်းသောအသွေးရှိသမျှသည် ယဇ်မီးရှို့ခြင်းကို ခံယူမည့်ဘုရားသခင်၏သိုးသယ်တော်ကိုဖေါ်ညွှန်းထားပါသည်။ ဥပမာပုံဆောင်၍ ယဇ်မီးရှို့ခြင်းရှိသမျှသည် ကိုယ်တော်၌ပြည့်စုံခြင်းသို့ရောက်၏။

ခရစ်တော်ကိုရှေးခေတ်လူမျိုးစုတို့၏ဖခင်များအား ထင်ရှားစွာဖေါ်ပြခဲ့ခြင်းသည်လည်းကောင်း၊ ယဇ်မီးရှို့ခြင်းဆိုင်ရာဝတ်ပြုကိုးကွယ်ခြင်း၌ ပုံဆောင်ထားခြင်းများသည်လည်းကောင်း၊ ပညတ်တရားတော်၌ ရုပ်လုံးဖေါ်ထားခြင်းသည်လည်းကောင်း၊ ပုရောဖက်များကဖေါ်ညွှန်းခဲ့ခြင်းများသည်လည်းကောင်း၊ ကျမ်းဟောင်း၏ကြွယ်ဝမှုများဖြစ်ပါသည်။ ခရစ်တော်အသက်ရှင်တော်မူခြင်း၊ အသေခံတော်မူခြင်းနှင့် ထမြောက်တော်မူခြင်းများသည်လည်းကောင်း၊ ခရစ်တော်အား သန့်ရှင်းသောဝိညာဉ်တော်က ထင်ရှားစွာညွှန်ပြခြင်းများသည်လည်းကောင်း၊

ကျမ်းသစ်၏ရတနာဖြစ်ပါသည်။ ခမည်းတော်၏ကြီးမားတော်မူသော ဘုန်းတန်ခိုးဖြစ်တော်မူသော ကျွန်ုပ်တို့၏ ကယ်တင်သခင်သည် ကျမ်းဟောင်းနှင့်ကျမ်းသစ်ဖြစ်တော်မူ၏။

ပုရောဖက်များ၏ကြိုတင်ဖော်ပြထားသည့် စကားများအတိုင်း ခရစ်တော်အသက်ရှင်တော်မူခြင်းအကြောင်း၊ အသေခံတော်မူခြင်း အကြောင်း၊ ကြားဖျန်ဖြေသူအဖြစ်ဆောင်ရွက်တော်မူခြင်းအကြောင်း များကိုလည်းကောင်း၊ ခရစ်တော်၏နှိမ့်ချတော်မူခြင်းအကြောင်း၊ ကိုယ်တော်၏သန့်ရှင်းတော်မူခြင်းနှင့်အပြစ်နှင့်ကင်းလွတ်တော်မူခြင်း အကြောင်း၊ ကိုယ်တော်၏အတုမရှိသောမေတ္တာအကြောင်းများကို လည်းကောင်း တမန်တော်တို့သည် လောကနိုင်ငံအရပ်ရပ်သို့ထွက်ခွာ ၍အသေခံရကြမည်ဖြစ်ပါသည်။ ဧဝံဂေလိတရားတော်ကိုပြည့်စုံ ကုံလုံစွာဟောပြောနိုင်ရန် ခရစ်တော်၏အသက်တာတွင် ထင်ရှား ခဲ့သည့်အကြောင်းများနှင့်သွန်သင်တော်မူချက်များကိုသာမကကျမ်းဟောင်း ခေတ်က ကိုယ်တော်ကိုဖော်ညွှန်းခဲ့သည့်ပုရောဖက်ပြုစကားများနှင့် ယဇ်ကောင်မီးရှို့ပြုခြင်းဆိုင်ရာပုံဆောင်ခြင်းများကိုပါ တင်ဆက် ရကြမည်ဖြစ်ပါသည်။

ခရစ်တော်သည် မိမိကိုယ်တော်တိုင် အစပြုတော်မူခဲ့သော ဘုရားသခင်၏တရားဟောင်းများ၊ လူမျိုးစုတို့၏ဖခင်များနှင့် ပုရောဖက် များမှတစ်ဆင့်မိန့်တော်မူခဲ့သောဘုရားသခင်၏တရားများအတိုင်းပင် သွန်သင်တော်မူခဲ့၏။ သို့သော် ယခုအချိန်တွင် ကိုယ်တော်သည် ယင်းတရားတော်များနှင့်ပတ်သက်၍အသစ်သောအလင်းကို ပေးတော်မူသောကြောင့် ထူးခြားစွာအနက်ထင်ရှားလာပါသည်။ ကိုယ်တော်သည် ယင်းသို့ရှင်းပြတော်မူသည့်အတွက် အနက်ပေါ်လွင် သဖြင့် ဝိညာဉ်ရေးတိုးတက်ဖွံ့ဖြိုးလာပါသည်။ ၎င်းအပြင် ဘုရားသခင်၏

နှုတ်ထွက်တရားတော်သည် သူတို့အတွက် အမြဲတစေအနက်ရှင်းလင်းနေစေရန် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အားရှင်းပြလိမ့်မည်ဟု တပည့်တော်များအား ကိုယ်တော်ကတိပေးတော်မူ၏။ သူတို့သည်လည်း ဘုရားသခင်၏တရားကို သစ်လွင်သောတင့်တယ်ခြင်းဖြင့်ဟောပြောနိုင်ကြပေလိမ့်မည်။

ရွေးနုတ်တော်မူမည့်အကြောင်း ပထမဦးဆုံးအကြိမ်ဒေဝဥယျာဉ်၌ကတိပြုတော်မူခဲ့စဉ်ကစ၍ ခရစ်တော်၏အသက်တော်၊ ဘုန်းတော်နှင့်ဖျန်ဖြေရေးအမှုတော်များမှာ လူသားတို့အတွက်လေ့လာသင်ကြားစရာအကြောင်းဖြစ်လာပါသည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်ပြုပြင်ခြင်းကိုခံယူရသောသူတိုင်းသည် ဤအကြောင်းအရာများကို အသစ်သောအလင်းတရားဖြင့် တင်ဆက်နိုင်ကြပါသည်။ ရွေးနုတ်ခြင်းဆိုင်ရာဘုရားသခင်၏တရားများသည် အမြဲတစေတိုးတက်ပြန့်ပွားလျက်ရှိနေပါသည်။ ၎င်းတို့မှာအိုဟောင်း၍သွားသော်လည်း အစဉ်အမြဲသစ်လွင်နေသည်ဖြစ်၍ ယင်းတရားကိုရှာဖွေသောသူအား ပိုမိုကြီးမြတ်တော်မူသော ဘုန်းတော်နှင့်တန်ခိုးအာဏာစက်ကို စဉ်ဆက်မပြတ်ဖော်ပြတော်မူလိမ့်မည်။

ခေတ်ကာလတိုင်းတွင် ယင်းခေတ်နှင့်ဆိုင်သောလူသားအတွက် ဘုရားသခင်၏သတင်းစကားနှင့်ဆိုင်သော အမှန်တရားအသစ်ထွန်းကားပါသည်။ အမှန်တရားဟောင်းများသည် မရှိမဖြစ် အရေးကြီးပါသည်။ အမှန်တရားသစ်များသည်လည်း အမှန်တရားဟောင်းများအပေါ်တွင် အမှီတံကဲပြုနေသည်သာမက အမှန်တရားဟောင်းများ၏အနက်ကို ဖော်ပြခြင်းဖြစ်ပါသည်။ ဘုရားသခင်၏တရားဟောင်းများကိုနားလည်သည့်အပေါ်မူတည်၍ ဘုရားသခင်၏တရားသစ်ကိုသဘောပေါက်ပါသည်။ ခရစ်တော်သည် မိမိထမြောက်တော်မူခြင်းဆိုင်ရာ ဘုရားသခင်၏

တရားတော်ကိုတပည့်တော်များအား ဖွင့်ပြတော်မူလိုသောအါ "မောရှေ ၏ကျမ်းစာမှစ၍ ပရောဖက်တို့၏ကျမ်းစာများ၌" ဟူ၍အစချီပြီးလျှင် "ကိုယ်တော်ကိုရည်မှတ်၍ရေးထားသမျှသောကျမ်းစာအနက်ကိုရှင်းလင်း စွာဖေါ်ပြတော်မူ၏။ လုကာ၊ ၂၄း၂၇။ ယင်းသို့ဘုရားသခင်၏တရားကို အသစ်တစ်ဖန်အနက်ဖွင့်ဆိုတော်မူသည့်အလင်းရောင်သည် ဘုရားသခင့် တရားဟောင်း၏ဘုန်းတော်ကိုထင်ရှားစေ၏။ အသစ်ကိုငြင်းပယ်သော သူ၊ (သို့မဟုတ်) အလေးမထားသောသူသည် အဟောင်းကိုလည်း အမှန်တကယ် ပိုင်ပိုင်နိုင်နိုင်ရှိမည်မဟုတ်ပါ။ သူသည်အသက်ရှင်စေ တတ်သောတန်ခိုးရှိသည့် ဘုရားသခင်၏တရားတော်ကို လက်လွှတ် သောသူဖြစ်သောကြောင့် ထိုသူတွင် အသက်မရှိပြင်ပရုပ်လက္ခဏာသာ ရှိ၏။

ခရစ်ယာန်ကျမ်းဟောင်းကိုသာယုံကြည်ပါသည်ဟု အဆိုပြု၍ ခရစ်ယာန်ကျမ်းသစ်ကိုပယ်လျက် ဘုရားသခင်၏တရားဟောင်းများ ကိုသာ ဟောပြောသောသူများရှိပါသည်။ သို့သော် ခရစ်တော်၏သွန်သင် ချက်များကိုငြင်းပယ်သဖြင့် လူမျိုးစုတို့ဖခင်များနှင့် ပရောဖက်တို့၏ဟော ကြားချက်များကိုလည်း မယုံကြည်ကြောင်းထင်ရှားနေပါသည်။ ထို့ကြောင့်ခရစ်တော်က "သင်တို့သည် မောရှေ၏ စကားကိုယုံလျှင် ငါ့စကားကိုမယုံဘဲမနေနိုင်ကြ၊ အကြောင်းမူကား မောရှေသည် ငါ့ အကြောင်းကိုဟောထား၏" ဟုမိန့်တော်မူ၏။ ယော၊ ၅း၄၆။ သို့ဖြစ်၍ သူတို့သည် ခရစ်ယာန်ကျမ်းဟောင်းကိုသင်ကြားရာ၌ပင် အမှန်တကယ် တန်ခိုးမရှိပါ။

ဧဝံဂေလိတရားတော်ကိုယုံကြည်ပါသည်ဟုအဆိုပြု၍ ယင်း တရားတော်ကိုသာဟောပြောနေသောသူအများသည်လည်း ယင်းအမှား မျိုးကိုပင် မှားနေကြပါသည်။ "ထိုကျမ်းစာပင်ငါ၏ သက်သေဖြစ်၏။"

ဟုခရစ်တော်ညွှန်ပြတော်မူသည့် ခရစ်ယာန်ကျမ်းဟောင်းများကို သူတို့ ပယ်ထားကြပါသည်။ ယော၊ ၅း၃၉။ ကျမ်းနှစ်စောင်လုံးသည် ခွဲခြား၍ မဖြစ်နိုင်သည့် တပေါင်းတစည်းတည်းသောကျမ်းစာဖြစ်၍ ခရစ်ယာန် ကျမ်းဟောင်းကိုငြင်းပယ်လျှင်ခရစ်ယာန်ကျမ်းသစ်ကိုပါငြင်းပယ်ရာ ရောက်ပါသည်။ ဧဝံဂေလိတရားတော်မပါဘဲ ဘုရားသခင်သည်ပညတ် တော်ကို မှန်ကန်အောင်အဘယ်သူမျှမတင်ပြနိုင်သကဲ့သို့ ဧဝံဂေလိ တရားတော်ကိုလည်း ပညတ်တော်မပါဘဲ မှန်ကန်စုံလင်အောင်တင်ပြ နိုင်မည်မဟုတ်ပါ။ ပညတ်တော်သည် ဧဝံဂေလိတရားတော်၏ ပုံသဏ္ဌာန် ဖြစ်၍ ဧဝံဂေလိတရားတော်သည် ပညတ်တော်ကိုအနက်ဖွင့်ထားခြင်း ဖြစ်ပါသည်။ ပညတ်တော်သည် အခြေအမြစ်ဖြစ်၏။ ဧဝံဂေလိတရား တော်သည် ၎င်း၏မွှေးကြိုင်သောအပွင့်နှင့်အသီးများဖြစ်ပါသည်။

ခရစ်ယာန်ကျမ်းဟောင်းသည် ခရစ်ယာန်ကျမ်းသစ်ကိုအလင်း ရောင်ပေးသကဲ့သို့ ခရစ်ယာန်ကျမ်းသစ်သည်လည်း ခရစ်ယာန်ကျမ်း ဟောင်းကို အလင်းရောင်ပေးပါသည်။ ကျမ်းတစ်စောင်စီတို့သည် ခရစ်တော်အားဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေပါသည်။ ကျမ်းနှစ်စောင်လုံးကို စိတ်အားထက်သန်စွာ စူးစမ်းရှာဖွေသောသူသည် နက်ရှိုင်းသောအနက်သစ်များကို စဉ်ဆက်မပြတ်တွေ့သိနေလိမ့်မည်။

ခရစ်တော်၌ရှိသောအမှန်တရားနှင့် ခရစ်တော်အားဖြင့်ရရှိ သောအမှန်တရားသည် အတိုင်းအတာမရှိပါ။ ကျမ်းစာကိုလေ့လာသူ သည်နက်ရှိုင်းသောစမ်းရေတွင်းကြီးတစ်ခုတွင်းသို့ကြည့်ငေးလေ နက်ရှိုင်း ကျယ်ဝန်းလေဖြစ်နေသကဲ့သို့ တွေ့မြင်ရလိမ့်မည်။ ကျွန်ုပ်တို့၏အပြစ် များပြေစေရန် သားတော်ကိုစွန့်တော်မူသော ဘုရားသခင်၏မေတ္တာတော် နက်နဲပုံကိုကျွန်ုပ်တို့၏ ယခုဘဝအသက်တာတွင် ကုန်စင်အောင်နားလည်

နိုင်စွမ်းရှိမည်မဟုတ်ပါ။ ဤကမ္ဘာမြေကြီးပေါ်တွင် ကျွန်ုပ်တို့၏ရွေးနုတ်သခင်ဆောင်ရွက်တော်မူခဲ့သည့် အမှုတော်အကြောင်းကို ယခုမျက်မှောက်ကာလတွင်သာမက ထာဝရကာလပတ်လုံး ကျွန်ုပ်တို့၏အမြင့်ဆုံးသောစိတ်ကူးဉာဏ်ဖြင့်စဉ်းစား၍ မကုန်နိုင်သောအကြောင်းတစ်ခုဖြစ်ပါသည်။ လူသည်စိတ်ကူးဉာဏ်စွမ်းအင်အားရှိသမျှနှင့် ကြိုးစားအားထုတ်၍ ဤနက်နဲရာကိုမှန်းဆတိုင်းတာသော်လည်း သူ၏ဉာဏ်မျက်စိသာလျှင်မေးမှိန်၍ နွမ်းရိခြင်းသို့ရောက်လိမ့်မည်။ အစွမ်းကုန်ကြိုးစားခြင်းဖြင့်ရှာဖွေစူးစမ်းသူ၏ရှေ့တွင် အကန့်အသတ်မရှိဘဲကမ်းခြေမဲ့သောပင်လယ်ပြင်ကိုသာ တွေ့မြင်ရလိမ့်မည်။

ခရစ်တော်၌ရှိတော်မူသော ဘုရားသခင်၏တရားကိုကိုယ်တွေ့ခံစားနိုင်မည်ဖြစ်သော်လည်း မည်သည့်အခါမျှ ကျိုးကြောင်းစုံလင်အောင်ရှင်းပြနိုင်မည်မဟုတ်ပါ။ ယင်းအမှန်တရားတော်၏မြင့်မြတ်ခြင်း၊ ကျယ်ပြန့်ခြင်းနှင့်နက်နဲခြင်းများသည် ကျွန်ုပ်တို့၏အသိဉာဏ်ကိုကျော်လွန်ပါသည်။ ကျွန်ုပ်တို့၏စိတ်ကူးဉာဏ်ရှိသမျှနှင့် အစွမ်းကုန်အားထုတ်ဆင်ခြင်စဉ်းစားသည်တိုင်အောင် ပြော၍မကုန်နိုင်သောမေတ္တာတော်၏အပေါ်ယံအရိပ်အမြွက်လောက်ကိုရေးရေး ရိပ်ရိပ်မျှသာသိမြင်ရပါလိမ့်မည်။ သို့သော် ယင်းမေတ္တာတော်သည် ကောင်းကင်သခင်၏ပုံသဏ္ဍာန်တော်ကို ပြန်လည်ဖေါ်ထုတ်ရန် မြေကြီးပေါ်သို့နှိမ့်ချစွာသက်ဆင်းတော်မူ၏။

သို့ရာတွင် ကိုယ်တော်၏သနားကြင်နာမှုကို ကျွန်ုပ်တို့ခံယူနိုင်သည့်အတိုင်းအတာအထိတွေ့ထိသိနားလည်နိုင်ပါသည်။ ယင်းအချက်ကိုစိတ်နှိမ့်ချသူများနှင့် စိတ်နှလုံးကြေကွဲ၍ နောင်တရသူများအားဖွင့်ပြတော်မူပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အသက်ကို

စွန့်တော်မူသည်တိုင်အောင်အနစ်နာခံတော်မူသည့် ကျေးဇူးတရားကို သိနားလည်သည့်အချိုးအစားအတိုင်း ကျွန်ုပ်တို့သည် ဘုရားသခင်၏ သနားကြင်နာမှုကိုသဘောပေါက်သိနားလည်ကြပေလိမ့်မည်။ ကျွန်ုပ်တို့ သည်စိတ်နှလုံးနှိမ့်ချစွာဖြင့် ဘုရားသခင်၏နှုတ်ထွက်တရားတော်ကို စူးစမ်းရှာဖွေလေ့လာသည်နှင့်အမျှ ကောင်းမြတ်တော်မူသောရွေးနုတ် ခြင်းဆိုင်ရာတရားတော်နှင့်ပတ်သက်၍ ကျွန်ုပ်တို့မျက်စိပွင့်ကြလိမ့် မည်။ ကျွန်ုပ်တို့မျှော်လင့်နေသည်နှင့်အမျှ ၄င်းသည် ပို၍ထွန်းတောက် လာလိမ့်မည်။ နားလည်လိုစိတ်ပြင်းပြလာသည်နှင့်အမျှ ပို၍မြင့်မြတ် နက်နဲလာလိမ့်မည်။

ကျွန်ုပ်တို့၏အသက်တာကို ခရစ်တော်၏အသက်တာနှင့် ပူးပေါင်းချည်နှောင်ထားရမည်။ ကိုယ်တော်သည် ကောင်းကင်မှကြွဆင်း လာတော်မူသည့် အသက်မုန့်ဖြစ်သောကြောင့် ကိုယ်တော်ထံမှအသက် မုန့်ကိုရယူ၍အစဉ်မပြတ်စားသုံးရမည်။ ဆက်ဆံရမည်။ ကိုယ်တော် သည် အစဉ်လတ်ဆတ်နေသောအတက်စမ်းရေတွင်းဖြစ်သောကြောင့် အမြဲတစေထုတ်ပေးနေသည့်ကြွယ်ဝပေါများသော ရတနာအသက်စမ်း ရေကိုယူငင်သောက်သုံးရမည်။ ကျွန်ုပ်တို့သည်ကိုယ်တော်အား အမြဲတစေ ရှေးရှု၍ကျေးဇူးတော်နှင့်ဘုန်းတော်ကိုချီးမွမ်းလျက်နေကြပါက ကျွန်ုပ် တို့၏ဝိညာဉ်ရေးအသက်တာသည် အမြဲတစေသစ်လွင်စိုပြည်လျက် ရှိနေလိမ့်မည်။ ကျွန်ုပ်တို့တောင်းဆုပြုရာတွင်လည်း မိတ်ဆွေချင်းရင်းနှီး စွာဆွေးနွေးသကဲ့သို့ ဘုရားသခင်နှင့် ဆွေးနွေးကြလိမ့်မည်။ ကိုယ်တော်၏နက်နဲရာများကို ကိုယ်တော်တိုင် ဖွင့်ပြတော်မူလိမ့်မည်။ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူရှိကြောင်း၊ ငြိမ်သက်သာယာစွာဖြင့် လည်းကောင်း၊ ဝမ်းမြောက်စွာဖြင့်လည်းကောင်း ကျွန်ုပ်တို့မကြာခဏ အာရုံခံစားရကြလိမ့်မည်။ ကိုယ်တော်သည် ဧနောက်နှင့်အတူစကားပြော

ဆွေးနွေးတော်မူသကဲ့သို့ ကျွန်ုပ်တို့ထံသို့ချဉ်းကပ်လာသောအခါ ကျွန်ုပ်တို့၏စိတ်နှလုံးများ ယိုဖိတ်မတတ် မကြာခဏဖြစ်တတ်ကြပါသည်။ ခရစ်ယာန်၏ကိုယ်တွေ့အတွေ့အကြုံများ ဤကဲ့သို့အမှန်တကယ်ဖြစ်လာသောအခါ သူ၏အသက်တာသည် ရိုးသားခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်နှိမ့်ချခြင်းတို့ဖြင့်ပြည့်စုံ၍ သူသည် ခရစ်တော်နှင့်အတူရှိကြောင်း၊ ခရစ်တော်၏အကြောင်းကိုလည်း သင်ကြားနာယူပြီးသူဖြစ်ကြောင်း သူနှင့်ပေါင်းသင်းဆက်ဆံသူများသိကြပေလိမ့်မည်။

ခရစ်တော်၏တရားတော်သည် နိုးကြားထကြွစေတတ်ခြင်း၊ ကူးစက်ပျံ့နှံ့စေသည့်သဘောတရားရှိခြင်း၊ အသက်ရှင်စေတတ်ခြင်း၊ အမှုဆောင်ရွက်လိုခြင်း၊ ဝိညာဉ်ရေးစွမ်းအားထက်မြက်ခြင်းတို့နှင့်ပြည့်စုံကြောင်း ထိုကဲ့သို့သောသူများတွင် ထင်ရှားတွေ့မြင်နိုင်ပါသည်။ ၎င်းအပြင် ထိုသူများ၌လန်းဆန်းစိုပြည်ခြင်း၊ စွမ်းအားပြည့်ဖြိုးခြင်း၊ ထာဝစဉ်နုပျိုသည့် ရှင်လန်းဝမ်းမြောက်ခြင်းများ ထင်ရှားပေါ်လွင်လိမ့်မည်။ ဘုရားသခင်၏နှုတ်ထွက်တရားတော်ကို လက်ခံရရှိထားသောစိတ်နှလုံးသည် နေပူ၍ ခန်းခြောက်တတ်သောရေကန်ကဲ့သို့မဟုတ်၊ ရေမလုံသောရေလှောင်ကန်နှင့်လည်းမတူဘဲ ရရှိထားပြီးသောရတနာများကိုပျောက်ဆုံးသွားစေလိမ့်မည်မဟုတ်ပါ။ မကုန်မခန်းနိုင်သောစမ်းရေတွင်းများက ရေအင်အားပေးနေသည့်တောင်ပေါ်ကစီးဆင်းလာသောရေစီးချောင်းနှင့်တူသည်ဖြစ်၍ အေးမြကြည်လင်သောစမ်းရေသည်ကျောက်တုံးတစ်ခုမှ တစ်ခုသို့ ခုန်ပေါက်စီးဆင်းလျက်ရှိရာ မောပန်းသူကို အမောပြေစေ၏။ ရေငတ်သောသူကို အငတ်ပြေစေ၏။ ဝန်လေး၍ပင်ပန်းသောသူကို အင်အားပြည့်ဖြိုးစေ၏။

ဤအတွေ့အကြုံမျိုးသည် ဘုရားသခင်၏တရားဆိုင်ရာဆရာတိုင်း ခရစ်တော်၏ကိုယ်စားလှယ်တော်ဖြစ်ရန် အမှန်လိုအပ်သည့် အရည်အချင်းဖြစ်ပါသည်။ ခရစ်တော်၏သွန်သင်ချက်သဘောတရားကို ခံယူခြင်းအားဖြင့် သူ၏ဆွေးနွေးချက်များနှင့်တောင်းဆုများသည် တည့်မတ်၍စွမ်းအားပြည့်ဝလိမ့်မည်။ ခရစ်တော်အတွက် သူ၏သက်သေခံချက်များသည်လည်း သဘောတရားကျဉ်းမြောင်း၍သက်ဝင်လှုပ်ရှားမှုကင်းမဲ့ လိမ့်မည်မဟုတ်ပါ။ ခရစ်ယာန်ဆရာသည်လည်း ပုံသေဟောပြောချက်များကို ထပ်တလဲလဲပြောဟောနေလိမ့်မည်မဟုတ်ပါ။ သူ၏စိတ်ကူးဉာဏ်သည် သန့်ရှင်းသောဝိညာဉ်တော်က စဉ်ဆက်မပြတ် အလင်းရောင်ပေးနေသည်ကိုခံယူနိုင်ပေးလိမ့်မည်။

"ငါ့ကိုလက်ခံ ယုံကြည်ကိုးစားသောသူသည် ထာဝရအသက်ကိုရ၏။ . . . . အသက်ရှင်တော်မူသော ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ၍ ငါသည် ခမည်းတော်အားဖြင့်အသက်ရှင်သည်နည်းတူ ငါ့ကိုလက်ခံသောသူသည် ငါ့အားဖြင့်အသက်ရှင်လိမ့်မည်။ . . . . ဝိညာဉ်သာလျှင်အသက်ရှင်စေ။ . . . ငါပြောသောစကားသည်ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏" ဟုခရစ်တော်မိန့်တော်မူ၏။ ယော ၆း၅၄-၆၃။

ကျွန်ုပ်တို့သည် ခရစ်တော်ကို လက်ခံယုံကြည်ကိုးစားကြသောအခါ ထာဝရအသက်တာ၏မူလအစကို အမှုတော်ဆောင်ရွက်ရာတွင် တွေ့မြင်ရကြလိမ့်မည်။ ထိုအခါ ဟောင်းနွမ်း၍ ထပ်တလဲလဲပြောဟောခဲ့သည့် စုဆောင်းထားသောတရားဟောချက်များကိုအသုံးပြုကြတော့မည်မဟုတ်ပါ။ ၎င်းအပြင် စိတ်အားတက်ကြွစရာမရှိ၊ ငြီးငွေ့ဖွယ်ဖြစ်သော တရားဟောပြောခြင်းများကိုလည်း ရပ်စဲကြလိမ့်မည်။ အမှန်တရားဟောင်းများကို ဟောပြောကြလိမ့်မည်။ သို့သော်

ယင်းတရားကို မြင်ကွင်းသစ်ဖြင့်တွေ့မြင်ရလိမ့်မည်။ အမှန်တရားကို အမြင်သစ်ဖြင့်မြင်၍ လူတိုင်းရှင်းလင်းပြတ်သားစွာ နားလည်သဘောပေါက်နိုင်သည့်တန်ခိုးနှင့် ပြည့်စုံလိမ့်မည်။ ဘုရားသခင်၏အမှုဆောင်တည်ရှိရာအရပ်များတွင် ဤကဲ့သို့တာဝန်ယူခွင့်ရရှိသောသူများသည် သန့်ရှင်းသောဝိညာဉ်တော်ပြုပြင်ခြင်းကိုခံယူပါက အသစ်သောတန်ခိုးအင်အားနှင့်ပြည့်ဝသည်ကို သူတို့ခံစားရလိမ့်မည်။ ထိုအခါ သူတို့၏စိတ်နှလုံးတွင် ဘုရားသခင်၏မေတ္တာတော်တည်ရှိတော်မူလိမ့်မည်။ သူတို့၏သိမှတ်တတ်သောအရည်အချင်းများသည်လည်း အမှန်တရား၏တင့်တယ်ခြင်းနှင့်ဘုန်းအသရေကြီးမြင့်ခြင်းကို သိနားလည်ရန်ရှင်းသန်လာကြလိမ့်မည်။

"သစ္စာရှိသောအိမ်ရှင်" ဆိုသည်မှာ ကလေးသူငယ် လူငယ်လူရွယ်များကိုသင်ကြားပို့ချသည့်ဆရာတိုင်းအနေဖြင့် မည်သို့ဖြစ်သည့်သည်ကိုပုံဆောင်ထားခြင်းဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ထွက်တရားတော်ကို သူ၏ရတနာသိုက်ဖြစ်သည်ဟုမှတ်ယူထားပါက အသစ်သောတင့်တယ်ခြင်းနှင့် အသစ်သောအမှန်တရားများကို အမြဲတစေထုတ်ယူ၍သင်ကြားနိုင်ပေလိမ့်မည်။ ဆရာဖြစ်သူသည် ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်ကိုကိုးစားပါက ခရစ်တော်၏ဝိညာဉ်တော်သည် သူ့အပေါ်သို့သက်ရောက်၍ ဘုရားသခင်သည် သူမတစ်ဆင့်သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အများသောသူများ၏စိတ်နှလုံးတွင် အမှုတော်ဆောင်ရွက်လိမ့်မည်။ သူသည် ဉာဏ်မျက်စိအားဖြင့်လည်းကောင်း၊ စိတ်နှလုံးအားဖြင့်လည်းကောင်း ချစ်ဖွယ်မျှော်လင့်ခြင်း၊ ရဲရင့်ခြင်းနှင့် ခရစ်ယာန်ကျမ်းစာနှင့်လျော်ညီသောအတွေးအခေါ်များကို ဝိညာဉ်တော်အားဖြင့် လက်ခံရရှိသောကြောင့် သူ၏သွန်သင်မှုကိုခံယူလျက်ရှိကြသော လူငယ်များအား ဆက်လက်ဝေငှသွန်သင်နိုင်လိမ့်မည်။

ကောင်းကင်မှငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းစမ်းရေတို့သည် ဝိညာဉ်တော်မှုတ်သွင်းသည့် နှုတ်ထွက်တရားတော်များအားဖြင့် ဆရာ၏ စိတ်နှလုံးအတွင်းသို့ ဖွင့်ချသဖြင့် သူနှင့်ဆက်သွယ်သောသူအပေါင်းကို ကောင်းချီးပေးရန် အရှိန်အဟုန်ကြီးမားသောမြစ်ကြီးဖြစ်လာလိမ့်မည်။ ထိုအခါ ခရစ်ယာန်ကျမ်းစာအုပ်သည်လည်း ကျောင်းသာအတွက်ငြီးငွေ့စရာဖြစ်တော့မည်မဟုတ်ပါ။ ပညာရှိသောဆရာ၏လက်အောက်တွင် နှုတ်ထွက်တရားတော်ကိုလိုလားတောင့်တလာကြလိမ့်မည်။ ထိုမျှမက ပို၍ပို၍လိုလားတောင့်တလာကြလိမ့်မည်။ ၄င်းသည်အသက်မုန့်ကဲ့သို့ ဖြစ်၍ မည်သည့်အခါမျှ ခေတ်နောက်ကျသွားသည်ဟူ၍မရှိနိုင်။ ၄င်း၏ လတ်ဆတ်ခြင်းနှင့်တင့်တယ်ခြင်းသည် ကလေးများနှင့်လူငယ်လူရွယ်တို့၏စိတ်ကိုဆွဲဆောင်၍ စွဲလမ်းစေလိမ့်မည်။ ၄င်းသည် ကမ္ဘာမြေကြီးကိုအလင်းရောင်နှင့်အပူအားကိုပေးနေသည့်နေအလင်းရောင်ကဲ့သို့ မည်သည့်အခါမျှ ကုန်ခမ်းနိုင်သည်ဟူ၍မရှိနိုင်။

ဘုရားသခင်၏နှုတ်ထွက်တရားတော်သည် သန့်ရှင်းမြင့်မြတ်တော်မူ၍ ပညာကိုပေးနိုင်စွမ်းလည်းရှိတော်မူ၏။ အလင်းတရားလည်းဖြစ်တော်မူ၍ သစ်လွင်မွန်မြတ်သောအလင်းရောင်သည် စာမျက်နှာတိုင်းတွင်ထွန်းတောက်နေပါ၏။ နှုတ်ထွက်တရားတော်တွင် အမှန်တရားထင်ရှားပြီး စကားလုံးများနှင့် စကားစဉ်တို့သည် တောက်ပြောင်၍ ဘုရားသခင်၏အသံတော်သည် စိတ်နှလုံးအတွင်း၌စကားပြောနေသည့်အလားအခါအခွင့်နှင့်လျော်ကန်သင့်မြတ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် လူငယ်များနှင့်စကားပြောခြင်းကိုမြတ်နိုးတော်မူသည်ဖြစ်၍ ဘုရားသခင်၏နှုတ်ထွက်တရားတော်၌ရှိသောဘဏ္ဍာရတနာများနှင့် တင့်တယ်လှပခြင်းများကို သူတို့အားဖွင့်ပြလိုတော်မူ၏။ ဘုရားသခင်၏ဝိညာဉ်တော်တန်ခိုးသည် မြတ်တော်

မှုသောဆရာကြီးဖြစ်တော်မူသည့် ခရစ်တော်၏ကတိတော်များကို စိတ်အာရုံတွင်စွဲလမ်းမှတ်မိစေလျက် အသက်ဝိညာဉ်ကိုနိုးထစေပါသည်။ ၄င်းအပြင် ကျေးဇူးတရားကိုသိနားလည်သောဉာဏ်မျက်စိတွင် ဘုရားသခင်နှင့်ဆိုင်သောအရာများကို မှတ်မိသတိရစေ၍စုံစမ်းသွေးဆောင်ခြင်းများကို ရုတ်တရက်တွန်းလှန်ကာကွယ်နိုင်လိမ့်မည်။

ကျွန်ုပ်တို့၏စိတ်ကူးဉာဏ်ဖြင့်ပင် မတွေးမမြင်နိုင်လောက်အောင်အမှန်တရားစကားများ၏အရေးကြီးပုံသည် တိုးပွားထွန်းကား၍ကျယ်ပြန့်ခြင်းနှင့်ပြည့်စုံကုံလုံခြင်းသို့ရောက်ရှိလိမ့်မည်။ လူ၏စိတ်နေသဘောထားနှင့်အကျင့်ဓလေ့ကို ပုံသဏ္ဍာန်ပြောင်းလဲအောင် ဆောင်ရွက်နိုင်ခြင်းမှာ နှုတ်ထွက်တရားတော်၏လှပတင့်တယ်ခြင်းနှင့်ကြွယ်ဝခြင်းဆိုင်ရာအရှိန်အဝါသက်ရောက်မှုဖြစ်ပါသည်။ ကောင်းကင်မေတ္တာတော်၏အလင်းရောင်သည် စိတ်နှလုံးကိုသွန်သင်နှိုးဆော်တော်မူလိမ့်မည်။

သမ္မာကျမ်းစာတော်မြတ်၏အကျိုးသက်ရောက်မှုသည် လေ့လာသင်ကြားရင်းတိုးတက်လာပါသည်။ မည်သည့်ဘက်သို့ပင် ဖွင့်လှန်သည်ဖြစ်စေ သူသည် ဘုရားသခင်၏ဉာဏ်ပညာနှင့်မေတ္တာတော်ကို ထင်ရှားစွာတွေ့မြင်ရလိမ့်မည်။

ယုဒလူတို့၏အသက်ရှင်မှုဆိုင်ရာ စားဝတ်နေရေးနှင့်ပတ်သက်၍အရေးကြီးပုံများကိုပြည့်စုံကုံလုံအောင် နားမလည်သေးပါ။ အမှန်တရား၏ကျယ်ပြန့်နက်နဲခြင်းများကို သူတို့၏ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာအထိမ်းအမှတ်များတွင် အရိပ်နိမိတ်ပြထားပါသည်။ ဧဝံဂေလိတရားတော်သည် ယင်းနက်နဲခြင်းများကိုအနက်ဖွင့်ရန်အတွက် အညွှန်းဖြစ်ပါသည်။ ရွေးနုတ်ခြင်းစီမံကိန်းဆိုင်ရာအသိပညာဖြင့် ၄င်း၏အမှန်တရားများကိုနားလည်သဘောပေါက်ရန် ဖွင့်ပြထားပါသည်။ ဤကဲ့သို့အံ့သြဖွယ်ကောင်းသည့် အကြောင်းအရာများကို ကျွန်ုပ်တို့နားလည်

သည်ထက်များစွာပို၍ နားလည်နိုင်ရန်မှာကျွန်ုပ်တို့၏အခွင့်အရေးဖြစ်ပါသည်။ ဘုရားသခင်နှင့်ဆိုင်သောနက်နဲရာအကြောင်းများကို ကျွန်ုပ်တို့နားလည်ထားရပါမည်။ ဘုရားသခင်၏နှုတ်ထွက်တရားတော်ကို နှိမ့်ချကြေကွဲသောစိတ်နှလုံးဖြင့်လည်းကောင်း၊ ကိုယ်တော်သာလျှင်ပေးနိုင်တော်မူသည့် ပို၍ ရှည်လျား၊ ကျယ်ပြန့်၊ နက်ရှိုင်းသောအသိပညာကို ရရှိရန်အတွက် ဆုတောင်းခြင်းအားဖြင့်လည်းကောင်း စူးစမ်းရှာဖွေသောသူတို့အတွက် ဖွင့်ပြထားသောအမှန်တရားများကို ကောင်းကင်တမန်များဝင်ရောက်ကြည့်ရှုစစ်ဆေးရန်လိုလားကြပါသည်။

ဤလောကကြီး၏သမိုင်းပြီးဆုံးချိန်နီးကပ်လာသည်နှင့်အမျှ နောက်ဆုံးသောကာလနှင့်စပ်လျဉ်းသည့်ပုရောဖက်ပြုကျမ်းစကားများကို ကျွန်ုပ်တို့လေ့လာသင်ကြားရန် အထူးလိုအပ်ပါသည်။ ကျမ်းသစ်၏နောက်ဆုံးကျမ်းတွင် ကျွန်ုပ်တို့သိနားလည်ထိုက်သည့် အမှန်တရားများအပြည့်အဝရှိပါသည်။ Rev. ကျမ်းကိုလေ့လာသင်ကြားခြင်းမပြုရန်မည်သည့်အကြောင်းပြချက်မျိုးကိုမဆို ဝမ်းမြောက်ဝမ်းသာစွာပေးကြရန် စာတန်သည်လူအများစု၏ ဉာဏ်မျက်စိများကိုကွယ်စေ၏။ သို့သော်ခရစ်တော်သည် မိမိ၏တမန်တော်ပေါလုအားဖြင့် နောက်ဆုံးသောအချိန်ကာလတွင် ဖြစ်ပျက်မည့်အကြောင်းအရာကိုထုတ်ဖေါ်ထားပါသည်။ ၎င်းအပြင် "ဤပုရောဖက်ပြုကျမ်းစားကို ကြည့်ရှုဖတ်ရွတ်နားထောင်၍ ရေးထားသမျှတို့ကို စောင့်ရှောက်သောသူတို့သည်ကောင်းချီးခံရကြ၏" ဟုကိုယ်တော်မိန့်တော်မူ၏။ Rev. ၁း၃။

"ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင်တစ်ပါးတည်းဖြစ်တော်မူသော ကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိကျွမ်းခြင်းတည်း" ဟုခရစ်တော်၏အမိန့်တော်ရှိပါသည်။ ယော၊ ၁၇း၃။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယင်းအသိ

ပညာ၏တန်ဖိုးကို အဘယ်ကြောင့်သဘောမပေါက်ကြပါသနည်း။ အဘယ်ကြောင့် ဤတန်ခိုးကြီးသောတရားများသည် ကျွန်ုပ်တို့၏ စိတ်နှလုံးအတွင်း၌ ရဲရဲတောက်မနေကြပါသနည်း၊ အဘယ်ကြောင့် ကျွန်ုပ်တို့၏နှုတ်ခမ်းများတုန်လှုပ်နေကြပါသနည်း၊ အဘယ်ကြောင့် ကျွန်ုပ်တို့၏တစ်ကိုယ်လုံးတွင်ပျံ့နှံ့မနေကြပါသနည်း။

ဘုရားသခင်၏ နှုတ်ထွက်တရားတော်ကို ကျွန်ုပ်တို့အားပေးတော်မူရာ၌ ကျွန်ုပ်တို့ကယ်တင်ခြင်းရရှိရေးအတွက် အမှန်လိုအပ်သော အမှန်တရားများကိုပါ ပိုင်ဆိုင်ခွင့်ပေးတော်မူ၏။ ထောင်သောင်းမက များစွာသောသူတို့သည် ဤအသက်စမ်းရေတွင်းများမှ အသက်ရေကို ဆွဲငင်ရယူခဲ့ကြပြီးဖြစ်သော်လည်း လျော့နည်းသွားသည်ဟူ၍မရှိပါ။ ထောင်သောင်းမကများစွာသောသူတို့သည် ဘုရားသခင်အားအမြဲတစေ မျှော်ရှု၍နေကြခြင်းဖြင့် ကိုယ်တော်၏ပုံသဏ္ဍာန်တော်ကဲ့သို့ဖြစ်လာကြ၏။ သူတို့သည် ခရစ်တော်နှင့်အဘယ်သို့စပ်ဆိုင်သည်ကိုလည်းကောင်း ခရစ်တော်သည်သူတို့နှင့် အဘယ်သို့စပ်ဆိုင်သည်ကိုလည်းကောင်း၊ ကိုယ်တော်၏ဘုန်းတော်အကြောင်းကိုလည်းကောင်း ပြောပြကြရင်း သူတို့၏စိတ်နှလုံးများယိုဖိတ်ကြ၏။ သို့သော်ဤကဲ့သို့ရှာဖွေရယူသောသူများကြောင့် မြင့်မြတ်သန့်ရှင်းတော်မူသောအကြောင်းအရာများ ကုန်ခမ်းသွားသည်ဟူ၍မရှိပါ။ ထောင်သောင်းမကများစွာသောသူတို့သည် ကယ်တင်ခြင်းဆိုင်ရာနက်နဲမှုများကိုဆက်လက်ရှာဖွေကြပါလိမ့်မည်။ ခရစ်တော်၏ အသက်တာအကြောင်းကိုလည်းကောင်း၊ ကိုယ်တော်၏သာသနာတော်အကြောင်းကိုလည်းကောင်း၊ များစွာဆင်ခြင်သုံးသပ်ပါက အမှန်တရားကိုသိနားလည်ဖို့ပ ကြိုးစားသည့်အဆင့်တိုင်းတွင် ပိုမိုထင်ရှားသောအလင်းရောင်ကို ရရှိလိမ့်မည်။ အသစ်တစ်ဖန်ရှာဖွေသည့်အခါတိုင်း ယခင်တွေ့ရှိသိမြင်ပြီးသည်ထက်ပို၍ နက်ရှိုင်းသည့်

စိတ်ဝင်စားဖွယ်ရာကိုတွေ့သိရလိမ့်မည်။ ရှာဖွေစူးစမ်းရမည့်အကြောင်းအရာမှာမူကား ကုန်ခမ်းနိုင်သည်ဟူ၍မရှိပါ။ ခရစ်တော်သည်လူ့အဖြစ်ကိုခံယူတော်မူခြင်း၊ အပြစ်ဖြေလွှတ်ရန်အတွက် ကိုယ်စားအသေခံတော်မူခြင်းနှင့် ကြားဖျန်ဖြေသူအဖြစ်ဆောင်ရွက်တော်မူခြင်းအကြောင်းများကိုကြိုးစား၍ စူးစမ်းရှာဖွေလေ့လာသူ၏ဉာဏ်မျက်စိကို အချိန်ကာလကြာမြင့်သည်နှင့်အမျှ အလုပ်များစေပါလိမ့်မည်။ သို့ဖြစ်၍မရေမတွက်နိုင်သောနှစ်ကာလအတိုင်းအရှည်ဖြင့် တည်ရှိလာခဲ့သောကောင်းကင်ဘုံသို့မျှော်ကြည့်၍ "မှန်သောကိုးကွယ်ခြင်း၏နက်သောအရာသည် ကြီးစွာသောအရာဖြစ်သည်" ဟုကြွေးကြော်လိမ့်မည်။

အကယ်၍ ကျွန်ုပ်တို့သည် အလင်းတရားကိုလက်ခံရရှိပါက ကျွန်ုပ်တို့၏အသိဉာဏ်ပွင့်လင်းသဖြင့် ဤလောကတွင် သင်ယူရရှိနိုင်မည့်အရာများကို ထာဝရကာလတွင် သင်ကြားရကြပါလိမ့်မည်။ ရွေးနုတ်ခြင်းအကြောင်းသည် ရွေးနုတ်ခြင်းကို ခံစားရပြီးသောသူတို့၏ စိတ်နှလုံး၊ ဉာဏ်မျက်စိနှင့်လျှာများပေါ်တွင် ထာဝရကာလပတ်လုံး စဉ်းစားစရာ၊ ပြောဆိုစရာ၊ လှုပ်ရှားစာဖြစ်၍ အလုပ်များနေကြလိမ့်မည်။ ခရစ်တော်သည် တပည့်တော်တို့အားဖွင့်ပြရန် လိုလားခဲ့တော်မူသော်လည်း သူတို့တွင် ယုံကြည်ခြင်းမလုံလောက်၍ မခံယူနိုင်သည့်အမှန်တရားနှင့်စုံလင်မှုဆိုင်ရာ အသစ်သောမြင်ကွင်းများသည် ကမ္ဘာအဆက်ဆက်ထင်ရှားလိမ့်မည်။ မကုန်မဆုံးနိုင်သောထာဝရကာလပတ်လုံး ကတိတည်တော်မူသောအိမ်ရှင်ကြီး ဖြစ်တော်မူသည့် ဘုရားသခင်သည် မိမိ၏ဘဏ္ဍာရတနာအသစ်အဟောင်းများကို ထုတ်ဖေါ်တော်မူလိမ့်မည်။

---ooo---၃ ၎၎

## ပေးကမ်းဝေငှရန်တောင်ခံခြင်း

**လုကာ၊ ၁၁း၁-၁၃ ကိုအခြေပြုပါသည်။**

ခရစ်တော်သည် ကျွန်ုပ်တို့အားဝေငှပေးကမ်းတော်မူရန်အတွက် ခမည်းတော်ထံတော်မှ အမြဲတစေ လက်ခံရရှိနေတော်မူ၏။ "သင်တို့ ကြားသောစကားသည် ငါ့စကားမဟုတ်၊ ငါ့ကိုစေလွှတ်တော်မူသော ခမည်းတော်၏စကားတော်ဖြစ်၏" ဟူ၍လည်းကောင်း၊ ယော ၁၄း၂၄။ "လူသားသည်သူတစ်ပါးကိုစေစားခြင်းငှါမလာ၊ သူတစ်ပါးအစေကို ခံခြင်းငှါ. . . . ကြွလာသည်" ဟူ၍လည်းကောင်း ကိုယ်တော်မိန့်တော် မူ၏။ မဿဲ ၂၀း၂၇-၂၈။ ကိုယ်တော်သည် မိမိအတွက်မဟုတ်ဘဲ သူတစ်ပါးအတွက်အသက်ရှင်တော်မူ၏။ စဉ်းစားတော်မူ၏။ ဆုတောင်း တော်မူ၏။ ကိုယ်တော်သည် ခမည်းတော်ဘုရားသခင်နှင့်အတူ နာရီပေါင်းများစွာ ဆက်ဆံတော်မူပြီးမှ နံနက်အစဉ်အတိုင်းလူတို့ထံသို့ ကောင်းကင်အလင်းတော်ကို ယူဆောင်ခဲ့တော်မူ၏။ နေ့စဉ်သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အသစ်မွေးဖွားခြင်းကိုခံယူတော်မူ၏။ ခမည်းတော် ဘုရားသခင်သည် ကိုယ်တော်အိပ်စက်ရာမှ နံနက်စောစောနှိုးတော် မူ၍သူတစ်ပါးတို့အားဝေငှပေးကမ်းတော်မူရန်အတွက် ကိုယ်တော်၏ အသက်ဝိညာဉ်နှင့်နှုတ်ခမ်းတော်အပေါ် သွန်းလောင်းတော်မူ၏။ ကိုယ်တော်၏စကားတော်များသည် ပင်ပန်းနွမ်းနယ်သောသူများနှင့် နှိပ်စက်ညှဉ်းပန်းခြင်းခံရသူများအတွက် အထောက်အပံ့ဖြစ်စေရန် ကောင်းကင်တံတိုင်းတော်မှအသစ်ထပ်မံပေးလိုက်သောစကားတော်များ ဖြစ်ပါသည်။ ကိုယ်တော်က "ငါသည်ပင်ပန်းသောသူအားမစခြင်းငှါ စကားပြောတတ်မည်အကြောင်း ထာဝရဘုရားသခင်သည် လူတတ်၏

နှုတ်အစွမ်းကို ငါ့အားပေးတော်မူပြီးနံနက်အစဉ်အတိုင်းငါ့ကိုနှိုးတော်မူ၏။ စာသင်သောသူကဲ့သို့နားထောင်စေမည်အကြောင်း ငါ့နားကိုနှိုးဆော်တော်မူ၏။" ဟေရှာ ၅၀း၄။

တပည့်တော်များသည် ခရစ်တော်၏ဆုတောင်းပုံနှင့်ဘုရားသခင်နှင့်ဆွေးနွေးဆက်ဆံသည့် အလေ့အထကိုများစွာနှစ်သက်ကြ၏။ တစ်နေ့သောအခါတပည့်တော်များသည် သူတို့၏သခင်နှင့်ခဏမျှကွဲကွာနေပြီးနောက် ကိုယ်တော်သည် စိတ်ပါဝင်စားစွာဆုတောင်းနေတော်မူသည်ကို တွေ့ရကြ၏။ တပည့်တော်များအနီးသို့ရောက်လာကြသည်ကို အမှတ်မပြုသကဲ့သို့ ကိုယ်တော်သည်အသံကျယ်စွာဖြင့်ပင် ဆက်လက်ဆုတောင်းနေတော်မူ၏။ သူတို့၏စိတ်နှလုံးများပြင်းစွာလှုပ်ရှားကြသဖြင့် ကိုယ်တော်ဆုတောင်း၍ပြီးသောအခါသူတို့အားဆုတောင်း "နည်းပေးတော်မူပါ" ဟုလျှောက်ကြပါသည်။

ခရစ်တော်သည် တောင်ပေါ်သွန်သင်ချက်တရားတွင် ပေးတော်မူခဲ့ပြီးဖြစ်သည့် သွန်သင်ချက်ကို တစ်ဖန်ပြန်၍ပေးတော်မူ၏။ ထိုနောက်ကိုယ်တော်သည် တပည့်တော်များအား သင်ကြားပေးလိုတော်မူသည့်အချက်ကို ဥပမာပုံဆောင်၍သွန်သင်တော်မူ၏။

"သင်တို့သည် တစ်စုံတစ်ယောက်သောသူ၌အဆွေခင်ပွန်းရှိသည်ဖြစ်၍ သန်းခေါင်းအချိန်တွင် ထိုအဆွေခင်ပွန်း၏အိမ်သို့သွားပြီးလျှင်အဆွေ၊ အကျွန်ုပ်အဆွေခင်ပွန်းတစ်ယောက်သည်ခရီးမှလာ၍ အကျွန်ုပ်ထံသို့ရောက်ပါပြီ။ သူ့ကိုကျွေးစရာမရှိသောကြောင့် မုန့်သုံးလုံးချေးနှင့်ပါဟုဆိုသော်အိမ်ရှင်ကလည်း ငါ့ကိုမနှောင့်ယှက်နှင့်၊ တံခါးပိတ်လျက်ရှိ၏။ ငါ့သားသမီးတို့သည်ငါနှင့်အိပ်လျက်ရှိကြ၏။ ငါထ၍သင့်အားမပေးနိုင်ဟု အိမ်ထဲကပြန်ပြောသည့်အရာမှာ၊ ငါဆိုသည်ကားအဆွေခင်ပွန်းဖြစ်သည်ကို ထောက်၍ မထ၊ မပေးသော်လည်း အားမလျှော့ပဲ

တောင်း၍နေသောကြောင့် ထ၍လိုချင်သမျှကိုပေးလိမ့်မည်” ဟု ကိုယ်တော်မိန့်တော်မူ၏။

ဤနေရာ၌ခရစ်တော်၏ သွန်သင်ချက်တွင်တောင်းခံသောသူ သည်တစ်ဆင့်ပေးကမ်းရန်အတွက် တောင်းခံနေခြင်းကိုပုံဆောင်ထားပါ သည်။ အကယ်၍သူသည်စားသောက်စရာများကိုရှာ၍မတွေ့နိုင်မရနိုင်ပါ ကအချိန်မတော်မိုးချုပ်မှရောက်လာသည့် ကိုယ်ပန်းစိတ်နွမ်းနေသောခရီး သည်ဧည့်သည်အတွက် အမှန်တကယ်လိုအပ်နေသောစားစရာကိုပေး ကျွေးနိုင်လိမ့်မည်မဟုတ်ပါ။ သူ၏အိမ်နီးခင်းကလည်းအနှောင့်အယှက်ပေး သည်ကိုမနှစ်သက်သော်လည်း မရမနေလာ၍တောင်းခံနေသူကိုကြာရှည် စွာငြင်းဆိုနေလိမ့်မည်မဟုတ်ပါ။ သူ့မိတ်ဆွေ၏စိတ်ချမ်းသာမှုကို ရှေးရှုလိမ့်မည်။ ထိုကြောင့် နောက်ဆုံးတွင် မရမနေပူဆာသည့်အကျိုးကို သူခံစားရ၏။ သူလိုအပ်ချက်လည်းပြည့်စုံလေ၏။

ထိုနည်းအတိုင်းပင် တပည့်တော်များသည်လည်းဘုရားသခင် ထံမှကောင်းချီးတောင်းခံရကြပါမည်။ ဘုရားသခင်၏တရားနာပရိသတ် ကြီးကိုကျွေးမွေးခဲ့ရာ၌လည်းကောင်း၊ ကောင်းကင်မုန့်အကြောင်းနှင့် ပတ်သက်၍ သွန်သင်တော်မူခဲ့ရာ၌လည်းကောင်း ခရစ်တော်သည် တပည့်တော်များအား မိမိ၏ကိုယ်စားလှယ်များအနေဖြင့်ဆောင်ရွက် ရမည့်လုပ်ငန်းပုံစံကိုဖွင့်ပြတော်မူ၏။ သူတို့၏တာဝန်မှာ လူအပေါင်း အားအသက်မုန့်ကိုဝေငှရန်ဖြစ်ပါသည်။ ယင်းသို့အသက်မုန့်ဝေငှ ပေးကမ်းရာ၌သူတို့၏ယုံကြည်ခြင်းကိုအဘယ်မျှလောက် စမ်းသပ် ခြင်းခံရမည့်အကြောင်းနှင့်ပတ်သတ်၍ သူတို့အားအမှုတော်ဆောင်ရန် စေလွှတ်တော်မူသောကိုယ်တော်သိတော်မူ၏။ သူတို့မထင်မမှတ်သော အခြေအနေများနှင့် မကြာခဏရင်ဆိုင်ရကြသောအခါ လူသားအနေဖြင့် မပြည့်စုံမလုံလောက်သည်ကို သူတို့သဘောပေါက်ကြလိမ့်မည်။ အသက်

မုန့်ကိုဆာငတ်ခင်မွတ်နေသူများ သူတို့ထံသို့လာကြသောအခါ သူတို့ကိုယ်တိုင်အတွက်ပင်မလုံလောက်၍ အားကိုးစရာမရှိဖြစ်နေသည်ကို သူတိုပခံစားရကြလိမ့်မည်။ သူတို့အနေဖြင့် ဝိညာဉ်ရေးအစာကိုလက်ခံရရှိထားပြီးဖြစ်ရမည်၊ သို့မဟုတ်ပါက တစ်ဆင့်ဝေငှပေးကမ်းနိုင်ကြလိမ့်မည်မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေ သူတို့သည် တစ်ဦးတစ်ယောက်ကိုမျှ မကျွေးမမွေးဘဲ ပြန်၍မလွှတ်ရကြ။ ထိုကြောင့်အစားအစာသိုလှောင်ရာသိုလှောင်ရုံကို ခရစ်တော်သည် သူတို့အားပြထားတော်မူ၏။ ဥပမာတွင် အိမ်ရှင်သည်အချိန်မတော်ညဉ့်နက်သန်းခေါင်မှရောက်လာသောမိတ်ဆွေ ညေ့်သည်ကို မကျွေးမမွေးဘဲ အချည်းနှီးပြန်၍မလွှတ်ပါ။ သို့သော် ထိုအိမ်ရှင်၌ညေ့်သည်ကို ကျွေးမွေးညေ့်ခံစရာအစားအစာမရှိသဖြင့် အိမ်နီးချင်းထံသို့သွား၍ ရအောင်တောင်းခဲ့၏။ ထိုနည်းတူစွာ ဘုရားသခင်သည် မိမိ၏အမှုတော်ဆောင်များအား ဆာငတ်ခင်မွတ်သောသူတို့ကိုကျွေးမွေးရန် စေလွှတ်တော်မူပါလျက်။ သူတို့လိုအပ်သောကျွေးမွေးစရာအစားအစာကိုမပေးဘဲ နေပါလိမ့်မည်လား။

သို့သော် ဥပမာတွင် ကိုယ်ဖို့သာကိုယ်သိတတ်သောအိမ်နီးချင်းသည်ဘုရားသခင်ကိုပုံဆောင်ထားသည်မဟုတ်ပါ။ ဤနေရာတွင် တူညီမှုကိုနှိုင်းယှဉ်ထားခြင်းမဟုတ်ဘဲ ကွဲပြားခြားနားမှုကို နှိုင်းယှဉ်ထားသည့်သင်ခန်းစာဖြစ်ပါသည်။ ကိုယ်ဖို့သာကိုယ်သိတတ်သောသူသည် အရေးတကြီးလာရောက်တောင်းဆိုနေသော အိမ်နီးချင်း၏အနှောင့်အယှက်မှလွတ်အောင် ထိုသူ၏အလိုသို့လိုက်ခြင်းဖြစ်ပါသည်။ သို့သော် ဘုရားသခင်သည် ပေးကမ်းခြင်းအရာ၌ ဝမ်းမြောက်တော်မူသည့်ပြင် သနားကြင်နာမှုနှင့်လည်း ပြည့်စုံတော်မူသည်ဖြစ်၍ မိမိထံသို့ယုံကြည်ခြင်းဖြင့်ချဉ်းကပ်သူများအတွက် လိုသမျှပေးသနားရန်လိုလားတော်မူ၏။ သူတစ်ပါးအကျိုးကိုဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နည်းတူဖြစ်ရန် ကျွန်ုပ်တို့အားပေးတော်မူ၏။

"တောင်းကြလော့။ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကိုခေါက်ကြလော့။ ခေါက်လျှင်ဖွင့်မည်။ တောင်းသောသူမည်သည်ကားရ၏။ ရှာသောသူလည်းတွေ့၏။ ခေါက်သောသူအားလည်းတံခါးကိုဖွင့်၏" ဟုခရစ်တော်အတိအလင်းမိန့်တော် မူ၏။

ခရစ်တော်ကဆက်လက်၍မိန့်တော်မူသည်မှာ "သင်တို့တွင်အဘဖြစ်သောသူ၌သားသည်မုန့်ကိုတောင်းလျှင် အဘသည်ကျောက်ကိုပေးမည်လော။ ငါးကိုတောင်းလျှင် ငါးအစား၌မြွေကိုပေးမည်လော။ ဥကိုတောင်းလျှင် ကင်းမြီးကောက်ကိုပေးမည်လော။ သင်တို့သည် အဆိုးဖြစ်လျက်ပင်ကိုယ်သားတို့အား ကောင်းသောအရာကိုပေးတတ်လျှင် ထိုမျှမကကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်ကိုသာ၍ ပေးတော်မူမည်မဟုတ်လောဟု မိန့်တော်မူ၏။"

ကျွန်ုပ်တို့သည် ဘုရားသခင်၌ပို၍ယုံကြည်ခြင်းခိုင်မြဲစေရန် လူ၏စိတ်သဘောအရ အရင်းနှီးဆုံးတော်စပ်သူကိုခေါ်သကဲ့သို့ ပိုမိုမြတ်နိုးဖွယ်ဖြစ်သည့်အမည်ဖြင့် ဘုရားသခင်ကိုခေါ်ရန် ခရစ်တော်သင်ပေးတော်မူ၏။ တန်ခိုးနှင့်ပြည့်စုံတော်မူသောဘုရားသခင်ကို ကျွန်ုပ်တို့၏အဘဟုခေါ်ရန် အခွင့်အရေးပေးတော်မူ၏။ ကိုယ်တော်ကိုလည်းကောင်း၊ ကိုယ်တော်၏အကြောင်းကိုလည်းကောင်း ဤအမည်နာမဖြင့်ခေါ်ဝေါ်ပြောဆိုခြင်းဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်အားမည်မျှချစ်ခင်ကိုးစားကြောင်းကိုပြသည်သာမက ကိုယ်တော်က ကျွန်ုပ်တို့အားမည်သို့သဘောထားမည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်မည်သို့တော်စပ်မည်ကိုလည်းကောင်း ပဋိညာဉ်ပြုခြင်းဖြစ်ပါသည်။ ယင်းအမည်ဖြင့် ကောင်းချီးတောင်းခံသောအခါ

ကိုယ်တော်၏နားတော်တွင် တေးသံကဲ့သို့သာယာပါ၏။ ကျွန်ုပ်တို့သည်ဤအမည်ဖြင့်ခေါ်ဆိုရာ၌အယူအဆတစ်ခုကဲ့သို့သာမဖြစ်စေရန် ကိုယ်တော်သည် အကြိမ်ကြိမ် အဖန်ဖန်ခေါ်ပြခဲ့တော်မူ၏။ ကျွန်ုပ်တို့သည်လည်း ယင်းအခေါ်အဝေါ်နှင့်အကျွမ်းတဝင်ဖြစ်နေစေရန် ကိုယ်တော်လိုလားတော်မူ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့အား မိမိ၏သားသမီးများဟု သဘောထားတော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့အားသတိတရားကင်းမဲ့သော ဤလောကကြီးမှရွေးနုတ်တော်မူ၍ ထာဝရဘုရားသခင်၏သားသမီးများဖြစ်စေလျက် မင်းမျိုးမင်းနွယ်များအဖြစ်ရွေးချယ်တော်မူ၏။ သားငယ်သည် မိမိ၏လူသားဖခင်ကိုအားထားယုံကြည်သည်ထက် ကျွန်ုပ်တို့သည် ကိုယ်တော်အား ပိုမိုနက်ရှိုင်းစွာယုံကြည်ကိုးစားရန် ဖိတ်ခေါ်တော်မူ၏။ မိဘတို့သည် သားသမီးများအားချစ်မြတ်နိုးကြသည်ထက် ဘုရားသခင်သည်ကျွန်ုပ်တို့အပေါ်တွင်ထားရှိသောမေတ္တာတော်က သာမန်လူသားမေတ္တာတော်ကိုတိုင်းတာ၍မရနိုင်ပါ။ ထို့ကြောင့် လူသားမိဘတို့က မိမိတို့၏သားသမီးများအား ကောင်းသောအရာများကို ပေးတတ်လျှင် ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်ကို သာ၍ပေးတော်မူမည်မဟုတ်ပါလား။

ခရစ်တော်၏ဆုတောင်းချက်ဆိုင်ရာသွန်သင်ချက်များကို သတိတရားနှင့်ဆင်ခြင်စဉ်းစားသင့်ပါသည်။ ယင်းဆုတောင်းချက်တွင် ဘုရားသခင်နှင့်ဆိုင်သောအသိပညာပါဝင်နေသည်ဖြစ်၍ကိုယ်တော်၏ဥပမာတွင် လူတိုင်းနားလည်သင့်သောအခြေခံသဘောတရားကိုဖေါ်ပြထားပါသည်။ ဆုတောင်းရာ၌ကျွန်ုပ်တို့ထားရမည့်မှန်သောစိတ်သဘောထားကို

ပြတော်မူ၏။ ကျွန်ုပ်တို့၏လိုအပ်ချက်များကိုလည်း ဘုရားသခင်အား စိတ်မလျှော့ဘဲတင်ပြရန် အရေးကြီးကြောင်းကိုလည်း သင်ပေးတော်မူ၏။ ၄င်းအပြင် ကိုယ်တော်သည် ကျွန်ုပ်တို့၏ဆုတောင်းချက်များကိုနားညောင်းတော်မူ၍ အဖြေပေးတော်မူမည်ဖြစ်ကြောင်းကိုလည်း ကတိပေးတော်မူ၏။

ကျွန်ုပ်တို့သည် ဆုတောင်းသောအခါတွင် ကိုယ်ကျိုးသက်သက်ဖြစ်သင့်ပါ။ စွန့်ကြဲပေးကမ်းဖို့ဆုတောင်းသင့်ပါသည်။ ခရစ်တော်၏အသက်တာနှင့်ဆိုင်သောအခြေခံသဘောတရားသည် ကျွန်ုပ်တို့၏အသက်တာနှင့်ဆိုင်သောအခြေခံသဘောတရားဖြစ်ရမည်။ ဤလောက၌ကျွန်ုပ်တို့တို့ဆောင်ရွက်ရမည့်အမှုတော်မှာ ကိုယ်ကျိုးကိုယ်စီးပွားအတွက်မဟုတ်ဘဲ အပြစ်သားကိုကယ်ဆယ်သည့် အမှုတော်တွင် ကိုယ်တော်နှင့်အတူတွဲဖက်ဆောင်ရွက်ခြင်းအားဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်ဖြစ်ပါသည်။ ဘုရားသခင်ထံတော်မှကောင်းချီးများကိုတောင်းခံ၍ သူတစ်ပါးတို့အားဝေငှစွန့်ကြဲ ရမည်။ ခံယူနိုင်သည့်အတိုင်းအတာသည် ပေးကမ်းစွန့်ကြဲမှုပေါ်တွင်မူတည်ပါသည်။ ကျွန်ုပ်တို့၏ဝန်းကျင်တွင်ရှိနေသူများအား လက်ဆင့်ကမ်းခြင်းမပြုဘဲ ကောင်းကင်ဘဏ္ဍာများကိုဆက်လက်ရရှိနေလိမ့်မည်မဟုတ်ပါ။

ဥပမာတွင် အသနားခံသောသူသည် ထပ်တလဲလဲငြင်းဆိုခြင်းကို ခံခဲ့ရပါသည်။ သို့သော် သူ၏အကြံအစည်ကိုသူလက်မလျှော့ခဲ့ပါ။ ထိုနည်းတူစွာ ကျွန်ုပ်တို့ဆုတောင်းရာတွင်လည်း ချက်ချင်းအဖြေမရဘဲရှိတတ်ပါသည်။ သို့သော်ခရစ်တော်က ကျွန်ုပ်တို့အနေဖြင့် ဆုတောင်းခြင်းကိုရပ်ဆိုင်းမထားသင့်ကြောင်း သင်ပေးတော်မူခြင်း ဖြစ်ပါသည်။

ဆုတောင်းခြင်းသည် ဘုရားသခင်စိတ်ပြောင်းလဲစေရန်အတွက်မဟုတ်ပါ၊ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏အလိုတော်နှင့်လိုက်လျောညီရန်ပင်ဖြစ်ပါသည်။ ကိုယ်တော်ထံဆုတောင်းခံသောအခါ ကျွန်ုပ်တို့အနေဖြင့် ကိုယ်ကိုစစ်ဆေး၍ ကိုယ့်အပြစ်အတွက် နောင်တရဖို့လိုသည်ကို ကိုယ်တော်ကတွေ့ကောင်းတွေ့တော်မူလိမ့်မည်။ ထို့ကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့အားစမ်းသပ်စစ်ဆေးခြင်းကို ခံစေတော်မူ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွက် ဆောင်ရွက်ရာ၌ မည်သည့်အတွက်နှောင့်နှေးသည်ကို ကျွန်ုပ်တို့တွေ့မြင်နိုင်အောင် ကိုယ်တော်သည် ကျွန်ုပ်တို့၏စိတ်ထားမြင့်မှုကိုကျစေတော်မူ၏။

ဘုရားသခင်၏ကတိတော်များပြည့်စုံစေရန် စည်းကမ်းချက်များရှိသည်ဖြစ်၍ တာဝန်တစ်ရပ်ကိုဆုတောင်းခြင်းဖြင့် အဘယ်အခါမျှ အစားထိုး၍ မရပါ။ "ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြလော့။" "ငါ့ပညတ်တို့ကိုရ၍စောင့်ရှောက်သောသူသည် ငါ့ကိုချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သောသူကို ငါ့ခမည်းတော်သည် ချစ်တော်မူမည်။ ငါသည်လည်း ထိုသူကိုချစ်၍ သူ့အားကိုယ်တိုင်ထင်ရှားမည်" ဟုခရစ်တော်မိန့်တော်မူ၏။ ယော ၁၄း၁၅၊၂၁။ စည်းကမ်းချက်များကို မလိုက်နာသေးဘဲ ကတိတော်များကို အကြောင်းပြု၍ မိမိတို့၏အသနားခံချက်များကို ဘုရားသခင်အထံတော်သို့ယူဆောင်လာကြသောသူတို့သည်ဘုရားသခင်ကို ပြစ်မှားကြ၏။ ကတိတော်ပြည့်စုံစေရန် ခရစ်တော်၏နာမတော်ကိုအမှီပြု၍ ဆုတောင်းကြသော်လည်း ခရစ်တော်ကိုယုံကြည်၍ ကိုယ်တော်ကို ချစ်မြတ်နိုးသည့် အပြုအမူများ သူတို့တွင်မရှိပါ။

ဘုရားသခင်နှင့်သဘောတူဝန်ခံထားသည့် စည်းကမ်းချက်များကိုအများသောသူတို့ပျက်ကွက်ကြ၏။ ဘုရားသခင်အထံတော်သို့ချဉ်းကပ်သောအခါ ယင်းချဉ်းကပ်သည့် အကြောင်းနှင့်ပတ်သက်၍ သဘောတူ

စာချုပ်တွင် ပါသောစည်းကမ်းချက်ကို ပထမစစ်ဆေးသင့်ပါသည်။ အကယ်၍ ကျွန်ုပ်တို့အနေဖြင့် ယင်းစည်းကမ်းချက်ကို မလိုက်နာပါက ကျွန်ုပ်တို့အားငွေထုတ်ပေးရန်အတွက် အချက်အလက်မပြည့်စုံသေးသည့် လက်မှတ်ကို ဘုရားသခင်ထံသို့ယူဆောင်လာသကဲ့သို့ဖြစ်နေပါသည်။ ကတိတော်များအတိုင်း အတည်ဖြစ်စေရန် ကျွန်ုပ်တို့သည် ဘုရားသခင်အားတင်ပြတတ်ကြပါသည်။ အကယ်၍ ယင်းတင်ပြချက်အတိုင်းသာ ပြည့်စုံမည်ဆိုပါက ကိုယ်တော်သည်ပင်လျှင် ကိုယ်တော်၏နာမတော်ကိုရှုတ်ချရာရောက်မည့်အချက်များဖြစ်နေတတ်ပါသည်။

ကတိတော်မှာကား၊ "သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင် သင်တို့သည်တောင်းချင်သမျှကို တောင်း၍ရကြလိမ့်မည်။" ယော၊ ၁၅း၇။ ၎င်းအပြင် "ထိုသခင်ကိုကိုယ်တိုင်သိကျွမ်းသည်ကို အဘယ်သို့သိရသနည်းဟူမူကား၊ ပညတ်တော်တို့ကိုစောင့်ရှောက်လျှင်သိရသနည်း။ ထိုသခင်ကို ငါသိ၏ဟုပညတ်တော်တို့ကို မစောင့်ဘဲလျက်ဆိုသောသူသည် လိမ်ညာမှုကိုသုံးသောသူဖြစ်၍ထိုသူ၌သစ္စာမရှိ။ ထိုသခင်၏စကားတော်ကိုနားထောင်သောသူမည်သည်ကား ဘုရားသခင်ကို ချစ်ခြင်းမေတ္တာနှင့်အမှန်ပြည့်စုံ၏။" ဟုတမန်တော်ယောဟန်ကလည်း ဖေါ်ပြထားပါသည်။ ၁ ယော ၂း၃-၅။

တပည့်တော်များအတွက် ခရစ်တော်၏ နောက်ဆုံးသောပညတ်တစ်ခုမှာ "ငါသည်သင်တို့ကိုချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့" ယော၊ ၁၃း၃၄။ ကျွန်ုပ်တို့သည်လည်း ယင်းပညတ်ကိုစောင့်ရှောက်နေကြပါသလား၊ (သို့မဟုတ်) ကျွန်ုပ်တို့သည် ကိုယ်စိတ်အလိုသို့ လုံးလုံးလိုက်၍ ခရစ်တော်နှင့်လုံးဝမတူညီသောလမ်းစဉ်သို့လိုက်နေကြပါသလား။ အကယ်၍ ကျွန်ုပ်တို့သည် အခြားသူတစ်ဦးတစ်ယောက်အားတစ်နည်းနည်းအားဖြင့်စိတ်စိုးရိမ်မှုဖြစ်စေခဲ့ပါက၊(သို့မဟုတ်) နစ်နာစေခဲ့

ပါက ကျွန်ုပ်တို့၏ အမှားကိုဖေါ်ပြတောင်းပန်၍ပြန်လည်ပြေငြိမ်းရန်ကိုဆောင်ရွက်ရန်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရခြင်းမှာ ကျွန်ုပ်တို့သည် ဘုရားသခင်အထံတော်သို့ ယုံကြည်စွာဖြင့် တိုးဝင်ချဉ်းကပ်၍ ကောင်းချီးတောင်းခံရန်အတွက် အရေးကြီးသောပြင်ဆင်မှုတစ်ရပ်ဖြစ်ပါသည်။

ဘုရားသခင်ကိုဆုတောင်းခြင်းဖြင့် ရှာဖွေသောသူတို့သည် မကြာခဏပျက်ကွက်တတ်သောအချက်တစ်ခုရှိပါသေးသည်။ မိမိအနေဖြင့်ဘုရားသခင်နှင့်အမှန်အတိုင်းရိုးသားစွာဆက်ဆံပါ၏လား။ ပုရောဖက်မာလခိအားဖြင့် ဘုရားသခင်မိန့်တော်မူသည်မှာ "ဘိုးဘေးတို့လက်ထက်မှစ၍သင်တို့သည် ငါစီရင်ထုံးဖွဲ့ချက်တို့ကိုမစောင့်၊ တိမ်းရှောင်ကြပြီ။ ငါ့ထံသို့ပြန်လာကြလော့။ ငါသည်လည်း သင်တိုပဆီပြန်လာမည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။ အကျွန်ုပ်တို့သည် အဘယ်သို့ပြန်လာရမည်နည်းဟု သင်တို့မေးကြသည်တကား။ လူသည်ဘုရားသခင်၏ဥစ္စာတော်ကိုလုယူရမည်လော။ သို့သော်လည်း သင်တို့သည် ငါ့ဥစ္စာကိုလုယူကြပြီ။ အကျွန်ုပ်တို့သည် အဘယ်သို့လုယူပါသနည်းဟု သင်တို့မေးလျှင်၊ ဆယ်ဖို့တစ်ဖို့ကိုလည်းကောင်း၊ အခြားဥစ္စာတို့ကိုလည်းကောင်း လုယူကြပြီ။" မာလခိ ၃း၇-၈။

ကောင်းချီးအပေါင်းကို ပေးတော်မူသောသခင်အနေဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ပိုင်ဆိုင်သောဥစ္စာအားလုံး၏တစ်စိတ်တစ်ပိုင်းကိုတောင်းဆိုတော်မူ၏။ ဧဝံဂေလိတရားတော်တည်တံ့ပြန့်ပွားရေးအတွက် ဤနည်းအားဖြင့် ရန်ပုံငွေထောက်ပံ့တော်မူ၏။ ယင်းတစ်စိတ်တစ်ဒေသဥစ္စာကို ဘုရားသခင်အား ပြန်လည်အပ်နှံခြင်းအားဖြင့် ကိုယ်တော်ပေးသနားတော်မူသော ကောင်းချီးများကို ကျွန်ုပ်တို့နှစ်သက် မြတ်နိုးကြောင်းပြသရကြပါမည်။ သို့သော် ကိုယ်တော်

ပိုင်ဆိုင်တော်မူသောဥစ္စာဘဏ္ဍာကို ကျွန်ုပ်တို့ပြန်လည်မအပ်နှံသေးဘဲ ကိုယ်တော်ထံမှကောင်းချီးကို အဘယ်သို့လျှင်ထပ်မံတောင်းခံနိုင်ပါမည်နည်း။ ကျွန်ုပ်တို့သည် လောကဥစ္စာပစ္စည်းအတွက် သစ္စာမဲ့သောဘဏ္ဍာစိုးများဖြစ်ခဲ့ပါလျှင် ကိုယ်တော်အနေဖြင့်ကောင်းကင်ဘဏ္ဍာများကို ကျွန်ုပ်တို့အားယုံကြည်စွာလွှဲအပ်ထားရန် အဘယ်သို့မျှော်လင့်နိုင်ပါမည်နည်း။ အဖြေမရသောဆုတောင်းချက်များမှာ ယင်းအကြောင်းများကြောင့်ဖြစ်နိုင်ပါသည်။

သို့သော် ထာဝရဘုရားသခင်သည် ကြီးမြတ်တော်မူသောသနားကြင်နာမှုအားဖြင့် အပြစ်ဖြေလွှတ်တော်မူရန်အသင့်ရှိတော်မူသောကြောင့် "ဆယ်ဖို့တစ်ဖို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍ ငါ့အိမ်တော်၌စားစရာရှိစေခြင်းငှါပြုကြလော့။ ငါသည် မိုးကောင်းကင်ပြတင်းပေါက်တို့ကိုဖွင့်၍ ကောင်းချီးအကုန်အစင်သွန်းလောင်းမည် မသွန်းလောင်းမည်ကို ထိုသို့စုံစမ်းကြလော့။ . . . ကိုက်စားတတ်သောအကောင်ကိုသင်တို့အတွက် ငါဆုံးမ၍သင်တို့၏မြေအသီးအနှံကိုမဖျက်ဆီးရ။ သင်တို့၏စပျစ်ဥယျာဉ်သည် အသီးမသီးဘဲမနေရ. . . . လူမျိုးအပေါင်းတို့သည် သင်တို့ကိုကောင်းချီးရှိသောသူဟူ၍ခေါ်ဝေါ်ကြလိမ့်မည်။ သင်တို့ပြည်သည်လည်း နှစ်သက်ဖွယ်သောပြည်ဖြစ်လိမ့်မည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။" မာလခိ ၃း၁၀း၁၂။

ဘုရားသခင်၏အခြားသောတောင်းဆိုချက်တိုင်းသည်လည်း ယင်းအတိုင်းပင်ဖြစ်ပါသည်။ ကိုယ်တော်၏ ဆုကျေးဇူးအားလုံးသည် နားထောင်ခြင်းစည်းကမ်းပေါ်၌မူတည်၍ ကတိပြုထားခြင်းဖြစ်ပါသည်။ ဘုရားသခင်ကိုယ်တော်နှင့်အတူ လုပ်ကိုင်ဆောင်ရွက်သူများအတွက် ကိုယ်တော်၌ ကောင်းကင်အပြည့်ကောင်းချီးများရှိပါသည်။ ကိုယ်တော်ကို

နားထောင်သောသူအားလုံးတို့သည် ကတိတော်အတိုင်းပြည့်စုံအောင် ယုံကြည်စွာဖြင့်တောင်းခံနိုင်ပါသည်။

သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ်၌စွဲမြဲသည့်ယုံကြည်ကိုးစားမှုရှိကြောင်းပြရမည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုစမ်းသပ်ရန်အတွက် (သို့မဟုတ်) ကျွန်ုပ်တို့၏အလိုသည်အမှန်ဟုတ်မဟုတ် စစ်ဆေးရန် ဘုရားသခင်သည် ကျွန်ုပ်တို့ဆုတောင်းချက်များကို ဆိုင်းငံ့ထားတတ်ပါသည်။ ကိုယ်တော်၏ကတိတော်အတိုင်း တောင်းလျှောက်ထားခြင်းဖြစ်ပါက ကိုယ်တော်အားလုံးလုံးလျားလျားယုံကြည်ကိုးစားလျက် တောင်းလျှောက်ထားသည့်အရာကိုမငြင်းမပယ်စေရန် စိတ်ဆုံးဖြတ်ချက်ဖြင့်ဆက်၍ တောင်းလျှောက်သင့်ပါသည်။

တစ်ကြိမ်တစ်ခါတောင်းလျှင် ရလိမ့်မည်ဟုဘုရားသခင်မိန့်တော်မူသည်မဟုတ်ပါ။ မမောမပန်းဘဲ မရမနေဆုတောင်းရမည်။ အားမလျှော့ဘဲတောင်းလျှောက်နေခြင်းဖြင့် အသနားခံသူအားပို၍စိတ်အားထက်သန်သောအနေအထားသို့ရောက်ရှိစေပါသည်။ ၎င်းအပြင်သူတောင်းလျှောက်နေသောအရာကိုရရှိရန် ပို၍လိုလားလာပါသည်။ လာဇရု၏သင်္ချိုင်း၌သေလွန်သောသူ၏ နှမ မာသအားခရစ်တော်က “သင်သည်ယုံလျှင် ဘုရားသခင်၏ဘုန်းအာနုဘော်တော်ကိုမြင်ရလိမ့်မည်” ဟုမိန့်တော်မူ၏။ ယော ၁၁း၄၀။

သို့သော်အများသောသူတို့၌ အသက်ရှင်စေသောယုံကြည်ခြင်းမရှိ၍ ဘုရားသခင်၏ တန်ခိုးတော်ကို ပို၍မတွေ့မမြင်ရကြ။ ၎င်းအပြင် ယုံကြည်ခြင်းမရှိသောကြောင့် သူတို့အားနည်းကြ၏။ သူတို့အတွက် ဘုရားသခင်တတ်နိုင်တော်မူသည်ထက် ကိုယ်တိုင်ဆောင်ရွက်ခြင်းကို ပို၍ယုံကြည်ကြ၏။ ထို့ကြောင့် ကိုယ်ကိုကိုယ်ကာကွယ်စောင့်ထိန်းကြ၏။ သူတို့သည် စီမံချက်များ၊ အကြံအစည်များပြုလုပ်ကြသော်လည်း

ဆုတောင်းခြင်းအမှုနည်းသောကြောင့် ဘုရားသခင်ကိုအမှန်တကယ် ယုံကြည်ခြင်းမရှိကြ။ သူတို့၌ယုံကြည်ခြင်းရှိသည်ဟု သူတို့ထင်မှတ်ကြသော်လည်း ရုတ်တရက်စိတ်ပေါက်လာခြင်းမျှသာဖြစ်ပါသည်။ သူတို့၏အမှန်လိုအပ်ချက်ကို သူတို့မသိ၍သော်လည်းကောင်း၊ (သို့မဟုတ်) ဘုရားသခင်သည် ပေးသနားတော်မူရန်လိုလားတော်မူသည်ကိုမသိ၍ သော်လည်းကောင်း ဘုရားသခင်ထံမှသည်းခံစိတ်ထား၍ မတောင်း မလျှောက်ကြ။

အကူအညီလိုအပ်နေသောမိတ်ဆွေသည် ညဥ့်နက်သန်းခေါင်တွင်အိမ်နီးချင်းထံမှ အစားအသောက်များရရှိအောင် သည်းခံစိတ်ဖြင့် တောင်းသကဲ့သို့ ကျွန်ုပ်တို့သည်လည်း ဆုတောင်းရာ၌ပို၍ပင်စိတ်ထက်သန်ခြင်းနှင့်တည်ကြည်ခြင်းရှိမည်ဆိုပါက ဝိညာဉ်ရေးတွင် ကျွန်ုပ်တို့သည်ခရစ်တော်နှင့်ပို၍နီးကပ်ကြလိမ့်မည်။ ကျွန်ုပ်တို့တွင် ယုံကြည်ခြင်းပိုလာသောကြောင့် ကောင်းချီးပို၍ရကြပါလိမ့်မည်။

ယုံကြည်ခြင်းဖြင့်ဆုတောင်းရန်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်ပါသည်။ ဆုတောင်းရန် နိုးကြားပါ။ ဆုတောင်းချက်ကိုနားညောင်းတော်မူသည့်ဘုရားသခင်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုးနိုးကြားကြားရှိပါ။ ကျွန်ုပ်တို့သည် “ဘုရားသခင့်ထံ၌ အလုပ်လုပ်သောသူချင်းဖြစ်ကြ“ သည်ကိုသတိချပ်ပါ။ ၁ ကော ၃း၉။ သင်၏ဆုတောင်းချက်နှင့်လိုက်လျောညီအောင်ပြောဆိုလှုပ်ရှားပါက သင်၏ဆုတောင်းချက်သည်အပြင်သဏ္ဍာန်သာဖြစ်သည်၊ (သို့မဟုတ်) သင်၏ယုံကြည်ခြင်းစစ်မှန်သည်၊ မမှန်သည်ကို အတိုင်းမသိထူးခြားမှုရှိကြောင်း စမ်းသပ်ပြီးဖြစ်လိမ့်မည်။

စိတ်ရှုပ်စရာများပေါ်ပေါက်၍ အခက်အခဲများနှင့်ရင်ဆိုင်ရသောအခါလူသားအချင်းချင်း၏အကူအညီကိုမမျှော်မကိုးပါနှင့်။ ဘုရား

သခင်အား လုံးလုံးလျားလျားအပ်နှံထားပါ။ ကျွန်ုပ်တို့၏အခက်အခဲများကို သူတစ်ပါးအားပြောပြသောအလေ့အထသည် ကိုယ်ကိုကိုယ်အားနည်းစေသည်သာမက တစ်ပါးသူကိုလည်း ခွန်အားမတိုးတက်စေပါ။ သူတို့အနေဖြင့် မည်သို့မျှ မတတ်နိုင်သောကျွန်ုပ်တို့၏ဝိညာဉ်ရေးချို့တဲ့မှုဝန်ထုပ်ကို သူတို့အပေါ်သို့တင်ခြင်းသာဖြစ်ပါသည်။ မမှားနိုင်သောထာဝရဘုရားသခင်အထံတော်မှ စွမ်းအားကို တောင်းခံရမည့်အစား မှားတတ်သည့်သာမန်လူသားအချင်းချင်းထံမှ ကျွန်ုပ်တို့အကူအညီတောင်းလေ့ရှိကြပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏ အနီး၌ပင်ရှိတော်မူသည်ဖြစ်၍ ပညာရရှိရေးအတွက် ကမ္ဘာမြေကြီးစွန်းတိုင်အောင် သွားရောက်ရှာဖွေရန်မလိုပါ။ သင်၏လက်ရှိအစွမ်းရဲရင့်မှုများသည်လည်းကောင်း၊ နောက်ထပ်ရနိုင်သည့်စွမ်းရည်များသည်လည်းကောင်း သင့်အားထမြောက်အောင်မြင်စေသည်မဟုတ်ပါ။ ဘုရားသခင်သာလျှင် တတ်နိုင်တော်မူသောသူဖြစ်ပါသည်။ လူ၏အစွမ်းရဲရင့်မှုကိုများစွာလျော့၍အားကိုးပြီးလျှင် ယုံကြည်သောသူတိုင်းအတွက် ဘုရားသခင်မည်သို့တတ်နိုင်တော်မူသည်ကို ပို၍ယုံကြည်ကိုးစားရမည်။ သင်သည်ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်ထံသို့ရောက်အောင်ချဉ်းကပ်ရန် ကိုယ်တော်အလိုရှိတော်မူ၏။ သင့်အနေဖြင့် ကိုယ်တော်ထံမှကြီးမြတ်သောအရာများကိုမျှော်မှန်းရန်ကိုယ်တော်အလိုရှိတော်မူ၏။ လောကရေးရာဖြစ်ရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ ကိုယ်တော်သည်သင့်အားနားလည်တတ်ကျွမ်းစေလိုတော်မူ၏။ ကိုယ်တော်သည် သင်၏အသိဉာဏ်ကိုပို၍ထက်မြက်စေနိုင်တော်မူ၏။ ကျွမ်းကျင်မှုနှင့်ပင်ကိုဉာဏ်ကိုလည်းပေးနိုင်တော်မူ၏။သင်၏စွမ်းရည်ရဲရင့်မှုများကိုလုပ်ငန်းခွင်၌ထည့်သွင်း၍

ဘုရားသခင်အထံတော်မှ ပညာဥာဏ်ကိုတောင်းလျှောက်လျှင် ပေးသနားတော်မူလိမ့်မည်။

ခရစ်တော်၏ စကားတော်သည်သင့်အတွက် အာမခံချက်ဖြစ်ပါစေ။ ကိုယ်တော်သည်သင့်အား ဖိတ်ခေါ်ထားတော်မူသည်မဟုတ်ပါလား။ စိတ်ပျက်အားလျော့၍ မျှော်လင့်ချက်မရှိသည့်ပုံစံမျိုးဖြင့် မည်သည့်အခါမျှမပြောမဆိုပါနှင့်။ အကယ်၍ပြောဆိုခဲ့ပါလျှင် သင့်အနေဖြင့်များစွာဆုံးရှုံးလိမ့်မည်။ အကျဉ်းအကျပ် အခက်အခဲနှင့်ရင်ဆိုင်ရသောအခါ အပြင်သဏ္ဌာန်ကိုသာကြည့်၍ညည်းညူနေပါက သင်၏ယုံကြည်ခြင်းသည် အလွန်အားနည်းချည့်နဲ့နေကြောင်းထင်ရှားပါသည်။ သင်၏ယုံကြည်ခြင်းအတွက် မည်သည့်အခါမျှအရှုံးရှိလိမ့်မည်မဟုတ်ဟု သဘောထား၍ ပြောဆိုလုပ်ရှားပါ။ ထာဝရဘုရားသခင်သည် ခပ်သိမ်းသောအင်အားနှင့်ပြည့်စုံကြွယ်ဝတော်မူ၏။ ကမ္ဘာကြီးကိုလည်းပိုင်စိုးတော်မူ၏။ ယုံကြည်ခြင်းဖြင့် ကောင်းကင်သို့ရှုမျှော်ပါ။ အလင်းတော်နှင့်လည်းကောင်း၊ တန်ခိုးတော်နှင့်လည်းကောင်း၊ စွမ်းဆောင်နိုင်တော်မူခြင်းနှင့်လည်းကောင်းပြည့်စုံသည့်ကိုယ်တော်ကိုကြည့်ပါ။

စစ်မှန်သောယုံကြည်ခြင်း၌ အချိန်ကြောင့်ဖြစ်စေ၊ ပင်ပန်းခြင်းကြောင့်ဖြစ်စေ ညှိုးငယ်ခြင်းမရှိနိုင်၊ ခိုင်မာသည့်ကိုယ်ကျင့်တရားလည်း မပျက်စီးနိုင်။ ၎င်းအပြင် စွဲမြဲသည့်ကြိုးရွယ်ချက်လည်း မလျော့နည်းနိုင်ပါ။ “လူပျိုးတို့သည် မောရ၍ ပင်ပန်းခြင်းသို့ရောက်ကြလိမ့်မည်။ လုလင်တို့သည်လည်း ထိမိ၍လဲကြလိမ့်မည်။ ထာဝရဘုရားသခင်ကို မျှော်လင့်သောသူတို့မူကား အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိတို့အတောင်ကိုအသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါမမောရကြ။” ဟေရှာယ ၄၀း၃၀၊၃၁။

သူတစ်ပါးအားအကူအညီပေးလိုသော်လည်း ယင်းသို့ကူညီဝေငှ လောက်အောင် မိမိတို့တွင် ဝိညာဉ်ရေးစွမ်းအားနှင့် အလင်းတရား လုံလောက်စွာမရှိဟုအများသောသူတို့ထင်တတ်ကြပါသည်။ ထိုသို့သော သူများသည် မိမိတို့၏အခြေအနေများကို ကျေးဇူးတော်ပလ္လင်ရင်းသို့ တင်ပြ၍ သန့်ရှင်းသောဝိညာဉ်တော်ရရှိဖို့ အသနားခံကြပါစေ။ ကိုယ်တော်သည် မိမိပြုတော်မူသောကတိတော်တိုင်းကို အတည်ပြုတော် မူ၏။ ခရစ်ယာန်ကျမ်းစာကိုသင်၏လက်တွင်ကိုင်၍ ကိုယ်တော်မိန့်တော် မူသည့်အတိုင်း ကျွန်တော်၊ ကျွန်မဆောင်ရွက်၍ ပြီးပါပြီဟုလျှောက် ထားပါ။ ထိုကြောင့် “တောင်းကြလော၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်။ တံခါးကိုခေါက်ကြလော့၊ ခေါက်လျှင်ဖွင့်မည်” ဟုကိုယ်တော်မိန့်တော်မူသည့်ကတိတော်အတိုင်း အသနားခံ ပါသည်ဟုလျှောက်ထားပါ။

ကျွန်ုပ်တို့သည် ခရစ်တော်၏နာမတော်ကိုအမှီပြု၍ ဆုတောင်း ရမည်သာမက သန့်ရှင်းသောဝိညာဉ်တော်တိုက်တွန်းမှုကိုလည်းအမှီပြု ၍ ဆုတောင်းရမည်။ “ငါတို့ဆုတောင်းခြင်းအမှုကို နှုတ်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်စောင့်မတော်မူ၏” ဟုဆိုသည့် အနက်မှာ ဤအချက်ပင်ဖြစ်ပါသည်။ ရောမ ၈း၂၆။ ယင်းဆုတောင်းချက် မျိုးကို အဖြေပေးတော်မူရန် ဘုရားသခင်မြတ်နိုးတော်မူ၏။ စိတ်အား ထက်သန်စွာဖြင့်လည်းကောင်း၊ ကြိုးစားအားထုတ်ခြင်းဖြင့်လည်းကောင်း ခရစ်တော်၏နာမတော်ကိုအမှီပြု၍ ဆုတောင်းပါက “ငါတို့တောင်းပန် ကြံစည်သမျှထက် အလွန်ထူးခြားစွာ” အဖြေပေးတော်မူရန် အချိန် နီးကပ်လျက်ရှိပြီဖြစ်ကြောင်း ယင်းကြိုးစားအားထုတ်ခြင်း၌ပင် ဘုရား သခင်၏ကတိတော်ပါဝင်နေပါသည်။ ဖေက် ၃း၂၀။

ထို့ကြောင့် "သင်တို့သည် ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သောစိတ်နှင့် ဆုတောင်းသမျှတို့ကိုရကြလိမ့်မည်" ဟူ၍လည်းကောင်း၊ မာကု၊၁၁း၂၄။ "သင်တို့သည် ငါ၏နာမကိုအမှီပြုလျက်ဆုတောင်းသမျှအတိုင်းငါပြုမည်။ အကြောင်းမူကား ခမည်းတော်သည် သားတော်အားဖြင့်ဘုန်းတော်ထင်ရှားတော်မူခြင်းရှိမည်အကြောင်းတည်း" ဟူ၍လည်းကောင်း ခရစ်တော်မိန့်တော်မူ၏။ယော ၁၄း၁၃။ ၎င်းအပြင်ကိုယ်တော်ချစ်တော်မူသော တမန်တော်ယောဟန်သည် သန့်ရှင်းသောဝိညာဉ်တော်တိုက်တွန်းမှုဖြင့် "ငါတို့သည်အလိုတော်နှင့်အညီ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင် ဘုရားသခင်သည်နားထောင်တော်မူ၏။ ဆုတောင်းသမျှသောစကားတို့ကိုနားထောင်တော်မူသည်ကို ငါတို့သိလျှင်အထံတော်၌ တောင်းသောဆုတို့ကိုရမည်ဟုသိကြ၏" ဟုရှင်းလင်းစွာဖေါ်ပြထားပါသည်။ ၁ယော၊ ၅း၁၄၊၁၅။ ထို့ကြောင့် သင်တို့၏အသနားခံချက်များကို သခင်ယေရှု၏နာမတော်ဖြင့် အဘခမည်းတော်ထံသို့အင်အားစိုက်ထုတ်၍တောင်းလျှောက်ကြပါ။ ဘုရားသခင်သည် ထိုနာမတော်ကိုဂုဏ်ပြုတော်မူလိမ့်မည်။

ဘုရားသခင်သည် သစ္စာတော်နှင့်ပြည့်စုံတော်မူသည့်အကြောင်းပလ္လင်တော်၏ပတ်လည်တွင် ထွန်းတောက်လျက်ရှိသည့်သက်တံသည်အာမခံဖြစ်၍ ကိုယ်တော်သည်ရွေ့လျောတိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့်ကင်းလွတ်တော်မူ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုပြစ်မှားသောကြောင့် ကိုယ်တော်၏ ကျေးဇူးတော်ကိုမခံစားထိုက်သော်လည်းအံ့သြဖွယ်အကြောင်းဆုံးသောဆုတောင်းချက်ကို ကိုယ်တော်တိုင်ကျွန်ုပ်တို့အားသင်ပေးတော်မူ၏။ ၎င်းမှာ "ကိုယ်တော်၏နာမကြောင့်ကျွန်ုပ်တို့ကို စက်ဆုပ်ရွံ့ရှာတော်မမူပါနှင့်။ ဘုန်းတော်ပလ္လင်၏

အသရေကိုရှုတ်ချတော်မမူပါနှင့်။ အောက်မေ့တော်မူပါ။ အကျွန်ုပ်တို့နှင့်ဖွဲ့သောပဋိညာဉ်တော်ကိုဖျက်တော်မမူပါနှင့်။” ယေရမိ၊ ၁၄း၂၁။ ကျွန်ုပ်တို့သည် အပြစ်နှင့်ပြည့်ဝ၍ ကိုယ်တော်နှင့်မထိုက်တန်ကြောင်း ဝန်ခံတောင်းပန်လျက် ကိုယ်တော်ထံသို့တိုးဝင်ချဉ်းကပ်လျှင် ကျွန်ုပ်တို့၏အော်ဟစ်သံကိုနားညောင်းတော်မူမည်ဟု ကိုယ်တော်တိုင်ကတိပြု ထားတော်မူပါသည်။ ကျွန်ုပ်အားထားရှိတော်မူသောကတိတော် တည်ရန်အတွက် ပလ္လင်တော်၏ဘုန်းတော်ကို အာမခံအဖြစ်ထားတော်မူ၏။

ခရစ်တော်ကိုပုံဆောင်သောအာရုန်ကဲ့သို့ သန့်ရှင်းရာအရပ်တွင် ကျွန်ုပ်တို့၏ကယ်တင်ပိုင်သူသည် မိမိလူတို့၏အမည်များကိုနှလုံးသားပေါ်တွင်မှတ်သားထားတော်မူ၏။ ကျွန်ုပ်တို့၏မြတ်တော်မူသော ယဇ်ပုရောဟိတ်မင်းသည် ကိုယ်တော်အားယုံကြည်ကိုးစားရန် ကျွန်ုပ်တို့အားတိုက်တွန်းထားသမျှသော စကားတော်အပေါင်းကိုသတိရတော်မူ၏။ ကိုယ်တော်သည် မိမိ၏ကတိတော်ကိုအမြဲတစေဂရုပြုနေတော်မူ၏။

ကိုယ်တော်ကိုရှာသောသူတိုင်းတွေ့ကြလိမ့်မည်။ တံခါးခေါက်သောသူတိုင်းကိုတံခါးဖွင့်ပေးတော်မူလိမ့်မည်။ “ငါ့ကိုမနှောင့်ယှက်နှင့်။ တံခါးပိတ်ထားပြီ၊ ငါသည်တံခါးကိုမဖွင့်လို” ဟု တာဝန်မဲ့သောစကားကိုပြောတော်မူမည်မဟုတ်၊ “သင့်အားငါအကူအညီမပေးနိုင်” ဟူ၍လည်း အဘယ်သူကိုမျှ ပြောတော်မူလိမ့်မည်မဟုတ်။ ဆာငတ်ခင်မွတ်သောသူကို ကျွေးမွေးရန်အတွက် ညဥ့်နက်သန်းခေါင်အချိန်၌ပင် အစားအသောက်ရှာဖွေသောသူသည် ရရှိလိမ့်မည်။

ဥပမာတွင် ဧည့်သည်ကိုကျွေးမွေးရန် မုန့်တောင်းခံသောသူသည် “လိုချင်သမျှ” ကိုရခဲ့ပါသည်။ ကျွန်ုပ်တို့သည် သူတစ်ပါးအား

ပေးကမ်းစွန့်ကြဲရန်အတွက် ဘုရားသခင်သည် မည်သည့်ဥပမာဖြင့် ကျွန်ုပ်တို့အားပေးတော်မူပါလိမ့်မည်နည်း။ "ခရစ်တော်သည် ဆုပေးတော်မူသည့်အတိုင်း" ပေးသနားတော်မူပါလိမ့်မည်။ ဧဖက် ၄း၇။ လူသည် လူသားအချင်းချင်းမည်သို့မည်ပုံဆက်ဆံသည်ကိုကောင်းကင်တမန်တို့သည် အာရုံပြု၍စောင့်ကြပ်ကြည့်ရှုနေကြပါသည်။ မှားယွင်းနေသောသူတစ်ဦးအတွက် ခရစ်တော်ကဲ့သို့သနားကြင်နာတတ်သောစိတ်သဘောရှိသူတစ်ဦး၏အနီးသို့ ကောင်းကင်တမန်များချဉ်းကပ်၍ ယင်းမှားနေသောသူအတွက် အသက်မုန့်ကဲ့သို့သောစကားများပြောရန် မှတ်မိသတိရစေကြလိမ့်မည်။ ဘုရားသခင်၏ နှုတ်ထွက်တရားတော်သည် သင်၏ခံတွင်း၌သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းတရားကဲ့သို့ဖြစ်လိမ့်မည်။

အသက်ဝိညာဉ်ကယ်ဆယ်ရေးအတတ်ပညာကိုတတ်ကျွမ်းရန် ပညာဥာဏ်ကြီးမြတ်ဖို့လိုသောကြောင့် သူတစ်ပါးအတွက် ကိုယ်တိုင်အားထုတ်ခြင်းမပြုလုပ်မီ ဆိတ်ကွယ်ရာအရပ်၌ဆုတောင်းခြင်းကိုများစွာပြုရမည်။ လူတို့နှင့်မဆက်ဆံမီ ခရစ်တော်နှင့်ဆက်သွယ်ရမည်။ လူတို့အတွက် အမှုတော်ဆောင်ရွက်ရန်ပြင်ဆင်ချက်ကိုကောင်းကင်ဘုံ၏ကျေးဇူးတော်ပလ္လင်မှရယူရမည်။

အသက်ရှင်တော်မူသော ထာဝရဘုရားသခင်ကို အလိုရှိသောသင်၏စိတ်နှလုံးကြေကွဲပါစေ။ ဘုရားသခင်၏အလိုတော်အတိုင်းဆောင်ရွက်ခြင်းဖြင့် လူသားသည် မည်ကဲ့သို့သောအမှုကိစ္စများကိုဆောင်ရွက်နိုင်ကြောင်း ခရစ်တော်၏အသက်တာကဖော်ပြထားပါသည်။ ဘုရားသခင်၏အထံတော်မှ ခရစ်တော်ရရှိခဲ့သမျှကို ကျွန်ုပ်တို့လည်းရရှိနိုင်ပါသည်။ ထို့ကြောင့် တောင်းလျှောက်၍ ရယူပါ။ ယာကုပ်ကဲ့သို့အားထုတ်မှုနှင့်ပြည့်စုံသောယုံကြည်ခြင်းဖြင့်လည်းကောင်း၊ ဧလိယကဲ့သို့

လက်မလျှော့၊ နောက်မဆုတ်သောစိတ်ထားဖြင့်လည်းကောင်း ဘုရားသခင်၏ကတိတော်များကို သင့်ကိုယ်တိုင်အဖို့ တောင်းလျှောက်ပါ။

ဘုရားသခင်၏ဘုန်းကြီးတော်မူသောသဘောတရားတို့သည် သင်၏ဉာဏ်မျက်စိကိုပိုင်စိုးပါစေ။ သင်၏ဘဝအသက်တာကို ခရစ်တော်၏အသက်တာနှင့်လျှို့ဝှက်သောကွင်းဆက်များဖြင့် ဆက်သွယ်လျက်ရှိပါစေ။ ဘုရားသခင်၏ဘုန်းတော်ကို သိသောပညာရောင်ခြည်သည် ခရစ်တော်ရှေ့တော်တွင် ထွန်းလင်းစေခြင်းငှါ မှောင်မိုက်ဖုံးလွှမ်းရာအရပ်တွင် အလင်းကိုဖြစ်စေတော်မူသောဘုရားသခင်သည် သင်၏စိတ်နှလုံးအတွင်း၌လည်း အလင်းရောင်ကိုထွန်းလင်းစေတော်မူလိမ့်မည်။ ဘုရားသခင်နှင့်ဆိုင်သောအရာများသည် အသက်ကိုရှင်စေတတ်သောတန်ခိုးအာဏာဖြစ်၍နားထောင်တတ်သောသူအား ပေးတော်မူလိမ့်မည်။ ခရစ်တော်သည် သင့်အားထာဝရဘုရားသခင်၏အနီးသို့ ပို့ဆောင်တော်မူလိမ့်မည်။ ၎င်းအပြင်ကိုယ်တော်သည် ကာလအစဉ်အသက်ရှင်တော်မူသောကြောင့် ကျွန်ုပ်တို့အား အစဉ်ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူသည့် ဘုန်းတော်ကို သင်သည်မျှော်ရှုနိုင်မည်သာမက လူအပေါင်းတို့အားဖေါ်ပြနိုင်လိမ့်မည်။

---ooo---

# ဘုရားသခင်ကိုဝတ်ပြုသောလူနှစ်ယောက်

**လုကာ၊ ၁၈-၉-၁၄။ ကိုအခြေပြုပါသည်။**

"ကိုယ့်ကောင်းမှုကိုအမှီပြု၍ သူတစ်ပါးကိုမထီမဲ့မြင်ပြုတတ်သောသူအချို့တို့အား" ခရစ်တော်သည် ဖါရိရှဲနှင့်အခွန်ခံတို့၏ဥပမာကိုပြောကြားတော်မူ၏။ ဖါရိရှဲသည် ဗိမာန်တော်ပေါ်သို့တက်ရောက်၍ဘုရားသခင်ကိုဝတ်ပြုသည်မှာ -သူသည်အပြစ်သားတစ်ယောက်ဖြစ်၍ အပြစ်ဖြေလွှတ်ခြင်းကိုလိုအပ်နေသည်ဟု သဘောရ၍မဟုတ်၊ သူ့ကိုယ်သူဖြောင့်မတ်သည်ဟုယူဆသဖြင့် သူတစ်ပါးတို့၏ချီးမွမ်းခြင်းကိုခံရလိုသောကြောင့်ဖြစ်၏။ ဤသို့ဘုရားသခင်ကိုဝတ်ပြုသည့်ကောင်းမှုကုသိုလ်သည် သူ့အားဘုရားသခင်ထံတော်သို့ရောက်ရှိနိုင်ရန် အထောက်အမဖြစ်လိမ့်မည်ဟုသူယူဆ၏။ တစ်ချိန်တည်းမှာပင် သူ၏ဘုရားသခင်နှင့်တရားကြည်ညိုမှုကိုလူအများကအထင်ကြီးကြလိမ့်မည်။ ဘုရားသခင်နှင့်လူတို့၏ရှေ့တွင်မျက်နှာရရန်မျှော်မှန်း၍ကိုယ်ကျိုးအတွက်ဝတ်ပြုကိုးကွယ်ခြင်းဖြစ်၏။

သူသည်ကိုယ်ကိုကိုယ်ချီးမွမ်းနေခြင်းဖြစ်၏။ သူလမ်းလျှောက်ရာတွင်လည်းကောင်း၊ ဆုတောင်းရာတွင်လည်းကောင်း ယင်းအတိုင်းပင်မြင်နေရ၏။ သူတစ်ပါးတို့မှဝေးစွာခွာ၍ "တစ်ယောက်တည်း" ရပ်လျက် "ငါ့ထံသို့မချဉ်းနှင့်၊ ငါသည်သင့်ထက်သာ၍ သန့်ရှင်းသည်" (ဟေရှာယ ၆၅း၅) ဟုသဘောထားသည့်ပုံစံဖြင့် သူဆုတောင်းနေ၏။ ဘုရားသခင်နှင့်လူတို့သည် တူညီစွာနှစ်မြို့ကြလိမ့်မည်ဟု ကိုယ်ကိုကိုယ်ကျေနပ်နေ၏။

"အိုဘုရားသခင်၊ သူတစ်ပါးတို့သည် အနိုင်အထက်လုယူခြင်း၊ မတရားသဖြင့်ကျင့်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ အပြစ်ရှိသကဲ့သို့

အကျွန်ုပ်၌မရှိသည်သာမက ဤအခွန်ခံကဲ့သို့ပင် မဟုတ်သောကြောင့် ကျေးဇူးတော်ကြီးလှပေ၏" ဟုသူဆုတောင်း၏။ သူ၏အမူအကျင့်ကိုဘုရားသခင်၏ သန့်ရှင်းတော်မူသောဘုန်းတော်နှင့်ယှဉ်၍ မဆုံးဖြတ်ဘဲသူတစ်ပါး၏အမူအကျင့်နှင့်နှိုင်းယှဉ်၍ဆုံးဖြတ်ချက်ချ၏။ သူ၏စိတ်သည်ဘုရားသခင်ကိုကျော်ခိုင်း၍ လူသားအချင်းချင်းထံသို့ရောက်နေ၏။ ယင်းအကြောင်းများကြောင့်ပင် သူသည် ကိုယ်ကိုယ်ကျေနပ်နေခြင်းဖြစ်ပါသည်။

ဤမျှဖြင့်မပြီးသေး၊ "အကျွန်ုပ်သည် ခုနစ်ရက်တွင် နှစ်ရက်အစာရှောင်ပါ၏။ ဥစ္စာရှိသမျှတို့ကို ဆယ်ဖို့တစ်ဖို့လှူပါ၏။" ဟုဆက်လက်၍ကောင်းမှုတို့ကိုရေတွက်နေတော့၏။ ဖါရိရှဲသည် စိတ်နှလုံးကြေကွဲသောကြောင့် ဘုရားသခင်ကိုဝတ်ပြုသည်မဟုတ်ပါ။ ကိုယ်တော်နည်းတူ သနားကြင်နာခြင်းနှင့်ပြည့်ဝသည့်စိတ်နှလုံးရှိသောသူဖြစ်ရန် ကြိုးစားနေသူမဟုတ်ပါ။ သူသည် အပြင်သဏ္ဌာန်အားဖြင့်ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်သည့်အသက်တာဖြင့်သာ ကျေနပ်ရောင့်ရဲနေ၏။ သူ၏လုပ်ရပ်များမှရရှိသောအကျိုးသက်ရောက်မှုများကိုအကြောင်းပြု၍ကိုယ်ကိုကိုယ်ဖြောင့်မတ်သည်ဟု လူတို့၏စံနှုန်းဖြင့်တိုင်းတာ၏။

ကိုယ်ကိုကိုယ်ဖြောင့်မတ်သည်ဟု ယူဆသောသူသည်သူတစ်ပါးကိုမထီမဲ့မြင်ပြုလိမ့်မည်။ ဖါရိရှဲသည် ကိုယ်ကိုကိုယ်သူတစ်ပါးနှင့်နှိုင်းချိန်၍ဆုံးဖြတ်ချက်ချသကဲ့သို့ သူတစ်ပါးကိုလည်း မိမိကိုယ်နှင့်နှိုင်းယှဉ်၍အကဲဖြတ်၏။ သူ၏ဖြောင့်မတ်ခြင်းကိုသူတစ်ပါးတို့၏ဖြောင့်မတ်ခြင်းနှင့်နှိုင်းချိန်သဖြင့် သူတစ်ပါးတို့က ဆိုးသွမ်းသောသူကပို၍ဖြောင့်မတ်လေဟု သူသဘောထားနေပါသည်။ သူသည်ကိုယ်ကိုကိုယ်ဖြောင့်မတ်သည်ဟုသဘောထားသဖြင့် "သူတစ်ပါးတို့" သည်ဘုရားသခင်၏ ပညတ်တော်များကို ကျူးလွန်သောသူများဖြစ်သည်ဟု

စွပ်စွဲရာရောက်နေပါသည်။ ထို့ကြောင့် သူ၌စာတန်၏သဘောရင်း ထင်ရှား၍ ညီအစ်ကိုအချင်းချင်းကိုစွပ်စွဲသူဖြစ်၏။ ယင်းစိတ်သဘော ကြောင့်သူသည် ဘုရားသခင်နှင့်မဆက်ဆံနိုင်၊ ဘုရားသခင်၏ကောင်း ချီးကိုလည်းမရရှိဘဲ ဗိမာန်တော်မှဆင်း၍အိမ်သို့ပြန်လေ၏။

အခွန်ခံမှာမူကား အခြားသောဘုရားသခင်ကိုဝတ်ပြုသူများနှင့် အတူဗိမာန်တော်သို့သွားသော်လည်း သူတစ်ပါးတို့နှင့်အတူဘုရားသခင် ကိုဝတ်ပြုရန် ထိုက်တန်သောသူမဟုတ်ဟု သူ့ကိုယ်သူယူဆသောကြောင့် မကြာမီခွဲထွက်ခဲ့ပြီးလျှင် အဝေးကရပ်လျက်စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခပြင်းစွာ ခံရသောကြောင့် ကိုယ်ကိုကိုယ်အလွန်စက်ဆုပ်သဖြင့် "ကောင်းကင်သို့ မမျှော်မကြည့်ဝံ့ဘဲ ရင်ဘတ်ကိုခတ်" လေ၏။ သူသည်ဘုရားသခင်ကို ပြစ်မှားသောကြောင့် ဆိုးသွမ်းညစ်ညမ်းသောသူဖြစ်သည်ဟုခံစားနေ ရ၏။ သူ၏ဝန်းကျင်တွင်ရှိသောသူတို့သည် သူ့ကိုမထီလေးစားကြည့်နေ ကြသောကြောင့် သူတို့၏သနားကြင်နာမှုကိုလည်း သူမမျှော်ကိုးပါ။ ဘုရားသခင်၏အထံတော်သို့ရောက်ရှိနိုင်သည့်ကောင်းမှုလည်း သူ၌ လုံးဝမရှိသည်ကိုသိသောကြောင့် စိတ်ပျက်အားလျော့စွာဖြင့် "အိုဘုရားသခင်၊ အပြစ်များသောအကျွန်ုပ်ကိုသနားခြင်းကရုဏာစိတ် ရှိတော်မူပါ" ဟုဆုတောင်းလေ၏။ သူသည် ကိုယ်ကိုကိုယ သူတစ်ပါးနှင့်နှိုင်းယှဉ်ခြင်းမပြုမလုပ်။ မကောင်းမှုအပြစ်၏ဖိနှိပ်ခြင်းကို ခံစားနေရသည့်အတွက် ဘုရားသခင်၏ရှေ့တော်တွင် တစ်ယောက်တည်း ရပ်နေရသည်ဟု ဝမ်းနည်းစွာခံစားနေရ၏။ သူ၏တစ်ခုတည်းသော လိုလားတောင့်တချက်မှာ သူ့အား ဘုရားသခင်ကအပြစ်ဖြေလွှတ်၍ ငြိမ်သက်ခြင်းချမ်းသာကိုပေးသနားတော်မူရန်ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ သူ၏တစ်ခုတည်းသောအသနားခံချက်မှာလည်းဘုရားသခင်၏ကရုဏာ တော်ပင်ဖြစ်ပါသည်။ ထို့ကြောင့်သူသည် ကောင်းချီးကိုခံစားရ၏။

"ငါဆိုသည်ကား ထိုသူသည် အပြစ်ပြေလျက်မိမိအိမ်သို့ပြန်သွား၏။ ဖါရိရှဲမူကား အပြစ်မပြေ" ဟုခရစ်တော်မိန့်တော်မူ၏။

ဘုရားသခင်၏အထံတော်သို့လာရောက်၍ဝတ်ပြုကိုးကွယ်ကြသည့်လူအမျိုးအစားနှစ်ရပ်ကို ဖါရိရှဲနှင့်အခွန်ခံတို့၏ ဥပမာဖြင့်ပုံဆောင်ထားပါသည်။ ဤလောကအတွင်းသို့ ရှေးဦးပထမဖွားမြင်လာကြသောသားနှစ်ယောက်ဖြင့်လည်း ယင်းလူအမျိုးအစားနှစ်ရပ်ကိုပုံဆောင်ထားပါသေးသည်။ ကာဣနကသူ့ကိုယ်သူဖြောင့်မတ်သည်ဟုယူဆသောကြောင့်ကျေးဇူးတော်ကိုချီးမွမ်းသည့်ပူဇော်သကာနှင့်သာ ဘုရားသခင်၏အထံတော်သို့ချဉ်းကပ်ခဲ့ပါသည်။ ကိုယ်အပြစ်ကိုဝန်ချတောင်းပန်ခြင်းမပြုမလုပ်။ ကရုဏာတော်ကိုလည်း လိုအပ်သည်ဟူ၍လည်းဝန်မခံပါ။ အာဗေလမူကား ဘုရားသခင်၏သိုးသငယ်ကိုပုံဆောင်သည့်ယဇ်ကောင်ကိုဆောင်ခဲ့လေ၏။ သူသည် ပျောက်ဆုံးနေသောသူဖြစ်ကြောင်းဝန်ခံ၍ မကောင်းမှုအပြစ်သားအနေဖြင့် ချဉ်းကပ်ခဲ့ပါသည်။ သူ၏တစ်ခုတည်းသောမျှော်မှန်းချက်ကား သူကိုယ်တိုင်အနေဖြင့် မထိုက်မတန်သောဘုရားသခင်၏ မေတ္တာတော်ကိုခံစားရန်ပင်ဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် သူ၏ပူဇော်သကာကိုပမာဏပြုတော်မူ၏။ ကာဣနနှင့် သူ၏ပူဇော်သကာကိုမူကား ပဏာမပြုတော်မမူပါ။ ကျွန်ုပ်တို့သည် အပြစ်ရှိကြောင်းဝန်ခံ၍စိတ်နှလုံးနှိမ့်ချရန်မှာ ဘုရားသခင်လက်ခံတော်မူရန်အတွက် ပထမဦးစွာအရေးကြီးသော စည်းကမ်းချက်ဖြစ်ပါသည်။ "စိတ်နှလုံး နှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏" မဿဲ ၅း၃။

ဖါရိရှဲနှင့်အခွန်ခံတို့ဖြင့်ပုံဆောင်ထားသည့် လူတစ်မျိုးစီကဲ့သို့ တမန်တော်ပေတရု၏ ဘဝအတ္ထုပ္ပတ္တိတွင် သင်ခန်းစာရှိပါသည်။

တပည့်တော်ဘ၀ ပထမပိုင်းအသက်တာတင် တမန်တော်ပေတရုသည်သူ့ကိုယ်သူခွန်အားကြီးမားသည်ဟု ယူဆခဲ့၏။ သူသည် "သူတစ်ပါးတို့" နှင့်မတူဟုဖါရိရှဲနည်းတူ ကိုယ်ကိုကိုယ်ချင့်တွက်ခန့်မှန်းခဲ့၏။ ကိုယ်တော်အားအပ်နှံမည့် ညနေချမ်းအချိန်တွင် ခရစ်တော်က "ယနေ့ညဥ့်တွင် သင်တို့ရှိသမျှသည် ငါ့ကြောင့်စိတ်ပျက်ကြလိမ့်မည်" ဟုတပည့်တော်များအား ကြိုတင်သတိပေးသောအခါ ပေတရုက "ဤသူရှိသမျှတို့သည် စိတ်ပျက်ကြသော်လည်း အကျွန်ုပ်သည်စိတ်မပျက်ပါ" ဟု သူ့ကိုသူယုံကြည်စိတ်ချစွာကြေညာခဲ့ပါသည်။ မာကု ၁၄း၂၇၊၂၉။ တမန်တော်ပေတရုသည် သူ၌ရောက်လတ္တံ့သော အန္တရာယ်ကို သူမသိခဲ့။ သူ့ကိုယ်သူ ယုံကြည်အားကိုးသောကြောင့် လမ်းလွဲခဲ့၏။ စုံစမ်းနှောင့်ယှက်ခြင်းကို သူကိုယ်တိုင်ခံနိုင်မည်ဟု သူယူဆခဲ့၏။ သို့သော်နာရီပိုင်းအတွင်းမှာပင် အစမ်းအသပ်ကိုခံရလေ၏။ ထိုအခါ ကျိန်တွယ်တိုင်တည်ခြင်းများဖြင့် ခရစ်တော်ကိုငြင်းပယ်လေ၏။

ကြက်တွန်သံကြောင့်ခရစ်တော်မိန့်တော်မူသည့် စကားတော်များကိုပေတရုသတိရသောအခါ မကြာမီကလေးကပင်သူပြုခဲ့မိသည့်အမှုကိုသူကိုယ်တိုင်အံ့အားသင့်၍ ထိတ်လန့်တုန်လှုပ်စွာဖြင့် သူ၏သခင်ကို လှည့်ကြည့်လိုက်မိပါသည်။ ထိုအခိုက်တွင် ကိုယ်တော်ကလည်း သူ့တပည့်တော်ကိုကြည့်လိုက်သည်နှင့် မျက်စိချင်းဆုံမိကြ၏။ ကိုယ်တော်၏ဝမ်းနည်းပူဆွေးနေသည့် မျက်နှာနောက်ကွယ်တွင် သူ့အပေါ် ကရုဏာနှင့်မေတ္တာပေါင်းစပ်ထားသည်ကို ပေတရုတွေ့မြင်ရသောအခါ သူ့အားနည်းမှုကို သူသိနားလည်သွားတော့၏။ ပေတရုသည် သတိရသဖြင့် ပြင်သို့ထွက်၍ ပြင်းစွာငိုကြွေးလေ၏။ ခရစ်တော်၏မျက်နှာထားပုံကြောင့် ပေတရုစိတ်နှလုံးကြေကွဲလေ၏။ ပေတရုသည်

အခွန်ခံနှင့်ဖါရိရှဲတို့သည် ဆုတောင်းမှုပြုသောလူနှစ်မျိုးနှစ်စားကို
ပုံဆောင်ထားပါသည်။

ပြောင်းလဲချိန်ရောက်သဖြင့် မိမိ၏အပြစ်အတွက် ပြင်းစွာနောင်တရလေ၏။ သူသည် အခွန်ခံကဲ့သို့စိတ်နှလုံးကြေကွဲ၍ နောင်တတရားရသောကြောင့် အခွန်ခံကဲ့သို့ပကရုဏာတော်ကိုခံစားရ၏။ သူသည် အပြစ်မှချမ်းသာခွင့်ရကြောင်း ခရစ်တော်၏မျက်နှာတော်က အာမခံတော်မူ၏။

သူ့ကိုယ်သူအားကိုးအားထားပြုခြင်းများ ကွယ်ပျောက်သွားလေပြီ။ မည်သည့်အခါမျှ အခိုင်အမာဝါကြွားပြောဆိုခြင်းများမပြုလုပ်တော့ပါ။

ခရစ်တော်ထမြောက်တော်မူပြီးသည့်နောက် ပေတရုကိုသုံးကြိမ်တိုင်အောင် စစ်ဆေးစမ်းသပ်တော်မူ၏။ ကိုယ်တော်က "ယောန၏သားရှိမုန်၊ ဤသူတို့သည် ငါ့ကိုချစ်သည်ထက် သင်သည်သာ၍ချစ်သလော" ဟုမေးတော်မူ၏။ ထိုအခါမှစ၍ပေတရုသည် မိမိ၏ညီအစ်ကိုများထက် ကိုယ်ကိုကိုယ် ချီးကျူးခြင်းမပြုလုပ်တော့ပါ။ သူ၏စိတ်နှလုံးကိုသိတော်မူသောသခင်အား "သခင်၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကိုသိတော်မူ၏။ ကိုယ်တော်ကိုအကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏" ဟုအသနားခံ၍လျှောက်ထားလေ၏။ ယော ၂၁း၁၅၊၁၇။

ထိုအချိန်မှစ၍ တမန်တော်ပေတရုသည် အထူးအခွင့်အာဏာအပ်နှင်းခြင်းကိုခံရလေ၏။ ယခင်ကအပ်နှင်းထားခဲ့သည့်တာဝန်ထက်ပိုမိုကျယ်ပြန့်၍ သာလွန်သိမ်မွေ့နူနယ်သောတာဝန်ကိုပေးတော်မူ၏။ ခရစ်တော်သည် သူ့အား၊ ကိုယ်တော်၏သိုးနှင့် သိုးသငယ်တို့ကိုကျွေးမွေးရန် မိန့်မှာတော်မူ၏။ ကယ်တင်ရှင်သည် မိမိ၏အသက်တော်ကိုစွန့်၍ ကယ်ဆယ်ထားသောအသက်ဝိညာဉ်များအတွက် ဘဏ္ဍာစိုးအရာကိုအပ်နှင်းခြင်းခံရသည်မှာ ခရစ်တော်သည် ပေတရု၏ပြန်လည်တည်မြဲခြင်းကို ယုံကြည်စိတ်ချသည့်အတွက် အခိုင်အမာဆုံးသော

သက်သေသာဓကဖြစ်ပါသည်။ တစ်ကြိမ်ကအငြိမ်မနေလှုပ်လှုပ်ရွရွဖြင့် ကိုယ့်အစွမ်းကိုယ်အားကိုး၍ ဝါကြွားတတ်သောတပည့်တော်သည် စိတ်နှလုံးကြေကွဲလျက် နောင်တတရားရသဖြင့် ကိုယ်ကိုကိုယ်ချုပ်တည်းနိုင်သူဖြစ်လေ၏။ ယင်းအချိန်မှစ၍ သူတစ်ပါးအကျိုးအတွက် ကိုယ့်အသက်စည်းစိမ်ဥစ္စာကိုစွန့်လွှတ်ပြီးလျှင် သူမ၏အရှင်သခင်နောက်တော်သို့လိုက်လေ၏။ သူသည် ခရစ်တော်ခံရသည့်ဆင်းရဲခြင်းများတွင် ပါဝင်ခံစားခဲ့သည်ဖြစ်၍ ခရစ်တော်သည် မိမိ၏ဘုန်းတော်ပလ္လင်ပေါ်၌ ထိုင်တော်မူသောအခါ တမန်တော်ပေတရုသည်လည်း ကိုယ်တော်၏ ဘုန်းတော်၌ပါဝင်ခံစားခွင့်ရလိမ့်မည်။

တပည့်တော်ပေတရုအား ဖေါက်ပြန်ဆုံးရှုံးစေခဲ့သည့်အကြောင်းရင်းဖြစ်သော မကောင်းမှုသည်လည်းကောင်း၊ ဖါရိရှဲကိုဘုရားသခင်နှင့်ဆက်ဆံခြင်းမှဟန့်တားခဲ့သည့်မကောင်းမှုသည်လည်းကောင်း ထောင်သောင်းမကသော လူသားများအား ယနေ့ဖျက်ဆီးလျက်ပင်ရှိနေသေးပါသည်။ ဘုရားသခင်အားပြစ်မှားကျူးလွန်ရာ၌လည်းကောင်း၊ လူကိုအန္တရာယ်ဖြစ်စေရာ၌လည်းကောင်း ၊ မာနထောင်လွှားခြင်းနှင့် ကိုယ်ကိုကိုယ်အထင်ကြီးခြင်းတို့ထက် သာလွန်ဆိုးယုတ်သောအရာမရှိ။ အပြစ်မကောင်းမှုတို့ပတွင် ၄င်းသည်မျှော်လင့်ချက်အကင်းမဲ့ဆုံးဖြစ်၏။ ပြုပြင်၍မရနိုင်ဆုံးလည်းဖြစ်၏။

ပေတရုဆုံးရှုံးခဲ့ရခြင်းသည် ရုတ်တရက်ချက်ချင်းမဟုတ်၊ တစ်တစ်စဖြစ်ပေါ်လာခြင်းသာတည်း။ ကိုယ်ကိုကိုယ်ယုံကြည်အားထားသောကြောင့် သူသည် ကယ်တင်ခြင်းရပြီဟု ယုံကြည်ခဲ့သဖြင့် ဆုံးရှုံးရာလမ်းသို့တစ်ဆင့်ပြီးတစ်ဆင့် ဆင်းသက်ခဲ့ရာ နောက်ဆုံးတွင် အရှင်သခင်ကို ငြင်းပယ်သည့်အခြေအနေသို့ဆိုက်ရောက်ခဲ့၏။ ကျွန်ုပ်တို့သည်

စုံစမ်းနှောင့်ယှက်ခြင်းများကို အောင်နိုင်လိမ့်မည်ဟု ကောင်းကင်နိုင်ငံတော်သို့မရောက်မီကာလအတွင်း မည်သည့်အခါမျှ စိတ်ချ၍မနေပါနှင့်။ ကယ်တင်ရှင်ကိုလက်ခံထားသောသူတိုင်းအနေဖြင့် သူတို့၏ပြောင်းလဲခြင်းသည် မည်မျှပင်မှန်ကန်စေကာမူ သူတို့သည်ကယ်တင်ပြီးဖြစ်သည်ဟုယူဆခြင်း၊ ပြောဆိုခြင်းများပြုလုပ်ရန် မည်သည့်အခါမျှသင်မပေးပါနှင့်။ ဤသည်ကား မှားယွင်းစရာအကြောင်းကိုဖြစ်စေတတ်၏။ လူတိုင်းအားယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းကိုနှစ်မြို့က်မြတ်နိုးရန် သင်ကြားပေးရမည်ဖြစ်သော်လည်း ကိုယ်ကိုကိုယ်ခရစ်တော်အားဆက်ကပ်ပြီး၍ကိုယ်တော်ကကျွန်ုပ်တို့အား လက်ခံထားပြီဟုသိရသော်လည်း ကျွန်ုပ်တို့သည် စုံစမ်းသွေးဆောင်ခြင်းအရပ်ရပ်မှလွတ်ကင်းပြီဟု မဆိုနိုင်သေးပါ။ ဘုရားသခင်၏နှုတ်ထွက်တရားတော်က "လူအများတို့သည် သန့်ရှင်းဖြူစင်ခြင်းသို့ရောက်၍ စုံစမ်းခြင်းကို ခံရကြလိမ့်မည်။" ဟုဖော်ပြထားပါသည်။ ဒံယေလ ၁၂း၁၀။ စုံစမ်းနှောင့်ယှက်ခြင်းကိုသည်းခံသောသူသာလျှင် အသက်သရဖူကိုရလိမ့်မည်။ ယာကုပ် ၁း၁၂။

ခရစ်တော်ကိုလက်ခံပြီးသည်နှင့်တပြိုင်နက် 'ငါတော့ကယ်တင်ခြင်းရပြီ' ဟုယုံကြည်စိတ်နေသောသူတို့သည် ကိုယ်ကိုကိုယ်အားကိုးအားထားပြုသည့်အတွက် အန္တရာယ်ရှိနေပါသည်။ သူတို့သည် ကိုယ်တိုင်အားဖြင့် အားနည်းသည်ဖြစ်၍ ဘုရားသခင်ထံမှခွန်အားရရှိရန် အမြဲတစေလိုအပ်နေကြောင်း မျက်ခြည်ပြတ်ကြ၏။ သူတို့အနေဖြင့်စာတန်၏ဉာဏ်ဆင်ပုံများကို ခုခံတွန်းလှန်ရန် ကြိုတင်ပြင်ဆင်မှုမရှိသောကြောင့် စုံစမ်းသွေးဆောင်ခြင်းများနှင့်ရင်ဆိုင်ရသောအခါ ပေတရုကဲ့သို့နက်ရှိုင်းသော အပြစ်အတွင်းသို့ ကျဆင်းတတ်ပါသည်။ ထိုကြောင့် ကျွန်ုပ်တို့အား သတိပေးသည်မှာ "အကြင်သူသည်

မိမိတည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏။ ထိုသူသည် မလဲခြင်းငှါ သတိပြုစေ။” ၁ ကာ ၁၀း၁၂။ ကျွန်ုပ်တို့၏တစ်ခုတည်းသေလုံခြုံမှုမှာမည်သည့်အခါမျှ ကိုယ့်ကိုကိုယ်အားမကိုးဘဲ ခရစ်တော်ကိုသာ အမြဲတစေမှီခို၍နေရမည်။

တပည့်တော်ပေတရုအနေဖြင့် မိမိ၏အကျင့်စာရိတ္တမစုံလင်ကြောင်း၊ ခရစ်တော်၏တန်ခိုးတော်နှင့်ကျေးဇူးတော်ကို အမြဲတစေလိုအပ်၍နေကြောင်း နားလည်သဘောပေါက်ရန် လိုအပ်ခဲ့ပါသည်။ ပေတရုသည် စုံစမ်းစစ်ဆေးခြင်းမခံရအောင် ကိုယ်တော်မကာကွယ်နိုင်သော်လည်း ယင်းစုံစမ်းစစ်ဆေးခြင်းမှ ကယ်မနိုင်ပါသည်။ ပေတရုအနေဖြင့် ခရစ်တော်၏သတိပေးစကားများကိုလက်ခံလိုသည်ဟု ဆိုပါက ဆုတောင်း၍စောင့်နေပေလိမ့်မည်။ သူသည် ခလုတ်တိုက်မိ၍လဲမည်ကို စိုးသောကြောင့် သတိတရားကြီးစွာဖြင့် တုန်တုန်ယင်ယင်လိုက်လျှောက်ခဲ့လိမ့်မည်။ ထိုအခါစာတန်သည် သူ့ကိုအောင်နိုင်ခြင်းမရှိစေရန် ကိုယ်တော်၏စောင့်ရှောက်ခြင်းကိုခံရပေလိမ့်မည်။

မိမိ၏အရည်အချင်းပြီးပြည့်စုံသည်ဟု စိတ်နေမြင့်သောကြောင့် ပေတရုလဲခဲ့၏။ သို့သော် နောင်တရ၍ စိတ်နှိမ့်ချသောကြောင့် ပြန်လည်တည်မြဲခဲ့၏။ သူ၏ကိုယ်တွေ့မှတ်တမ်းအားဖြင့် နောင်တရသောအပြစ်သားတိုင်းအတွက် စိတ်အားတက်ဖွယ်ဖြစ်ပါသည်။ ပေတရုသည်ဝမ်းနည်းစရာကောင်းလောက်အောင် အပြစ်မကောင်းမှုအတွင်း၌ နစ်မွန်းခဲ့ရသော်လည်း စွန့်ပစ်တော်မူခြင်းကိုမခံခဲ့ရပါ။ ခရစ်တော်၏ စကားတော်များသည် သူ၏နှလုံးသားပေါ်တွင် အက္ခရာတင်လျက်ရှိခဲ့၏။ “သင်၏ယုံကြည်ခြင်းမပျက်စေခြင်းငှါ ငါသည် သင့်အဖို့ဆုတောင်းလေပြီ။” လု ၂၂း၃၂။ သူသည် ပြင်းစွာပူဆွေးဒုက္ခရောက်၍နောင်တသံဝေဂရနေချိန်တွင် ယင်းဆုတောင်းချက်နှင့် ခရစ်တော်၏ချစ်ကြင်နာမှု

ဖြင့် သူ့အားကြည့်ရှုခဲ့ပုံကိုသတိရသဖြင့် မျှော်လင့်ချက်ရှိခဲ့၏။ ခရစ်တော်ထမြောက်တော်မူသောအခါ ပေတရုကို အောက်မေ့သတိရသဖြင့် ကောင်းကင်တမန်အားဖြင့် အမျိုးသမီးများအတွက် သတင်းစကားပေးတော်မူသည်မှာ "သင်တို့ရှေ့ဂါလိလဲပြည်သို့ကြွတော်မူကြောင်းကို ပေတရုမှစ၍ တပည့်တော်တို့အားသွား၍ပြောကြလော့။ အထက်က မိန့်တော်မူသည်အတိုင်း ထိုပြည်၌သင်တို့သည် ကိုယ်တော်ကိုတွေ့မြင်ရလိမ့်မည်။" မာကု ၁၆း၇။ အပြစ်ဖြေလွှတ်ပိုင်ခွင့်ရှိတော်မူသော ကယ်တင်ရှင်သည် ပေတရုနောင်တရသည်ကို လက်ခံတော်မူ၏။

ယင်းသို့တပည့်တော်ပေတရုအား ကယ်ဆယ်တော်မူခဲ့သည့် သနားကြင်နာမှုသည်ပင်လျှင် ယနေ့စုံစမ်းနှောင့်ယှက်ခြင်း၏ လက်အောက်၌ဆုံးရှုံးနေသောသူအပေါင်းတို့အား ကမ်းလှမ်းလျက်ရှိနေပါသည်။ လူသည်အပြစ်ပြုမိ၍ယင်းအပြစ်မကောင်းမှုတွင်နစ်မွန်းလျက်၊ ခိုကိုးရာမဲ့သဖြင့် တုန်လှုပ်ချောက်ခြားပြီးလျှင် အပြစ်ဖြေလွှတ်ခြင်းကို ရှာကြဖို့မဝံ့အောင်ပြုလုပ်ထားခြင်းမှာ စာတန်၏ဝိသေသထူးခြားသောဉာဏ်ဆင်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ သို့သော် "ငါ၏အစွမ်းသတ္တိကိုကိုးစား၍ ငါနှင့်မိတ်သဟာယဖွဲ့ကြစေ။ ငါနှင့်မိတ်သဟာယဖွဲ့ကြစေသော" ဟု ဘုရားသခင်မိန့်တော်မူသည်ဖြစ်၍ ကျွန်ုပ်တို့သည် အဘယ်သို့လျှင်ကြောက်မက်ဖွယ်ရာရှိပါမည်နည်း။ ဟေရှာ ၂၇း၅။ ကျွန်ုပ်တို့၏ခွန်အားနည်းပါးမှုအပေါင်းမှလွတ်မြောက်ရာစီမံချက်အများအပြားထားရှိတော်မူ၏။ ၄င်းအပြင် ခရစ်တော်၏အထံတော်သို့ချဉ်းကပ်ရန် အားပေးတိုက်တွန်းချက်အရပ်ရပ်ကိုလည်း လက်လှမ်းထားတော်မူပါသည်။

ဘုရားသခင်၏အမွေခံများကိုပြန်လည်ဝယ်ယူရန်အတွက် ခရစ်တော်သည် မိမိ၏ကြေမွကျိုးပဲ့သော ခန္ဓာကိုယ်ကိုတင်လျှုပူဇော်တော်

မှုခြင်းအားဖြင့် ဆုံးရှုံးပြီးသောလူသားကိုနောက်တစ်ဖန်ထပ်မံကြိုးစားခွင့်ပေးတော်မူ၏။ "ထို့ကြောင့် အကြင်သူတို့သည် ယေရှုအားဖြင့် ဘုရားသခင်အထံတော်သို့ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကိုကိုယ်တော်သည်စောင့်လျက် ကာလအစဉ်အသက်ရှင်သောကြောင့် သူတို့ကိုအစဉ်ကယ်တင်ခြင်းငှါတတ်နိုင်တော်မူ၏။" ဟေဗြဲ ၇း၂၅။ ကိုယ်တော်၏အပြစ်နှင့်ကင်းစင်သောအသက်တာဖြင့်လည်းကောင်း၊ ကိုယ်တော်၏နားထောင်တော်မူခြင်းအားဖြင့်လည်းကောင်း၊ ကရာနီကုန်းလက်ဝါးကပ်တိုင်ပေါ်တွင် အသက်ကိုစွန့်တော်မူခြင်းအားဖြင့်လည်းကောင်း ခရစ်တော်သည် ဆုံးရှုံးသောလူသား၏အမှုအတွက် ကြားဖျန်ဖြေတော်မူ၏။ ယခုအခါတွင် ကျွန်ုပ်တို့၏ကယ်တင်ခြင်းဆိုင်ရာစစ်သူကြီး သည်သာမန်အသနားခံလျှောက်လဲသည့်အမှုဆောင်ရိုးရိုးမဟုတ်၊ အောင်ပွဲခံနေသူအနေဖြင့် ရထိုက်သည်များကိုတောင်းဆိုနေတော်မူ၏။ ကိုယ်တော်သည် အပြစ်ကင်းသော မိမိ၏ကောင်းမှုများ၊ မိမိလူတို့၏ဆုတောင်းချက်များ၊ ဝန်ချတောင်းပန်ခြင်းများနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းများတည်းဟူသော နံ့သာပေါင်းကိုထည့်ထားသည့် ပူဇော်သကာလင်ပန်းကိုဘုရားသခင်၏ရှေ့တော်တွင် ကိုင်ဆောင်လျက်ကျွန်ုပ်တို့၏အမှုဆောင်ကြားဖျန်ဖြေသူအဖြစ်ကိုယ်တိုင်ခန့်အပ်တော်မူပြီးလျှင် ပြီးပြည့်စုံသောပူဇော်သကာကို ကိုယ်တိုင်ဆက်ကပ်ပူဇော်တော်မူ၏။ ကိုယ်တော်၏ဖြောင့်မတ်ခြင်းရနံ့ဖြင့် ယင်းပူဇော်သကာများကို ထုံသင်းစေလျက် ထာဝရဘုရား၏အထံတော်သို့မွှေးကြိုင်သောပူဇော်သကာအဖြစ်တက်လေ၏။ ယင်းပူဇော်သကာသည် စုံလင်သည်ဖြစ်၍ ဘုရားသခင်၏ရှေ့တော်တွင် နှစ်သက်ဖွယ်ဖြစ်တော်မူသောကြောင့် အပြစ်ရှိသမျှကိုဖြေလွှတ်ရန်လုံလောက်ပေ၏။

ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ကိုယ်စားတော်အဖြစ်နှင့်လည်းကောင်း၊ တာဝန်ခံတော်မူသောသူအဖြစ်နှင့်လည်းကောင်း မည်သူ့ကိုမျှမချန်မလှပ်ဘဲ လူတိုင်းအတွက် ကိုယ်ကိုကိုယ်အာမခံထားတော်မူ၏။ အကယ်၍အပြစ်သားတို့၏ကိုယ်စား မိမိကိုယ်တော်တိုင်အသေမခံပါက သူတို့သည် ထာဝရပျက်စီးဆုံးရှုံးခြင်းသို့ရောက်ရတော့မည်ကို မကြည့်ရက်နိုင်သောကိုယ်တော်သည် ကိုယ်ကိုကိုယ်မကယ်တင်နိုင်ကြောင်း သဘောပေါက်သူအပေါင်းအား ချစ်ကြင်နာမှုပြည့်ဝစွာဖြင့်ကြည့်ရှုတော်မူလိမ့်မည်။

ကိုယ်တော်သည် တုန်လှုပ်ချောက်ခြား၍ အပူတပြင်းအသနားခံသောသူတိုင်းအား မချီမပင့်ဘဲနေတော်မူလိမ့်မည်မဟုတ်ပါ။ အပြစ်ဖြေရာယဇ်ကိုကိုယ်တိုင်ပူဇော်တော်မူခြင်းအားဖြင့် လူသားအတွက်ယုံမှားသံသယဖြစ်စရာမလိုသည့် သန့်စင်သောတန်ခိုးတော်ကိုအကန့်အသတ်မရှိအောင် တင်ကူးစီမံထားတော်မူသောကိုယ်တော်သည် ယင်းတန်ခိုးတော်ကို ကျွန်ုပ်တို့အတွက် အသုံးမပြုဘဲနေတော်မူသည်ဖြစ်၍ ကျွန်ုပ်တို့၏အပြစ်များနှင့်ဝမ်းနည်းပူဆွေးခြင်းများကို ကိုယ်တော်၏ခြေတော်ရင်းသို့ ယူဆောင်သွားနိုင်ပါသည်။ ကိုယ်တော်၏မျက်နှာတော်၌ထင်ရှားသောလက္ခဏာရှိသမျှနှင့် စကားတော်တိုင်းက ကျွန်ုပ်တို့၏ယုံကြည်ကိုးစားမှုကို ခေါ်ဖိတ်၍နေပါသည်။ ကိုယ်တော်၏အလိုတော်အတိုင်းကျွန်ုပ်တို့၏အကျင့်စာရိတ္တကိုပုံသွန်းပြုပြင်တော်မူလိမ့်မည်။

စာတန်ဆိုင်ရာအင်အားရှိသမျှသည် ရိုးသားစွာဖြင့်ခရစ်တော်ကိုယုံကြည်ကိုးစားသူတစ်ယောက်အား အောင်နိုင်လောက်သောစွမ်းအားမရှိပါ။ ဘုရားသခင်သည် "မောသောသူတို့အား ခွန်အားကိုပေးတော်

မူ၏။ နွမ်းနယ်သောသူတို့အား အစွမ်းခွန်အားနှင့်ပြည့်စုံသောအခွင့်ကို ပေးတော်မူ၏။" ဟေရှာ ၄၀း၂၉။

"ကိုယ်အပြစ်တို့ကိုဖေါ်ပြတောင်းပန်လျှင် ငါတို့အပြစ်များကို လွှတ်၍ အပြစ်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏။" ၁ ယာ ၁း၉။ "သင်၏ဘုရားသခင်ထာဝရဘုရားကိုပြစ်မှား၍၊ . . . . မှားယွင်းသောအပြစ်ရှိကြောင်းကို ဝန်ချရုံမျှသာပြုလော့။" "သင်တို့အပေါ်မှာသန့်ရှင်းသောရေကိုဖျန်းသဖြင့် သင်တို့ကို ခပ်သိမ်းသောအညစ်အကြေးမှစ၍ ခပ်သိမ်းသောမကောင်းမှုတို့နှင့် ကင်းစင်စေမည်" ဟုထာဝရဘုရားမိန့်တော်မူ၏။ ယေ ၃း၁၃။ ယေဇ ၃၆း၂၅။

သို့သော် ကျွန်ုပ်တို့အနေဖြင့် အသိတရားရှိရမည်။ အပြစ်မှလွတ်ငြိမ်းချမ်းသာခွင့်နှင့်ငြိမ်သက်ချမ်းသာကိုမရရှိမီ အပြစ်အတွက်ကြောင့်ဝမ်းနည်းကြေကွဲ၍ နောင်တသံဝေဂကိုဖြစ်စေသော အသိတရားဖြစ်ပေါ်ရမည်။ ဖါရိရှဲသည်အပြစ်အတွက် ကြေကွဲဝမ်းနည်းသောစိတ်မရှိ။ သန့်ရှင်းသောဝိညာဉ်တော်သည် သူနှင့်အတူ အလုပ်မလုပ်နိုင်။ သူသည်ကိုယ်ပိုင်ဖြောင့်မတ်ခြင်းသံချပ်အင်္ကျီကိုဝတ်ဆင်ထားသောကြောင့် ဘုရားသခင်၏ချွန်ထက်သောမြှားတို့ဖြင့် ကောင်းကင်တမန်များက တည့်ဖြောင့်အောင်ချိန်ရွယ်၍ ပစ်ကြသော်လည်း မထိုးမဖေါက်နိုင်။ မိမိကိုယ်မိမိ အပြစ်ရှိကြောင်းသိသောသူကိုသာလျှင် ခရစ်တော်ကယ်တင်နိုင်တော်မူ၏။ ကိုယ်တော်သည် "ကြေမွသောသူတို့၏ အနာကိုပျောက်စေခြင်းငှါလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့်မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်းအကြောင်းကို ပြစေခြင်းငှါလည်းကောင်း၊ ညှဉ်းဆဲခံရသောသူတို့ကို

ကယ်မစေခြင်းငှါလည်းကောင်း” ကြွလာတော်မူ၏။ လု ၄း၁၈။ သို့သော် “ကျန်းမာသောသူတို့သည် ဆေးသမားကိုအလိုမရှိကြ” ဟု မိန့်တော်မူ၏။ လု ၅း၃၁။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အခြေမှန်အနေမှန် ကိုသိရကြမည်။ သို့မဟုတ်ပါက ခရစ်တော်၏အကူအညီကို လိုအပ်နေကြောင်းမတွေ့မသိနိုင်ပါ။ ကျွန်ုပ်တို့၏ဘေးအန္တရာယ်ကို ကျွန်ုပ်တို့သိနားလည်သိနားလည်ရမည်။ သို့မဟုတ်ပါက ခိုလှုံရာအရပ်သို့ပြေးဝင်လိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ဒဏ်ရာမှနာကျင်ခြင်းဝေဒနာကို ကျွန်ုပ်တို့ခံစာသိတွေ့ရမည်။ သို့မဟုတ်ပါက ဒဏ်ရာပျောက်ကင်းဖို့ ကျွန်ုပ်တို့လိုလားလိမ့်မည်မဟုတ်ပါ။

“သင်ကလည်း၊ ငါသည်ဥစ္စာရတတ်၏။ ဘဏ္ဍာကိုဆည်းပူးပြီ၊ တစ်စုံတစ်ခုကိုမျှမလိုဟုပြောဆို၍ ကိုယ်တိုင်ပင်ပန်းခြင်း၊ သနားဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်အချည်းစည်းရှိခြင်းဖြစ်သည်ကိုမသိပါတကား။ သင်သည် ဥစ္စာရရတတ်ခြင်းငှါ မီးနှင့်ချွတ်ပြီးသောရွှေကိုလည်းကောင်း၊ အဝတ်အချည်းစည်းရှိ၍ သူတစ်ပါးရှေ့တွင်မရှက်စေခြင်းငှါ ခြုံစရာဖို့ဖြူသောအဝတ်ကိုလည်းကောင်း ငါ့ထံမှာဝယ်လော့။ သင်၏မျက်စိမြင်စေခြင်းငှါ၊ မျက်စိ၌မျက်စဉ်းခတ်လော့ဟု သင့်အားငါအကြံပေး၏” ဟုထာဝရဘုရားသခင်မိန့်တော်မူ၏။ ဗျာ ၃း၁၇း၁၈။ မီးနှင့်ချွတ်ပြီးသောရွှေဆိုသည်မှာ မေတ္တာရှေ့ထား၍ ဆောင်ရွက်သောယုံကြည်ခြင်းဖြစ်၏။ ယင်းအားဖြင့်သာလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့နိုင်၏။ ကျွန်ုပ်တို့အနေဖြင့် များစွာလုပ်ရှား၍ များစွာဆောင်ရွက်မည်ဖြစ်သော်လည်း ခရစ်တော်၏မေတ္တာတော်ကဲ့သို့သော မေတ္တာမရှိပါက ကျွန်ုပ်တို့သည်ကောင်းကင်မိသားစုအသိုက်အဝန်းတွင် ရေတွက်ဝင်လိမ့်မည်မဟုတ်ပါ။

မည်သူမျှမိမိ၏အမှားကို မိမိမသိနားမလည်နိုင်ပါ။ "စိတ်နှလုံးသည်ခပ်သိမ်းသောအရာထက်စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသောသဘောရှိ၏။ စိတ်နှလုံးသဘောကိုအဘယ်သူသိနိုင်သနည်း။" ယေရမိ၊ ၁၇း၉။ နှိမ့်ချသောသူဖြစ်ပါသည်ဟု နှုတ်မြွက်သည်ကိုစိတ်နှလုံးကအသိအမှတ်မပြုဘဲရှိနိုင်ပါသည်။ စိတ်နှိမ့်ချပါသည်ဟု ဘုရားသခင်အားလျှောက်ထားနေသည့်အချိန်၌ပင်လျှင် 'ငါ၏နှိမ့်ချခြင်းသည် သူတစ်ပါးထက်သာသည်ဟူ၍လည်းကောင်း၊ ငါ၏ဖြောင့်မတ်ခြင်းသည် သူတစ်ပါးထက်မြင့်မြတ်သည်ဟူ၍လည်းကောင်း' သူသည်စိတ်နေမြင့်တတ်၏။ မိမိ၏အခြေမှန်အနေမှန်ကိုသိနားလည်ရန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ ကျွန်ုပ်တို့သည်ခရစ်တော်ကိုရှုမျှော်၍နေရန်ဖြစ်ပါသည်။ ကိုယ်ပိုင်ဖြောင့်မတ်ခြင်း၌စိတ်နေမြင့်သောသူများသည်ကိုယ်ကိုကိုယ်မသိသောသူများဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏သန့်ရှင်းဖြူစင်တော်မူခြင်းနှင့် ကောင်းမြတ်စုံလင်တော်မူခြင်းများကိုအာရုံပြု၍လေးလေးနက်နက်ဆင်ခြင်လျက် ကျွန်ုပ်တို့အားနည်းပုံ၊ ချို့ငဲ့ပုံနှင့်မစုံမလင်ဖြစ်နေပုံများကိုလည်းကောင်း၊ အခြားအပြစ်သားများနည်းတူ ကိုယ်ပိုင်ဖြောင့်မတ်ခြင်းဝတ်ရုံများဝတ်ဆင်လျက် မျှော်လင့်ချက်မရှိဆုံးရှုံးနေသူများဖြစ်ကြောင်းကိုလည်းကောင်း အခြေမှန်အနေမှန်အတိုင်းတွေ့သိရကြလိမ့်မည်။ အကယ်၍ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကိုခံစားရမည်ဆိုပါက ကျွန်ုပ်တို့ကိုယ်ပိုင်ကောင်းမှုကိုသိုလ်ကြောင့်မဟုတ်ဘဲ ဘုရားသခင်၏ အကန့်အသတ်မရှိသော ကျေးဇူးတော်ကြောင့်သာဖြစ်ကောင်း တွေ့သိရကြလိမ့်မည်။

အခွန်ခံ၏ဆုတောင်းသံကိုနားညောင်းတော်မူခြင်းမှာ အရာခပ်သိမ်းကို တတ်နိုင်တော်မူသော သခင်အားဆွဲကိုင်၍ မှီခိုအားထားသော

ကြောင့်ဖြစ်ပါသည်။ အခွန်ခံအနေဖြင့် မိမိကိုယ်တိုင်ရှက်ဖွယ်ရာမှအပ အခြားမည်သည့်အရာကိုမျှမတွေ့မမြင်ရ။ ဘုရားသခင်ကိုရှာသော သူတိုင်း ကိုယ်ကိုကိုယ်ယင်းသို့ပင်တွေ့မြင်ရကြပါမည်။ မရှိန္ဓမ်းပါး၍ အသနားခံသောသူသည် ကိုယ်ကိုကိုယ်အားထားခြင်းမပြုသည့်စစ်မှန် သောယုံကြည်ခြင်းဖြင့် ဘုရားသခင်ကိုခိုလှုံကိုးစားရမည်။

ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းနှင့် ရိုးသားစွာယုံကြည်ခြင်းများကို မည်သည့်အပြင်ပန်းလိုက်နာဆောင်ရွက်မှုများနှင့်မျှ အစားထိုး၍မရနိုင် ပါ။ သို့သော် မည်သူမျှကိုယ့်ကိုယ်နှင့် ကိုယ်ခွဲ၍မနေနိုင်ပါ။ ယင်းလုပ် ငန်းကို ခရစ်တော်ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ကျွန်ုပ်တို့ကခွင့်ပြု ရန်သာရှိပါသည်။ ထိုအခါ ကျွန်တော်ကျွန်မတို့ကလျှောက်ထားရမည် မှာ - ဘုရားသခင်၊ ကျွန်တော်ကျွန်မတို့သည် မိမိတို့၏စိတ်နှလုံးကို ဆက်ကပ်၍မရသောကြောင့် ကိုယ်တော်တိုင်သိမ်းပိုက်တော်မူပါ။ ၎င်းကို ကိုယ်တော်ပိုင်တော်မူသည်ဖြစ်၍လည်းကောင်း၊ ကျွန်တော်ကျွန်မတို့သည် ကိုယ်တော်အတွက်သန့်ရှင်းအောင် စောင့်ရှောက်မထားနိုင်သော ကြောင့်လည်းကောင်း သန့်ရှင်းဖြူစင်အောင် သိမ်းပိုက်ထားတော်မူပါ။ ခရစ်တော်နှင့်မတူသည့် အားနည်းသောကျွန်တော်ကျွန်မကို ကယ်တင် တော်မူပါ၊ ပုံသွန်းတော်မူပါ၊ ပြုပြင်တော်မူပါ၊ ကိုယ်တော်၏ကြွယ်ဝ စွာသောမေတ္တာရေသည် ကျွန်တော်ကျွန်မ၏စိတ်နှလုံးတွင်းသို့စီးဝင် နိုင်သည့် သန့်ရှင်းမြင့်မြတ်သော အသိုက်အဝန်းသို့သိမ်းသွင်းတော်မူပါ ဟုလျှောက်ထားရမည်။

ဤကဲ့သို့ကိုယ်ကိုကိုယ်ငြင်းပယ်သည့်အလုပ်ကို ခရစ်ယာန် အသက်တာအစ၌သာ ဆောင်ရွက်ရမည်မဟုတ်ပါ။ ကောင်းကင်ဘုံသို့ တက်လှမ်းနေသည့်အဆင့်တိုင်းတွင် အသစ်လဲလှယ်နေရမည်။ ကျွန်ုပ် တို့၏ကောင်းမှုလုပ်ငန်းမှန်သမျှသည် ပြင်ပတန်ခိုးတော်အပေါ်အမှီပြု

နေပါသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်အား အမြဲတစေမျှော်မှန်းတမ်းတနေရမည့်အပြင် ရိုသေလေးစားစွာဖြင့်လည်းကောင်း၊ စိတ်နှလုံးနှိမ့်ချကြေကွဲစွာဖြင့်လည်းကောင်း၊ ကိုယ်တော်၏ရှေ့တော်၌ အမြဲတစေအပြစ်ကိုဝန်ချတောင်းပန်ရမည်။ အစဉ်မပြတ်ကိုယ်ကိုကိုယ် ငြင်းပယ်၍ ခရစ်တော်ကိုကိုးစားမှသာလျှင် နောက်တော်သို့လုံခြုံစွာ လိုက်လျှောက်နိုင်လိမ့်မည်။

ကျွန်ုပ်တို့သည် ခရစ်တော်ထံသို့ နီးကပ်စွာချဉ်းကပ်လေ၊ ကိုယ်တော်၏သန့်စင်စုံလင်သောဂုဏ်သိက္ခာတော်ကို ထင်ရှားစွာတွေ့မြင်ရလေဖြစ်သောကြောင့် ကျွန်ုပ်တို့၏အပြစ်မကောင်းမှုဆိုးသွမ်းပုံကိုလည်း ပို၍ထင်ရှားစွာသဘောပေါက်လာပြီးလျှင် ကိုယ်ကိုကိုယ်ချီးမြှင့်လိုသောဆန္ဒပို၍လျော့နည်းသွားလိမ့်မည်။ သန့်ရှင်းသောသူများအဖြစ်ကောင်းကင်ဘုံကအသိအမှတ်ပြုထားသောသူများသည် မိမိတို့၏ကောင်းမှုကုသိုလ်များအတွက် ဂုဏ်ဖော်ကြလိမ့်မည်မဟုတ်။ တမန်တော်ပေတရုသည်ခရစ်တော်၏ သစ္စာရှိသောအမှုတော်ဆောင်တစ်ယောက်ဖြစ်လာပြီးနောက် ကောင်းကင်အလင်းတော်နှင့်တန်ခိုးတော်အားဖြင့် ဂုဏ်ပြုခြင်းကိုခံခဲ့ရသည်ဖြစ်၍ ခရစ်တော်၏အသင်းတော်ကိုတည်ဆောက်ရာတွင်လည်း ကိုယ်တိုင်လှုပ်ရှားပါဝင်နိုင်ခဲ့ပါသည်။ သို့သော် ပေတရုသည် ကိုယ်တိုင် ပူဆွေးသောကရောက်ခဲ့ရသည့်ကြောက်မက်ဖွယ်သောအတွေ့အကြုံကိုမည်သည့်အခါမျှ မမေ့နိုင်။ သူသည်အပြစ်လွှတ်ခြင်းကိုခံခဲ့ရ၏။ သို့သော် သူကျဆုံးခဲ့ရသည့်အကြောင်းရင်းမှာ အကျင့်စာရိတ္တအားနည်းမှုကြောင့်ဖြစ်၍ ခရစ်တော်၏ကျေးဇူးတော်ကြောင့်သာလျှင် နေရာမှန်သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း သူကောင်းစွာသဘောပေါက်၏။ မိမိကိုယ်တိုင်အားဖြင့် ဂုဏ်ယူစရာဘာတစ်ခုမျှမရှိကြောင်း တွေ့သိလေ၏။

မည်သည့်တမန်တော်၊ မည်သည့်ပုရောဖက်မျှမိမိကိုယ်မိမိအပြစ်မရှိဟုအခိုင်အမာမပြောခဲ့ကြပါ။ ဘုရားသခင်နှင့်အနီးကပ်ဆုံးအသက်ရှင်ခဲ့ကြသောသူများသည်လည်းကောင်း၊ သိလျက်နှင့်မကောင်းမှုအပြစ်ကိုပြုလုပ်မည့်အစား မိမိအသက်ကိုအသေခံမည့်သူများသည်လည်းကောင်း၊ အလင်းတရားနှင့်တန်ခိုးတော်အားဖြင့် ဘုရားသခင်၏ဂုဏ်ပြုခြင်းကိုခံရသောသူများသည်လည်းကောင်း ဇာတိပကတိအားဖြင့် အပြစ်များသောသူများဖြစ်ကြောင်း ဝန်ခံခဲ့ကြ၏။ ထို့ကြောင့် သူတို့၏ဇာတိပကတိကိုယ်၌အားကိုးအားထားမပြု ကိုယ်တိုင်အားဖြင့်လည်းဖြောင့်မတ်ခြင်းမရှိကြောင်းဝန်ခံ၍ ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုသာ လုံးလုံးအားကိုးအားထားပြုကြ၏။ ခရစ်တော်အားကြည့်မျှော်သောသူတိုင်းယင်းသို့ဖြစ်ကြလိမ့်မည်။

ခရစ်ယာန်အတွေ့အကြုံတွင် ရှေ့သို့ပတစ်လှမ်းတိုး၍ချီတက်တိုင်းကျွန်ုပ်တို့၏နောင်တတရားပို၍ နက်ရှိုင်းလာလိမ့်မည်။ ဘုရားသခင်၏အပြစ်ဖြေလွှတ်ခြင်းကိုခံရသောသူများနှင့် မိမိ၏လူမျိုးဟုကိုယ်တော်အသိအမှတ်ပြုသူများအား ကိုယ်တော်က "ထိုအခါသင်တို့သည် ကိုယ်ကျင့်ဖူးသေအကျင့်ဆိုးနှင့် မကောင်းသောအမှုတို့ကိုအောက်မေ့၍၊. . . . ကိုယ်ကိုကိုယ်ရှာကြလိမ့်မည်" ဟုမိန့်တော်မူ၏။ ယေဇ၊ ၃၆း၃၁။ ၎င်းအပြင် "ထိုအခါငါ၏ပဋိညာဉ်ကိုသင်နှင့်ငါဖွဲ့မည်။ ငါသည်ထာဝရဘုရားဖြစ်ကြောင်းကိုသင်သိရလိမ့်မည်။ သင်ပြုဖူးသမျှသောအမှုတို့ကိုငါမမှတ်။ စိတ်ပြေသောအခါ သင်သည်အောက်မေ့၍ရှက်ကြောက်ခြင်းနှင့်မျက်နှာပျက်ခြင်းကြောင့် နှုတ်ကိုမဖွင့်ဘဲနေရလိမ့်မည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏။" ယေဇ၊ ၁၆း၆၂၊၆၃။ ထိုအခါကျွန်ုပ်တို့သည် ကိုယ့်ဂုဏ်ကိုယ်ဖော်၍ ကြွားဝါကြတော့မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ပြီးပြည့်စုံမှုသည် ခရစ်တော်၌သာရှိကြောင်း

သိနားလည်ကြလိမ့်မည်။ "ငါ့အထဲမှာ ဇာတိပကတိ၌ကောင်းသော အရာတစ်စုံတစ်ခုမျှမတည်သည်ကိုငါသိ၏။" ဟူ၍လည်းကောင်း၊ ရောမ၊ ၇း၁၈။ "ငါဖြစ်လျှင်၊ ငါတို့သခင်ယေရှုခရစ်တော်၏လက်ဝါးကပ်တိုင်တော်မှ တစ်ပါးအဘယ်အရာ၌မျှဝါကြွားခြင်းမရှိပါစေနှင့်။ ထိုလက်ဝါးကပ်တိုင်တော်မှာ ဤလောကသည်ငါ့အဖို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏။ ငါသည်လည်းဤလောကအဖို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏" ဟူ၍လည်းကောင်း တမန်တော်ပေါလုကဲ့သို့ ကျွန်ုပ်တို့ဝန်ခံကြလိမ့်မည်။ ဂလ ၆း၁၄။

ယင်းအတွေ့အကြုံနှင့်လျော်ညီစွာ ပညတ်ထားတော်မူသည်မှာ၊ "ကြောက်ရွံ့တုန်လှုပ်စိတ်နှင့်ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။ အကြောင်းမူကား၊ သင်တို့သည် အလိုရှိစေခြင်းငှါလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှါလည်းကောင်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း။" ဖိ ၂း၁၂၊၁၃။ ဘုရားသခင်က မိမိအားမကြောက်ရွံ့မကိုးကွယ်လျှင် ကတိတော်များပြည့်စုံစေလိမ့်မည်မဟုတ်ဟု မိန်တော်မူသည်မဟုတ်ပါ။ သည်းခံတော်မူခြင်းအရာ၌လည်း ငြီးငွေ့တော်မူလိမ့်မည်မဟုတ်ပါ။ ကရုဏာတော်သည်လည်း ယုတ်လျော့သွားလိမ့်မည် မဟုတ်ပါ။ ကြောက်ရွံ့ခြင်းမရှိလျှင် သင်၏အလိုဆန္ဒများသည် ခရစ်တော်၏ စေတနာတော်နှင့်မကိုက်ညီဘဲ သင်မြတ်နိုးသည့်အကျင့်စရိုက်နှင့် ထုံးစံဓလေ့များက သင်၏အသက်တာကိုစိုးမိုးနေလိမ့်မည်။ "သင်တို့သည်အလိုရှိစေခြင်းငှါလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှါလည်းကောင်း သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကားဘုရားသခင်ပေတည်း" ကြောက်ရွံ့ခြင်းမရှိလျှင် သင်၏အသက်ဝိညာဉ်နှင့်လုပ်ဆောင်တော်မူသော အရှင်သခင်၏စပ်ကြားတွင်သင်၏ တစ်ကိုယ်ကောင်းစိတ်က ဝင်ရောက်နှောင့်ယှက်နေလိမ့်မည်။ ကြောက်ရွံ့

ခြင်းမရှိလျှင် သင့်အားဘုရားသခင်ပေးအပ်ထားသောမြင့်မြတ်သည့် ကြံရွယ်ချက်မပြီးမြောက်အောင် သင်၏တစ်ကိုယ်ကောင်းစိတ်ကဖျက်ဆီးလိမ့်မည်။ သို့သော် ကြောက်ရွံ့ရမည့်အကြောင်းများမှာ သင်၏ကိုယ်ပိုင်စွမ်းအားကို မှီငြမ်းပြုခြင်းနှင့် သင်သည်ခရစ်တော်နှင့်လက်တွဲထားခြင်းကိုဖြုတ်၍ ကိုယ်တော်မပါဘဲ ကိုယ့်အသက်တာလမ်းကိုကိုယ်တိုင်လျှောက်လိုက်ခြင်းပင်ဖြစ်ပါသည်။

ကိုယ်ကိုကိုယ်အထင်ကြီး၍ မာနထောင်လွှားစေမည့်အရာခပ်သိမ်းကိုရှောင်ရန်လိုအပ်ပါသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် သူတစ်ပါးအားလည်းကောင်း၊ သူတစ်ပါးကကျွန်ုပ်တို့အားလည်းကောင်း၊ ချီးမွမ်းခြင်း၊ မြှောက်ပင့်ပြောဆိုခြင်းသည်စာတန်၏လုပ်ရပ်ဖြစ်ပါသည်။ သူတစ်ပါး၏အလိုကိုလိုက်၍ပြောဆိုခြင်း၊ ယိုးစွပ်ခြင်းနှင့်ပြစ်တင်ရှုတ်ချခြင်းများသည်သူ၏လုပ်ငန်းများဖြစ်ပါသည်။ ယင်းနည်းများဖြင့် လူ၏အသက်ဝိညာဉ်ကို ယိုယွင်းပျက်စီးစေပါသည်။ သူတစ်ပါးအားမြှောက်ပင့်ပြောဆိုသောသူများသည် စာတန်၏ကိုယ်စားလှယ်များဖြစ်ပါသည်။ ခရစ်တော်အတွက်အမှုတော်ဆောင်ရွက်သောသူများသည် မြှောက်ပင့်ပြောဆိုသည့်စကားမှန်သမျှကိုမနှစ်မြို့ကြပါစေနှင့်။ တစ်ကိုယ်ကောင်းစိတ်ထားကိုမျက်မှောက်မပြုပါစေနှင့်။ ခရစ်တော်တစ်ဦးတည်းကိုသာလျှင် ချီးမြှင့်ရပါမည်။ "ငါတို့ကိုချစ်၍မိမိအသွေးနှင့်ငါတို့အပြစ်များကိုဆေးကြော" တော်မူသောအရှင်ကိုသာလျှင် လူတိုင်းချီးမွမ်းထောမနာပြု၍အထက်သို့မျှော်ရှုကြပါစေ။ (ဗျာ ၁း၅)။

ထာဝရဘုရားကိုကြောက်ရွံ့သောသဘော၌ မြတ်နိုးသည့်အသက်တာတွင်ဝမ်းနည်းခြင်းနှင့်စိတ်ညှိုးနွမ်းခြင်းများရှိလိမ့်မည်မဟုတ်ပါ။ ခရစ်တော်နှင့်အတူမရှိသောသူ၏ မျက်နှာသည်ဝမ်းနည်းခြင်းကိုဖေါ်ပြ

၍သူ၏အသက်တာသည် ညည်းတွားခြင်းနှင့်ပြည့်ဝ၏။ ကိုယ်ကိုကိုယ် အထင်ကြီးခြင်း၊ ကိုယ်ကိုကိုယ်ချစ်မြတ်နိုးခြင်းများနှင့်ပြည့်ဝသောသူတို့ သည်ခရစ်တော်နှင့်အတူအသက်ရှင်ဆက်ဆံရန်မလိုလားကြတော့ပါ။ သက်ရှင်ကျောက်မြတ်နှင့်မတွေ့မထိရသေးသောသူသည် သူ၏စုံလင်မှု အတွက်ဝါကြွားနေဆဲပင်။ လူတို့သည် ဂုဏ်ကြီးမြင့်သောဘာသာ အယူဝါဒကိုနှစ်သက်ကြ၏။ သူတို့ကိုယ်ပိုင်ဂုဏ်ဒြပ်နှင့်အရည်အချင်း များကို သယ်ဆောင်သွားနိုင်လောက်အောင် ကျယ်သောလမ်းစဉ်ကို လိုက်လျှောက်လိုကြ၏။ ကိုယ်ကိုကိုယ်ချစ်မြတ်နိုး၍ထင်ရှားကျော်ကြား လိုခြင်းနှင့် ချီးမြှင့်ခြင်းခံလိုသောသူများ၏ စိတ်နှလုံးအတွင်း၌ကယ်တင် ရှင်အတွက်နေရာမရှိသောကြောင့် စိတ်ညှိုးငယ်ခြင်း၊ ဝမ်းနည်းခြင်း များနှင့်ပြည့်ဝကြ၏။ သို့သော် ခရစ်တော်ကိန်းအောင်းတော်မူသော အသက်တာသည် ဝမ်းမြောက်ရွှင်လန်းသောစမ်းရေတွင်းဖြစ်ပါသည်။ ကိုယ်တော်ကိုလည်းကောင်း၊ နှုတ်ကပါဌ်တော်ကိုလည်းကောင်း၊ လက်ခံသောသူတိုင်းအတွက် ထင်ရှားသောထူးခြားချက်မှာ ဝမ်းမြောက် ခြင်းပင်ဖြစ်ပါသည်။

"သန့်ရှင်းခြင်းဟု နာမရှိတော်မူထသော၊ အဆုံးမရှိသောကာလ တည်းဟူသော ဘုံဗိမာန်၌စံတော်မူထသော၊ အထွတ်အမြတ်ဖြစ်တော် မူသောဘုရားသခင်မိန့်တော်မူသည်ကား၊ ငါသည်မြင့်မြတ်သန့်ရှင်းသော အရပ်၌နေ၏။ စိတ်နှိမ့်ချသောသူနှင့်နှလုံးကြေကွဲသောသူတို့၏စိတ် ဝိညာဉ်အသက်ရှင်စေခြင်းငှါ ကြေကွဲနှိမ့်ချသောစိတ်သဘောရှိသော သူတို့၌လည်း ငါနေ၏။" ဟေရှာယ ၅၇း၁၅။

ဘုရားသခင်သည် မောရှေအားကျောက်ကြား၌သွင်းထားတော် မူစဉ်က မောရှေသည် ဘုရားသခင်၏ဘုန်းတော်ကိုရှုမြင်ခွင့်ရရှိခဲ့ပါ သည်။ ကျွန်ုပ်တို့သည်လည်း ခရစ်တော်တည်းဟူသော ကျောက်အတွင်း၌

ပုန်းအောင်းနေမှသာလျှင် ထိုးဖေါက်ခြင်းခံရပြီးသော မိမိ၏လက်တော်ဖြင့် ဖုံးကွယ်ထားတော်မူလိမ့်မည်။ ၄င်းအပြင် ကိုယ်တော်သည် မိမိ၏သားသမီးများအား မည်သို့မိန့်တော်မူသည်ကို ကြားရကြလိမ့်မည်။ "ချစ်သနားခြင်းနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော၊ အထောင်အသောင်းများသောလူတို့အား သနားခြင်းကျေးဇူးတရားကိုစောင့်တော်မူသော" ဘုရားသခင်သည် မောရှေကဲ့သို့ ကျွန်ုပ်တို့အားလည်း ကိုယ်ထင်ပြတော်မူလိမ့်မည်။ ထွ ၃၄း၆၊၇။

ရွေးနုတ်တော်မူခြင်းဆိုင်ရာအမှုတော်သည် နားလည်သဘောပေါက်ရန် မလွယ်ကူသည့် ခက်ခဲနက်နဲသောအကြောင်းအရာများနှင့် ပေါင်းစပ်ဆက်နွယ်၍နေသောကြောင့် လူသားအနေဖြင့်ကြံစည်စိတ်ကူး၍မမီနိုင်ပါ။ "ဘုရားသခင်ကိုချစ်သောသူတို့အဖို့အလိုငှါ၊ ဘုရားသခင်ပြင်ဆင်တော်မူသောအရာကိုလူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံမစည်သေး။" ၁ ကော၊ ၃း၆။ အပြစ်သားသည် ခရစ်တော်၏တန်ခိုးတော်အားဖြင့် ဆွဲယူခြင်းကိုခံရသောအခါ မြှောက်ထားသောလက်ဝါးကပ်တိုင်သို့ချဉ်းကပ်၍၄င်း၏ရှေ့မှောက်တွင် ပျပ်ဝပ်လျက် အသစ်ဖန်ဆင်းခြင်းကိုခံရလေ၏။ အသစ်သောနှလုံးပေးအပ်ခြင်းကိုလည်းခံရ၏။ ခရစ်တော်၌အသစ်သောလူသတ္တဝါဖြစ်လာ၏။ သန့်ရှင်းခြင်းသို့ရောက်လေ၏။ ဘုရားသခင်ကိုယ်တော်တိုင် "ယေရှုကိုယုံကြည်သောသူတို့၏အပြစ်ကိုလွှတ်တော်မူ၍" တရားသဖြင့်စီရင်တော်မူ၏။ ရောမ၊ ၃း၂၆။ ၄င်းအပြင် "ခေါ်တော်မူသောသူတို့ကိုလည်းဖြောင့်မတ်ရာ၌ တည်စေတော်မူ၏။ ထိုသို့တည်စေတော်မူသောသူတို့ကိုလည်း ချီးမြှောက်တော်မူ၏။" ရော၊ ၈း၃၀။ အပြစ်မကောင်းမှုကြောင့် ဂုဏ်အသရေဆုတ်ယုတ်ခြင်းနှင့်ရှက်ကြောက်ဖွယ်ဖြစ်

ခြင်းသည်ကြီးမားလှပါ၏။ ထိုထက်ကြီးမားသည်မှာကား ရွေးနုတ်ခြင်းမေတ္တာဖြင့် ခံစားရသောဂုဏ်အသရေနှင့်ချီးမြှောက်ခြင်းပေတည်း။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်တူညီအောင် အားထုတ်ဆောင်ရွက်သောလူသားတို့အား ကောင်းကင်ဘဏ္ဍာရတနာအရင်းအနှီးများနှင့်စုံလင်ခြင်းတန်ခိုးကိုထုတ်ပေးတော်မူခြင်းအားဖြင့် သူတို့သည် မည်သည့်အခါကမျှဆုံးရှုံးခြင်းမရှိခဲ့သောကောင်းကင်တမန်များထက်မြင့်သောအရပ်တွင်နေရကြလိမ့်မည်။

"ဣသရေလအမျိုးကိုရွေးနုတ်တော်မူ၍ထိုအမျိုး၏ သန့်ရှင်းသောထာဝရဘုရားသခင်သည်အဘယ်သူမျှမနှစ်သက်၊ တစ်ပြည်လုံးရွံရှာဖွယ်ဖြစ် . . . သူအားမိန့်တော်မူသည်ကား၊ သစ္စာရှိတော်မူသောထာဝရဘုရားသခင်၊ သင့်ကိုရွေးကောက်တော်မူသောဣသရေလအမျိုး၏သန့်ရှင်း၊ သောဘုရားသခင်၏ကျေးဇူးတော်ကြောင့် ရှင်ဘုရင်တို့သည်မြင်၍ထကြလိမ့်မည်။ မင်းသားတို့သည်လည်း ကိုးကွယ်ကြလိမ့်မည်။" ဟေရှာယ ၄၉း၇။

"ကိုယ်ကိုကိုယ်ချီးမြှောက်သောသူမည်သည်ကား နှိမ့်ချခြင်းသို့ရောက်လတ္တံ့။ ကိုယ်ကိုကိုယ်နှိမ့်ချသောသူမည်သည်ကား ချီးမြှောက်ခြင်းသို့ရောက်လတ္တံ့ဟုမိန့်တော်မူ၏။"

---ooo---

# “ဘုရားသခင်သည်သူတို့ဘက်၌တရားမစီရင်ဘဲ နေတော်မူမည်လော”

**လုကာ၊ ၁၈း၁-၈ ကိုအခြေပြုပါသည်။**

ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူချိန် ရောက်လုနီးသော အခါတပည့်တော်များတွေ့ဆုံရမည့်ဘေးအန္တရာယ်များအကြောင်းကို ဩဝါဒပေးခဲ့ပါသည်။ ယင်းအချိန်နှင့်အထူးပတ်သက်သော ဥပမာစကား မှာ “လူတို့သည်အားမလျှော့ဘဲ ကြိုးစား၍ဆုတောင်းရမည်။”

“မြို့တစ်မြို့၌ဘုရားသခင်ကိုမကြောက်ရွံ့၊ လူကိုအားမနာတတ် သောတရားသူကြီးတစ်ယောက်ရှိ၏။ ထိုမြို့၌နေသောမုဆိုးမတစ်ယောက် သည်တရားသူကြီးထံသို့သွား၍ ကျွန်မရန်ဘက်ကိုလက်စားချေလောက် အောင်အပြစ်အလျောက်ဒဏ်စီရင်ပါဟု တောင်းပန်သော်လည်း တရား မစီရင်ဘဲကြာမြင့်စွာနေ၏။ ထိုနောက်တရားသူကြီးက ငါသည်ဘုရား သခင်ကိုမကြောက်ရွံ့၊ လူကိုအားမနာတတ်သောသူဖြစ်သော်လည်း ဤမုဆိုးမသည် ငါ့ကိုနှောင့်ယှက်သောကြောင့် သူ့ဘက်၌တရားစီရင် မည်။ သို့မဟုတ် အစဉ်လာ၍ငါ့ကိုပင်ပန်းစေလိမ့်မည်ဟု စိတ်ထဲ၌ အကြံရှိ၏။ မတရားသောထိုတရားသူကြီး၏အကြံကိုမှတ်ကြလော့။ ဘုရားသခင်ရွေးကောက်တော်မူသောသူတို့သည် ညဥ့်နေမပြတ်အော်ဟစ် ၍တောင်းလျှောက်လျှင် ဘုရားသခင်သည် သူတို့ဘက်၌တရားမစီရင် ဘဲနေတော်မူမည်လော။ ကြာမြင့်စွာသည်းခံတော်မူမည်လော။ ငါဆို သည်ကား သူတို့ဘက်၌အလျင်အမြန်တရားစီရင်တော်မူမည်” ဟု ကိုယ်တော်မိန့်တော်မူ၏။

ဤမြင်ကွင်းတွင်တရားသူကြီးမှာ အမှန်တရားအတွက် ပမာဏ မထား၊ အခက်အခဲတွေ့သူကိုလည်း မသနားသောသူဖြစ်၏။ မိမိ၏

အမှုကိုတင်ပြနေသောမုဆိုးမသည် မရမနေတောင်းဆိုနေသူဖြစ်၏။ တရားသူကြီး၏ရုံးသို့အကြိမ်ကြိမ်လာရောက်ခဲ့သော်လည်း မထီလေးစားပြုခြင်းနှင့်တရားရုံးမှနှင်ထုတ်ခြင်းကိုသာခံခဲ့ရ၏။ ယင်းမုဆိုးမ၏အမှုမှန်ကြောင်း တရားသူကြီးကိုယ်တိုင်သိ၍ ချက်ချင်းဆုံးဖြတ်ပေးနိုင်ခဲ့သော်လည်းအရေးမယူဘဲနေခဲ့၏။ သူ၏သဘောအတိုင်းပြုလုပ်နိုင်သောတန်ခိုးအာဏာကိုပြလိုသောကြောင့် မုဆိုးမအနေဖြင့် အချည်းနှီးတောင်းပန်နေခြင်း၊ အသနားခံ၍လျှောက်လဲနေခြင်းနှင့်ပူဆာနေခြင်းများကိုကြိုက်နှစ်သိက်နေ၏။ သို့သော် မုဆိုးမသည်အလျှော့မပေး၊ အရှုံးမခံ စိတ်မပျက်ဘဲ အတင်းအကျပ်တိုးလျှို၏။ တရားသူကြီးကမသနားမညှာတာဘဲ ရက်စက်စွာပြုနေသော်လည်း မုဆိုးမသည်သူမ၏အမှုကိုအရေးယူသည်တိုင်အောင် အသနားခံချက်ကိုဆက်ခါဆက်ခါတင်ပြနေခဲ့ပါသည်။ ထိုကြောင့်တရားသူကြီးက၊ "ငါသည်ဘုရားသခင်ကိုမကြောက်ရွံ့၊ လူကိုအားမနာတတ်သောသူဖြစ်သော်လည်း ဤမုဆိုးမသည်ငါ့ကိုနှောင့်ယှက်သောကြောင့် သူ့ဘက်၌ငါတရားစီရင်မည်။ သို့မဟုတ် အစဉ်လာ၍ ငါ့ကိုပင်ပန်းစေလိမ့်မည်" ဟုဆိုလေ၏။ တရားသူကြီးသည် မိမိ၏ဂုဏ်အသရေကိုမထိခိုက်စေရန်လည်းကောင်း၊ တစ်ဖက်သတ်တရားစီရင်တတ်ခြင်းကို လူအများမသိကြစေရန်လည်းကောင်း ဇွဲလုံးလကောင်းသောမုဆိုးမ၏ဘက်မှတရားစီရင်လေ၏။

"မတရားသောတရားသူကြီး၏ အကြံကိုမှတ်ကြလော့။ ဘုရားသခင်ရွေးကောက်တော်မူသောသူတို့သည် ညဉ့်နေ့မပြတ်အော်ဟစ်၍တောင်းလျှောက်လျှင် ဘုရားသခင်သည် သူတို့ဘက်၌တရားမစီရင်ဘဲနေတော်မူမည်လော။ ကြာမြင့်စွာသည်းခံတော်မူမည်လော။ ငါဆိုသည်ကားသူ့ဘက်၌ အလျင်အမြန်တရားစီရင်တော်မူမည်" ဤနေရာ၌

ခရစ်တော်သည်ဘုရားသခင်နှင့်မတရားသောတရားသူကြီး၏ပြတ်သား စွာခြားနားပုံကိုဖေါ်ညွှန်းတော်မူခြင်းဖြစ်ပါသည်။ တရားသူကြီးသည် မုဆိုးမပူဆာနေသည်ကိုအလျှော့မပေးခဲ့ခြင်းမှာ ကိုယ်ကျိုးအတွက်ဖြစ် ပါသည်။ မုဆိုးမအပေါ် ကရုဏာထား၍မဟုတ်၊ သူမ၏စိတ်ဒုက္ခသည် သူ့အတွက်အမှုမထားလောက်ပါ။ သို့သော် ဘုရားသခင်ကိုရှာသော သူများအတွက် ဘုရားသခင်၏စိတ်သဘောထားမှာ အဘယ်မျှကွာခြား ပါသနည်း။ ဆင်းရဲနွမ်းပါးသောသူများနှင့် စိတ်ဒုက္ခရောက်သောသူတို့၏ အသနားခံသံများကို ဘုရားသခင်သည် ချစ်သနားကြင်နာမှုဖြင့် အရေးယူတော်မူ၏။

တရားသူကြီးအား တရားမျှတစွာစီရင်ရန် အသနားခံနေသော အမျိုးသမီး၏ခင်ပွန်းသေဆုံးသွားခဲ့ပါသည်။ ထို့ကြောင့် သူသည် ဆင်းရဲနွမ်းပါး၍ သူငယ်ချင်းမိတ်ဆွေကင်းမဲ့သဖြင့် ပျက်စီးဆုံးပါး ခဲ့သောဥစ္စာပစ္စည်းများကို ပြန်လည်သိမ်းပိုက်နိုင်ရန် နည်းလမ်းမရှိခဲ့ပါ။ ထိုနည်းအတူလူသားသည်လည်း အပြစ်ကြောင့် ဘုရားသခင်နှင့် အဆက်ပြတ်ခဲ့ပါသည်။ မိမိကိုယ်တိုင်အားဖြင့် ကယ်တင်ခြင်းရရှိရန် နည်းလမ်းမရှိပါ။ သို့သော် ခရစ်တော်သည် ကျွန်ုပ်တို့အား ခမည်းတော် ၏အနီးသို့ခေါ်ဆောင်ခဲ့တော်မူ၏။ ဘုရားသခင်သည် မိမိရွေးကောက် တော်မူသောသူတို့အား မြတ်နိုးတော်မူ၏။ ထိုသူတို့သည် ကိုယ်တော်၏ ဂုဏ်တော်ကိုချီးမွမ်းထောမနာပြုရန်နှင့် လောကမှောင်မိုက်၌ရှိသော သူများအား အလင်းတရားဝေငှရန်အတွက် အမှောင်တါင်းမှအံ့သြဖွယ် သောအလင်းတော်တွင်းသို့ခေါ်တော်မူခြင်းကို ခံရသောသူများဖြစ်ကြ ၏။ မဖြောင့်မမှန်သောတရားသူကြီးသည် လွတ်မြောက်ခြင်းအတွက် မရမနေအသနားခံနေသော မုဆိုးမအပေါ် ထူးခြားသည့်စိတ်ပါဝင်စားမှု မရှိသော်လည်း သနားဖွယ်ရာ လျှောက်လဲနေခြင်းများကိုမတွေ့မကြား

လိုတော့သည့်အတွက် အသနားခံချက်အတိုင်း၊ ရန်လိုသူလက်မှလွှတ်မြောက်ခွင့်ပေးလိုက်ပါသည်။ သို့ရာတွင် ဘုရားသခင်သည် ယင်းသို့မဟုတ်၊ မိမိ၏သားသမီးများအားအဆုံးမရှိသော ချစ်ခြင်းဖြင့် ချစ်မြတ်နိုးတော်မူ၏။ ကိုယ်တော်အတွက် အမြတ်နိုးဆုံးသောအရာမှာ ဤကမ္ဘာမြေကြီးပေါ်တွင်ရှိသော ကိုယ်တော်၏အသင်းတော်ပင်ဖြစ်ပါသည်။

"ထာဝရဘုရား၏အဖို့ကား လူမျိုးတော်တည်း။ ယာကုပ်အမျိုးသည် အမွေခံတော်မူရာဖြစ်သတည်း။ လူဆိတ်ညံသောအရပ်၊ သားရဲမြည်၍၊ လွတ်လပ်သောတောလွင်ပြင်၌ ယာကုပ်ကိုတွေ့တော်မူသောအခါ ဝန်းရံဆီးကာခြင်း၊ သွန်သင်ခြင်းကျေးဇူးကိုပြု၍ မျက်ဆံတော်ကဲ့သို့စောင့်တော်မူ၏။" တရား၊ ၃၂း၉၊၁၀။ "ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့ကိုဖျက်ဆီးသောလူမျိုးတို့ရှိရာသို့ ဘုန်းထင်ရှားပြီးမှ ငါ့ကိုစေလွှတ်တော်မူ၏။ သင်တို့ကိုထိသောသူသည် မျက်ဆံတော်ကိုထိသောသူဖြစ်၏။" ဇာခရိ ၂း၈။

"ကျွန်မရန်ဘက်ကိုလက်စားချေလောက်အောင်" ခေတ်မီကျမ်းစာအရ "ကျွန်မရန်ဘက်ကိုတရားမျှတလောက်အောင်" စီရင်ဆုံးဖြတ်ပေးပါဟု မုဆိုးမက ပန်ကြားနေသည်မှာ ဘုရားခသင်၏သားသမီးများတောင်းလျှောက်သည့်ဆုများကို ပုံဆောင်ထားပါသည်။ စာတန်သည် သူတို့၏အတိုက်အခံရန်သူကြီးဖြစ်ပါသည်။ သူသည် "ငါတို့ညီအစ်ကိုများကို ငါတို့ဘုရားသခင်ရှေ့တော်၌ နေ့ညမပြတ်အပြစ်တင်သောရန်သူ" ဖြစ်၏။ (ဗျာ ၁၂း၁၀)။ စာတန်သည် ဘုရားသခင်၏လူမျိုးကိုအလွဲဖေါ်ပြ၍ ပြစ်တင်စွပ်စွဲရန်နှင့် လိမ်လည်လှည့်ဖြားပြီး ဖျက်ဆီးရန်အမြဲတစေ ကြံစည်ဆောင်ရွက်နေပါသည်။ ထိုကြောင့် စာတန်နှင့်သူ၏ဘက်တော်သားများ၏တန်ခိုးစွမ်းအားမှ လွတ်မြောက်ရန် ကိုယ်တော်

သည်တပည့်တော်များအား ဆုတောင်းကြဖို့အရေး ဥပမာပုံဆောင်၍ ဩဝါဒပေးတော်မူ၏။

စာတန်၏အပြစ်တင်စွပ်စွဲပုံနှင့် ခရစ်တော်က မိမိလူမျိုး၏ရန်သူအား ကိုယ်တိုင်ခုခံတိုက်ဖျက်ပုံများကို ပုရောဖက်ဇာခရိ၏အနာဂတ္တိကျမ်းတွင်သရုပ်ဖော်ထားပါသည်။ "ယဇ်ပုရောဟိတ်မင်းယောရှုသည် ထာဝရဘုရား၏ကောင်းကင်တမန်ရှေ့၌ရပ်နေသည်ကိုလည်းကောင်း စာတန်သည်ရန်ဘက်ပြု၍ သူ၏လက်ယာဘက်၌ရပ်နေသည်ကိုလည်းကောင်းငါ့အားပြတော်မူ၏။ ထာဝရဘုရား၏ကောင်းကင်တမန်ကလည်းအိုစာတန်၊ ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူပါစေသော။ ယေရုရှလင်မြို့ကိုရွေးချယ်ပြီးသောထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူပါစေသော၊ ဤသူသည် မီးထဲကနုတ်သောထင်းစဖြစ်သည်မဟုတ်လောဟုစာတန်အားဆို၏။ ယောရှုသည် ညစ်ညူးသောအဝတ်ကိုဝတ်လျက်ကောင်းကင်တမန်ရှေ့မှာရပ်နေ၏။" ဇာခရိ ၃း၁-၃။

ဤနေရာ၌ဘုရားသခင်၏ လူမျိုးသည် စစ်ဆေးခြင်းခံနေရသည့်ရာဇဝတ်သားများအဖြစ်ပုံဆောင်ထားပါသည်။ ယဇ်ပုရောဟိတ်မင်းယောရှုသည်ကြီးစွာသောစိတ်ဒုက္ခရောက်နေသောသူ့လူမျိုးအတွက် သုခချမ်းသာရှာဖွေနေပါသည်။ သူသည် ဘုရားသခင်၏ရှေ့တော်၌ရပ်လျက်အသနားခံနေစဉ်စာတန်သည် သူ၏လက်ယာဘက်တွင်ရန်ဘက်ပြု၍ရပ်နေပါသည်။ ဘုရားသခင်၏သားသမီးများအား အပြစ်တင်၍ သူတို့၏အမှုကိုမျှော်လင့်ချက်မရှိပုံပေါက်အောင် လျှောက်လဲနေပါသည်။ သူတို့၏မကောင်းမှုအပြစ်များနှင့်ချွတ်ယွင်းချက်များကို ထာဝရဘုရား၏ရှေ့တော်သို့တင်ဆက်နေပါသည်။ သူတို့၏မှားယွင်းမှုများနှင့်ဆုံးရှုံးမှုများကိုထောက်ပြလျက် သူတို့၏အခြေအနေကိုပုံကြီးချဲ့ခြင်းဖြင့် များစွာသောအကူအညီကို သူတို့လိုအပ်နေချိန်တွင်ခရစ်တော်

က သူတို့ကိုအကူအညီမပေးနိုင်လောက်အောင် အခြေအနေဆိုးရွားပုံပေါက်လိမ့်မည်ဟု စာတန်မျှော်လင့်၏။ ဘုရားသခင်၏လူမျိုးကိုပုံဆောင်သောယောရှုသည် ညစ်ညူးသောအဝတ်ကိုဝတ်လျက် ပြစ်တင်စွပ်စွဲခြင်းကိုခံ၍နေရပါသည်။ သူ့လူမျိုး၏အပြစ်များကြောင့် စိတ်ပျက်အားလျော့ခြင်း၏ဖိနှိပ်မှုကိုခံစားနေရ၏။ စာတန်ကလည်း သူ့အပြစ်များကြောင့် မျှော်လင့်ချက်မရှိသည့် အခြေအနေသို့ဆိုက်ရောက်အောင် တွန်းအားပေးနေ၏။ သို့သော် တစ်ဖက်တွင်စာတန်က အခင်းအကျင်းဖြင့်ဖိနှိပ်လျက်ရှိနေသော်လည်း ယောရှုသည် အသနားခံသူအဖြစ် ရပ်မြဲရပ်လျက်နေ၏။

စာတန်သည် ပြစ်တင်စွပ်စွဲသူအဖြစ် ကောင်းကင်တါဝစတင်ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာပေါ်၌လည်း လူသားကျဆုံးချိန်ကတည်းက

သူ၏လုပ်ငန်းတစ်ရပ်ဖြစ်လာခဲ့ရာ ဤကမ္ဘာကြီးကုန်ဆုံးချိန်ရောက်လုနီးလေ သူ၏လုပ်ငန်းကိုလည်းထူးခြားစွာအာရုံစိုက်၍ ဆောင်ရွက်လေဖြစ်လိမ့်မည်။ သူ၏အချိန်တိုတောင်းသည်ကို သူသိသည်နှင့်အမျှ သူ၏လိမ်လည်လှည့်ဖြားခြင်းနှင့်ဖျက်ဆီးခြင်းလုပ်ငန်းကိုပိုမိုကြီးမားသောဇွဲလုံ့လဖြင့် ဆောင်ရွက်လိမ့်မည်။ အားနည်း၍ အပြစ်နှင့်ပြည့်ဝလျက်ပင်ရှိစေကာမူ ယေဟောဝါအရှင်၏ပညတ်တော်ကိုလိုက်နာသည့်လူမျိုးတစ်စုဤလောကတွင် သူတွေ့မြင်ရပါက ဒေါသအမျက်ထွက်၏။ ယင်းလူမျိုးအနေဖြင့် ဘုရားသခင်၏ပညတ်တော်တို့ကိုမလိုက်နာအောင်ပြုလုပ်ရမည်မှာ သူ၏ချမှတ်ချက်ဖြစ်၏။ ထိုသူတို့အနေဖြင့်မထိုက်မတန်သောလူမျိုးဖြစ်အောင် ပြုလုပ်ဖို့ကိုသူနှစ်သက်၏။ ဝမ်းမြောက်၏။ ၎င်းအပြင် လူတိုင်းသည် ဘုရားသခင်နှင့်ကင်းကွာ၍ သူ၏ကျော့ကွင်းတွင်မိနေအောင် ပြင်ဆင်ထားသည့်အကြံအစည်များလူတိုင်းအတွက်ရှိ၏။ ဘုရားသခင်ကိုလည်းကောင်း ၊ ချစ်စိတ်ကိုရှေ့ထား၍ ကြင်နာခြင်းနှင့်အပြစ်ဖြေလွှတ်ခြင်းဖြင့် ဘုရားသခင်၏အမှုတော်ကို ဤလောကတွင်ကြိုးစားဆောင်ရွက်သူတိုင်းအားလည်းကောင်း စာတန်သည်ပြစ်တင်စွပ်စွဲ၏။

ဘုရားသခင်သည် မိမိလူမျိုးအတွက် တန်ခိုးတော်ကိုပြတိုင်း စာတန်၏ရန်ငြိုးဖွဲ့ခြင်းတက်ကြွ၏။ သူတို့၏အမှုတော်အတွက် ဘုရားသခင်ဆောင်ရွက်တော်မူတိုင်း စာတန်နှင့်သူ၏ တမန်များသည်သူတို့ပျက်စီးရာပျက်စီးကြောင်းကို အသစ်သောအင်းအားဖြင့်လှုပ်ရှားကြ၏။ ခရစ်တော်၌ အင်အားခံယူသူတိုင်းကိုမနာလို။ သူ၏ရည်မှန်းချက်မှာမကောင်းမှုကိုလှုံ့ဆော်ပေးရန်ဖြစ်၍ အောင်မြင်ပါက စုံစမ်းခြင်းခံရသူတိုင်းအပေါ်သို့ အပြစ်ဖို့၏။ သူတို့၏ညစ်ညူးသောအဝတ်များတည်းဟူသောအကျင့်စာရိတ္တ ချို့တဲ့မှုများကို လက်ညှိုးထိုး၍ပြ၏။ သူတို့၏

အားနည်းချက်နှင့်မိုက်ပြစ်များကိုလည်းကောင်း၊ သူတို့၏ကျေးဇူးမသိတတ်သောအပြစ်များကိုလည်းကောင်း၊ သူတို့ရွေးနုတ်ရှင်၏ဂုဏ်တော်ကိုထိခိုက်စေသည့်ခရစ်ယာန်မပီသမှုများကိုလည်းကောင်း သူတင်ဆက်၏။ သူတို့ပျက်စီးခြင်းအတွက် သူ့အနေဖြင့်လုပ်ပိုင်ခွင့်ရှိကြောင်း၊ ယင်းအချက်အလက်များကိုသက်သေထူ၍ သူ၏လှျောက်လဲချက်များကိုတွန်းအားပေး၏။ သူတို့၏အမှုတော်သည် မျှော်လင့်ချက်မရှိသည်သာမက သူတို့၏ညစ်ညူးခြင်းအစွန်းအကွက်သည်လည်း ဆေးကြောသုတ်သင်၍မရနိုင်တော့သည့်ပုံပေါက်အောင်သူဖန်တီး၍ သူတို့အားထိတ်လန့်ချောက်ချားစေ၏။ ယင်းနည်းဖြင့် လူတို့သည် သူ၏သွေးဆောင်ဖြားယောင်းမှုကို လုံးလုံးလိုက်နာရန် သူတို့၏ယုံကြည်မှုကိုဖျက်ဆီးခြင်းဖြင့်သူတို့သည်ဖောက်ပြန်ပျက်စီးကြလိမ့်မည်ဟု စာတန်မျှော်မှန်း၏။

ဘုရားသခင်၏လူတို့သည် စာတန်၏စွပ်စွဲချက်များကို သူတို့ကိုယ်တိုင်မချေပနိုင်ကြပါ။ သူတို့သည် ကိုယ်ကိုကိုယ်ကြည့်ရှုစစ်ဆေးကြသောအခါ မြော်မြင်ရာကင်းမဲ့ကြ၏။ သို့သော် သူတို့သည် မြင့်မြတ်တော်မူသောအကျိုးတော်ဆောင်ရှေ့နေကြီးထံသို့ အသနားခံကြ၏။ ရွေးနုတ်ရှင်၏ကောင်းမှုကုသိုလ်တော်များကို သူတို့တောင်းလျှောက်ကြ၏။ ဘုရားသခင်သည် "ဖြောင့်မတ်ခြင်းတရားတော်ကိုထင်ရှားစေ၍ယေရှုကိုယုံကြည်သောသူတို့၏အပြစ်ကိုလွှတ်" တော်မူ၏။ ရောမ၊ ၃း၂၆။ ဘုရားသခင်၏သားသမီးတို့သည် ယုံကြည်ကိုးစားသောစိတ်ဖြင့် စာတန်၏စွပ်စွဲချက်များကိုရပ်စဲစေလျက် သူ၏ဥာဏ်ဆင်ချက်များကိုအချည်းနှီးဖြစ်စေရန် ကိုယ်တော်ထံတော်သို့ သူတို့အသံလွှင့်ကြ၏။ "ကျွန်မ၏ရန်ဘက်ကို တရားမျှတလောက်အောင် အပြစ်အလျောက်ဒဏ်စီရင်ပါ" ဟု မုဆိုးအသနားခံသကဲ့သို့ သူတို့ဆုတောင်းကြရာခရစ်တော်သည် မိမိ၏တန်ခိုးကြီးသော လက်ဝါးကပ်တိုင်ကို

အကြောင်းပြုလျက် ရဲတင်းစွာအပြစ်တင်ဝံ့သောသူ၏အသံကို တိတ်ဆိတ်စေတော်မူ၏။

"ထာဝရဘုရား၏ကောင်းကင်တမန်ကလည်း၊ အိုစာတန်၊ ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူပါစေသော။ ယေရုရှလင်မြို့ကို ရွေးချယ်ပြီးသောထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူပါစေသော။ ဤသူသည် မီးထဲကထုတ်သောထင်းစဖြစ်သည်မဟုတ်လောဟု စာတန်အားဆို၏။" စာတန်သည်ဘုရားသခင်၏လူများအား အမိုက်မှောင်ဖြင့် ဖုံးအုပ်ပြီး ဖျက်ရန်ကြံစည်သောအခါ ခရစ်တော်သည် ကြားဝင်၍ ဖျန်ဖြေတော်မူ၏။ သူတို့သည် မကောင်းမှုအပြစ်များကိုပြုမိကြသော်လည်းခရစ်တော်သည် သူတို့ပြုမိသောအပြစ်များအတွက် ပြစ်ဒဏ်ကို ကိုယ်တိုင်ခံတော်မူ၏။ ကိုယ်တော်သည် ယင်းအမျိုးအနွယ်ကိုမီးလျှံထဲကနုတ်ယူသောထင်းစကဲ့သို့အရဆွဲယူတော်မူ၏။ ခရစ်တော်သည် လူ့ဇာတိဖြင့်လူသားနှင့်ဆက်နွယ်နေသည့် တစ်ချိန်တည်းမှာပင် ဘုရားသခင်ဇာတိဖြင့် အဆုံးမရှိသောဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်တော်မူ၏။ ထိုကြောင့် ပျက်စီးလုဆဲဖြစ်သောအသက်ဝိညာဉ်များဆီသို့ အကူအညီရောက်လာပြီးလျှင် ရန်ဘက်ဖြစ်သူကို ဆုံးမတော်မူ၏။

"ယောရှုသည် ညစ်ညူးသောအဝတ်ကိုဝတ်လျက် ကောင်းကင်တမန်ရှေ့မှာရပ်နေသည်ဖြစ်၍ ကောင်းကင်တမန်က ညစ်ညူးသောအဝတ်ကိုချွတ်ပယ်ကြလော့ဟု မိမိရှေ့မှာရပ်နေသောအခြားသူတို့အား ဆို၏။ ယောရှုအားလည်း သင့်အပြစ်ကိုငါဖြေရှင်းပြီ။ တင့်တယ်သောအဝတ်ကိုဝတ်ဆင်ပေးမည်ဟုဆို၏။ ငါကလည်းစင်ကြယ်သောပေါင်းကိုသူ၏ခေါင်းပေါ်မှာတင်ကြစေဟုဆိုသည်အတိုင်းစင်ကြယ်သောပေါင်းကိုသူ၏ခေါင်းပေါ်မှာ တင်၍ အဝတ်ကိုဝတ်စေကြ၏။" ထိုနောက်

ထာဝရဘုရား၏ကောင်းကင်တမန်သည် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏အမိန့်အာဏာတော်ဖြင့် ဘုရားသခင်၏လူမျိုးများကိုယ်စားလှယ်ဖြစ်သောယောရှုအား လေးနက်သောကတိသစ္စာတော်ကိုဆင့်ဆိုသည်မှာ "သင်သည် ငါ့လမ်းသို့လိုက်၍ ငါ့ပညတ်တရားကိုစောင့်ရှောက်လျှင် ငါ၏အိမ်ကိုစီရင်ရသောအခွင့်၊ ငါ့တံတိုင်းတို့ကိုစောင့်ရသောအခွင့်ရှိလိမ့်မည်။ ရှေ့တော်၌ရပ်နေသောသူအချို့တို့ကိုသင့်အားလမ်းပြရသောသူဖြစ်မည်အကြောင်း ငါခန့်ထားမည်။" ဘုရားသခင်၏ပလ္လင်တော်ကိုဝန်းရံလျက်ရှိသော ကောင်းကင်တမန်များကိုပင်လမ်းပြရသောသူဖြစ်လိမ့်မည်။ ဇာခရိ ၃း၃-၇။

ဘုရားသခင်၏လူမျိုးတွင် အမှားအယွင်းများရှိမည်ဖြစ်သော်လည်းခရစ်တော်သည် အုပ်ထိန်းစောင့်ရှောက်တော်မမူဘဲနေတော်မူမည်မဟုတ်ပါ။ သူတို့၏အဝတ်ကိုလဲလှယ်ပေးရန် တန်ခိုးအာဏာရှိတော်မူ၏။ ညစ်ညူးသောအဝတ်တို့ကိုချွတ်ပြီးလျှင် ယုံကြည်၍နောင်တရသောသူအား ကိုယ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကိုဝတ်ဆင်ပေးတော်မူမည်။ ကောင်းကင်မှတ်တမ်းတွင်လည်း သူတို့၏အပြစ်များကို ဖြေလွှတ်ပြီးကြောင်းရေးမှတ်ထားတော်မူလိမ့်မည်။ သူတို့အား ကိုယ်တော်ပိုင်ဆိုင်တော်မူသည်နှင့်အညီ ကောင်းကင်ဗိုလ်ခြေတို့၏ရှေ့မှောက်တွင်သူတို့အတွက်အာမခံတော်မူ၏။ ထိုအခါ သူတို့၏ရန်ဘက်စာတန်သည်ယိုးစွပ်သောသူ၊ လိမ်လည်လှည့်ဖြားသောသူဖြစ်ကြောင်း ထင်ရှားလေ၏။ ဘုရားသခင်ရွေးကောက်တော်မူသောသူတို့အဖို့ဖြောင့်မှန်စွာစီရင်တော်မူ၏။

"ကျွန်မရန်ဘက်ကိုတရားမျှတလောက်အောင်အပြစ် အလျှောက်တရားစီရင်ပါ" ဟူသောတောင်းလျှောက်သံသည် စာတန်နှင့်သာသက်ဆိုင်သည်မဟုတ်ပါ။ သူကိုယ်တိုင် အားပေးအားမြှောက်ပြုထား

သည့် သူ၏ကိုယ်စားလှယ်များတည်းဟူသော လိမ်လည်လှည့်ဖြားသူများ၊ သွေးဆောင်ဖြားယောင်းသူများနှင့် ဘုရားသခင်၏လူများကို ဖျက်ဆီးသူအားလုံးနှင့်လည်း သက်ဆိုင်ပါသည်။ ဘုရားသခင်၏ပညတ်တော်တို့ကိုလိုက်နာစောင့်ရှောက်ရမည်ဟု စိတ်ဆုံးဖြတ်ပြီးသောသူတို့သည် အောက်အရပ်မှအာဏာပိုင်တစ်ဦးက ကြိုးကိုင်ထားသည့်ရန်ဘက်များရှိကြောင်း ကိုယ်တိုင်အတွေ့အကြုံများအားဖြင့် သိနားလည်ကြပါလိမ့်မည်။ ယင်းရန်ဘက်များသည် အဆက်မပြတ်စွဲမြဲစွာဖြင့်လည်းကောင်း၊ ပြင်းထန်သောစိတ်ဆုံးဖြတ်ချက်ဖြင့်လည်းကောင်း ခရစ်တော်၏ခြေလှမ်းတိုင်းကို ပိတ်ဆို့ကာဆီးထားကြသည်မှာ မည်သည့်လူသားမျှနားမလည်နိုင်လောက်အောင်ပင်ဖြစ်ပါသည်။ ခရစ်တော်၏တပည့်နောက်လိုက်များသည်လည်း ကိုယ်တော်ကဲ့သို့ပင်သွေးဆောင်ဖြားယောင်းမှုမျိုးစုံကသူတို့နောက်မှ အဆက်မပြတ်လိုက်နေပါသည်။

ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူရန် နီးကပ်လာသောအခါကမ္ဘာပေါ်တွင်ဖြစ်ပျက်မည့်အခြေအနေများကို ကျမ်းစာတွင်သရုပ်ဖော်ထားပါသည်။ တမန်တော်ယာကုပ်က လောဘကြီးခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းစိုးမိုးလိမ့်မည်ဖြစ်ကြောင်း မြင်ကွင်းဖော်ပြထားသည်မှာ၊ "အချင်းသူဌေးသူကြွယ်တို့၊ ယခုလာကြ၊ . . . နောက်ဆုံးသောနေ့ရက်ကာလအဖို့ ဘဏ္ဍာကိုဆည်းပူးကြပြီတကား၊ နားထောင်ကြ၊ သင်တို့လယ်ကွက်၌ရိတ်သောသူတို့ကိုလှည့်စား၍ အခမပေးဘဲနေသောကြောင့် ထိုအခသည်ကြွေးကြော်လေ၏။ ရိတ်သောသူတို့၏ အော်ဟစ်ခြင်းအသံသည်လည်း ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၏နားတော်ထဲသို့ ဝင်လေပြီ။ သင်တို့သည်မြေကြီးပေါ်မှာ စည်းစိမ်ခံစား၍အလွန်ပျော်မွေ့ကြပြီ။ သတ်ရသောနေ့၌ကဲ့သို့ မိမိတို့နှလုံးကိုမွေးမြူကြပြီ။ ဖြောင့်မတ်သောသူကို အပြစ်စီရင်၍ကွပ်မျက်ကြပြီ။ သူသည်လည်း သင်တို့ကို

မဆီးတား။” ယာကုပ် ၅း၁-၆။ ဤမြင်ကွင်းကိုယနေ့တွေ့မြင်နေရပါသည်။ နှိပ်စက်ညှဉ်းပန်းခြင်းမျိုးစုံဖြင့်လည်းကောင်း၊ မတရားသောနည်းပေါင်းစုံဖြင့်လည်းကောင်း လူတို့သည် ဥစ္စာမြောက်မြားစွာကိုစုပုံသိုသိပ်နေကြရာ တစ်ဖက်တွင်ငတ်မွတ်နေသောလူသားတို့၏အသံများသည် ဘုရားသခင်အထံတော်သို့တက်လေပြီ။

“ဖြောင့်မတ်စွာစီရင်ခြင်းသည် ဆုတ်သွားပြီ။ တရားသည် အဝေးကရပ်၍နေ၏။ သစ္စာသည်လမ်း၌လဲပြီ။ ဖြောင့်မတ်သောသဘောမဝင်နိုင်ရာ။ သစ္စာသည်ပျက်ခဲ့ပြီ။ မကောင်းမှုကိုရှောင်သောသူသည် လုယူခြင်းကိုခံရ၏။” ဟေရှာ ၅၉း၁၄-၁၅။ ယင်းပုံစံအတိုင်း ခရစ်တော်ဤလောကတွင်သက်တော်ထင်ရှားရှိတော်မူစဉ်က ကိုယ်တော်တိုင်ကြုံတွေ့ခဲ့ရပါသည်။ လူတို့ဦးစားပေးနေသောရိုးရာထုံးစံဓလေ့များနှင့်ပညတ်တော်ကို အစားထိုးထားသည့် နည်းဥပဒေသများကိုမလိုက်နာဘဲ ကိုယ်တော်သည် ဘုရားသခင်၏ပညတ်တော်များကို သစ္စာတည်မြဲစွာဖြင့်လိုက်နာစောင့်ရှောက်တော်မူခဲ့ပါသည်။ ယင်းအကြောင်းများကြောင့် ကိုယ်တော်အားရန်ငြိုးဖွဲ့၍ဖိနှိပ်ကြ၏။ ဤရာဇဝင်ထပ်ပြန်လေပြီ။ ထိုစဉ်က လူတို့၏နည်းဥပဒေသများနှင့် ရိုးရာထုံးတမ်းများကို ဘုရားသခင်၏ပညတ်တော်များထက်ဦးစားပေးသဖြင့် ဘုရားသခင်၏ပညတ်တော်တို့ကိုစောင့်သိရိုသေသောသူတို့သည် နှိပ်စက်ညှဉ်းပန်းခြင်းနှင့်ပြစ်တင်ရှုတ်ချခြင်းကိုခံရကြ၏။ ခရစ်တော်သည်ဘုရားသခင်၏အပေါ်သစ္စာစောင့်သိရိုသေတော်မူသောကြောင့် ဥပုသ်နေ့ကိုချိုးဖေါက်သောသူဟူ၍လည်းကောင်း၊ ဘုရားသခင်ကိုမထီမဲ့မြင်ပြုသူဟူ၍လည်းကောင်း စွပ်စွဲခြင်းကိုခံရ၏။ နတ်ဆိုးစွဲသောသူဖြစ်သည်ဟု ကြေညာခြင်းကိုပင်ခံရ၏။ ဗေလဇေဗုလဖြစ်သည်ဟူ၍လည်း အတိအလင်းစွပ်စွဲကြ၏။ ထိုနည်းအတူ ကိုယ်တော်၏တပည့်တော်များသည်လည်း မဟုတ်မမှန်

စွပ်စွဲပြောဆိုခြင်းများကိုခံရကြ၏။ စာတန်သည် ယင်းနည်းများအတိုင်း သူတို့အား အပြစ်မကောင်းမှုပြုရန်ဆွဲဆောင်၍ ဘုရားသခင်၏ ဂုဏ်တော်ကိုရှုတ်ချ၏။

ဥပမာတွင်ဖေါ်ပြထားသည့် ဘုရားသခင်ကိုမကြောက်ရွံ့၊ လူကို အားမနာတတ်သောတရားသူကြီး၏အကျင့်စာရိတ္တသည် ထိုအချိန်မှာ တရားသူကြီးများ တရားစီရင်ပုံကို ခရစ်တော်ရည်ညွှန်းတော်မူခြင်းဖြစ်၏။ မကြာမီအလားတူ တရားသူကြီးများကပင် ကိုယ်တော်အား ယင်းနည်းအတိုင်း တရားစီရင်တော့မည်ကို ပုံဆောင်ထားခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် မိမိလူတို့အား မည်သည့်ခေတ်ကာလတွင် မဆိုဆင်းရဲဒုက္ခရောက်သောအခါ လောကတရားသူကြီးများနှင့်အုပ်စိုးသူများကို အားကိုးအားထားပြုခြင်းမှာ မလုံလောက်ကြောင်း သဘောပေါက်စေလိုတော်မူ၏။ ဘုရားသခင်ရွေးကောက်တော်မူသောသူတို့သည် ဘုရားသခင်၏ နှုတ်ကပါဌ်တရားတော်ကိုလမ်းညွှန်အဖြစ် အသုံးမပြုဘဲ စနစ်မရှိနည်းမကျသည့် ကိုယ့်စိတ်အလိုဖြင့် ဆုံးဖြတ်တတ်သောရုံးလူကြီးများနှင့်မကြာခဏရင်ဆိုင်ရကြပေလိမ့်မည်။

မဖြောင့်မတ်သောတရားသူကြီး၏ဥပမာတွင် ကျွန်ုပ်တို့အနေဖြင့်မည်သို့လိုက်လျှောက်သင့်ကြောင်းခရစ်တော်ဩဝါဒပေးတော်မူခြင်းဖြစ်ပါသည်။ "ဘုရားသခင်ရွေးကောက်တော်မူသောသူတို့သည် ညဥ့်နေ့မပြတ်အော်ဟစ်၍ တောင်းလျှောက်လျှင် ဘုရားသခင်သည် သူတို့ဘက်၌တရားမစီရင်ဘဲနေတော်မူမည်လော။" ကျွန်ုပ်တို့၏ပုံသက်သေဖြစ်တော်မူသောခရစ်တော်သည် ကိုယ်ကိုကိုယ်အပြစ်မရှိကြောင်းချေပခြင်း (သို့မဟုတ်) ကိုယ်ကိုကိုယ် လွတ်မြောက်အောင်ဆောင်ရွက်ခြင်းများ မည်သို့မျှမပြုမလုပ်ခဲ့ပါ။ ထိုနည်းတူခရစ်တော်၏ နောက်လိုက်များသည်

လည်း မိမိတို့၏လွတ်မြောက်ရေးအတွက် စွပ်စွဲခြင်း၊ ပြစ်တင်ခြင်းနှင့် အင်အားသုံးခြင်းများကို ရှောင်သင့်ပါသည်။

စုံစမ်းစစ်ဆေးခြင်းခံရသောအခါ မည်သည့်အကြောင်းကြောင့် ဖြစ်ကြောင်း မသိနားမလည်နိုင်သော်လည်း ကျွန်ုပ်တို့၏ငြိမ်သက်ခြင်းကိုမပျက်စီးစေသင့်ပါ။ မည်သို့သောမတရားမှုကိုပင် ခံရသည်ဖြစ်စေ အမျက်ဒေါသမဖြစ်ပါစေနှင့်။ လက်စားချေလိုသောစိတ်သည် ကိုယ်ကိုကိုယ်နစ်နာစေ၏။ ဘုရားသခင်၌ယုံကြည်ကိုးစားခြင်းကို ဖျက်ဆီး၍ သန့်ရှင်းသောဝိညာဉ်တော်အား စိတ်မကြည်မသာ ဖြစ်စေပါသည်။ ကျွန်ုပ်တို့၏ဘေးတွင် ကောင်းကင်တမန်သက်သေခံတစ်ဦးသည် ကျွန်ုပ်တို့အတွက် ရန်သူ၏တစ်ဖက်မှအောင်လံတော်ကိုလွှင့်ထူထားပေလိမ့်မည်။ သူသည် ကျွန်ုပ်တို့အတွက် တရားတော်နေမင်း၏ထွန်းတောက်သောရောင်ခြည်တော်ဖြင့် ဝန်းရံထားလိမ့်မည်။ ယင်းစည်းရိုးကို စာတန်မထိုးဖေါက်နိုင်။ ဤသန့်ရှင်းသောရောင်ခြည်တော်ဒိုင်းလွှားကိုသူသည် မကျော်မလွန်နိုင်။

ဤကမ္ဘာလောကကြီးပေါ်တွင် ဆိုးသွမ်းမှုများအဆင့်ဆင့်တိုးပွားနေချိန်၌ ကျွန်ုပ်တို့သည် ခက်ခဲမှုမျိုးစုံနှင့် ရင်ဆိုင်ရလိမ့်မည်မဟုတ်ပါဟု ကိုယ်ကိုကိုယ်အထင်ရောက်မနေသင့်ပါ။ ဤခက်ခဲမှုမျိုးစုံကြောင့်သာလျှင် ကျွန်ုပ်တို့သည် အမြင့်ဆုံးသောဘုရားသခင်၏ရှေ့တော်သို့ ဝင်ရောက်ရကြမည်ဖြစ်၍ ဘုရားသခင်ထံမှ အကြံဉာဏ်တောင်းလျှောက်ရယူနိုင်ပါသည်။

"အမှုရောက်သည်ကာလ၌ ငါ့ကိုဆုတောင်းလော့" ဟုထာဝရဘုရားသခင်မိန့်တော်မူ၏။ ဆာလံ ၅၀း၁၅။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကူညီစောင့်ရှောက်မှုကို လိုအပ်လျှင်လည်းကောင်း၊ ရှုပ်ထွေးမှုများနှင့် ရင်ဆိုင်ရလျှင်လည်းကောင်း၊ အမှန်တကယ်အရေးကြုံလျှင်

အားဖြင့်ဖြစ်ကြ၏။ ယုံကြည်ခြင်းကြောင့် အသေသတ်ခြင်းခံရကြသည့် မာတုရသက်သေခံများ၏အစီရင်ခံချက်များကိုတင်ပြချိန်ရောက်သော အခါ "မယုံကြည်သူတို့၏စစ်သူရဲများကို ဖျက်ဆီးခြင်း" ဆိုသည်မှာ မည်သို့အနက်ရှိသည်ကို ကျွန်ုပ်တို့သိရကြလိမ့်မည်။ ဟေဗြဲ ၁၁း၃၃၊၃၄။

ကျွန်ုပ်တို့၏အသက်တာများကို ကိုယ်တော်၏အမှုတော်အတွက် ဆက်ကပ်ထားပါက ဘုရားသခင်၏စီမံပြင်ဆင်ချက်နှင့်ကင်းဝေးသော အခြေအနေသို့ မည်သည့်အခါမျှ ဆိုက်ရောက်လိမ့်မည်မဟုတ်ပါ။ မည်သည့်အခြေအနေ၌ပင်ရှိနေစေကာမူ ကျွန်ုပ်တို့အား လမ်းညွှန်တော်မူသည့်အရှင်ရှိနေပါသည်။ မည်ကဲ့သို့သောရှုပ်ထွေးမှုများနှင့်ပင်ရင်ဆိုင်နေရစေကာမူ ကျွန်ုပ်တို့အားစိတ်ချရသောအကြံကိုပေးတော်မူသည့် အရှင်ရှိနေပါသည်။ မည်ကဲ့သို့သောဝမ်းနည်းခြင်း၊ စိတ်ပူပန်ခြင်း၊ ဆုံးပါးခြင်း၊ တစ်ကိုယ်တည်းဖြစ်နေခြင်းများနှင့်ပင် ရင်ဆိုင်နေရစေကာမူကျွန်ုပ်တို့အား ကိုယ်ချင်းစာတတ်သောအဆွေတော်ရှိနေပါသည်။ ကျွန်ုပ်တို့၏မသိမလိမ္မာမှုကြောင့် ခြေလှမ်းလွဲချော်သွားပါက ခရစ်တော်သည် ကျွန်ုပ်တို့အား ပစ်ထားတော်မူသည်မဟုတ်ပါ။ ကိုယ်တော်၏ ကြည်လင်ပြတ်သားတော်မူသောအသံဖြင့် "ငါသည်လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏" ဟုမိန့်တော်မူလျက်ရှိသည်ကိုလည်းကောင်း၊ ယော ၁၄း၆ "ငတ်မွတ်သောသူအော်ဟစ်သောအခါ ထိုသူကိုလည်းကောင်း၊ ကိုးကွယ်ရာမရှိ၍ဆင်းရဲသောသူကိုလည်းကောင်း ချမ်းသာပေးတော်မူလိမ့်မည်" ဟုကျွန်ုပ်တို့ကြားနေရပါသည်။ ဆာလံ ၇၂း၁၂။

ကိုယ်တော်၏အနီးသို့ချဉ်းကပ်၍ ကိုယ်တော်၏အမှုတော်ကို သစ္စာရှိစွာဖြင့်ဆောင်ရွက်သူများသည် ကိုယ်တော်၏ ဂုဏ်တော်ကိုထင်ရှားစေကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ "စိတ်နှလုံးတည်

ကြည်သောသူသည် ကိုယ်တော်၌ခိုလှုံသောကြောင့် ငြိမ်သက်ခြင်းသက်သက်ရှိမည်အကြောင်း စောင့်ရှောက်တော်မူလိမ့်မည်။” ဟေရှာ၊ ၂၆း၃။ ခပ်သိမ်းသောအရာတို့ကို တတ်နိုင်တော်မူသောအရှင်သည် လက်တော်ကိုကမ်းလှမ်း၍ ကျွန်ုပ်တို့အားရှေ့သို့ချီတက်ရန် ပို့ဆောင်တော်မူလိမ့်မည်။ ရှေ့သို့တိုး၍ချီတက်လော့။ ငါသည်သင့်ထံသို့အကူအညီဆက်၍ပို့မည်ဟု ဘုရားသခင်မိန့်တော်မူ၏။ သင်သည် ငါ၏ဘုန်းတော်ကိုထင်ရှားစေရန် တောင်းလျှောက်သည်ဖြစ်၍ တောင်းလျှောက်သည့်အတိုင်းရလိမ့်မည်။ သင့်ကိုပျက်စီးစေခြင်းငှါစောင့်ကြည့်နေသောသူများ၏ရှေ့မှောက်တွင် ငါ၏ဘုန်းထင်ရှားလိမ့်မည်။ ငါ၏စကားသည် ဘုန်းအသရေကိုဆောင်လျက် အောင်ပွဲခံသည်ကိုသူတို့တွေ့မြင်ရကြလိမ့်မည်။ “ယုံကြည်ခြင်းပါလျက်ဆုတောင်း၍ ဆုတောင်းသမျှတို့ကိုသင်တို့သည် ရကြလိမ့်မည်။” မဿဲ ၂၁း၂၂။

ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မတရားသဖြင့်အသုံးပြုခြင်းခံရသောသူများသည် ဘုရားသခင်၏အထံတော်သို့အသံလွှင့်ကြပါစေ။ သံမဏိနှလုံးရှိသောသူတို့ကို ကျော်ခိုင်း၍သင်၏ပန်ကြားချက်များကိုဖန်ဆင်းရှင်အားအသိပေး၍ အသနားခံပါ။ စိတ်နှလုံးကြေကွဲစွာဖြင့် ကိုယ်တော်၏ထံသို့ချဉ်းကပ်သောသူတစ်ဦးတစ်ယောက်မျှ ငြင်းပယ်ခြင်းမခံရပါ။ ရိုးဖြောင့်မှန်ကန်သောဆုတောင်းချက်တစ်ခုမျှအချည်းနှီးမဖြစ်ပါ။အားအနည်းဆုံးသောလူသား၏ဆုတောင်းသံကိုကောင်းကင်သားအပေါင်း၏သီဆိုသံများအကြားမှဘုရားသခင်ကြားတော်မူ၏။ ကျွန်ုပ်တို့၏စိတ်နှလုံးကိုဖွင့်၍ဆိတ်ငြိမ်သည့် အိပ်ခန်းအတွင်းမှတောင်းခံသည့်ဆုတောင်းသံသည်လည်းကောင်း၊ လမ်းလျှောက်ရင်းတီးတိုးတောင်းလျှောက်သည့်ဆုတောင်းသံသည်ကောင်း၊စကြဝဠာကိုစိုးမိုးတော်မူသည့်အရှင်ဘုရင်ကြီး၏ပလ္လင်သို့တိုင်အောင်တက်လေ၏။ယင်းဆုတောင်းသံများကို လူတို့နားဖြင့်

မကြားနိုင်သော်လည်း ဆိတ်ကွယ်ရာအရပ်တွင် လွင့်ပျောက်သွားလိမ့်မည်မဟုတ်ပါ။ သွားလာလှုပ်ရှားအလုပ်အကိုင်များအကြားတွင်လည်း ရပ်စဲသွားလိမ့်မည်မဟုတ်ပါ။ စိတ်ဝိညာဉ်၏လိုလားတောင့်တချက်များကိုအဘယ်အရာကမျှ မနှစ်မြှုပ်နိုင်ပါ။ ၎င်းသည်လမ်းများအပေါ်မှ အုတ်အုတ်ကျက်ကျက်ဆူညံလျက်ရှိသောအသံအပေါင်းကို ကျော်လွန်၍လည်းကောင်း၊ တိုးဝှေ့လှုပ်ရှားသွားလာနေသောလူထုကြီးအပေါ် ကျော်လွန်၍လည်းကောင်း ကောင်းကင်တံတိုင်းတော်တွင်းသို့တက်လေ၏။ ကျွန်ုပ်တို့သည် ဘုဇရားသခင်အားတောင်းလျှောက်နေကြသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့၏ဆုတောင်းသံများကို ကိုယတော်ရှင်ကြားတော်မူ၏။

သင်တို့တွင်မထိုက်တန်ဆုံး ဖြစ်သည်ဟု ယူဆနေသောသူသည် သူ၏အမှုကိစ္စကို ဘုရားသခင်အားအပ်နှင်းရန် မကြောက်ရွံ့ပါစေနှင့်။ ကိုယ်တော်သည် ခရစ်တော်အားဖြင့် ဤလောက၏အပြစ်အတွက် ကိုယ်ကိုကိုယ်ပေးစွန့်တော်မူသောအခါ လူတိုင်း၏အမှုကိစ္စအတွက် တာဝန်ယူတော်မူ၏။ "မိမိ၏သားတော်ရင်းကိုမနှမြောဘဲ ငါတို့ရှိသမျှအဖို့အလိုငှါ စွန့်တော်မူသောဘုရားသခင်သည် သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကိုငါတို့အားမပေးဘဲ အဘယ်သို့နေတော်မူမည်နည်း။" ရောမ ၈း၃၂။ ကျွန်ုပ်တို့အားတက်စရာဖို့တိုက်တွန်းသည့် ကျေးဇူးတော်စကားကို ကိုယ်တော်သည် မပြည့်စုံစေဘဲထားတော်မူလိမ့်မည်လော။

စာတန်စိုးပိုင်သောနယ်မြေမှ ကိုယ်တော်၏အမွေခံတို့ကိုရွေးနုတ်ရန်ထက်ပို၍ လိုလားသောအရာသည် ခရစ်တော်၌မရှိပါ။ သို့သော်ကျွန်ုပ်တို့သည်စာတန်၏ တန်ခိုးအပြင်သို့ မလွတ်မြောက်မီ သူ၏တန်ခိုးအတွင်း

၌ပင် ဦးစွာလွတ်မြောက်ရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အစမ်းသပ်ခံစေတော်မူသည်မှာ ကျွန်ုပ်တို့သည် လောကဆန်ခြင်းမှ လည်းကောင်း၊ တစ်ကိုယ်ဆန်ခြင်းမှလည်းကောင်း၊ ကြမ်းတမ်း ခက်ထန်ခြင်းမှလည်းကောင်း၊ ခရစ်တော်နှင့်မတူသောအကျင့်စရိုက် များမှလည်းကောင်း ကင်းလွတ်သန့်စင်စေရန်အတွက်ဖြစ်ပါသည်။ ကိုယ်တော်ရှင်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောခရစ်တော်ကို လည်းကောင်း ကျွန်ုပ်တို့သိမည်အကြောင်း ကျွန်ုပ်တို့ကိုကြီးစွာသော ဒုက္ခဝေဒနာရေဖြင့် ဆန်းစစ်ခွင့်ပြုတော်မူ၏။ ယင်းသို့ခွင့်ပြုတော်မူသည် မှာ ကျွန်ုပ်တို့သည်ညစ်ညူးသည့်အခြေအနေမှပိုမိုသန့်စင်၍လည်း ကောင်း၊ ပိုမိုသန့်ရှင်း၍လည်းကောင်း၊ ပိုမိုဝမ်းမြောက်၍လည်းကောင်း၊ လွတ်မြောက်လာရန်ဆန္ဒပြင်းပြစေလိုတော်မူသောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးများသည် တစ်ကိုယ်ကောင်းစိတ်မှောင်မိုက်ဖုံးလွှမ်း လျက်စုံစမ်းစစ်ဆေးခြင်း မီးပုံတွင်းသို့ မကြာခဏဆင်းသက်ရကြပါ သည်။ သို့သော်ပြင်းထန်သောစမ်းသပ်ခြင်းကို အောင့်အည်းသည်းခံလျှင် ကျွန်ုပ်တို့သည် ကိုယ်တော်၏ဘုန်းတော်ကိုရောင်ပြန်ဟပ်၍ လွတ်မြောက် လာလိမ့်မည်။ ဆင်းရဲဒုက္ခခံစားရာတွင် ကိုယ်တော်ရှင်၏ကြံရွယ်တော် မူချက်ပြီးဆုံးသောအခါ "သင်၏ဖြောင့်မတ်ခြင်းအကြောင်းကို အလင်း ကဲ့သို့လည်းကောင်း၊ တရားသဖြင့်ပြုခြင်းအရာကို မွန်းတည့်ရောင်ခြည် ကဲ့သို့လည်းကောင်း ဖေါ်ပြတော်မူသည်။" ဆာလံ ၃၇း၆။

ဘုရားသခင်သည် မိမိလူတို့၏ဆုတောင်းသံများကို အရေးမယူ ဘဲထားလိမ့်မည်ဟု စိုးရိမ်စရာအကြောင်းမရှိပါ။ ဖြားယောင်းသွေးဆောင် ခြင်းနှင့်စမ်းသပ်စစ်ဆေးခြင်းများကိုခံရသောအခါ စိတ်ပျက်အားလျော့ သောကြောင့် မလျှော့သောဇွဲလုံ့လဖြင့် ဆုတောင်းခြင်းမပြုဘဲနေမည် ကိုသာ စိုးရိမ်ဖွယ်ဖြစ်ပါသည်။

ကယ်တင်သခင်သည် ရှုရိဖိနိတ်ပြည်သူ၊ ဟေလသအမျိုးသမီး တစ်ဦးခံစားနေရသော ပူဆွေးသောကကိုမြင်တော်မူသောအခါကြင်နာ သနားတော်မူ၏။ သူ၏အသနားခံချက်ကိုကြားတော်မူကြောင်း ချက်ချင်းပင်ယုံကြည်စိတ်ချစေလိုတော်မူ၏။ သို့သော်တပည့်တော်များ အားသင်ခန်းစာပေးလိုတော်မူသောကြောင့် ယင်းအမျိုးသမီး၏စိတ်ဒုက္ခ ကိုအမှုမထားသကဲ့သို့ အတန်ကြာအောင်အချိန်ဆွဲ၍ နေတော်မူ၏။ သို့သော် ယင်းအမျိုးသမီး၏ယုံကြည်ခြင်းထင်ရှားပေါ်လွင်သောအခါ ချီးမွမ်းသောစကားဖြင့် အမျိုးသမီးတောင်းလျှောက်သည့်အတိုင်းမြတ်နိုး ဖွယ်သောဆုလာဘ်ကိုပေးတော်မူပြီးမှပြန်၍ လွှတ်လိုက်တော်မူ၏။ တပည့်တော်များသည် ယင်းသင်ခန်းစာကိုမည်သည့်အခါမျှမမေ့မလျော့ ကြဘဲဇွဲလုံ့လဖြင့်တောင်းလျှောက်သောပတ္ထနာအတွက်အကျိုးကျေးဇူး ခံစားရမည်ဖြစ်ကြောင်း မှတ်တမ်းတင်ထားကြပါသည်။

မလျော့သောဇွဲလုံ့လဖြင့်တောင်းလျှောက်လျှင် ငြင်းပယ်ခြင်းကို ခံရမည်မဟုတ်ဟူသောသဘောထားကို ယင်းဟေလသမိခင်၏စိတ်နှလုံး တွင်းသို့ ခရစ်တော်ကိုယ်တိုင်သွင်းပေးတော်မူ၏။ တရားသူကြီးထံ အသနားခံသောမုဆိုးမ၏စိတ်ပြဋ္ဌာန်းခြင်းနှင့်ရဲရင့်ခြင်းသတ္တိကို ခရစ် တော်ပေးတော်မူ၏။ ရှေးရာစုနှစ်ပေါင်းများစွာက ယဗ္ဗုတ်ချောင်းဘေး တွင် အံ့သြဖွယ်ဖြစ်သောယှဉ်ပြိုင်မှု၌ ယာကုပ်အားအလားတူဇွဲလုံ့လနှင့် ကြံ့ကြံ့ခိုင်သောယုံကြည်ခြင်းကို ခရစ်တော်ကိုယ်တိုင်ပေးတော်မူ၏။ ကိုယ်တော်တိုင်ပေးသွင်းတော်မူသော ယုံကြည်ခြင်းအတွက် ဆုလာဘ် ကိုလည်းမပေးဘဲနေတော်မူလိမ့်မည်မဟုတ်ပါ။

ကောင်းကင်ဘုံ၏သန့်ရှင်းရာ ဌါနတော်တွင် စံနေတော်မူသော ကိုယ်တော်သည် ဖြောင့်မှန်စွာစီရင်ဆုံးဖြတ်တော်မူ၏။ ကိုယ်တော်သည်

မိမိပလ္လင်တော်ကိုဝန်းရံလျက်ရှိသော ကောင်းကင်တမန်အပေါင်းထက် အပြစ်မကောင်းမှုဖုံးလွှမ်းလျက်ရှိသော ဤကမ္ဘာလောက၌စုံစမ်းနှောင့်ယှက်ခြင်းမှလွတ်မြောက်ရန် ရုန်းကန်နေသော မိမိလူတို့ကိုပို၍ စိတ်ဝင်စားတော်မူ၏။

မြူမှုန်ကလေးပမာ သေးငယ်လှစွာသော ဤကမ္ဘာကိုကောင်းကင်စကြဝဠာတစ်တိုင်းလုံးက ကြီးစွာသောစိတ်ပါဝင်စားမှုရှိနေကြသည်မှာ ခရစ်တော်သည်ယင်းကမ္ဘာပေါ်တွင်ရှိသောအသက်ဝိညာဉ်အပေါင်းကိုအဖိုးပေး၍ ဝယ်ယူထားတော်မူသောကြောင့် ဖြစ်ပါသည်။ ထာဝရဘုရားရွေးနုတ်ထားပြီးသော လူတို့ရှိသည့် ဤကမ္ဘာကိုရွေးနုတ်ရှင်သည် သတင်းထောက်လှမ်းရေးစနစ်ဖြင့် ကောင်းကင်နှင့်ဆက်စပ်ထားတော်မူ၏။ ကောင်းကင်သားတို့သည် ရှေးခေတ်ကအာဗြဟံ၊ မောရှေတို့နှင့်အတူသွားလာပြောဆိုသကဲ့သို့ ယနေ့တွင်လည်း ဤကမ္ဘာပေါ်သို့လာရောက်လည်ပတ်နေကြဆဲပင်ဖြစ်ပါသည်။ သွားလာလှုပ်ရှားအလုပ်များလျက်ရှိသော မြို့ကြီးပြကြီးများ၌လည်းကောင်း၊ အများသူငါသွားရာလမ်းမကြီးများတွင်လည်းကောင်း၊ ရောင်းဝယ်ဖေါက်ကားရာကုန်တိုက်ကြီးများတွင် တစ်နေကုန်တစ်နေခန်းစီးပွားရေးလှုပ်ရှားနေသူများတွင်လည်းကောင်း၊ ပြေးခုန်ကစားပွဲများ၌လည်းကောင်း၊ အပျော်အပါးလိုက်စားရာများ၌လည်းကောင်း။ လူအများပါဝင်ဆင်နွဲနေကြသည်မှာ အခြားအရေးကြီးကိစ္စမရှိတော့သကဲ့သို့ပင် မပြောပလောက်သည့်လူနည်းစုကလေးကသာလျှင် မျက်စိနှင့်မတွေ့မမြင်ရသေးသည့်အမှန်ဖြစ်ရပ်များကို လေးလေးနက်နက်ဆင်ခြင်သုံးသပ်၍ အာရုံပြုနေကြပါသည်။ ယင်းကဲ့သို့သောနေရာပေါင်းစုံ၌ပင်လျှင် သန့်ရှင်းသူများနှင့်ကောင်းကင်အစောင့်အထိန်းများကိုချထားတော်မူ၏။ လူတို့မျက်စိဖြင့်မတွေ့မမြင်နိုင်သော ကောင်းကင်ကိုယ်စားလှယ်များသည် လူသားတို့၏

အပြုအမူအပြောအဆိုတိုင်းကို အရေးယူမှတ်သားနေကြပါသည်။ လုပ်ငန်းနှင့်ပတ်သက်၍ဖြစ်စေ၊ ပျော်ပွဲရွှင်ပွဲနှင့်ပတ်သက်၍ဖြစ်စေစုဝေးသည့်ပရိတ်သတ်တိုင်း၌လည်းကောင်း၊ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်းနှင့်ပတ်သက်သည့် အစည်းအဝေးတိုင်း၌လည်းကောင်း တက်ရောက်နားထောင်ကြသူများမှာ၊ သဘာဝမျက်စိဖြင့်တွေ့မြင်နိုင်သည်ထက် အမြဲပိုပါသည်။ ကျွန်ုပ်တို့ပြုသမျှပြောသမျှအတွက် မျက်စိဖြင့်မတွေ့မမြင်နိုင်သောအသိသက်သေများရှိနေကြောင်း ဆင်ခြင်စဉ်းစားနိုင်ရန် ကျွန်ုပ်တို့အသက်တာတွင် အပူတပြင်းတွန်းထိုးလှုပ်ရှားနေသည့်အကြံအစည်များကို ရုပ်သိမ်း၍ မျက်စိဖြင့်မတွေ့မမြင်နိုင်သောကမ္ဘာကို မျှော်မှန်းနိုင်စေရန် ကောင်းကင်သတင်းထောက်များက ကျွန်ုပ်တို့အားတစ်ခါတစ်ရံ ယင်းကမ္ဘာသစ်ကိုကာကွယ်ထားသည့် ပြည်ဖုံးကားကိုဖွင့်၍ပြတတ်ပါသည်။

အလည်အပတ်လာကြသည့် ကောင်းကင်တမန်များနှင့်စပ်ဆိုင်သောအမှုတော်ကို ကျွန်ုပ်တို့သိထားသည်ထက်ပို၍ နားလည်သဘောပေါက်ရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့လုပ်ငန်းဆောင်တာရှိသမျှတွင် ကောင်းကင်သားများပူးပေါင်းဆောင်ရွက်၍အမှုထားကြောင်းဆင်ခြင်စဉ်းစားကောင်းပါသည်။ မျက်စိဖြင့်မတွေ့မမြင်နိုင်သော အလင်းတရားနှင့်တန်ခိုးအာဏာတပ်များသည် သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၍ ယုံကြည်စွာဘုရားသခင်၏ကတိတော်များကို တောင်းလျှောက်သောသူများ၏အနီးတွင် ကူညီစောင့်ရှောက်နေကြပါသည်။ ကိုယ်တော်၏လက်ယာတော်ဘက်တွင်ရပ်လျက်ရှိသော ခေရုဗိန်၊ ကောင်းကင်တမန်သရပ်၊ တန်ခိုးကြီးသောကောင်းကင်တမန်များနှင့်အထောင်အသောင်းမကသောကောင်းကင်တမန်တို့သည် "ကယ်တင်တော်မူခြင်းကျေးဇူးကို

အမွေခံလတ္တံ့သောသူတို့ကိုပြုစုခြင်းငှါ စေလွှတ်တော်မူသောအစေခံ နံ၀ိညာဉ်ဖြစ်ကြသည်မဟုတ်လော့။" ဟေဗြဲ ၁း၁၄။

ဤကောင်းကင်တမန်သတင်းထောက်များသည် လူသားအပေါင်း၏အပြောအဆိုင်အပြုအမူအားလုံးကို မှန်ကန်စွာမှတ်တမ်းတင်ထားကြပါသည်။ ဘုရားသခင်၏လူတို့အား အဓမ္မအာဏာသားများက ရက်စက်စွာပြုခြင်းနှင့် မတရားသဖြင့်ကျင့်ကြံခြင်းများကို ကောင်းကင်တွင်မှတ်ပုံတင်ထားပါသည်။

"ဘုရားသခင်၏ရွေးကောက်တော်မူသောသူတို့သည် နေ့ညမပြတ်အော်ဟစ်တောင်းလျှောက်လျှင် ဘုရားသခင်သည် သူတို့ဘက်၌တရားမစီရင်ဘဲ နေတော်မူမည်လော။ ကြာမြင့်စွာသည်းခံတော်မူမည်လော။ ငါဆိုသည်ကား သူတို့ဘက်၌အလျင်အမြန်တရားစီရင်တော်မူမည်။"

ထိုကြောင့် ကြီးစွာသောအကျိုးနှင့် ယှဉ်သောသင်တို့၏ရဲရင့်ခြင်းစိတ်ကိုမစွန့်ကြနှင့်။ ဘုရားသခင်၏အလိုတော်ကိုဆောင်ပြီးမှ ကတိတော်အတိုင်း အကျိုးကိုရမည်အကြောင်း သည်းခံခြင်းစိတ်ရှိရမည်။ အဘယ်ကြောင့်နည်းဟူမူကား၊ ကြွလာလတ္တံ့သောသူသည် မဆိုင်းမလင့်ဘဲ မကြာမမြင့်မီရောက်တော်မူလိမ့်မည်။" ဟေဗြဲ ၁၀း၃၅-၃၇။ "လယ်လုပ်သောသူသည် အဦးမိုး၊ နောက်မိုးကိုရသည်တိုင်အောင် အဖိုးထိုက်သောမြေအသီးကိုသည်းခံလျက်စောင့်နေ၍ မျှော်လင့်တတ်၏။ သင်တို့သည်လည်း သည်းခံလျက်စောင့်နေကြလော့။ ကိုယ်စိတ်နှလုံးကိုမြဲမြံစေကြလော့။ သခင်ဘုရားကြွလာတော်မူသောအချိန်ရောက်လုနီးပြီး။" ယာကုပ် ၅း၇-၈။

ဘုရားသခင်စိတ်ရှည်တော်မူခြင်းမှာ အံ့သြဖွယ် ဖြစ်ပါ၏။ ကရုဏာတော်သည် အပြစ်သားအား အချိန်ပေး၍ ခေါ်နေစဉ်တွင်

ဖြောင့်မှန်ခြင်းတရားသည် ကြာမြင့်စွာစောင့်ဆိုင်းလျက်နေပါ၏။ သို့သော် "တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်စွာဆုံးဖြတ်ခြင်းသည် ပလ္လင်တော်၏ တည်ရာဖြစ်၏။" ဆာလံ၊ ၉၇း၂။ "ထာဝရဘုရားသည် စိတ်ရှည်တော်မူ၏။ တန်ခိုးလည်းကြီးတော်မူ၏။ သို့ရာတွင် အပြစ်တည်သော သူတို့ကိုအပြစ်မှလွှတ်တော်မမူ။ ထာဝရဘုရားသည် လေပွေ၌လည်း ကောင်း၊ မိုးသက်မုန်တိုင်း၌လည်းကောင်းကြွတော်မူ၍ မိုးတိမ်တို့သည် စက်တော်အောက်၌ မြေမှုန့်ကဲ့သို့ဖြစ်ကြ၏။" နာဟုံ ၊ ၁း၃။

ကမ္ဘာလောကကြီးသည် ထာဝရဘုရား၏ပညတ်တော်ကို လွန်ကျူးရန် ရဲတင်းလာလေပြီ။ ကိုယ်တော်သည် ကြာမြင့်စွာသည်းခံ တော်မူသောကြောင့် လူတို့သည် ကိုယ်တော်၏အာဏာတော်ကိုခြေဖြင့် နင်းကြ၏။ ကိုယ်တော်၏အမွေခံရာများကိုရက်စက်စွာပြု၍ ညှဥ်းပန်း နှိပ်စက်ရန် တစ်ဦးကိုတစ်ဦးအားပေးကြပြီးလျှင် "ဘုရားသခင်သည် အဘယ်သို့သိတော်မူမည်နည်း။ အမြင့်ဆုံးသောဘုရားသခင်၌ ဉာဏ်ရှိပါ လိမ့်မည်လောဟုဆိုတတ်၏။" ဆာလံ ၇၃း၁၁။ သို့သော် သူတို့မကျော် မလွန်နိုင်သောစည်းတစ်ခုရှိပါ၏။ သူတို့အတွက် သတ်မှတ်ထားသော အချိန်သို့ရောက်လုနီးပါပြီ။ ယခုပင်သူတို့သည် ဘုရားသခင်၏ စိတ်ရှည် တော်မူခြင်းနယ်နမိတ်၊ ကျေးဇူးတော်နယ်နိမိတ်၊ ကရုဏာတော်နယ် နမိတ်များကိုကျော်လွန်လုနီးနေပါပြီ။ ကိုယ်တော်၏ဂုဏ်တော်ကို တည်မြဲစေရန်အတွက်လည်းကောင်း၊ ကိုယ်တော်၏လူတို့လွတ်မြောက် စေရန်အတွက်လည်းကောင်း၊ မတရားမှုဖေါင်းပွနေခြင်းကို နှိပ်ကွပ်ရန် အတွက်လည်းကောင်း ကိုယ်တော်သည် ကြားဝင်ဖျန်ဖြေတော်မူ လိမ့်မည်။

နောဧခေတ်တွင် ဖန်ဆင်းတော်မူသောအရှင်ကို လုံးဝသတိမရ တော့လောက်အောင် တစ်ကမ္ဘာလုံး ဘုရားသခင်၏ပညတ်တော်ကို

မထီလေးစားပြုခဲ့ကြ၏။ ဘုရားသခင်သည် ဆိုးသွမ်းသူအပေါင်းကို ကမ္ဘာမြေကြီးပေါ်မှရေလွှမ်းမိုးခြင်းဖြင့် သုတ်သင်ရှင်းလင်းရသည် တိုင်အောင် သူတို့၏မကောင်းမှုအပြစ်များကြီးလေးခဲ့ကြပါသည်။

တစ်ခေတ်မှတစ်ခေတ်သို့ရွေ့လျော့လာသည်နှင့်အမျှ ဘုရားသခင်သည် မိမိ၏စိုးမိုးပုံစိုးမိုးနည်းကို လူတို့သိအောင် ထင်ရှားစွာပြတော်မူ၏။ အရေးအခင်းကြုံသောအခါ ကိုယ်တော်သည် မိမိကိုယ်ကို ထင်ရှားစေတော်မူခြင်းဖြင့် စာတန်၏ဆောင်ရွက်မှုစီမံကိန်းများကို နှောင့်နှေးစေရန် ကြားဝင်တော်မူ၏။ ပြည်သူလူမျိုးများအနေဖြင့်လည်းကောင်း၊ မိသားစုများအနေဖြင့်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း အမှုကိစ္စတစ်စုံတစ်ခုအတွက်အရေးကြုံလာမှုကိုယ်တော်တိုင်ကြားဝင်တော်မူခြင်းဖြင့် ပို၍ထင်ရှားစွာသိသာစေရန် မကြာခဏခွင့်ပြုထားတတ်ပါသည်။ ယင်းသို့ပြုတော်မူခြင်းဖြင့် ဣသရေလလူတို့တွင်ထာဝရဘုရားရှိကြောင်းကိုထင်ရှားစေလျက် မိမိ၏ပညတ်တော်ကိုတည်မြဲစေ၍ မိမိ၏လူမျိုးကိုလည်း အခိုင်အမာဖြစ်စေတော်မူ၏။

မကောင်းမှုအပြစ်ပေါင်းစုံစိုးမိုးနေသည့် ယနေ့ခေတ်သည် အရေးကြီးသည့်နောက်ဆုံးအချိန်ကာလသို့ရောက်နေပြီဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ထိသဘောပေါက်သင့်နေပါပြီ။ ဘုရားသခင်၏ပညတ်တော်ကိုမထီလေးစားပြုခြင်းသည် အဆုံးစွန်းသို့ရောက်လုနီးသောအခါ မိမိ၏လူတို့အားလူသားအချင်းချင်းတို့ကနှိပ်စက်ညှဉ်းပန်းခြင်းနှင့်ဖိနှိပ်ချုပ်ချယ်ခြင်းများပြုလုပ်လာသောအခါဘုရားသခင်ကြားဝင်တော်မူလိမ့်မည်။

"ငါ၏လူတို့လာကြ၊ အတွင်းခန်းထဲသို့ဝင်၍ သင်တို့ကိုကွယ်ကာသောတံခါးများကိုပိတ်ထားကြ၊ အမျက်ကာလလွန်သည်တိုင်အောင် ခဏသာပုန်းရှောင်နေကြလော့။ အကြောင်းမူကား ထာဝရဘုရားသည် မြေကြီးသားတို့ကို သူတို့မကောင်းမှုကြောင့် အပြစ်ပေးလိုသောငှါ မိမိ

အရပ်ဌါနထဲကထွက်တော်မူ၏။ ထိုအခါမြေကြီးသည် မိမိ၌ရှိသော အသွေးကိုဖေါ်ပြရလိမ့်မည်။ မိမိ၌အသေခံရသောသူတို့ကို နောက်တစ်ဖန်ဝှက်၍မထားရ။” ဟေရှာ ၂၆း၂၀၊၂၁။ ကိုယ်ကိုကိုယ်ခရစ်ယာန်အခေါ်ခံသူများသည် ယခုအခါ ဆင်းရဲနွမ်းပါးသူအများအား လိမ်လည်လှည့်ဖြား၍ ဖိစီးနှိပ်စက်ကြပေလိမ့်မည်။ မုဆိုးမနှင့်မိဘမဲ့များကိုလုယူဖျက်ဆီးကြလိမ့်မည်။ ဘုရားသခင့်လူတို့၏ ဩတ္တပ္ပစိတ်ကိုသူတို့မချုပ်ချယ်နိုင်သောကြောင့် စာတန်ကဲ့သို့ရန်ငြိုးဖွဲ့ကြပေလိမ့်မည်။ သို့သော်ဤအရာအားလုံးအတွက် ဘုရားသခင်သည် သူတို့အားစီရင်တော်မူပေလိမ့်မည်။ ထိုအခါ “ကရုဏာမရှိသောသူသည် ကရုဏာကိုမခံရဘဲတရားစီရင်ခြင်းကိုခံရလိမ့်မည်။” ယာ ၂း၁၃။ မကြာမီအချိန်အတွင်းသူတို့သည် ကမ္ဘာတစ်ဝန်းလုံး၏ တရားသူကြီးထံတွင်တရားစီရင်ခြင်းကိုခံရကြလိမ့်မည်။ ထိုအခါ သူတို့သည် ဘုရားသခင်၏အမွေခံများအားခန္ဓာကိုယ်နှင့်တကွစိတ်ဝိညာဉ်ကိုပါနာကျင်စေသည့်အတွက် အကြောင်းပြရှင်းလင်းရကြလိမ့်မည်။ ယခုအခါသူတို့သည် မတရားစွပ်စွဲနိုင်ကြပေလိမ့်မည်။ ဘုရားသခင်၏အမှုတော်အတွက် တာဝန်ခန့်အပ်ထားသူများကိုပြက်ရယ်ပြုကြပေလိမ့်မည်။ ကိုယ်တော်ကိုယုံကြည်သောသူတို့အားအကျဉ်းထောင်သို့လည်းကောင်း၊ ချုပ်ချယ်သောအစည်းအရုံးသို့လည်းကောင်း၊ နယ်စပ်သို့လည်းကောင်း၊ သေတွင်းသို့လည်းကောင်းပို့ကြပေလိမ့်မည်။ သို့သော် စိတ်ဒုက္ခကိုယ်ဒုက္ခရှိသမျှအတွက်လည်းကောင်း၊ ကျရသောမျက်ရည်ပေါက်ရှိသမျှအတွက်လည်းကောင်း သူတို့အဖြေပေးရကြလိမ့်မည်။ သူတို့ပြုကြသောမကောင်းမှုအပြစ်၏နှစ်ဆသောအကျိုးကို ဘုရားသခင်ပေးဆပ်တော်မူလိမ့်မည်။ အယူလွဲသောအသင်းတော်ကို ပုံဆောင်ထားသည့် ဗာဗုလုန်နှင့်စပ်လျဉ်း၍ ကိုယ်တော်၏တရားစီရင်ခြင်းဆိုင်ရာ အမှုတော်ဆောင်များအားမိန့်တော်

မူသည်မှာ "သူ၏အပြစ်တို့သည် ကောင်းကင်ဘုံတိုင်အောင်မီကြသည်ဖြစ်၍ သူ၏မတရားသောအမှုတို့ကို ဘုရားသခင်သတိရတော်မူပြီ။ သူသည်အကျိုးအပြစ်ကိုဆပ်ပေးသည်နည်းတူ သူ၌ဆပ်ပေးကြလော့။ သူ၏အကျင့်အတိုင်း နှစ်ဆထပ်၍စီရင်ကြလော့။ သူလောင်းသောဖလား၌ သူ့အဖို့နှစ်ဆတိုး၍လောင်းကြလော့။" ဗျာ ၁၈း၅၊၆။

အိန္ဒိယပြည်မှလည်းကောင်း၊ အာဖရိကတိုက်မှလည်းကောင်း၊ တရုတ်ပြည်မှလည်းကောင်း၊ ပင်လယ်ထဲကကျွန်းများမှလည်းကောင်း၊ ခရစ်ယာန်အမည်ခံနယ်မြေပေါင်းစုံတွင် နှိမ်နင်းခြင်းကိုခံနေရသည့်သန်းပေါင်းများစွာတို့ထံမှလည်းကောင်း၊ လူသားတို့၏အမင်္ဂလာဒုက္ခသံပေါင်းစုံသည် ဘုရားသခင်၏အထံတော်သို့တက်ကြလေပြီ။ ယင်းအသံများကိုအဖြေမပေးဘဲ ကြာမြင့်စွာနေတော်မူလိမ့်မည်မဟုတ်၊ ကမ္ဘာမြေကြီးပေါ်တွင်ဖြောင့်မှန်ခြင်းတရား ယိုယွင်းပျက်စီးနေသောကြောင့် ဘုရားသခင်သုတ်သင်ဆေးကြောတော်မူလိမ့်မည်။ နောဧလက်ထက်ကကဲ့သို့ ရေပင်လယ်ဝေစေခြင်းဖြင့်မဟုတ်၊ လူတို့ကြံစည်အားထုတ်ခြင်းမျိုးစုံဖြင့် မငြိမ်းမသတ်နိုင်သော မီးပင်လယ်ဖြင့် ဆေးကြောတော်မူလိမ့်မည်။

"လူမျိုးတစ်စုံတစ်မျိုးမျှ ဖြစ်သည်ကာလမှစ၍ ထိုကာလတိုင်အောင်မဖြစ်ဖူးသောဆင်းရဲဒုက္ခကပ်ကာလသည် ရောက်လိမ့်မည်။ ထိုကာလအခါ စာစောင်၌စာရင်းဝင်သမျှသောသင်၏အမျိုးသားချင်းတို့သည် ကယ်လွှတ်ခြင်းသို့ရောက်ကြလိမ့်မည်။" ဒံ ၁၂း၁။

နေအိမ်အပေါ်ဆုံးအထပ်ခိုးများမှလည်းကောင်း၊ တဲပုတ်အိမ်ကုပ်ကလေးများမှလည်းကောင်း၊ ရဲတိုက်အတွင်းဆုံးအခန်းမှလည်းကောင်း၊ စက်တိုင်များမှလည်းကောင်း၊ တောင်များနှင့်ကန္တာရတောများမှလည်းကောင်း၊ မြေပေါ်လိုဏ်ခေါင်းများမှလည်းကောင်း၊ ပင်လယ်

အောက် လိုဏ်ခေါင်းများမှလည်းကောင်း ခရစ်တော်သည် မိမိ၏လူတို့ကိုခေါ်သိမ်းတော်မူလိမ့်မည်။ သူတို့သည် မြေကြီးပေါ်မှာ ခိုလှုံရာမဲ့ခဲ့ကြ၏။ ဒုက္ခရောက်ခဲ့ကြ၏။ ညှဉ်းပန်းနှိပ်စက်ခြင်းကိုလည်းခံခဲ့ရကြ၏။ စာတန်၏လိမ်လည်လှည့်ဖြားခြင်းကိုဝန်မခံ မလိုက်လျောသောကြောင့် သန်းပေါင်းများစွာသောသူတို့သည် ဂုဏ်အသရေမဲ့စွာဖြင့် အရှက်တကွဲအကျိုးနည်း၍ သင်္ချိုင်းတွင်းသို့ဆင်းခဲ့ရကြ၏။ ဘုရားသခင်၏သားသမီးများသည် အဆိုးသွမ်းအယုတ်ညံ့ဆုံးသောရာဇဝင်ကောင်များအဖြစ် လူသားတို့၏ခုံရုံးများတွင် စီရင်ဆုံးဖြတ်ခြင်းများကိုခံခဲ့ရကြ၏။ သို့သော် "ဘုရားသခင်သည် ကိုယ်တော်တိုင် တရားဆုံးဖြတ်တော်မူ" မည့်အချိန်သို့ရောက်လုနီးပါပြီ။ ဆာလံ၊ ၅၀း၆။ ထိုအခါ လောကသားတို့၏စီရင်ဆုံးဖြတ်ခြင်းများပြောင်းပြန်ဖြစ်ကြလိမ့်မည်။ "ကိုယ်တော်၏လူတို့သည် ခံရသောကဲ့ရဲ့ခြင်းကိုလည်း မြေကြီးတစ်ပြင်လုံး၌ပယ်ရှင်းတော်မူလိမ့်မည်။" ဟေရှာ ၂၅း၈။ ဖြူသောဝတ်ရုံကိုလည်းသူတို့သည် "သန့်ရှင်းသောသူ၊ ထာဝရဘုရားရွေးနုတ်တော်မူသောသူ" များဟူ၍ သမုတ်ခြင်းကိုခံရကြလိမ့်မည်။ ဟေရှာ ၆၂း၁၂။

မည်သည့်လက်ဝါးကပ်တိုင်မျိုးကိုပင်မဆို သူတို့ထမ်းခဲ့ရစေကာမူ၊ မည်ကဲ့သို့သောဆုံးရှုံးမှုမျိုးကိုပင်မဆို သူတို့ဆုံတွေ့ခဲ့ရကြစေကာမူ၊ မည်ကဲ့သို့သောနှိပ်စကညှဉ်းပန်းခြင်းမျိုးကိုပင်မဆို သူတို့ခံခဲ့ရစေကာမူ၊ သူတို့၏ယခုဘဝအသက်တာကိုပင် ဆုံးရှုံးရခဲ့စေကာမူ ဘုရားသခင်၏သားသမီးများသည် များစွာသောအကျိုးကို အပ်ပေးခြင်းခံရကြလိမ့်မည်။ သူတို့သည်ကိုယ်တော်၏ "မျက်နှာတော်ကိုမြင်ရ၍ သူတို့နဖူး၌လည်းနာမတော်ရေးထားလျက်ရှိလိမ့်မည်။" ဗျာ ၂၂း၄။

---ooo---

# “ဤသူသည်ဆိုးသောသူတို့ကိုလက်ခံ၍”

**လုကာ၊ ၁၅း၁-၁၀ ကိုအခြေပြုပါသည်။**

“အခွန်ခံသောသူတို့နှင့်ဆိုးသောသူအပေါင်းတို့သည်” ခရစ်တော်ကိုဝန်းရံ၍ နေကြသောအခါ ယုဒဆရာတို့မကြိုက်မနှစ်သက်ကြ။ ထိုကြောင့်သူတို့က “ဤသူသည် ဆိုးသောသူတို့ကိုလက်ခံ၍ သူတို့နှင့်အတူစားပါသည်တကား” ဟုကဲ့ရဲ့ကြ၏။

ယင်းသို့ကဲ့ရဲ့ပြစ်တင်ကြခြင်းမှာ ခရစ်တော်သည် အပြစ်နှင့်လည်းကောင်း၊ ဆိုးသွမ်းမှုနှင့်လည်းကောင်း မိတ်သဟာယဖွဲ့သည်ဟုစွပ်စွဲကြသည်သာမက၊ ထိုသူတို့၏ဆိုးယုတ်မှုများကိုလည်း မသိရှုံ့မှုမက ဥပေက္ခာပြုသည်ဟု သွယ်ဝိုက်ပြောဆိုနေခြင်းဖြစ်ပါသည်။ ယုဒဆရာတို့သည် ခရစ်တော်ကိုစိတ်ပျက်ကြ၏။ ထိုမျှလောက်အမူအကျင့်မြင့်မြတ်ပါသည်ဟုဆိုသောသူသည် သူတို့နှင့်အဘယ်ကြောင့် မရောမနှောပါသနည်း၊ သူတို့ဩဝါဒပေးပုံပေးနည်းများကိုလည်း အဘယ်ကြောင့် မလိုက်လျှောက်ပါသနည်း။ မည်သည့်အတွက်ဟိတ်ဟန်မရှိဘဲ ရိုးသားစွာဖြင့်လူထုလူတန်းစားမျိုးစုံတွင် လှုပ်ရှားနေပါသနည်း။ သူသည်ပုရောဖက်အမှန်ဖြစ်ခဲ့ပါလျှင် သူတို့နှင့်သင့်မြတ်၍ အခွန်ခံသောသူတို့နှင့်ဆိုးသွမ်းသောသူအပေါင်းကို ထိုက်သင့်သည်အတိုင်း ဥပေက္ခာပြုလိမ့်မည်ဟုသူတို့ချင်းဆွေးနွေးကြ၏။ သူတို့နှင့်အမြဲတစေဆန့်ကျင်လျက်ရှိနေသော်လည်း ထိုသူ၏အသက်တာသန့်ရှင်းမြင့်မြတ်ပုံသည် သူတို့အားရှုံ့ကြောက်ရိုသေစေ၍ သူတို့၏အပြစ်များကိုလည်း ထင်ရှားပေါ်လွင်စေသောထိုသူသည် မည်သည့်အတွက်ကြောင့် လူအများကဝိုင်းပယ်ထားသောသူများကို သိသိသာသာစေတနာ ကရုဏာသက်ဝင်နေရပါ

သနည်းဟု လူ့အဖွဲ့အစည်းကိုအုပ်ထိန်းစောင့်ရှောက်ရသော ယုဒဆရာတို့ အမျက်ဒေါသထွက်ကြ၏။ ထိုသူ၏လမ်းစဉ်ကို သူတို့သဘောမတူကြ၊ သူတို့သည်ပညာရှိများဖြစ်သည်ဟူ၍လည်းကောင်း၊ ယဉ်ကျေးသိမ်မွေ့သောသူများဖြစ်သည်ဟူ၍လည်းကောင်း၊ ထူးကဲစွာဘာသာရေးကိုင်းရှိုင်းသူများဖြစ်သည်ဟူ၍လည်းကောင်း သူတို့ကိုယ်သူတို့သဘောထားကြသော်လည်း ခရစ်တော်၏ပုံသက်သေသည် သူတို့၏တစ်ကိုယ်ကောင်းစိတ်ထားများကို ဖေါ်ထုတ်နေပါသည်။

မည်သည့်အခါမျှ တရားဇရပ်များတွင် မတွေ့မမြင်ရသည့်အပြင် သူတို့အားမထီလေးစားပြုလေ့ရှိသောသူတို့သာလျှင် ယေရှု၏အနီးတွင် ဝန်းရံလျက် ကိုယ်တော်၏တရားတော်များကို ဘဝင်ခိုက်အောင် အာရုံစိုက်၍နာယူနေကြသည်ကို ယုဒဓမ္မဆရာများတွေ့မြင်ကြသောအခါ ဒေါသအမျက်ခြောင်းခြောင်းထွက်ကြ၏။ ကိုယ်တော်၏ရှေ့တော်တွင် ဤမျှပီပြင်သန့်စင်ခြင်းကိုကျမ်းပြုဆရာများနှင့် ဖါရိရှဲတို့ကအပြစ်တင်စရာအကြောင်းကိုသာ တွေ့မြင်ကြ၏။ ထိုသို့ဆိုပါက အခွန်ခံသောသူတို့နှင့် ဆိုးသောသူအပေါင်းတို့သည် မည်သည့်အတွက်ကြောင့် ယေရှု၏အနီးသို့ချဉ်းကပ်ကြပါသနည်း။

အဖက်မတန်ဟုယူဆသောကြောင့် "ဤသူသည်ဆိုးသောသူတို့ကိုလက်ခံ" သည်ဟုရှုတ်ချစွပ်စွဲသည့်စကားများ၌ပင်ရှင်းလင်းချက်အဖြေရှိနေသည်ကို သူတို့မသိနားမလည်ကြ။ ယေရှုထံတော်သို့လာရောက်ကြသောသူတို့သည် ကိုယ်တော်၏ရှေ့တော်မှောက်၌အပြစ်ငရဲတွင်းမှလွတ်မြောက်လျက်ရှိနေသည်ဟု တွေ့ထိခံစားနေရကြ၏။ ဖါရိရှဲတို့သည် ထိုသူတို့အား အပြစ်တင်ခြင်းနှင့်ရှုတ်ချခြင်းပြုကြ၏။ သို့သော် ခရစ်တော်မူကား ထိုသူတို့သည် ဘုရားသခင်၏ သားသမီးများဖြစ်

ကြ၍ အဘ၏အိမ်တော်နှင့်ကင်းကွာနေသော်လည်း ခမည်းတော်က မေ့လျော့ထားခြင်းမရှိကြောင်းဖေါ်ညွှန်း၍ ကြိုဆိုနှုတ်ဆက်နေပါသည် ၄င်းအပြင် သူတို့၏စိတ်ဆင်းရဲခြင်းဒုက္ခနှင့် အပြစ်များကြောင့် သူတို့အားပို၍ကရုဏာသက်ဝင်စေတော်မူ၏။ သူတို့သည်စိတ်လေလွင့်၍ ကိုယ်တော်၏အထံတော်မှ ဝေးကွာသွားသည်နှင့်အမျှသူတို့အား ကယ်ဆယ်ရန်ပို၍ဆန္ဒပြင်းပြတော်မူ၏။ ပို၍အနစ်နာခံရတော်မူ၏။

ဣသရေလဓမ္မဆရာများအနေဖြင့် သူတို့စောင့်ရှောက်လိုက်နာပါသည်ဟူ၍လည်းကောင်း၊ သူတို့အနက်အဓိပ္ပါယ်ဖေါ်ပြရှင်းလင်းတတ်ပါသည်ဟူ၍လည်းကောင်း ပြော၍သူတို့ဂုဏ်ယူသောကျမ်းစာတော်မြတ်တွင် ဤအရာအားလုံးကို သူတို့သင်ယူတတ်ကျွမ်းပြီးဖြစ်သင့်ပါသည်။ ဒါဝိဒ်မင်းကြီး၊ အသက်သေစေတတ်သောအပြစ်ညွှန်တွင်းသို့ဆင်းဖူးသော ဒါဝိဒ်မင်းကြီးက “ပျောက်သောသိုးကဲ့သို့ အကျွန်ုပ်သည်လမ်းလွဲပါပြီ။ ကိုယ်တော်၏ ကျွန်ကိုရှာတော်မူပါ” ဟု အက္ခရာတင်ထားခဲ့သည်မဟုတ်ပါလော။ ဆာလံ၊ ၁၁၉း၁၇၆။ “အပြစ်မှလွတ်မြောက်တော်မူထသော၊ ကျန်ကြွင်းသောအမွေတော်လူတို့၏ လွန်ကျူးခြင်းများကိုသည်းခံတော်မူထသော၊ ကရုဏာ၌မွေ့လျော်သောကြောင့်အစဉ် အမျက်ထွက်တော်မမူထသော ကိုယ်တော်ကဲ့သို့အဘယ်ဘုရားသခင်ရှိပါသနည်း” ဟု ပုရောဖက်မိက္ခာက အပြစ်သားအပေါ်တွင်ထားရှိသောဘုရားသခင်၏ကရုဏာတော်အကြောင်းကို ဖေါ်ထုတ်ထားသည်မဟုတ်ပါလော။ မိက္ခာ ၇း၁၈။

## ပျောက်ဆုံးသောသိုး

ဤအချိန်တွင် ခရစ်တော်သည် တရားနာပရိတ်သတ်အား၊ ကျမ်းစာကိုထောက်ပြ၍ သွန်သင်နေသည်မဟုတ်ပါ။ သူတို့ကိုယ်တိုင်

တွေ့မြင်နေရသည်များကို ကိုးကား၍သက်သေသာဓကပြတော်မူ၏။ ယော်ဒန်မြစ်အရှေ့ဘက်တွင် လှပတင့်တယ်၍ မြင်ကွင်းကျယ်သော ကုန်းပြင်မြင့်များ၌ စားကျက်ပေါများသည့်အလျောက် သိုးအုပ်မြောက်မြားစွာကိုသိုးထိန်းများစောင့်ထိန်းနေကြရာ ကျောက်တွင်း၊ တောင်ကြားနှင့်သစ်တောထူထပ်သည့်တောင်ကုန်းများပေါ်တွင် သိုးအများလမ်းလွဲအုပ်ကွဲပျောက်ဆုံးသဖြင့် သိုးထိန်းများလိုက်လံရှာဖွေ၍ ပြန်လည်ဆောင်ကြဉ်းခဲ့သည်များရှိတတ်ပါသည်။ ခရစ်တော်ကိုဝန်းရံလျက်ရှိသောလူထုပရိသတ်ကြီးတွင် သိုးထိန်းအများနှင့် သိုးနွားတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံထားသူအများစု ပါဝင်သောကြောင့် "သင်တို့တွင် တစ်စုံတစ်ယောက်သောသူ၌ သိုးတစ်ရာရှိ၍ သိုးတစ်ကောင်ပျောက်လျှင် ကိုးဆယ့်ကိုးကောင်သောသိုးတို့ကို တောတွင်ထားခဲ့ပြီးမှပျောက်သောသိုးတစ်ကောင်ကိုမတွေ့မီတိုင်အောင် သွား၍မရှာဘဲနေမည်လော" ဟု ကိုယ်တော်ပေးသောဥပမာကို ကောင်းစွာသဘောပေါက်ကြ၏။

သင်တို့မထီမဲ့မြင်ပြုသော ဤအသက်ဝိညာဉ်တို့ကို ဘုရားသခင်ပိုင်တော်မူ၏ဟု ယေရှုရှင်မိန့်တော်မူ၏။ ဖန်ဆင်းတော်မူခြင်းအားဖြင့်လည်းကောင်း၊ ရွေးနုတ်တော်မူခြင်းအားဖြင့်လည်းကောင်း သူတို့အားကိုယ်တော်ပိုင်တော်မူသည်ဖြစ်၍ကိုယ်တော်၏ရှေ့တော်၌များစွာအဖိုးထိုက်၏။ သိုးထိန်းသည် မိမိ၏သိုးတို့ကိုချစ်မြတ်နိုး၍ တစ်ကောင်တည်းပင်ပျောက်ဆုံးနေစေကာမူ မရှာဘဲမနေနိုင်သကဲ့သို့ ဘုရားသခင်သည်လည်း စွန့်ပယ်ထားခြင်းကိုခံရသည့်အသက်ဝိညာဉ်တိုင်းကိုအတိုင်းအတာမရှိအောင် ပို၍မြင့်မားစွာချစ်တော်မူ၏။ လူတို့သည်ကိုယ်တော်၏မေတ္တာတော်ကိုငြင်းပယ်ကောင်း ငြင်းပယကြပေလိမ့်မည်။

ကိုယ်တော်ထံမှလေလွင့်ပျောက်ဆုံးနေကောင်းနေကြပေလိမ့်မည်။ အခြားသောအရှင်သခင်ကို ရွေးကောင်းရွေးနေကြပေလိမ့်မည်။ သို့သောသူတို့အား ဘုရားသခင်ပိုင်တော်မူ၏။ ကိုယ်တော်ပိုင်တော်မူသောကြောင့် ပြန်လည်သိမ်းပိုက်ရန်လိုလားတော်မူ၏။ ထိုကြောင့် "ကွဲပြားလျက်ရှိသောမိမိသိုးတို့တွင် သိုးထိန်းရောက်သောအခါ ကြိုးစား၍ရှာသကဲ့သို့ ငါသည်လည်းငါ့သိုးတို့ကို ကြိုးစား၍ရှာမည်။ မိုးအုံ့၍ မိုက်သောနေ့၌ သူတို့ကွဲပြားသောအရပ်ရပ်တို့က ငါနုတ်ဆောင်မည်" ဟု ကိုယ်တော်မိန့်တော်မူ၏။ ယေဇ ၃၄း၁၂။

ဥပမာတွင် သိုးထိန်းသည် ပျောက်သောသိုးတစ်ကောင်ကို ထွက်၍ရှာဖွေ၏။ ကိန်းဂဏန်းအားဖြင့် အနည်းဆုံးသောအရေအတွက်ဖြစ်၏။ ထိုနည်းတူ ပျောက်ဆုံးသောအသက်ဝိညာဉ်တစ်ခုတည်းပင်ဖြစ်လင့်ကစား၊ ထိုပျောက်ဆုံးသောအသက်ဝိညာဉ်တစ်ခုအတွက်ကိုပင် ခရစ်တော်အသေခံတော်မူခဲ့ပေလိမ့်မည်။

သိုးအုပ်မှကွဲသွားသောသိုးသည် သိုးအုပ်တွင်ခွန်အားအနည်းဆုံးဖြစ်ပါသည်။ ထိုသိုးသည် သိုးခြံသို့ပြန်ရာလမ်းကိုမသိသောကြောင့် သိုးထိန်းသည် ထိုသိုးကိုရှာဖွေရန်လိုအပ်ပါသည်။ ထိုနည်းအတူဘုရားသခင်ထံတော်မှ လေလွင့်ပျောက်ဆုံးသောအသက်ဝိညာဉ်သည်လည်း သိုးအုပ်မှကွဲသွားသောသိုးကဲ့သို့ ခိုလှုံရာမဲ့သောကြောင့် ကိုယ်တော်၏မေတ္တာတော်က မကယ်ဆယ်ပါလျှင် သူသည် ဘုရားသခင်၏ထံသို့ ပြန်ရာလမ်းကို မည်သည့်အခါမျှရှာ၍တွေ့လိမ့်မည်မဟုတ်ပါ။

သိုးတစ်ကောင်ပျောက်နေကြောင်းသိသောသိုးထိန်းသည် သိုးခြံတွင်း၌လုံခြုံစွာရှိနေသောသိုးများကို အမှတ်တမဲ့ကြည့်၍ "ငါ့မှာကိုးဆယ့်ကိုးကောင်ရှိသေး၏။ ပျောက်နေသောသိုးတစ်ကောင်ကိုရှာဖို့ဒုက္ခများလွန်းပါသည်။ သူ့ဟာသူပြန်လာပါစေ။ သူဝင်လာဖို့ သိုးခြံတံခါးဝကို

ငါဖွင့်ထားမည်” ဟူ၍ပြောသည်မဟုတ်ပါ။ ထိုသိုးလမ်းလွဲသွားသည်နှင့် တစ်ပြိုင်နက် စိတ်ပူပန်။ စိုးရိမ်ကြောင့်ကြ၏။ သိုးအုပ်ကိုရေတွက်၏။ နောက်တစ်ဖန်ရေတွက်ပြန်၏။ သိုးတစ်ကောင်ပျောက်ဆုံးနေကြောင်း ထင်ရှားသောအခါ မအိပ်နိုင်ပါ။ ကိုးဆယ့်ကိုးကောင်သောသိုးတို့ကို သိုးခြံတွင်ထားခဲ့၍ ပျောက်ဆုံးလမ်းလွဲသောသိုးကိုရှာဖွေရန်ထွက်သွားလေ၏။ ညဥ့်ကာလသည်ပို၍မှောင်မိုက်လာပြီးလျှင် မုန်တိုင်းသည်လည်း ပို၍ပြင်းထန်လာသည်နှင့်အမျှ လမ်းခရီးမှာလည်း ပို၍အန္တရာယ်များလာပါသည်။ ထိုအခါသိုးထိန်းသည် ပို၍စိုးရိမ်ကြောင့်ကြလေ၏။ ပို၍စိတ်ပါကိုယ်ရောက်ရှာဖွေလေ၏။ ပျောက်ဆုံးသောသိုးတစ်ကောင်အတွက် အစွမ်းကုန်ကြိုးစား၍ရှာဖွေလေတော့၏။

အဝေးကပင် မသဲမကွဲသောသိုးအော်သံကို ပထမဦးစွာကြားရသောအခါ အဘယ်မျှစိတ်သက်သာရာရသွားပါသနည်း။ အသံကြားရာဆီသို့အမတ်အစောက်ဆုံးသောအမြင့်ကိုပင်တက်၏။ အဝေးဆုံးသောချောက်ကမ်းပါးအစွန်းထိအောင် ကိုယ့်အသက်ကိုစွန့်၍သွား၏။ ယင်းသို့အားဖြင့် ပထမဦးစွာကြားခဲ့ရသည့်မသဲမကွဲသောသိုးအော်သံသည် ပို၍ပို၍တိုးလာသည်နှင့်အမျှ သိုးကလေး၏အသက်လည်း ကုန်ဆုံးဖို့နီးလာကြောင်းကိုရှာဖွေရင်းသူသိ၏။ သို့သော် နောက်ဆုံးတွင် သူသည်အားထုတ်ကြိုးစားသမျှ အကျိုးထူးခံစားရလေပြီ။ ပျောက်ဆုံးသောသိုးကိုတွေ့လေပြီ။ ယင်းကဲ့သို့သူခံရသမျှဒုက္ခအတွက် သိုးကလေးအားမြည်တွန်တောက်တီးခြင်းမပြု၊ ကြိမ်လုံးနှင့်လည်းမရိုက်မမောင်း၊ သိုးခြံသို့ရောက်ရန်ရှေ့ကလည်းမဆွဲမဆောင်၊ ကြောက်ရွံ့တုန်လှုပ်နေသောသိုးကလေးကို ဝမ်းသာအားရစွာဖြင့် ပုခုံးပေါ်တွင်ထမ်းလိုက်၏။ ပွန်းပဲ့ဒဏ်ရာရှိနေခဲ့ပါလျှင်လည်း သိုးကလေးအသက်ရှင်စေရန် မိမိ၏ရင်ခွင်တွင်ပူးကပ်စွာပွေ့ပိုက်၍ အပူငွေ့ပေးထား၏။ “မိမိရှာဖွေခဲ့သည့်ဒုက္ခ

အလဟဿမဖြစ်၊ ကျေးဇူးကြီးလှပေ၏" ဟုသဘောပိုက်၍ သိုးခြံတွင်းသို့ရောက်အောင် သယ်ပိုးချီးဆောင်ခဲ့လေ၏။

ဝမ်းနည်းကြေကွဲသောသိုးထိန်းသည် ပျောက်ဆုံးနေသောသိုးကို မတွေ့ဘဲ ပြန်လာခဲ့ရသည့်ရုပ်ပုံကို ကျွန်ုပ်တို့ဆင်ခြင်ရန်အတွက် ဥပမာပုံမဆောင်ခဲ့သောကြောင့် ဘုရားသခင်ကိုကျေးဇူးတင်ပါ၏။ ဥပမာပုံသည် မအောင်မြင်ခြင်းအကြောင်းမဟုတ်၊ ပြန်၍တွေ့သောကြောင့် အကျိုးဖြစ်ထွန်းသည့်အပြင် ဝမ်းမြောက်သမ်းသာဖြစ်ရကြောင်းကို ဖေါ်ထုတ်ထားပါသည်။ ဤနေရာတွင် ပျောက်ဆုံးနေသောဘုရားသခင်၏သိုးတစ်ကောင်ကိုမျှမေ့လျော့ထားမည်မဟုတ်ကြောင်း၊ တစ်ကောင်ကိုမျှအထောက်အကူမပေးဘဲထားမည်မဟုတ်ကြောင်း အာမခံထားတော်မူ၏။ ရွေးနုတ်တော်မူရန်အတွက် သဘောတူ၍ဝန်ခံသူတိုင်းသည် ပျက်စီးယိုယွင်းရာ ငရဲတွင်းမှလည်းကောင်း၊ နှောင့်ယှက်တတ်သော အပြစ်ဆူးငြောင့်မှလည်းကောင်း ခရစ်တော်ကယ်တင်တော်မူလိမ့်မည်။

စိတ်ညှိုးငယ်သောသူ၊ သင်သည် ဆိုးသွမ်းမှုကိုပြုခဲ့မိသည့်အတွက်စိတ်မပျက်ပါနှင့်၊ အားယူ၍ရဲရင့်ခြင်းရှိပါလော့။ သင်ပြုမိသောဒုစရိုက်မကောင်းမှုများကို ဘုရားသခင်ခွင့်လွှတ်ကောင်းခွင့်လွှတ်လိမ့်မည်ဖြစ်၍ကိုယ်တော်၏ရှေ့တော်သို့ဝင်ကောင်းဝင်ရလိမ့်မည်ဟုမယူဆပါနှင့်။ ဘုရားသခင်သည် ရှေးဦးစွာရှေ့သို့တိုးတော်မူ၏။ သင်သည် ကိုယ်တော်အားပုန်ကန်နေစဉ်ကပင် ကိုယ်တော်သည်သင့်ကိုထွက်၍ရှာတော်မူ၏။ ကြင်နာတတ်သောသိုးထိန်းပမာ ဘုရားသခင်သည် ကိုးဆယ့်ကိုးကောင်သောသိုးတို့ကိုထားခဲ့၍ ပျောက်သောသိုးကိုရှာရန် တောတွင်းသို့ထွက်ခဲ့တော်မူ၏။ ပွန်းပဲ့ဒဏ်ရာရပြီးလျှင် ပျက်စီးဆုံးရှုံးလုနီးသောအသက်ဝိညာဉ်ကို ကိုယ်တော်သည်မေတ္တာတော်လက်ရုံးဖြင့်ပွေ့ပိုက်၍ လုံခြုံသောသိုးခြံတွင်းသို့ ဝမ်းမြောက်စွာချီဆောင်ခဲ့တော်မူ၏။

အပြစ်သားထံသို့ ဘုရားသခင်၏မေတ္တာတော်မကမ်းမလှမ်းမီ အပြစ်သားကရှေးဦးစွာနောင်တရရမည်ဟု ယုဒဆရာများကသင်ကြားကြ၏။ နောင်တရမှသာ ကောင်းကင်ဘုံ၏ဆုကျေးဇူးကိုရနိုင်မည်ဟု သူတို့ထင်မှတ်ကြ၏။ ထိုသို့ထင်မြင်ယူဆခြင်းကြောင့် ဖါရိရှဲများက "ဤသူသည်ဆိုးသောသူများတို့ကိုလက်ခံ" သည်ဟု အံ့အားသင့်၍ အမျက်ဒေါသဖြင့် ပြောကြ၏။ သူတို့၏ထင်မြင်ယူဆချက်အရဆိုပါက နောင်တရသူမှအပ မည်သူမျှကိုယ်တော်ကလက်မခံသင့်ပါ။ သို့ရာတွင် ပျောက်ဆုံးသောသိုး၏ ဥပမာအရဆိုပါက ကျွန်ုပ်တို့သည် ဘုရားသခင်ကိုရှာသောကြောင့် ကယ်တင်ခြင်းရကြသည်မဟုတ်၊ ဘုရားသခင်က ကျွန်ုပ်တို့အားရှာသောကြောင့်သာ ကယ်တင်ခြင်းရကြသည်ကို ခရစ်တော်ဩဝါဒပေးတော်မူ၏။ "နားလည်သောသူမရှိ၊ ဘုရားသခင်ကိုရှာသောသူမရှိ။ လူအပေါင်းတို့သည်လမ်းလွဲကြပြီ။" ရောမ ၃း၁၁၊၁၂။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်တော်မူရန်အတွက် ကျွန်ုပ်တို့နောင်တရကြသည်မဟုတ်၊ ကျွန်ုပ်တို့နောင်တရကြစေရန်အတွက် ကိုယ်တော်သည် မိမိ၏မေတ္တာတော်ကို ထင်ရှားစွာပြတော်မူ၏။

လမ်းလွဲသောသိုးကို နောက်ဆုံးသိုးခြံတွင်းသို့ခေါ်ဆောင်ခဲ့သောအခါ သိုးထိန်းသည် ဝမ်းမြောက်စရာသီချင်းများကို သာယာစွာသီဆို၍ ကျေးဇူးတော်ကိုချီးမွမ်းခဲ့ပါသည်။ အိမ်နီးချင်းများနှင့်အဆွေခင်ပွန်းတို့ကိုခေါ်၍ "ပျောက်သောသိုးကိုငါတွေ့ပြီ၊ ငါနှင့်အတူ ဝမ်းမြောက်ကြလော့" ဟုပြော၏။ ထိုနည်းအတူ စိတ်လေလွင့်နေသူတစ်ဦးအားသိုးထိန်းရှင်တွေ့တော်မူသောအခါ ကောင်းကင်နှင့်မြေကြီးစုပေါင်း၍ ဝမ်းသာအားရသဖြင့် ကျေးဇူးတော်ကိုချီးမွမ်းကြပါသည်။

"သိုးနည်းတူဖြောင့်မတ်၍ နောင်တရစရာအကြောင်းမရှိသောသူကိုးဆယ့်ကိုးယောက်တို့ဉ် ကောင်းကင်သားတို့သည် ဝမ်းမြောက်ခြင်း

ရှိသည်ထက် နောင်တရသောလူဆိုးတစ်ယောက်၌သာ၍ဝမ်းမြောက်ခြင်းရှိကြ၏။” ဤအချိန်တွင် ခရစ်တော်ကဖါရိရှဲတို့၊ သင်တို့အား ကောင်းကင်ဘုံအထူးချစ်သည်ဟု သင်တို့ထင်မြင်ကြသည်မဟုတ်လော။ သင်တို့သည် ကိုယ်ကိုကိုယ်ဖြောင့်မတ်သည်ဟုယူဆ၍ လုံခြုံမှုရှိနေကြညီဟု ထင်ကြသည်မဟုတ်လော။ ထိုကြောင့် နောင်တရစရာမလိုတော့ဟုယူဆပါက သင်တို့အတွက် ငါလာသည်မဟုတ်။ သို့သော် ဤအားနည်းသောသူတို့မှုကား သူတို့ကိုယ်တိုင်အားဖြင့် မစုံလင်ကြောင်း၊ မကောင်းမှုအပြစ်များနှင့်ပြည့်ဝနေကြောင်း သူတို့ကိုယ်တိုင်သိတွေ့ဝန်ခံကြသဖြင့် သူတို့ကိုကယ်ဆယ်ခြင်းငှါငါလာ၏။ သင်တို့အထင်အမြင်သေးသည့် ဤပျောက်ဆုံးသောသူတို့၏အကျိုးကို ကောင်းကင်တမန်တို့လိုလားကြ၏။ ဤကဲ့သို့သောသူတစ်ဦးတစ်ယောက် ငါ့ထံသို့လာ၍ ငါနှင့်ပူပေါင်းလျှင် သင်တို့ငြူစူကြ၏။ ကဲ့ရဲ့ကြ၏။ သို့သော ကောင်းကင်တမန်တို့ဝမ်းမြောက်ကြသဖြင့် သူတို့၏အောင်ပွဲခံသော သီဆိုသံများသည် ကောင်းကင်တံတိုင်းတော်တစ်လျှောက်လုံး ပဲ့တင်ထပ်လျက်ရှိသည်ကို သင်တို့သိထားကြပါလောဟု ခရစ်တော်မိန့်တော်မူ၏။

ဘုရားသခင်ကိုပြစ်မှားသောသူတစ်ယောက် ဖျက်ဆီးခြင်းခံရသောအခါ “ကောင်းကင်တွင်ဝမ်းမြောက်ခြင်းရှိ၏” ဟု ယုဒဓမ္မဆရာတို့တွင် ဆိုရိုးစကားတစ်ခုရှိပါသည်။ သို့သော် ဖျက်ဆီးခြင်းလုပ်ငန်းမှာဘုရားသခင်အတွက် မလိုလားသောလုပ်ငန်းဖြစ်ကြောင်း၊ ကိုယ်တော်ဖန်ဆင်းထားတော်မူသော အသက်ဝိညာဉ်တွင် ကိုယ်တော်၏ပုံသဏ္ဌာန်တော်ကိုပြန်လည်တည်မြဲစေရန်ကိုသာ ကောင်းကင်တစ်ဝန်းလုံးက လိုလားကြောင်း သခင်ယေရှုမိန့်တော်မူ၏။

အပြစ်မကောင်းမှုအတွင်း၌ နစ်မွန်း၍စိတ်လေလွင့်နေသောသူတစ်ဦးကို ဘုရားသခင်ထံသို့ပြန်လာရန် ကြိုးစားသောအခါ ဝေဖန်ခြင်းနှင့်မယုံသင်္ကာဖြစ်ခြင်းများကို ရင်ဆိုင်ရလိမ့်မည်။ သူ၏နောင်တသံဝေဂသည် စစ်မှန်ပါ၏လောဟု သံသယဖြစ်ကြလိမ့်မည်။ သို့မဟုတ် "သူသည်တည်ကြည်သူမဟုတ်၊ တည်မြဲလိမ့်မည်ဟူ၍လည်း ငါတို့မထင်" ဟုတီးတိုးပြောသူများရှိကြလိမ့်မည်။ ဤသို့ပြောသောသူများသည်ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်နေကြသည်မဟုတ်၊ စာတန်နည်းတူ ညီအစ်ကိုများကိုစွပ်စွဲသူဖြစ်ကြ၏။ သူတို့ဝေဖန်ပြောဆိုဖြင်းများအားဖြင့် မတရားသူစာတန်သည် ထိုအသက်ဝိညာဉ်အားမျှော်လင့်ခြင်းနှင့်လည်းကောင်း၊ ဘုရားသခင်နှင့်လည်းကောင်း ပို၍ဝေးကွာစေရန် သူမျှော်မှန်း၏။ ပျောက်ဆုံးနေသောသူတစ်ဦး ပြန်လာသည့်အတွက် ကောင်းကင်၌ ဝမ်းမြောက်ခြင်းများစွာရှိကြောင်း နောင်တရသောအပြစ်သားသည် တွေးတောစဉ်းစားပါစေ။ ဖါရိရှဲတို့မယုံသင်္ကာဖြစ်ခြင်းနှင့် သရော်ခြင်းများကြောင့် စိတ်ပျက်အားလျော့ခြင်း မည်သို့မျှမဖြစ်စေဘဲ ဘုရားသခင်၏မေတ္တာတော်အရိပ်မှာခိုနားပါစေ။

ခရစ်တော်သည် အခွန်ခံနှင့်ဆိုးသောသူများကို အကြောင်းပြု၍ဥပမာတင်စားထားကြောင်း ဖါရိရှဲတို့နားလည်သဘောပေါက်ကြ၏။ သို့သော် ၄င်းထက်ပိုမိုကျယ်ပြန့်သောအဓိပ္ပါယ်ရှိပါသေးသည်။ ပျောက်ဆုံးသောသိုးသည် အပြစ်သားတစ်ဦးကိုသာပုံဆောင်ထားသည်မဟုတ်၊ အပြစ်ဒုစရိုက်ကြောင့် အယူမှား၍ ပျက်စီးဆုံးရှုံးနေသော ဤကမ္ဘာတစ်ခုတည်းကိုလည်း ပုံဆောင်ထားပါသေး၏။ ဤကမ္ဘာသည် ဘုရားသခင်စိုးပိုင်တော်မူသည့် ကျယ်ပြောလှစွာသောစကြာဝဠာကြီးတွင် မြူမှုန်ကလေးတစ်ခုပမာဖြစ်သော်လည်း ဤပျောက်ဆုံးသောသိုးတစ်ကောင်

တည်းဟူသောကမ္ဘာလေးတစ်ခုသည် သိုးခြံနှင့်မကင်းမကွာသော သိုးကိုးဆယ့်ကိုးကောင်ထက်ပို၍ ဘုရားသခင်၏ရှေ့တော်တွင် အဖိုးထိုက်တန်ပါသည်။ ချစ်မြတ်နိုးတော်မူခြင်းကိုခံရသည့်ကောင်းကင်တံတိုင်းတော်တို့၏ တပ်ဗိုလ်ကြီးခရစ်တော်သည် ပျောက်ဆုံးသော ဤကမ္ဘာတစ်ခုကိုကယ်ဆယ်ရန် ခမည်းတော်နှင့်အတူစံစားတော်မူရသည့် ဘုန်းတော်ပလ္လင်ကို ခေတ္တစွန့်ဖယ်၍ မြင့်မြတ်တော်မူရာမှနိမ့်ကျသော ဤလောကသို့ဆင်းခဲ့တော်မူ၏။ ဤအမှုတော်အတွက် ကိုယ်တော်သည် မိမိအားချစ်မြတ်နိုးကြသည့် ကိုးဆယ့်ကိုးလုံးပမာ အပြစ်ကင်းသော ကောင်းကင်ကမ္ဘာအပေါင်းကိုထားခဲ့ပြီးလျှင် "ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်း" ကိုခံစားရန် ဤလောကသို့ကြွဆင်းတော်မူခဲ့ပါသည်။ ဟေရှာ ၅၃း၅။ ပျောက်ဆုံးသောသိုးကိုပြန်လည်ရရှိသည့်အတွက် ခံစားရမည့်ဝမ်းမြောက်ခြင်းကိုလိုလားတော်မူသောကြောင့် ဘုရားသခင်သည် သားတော်အားဖြင့် မိမိကိုယ်ကိုပေးစွန့်တော်မူ၏။

"ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းအခွင့်ကိုငါတို့သည်ရမည်အကြောင်း ၊ဘုရားသခင်သည် ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကိုကြည့်ရှုဆင်ခြင်ကြလော့။" ၁ ယော၊ ၃း၁။ ထိုမှတစ်ပါး ခရစ်တော်က "ကိုယ်တော်သည် အကျွန်ုပ်ကို ဤလောကသို့စေလွှတ်တော်မူသည်နည်းတူ၊ အကျွန်ုပ်သည် ဤသူတို့ကိုစေလွှတ်ပါ၏" ဟု မိန့်တော်မူ၏။ ယော၊ ၁၇း၁၈။ ထိုသို့မိန့်တော်မူခြင်းမှာ "ခရစ်တော်၏ဆင်းရဲဒုက္ခအကြွင်းအကျန်ကိုအသင်းတော်တည်းဟူသော ကိုယ်တော်အဖို့" ဆက်လက်ခံစားကြရန်ဖြစ်ပါသည်။ ကော၊ ၁း၂၄။ ခရစ်တော်ကယ်ဆယ်ထားတော်မူသောသူတိုင်းသည် ပျောက်ဆုံးသောသူများအားကိုယ်တော်၏နာမတော်အားဖြင့်ကယ်ဆယ်ရန်ခေါ်တော်မူခြင်းကိုခံရသောသူများဖြစ်ကြ၏။ ဣသရေလလူတို့တွင် ယင်းအမှုတော်လစ်ဟင်းခဲ့ပါသည်။ ယနေ့ခရစ်တော်၏နောက်လိုက်များဟု အခေါ်ခံနေကြသော

သူများသည်လည်း ယင်းအမှုတော်ကိုအဘယ်မျှ ဥပေက္ခာပြုနေကြပါသနည်း။

စာဖတ်နေသူ၊ သင့်အနေဖြင့် လေလွင့်ပျောက်ဆုံးနေသူမည်မျှကိုရှာဖွေ၍ သိုးခြံတွင်းသို့ခေါ်ဆောင်ခဲ့ပြီးပါပြီနည်း။ မျှော်လင့်ချက်မရှိပါဟူ၍လည်းကောင်း၊ ချဉ်းကပ်၍ရနိုင်ဖွယ်မရှိပါဟူ၍လည်းကောင်း သင်ယူဆသဖြင့် ကျောခိုင်းခဲ့သောသူတို့သည် ခရစ်တော်ရှာဖွေနေသောသူများဖြစ်ပါလျက် သင့်အနေဖြင့် အမှုမထားသည်ကို သင်စဉ်းစားမိပါ၏လော။ သူတို့အား သင်ကျောခိုင်းခဲ့သည့်အချိန်များမှာပင် သူတို့သည် သနားကြင်နာမှုကိုအလိုအပ်ဆုံးသောအချိန်ဖြစ်နေနိုင်ပါသည်။ ဘုရားသခင်ကိုဝတ်ပြုနေသည့်အစည်းအဝေးတိုင်းတွင်ငြိမ်သက်ခြင်းနှင့်နားနေခြင်းကိုလိုလားတမ်းတနေသောသူများဖြစ်သည်ဟု တွေ့မြင်ရမည်ဖြစ်သော်လည်း သန့်ရှင်းသောဝိညာဉ်တော်ပြုပြင်မှုကိုခံယူနိုင်သောသူများဖြစ်ပါသည်။ ထိုသူများတွင် အများသောသူတို့ကို ခရစ်တော်ထံသို့ပို့ဆောင်နိုင်စရာအကြောင်းရှိပါသည်။

အကယ်၍ပျောက်သောသိုးကို သိုးခြံတွင်းသို့ရောက်အောင်ပြန်၍မဆောင်ကြဉ်းခဲ့ပါက သေဆုံးသည်တိုင်အောင်လှည့်ပတ်လေလွင့်နေလိမ့်မည်။ အသက်ဝိညာဉ်အများမှာ လက်လှမ်း၍ကယ်မည့်သူမရှိသောကြောင့် ပျက်စီးဆုံးရှုံးခြင်းနှင့်တွင်းသို့သက်ဆင်းရကြ၏။ ဤသို့မှားယွင်းနေသူများသည် မာကျောခက်ထန်၍ သတိမမူသောသူများဖြစ်သည်ဟု ထင်မြင်ရသော်လည်း သူတစ်ပါးရရှိသောအခွင့်အရေးမျိုးကိုရရှိမည်ဆိုပါက သူတို့သည် ပို၍ဂုဏ်အသရေရှိမည်သာမက အကျိုးပြုလုပ်ငန်းအတွက် သာ၍ကြီးသောစွမ်းရည်သတ္တိရှိနိုင်ပါသည်။ ယင်းလေလွင့်နေသူများကို ကောင်းကင်တမန်တို့ကကြင်နာသနားကြ၏။ လူသားတို့ကမသနားမညှာတာမျက်ရည်မကျသော်လည်း ကောင်းကင်တမန်တို့ငိုကြွေးကြ၏။

အို၊ စုံစမ်းနှောင့်ယှက်ခြင်းခံရသည့်အတွက် လမ်းလွဲနေသော အသက်ဝိညာဉ်ကိုတွေ့ထိနိုင်လောက်သည့် နက်ရှိုင်းသောသနားကြင်နာမှုတရားကင်းမဲ့လှပါသည်တကား။ အို၊ ခရစ်တော်ကဲ့သို့သောစိတ်နေသဘောထားရှိ၍ တစ်ကိုယ်ကောင်းစိတ်လျှော့သင့်ပါ၏။ ပို၍လျှော့သင့်လှပါသည်တကား။

ခရစ်တော်၏ဥပမာသည် သူတို့အတွက် ဆုံးမစကားဖြစ်ကြောင်းဖါရိရှဲတို့သဘောပေါက်ကြ၏။ ကိုယ်တော်သည် သူတို့၏ဝေဖန်ချက်ကိုလက်မခံသည့်အပြင် သူတို့သည် အခွန်ခံနှင့်ဆိုးသောသူတို့အားပစ်ပယ်ထားကြသည့်အတွက် အပြစ်ရှိကြောင်းပေါ်လွင်အောင်ဆုံးမတော်မူ၏။ ကိုယ်တော်နှင့်သူတို့စိတ်ဝမ်းကွဲကြမည်ကိုသိတော်မူ၍ ဤအချက်ကိုဖြောင်ဖွင့်၍မပြောဘဲ ဘုရားသခင်အလိုရှိတော်မူသည့်အတိုင်း သူတို့မဆောင်ရွက်ကြသေးသည်ကို ကွင်းကွင်းကွက်ကွက် မြင်အောင်ဥပမာပုံဆောင်၍မိန့်တော်မူ၏။ ဣသရေလခေါင်းဆောင်တို့သည် မှန်သောသိုးထိန်းများဖြစ်ကြပါက သိုးထိန်း၏လုပ်ငန်းကိုဆောင်ရွက်ကြလိမ့်မည်။ သူတို့သည် ခရစ်တော်၏သာသနာတော်တွင် ကိုယ်တော်နှင့်အတူပေါင်းဖက်ဆောင်ရွက်ခြင်းဖြင့် ကိုယ်တော်၏သနားကြင်နာမှုနှင့်ချစ်ခြင်းကိုထင်ရှားစေကြလိမ့်မည်။ ယင်းသို့မဆောင်ရွက်ကြသောကြောင့် သူတို့၌ဘုရားတရားရှိသည်ဆိုခြင်းမှာ မုသားစကားသာဖြစ်၏။ ယခုအခါတွင်လူအများကခရစ်တော်၏သြဝါဒများကို ငြင်းပယ်ကြသော်လည်း အချို့စိတ်နှလုံးပြောင်းလဲကြ၏။ ခရစ်တော်သည်ကောင်းကင်နိုင်ငံတော်သို့ပြန်လည်တက်ကြွသွားတော်မူပြီးသည်နောက် သန့်ရှင်းသောဝိညာဉ်တော်သည် ဤသူတို့အပေါ်သို့သက်ရောက်၍ သူတို့သည်တပည့်တော်များနှင့်ပေါင်းဖက်ပြီး ပျောက်သောသိုး၏ဥပမာတွင်လမ်းခင်းထားသောလုပ်ငန်းကို ဆောင်ရွက်ကြ၏။

---ooo---

## ပျောက်သောငွေတစ်ပြား

ပျောက်သောသိုးဥပမာကို မိန့်တော်မူပြီးနောက် ခရစ်တော်သည်အခြားသောဥပမာကိုပေးတော်မူပြန်သည်မှာ "တစ်စုံတစ်ယောက်သောမိန်းမ၌ ငွေဆယ်ပြားရှိ၍တစ်ပြားပျောက်လျှင် ဆီမီးကိုထွန်း၍မတွေ့မီတိုင်အောင်တစ်အိမ်လုံးကိုလှည်း၍စေ့စေ့မရှာဘဲနေမည်လော။"

အရှေ့တိုင်းပြည်အချို့တွင် ဆင်းရဲနွမ်းပါးသူများ၏ နေအိမ်၌များသောအားဖြင့် အခန်းတစ်ခန်းသာရှိသည့်ပြင် ပြတင်းပေါက်မရှိသည့်အတွက် အလင်းရောင်ကင်းမဲ့နေတတ်ပါသည်။ အခန်းကိုလည်းရှင်းလင်းမှုနည်းသောကြောင့် ကြမ်းပေါ်သို့ကျသွားသောငွေတစ်ပြားကိုဖုန်မှုန့်နှင့်အမှိုက်သရိုက်များဖြင့် ချက်ချင်းဖုံးအုပ်နေတတ်ပါသည်။ နေ့အချိန်၌ပင်ဖြစ်သော်လည်း ယင်းပျောက်ဆုံးသောငွေတစ်ပြားကိုပြန်လည်တွေ့ရှိစေရန် ဖယောင်းတိုင်ထွန်းညှိ၍အိမ်ကိုတံမြက်လှည်းပြီးစေ့စေ့ရှာဖွေရပါသည်။

မင်္ဂလာဆောင်ချိန်က အမျိုးသမီးရရှိခဲ့သောမင်္ဂလာဝေစုတွင်များသောအားဖြင့် ငွေပြားများပါဝင်တတ်ပါသည်။ ယင်းငွေပြားများတွင်အမျိုးသမီးများ သေသေချာချာ သိမ်းဆည်းထားလေ့ရှိကြပါသည်။ ယင်းသို့အမြတ်တနိုးစောင့်ထိန်းထားခြင်းမှာ တစ်ကြိမ်တွင် မိမိ၏သမီးများအား ဆက်လက်ကူးပြောင်းပေးရန်ဖြစ်ပါသည်။ အကယ်၍ ယင်းငွေတစ်ပြားမျှ ပျောက်ဆုံးသွားခဲ့ပါလျှင် ကြီးလေးသောအန္တရာယ်ဖြစ်သည်ဟုသဘောထားသဖြင့် ပြန်၍တွေ့သောအခါ အိမ်နီးချင်းအမျိုးသမီးများနှင့်အတူ အထူးဝမ်းမြောက်အားရကြ၏။

ထို့ကြောင့် " တွေ့ပြီးလျှင်အဆွေခင်ပွန်းအိမ်နီးချင်းများကိုခေါ်၍ ပျောက်သောငွေပြားကိုငါတွေ့ပြီ။ ငါနှင့်အတူဝမ်းမြောက်ကြလော့ဟု

ဆိုတတ်သည်မဟုတ်လော။ ထိုနည်းအတူ ငါဆိုသည်ကား ဘုရားသခင်၏ကောင်းကင်တမန်တို့သည် နောင်တရသောလူဆိုးတစ်ယောက်၌ ဝမ်းမြောက်ခြင်းရှိကြသည်ဟု မိန့်တော်မူ၏။"

ဤဥပမာသည် ရှေ့ကဥပမာကဲ့သို့တစ်စုံတစ်ခုပျောက်ဆုံးခြင်းနှင့်စပ်ဆိုင်သည်သာမက စေ့စေ့စပ်စပ်ရှာဖွေလျှင် ပြန်လည်တွေ့ရှိ၍ အထူးဝမ်းမြောက်ရကြမည်ဖြစ်ကြောင်း ဖော်ပြထားခြင်းဖြစ်ပါသည်။ သို့သော် ဥပမာနှစ်ခုသည် တူညီမှုမရှိသောလူတန်းစားနှစ်ရပ်ကိုဖော်ပြထားပါသည်။ ပျောက်သောသိုးသည် သူပျောက်နေကြောင်းကိုလည်းကောင်း၊ သိုးထိန်းနှင့်သိုးအုပ်ကိုခွဲခွာခဲ့သည်ဖြစ်၍ သူတို့ကိုယ်တိုင်ပြန်၍ တွေ့အောင်မရှာနိုင်တော့ကြောင်းကိုလည်းကောင်း သူသိ၏။ ယင်းဥပမာသည် ဘုရားသခင်နှင့်ကင်းကွာနေသဖြင့် စိတ်ရှုပ်ထွေးခြင်း၊ အသရေပျက်ခြင်းနှင့်နာကြဉ်းစွာသွေးဆောင်ခြင်းများကိုခံလျက် နေရကြောင်းသဘောပေါက်သောသူကိုပုံဆောင်ထားပါသည်။ ပျောက်သောငွေပြားသည် ကျူးလွန်ခြင်းနှင့် မကောင်းမှုအပြစ်တွင် နစ်နေသော်လည်းကိုယ့်အခြေအနေကိုမသိသောသူများကိုပုံဆောင်ထားပါသည်။ သူတို့သည် ဘုရားသခင်နှင့်အဆက်ပြတ်နေကြောင်းမသိကြ။ သူတို့၏အသက်ဝိညာဉ်များသည်အန္တရာယ်နှင့်ရင်ဆိုင်နေရကြသော်လည်း သသတိမမူဘဲ

---

"ငါ၏လူတို့သည် ပျောက်သောသိုးဖြစ်ကြပြီ။ သိုးထိန်းတို့သည် တောင်များပေါ်မှာလမ်းလွဲစေကြပြီ။ သူတို့သည်တောင်တစ်လုံးမှတစ်လုံးသို့လမ်းလွဲသွား၍ ငြိမ်ဝပ်သောအရပ်ကိုမေ့လျော့ကြပြီ။" ယေရမိ၅၀း၆။ "ပျောက်သောသိုးကဲ့သို့အကျွန်ုပ်သည်လမ်းလွဲပါပြီ။ ကိုယ်တော်၏ကျွန်ကိုရှာတော်မူပါ။ အကျွန်ုပ်သည်ပညတ်တော်တို့ကိုမမေ့မလျော့ပါ။" ဆာလံ ၁၁၉း၁၇၆။

---

အမှတ်တမဲ့နေကြ၏။ စိုးရိမ်ကြောင့်ကြခြင်းလည်းမရှိ။ ဤဥပမာတွင် ဘုရားသခင်၏တောင်းဆိုချက်များကိုအမှုမထားသောလည်း ကိုယ်တော်သည် သူတို့အားသနားကြင်နာ၍ မေတ္တာရှိတော်မူကြောင်း ခရစ်တော်သင်ကြားပြသတော်မူ၏။ ထိုသို့သောသူများကိုရှာဖွေ၍ ဘုရားသခင်၏ထံတော်သို့ပြန်လည်ပို့ဆောင်ရကြပါမည်။

သိုးခြံမှထွက်၍ လေလွင့်သွားသောသိုးသည် တောထဲ၌လည်းကောင်း၊ (သို့မဟုတ်) တောင်ပေါ်၌လည်းကောင်း ပျောက်နေပါသည်။ ယင်းသည် လက်လှမ်းမီနိုင်သော်လည်း စေ့စေ့ရှာဖွေမှသာပြန်၍တွေ့ပါလိမ့်မည်။

ဤဥပမာတွင် မိသားစုများအတါက် သင်ခန်းစာရှိပါသည်။ အိမ်ထောင်၌မိသားစုဝင်များ၏အသက်ဝိညာဉ်များကို အမှုမထားအရေးမပေးဘဲ အမှတ်တမဲ့နေလေ့ရှိကြပါသည်။ သူတို့တွင် ဘုရားသခင်နှင့်ကင်းကွာနေသူတစ်ဦးတစ်ယောက်ရှိနေနိုင်ပါသည်။ သို့သော်ဘုရားသခင်အပ်နှင်းထားသောရတနာတစ်ခု မိသားစုတွင်းမှပျောက်ဆုံးသွားလိမ့်မည်ကို စိုးရိမ်ကြောင့်ကြမှုမည်မျှနည်းပါးနေကြပါသနည်း။

ငွေပြားသည် ဖုန်မှုန့်နှင့်အမှိုက်သရိုက်များအကြားတွင်ကျ၍ ပျောက်နေသော်လည်း ငွေပြားပင်ဖြစ်ပါသည်။ တန်ဖိုးရှိသောကြောင့် ဥစ္စာရှင်ကရှာဖွေ၏။ ထိုနည်းအတူ အသက်ဝိညာဉ်ရှိသမျှသည် မည်သို့ပင်အပြစ်၌နစ်မွန်း၍အသရေပျက်နေစေကာမူ ဘုရားသခင်၏ရှေ့တော်၌အဖိုးထိုက်တန်သည်ဟု သတ်မှတ်ပါသည်။ ငွေပြားသည် တိုင်းပြည်ကိုအုပ်စိုးသောအာဏာပိုင်၏ရုပ်ပုံနှင့်တံဆိပ်အမှတ်အသားများပါရှိသကဲ့သို့ လူသားသည် ဖန်ဆင်းခြင်းခံရစဉ်က ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်တံဆိပ်အမှတ်ပါရှိပါသည်။ သို့သော်ယခုအချိန်တွင် အပြစ်မကောင်းမှုကြောင့် မှေးမှိန်နေသော်လည်း အသက်ဝိညာဉ်တိုင်းတွင် ယင်းတံဆိပ်

အမှတ်အသားကျန်ရှိနေသေးပါသည်။ ဘုရားသခင်သည်ယင်းအသက်ဝိညာဉ်ကိုပြန်လည်ရယူ၍ မိမိ၏ပုံသဏ္ဍာန်တော်ကိုဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းခြင်းအားဖြင့် ထင်ရှားအောင်ပြန်လည် ရေးဆွဲရန်လိုလားတော်မူ၏။

ဥပမာတွင် အမျိုးသမီးသည် ပျောက်သောငွေပြားကိုစေ့စေ့ရှာဖွေပါသည်။ ဖယောင်းတိုင်ကိုထွန်း၍ အိမ်ကိုတံမြက်လှည်း၏။ ရှာဖွေရာတွင်နှောင့်နှေးစေမည့်အရာရှိသမျှကိုဖယ်ရှား၏။ ငွေတစ်ပြားပင်ပျောက်သော်လည်း ယင်းငွေတစ်ပြားကိုတွေ့သည်တိုင်အောင် ကြိုးစားအားထုတ်၍ရှာဖွေ၏။ ထိုနည်းအတူမိသားဝင်တစ်ဦးဘုရားသခင်နှင့်ကင်းကွာ၍သွားပါက ထိုမိသားစုဝင်၏စိတ်ပြန်လည်တည်ငြိမ်လာရေးအတွက် နည်းမျိုးစုံကိုအသုံးရမည်။ ကျန်သောမိသားစုဝင်များသည်လည်းကိုယ်ကိုကိုယ်စေ့စေ့စိစစ်ကြရန်လိုပါသည်။ ထိုအသက်ဝိညာဉ်နောင်တမရဘဲ စိတ်နှလုံးခိုင်မာနေခြင်းသည် အုပ်ချုပ်စီမံရာတွင်အမှားအယွင်း (သို့မဟုတ်) နည်းလမ်းမကျမှုကြောင့် ဟုတ်မဟုတ်ပြန်လည်စိစစ်ရန် လိုအပ်ပါသည်။

အိမ်ထောင်စုတစ်ခုတွင် သားသမီးတစ်ဦးတစ်ယောက်သည်သူ၏မှားယွင်းမှုကို သူမသိဘဲဖြစ်နေပါက မိဘတို့အနေဖြင့်ဥပေက္ခာပြုမထားသင့်ပါ။ ဖယောင်းတိုင်ကိုထွန်းညှိကြပါ။ ဘုရားသခင်၏နှုတ်ကပါဌ်

---

"ယေရှုသည်ထိုသူငယ်တို့ကိုခေါ်တော်မူ၍ငါ့ထံသို့ လာပါလေစေမဆီးတားကြနှင့်၊ ဘုရားသခင်၏နိုင်ငံတော်သည်ထိုသို့သောသူတို့၏နိုင်ငံဖြစ်၏။ ငါအမှန်ဆိုသည်ကားအကြင်သူသည်ဘုရားသခင်၏နိုင်ငံတော်ကိုသူငယ်ကဲ့သို့မခံမယူ၊ ထိုသူသည်နိုင်ငံတော်သို့မဝင်ရဟုမိန့်တော်မူ၏။"
လုကာ ၊ ၁၈း၁၆၊၁၇။

---

တော်ကိုစေ့စေ့ရှာဖွေ၍ ၎င်းမှရရှိသောအလင်းတရားနှင့်ထိုကလေးသည် မည်သည့်အတွက်လမ်းလွဲနေကြောင်းကိုတွေ့သိအောင် အိမ်ထောင် အတွင်း၌ရှိသမျှကို လုံ့လပြု၍ စေ့စေ့ရှာဖွေပါ။ မိဘတို့သည်လည်း မိမိတို့၏စိတ်သဘောထားနှင့် အလေ့အကျင့်အနေအထိုင်များကိုပြန်လည် စစ်ဆေးကြပါ။ သားသမီးများသည် ဘုရားသခင်၏အမွေခံများဖြစ်၍ ကိုယ်တော်ရှင်ပိုင်တော်မူသောပစ္စည်းများကို စီမံအုပ်ချုပ်ရသည့်အတွက် ကျွန်ုပ်တို့တွင် ဖြေရှင်းရမည့်တာဝန်ရှိပါသည်။

နိုင်ငံခြားသာသနာပြုအမှုတော်တွင် တာဝန်ယူအမှုထမ်းရန် လိုလားသောမိဘများရှိကြပါသည်။ ၎င်းအပြင် မိမိတို့၏အိမ်ထောင်ရေး မှအပ ပြင်ပခရစ်ယာန်လုပ်ငန်းများတွင် ပါဝင်လှုပ်ရှားသောသူအများ ရှိကြပါသည်။ သို့သော် မိမိတို့၏သားသမီးများမှာမူကား ကယ်တင် ရှင်နှင့်ကယ်တင်ရှင်၏ မေတ္တာတော်ကိုမသိကြ။ သားသမီးများအား ခရစ်တော်ထံသို့ပို့ဆောင်သည့်တာဝန်ကို မိဘအများစုတို့သည် တရားဟောဆရာ (သို့မဟုတ်) ဥပုသ်စာဖြေကျောင်းဆရာ၏လက်သို့ ပုံ၍အပ်ထားတတ်ကြပါသည်။ ယင်းသို့ပြုခြင်းအားဖြင့် သူတို့အား ဘုရားသခင်ပေးအပ်ထားတော်မူသောတာဝန်ကို ပျက်ကွက်ကြ၏။ သားသမီးများအား ခရစ်ယာန်ဖြစ်အောင် လေ့ကျင့်ပညာပေးသည့် တာဝန်မှာ မိဘများအတွက် ဘုရားသခင်၏အမှုတော်ကို အမြင့်မြတ်ဆုံး ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယင်းလုပ်ငန်းသည် သည်းခံ၍ဆောင်ရွက် ရသောလုပ်ငန်း၊ အသက်တာတစ်လျှောက်လုံးဇွဲလုံ့လဖြင့်စွဲမြဲစွာကြိုးစား အားထုတ်ရသောလုပ်ငန်းဖြစ်ပါသည်။ ဤသို့ယုံကြည်စွာလွှဲအပ် ထားသောလုပ်ငန်းတာဝန်ကို ကျွန်ုပ်တို့အမှုမထားဂရုမစိုက်ပါကကျွန်ုပ်တို့ သည်သစ္စာမဲ့သောဘဏ္ဍာစိုးများဖြစ်ကြ၏။ ယင်းသို့ဂရုမစိုက်ခြင်းအတွက်

မည်သို့ပင် ဆင်ခြေကန်ပေးစေကာမူ ဘုရားသခင်လက်ခံတော်မူမည် မဟုတ်ပါ။

သို့သော်ဂရုစိုက်သောကြောင့် အပြစ်ရှိကြောင်းသိသောသူများ သည် စိတ်မပျက်အားမလျှော့သင့်ပါ။ ငွေပြားပျောက်သောအမျိုး သမီးသည် ယင်းငွေပြားကိုတွေ့အောင်ရှာဖွေပါသည်။ ထိုနည်းတူမိဘတို့ အနေဖြင့် "ငါမှစ၍ ငါ့အားထာဝရဘုရားပေးတော်မူသောသူငယ်တို့ သည်ရှိကြ၏" ဟုဝမ်းမြောက်ဝမ်းသာစွာဖြင့် ဘုရားသခင်၏အထံတော် သို့ချဉ်းကပ်၍ အဖြေပေးနိုင်သည်တိုင်အောင် မိမိတို့၏အိမ်ထောင်များ အတွက်ချစ်ခြင်းဖြင့်လည်းကောင်း၊ ယုံကြည်ခြင်းဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းဖြင့်လည်းကောင်း ကြိုးစား၍ဆောင်ရွက်ကြပါစေ။ ဟေရှာ ၈း၁၈။

ဤသည်ကား၊ အိမ်တွင်းသာသနာပြုအမှုတော်အစစ်ဖြစ်၍ ယင်းအမှုတော်ကိုဆောင်ရွက်သောသူနှင့် ဆောင်ရွက်ခြင်းခံရသူနှစ်ဦး နှစ်ဖက်လုံးအကျိုးသက်ရောက်မှုရှိကြ၏။ ကျွန်ုပ်တို့သည် အိမ်တွင်းမှု လုပ်ငန်းကိုသစ္စာရှိစွာဖြင့် စိတ်ပါကိုယ်ရောက် တာဝန်ယူဆောင်ရွက်ကြ ပါက ဘုရားသခင်၏အိမ်တော်သားများအတွက် အမှုတော်ဆောင်ရွက် ရန် ကိုယ်ကိုကိုယ်ပုံသွန်းနေခြင်းဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့ သည်ခရစ်တော်အားသစ္စာစောင့်သိရိုသေပါက ထာဝရကာလပတ်လုံး ယင်းဘုရားသခင်၏အိမ်တော်သားများနှင့်အတူ နေထိုင်ခွင့်ရကြပါလိမ့် မည်။ ကျွန်ုပ်တို့၏ အိမ်သားအချင်းချင်းအပေါ်စိတ်ပါဝင်စားသကဲ့သို့ ခရစ်တော်၌အိမ်တော်သားချင်းဖြစ်သည့် ညီအစ်ကိုမောင်နှမအချင်းချင်း တွင်စိတ်ပါဝင်စားရကြပါမည်။

ဤကဲ့သို့ဆောင်ရွက်ခြင်းများအားဖြင့် ကျွန်ုပ်တို့သည် အခြား သောသူများနှင့်ပတ်သက်၍ ဆက်လက်အမှုတော်ဆောင်ရွက်ရေးအတွက်

ထိုက်တန်သောသူများဖြစ်လာကြစေရန် ဘုရားသခင်ကြံရွယ်တော်မူ၏။ ကျွန်ုပ်တို့သည် ကိုယ်ချင်းစာတရားတိုးပွား၍ မေတ္တာတရားပွားများလာသည်နှင့်အမျှ မည်သည့်အရပ်ဒေသတွင်မဆို ကျွန်ုပ်တို့အတွက်အမှုတော်ရှိပါလိမ့်မည်။ ဘုရားသခင်၏လူသားအိမ်ထောင်စုကြီးတွင် ကမ္ဘာတစ်ဝန်းလုံးပါဝင်သည်ဖြစ်၍ မည်သူ့ကိုမျှဂရုမစိုက်ဘဲ ချန်လှပ်ထားရန်မဟုတ်ပါ။

ကျွန်ုပ်တို့သည် မည်သည့်နေရာ ဒေသ၌ပင်ရှိစေကာမူ ပျောက်နေသောငွေတစ်ပြားကိုရှာဖွေရန် အလုပ်ရှိနေပါသည်။ ကျွန်ုပ်တို့ရှာဖွေနေကြပါ၏လော။ ဘာသာရေးကိစ္စများ၌စိတ်ပါဝင်စားခြင်းမရှိသောသူများကို ကျွန်ုပ်တို့နေ့စဉ်နေ့တိုင်းလိုပင်တွေ့နေရပါသည်။ သူတို့နှင့်စကားပြောကြ၏။ သူ့ထံသို့သွား၍လည်ပတ်ကြ၏။ သို့သော်သူတို့၏ဝိညာဉ်ရေးကောင်းစားမှုအတွက် စိတ်ဝင်စားမှုကိုပြကြပါ၏လော။ ခရစ်တော်သည် အပြစ်ဖြေလွှတ်တော်မူသောကယ်တင်ရှင်ဖြစ်ကြောင်း သူတို့အားတင်ပြကြပါ၏လော။ ကျွန်ုပ်တို့သည် ခရစ်တော်၏မေတ္တာတော်အကြောင်းကို သူတို့အားစိတ်ရောကိုယ်ပါပြောပြကြပါသလား။ မပြောရကြသေးပါလျှင် ထိုသူတို့သည် ဆုံးရှုံးခြင်းတည်းဟူသောထာဝရပျက်စီးခြင်းအတွက် ဘုရားသခင်၏ပလ္လင်တော်ရှေ့တွင်သူတို့နှင့်အတူ ကျွန်ုပ်တို့ရပ်နေကြသောအခါ အဘယ်သို့ရင်ဆိုင်ကြပါမည်နည်း။

အသက်ဝိညာဉ်တစ်ခု၏တန်ဖိုးကို အဘယ်သူခန့်မှန်းနိုင်ပါသနည်း။ အကယ်၍သင်သဘောပေါက်လိုပါလျှင် ဂေသရှေမန်ဥယျာဉ်သို့သွား၍ ခရစ်တော်သည် ပြင်းစွာသောဝေဒနာကိုခံရသည့်အတွက် ချွေးထွက်တော်မူသည်ကား မြေပေါ်၌ကသောသွေးစက်ကဲ့သို့ဖြစ်သည့်အချိန်နာရီများကို ကိုယ်တော်နှင့်အတူ စောင့်ကြည့်မြင်ယောင်ပါ။

လက်ဝါးကပ်တိုင်ပေါ်တွင် မြှောက်ထားခြင်းကိုခံရသောကယ်တင်ရှင် အားမျှော်ကြည့်ပါ။ "အကျွန်ုပ်ဘုရားသခင်၊ အကျွန်ုပ်ဘုရားသခင်အဘယ် ကြောင့်အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း" ဟု မြော်မြင်ရာကင်းမဲ့သော အသံတော်ဖြင့်ကြွေးကြော်တော်မူသည်ကိုကြားယောင်ပါ။ မာကု၊ ၁၅း၃၄။ ဒဏ်ရာဒဏ်ချက်များရှိနေသော ကိုယ်တော်၏ ခေါင်းတော်ကိုလည်း ကောင်း၊ ထိုးဖေါက်ခြင်းခံရသောနံဘေးတော်ကိုလည်းကောင်း၊ ပုံပျက် နေသောခြေတော်ကိုလည်းကောင်း မျှော်မှန်း၍ကြည့်ပါ။ ထိုအရာအား လုံးကို ခရစ်တော်စွန့်စား၍ခံတော်မူခဲ့သည်ကိုသတိရပါ။ ကျွန်ုပ်တို့အား ရွေးနုတ်ကယ်တင်ရန်အတွက် ကောင်းကင်ဘုံသည်ပင်လျှင် အန္တရာယ် နှင့်ရင်ဆိုင်ခဲ့ရ၏။ ခရစ်တော်သည် အပြစ်သားတစ်ယောက်အတွက်ကို ပင်လျှင် မိမိ၏အသက်ကိုစွန့်တော်မူမည်ဖြစ်ကြောင်း အောက်မေ့သတိရ လျက် လက်ဝါးကပ်တိုင်ခြေရင်းတွင်ထိုင်၍ အသက်ဝိညာဉ်တစ်ခု၏ တန်ဖိုးကိုခန့်မှန်းပါ။

သင်သည်ခရစ်တော်နှင့်ဆက်ဆံသူဖြစ်လျှင် လူသားတိုင်းအား ကိုယ်တော်ရှင်တန်ဖိုးခန့်မှန်းတော်မူသည်ကို သင်သည်လည်းမှန်းဆ နိုင်ပေလိမ့်မည်။ သင့်အား ခရစ်တော်ချစ်တော်မူသည်နည်းတူ သင်သည် လည်းသူတစ်ပါးအပေါ်တွင် အလားတူသောချစ်မေတ္တာကိုထားနိုင် ပေလိမ့်မည်။ ထိုအခါ သင်သည် ကိုယ်တော်ရှင်အသက်ပေးထားတော်မူ သောသူများအား အဝမ္မမပြုဘဲဆွဲဆောင်ခြင်းဖြင့် မငြင်းမဆန်ချဉ်းကပ် စေနိုင်လိမ့်မည်။ ခရစ်တော်သည်သူတို့အတွက် ကိုယ်တော်တိုင် အားထုတ်ကြိုးစားခြင်းမပြုလျှင် မည်သူမျှဘုရားသခင်၏ထံတော်သို့ ပြန်လည်ရောက်ရှိမည်မဟုတ်ပါ။ ထိုနည်းတူ ကျွန်ုပ်တို့သည်လည်း ကိုယ်တိုင် အားထုတ်ကြိုးစားခြင်းဖြင့်သာလျှင် အသက်ဝိညာဉ်များကို

ကယ်ဆယ်နိုင်ပါလိမ့်မည်။ သင်သည်ပျက်စီးခြင်းလမ်းသို့လိုက်လျှောက်နေသောသူများကိုတွေ့သိသောအခါ လျစ်လျူရှု၍ ဆိတ်ဆိတ်နေခြင်းဖြင့်လည်းကောင်း၊ စိတ်မဝင်စားဘဲနေခြင်းဖြင့်လည်းကောင်း အလဟဿအချိန်မဖြုန်းပါနှင့်။ အပြစ်မကောင်းမှုနှင့်စိတ်ဒုက္ခကြီးလေးသူတို့ကိုပြန်လည်ရရှိရန်အတွက် သင်သည်စိတ်ပါစွာဖြင့်လည်းကောင်း၊ ထောက်ထားညှာတာစွာဖြင့်လည်းကောင်း ပိုမိုကြိုးစားအားထုတ်ဆောင်ရွက်ရလိမ့်မည်။ ဒုက္ခဆင်းရဲခြင်းကိုခံစားနေရသူများ၊ ဘုရားသခင်ကိုပြစ်မှားနေသူများ၊ အကုသိုလ်ဖိစီး၍ ဝန်လေးပင်ပန်းနေသူများ၏ချို့တဲ့မှုများကို သင်သည်ထင်ရှားစွာသိမြင်လိမ့်မည်။ သင်သည် သူတို့ကိုကိုယ်ချင်းစာ၍ညှာတာထောက်ထားပြီးလျှင် ကိုယ်ထိလက်ရောက်ကူညီယိုင်းပင်းလိမ့်မည်။ သင်၏ယုံကြည်ခြင်းနှင့်မေတ္တာလက်ရုံးဖြင့် သူတို့အားခရစ်တော်ထံသို့ခေါ်ဆောင်ခဲ့လိမ့်မည်။ သင်သည် သူ့ကိုစောင့်ရှောက်၍အားပေးလိမ့်မည်။ သင်၏ကိုယ်ချင်းစာတရားနှင့်ယုံကြည်လေးစားခြင်းသည် သူတို့အားဆက်လက်တည်ကြည်စေလိမ့်မည်။

ဤလုပ်ငန်းတွင် ကောင်းကင်တမန်များဝိုင်းဝန်းကူညီရန်အသင့်ရှိနေကြပါသည်။ ပျောက်သောသူအားကယ်ဆယ်ရန် နည်းလမ်းရှာဖွေသောသူတို့၏အလိုကို ကောင်းကင်အင်အားစုများ လိုက်လျောကြလိမ့်မည်။ စိတ်အခိုင်မာဆုံးသောသူ၊ သတိတရားအကင်းမဲ့ဆုံးသောသူကိုတွေ့ထိရန် သင့်အား ကောင်းကင်တမန်များက ယိုင်းပင်းကြလိမ့်မည်။ ပျောက်သောသူတစ်ဦးကို ဘုရားသခင်၏ထံသို့ပြန်၍ခေါ်ဆောင်ခဲ့လျှင် ကောင်းကင်တစ်ဝန်းလုံးဝမ်းမြောက်ကြ၏။ လူသားတို့အပေါ်ထားရှိသောဘုရားသခင်နှင့် သိုးသငယ်တော်၏ကြင်နာမှုနှင့်ကျေးဇူးတော်ကိုခေရုဖိန်နှင့်ကောင်းကင်တမန်သရပ်များသည် ရွှေစောင်းတော်များကိုတီးလျက် ချီးမွမ်းသီဆိုကြ၏။

---ooo---

# "အထက်ကပျောက်၏ယခုတွေ့ပြန်၏"

**လုကာ၊ ၁၅း၁၁-၃၂ ကိုခြေပြုပါသည်။**

ပျောက်သောသိုး၊ ပျောက်သောငွေပြားနှင့်ဖြုန်းတီးသောသားတို့၏ဉပမာများသည် ဘုရားသခင်နှင့်ဝေးကွာသဖြင့် လေလွင့်လမ်းလွဲနေသောသူများအပေါ် ဘုရားသခင်သည် ချစ်သနားကြင်နာမှုအပြည့်အဝရှိတော်မူကြောင်း ထင်ရှားပေါ်လွင်စေရန် တစ်မျိုးတစ်ဖုံစီသရုပ်ဖော်ထားခြင်းများဖြစ်ပါသည်။

ဖြုန်းတီးသောသား၏ဉပမာတွင် တစ်ကြိမ်ကဘုရားသခင်၏မေတ္တာတော်ကိုသိကျွမ်းခဲ့ဖူးသော်လည်း သွေးဆောင်ဖြားယောင်းသူ၏နောက်သို့လိုလားစွာလိုက်သွားသောသူတို့နှင့် ဘုရားသခင်သည် မည်သို့မည်ပုံဆက်သွယ်တော်မူသည်ကို ပုံဆောင်ထားခြင်းဖြစ်ပါသည်။

"တစ်စုံတစ်ယောက်သောသူ၌ သားနှစ်ယောက်ရှိ၏။ သားအငယ်သည် အဘထံသို့သွား၍ အဘ၊ အကျွန်ုပ်ရထိုက်သောအမွေဉစ္စာကိုဝေ၍ပေးပါဟုတောင်းပန်လျှင် အဘသည် ဉစ္စာများကိုဝေ၍သားတို့အားပေးလေ၏။ ထိုနောက်များမကြာသားအငယ်သည် မိမိဉစ္စာများကိုသိမ်းယူ၍ ဝေးစွာသောပြည်သို့သွားပြီးလျှင်။"

ဤသားငယ်သည် အဘ၏နေအိမ်မှချုပ်ချယ်မှုများကိုငြီးငွေ့လာ၏။ သူ၏လွတ်လပ်မှုကိုကန့်သတ်ထားသည်ဟု သူထင်၏။ သူ့အပေါ်ဖခင်၏မေတ္တာနှင့်စောင့်ရှောက်အုပ်ထိန်းမှုကို ထင်မှတ်မှားခဲ့သည့်အတွက် ကိုယ့်စိတ်အလိုအတိုင်း နေထိုင်တော့မည်ဟုဆုံးဖြတ်ဖြစ်ခဲ့၏။

လူငယ်သည် ဖခင်၏ကျေးဇူးတရားနှင့်မိမိ၏တာဝန်ဝတ္တရားကိုမသိ။ ထိုကြောင့် ဖခင်ကွယ်လွန်သောအခါမှ မိမိရထိုက်မည့်အမွေ

ဥစ္စာကို ယခုပင်ရလိုသောစိတ်ရှိသဖြင့် ဖခင်၏ဥစ္စာပစ္စည်းများကိုဝေ ပေးရန်တောင်းဆိုလေ၏။ သူသည် လတ်တလောချင်းစည်းစိမ်ခံစားမှုကိုသာလိုလားသဖြင့် နောင်ရေးအတွက်အမှုမထား။

မိဘထံမှ အမွေဥစ္စာကိုရယူပြီးနောက် မကြာမီဖခင်၏အိမ်ကို စွန့်၍ "ဝေးစွာသောပြည်" သို့ထွက်သွားလေ၏။ ငွေပေါများသည် သာမက လွတ်လပ်စွာသုံးနိုင်ဖြုန်းနိုင်သောကြောင့် မိမိအလိုပြည့်ဝသည် တိုင်အောင် စိတ်နေမြင့်နေလေ၏။ ဤသို့မပြုနှင့်၊ ဤသို့ပြုခြင်းဖြင့် သင့်ကိုယ်သင်ဖျက်ဆီးနေခြင်းဖြစ်သည်ဟု သူ့အားဆုံးမသွန်သင်မည့် သူမရှိ။ ဤအရာမှန်ပေ၏။ ထို့ကြောင့် သင်ပြုသင့်၏ဟူ၍လည်း သူ့ကိုအကြံပေးမည့်သူမရှိ။ ဆိုးသွမ်းသောအပေါင်းအသင်းများကသာ သူ့ကိုအပြစ်နွံတွင်းသို့နက်သည်ထက်ပို၍ ပို၍နက်အောင်ဝိုင်းဝန်းတွန်း ကြ၏။ ပါလာသမျှရွှေ၊ ငွေဥစ္စာပစ္စည်းများသည် "ကာမဂုဏ်၌လွန်ကျူး သောအားဖြင့်" ကုန်ခန်းတော့၏။

လူသည် "ပညာရှိယောင်ဆောင်" လျှင် "လူမိုက်" ဖြစ်သည် ဟုသမ္မာကျမ်းစာကဆိုထားပါသည်။ ရော၊ ၁း၂၂။ ဤဥပမာတွင် ဖော်ပြပါရှိသောလူငယ်၏အတ္တုပ္ပတ္တိမှာယင်းအတိုင်းပင်ဖြစ်ပါသည်။ တစ်ကိုယ်ကောင်းစိတ်ထား၍ ဖခင်ထံမှတောင်းဆိုခဲ့သောဥစ္စာဘဏ္ဍာ များကို ပြည့်တန်ဆာတို့နှင့်ပေါင်းသင်း၍ ဖြုန်းတီးလိုက်၏။ လူငယ် ဘောဝင်စအရွယ်၏ရတနာများပြုန်းတီးလေပြီ။ အသက်တာအတွက် မွန်မြတ်လှသောနှစ်ကာလများကိုလည်းကောင်း၊ ပိုင်းခြားဝေဖန်တတ် သောဉာဏ်အစွမ်းသတ္တိကိုလည်းကောင်း၊ ငယ်ရွယ်သူ၏ရွှင်လန်းသော ရုပ်လက္ခဏာကိုလည်းကောင်း၊ ဝိညာဉ်ရေးမျှော်လင့်ချက်များကိုလည်း ကောင်း ကာမဂုဏ်မီးလျှံများတွင် လောင်ကျွမ်းကုန်ခန်းစေ၏။

## သားငယ်သည်ဝေးစွာသောပြည်သို့ခရီးဆန့်လေ၏

ငတ်မွတ်ခေါင်းပါးခြင်းကပ်ကြီးစွာဆိုက်ရောက်သောအခါ လူငယ်သည်လည်း ဆင်းရဲမှုအခက်အခဲနှင့်ရင်ဆိုင်ရသဖြင့် ထိုပြည်သားတစ်ယောက်နှင့်အဆက်အသွယ်ပြုသောအခါ ထိုသူက သူ၏ဝက်တို့ကိုထိန်းကျောင်းရန်လယ်ပြင်သို့လွှတ်လိုက်လေ၏။ ဂျူးလူမျိုးတစ်ယောက်အတွက်ယင်းလုပ်ငန်းသည် အယုတ်ညံ့ဆုံးဖြစ်ပါသည်။ မိမိလွတ်လပ်ပါသည်ဟုဝင့်ကြွားခဲ့သောလူငယ်သည် ယခုအခါအစေခံကျွန်ဘဝသို့ရောက်နေ၏။ အဆိုးရွားဆုံးသောအနှောင်အဖွဲ့တွင် "မိမိအပြစ်ကြိုးတို့ဖြင့်ချည်နှောင်ခြင်းကိုခံရ" တော့၏။ သု၊ ၅း၂၂။ သူ့ကိုသွေးသောအပေါ်ယံရွှေရောင်မြရောင်များ ကွယ်ပျောက်ကြလေပြီ။ ချည်နှောင်ထားသောသံကြိုးသည်လည်း လေးလံလှပါသည်တကား။ အစာခေါင်းပါးခြင်းကပ်ဆိုက်ရောက်သောကြောင့် လူနေအိမ်ခြေကင်း၍တိတ်ဆိတ်နေသည့်ပြည်တွင် အဖော်အပေါင်းမရှိ၊ တစ်ယောက်တည်းထိုင်၍ဝက်တို့ကို

ကြည့်ပြီးလျှင် ဝက်စားသောဖွဲ့ခွံကိုပင် စားချင်မတတ် ငတ်မွတ်ခြင်းဖြစ်လေ၏။ သူကောင်းစားချိန်၌တပျော်တပါးအပေါင်းအသင်းများက သူ့ကိုဝိုင်းဝန်း၍ သူ့စရိတ်ဥစ္စာဖြင့် ပျော်ပါးသောက်စားမူးယစ်ခဲ့ကြသော်လည်း ယခုမူ သူ့ကိုထောက်ပံ့မည့်သူတစ်ဦးတစ်ယောက်မျှမရှိတော့ပါ။ ထင်သလိုအပျော်ကြူးခဲ့သည့် ရှင်လန်းမှုများအဘယ်သို့ရောက်သွားကြပါပြီနည်း။ မိမိ၏တစ်ကိုယ်ကောင်းစိတ်ကိုအချုပ်သတ်၍ အမှားအမှန်ဝေဖန်ပိုင်းခြားတတ်သောစိတ်အားရုံကိုလည်း ချို့တဲ့စေပြီးမှပျော်ရွှင်မှုအပြည့်အဝခံစားရသည်ဟု သူထင်မှတ်မှားခဲ့၏။ သို့သော်ယခုမူကားငွေလည်းကုန်၊ ဆာလောင်မွတ်သိပ်ခြင်းကလည်းပြင်းထန်၊ မာန်မာနလည်းမထားနိုင်၊ ကိုယ်ကျင့်တရားကလည်းပျက်စီး၊ စိတ်ဓါတ်ကျဆင်းသဖြင့် ကိုယ်ကိုကိုယ်စိတ်မချ၊ တွေ့ထိခြင်းကိုသိတတ်သောအာရုံများလည်းသေသယောင်ယောင်၊ ယင်းအခြေအနေတွင်သူသည်သက်ရှိသတ္တဝါတို့တွင် အငြိုငြင်ဆုံးသောသူဖြစ်ပါသည်တကား။

မကောင်းမှုအပြစ်သား၏ပုံပန်းသဏ္ဍာန်မှာ ဆိုးရွားလှပါ၏။ ကိုယ်တော်၏ကောင်းချီးမင်္ဂလာအထွေထွေအရပ်ရပ်နှင့် ဝန်းရံလျက်ရှိသော်လည်း ကိုယ့်အလိုသို့လိုက်၍ မကောင်းမှု၌သာမွေ့လျော်တတ်သောအပြစ်သားသည် ဘုရားသခင်နှင့် ကင်းကွာလိုသောဆန္ဒမှလွဲ၍ မည်သည့်အရာကိုမျှမလိုလားပါ။ ကျေးဇူးတရားမသိတတ်သောသားမိုက်ကဲ့သို့ ဘုရားသခင်ထံတော်မှကောင်းသောအရာများကို သူရထိုက်သောအရာများဟု သဘောထား၍ တောင်းဆို၏။ ဖြစ်ရိုးဖြစ်စဉ်အတိုင်းရထိုက်သောအရာများသာဖြစ်သည်ဟု သဘောထား၍ကျေးဇူးတော်ကိုမသိ၊ မေတ္တာတရားကိုလည်း မတုံ့မပြန်ဘဲနေ၏။ ကာဣနသည် ဘုရားသခင်၏အထံတော်မှထွက်ခွာ၍ ကိုယ့်နေအိမ်ရှာသကဲ့သို့လည်းကောင်း၊ ဖြုန်းတီးသောသားသည် "ဝေးစွာသောပြည်" သို့သွား

သကဲ့သို့လည်းကောင်း ဒုစရိုက်အပြစ်သားသည် “ဘုရားသခင်ကို မသိမမှတ်” ဘဲ အပျော်အပါးကိုသာရှာဖွေ၏။ ရောမ ၁း၂၈။

ပုံသဏ္ဍာန်ဖြင့် မည်သို့ပင်ပေါ်လွင်စေကာမူ တစ်ကိုယ်ကောင်းစိတ်ထားသောအသက်တာမှန်သမျှသည် ဖြုန်းတီးခြင်းသက်သက်ဖြစ်၏။ ဘုရားသခင်နှင့်ကင်းကွာ၍အသက်ရှင်ရန် အားထုတ်သောသူမှန်သမျှသည် ကိုယ့်ဝတ္ထုပစ္စည်းရှိသမျှကို အကျိုးမဲ့ကုန်ခန်းစေခြင်းသာဖြစ်၏။ သူသည် အဖိုးတန်သောနှစ်ကာလများကိုဖြုန်းတီးနေ၏။ ကိုယ်စိတ်နှလုံးသုံးပါး၏အာနိသင်များကို ဖြုန်းတီးနေ၏။ ထာဝရပစ္စည်းဖြုန်းတီးသူ (သို့မဟုတ်) ထာဝရဒေဝါလီခံသူဖြစ်ရန် ဆောင်ရွက်နေခြင်းဖြစ်၏။ ကိုယ်ကျိုးကိုယ်စီးပွားကိုသာရှာဖွေရန် ဘုရားသခင်နှင့်ခွဲခွာနေသောသူသည် ငွေဘုရား၏ကျေးကျွန်ဖြစ်၏။ ကောင်းကင်တမန်များနှင့်ပေါင်းသင်နေထိုင်ရန် ဖန်ဆင်းထားသောလူ၏အသိဉာဏ်သည်လောကဆန်၍ ကိုယ်ကျိုးကိုသာသိတတ်သောကြောင့် သတ္တဝါတို့တွင် အယုတ်ညံ့ဆုံးသောဘဝသို့ ဆင်းသက်လေ၏။ ဤသည်ကားကိုယ်ကျိုးအတွက် သက်သက်သယ်ပိုးဆောင်ရွက်ခြင်းနှင့် စပ်ဆိုင်၍လမ်းဆုံးဖြစ်ပါသည်။

သင်သည် ယင်းအသက်တာမျိုးကိုရွေးချယ်ပြီးဖြစ်ပါက အသက်မမွေးလောက်သောအစာအတွက် မိမိငွေကိုအသုံးပြုလျက်စိတ်ချမ်းသာခြင်းကိုမပေးနိုင်သည့်လုပ်ငန်းကို ဆောင်ရွက်နေခြင်းပင်ဖြစ်ပါသည်။ သင်သည် အဆင့်ကျဆင်းလျက်နေကြောင်း ကိုယ်တိုင်သိသောအချိန်နာရီများရှိပါသည်။ ဝေးစွာသောပြည်တွင် တစ်ယောက်တည်းစိတ်ပင်ပန်းနွမ်းနယ်၍ မြော်မြင်ရာကင်းမဲ့သည့်အတွက် “ငါသည် ငြိုငြင်သောသူဖြစ်ပါသည်တကား။ ဤအသေကောင်မှငါ့ကိုအဘယ်သူကယ်လွှတ်မည်နည်း” ဟု သင်သည် အောဟစ်ငိုကြွေးရ၏။ ရော၊ ၇း၂၄။

"လူကိုကိုးစား၍ လူသတ္တဝါကိုအမှီပြုသဖြင့် စိတ်နှလုံးထဲ၌ထာဝရဘုရားထံတော်မှထွက်သွားသောသူသည် ကျိန်အပ်သောသူဖြစ်၏။ ထိုသူသည် လွင်ပြင်၌ရှိသောသစ်ပင်ခြောက်ကဲ့သို့ဖြစ်၍ ကောင်းကျိုးရောက်ကြောင်းကိုမသိရ။ အဘယ်သူမျှမနေသောဆားမြေ၊ သွေ့ခြောက်သောလွင့်ပြင်၌ နေရလိမ့်မည်" ဟု ပုရောဖက်ရေးထားသောစကားများမှာ လုံးဝဥဿုံအမှန်တရားများပင်ဖြစ်ပါသည်။ ယေရမိ ၁၇း၅၊၆။ ဘုရားသခင်သည် "ကောင်းသောသူ၊ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကိုထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌ မိုးကိုရွာစေတော်မူ၏။" မဿဲ ၅း၄၅။ သို့သော်လူသည်မိုးရေကိုလည်းကောင်း၊ နေရောင်ခြည်ကိုလည်းကောင်းမရမထိအောင်ကာကွယ်၍ နေနိုင်စွမ်းရှိပါသည်။ ထို့ကြောင့် တရားတော်နေမင်းသည် လူတိုင်းအတွက် နေရောင်ခြည်နှင့်ကရုဏာတော်မိုးရေများကိုအမြောက်အမြားရွာသွန်းစေသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ခွဲခွာ၍ "သွေ့ခြောက်သောလွင်ပြင်၌" ပင်နေထိုင်လျက်ရှိကြပါလိမ့်ဦးမည်။

**ဖြုန်းတီးသောသားသည်အစာခေါင်းပါးခြင်းဘေးနှင့်ရင်ဆိုင်ရသောအခါ
မိမိအလွန်ဆင်းရဲခြင်းသို့ရောက်ရပုံကိုစေ့စေ့စဉ်းစားလေ၏**

လူသည် ဘုရားသခင်ထံတော်မှ ခွဲခွာသွားသည်တိုင်အောင် ကိုယ်တော်၏ချစ်ခြင်းသည် သူ့ကိုအောက်မေ့သတိရလျက်ပင်ရှိသဖြင့် သူသည် အဘခမည်းတော်၏ အိမ်တော်သို့ပြန်လာရန်အတွက် အကျိုးကျေးဇူးမျိုးစုံကို စီမံထားတော်မူ၏။ ဖြုန်းတီးသောသားသည် စိတ်ပူပန်မှုနှင့်တွေ့ဆုံရပြီးနောက် "သတိရ" သောအခါ စာတန်၏ လိမ်လည်မှုတန်ခိုးအာနိသင်သည် သူ့အပေါ်တွင် ပြိုပျက်လေ၏။ သူခံရသောဒုက္ခဝေဒနာသည် သူ၏မိုက်ပြစ်ကြောင့်ဖြစ်ကြောင်း သူတွေ့သိနားလည်သောအခါ "ငါ့အဘ၏အိမ်၌အခစားသောသူများတို့သည် ဝစွာစားကြ၏။ ငါမူကား ဤပြည်၌သေအောင်အငတ်ခံရ၏။ ငါထ၍ အဘထံသို့သွားမည်" ဟု ဖြုန်းတီးသောသားသည် စိတ်ဒုက္ခရောက်သည်နှင့်အမျှ ဖခင်၏ချစ်ခြင်းကိုယုံကြည်သည့်အတွက် မျှော်လင့်ချက်ရရှိလာပါသည်။ ယင်းချစ်ခြင်းတရားသည်ပင်လျှင် သူ့အားဖခင်၏ အိမ်ဘက်သို့ဆွဲဆောင်လျက်ရှိနေပါသည်။ ထိုနည်းအတူ ဘုရားသခင်၏ ချစ်ခြင်းအာမခံချက်သည်ပင်လျှင် မကောင်းမှုအပြစ်သားကို ဘုရားသခင်၏ထံတော်သို့ပြန်လာရန် အနိုင်အထက်သွေးဆောင်လျက်ရှိနေပါသည်။ "ဘုရားသခင်၏ကျေးဇူးတော်သည် သင့်ကိုနောင်တလမ်းသို့ သွေးဆောင်" နေပါသည်။ ရော ၂း၄။ ဘေးအန္တရာယ်ကပ်ငြိနေသော အသက်ဝိညာဉ်တိုင်းအား ဘုရားသခင်၏ချစ်ခြင်းနှင့် သနားကြင်နာခြင်း တည်းဟူသောရွှေကြိုးဖြင့် စည်းရိုးဝိုင်းထားပါသည်။ ထာဝရအရှင် ဘုရားသခင်မိန့်တော်မူသည်မှာ "အကယ်စင်စစ် ထာဝရချစ်ခြင်းနှင့် သင့်ကို ငါချစ်၏။ ထိုကြောင့် ကရုဏာကျေးဇူးကို သင်၌ကြာမြင့်စွာပြ၏။" ယေရမိ၊ ၃၁း၃။

ထိုသားသည် သူ၏အပြစ်ကိုဝန်ချတောင်းပန်ရန် စိတ်ပြဋ္ဌါန်းပြီးဖြစ်၏။ အဘထံသို့သွား၍ "အကျွန်ုပ်သည် ဘုရားသခင်ကိုလည်းကောင်း၊ ကိုယ်တော်ကိုလည်းကောင်းပြစ်မှားပါပြီ။ ယခုမှစ၍ ကိုယ်တော်၏သားဟူ၍ခေါ်ခြင်းကိုမခံထိုက်ပါ" ဟုတောင်းပန်ရန် အသင့်ရှိ၏။ သို့သော် ဖခင်၏ချစ်ခြင်းကိုအပြည့်အဝသဘောမပေါက်သောကြောင့် "သူငှါးအရာ၌ အကျွန်ုပ်ကိုထားတော်မူပါ" ဟုဆက်၍ တောင်းပန်လိုသေး၏။

လူငယ်သည် ဝက်အုပ်ကိုလည်းကောင်း၊ သက်စားသောဖွဲခံများကိုလည်းကောင်းကျောခိုင်း၍ အိမ်ဘက်သို့မျက်နှာမူခဲ့၏။ အင်အားကုန်ခန်းသည်သာမက တုန်တုန်ယင်ယင်ဖြင့်ဆာလောင်မွတ်သိပ်ပြီး မေ့ပြောလုမတတ်ဖြစ်သော်လည်း အားခဲ၍ပြန်ခဲ့၏။ စုတ်နေသည့် အဝတ်များကိုဖုံးအုပ်ရန် ခြုံထည်မရှိသော်လည်း သူ၏စိတ်ဒုက္ခသည် သူ၏မာနကိုဖုံးအုပ်ထားလေပြီးသောကြောင့် တစ်ချိန်ကသားဖြစ်ခဲ့သည့် နေရာတွင် ယခုအခါ အစေခံကျွန်အဖြစ်နှင့်လက်ခံရန် တောင်းပန်ဖို့ အမြန်ပြန်လာခဲ့ပါသည်။

လျှပ်ပေါ်သောလူငယ်သည် မဆင်မခြင်မစဉ်းစားဘဲ ဖခင်၏ ခြံဝင်းမှထွက်ခွာခဲ့စဉ်က ဖခင်သည် စိတ်နှလုံးကြေကွဲ၍ လွမ်းဆွတ်တမ်းတလျက် ကျန်ရစ်ခဲ့သည်ကိုသူလုံးဝမသိ။ အပေါင်းအသင်းများနှင့် အလွန်အကြူးပျော်ပါးစားသောက်ကခုန်နေချိန်တွင် သူ၏အိမ်၌ သူ့အတွက်စိတ်မချမ်းမသာဖြစ်နေသည်ကိုသူမသိ။ ကိုယ်ပန်းလက်ပန်းကျ၍လေဒလံသောခြေလှမ်းများဖြင့် အိမ်ဘက်သို့ရှေးရှုပြန်လာနေသောသူကိုစောင့်မျှော်နေသေသူရှိသည်ကိုလည်း သူမသိ။ သို့သော်သူသည် "ဝေးသေးသောအခါ" ကပင် ဖခင်သည် သူ၏ပုံသဏ္ဍာန်ကိုမှတ်မိ၏။

ချစ်ကြင်နာမှုနှင့်မျက်စိစူးရှသောကြောင့် နှစ်ပေါင်းများစွာအပြစ်နွံတွင်းမှာနစ်မွန်း၍ အသရေပျက်နေသော်လည်း ထိုသားကိုဖခင်မြင်လျှင်မြင်ချင်းမှတ်မိ၏။ ဖခင်သည် "အသနားသောစိတ်ရှိသည်နှင့်ပြေးသွား၍ သား၏လည်ပင်းကို"ကြင်နာမှုကြာမြင့်စွာဖြင့်အားရပါးရဖက်ထားလေ၏။

ဖခင်သည်သူ၏သားစုတ်ပြတ်နေသဖြင့် အမြင်မကောင်းသည်ကိုမည်သူမျှမထီလေးစားမပြု၊ မပြောင်မလှောင်စေခြင်းငှါ မိမိပခုံးပေါ်တွင်ရှိသောတင့်တယ်ခန့်ညားသည့်ခြုံထည်ကိုယူ၍ ပုံပျက်ပန်းပျက်ဖြစ်နေသောသားကိုဖုံးအုပ်လိုက်သောအခါ သားသည်လည်းရှိုက်သံဖြင့် "အဘ၊ အကျွန်ုပ်သည် ဘုရားသခင်ကိုလည်းကောင်း၊ ကိုယ်တော်ကိုလည်းကောင်းပြစ်မှားပါပြီ။ ယခုမှစ၍ ကိုယ်တော်၏သားဟူ၍ခေါ်ခြင်းကိုမခံထိုက်ပါ" ဟုတောင်းပန်လေ၏။ ဖခင်သည်သားကိုဖက်၍အိမ်သို့ခေါ်ခဲ့၏။ အစေခံကျွန်၏နေရာကိုသာတောင်းဆိုရန် အခွင့်မရခဲ့။ သူသည်သားဖြစ်သောကြောင့် အိမ်တွင်ရှိသည့်အကောင်းဆုံးသောအရာတို့နှင့်ဂုဏ်ပြု၍ ယောကျ်ား၊ မိန်းမ၊ အစေအပါးများတို့သည် ရိုသေလေးစားစွာလုပ်ကျွေးသမှုပြုကြ၏။

အစေအပါးတို့အား ဖခင်က "မြတ်သောဝတ်ရုံကိုယူခဲ့၍သူ့ကိုခြုံကြ၊ သူ၏လက်၌လက်စွပ်တန်ဆာကိုဆင်ကြ၊ ခြေနင်းကိုလည်းစီးစေကြ၊ ဆူအောင်ကျွေးသောနွားကလေးကိုယူ၍သတ်ကြ။ သို့ပြီးမှငါတို့သည်စားကြကုန်အံ့၊ ပျော်မွေ့ခြင်းကိုပြုကြကုန်အံ့၊ ငါ့သားသည်အထက်ကသေ၏။ ယခုရှင်ပြန်၏။ အထက်ကပျောက်၏၊ ယခုတွေ့ပြန်၏" ဟုပြော၍ သူတို့အားလုံးပျော်ရွှင်စွာစားသောက်ကြ၏။

"ဖြုန်းတီးသောသားသည် စိတ်မငြိမ်သောလူငယ်ဘဝ ဖခင်ဖြစ်သူအား ကြမ်းကြုတ် ခက်ထန်သည်ဟုတွေ့မြင်ခဲ့၏။ ယခုသူ၏အယူအဆ

မည်မျှခြားနားနေပါသနည်း။ ထိုနည်းအတူ စာတန်၏လှည့်ဖြားခြင်းကိုခံရသောသူများသည်လည်း ဘုရားသခင်အား ခက်ထန်ကျပ်တည်းသည်ဟုသဘောထားကြ၏။ ဘုရားသခင်သည် အပြစ်သားကိုလက်မခံလိုသောကြောင့် သူ့ကိုမကူညီရန် ဥပဒေအရဆင်ခြေပေးနိုင်သမျှကာလပတ်လုံး ရှုတ်ချ၍ပြစ်ဒဏ်စီရင်ရန် စောင့်ကြည့်နေသည်ဟု သူတို့သဘောထားကြ၏။ ကိုယ်တော်၏ပညတ်များသည် လူတို့၏ပျော်ရွှင်မှုကိုချုပ်ချယ်သောကြောင့် ဝန်လေးပင်ပန်းသည့် ထမ်းပိုးတစ်ခုဖြစ်သည်ဟု သဘောထားကြသည့်အတွက် ယင်းပညတ်များကို ဝမ်းသာအားရရှောင်လိုကြ၏။ သို့သော် ခရစ်တော်၏မေတ္တာတော်ဖြင့် မျက်စိပွင့်လင်းသောသူအနေဖြင့်မူကား ဘုရားသခင်သည် ချစ်ကြင်နာမှုနှင့်အုပ်စိုးသူ၊ အမျက်မပြေနိုင်သူမဟုတ်၊ နောင်တရသောသားကိုပွေ့ပိုက်ရန်စောင့်မျှော်နေသောဖခင်ကဲ့သို့ဖြစ်သည်ဟူ၍လည်းကောင်းထင်ရှားစွာမြင်လိမ့်မည်။ ထိုအခါ အပြစ်သားက "အဘသည်သားတို့ကိုသနားစုံမက်သည်နည်းတူ ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကိုသနားစုံမက်တော်မူ၏" ဟုဆာလံသီချင်းကို စပ်ဆိုသောသူနှင့်အတူ ကြွေးကြော်လိမ့်မည်။ ဆာလံ ၁၀၃း၁၃။

ဥပမာတွင် ဖြုန်းတီးသောသားသည် မကောင်းမှုလမ်းသို့လိုက်လျှောက်ခဲ့သော်လည်း သူ့ကိုကဲ့ရဲ့ပြစ်တင်ခြင်း၊ စွန့်ပစ်ခြင်းဟူ၍မရှိ၊ သားဖြစ်သူသည် သူ၏အတိတ်ကာလအတွက် အပြစ်ဖြေလွှတ်သဖြင့် နောက်တစ်ဖန်သတိမရတော့ဘဲ ထာဝစဉ်သင်ပုန်းချေလိုက်ပြီဟုသဘောထား၏။ ထိုနည်းအတူ အပြစ်သားအား "သင်၏မကောင်းမှုတို့ကိုတိမ်တိုက်ကဲ့သို့လည်းကောင်း၊ သင်၏အပြစ်တိုကို တိမ်လွှာကဲ့သို့လည်းကောင်း ငါချေပြီ။" ဟေရှာ ၄၄း၂၂။ "ငါသည် သူတို့အပြစ်များကို

သည်းခံမည်။ သူတို့ပြုသောမကောင်းမှုများကိုမအောက်မေ့ဘဲနေမည်” ယေရမိ၊ ၃၁း၃၄။ “ဆိုးသောသူသည် မိမိလမ်းကိုလည်းကောင်း၊ မတရားသောသူသည် မိမိအကြံအစည်တို့ကိုလည်းကောင်းစွန့်ပစ်၍ ထာဝရဘုရားထံတော်သို့ပြောင်းလဲပါစေ၊ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ ငါတို့ဘုရားသခင်ထံတော်သို့ပြောင်းလဲပါစေ၊ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကိုလွှတ်တော်မူလိမ့်မည်။” ဟေရှာ ၅၅း၇။ “ထိုကာလအခါ ဣသရေလအပြစ်ကိုစစ်ကြောသော်လည်း အပြစ်မပေါ်ရာ။ ယုဒမကောင်းမှုတို့ကိုရှာ၍မတွေ့ရာ” ဟု ထာဝရဘုရားမိန့်တော်မူ၏။ ယေရမိ၊၅၀း၂၀။

နောင်တရသောအပြစ်သားကို ဘုရားသခင်လက်ခံသိမ်းပိုက်ရန်လိုလားတော်မူကြောင်း ဤကျမ်းချက်များအားဖြင့် အာမခံထားပါသည်။ စာဖတ်နေသောသူ သင်သည်ကိုယ်လမ်းကိုယ်ရွေးခဲ့ခြင်းရှိပါသလား။ ဘုရားသခင်၏ထံတော်မှ ခွဲခွာ၍သွားခဲ့ခြင်းရှိပါသလား။ အပြစ်ကျူးလွန်ခြင်း၏အသီးများကို မြိန်ရေရှက်ရေစားပြီးသည်နှင့်တစ်ပြိုင်နက် သင်၏နှုတ်ခမ်းပေါ်တွင် ပြာအတိဖြစ်သည့်လမ်းကိုရှာဖွေခဲ့ခြင်းရှိပါသလား။ ရှိခဲ့ပါလျှင် သင်၏ဥစ္စာပစ္စည်းများကိုသုံးဖြုန်း၍ ကုန်လေပြီ။ သင်၏အသက်တာအကြံအစည်များလည်း ပျက်စီးကြလေပြီ၊ သင်၏မျှော်လင့်ချက်များလည်း ပပျောက်လေပြီ။ ယင်းအခြေအနေတွင် သင်တစ်ကိုယ်တည်းထိုင်ပြီးပျက်စီးခြင်းသို့ရောက်တော့မှာလား။ သင်၏စိတ်နှလုံးကိုတီးတိုးပြောနေကျဖြစ်သော်လည်း သင့်အနေဖြင့် မည်သည့်အခါကမျှနားမထောင်ခဲ့သည့်အသံသည် ယခုအခါ သင့်အားပြတ်သားကြည်လင်စွာ ပြောနေပြန်သည်ကား “ထ၍သွားကြလော့။ ဤပြည်သည် သင်တို့ငြိမ်ဝပ်ရာအရပ်မဟုတ်၊ ဤအရပ်သည် ညစ်ညူးသောကြောင့်

ကြီးစွာသောပျက်စီးခြင်းနှင့် ပျက်စီးရလိမ့်မည်။" မိက္ခာ ၂း၁၀။ သင်၏ဖခင်အိမ်သို့ ပြန်ခဲ့ပါ။ သူသည်သင့်အား "ငါ့ထံသို့ပြန်လာလော့၊ သင့်ကိုငါရွေးနုတ်ပြီ" ဟု ခေါ်နေတော်မူ၏။ ဟေရှာ၊ ၄၄း၂၂။

ကိုယ်ကိုကိုယ်ကောင်းအောင်မပြုလုပ်မီ ထံတော်သို့ချဉ်းကပ်ထိုက်လောက်အောင် ကောင်းသည့်အခြေအနေရောက်မှ ဘုရားသခင်ထံတော်သို့လာရမည်ဟူ၍လည်းကောင်း ရန်သူ၏အကြံပြုချက်များကို နားမယောင်ပါနှင့်။ သင်ကိုယ်တိုင်ကောင်းသူဖြစ်အောင်စောင့်ဆိုင်း၍နေပါလျှင်မည်သည့်အခါမျှဖြစ်လာနိုင်လိမ့်မည်မဟုတ်။ သင်၏ညစ်ညူးသောအဝတ်ကိုစာတန်ကထောက်ပြလျှင် "ငါ့ထံသို့လာသောသူကို ငါသည်အလျှင်းမပယ်" ဟုခရစ်တော်၏ ကတိတော်ကိုရွတ်ဆို၍ပြပါ။ ယော၆း၃၇။ ခရစ်တော်ယေရှု၏အသွေးတော်သည် အပြစ်ရှိသမျှကိုဆေးကြောပြီးကြောင်း ရန်သူအားပြောပြလိုက်ပါ။ "အကျွန်ုပ်ကိုစင်ကြယ်စေခြင်းငှါဟုဆုပ်ပင်ညှန့်နှင့်သန့်ရှင်းခြင်းမင်္ဂလာကိုပေးတော်မူပါ။ အကျွန်ုပ်ကိုမိုးပွင့်ထက်သာ၍ဖြူစင်စေခြင်းငှါ ဆေးကြောတော်မူပါ" ဟုဒါဝိဒ်မင်းကြီးဆုတောင်းသည့်အတိုင်း သင်လည်းဆုတောင်းပါ။ ဆာလံ ၅၁း၇။

ထ၍သင်၏အဘထံသို့သွားပါလော့။ ကိုယ်တော်သည် သင့်အားဝေးသောအခါမှာပင် ဆီးကြိုတော်မူလိမ့်မည်။ သင်သည်နောင်တရ၍အဘခမည်းတော်၏ဘက်သို့ခြေတစ်ဖက်လှမ်းသည်နှင့်တစ်ပြိုင်နက်ခမည်းတော်သည် သင့်အားချစ်ကြင်နာမှုလက်ရုံးတော်ဖြင့် ဆောလျင်စွာပွေ့ဖက်တော်မူလိမ့်မည်။ ကိုယ်တော်သည် စိတ်နှလုံးကြေကွဲသူ၏အော်သံကိုနားထောင်နေတော်မူ၏။ ဘုရားသခင်၏ထံတော်သို့ပထမဦးစွာသင်၏စိတ်နှလုံးရောက်သည်ကို ကိုယ်တော်သိတော်မူ၏။ မည်မျှပင်

မစုံလင်သောဆုတောင်းခြင်းဖြစ်စေကာမူ၊ မည်မျှပင်လျို့ဝှက်သော မျက်ရည်တစ်ပေါက်ဖြစ်စေကာမူ ကိုယ်တော်သိတော်မူ၏။ အပြစ်သားသည် ရိုးသားစွာဖြင့်လည်းကောင်း၊ ရိုသေမြတ်နိုးစွာဖြင့်လည်းကောင်း လိုလားစွာဖြင့်လည်းကောင်း ဘုရားသခင်ထံချဉ်းကပ်လျှင် မည်မျှပင် အားနည်းစေကာမူ ဘုရားသခင်၏ဝိညာဉ်တော်သည် ဆီး၍ကြိုနေတော်မူ၏။ ဆုတောင်းသံစကားကိုမမြွက်မဆိုမီ (သို့မဟုတ်) စိတ်နှလုံးအတွင်း မှတမ်းတသည်ကိုမဖွင့်မဟမီခရစ်တော်၏ကျေးဇူးတော်သည် လူသား၏ စိတ်နှလုံးကိုနှိုးဆော်နေသောကျေးဇူးတရားနှင့်တွေ့ဆုံပါသည်။

သင်၏ကောင်းကင်ဘုံရှိအဘဘုရားသခင်သည် သင်၏ကိုယ်ပေါ်တွင်ရှိသော ညစ်ညူးသည့်ဝတ်စုံကိုချွတ်၍ပေးတော်မူလိမ့်မည်။ ပုရောဖက်ဇာခရိ၏တင့်အပ်လျောက်ပတ်သောအနာဂတ်စကားဥပမာတွင်ညစ်ညူးသောအဝတ်ကိုဝတ်လျက် ကောင်းကင်တမန်ရှေ့မှာရပ်နေသောယဇ်ပုရောဟိတ်မင်းယောရှုသည် အပြစ်သားကိုပုံဆောင်ထားသူဖြစ်ပါသည်။ ထိုကြောင့် ထာဝရဘုရားသခင်၏စကားတော်ကား "ညစ်ညူးသောအဝတ်ကိုချွတ်ပယ်ကြလော့ . . . . ယောရှုအားလည်း သင့်အပြစ်ကိုငါဖြေရှင်းပြီ၊ တင့်တယ်သောအဝတ်ကိုဝတ်စေမည်. . . .

---

"တွေ့နိုင်သည်ကာလတွင်ထာဝရဘုရားကိုရှာကြလော့။ နီးတော်မူသည်ကာလတွင်ဆုတောင်းခြင်းအမှုကိုပြုကြလော့။ ဆိုးသောသူသည် မိမိလမ်းကိုလည်းကောင်း၊ မတရားသောသူသည်မိမိအကြံအစည်တို့ကိုလည်းကောင်းစွန့်ပစ်၍ထာဝရဘုရားထံတော်သို့ပြောင်းလဲပါစေ။ သို့ပြုလျှင်သနားတော်မူလိမ့်မည်။ ငါတို့ဘုရားသခင့်ထံတော်သို့ပြောင်းလဲပါစေ၊ သို့ပြုလျှင်အထူးသဖြင့်အပြစ်ကိုလွှတ်တော်မူလိမ့်မည်။"ဟေရှာ၅၅း၆၊၇။

---

စင်ကြယ်သောပေါင်းကို သူ၏ခေါင်းပေါ်မှာတင်၍ အဝတ်ကိုဝတ်စေကြ၏။" ဇာခရိ ၃း၄၊၅။ ထိုနည်းအတူ ဘုရားသခင်သည် သင့်အား "ကယ်တင်ခြင်းအဝတ်တန်ဆာ" နှင့်ဝတ်ဆင်စေ၍ "ဖြောင့်မတ်ခြင်းဝတ်ရုံနှင့်" ခြုံစေတော်မူလိမ့်မည်။ ဟေရှာ ၆၁း၁၀။ သင်တို့သည် တောင်ကြားမှာနေရာကျလျက်၊ "ငွေနှင့်မွမ်းမံသောချိုးငှက်အတောင်ကဲ့သို့လည်းကောင်း၊ နီသောရွှေဖြင့်မွမ်းမံသောအမွေးကဲ့သို့လည်းကောင်းဖြစ်ကြလိမ့်မည်။" ဆာလံ၊ ၆၈း၁၃။

ကိုယ်တော်သည် မိမိ၏ပွဲခံရာအိမ်သို့ သင့်ကိုဆောင်သွား၍ မေတ္တာတော်အသံကိုသင့်အပေါ်မှာ မိုးတော်မူပြီ။ သီ ၂း၄။ "သင်သည်ငါ့လမ်းသို့လိုက်လျှင် . . . . ရှေ့တော်၌ရပ်နေသောသူအချို့တို့ကိုသင့်အားလမ်းပြရသောသူဖြစ်မည်အကြောင်း ငါခန့်ထားမည်" ဟုဘုရားသခင်မိန့်တော်မူ၏။ ကိုယ်တော်၏ပလ္လင်တော်ကိုဝန်းရံလျက်ရှိသည့် သန့်ရှင်းသောကောင်းကင်တမန်များနှင့်အတူ သွားလာခွင့်ကိုပင်ရလိမ့်မည်။ ဇာခရိ ၃း၇။

"မင်္ဂလာဆောင်လုလင်သည် မင်္ဂလာဆောင်သတို့သမီး၌ဝမ်းမြောက်သကဲ့သို့ သင်၏ဘုရားသခင်သည် သင်၌ဝမ်းမြောက်တော်မူလိမ့်မည်။" ဟေရှာယ ၆၂း၅။ "သင့်ကိုကယ်တင်တော်မူလိမ့်မည်၊ သင်၌အားရ၍ ဝမ်းမြောက်တော်မူလိမ်မည်။ ချစ်ခြင်းမေတ္တာ၌ကိန်းဝပ်၍ သီချင်းဆိုခြင်းနှင့်တကွ သင်၌ဝမ်းမြောက်တော်မူလိမ့်မည်။" ဇေ ၃း၇။ အဘခမည်းတော်၏ ဝမ်းမြောက်သီချင်းကို ကောင်းကင်သားနှင့်မြေကြီးသားတို့ပူးပေါင်းသီဆိုကြလိမ့်မည်။ "ငါ့သားသည် အထက်ကသေ၏။ ယခုရှင်ပြန်၏။ အထက်ကပျောက်၏၊ ယခုတွေ့ပြန်၏။"

ယခုအခြေအနေအထိ ကယ်တင်ရှင်၏ဥပမာတွင် ဝမ်းမြောက်စရာမြင်ကွင်းမှအပ အခြားစိတ်ဝမ်းကွဲပြားစရာ တစ်စုံတစ်ခုကိုမျှမတွေ့မမြင်ရသေးပါ။ ထိုနောက်ခရစ်တော်သည် အခြားသောအကြောင်းတစ်ခုကိုထည့်သွင်းဖေါ်ပြထားတော်မူသည်မှာ ဖြုန်းတီးသောသားအိမ်သို့ပြန်ရောက်လာသောအခါ အစ်ကိုဖြစ်သူသားကြီးသည် "တောင်ယာကလာ၍ အိမ်အနီးသို့ရောက်သောအခါ ကခြင်း၊ တီးမှုတ်ခြင်းအသံကိုကြားလျှင် ငယ်သားတစ်ယောက်ကိုခေါ်၍ အဘယ်သို့သောအခြင်းအရာနည်းဟုမေး၏။ ငယ်သားက သင်၏ညီသည်ရောက်လာပါပြီ။ ဘေးနှင့်ကင်းလွတ်လျက်ရှိသည်ကို အဘတွေ့သောကြောင့်ဆုအောင်ကျွေးသောနွားကလေးကိုသတ်ပါပြီဟု ပြောဆို၏။ သားအကြီးသည်အမျက်ထွက်၍အိမ်သို့မဝင်ဘဲနေ၏။" ဤသားကြီးသည် ပျောက်သောသူအတွက်အဘနှင့်အတူစိုးရိမ်ပူပန်ခြင်းမရှိခဲ့သည့်အတွက် ယင်းပျောက်သောသူကိုစောင့်မျှော်နေခြင်းလည်းမရှိခဲ့ပါ။ ထိုကြောင့်လေလွင့်နေသူပြန်၍ရောက်လာသောအခါတွင်လည်း ဖခင်နှင့်အတူဝမ်းမြောက်ခြင်းမရှိနိုင်ပါ။ အိမ်တွင်းမှ ထွက်ပေါ်လာသောဝမ်းမြောက်သံများသည် သူ၏စိတ်နှလုံးကိုကူးစက်အားပေးခြင်းမရှိ။ ထိုကြောင့် ငယ်သားတစ်ယောက်အားပျော်ပွဲခံခြင်း၏အကြောင်းကိုမေးခဲ့၏။ ငယ်သား၏အဖြေကြောင့်ဝန်တိုသောစိတ်ပေါ်ပေါက်ပြန်၏။ ညီအစ်ကိုဝမ်းသာအားရနှုတ်ဆက်ကြိုဆိုခြင်းပြုရန် အိမ်တွင်းသို့မဝင်နိုင်၊ ဖြုန်းတီးသောသားကိုဂုဏ်ပြုခြင်းသည် သူ့ဂုဏ်အသရေကိုထိခိုက်သည်ဟု သူထင်မှတ်မှား၏။

သူ၏ဖခင်သည် အိမ်အပြင်သို့ထွက်လာပြီး သားကြီးအားချော့၍ဆွေးနွေးညှိနှိုင်းသောအခါ သူ၏မာန်မာနနှင့်ရန်ငြိုးထားသည့်စိတ်သဘောထားထင်ရှားလေ၏။ သူသည်မိမိကောင်းစားရေးအတွက်သက်သက်ဖခင်၏အိမ်၌ မှီခိုနေထိုင်ခဲ့သည်ဖြစ်၍ ကျေးဇူးမခံစားရသော လုပ်ငန်း

တာဝန်များကိုဆောင်ရွက်ရသည်ဟု သူယူဆ၏။ ထိုကြောင့် ယခုမှ ဘေးကင်း၍ပြန်ရောက်လာသောသားအား ဂုဏ်ပြုသည်ကိုတွေ့သော အခါ သူရရှိသောအခွင့်အရေးနှင့် ကွာခြားလှပါသည်ဟု သေးသိမ်သော သဘောထားဖြင့် ဝန်တိုနေခြင်းဖြစ်၏။ သူ၏လုပ်ငန်းတာဝန်သည် သားတစ်ယောက်ကဲ့သို့မဟုတ်၊ အစေခံကျွန်တစ်ယောက်ကဲ့သို့သာဖြစ် သည်ဟု ပွင့်ပွင့်လင်းလင်းပင်ထုတ်ပြောလိုက်ပါသည်။ သူ၏ဖခင်နှင့် အတူနေထိုင်ရသည့်အတွက် ဝမ်းမြောက်ရမည့်အစား သူ၏နောင်ရေး အတွက် ရရှိမည့်အမြတ်အစွန်းကိုသာ မျှော်မှန်းစွဲလမ်း၍ နေခဲ့ပါသည်။ ဤအချက်ကြောင့်သာလျှင် သူသည် လောကစည်းစိမ်၌ပျော်မွေ့ခြင်းကို စွန့်လွှတ်ရှောင်ကြဉ်သည့်သဘောရှိကြောင်း သူ၏စကားများကဖေါ်ထုတ် နေပါသည်။ ယခုမူကား ဖခင်၏ဥစ္စာပစ္စည်းများကိုသားငယ်နှင့်အတူ ဝေငှသုံးစွဲရမည်ဆိုပါက သူ့အပေါ်မတရားပြုသည်ဟု သူယူဆနေပါ သည်။ သူ၏ညီအားမျက်နှာသာပေးခြင်းကို ဝန်တို၍နေပါသည်။ အကယ်၍သူသာလျှင်ဖခင်၏နေရာတွင်ရှိမည်ဆိုပါကယင်းဖြုန်းတီးသော သားကိုလက်ခံမည်မဟုတ်ကြောင်း ထင်ရှားနေပါသည်။ သူ၏ညီဖြစ် သည်ကိုပင် သူအသိအမှတ်မပြုဘဲ "ဤသားငယ်" ဟူ၍စိမ်းကားသည့် အသုံးအနှုန်းများဖြင့် ပြန်၍ပြောခဲ့ပါသည်။

သို့ပါလျက် ဖခင်ဖြစ်သူသည် သူ့အားထောက်ထားညှာတာစွာ ဖြင့် "ငါ့သား" ဟူ၍ခေါ်လျက် "သင်သည်ငါ့ထံမှာအစဉ်နေရ၏။ ငါ၏ ဥစ္စာရှိသမျှသည် သင်၏ဥစ္စာဖြစ်၏" ဟုချော့မော့ပြောဆို၏။ သင်၏ ညီသည် အိမ်မဲ့ယာမဲ့မိတ်ဆွေမဲ့ဖြစ်နေသည့်ကာလပတ်လုံး သင်သည် မိဘနှင့်အတူ နေထိုင်ရသည့်အခွင့်အရေးရှိခဲ့သည် မဟုတ်ပါသလော။

သားသမီးများအတွက် ပျော်ရွှင်မှုကိုဖြစ်စေမည့် ဖခင်၏ဥစ္စာ ပစ္စည်းမှန်သမျှကို သားသမီးများလွတ်လပ်စွာ သုံးစွဲခွင့်ရှိပါသည်။

**နောင်တရသောသားသည် တစ်ချိန်ကမွတ်သိပ်ခဲ့ရသော်လည်း၊ ယခုအခါ ဖခင်၏အိမ်ဂေဟာတွင် ဝစွာစားသောက်၍နေလေ၏**

"ငါ၏ဉစ္စာရှိသမျှသည် သင်၏ဉစ္စာဖြစ်၏" ဟုဆိုထားသဖြင့် သားသည်ဖခင်ထံမှရရှိသမျှကိုဆုဖြစ်သည်၊ လက်ဆောင်ဖြစ်သည်ဟူ၍ ခွဲခြားရန်မလိုပါ၊ ဖခင်၏မေတ္တာကိုယုံကြည်၍ ပေးထားသမျှကို လက်ခံရယူရန်သာလိုပါသည်။

တစ်ဦးသောသားသည် ဖခင်၏မေတ္တာကို အတပ်မသိသဖြင့် ဖခင်၏အိမ်ထောင်စုမှခွဲခွာ၍နေခဲ့၏။ သို့သော် ယခုပြန်လာလေပြီ။ စိတ်အနှောင့်အယှက်ဖြစ်စရာရှိသမျှကို ဝမ်းမြောက်ခြင်းဒီရေများက ဆေးကြောလိုက်လေပြီ။ "သင်၏ညီမူကား အထက်ကသေ၏။ ယခုရှင်ပြန်၏။ အထက်ကပျောက်၏၊ ယခုတွေ့ပြန်၏။"

အစ်ကိုသည်သဘောထားသေးသိမ်၍ ကျေးဇူးတရားမသိတတ်သည်ကိုသူကိုယ်တိုင် သဘောပေါက်ပါပြီလား။ သူ၏ညီသည်ဆိုးသွမ်းမှုကိုပြုခဲ့ပြီးဖြစ်သော်လည်း သူ၏ညီပင်ဖြစ်သည်ကိုသိပါပြီလား။ အစ်ကိုသည်သူ၏ဝန်တိုသောသဘောထားနှင့်စိတ်နှလုံးခိုင်မာခြင်းများအတွက်နောင်တရပါပြီလား။ ဤအကြောင်းများနှင့်ပတ်သက်၍ ခရစ်တော်၏ဥပမာတွင်မပါဝင်သည်မှာ ယင်းဥပမာသည် ဖြစ်ပျက်ဆဲအခြေအနေတွင်ပင်ရှိနေသေးသည်ဖြစ်၍မည်သို့အဆုံးသတ်သင့်သည်ကိုဘုရားသခင်၏တရားနာသူများဆုံးဖြတ်ရန်ဖြစ်ပါသည်။

အစ်ကိုဖြစ်သူသည် ခရစ်တော်၏လက်ထက်ကစိတ်သဘောမပြောင်းလဲသောဂျူးလူမျိုးတို့ကို ပုံဆောင်ထားပါသည်။ ၄င်းအပြင်ခေတ်အဆက်ဆက်ကဖါရိရှဲများလည်းပါဝင်ပါသည်။ သူတို့သည် အခွန်ခံနှင့်ဆိုးသောသူများဟု သူတို့အနေဖြင့် သဘောထားသူများကိုမုန်းတီးကြသောကြောင့်ဖြစ်ပါသည်။ သူတို့သည် မကောင်းမှုကိုအလွန်အကျွံမပြုကြသောကြောင့် သူတို့ကိုယ်သူတို့ဖြောင့်မတ်သောသူများဖြစ်သည်ဟုသဘောပိုက်ကြ၏။ ခရစ်တော်သည် ယင်းကဲ့သို့အကြောင်းမဲ့အပြစ်ရှာသူများအား သူတို့၏အကြောင်းပြချက်နှင့်လျော်ညီသောဥပမာကိုပေးလိုက်ခြင်းဖြစ်ပါသည်။ သားကြီးကဲ့သို့သူတို့သည် ဘုရားသခင်၏ထံတော်မှအထူးအခွင့်အရေးကိုခံစားရကြ၏။ သူတို့သည် ဘုရားသခင်၏စံအိမ်တော်မှသားကြီးများဖြစ်ကြသည်ဟု သူတို့ကိုယ်သူတို့ယူဆကြသော်လည်း သူတို့၌ကြေးစားသူရင်းငှါး၏စိတ်နေသဘောထားရှိကြ၏။ သူတို့သည် အမှုတော်ကိုဆောင်ရွက်နေကြသော်လည်း အမှုတော်ကိုချစ်မြတ်နိုးသောကြောင့်မဟုတ်၊ ဆုလာဘ်ကိုမျှော်ကိုးသောကြောင့်သာဖြစ်ပါ၏။ ဘုရားသခင်သည် ကျပ်တည်းသောအလုပ်ရှင်ဖြစ်သည်ဟုသူတို့မြင်ကြ၏။ ယုဒဓမ္မဆရာများအနေဖြင့် ပင်ပန်းစွာ ကြိုးစား

အားထုတ်၍လည်းကောင်း၊ ကိုယ်ကိုကိုယ်ဆုံးမဒဏ်ထား၍လည်းကောင်း ရှာဖွေမှသာရရှိမည်ဟု ယူဆထားသောဆုကျေးဇူးတော်များကို ခရစ်တော်သည် အခွန်နှင့်ဆိုးသောသူများအား လွတ်လပ်စွာခံယူကြရန် ဖိတ်ခေါ်၍ပေးနေတော်မူသည်ကို သူတို့မြင်ကြအခါ မခံချိမခံသာဖြစ်ကြ၏။ ဖြုန်တီးသောသားပြန်လာ၍ ခမည်းတော်ဝမ်းမြောက်ခြင်းဖြစ်သည်ကို သူတို့မနာလိုဝန်တိုကြ၏။

ဥပမာတွင် ဖခင်ဖြစ်သူက သားကြီးအားချော့မော့ဆွေးနွေးခြင်းမှာ ဖါရိရှဲများအား ကောင်းကင်ကကြင်နာစွာဖိတ်ခေါ်ခြင်းဖြစ်ပါသည်။ "ငါ၏ဥစ္စာရှိသမျှသည် သင်၏ဥစ္စာဖြစ်၏" အခပေးသည်မဟုတ်၊ ချစ်ခြင်းဖြင့်အပိုင်းပေးသောဆုကျေးဇူးများဖြစ်၏။ ဖြုန်တီးသောသားကဲ့သို့မထိုက်မတန်ဘဲ သင်သည်လည်း ခမည်းတော်၏ချစ်ခြင်းဖြင့်ပေးတော်မူသည်ကိုခံယူနိုင်ပါသည်။

ကိုယ်ကိုကိုယ်ဖြောင့်မတ်သည်ဟု သဘောထားခြင်းသည် ဘုရားသခင်အား အမှားပုံဆောင်သည်သာမက မိမိတို့၏ညီအစ်ကိုများအပေါ် ကြင်နာစိတ်ကင်းမဲ့၍အပြစ်ရှာဝေဖန်တတ်ပါသည်။ သားအကြီးသည် တစ်ကိုယ်ကောင်းစိတ်နှင့်ဝန်တိုစိတ်ရှိသောကြောင့် ညီငယ်၏အပြုအမူရှိသမျှကိုဝေဖန်ရန်နှင့် အသေးငယ်ဆုံးသောချွတ်ယွင်းမှုအတွက် အပြစ်တင်ရန်စောင့်နေပါသည်။ ချွတ်ယွင်းမှုရှိသမျှကိုထုတ်ဖေါ်၍ အမှားတစ်ခုပြုတိုင်းပုံကြီးချဲ့၏။ ယင်းသို့ပြုခြင်းဖြင့် သူ၏အပြစ်မဖြေလွှတ်နိုင်သောသဘောထားမှန်ကန်ကြောင်း သက်သေထူနေခြင်းဖြစပ်ပါသည်။ ယနေ့လူအများစုမှာလည်း ဤသို့ပင်ပြုနေကြပါသည်။ အသက်ဝိညာဉ်တစ်ခုသည် သွေးဆောင်ဖြားယောင်းမှုလွှမ်းမိုးခြင်းရှိသမျှကိုတွန်းလှန်ရုန်းကန်စပြုနေသည်ကိုမကျေမနပ်၊ စွပ်စွဲပြစ်တင်ခြင်းမျိုးစုံဖြင့် စိတ်နှလုံးခိုင်မာစွာမိမိသဘောအလိုကျဘေးမှရပ်၍ကြည့်နေကြ၏။ သူတို့ကိုယ် သူတို့

ဘုရားသခင်၏သားသမီးများဟု အခေါ်ခံကြပေလိမ့်မည်ဖြစ်သော်လည်း သူတို့တွင် စာတန်၏စိတ်နေသဘောထားအပြည့်အဝရှိကြ၏။ ဤကဲ့သို့ ယိုးစွပ်တတ်သူများသည် သူတို့၏ညီအစ်ကိုများအပေါ် ထားရှိသော သဘောထားများကြောင့် ဘုရားသခင်သည် မိမိ၏အလင်းတော်ကို သူတို့အားမပေးနိုင်ဘဲရှိနေပါသည်။

အများသောသူတို့က "ငါသည် ထာဝရဘုရားရှေ့တော်သို့ အဘယ်ပူဇော်သကာပါလျက်ချဉ်းကပ်၍ အမြင့်ဆုံးသောဘုရားသခင့် ရှေ့တော်၌ ကိုးကွယ်ရမည်နည်း။ မီးရှို့ရာယဇ်နှင့် အခါလည်သော နွားသငယ်တို့ကိုဆောင်လျက် ချဉ်းကပ်ရမည်လော။ ထာဝရဘုရားသည် သိုးထီးတစ်ကောင်၊ ဆီမြစ်တစ်သောင်းကိုအားရနှစ်သက်တော်မူမည်လော" ဟုအမြဲပင်မေးနေကြပါသည်။ သို့သော် "အချင်းလူ၊ ကောင်းသောလမ်းကိုပြတော်မူပြီ။ တရားသဖြင့်ပြုခြင်း၊ ကြင်နာမှုကိုနှစ်သက်ခြင်း၊ သင်၏ဘုရားသခင့်ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့်ကျင့်နေခြင်းမှ တစ်ပါး အဘယ်ပူဇော်သကာကို ထာဝရဘုရားတောင်းတော်မူသနည်း" မိ၊ ၆း၆-၈။

ဘုရားသခင်နှစ်သက်တော်မူသောဝတ်ပြုကိုးကွယ်ခြင်းမှာ "မတရားသောအချည်အနှောင်ချွတ်ခြင်း၊ လေးသောဝန်ကိုချခြင်း၊ ညှဉ်းဆဲခံရသောသူတို့ကိုလွှတ်ခြင်း၊ ထမ်းပိုးရှိသမျှကိုချိုးခြင်းမဟုတ်လော။ . . . . ကိုယ်အသားကိုမရှောင်ဘဲနေခြင်းမဟုတ်လော။" ဟေရှာ၊ ၅၈း၆၊၇။ သင်တို့သည် အပြစ်သားများဖြစ်၍ ကောင်းကင်ဘုံရှိ အဘဘုရားသခင်၏ချစ်ခြင်းဖြင့် သာလျှင် ကယ်တင်ခြင်းကိုရရှိကြောင်းသိမြင်သောအခါ အပြစ်နွံတွင်း၌ နစ်မွန်းနေသော သူများကိုသနားညှာတာလိမ့်မည်။ သင်သည် မည်သည့်အခါမျှ စိတ်ပူပန်မှုနှင့်တွေ့ဆုံရမည်မဟုတ်သည့်အပြင် ဝန်တိုသောစိတ်နှင့်ပြစ်တင်

ပြောဆိုမိသောကြောင့် နောင်တရစရာအကြောင်းလည်းမရှိတော့ပါ။ သင်၏စိတ်နှလုံးအတွင်း၌ရှိသောတစ်ကိုယ်ကောင်းစိတ်ရေခဲတုံး အရည်ပျော်သောအခါ ပျောက်သောသူကို ကယ်ဆယ်ရာတွင် ဘုရားသခင်ကဲ့သို့သနားကြင်နာသောစိတ်ရှိ၍ ကိုယ်တော်နှင့်အတူ ဝမ်းမြောက်လိမ့်မည်။

သင်သည် ဘုရားသခင်၏သားဖြစ်သည်ဟုအဆိုပြုသည်မှာ မှန်ပါ၏။ သို့သော် "အထက်ကသေ၏၊ ယခုရှင်ပြန်၏၊ အထက်ပျောက်၏၊ ယခုတွေ့ပြန်" သောသူသည် "သင်၏ညီ" ဖြစ်မှသာ သင်၏အဆိုပြုချက်အတည်ဖြစ်ပါသည်။ သူ့အားဘုရားသခင်သည် သားအဖြစ်အသိအမှတ်ပြုသောကြောင့် သူနှင့်သင်သည် အနီးကပ်ဆုံး အနှောင်အဖွဲ့တွင်ရှိနေကြပါသည်။ သူနှင့်ညီအစ်ကိုတော်စပ်ခြင်းကို ငြင်းပယ်လျှင် သင်သည်အိမ်သားမဟုတ်နိုင်၊ ကြေးစားသူရင်းငှါးသာဖြစ်၍ဘုရားသခင်၏ မိသားစုအသိုက်အဝန်းတွင် သားသမီးအဖြစ်ပါဝင်လိမ့်မည်မဟုတ်ပါ။

သင်သည် ပျောက်သောသူအားဆီးကြိုနှုတ်ဆက်သူများတွင် မပါဝင်လိုသော်လည်း ဝမ်းမြောက်ခြင်းပွဲကိုရှေ့သို့ပင်ဆက်၍ ကျင်းပလိမ့်မည်။ ပြန်လာသောသားသည်လည်း အဘခမည်းတော်နှင့်အတူ ခမည်းတော်၏အမှုတော်တွင်ပါဝင်ဆောင်ရွက်ခွင့်ရလိမ့်မည်။ များစွာသောအပြစ်တို့မှလွတ်သောသူသည် များစွာချစ်တတ်၏။ သို့သော် သင်မူကား အပြင်အရပ်မှောင်မိုက်၌ပင်နေရလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် "ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကိုမသိ၊ အကြောင်းမူကား ဘုရားသခင်သည် ချစ်ခြင်းဖြစ်တော်မူ၏။" ၁ ယော ၄း၈။

---ooo---

# "ယခုနှစ်ရှိပါစေဦး"

## လုကာ၊ ၁၃း၁-၉ ကိုအခြေပြုပါသည်။

ခရစ်တော်၏ သွန်သင်ချက်တွင်တရားစီရင်ခြင်းအကြောင်းကို ကြိုတင်သတိပေးပုံနှင့်ချမ်းသာပေးရန်ပန်ကြားပုံကိုဆက်စပ်ထားပါသည်။ ကိုယ်တော်က "လူသားသည် လူတို့၏အသက်ကိုသတ်အံ့သောငှါ ကြွလာသည်မဟုတ်၊ ကယ်တင်အံ့သောငှါကြွလာသည်" ဟုမိန့်တော်မူ၏။ လု၊ ၉း၅၅။ "လောကသားတို့အားအပြစ်စီရင်ခြင်းငှါ ဘုရားသခင်သည် သားတော်ကို ဤလောကသို့စေလွှတ်တော်မူသည်မဟုတ်၊ လောကသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။" ယော၊ ၃း၁၇။ ကိုယ်တော်၏ သနားကြင်နာမှုဆိုင်ရာသာသနာတော်သည် ဘုရားသခင်၏ တရားမျှတမှုရှိသောတရားစီရင်ခြင်းနှင့် မည်သို့ဆက်စပ်နေပုံကို အသီးမသီးသော သင်္ဘောသဖန်းပင်ဥပမာတွင် သရုပ်ဖော်ထားပါသည်။

ဘုရားသခင်၏ နိုင်ငံတော်တည်လုနီးပြီဖြစ်ကြောင်း ခရစ်တော်သည်လူတို့အား ကြိုတင်သတိပေးနှိုးဆော်တော်မူ၏။ ၎င်းအပြင် လူတို့၏အသိပညာကင်းမဲ့ခြင်းနှင့်ဂရုစိုက်အမှုမထားခြင်းများကိုပြတ်သားစွာဆုံးမတော်မူ၏။ ရာသီဥတုအခြေအနေကိုကြိုတင်မှန်းဆနိုင်သည့် ကောင်းကင်လက္ခဏာများကို သူတို့လျင်မြန်စွာအကဲခတ်တတ်ကြသော်လည်း ကိုယ်တော်၏ အမှုတော်ကိုဖော်ညွှန်းသည့် လက္ခဏာများကို မူကားသူတို့ကွဲကွဲပြားပြားမသိနားမလည်ကြပါ။

သို့သော် ရှေးကာလလူတို့သည် သူတို့ကိုယ်သူတို့ကောင်းကင်က အထူးချစ်မြတ်နိုးသောသူများဖြစ်သည်ဟု ယူဆကြ၍ ဆုံးမသွန်သင်ချက်

ဆိုင်ရာသတင်းစကားများသည် သူတို့အတွက်မဟုတ်၊ အခြားတစ်ပါးသောသူများအတွက်ဖြစ်သည်ဟု အလွယ်တကူယူဆကြသကဲ့သို့ ယခုမျက်မှောက်ကာလလူများကလည်း ယင်းအတိုင်းပင်ယူဆနေကြပါသည်။ ဘုရားသခင်၏တရားနာသူများသည် မကြာသေးမီက အကြီးအကျယ်လှုပ်လှုပ်ရှရှဖြစ်သွားသည့် အကြောင်းတစ်ခုကိုခရစ်တော်အားလျှောက်ထားကြပါသည်။ ယုဒပြည်မြို့ဝန်မင်းပွန္တိပိလတ်၏လုပ်ရပ်အချို့သည် လူအချို့တို့ကိုထိုခိုက်နစ်နာစေ၏။ ယေရုရှလင်မြို့တွင် လူအများစုစိတ်ပါဝင်စား၍အုတ်အုတ်ကျက်ကျက်ဖြစ်စေသောကိစ္စတစ်ခုကို ပိလတ်မင်းကအကြမ်းဖက်၍နှိမ်နင်းရန်အားထုတ်ခဲ့ပါသည်။ တစ်ကြိမ်က သူ၏စစ်သည်များသည် ဗိမာန်တော်ဥပစာအတွင်းကိုပင် ကျူးကျော်၍ဂါလိလဲလူများကိုခုတ်ဖြတ်သတ်ပစ်ကြပါသည်။ ယုဒလူတို့က ယင်းသို့ကပ်ဆိုက်ရခြင်းမှာ ယင်းခက်ခဲမှုကိုခံရသောသူများ၏ အပြစ်အတွက်တရားစီရင်ခြင်းကိုခံရသည်ဟု သဘောထားကြသဖြင့် ယင်းအကြောင်းကိုတင်ပြကြသောသူများကလည်း လျှို့ဝှက်စွာ ကျေနပ်မှုဖြင့် လျှောက်ထားကြခြင်းဖြစ်ပါသည်။ သူတို့သည် ထိုခက်ခဲမှုခံရသူများထက်များစွာပို၍ကောင်းသောကြောင့် ဘုရားသခင်က သူတို့ကိုခက်ခဲမှုတွေ့သောဂါလိလဲလူတို့ထက်ပို၍မျက်နှာသာပေးသည်ဟု ထင်မှတ်ကြ၏။ ထိုကြောင့်ယေရှုက ၄င်းဂါလိလဲလူတို့ကို ပြစ်တင်စကားပြောမည်ဟု သူတို့မျှော်လင့်ကြ၏။ အဘယ်ကြောင့်ဆိုသော အဆိုပါဂါလိလဲလူတို့သည်ထိုက်သင့်သောပြစ်ဒဏ်ကိုခံရကြသည်ဟု သူတို့အမှန်ယုံကြည်ကြပါသည်။

ခရစ်တော်၏တပည့်တော်များကမူကား မိမိတို့၏အယူအဆကိုအတိအကျ မဖွင့်မဟသေးဘဲ သူတို့သခင်၏ သဘောထားကို ငံ့မျှော်နေ

ကြပါသည်။ အဘယ်ကြောင့်ဆိုသော် သူတစ်ပါး၏အကျင့်ကို ဝေဖန်ခြင်းအကြောင်းနှင့်ပတ်သက်၍လည်းကောင်း၊ အပြစ်အလျောက် ဆပ်ပေးစီရင်ခြင်းနှင့်ပတ်သက်၍ သူတို့၏မစုံမလင်သောဆုံးဖြတ်ချက်များအရ တိုင်းတာခြင်းအကြောင်းများကိုလည်းကောင်း ကိုယ်တော်သည် သူတို့အားချက်ကျလက်ကျသင်ခန်းစာများပေးထားခဲ့ပြီဖြစ်ပါသည်။ သို့ပါလျက် ခရစ်တော်က ဤသူများအားသူတစ်ပါးထက် အပြစ်ကြီးသူများဖြစ်ကြောင်း ရှုတ်ချပြောဆိုမည်ဟု သူတို့မျှော်လင့်ကြ၏။ ထိုကြောင့် ခရစ်တော်၏အဖြေကို သူတို့အားလုံးအံ့သြနေကြပါသည်။

ခရစ်တော်သည် ပရိသတ်ဘက်သို့လှည့်၍ "ထိုဂါလိလဲလူတို့သည်ထိုသို့ ခံရသောကြောင့် အခြားသောဂါလိလဲလူအပေါင်းတို့ထက်သာ၍အပြစ်ရှိသည်ဟု ထင်ကြသလော။ သာ၍အပြစ်ရှိသည်မဟုတ်၊ သင်တို့ရှိသမျှလည်းနောင်တမရလျှင် ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်"ဟုမိန့်တော်မူ၏။ ယင်းသို့ထိတ်လန့်ဖွယ်ဖြစ်သော ဘေးရန်များသည် သူတို့၏စိတ်သဘောများကိုနှိမ့်ချ၍ အပြစ်မှနောင်တရကြစေရန်ပုံစံနမူနာများဖြစ်ပါသည်။ ခရစ်တော်၌ မခိုလှုံသောသူအပေါင်းတို့အပေါ် မကြာမီပေါက်ကွဲတော့မည့်လက်စားချေမှုန်တိုင်းအစပျိုးနေလေပြီ။

ယေရှုသည် တပည့်တော်များနှင့် ပရိတ်သတ်များကို သွန်သင်နေတော်မူစဉ် အနာဂတ်မျက်စိဖြင့်ရှုတော်မူရာ ယေရုရှလင်မြို့ကြီးကိုစစ်သည်များဝန်းရံတပ်ချလျက်ရှိသည်ကို မြင်တော်မူ၏။ ရွေးချယ်ထားသည့်သန့်ရှင်းသောမြို့တော်သို့ လူမျိုးခြားစစ်သည်များ၏ စစ်ချီသံကို ကိုယ်တော်ကြားတော်မူ၏။ ဝန်းရံပိတ်ဆို့တိုက်ခိုက်ခြင်းခံနေရသောမြို့တော်အတွင်း ထောင်သောင်းမကများစွာသောသူတို့သည်လည်း

ပျက်စီးဆုံးရှုံးကြသည်ကိုမြင်တော်မူ၏။ အများသောယုဒလူတို့သည်လည်းဖေါ်ပြခဲ့ပြီးသော ဂါလိလဲလူများကဲ့သို့ပင် ဗိမာန်တော်အတွင်းယဇ်ပူဇော်ရင်း အသတ်ခံရကြလိမ့်မည်။ တစ်ဦးချင်းအပေါ် ကျရောက်ခဲ့ပြီးသောဘေးရန်များသည် အလားတူအပြစ်ကျူးလွန်သောလူမျိုးအားဘုရားသခင်သတိပေးနှိုးဆော်နေခြင်းဖြစ်တော်မူ၏။ “သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်” ဟုယေရှုမိန့်တော်မူ၏။ သနားကြင်နာမှုတံခါးကိုမပိတ်သေးဘဲသူတို့အတွက်ခေတ္တဆိုင်းငံ့ထားပေလိမ့်ဦးမည်။ ငြိမ်သက်ခြင်းချမ်းသာနှင့်စပ်ဆိုင်သောအရာများကိုသိနားလည်ရန်သူတို့အတွက်အချိန်ရှိနေဆဲဖြစ်ခဲ့ပါသည်။

ကိုယ်တော်ဆက်လက်၍ မိန့်တော်မူသည်မှာ “လူတစ်ယောက်သည်ဥယျာဉ်၌ စိုက်သောသင်္ဘောသဖန်းပင်တစ်ပင်ရှိ၏။ ထိုအပင်သို့လာ၍အသီးကိုရှာသော်လည်းမတွေ့။ ထိုအခါ ဥယျာဉ်စောင့်အားလည်းသုံးနှစ်ပတ်လုံးၤသင်္ဘောသဖန်းပင်သို့ငါလာ၍အသီးကိုရှာသော်လည်းမတွေ့မရ။ ခုတ်ပစ်လော့။ အဘယ်ကြောင့် မြေကိုနှောင့်ယှက်ရသနည်း။”

ခရစ်တော်၏ သွန်သင်ချက်ကိုနာယူသောသူများသည်ကိုယ်တော်၏စကားတော်များကိုနားမလည်စရာအကြောင်းမရှိပါ။ ဒါဝိဒ်မင်းကြီးကဣသရေလလူမျိုးတို့သည် အဲဂုတ္တုပြည်မှထုတ်ဆောင်ခဲ့သောစပျစ်နွယ်ပင်ဖြစ်သည်ဟု သီချင်းစပ်ဆိုထားပါသည်။ “ကောင်းကင်ပေါ်ရှိထာဝရဘုရား၏စပျစ်ဥယျာဉ်ကား ဣသရေလအမျိုးတည်း၊ နှစ်သက်တော်မူသောပျိုးပင်ကား ယုဒလူမျိုးတည်း” ဟု ပုရောဖက်ဟေရှာယက ကျမ်းပြုထားခဲ့ပါသည်။ ဟေရှာ ၅း၇။ ခရစ်တော်ကြွလာတော်မူသောခေတ်၏ လူမျိုးဆက်သည် ကိုယ်တော်ကအထူးစောင့်ရှောက်၍

ကောင်းချီးပေးတော်မူခြင်းကိုခံရသည့်ထာဝရဘုရား၏ ဥယျာဉ်တွင်း၌ ရှိသောသဘော်ာသဖန်းပင်ကို ပုံဆောင်ထားပါသည်။

ဘုရားသခင်၏လူမျိုးအတွက် ဘုန်းအသရေတော်ကိုထင်ရှားစေရန် ကိုယ်တော်၏စီမံကိန်းနှင့်ပတ်သက်၍နှစ်သက်ဖွယ်ရာမှတ်တမ်းတင်ထားသည်မှာ "ထိုသူတို့သည် ဖြောင့်မတ်ခြင်းသပိတ်ပင်၊ ဘုန်းအသရေတော်ဖို့ ထာဝရဘုရားစိုက်ပျိုးတော်မူသောအပင်ဟူ၍ သမုတ်ခြင်းကိုခံရကြလိမ့်မည်။" ဟေရှာ ၆၁း၃။ ယာကုပ်သည် မိမိ၏အသက်တာကုန်ဆုံးလုနီးသောအခါ သူ၏အချစ်ဆုံးသောသားအား "ယောသပ်သည် သန်သောပျိုးပင်၊ ရေတွင်းနားမှာသန်သောပျိုးပင်ဖြစ်၏။ အခက်အလက်တို့သည် အုတ်ရိုးပေါ်မှာကျော်သွားကြ၏" ဟု လည်းကောင်း၊ "သင့်အဘ၏ဘုရားသခင်" သည် "သင့်ကိုမစတော်မူ" ၍ ဘုရားသခင်သည်"အထက်မိုးကောင်းကင်၏မင်္ဂလာ၊ အောက်နက်နဲသောအရပ်၏မင်္ဂလာ" တို့နှင့်ကောင်းချီးပေးတော်မူပါစေသောဟု ဝိညာဉ်တော်တိုက်တွန်းမှုဖြင့် မင်္ဂလာစကားမြွက်ကြားခဲ့ပါသည်။ က၊ ၄၉း၂၂၊၂၅။ ထိုကြောင့် ထာဝရဘုရားသည် ဣသရေလလူမျိုးအား ၊ ကောင်းသောစပျစ်နွယ်ပင်အဖြစ် အသက်ရေတွင်းအနီးတွင် စိုက်ပျိုးတော်မူ၏။ ကိုယ်တော်သည် မိမိ၏စပျစ်ဥယျာဉ်ကို "မြေကောင်းသောတောင်ပေါ်မှာ" "မြေကိုတူး၍ကျောက်ခဲတို့ကို ရှင်းလင်းစေပြီးမှ အကောင်းဆုံးသော စပျစ်နွယ်ပင်တို့ကို စိုက်ပျိုးတော်မူ၏။" ဟေရှာ ၅း၁၊၂။

"ထိုအခါ စပျစ်သီးကိုသီးမည်ဟု မျှော်လင့်သည်ရှိသော်၊ ဗောရှသီးကိုသီးပါသည်တကား။" ဟေရှာ ၅း၂။ ခရစ်တော်လက်ထက်လူတို့သည် သူတို့ကိုယ်သူတို့ ဘုရားသခင်ကို ကြည်ညိုပါသည်ဟုဆိုရာ၌ ရှေးယခင်ခေတ်က ယုဒလူတို့ထက်ပို၍ ဟိတ်ဟန်ထုတ်ကြပါသည်။

သို့သော် သူတို့သည် ဘုရားသခင်၏ ချစ်ဖွယ်သောဝိညာဉ်ဆုကျေးဇူးများနှင့်ပို၍ပင် ကင်းဝေးကြပါသည်။ ယောသပ်၏သတင်းစကားကို မွေးကြိုင်စေခဲ့သော၊ သူ၏ဘဝအသက်တာကိုထည်ဝါခန့်ညားစေခဲ့သော၊ မွန်မြတ်သည့်အကျင့်ကောင်းအသီးများ၊ ယုဒအမျိုးသားတို့တွင်မရှိပါ။

ဘုရားသခင်သည် သားတော်အားဖြင့် အသီးများရှာခဲ့သော်လည်းမတွေ့ပါ။ ဣသရေလသည် မြေကြီးကိုဝန်လေးစေသောသူဖြစ်၏။ စပျစ်ဥယျာဉ်အတွင်း၌ အသီးသီးသောအပင်အတွက် မြေနေရာကို သူယူထားသောကြောင့် မြေပေါ်၌သူရှိနေခြင်းသည်ပင်လျှင် အမင်္ဂလာဖြစ်၏။ ကမ္ဘာလောကကြီးအတွက် ဘုရားသခင်စီမံထားတော်မူသည့် ကောင်းချီးမင်္ဂလာများကို သူအလွဲသုံးစားပြုခဲ့၏။ ခပ်သိမ်းသောလူအမျိုးအနွယ်တို့၏အလယ်တွင် ဘုရားသခင်ကိုလွဲမှားစွာ ပုံဆောင်ခဲ့ပါသည်။ သူတို့သည် အကျိုးမပြုရုံမျှသာမဟုတ်၊ ပွင့်ပွင့်လင်းလင်းအနှောင့်အယှက်ပေးခဲ့၏။ သူတို့၏ဘာသာရေးလမ်းလွဲမှုအဆင့်မြင့်မားနေသောကြောင့် ကယ်တင်ခြင်းထက် ပျက်စီးခြင်းကိုပို၍ဖြစ်စေ၏။

ဥပမာတွင် ဥယျာဉ်စောင့်သည် အပင်ကိုခုတ်ပစ်ရန် အမိန့်အတွက်ပြဿနာမပေါ်ပါ။ အသီးမသီးသောအပင်ကိုခုတ်ပစ်ရန်သာဖြစ်ပါသည်။ သို့သော် သူသည် ယင်းအသီးမသီးသောအပင်အပေါ် ပိုင်ရှင်ကဲ့သို့ပင်သိ၍ စိတ်ဝင်စားမှုရှိပါသည်။ ၎င်းအပင်ကြီးထွား၍ အပွင့်အသီးထွန်းကားခြင်းကိုတွေ့မြင်ရသည်ထက် ပို၍ဝမ်းမြောက်စရာသူ့အတွက်အခြားမရှိပါ။ ထို့ကြောင့် ပိုင်ရှင်၏အလိုကျပြန်၍တောင်းပန်လိုက်သည်မှာ "ယခုနှစ်ရှိပါစေဦး၊ အကျွန်ုပ်သည် အပင်နားပတ်လည်ကိုတူးဆွ၍နောက်ချေးကိုဖို့ပါမည်။ အသီးသီးကောင်းသီးပါလိမ့်မည်။

ဥယျာဉ်စောင့်သည် ထိုမျှမျှော်လင့်ချက်ကင်းသောအပင်ကိုပြုစုရန် စိတ်မပျက်ပါ။ ပို၍ဂရုပြုစောင့်ရှောက်ရန်အသင့်ရှိနေပါသည်။ အပင်၏ဝန်းကျင်အခြေအနေကို အသင့်မြတ်ဆုံးဖြစ်အောင် ပြုစု၍ အပင်ကိုအထူးအာရုံပြုအပေးပေးပါလိမ့်မည်။

ပိုင်ရှင်နှင့်ဥယျာဉ်စောင့်တို့သည် သင်္ဘောသဖန်းပင်ကိုတူညီစွာ စိတ်ဝင်စားကြပါသည်။ ထိုနည်းတူ ခမည်းတော်နှင့်သားတော်တို့သည် ရွေးချယ်သောလူမျိုးအပေါ် တူညီသောအချစ်ရှိပါသည်။ ဤနေရာ၌ ခရစ်တော်သည် သွန်သင်ချက် နာသူများအား ပိုမိုထူးကဲသောအခွင့်အရေးများကိုပေးတော်မူမည်ဖြစ်ကြောင်း၊ သူတို့သည် ကမ္ဘာလောကကြီးအတွက်ကောင်းချီးမင်္ဂလာအသီးများကို သီးမည့်ဖြောင့်မတ်ခြင်းအပင်များဖြစ်လာစေရန် ဘုရားသခင်၏ချစ်ခြင်းသည် နည်းလမ်းရှိသမျှနှင့် စီမံဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်းများကို သွန်သင်တော်မူ၏။

ဥပမာတွင် ဥယျာဉ်မှူး၏ဆောင်ရွက်ချက် မည်သို့အဆုံးသတ်ကြောင်း ခရစ်တော်၏သွန်သင်ချက်တွင်မဖော်ပြဘဲ ဥပမာကိုအဆုံးသတ်ခဲ့ပါသည်။ ကိုယ်တော်၏စကားတော်များကို ကြားနာရသောလူမျိုးဆက်အနေဖြင့် ကောက်ချက်ချရန်ဖြစ်ပါသည်။ သူတို့အတွက်လေးနက်သောသတိပေးချက်မှာ "သို့မဟုတ် နောက်မှခုတ်ပစ်တော်မူပါ" ယင်းမဖျက်မသိမ်းနိုင်သောစကားလုံးများကို အချိန်တန်သောအခါ သူတို့အား

---

"ငါနှင့်ငါ့စပျစ်ဥယျာဉ်အမှုကိုစီရင်ကြပါလော့။ ငါ့စပျစ်ဥယျာဉ်၌ငါကျေးဇူးပြုနိုင်လျက် မပြုသေးသောအရာတစ်စုံတစ်ခုရှိသလော။ စပျစ်သီးကိုသီးမည်ဟုမျှော်လင့်သည်ရှိသော ဗောရှသီးကိုအဘယ်ကြောင့်သီးသနည်း။" ဟေရှာယ ၅း၃၊၄။

---

ပြောရမည်၊ မပြောရမည်ဆိုသည်မှာ သူတို့အပေါ်မူတည်နေပါသည်။ အမျက်တော်နေ့ကြီးနီးခဲ့လေပြီ။ ကြွသရေလလူတို့ထံသို့ဆိုက်ရောက်နေပြီဖြစ်သောခက်ခဲမှုကပ်နှင့်ပတ်သက်၍ ဥယျာဉ်ပိုင်ရှင်သည် ကြင်နာမှုတရားရှေ့ထား၍ အသီးမသီးသောအပင်များဖျက်ဆီးခြင်းခံရကြမည်ဖြစ်ကြောင်း ကြိုတင်သတိပေးတော်မူ၏။

ထိုသတိပေးနှိုးဆော်ချက်များကို ယနေ့လူမျိုးဆက်တိုင်အောင်ဆက်၍ကြားနေရပါသည်။ အို၊ သတိမမူဂရုမမြင်သောသူ၊ သင်သည်လည်းဘုရားသခင်၏ဥယျာဉ်တော်တွင်း အသီးမသီးသောအပင်တစ်ပင်ဖြစ်နေပါသလား။ ဤပြစ်ဒဏ်စီရင်သောစကားလုံးများ မကြာမီသင့်အတွက်ဖြစ်နေလိမ့်မည်လော။ ကိုယ်တော်၏ ဆုကျေးဇူးများကိုသင်ခံစားနေရသည်မှာ မည်မျှကြာနေပါပြီနည်း။ သင်၏အချစ်တုံ့ပြန်မှုအတွက် ကိုယ်တော်စောင့်ကြည့်နေသည်မှာ မည်မျှကြာနေပါပြီနည်း။ ကိုယ်တော်၏ ဥယျာဉ်တော်အတွင်းမှာ သင့်ကိုစိုက်ပျိုး၍ ကောင်းစွာစောင့်ရှောက်ထားခြင်းကိုခံရသည့်အတွက် မည်မျှအခွင့်အရေးများရရှိခဲ့ပါသနည်း။ သိမ်မွေ့သောဧဝံဂေလိသတင်းစကားသည် သင့်အားမည်မျှကြိမ်ဖန်များစွာ စိတ်လှုပ်ရှားစေခဲ့ပါပြီနည်း။ သင်သည် ခရစ်တော်၏အမည်ကိုခံယူထား၏။ ကိုယ်တော်၏ ကိုယ်ခန္ဓာဖြစ်သော အသင်းတော်တွင်သင်သည် အပြင်လက္ခဏာအားဖြင့် အသင်းသားဖြစ်၏။ သို့ပါလျက် မြတ်တော်မူသောအချစ်နှလုံးဖြင့် သက်ရှင်သောဆက်သွယ်မှုမရှိသေးသည်ကို သင်သတိမထား။ ကိုယ်တော်၏အသက်ဒီရေသည် သင်၏ကိုယ်ခန္ဓာအတွင်းသို့စီးဝင်ခြင်းမရှိ။ ကိုယ်တော်၏ချစ်ဖွယ်သောဂုဏ်အင်္ဂါတော်ဖြစ်သည့် "ဝိညာဉ်ပကတိ၏အကျိုး" များကို သင်၏အသက်တာတွင် မတွေ့မမြင်ရ။

အသီးမသီးသောအပင်သည် မိုးရေကိုလည်းကောင်း၊ နေရောင်ခြည်ကိုလည်းကောင်း၊ ဥယျာဉ်မှူး၏စောင့်ရှောက်မှုကိုလည်းကောင်း ခံယူရရှိပါသည်။ မြေကြီးမှမြေဆီအစာအာဟာရဓါတ်ကိုလည်းခံယူ၏။ သို့သော် ယင်းအသီးမသီးသောအကိုင်းအခက်ကြီးများကြောင့် အသီးသီးသောအပင်တို့သည် လောင်းရိပ်မိ၍ အသီးမသီးနိုင်ကြ။ ထိုကြောင့် သင်သည် ဘုရားသခင်၏ဆုကျေးဇူးများကို ကြွယ်ဝစွာခံစားရသော်လည်း ကမ္ဘာလောကကြီးအတွက် အကျိုးမပြု။ သို့ဖြစ်၍ သင်သည် သူတစ်ပါးခံစားထိုက်သောအခွင့်အရေးများကို လုယူရာရောက်နေပါသည်။

ရေးရေးမျှပင် ဖြစ်စေကာမူသင်သည်မြေကြီးကိုနှောင့်ယှက်သူဖြစ်ကြောင်း သတိထားမိပေလိမ့်မည်။ သို့ပါလျက် ဘုရားသခင်သည်ကြီးမြတ်တော်မူသောကြင်နာမှုရှိတော်မူသည်ဖြစ်၍ သင့်အားခုတ်ပစ်ခြင်းမပြု။ သင့်အားမစိမ်းကား၊ ဂရုမစိုက်ဘဲကျောခိုင်း၍မထား၊ ပျက်စီးသည်တိုင်အောင်လည်း စွန့်ပစ်တော်မူသည်မဟုတ်။ ရှေးရာစုနှစ်ပေါင်းများစွာက ဣသရေလလူတို့အား မိန့်တော်မူခဲ့ပြီးသည့်အတိုင်း ယခုလည်းသင့်အားကြည့်၍မိန့်တော်မူသည်မှာ “အိုဖေရိမ် ၊ငါသည်သင့်ကိုအဘယ်သို့စွန့်နိုင်မည်နည်း။ အိုဣသရေလ၊ သင့်ကိုအဘယ်သို့အပ်နိုင်မည်နည်း။ . . . . ပြင်းစွာအမျက်ထွက်သည်အတိုင်းမပြုလို။ ဖေရိမ်ကိုအထပ်ထပ်မဖျက်ဆီးလို၊ ငါသည်လူမဟုတ်၊ ဘုရားသခင်ဖြစ်၏။” ဟောရှေ၊ ၁၁း၈၊၉။ ခရစ်တော်သည် သင်နှင့်ပတ်သက်၍ ယခုနှစ်ရှိပါစေဦး။ အကျွန်ုပ်သည် အပင်အနီးပတ်လည်ကိုတူးဆွ၍ပြုပြင်မွမ်းမံပါဦးမည်ဟု ကြင်နာမှုကြွယ်ဝစွာဖြင့် မိန့်တော်မူ၏။

တိုးမြှင့်ထားသောချစ်ကြင်နာမှုအချိန်အတွင်း ခရစ်တော်သည် ဣသရေလအမျိုးသားများအတွက် မငြီးမငွေ့နိုင်သော ချစ်ခြင်းဖြင့်

အမှုဆောင်ခဲ့တော်မူ၏။ လက်ဝါးကပ်တိုင်ပေါ်၌ပင် "အိုအဘ၊ သူတို့၏ အပြစ်ကိုလွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကိုမသိကြ" ပါဟုသူတို့အတွက် ဆုတောင်းတော်မူ၏။ လု၊ ၂၃း၃၄။ ကိုယ်တော်သည် ကောင်းကင်သို့တက်ကြွတော်မူပြီးနောက် ဧဝံဂေလိတရားတော်ကို ပထမဦးစွာ ယေရုရှလင်မြို့တော်၌ ဟောပြောကြ၏။ ထိုမြို့၌ သန့်ရှင်းသောဝိညာဉ်တော် သွန်းလောင်းခြင်းကို ခံရကြ၏။ ထိုမြို့၌ပထမဧဝံဂေလိအသင်းတော်သည် ထမြောက်တော်မူပြီးသော ခရစ်တော်၏တန်ခိုးတော်ကိုဖေါ်ထုတ်ဟောပြောကြ၏။ ထိုမြို့၌ သတေဖန်သည် "ကောင်းကင်တမန်၏မျက်နှာ" ကိုဆောင်လျက် တ၊၆း၁၅။ အသက်စွန့်၍သက်သေခံလေ၏။ "ငါ့စပျစ်ဥယျာဉ်၌ ငါကျေးဇူးပြုနိုင်လျက် မပြုသေးသောအရာတစ်စုံတစ်ခုရှိသလော" ဟုခရစ်တော်မိန့်တော်မူသည်နှင့်အညီ ကောင်းကင်ကပေးနိုင်သမျှ ကိုပေးတော်မူ၏။ ဟေရှာ ၅း၄။ ထိုကြောင့် ကိုယ်တော်သည် သင့်အတွက်ဆောင်ရွက်တော်မူခြင်းနှင့် စောင့်ရှောက်တော်မူခြင်း နည်းသည်မဟုတ် ပို၍ပင်များပါ၏။ ထိုမျှမက "ငါထာဝရဘုရားသည် ဥယျာဉ်စောင့်ဖြစ်၏ မခြားမလပ်ရေလောင်းမည်၊ အဘယ်သူမျှမဖျက်စေ ခြင်းငှါ နေ့ညဥ့်မပြတ်စောင့်ရှောက်မည်" ဟု ကိုယ်တော်မိန့်တော် မူ၏။ ဟေရှာ ၂၇။၃။

"အသီး သီးကောင်းသီးပါလိမ့်မည်၊ (သို့မဟုတ်) နောက်မှ" -

ဘုရားသခင်နှင့်စပ်ဆိုင်သောတန်ခိုးအင်အားစုများ၏ပြုပြင် ခြင်းကိုတုံ့ပြန်ခြင်းမပြုသောစိတ်နှလုံးသည် သန့်ရှင်းသောဝိညာဉ်တော် ဆွဲဆောင်ခြင်းကိုခံယူခြင်းမရှိသည်တိုင်အောင်ခိုင်မာသည့်အခြေအနေသို့ ဆိုက်ရောက်လိမ့်မည်။ ယင်းအခြေအနေသို့ဆိုက်ရောက်သောအခါ "ခုတ်

ပစ်လော့၊ အဘယ်ကြောင့်မြေကိုနှောင့်ယှက်ရသနည်း" ဟုအမိန့်ပေးခြင်းကိုခံရလိမ့်မည်။

ယနေ့သင့်အားဖိတ်ခေါ်လျက်ရှိနေသည်မှာ "အိုဣသရေလ. . သင်၏ဘုရားသခင်ထာဝရဘုရားထံတော်သို့ပြန်လော့။ . . . သူတို့ဖေါက်ပြန်ခြင်းကိုပြုပြင်မည်။ ကိုယ်အလိုအလျောက်စုံမက်မည်။ ငါသည်နှင်းကဲ့သို့ဣသရေလအပေါ်မှာနေမည်။ သူသည်နှင်းပွင့်ကဲ့သို့ပွင့်လိမ့်မည်။ လေဗနုန်တောကဲ့သို့အမြစ်စွဲလိမ့်မည်။ . . . ထိုအပင်၏အရိပ်အောက်၌နေသောသူတို့သည် အသစ်ပြုပြင်ခြင်းရှိ၍ စပါးကိုပြုစုကြလိမ့်မည်။ စပျစ်နွယ်ပင်ကဲ့သို့တိုးပွား၍ . . . . ငါ့ကျေးဇူးကြောင့်အသီးနှင့်ပြည့်စုံလိမ့်မည်။ ဟောရှေ၊ ၁၄း၁-၈။

---၀၀၀---

# “မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွားဦးလော့”

**လုကာ၊ ၁၄း၁၊၁၂-၂၄ ကိုအခြေပြုပါသည်။**

ခရစ်တော်သည် ဖါရိရှဲတစ်ယောက်၏နေအိမ်၌စားသောက်ပွဲတစ်ခုတွင် ညှော်သည် အဖြစ်ပင်ဖိတ်ခြင်းကိုခံရတော်မူ၏။ ကိုယ်တော်သည် ကြွယ်ဝသူတို့၏ ပင့်ဖိတ်ခြင်းကိုလည်းကောင်း၊ နွမ်းပါးသူတို့၏ ပင့်ဖိတ်ခြင်းကိုလည်းကောင်း လက်ခံတော်မူ၍ထုံးစံတော်ရှိသည်အတိုင်း ကိုယ်တော်၏သမ္မာတရားဩဝါဒများကို မိမိမျက်မှောက်ရှိမြင်ကွင်းများနှင့်ဆက်စပ်၍ဟောကြားတော်မူ၏။ ယုဒလူတို့ထုံးစံမှာ သန့်ရှင်းသောစားသောက်ပွဲများကို အမျိုးသားရေးနှင့်လည်းကောင်း၊ ဘာသာရေးနှင့်လည်းကောင်း ဆက်စပ်ထားသည့်ပျော်ရွှင်ပွဲများအတွက် သက်သက်ရာသီကိုလိုက်၍ကျင်းပကြပါသည်။ ယင်းသို့ကျင်းပခြင်းသည် ထာဝရအသက်တာတွင်ရရှိမည့်ကောင်းချီးမင်္ဂလာများတွင် တစ်မျိုးပါဝင်သည်ဟု သူတို့သဘောထားကြ၏။ ထိုအခါသူတို့သည် အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့နှင့်အတူထိုင်ရသောစားသောက်ပွဲကြီးပြုလုပ်စဉ် တစ်ပါးအမျိုးသားများက ခန်းမအပြင်မှမျှော်ကြည့်နေရကြလိမ့်မည်ဟုဆိုသည့်အကြောင်းကို ကြာမြင့်စွာပြောဆိုဆွေးနွေး၍ ပီတိဖြစ်နေတတ်ကြပါသည်။ ထို့ကြောင့်ခရစ်တော်သည် မိမိ၏သတိပေးသင်ခန်းစာနှင့်ဩဝါဒစကားကို စားသောက်ပွဲကြီးဥပမာနှင့်ပုံဆောင်တော်မူ၏။ ယခုဘဝအသက်တာနှင့်ရော နောင်ဘဝအသက်တာနှင့်ပါ သက်ဆိုင်သည့်ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို ယုဒလူများတို့သည် သူတို့၏အတွက် သက်သက်သီးသန့်ထားလိုသောသဘောရှိကြ၏။ ဘုရားသခင်၏ ကျေးဇူးတော်များကို တစ်ပါးအမျိုးသားများနှင့်

မဝေမျှလိုကြ။ ခရစ်တော်၏ဥပမာတွင် သူတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ဆိုင်ရာဖိတ်ခေါ်ခြင်းတည်းဟူသော နိုင်ငံတော်သို့ဖိတ်ခေါ်ခြင်းကို ယင်းအချိန်မှာပင် ငြင်းပယ်နေကြပြီဖြစ်ကြောင်း ပုံဆောင်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် သူတို့အရေးမယူသော ယင်းဖိတ်ကြားခြင်းကို သူတို့ရှုတ်ချ၍ရှောင်သောသူများ၊ အနာကြီးရောဂါစွဲသူများကို ရှောင်သကဲ့သို့ သူတို့ရှောင်သောသူများ၊ အနာကြီးရောဂါစွဲသူများကို ရှောင်သကဲ့သို့ သူတို့ရှောင်သောသူများ၊ သူတို့၏ဝတ်ရုံများကိုပင် ထိုသူများနှင့်မထိအောင်ပင့်၍ကိုင်ထားပြီး ရှောင်သောသူများထံသို့ လွှဲပြောင်းပေးပို့တော့မည်ဖြစ်ကြောင်း ကိုယ်တော်သည် သရုပ်ပေါ်အောင် ဖော်ပြတော်မူ၏။

ဖါရိရှဲသည် သူ၏စားသောက်ပွဲအတွက် ဖိတ်ခေါ်ထားသော ဧည့်သည်များမှာ သူ၏ကိုယ်ကျိုးအတွက်သက်သက်ရည်မှန်း၍ရွေးချယ်ထားသောဧည့်သည်များဖြစ်ပါသည်။ ထို့ကြောင့် ခရစ်တော်က "သင်သည်နံနက်စာညစာလုပ်ကျွေးသောအခါ အဆွေခင်ပွန်း၊ ညီအစ်ကို၊ အမျိုးသားချင်း၊ ငွေရတတ်သောအိမ်နီးချင်းများကိုမဖိတ်မခေါ်နှင့်၊ ထိုသို့ဖိတ်ခေါ်လျှင် သူတို့သည် နောက်တစ်ဖန် သင့်ကိုခေါ်ဖိတ်၍ကျေးဇူး

---

"အိုရေငတ်သောသူအပေါင်းတို့၊ ရေရှိရာသို့လာကြလော့၊ ငွေမရှိသောသူတို့၊ လာကြ၊ ဝယ်၍စားသောက်ကြလော့။ ငွေမပါဘဲ၊အဖိုးကိုမပေးဘဲ လာ၍စပျစ်ရည်နှင့်နို့ကိုဝယ်ကြလော့။ အစာမဟုတ်သောအရာဖို့ သင်တို့ငွေကိုလည်းကောင်း၊ အမွတ်မပြေနိုင်သောအရာအဖို့ သင်တို့ဥစ္စာကိုလည်းကောင်း အဘယ်ကြောင့်ကုန်စေကြသနည်း။ ငါ့စကားကိုစေ့စေ့နားထောင်လျက် ကောင်းသောအစာကိုစားကြလော့။ သင်တို့၏ဝိညာဉ်သည်ချိုသောအရာတို့၌ မိမိကိုမိမိမွေ့လျော်စေလိမ့်မည်။" ဟေ ၅၅း၁၊၂။

---

ဆပ်ကြလိမ့်မည်။ သင်သည်ပွဲခံသောအခါ ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်းသောသူ၊ မျက်စိကမန်းသောသူများကိုဖိတ်ခေါ်လော့။ ထိုသို့ဖိတ်ခေါ်လျှင် မင်္ဂလာရှိလိမ့်မည်။ အကြောင်းမူကား ထိုသူတို့သည်ကျေးဇူးမဆပ်နိုင်သည်ဖြစ်၍ ဖြောင့်မတ်သောသူတို့သည် ထမြောက်သည်ကာလ၌ သင်သည်ကျေးဇူးဆပ်ခြင်းအကျိုးကိုခံရလတ္တံ့ဟုမိန့်တော်မူ၏။"

ဤနေရာတွင် ခရစ်တော်သည် မောရှေအားဖြင့် ဣသရေလလူတို့အား ဩဝါဒပေးတော်မူခဲ့သည့်အတိုင်း ယခုတစ်ဖန်ထပ်မံ၍ မိန့်တော်မူခြင်းဖြစ်ပါသည်။ သူတို့၏ဘာသာရေးစားသောက်ပွဲများတွင် ထာဝရဘုရားညွှန်ကြားထားသည်မှာ "သင်တို့နေရာအရပ်၌ရှိသောတစ်ပါးအမျိုးသား၊ မိဘမရှိသောသူငယ်၊ မုဆိုးမများတို့သည်လာ၍ ဝစွာစားရကြမည်။" တရား ၁၄း၂၉။ ယင်းသို့စုရုံးစားသောက်ခြင်းများသည် ဣသရေလလူတို့အတွက် သရုပ်ပြသင်ခန်းစာများဖြစ်ရမည်။ လူတို့သည် တစ်နှစ်ပတ်လုံးသေဆုံးမှုကြောင့် ဝမ်းနည်းကြေကွဲသူများနှင့်နွမ်းပါးသူများကိုစောင့်ရှော်ကြည့်ရှုခြင်းဖြင့် မှန်သောည္ဝတ်ကျေပွန်မှု၏ဝမ်းမြောက်ခြင်းအကြောင်းကို သင်ကြားပေးခြင်းဖြစ်ပါသည်။ ၄င်းအပြင် ယင်းစားသောက်ပွဲများနှင့်ပတ်သက်၍ပိုမိုကျယ်ပြန့်သောသင်ခန်းစာရှိပါသေးသည်။ ဣသရေလလူတို့အားပေးထားတော်မူသည့်ဝိညာဉ်ရေးဆိုင်ရာကောင်းချီးမင်္ဂလာများသည် သူတို့အတွက်သက်သက်မဟုတ်။ ဘုရားသခင်သည် သူတို့အားအသက်မုန့်ကိုပေးတော်မူရာတွင် သူတို့အနေဖြင့် ဤလောကသို့ဖဲ့ခွဲဝေမျှရန်အတွက်ဖြစ်ပါသည်။

ယင်းလုပ်ငန်းကိုသူတို့မဆောင်ရွက်ကြသေးသဖြင့် သူတို့၏တစ်ကိုယ်ကောင်းစိတ်ထားများပေါ်လွင်စေရန် ခရစ်တော်ဆုံးမဩဝါဒ

ပေးတော်မူခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်တော်၏စကားတော်များကိုဖါရိရှဲတို့မနှစ်မြို့ကြသဖြင့် ဆွေးနွေးနေသည့်အကြောင်းရင်းကိုလမ်းလွှဲရန်ရည်ရွယ်ပြီးလျှင် တစ်ယောက်သောဖါရိရှဲက သူတော်စင်ဟန်ဖြင့် "ဘုရားသခင်၏နိုင်ငံတော်၌ပွဲဝင်သောသူသည်မင်္ဂလာရှိ၏" ဟုကြွေးကြော်လိုက်ပါသည်။ ဘုရားသခင်၏နိုင်ငံတော်တွင် သူကိုယ်တိုင်တစ်နေရာရရှိလိမ့်မည်ဟု အမှန်ပင်သူယုံကြည်စိတ်ချ၍ပြောလိုက်ခြင်းဖြစ်ပါသည်။ ထိုသူ၏စိတ်သဘောထားမှာ ကယ်တင်ခြင်းရရှိရန်လိုအပ်သောစည်းကမ်းများကိုမလိုက်နာသေးဘဲ ခရစ်တော်အားဖြင့် ကယ်တင်ခြင်းရပြီဟုသဘောထား၍ ဝမ်းမြောက်နေသောသူများနှင့်တူပါသည်။ သူ၏စိတ်သဘောသည် "ဖြောင့်မတ်သောသူသေသကဲ့သို့ ငါသေပါစေသော။ ငါ့အဆုံးသည် သူ၏အဆုံးကဲ့သို့ဖြစ်ပါစေသော" ဟု ဗာလမ်ဆုတောင်းသည်နှင့်တူ၏။ တော ၂၃း၁၀။ ဖါရိရှဲသည် ကောင်းကင်နိုင်ငံတော်နှင့်ထိုက်တန်သောသူဟုတ်မဟုတ် မစဉ်းစားသေးဘဲ ကောင်းကင်နိုင်ငံတော်တွင် မည်ကဲ့သို့စံစားရမည်ကိုသာတွေးဆမျှော်မှန်းနေခြင်းဖြစ်ပါသည်။ သူသည် ယင်းသို့မှတ်ချက်ပြုခဲ့ခြင်းမှာ စားသောက်ပွဲရှိ‌ဧည့်သည်များသည် သူတို့ကိုယ်တိုင်လုပ်ဆောင်ရမည့်တာဝန်များမှအာရုံလွှဲပြောင်းစေရန် ရည်ရွယ်သည်ဖြစ်၍လည်းကောင်း၊ မျက်မှောက်အသက်တာမှဖြောင့်မတ်သောသူတို့ထမြောက်ရာအချိန်ကာလသို့ သူတို့၏စိတ်အာရုံကူးပြောင်းရောက်ရှိလိမ့်မည်ဟု သူယူဆ၍လည်းကောင်း ပြောလိုက်ခြင်းဖြစ်ပါသည်။

ထိုဟန်ဆောင်သောသူ၏စိတ်ကို ခရစ်တော်သိတော်မူသောကြောင့် သူ့အားစိုက်ကြည့်လျှင် သူတို့မည်သည့်အခွင့်အရေးများကိုခံစားနေရသည်၊မည်မျှတန်ဖိုးရှိသည်ကို ပရိသတ်ရှေ့တွင်ဖွင့်ပြတော်မူ၏။

အနာဂတ်ကာလ၏ကောင်းချီးမင်္ဂလာများကိုခံစားနိုင်ရန် ယခုပစ္စုပ္ပန်ကာလတွင် ကိုယ်နှင့်စပ်ဆိုင်သည့်တာဝန်ကို ကိုယ်ထမ်းဆောင်ရန် အမှန်လိုအပ်ကြောင်းကိုလည်း ထောက်ပြတော်မူ၏။

တစ်ရံရောအခါ "လူတစ်ဦးသည် ကြီးစွာသောပွဲကိုစီရင်၍ လူများတို့ကိုဖိတ်ခေါ်လေ၏" ဟု ကိုယ်တော်သည် ဥပမာကိုအစပြု၍ ဟောကြားတော်မူ၏။ စားသောက်ပွဲအသင့်ရှိသောအခါ အိမ်ရှင်သည် ဖိတ်ထားပြီးသောသူများထံသို့အစေအပါးတို့ကိုလွှတ်၍ "လာကြပါ၊ အလုံးစုံတို့သည်အသင့်ရှိပြီ" ဟု ဒုတိယသတင်းစကားကိုပေးပို့လေ၏။ သို့သော် ထူးခြားသည့်အဖြေများကိုသာကြားရ၏။ အဘယ်ကြောင့် ဆိုသော် "ခေါ်အပ်သောသူအပေါင်းတို့သည် တညီတညွတ်တည်း အကြံအစည်ပြုကြ၏။ တစ်ယောက်သောသူက အကျွန်ုပ်သည်မြေရာကို ဝယ်ပါပြီ။ သွား၍ကြည့်ရပါမည်။ အကျွန်ုပ်ကိုလွှတ်ပါဦးလော့ဟု တောင်းပန်လေ၏။ တစ်ယောက်က အကျွန်ုပ်သည် နွားငါးရှဉ်းကို ဝယ်ပါပြီ။ သွား၍စမ်းရပါမည်။ အကျွန်ုပ်ကိုလွှတ်ပါဦးလော့ဟု တောင်းပန်လေ၏။ တစ်ယောက်က အကျွန်ုပ်သည် မယားနှင့်လက်ထပ်ပါပြီ။ ထိုကြောင့် အကျွန်ုပ်မလာနိုင်ပါဟုဆို၏"

ယင်းဆင်ခြေများသည် တစ်ခုမျှအမှန်တကယ်အရေးကြီးသော ဆင်ခြေမဟုတ်ကြပါ။ "သွား၍ကြည့်ရပါမည်" ဟုဆင်ခြေပေးသောသူသည် မြေရာကိုဝယ်ယူပြီးဖြစ်သောကြောင့် အဆောတလျင်သွား၍ကြည့်လိုသည်မှာ ယင်းဥစ္စာပစ္စည်းတွင် သူ၏စိတ်ရောက်နေသောကြောင့်သာဖြစ်၏။ နွားများမှာလည်း ဝယ်ယူပြီးသောပစ္စည်းများပင်ဖြစ်၍ "သွား၍စမ်းရပါမည်" ဆိုသည်မှာ သူ၏စိတ်ကျေနပ်မှုအတွက်သာ ဖြစ်ပါသည်။ တတိယဆင်ခြေမှာမူကား ပို၍ပင်မလုံလောက်သော အကြောင်းပြချက် ဖြစ်ပါသည်။ သူသည် ဖိတ်ခေါ်ခြင်းကိုခံရပြီးသော

ကြောင့် မင်္ဂလာဆောင်ပြီးဖြစ်သော်လည်း စားသောက်ပွဲသို့မလာနိုင် စရာအကြောင်းမရှိပါ၊ သူ၏ဇနီးကိုပါကြိုဆိုရန်အသင့်ရှိကြပါလိမ့်မည်။ သို့သော်သူ၏အစီအစဉ်များသည် သူ့အားဖိတ်ခေါ်ထားသည့်စားသောက်ပွဲထက်ပို၍အရေးကြီးသည်ဟု သူသဘောထား၏။ ထိုအိမ်ရှင်နှင့်ဆက်ဆံပေါင်းသင်းသည်ထက် ပို၍နှစ်သက်စရာများကိုအခြားသောအပေါင်းအသင်းများတွင် တွေ့သိထားသောကြောင့်ဖြစ်၏။ ထိုသို့သူငြင်းဆိုလိုက်ခြင်းအတွက် သူ့အားခွင့်လွှတ်ရန် ယဉ်ကျေးမှုအရပင် တောင်းပန်ခြင်းမပြု။ "ကျွန်ုပ်လာဖို့စိတ်မရှိပါ" ဟုအမှန်အတိုင်းမပြောဘဲ "အကျွန်ုပ်မလာနိုင်ပါ" ဟုသွယ်ဝိုက်၍ပြောခြင်းသာဖြစ်ပါသည်။

ဆင်ခြေရှိသမျှသည် သူတို့၏စွဲလမ်းမှုများကိုဖုံးကွယ်ထားခြင်းများသာဖြစ်ပါသည်။ ယင်းဖိတ်ခေါ်ထားပြီးသောသူများသည် စားသောက်ပွဲထက်အခြားအရာများကို ပို၍စိတ်ဝင်စားကြသောကြောင့်ဖြစ်ပါသည်။ သူတို့သဘောတူလက်ခံခဲ့ပြီးသော ဖိတ်ကြားချက်များကို ဂရုမပြုဘဲ စေတနာနှင့်ဖိတ်သောမိတ်ဆွေ၏ ဂုဏ်သိက္ခာကိုထိခိုက်စေကြ၏။

ဧဝံဂေလိတရားတော်အားဖြင့် ကမ်းလှမ်းထားသောကောင်းချီးမင်္ဂလာများကို ခရစ်တော်သည် ညစာစားပွဲကြီးဖြင့် ပုံဆောင်ထားတော်မူ၏။ စားသောက်ဖွယ်ရာများသည် အခြားမဟုတ်၊ ခရစ်တော်ကိုယ်တိုင်ဖြစ်ပါသည်။ ကိုယ်တော်သည် ကောင်းကင်မှဆင်းသက်တော်မူသောအသက်မုန့်ဖြစ်၍ ကိုယ်တော်ထံမှကယ်တင်ခြင်းစမ်းရေများစီးဆင်းလျက်ရှိနေပါသည်။ ထာဝရဘုရားသခင်၏ တမန်တော်များသည် ခရစ်တော်ကြွလာတော်မူမည့်အကြောင်းကို ယုဒလူတို့အား ကြွေးကြော်ထားပြီးဖြစ်ပါသည်။ ခရစ်တော်သည် "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်" ဖြစ်ကြောင်းသူတို့အားဖော်ညွှန်း

ခဲ့ပြီးဖြစ်ပါသည်။ ယော၊ ၁း၂၉။ ကိုယ်တော်သည်ခင်းထားသော စားသောက်ပွဲကြီးတွင် ကောင်းကင်မှ အဖိုးအထိုက်တန်ဆုံးသောလက်ဆောင်တော်၊ ရေတွက်၍မကုန်နိုင်သောလက်ဆောင်ကို ဘုရားသခင်သည် သူတို့အားကမ်းလှမ်းထားတော်မူ၏။ ဘုရားသခင်သည် ချစ်ခြင်းအားဖြင့် အဖိုးအလွန်ထိုက်သော စားသောက်ပွဲကြီးကို တည်ခင်းထားတော်မူ၏။ "ဤမုန့်ကိုစားသောသူမည်သည်ကား အစဉ်မပြတ်အသက်ရှင်လိမ့်မည်" ဟု ခရစ်တော်မိန့်တော်မူခဲ့၏။ ယော၊ ၆း၅၁

ဧဝံဂေလိစားသောက်ပွဲသို့ ဖိတ်ကြားခြင်းကိုလက်ခံသောသူသည် လောကစိတ်အာရုံများကိုနှိပ်ကွပ်၍ ခရစ်တော်နှင့်ကိုယ်တော်ဖြောင့်မတ်ခြင်းတရားကိုသာ လုံးလုံးစိတ်ဝင်စားရမည်။ ဘုရားခသင်သည် လူသားအတွက် ခပ်သိမ်းသောအရာတို့ကို ပေးတော်မူသည်ဖြစ်၍ လောကရေးရာများနှင့်ကိုယ်ရေးကိစ္စရှိသမျှထက် ကိုယ်တော်၏ အမှုတော်ကိုဦးစားပေးရန်တောင်းဆိုတော်မူ၏။ ကိုယ်တော်သည်သံသယစိတ်ကိုလက်ခံတော်မူမည်မဟုတ်။ လောကရေးရာများစုံမက်နေသည့်စိတ်နှလုံးကို ဘုရားသခင်အားအပ်နှံ၍မရနိုင်။

---

"ငါသည်အသက်မုန့်ဖြစ်၏။ သင်တို့ဘိုးဘေးများသည် တော၌မန္နကိုစားလျက်သေရကြ၏။ ကောင်းကင်မှဆင်းသက်သောမုန့်ကိုစားသောသူသည် သေခြင်းနှင့်ကင်းလွတ်၏။ ငါသည် ကောင်းကင်မှဆင်းသက်သောအသက်မုန့်ဖြစ်၏" ယော၊ ၆း၄၈-၅၁။

---

ဤသင်ခန်းစာသည် ကာလအစဉ်အဆက်နှင့်စပ်ဆိုင်သည့် ပြဿဒါဖြစ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏သိုးသငယ်တော်သွားရာ လမ်းသို့လျှောက်လိုက်ရပါမည်။ ကိုယ်တော်လမ်းပြတော်မူသည်ကို ရွေးချယ်၍ လောကမိတ်ဆွေများနှင့်ပေါင်းသင်းဆက်ဆံခြင်းထက် ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်းကို ပို၍နှစ်သက်ရမည်။ "အကြင်သူသည် ငါ့ကိုချစ်သည်ထက် မိဘကိုသာ၍ချစ်၏။ ထိုသူသည် ငါနှင့် မထိုက်မတန်။ အကြင်သူသည် ငါ့ကိုချစ်သည်ထက် သားသမီးကို သာ၍ချစ်၏။ ထိုသူသည် ငါနှင့်မထိုက်မတန်" ဟု ခရစ်တော်မိန့်တော်မူ၏။ မ၊ ၁၀း၃၇။

ခရစ်တော်လက်ထက်က နေ့စဉ်မိသားစုထမင်းစားပွဲတွင် စားစရာဝေငှသောအခါ၊ "ဘုရားသခင်၏နိုင်ငံတော်၌ပွဲဝင်သောသူသည် မင်္ဂလာရှိ၏" ဟုရွတ်ဆိုပြီးမှစားသောက်လေ့ရှိကြပါသည်။ သို့သော် အကန့်အသတ်မရှိ၊ တန်ဖိုးကြီးလှသောစားသောက်ဖွယ်များနှင့်ခင်းကျင်းထားသည့် စားသောက်ပွဲအတွက် ဧည့်သည်ရှာရန်မလွယ်ကြောင်း ခရစ်တော်ဖေါ်ပြနေခြင်းဖြစ်ပါသည်။ ကိုယ်တော်၏တရားတော်ကို နာယူကြသောသူများသည် ကြင်နာမှုဆိုင်ရာဖိတ်ခေါ်ခြင်းကိုမလေးမစားပြုနေကြသည်ဖြစ်ကြောင်း သူတို့ကိုယ်တိုင်နားလည်သဘောပေါက်ကြ၏။ သူတို့သည် လောကပိုင်ဆိုင်မှုများ၊ ကြွယ်ဝချမ်းသာခြင်းများနှင့် အပျော်အပါးလိုက်စားခြင်းများ၌သာ လုံးဝနစ်မွန်းနေကြပါသည်။ သူတို့အားလုံးတညီတညွတ်တည်းဆင်ခြေပေးနေကြ၏။

ယခုမျက်မှောက်ကာလတွင်လည်း ယင်းအတိုင်းပင်ဖြစ်နေပါသည်။ စားသောက်ပွဲကြီးသို့ဖိတ်ခေါ်ခြင်းကိုငြင်းဆန်ခဲ့ကြသည့်ဆင်ခြေအမျိုးအစားများသည်ဧဝံဂေလိတရားတော်နှင့်ဆိုင်သောဖိတ်ခေါ်ခြင်းကို

ငြင်းပယ်သည့်ဆင်ခြေအမျိုးအစား အားလုံးနှင့်အတူတူပင်ဖြစ်ပါသည်။ ဧဝံဂေလိတရားတော်ဆိုင်ရာတောင်းဆိုချက်များကို အာရုံပြုနေခြင်းဖြင့် လောကမျှော်လင့်ချက်များကိုလက်မလွှတ်နိုင်ပါဟု လူတို့ကြေညာနေကြခြင်းဖြစ်ပါသည်။ သူတို့သည် ယခုမျက်မှောက်ဘဝအကျိုးသက်ရောက်မှုများကို ထာဝရကာလတွင်ရရှိမည့်အရာများထက်ပို၍ တန်ဖိုးထားကြ၏။ ဘုရားခသင်ထံတော်မှသူတို့ခံစားနေရသောကောင်းချီးများသည်ပင်လျှင် သူတို့အားဖန်ဆင်းတော်မူသောသခင်ဖြစ်သည့်ခရစ်တော်နှင့်ကွဲကွာစေသည့်အတားအဆီးများဖြစ်နေပါသည်။ လောကရေးရာများနှင့် အဆက်ပြတ်စေမည့်ကိစ္စမှန်သမျှကို သူတို့မလိုလား။ ထို့ကြောင့်သနားကြင်နာမှုဆိုင်ရာသံတမန်အား "ယခုသွားဦးလော့၊ နောက်မှအဆင်သင့်သောအခါငါခေါ်မည်" ဟုသူတို့ပြောကြ၏။ တ ၂၄း၂၅။ အချို့သောသူများက အကယ်၍ဘုရားသခင်ခေါ်တော်မူခြင်းကိုလိုက်လျှောက်မည်ဆိုပါက လောကဆက်ဆံမှုတွင်အခက်အခဲရှိလိမ့်မည်ဟု သဘောထားကြ၏။ ဆွေမျိုးရင်းချာများနှင့်လည်းကောင်း၊ မိတ်ဆွေများနှင့်လည်းကောင်း အဆင်မပြေဖြစ်စေမည်ကိုသူတို့မလိုလားကြ။ ထို့ကြောင့် သူတို့သည် ဥပမာတွင်ဖော်ညွှန်းထားသည့် ဇာတ်ကောင်များဖြစ်နေကြပါသည်။ သူတို့၏အနှစ်သာရမရှိသောဆင်ခြေများသည် ကိုယ်တော်၏ဖိတ်ကြားခြင်းကိုမထီလေးစားပြုကြသည်ဟု စားသောက်ပွဲကြီး၏အရှင်က သဘောထားတော်မူ၏။

"အကျွန်ုပ်သည် မယားနှင့်လက်ထပ်ပါပြီ။ ထို့ကြောင့် အကျွန်ုပ်မလာနိုင်ပါ" ဟုဆင်ခြေပေးသူသည် လူအများစုကို ပုံဆောင်ထားပါသည်။ ဇနီး (သို့မဟုတ်) ခင်ပွန်းများကာဆီးနေသည့်အတွက်ဘုရားသခင်ခေါ်တော်မူခြင်းကိုအလေးမထားနိုင်သူအများရှိနေကြပါသည်။ ခင်ပွန်း

ဖြစ်သူက "ငါ၏ဇနီးသဘောမတူသည့်အတွက် ငါ့ယုံကြည်ချက်အတိုင်း တာဝန်မထမ်းဆောင်နိုင်ပါ၊ သူမ၏ဆွဲဆောင်မှုကြီးလွန်းပါသည်" ဟူ၍လည်းကောင်း၊ "လာကြပါ၊ အလုံးစုံတို့သည်အသင့်ရှိပြီ" ဟု ကြင်နာမှုဖြင့်ဖိတ်ခေါ်သံကိုဇနီးဖြစ်သူကြား၏။ သို့သော် "အကျွန်ုပ်ကိုလွှတ်ပါဦးလော့" ကျွန်မ၏ခင်ပွန်းသည် သူ၏လုပ်ငန်းအဆင်မပြေသောကြောင့် ကြင်နာမှုဖြင့်ဖိတ်ခေါ်သံကိုငြင်းပယ်ခဲ့ပါသည်။ ကျွန်မသည်လည်း သူနှင့်အတူသွားရမည်ဖြစ်၍ ကျွန်မမလာနိုင်ပါ" ဟုပြော၏။ သားသမီးများစိတ်ဝင်စားကြ၏။ သူတို့လာရောက်လိုကြ၏။ သို့သော် သူတို့မိဘများကိုချစ်မြတ်နိုးကြသောကြောင့် မိဘတို့အလေးမထားသောဧဝံဂေလိတရားဖိတ်ခေါ်သံမှာ သားသမီးများအတါက် မျှော်လင့်စရာမရှိဟုယူဆသဖြင့် သူတို့ကလည်း "အကျွန်ုပ်ကိုလွှတ်ပါဦးလော့" ဟုအသီးအသီးတောင်းပန်ကြ၏။

မိသားစုအသိုက်အဝန်းအတွင်း စိတ်ဝမ်းကွဲပြားမှုကိုမလိုလားသောကြောင့် ခရစ်တော်၏ခေါ်တော်မူသံကို သူတို့အားလုံးတညီတညွတ်တည်းငြင်းပယ်ကြ၏။ ဘုရားသခင်ခေါ်တော်မူသည်ကိုငြင်းပယ်ခြင်းအားဖြင့် သူတို့၏အိမ်ထောင်၌ငြိမ်သက်ခြင်းတည်မြဲ၍ စည်းစိမ်ဥစ္စာတိုးပွားလိမ့်မည်ဟု သူတို့သဘောပိုက်ကြ၏။ ယင်းသို့သဘောထားခြင်းမှာ မှားယွင်းမှုသာဖြစ်ပါသည်။ တစ်ကိုယ်ကောင်းစိတ်ကိုစိုက်ပျိုးသောသူသည် တစ်ကိုယ်ကောင်းစိတ်ကိုပင်ရိတ်သိမ်းရလိမ့်မည်။ ခရစ်တော်၏ချစ်ခြင်းကိုငြင်းပယ်သောသူသည် လူသား၏ချစ်ခြင်းကိုစင်ကြယ်တည်မြဲစေသည့် တစ်ခုတည်းသောချစ်ခြင်းကို ငြင်းပယ်ခြင်းဖြစ်သည်။ သူတို့သည် ကောင်းကင်ဘုံကိုဆုံးရှုံးလိမ့်မည်သာမက လူသားအတွက် ကောင်းကင်ကအနစ်နာခံ၍ကမ်းလှမ်းထားသည့်စည်းစိမ်မှန်ကိုပါဆုံးရှုံးလိမ့်မည်။

ဥပမာတွင်စားသောက်ပွဲကြီးကိုပေးလှူသောအိမ်ရှင်သည် သူ၏ ဖိတ်ကြားချက်ကို လူတို့ကမည်သို့ပြုမူကြသည်ကိုသိသောအခါ "အမျက်ထွက်၍မြို့လမ်းမ၊ လမ်းကြားသို့အသော့သွားချေ၊ ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ။ ခြေမစွမ်းသောသူ၊ မျက်စိကန်းသောသူများကို ခေါ်သွင်းချေဟု အစေအပါးကိုဆို၏။

အိမ်ရှင်သည် မိမိရက်ရက်ရောရောလှူထားသည့် စားသောက်ပွဲကြီးကို မထီလေးစားပြုသောသူမျာအစား မလောက်မငသောသူ၊ အိမ်ရာမရှိသောသူများကို အလှည့်ပေး၍ ဖိတ်ကြားလိုက်ပါသည်။ ဆင်းရဲနွမ်းပါး၍ ဆာလောင်မွတ်သိပ်သောသူဖြစ်သည်သာမက ရက်ရော စွာပေးလှူသောအရာများကိုလည်း အလေးအမြတ်ပြုမည့်သူများကိုဖိတ်ကြားလိုက်ပါသည်။ "အခွန်ခံတို့နှင့်ပြည့်တန်ဆာတို့သည် သင်တို့ အလျင်အဦး ဘုရားသခင်၏နိုင်ငံတော်သို့ဝင်တတ်ကြ၏" ဟု ခရစ်တော် မိန့်တော်မူ၏။ မဿဲ ၂၁း၃၁။ လူတို့က မည်မျှပင်မျက်နှာလွှဲ၍ မထီလေးစားပြုခြင်းကိုခံရသူများဖြစ်စေကာမူ၊ လူတို့ကမည်မျှပင် ယုတ်ညံ့

---

"ထိုသူတို့ကလည်း. . . ကျမ်းစာ၌လာသည်ကား၊ ထိုသူတို့စားစရာဖို့ကောင်းကင်မှမုန့်ကိုပေးတော်မူသည်ဟုလာသည်နှင့်အညီ၊ ငါတို့ ဘိုးဘေးများသည်တော၌မန္နမုန့်ကိုစားကြသည်ဟုလျှောက်ကြ၏။ ယေရှု ကလည်းငါအမှန်အကန်ဆိုသည်ကားမောရှေသည် ကောင်းကင်မုန့်ကို သင်တို့အားမပေး၊ ခမည်းတော်သည်မှန်သောကောင်းကင်မုန့်ကိုသင်တို့ အားပေးတော်မူ၏။ ဘုရားသခင်၏မုန့်မူကား ကောင်းကင်မှဆင်းသက်၍ လောကသားတို့အားအသက်ကိုပေးသောမုန့်ပေတည်း. . . . . ငါသည်အသက် မုန့်ဖြစ်၏။ ငါ့ထံသို့ လာသောသူသည်နောက်တစ်ဖန်အဆာအမွတ်မခံရ၊ ငါ့ကိုယုံကြည်သောသူသည်နောက်တစ်ဖန်ရေငတ်မခံရ။" ယော ၆း၃၀-၃၅။

---

နှိမ့်ကျသည်ဟုသဘောထားကြစေကာမူ ဘုရားသခင်၏ချစ်ခြင်းက အသိအမှတ်မပြုနိုင်လောက်အောင် ယုတ်ညံ့နှိမ့်ကျနေသည်မဟုတ်ပါ။ ခရစ်တော်သည် စိုးရိမ်ကြောင့်ကြခြင်းများသောသူ၊ စိတ်မသာသောသူ၊ ဝန်လေး၍ပင်ပန်းသောသူ၊ ဖိစီးနှိပ်စက်ခြင်းကိုခံရသောသူများအား မိမိထံတော်သို့လာကြစေလိုတော်မူ၏။ အခြားမည်သည့်နေရာတွင်မျှ ရှာဖွေ၍မတွေ့မရနိုင်သောဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းနှင့်အလင်းတရားကိုသူတို့အားပေးကမ်းလိုတော်မူ၏။ ကိုယ်တော်သည် အပြစ်အများဆုံးသောသူတို့ကိုနှစ်နှစ်ခြိုက်ခြိုက်ချစ်သနားတော်မူ၏။ ကိုယ်တော်သည် ထိုကဲ့သို့သောသူများကို ကြင်နာသတိရတော်မူသောကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကိုစေလွှတ်၍ မိမိထံတော်သို့ဆွဲယူတော်မူ၏။

ဆင်းရဲနွမ်းပါးသောသူများနှင့် မျက်စိကန်းသောသူများကို ခေါ်ဆောင်ခဲ့သည့်အစေအပါးက မိမိ၏သခင်အား "သခင်စီရင်တော်မူသည်အတိုင်းပြုပါပြီ။ သို့သော်လည်း လပ်သောနေရာရှိပါသေးသည်ဟု လျှောက်လေသော်၊ သခင်က၊ မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွားဦးလော့။ ငါ့အိမ်ကိုပြည့်စေခြင်းငှါ အနိုင်အထက်ခေါ်သွင်းလော့" ဟုအမိန့်ပေးလိုက်၏။ ဤနေရာ၌ ခရစ်တော်၏သွန်သင်ချက်မှာ၊ ဧဝံဂေလိအမှုတော်ကို ယုဒအယူဝါဒ၏အပြင်ဘက်တွင် လမ်းမကြီးများနှင့် လမ်းသွယ်များတည်းဟူသော လောကကြီးအတွင်းသို့သွားရောက်ဆောင်ရွက်ရန်ဖြစ်ပါသည်။

ယင်းသွန်သင်ချက်ကိုလိုက်နာသောအားဖြင့် တမန်တော်ပေါလုနှင့်ဗာနဗတို့က ယုဒလူတို့အားကြေညာခဲ့သည်မှာ "ဘုရားသခင်၏နှုတ်ထွက်တရားတော်ကို သင်တို့အားရှေးဦးဟောပြောရ၏။ သို့သော်လည်းသင်တို့သည်ပယ်၍ ထာဝရအသက်ကို မိမိတို့မခံထိုက်သည်ဟု

မိမိတို့စီရင်ကြသောကြောင့် ထာဝရဘုရားသည် မှာထားတော်မူသည့် အတိုင်းငါတို့သည် မျက်နှာကိုလွှဲ၍တစ်ပါးအမျိုးသားတို့ဆီသို့လှည့်ကြ၏။ မှာတော်မူသောဗျာဒိတ်တော်အချက်ကား၊ သင်သည်မြေကြီးစွန်းတိုင် အောင်ကယ်တင်ခြင်းကိုပြုစိမ့်သောငှါ သင့်ကိုတစ်ပါးအမျိုးသားတို့ လင်းစရာဖို့ငါခန့်ထား၏ဟု ဗျာဒိတ်တော်ရှိသည်ဟု ရဲရင့်စွာပြောဆို ကြ၏။ ထိုစကားကို တစ်ပါးအမျိုးသားတို့သည်ကြားလျှင် ဝမ်းမြောက်၍ ထာဝရဘုရား၏နှုတ်ထွက်တရားတော်ကို ချီးမွမ်းကြ၏။ ထာဝရ အသက်ကိုရစေခြင်းငှါ ခန့်ထားတော်မူသောသူရှိသမျှတို့သည် ယုံကြည် ခြင်းသို့ရောက်ကြ၏။" တ ၁၃း၄၆-၄၈။

ခရစ်တော်၏တပည့်တော်များကြေညာခဲ့သည့် ဧဝံဂေလိ သတင်းစကားမှာ ကိုယ်တော်ပထမအကြိမ် ဤလောကသို့ကြွလာတော်မူ သည့်အကြောင်းကိုကြွေးကြော်ခြင်းဖြစ်ပါသည်။ ၎င်းအပြင် ကိုယ် တော်အားဖြင့် ကယ်တင်ခြင်းရမည်ဖြစ်ကြောင်း ကောင်းသောသတင်း စကားကို လူတို့ထံသို့သယ်ဆောင်ခြင်းလည်းဖြစ်ပါသည်။ ထိုမျှမက ကိုယ်တော်သည် ဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက် ဒုတိယအကြိမ် ကြွလာတော်မူပြီးလျှင် မိမိ၏လူတို့ကိုရွေးနုတ်တော်မူလိမ့်မည်ဖြစ်ကြောင်း ကိုလည်းကောင်း၊ ယုံကြည်နားထောင်ခြင်းအားဖြင့် သန့်ရှင်းသူတို့နှင့် အတူ အလင်းတော်၌အမွေခံများဖြစ်ရန်အတွက် မျှော်လင့်ချက်ရှိကြောင်း ကိုလည်းကောင်း လူသားတို့အားလမ်းညွှန်ခြင်းဖြစ်ပါသည်။ ယင်း သတင်းစကားသည် မျက်မှောက်ကာလလူတို့အတွက် ပို့ပေးထားခြင်း ဖြစ်သည့်အပြင် ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူရန်နီးကပ်လျက် ရှိပြီဖြစ်ကြောင်း ကြွေးကြော်သံကိုပါပူးတွဲထားပါသည်။ ကိုယ်တော် ကြွလာတော်မူမည့်အကြောင်းနှင့်ပတ်သက်၍ဖေါ်ညွှန်းထားခဲ့သည့်နိမိတ် လက္ခဏာများမှာလည်း ပြည့်စုံလျက်ရှိနေပါသည်။ ၎င်းအပြင် ဘုရား

သခင်၏နှုတ်ထွက်တရားတော်ဆိုင်ရာ သွန်သင်ချက်များအရဆိုပါက ကိုယ်တော်သည် တံခါးဝတိုင်အောင် ရောက်နေပြီဖြစ်ကြောင်း သိရပါသည်။

ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူရန် နီးကပ်လာသော အခါကြေညာမည့်ဧဝံဂေလိသတင်းစကားအကြောင်းကို တမန်တော် ယောဟန်ကဗျာဒိတ်ကျမ်းတွင်ကြိုတင်၍ဟောပြောထားခဲ့ပါသည်။ ထိုအခြင်းအရာကို ယောဟန်တွေ့မြင်ရသည်တွင် "မြေကြီးပေါ်မှာနေ သောသူတည်းဟူသော အသီးအသီးဘာသာစကားကိုပြောသော လူအမျိုး အနွယ် ခပ်သိမ်းတို့အား ထာဝရဧဝံဂေလိတရားကို ဟောရသော ကောင်းကင်တမန်တစ်ပါးက၊ ဘုရားသခင်ကိုကြောက်ရွံ့၍ချီးမွမ်းကြ လော့။ တရားစီရင်တော်မူသောအချိန်ရောက်လာပါပြီ။" ဗျာ ၁၄း၆၊၇။

---

"ထိုအခါ ငါကြည့်ရှုစဉ်ရာဇပလ္လင်များကိုတည်ထားလျက်ရှိ၍ အသက်ကြီးသောသူတစ်ဦးသည်ထိုင်တော်မူ၏။ အဝတ်တော်သည် မိုးပွင့် ကဲ့သို့ဖြူ၏။ ဆံပင်တော်သည်ဖြူသောသိုးမွေးနှင့်တူ၏။ ပလ္လင်တော်သည် မီးလျှံဖြစ်၏။ ပလ္လင်တော်အောက်၌မီးစက်လှည်းဘီးရှိ၏။ မျက်နှာတော်မှ မီးရောင်ခြည်ထွက်လေ၏။ အတိုင်းမသိများစွာသောသူတို့သည် အမှု တော်ကိုဆောင်ရွက်၍. . . တရားစီရင်ခြင်းငှါပြင်ဆင်၍ စာစောင်များကို ဖွင့်ထားကြ၏။" ဒံယေလ ၇း၉၊၁၀။

---

ဤတရားစီရင်တော်မူခြင်းအကြောင်းနှင့်စပ်လျဉ်း၍ နှိုးဆော်ချက်နှင့်တကွ ယင်းနှိုးဆော်ချက်နှင့်ဆက်စပ်နေသည့် သတင်းစကားများကိုကြေညာနေသည့်အချိန်နှင့်တစ်ဆက်တည်း လူသားသည် မိုးတိမ်ပေါ်မှာထိုင်လျက် ဘုန်းတန်ခိုးနှင့်ကြွလာတော်မူမည်ဖြစ်ကြောင်း ပုရောဖက်၏အနာဂတ်စကားတွင် ဖော်ညွှန်းထားပါသည်။ တရားစီရင်တော်မူခြင်းအကြောင်းကို ကြေညာခြင်းသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူရန် နီးကပ်လျက်ရှိပြီဖြစ်ကြောင်းကို ကြွေးကြော်ခြင်းတစ်ရပ်ဖြစ်ပါသည်။ ဤသို့ကြေညာခြင်းကို ထာဝရဧဝံဂေလိတရားဟုခေါ်ပါသည်။ ထိုကြောင့် ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူခြင်းအကြောင်းကို ဟောပြောခြင်းနှင့် ယင်းအချိန်နီးကပ်လာပြီဖြစ်ကြောင်းကိုကြွေးကြော်ခြင်းတို့သည် ဧဝံဂေလိသတင်းစကားတွင် အထူးလိုအပ်သောအစိတ်အပိုင်းဖြစ်ပါသည်။

လူတို့သည် နောက်ဆုံးသောကာလတွင် ငွေရတတ်ခြင်း၊အပျော်အပါးလိုက်စားခြင်းနှင့် လောကရေးနှင့်ဆိုင်သောအရာများ၌သာနစ်မွန်းနေကြလိမ့်မည်ဟု သမ္မာကျမ်းစာတော်တွင်ဖော်ပြထားပါသည်။ သူတို့သည်ထာဝရကာလနှင့်ဆိုင်သော အမှန်ဖြစ်ရပ်များကို မတွေ့မမြင်ဘဲ နေကြလိမ့်မည်။ "လူသားသည်ကြွလာသောအခါ နောဧလက်ထက်၌ဖြစ်သကဲ့သို့ဖြစ်လိမ့်မည်။ ရေလွှမ်းမိုးခြင်းမဖြစ်မီကာလ၌ နောဧသည် သင်္ဘောထဲသို့ဝင်သောနေ့တိုင်အောင် လူများတို့သည် စားသောက်လျက်၊ ထိမ်းမြားစုံဖက်လျက်နေ၍ ရေလွှမ်းမိုးခြင်းရောက်သဖြင့် လူခပ်သိမ်းတို့ကိုသုတ်သင်ပယ်ရှင်းသည်တိုင်အောင် သတိမဲ့နေကြသည်နည်းတူ

လူသားကြွလာသောအခါ၌ဖြစ်လိမ့်မည်" ဟု ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ မ၊ ၂၄း၃၇-၃၉။

ယနေ့လောကကြီးသည်လည်း ယင်းအတိုင်းပင်ဖြစ်နေပါသည်။ နောင်ဘဝဆိုသည်မှာ မရှိသကဲ့သို့လည်းကောင်း၊ ကောင်းကင်နိုင်ငံတော်မရှိသကဲ့သို့လည်းကောင်း၊ ဘုရားသခင်မရှိသကဲ့သို့လည်းကောင်း လူတို့သည် မိမိ၏ကောင်းကျိုးနှင့်အမြတ်အစွန်းကိုသာ အပြေးအလွှား ရှာဖွေစုဆောင်းနေကြပါသည်။ နောဧခေတ်ကလူတို့သည် ဆိုးသွမ်းခြင်းအတွက်ထိတ်လန့်၍နောင်တရကြစေရန် ရေလွှမ်းမိုးမည့်သတင်းစကားဖြင့် သတိပေးနှိုးဆော်ခဲ့ပါသည်။ ထိုနည်းအတူ ခရစ်တော်ကြွလာတော်မူရန် နီးကပ်ပြီဆိုသည့် သတင်းစကားမှာလည်း လူတို့သည် လောကရေးရာများ၌သာ နစ်မွန်းနေခြင်းမှသတိရကြစေရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ လူတို့သည် ထာဝရကာလ၏အမှန်ဖြစ်ရပ်များကိုအာရုံစိုက်ကြပြီးလျှင် ဘုရားသခင်၏စားသောက်ပွဲသို့ဖိတ်ခေါ်ခြင်းအတွက် အလေးဂရုပြုကြစေရန် ရည်မှန်းထားခြင်းဖြစ်ပါသည်။

ဧဝံဂေလိတရားတော်ဆိုင်ရာဖိတ်ခေါ်သံကို "မြေကြီးပေါ်မှာနေသောသူတည်းဟူသော အသီးသီး ဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့" ရှိရာကမ္ဘာတစ်ဝန်းလုံးသို့ရောက်အောင် ပေးပို့ရမည်။ ဗျာ၊ ၁၄း၆။ နောက်ဆုံးသောသတိပေးနှိုးဆော်သည့် သတင်းစကားနှင့် ချစ်ကြင်နာမှုတရားတော်၏ ဘုန်းတော်အလင်းကို

ကမ္ဘာတစ်ဝန်းလုံးတွင်ထွန်းလင်းစေရမည်။ အယုတ်အမြတ်၊ သူကြွယ် သူဆင်းရဲမှအစ လူတန်းစားအားလုံးသို့ပေးပို့ရမည်။ "မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွားဦးလော့။ ငါ့အိမ်ကိုပြည့်စေခြင်းငှါ အနိုင်အထက်ခေါ်သွင်းလော့" ဟုခရစ်တော်မိန့်တော်မူ၏။

ဧဝံဂေလိတရားတော်ကို လုံလုံလောက်လောက်မရသည့်အတွက် ကမ္ဘာကြီးပျက်စီးယိုယွင်းနေပါသည်။ ဘုရားသခင်၏နှုတ်ထွက်တရားတော်ဆိုင်ရာငတ်မွတ်ခေါင်းပါးခြင်းဖြစ်နေပါသည်။ နှုတ်ထွက်တရားတော်ကို သူတို့၏ရိုးရာဓလေ့များနှင့်မရောနှောဘဲဟောပြောသူနည်းပါးလှပါသည်။ လူတို့သည် သမ္မာကျမ်းစာတော်မြတ်ကိုလက်ဝယ်ထားရှိကြသော်လည်း ယင်းသမ္မာတရားတော်တွင် သူတို့အတွက် ဘုရားသခင်ထည့်သွင်းထားတော်မူသည့်ကောင်းချီးမင်္ဂလာကို သူတို့မခံစားရကြပါ။ ဘုရားသခင်သည် မိမိ၏သတင်းစကားတော်ကို လူအပေါင်းတို့ထံသို့ပို့ဆောင်ရန် အမှုတော်ဆောင်များကိုစေလွှတ်တော်မူ၏။ အပြစ်မကောင်းမှုအတွင်းနစ်မွန်းနေသူများအား ထာဝရအသက်တည်းဟူသောနှုတ်ထွက်တရားတော်ကိုပေးပို့ရမည်။

"မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွားဦးလော့" ဟု ခရစ်တော်မိန့်တော်မူရာတွင် မိမိအမည်နာမကိုခံယူသောအမှုတော်ထမ်းအားလုံးအတွက် သတ်မှတ်ထားသည့်တာဝန်ဖြစ်ကြောင်း ဖော်ပြထားခြင်းဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းလုံးသည် ခရစ်တော်၏အမှုတော်ဆောင်များအတွက် လုပ်ခြင်းဖြစ်ပါသည်။ လူသားမိသားစုတစ်ရပ်လုံးသည် သူတို့၏ဧဝံဂေလိတရားပရိတ်သတ်ကြီးဖြစ်ပါသည်။ အသက်ဝိညာဉ်တိုင်းသည် ကိုယ်တော်၏ကျေးဇူးတော်ဆိုင်ရာနှုတ်ထွက်တရားတော်ကို တိတိကျကျသိက္ခမ်းနားလည်ကြစေရန် ထာဝရဘုရားသခင်အလိုရှိတော်မူပါသည်။

ယင်းလုပ်ငန်းသည် အများအားဖြင့်တစ်ဦးစီဒူးတိုက်ဆွေးနွေးခြင်းအားဖြင့် ပြီးမြောက်ရန်ဖြစ်ပါသည်။ ဤသည်မှာ ခရစ်တော်၏လမ်းစဉ်ဖြစ်ပါသည်။ ကိုယ်တော်အမှုတော်ဆောင်ခဲ့ရာတွင် အများအားဖြင့်တစ်ဦးချင်းကိုယ်တော်တိုင်တွေ့ဆုံဆွေးနွေးခြင်းများဖြစ်ခဲ့ပါသည်။ ယင်းသို့တစ်ဦး ချင်းဆွေးနွေးသည့်ပုံစံကို ကိုယ်တော်မြတ်နိုးတော်မူ၏။ ထိုအသက်ဝိညာဉ်တစ်ဦးမှအစပြု၍ ထောင်သောင်းမကသောအသက်ဝိညာဉ်များတိုးပွားများပြားလာနိုင်ပါသည်။

ကျွန်ုပ်တို့ထံသို့အသက်ဝိညာဉ်များရောက်လာအောင် စောင့်မျှော်နေရန်မဟုတ်ပါ။ သူတို့ရှိရာသို့သွားရောက်ရှာဖွေရပါမည်။ တရားပလ္လင်မှနှုတ်ကပါဌ်တရားတော်ကို ဟောပြောပြီးသောအခါ လုပ်ငန်းစရုံမျှသာရှိသေးပါသည်။ ဧဝံဂေလိသတင်းစကားတော်ကိုငင်းတို့ထံသို့ရောက်အောင်မပေးမပို့ပါကမကြားမနာရသည့်လူအမြောက်အမြားရှိနေပါသည်။

စားသောက်ပွဲကြီးသို့ ယုဒလူတို့ကဦးစွာဖိတ်ခေါ်ခြင်းခံခဲ့ရကြပါသည်။ သူတို့သည် လူတို့တွင်ဆရာများ၊ ခေါင်းဆောင်များအဖြစ်ရပ်တည်ကြရန် ခေါ်တော်မူခြင်းကိုခံရသောလူများဖြစ်ကြ၏။ ခရစ်တော်ကြွလာတော်မူမည့်အကြောင်း ကြိုတင်ဟောပြောထားသည့် အနာဂတ်စကားများပါဝင်သောကျမ်းစာလိပ်များကို သူတို့၏လက်ဝယ်တွင်ကိုင်ဆောင်ထားကြ၏။ ၎င်းအပြင် ကိုယ်တော်၏အမှုတော်ကိုအရိပ်ပြပုံဆောင်ထားသည့်ဘုရားဝတ်ပြုခြင်းပုံစံကိုလည်း သူတို့အားလွှဲအပ်ထားပါသည်။ ယဇ်ပုရောဟိတ်များနှင့်လူတို့သည် ခေါ်တော်မူခြင်းကိုအလေးဂရုပြုခဲ့ကြပါက သူတို့သည်လည်း ခရစ်တော်၏တမန်တော်များနှင့်လက်တွဲ၍ ဧဝံဂေလိတရားတော်ဆိုင်ရာဖိတ်ကြားခြင်းလုပ်ငန်းကိုဆောင်ရွက်ကြလိမ့်မည်။ သူတို့အနေဖြင့် လက်ဆင့်ကမ်းရန်သမ္မာတရားတော်ကို သူတို့ထံသို့ပေးပို့ခဲ့ပါသည်။ ခေါ်တော်မူခြင်းကို သူတို့ငြင်းပယ်

ကြသောအခါ ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်းသောသူ နှင့်မျက်စိကန်းသောသူတို့ကိုခေါ်တောမူ၏။ ထိုအခါ အခွန်ခံနှင့် ဆိုးသောသူတို့သည်လည်း ဖိတ်ခေါ်ခြင်းကိုခံရကြ၏။ ဧဝံဂေလိတရား တော်ဆိုင်ရာဖိတ်ခေါ်သံကို တစ်ပါးအမျိုးသားထံသို့ဆက်လက်ပေးပို့ သောအခါတွင်လည်း တူညီသောလုပ်ငန်းစီမံကိန်းရှိပါသည်။ သတင်း စကားကိုပထမတွင်၊ "မြို့ပြင်လမ်းမ" ကြီးများနှင့်တူသည့်လောက လုပ်ငန်းတွင် လှုပ်ရှားနေသူများသို့လည်းကောင်း၊ လူတို့၏ဆရာသမား များနှင့်ခေါင်းဆောင်များသို့လည်းကောင်း ပေးပို့ရန်ဖြစ်ပါသည်။

ဘုရားသခင်၏သတင်းစကားဝေငှသူများနှလုံးသွင်းရမည့် အချက်များကို ဤနေရာတွင်ဖေါ်ပြထားပါသည်။ သိုးစု၏သိုးထိန်းများ တည်းဟူသော ဘုရားတရားဆိုင်ရာဓမ္မဆရာများအတွက် မှတ်သားစရာ လည်းဖြစ်ပါသည်။ အထက်လွှာနှင့်စပ်ဆိုင်သောသူများကို ခင်မင်ရင်းနှီး စွာဖြင့်လည်းကောင်း၊ ညီအစ်ကိုကဲ့သို့သဘောထား၍လည်းကောင်း ဆက်ဆံရပါမည်။ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်းသူများ၊ ရာထူးဌာနန္တရကြီးမြင့်သူများ၊ တီထွင်ဖန်တီးနိုင်သော စွမ်းရည်ရှိ၍ သိပ္ပံအတတ်ပညာတွင်အမြင်ကျယ်သူများ၊ နှလုံးရည် လက်ရုံးရည်ထူးကဲသောသူများ၊ ယနေ့လောကနှင့်သက်ဆိုင်သည့် ထူးခြားသောသမ္မာတရားများကို မသိသေးသော ဧဝံဂေလိဓမ္မဆရာများ ဤကဲ့သို့သောပုဂ္ဂိုလ်များသည် ခေါ်တော်မူခြင်းကိုရှေးဦးစွာကြားသိ ထိုက်သောသူများဖြစ်ပါသည်။ ထို့ကြောင့် သူတို့အားဖိတ်ကြားရမည်။

ချမ်းသာကြွယ်ဝသောသူများအတွက် အမှုတော်ဆောင်ရွက်ရန် လိုအပ်သည့်အကြောင်းမှာ၊ သူတို့သည်ကောင်းကင်ဆုကျေးဇူးများကို ယုံမှတ်လွှဲအပ်ထားခြင်းခံရသူများဖြစ်သည့်အလျောက် သူတို့ထမ်းဆောင်

ရမည့်တာဝန်အတွက် သူတို့အားနိုးကြားတက်ကြွစေရမည်။ အသက်ရှင်သောသူနှင့်တကွ သေသောသူများကိုပါတရားစီရင်မည့်အရှင်အားသူတို့အနေဖြင့် စာရင်းရှင်းလင်းတင်ပြရမည်ဖြစ်ကြောင်း သူတို့အားသတိပေးနှိုးဆော်ရန်လိုပါသည်။ သင်သည်ဘုရားသခင်အားကြောက်ရွံ့ရိုသေ၍ ကြွယ်ဝချမ်းသာသူများအတွက် အမှုတော်ထမ်းဆောင်ရန်တာဝန်ရှိပါသည်။ သူ၏ကြွယ်ဝချမ်းသာမှုကိုသာ ယုံကြည်အားထားနေသောကြောင့် သူ၏အန္တရာယ်ကိုသူမသိ။ သူ၏ဉာဏ်မျက်စိသည် တည်မြဲသောအရာများ၏တန်ဖိုးကိုသိမြင်စွဲလမ်းဖို့လိုပါသည်။ သူသည် မှန်သောကောင်းမြတ်ခြင်း၏ ဩဇာသက်ရောက်မှုကို အသိအမှတ်ပြုဖို့လိုအပ်နေပါသည်။ ၎င်းမှာ "ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်။ ငါ့ထမ်းပိုးကိုတင်၍ ထမ်းကြလော့။ ငါထံ၌နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူကား ငါ့ထမ်းပိုးသည်ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏။" မ၊ ၁၁း၂၈-၃၀။

ပညာအရည်အချင်းကြောင့်လည်းကောင်း၊ ကြွယ်ဝမှုကြောင့်လည်းကောင်း၊ ခေါ်တော်မူခြင်းကြောင့်လည်းကောင်း လောကတွင် အခြေအနေမြင့်မားသူများသည် ဝိညာဉ်ရေးရာများနှင့်ပတ်သက်၍ တစ်ကိုယ်ချင်းတွေ့ဆုံဆွေးနွေးခွင့် ရခဲ့ပါသည်။ ခရစ်ယာန်အမှုတော်ဆောင်အများစုသည် ထိုသို့သောလူတန်းစားများကို တွေ့ဆုံရန် နှောင့်နှေးကြပါသည်။ ယင်းသို့မဖြစ်သင့်ပါ။ အကယ်၍လူတစ်ယောက်သည် ရေနစ်နေမည်ဆိုပါက ရှေ့နေဖြစ်စေ၊ ကုန်သည်ဖြစ်စေ၊ တရားသူကြီးဖြစ်စေ သူ့ကိုမကယ်ဘဲ ကျွန်ုပ်တို့ရပ်ကြည့်နေကြလိမ့်မည် မဟုတ်ပါ။

လူအများသည် ချောက်ကမ်းပါးဆီသို့ပြေးနေကြသည်ကို ကျွန်ုပ်တို့ တွေ့မြင်လျှင် သူတို့၏ရာထူးနှင့်ခေါ်တော်မူခြင်းအဆင့်ကိုပမာဏမထားဘဲ အမြန်ပြန်၍ခေါ်ဖို့ ကျွန်ုပ်တို့နှောင့်နှေးကြလိမ့်မည်မဟုတ်ပါ။ အသက်ဝိညာဉ်အတွက် အန္တရာယ်နှင့်ရင်ဆိုင်နေသူများကိုတွေ့သိသော အခါတွင်လည်း သတိပေးနှိုးဆော်ရန် ကျွန်ုပ်တို့မနှောင့်နှေးသင့်ပါ။

လောကရေးရာများကိုသာ အာရုံစိုက်နေသည်မှာထင်ရှားပါသည်ဟုအကြောင်းပြ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှဂရုစိုက်ဘဲပစ်ထားသင့်ပါ။ လူမှုရေးအရအဆင့်မြင့်သူအများစိတ်ဝေဒနာကိုခံစားနေရတတ်သဖြင့် အမြဲနှလုံးနာနေကြ၏။ သူတို့၌မရှိသောငြိမ်သက်ခြင်းကို တောင်တနေကြ၏။ အမြင့်ဆုံးသောလူတန်းစားများ၌ပင်လျှင် ကယ်တင်ခြင်းကိုဆာလောင်မွတ်သိပ်နေသူအများရှိပါသည်။ ကိုယ်ချင်းစာတရားဖြင့်လည်းကောင်း၊ ခရစ်တော်၏မေတ္တာတော်ဖြင့်ကြင်နာတတ်သော စိတ်နှလုံးဖြင့်လည်းကောင်း ဘုရားသခင်၏အမှုတော်ဆောင်များသည် ကိုယ်တိုင်ချဉ်းကပ်ကြမည်ဆိုပါက ချမ်းသာခြင်းကိုရရှိမည့်သူအများရှိနေပါသည်။

ဧဝံဂေလိသတင်းစကား၏အောင်မြင်မှုသည် ပညာတတ်တို့၏ ပြောဟောမှုပေါ်တွင်လည်းကောင်း၊ စိတ်ရောကိုယ်ပါသက်သေခံမှုပေါ်တွင်လည်းကောင်း၊ လေးနက်စွာဆွေးနွေးချက်ပေါ်တွင်လည်းကောင်း မူတည်သည်မဟုတ်ပါ။ သတင်းစကား၏လွယ်ကူမှုနှင့် အသက်မုန့်ကို ဆာငတ်ခင်မွတ်နေသူအတွက် လျောကန်သင့်မြတ်အောင်ပြုပြင်ထားသည့်အပေါ်တွင်မူတည်ပါသည်။ “ကယ်တင်ခြင်းကိုရအံ့သောငှါ အကျွန်ုပ်သည် အဘယ်ကောင်းမှုကိုပြုရပါမည်နည်း” ဤသည်ကား အသက်ဝိညာဉ်၏တမ်းတမှုဖြစ်ပါသည်။

ထောင်သောင်းမကသောသူတို့ထံသို့အလွယ်ကူဆုံး၊ အောက်အကျို့ဆုံးသောနည်းလမ်းဖြင့် ရောက်ရှိနိုင်ပါသည်။ လောကပညာရှင်တစ်ဦးသည် မိမိစိတ်အပါဝင်ဆုံးသောအကြောင်းအရာတစ်ခုကို သဘာဝကျကျပြောပြနိုင်သကဲ့သို့ ဘုရားသခင်ကိုချစ်သောသူတစ်ဦးသည် ထိုချစ်ခြင်းမေတ္တာအကြောင်းကို အလွယ်ကူဆုံးသောစကားလုံးများဖြင့် ပြောပြပါက အသိဉာဏ်အရင့်သန်ဆုံးသောသူများ၊ ကမ္ဘာတစ်ဝန်းလုံးက အထူးစွမ်းရည်ရှိသည်ဟု သတ်မှတ်ခြင်းခံရသည့်အမျိုးသားအမျိုးသမီးများသည် မကြာခဏစိတ်ရှင်လန်းဝမ်းမြောက်ခြင်းကို ရတတ်ကြပါသည်။

**ဧဝံဂေလိတရားတော်အားဖြင့်ကမ်းလှမ်းထားတော်မူသောကောင်းချီးမင်္ဂလာအဖြာဖြာကိုခရစ်တော်သည် ကြီးစွာသောစားသောက်ပွဲဥပမာအားဖြင့် အဓိပ္ပါယ်ဖော်ဆောင်တော်မူ၏**

ကောင်းစွာပြင်ဆင်၍ လေ့ကျက်သောစကားလုံးများသည် များသောအားဖြင့် သြဇာသက်ရောက်မှုမရှိတတ်ပါ။ သို့သော်ဘုရားသခင်၏သား (သို့မဟုတ်) သမီးတစ်ယောက်သည် သစ္စာဖြင့်လည်းကောင်း၊ ရိုးသားစွာဖြင့်လည်းကောင်း၊ သဘာဝကျကျလွယ်လွယ်ကူကူဖြင့်သရုပ်ပေါ်အောင်ပြောပြမည်ဆိုပါက ခရစ်တော်ကိုလည်းကောင်း၊ ကိုယ်တော်၏မေတ္တာတော်ကိုလည်းကောင်း လက်မခံလို၍အချိန်ကြာမြင့်စွာကပင်ပိတ်ထားသည့်စိတ်နှလုံးတံခါးကိုဖွင့်နိုင်စွမ်းရှိပါသည်။

ခရစ်တော်၏ အမှုတော်ထမ်းတစ်ဦးသည် မိမိ၏စွမ်းအင်ကိုအားကိုးရန်မဟုတ်ကြောင်းသတိရပါစေ။ ကိုယ်တော်၌ကယ်ဆယ်နိုင်သောတန်ခိုးရှိကြောင်း ယုံကြည်စွာဖြင့် ဘုရားသခင်၏ပလ္လင်တော်ကိုအားကိုးအားထားပြုပါစေ။ ဆုတောင်းခြင်းဖြင့် ဘုရားသခင်နှင့်ထွေးလုံးပြီးလျှင် ဘုရားသခင်ပေးသနားတော်မူသောအခွင့်အရေးများနှင့်ဆောင်ရွက်ပါစေ။ သန့်ရှင်းသောဝိညာဉ်တော်ကိုသူ၏စွမ်းရည်အဖြစ်အသင့်စီမံထားပါသည်။ စိတ်နှလုံးများကို နှိုးဆော်ပေးရန် အမှုတော်ဆောင်သောကောင်းကင်တမန်များ သူ၏ဝန်းကျင်တွင်ရှိနေကြပါလိမ့်မည်။

အကယ်၍ယေရုရှလင်မြို့၌ရှိသော ခေါင်းဆောင်များနှင့်ဓမ္မဆရာများသည် ခရစ်တော်ယူဆောင်ခဲ့သည့် သမ္မာတရားတော်ကိုလက်ခံခဲ့ကြမည်ဆိုပါက သူတို့၏မြို့ကြီးသည် အဘယ်မျှလောက်ကြီးသောသာသနာပြုဗဟိုဌာနကြီးဖြစ်ခဲ့ပါလိမ့်မည်နည်း။ အားနည်းဖေါက်ပြားသောဣသရေလလူများတို့သည်လည်း စိတ်ပြောင်းလဲကြပေလိမ့်မည်။ အရှင်ဘုရားအတွက် အင်အားကြီးမားသောသာသနာပြုတပ်မတော်ကြီးကိုလည်းဖွဲ့စည်းနိုင်ခဲ့ပေလိမ့်မည်။ ဧဝံဂေလိတရားတော်ကိုလည်း ကမ္ဘာအရပ်ရပ်သို့မည်မျှလျင်မြန်စွာ သယ်ဆောင်နိုင်ကြပေလိမ့်မည်နည်း။

ထိုကြောင့် ယခုမျက်မှောက်ကာလတွင်လည်း ဩဇာအာဏာရှိသောလူအများနှင့် အသုံးဝင်သည့်စွမ်းအားများစွာကို ခရစ်တော်အတွက်ရရှိမည်ဆိုပါက လဲသောသူများကိုထူမခြင်း၌လည်းကောင်း၊ စွန့်ပစ်ထားခြင်းခံရသောသူများကိုစုသိမ်းခြင်း၌လည်းကောင်း၊ ကယ်တင်ခြင်းသတင်းစကားကိုကျယ်ပြန့်စွာဖြန့်ဝေခြင်း၌လည်းကောင်း ယင်းလူအင်အား၊ စွမ်းရည်အင်းအားများဖြင့် မည်မျှကြီးမားသောအမှုတော်ကိုဆောင်ရွက်နိုင်ပါလိမ့်မည်နည်း။ ထိုအခါ ဖိတ်ကြားစာများကိုအလျင်အမြန်ပေးပို့ပြီးစီးသဖြင့် ဘုရားသခင်၏စားသောက်ပွဲကြီးတွင်လည်း ဧည့်သည်မြောက်မြားစွာရောက်ရှိနေကြပြီးဖြစ်ပေလိမ့်မည်။

သို့သော်ကျွန်ုပ်တို့သည် လူကုံထံများနှင့်အထူးအရည်အချင်းရှိသူများကိုသာစဉ်းစား၍နွမ်းပါးသောအဆင့်ရှိလူတန်းစားများကိုဥပက္ခာပြုထားရန်မဟုတ်ပါ။ ခရစ်တော်ကမိမိ၏သံတမန်များအားလမ်းမနှင့်ခြံနားသို့လည်းသွားရောက်ရန် မိန့်တော်မူခဲ့ပါသည်။ ထိုကြောင့်ဤလောကရှိ ဆင်းရဲနွမ်းပါးသူများနှင့်နှိမ့်ကျသူများထံသို့လည်း သွားရောက်ရကြမည်ဖြစ်ပါသည်။ မြို့ကြီးများရှိရုံးကြီးများနှင့် လမ်းမ၊ လမ်းသွယ်များတွင်ဖြစ်စေ၊ တိုင်းပြည်ရှိလမ်းရှည်ကြီးများနှင့်လမ်းမများတွင်ဖြစ်စေ၊ မိသားစုတွင်ဖြစ်စေ၊ တစ်ကိုယ်တည်းနေသူဖြစ်စေ၊ မတော်တဆ တစ်တိုင်းတစ်နိုင်ငံမှရောက်ရှိနေသည့် ဧည့်သည်ဖြစ်စေ၊ မိတ်ဆွေအပေါင်းအသင်းမရှိသဖြင့် ဘုရားသခင်သည် သူတို့အားမေ့လျော့ပစ်ပယ်ထားပြီဟု အားငယ်နေသူများရှိနိုင်ပါသည်။ ထိုသူတို့သည်ကယ်တင်ခြင်းရရှိရန် မည်သို့ပြုရမည်ဟုမသိကြ။ အများသောသူတို့သည်အပြစ်အတွင်း နစ်မွန်းနေကြပါသည်။ အများသောသူတို့သည်စိတ်ဆင်းရဲခြင်းနှင့်ရင်ဆိုင်နေရကြပါသည်။ သူတို့သည် ဝေဒနာခံစားရခြင်း၊ အလိုဆန္ဒမပြည့်ဝခြင်း၊ မယုံမကြည်ဖြစ်ခြင်းနှင့်စိတ်ညှိုးငယ်ခြင်း

များ၏နှိပ်စက်ဖိစီးခြင်းတို့ကိုခံစားနေရပါသည်။ ကိုယ်စိတ်နှစ်ပါးလုံးကို ရောဂါဝေဒနာပေါင်းစုံက ညှဉ်းပန်းဖိနှိပ်နေပါသည်။ သူတို့၏ဒုက္ခမှ လွတ်မြောက်၍ချမ်းသာရာလမ်းကိုရှာကြသည်တွင် ကာမဂုဏ်လိုက်စားခြင်းနှင့်အပျော်အပါးလိုက်စားခြင်းများဖြင့် ယင်းချမ်းသာရာလမ်းကို တွေ့လိမ့်မည်ဟု စာတန်ကသွေးဆောင်သဖြင့် ပျက်စီးခြင်းနှင့်သေခြင်းသို့ပင်ရှေးရှုနေကြပါသည်။ သူတို့၏နှုတ်ခမ်းဖျားတွင်ခက်ခဲမှုဖြစ်သွားမည့် သောဒုံသစ်သော့သီးကို စာတန်ကသူတို့အားကမ်းလှမ်းနေပါသည်။ သတို့အတွက်အသက်မွေးလောက်သောအစာမဟုတ်သည့်ပစ္စည်းပေါ်တွင်သူတို့ငွေကိုသုံး၍ သူတို့အတွက်ကျေနပ်မှုမရနိုင်သည့်ကိစ္စအတွက် ကြိုးပမ်းနေကြပါသည်။

ဤသို့ဒုက္ခဝေဒနာခံစားရသူများအားကယ်ဆယ်ရန် ခရစ်တော်ကြွလာတော်မူခဲ့သည်ကို ကျွန်ုပ်တို့သိမြင်ရပါမည်။ ထိုသူများအား "အိုရေငတ်သူအပေါင်းတို့၊ ရေရှိရာသို့လာကြလော့။ ငွေမရှိသောသူတို့၊ လာကြ။ ဝယ်၍စားသောက်ကြလော့။ ငွေမပါဘဲ၊ အဖိုးကိုမပေးဘဲလာ၍ စပျစ်ရည်နှင့်နို့ကိုဝယ်ကြလော့။ . . . . ငါ့စကားကိုစေ့စေ့နားထောင်လျက်ကောင်းသောအစာကိုစားကြလော့။ သင်တို့၏ဝိညာဉ်သည်ချိုသောအရာတို့၌မိမိကို မိမိမွေ့လျော်စေလိမ့်မည်။ နူးညွတ်သောနားနှင့်ငါ့ထံသို့လာကြလော့၊ နားထောင်ကြလော့၊ သို့ပြုလျှင်သင်တို့၏ဝိညာဉ်သည် အသက်ရှင်ရလိမ့်မည်" ဟု ခရစ်တော်မိန့်မှာတော်မူ၏။ ဟေရှာယ၊ ၅၅း၁-၃။

မျက်နှာစိမ်းသူတစ်ရပ်သားကိုလည်းကောင်း၊ စွန့်ပစ်ထားခြင်းခံရသူကိုလည်းကောင်း၊ စိတ်အားငယ်သောသူကိုလည်းကောင်း သတိပြုကြည့်ရှုရန် ဘုရားသခင် အထူးမိန့်ကြားထားတော်မူပါသည်။ ဘာသာရေးကိစ္စရပ်များကို လုံးဝဂရုမပြု အမှုမထားဟုယူဆရသောသူ

အများသည် ငြိမ်သက်ခြင်းချမ်းသာကို လိုလားတောင့်တနေတတ်ကြပါသည်။ သူတို့သည် အပြစ်၏အနိမ့်ဆုံးသောအဆင့်တိုင်အောင် နစ်မွန်းနေကြစေကာမူ သူတို့အားကယ်ဆယ်ရန် ဖြစ်နိုင်စရာအကြောင်းရှိပါသည်။

ခရစ်တော်၏အမှုတော်ဆောင်များသည် ကိုယ်တော်၏ပုံစံနမူနာအတိုင်းလိုက်လျှောက်ရကြပါမည်။ ကိုယ်တော်သည် တစ်နေရာမှတစ်နေရာသို့လှည့်လည်ပြီးလျှင် အခက်အခဲတွေ့သူများကိုချမ်းသာပေးလျက် နာမကျန်းသူများကို ပျောက်ကင်းစေတော်မူ၏။ ၎င်းနောက်ကိုယ်တော်၏နိုင်ငံတော်နှင့်ယှဉ်သောသမ္မာတရားကို သူတို့အားပြတော်မူ၏။ ကိုယ်တော်၏နောက်တော်သို့လိုက်သောသူများသည်လည်း ယင်းလုပ်ငန်းကိုဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါသည်။ သင်သည် သူ၏ကိုယ်ခန္ဓာဒုက္ခဝေဒနာကိုသက်သာစေခြင်းဖြင့် သူ၏ဝိညာဉ်ရေးရာလိုအပ်ချက်များကိုဆောင်ရွက်ပေးနိုင်ပေလိမ့်မည်။ ထိုမြှောက်ထားခြင်းခံရသည့်ကယ်တင်ရှင်အကြောင်းကိုလည်းကောင်း၊ ပြန်လည်ကျန်းမာရေးအတွက် တစ်ဦးတည်းသောတန်ခိုးတော်ရှင်ဖြစ်သည့် မြတ်တော်မူသောသမားတော်ကြီး၏ မေတ္တာတော်အကြောင်းကိုလည်းကောင်း ပြောပြနိုင်ပါသည်။

လမ်းလွဲသောကြောင့် သနားစရာစိတ်ပျက်အားငယ်နေသောသူများအား စိတ်မပျက်ရန်အားပေးစကားပြောပါ။ ၎င်းအပြင်သူတို့သည် လမ်းလွဲတိမ်းစောင်းနေသည့်အတွက် မှန်သောအကျင့်မဆောက်တည်နိုင်ခဲ့သော်လည်း ဘုရားသခင်သည် သူတို့အားလမ်းမှန်သို့ပို့ဆောင်ရန်ဝမ်းမြောက်တော်မူကြောင်း၊ ကယ်တင်ခြင်းကိုကမ်းလှမ်းသည်တိုင်အောင်ပင်ဝမ်းမြောက်တော်မူကြောင်း၊စာတန်၏လုပ်ဆောင်မှုကြောင့်ကိုယ်တော်၏ကရုဏာတော်လက်အောက်ခံဖြစ်နေသည့် အမှန်ပင်မျှော်လင့်

ချက်မရှိသူများကိုသိမ်းပိုက်ရန် လိုလားတော်မူကြောင်း၊ နားမထောင်သူများခံရမည့်ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးရန် ဝမ်းမြောက်တော်မူကြောင်း၊ အသက်ဝိညာဉ်တိုင်းအတွက် ရောဂါဝေဒနာကင်းငြိမ်းစေ၍ သန့်ရှင်းစင်ကြယ်စေရန် တတ်နိုင်တော်မူကြောင်း၊ အရှင်ဘုရား၏ စားသောက်ပွဲတွင် သူတို့အတွက်နေရာရှိကြောင်း၊ ကိုယ်တော်သည် သူတို့အားကြိုဆိုရန်စောင့်နေတော်မူကြောင်းများကိုလည်းပြောပြပါ။

မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွားသောသူများသည် အကျင့်စရိုက်အမျိုးစုံသောသူတို့နှင့်တွေ့ဆုံရကြပေလိမ့်မည်ဖြစ်ရာ ထိုသူများအတွက် အမှုတော်ဆောင်ရန်လိုအပ်ပါသည်။ ထိုသူများတွင် သူတို့ရရှိသမျှသော အလင်းတရားအတိုင်းလိုက်နာကျင့်သုံး၍မိမိတို့တတ်သိနားလည်သမျှ အတိုင်း ဘုရားသခင်အားဝတ်ပြုကိုးကွယ်နေသူများပါဝင်ပါသည်။ သို့သော်သူတို့သည် မိမိတို့အတွက်သာမက ဝန်းကျင်၌ရှိသောသူများ အတွက်ကိုပါဆောင်ရွက်ရန် အမှုတော်ကြီးရှိကြောင်းမုချသိမြင်နေကြပါသည်။ သူတို့သည်ထာဝရဘုရားအရှင်ဘုရားသခင်၏အကြောင်းကိုပို၍ သိကျွမ်းနားလည်ရန်လိုလားတောင့်တနေကြပါသည်။ သို့သော်ပို၍ ထွန်းလင်းသောအလင်းတော်ရောင်ခြည်အစကိုသာတွေ့မြင်ရသေးပါသည်။ ယုံကြည်ခြင်းအားဖြင့်ရရှိနိုင်မည်ဟု သူတို့သိနားလည်ထားသော အဝေးရှိကောင်းချီးမင်္ဂလာကိုရရှိရန် မျက်ရည်ကျလျက်ဆုတောင်းပတ္တနာပြုနေကြပါသည်။ ယင်းသို့သောအသက်ဝိညာဉ်များကိုဆိုးသွမ်းမှုအပြည့်အဝရှိနေသောမြို့ကြီးများ၌တွေ့နိုင်ပါသည်။ အများသောသူတို့မှာ အလွန်နိမ့်ကျသောအခြေအနေ၌ရှိနေကြသောကြောင့် လောကကြီးက သူတို့အားသတိမပြုနိုင်ပါ။ ၎င်းတို့၏အခြေအနေကို အသင်းတော်နှင့် ဓမ္မဆရာများကလည်း မည်သို့မျှမသိကြပါ။ သို့သော် သူတို့သည် ယုတ်ညံ့

သိမ်ဖျင်း၍ ခက်ခဲမှုမျိုးစုံသောနေရာများတွင် ဘုရားသခင်၏ သက်သေခံများဖြစ်ကြပါသည်။ သူတို့သည် ခရစ်ယာန်တိုင်းဆိုင်ရာ လေ့ကျင့်ပညာပေးခြင်းနှင့်အလင်းတရားကို အနည်းငယ်မျှသာရရှိထားကြမည်ဖြစ်သော်လည်း အဝတ်အစားမလုံလောက်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ ရာသီဥတုဒဏ်ကိုခံရခြင်းစသည့် ဒုက္ခဆင်းရဲမျိုးစုံ၏ အလယ်တွင် သူတို့သည် အခြားသောသူများအတွက် အမှုတော်ဆောင်ရွက်ရန်နည်းလမ်းရှာဖွေနေကြပါသည်။ ဘုရားသခင်၏ကျေးဇူးကရုဏာတော်မြောက်မြားစွာကို ခံယူရရှိထားသောဘဏ္ဍာစိုးများသည် ယင်းအသက်ဝိညာဉ်များကိုရှာဖွေ၍ သူတို့၏နေအိမ်များသို့သွားရောက်လည်ပတ်ပြီးလျှင် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးဖြင့် သူတို့လိုအပ်ချက်များကိုဆောင်ရွက်ပေးကြပါ။ သန့်ရှင်းသောဝိညာဉ်တော်သွန်သင်သည့်အတိုင်း သူတို့နှင့်အတူသမ္မာကျမ်းစာတော်မြတ်ကိုဆွေးနွေးလေ့လာခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်းများပြုလုပ်ကြပါ။ ခရစ်တော်သည် မိမိ၏အမှုတော်ဆောင်များအား အသက်ဝိညာဉ်အတွက် အသက်မုန့်ဖြစ်သောသတင်းစကားကိုပေးတော်မူလိမ့်မည်။ စိတ်နှလုံးတစ်ခုမှတစ်ခုသို့လည်းကောင်း၊ မိသားစုတစ်ဦးမှတစ်ဦးသို့လည်းကောင်း အဖိုးထိုက်တန်သောကောင်းချီးမင်္ဂလာများကိုသယ်ဆောင်နိုင်ပေလိမ့်မည်။

ဥပမာတွင် "အနိုင်အထက်ခေါ်သွင်းလော့" ဟုအမိန့်ပေးထားသည်ကိုအဓိပ္ပါယ်ဖွင့်ဆိုရာတွင် မှားတတ်ကြပါသည်။ အချို့ကဧဝံဂေလိတရားတော်ကိုလက်ခံရန် အနိုင်အထက်ပြုဖို့သွန်သင်ထားသည်ဟု သဘောထားကြပါသည်။ သို့သော ဖိတ်ခေါ်ခြင်း၏အရေးကြီးပုံနှင့် တိုက်တွန်းခြင်းအတွက် အကျိုးသက်ရောက်ပုံကို ဖေါ်ဆောင်ထားခြင်းဖြစ်ပါသည်။ လူတို့အား ခရစ်တော်ထံသို့အနိုင်အထက်ခေါ်သွင်းရန် ဧဝံဂေလိတရားတော်က မခန့်အပ်ပါ။ သတင်းစကားတော်၏အလိုမှာ

"အိုရေငတ်သောသူအပေါင်းတို့၊ ရေရှိရာသို့လာကြလော့။" ဟေရှာ၊ ၅၅း၁။ "ဝိညာဉ်တော်နှင့်မင်္ဂလာဆောင်သတို့သမီးကလာခဲ့ပါဟုဆိုကြ၏။ . . . အလိုရှိသောသူသည် အဖိုးကိုမပေးဘဲအသက်ရေကိုယူပါစေ" ဗျာ ၂၂း၁၇။ ကျွန်ုပ်တို့လာရောက်ရန် ဘုရားသခင်၏မေတ္တာတော်နှင့်ကျေးဇူးတော်တန်ခိုးသည် အနိုင်အထက်သွေးဆောင်တော်မူ၏။

ကယ်တင်ရှင်မိန့်တော်မူသည်မှာ "ငါသည်တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်မည်၊ သူသည်လည်းငါနှင့်အတူစားသောက်ရလိမ့်မည်။" ဗျာ၊ ၃း၂၀။ ကိုယ်တော်သည် မထီလေးစားပြုခြင်းကြောင့် ဖယ်ရှောင်သွားမည်မဟုတ်၊ ခြိမ်းခြောက်သောကြောင့်လည်း ရှောင်သွားတော်မူမည်မဟုတ်၊ ပျောက်သောသူကိုအမြဲတစေရှာဖွေ၍ "ငါသည်သင့်ကိုအဘယ်သို့စွန့်နိုင်မည်နည်း" ဟုမိန့်တော်မူ၏။ ဟောရှေ၊ ၁၁း၈။ စိတ်နှလုံးခိုင်မာသောသူအနေဖြင့်ကိုယ်တော်၏မေတ္တာတော်ကိုတွန်းလှန်လိုက်သော်လည်း ကိုယ်တော်သည် နောက်တစ်ဖန်ပြန်လာပြီးလျှင် "ငါသည် တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏" ဟုပို၍ လေးနက်စွာ ဖျောင်းဖျသေး၏။ ကိုယ်တော်၏အောင်နိုင်သောမေတ္တာတော်တန်ခိုးသည် အသက်ဝိညာဉ်များအားအနိုင်အထက်ဝင်ခွင့်ပြုတော်မူ၏။ ၎င်းအပြင် ကိုယ်တော်၏ "သည်းခံတော်မူခြင်းအားဖြင့် အကျွန်ုပ်သည် ချီးမြှောက်ခြင်းသို့ရောက်ပါ၏" ဟုခရစ်တော်အားဖြင့် သူတို့တောင်းလျှောက်ထားကြ၏။ ဆာလံ၊ ၁၈း၃၅။

ပျောက်သောသူကိုရှာဖွေရာ၌ ခရစ်တော်ထားရှိတော်မူသည့်အောက်မေ့တသတတ်သောမေတ္တာတော်မျိုးကို ကိုယ်တော်သည် မိမိ၏တမန်တော်များအား ပေးသနားတော်မူလိမ့်မည်။ ကျွန်ုပ်တို့အနေဖြင့်

"လာကြပါ" ဟုသာမန်ခေါ်ဖိတ်ပြောဟောရန်မဟုတ်ပါ။ ခေါ်တော်မူသံကိုကြားသောသူအများရှိကြသော်လည်း သူတို့၏နားများသည် ထိုင်းလွန်းသောကြောင့် ခေါ်သံ၏အဓိပ္ပါယ်ကိုမခံမယူနိုင်ကြပါ။ သူတို့၏မျက်စိများမှာလည်း ပြာလွန်းသဖြင့် သူတို့အတွက်သိုလှောင်ထားသည့်ကောင်းသောအရာတစ်စုံတစ်ခုကိုမျှမမြင်နိုင်ကြပါ။ ဘဝအဆင့်အတန်းလျှောကျမှုကြီးမားပုံကို သူတိုပအများစုကသဘောပေါက်ကြပါသည်။ ငါသည် မစထောက်ပံ့ခြင်းကိုခံထိုက်သူမဟုတ်ပါ။ ငါ့တတ်တိုင်းရှိပါစေဟု သူတို့ပြောတတ်ကြ၏။ သို့သော် အမှုတော်ထမ်းများအနေဖြင့် ရပ်တန့်နေရန်မဟုတ်ပါ။ ထောက်ပံ့မှုကင်းမဲ့၍ စိတ်ပျက်အားလျော့နေသူကိုမေတ္တာစေတနာရှေ့ထား၍ သနားကြင်နာစွာကိုင်ဆွဲကူညီပါ။ သင်၏ရဲရင့်ခြင်း၊ မျှော်လင့်ခြင်းနှင့်ခွန်အားကို သူတို့အားဝေမျှပါ။ ကြင်နာခြင်းဖြင့်သူတို့လာအောင်တိုက်တွန်းပါ။ "ပိုင်းခြား၍သိတတ်သောဉာဏ်ရှိ၍ အချို့တို့ကိုသနားကြလော့။ . . . . ကြောက်ရွံ့ခြင်းနှင့်တကွအချို့တို့ကိုမီးထဲမှ ဆယ်နုတ်ကယ်တင်ကြလော့။" ယုဒ ၊ ၂၂း၂၃။

ဘုရားသခင်၏အမှုတော်ဆောင်များသည် ယုံကြည်စွာဖြင့် ကိုယ်တော်နှင့်အတူ လျှောက်လိုက်ကြမည်ဆိုပါက သူတို့၏သတင်းစကားများအပေါ်တွင် တန်ခိုးကိုပေးတော်မူလိမ့်မည်။ အကယ်၍ လူတို့သည် ဘုရားသခင်၏ကျေးဇူးကရုဏာတော်ကိုငြင်းပယ်မည်ဆိုပါကသူတို့ရင်ဆိုင်ရမည့် ဘေးအန္တရာယ်ကိုလည်းကောင်း၊ ကိုယ်တော်၏မေတ္တာတော်ကိုလည်းကောင်း သူတို့တင်ဆက်နိုင်ကြပေလိမ့်မည်ဖြစ်သောကြောင့် လူတို့သည် ဧဝံဂေလိတရားတော်ကိုလက်ခံလိုက်နာရန် အနိုင်အထက်သွေးဆောင်နိုင်ကြပေလိမ့်မည်။ အကယ်၍လူတို့သည် ဘုရားပေးတာဝန်များအနက် မိမိတို့နှင့်သက်ဆိုင်သည့်အပိုင်းကိုထမ်းဆောင်ကြမည်ဆိုပါက ခရစ်တော်သည် အံ့ဩဖွယ်သောနိမိတ်လက္ခဏာ

များကို ပြုတော်မူလိမ့်မည်။ ရှေးလူမျိုးအဆက်ဆက်ဖြစ်ခဲ့သည့်ပုံသဏ္ဍာန် ပြောင်းလဲမှုမျိုးနှင့်အလားတူ ကြီးမားသည့်ပုံသဏ္ဍာန်ပြောင်းလဲမှုကို ယနေ့လူတို့၏စိတ်နှလုံးများတွင်လည်းဖြစ်ပေါ်လိမ့်မည်။ ဂျွန်ဗန်းညန်း သည်အပျော်အပါးလိုက်စား၍ ဘုရားတရားကိုမလေးစားသည့်ဘဝမှ လည်းကောင်း၊ ဂျွန်နယူးတွန် သည်အစေခံကျွန်ရောင်းဝယ်သည့် လုပ်ငန်းမှလည်းကောင်း၊ ရွေးနုတ်ခြင်းကိုခံရကြသည်မှာ မြှောက်ထား ခြင်းကိုခံရသည့်ကယ်တင်ရှင်၏အကြောင်းကိုကြွေးကြော်ရန်ပင်ဖြစ်ပါ သည်။ ယနေ့လူတို့တွင် ဂျွန်ဗန်းညန်းကဲ့သို့သော သူတစ်ယောက်၊ ဂျွန်နယူးတွန်ကဲ့သို့သော သူတစ်ယောက်ရွေးနုတ်ခြင်းကိုခံရနိုင်ပါသည်။ ဘုရားသခင်နှင့်အတူပူးပေါင်းဆောင်ရွက်သောလူသားကိုယ်စားလှယ် များအားဖြင့် စွန့်ပစ်ထားခြင်းကိုခံနေရသောသူအများပြန်၍ သိမ်းပိုက် ခြင်းခံရကြလိမ့်မည်ဖြစ်ရာ သူတို့မှတစ်ဆင့်ဘုရားသခ်၏ပုံသဏ္ဍာန် တော်သည်လူသားတွင် ပြန်လည်ထင်ရှားပေလိမ့်မည်။ ပို၍ကောင်းသော လမ်းကိုမသိသောကြောင့် လမ်းမှားကိုလျှောက်လိုက်နေသဖြင့် အခွင့် အရေးရရှိမှုနည်းပါးသောသူတို့ထံသို့ အလင်းရောင်ခြည်များရောက်လာ ပေလိမ့်မည်။ ဇက္ခဲအား "သင်၏အိမ်၌ယနေ့ငါ တည်းနေမည်" ဟု ခရစ်တော်မိန့်တော်မူသကဲ့သို့ (လုကာ၊ ၁၉း၆။) ထိုသူတို့ထံသို့ ခရစ်တော်၏စကားတော်ရောက်လာလိမ့်မည်။ အပြစ်ကြောင့် စိတ်နှလုံးခိုင်မာနေသည်ဟု ယူဆရသောသူများကိုလည်း ခရစ်တော် အရေးယူဂရုပြုတော်မူသောကြောင့် သူတို့၏စိတ်နှလုံးများသည် ကလေး သူငယ်ကဲ့သို့ပြောင်းလဲကြလိမ့်မည်။ အများသောသူတို့သည် အကြီးဆုံး သောအပြစ်ဒုစရိုက်နွံတွင်းမှပြန်လာ၍ အခွင့်ကောင်းအခါကောင်း အမြောက်အမြားရရှိခဲ့သော်လည်း တန်ဖိုးမထားသောသူတို့၏နေရာကို

ယူကြလိမ့်မည်။ သူတို့သည် ဘုရားသခင်၏အရွေးချယ်ခံလူတို့တွင် စာရင်းဝင်ရွေးကောက်ခြင်းကိုခံရသူများ၊ မြတ်နိုးဖွယ်သောသူများဖြစ်ကြလိမ့်မည်။ ၎င်းအပြင် ခရစ်တော်သည် မိမိ၏နိုင်ငံတော်တွင်းသို့ကြွလာတော်မူသောအခါ သူတို့သည် ကိုယ်တော်၏ ပလ္လင်တော်အနီးတွင် ရပ်နေခွင့်ရကြလိမ့်မည်။

သို့သော် “သင်တို့သည် မိန့်တော်မူသောသူ၏စကားတော်ကို မငြင်းမပယ်မည်အကြောင်း သတိပြုကြလော့။” ဟေဗြဲ၊ ၁၂း၂၅။ “အထက်ကခေါ်ဖိတ်သောသူတစ်ယောက်မျှ ငါ့ပွဲသို့မဝင်ရ” ဟုယေရှုရှင်မိန့်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် သူတို့ကိုခေါ်ဖိတ်ခဲ့သော်လည်း သူတို့ငြင်းပယ်ကြသဖြင့် မည်သူ့ကိုမျှနောက်တစ်ဖန်ခေါ်ဖိတ်လိမ့်မည်မဟုတ်ပါ။ ခရစ်တော်ကိုငြင်းပယ်ခြင်းအားဖြင့် ယုဒလူတို့သည် ကိုယ့်စိတ်နှလုံးကိုခိုင်မာစေကြပြီးလျှင် စာတန်၏တန်ခိုးစည်းရိုးအတွင်းသို့ကိုယ်တိုင်ဝင်ရောက်ကြသဖြင့် ကိုယ်တော်၏ကျေးဇူးတော်ကိုလက်ခံရန်မဖြစ်နိုင်ကြတော့ပေ။ ယခုမျက်မှောက်ကာလတွင်လည်း ယင်းအတိုင်းပင်ဖြစ်နေပါသည်။ ဘုရားသခင်၏မေတ္တာတော်ဆိုင်ရာကျေးဇူးတရားကို မသိလျှင်လည်းကောင်း၊ မိမိ၏စိတ်ကိုနှိပ်ကွပ်၍ ပျော့ပျောင်းစေရန်အတွက် ယင်းမေတ္တာတော်ကို ကျွန်ုပ်တို့၏အခြေခံသဘောတရားလက်စွဲအဖြစ်မထားလျှင်လည်းကောင်း ကျွန်ုပ်တို့သည် လုံးဝဥဿုံဆုံးရှုံးသောသူများဖြစ်ကြ၏။ အရှင်ဘုရားသည် မိမိ၏မေတ္တာတော်ကိုဖေါ်ပြပြီးသည်ထက် ပို၍ထင်ရှားအောင်ဖေါ်ပြစရာအကြောင်းမရှိတော့ပါ။ အကယ်၍ယေရှုရှင်၏မေတ္တာတော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကိုမနှိပ်ကွပ်မပျော့ပျောင်းစေနိုင်ပါက ကျွန်ုပ်တို့သည် ခရစ်တော်နှင့်တွေ့ထိရန်အတွက် အခြားနည်းလမ်းမရှိတော့ပါ။

သင်သည်ကြင်နာမှုဆိုင်ရာ သတင်းစကားကိုနားမထောင်သည့်အခါတိုင်း မယုံကြည်ရန် ကိုယ်ကိုကိုယ်အားပေးနေခြင်းဖြစ်ပါသည်။ သင်၏စိတ်နှလုံးတံခါးကို ခရစ်တော်အားဖွင့်ပေးရန်ပျက်ကွက်သောအခါတိုင်း ကိုယ်တော်၏အသံတော်ကိုမကြားလိုသောစိတ် ပို၍ပို၍လာပါသည်။ ထို့ကြောင့် နောက်ဆုံးသောကရုဏာတော်ဆိုင်ရာခေါ်ဖိတ်သံကိုတုန့်ပြန်ရန် အခွင့်အခါလည်းပို၍ပို၍ယုတ်လျော့သွားပါသည်။ "ဧဖရိမ်သည် ပုံရုပ်တို့၌စွဲကပ်လျက်ရှိ၏၊ သူ့ကိုတတ်တိုင်းရှိစေလော့" ဟုရှေးခေတ်ကသရေလလူတို့၏အကြောင်းကို မှတ်တမ်းတင်ထားသကဲ့သို့ သင်၏အကြောင်းကိုလည်းရေးမှတ်၍ မထားရစေပါနှင့်။ ဟောရှေ၊ ၄း၁၇။ ခရစ်တော်သည် ယေရုရှလင်မြို့တော်ကိုကြည့်လျက် "ကြက်မသည်မိမိသားငယ်တို့ကိုအတောင်အောက်၌စုရုံးသကဲ့သို့ သင်၏သားတို့ကိုစုရုံးစေခြင်းငှါ ကြိမ်ဖန်များစွာငါအလိုရှိ၏။ သင်မူကားအလိုမရှိ၊ သင်တို့နေသောအိမ်သည် သင်တို့၌လူဆိတ်ညံလျက်ကျန်ရစ်ရ၏။" ဟုမိန့်တော်မူပြီးလျှင် မျက်ရည်ကျတော်မူသကဲ့သို့ သင့်ကိုကြည့်၍မျက်ရည်မကျရပါစေနှင့်။ လု၊ ၁၃း၃၄၊၃၅။

ကျွန်ုပ်တို့သက်ရှင်နေထိုင်ချိန်သည် ကြင်နာမှုဆိုင်ရာသတင်းစကား၏နောက်ဆုံးအချိန်ဖြစ်၍ လူသားများအား ယင်းသတင်းစကားတော်နှင့်စပ်လျဉ်းသည့်နောက်ဆုံးသောခေါ်ဖိတ်သံကို ပေးပို့နေပါသည်။ "မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွားဦးလော့" ဟုဆိုသည့်အမိန့်တော်ပြည့်စုံရန် နောက်ဆုံးအဆင့်သို့ရောက်ရှိနေပါပြီ။ ခရစ်တော်၏ဖိတ်ခေါ်သံကို အသက်ဝိညာဉ်တိုင်းသို့ပေးပို့ပါလိမ့်မည်။ သတင်းစကားပေးပို့သူများကလည်း "လာကြပါ၊ အလုံးစုံတို့သည်အသင့်ရှိပါပြီ" ဟုခေါ်ဖိတ်နေကြပါသည်။ ကောင်းကင်တမန်များသည်လည်း လူသားကိုယ်စားလှယ်

များနှင့်လက်တွဲ၍ပင် အမှုတော်ကိုဆောင်ရွက်နေကြပါသေးသည်။ သင်လာရောက်ရန်အတွက် အနိုင်ခေါ်ဖိတ်ရန် စိတ်ဝင်စားစရာရှိသမျှ နှင့် သန့်ရှင်းသောဝိညာဉ်တော်ကဆောင်ကြဉ်းနေပါသည်။ ကိုယ်တော်ရှင် ဝင်ရောက်ရန်အတွက် သင်၏စိတ်နှလုံးတံခါးဖွင့်ဖို့ တံခါးမင်းတုပ်ဖြုတ် မည့်လက္ခဏာကို ခရစ်တော်စောင့်ကြည့်နေပါသည်။ အပြစ်သား တစ်ဦးကိုပြန်၍ တွေ့ပြီဖြစ်ကြောင်းကောင်းကင်သို့သတင်းသယ်ဆောင် ရန်အတွက် ကောင်းကင်တမန်များစောင့်နေကြပါသည်။ ဧဝံဂေလိ စားသောက်ပွဲကြီးသို့လာရောက်ရန် ခေါ်ဖိတ်သံကို နောက်ထပ်လက်ခံ သောအသက်ဝိညာဉ်တစ်ခုအတွက် စောင်းတော်များကိုတီး၍ဝမ်းမြောက် သီချင်းဆိုကြရန် ကောင်းကင်ဗိုလ်ခြေများအသင့်စောင့်နေကြပါသည်။

---ooo---

# အပြစ်လွှတ်ခြင်းအတိုင်းအတာ

### မ၊ ၁၈း၂၁-၃၅ ကိုအခြေပြုပါသည်။

ပေတရုသည် ပြဿနာတစ်ခုနှင့်ခရစ်တော်ထံချဉ်းကပ်၍ “သခင်၊ ညီအစ်ကိုသည် အကျွန်ုပ်ကိုပြစ်မှား၍ အကျွန်ုပ်သည် သူ၏အပြစ်ကိုဘယ်နှစ်ကြိမ်လွှတ်ရပါအံ့နည်း၊ ခုနစ်ကြိမ်မြောက်အောင် လွှတ်ရပါအံ့” ဟုမေးလျှောက်လေ၏။ ယုဒဓမ္မဆရာများက အပြစ်လွှတ်ခြင်းကိုသုံးကြိမ်ပြစ်မှားခြင်းအတွက် ကန့်သတ်ထားပါသည်။ ခရစ်တော်၏ ဩဝါဒဖြစ်သည်ဟုယူဆ၍ လိုက်နာခဲ့ရာမှ စုံလင်ခြင်းကိုပုံဆောင်သည့် ခုနစ်ကိန်းဂဏန်းအတိုင်း ခုနစ်ကြိမ်အထိတိုးမြှင့်သင့်သည်ဟု ပေတရုကယူဆ၏။ သို့သော်ခရစ်တော်ကအပြစ်လွှတ်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် မည်သည့်အခါမျှမငြီးငွေ့ရန် သွန်သင်တော်မူ၏။ ထိုကြောင့် “ခုနစ်ကြိမ်မြောက်အောင်လွှတ်ရမည်ငါမဆို၊ အကြိမ်ခုနစ်ဆယ်ခုနစ်လီမြောက်အောင်လွှတ်ရမည်ငါဆို၏” ဟုခရစ်တော်မိန့်တော်မူ၏။

ထိုနောက်အပြစ်လွှတ်ခြင်းနှင့်စပ်လျဉ်း၍ မှန်သောအခြေခံသဘောတရားကိုလည်းကောင်း၊ အပြစ်ဖြေလွှတ်ခြင်းမပြုလိုသောစိတ်သဘော၏အန္တရာယ်ကိုလည်းကောင်း ပြအံ့သောငှါ ဘုရင်မင်းကြီးတစ်ပါးသည် မိမိ၏လက်အောက်ခံအရာရှိများနှင့်မည်သို့မည်ပုံဆက်ဆံသည်ကို ဥပမာပုံဆောင်၍ သွန်သင်တော်မူ၏။ ထိုမင်းကြီး၏လက်အောက်တွင် အချို့သောအရာရှိများသည် တာဝန်အရတိုင်းပြည်၏ ဘဏ္ဍာငွေအမြောက်အမြားကိုလက်ခံရကြပါသည်။ ထိုသို့ယုံမှတ်လွှဲအပ်ထားသည့် တာဝန်ဝတ္တရားအတွက် စီမံပုံကိုဘုရင်မင်းကြီးက စစ်ဆေးစေရာတွင်

တစ်ယောက်သောသူ၏စာရင်းတွင် မင်းကြီးအားအပ်ပေးရန် ငွေအခွက် တစ်သိန်းကြွေးတင်နေကြောင်းတွေ့ကြလေ၏။ ပေးဆပ်ရမည့်အကြွေး များလွန်းသဖြင့် သူပိုင်ငွေဖြင့်မလုံလောက်သောကြောင့် ထုံးစံရှိသည့် အတိုင်း ထိုသူပိုင်သမျှနှင့်တကွ သူ့ကိုရောင်း၍ရသမျှငွေနှင့်ကြွေးဆပ် ရန်မင်းကြီးအမိန့်ထုတ်ပြန်လေ၏။ သို့သော်ထိုသူသည် ကြောက်လန့် တုန်လှုပ်လျက် မင်းကြီး၏ရှေ့မှောက်တွင်ပျပ်ဝပ်၍ အပူတပြင်းတောင်း ပန်လေသည်မှာ "သခင်မှာ၊ ကျွန်တော်ကိုသည်းခံတော်မူပါ။ ကြွေးရှိသမျှ ကိုဆပ်မည်ဟုလျှောက်လျှင် သူ၏သခင်သည် သနားခြင်းရှိသဖြင့် ကြွေးရှိသမျှကိုလွှတ်၍ ချမ်းသာပေးလေ၏။"

"ထိုကျွန်သည်ထွက်သွားရာတွင် မိမိငွေဒေနာရီတစ်ရာကြွေး တင်သောကျွန်ချင်းတစ်ယောက်ကိုတွေ့လျှင် လည်ပင်းကိုကိုင်ညှစ်၍ငါ့ ငွေကိုဆပ်ပေးလော့ဟုဆို၏။ ထိုကျွန်ချင်းသည် ကြွေးရှင်၏ခြေရင်း၌ပျပ် ဝပ်တောင်းပန်လေသော်လည်း ငွေရှင်သည် နားမထောင်ဘဲ သွား၍ ကြွေးကိုမဆပ်မီတိုင်အောင် သူ့ကိုထောင်ထဲမှာလှောင်ထား၏။ ထိုအမှု အရာကို အခြားသောကျွန်ချင်းတို့သည်မြင်လျှင် အလွန်နာကြည်းသော စိတ်နှင့်သွား၍ပြုလေသမျှတို့ကို မိမိတို့သခင်၌ကြားလျှောက်ကြ၏။ ထိုသခင်သည် ထိုကျွန်ကိုခေါ်၍၊ ဟယ်ဆိုးညစ်သောကျွန်၊ သင်သည်ငါ့ ကိုတောင်းပန်သောကြောင့် သင်၌တင်သမျှသောကြွေးကိုငါ ရှင်းလင်းစေ ၏။ ငါသည်သင့်ကိုသနားသကဲ့သို့သင်သည်လည်း ကျွန်ချင်းကိုမသနား အပ်သလောဟု ဆိုလျက်အမျက်ထွက်၍ ကြွေးရှိသမျှကိုမဆပ်မီတိုင် အောင် အာဏာသားတို့လက်ကိုအပ်လေ၏။"

ဤဥပမာတွင် ရုပ်ပုံစုံလင်စေရန် သင့်လျော်သောအသေးစိတ် များနှင့်ရုပ်လုံးဖေါ်ထားပါသည်။ သို့သော် ယင်းအသေးစိတ်များတွင်

ဝိညာဉ်ရေးနှင့်ပတ်သက်၍ အရေးကြီးသည့်အဓိပ္ပါယ်ကိုဖေါ်ညွှန်ထားသည့်အကြောင်းအရာအတိအကျမပါဝင်သဖြင့် ဥပမာတွင်ဖေါ်ပြထားသည့်အရေးကြီးသောအမှန်တရားအချို့ကိုသာ စဉ်းစားကြပါမည်။

ဘုရင်မင်းကြီးပေးသနားတော်မူသည် လွတ်ငြိမ်းချမ်းသာခွင့်မှာ ခပ်သိမ်းသောအပြစ်များအတွက် ဘုရားသခင်အပြစ်ဖြေလွှတ်တော်မူခြင်းကိုပုံဆောင်ထားပါသည်။ ကြင်နာတတ်သောစိတ်ဖြင့်မိမိကျွန်၏ကြွေးရှိသမျှကိုရှင်းလင်းစေသောမင်းကြီးသည် ခရစ်တော်ကိုပုံဆောင်ထားပါသည်။ လူသားသည် ပညတ်တော်ကိုကျူးလွန်ထားသည့်အတွက်အပြစ်တရား၏လက်အောက်ခံဖြစ်နေပါသည်။ သူသည်ပြစ်ဒဏ်သင့်နေသူဖြစ်သောကြောင့်သူ့ကိုယ်သူမကယ်တင်နိုင်သဖြင့် ဖြောင့်မတ်တော်မူသောခရစ်တော်သည် ဘုရား၏ဇာတိမှလူသား၏ဇာတိကိုယူတင်ဝတ်ဆင်ပြီးလျှင် မဖြောင့်မတ်သောလူသားများကိုယ်စား မိမိ၏အသက်တော်ကိုစွန့်ရန် ဤလောကသို့ကြွလာတော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် ကိုယ်ကိုကိုယ်စွန့်တော်မူလျက် အသက်ဝိညာဉ်တိုင်းအားအသွေးတော်ဖြင့်ဝယ်ယူထားသော လွတ်ငြိမ်းခွင့်ကိုရက်ရောစွာကမ်းလှမ်းတော်မူ၏။ "ထာဝရဘုရား၌ကြင်နာမှုရှိ၏။ များစွာသောရွေးနုတ်ခြင်းကျေးဇူးရှိ၏။" ဆာလံ၊ ၁၃၀း၇။

"ဘုရားသခင်သည် ငါတို့ကိုဤမျှလောက်ချစ်တော်မူသည်မှန်လျှင်ငါတို့သည်လည်း အချင်းချင်းချစ်ကြမည်။" ၁ယော၊ ၄း၁၁။ "သင်တို့သည်အဖိုးမပေးဘဲ ကျေးဇူးတော်ကိုခံရကြပြီဖြစ်၍ အဖိုးမခံဘဲပေးကမ်းကြလော့" ဟုခရစ်တော်ဩဝါဒပေးသည်နှင့်အညီ ကျွန်ုပ်တို့သည်လည်း အပြစ်သားအချင်းချင်းကြင်နာမှုထားရန် လိုအပ်ပါသည်။ မ၊၁၀း၈။

ဥပမာတွင်ကြွေးတင်သူက "ကျွန်တော်ကိုသည်းခံတော်မူပါ၊ ကြွေးရှိသမျှကိုဆပ်ပါမည်" ဟုကတိပြု၍ အသနားခံသောအခါ ပြစ်ဒဏ်စီရင်ချက်ကိုပြန်၍ရုပ်သိမ်းလေ၏။ ကြွေးရှိသမျှကိုလည်းလွှတ်၍ ချမ်းသပေးလေ၏။ သူ၏သခင်သည် သူ့အားအပြစ်လွှတ်သည့်ပုံစံကို သူကိုယ်တိုင်လိုက်နာကျင့်သုံးရန် မကြာမီပင်အခွင့်အရေးရရှိလေ၏။ အပြင်သို့ထွက်သွားသောအခါ သူ့အားအနည်းငယ်မျှသောကြွေးကိုပေးဆပ်ရန်ရှိသည့်ကျွန်ချင်းတစ်ယောက်ကိုတွေ့လေ၏။ သူကိုယ်တိုင်ပေးဆပ်ရမည့်ကြွေးငွေအခွက်တစ်သိန်းမှလွတ်ငြိမ်းခွင့်ရခဲ့၏။ ယခုသူ့ကိုပေးဆပ်ရန်ရှိသောကြွေးကျန်ငွေမှာ ဒေနာရီတစ်ရာမျှသာဖြစ်ပါသည်။ သို့သော် ထိုမျှလောက်ကျေးဇူးပြုခြင်းကိုခံရသောသူသည် မိမိလုပ်ဖော်ကိုင်ဖက်ချင်းအား လုံးဝခြားနားသည့်အမူအရာများကိုပြလိုက်ပါသည်။ သူကိုယ်တိုင်မင်းကြီးအားအသနားခံသည့်ပုံစံအတိုင်း သူ၏မြီစားက သူ့ကိုအသနားခံသော်လည်း အကျိုးသက်ရောက်မှုကွာခြားလှပါ၏။ မကြာသေးမီကအပြစ်ဖြေလွှတ်ခြင်းကိုခံရသောသူ၌ သနားကြင်နာစိတ်လုံးဝမရှိ။ သူ့အပေါ်တွင်ထင်ရှားစွာပြသခဲ့သည့် ကရုဏာတရားသည် သူ၏လုပ်ဖော်ကိုင်ဖက်အပေါ်သို့ကူးစက်ခြင်းမရှိ။ သည်းခံရန်မေတ္တာရပ်ခံခြင်းကို သူအလေးဂရုမပြု။ သူ့အားပေးဆပ်ရမည့်အနည်းငယ်မျှသောကြွေးကျန်ငွေကိုသာ ထိုကျေးဇူးတရားမသိတတ်သောကျွန်သည် စိတ်စွဲ၍နေ၏။ သူရထိုက်သည်ဟု သဘောထားသောကြွေးကျန်ငွေအတွက် အနိုင်အထက်တောင်း၍ သူကိုယ်တိုင်ပြစ်ဒဏ်စီရင်ခြင်းခံရပြီးမှ ကြင်နာမှုတရားကြောင့် ပြန်လည်ရုပ်သိမ်းလိုက်သည့် ပြစ်ဒဏ်အတိုင်းသူ၏လုပ်ဖော်ကိုဖက်ချင်းအား စီရင်၍ အတည်ပြုလိုက်ပါသည်။

ယခုမျက်မှောက်ကာလတွင်လည်း ယင်းစိတ်ထားမျိုးရှိသူ မည်မျှများပြားနေပါသနည်း။ ကြွေးတင်နေသောသူသည် မိမိအရှင်အား

အသနားခံစဉ်တွင် သူ၏ကြွေးမည်မျှကြီးမားကြောင်းကို သူမသိ။ သူကိုယ်တိုင်မည်သို့မျှမတတ်နိုင်ကြောင်းကိုလည်းမသိ။ သူ့ကိုယ်သူ ကယ်မည်ဟု အထင်နှင့် "ကျွန်တော်ကိုသည်းခံတော်မူပါ၊ ကြွေးရှိသမျှကို ဆပ်ပါမည်" ဟုလျှောက်၏။ ထိုနည်းတူ မိမိတို့၏အကျင့်နှင့်ကုသိုလ်ကောင်းမှုများအားဖြင့် ဘုရားသခင်ထံမှမျက်နှာရကြလိမ့်မည်ဟု မျှော်လင့်နေသူအများရှိပါသည်။ သူတို့ကိုယ်တိုင်ဘာမျှမတတ်နိုင်သည်ကို သူတို့မသိနားမလည်ကြ။ ဘုရားသခင်၏ကျေးဇူးတော်ကိုအခမဲ့ရသည်ဟု သူတို့လက်မခံကြဘဲ ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကိုကြိုးစား၍ တည်ဆောက်နေကြ၏။ အပြစ်ကြောင့် စိတ်နှလုံးကြေကွဲခြင်း၊ နှိမ့်ချခြင်း မရှိကြသည်သာမက သူတစ်ပါးအပေါ်ကျပ်တည်းစွာပြုခြင်း၊ အပြစ်မဖြေလွှတ်ခြင်းများရှိနေကြပါသည်။ ဘုရားရှင်ကိုပြစ်မှားသောသူတို့၏ အပြစ်များနှင့် သူတို့ကိုပြစ်မှားသောအခြားသူတို့ညီအစ်ကိုများ၏အပြစ်တို့ကိုနှိုင်းယှဉ်လျှင် ငွေအခွက်တစ်သိန်းနှင့် ဒေနာရီတစ်ရာကဲ့သို့ကွာခြားပါသည်။ အဆတစ်သိန်းခန့်ရှိပါသည်။ သို့ပါလျက်သူတို့သည် အပြစ်မဖြေမလွှတ်ဘဲနေဝံ့ကြ၏။

ဥပမာပုံတွင် မင်းကြီးသည် ကြင်နာမှုတရားကင်းမဲ့သောကြွေးရှင်ကိုခေါ်၍ "ဆိုးညစ်သောကျွန်၊ သင်သည်ငါ့ကိုတောင်းပန်သောကြောင့် သင်၌တင်သမျှသောကြွေးကိုငါရှင်းလင်းစေ၏။ ငါသည်သင့်ကို သနားသကဲ့သို့ သင်သည်လည်း ကျွန်ချင်းကိုမသနားအပ်သလောဟု ဆိုလျက် အမျက်ထွက်၍ကြွေးရှိသမျှကို မဆပ်မီတိုင်အောင်အာဏာသားတို့လက်ကိုအပ်လေ၏။" ထိုကြောင့် "သင်တို့သည်လည်း ညီအစ်ကိုအချင်းချင်းတို့ကို စိတ်နှလုံးပါလျက် အပြစ်မလွှတ်လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏အဘသည် ထိုနည်းတူ သင်တို့ကိုစီရင်တော်မူလတ္တံ့" ဟုယေရှုရှင်ဩဝါဒပေးတော်မူ၏။ ထို့ကြောင့် အပြစ်ဖြေလွှတ်

ရန်ငြင်းပယ်သောသူသည် သူကိုယ်တိုင်အပြစ်လွှတ်ငြိမ်းခွင့်ရရှိရန် အတွက် မျှော်လင့်ချက်ကိုစွန့်ပစ်နေခြင်းဖြစ်ပါသည်။

သို့သော် ဤဥပမာ၏သွန်သင်ချက်ကို အလွဲအသုံးမပြုသင့်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အပြစ်ဖြေလွှတ်တော်မူသောကြောင့် ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်ကိုနားထောင်ရမည့်တာဝန် မည်သို့မျှ လျော့နည်းသွားသည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူသားချင်း အပေါ်အပြစ်ဖြေလွှတ်တတ်သောစိတ်သဘောသည်လည်း သမာသမတ် ဖြစ်အောင် ပြုလုပ်ခြင်းမှလျော့နည်းသွားလိမ့်မည်မဟုတ်ပါ။ ခရစ်တော် သည် မိမိ၏တပည့်တော်တို့အား သင်ပေးသောပတ္တနာတော်တွင် "သူတစ်ပါးသည် အကျွန်ုပ်တို့ကိုပြစ်မှားသောအပြစ်များကို အကျွန်ုပ် တို့သည်လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏အပြစ်များကိုလွှတ်တော်မူပါ" ဟုပါရှိပါသည်။ မ၊ ၆း၁၂။ ဤသို့သင်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့ သည်အပြစ်ဖြေလွှတ်ခွင့်ရရှိရန် ကျွန်ုပ်တို့က တရားမျှတစွာပြန်လည် တောင်းခံရမည့်ကြွေးများကိုမတောင်းဘဲ နေရမည်ဟုမဆိုလိုပါ။ သူတို့၏ စီမံခန့်ခွဲမှုမသင့်လျော်သောကြောင့် ပြန်လည်မပေးဆပ်နိုင်ခြင်းပင် ဖြစ်စေကာမူ အကျဉ်းထောင်သို့ပို့ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ (သို့မ ဟုတ်) ကြမ်းတမ်းခက်ထန်သောအပြုအမူများကိုမပြုသင့်ပါ။ သို့သော် ဥပမာကပျင်းရိခြင်းကိုအားပေးရန်လည်း သင်ပေးသည်မဟုတ်ပါ။ ဘုရား သခင်၏နှုတ်ကပါဌ်တရားတော်က အလုပ်မလုပ်ချင်သောသူမည်သည် ကား အစာကိုလည်းမစားစေနှင့်ဟုဆိုထားပါသည်။ (၂သက်၊ ၃း၁၀။) အလုပ်ကိုကြိုးစား၍လုပ်ဆောင်သောသူသည် အလဟဿနေသောသူကို လုပ်ကျွေးရမည်ဟု အရှင်ဘုရားက အလိုရှိသည်မဟုတ်ပါ။ အများသော သူတို့အချိန်ဖြုန်းကြ၏။ ကြိုးစားမှုနည်းကြ၏။ ထို့ကြောင့် ဆင်းရဲနွမ်းပါး

ကြ၏။ ယင်းအမှားကိုပြုလုပ်သောသူတို့သည် ကိုယ်တိုင်မပြုမပြင်လျှင် သူတို့အတွက် ဆောင်ရွက်ပေးနေသမျှသည် အိတ်ပေါက်တွင်းသို့ရတနာများကိုထည့်သွင်းနေသည်နှင့်တူပါသည်။ သို့ပါသော်လည်း မလွဲမရှောင်သောဆင်းရဲနွမ်းပါးမှုများရှိတတ်ပါသည်။ ထိုသို့အကြောင်းမညီညွတ်မှုများကြောင့်ဖြစ်ရသူများကိုမူကား ကျွန်ုပ်တို့ညှာတာထောက်ထား၍ ကရုဏာထားရကြပါမည်။ သူတစ်ပါးအပေါ်ကိုယ်ချင်းစာတရားထား၍ ဖြစ်ပျက်နေသောအခြေအနေပေါ်တွင်မူတည်လျက် ကိုယ်၌သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါးအပေါ်ပြုသင့်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် တမန်တော်ရှင်ပေါလုအားဖြင့် ကျွန်ုပ်တို့အားလမ်းညွှန်ထားတော်မူသည်မှာ "ထိုကြောင့် ခရစ်တော်၌သက်သာခြင်း၊ မေတ္တာနှင့်စပ်ဆိုင်သောချမ်းသာခြင်း၊ ဝိညာဉ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်း၊ သနားစုံမက်ခြင်းတည်းဟူသော အရာတစ်စုံတစ်ခုရှိလျှင် သင်တို့သည်အချင်းချင်းချစ်ကြ၍ စိတ်မကွဲပြားဘဲ တစ်လုံးတစ်ဝတည်းကြံစည်ခြင်းနှင့်တကွ သဘောတညီတညွတ်တည်းရှိသောအားဖြင့် ငါဝမ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့။ ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော်စောကိတ္တိကိုတပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကိုမျှမပြုကြနှင့်။ သူတစ်ပါးသည် ကိုယ်ထက်သာ၍ကောင်းမြတ်သည်ဟုနှိမ့်ချသောစိတ်ရှိ၍ တစ်ယောက်ကိုတစ်ယောက်ထင်မှတ်ကြလော့။ ကိုယ့်အမှုအရာကိုသာမရှုမမှတ်ဘဲ သူ့အမှုအရာကိုအချင်းချင်းရှုမှတ်ကြလော့။ ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကိုသင်တို့၌လည်းရှိစေကြလော့။" ဖိ၊ ၂း၁-၅။

သို့သော်အပြစ်ကို ပေါ့ပေါ့တန်တန် သဘောမထားသင့်ပါ။ ညီအစ်ကိုချင်း မပြစ်မှားရန် ဘုရားသခင်က ပညတ်ထားတော်မူ၏။

"သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင် သူ့ကိုဆုံးမလော့" ဟု ကိုယ်တော်ရှင်မိန့်တော်မူ၏။ လု၊ ၁၇း၃။ အပြစ်သည် အပြစ်သာလျှင် ဖြစ်ကြောင်း၊ အပြစ်ကျူးလွန်သူ၏ရှေ့မှောက်တွင် အမှန်ဖြစ်ရပ်ကို ဖော်ပြလျက် ရှင်းလင်းစွာခင်းပြပါ။

တမန်တော်ရှင်ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်တိုက်တွန်းမှုဖြင့် တိမောသေထံသို့စာရေးပို့မှာကြားလိုက်သည်မှာ "အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြိုးစားအားထုတ်လော့၊ အပြစ်ကိုဖော်ပြလော့၊ ဆုံးမခြင်းကိုပြုလော့၊ အလွန်ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။" ၂တိ ၄း၂။ ၄င်းအပြင် တိတုသို့စာရေးသားလိုက်သည်မှာ "အချည်းနှီးသောစကားကိုပြော၍ လှည့်ဖြားတတ်သောသူ အများရှိကြ၏။ . . . ထိုကြောင့်သူတို့သည် . . . . ယုံကြည်ခြင်းအမှု၌စင်ကြယ်စေခြင်းငှါ သူတို့ကိုကျပ်တည်းစွာဆုံးမပြစ်တင်လော့။" တိတု၊ ၁း၁၀၊၁၃၊၁၄။

ထို့ပြင် "သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင် သူ့ဆီသို့သွား၍နှစ်ယောက်တည်းချင်းသူ၏ အပြစ်ကိုပြ၍ဆုံးမလော့။ သူသည် သင်၏စကားကိုနားထောင်လျှင် ညီအစ်ကိုကိုရပြီ။ သို့မဟုတ် သင်၏စကားကိုနားမထောင်လျှင် လူနှစ်ဦး၊ သုံးဦးသက်သေခံ၍ စကားရှိသမျှတို့ကိုတည်စေခြင်းငှါ ကိုယ်နှင့်အတူလူတစ်ဦးကိုခေါ်ဦးလော့။ ထိုသူတို့၏စကားကိုနားမထောင်လျှင် အသင်းတော်အားကြားပြောလော့။ အသင်းတော်၏စကားကိုနားမထောင်လျှင် သာသနာပလူကဲ့သို့လည်းကောင်း၊ အခွန်ခံကဲ့သို့လည်းကောင်း ထိုသူကိုမှတ်လော့" ဟု ခရစ်တော်ဩဝါဒပေးတော်မူ၏။ မ၊ ၁၈း၁၅-၁၇။

ခရစ်ယာန်အချင်းချင်းအဆင်မပြေမှုများပေါ်ပေါက်လျှင် အသင်းတော်အတွင်း၌သာဖြေရှင်းပြေငြိမ်းကြရန်အရှင်ဘုရားဩဝါဒပေးထား

တော်မူပါသည်။ ဘုရားသခင်ကိုမကြောက်ရွံ့မကိုးကွယ်သောသူတို့ရှေ့မှောက်တွင် မိမိတို့၏အမှုကိစ္စများကိုဖွင့်မပြောသင့်ကြပါ။ ခရစ်ယာန်တစ်ယောက်အား မိမိညီအစ်ကိုကပြစ်မှားလျှင် မယုံကြည်သောသူတို့၏တရားရုံးသို့မသွားပါစေနှင့်။ ခရစ်တော်၏ဩဝါဒအတိုင်းလိုက်နာကြပါစေ။ ရန်ကိုရန်တုံ့ပြန်မည့်အစား ညီအစ်ကို၏အသက်ဝိညာဉ်ကိုကယ်ဆယ်ရန်ရှာကြပါ။ ဘုရားသခင်အားချစ်ကြောက်ရိုသေသောသူတို့၏အကျိုးကို ဘုရားသခင်စောင့်ရှောက်တော်မူသောကြောင့် ဖြောင့်မတ်စွာတရားစီရင်တော်မူသောအရှင်ထံသို့ ကျွန်ုပ်တို့၏ အမှုကိစ္စများကို ယုံကြည်စွာဆက်ကပ်အပ်နှံကြပါစို့။

မတရားသောအမှုကိုအဖန်တလဲလဲပြု၍ ထိုသို့မတရားအမှုကိုပြုပြီးတိုင်းဝန်ချတောင်းပန်နေလျှင် ပြစ်မှားခြင်းခံရသူသည် များသောအားဖြင့် ငြီးငွေ့လာသဖြင့် အပြစ်ဖြေလွှတ်ခဲ့သည်မှာတန်လောက်ပြီဟုယူတတ်ပါသည်။ သို့သော်ကယ်တင်ရှင်က မှားယွင်းခြင်းနှင့်ပတ်သက်၍မည်သို့ပြုရမည်ကို အတိအလင်းမန့်တော်မူသည်မှာ "သင်၏ညီအစ်ကိုသည်သင့်ကိုပြစ်မှားလျှင်သူ့ကိုဆုံးမလော့။ သူသည်နောင်တရလျှင်သူ၏အပြစ်ကိုလွှတ်လော့။" လု၊ ၁၇း၃။ သူ့အပေါ်သံသယမကင်းသောကြောင့် အချိန်ဆွဲမထားပါနှင့်။ "အပြစ်သွေးဆောင်ခြင်းနှင့်ကိုယ်တိုင်လွတ်မည်အကြောင်း ကိုယ်ကိုသတိပြုလော့။" ဂလ ၆း၁။

သင်၏ညီအစ်ကိုများမှားလျှင် သူတို့အားခွင့်လွှတ်ရန်သာရှိပါသည်။ ဝန်ချတောင်းပန်ရန် သူတို့လာသောအခါ သူတို့၏နှိမ့်ချမှုမလုံလောက်ဟူ၍လည်းကောင်း၊ သူတို့အကယ်အမှန်အဝန်ချသည်မထင်ပါဟူ၍လည်းကောင်းမပြောသင့်ပါ။ သူတို့၏စိတ်နှလုံးအကြံအစည်ကိုတွေ့သိနိုင်သကဲ့သို့ သူတို့အားတရားစီရင်ရန် သင်၌အဘယ်အခွင့်ရှိပါသနည်း။ ဘုရားသခင်၏ နှုတ်ကပါဌ်တော်က "သူသည်နောင်တရလျှင် သူ၏

အပြစ်ကိုလွှတ်လော့။ တစ်နေ့ချင်းတွင် ခုနစ်ကြိမ်မြောက်အောင်သင့်ကို ပြစ်မှား၍၊ ခုနစ်ကြိမ်မြောက်အောင် သင့်ထံသို့လှည့်၍နောင်တရပါ၏ဟု ဆိုလျှင် သူ၏အပြစ်ကိုလွှတ်လော့” ဟု လမ်းညွှန်ထားတော်မူ၏။ လု ၁၇း၃။ ၄င်းအပြင် ခုနစ်ကြိမ်မက ဘုရားသခင်သည် သင့်အား အကြိမ်ကြိမ် အပြစ်လွှတ်တော်မူသည်နှင့်အမျှ အကြိမ်ခုနစ်ဆယ် ခုနစ်လီမြောက်အောင် လွှတ်ရပါမည်။

ကျွန်ုပ်တို့ကိုယ်တိုင်ခံစားရသောအကျိုးကျေးဇူးရှိသမျှသည် ဘုရားသခင်အခမဲ့သနားတော်မူသော ကျေးဇူးတော်များဖြစ်ပါသည်။ ကတိတော်အားဖြင့် အသစ်တစ်ဖန်မွေးစားတော်မူသည့်ကျေးဇူးတော်၊ ကယ်တင်ရှင်အားဖြင့် ရွေးနုတ်ခြင်းကျေးဇူးတော်၊ အသစ်မွေးဖွားခြင်း ကျေးဇူးတော်နှင့်ခရစ်တော်အားဖြင့် အမွေခံအဖြစ်သို့ချီးမြှင့်ခြင်းကိုခံရ သည့်ကျေးဇူးတော်များဖြစ်ပါသည်။ ဤကျေးဇူးတော်များကို သူတစ်ပါး တို့အားထင်ရှားအောင်ဖေါ်ပြပါ။

မှားယွင်းနေသူ စိတ်ပျက်အားလျော့စရာအကြောင်းမပေါ် ပေါက်ပါစေနှင့်။ သင်၏ညီအစ်ကိုအပေါ် ဖါရိရှဲကဲ့သို့ မခက်ထန်ပါနှင့်။ သီးသီးနင့်နင့်ပြောင်လှောင်သရော်သည့်စိတ်သဘောကို အရိပ်အရောင်မျှ မပြုပါနှင့်။ မထီလေးစားပြုသည့်အသံမျိုးစိုးစဉ်းမျှမပြုလုပ်ပါနှင့်။ သင်၏ ကိုယ်ပိုင်စကားတစ်လုံးကိုပြောခြင်းဖြင့်လည်းကောင်း၊ (သို့မဟုတ်) သင်၏ အလေးဂရုမပြုသောအမူအရာကိုပြခြင်းဖြင့်လည်းကောင်း၊ (သို့မဟုတ်) သံသယဖြစ်ခြင်းနှင့် ယုံကြည်စိတ်ချခြင်းကင်းမဲ့လျှင်လည်းကောင်း အသက်ဝိညာဉ်တစ်ခုဆုံးရှုံးသွားနိုင်ပါသည်။ သူသည်လူသားဖြစ်သည့် အလျောက် ကျွန်ုပ်တို့၏ အစ်ကိုကြီးတည်းဟူသောခရစ်တော်အရှင်ကဲ့သို့ ကြင်နာသနားတတ်သည့်စိတ်နှလုံးရှိသောညီအစ်ကို၏ နှလုံးသားနှင့် တွေ့ထိဖို့လိုနေပါသည်။ ကိုယ်ချင်းစာတတ်သောလက်ဖြင့် သူ့အား

တင်းကြပ်စွာဖက်ထားပြီးလျှင် ဆုတောင်းကြစို့ဟုတိုးတိုးပြောပါ။ သင်တို့နှစ်ဦးလုံးအား ကြွယ်ဝစွာသောအတွေ့အကြုံကို ဘုရားသခင် ပေးသနားတော်မူလိမ့်မည်။ ဆုတောင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦးသာမက ဘုရားကိုယ်တော်ရှင်နှင့်ပါ နီးစပ်ကြပေလိမ့်မည်။ ဆုတောင်းခြင်းအားဖြင့် သခင်ယေရှုသည် ကျွန်ုပ်တို့၏ အနီးသို့လာ၍ အင်အားကုန်ခန်းသဖြင့် ကြံရာမရဖြစ်နေသူအား ဤလောကကိုလည်းကောင်း၊ ဇာတိပကတိသဘောကိုလည်းကောင်း၊ စာတန်ကိုလည်းကောင်း အောင်နိုင်ရန် အသစ်သောခွန်အားကို ပေးတော်မူ၏။ ဆုတောင်းခြင်းဖြင့် စာတန်၏ တိုက်ခိုက်မှုကို တွန်းလှန်ဖြိုဖျက်နိုင်ပါသည်။

လူသား၏မစုံလင်မှုကိုကျော်ခိုင်း၍ ခရစ်တော်ကို ရှုမျှော်လျှင် အကျင့်စာရိတ္တသည် မြင့်မြတ်သောပုံသဏ္ဌာန်ပြောင်းလဲခြင်းဖြစ်လိမ့်မည်။ စိတ်နှလုံးအတွင်း၌ ခရစ်တော်၏ဝိညာဉ်တော်ဆောင်ရွက်လျှင် ကိုယ်တော်ရှင်၏ပုံသဏ္ဌာန်တော်ကိုဆောင်လိမ့်မည်။ ထိုအခါ သင်၏ အားထုတ်မှုသည် ခရစ်တော်ကို ချီးမြှောက်ရန်အတွက်ဖြစ်ပါစေ။ "ဤလောက၏ အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကို" သင်၏ဉာဏ်မျက်စိဖြင့်ကြည့်ပါ။ ယော၊ ၁း၂၉။ ၎င်းအပြင် သင်သည် ယင်းသို့ပြုစဉ် "အပြစ်ရှိသောသူကိုမှားယွင်းသောလမ်းမှပြန်စေသောသူသည် ဝိညာဉ်ကိုသေခြင်းမှကယ်တင်၍ များစွာသောအပြစ်တို့ကို ဖုံးအုပ်တတ်သည်" ဟုသတိရပါ။ ယာကုပ်၊ ၅း၂၀။

"သင်တို့သည် သူတစ်ပါးတို့၏ အပြစ်ကိုမလွှတ်လျှင် သင်တို့ အဘသည် သင်တို့၏အပြစ်ကိုလွှတ်တော်မမူ။" မ၊ ၆း၁၅။ ခွင့်မလွှတ်တတ်သောသဘောကို အဘယ်နည်းနှင့်မျှ တရားမျှတသည်ဟုမဆိုနိုင်ပါ။ သူတစ်ပါးအား မသနားမညှာတာတတ်လျှင် သူကိုယ်တိုင်သည်လည်း

သခင်၏လွှတ်ငြိမ်းခွင့်ကိုခံစားရသူမဟုတ်ကြောင်း ဖေါ်ပြနေပါသည်။ ဘုရားသခင်သည် အပြစ်ဖြေလွှတ်ခွင့်ကိုပြုတော်မူရာ၌ မှားယွင်းသော သူ၏စိတ်နှလုံးကို ဘုရားသခင်၏ စိတ်နှလုံးနှင့်နီးကပ်အောင် ဆွဲယူတော်မူခြင်းဖြစ်ပါသည်။ ချစ်ကြင်နာမှုဒီရေသည် အပြစ်သား၏ အသက်ဝိညာဉ်တွင်းသို့စီးဝင်၍ သူမှတစ်ဆင့် အခြားအသက်ဝိညာဉ်များသို့ ဆက်လက်စီးဆင်းလေ၏။ ခရစ်တော်၏အတိုင်းမသိအဖိုးထိုက်တန်သောအသက်တာတွင် ထင်ရှားစွာပြတော်မူခဲ့သည့် သနားစုံမက်တတ်ခြင်းနှင့် ခွင့်လွှတ်တတ်ခြင်းသည် ကိုယ်တော်၏ကျေးဇူးတော်ကို ခွဲဝေခံစားရသူများတွင် တွေ့မြင်ရပါလိမ့်မည်။ သို့သော် "ခရစ်တော်၏ ဝိညာဉ်ကိုမရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။" ရော၊ ၈း၉။ သူသည်ဘုရားသခင်နှင့်မိတ်သဟာယပျက်၍ ဘုရားသခင်ထံတော်မှ ထာဝရခွဲခွာရန်အတွက်သာ သင့်လျော်ပေ၏။

သူသည်တစ်ကြိမ်က အပြစ်ဖြေလွှတ်ခြင်းကိုအမှန်ပင်ခံခဲ့ရမည်ဖြစ်သော်လည်း သူ၏ကြင်နာမှုကင်းမဲ့သောစိတ်သဘောသည် ဘုရားသခင်၏လွှတ်ငြိမ်းခွင့်ပေးသောချစ်ကြင်နာမှုကို ယခုငြင်းပယ်နေပါသည်။ သူသည် ကိုယ်တိုင်ဘုရားသခင်နှင့်ခွဲခွာ၍ နေသောကြောင့်အပြစ်ဖြေလွှတ်ခွင့်မရရှိမီက အခြေအနေသို့ပြန်၍ရောက်နေပါသည်။ သူ၏နောင်တကို သူကိုယ်တိုင်ငြင်းဆိုသောကြောင့် သူ၏အပြစ်တို့သည် နောင်တမရသကဲ့သို့ပင် သူ့အပေါ်သို့ရောက်ပြန်၏။

ဤဥပမာတွင် ဖေါ်ပြထားသည့်ထူးခြားသောသင်ခန်းစာမှာ ဘုရားသခင်၏ချစ်ကြင်နာမှုနှင့်လူသား၏ စိတ်နှလုံးခိုင်မာခြင်းကွာဟပုံပင်ဖြစ်ပါသည်။ သို့ပါ၍ ဘုရားသခင်၏အပြစ်ဖြေလွှတ်တတ်သည့် ကရုဏာတော်နှင့် ကျွန်ုပ်တို့အပြစ်ဖြေလွှတ်ပုံကို နှိုင်းယှဉ်တိုင်းတာနိုင်ပါ

သည်။ "ငါသည် သင့်ကိုသနားသကဲ့သို့ သင်သည်လည်း ကျွန်ချင်းကို မသနားအပ်သဘော။"

ကျွန်ုပ်တို့က အပြစ်လွှတ်သောကြောင့် ကျွန်ုပ်တို့၏ အပြစ်ကို ဖြေလွှတ်တော်မူသည်မဟုတ်။ ကျွန်ုပ်တို့အပြစ်ဖြေလွှတ်သကဲ့သို့အပြစ် ဖြေလွှတ်တော်မူ၏။ ခပ်သိမ်းသောအပြစ်ဖြေလွှတ်ခြင်း၏အကြောင်း ရင်းကို ကျွန်ုပ်တို့နှင့်မထိုက်တန်သည့် ဘုရားသခင်၏ မေတ္တာတော်တွင် တွေ့သိနိုင်ပါသသည်။ သို့သော် ယင်းမေတ္တာမျိုးကျွန်ုပ်တို့၌ ရှိသည်မရှိ သည်ကိုမူကား ကျွန်ုပ်တို့သည် သူတစ်ပါးအပေါ်တွင် ထားရှိသည့်သဘော ထားကဖော်ပြပါလိမ့်မည်။ ထိုကြောင့် "သင်တို့သည် အကြင်တရား အတိုင်းသူတစ်ပါးကိုစီရင်ကြ၏။ ထိုတရားအတိုင်းစီရင်ခြင်းကိုခံရ ကြမည်။ အကြင်ချိန်၊ တင်းပမာဏနှင့်သူတစ်ပါးအားပေး၏။ ထိုပမာဏ အတိုင်းကိုယ် ခံရကြမည်" ဟု ခရစ်တော် ဩဝါဒပေးတော်မူ၏။ မဿဲ၇း၂။

---ooo---

# ရှုံးသောအမြုတ်

### လုကာ၊ ၁၂း၁၃-၂၁ ကိုအခြေပြုပါသည်။

တပည့်တော်များပါလျက် အခြားသောသူများသည်ကိုယ်တော်ကို ဝန်းရံလျက်ရှိစဉ် ကိုယ်တော်သည် ထုံးစံတော်ရှိသည့်အတိုင်း ဩဝါဒ ပေးလျက်နေတော်မူ၏။ မကြာမီ သူတို့ပါဝင်ဆောင်ရွက်ရကြမည့် မြင်ကွင်းများအကြောင်းကို တပည့်တော်များအား ပြောပြနေချိန်ဖြစ်၏။ သူတို့အား ကိုယ်တော်ရှင်ပေးအပ်တော်မူသည့် သမ္မာတရားများကို တိုင်းတစ်ပါးသို့ ဆက်လက်ပေးပို့ကြေညာရကြမည်ဖြစ်ကြောင်း၊ ထိုအခါ သူတို့သည် ဤလောကကိုအုပ်စိုးသူများနှင့် ထိပ်တိုက်တွေ့ရကြလိမ့် မည်ဖြစ်ကြောင်း ကိုယ်တော်ကြောင့်သူတို့အား တရားရုံးများသို့လည်း ကောင်း၊ ရာဇဝတ်တရားသူကြီးများနှင့်ရှင်ဘုရင်များ၏ရှေ့မှောက်သို့ ခေါ်သွင်းကြလိမ့်မည်ဟူ ၍လည်းကောင်း၊ ထိုအခါ အဘယ်သူမျှမငြင်း မဆန်နိုင်သောဉာဏ်ပညာကို သူတို့အားပေးတော်မူမည်ဖြစ်ကြောင်းကို လည်းကောင်း ကိုယ်တော်သည် သူတို့အား မိန့်မှာနေခြင်းဖြစ်ပါသည်။ တရားနာပရိသတ်ကြီး၏ စိတ်နှလုံးများကို လှုပ်ရှားစေလျက် စဉ်းလဲသော ရန်သူများ၏စိတ်ကိုရှုပ်ထွေးစေသည့် ကိုယ်တော်၏နှုတ်တော်ထွက် စကားများအရ တပည့်တော်များအားပေးတော်မူမည်ဟု ကတိထားတော် မူသည့်တန်ခိုးသည် ကိုယ်တော်ရှင်၌ ကိန်းဝပ်တော်မူသည့် ဝိညာဉ်တော် တန်ခိုးဖြစ်ကြောင်း သူတို့ကိုယ်တိုင်တွေ့မြင်ကြ၏။

သို့သော် ကောင်းကင်ဆုကျေးဇူးတော်ကို မိမိတို့၏ကိုယ်ကျိုး အတွက် သက်သက်အသုံးပြုလိုသောသူအများရှိပါသည်။ သမ္မာတရား တော်ကိုလွယ်ကူစွာနားလည်သဘောပေါက်အောင် ထိန်လင်းစေနိုင်သည့်

ခရစ်တော်၏ အံ့ဩဖွယ်သောတန်ခိုးတော်ကို သူတို့ဝန်ခံအသိအမှတ်ပြုကြ၏။ တပည့်တော်များအား ရာဇဝတ်တရားသူကြီးများနှင့် ရှင်ဘုရင်များ၏ရှေ့မှောက်တွင် စကားပြောနိုင်သောတန်ခိုးကို ပေးတော်မူမည်ဟု ကိုယ်တော်ကတိပြုတော်မူသည်ကို သူတို့ကြားကြ၏။ ကိုယ်တော်၏ တန်ခိုးတော်ကို လောကရေးရာအကျိုးသက်ရောက်မှုအတွက် သူတို့အား ပေးပါလိမ့်မည်လော။

"လူအစုအဝေး၌ ပါသောသူတစ်ယောက်က အရှင်ဘုရား အကျွန်ုပ်အစ်ကိုသည် အမွေဥစ္စာကို အကျွန်ုပ်အားဝေပေးပါမည်အကြောင်းအမိန့်ရှိတော်မူပါဟုလျှောက်၏။" အမွေဥစ္စာခွဲဝေရေးနှင့်ပတ်သက်၍ဘုရားသခင်သည် မောရှေအားဖြင့် ညွှန်ကြားထားတော်မူပြီးဖြစ်ရာ နှစ်ဆသောအမွေဥစ္စာကိုသားဦးအားပေး၍ (တရား၊ ၂၁း၁၇။) ညီငယ်များအားညီတူမျှတူပေးရန်ဖြစ်ပါသည်။ သို့သော် ထိုသူက သူရထိုက်သောအမွေဥစ္စာကို သူ၏အစ်ကိုဖြစ်သူက မတရားယူထားသည်ဟု ထင်မှတ်သဖြင့် ပြန်လည်ရရှိရေးအတွက် သူကိုယ်တိုင်ကြိုးစားအား ထုတ်ခဲ့သော်လည်း မရသောကြောင့် ခရစ်တော်ကြားဝင်ဖျန်ဖြေတော်မူလျှင် မုချအောင်မြင်လိမ့်မည်ဟု သူသဘောထား၏။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည် စိတ်လှုပ်ရှားဖွယ်ရာဖြစ်လောက်အောင် ဟောကြားနေသည်များကိုလည်းကောင်း၊ ကျမ်းပြုဆရာနှင့် ဖါရိရှဲများကိုပင် လေးလေးနက်နက်ပြစ်တင်ပြောဆိုနေသည်ကိုလည်းကောင်း သူကြားရသဖြင့် ဤကဲ့သို့နက်ရှိုင်းသောစကားများဖြင့် သူ၏အစ်ကိုအားပြောလျှင် သူနစ်နာနေသောဝေစုကို သူ့အားပေးရန် သူ၏အစ်ကိုသည်ငြင်းပယ်ဝံ့မည်မဟုတ်ဟု ယူဆနေပါသည်။

ဤသို့ ခရစ်တော်သည်နက်ရှိုင်းသောဩဝါဒကိုမိန့်တော်မူစဉ်တွင်ထိုသူသည်ကိုယ်ကျိုးကိုသာလိုလားသည့် ပကတိစိတ်သဘောထားကို

ထုတ်ဖော်လိုက်ပါသည်။ သူ၏ပစ္စုပ္ပန်ကာလကောင်းစားရေးကိုသာ မျှော်ကိုး၍ ကိုယ်တော်၏သွန်သင်ချက်ကိုသဘောကျနှစ်ခြိုက်နေခြင်း ဖြစ်ရာဝိညာဉ်ရေးနှင့်သက်ဆိုင်သည့် သမ္မာတရားများကိုမူကား သူ၏ စိတ်နှလုံးနှင့်ဉာဏ်မျက်စိတို့ကမခံမယူနိုင်ပါ။ အမွေဥစ္စာရရှိဖို့ကိုစွဲ၍သာ သူ၏စိတ်နှလုံးနစ်မွန်းနေပါသည်။ ကြွယ်ဝမှုအပေါင်းနှင့်ပြည့်စုံ၍ ဘုန်းတော်ရှင်ဘုရင်ဖြစ်တော်မူသောယေရှုရှင်သည် ကျွန်ုပ်တို့အတွက် ကြောင့် ဆင်းရဲငြိုငြင်သူ၏ဘဝကိုခံယူထားတော်မူသော်လည်း မြတ် တော်မူသောမေတ္တာတော်ဆိုင်ရာဘဏ္ဍာတော်များကို သူ့အားဖွင့်ပြ နေတော်မူ၏။ သန့်ရှင်းသောဝိညာဉ်တော်သည်လည်း သူ့အား "ဖေါက် ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့်ကင်းစင်သောအမွေတော်" အတွက် အမွေခံအဖြစ်လက်ခံရန် တိုက်တွန်း၍နေတော်မူ၏။ ၁ပေ၊ ၁း၃။ သူသည် ခရစ်တော်၏တန်ခိုးတော်ကိုထင်ရှားစွာတွေ့မြင်နေရသည် ဖြစ်၍သူ့အတွက်အရေးအကြီးဆုံးကိစ္စကိုမြတ်တော်မူသောအရှင်အား တင်ပြရန်မှာ သူ၏ထူးခြားသောအခွင့်အရေးဖြစ်ပါသည်။ သို့သော် ဂွန်ဗန်းညန်း ရေးသားထားသည့် ပုံပြင်မှန္တားချေးဆွဲသည့်ထွန်ခြစ်ကို ကိုင်ထားသောသူကဲ့သို့ မြေကြီးကိုသာစိုက်ကြည့်နေ၏။ အထက်အရပ် တွင်ရှိသောသရဖူကို သူမမြင်နိုင်။ ရှမာရိမြို့သား၊ နတ်ဝိဇ္ဇာဆရာရှိမုန် ကဲ့သို့ ဘုရားသခင်၏ကျေးဇူးတော်ကို လောကအကျိုးစီးပွားအတွက် အသုံးချလို၏။

မြေကြီးပေါ်တွင် ကယ်တင်ရှင်၏အမှုတော်ပြီးဆုံးရန် များစွာ နီးကပ်ခဲ့လေပြီ ကိုယ်တော်ရှင်သည် မိမိကျေးဇူးတော်နိုင်ငံကို တည်ထောင်နိုင်ရန် ကြွလာတော်မူသည်ဖြစ်ရာ အမှုတော်ပြီးပြည့်စုံရန် လအနည်းငယ်သာလိုတော့၏။ သို့ပါလျက် မြေကွက်ကလေးတစ်ခုကို အကြောင်းပြု၍ အငြင်းပွားနေသည့်ကိစ္စကို ဆောင်ရွက်ပေးနေမည်

ဆိုပါက ကိုယ်တော်သည် လူတို့၏လောဘစိတ်ကြောင့် မိမိ၏အမှုတော်မှလမ်းလွဲသွားပေလိမ့်မည်။ သို့သော်လည်း ယေရှုရှင်သည် မိမိ၏အမှုတော်မှမည်သည့်အခါတွင်မျှ လွှဲဖယ်တော်မူလိမ့်မည်မဟုတ်ပါ။ ထိုကြောင့် ကိုယ်တော်က "အချင်းလူ၊ အဘယ်သူသည် သင်တို့အမှုကိုစီရင်ခွဲဝေပိုင်သောအခွင့်ကို ငါ့အားအပ်ပေးသနည်း" ဟုမေးတော်မူ၏။

ယေရှုရှင်သည် ထိုအမှုကိုသိနှင့်ပြီးဖြစ်တော်မူသောကြောင့် အမှန်အတိုင်းပြောလိုက်နိုင်ပေ၏။ သို့သော် ညီအစ်ကိုနှစ်ဦးလုံးသည် တပ်မက်သောသူများဖြစ်သောကြောင့်သာ ခိုက်ရန်ဖြစ်နေကြသည့်အတွက် ယင်းသို့အငြင်းပွားသည့်ကိစ္စမျိုးကိုဖြေရှင်းပေးရန်မှာ ကိုယ်တော်၏အလုပ်မဟုတ်ကြောင်း ကောင်းစွာမိန့်တော်မူခြင်းဖြစ်ပါသည်။ ကိုယ်တော်ကြွလာတော်မူသည်မှာ ဧဝံဂေလိတရားတော်ကို ဟောပြောရန်ဖြစ်၍ ထိုတရားတော်အားဖြင့် လူတို့အားထာဝရကာလဆိုင်ရာစည်းစိမ်ဥစ္စာများကို အာရုံစိုက်နိုးကြားစေရန်ဖြစ်ပါသည်။

ခရစ်တော်၏အမှုတော်တိုင်းအတွက် သင်ခန်းစာကို ကိုယ်တော်သည် ဤဥပမာအားဖြင့် သွန်သင်တော်မူ၏။ တပည့်တော်တစ်ဆယ့်နှစ်ပါးတို့အား စေလွှတ်တော်မူရာ၌ "ကောင်းကင်နိုင်ငံတော်တည်လုနီးပြီဟု သတင်းကြားပြောကြလော့။ နာသောသူတို့အား ချမ်းသာပေးကြလော့။ သေသောသူတို့ကိုထမြောက်စေကြလော့။ နူသောသူတို့ကို သန့်ရှင်းစေကြလော့။ နတ်ဆိုးတို့ကိုလည်း နှင်ထုတ်ကြလော့။ သင်တို့သည်အဖိုးကိုမပေးဘဲ ကျေးဇူးတော်ကိုခံရကြပြီဖြစ်၍ အဖိုးမခံဘဲပေးကမ်းကြလော့" ဟု ကိုယ်တော်ရှင်မှာကြားတော်မူ၏။ မ၊ ၁၀း၇၊၈။ တပည့်တော်တို့သည် လောကရေးနှင့်ဆိုင်သောကိစ္စရပ်များကိုဖြေရှင်းပေးရန်မဟုတ်ပါ။ ဘုရားသခင်နှင့်လူတို့ကို ရန်ငြိမ်းစေရန်အတွက်

ဆောင်ရွက်ရန်မှာ သူတို့၏လုပ်ငန်းတာဝန်ဖြစ်ပါသည်။ ယင်းလုပ်ငန်းတွင် သူတို့သည် လူသားတို့အားကောင်းချီးမင်္ဂလာပေးနိုင်သောတန်ခိုးရှိပါသည်။ လူသားသည် အပြစ်နှင့်ဝမ်းနည်းပူဆွေးရခြင်းကိုခရစ်တော်၌သာ ချမ်းသာရာရနိုင်ပါသည်။ လူသားတို့ခံစားနေရသည့်ကျိန်ခြင်းအမင်္ဂလာအပေါင်းကို ကိုယ်တော်၏ကျေးဇူးတော်ဆိုင်ရာ ဧဝံဂေလိတရားတော်ကသာ ပျောက်ကင်းစေနိုင်ပါ၏။ ဆင်းရဲနွမ်းပါးသူအပေါ် ကြွယ်ဝသူက တရားမျှတမှုမရှိခြင်းသည်လည်းကောင်း၊ သူဆင်းရဲများက ချမ်းသာကြွယ်ဝသူများကို ရန်ငြိုးဖွဲ့ခြင်းသည်လည်းကောင်း တူညီသောတစ်ကိုယ်ကောင်းစိတ်ထားများအပေါ် အရင်းခံသည်ဖြစ်၍ ခရစ်တော်အားဆက်ကပ်ကြမှသာလျှင် သဟဇာတဖြစ်ကြပေလိမ့်မည်။ အပြစ်နှင့်ဆိုင်သောတစ်ကိုယ်ကောင်းစိတ်နှလုံးအစား မေတ္တာနှင့်ဆိုင်သောစိတ်နှလုံးကို ကိုယ်တော်ရှင်သာလျှင် ပေးနိုင်တော်မူ၏။ လူသားတို့၏အကျိုးကျေးဇူးအတွက် ကိုယ်တော်ရှင်ဆောင်ရွက်တော်မူသကဲ့သို့ ခရစ်တော်၏အမှုတော်ဆောင်များသည်လည်း ကောင်းကင်မှစေလွှတ်တော်မူသည့် ဝိညာဉ်တော်အားဖြင့် လုံးဝပြီးမြောက်မရရှိနိုင်သည့် ချီးမြှင့်ခြင်းနှင့်ကောင်းချီးများကို လူသားတို့တွေ့သိခံစားရကြပေလိမ့်မည်။

ထိုမေးခွန်းထုတ်သူအား အနှောင့်အယှက်ပေးနေသည့်အမှုကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ အလားတူအငြင်းအခုံများနှင့်ပတ်သက်၍လည်းကောင်း ကျွန်ုပ်တို့၏ဘုရားသခင်သည် အခြေအမြစ်ကိုသိတော်မူသည့်အလျောက် "လောဘလွန်ကျူးခြင်းကိုသတိနှင့်ကြဉ်ရှောင်ကြလော့။ အကြောင်းမူကား၊ စည်းစိမ်ရှိသော်လည်း စည်းစိမ်၌အသက်မတည်ဟု မိန့်တော်မူ၏။"

“တစ်ဖန်ဥပမာစကားကိုမိန့်တော်မူသည်ကား၊ သူဌေးတစ်ဦး၌ မြေကောင်း၍အသီးအနှံများလှ၏။ ထိုသူဌေးက ငါသည်အဘယ်သို့ ပြုရမည်နည်း၊ အသီးအနှံများကိုသိုထားစရာအရပ်မရှိ၊ ပြုမည်အကြံ မူကား၊ ငါ့တိုက်များကိုဖျက်၍ ကျယ်သောတိုက်တို့ကို တည်ပြီးမှငါ၏ အသီးအနှံဥစ္စာရှိသမျှတို့ကိုသိုထားမည်။ ငါ့ဝိညာဉ်အလားလည်း အချင်း ဝိညာဉ်၊ သင်သည်နှစ်ပေါင်းများစွာသုံးဆောင်ရန် ဥစ္စာများကိုသိုထား လျက်ရှိပြီ။ ငြိမ်ဝပ်စွာနေလော့။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကို ပြုလော့ ငါပြောပြောမည်ဟု သူဌေးအကြံရှိ၏။ ထိုသို့အကြံရှိစဉ်တွင် ဘုရားသခင်က အချင်းလူမိုက်၊ ယနေ့ညပင် သင်၏ဝိညာဉ်ကို ရုပ်သိမ်း ရာအချိန်ရောက်လိမ့်မည်။ သို့ဖြစ်၍ သင်သည် ပြင်ဆင်သိုထားသော ဥစ္စာကိုအဘယ်သူပိုင်မည်နည်းဟု သူဌေးအား မိန့်တော်မူ၏။ ထို့အတူ ကိုယ်အဖို့ ဘဏ္ဍာများကိုဆည်းပူး၍ ဘုရားသခင်ရှေ့တော်၌ဆင်းရဲသော သူမည်သည်ကား ထိုသူဌေးနှင့်တူသည်ဟု မိန့်တော်မူ၏။”

လောကရေးရာများကိုသာလျှင် မိမိတို့အတွက် အရာခပ်သိမ်း ဖြစ်သည်ဟု သဘောထားသူများအတွက် မိုက်မဲသောသူကြွယ်၏ဥပမာကို ပုံဆောင်လျက် ခရစ်တော်ဩဝါဒပေးတော်မူ၏။ ယင်းသူကြွယ်သည် ဘုရားသခင်ထံမှလိုလေသေးမရှိအရာခပ်သိမ်းကိုရရှိပါသည်။ ဖြောင့်မတ် သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌ နေကိုထွန်းလင်းစေတော်မူ သဖြင့် ယင်းသူကြွယ်၏ မြေပေါ်တွင်လည်းနေ နေရောင်ခြည်ကိုထွန်းလင်း စေတော်မူ၏။ ကောင်းကင်မှမိုးရေတို့ကိုလည်း ကောင်းသောသူ၊ မကောင်းသောသူတို့အပေါ်သို့ ရွာသွန်းစေတော်မူ၏။ ထာဝရအရှင် ဘုရားသခင်သည် အသီးအနှံများကို ဖွံ့ဖြိုးတိုးတက်စေတော်မူသော ကြောင့် လယ်ယာတို့၌လည်း ကောက်ပဲသီးနှံများကို ဖေါဖေါသီသီ

ဖြစ်ထွန်းစေတော်မူ၏။ ထိုကြောင့် ကြွယ်ဝသောယင်းသူဌေးသည် မိမိရရှိသောကောက်ပဲသီးနှံများကို မည်သို့မည်ပုံသိုလှောင်ရမည်ကိုပင် မသိနိုင်လောက်အောင် အခက်အခဲတွေ့နေပါသည်။ သူ၏စပါးကျီတို့သည်ပြည့်ဖြိုးမောက်လျှံနေကြသောကြောင့် ပိုမိုရိတ်သိမ်းရရှိသောသီးနှံများကိုသိုလှောင်ရန်နေရာမရှိတော့ပါ။ ယင်းသို့သူ့အားကြွယ်ဝစေတော်မူသောဘုရားသခင်ကိုသူသတိမရပါ။ ကိုယ်တော်၏ ဥစ္စာဘဏ္ဍာများဖြင့်စွန့်ကြဲပေးကမ်းရန်အတွက် ကိုယ်တော်သည် သူ့အားဘဏ္ဍာစိုးအရာ၌ခန့်ထားတော်မူသည်ကို သူသဘောမပေါက်။ သူသည် ဘုရားသခင်အတွက် ဝေယျာဝိစ္စဆောင်ရွက်ရသည့်မင်္ဂလာရှိသောအခွင့်အရေးကိုရရှိသော်လည်း ကိုယ်တိုင်စည်းစိမ်ခံစားရေးကိုသာရှေးရှု၏။

ဆင်းရဲနွမ်းပါးသောသူ၊ မိဘမဲ့သောသားသမီး၊ မုဆိုးမ၊ အခက်အခဲတွေ့သောသူ၊ နှိပ်စက်ညှဉ်းပန်းခြင်းခံရသောသူတို့၏အခြေအနေများကိုယင်းသူကြွယ်ကောင်းစွာသိ၏။ ထိုကြောင့် သူ၏ဥစ္စာပစ္စည်းများကိုပေးကမ်းစွန့်ကြဲခြင်းဖြင့် သိုလှောင်ထားရန်နေရာအများရှိပါ၏။ သူ၏ပေါကြွယ်ဝသောဥစ္စာပစ္စည်းတစ်စိတ်တစ်ဒေသကိုလွယ်လင့်တကူခွဲဝေပေးခြင်းအားဖြင့် အိမ်ထောင်အများဆင်းရဲနွမ်းပါးခြင်းမှ လွတ်မြောက်ကြပေလိမ့်မည်။ ဆာလောင်မွတ်သိပ်သူအများဝစွာစားရကြလိမ့်မည်။ အဝတ်အချည်းစည်းရှိသူအများဝတ်ဆင်ရကြလိမ့်မည်။ စားဝတ်နေရေးအတွက် ဆုတောင်းသံအများပြည့်စုံခြင်းသို့ရောက်ကြလိမ့်မည်။ ၎င်းအပြင် ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းသည့်သံချိုနှောသောထောမနာသံများ ကောင်းကင်သို့တက်ကြလိမ့်မည်။ ထာဝရဘုရားသခင်သည် နွမ်းပါးသူများ၏ဆုတောင်းသံကိုနားညောင်းတော်မူ၍ ဆင်းရဲသောသူတို့အဖို့ ကျေးဇူးတော်အားဖြင့်ပြင်ဆင်တော်မူ၏။ (ဆာလံ။ ၆၈း၁၀။) နွမ်းပါးသောသူအများသက်သာ

ခွင့်ရကြစေရန် ယင်းသူဌေးအား ကောင်းချီးမြောက်မြားစွာဖြင့် သွန်းလောင်းတော်မူ၏။ သို့သော်ဆင်းရဲနွမ်းပါးသူတို့၏အော်ဟစ်သံကို နားမထောင်ဘဲ "ငါ့တိုက်များကိုဖျက်၍ ကျယ်သောတိုက်တို့ကိုတည်ပြီးမှ ငါ၏အသီးအနှံဥစ္စာရှိသမျှတို့ကိုသိုထားမည်။ ငါ့ဝိညာဉ်အားလည်း အချင်းဝိညာဉ်၊ သင်သည် နှစ်ပေါင်းများစွာသုံးဆောင်ရန် ဥစ္စာများကို

**"ယနေ့ညပင်သင်၏ဝိညာဉ်ကိုရုပ်သိမ်းရာအချိန်ရောက်လိမ့်မည်"**

သိုထားလျက်ရှိပြီ၊ ငြိမ်ဝပ်စွာနေလော့။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကိုပြုလော့၊ ငါပြောမည်ဟု သူဌေးအကြံရှိ၏။"

ထိုသူ၏ရည်မှန်းချက်များသည် ပျက်စီးခြင်းသို့ရောက်တတ်သော အပဟိတ်တိရစ္ဆာန်ထက်ပို၍မြင့်မြတ်ခြင်းမရှိပါ။ ဘုရားသခင်မရှိသကဲ့သို့လည်းကောင်း၊ ကောင်းကင်ဘုံမရှိသကဲ့သို့လည်းကောင်း၊ နောင်ဘဝအသက်တာမရှိသကဲ့သို့လည်းကောင်း သူသက်ရှင်နေထိုင်၏။ သူရရှိသောဥစ္စာပစ္စည်းမှန်သမျှသူပိုင်ဖြစ်၍ ဘုရားသခင်ကိုဆက်ကပ်ပူဇော်ခြင်း၊ လူသားအချင်းချင်းကိုကျေးဇူးပြုခြင်း၊ ဝေငှပေးကမ်းခြင်းပြုရန်မလိုအပ်ဟု သူယူဆ၏။ ထိုကြောင့် ဆာလံဆရာက ဤသူကြွယ်ကိုရည်မှတ်၍ ရေးသားထားသည်မှာ "ဘုရားသခင်မရှိဟု မိုက်သောသူသည်ထင်တတ်၏။" ဆာလံ၊ ၁၄း၁။

ထိုသူသည် ကိုယ်ကျိုးအတွက် သက်သက်စီမံကိန်းချမှတ်၍ အသက်ရှင်၏။ သူ၏နောင်ရေးအတွက် ပြည့်စုံကုံလုံစွာစုဆောင်းထားပြီဟု သူမြင်၏။ လောလောဆယ်လိုလေသေးမရှိ၊ မိမိ၏လုပ်အားခရရှိသမျှဥစ္စာဘဏ္ဍာများကို စုဆောင်းသိုလှောင်၍ စည်းစိမ်ခံစားရန်သာရှိသည်ဟု သူယူဆ၏။ သူ၏အမြော်အမြင်ကြီးစွာစီမံခန့်ခွဲမှုကြောင့်သာလျှင် အခြားသူအပေါင်းတို့ထက်ပို၍ ကျေးဇူးခံစားရသည်ဟု သူသဘောထား၏။ အတူနေမြို့သူမြို့သားများက သူ့အားစီရင်အုပ်ချုပ်မှုသည်တောသည်ဟူ၍လည်းကောင်း၊ ထမြောက်အောင်မြင်သူဖြစ်သည်ဟူ၍လည်းကောင်း ဂုဏ်ပြုချီးမြှင့်ကြ၏။ "မိမိအကျိုးကိုပြုစုသောအခါ သူတစ်ပါးတို့သည် ချီးမွမ်းတတ်ကြ၏။" ဆာ၊ ၄၉း၁၈။

သို့သော် "လောကပညာသည် ဘုရားသခင့်ရှေ့၌ မိုက်မဲခြင်းဖြစ်၏။" ၁ကော၊ ၃း၁၉။ သူဌေးသည် အနာဂတ်ကာလတွင်ခံစားရမည့်စည်းစိမ်ကိုမျှော်မှန်းနေချိန်၌ ဘုရားသခင်သည် သူ့အတွက်ခြားနားသော

အစီအစဉ်ကိုပြုတော်မူ၏။ ဤသစ္စာမဲ့သောဘဏ္ဍာစိုးထံသို့ရောက်လာသောသတင်းစကားမူကား "အချင်းလူမိုက်၊ ယနေ့ညပင် သင်၏ဝိညာဉ်ကိုရုပ်သိမ်းရာအချိန်ရောက်လိမ့်မည်။" ဤတောင်းဆိုချက်ကိုငွေဥစ္စာဘဏ္ဍာတို့သည် သေဒဏ်မှလွတ်ငြိမ်းခွင့်ရအောင်မဝယ်မယူနိုင်။ လုံခြုံရေးအတွက် သူ့အသက်တာတစ်လျှောက်လုံးပင်ပန်းစွာ လုပ်ကိုင်ရှာဖွေစုဆောင်းခဲ့သည်များ တဒင်္ဂအတွင်း သူ့အတွက်အချည်းနှီးဖြစ်တော့၏။ "သို့ဖြစ်၍သင်သည် ပြင်ဆင်သိုထားသောဥစ္စာကို အဘယ်သူပိုင်မည်နည်း။" သူပိုင်ဆိုင်သည့်ကျယ်ပြန့်လှစွာသောလယ်မြေများနှင့်ကောင်းစွာဖြည့်ဆည်းထားသောစပါးကျီတို့သည် ပိုင်ရှင်သစ်၏လက်ဝယ်သို့ရောက်ကြလေ၏။ "ဥစ္စာကိုဆည်းပူးသော်လည်း အဘယ်သူရအံ့သည်ကိုမသိရပါ။" ဆာ ၃၉း၆။

ယခုအချိန်မျိုးတွင် သူ့အတွက်တန်ဖိုးရှိမည့်တစ်ခုတည်းသောအရာကို သူသည်မစုမဆောင်းခဲ့။ သူသည် ကိုယ်ကျိုးအတွက်သက်သက်နေထိုင်သက်ရှင်ခဲ့သည်ဖြစ်သောကြောင့် လူသားအချင်းချင်းကိုဝေမျှရန်အတွက် မိမိရရှိခဲ့သောကျေးဇူးမေတ္တာတော်ကို ဆက်လက်ဝေငှရန်ငြင်းပယ်ခဲ့၏။ ဤနည်းအားဖြင့် သူသည် အသက်ကိုငြင်းပယ်ခဲ့၏။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ချစ်ခြင်းမေတ္တာသည်အသက်ဖြစ်၏။ ဤလူသည် ဝိညာဉ်ပကတိကိုရွေးချယ်ရမည့်အစားဤလောကနှင့်ဆိုင်သောအရာကိုရွေးချယ်၏။ သူသည် လောကနှင့်ဆိုင်သောကြောင့် ကွယ်ပျောက်ရ၏။ "ဂုဏ်အသရေနှင့်ပြည့်စုံလျက်ပညာသတိမရှိသောသူသည်ကား၊ ပျက်စီးခြင်းသို့ရောက်တတ်သောတိရစ္ဆာန်နှင့်တူ၏။" ဆာ၊ ၄၉း၂၀။

"ထို့အတူ ကိုယ်အဖို့ဘဏ္ဍာကိုဆည်းပူး၍ဘုရားသခင့်ရှေ့တော်၌ ဆင်းရဲသောသူမည်သည်ကား ထိုသူဌေးနှင့်တူသည်ဟု မိန့်တော်မူ၏။" ရုပ်လုံးဖေါ်ထားခြင်းသည် အချိန်ကာလတိုင်းနှင့်သက်ဆိုင်နေပါသည်။ သင်သည် ကိုယ်ကျိုးအတွက်သာ ကြံစည်ကောင်းကြံစည်ပေလိမ့်မည်။ ဥစ္စာဘဏ္ဍာကိုသာစုဆောင်းကောင်း စုဆောင်းပေလိမ့်မည်။ ရှေးခေတ်ဗာဗုလုန်ဗိသုကာများကဲ့သို့ အိမ်ကြီးအိမ်ကောင်းများ ဆောက်ကောင်းဆောက်နေပေလိမ့်မည်။ သို့သော် သင်သည် ပြစ်ဒဏ်စီရင်သောတမန်များမဝင်ရောက်နိုင်လောက်အောင် မြင့်မားသောတံတိုင်းနှင့်ခိုင်လုံသောတံခါးကို ဆောက်လုပ်နိုင်မည်မဟုတ်ပါ။ ဗေလရှာဇာမင်းကြီးသည် နန်းတော်အတွင်း၌ "ကြီးစွာသောပွဲ" ကိုလုပ်၍ "ငွေဘုရား၊ ရွှေဘုရား၊ ကြေးဝါဘုရား၊ သံဘုရား၊ သစ်သားဘုရား၊ ကျောက်ဘုရားတို့ကို ချီးမွမ်းကြ၏။" သို့သော် လူ၏မျက်စိဖြင့်မမြင်မတွေ့နိုင်သူတစ်ဦး၏ လက်တော်သည် နန်းတော်နံရံပေါ်တွင် ပြစ်ဒဏ်စီရင်ချက်ကိုအက္ခရာတင်လေ၏။ နန်းတော်တံခါးဝမှ ရန်သူစစ်တပ်ချီတက်သံကိုလည်းကြားနေရ၏။ "ထိုည၌ပင် ခါလဒဲရှင်ဘုရင်ဗေလရှာဇာမင်းသည် အသက်ဆုံး၍" တိုင်းတစ်ပါးက ဘုရင်မင်းတစ်ပါးနန်းထိုင်လေ၏။ (ဒံ၊၅း၁၊၂၃၊၃၀)။

ကိုယ်ကျိုးအတွက်သာအသက်ရှင်နေထိုင်ခြင်းသည် ပျက်စီးသေဆုံးခြင်းဖြစ်၏။ ဝိသမလောဘတည်းဟူသောကိုယ့်အကျိုးကိုယ့်စီးပွားကိုသာလိုလားသူသည် အသက်ရှင်ခြင်းတရားကိုဖြတ်တောက်ခြင်းဖြစ်၏။ ကိုယ့်ဘက်ကိုသာယက်၍ လိုချင်တပ်မက်သောစိတ်သည် စာတန်၏သဘောတရားဖြစ်၏။ သူတစ်ပါး၏ကောင်းကျိုးအတွက် ကိုယ်တိုင်အနစ်နာခံ၍ ပေးကမ်းစွန့်ကြဲတတ်သောစိတ်သည် ခရစ်တော်၏သဘော

တရားဖြစ်၏။ "သက်သေခံတော်မူချက်ဟူမူကား ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကိုပေးတော်မူ၍ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကိုမရသောသူမူကား အသက်ကိုမရ။" ၁ယော၊ ၅း၁၁၊၁၂။

ထိုကြောင့် ခရစ်တော်က "လောဘလွန်ကျူးခြင်းကိုသတိနှင့်ကြဉ်ရှောင်ကြလော့။ အကြောင်းမူကား စည်းစိမ်ရှိသော်လည်း စည်းစိမ်၌အသက်မတည်ဟုမိန့်တော်မူ၏။"

---ooo---

# "အလွန်နက်လှသောချောက်ကြီး"

**လုကာ၊ ၁၆း၁၉-၃၁ ကိုအခြေပြုပါသည်။**

လူတို့သည် ထာဝရကံကြမ္မာအတွက် လွန်ခဲ့သောဘဝအသက်တာတွင်ဆုံးဖြတ်ကြကြောင်း သူဌေးကြီးနှင့်လာဇရုတို့၏ ဥပမာဖြင့် ခရစ်တော်သွန်သင်တော်မူ၏။ ကရုဏာတော်တံခါးမပိတ်မီကာလတွင် ဘုရားသခင်၏သနားကြင်နာမှုကို အသက်ဝိညာဉ်တိုင်းသို့ ကမ်းလှမ်းထားတော်မူ၏။ သို့သော်လူတို့သည် ကိုယ်စိတ်အလိုသို့လိုက်ခြင်းဖြင့် မိမိတို့အား ကမ်းလှမ်းထားသောအခွင့်အရေးများကိုလက်လွှတ်လျှင် ထာဝရအသက်နှင့်အဆက်ပြတ်ကြ၏။ သူတို့အတွက် ကရုဏာတော်တံခါးကိုတစ်ဖန်ဖွင့်၍ ပေးတော်မူမည်မဟုတ်ပါ။ သူတို့ကိုယ်တိုင်ရွေးချယ်ခြင်းအားဖြင့် ဘုရားသခင်နှင့်သူတို့၏ စပ်ကြားတွင်မကူးမကျော်နိုင်သောချောက်ကြီးကိုတည်မြဲစေကြ၏။

ဤဥပမာသည် ဘုရားသခင်အား ခိုလှုံကိုးစားခြင်းမပြုသောသူကြွယ်နှင့်ဘုရားသခင်အား ခိုလှုံကိုးစားသောဆင်းရဲနွမ်းပါးသူတို့၏ ခြားနားပုံကိုဖေါ်ပြထားခြင်းဖြစ်ပါသည်။ ထိုသူနှစ်ဦးတို့၏ အခြေအနေပြောင်းပြန်ဖြစ်မည့်အချိန်ရောက်လိမ့်မည်ကို ခရစ်တော်ဖါ်ညွှန်းထားတော်မူ၏။ လောကစည်းစိမ်မရှိသော်လည်း ဘုရားသခင်အားယုံကြည်ကိုးစားလျက် ဒုက္ခဆင်းရဲခြင်းကိုခံနိုင်ရည်ရှိလျှင် တစ်နေ့သောအခါယခုမျက်မှောက်ကာလတွင် အမြင့်ဆုံးသောအခြေအနေကို ရရှိထားသော်လည်း ကိုယ်ကိုကိုယ် ဘုရားသခင်အား ဆက်ကပ်ထားခြင်းမပြုသောသူတို့ထက် ချီးမြှောက်ခြင်းကိုခံရကြလိမ့်မည်။

"သူဌေးတစ်ယောက်သည် နီမောင်းသောကမ္ဗလာနှင့်ပိတ်ချော ကိုဝတ်ဆင်၍ ကာမဂုဏ်စည်းစိမ်၌ နေ့တိုင်းပျော်မွေ့လျက်နေ၏။ လာဇရုအမည်ရှိသောသူဆင်းရဲတစ်ယောက်သည် တစ်ကိုယ်၌အနာ စိမ်းပေါက်၍ သူဌေး၏စားပွဲမှကျသောစားနုပ်စားပေါက်ကိုစားပါရစေ ဟုတောင့်တသောစိတ်နှင့် သူဌေးအိမ်တံခါးနားမှာ တုံးလုံးလဲနေ၏" ဟုခရစ်တော်မိန့်တော်မူ၏။

ဤသူဌေးသည် ဘုရားသခင်ကိုမကြောက်ရွံ့၊ လူကိုအားမနာ တတ်ဟု ပွင့်လင်းစွာဝန်ခံသောတရားသူကြီးကို ပုံဆောင်ထားသည့် လူတန်းစားနှင့်မသက်ဆိုင်ပါ။ သူကိုယ်သူအာဗြဟံ၏သားဟုအမည်ခံ သောသူဖြစ်ပါသည်။ သူတောင်းစားသည် မြင်မသင့်ရှုမကောင်းဖြစ် နေသော်လည်း ရိုက်မောင်းပုတ်မောင်းမလုပ်၊ နှင်မထုတ်။ ပုံပန်းသဏ္ဍာန် အားဖြင့်လည်း စက်ဆုပ်ဖွယ်ကောင်းသော ထိုသူဆင်းရဲသည် သူ၏ ဝင်းခြံတံခါးဝတွင်ထိုင်၍ သူဌေးထွက်ဝင်နေသည်ကိုကြည့်ရှုငေးမောရ ခြင်းဖြင့် သူ့အတွက် ချမ်းသာခြင်းရမည်ဆိုပါက ထိုတံခါးဝ၌တုံးလုံးလဲ နေခြင်းကို သူဌေးမမြစ်တား။ သို့သော် ဆင်းရဲခြင်းခံစားနေရသော် ညီအစ်ကို၏လိုအပ်ချက်ကို တစ်ကိုယ်ကောင်းစိတ်ကြောင့် အလေးမပြု ဂရုမထားဘဲနေ၏။

ထိုခေတ်ကနာမကျန်းဖြစ်သူများကို ကြည့်ရှုစောင့်ရှောက်ထား ရန် ဆေးရုံဆေးခန်းမရှိခဲ့။ ရောဂါဝေဒနာခံစားရသူနှင့်ဆင်းရဲနွမ်းပါး သူတို့အတွက် အထောက်အပံ့နှင့်ကြင်နာမှုရရှိရန် ဘုရားသခင်ကဥစ္စာ ပစ္စည်းအမြောက်အမြားပေးအပ်ထားသော သူကြွယ်များကိုအသိပေး၍ ချဉ်းကပ်ရကြပါသည်။ ဥပမာတွင် ပုံဆောင်ထားသည့် သူဌေးနှင့် သူတောင်းစားတို့မှာ ယင်းကိစ္စအတွက်ဖြစ်ပါသည်။ လာဇရု၌မိတ်ဆွေ မရှိ၊ နေစရာနေအိမ်မရှိ၊ သုံးစွဲစရာလည်းငွေမရှိ၊ စားစရာဆိုပါက

ဘာမျှမရှိ၊ ထိုကြောင့် ထောက်ပံ့မှုမှုကိုအလွန်ပင်လိုအပ်နေသောသူဖြစ်၏။ ကြွယ်ဝချမ်းသာ၍ ဂုဏ်အသရေရှိသောသူဌေးသည် လိုလေသေးမရှိ၊ အရာခပ်သိမ်းကိုရရှိနေပါလျက် လာဇရုမျာမူကား နေ့ရှိသမျှယင်းအခြေအနေ၌ပင်တည်မြဲတည်နေ၏။ အခက်အခဲတွေ့နေသောလူသားချင်းကို သက်သာချောင်ချိစေရန်အတွက် ဖေါဖေါသီသီထောက်ပံ့ပေးကမ်းနိုင်သောထိုသူဌေးသည် ကိုယ်အသက်ကိုသာပဓါနထား၏။ ယနေ့လောကလူအများစုသည်လည်း ယင်းအတိုင်းပင်နေထိုင်သက်ရှင်ကြ၏။

ယနေ့ကျွန်ုပ်တို့၏ဝန်းကျင်တွင် စားစရာမလုံလောက်သူ၊ ဝတ်စရာချို့တဲ့သူ၊ နေစရာနေအိမ်မရှိသူအမြောက်အမြားရှိနေပါသည်။ ယင်းသို့အခက်အခဲတွေ့နေရသဖြင့် ကူညီထောက်ပံ့ခြင်းကိုလိုအပ်နေသူများအတွက် ကျွန်ုပ်တို့၏ဥစ္စာပစ္စည်းများကို ဝေငှပေးကမ်းခြင်းမပြုမလုပ်ပါက တစ်နေ့တသောအခါ ကျွန်ုပ်တို့သည်ပြစ်တင်စီရင်ခြင်းကိုခံရကြပေလိမ့်မည်။ ကိုယ်စိတ်အလိုသို့လိုက်ခြင်းရှိသမျှသည်လည်း ဘုရားသခင်၏ရှေ့တော်၌ အပြစ်ကျူးလွန်ခြင်းဖြစ်၏။

သူဌေးကြီးသည် ဘုရားသခင်၏ဥစ္စာပစ္စည်းများအတွက် ဘဏ္ဍာစိုးအဖြစ်ခန့်ထားခြင်းခံရသူဖြစ်သောကြောင့် သူတောင်းစား၏ ကိစ္စမျိုးတွင် တရားသဖြင့်စီရင်ရန် သူဌေးကြီးတွင်တာဝန်ရှိပါသည်။ "သင်၏ဘုရားသခင်ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။" (တရား၊ ၆း၅)။ ၎င်းအပြင် "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမည်" ဟုပညတ်ထားတော်မူ၏။ (ဝတ်၊ ၁၉း၁၈)။ သူဌေးကြီးသည် ယုဒလူမျိုးဖြစ်၍ ယင်းပညတ်များသည် ဘုရားသခင်၏ပညတ်များဖြစ်ကြောင်းသိ၏။ သို့သော် သူ့အားအပ်နှင်းထားသည့်ဥစ္စာပစ္စည်းများနှင့် စွမ်းရည်သတ္တိများကို အသုံးပြုခြင်းအတွက်

ရှင်းလင်းရန် တာဝန်ရှိသည်ကို သူသတိမရချေ။ သူသည် ဘုရားသခင်၏ ထံတော်မှကောင်းချီးမြောက်မြားစွာကိုခံစားရသော်လည်း ဖန်ဆင်းရှင်၏ ဘုန်းတော်ကိုထင်ရှားစေရန်အတွက် ယင်းကောင်းချီးများကို အသုံးပြုရမည့်အစား မိမိ၏ဘုန်းထင်ရှားစေဖို့နှင့် အတ္တကောင်းကျိုးအတွက် သက်သက်အသုံးပြုခဲ့၏။ သူခံစားရသည့်မြောက်မြားစွာသောဆုကျေးဇူးများ၏အချိုးအစားအတိုင်း လူသားတို့အတွက် မြှင့်တင်ရေးလုပ်ငန်းတွင်အသုံးပြုရန်တာဝန်ရှိပါသည်။ ဘုရားသခင်သည် ယင်းသို့ပညတ်တော်မူသော်လည်း သူဌေးကြီးသည် မိမိ၏တာဝန်ကိုမသိ။ သူချေးငှါးသောငွေအပေါ်တွင် သူအတိုးယူ၏။ သို့သော် ဘုရားသခင်က သူ့အားချေးငှါးထားသောငွေပေါ်တွင် အတိုးဆက်ကပ်ခြင်းမပြု။ သူသည် အသိပညာနှင့်ပြည့်စုံ၍ စွမ်းရည်သတ္တိရှိသူဖြစ်၏။ သို့သော် ပိုမိုအကျိုးဖြစ်ထွန်းအောင်အသုံးမပြု။ ဘုရားသခင်နှင့်စာရင်းရှင်းရမည်ကိုသတိမမူဘဲ မိမိ၏စွမ်းအားရှိသမျှကိုအပျော်အပါးအတွက် သက်သက်အသုံးပြု၏။ သူ့ကိုဝန်းရံလျက် ရှိသောအရာခပ်သိမ်းသည် သူ့ကိုရွှင်မြူးစေရန်အတွက်ဖြစ်၍ သူ၏မိတ်ဆွေအပေါင်းအသင်းများကလည်း သူ၏အလိုသို့လိုက်၍ မြှောက်ပင့်ပြောဆိုလျက် သူ၏ကောင်းကျိုးအတွက်ဆောင်ရွက်ပေးကြ၏။ သူသည် သူ၏အပေါင်းအသင်းများတွင်သာ လုံးဝအာရုံစူးစိုက်နေသဖြင့် ဘုရားသခင်၏ကရုဏာတော်ဆိုင်ရာအမှုတော်တွင်ကိုယ်တော်နှင့်အတူပူးပေါင်းဆောင်ရွက်ရန် သတိမရတော့ပါ။ ဘုရားသခင်၏နှုတ်ကပါဌ်တရားတော်ကို နားလည်သဘောပေါက်၍ ကိုယ်တိုင်လိုက်နာကျင့်သုံးရန် အခွင့်အရေးများရရှိခဲ့သော်လည်းအပျော်အပါးလိုက်စားခြင်းကို နှစ်သက်သည့်အသိုက်အဝန်းနှင့်ပေါင်းသင်းဆက်ဆံရန် ရွေးချယ်ခဲ့သည့်အတွက် အချိန်ပိုမရှိတော့သည့်အလျောက် ထာဝရဘုရားသခင်ကို မေ့လျော့တော့၏။

ထိုသူနှစ်ယောက်တို့၏ အခြေအနေပြောင်းသောအချိန်ရောက်လာ၏။ ဆင်းရဲသောသူသည် နေ့စဉ်နှင့်အမျှ ခက်ခဲမှုနှင့်ရင်ဆိုင်ရ၏။ သို့သော်သည်းခံခြင်းဖြင့်လည်ကောင်း၊ မျိုသိပ်အောင့်အည်းခြင်းဖြင့်လည်းကောင်း ခံနိုင်ရည်ရရှိခဲ့၏။ အချိန်တန်လာသောအခါ အသက်ကုန်ဆုံး၍ မြေ၌မြှုပ်နှံခြင်းကိုခံခဲ့ရ၏။ သူ့အတွက်ဝမ်းနည်းပူဆွေးသူမရှိ၊ သို့သော် သူခံစားရသည့် ခက်ခဲမှုဆင်းရဲခြင်းကို စိတ်ရှည်စွာသည်းခံခြင်းအားဖြင့် ခရစ်တော်အတွက်သက်သေခံခဲ့၏။ ယုံကြည်ခြင်းကိုစစ်ဆေးရာ၌လည်း ခံနိုင်ရည်ရှိခဲ့၏။ ထိုကြောင့် ကွယ်လွန်သောအခါ ကောင်းကင်တမန်တို့သည် သူ့အား အာဗြဟံ၏ရင်ခွင်သို့ပို့ဆောင်ကြသည်ဟု ပုံဆောင်ထားပါသည်။

ခရစ်တော်ကိုယုံကြည်သောသူများတွင် ခက်ခဲမှုတွေ့ရသောသူဆင်းရဲများကို လာဇရုနှင့်ပုံဆောင်ထားပါသည်။ ဘုရားသခင်ကိုယ်တော်၌သူတို့၏ယုံကြည်ခြင်းသည် စာတွေ့မဟုတ်၊ အမှန်တကယ်ဖြစ်သောကြောင့်တံပိုးမှုတ်သံနှင့်တကွ ခရစ်တော်၏အသံတော်ကို ကြား၍ သင်္ချိုင်းများမှထလာကြပြီးလျှင် သူတို့အတွက် ထားရှိသောဆုကျေးဇူးများကိုခံစားရကြပေလိမ့်မည်။

"သူဌေးသည်လည်း သေလွန်၍သင်္ဂြိုလ်ခြင်းကိုခံရလေ၏။ မရဏာနိုင်ငံ၌ ပြင်းပြစွာသောဝေဒနာကိုခံရလျက် မျှော်ကြည့်၍၊ အာဗြဟံကိုလည်းကောင်း၊ အာဗြဟံ၏ရင်ခွင်၌လာဇရုကိုလည်းကောင်း အဝေးကမြင်လျှင် အိုအဘအာဗြဟံ၊ အကျွန်ုပ်ကိုကယ်မသနားတော်မူပါ။ အကျွန်ုပ်သည် ဤမီးလျှံ၌ပြင်းစွာခံစားရသောကြောင့် လာဇရုသည်မိမိ၏လက်ဖျားကို ရေ၌နှစ်၍ အကျွန်ုပ်လျှာကိုအေးစေခြင်းငှါ သူ့ကိုအကျွန်ုပ်ရှိရာသို့စေလွှတ်တော်မူပါဟု ဟစ်ကြော်လေ၏။"

ခရစ်တော်သည် တရားနာပရိတ်သတ်တို့၏ အယူအဆများအပေါ်မူတည်၍ ဤဥပမာကိုဟောကြားတော်မူ၏။ လူသည်သေလွန်ပြီးနောက်ထမြောက်ရှင်ပြန်ချိန်မတိုင်မီတွင် အသိတရားရှိနေသေးသည်ဟု တရားနာသူတို့တွင် အများသောသူတို့ယုံကြည်ကြ၏။ ကယ်တင်ရှင်သည် သူတို့၏အယူအဆကိုသိမြင်တော်မူသောကြောင့် အရေးကြီးသည့် သမ္မာတရားကိုသူတို့စိတ်၌စွဲမှတ်နိုင်စေရန်အတွက် သူတို့၌ထည့်ထားပြီးသောသဘောတရားအပေါ်မူတည်၍ ယင်းဥပမာကိုဖန်တီးတော်မူ၏။ သူတို့သည်ဘုရားသခင်နှင့်မည်သို့မည်ပုံဆက်နွယ်လျက်ရှိသည်ကို ရုပ်လုံးပေါ်စေရန် သူတို့ရှေ့မှောက်တွင် ကြေးမုံကိုထောင်၍ပြတော်မူ၏။ လူ၏တန်ဖိုးကိုသူပိုင်သောဥစ္စာပစ္စည်းများဖြင့်ဆုံးဖြတ်သတ်မှတ်သည် မဟုတ်ကြောင်း၊ သူပိုင်သောပစ္စည်းဥစ္စာများသည် ဘုရားသခင်က သူ့အားချေးငှားထားခြင်းသာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် သူတို့တွင် ခေတ်ထနေသောသဘောတရားကိုပင် အသုံးပြုတော်မူ၏။ ယင်းဆုကျေးဇူးများကိုအလွဲသုံးစားပြုလျှင် ဘုရားသခင်ကိုချစ်ကြောက်ရိုသေ၍ ယုံကြည်ကိုးစားသည့်အဆင်းရဲအနွမ်းပါးဆုံးသောသူ၊ ခက်ခဲမှုဆင်းရဲအရောက်ဆုံးသောသူတို့၏ အောက်သို့ကျဆင်းစေလိမ့်မည်ဖြစ်ကြောင်း သရုပ်ဖော်၍ ဩဝါဒပေးတော်မူ၏။

လူသည် သေလွန်ပြီးသည်နောက်မှ ဝိညာဉ်ကယ်တင်ခြင်းကို ရယူနိုင်လိမ့်မည်မဟုတ်ကြောင်း တရားနာပရိသတ်နားလည်သဘောပေါက်စေရန် ခရစ်တော်အလိုရှိတော်မူ၏။ "ငါ့သား၊ သင်သည် အသက်ရှင်စဉ်အခါ ချမ်းသာရသည်ကိုလည်းကောင်း၊ လာဇရုသည် ဆင်းရဲစွာနေရသည်ကိုလည်းကောင်း အောက်မေ့လော့။ ယခုမူကား သူသည် သက်သာခြင်းရှိ၏။ သင်သည်ဆင်းရဲခြင်းဝေဒနာကိုခံရ၏။

ထိုမှတစ်ပါး ငါတို့နှင့်သင်တို့စပ်ကြား၌ အလွန်နက်လှသောချောက်ကြီး တည်ရှိလျက်ရှိ၏။ ထိုကြောင့် ဤအရပ်မှသင်တို့ရှိရာသို့ ကူးချင်သော သူမကူးနိုင်၊ ထိုအရပ်မှ ငါတို့ရှိရာသို့ကူးချင်သောသူလည်းမကူးနိုင်" ဟုအာဗြဟံကဖြေကြားသကဲ့သို့ ခရစ်တော်ပုံဆောင်ထားတော်မူ၏။ ယင်းနည်းအားဖြင့် ဒုတိယအကြိမ်ကရုဏာတံခါးဖွင့်ပေးရန် မျှော်လင့် ချက်မရှိကြောင်း သရုပ်ဖေါ်ထားခြင်းဖြစ်ပါသည်။ လူသည် ယခုဘဝ၌သာ ထာဝရအသက်အတွက်ထိုက်တန်အောင်ပြင်ဆင်ရန် အချိန်ပေးထားတော်မူပါသည်။

သူဌေးကြီးက မိမိသည် အာဗြဟံ၏သားဖြစ်သည်ဟူသော သဘောတရားကို စွန့်ပယ်ခြင်းမပြုပါ။ သူသည် အခက်အခဲတွေ့သော အခါ အာဗြဟံထံမှအကူအညီတောင်းခံသည်ဟု ပုံဆောင်ထားပါသည်။ "အိုအဘ အာဗြဟံ၊ အကျွန်ုပ်ကိုကယ်မသနားတော်မူပါ" ဟုသူဆုတောင်း ၏။ ဘုရားသခင်၏ထံတော်သို့ဆုတောင်းခြင်းပြုသည်မဟုတ်၊ အာဗြဟံ ထံမှသာ တောင်းခံခြင်းဖြစ်၏။ ထိုသို့ပြုခြင်းဖြင့် သူသည်အာဗြဟံအား ဘုရားသခင်ထက်ပို၍အားကိုးရာရောက်၏။ သူ၏ကယ်တင်ခြင်းအတွက် အာဗြဟံနှင့်ဆက်နွယ်မှုအပေါ်တွင်သာ အားကိုးအားထားပြု၏။ လက်ဝါး ကပ်တိုင်ပေါ်တွင် ရိုက်ထားခြင်းကိုခံနေရသောလူဆိုးကြီးက "သခင်၊ ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ အကျွန်ုပ်ကိုအောက်မေ့တော်မူပါ" ဟု သခင်ယေရှုကိုလျှောက်၏။ (လု၊ ၂၃း၄၂။) ထိုအခါကိုယ်တော်က ယနေ့ငါအမှန်အကန်ဆိုသည်ကား (ငါသည် ဤလက်ဝါးကပ်တိုင်၌နှိမ့်ချခြင်းနှင့်ပင်ပန်းဆင်းရဲခြင်းကို ခံလျက် ရိုက်ထားခြင်းခံရသည့်နည်းတူ) သင်သည်ငါနှင့်အတူ ပရဒိ သုဘုံ၌ရှိလိမ့်မည်ဟုချက်ချင်းမိန့်တော်မူ၏။ သို့သော် သူဌေးကြီးမူကား အာဗြဟံ၏ထံမှသာ ဆုကျေးဇူးတောင်းခံ၏။ သူဆုတောင်းသည့်

အတိုင်းခွင့်ပြုခြင်းကိုလည်း မခံရ။ ခရစ်တော်တစ်ဦးတည်းသာလျှင် "ဣသရေလလူတို့အား နောင်တတရားနှင့်အပြစ်လွှတ်ခြင်းအခွင့်ကို ပေးစေခြင်းငှါ. . . . အစိုးရသောအရှင်အရာ၌လည်းကောင်း၊ ကယ်တင်သောသခင်အရာ၌လည်းကောင်း" ချီးမြှောက်ခြင်းကိုခံရတော်မူ၏။ တ၊၅း၃၁။ "ထိုသခင်၏ နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင်မပေါ်မရှိ။" တ၊ ၄း၁၂။

သူဌေးကြီးသည် မိမိ၏အသက်တာကို မိမိကြိုက်နှစ်သက်သည့် ပုံစံအတိုင်းနေထိုင်ခဲ့ရာ ထာဝရကာလအတွက် စီမံဆုဆောင်းခြင်းမပြုရသေးကြောင်း အချိန်နှောင်းမှသတိရ၏။ မိမိ၏မိုက်မှားမှုကို သဘောပေါက်သောအခါ မိမိကဲ့သို့ပင် ကိုယ်ကျိုးအတွက် သက်သက်အသက်ရှင်၍ ကိုယ့်အလိုသို့သာ ဆက်လက်လိုက်လျှောက် နေမည့်သူ၏ညီများကို သတိရ၏။ ထိုအခါသူဌေးကြီးက "အိုအဘ၊ ထိုသို့မှန်လျှင် အကျွန်ုပ်၌ ညီငါးယောက်ရှိသည်ဖြစ်၍ သူတို့သည် ဤပြင်းပြစွာခံရာအရပ်သို့ မရောက်မည်အကြောင်း သူတို့အားသက်သေခံစေခြင်းငှါ လာဇရုကို အကျွန်ုပ်အဘအိမ်သို့စေလွှတ်တော်မူပါ" ဟုတောင်းလျှောက်လေ၏။ သို့သော် "အာဗြဟံက သင်၏ညီတို့၌ မောရှေမှစ၍ပုရောဖက်များရှိကြ၏။ ပုရောဖက်တို့၏စကားကိုနားထောင်ကြစေဟုဆို၏။ သူဌေးကလည်းမဟုတ်ပါအဘအာဗြဟံ၊ သေသောလူစုထဲကတစ်ယောက်သောသူသည် ထမြောက်၍ သူတို့ရှိရာသို့သွားလျှင် သူတို့သည်နောင်တရကြပါလိမ့်မည်ဟုဆိုသော် အာဗြဟံက သူတို့သည် မောရှေ၏စကား၊ ပုရောဖက်တို့၏ စကားကိုနားမထောင်လျှင် တစ်ယောက်သောသူသည် သေခြင်းမှထမြောက်သော်လည်း မယုံကြည်နိုင်ကြဟု အာဗြဟံဆို၏။"

သူဌေးကြီးက သူ၏ညီများအတွက် သက်သေခံထပ်မံစေလွှတ်ရန် တောင်းလျှောက်သောအခါ ယင်းသို့ထပ်မံစေလွှတ်သည့်တိုင်အောင် သူတို့အားဖျောင်းဖျ၍ရလိမ့်မည်မဟုတ်ကြောင်း အတိအလင်းပြောလိုက်၏။ သူသည်ယင်းသို့တောင်းလျှောက်ခြင်းဖြင့် ဘုရားသခင်အပေါ်တွင်ရောင်ပြန်ဟပ်စေ၏။ ကျွန်တော်အားလုံလောက်စွာသတိပေးနှိုးဆော်ခဲ့ပါက ယခုအခါ ကျွန်တော်သည် ဤနေရာတွင်ရှိလိမ့်မည်မဟုတ်ပါဟုသူဌေးကြီးက ဆင်ခြေပေးသကဲ့သို့ဖြစ်နေပါသည်။ အာဗြဟံ၏အဖြေမှာ "သင်၏ညီများအား လုံလုံလောက်လောက်သတိပေးထားပြီးဖြစ်ကြောင်း" ပုံဆောင်ထားခြင်းဖြစ်ပါသည်။ အလင်းတရားကိုသူတို့အားပေးထားပြီးသော်လည်း သူတို့မမြင်မသိကြ။ သမ္မာတရားကိုသူတို့ထံသို့ပေးပို့ပြသထားပြီးသော်လည်း သူတို့မကြားမမြင်လိုကြ။

"သူတို့သည် မောရှေ၏စကား၊ ပုရောဖက်တို့၏စကားကိုနားမထောင်လျှင် တစ်ယောက်သောသူသည် သေခြင်းမှထမြောက်သော်လည်း မယုံကြည်နိုင်ကြ။" ယုဒအမျိုးသားများ၏သမိုင်းတွင် ယင်းစကားများအတိုင်းအမှန်ဖြစ်ခဲ့ပါသည်။ ခရစ်တော်၏နောက်ဆုံးလည်းဖြစ်၊ အထွတ်အထိပ်လည်းဖြစ်သောနိမိတ်လက္ခဏာသည် ဗေသနိရွာတွင် သေလွန်ပြီးသောလာဇရုကို လေးရက်ကြာပြီးမှထမြောက်စေခြင်းဖြစ်၏။ ထိုမျှအံ့ချီးဖွယ်ဖြစ်သောသက်သေကို ကယ်တင်ရှင်သည်ဘုရားဖြစ်တော်မူ၍သာပြနိုင်ခဲ့သော်လည်း ယုဒလူတို့မယုံကြည်ဘဲငြင်းပယ်ကြ၏။ လာဇရုသည်သေခြင်းမှ ထမြောက်၍ သူတို့ရှေ့မှောက်တွင် သက်သေခံခဲ့၏။ သို့သော် သူတို့သည် မိမိတို့၏စိတ်နှလုံးများကို ခိုင်မာစေလျက် မယုံကြည်သည်သာမက လာဇရုကိုသတ်ခြင်းငှါတိုင်ပင်ကြ၏။ (ယော၊ ၁၂း၉-၁၁)။

တရားတော်နှင့်ပုရောဖက်များသည် လူသားတို့အားကယ်တင်ရန်အတွက် ဘုရားသခင်ခန့်ထားတော်မူသည့် ကိုယ်စားလှယ်များဖြစ်ကြ၏။ ခရစ်တော်ကသူတို့သည် ဤသက်သေခံချက်များကိုအလေးဂရုပြုကြပါစေဟု မှာကြားတော်မူ၏။ နှုတ်ကပါဌ်တရားတော်ပါဘုရားသခင်၏အသံတော်ကို သူတို့နားမထောင်ကြလျှင် တစ်ယောက်သောသူသည်သေခြင်းမှထမြောက်၍သက်သေခံသည်တိုင်အောင် သူတို့အလေးပေးကြလိမ့်မည်မဟုတ်ပါ။

မောရှေနှင့်ပုရောဖက်တို့ကိုအလေးဂရုပြုသောသူတို့အတွက်ဘုရားသခင်ပေးသနားထားတော်မူပြီးသောအလင်းတရားထက် ပို၍လိုကြလိမ့်မည်မဟုတ်ပါ။ သို့သော်လူတို့သည် အလင်းတရားကိုငြင်းပယ်လျက် ခွင့်ပြုထားသောအခွင့်ကောင်းများ၏အကျိုးသက်ရောက်မှုကိုမသိလျှင် တစ်ယောက်သောသူသည် သေခြင်းမှထမြောက်၍သတင်းစကားယူဆောင်လာသော်လည်း သူတို့နားထောင်ကြလိမ့်မည်မဟုတ်ပါ။ ယင်းသက်သေခံချက်အားဖြင့်လည်း သူတို့စိတ်ချယုံကြည်ကြလိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် တရားတော်နှင့်ပုရောဖက်များကို ငြင်းပယ်ထားပြီး၍ သူတို့၏စိတ်နှလုံးများခိုင်မာလွန်းသဖြင့်အလင်းတရားအားလုံးကိုလည်း ငြင်းပယ်ကြလိမ့်မည်။

တစ်ကြိမ်တစ်ခါကကြွယ်ဝခဲ့သည့်သူဌေးကြီးနှင့် အာဗြဟံတို့အပြန်အလှန်စကားပြောဆိုကြပုံမှာ ဥပမာတင်စားထားခြင်းသာဖြစ်ပါသည်။ လူတိုင်းအား ပေးအပ်ထားသည့်တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်နိုင်စေရန် လုံလောက်သောအလင်းတရားကိုလည်းပေးအပ်ထားကြောင်းဤဥပမာမှ သင်ခန်းစာထုတ်ယူရန်ဖြစ်ပါသည်။ လူ၏ တာဝန်များသည် သူ့အားခွင့်ပြုထားသည့် အခွင့်အရေးများ၏ အချိုးအစားအတိုင်းပင်ဖြစ်ပါသည်။ လူအားဘုရားသခင်ပေးအပ်ထားတော်မူသော

လုပ်ငန်းတာဝန်ကို ကောင်းစွာဆောင်ရွက်နိုင်ရန် လုံလောက်သော အလင်းတရားကိုလည်းပေးထားတော်မူ၏။ အနည်းငယ်မျှသောအလင်းတရားအားဖြင့် လမ်းညွှန်ထားသည့်တာဝန်ကို လူသည်ဆောင်ရွက်ခြင်း မပြုပါက ပို၍ထင်ရှားသောအလင်းတရားကိုရရှိသော်လည်း ပေးအပ်ထားသည့်ကောင်းချီးများကို ပိုမိုတိုးတက်အောင်မပြုမလုပ်ဘဲ သစ္စာမဲ့ခြင်းကိုသာပို၍ ထင်ရှားပေါ်လွင်စေလိမ့်မည်။ "အနည်းငယ်သောအမှု၌သစ္စာရှိသောသူသည် ကြီးသောအမှု၌လည်းသစ္စာရှိလိမ့်မည်။ အနည်းငယ်သောအမှု၌သစ္စာမရှိသောသူသည် ကြီးသောအမှု၌လည်းသစ္စာမရှိ" လု၊ ၁၆း၁၀။ မောရှေနှင့်ပုရောဖက်များက ပေးထားပြီးသောအလင်းတရားကိုမခံမယူဘဲ ထူးခြားအံ့ဩဖွယ်သောနိမိတ်လက္ခဏာများကို သူတို့အလိုရှိသည်အတိုင်းပြသည်တိုင်အောင် သူတို့ယုံကြည်ကြလိမ့်မည် မဟုတ်ပါ။

သူဌေးကြီးနှင့်လာဇရုတို့၏ဥပမာတွင်ပုံဆောင်ထားသောလူနှစ်မျိုးနှစ်စားသည် မတွေ့မမြင်နိုင်သောကမ္ဘာတွင် အဘယ်သို့ဖြစ်ကြလိမ့်မည်ကို မှန်းဆထားခြင်းဖြစ်ပါသည်။ မတရားသောနည်းလမ်းဖြင့်ရရှိထားသောကြွယ်ဝမှုမဟုတ်လျှင် ယင်းကြွယ်ဝမှု၌အပြစ်မရှိ။ ချမ်းသာကြွယ်ဝသောသူတစ်ယောက်သည် ၎င်း၏ကြွယ်ဝခြင်းအတွက်ပြစ်တင်ရှုတ်ချခြင်းကိုခံရသည်မဟုတ်၊ ယင်းသို့ယုံမှတ်လွှဲအပ်ထားသည့်ဥစ္စာပစ္စည်းများကိုကိုယ်ကျိုးအတွက်သက်သက် အသုံးပြုမှသာလျှင် ပြစ်တင်ရှုတ်ချခြင်းကိုခံရ၏။ မိမိ၏ငွေကိုကောင်းမှုအတွက် အသုံးပြုခြင်းဖြင့် ဘုရားသခင်၏ ပလ္လင်တော်ရင်း၌ ဘဏ္ဍာသိုမှီးထားခြင်းက များစွာပင်ပို၍ကောင်းမွန်ပါသည်။ ယင်းနည်းဖြင့် ထာဝရကြွယ်ဝခြင်းကိုဆည်းပူးသူအတွက်သေခြင်းတရားနှင့်ရင်ဆိုင်ရသောအခါ နွမ်းပါးခြင်းဘဝသို့

ရောက်စေလိမ့်မည်မဟုတ်ပါ။ သို့သော် မိမိ၏ဘဏ္ဍာများကိုကိုယ်ကျိုးအတွက်သက်သက်သိုလှောင်ထားသောသူသည် ယင်းသို့သိုလှောင်ထားသည့်ဥစ္စာဘဏ္ဍာအနည်းငယ်ကိုမျှ ကောင်းကင်နိုင်ငံတော်သို့ယူဆောင်သွားနိုင်လိမ့်မည်မဟုတ်ပါ။ ထိုသူသည် သစ္စာရှိသောဘဏ္ဍာစိုးမဟုတ်ကြောင်း ကိုယ်ကိုကိုယ်ထင်ရှားစေ၏။ သူ၏အသက်တာတွင် ကောင်းကျိုးများကိုစံစားရသော်လည်း ဘုရားသခင်၏ ကျေးဇူးတော်ကိုမေ့သောသူဖြစ်၏။ ကောင်းကင်ဘဏ္ဍာကိုဆည်းပူးရန် ပျက်ကွက်သောသူလည်းဖြစ်၏။

အခွင့်အရေးများစွာရှိသည့် သူဌေးကြီးဆိုသည်မှာမိမိတို့အတွက်ပိုမိုကောင်းမွန်သောဝိညာဉ်ရေးဆိုင်ရာအခွင့်အရေးများကို တမလွန်ဘဝသို့သယ်ဆောင်သွားရန်အတွက် မိမိတို့ခံစားရသောဆုကျေးဇူးများကို ကောင်းစွာပြုစုပျိုးထောင်သင့်ကြောင်း ပုံဆောင်ထားခြင်းဖြစ်ပါသည်။ ကယ်တင်ခြင်းစီမံကိန်း၏အကြောင်းရင်းမှာ အပြစ်ကိုပယ်ဖျက်သုတ်သင်ရန်အတွက်သက်သက်မဟုတ်၊ အပြစ်၏အာနိသင်ကြောင့်ပျက်စီးသိမ်ဖျင်းသွားသည့် ဝိညာဉ်ဆုကျေးဇူးများကို လူသားအားပြန်လည်ပေးဆပ်ရန်ဖြစ်၏။ ငွေကိုတမလွန်ဘဝသို့သယ်ဆောင်သွားခြင်းမပြုမလုပ်နိုင်ပါ။ ထိုအရပ်တွင်လည်းငွေမလိုပါ။ သို့သော် ခရစ်တော်၏ထံတော်သို့အသက်ဝိညာဉ်များပို့ဆောင်သည့်အမှုတော်တွင်ပါဝင်သောကောင်းမှုများကိုသာ ကောင်းကင်တံတိုင်းတော်တွင်းသို့ သယ်ဆောင်သွားနိုင်ပါသည်။ သို့သော် မိမိတို့လူသားအချင်းအချင်းကူညီရိုင်းပင်းရန်လိုအပ်သည်များကိုလည်း မပြုမလုပ်၊ ဤလောကတွင် ဘုရားသခင်၏အမှုတော်ကိုတိုးတက်ဖွံ့ဖြိုးရေး၌လည်း မပါမဝင်ဘဲ ဘုရားသခင်ပေးသနားတော်မူသည့်ဆုကျေးဇူးများကိုမိမိကိုယ်ကျိုးအတွက် သက်သက်

အသုံးပြုသောသူသည် ဖန်ဆင်းတော်မူသောအရှင်၏ ဘုန်းတော်ကိုရှုတ်ချရာရောက်၏။ ထိုသူတို့သည် ဘုရားသခင်၏ဘဏ္ဍာတော်ကိုလုယူသူများဖြစ်ကြောင်းသူတို့၏အမည်နာမများနှင့်ယှဉ်၍ ကောင်းကင်စာရင်းတွင်မှတ်တမ်းတင်ထားပါသည်။

သူဌေးကြီးတွင် ငွေဖြင့်ဝယ်ယူ၍ရနိုင်သောအရာအားလုံးရှိ၏။ သို့သော်ဘုရားသခင်နှင့်စာရင်းရှင်းရန် လုံလောက်သည့် ဥစ္စာဘဏ္ဍာမရှိ၊ သူ၏လက်ဝယ်တွင်ရှိသောဥစ္စာပစ္စည်းမှန်သမျှကို သူပိုင်သည်ဟုသဘောထား၍ သက်ရှင်နေထိုင်ခဲ့၏။ ဘုရားသခင်ခေါ်တော်မူခြင်းနှင့်ဆင်းရဲခြင်းခံရသည့် ရှားပါးနွမ်းပါးသူများ၏ တောင်းခံသံများကိုလျစ်လျူရှုခဲ့၏။ သို့သော်အချိန်တန်သောအခါ သူကိုယ်တိုင် လျစ်လျူမရှုနိုင်သောခေါ်သံကိုကြားရတော့၏။ ဘဏ္ဍာစိုးအရာတွင်ဆက်လက်၍မနေရတော့ဘဲ နေအိမ်ဥပစာမှထွက်ခွာရန် သူကိုယ်တိုင်မငြင်းဆန်မခုခံနိုင်သောအာဏာပိုင်၏အမိန့်သံကိုနားခံရလေ၏။ တစ်ကြိမ်တစ်ခါကချမ်းသာကြွယ်ဝသောသူဌေးကြီးသည် မျှော်ကိုးရာကင်းမဲ့သည့်ဆင်းရဲခြင်းဘဝသို့ဆိုက်ရောက်တော့၏။ ကောင်းကင်ရက်ကန်းစင်မှ ရက်လုပ်ထားသည့် ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံသည် သူ့ကိုမည်သည့်အခါတွင်မျှ ဖုံးအုပ်ထားနိုင်လိမ့်မည်မဟုတ်တော့ပါ။ တစ်ကြိမ်တစ်ခါကပိတ်ချောမျိုးကောင်းနှင့် အဖိုးအထိုက်တန်ဆုံးဖြစ်သည့် နီမောင်းသောဝတ်ရုံကိုဝတ်ဆင်သူသည် အဝတ်အချည်းစည်းဖြစ်လေ၏။ သူ့အတွက်ကရုဏာတံခါးပိတ်လေပြီ။ သူသည် ဤလောကသို့မည်သည့်အရာကိုမျှမယူဆောင်ခဲ့၊ ဤလောကမှလည်း မည်သည့်အရာကိုမျှယူဆောင်၍မသွားနိုင်ပါတကား။

ခရစ်တော်သည် ကြာချည်ကိုလုပ်၍ ယဇ်ပုရောဟိတ်များ၊ အုပ်စိုးသောသူများ၊ ကျမ်းပြုဆရာများနှင့်ဖါရိရှဲများအားယင်းမြင်ကွင်းကို

ဖွင့်၍ပြတော်မူပြီးလျှင် ဤလောက၏ဥစ္စာပစ္စည်းများနှင့်ပြည့်စုံကြွယ်ဝသော်လည်း ဘုရားသခင်ဘက်၌ ကြွယ်ဝခြင်းမရှိသောသူတို့၊ ဤအခြင်းအရာကိုကြည့်ရှုလော့၊ ယင်းမြင်ကွင်းကို မကြည့်ရှုမဆင်ခြင်ဘဲနေကြမည်လော၊ လူတို့များစွာအလေးအမြတ်ပြုသောအရာကို ဘုရားသခင်စက်ဆုပ်ရွံရှာတော်မူ၏။ "လူသည် ဤစကြဝဠာကိုအကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။ မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်ရွေးနိုင်သနည်း" ဟုခရစ်တော်မေးတော်မူ၏။ မာကု၊ ၈း၃၆၊၃၇။

## ယုဒလူမျိုးနှင့်သက်ဆိုင်ခြင်း

သူဌေးကြီးနှင့်လာဇရု၏ဥပမာကို ခရစ်တော်မိန့်တော်မူချိန်တွင် ယုဒပြည်၌ ယုဒလူအများစုသည် ဘုရားသခင်၏ဥစ္စာပစ္စည်းများကိုကိုယ်ကျိုးအတွက် ကြိုက်နှစ်သက်သလိုအသုံးပြုနေကြသဖြင့် သူဌေးကြီးကဲ့သို့ရွံရှာဖွယ်သောအခြေအနေတွင်ရှိနေကြပါသည်။ "ကိုယ်တော်ကိုချိန်ခွင်နှင့်ချိန်၍ လျော့နေကြောင်းကိုတွေ့မြင်တော်မူ၏။" ဟုစီရင်ချက်ချသည်နည်းတူ ပြစ်ဒဏ်စီရင်ခြင်းခံရဖို့ သူတို့ကိုယ်သူတို့ပြင်ဆင်နေကြ၏။ ဒံ၊ ၅း၂၇။ သူဌေးကြီးသည် လောကရေးရာနှင့်လည်းကောင်း၊ ဝိညာဉ်ရေးရာနှင့်လည်းကောင်း စပ်ဆိုင်သောကောင်းချီးမျိုးစုံကိုခံစားရ၏။ သို့သော်ယင်းကောင်းချီးများကိုအသုံးချရာ၌ ဘုရားသခင်နှင့်ပူးပေါင်းဆောင်ရွက်ရန် ငြင်းပယ်ခဲ့ပါသည်။ ယုဒလူတို့သည်လည်းယင်းအတိုင်းပင်ပြုနေကြပါသည်။ ဘုရားသခင်သည် ယုဒလူတို့အားမြတ်တောမူသောသမ္မာတရားတော်အတွက် ဘဏ္ဍာတိုက်ဖြစ်စေတော်မူ၏။ ကိုယ်တော်သည်သူတို့အားမိမိ၏ကျေးဇူးတော်များအတွက် ဘဏ္ဍာစိုးများအဖြစ် ခန့်ထားတော်မူ၏။ ကိုယ်တော်သည် ဝိညာဉ်ရေးရာနှင့်

လည်းကောင်း၊ လောကရေးရာနှင့်လည်းကောင်းစပ်ဆိုင်သောအခွင့်အရေးရှိသမျှကို သူတို့အားပေးသနားတော်မူပြီးလျှင် ယင်းကောင်းချီးများကိုလည်း ထပ်ဆင့်ဝေငှပေးကမ်းရန်ဆင့်ဆိုတော်မူ၏။ သူတို့၏ညီအစ်ကိုများတွင် ယိုယွင်းပျက်စီးနေသူများကိုလည်းကောင်း၊ သူတို့၏ပရဝဏ်အတွင်း၌ရှိသောဧည့်သည်များကိုလည်းကောင်း၊ ဝန်းကျင်ရှိဆင်းရဲနွမ်းပါးသူများကိုလည်းကောင်း မည်သို့မည်ပုံပြုစုထောက်ပံ့ရမည်ကို အထူးပညတ်များထားတော်မူ၏။ သူတို့သည် အတ္တကောင်းကျိုးအတွက် သက်သက်အမြတ်ထုတ်ရန်မဟုတ်၊ မရှိဆင်းရဲသူများကိုသတိရ၍ သူတို့နှင့်ဝေငှသုံးစွဲရမည်။ ချစ်ကြင်နာမှုအလျောက်ကောင်းမှုပြုသည့်အချိုးအစားအတိုင်း သူတို့အားကောင်းချီးပေးတော်မူမည်ဟု ဘုရားသခင်ကတိထားတော်မူ၏။ သို့သော် သူဌေးကြီးကဲ့သို့သူတို့သည် ဆင်းရဲခြင်းမျိုးစုံနှင့်ရင်ဆိုင်နေရသောလူသားတို့အားလောကရေးအရ လည်းကောင်း၊ ဝိညာဉ်ရေးအရလည်းကောင်း၊ သက်သာချောင်ချိမှုရစေရန်ထောက်ပံ့ခြင်း၊ ကူညီရိုင်းပင်းခြင်း လုံးဝမပြုမလုပ်ကြ။ သူတို့သည် ဘုရားသခင်ရွေးချယ်တော်မူခြင်းကိုခံရ၍မျက်နှာရသောလူမျိုးဖြစ်သည်ဟု သဘောထားလျက် စိတ်နေမြင့်ကြ၏။ သို့သော်ဘုရားသခင်၏အမှုတော်ကိုမဆောင်ရွက်၊ ဘုရားသခင်ကိုလည်းဝတ်ပြုကိုးကွယ်ခြင်းမရှိကြ။ သူတို့သည် အာဗြဟံ၏သားသမီးများဖြစ်ကြသောကြောင့် အာဗြဟံကိုသာ အားကိုးအားထားပြုကြ၏။ "ငါတို့သည်အာဗြဟံအမျိုးဖြစ်၏" ဟုဝါကြွားစွာပြောကြ၏။ (ယော၊ ၈း၃၃)။ အရေးကြုံသောအခါ သူတို့ကိုယ်သူတို့ဘုရားသခင်နှင့်ကင်းကွာစေပြီးလျှင်အာဗြဟံကို ဘုရားသခင်ကဲ့သို့ အားထားကိုးကွယ်ကြသည်မှာထင်ရှားလှပါ၏။

ခရစ်တော်သည် အမိုက်မှောင်ဖုံးလွှမ်းလျက်ရှိသောယုဒလူတို့၏ဉာဏ်မျက်စိတွင် အလင်းတရားကိုလင်းစေတော်မူ၏။ ထို့ကြောင့် "သင်တို့သည် အာဗြဟံ၏သားမှန်လျှင် အာဗြဟံ၏အကျင့်ကိုကျင့်ကြလိမ့်မည်။ ဘုရားသခင့်အထံတော်၌ ကြားရသောသစ္စာတရားကို သင်တို့အားဟောပြောသောသူတည်းဟူသော ငါ့ကိုသတ်အံ့သောငှါ သင်တို့သည် ယခုရှာကြံကြ၏။ အာဗြဟံသည် ထိုနည်းတူကျင့်သည်မဟုတ်" ဟုခရစ်တော်သည် ယုဒလူတို့အားမိန့်တော်မူ၏။ ယော၊ ၈း၃၉၊၄၀။

မျိုးရိုးစဉ်ဆက်အလိုက်ကောင်းမြတ်သည်ဟုဆိုသော အယူအဆကို ခရစ်တော်အသိအမှတ်မပြုပါ။ ဝိညာဉ်ရေးအရ ဆက်နွယ်ခြင်းက ဓမ္မတာဆက်နွယ်ခြင်းကိုစိုးမိုးကြောင်း ခရစ်တော်သင်ကြားတော်မူ၏။ ယုဒလူတို့ကသူတို့သည်အာဗြဟံမှဆင်းသက်သောအမျိုးဖြစ်သည်ဟုဆိုကြ၏။သို့သော် အာဗြဟံကဲ့သို့မကျင့်ကြသောကြောင့် အာဗြဟံ၏အဆက်အနွယ်မစစ်ကြောင်း သက်သေထင်ရှားလျက်ရှိ၏။ ဝိညာဉ်ရေးအရ အာဗြဟံ၏သဘောတရားနှင့်လျော်ညီ၍ ဘုရားသခင်၏စကားတော်အတိုင်း နားထောင်ရာ၌ သက်သေထင်ရှားသောသူများသာလျှင် အာဗြဟံ၏ မှန်သောအမျိုးအနွယ်တွင် ရေတွက်ဝင်၏။ သူတောင်းစားသည်ယုတ်နိမ့်သောလူတန်းစားတွင်ပါဝင်သည်ဟု လူတို့ကယူဆကြသော်လည်း အာဗြဟံက အနီးကပ်ဆုံးသောမိတ်ဆွေအဖြစ်လက်ခံသောသူဖြစ်လိမ့်မည်ဟု ခရစ်တော်အသိအမှတ်ပြုတော်မူ၏။

သူဌေးကြီးသည် သူ့အသက်တာအတွက် စည်းစိမ်ဥစ္စာမြောက်မြားစွာဖြင့် ဝန်းရံလျက်ရှိသော်လည်း အသိပညာနည်းပါးလွန်းသောကြောင့် ဘုရားသခင်ထက် အာဗြဟံကိုဦးစားပေး၏။ သူ့အားချီးမြှင့်ထားသည့်အခွင့်အရေးများနှင့်ပတ်သက်သည့်ကျေးဇူးတရားကိုကောင်းစွာ

နားလည်သဘောပေါက်၍ ဘုရားသခင်၏ဝိညာဉ်တော်အား သူ၏နှလုံးနှင့်ဉာဏ်မျက်စိကိုပုံသွန်းရန် ခွင့်ပြုစေခဲ့ပါက သူ၏အခြေအနေသည် လုံးဝခြားနားလျက်ရှိလိမ့်မည်။ ထိုနည်းအတူ သူပုံဆောင်ထားသည့် လူမျိုးသည်လည်း ခြားနားလျက် ရှိလိမ့်မည်။ သူတို့သည်ဆင့်ဆိုတော်မူသည့်အတိုင်းလိုက်နာခဲ့ပါက သူတို့၏နောင်ရေးသည် လုံးဝခြားနားလျက်ရှိလိမ့်မည်။ ဝိညာဉ်ရေးအရမှန်ကန်စွာပိုင်းခြားဝေဖန်၍ သိမြင်တတ်ကြောင်းကိုလည်း ပြကြလိမ့်မည်။ သူတို့သည် ကမ္ဘာတစ်ဝန်းလုံးကိုကောင်းချီးပေး၍ အလင်းတရားထွန်းလင်းစေနိုင်ရန် သူတို့၌ရှိသောဥစ္စာပစ္စည်းများကို ဘုရားသခင်သည် လုံလောက်အောင်တိုးတက်ဖွံ့ဖြိုးစေနိုင်တော်မူ၏။ သို့သော် ထိုအချိန်အထိ ဘုရားသခင်၏စီမံတော်မူချက်နှင့် သူတို့ကိုယ်သူတို့ကင်းကွာစေသောကြောင့် သူတို့အသက်တာတစ်လျှောက်လုံးတွင် လမ်းလွဲကြ၏။ ဘုရားသခင်၏ဘဏ္ဍာစိုးများအနေဖြင့် သူတို့ရရှိထားသောဆုကျေးဇူးများကို သမ္မာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း လျော်ညီအောင်အသုံးမပြုနိုင်ကြ။ ထာဝရကာလကိုအလေးမပြုအမှုမထားသည့်အပြင် သူတို့၏သစ္စာမဲ့မှုကြောင့် သူတို့တစ်မျိုးသားလုံးပျက်စီးယိုယွင်းကြ၏။

ယေရုရှလင်မြို့တော်ကြီးဖျက်ဆီးခြင်းကိုခံရသောအခါတွင်မှ ယုဒလူတို့သည်ကိုယ်တော်သတိပေးတော်မူခြင်းကို သတိရကြလိမ့်မည်ဖြစ်ကြောင်း ခရစ်တော်သိနှင့်တော်မူ၏။ ယင်းအတိုင်းပင်မှန်ခဲ့၏။ ယေရုရှလင်မြို့ကြီးတွင် ကပ်ကြီးဆိုက်ရောက်လာသောအခါ လူအပေါင်းတို့သည် ငတ်မွတ်ခေါင်းပါးခြင်းဘေးနှင့်သာမက အခက်အခဲမျိုးစုံနှင့်ရင်ဆိုင်ရကြသောအခါ ခရစ်တော်မိန့်တော်မူခဲ့သည်များနှင့်တကွ ဤဥပမာတွင်ဖေါ်ပြထားသမျှကို နားလည်သဘောပေါက်ကြ၏။ ဘုရားသခင်သူတို့အားပေးသနားတော်မူသည့် အလင်းတရားကိုဤလောကတွင်

ထွန်းလင်းစေရန် ပျက်ကွက်သောကြောင့် သူတို့ကိုယ်သူတို့အခက်အခဲ ရောက်စေကြ၏။

## နောက်ဆုံးသောကာလတွင်

ဤကမ္ဘာလောကကြီး၏ ရာဇဝင်နောက်ဆုံးပိုင်းမြင်ကွင်းများကို သူဌေးကြီးအတ္တုပ္ပတ္တိအဆုံးတွင် သရုပ်ဖေါ်ထားပါသည်။ သူဌေးကြီးကသူ့ကိုယ်သူ အာဗြဟံ၏သားတစ်ယောက်ဖြစ်သည်ဟု ဆိုပါသည်။ သို့သော် အာဗြဟံနှင့်သူ၏စပ်ကြားတွင် မှားသောအကျင့်စရိုက်တည်ဆောက်မှုတည်းဟူသော မဖြတ်မကူး မဆက်မသွယ်နိုင်သည့်ချောက်ကြီးကာဆီးနေပါသည်။ အာဗြဟံသည် ဘုရားသခင်၏နှုတ်ကပါဌ်တော်ကိုယုံကြည်နားထောင်၍ ကိုယ်တော်၏အမှုတော်ကိုထမ်းဆောင်ခဲ့၏။ သို့သော် သူဌေးကြီးမှာမူကား ဘုရားသခင်ကိုအာရုံမပြု ဆင်းရဲခြင်းရောက်၍ကူညီထောက်ပံ့မှုလိုအပ်သူ လူသားများကိုလည်း ဥပေက္ခာပြုခဲ့၏။ အာဗြဟံနှင့်သူ့အားခွဲခြားထားသည့် ချောက်ကြီးမှာ နားမထောင်သည့်ချောက်ကြီးပင်ဖြစ်ပါသည်။ ယနေ့လောကတွင်လည်း ယင်းလမ်းစဉ်ကိုလိုက်လျှောက်နေသူအများအပြားရှိပါသည်။ အသင်းဝင်သူများပင်ဖြစ်စေကာမူအသင်းတော်၌အမှုတော်ဆောင်ရွက်နေကြသူများပင်ဖြစ်စေကာမူ မပြောင်းလဲသူများရှိနေပါသည်။ "သမင်ဒရယ်သည် ရေစီးသောချောင်းကိုတောင့်တသကဲ့သို့ အကျွန်ုပ်ဝိညာဉ်သည် ကိုယ်တော်ကိုတောင့်တပါသည်ဘုရား" ဟု ဆာလံသီချင်းကိုလည်း ရွတ်ဆိုကောင်းရွတ်ဆိုနေကြပေလိမ့်မည်။ (ဆာ၊ ၄၂း၁။) သို့သော် မုသားစကားဖြင့် သက်သေခံနေသူများဖြစ်ကြ၏။ သူတို့သည် ဘုရားသခင်၏ရှေ့တော်၌ အပြစ်အကြီးဆုံးသောသူထက် ပို၍ဖြောင့်မတ်သည်

မဟုတ်ပါ။ လောကပျော်မွေ့ခြင်း၌စိတ်အားကြီးသူ၊ ဟိတ်ဟန်ထုတ်ခြင်းကိုနှစ်သက်သူသည် ဘုရားသခင်၏ အမှုတော်ကိုမဆောင်ရွက်နိုင်။ ဥပမာတွင် ဖေါ်ပြထားသောသူဌေးကြီးကဲ့သို့ ထိုသူသည် ဇာတိပကတိစိတ်ဆိုင်ရာတပ်မက်စွဲလမ်းခြင်းကို တိုက်ဖျက်လိုစိတ်မရှိ။ အရသာခံလိုစိတ်ပြင်းထန်၏။ အပြစ်နှင့်ပြည့်ဝသောဝန်းကျင်ကိုရွေးချယ်၏။ ရုတ်တရက်သေခြင်းတရားခေါ်သဖြင့် အသက်ရှင်စဉ်က စာတန်၏ ကိုယ်စားလှယ်များနှင့်ပူးပေါင်း၍ တည်ဆောက်ခဲ့သည့်အကျင့်နှင့်ပင် သင်္ချိုင်းတွင်းသို့ဆင်းရလေ၏။ သူသည် သင်္ချိုင်းတွင်း၌ မှားသည် မှန်သည်၊ ကောင်းသည် မကောင်းသည်ကို ရွေးချယ်ခွင့်မရှိတော့။ လူသည် အသက်ကုန်ဆုံးသောနေ့တွင် သူ၏အကြံအစည်များပျက်စီးလေ၏။ (ဆာ၊ ၁၄၆း၄။ ဒေ၊ ၉း၅၊၆)။

ဘုရားသခင်၏အသံတော်သည် သေသောသူတို့ကိုနိုးထစေသောအခါ သူသည်အသက်ရှင်စဉ်က နှစ်ခြိုက်မြတ်နိုးခဲ့သည့်အရသာခံလိုစိတ်၊ တပ်မက်သောစိတ်၊ ကြိုက်နှစ်သက်တတ်သောစိတ်၊ မကြိုက်မနှစ်သက်တတ်သောစိတ်များရှိခဲ့သည့်အတိုင်းပင် နိုးထလိမ့်မည်။ လူသည်အသစ်ပြုပြင်၍ပုံသဏ္ဍာန်ပြောင်းလဲရန်အတွက် အချိန်အခါနှင့်အခွင့်အရေးအပြည့်အစုံပေးထားပါလျက် မပြုပြင်မပြောင်းလဲလိုသူအတွက်အံ့ဩဖွယ်ရာနိမိတ်လက္ခဏာဖြင့် ဘုရားသခင်ကိုယ်တော်က ပုံသဏ္ဍာယန်ပြောင်းလဲပေးတော်မူလိမ့်မည်မဟုတ်ပါ။ သူသည် အသက်ရှင်စဉ်က ဘုရားဝတ်ပြုရာ၌လည်းကောင်း၊ အမှုတော်ဆောင်ရွက်ရန်အတွက်လည်းကောင်း မွေ့လျော်ခြင်း၊ ဝမ်းမြောက်ခြင်းမရှိ။ သူ၏အကျင့်သည်ဘုရားသခင်နှင့်သင့်မြတ်ခြင်းမရှိသောကြောင့် ကောင်းကင်မိသားစုတွင်လည်း သူသည် ပျော်မွေ့လိမ့်မည်မဟုတ်ပါ။

မျက်မှောက်ကာလတွင် ကိုယ်တိုင်ဖြောင့်မတ်သည့်လူတန်းစား တစ်ရပ်ရှိနေပါသည်။ သူတို့သည် စားကြူးသူများမဟုတ်၊ သေသောက် ကြူးသူများမဟုတ်၊ ဘုရားသခင်ကိုမယုံကြည်သောသူများလည်းမဟုတ်၊ သို့သော် ဘုရားသခင်အတွက်အသက်မရှင်၊ မိမိကောင်းကျိုးအတွက်သာ အသက်ရှင်သောသူများဖြစ်ကြ၏။ သူတို့သည် ကိုယ်တော်ကိုနှလုံးသွင်း သူများမဟုတ်သောကြောင့် မယုံကြည်သောသူတို့တွင် ရေတွက်ဝင်၏။ အကယ်၍သူတို့သည် ဘုရားသခင်၏မြို့တော်တံတိုင်းတွင်းသို့ဝင်ရောက် ရန်ဖြစ်နိုင်မည်ဆိုပါက အသက်ပင်၏အသီးကိုရယူနိုင်ခွင့်ရှိလိမ့်မည် မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ပညတ်တော်များနှင့် ကတိတော်ပါဝင်သည့်ကျင့်ဝတ်ကျင့်စဉ်များကို သူတို့အားပေးအပ်စဉ်က ငြင်းပယ်ကြသောကြောင့်ဖြစ်ပါသည်။ ဤလောကတွင်သူတို့သည်ဘုရား သခင်ကိုဝတ်ပြုကိုးကွယ်ခြင်းမပြုသောကြောင့် တမလွန်ဘဝတွင်လည်း ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ကြလိမ့်မည်မဟုတ်ပါ။ ဘုရားသခင်၏ ရှေ့တော်မှောက်တွင် သူတို့မနေနိုင်သောကြောင့် ကောင်းကင်နိုင်ငံတော် မှအပ အခြားမည်သည့်နေရာကိုပင်ဖြစ်စေ သူတို့ရွေးချယ်ကြလိမ့်မည်။

ခရစ်တော်အကြောင်းကို သင်ကြားနာယူသည်ဆိုသည်မှာ ကိုယ်တော်၏ ဘုန်းတော်တည်းဟူသော ကျေးဇူးတော်ကိုလက်ခံရယူခြင်း ဖြစ်ပါသည်။ သို့သော် ဤလောကတွင် ပေးအပ်ထားသည့်အဖိုးတန် အခွင့်အရေးများနှင့်ကောင်းမြတ်သောအကျိုးသက်ရောက်မှုများကို အသုံးမချသောသူတို့သည် ကောင်းကင်နိုင်ငံတော်တွင် သန့်ရှင်းသော ဘုရားဝတ်ပြုကိုးကွယ်ခြင်း၌ ပါဝင်ရန် သင့်လျော်လိမ့်မည်မဟုတ်ပါ။

သူတို့၏ အကျင့်များသည် ကိုယ်တော်နှင့်ပုံသဏ္ဍာန်တူအောင် ပုံသွန်း ထားခြင်းမရှိ။ သူတို့ကိုယ်တိုင်ဂရုမစိုက်၊ အလေးမထားသဖြင့် မဖြတ် မကူးနိုင်သောချောက်ကြီးကိုဖန်တီးကြ၏။ သူတို့နှင့်ဖြောင့်မတ်သူတို့ စပ်ကြားတွင် အလွန်နက်လှသောချောက်ကြီးတည်လျက်ရှိ၏။

---ooo---

# အပြောနှင့်အလုပ်

### မ၊ ၂၁း၂၃-၃၂ ကိုအခြေပြုပါသည်။

“တစ်စုံတစ်ယောက်သောသူ၌ သားနှစ်ယောက်ရှိ၏။ သားအကြီးဆီသို့သွား၍ ငါ့သား၊ ယနေ့ ငါ့စပျစ်ဥယျာဉ်သို့သွား၍ လုပ်ဆောင်လော့ ဟုဆိုလျှင် သားကငါမသွားဟု ပြန်ပြောသော်လည်း နောက်မှနောင်တရ၍သွားလေ၏။ အဘသည် အခြားသောသားဆီသို့ သွား၍ ရှေးနည်းအတူဆိုလျှင် သားက သွားပါမည်အဘသခင်ဟုဆိုသော်လည်းမသွားဘဲနေ၏။ ထိုသားနှစ်ယောက်တို့တွင် အဘယ်သူသည် အဘ၏ အလိုကိုဆောင်သနည်းဟုမေးတော်မူလျှင် သားအကြီးဆောင်ပါသည်ဟု လျှောက်ကြ၏။”

“သခင်၊ သခင်ဟုငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ဝင်ရလိမ့်မည်မဟုတ်၊ ကောင်းကင်ဘုံ၌ရှိတော်မူသောငါ့ခမည်းတော်၏အလိုကိုဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်” ဟုတောင်ပေါ်ဒေသနာတွင်ခရစ်တော်မိန့်တော်မူ၏။ မ၊ ၇း၂၁။ ရိုးဖြောင့်မှန်ကန်ခြင်းကိုအပြောနှင့်စစ်၍မရ၊ အလုပ်ဖြင့်သာထင်ရှားလိမ့်မည်။ ယင်းတောင်ပေါ်ဒေသနာတော်၌ပင် ခရစ်တော်က “အဘယ်သို့ထူးမြတ်သနည်း” ဟု မေးတော်မူ၏။ မ၊ ၅း၄၇။ ဆိုလိုသည်မှာ “သင်သည်သူတစ်ပါးထက် အဘယ်သို့ပို၍ပြုသနည်း” ဟု မေးတော်မူခြင်းဖြစ်ပါသည်။ “သင်သည် သူတစ်ပါးထက် အဘယ်သို့ပို၍ပြောသနည်း” ဟုမေးတော်မူခြင်းမဟုတ်ပါ။ ထိုကြောင့် “ဤအရာများကိုသင်တို့သိ၍ သိသည်အတိုင်းကျင့်လျှင် မင်္ဂလာရှိ၏” ဟုမိန့်တော်မူရာတွင် အဓိပ္ပါယ်ပြည့်စုံလှပါ၏။ ယော၊ ၁၃း၁၇။ လျော်ကန်သင့်မြတ်သောအလုပ်မပါလျှင် အပြော၌တန်ဖိုးမရှိ။ ဤသည်ကား သားနှစ်ယောက်ဥပမာနှင့်စပ်လျဉ်းသော သင်ခန်းစာပေတည်း။

ခရစ်တော်သည်အပ်နှံခြင်းကိုမခံရမီနောက်ဆုံးအချိန် ယေရုရှလင်မြို့သို့သွားရောက်လည်ပတ်စဉ်က ယင်းဥပမာဖြင့်ဩဝါဒပေးတော်မူခဲ့ခြင်းဖြစ်ပါသည်။ ရောင်းဝယ်ဖေါက်ကားနေသူများကို ဗိမာန်တော်မှနှင်ထုတ်ရာတွင် ထိုသူတို့၏စိတ်ကိုထိခိုက်အောင် ဘုရားသခင်၏တန်ခိုးတော်ပါသောအသံဖြင့် အမိန့်ပေးတော်မူ၏။ ထိုသူများသည်လည်း အံ့အားသင့်၍တုန်လှုပ်ချောက်ချားပြီးလျှင် ဆင်ခြေပေးခြင်း၊ ခုခံခြင်း မပြုမလုပ်နိုင်ဘဲ ကိုယ်တော်၏အမိန့်တော်ကိုနာခံရကြ၏။

ယဇ်ပုရောဟိတ်များနှင့်အကြီးအကဲတို့သည် တုန်လှုပ်ချောက်ချားခြင်းလျော့နည်း၍ပြန်လာကြသောအခါ ခရစ်တော်သည်ဗိမာန်တော်၌နာမကျန်းဖြစ်သူများနှင့်သေလုမျောပါးသူများကို ချမ်းသာပေးကုသလျက် ရှိတော်မူသည်ကိုလည်းကောင်း၊ ဝမ်းမြောက်ခြင်းအတွက်ကြွေးကြော်သံများနှင့်ကျေးဇူးတော်ချီးမွမ်းသည့်သီဆိုသံများကိုလည်းကောင်း သူတို့ကြားမြင်ရကြ၏။ အနာရောဂါကင်းငြိမ်းခွင့်ရကြသည့်ကလေးသူငယ်များကလည်း စွန်ပလွံခက်များကိုကိုင်လျက် "ဒါဝိဒ်၏သားတော်အားဟောရှဏ္ဏာဖြစ်စေသတည်း" ဟုကြွေးကြော်သီဆိုကြ၏။ အနာရောဂါပျောက်ကင်းစေသည့်တန်ခိုးကြီးတော်မူသောသခင်ကို နို့စို့အရွယ်ကလေးသူငယ်များကလည်း မပီကလာပီကလာအသံများဖြင့် ချီးမွမ်းသီဆိုကြ၏။ သို့သော် ယဇ်ပုရောဟိတ်များနှင့်အကြီးအကဲများအတွက်မှာမူကားဤမျှထူးခြားလှသည့် အချက်များကပင်လျှင် သူတို့၏မျက်နှာလိုက်ခြင်းနှင့်မနာလိုဝန်တိုသောစိတ်သဘောများကို မပျော်ကမပျက်စေနိုင်ပါ။

နောက်တစ်နေ့တွင် ခရစ်တော်သည် ဗိမာန်တော်၌ဆုံးမဩဝါဒပေးတော်မူစဉ် ယဇ်ပုရောဟိတ်အကြီးတို့နှင့်လူတို့တွင် အကြီးအကဲဖြစ်သောသူတို့သည် ကိုယ်တော်ထံသို့ချဉ်းကပ်၍ " ကိုယ်တော်သည်

ဤအမှုများကို အဘယ်အခွင့်နှင့်ပြုသနည်း၊ ထိုအခွင့်ကိုအဘယ်သူပေးသနည်း” ဟုမေးလျှောက်ကြပါသည်။

ယဇ်ပုရောဟိတ်များနှင့်လူအကြီးအကဲများတို့သည် ခရစ်တော်၏တန်ခိုးတော်နှင့်စပ်လျဉ်း၍ မမှားမယွင်းနိုင်သောသက်သေသာဓကများကိုတွေ့သိကြ၏။ ဗိမာန်တော်ကိုသန့်စင်စေရာ၌လည်း ကိုယ်တော်၏မျက်နှာတော်တွင် ကောင်းကင်တန်ခိုးထွန်းလင်းတော်မူသည်ကို သူတို့တွေ့မြင်ကြ၏။ ကိုယ်တော်မိန့်ကြားတော်မူသည့်တန်ခိုးအာဏာတော်ကိုလည်းသူတို့မလွန်မဆန်နိုင်ခဲ့ကြ။ ကိုယ်တော်၏အံ့ဩဖွယ်ရာအနာရောဂါကင်းငြိမ်းစေသည့်ဆောင်ရွက်မှုများတွင်လည်း သူတို့၏မေးခွန်းအတွက် အဖြေရှိပါသည်။ ကိုယ်တော်ရရှိထားသောအခွင့်အာဏာကို မငြင်းမဆိုနိုင်ရန် သက်သေသက်ကန်နှင့်ပြခဲ့၏။ သို့သော်သူတို့သည် သက်သေသာဓကကို အလိုရှိကြသည်မဟုတ်ပါ။ သခင်ယေရှုကိုယ်တော်တိုင်က မိမိသည် မေရှိယ (ခရစ်တော်) ဖြစ်သည်ဟုကြွေးကြော်စေလိုကြ၏။ သို့မှသာလျှင် သူတို့သည် ကိုယ်တော်၏စကားများကိုအလွဲအသုံးပြု၍ လူထုထကြွအောင်လှုံ့ဆော်လိုကြပါသည်။ ကိုယ်တော်၏ဩဇာသက်ရောက်မှုကို ဖျက်ဆီး၍ ကိုယ်တော်အားအဆုံးစီရင်လိုကြ၏။

ကိုယ်တော်၏ဆောင်ရွက်မှုများတွင် ဘုရားသခင်၏ဂုဏ်အင်္ဂါတော်ပါဝင်သည်ကိုလည်းကောင်း၊ ကိုယ်တော်၌ဘုရားဇာတိရှိတော်မူသည်ကိုလည်းကောင်း သူတို့အသိအမှတ်မပြုနိုင်လျှင် ကိုယ်တော်သည် ခရစ်တော်ဖြစ်ကြောင်း ကိုယ်တိုင်သက်သေခံသည်တိုင်အောင် သူတို့ယုံကြည်ကြမည်မဟုတ်သည်ကို သခင်ယေရှုသိနှင့်တော်မူ၏။ ကိုယ်တော်သည်သူတို့စွပ်စွဲပြစ်တင်လိုသည့်အကြောင်းရင်းကို သိနှင့်တော်မူသောကြောင့်ယင်းစွပ်စွဲပြစ်တင်ခြင်းကို သူတို့အပေါ်သို့သက်ရောက်စေရန်လွှဲရှောင်ဖြေကြားတော်မူ၏။

ထို့ကြောင့် ယေရှုက "ငါသည်တစ်စုံတစ်ခုကိုမေးဦးမည်။ သင်တို့ဖြေလျှင် ဤအမှုများကိုအဘယ်အခွင့်နှင့် ငါပြုသည်ကိုငါပြောမည်။ ယောဟန်၏ဗတ္တိဇံတရားသည် အဘယ်ကဖြစ်သနည်း။ ဘုရားသခင်ကဖြစ်သလော၊ လူကဖြစ်သလော"ဟုသူတို့အားပြန်၍မေးတော်မူ၏။

ယဇ်ပုရောဟိတ်များနှင့်အကြီးအကဲတို့သည်လည်း စိတ်ရှုပ်ထွေးရကြ၏။ ထို့ကြောင့် "သူတို့သည်အချင်းချင်းဆင်ခြင်၍ ဘုရားသခင်ကဖြစ်သည်ဟုငါတို့ဖြေလျှင် သင်တို့သည် ယောဟန်ကိုအဘယ်ကြောင့်မယုံကြည်သနည်းဟု သူမေးလေဦးမည်။ လူကဖြစ်သည်ဟု ငါတို့ဖြေလျှင် လူများကိုကြောက်ရ၏။ အကြောင်းမူကား၊ လူအပေါင်းတို့သည် ယောဟန်ကိုပုရောဖက်ကဲ့သို့ထင်မှတ်ကြ၏ ဟု အချင်းချင်းဆင်ခြင်ပြီးမှ အကျွန်ုပ်တို့မသိပါဟုယေရှုအားပြန်ပြောကြ၏။ ကိုယ်တော်ကလည်း ထိုအတူ ဤအမှုများကိုအဘယ်အခွင့်နှင့်ငါပြုသည်ကိုငါမပြော" ဟု အဖြေပေးတော်မူ၏။

"အကျွန်ုပ်တို့မသိပါ" ဟုမဟုတ်မမှန်သောစကားဖြင့် ဖြေကြသည်မှာ ယဇ်ပုရောဟိတ်တို့သည် ကိုယ့်အခြေအနေကိုယ်သိကြသောကြောင့် ကိုယ်ကိုကိုယ်ကာကွယ်ကြရန် အမှားကိုဖြေဆိုကြပါသည်။ ဗတ္တိဇံဆရာယောဟန်သည် ယခုသူတို့မေးခွန်းထုတ်နေသူအတွက် သက်သေခံသူအဖြစ်ပေါ်လာသောသူဖြစ်၏။ "ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့" ဟုယောဟန်ကညွှန်ပြဖေါ်ထုတ်ခဲ့ပါသည်။ ယော၊ ၁း၂၉။ သူသည် ကိုယ်တော်အားဗတ္တိဇံပေးခဲ့ပြီးနောက် ခရစ်တော်သည် ဆုတောင်းပြုတော်မူစဉ်

ကောင်းကင်ဖွင့်လှစ်သဖြင့် ဘုရားသခင်၏ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ဆင်းသက်၍ ကိုယ်တော်၏အပေါ်၌ နားတော်မူချိန်တွင် "ဤသူကားငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်းဟု ကောင်းကင်ကအသံတော်ဖြစ်လေ၏။" မ၊ ၃း၁၇။

ယောဟန်သည် မေရှိယနှင့်ပတ်သက်သည့်ပုရောဖက်အနာဂတ်စကားများကိုပြန်၍ပြောဟောလျက်နေသည်ကိုလည်းကောင်း၊ ယေရှုရှင်ဗတ္တိဇံခံယူတော်မူစဉ်က မြင်ကွင်းကိုလည်းကောင်း ယဇ်ပုရောဟိတ်များနှင့်အုပ်ချုပ်သူအရာရှိများတို့သတိရကြသောအခါ ယောဟန်၏ဗတ္တိဇံဆရာသည် ကောင်းကင်မှဖြစ်သည်ဟုမပြောရဲကြ။ ယောဟန်သည်ပုရောဖက်ဖြစ်ကြောင်း သူတို့ယုံကြည်သည်အတိုင်း အသိအမှတ်ပြုကြပါက နာဇရက်မြို့သားယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ယောဟန်သက်သေခံသည်ကို သူတို့ငြင်းပယ်နိုင်ကြလိမ့်မည်မဟုတ်ပေ။ ၎င်းအပြင် ယောဟန်၏ရေနှစ်ခြင်းတရားသည်လည်းလူမှဖြစ်သည်ဟု မပြောဝံ့ကြသည်အကြောင်းမှာ လူအများတို့သည်ယောဟန်ကိုပုရောဖက်ဖြစ်သည်ဟု ယုံကြည်နေကြသောကြောင့် "အကျွန်ုပ်တို့မသိပါ" ဟု သူတို့ပြောကြ၏။

ထိုအခါခရစ်တော်သည် ဖခင်တစ်ဦးနှင့် သားနှစ်ယောက်ဥပမာကိုဟောကြားတော်မူ၏။ ဖခင်ဖြစ်သူသည် သားဦးဖြစ်သူအား "ငါ့သား၊ ယနေ့ငါ့စပျစ်ဥယျာဉ်သို့သွား၍ လုပ်ဆောင်လော့' ဟုပြောသောအခါ သားကြီးဖြစ်သူက ကျွန်တော် "မသွားပါ" ဟုချက်ချင်းပြန်ပြော၏။ ဆိုးသွမ်းသော အပေါင်းအဖော်များလမ်းစဉ်ကိုလိုက်၍ ဖခင်၏စကားကိုနားမထောင်ခဲ့၊ သို့သော် နောက်မှနောင်တရ၍ ဖခင်ဆိုသည့်အတိုင်းနားထောင်လေ၏။

ဖခင်ဖြစ်သူသည် ဒုတိယသားအားလည်း ယခင်နည်းတူ "ငါ့သား၊ ယနေ့ငါ့စပျစ်ဥယျာဉ်သို့သွား၍ လုပ်ဆောင်လော့" ဟုစေလွှတ်ပြန်ရာ "သွားပါမည်အဘ" ဟုကတိပြုသော်လည်း မသွားဘဲနေ၏။

ဤဥပမာတွင် ဖခင်ဖြစ်သူသည် ဘုရားသခင်ကိုလည်းကောင်း၊ စပျစ်ဥယျာဉ်သည် အသင်းတော်ကိုလည်းကောင်း၊ သားနှစ်ယောက်သည်အသင်းဝင်နှစ်မျိုးနှစ်စားကိုပုံဆောင်ထားပါသည်။ ကျွန်တော် "မသွားပါ" ဟုပြော၍ ဖခင်၏အမိန့်ကိုမနာခံသောသားသည် ဘုရား

**"ထိုသားနှစ်ယောက်တို့တွင်အဘယ်သူသည်အဘ၏အလိုကိုဆောင်သနည်း"**

သခင်ကိုရိုကျိုးကိုင်းညွှတ်ပါသည်ဟုမပြောဘဲ ပွင့်ပွင့်လင်းလင်း အပြစ်ကျူးလွန်၍ ဘုရားသခင်၏ပညတ်တော်ဆိုင်ရာပြဋ္ဌါန်းချက်များကို အများသိမလိုက်မစောင့်ရှောက်သူများကို ပုံဆောင်ထားပါသည်။ သို့သော် ထိုသူအများတို့သည် နောက်မှနောင်တသံဝေဂရ၍ ဘုရားသခင်ခေါ်တော်မူခြင်းကိုနားထောင်ကြ၏။ "ကောင်းကင်နိုင်ငံတော်သည်တည်လုနီးပြီ၊ ထိုကြောင့်နောင်တရကြလော့" ဟုဗတ္တိဇံဆရာယောဟန်၏ဝေဖန်ဟောပြောသောတရားတော်သည် သူတို့ထံသို့ရောက်လာသောအခါ သူတို့နောင်တရကြသဖြင့် သူတို့၏အပြစ်များကိုဖေါ်ပြ၍ ဝန်ချတောင်းပန်ကြ၏။" မ၃း၁၊၂။

ကျွန်တော် "သွားပါမည်" ဟုဝန်ခံပြီးမှမသွားဘဲနေသောသားသည် ဖါရိရှဲတို့၏အကျင့်စာရိတ္တကိုထင်ရှားပေါ်လွင်စေ၏။ ယင်းသားကဲ့သို့ ယုဒခေါင်းဆောင်များတွင် နောင်တသံဝေဂမရှိ၊ ကိုယ်ကိုကိုယ်အထင်ကြီးကြ၏ ယုဒအမျိုးသားတို့၏ဘာသာရေးအသက်တာသည် ဟန်ဆောင်မှုသက်သက်ဖြစ်နေ၏။ ဘုရားသခင်၏အသံတော်ဖြင့်သိနာတောင်ပေါ်တွင် ပညတ်တော်ကိုကြွေးကြော်တော်မူသောအခါ လူအပေါင်းတို့ကလိုက်နာပါမည်ဟု ကတိသစ္စာပြုကြ၏။ သူတို့သည် "ကျွန်တော်သွားပါမည်" ဟုပြော၍မသွားဘဲနေသောသားကဲ့သို့ဖြစ်ကြ၏။ ခရစ်တော်သည် လူသားအဖြစ်နှင့်ကြွလာတော်မူပြီးလျှင် ပညတ်တရား၏အခြေခံသဘောတရားကို သူတို့အားထင်ရှားစွာပြသောအခါ သူတို့ငြင်းပယ်ကြ၏။ ခရစ်တော်လက်ထက်က ယုဒခေါင်းဆောင်များအား မိမိ၌ ဘုရားသခင်၏အခွင့်အာဏာနှင့်တန်ခိုးတော်အပြည့်အဝရှိကြောင်းသက်သေသာဓကအမြောက်အမြားကိုထင်ရှားစွာ ပြခဲ့ရာတွင် ယုံကြည်သော်လည်း ယင်းသာဓကများကိုလက်မခံကြ။ သတို့သည်ယုံကြည်ခြင်း၌ဆက်လက်တည်မြဲနေကြသည်မှာ နားထောင်လိုသောစိတ်မရှိကြောင်း

ခရစ်တော်သည် သက်သေပြနေခြင်းဖြစ်ပါသည်။ ထိုကြောင့် "သင်တို့သည်အဆက်ဆက်ခံသောနည်းဥပဒေသအားဖြင့် ဘုရားသခင်၏ပညတ်တော်ကိုပယ်ကြ၏။ . . . လူတို့စီရင်သောပညတ်တို့ကိုသွန်သင်၍ နည်းဥပဒေသပေးလျက်ပင် ငါ့ကိုအချည်းအနှီးကိုးကွယ်ကြ၏" ဟု ခရစ်တော်မိန့်တော်မူ၏။ မ၊ ၁၅း၆၊၉။

ခရစ်တော်၏ ရှေ့မှောက်တော်တွင်ရှိသောလူထုပရိသတ်ထဲတွင် ကျမ်းပြုဆရာများ၊ ဖါရိရှဲများ၊ ယဇ်ပုရောဟိတ်များနှင့် ယုဒအရာရှိများ ပါဝင်ကြ၏။ သားနှစ်ယောက်၏ဥပမာကိုဟောကြားပြီးသောအခါ တရားနာသူများအား ခရစ်တော်က "ထိုသားနှစ်ယောက်တို့တွင်အဘယ်သူသည် အဘ၏အလိုကိုဆောင်ပါသနည်း" ဟုမေးတော်မူသောအခါ ဖါရိရှဲတို့သည် ကိုယ်ကိုကိုယ်မေ့လျော့၍ "သားအကြီးဆောင်ပါသည်" ဟုလျှောက်ကြ၏။ ယင်းသို့ဖြေကြားခြင်းဖြင့် သူတို့ကိုယ်သူတို့စီရင်ချက်ချမှတ်နေကြသည်ကို သူတို့သဘောမပေါက်ကြ။ ထိုအခါ ခရစ်တော်၏နှုတ်တော်မှ "ငါအမှန်ဆိုသည်ကား အခွန်ခံတို့နှင့်ပြည်တန်ဆာတို့သည် သင်တို့အလျင်အဦး ဘုရားသခင်၏နိုင်ငံတော်သို့ဝင်တတ်ကြ၏။ အကြောင်းမူကား ယောဟန်သည် ဖြောင့်မတ်သောအကျင့်ကိုကျင့်၍ သင်တို့ဆီသို့လာသော်လည်း သင်တို့မယုံကြည်ကြ။ အခွန်ခံတို့နှင့်ပြည်တန်ဆာတို့မူကား ယုံကြည်ကြ၏။ ထိုအကြောင်းကိုသင်တို့သည် မြင်သော်လည်း ယုံကြည်မည်အကြောင်း နောက်တစ်ဖန်နောင်တမရကြ" ဟုခရစ်တော်သည် အတိအလင်းပြစ်တင်ဆုံးမတော်မူ၏။

နှစ်ခြင်းဆရာယောဟန်ပေါ်လာ၍ သမ္မာတရားကိုဟောပြောခဲ့ရာသူ၏တရားအားဖြင့် အပြစ်သားအများစုတို့သည် အမှားကိုသိမြင်၍ ပြောင်းလဲခြင်းသို့ရောက်ကြ၏။ ထိုကြောင့် သူတို့သည် ကိုယ်ကိုကိုယ် ဖြောင့်မတ်သည်ဟု ယူဆ၍ အရေးကြီးသောသတိပေးနှိုးဆော်စကားကို

ငြင်းပယ်ကြသူများရှေ့က ကောင်းကင်နိုင်ငံတော်သို့ဝင်ကြလိမ့်မည်။ အခွန်ခံတို့နှင့်ပြည်တန်ဆာတို့သည် မသိမတတ်ကြသော်လည်း ဤပညာရှိတို့မူကား သမ္မာတရားလမ်းကိုသိကြ၏။ သို့သော် ဘုရားသခင်၏ ပရဒိသုဘုံသို့သွားရာလမ်းအတိုင်းလိုက်လျှောက်ရန် သူတို့ငြင်းပယ်ကြ၏။ ထိုကြောင့် သူတို့အတွက်အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏အမွေးအကြိုင်ဖြစ်ရမည့်အစား သမ္မာတရားသည် သူတို့အတွက် သေခြင်းတိုင်အောင် သေခြင်းဆိုင်ရာရနံ့ဖြစ်တော့၏။ ပြောင်ကျကျ အပြစ်ကျူးလွန်နေသူများသည် ကိုယ်ကိုကိုယ်စက်ဆုပ်သောကြောင့် ယောဟန်ထံမှ ဗတ္တိဇံကိုခံယူကြ၏။ သို့သော်ဤဓမ္မဆရာများမှာမူကား သူတော်ကောင်းဟန်ဆောင်ကြ၏။ သမ္မာတရားတော်ကိုလက်ခံရန် အတွက် သူတို့၏စိတ်နှလုံးခိုင်မာခြင်းက ဆူးငြောင့်ခလုတ်ဖြစ်နေပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်က သူတို့၏ အပြစ်ကိုဖော်ပြနေပါလျက် သူတို့တွန်းလှန်ဖြိုဖျက်နေကြ၏။ ဘုရားသခင်၏ပညတ်တော်များကိုလည်း လိုက်နာစောင့်ရှောက်ရန် ငြင်းဆန်ကြ၏။

သင်တို့သည် ကောင်းကင်နိုင်ငံတော်သို့မဝင်နိုင်ကြဟုခရစ်တော်ကသူတို့အား မိန့်တော်မူသည်မဟုတ်ပါ။ သို့သော် သူတို့မဝင်နိုင်အောင် တားဆီးထားသည့်ခုတ်ဆူးငြောင့်မှာ သူတို့ကိုယ်တိုင်ဖန်တီးထားသည့်

-----------------------------------------------------------

"သင်တို့သည်ယာကုပ်အမျိုး၊ ဣသရေလသားတို့အားပြန်ပြောရသောအမိန့်တော်မူကား. . . ယခုတွင်သင်တို့သည် ငါ့စကားကိုအမှန်နားထောင်၍ငါ့ပဋိညာဉ်ကိုစောင့်ရှောက်လျှင် အခြားသောလူမျိုးတကာတို့ထက်သင်တို့သည် ငါပိုင်ထိုက်သောဘဏ္ဍာတော်ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှသည်ငါ၏ဥစ္စာဖြစ်၏။ သင်တို့သည်လည်းမင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုးဖြစ်ကြလိမ့်မည်။" ထွ၊၁၉း၃-၆။

-----------------------------------------------------------

အရာပင်ဖြစ်ကြောင်း ကိုယ်တော်ကဖွင့်ပြတော်မူ၏။ ဤယုဒခေါင်းဆောင်များအတွက် တံခါးကိုဖွင့်ထားပြီးလျှင် ဆက်လက်ခေါ်ဖိတ်လျက်ပင်ရှိသောကြောင့် သူတို့၏အပြစ်ကိုသူတို့သိမြင်၍ ပြောင်းလဲခြင်းသို့ရောက်ကြရန် ခရစ်တော်မြင်လိုတော်မူ၏။

ယဇ်ပုရောဟိတ်များနှင့် ဣသရေလခေါင်းဆောင်များသည် ဘာသာရေးထုံးဓလေ့အရ ကျင်းပသောအခမ်းအနားများနှင့်သာ သူတို့၏အသက်တာကိုကုန်လွန်စေကြ၏။ ယင်းအခမ်းအနားများမှာလည်း မြင့်မြတ်သန့်ရှင်းလွန်းသည့်အတွက် လောကရေးနှင့်ဆိုင်သောလုပ်ငန်းများနှင့်မဆက်စပ်သင့်ဟု သူတို့သဘောပိုက်ကြ၏။ ထို့ကြောင့်သူတို့၏အသက်တာများသည် ဘာသာရေးအတွက် သီးသန့်ထားသည်ဟု ယူဆကြ၏။ ၎င်းအပြင်သူတို့သည် ဘုရားသခင်ကိုကြည်ညိုလေးစားသောသူများဖြစ်ကြောင်း လောကကြီးကတွေ့မြင်စေရန်အတွက် ယင်းအခမ်းအနားများကို လူအများမြင်သာအောင် ကျင်းပကြ၏။ ဘုရားသခင်ကိုယုံကြည်ကိုးစားပါသည်ဟု ပြောကြသော်လည်း အမှန်ယုံကြည်ခြင်းမရှိကြ။ သမ္မာတရားတော်ကိုသွန်သင်နေကြသော်လည်း သမ္မာတရားလမ်းစဉ်အတိုင်းမလိုက်နာကြပါ။

နှစ်ခြင်းဆရာယောဟန်သည် အကြီးဆုံးသောပုရောဖက်များတွင်တစ်ဦးပါဝင်ကြောင်းကိုလည်းကောင်း၊ သူသည် ဘုရားသခင်စေလွှတ်တော်မူသည့်တမန်တော်တစ်ဦးဖြစ်ကြောင်း သူတို့၌သက်သေသာဓကလုံလောက်စွာရှိကြောင်းကိုလည်းကောင်း၊ တရားနာပရိသတ်တို့အား ခရစ်တော်အထင်အရှားဖေါ်ပြတော်မူ၏။ တော၌တရားဟောပြောသောသူ၏အသံတွင်တန်ခိုးပါ၏။ သူသည် မတွန့်မဆုတ်ဘဲ သူ၏သတင်းစကားကိုဆောင်ခဲ့၏။ ယဇ်ပုရောဟိတ်များနှင့်အရာရှိများအား သူတို့၏အပြစ်များအတွက်ပြစ်တင်ဆုံးမခဲ့၏။ကောင်းကင်နိုင်ငံတော်နှင့်ဆိုင်သော

လုပ်ငန်းတာဝန်များကို သူတို့အားပေးအပ်ထားခဲ့သော်လည်း ယင်းတာဝန်များကိုလွှဲရှောင်ကြသဖြင့် အဘခမည်းတော်၏အမိန့်တော်ကိုဖီဆန်ရာရောက်သဖြင့် အပြစ်ကျူးလွန်ခြင်းဖြစ်ကြောင်း ထောက်ပြခဲ့၏။ သူသည်အပြစ်နှင့်စေ့စပ်ခြင်းမပြုမလုပ်၊ အများသောသူတို့သည်လည်း သူတို့၏မဖြောင့်မတ်သောလမ်းစဉ်ကိုစွန့်လွှတ်ကြ၏။

ထိုကြောင့်ယုဒခေါင်းဆောင်တို့၏လမ်းစဉ်သည် စစ်မှန်ခဲ့ပါက ယောဟန်၏သက်သေခံချက်ကိုနာခံ၍ ခရစ်တော်သည်မေရှိယဖြစ်သည်ဟုလက်ခံကြလိမ့်မည်။ သို့သော် သူတို့သည်နောင်တရခြင်းနှင့်ဖြောင့်မတ်ခြင်းဆိုင်ရာအသီးများကိုမသီးကြ။ သူတို့အထင်သေးသောသူများသည် သူတို့ရှေ့က ဘုရားသခင်၏နိုင်ငံတော်သို့တိုးဝှေ့ဝင်ရောက်ကြ၏။

ဥပမာတွင်ကျွန်တော် "သွားပါမည်အဘ" ဟုဝန်ခံသောသားသည် ကိုယ်ကိုကိုယ်သစ္စာရှိ၍နားထောင်ခြင်းလည်းရှိပါသည်ဟုဆိုသော်လည်း အချိန်တန်သောအခါ သူ၏လုပ်ရပ်သည် အစစ်အမှန်မဟုတ်ကြောင်းပေါ်လွင်ထင်ရှားနေသူကိုပုံဆောင်ထားပါသည်။ သူသည် သူ၏ဖခင်ကိုအစစ်အမှန်ချစ်မြတ်နိုးသူမဟုတ်။ ထိုနည်းအတူ ဖါရိရှဲတို့သည်လည်းသူတို့ကိုယ်သူတို့သန့်ရှင်းသူများဖြစ်သည်ဟုကြွားဝါကြပါသည်။ သို့သော်စစ်ဆေးသောအခါ ချိန်ခွင်၌လျော့နေကြောင်းတွေ့ရ၏။ သူတို့အတွက် အကျိုးကျေးဇူးရှိမည်ဆိုပါက ပညတ်တော်၏တောင်းဆိုချက်များကို အထူးတိကျအောင်လိုက်နာစေကြ၏။ သို့သော် သူတို့ကိုယ်တိုင်က လိုက်နာရန်လိုအပ်လာသောအခါ ဘုရားသခင်၏ကျင့်ဝတ်ဆိုင်ရာတရားတော်၏အနက်များကို ဆင်ခြေလိမ်ညာများဖြင့်လိမ္မာပါးနပ်စွာအကြောင်းပြလွှဲရှောင်ကြ၏။ ထိုကြောင့် ခရစ်တော်က "သူတို့၏အကျင့်အတိုင်းမကျင့်ကြနှင့်၊ အကြောင်းမူကား သူတို့သည်

စီရင်ထုံးဖွဲ့သော်လည်း ကိုယ်တိုင်မကျင့်ကြ" ဟုထိုသူများအား ရည်မှတ်၍ မိန့်တော်မူ၏။ မ၊ ၂၃း၃။ သူတို့သည် ဘုရားသခင်ကိုလည်းကောင်း၊ လူကိုလည်းကောင်း အစစ်အမှန်ချစ်ကြသည်မဟုတ်။ ဤလောက ကမ္ဘာကြီးကိုကောင်းကြီးပေးရာ၌ ဘုရားသခင်နှင့်အတူပူးပေါင်းဆောင် ရွက်ရန် သူတို့အားခေါ်တော်မူ၏။ သို့သော် ယင်းခေါ်တော်မူသံကို အမည်အားဖြင့်သာလက်ခံကြပြီးလျှင် လက်တွေ့လုပ်ဆောင်ရာတွင် သွေဖည်ကြ၏။ သူတို့သည် ကိုယ်ကိုကိုယ်စိတ်ချယုံကြည်၍ သူတော် ကောင်းများဖြစ်သည်ဟု ဝါကြွားကြသော်လည်း ဘုရားသခင်၏ပညတ် တော်များကိုသွေလှန်ကြ၏။ ဘုရားသခင်ခန့်အပ်ထားတော်မူသော လုပ်ငန်းကို သူတို့မဆောင်ရွက်ကြဘဲ ပညတ်တော်ကိုလွန်ကျူးသည့် အပြစ်များကြောင့် ဘုရားသခင်သည် ယင်းနားထောင်ခြင်းကင်းမဲ့သော လူမျိုးနှင့်ပြတ်စဲလုနီးခဲ့၏။

ကိုယ်ကိုကိုယ်ဖြောင့်မတ်သည်ဟု သဘောထားခြင်းသည်စစ်မှန် သောဖြောင့်မတ်ခြင်းမဟုတ်ပါ။ ယင်းသို့စွဲလမ်းခြင်းရှိနေသူများသည် သေခြင်းနှင့်ရင်ဆိုင်သောလှည့်ဖြားခြင်းကိုစွဲကိုင်ထားခြင်းသာဖြစ်၍ယင်း အကျိုးကိုခံရကြပေလိမ့်မည်။ မျက်မှောက်ကာလတွင်လည်း ဘုရားသခင် ၏ပညတ်တော်များကိုလိုက်နာစောင့်ရှောက်ကြပါသည်ဟု လူအများ တို့ကအဆိုပြုကြ၏။ သို့သော် သူတစ်ပါးအား တစ်ဆင့်ကူးစက်နိုင် လောက်သည့်ဘုရားသခင်၏ချစ်ခြင်းမေတ္တာ သူတို့မှာမရှိ။ ဤလောက ကိုကယ်တင်ရန် ကိုယ်တော်နှင့်အတူပူးပေါင်းဆောင်ရွက်ရန်သူတို့အား ခရစ်တော်ခေါ်တော်မူ၏။ သို့သော် သူတို့က ကျွန်တော်"သွားပါမည် အဘ" ဟုသာပြော၍ ကျေနပ်ရောင့်ရဲနေကြပါသည်။ အမှန်အားဖြင့် သူတို့မသွားကြ။ ဘုရားသခင်၏ အမှုတော်ဆောင်များနှင့်လက်မတွဲကြ။ ပျင်းရိသောသူများဖြစ်ကြ၏။ သစ္စာမရှိသောသားကဲ့သို့ဘုရားသခင်အား

မမှန်သောကတိကိုပြုကြ၏။ သူတို့သည် အသင်းတော်၏လေးနက်သောပဋိညာဉ်ကိုခံယူလျက် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုလက်ခံနာယူပါမည်ဟူ၍လည်းကောင်း၊ ဘုရားသခင်၏အမှုတော်အတွက် ကိုယ်ကိုကိုယ်ဆက်ကပ်ပါမည်ဟူ၍လည်းကောင်း ကတိသစ္စာပြုကြပြီးသော်လည်း လက်တွေ့အားဖြင့်မဆောင်ရွက်ကြပါ။ ဘုရားသခင်၏သားများဖြစ်သည်ဟု အမည်ခံထားကြသော်လည်း သူတို့၏ဘဝအသက်တာနှင့်အကျင့်များက ဆန့်ကျင်နေကြသည်။ သူတို့သည် မိမိတို့၏စိတ်အလိုကို ဘုရားသခင်အား ဆက်ကပ်ထားခြင်းမပြုကြ။ သူတို့၏အသက်တာသည်လိမ်လည်သောအသက်တာသာဖြစ်၏။

အနစ်နာခံရန်အကြောင်းမပေါ်ပေါက်လျှင် နားထောင်ပါမည်ဆိုသောကတိကို သူတို့အတည်ပြုဟန်လက္ခဏာရှိသော်လည်း ကိုယ်ကိုကိုယ်ငြင်းပယ်၍ အနစ်နာခံရန်လိုအပ်လာသောအခါတွင်လည်းကောင်း၊ လက်ဝါးကပ်တိုင်ကိုချီပင့်ရန်လိုအပ်လာသောအခါတွင်လည်းကောင်း သူတို့နောက်ဆုတ်ကြ၏။ သို့ဖြစ်၍တာဝန်ပျက်ကွက်ခြင်းတိုးပွားလာသည်နှင့်အမျှ ဘုရားသခင်၏ ပညတ်တော်များကို သိသိသာသာကျူးလွန်ခြင်းသည်လည်း အကျင့်ဓလေ့ဖြစ်လာတော့သည်။ ဘုရားသခင်၏နှုတ်တော်ထွက်စကားတော်ကိုနားဖြင့်ကြားရသော်လည်း ဝိညာဉ်ရေးနှင့်စပ်လျဉ်း၍သိမှတ်တတ်သည့်စွမ်းအားမရှိတော့ပါ။ စိတ်နှလုံးသည်ခိုင်မာ၍ အသေးစိတ်သည်လည်း သံပူနှင့်ခတ်ခြင်းကိုခံရသဖြင့် လောင်ကျွမ်းခြင်းသို့ရောက်တော့၏။

ခရစ်တော်နှင့်ဆန့်ကျင်ဘက်မဖြစ်ရုံမျှနှင့် ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်နေသည်ဟုမယူဆပါနှင့်။ ဤနည်းအားဖြင့်ကျွန်ုပ်တို့သည်ကိုယ်ကိုကိုယ်လှည့်ဖြားလျက်ရှိကြ၏။ ဘုရားသခင်၏အမှုတော်ကို

ဆောင်ရွက်ရန်အတွက် ကျွန်ုပ်တို့အားပေးအပ်ထားသည့်အချိန်ကို ဖြစ်စေ၊ ဥစ္စာပစ္စည်းကိုဖြစ်စေ၊ အခြားမည်သည့်ယုံမှတ်လွှဲအပ်ထားသည့် ဆုကျေးဇူးကိုပင်ဖြစ်စေ၊ အသုံးမပြုမပေးမကမ်းဘဲ ထားခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ဆန့်ကျင်သောအမှုကို ဆောင်ရွက်နေကြ၏။

စာတန်သည် မိမိတပ်ကိုအင်အားပြည့်တင်းရန်အတွက်သတိမမူ ဂရုမစိုက်မလှုပ်မရှားဘဲ ငိုက်မျဉ်းနေသည့်ခရစ်ယာန်အမည်ခံများကို အသုံးပြု၏။ အများသောသူတို့သည် ခရစ်တော်အတွက် အတိအကျ အမှုတော်မဆောင်ရွက်သော်လည်း ကိုယ်တော်၏ဘက်တော်သားများ ဖြစ်သည်ဟု ယူဆကြ၏။ ထိုသို့ယူဆခြင်းဖြင့် ရန်သူသည် ကြိုတင်၍ နယ်ယူထားခြင်းဖြင့်အခွင့်သာနေပါသည်။ သခင်အတွက် ဝီရိယစိုက် သောအမှုဆောင်များမဖြစ်ကြသောကြောင့်လည်းကောင်း၊ တာဝန်များကို ကျေပွန်အောင်မဆောင်ရွက်ဘဲထားခြင်းကြောင့်လည်းကောင်း၊ ပြောသင့် သည့်စကားများကိုမပြောဘဲ နေခြင်းကြောင့်လည်းကောင်း ခရစ်တော် ဘက်သို့ခေါ်ဆောင်ရမည့်အသက်ဝိညာဉ်များကို စာတန်က ချုပ်ချယ်နိုင် ရန်အခွင့်အရေးပေးလိုက်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ပျင်းရဖင့်နွဲ့နေခြင်းအားဖြင့်လည်းကောင်း၊ ထ ကြွလှုံ့လမရှိခြင်းဖြင့်လည်းကောင်း မည်သည့်အခါမျှကယ်တင်ခြင်းကို မရ မယူနိုင်။ ကူညီထောက်ပံ့ခြင်းကင်းမဲ့၍ အချည်းနှီးနေသောအသက်တာ သည်အစစ်အမှန်ပြောင်းလဲသူ၏အသက်တာမဖြစ်နိုင်။ ရေစုန်ကို မျှော၍ လိုက်ခြင်းဖြင့်ကောင်းကင်သို့မရောက်နိုင်။ လူပျင်းသည်လည်းထိုနေရာ အရပ်သို့မဝင်နိုင်။ နိုင်ငံတော်သို့ဝင်ရောက်နိုင်ရန် မကြိုးပမ်းလျှင် လည်း ကောင်း၊ နိုင်ငံတော်နှင့်ဆိုင်သောပညတ်များတွင်ပါဝင်သည့်ထုံးနည်း ဥပဒေများကိုသင်ကြားနာယူရန်ကျွန်ုပ်တို့လေးလေးစားစားစူးစမ်းရှာဖွေ

ခြင်းမပြုလျှင်လည်းကောင်း ထိုနေရာတွင်ပါဝင်ရန် ထိုက်တန်လိမ့်မည်မဟုတ်ပါ။ ဤလောကတွင်ဘုရားသခင်နှင့်အတူပူးပေါင်းဆောင်ရွက်ရန်ငြင်းဆိုသောသူသည် ကောင်းကင်နိုင်ငံတော်တွင်လည်းကိုယ်တော်နှင့်ပူးပေါင်းဆောင်ရွက်လိမ့်မည်မဟုတ်ပါ။ ထိုသူကို ကောင်းကင်နိုင်ငံတော်သို့ခေါ်သွင်းလျှင် လုံခြုံစိတ်ချရလိမ့်မည်မဟုတ်ပါ။

ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုသိလျက် မလိုက်နာသူများထက် အခွန်ခံနှင့်ဆိုးသောသူများကပို၍မျှော်လင့်ချက်ရှိပါသည်။ ကိုယ်ကိုကိုယ်အပြစ်ရှိသောသူဖြစ်သည်ဟုမြင်ပြီး ယင်းအပြစ်ကိုဖုံးကွယ်၍မရနိုင်ဟုသိမြင်သူသည်လည်းကောင်း၊ ဘုရားသခင်၏ရှေ့တော်၌ကိုယ်၊ စိတ်၊ နှလုံးသုံးပါးသည် ဖေါက်ပြန်ပျက်စီးတတ်သည်ဟူ၍သိမြင်သောသူသည်လည်းကောင်း၊ ကောင်းကင်နိုင်ငံတော်နှင့်ထာဝရကင်းကွာရတော့မည်ကို ထိတ်လန့်စိုးရိမ်သောသူဖြစ်၏။ သူသည်သူ၏ရောဂါအခြေအနေကိုသိသောကြောင့် ယင်းဝေဒနာပျောက်ကင်းရန် "ငါ့ထံသို့လာသောသူကိုငါသည်အလျှင်းမပယ်" ဟုမိန့်တော်မူသည့်တစ်ပါးတည်းသောသမားတော်ကြီးကို ရှာဖွေသောသူဖြစ်၏။ ယော၊ ၆း၃၇။ ဘုရားသခင်သည် ထိုသူတို့အားမိမိစပျစ်ဥယျာဉ်တော်တွင်လုပ်ဆောင်နေသူများအဖြစ်အသုံးပြုတော်မူလိမ့်မည်။

ခေတ္တမျှဖခင်၏အမိန့်ကိုမနာခံသည့်သားအား ခရစ်တော်အပြစ်မတင်၊ ချီးမွမ်းခြင်းလည်းမပြုပါ။ အမိန့်ကိုမနာခံသည့် ပထမသားကိုပုံဆောင်သောလူတန်းစားသည် ယင်းသို့ပြုခြင်းအတွက် မည်သို့မျှဂုဏ်ပြုချီးကျူးခြင်းကိုမခံစားထိုက်ပါ။ သူတို့၏ပွင့်ပွင့်လင်းလင်းပြောဆိုတတ်ခြင်းကို ကောင်းသောအကျင့်ဟု သဘောထားရန်မဟုတ်ပါ။ အမှန်တရားနှင့်သန့်ရှင်းခြင်းပါရမီအားဖြင့် သန့်စင်စေခြင်းကိုခံရသော

သူသည်ခရစ်တော်အတွက်ရဲရင့်စွာသက်သေခံသူဖြစ်လိမ့်မည်။ သို့သော် အပြစ်ရှိသောသူက ယင်းအတိုင်းအသုံးပြုလျှင် ရမ်းကာခြင်းနှင့်မထီမဲ့မြင်ပြုခြင်းသာဖြစ်၍ဘုရားသခင်ကိုပြစ်မှားရာရောက်ပါသည်။ သူတော်ကောင်းယောင်ဆောင်သောသူမဟုတ်တိုင်း အပြစ်ရှိသောသူထက်သာသည်မဟုတ်ပါ။ စိတ်နှလုံးကိုသန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်သောအခါရွှေ့ဆိုင်းခြင်းမပြုဘဲ တုံ့ပြန်မှသာလျှင် ကျွန်ုပ်တို့အတွက်စိတ်ချရပါသည်။ “ယနေ့ငါ့စပျစ်ဥယျာဉ်သို့သွား၍လုပ်ဆောင်လော့” ဟုဖိတ်ခေါ်သံကိုကြားရလျှင်မငြင်းပါနှင့်။ “ယနေ့သင်တို့သည်ပုရောဖက်ပြုချက်စကားအသံကိုကြားလျက်ရှိသည်ဖြစ်၍ ခိုင်မာသောစိတ်နှလုံးမရှိကြနှင့်။” ဟေဗြဲ၊ ၄း၇။ နားထောင်ရန်ရွှေ့ဆိုင်းခြင်းအတွက်အခက်အခဲရှိပါသည်။ ဖိတ်ခေါ်သံကိုနောက်တစ်ဖန်ကြားကောင်းမှကြားရပေလိမ့်မည်။

မိမိကြိုက်နှစ်သက်၍ပြုလုပ်နေသောမကောင်းမှုတစ်ခုကို အချိန်တန်လျှင်အလွယ်တကူစွန့်လွှတ်နိုင်ပါသည်ဟု မည်သူမျှကိုယ်ကိုကိုယ်အထင်မကြီးပါစေနှင့်။ ထိုသို့မပြုနိုင်ပါ။ မကောင်းမှုမှန်သမျှသည်အကျင့်ကိုအားနည်းယုတ်လျော့စေ၍ မကောင်းမှုဓလေ့ကိုအားပေးအားမြှောက်ပြုသဖြင့် ကိုယ်၊ စိတ်၊ နှလုံးသုံးပါးလုံးကို ယိုယွင်းပျက်စီးစေပါသည်။ သင်ပြုမိသောအမှားအတွက် နောင်တရကောင်းရပေလိမ့်မည်။ ၎င်းအပြင်မှန်သောလမ်းသို့ဆက်၍ လိုက်လျှောက်လျက်ရှိကောင်းရှိပေလိမ့်မည်။ သို့သော် သင်၏အသိဉာဏ်ထိုင်းမှိုင်းပြီးလျှင် မကောင်းမှုနှင့်အကျွမ်းတဝင်ဖြစ်ခဲ့ပြီးဖြစ်သောကြောင့် အမှားအမှန်ကိုပိုင်းခြားဝေဖန်ရန်အခက်ကြုံလိမ့်မည်။ မကောင်းသောအလေ့အထကိုပုံသွင်းပြီးဖြစ်သောကြောင့်စာတန်သည်သင့်အားကြိမ်ဖန်များစွာဖိစီးတိုက်ခိုက်လိမ့်မည်။

“ယနေ့ငါ့စပျစ်ဥယျာဉ်သို့သွားလုပ်ဆောင်လော့” ဟုဆိုသော အမိန့်သည် လူတိုင်းတွင်စစ်မှန်ရိုးဖြောင့်သောစိတ်ရှိမရှိ စစ်ဆေးခြင်း ဖြစ်ပါသည်။ အပြောတွင်အလုပ်ပါဝင်ပါလိမ့်မည်လော။ ခေါ်တော်မူခြင်းကိုခံရသောသူသည် စပျစ်ဥယျာဉ်ကိုပိုင်တော်မူသောအရှင်အတွက်မိမိ အသိဉာဏ်ရှိသမျှကိုအသုံးပြု၍ သစ္စာရှိစွာဖြင့် မိမိကောင်းကျိုးကိုမငဲ့ ကွက်ဘဲလုပ်ဆောင်ပါမည်လား။

ကျွန်ုပ်တို့ဆောင်ရွက်ရမည့်လုပ်ငန်းပုံစံနှင့်စပ်လျဉ်း၍ တမန်တော်ပေတရုကဩဝါဒပေးခဲ့သည်မှာ “ဘုရားသခင်ကိုလည်းကောင်း၊ ငါတို့သခင်ယေရှုခရစ်ကိုလည်းကောင်း သိသောဉာဏ်အားဖြင့် ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌များပြားပါစေသော။ ထိုသို့နှင့်အညီ ငါတို့ကိုဘုန်းတန်ခိုးတော်နှင့်ခေါ်တော်မူသောဘုရားသခင်ကိုသိသော ဉာဏ်အားဖြင့် ငါတို့အားအသက်ရှင်ခြင်း၊ ဘုရားသခင်၌မွေ့လျော်ခြင်းနှင့်စပ်ဆိုင်သောအရာရှိသမျှတို့ကို ဘုရားသခင်တန်ခိုးတော်သည်ပေးသနားတော်မူပြီ။ ထိုသို့သောအားဖြင့်လည်း အလွန်ကြီးမြတ်၍အဖိုးထိုက်သောကတိများကို ငါတို့၌အပ်ပေးတော်မူပြီ။ အကြောင်းမူကား ထိုကတိတော်များကိုအမှီပြု၍ သင်တို့သည် လောကတပ်မက်ခြင်းအညစ်အကြေးနှင့်ကင်းလွတ်သဖြင့် ဘုရားသခင်ပကတိကိုဆက်ဆံရသောသူဖြစ်မည် အကြောင်းတည်း။

“ထိုသို့အလိုငှါ သင်တို့သည် ယုံကြည်ခြင်း၌ကောင်းသော အကျင့်ကိုလည်းကောင်း၊ ကောင်းသောအကျင့်၌ပညာကိုလည်းကောင်း၊ ပညာ၌ကာမဂုဏ်ချုပ်တည်းခြင်းကိုလည်းကောင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း၌ သည်းခံခြင်းကိုလည်းကောင်း၊ သည်းခံခြင်း၌ဘုရားဝတ်ကိုပြု၍ မွေ့လျော်ခြင်းကိုလည်းကောင်း၊ ထိုမွေ့လျော်ခြင်း၌ ညီအစ်ကိုစုံမက်

ခြင်းကိုလည်းကောင်း၊ ညီအစ်ကိုစုံမက်ခြင်း၌ ချစ်ခြင်းမေတ္တာကိုလည်းကောင်း အလွန်ကြိုးစားအားထုတ်၍ ထပ်ဆင့်ကြလော့။" ၂ပေ၊ ၁း၂-၇။

သင်၏စိတ်နှလုံးစပျစ်ဥယျာဉ်ကို သစ္စာရှိစွာပြုစုပျိုးထောင်ပါက ဘုရားသခင်သည် သင့်အားမိမိနှင့်အတူ ပူးပေါင်းဆောင်ရွက်သောသူဖြစ်စေတော်မူလိမ့်မည်။ ထိုအခါသင့်အတွက်သာမက သူတစ်ပါးအတွက်ပါဆောင်ရွက်ရန်လုပ်ငန်းရှိလိမ့်မည်။ အသင်းတော်ကိုစပျစ်ဥယျာဉ်နှင့်ပုံဆောင်ရာ၌ ကျွန်ုပ်တို့သည်ကိုယ်ချင်းစာတရားနှင့်အမှုတော်ဆောင်ရွက်ခြင်းကို အသင်းသားများအတွက်သာ ကန့်သတ်ထားရမည်ဟု ခရစ်တော်ဆုံးမတော်မူသည် မဟုတ်ပါ။ ဘုရားသခင်၏စပျစ်ဥယျာဉ်တော်ကိုတိုးချဲ့ရမည်။ ကမ္ဘာအရပ်ရပ်သို့နှံ့ပြားစေလိုတော်မူ၏။ ကျွန်ုပ်တို့ကျေးဇူးတော်နှင့်အမိန့်တော်ကိုလက်ခံရရှိသည်နှင့်တစ်ပြိုင်နက် အဖိုးတန်အပင်များကို မည်သို့မည်ပုံ ကြည့်ရှုစောင့်ရှောက်ရမည်ကို သူတစ်ပါးတို့အားအသိပညာဝေငှပေးကမ်းရမည်။ ယင်းနည်းအားဖြင့် ဘုရားသခင်၏စပျစ်ဥယျာဉ်တော်ကို တိုးချဲ့နိုင်ကြပေလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့်သည်းခံခြင်းအတွက်သာဓကများကိုစောင့်၍ကြည့်နေတော်မူ၏။ အပြစ်ကြောင့် အာဒံနှင့်ဧဝတို့ထွက်ခွာခဲ့ရသောဒေင်အိမ်တော်ဖြစ်သည့် ဘုရားသခင်၏နိုင်ငံတော်သို့ ကျွန်ုပ်တို့ဝင်ရောက်ခွင့်ရရှိနိုင်ရန် ဤကမ္ဘာပေါ်ရှိဘုရားသခင်၏စပျစ်ဥယျာဉ်တော်၌ ကျွမ်းကျင်သောဥယျာဉ်စောင့်များ ဖြစ်လာသည်တိုင်အောင် ကျွန်ုပ်တို့ရရှိသောဝိညာဉ်ရေးဆိုင်ရာအခွင့်အရေးရှိသမျှကိုအသုံးပြုမပြု ဘုရားသခင်သည် စောင့်၍ကြည့်နေတော်မူ၏။

ဘုရားသခင်သည် မိမိ၏လူတို့အတွက် ဖခင်အဖြစ်ရပ်တည်တော်မူသည်ဖြစ်၍ ကျွန်ုပ်တို့သစ္စာရှိစွာအမှုတော်ဆောင်ရွက်ရန် တောင်းဆိုတော်မူ၏။ ခရစ်တော်၏အသက်တာကိုဆင်ခြင်ကြည့်ပါ။ ကိုယ်တော်သည် လူသားတို့၏ရှေ့မှခေါင်းဆောင်တော်မူ၍ ခမည်းတော်၏အမှုတော်ကိုဆောင်ရွက်ရာ၌ သားသမီးတိုင်းပြုသင့်ပြုထိုက်သည်ကို ပုံစံနမူနာပြုတော်မူ၏။ ခရစ်တော်နားထောင်တော်မူသကဲ့သို့ ယနေ့လူသားတို့နားထောင်ရန် ဘုရားသခင်အလိုရှိတော်မူ၏။ ကိုယ်တော်သည်ခမည်းတော်၏အမှုတော်ကိုမေတ္တာဖြင့်လည်းကောင်း၊ လိုလားစွာဖြင့်လည်းကောင်း၊ ရက်ရောစွာဖြင့်လည်းကောင်း ထမ်းဆောင်တော်မူ၏။ "အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်၏အလိုတော်ကိုဆောင်ရွက်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားတော်သည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏" ဟု ကိုယ်တော်မိန့်မြွက်တော်မူ၏။ ဆာ၊ ၄၀း၈။ မိမိလာရောက်ထမ်းဆောင်ရမည့်အမှုတော်ပြီးမြောက်ရေးအတွက် ခရစ်တော်သည် မည်သည့်အနစ်နာခံမှုကိုမျှ ကြီးမားလွန်းသည်ဟူ၍လည်းကောင်း၊ မည်သည့်ကြိုးပမ်းမှုကိုမျှ ခက်ခဲလွန်းသည်ဟူ၍လည်းကောင်း မှတ်တော်မမူပါ။ သက်တော်တစ်ဆယ့်နှစ်နှစ်ရှိစဉ်က "အကျွန်ုပ်သည် အဘ၏အိမ်၌နေရသည်ကို မသိပါသလော" ဟု မေးတော်မူ၏။ လု၊ ၂း၄၉။ ကိုယ်တော်သည် ခေါ်တော်မူသံကို ကြားသည်ဖြစ်၍ အမှုတော်ကိုထမ်းဆောင်တော်မူ၏။ ထိုကြောင့် "ငါ့ကိုစေလွှတ်တော်မူသောသူ၏ အလိုတော်ကိုဆောင်ခြင်း၊ သူ၏အမှုတော်ကိုပြီးစီးခြင်းအမှုသည် ငါ့စားစရာဖြစ်၏" ဟုလမ်းညွှန်မိန့်ကြားတော်မူ၏။ ယော၊ ၄း၃၄။

ကျွန်ုပ်တို့သည်လည်း ထိုနည်းတူ ဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်ရကြပါမည်။ နားထောင်မှုအဆင့်မြင့်ဆုံးအထိဆောင်ရွက်သူသာလျှင် အမှုတော်ကိုထမ်းဆောင်ခြင်းဖြစ်၏။ ဘုရားသခင်၏သားသမီးဖြစ်လိုသောသူများသည် ဘုရားသခင်နှင့်လည်းကောင်း၊ ခရစ်တော်နှင့်လည်းကောင်း၊ ကောင်းကင်တမန်များနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်သောသူများဖြစ်ကြောင်း သက်သေပြရမည်။ ယင်းနည်းဖြင့်လူတိုင်းအား စစ်ဆေးစမ်းသပ်တော်မူ၏။ ကိုယ်တော်အတွက်သစ္စာရှိစွာဖြင့် အမှုတော်ထမ်းဆောင်သူများအား "ထိုသူတို့သည်ငါစီရင်သောနေ့ရက်၌ ငါပိုင်ထိုက်သောဘဏ္ဍာတော်ဖြစ်ကြလိမ့်မည်။ အဘ၏အမှုကိုဆောင်သောသားကို အဘနှမြောသကဲ့သို့ ထိုသူတို့ကိုငါနှမြောမည်ဟု ကောင်းကင်ဗိုလ်ခြေထာဝရဘုရားသခင်မိန့်တော်မူ၏။" မာလ၊ ၃း၁၇။

ဘုရားသခင်သည် အရာခပ်သိမ်းကိုအဆင်သင့်ဖြစ်အောင်ကြိုတင်စီမံထားတော်မူခြင်း၏ အကြီးဆုံးသောရည်ရွယ်ရင်းမှာ လူတို့အားစမ်းသပ်ခြင်းနှင့်သူတို့၏အကျင့်ကိုတိုးတက်ဖွံ့ဖြိုးအောင်ပြုစုပျိုးထောင်ရန်အတွက် အခွင့်အရေးပေးထားတော်မူခြင်းဖြစ်ပါသည်။ ယင်းနည်းအားဖြင့်လူတို့သည် ကိုယ်တော်၏ပညတ်များကိုလိုက်နာစောင့်ရှောက်ခြင်းရှိမရှိ စမ်းသပ်စစ်ဆေးတော်မူ၏။ ကျွန်ုပ်တို့သည် ကောင်းသောအကျင့်အားဖြင့် ဘုရားသခင်၏ချစ်ခြင်းကိုဝယ်ယူနိုင်သည်မဟုတ်ပါ။ သို့သော် ယင်းကောင်းသောအကျင့်က ကျွန်ုပ်တို့၌ ဘုရားသခင်၏ချစ်ခြင်းရှိကြောင်းပြပါသည်။ ကျွန်ုပ်တို့၏စိတ်အလိုကို ဘုရားသခင်အားဆက်ကပ်ထားပါက ကျွန်ုပ်တို့သည် ကောင်းသောအကျင့်များကိုကျင့်ခြင်းအားဖြင့် ဘုရားသခင်၏မေတ္တာတော်ကိုရရှိရန် ကြိုးစား

ကြလိမ့်မည်မဟုတ်ပါ။ ကိုယ်တော်၏ချစ်ခြင်းကိုအခမဲ့လက်ဆောင်အဖြစ်ကျွန်ုပ်တို့လက်ခံရယူ၍ ကိုယ်တော်ကိုချစ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ပညတ်တော်များကို လိုက်နာစောင့်ရှောက်ခြင်း၌အားရဝမ်းမြောက်ခြင်းရှိကြပေလိမ့်မည်။

ယနေ့လောကတွင် လူနှစ်မျိုးနှစ်စားသာရှိပါသည်။ ၎င်းအပြင်တရားစီရင်ရာနေ့တွင်လည်း ယင်းနှစ်မျိုးနှစ်စားကိုသာအသိအမှတ်ပြုတော်မူလိမ့်မည်။ ၎င်းတို့မှာ ဘုရားသခင်၏ပညတ်တော်တို့ကိုလိုက်နာစောင့်ရှောက်သောသူများနှင့် ကျူးလွန်သောသူများဖြစ်ပါသည်။ ကျွန်ုပ်တို့သစ္စာရှိမရှိ ခရစ်တော်စစ်ဆေးစမ်းသပ်တော်မူသည်မှာ "ငါ့ကိုချစ်လျှင်ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြလော့။" . . . "ငါ့ပညတ်တို့ကိုရ၍စောင့်ရှောက်သောသူသည် ငါ့ကိုချစ်သောသူဖြစ်၏။ ငါ့ကိုချစ်သောသူကိုငါ့ခမည်းတော်သည် ချစ်တော်မူမည်။ ငါသည်လည်း ထိုသူကိုချစ်၍သူ့အားကိုယ်တိုင်ထင်ရှားမည်။ . . . . ငါ့ကိုမချစ်သောသူသည်ငါ့စကားကိုနားမထောင်၊ သင်တို့ကြားသောစကားသည် ငါ့စကားမဟုတ်၊ ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်၏ စကားတော်ဖြစ်၏။ . . ငါသည်ငါ့ခမည်းတော်၏ ပညတ်တို့ကိုစောင့်ရှောက်၍ခမည်းတော်၏မေတ္တာတော်၌တည်နေသကဲ့သို့ သင်တို့သည် ငါ့ပညတ်ကိုစောင့်ရှောက်လျှင် ငါ့ချစ်ခြင်း၌တည်နေကြလိမ့်မည်" ဟု ကိုယ်တော်လမ်းညွှန်မိန့်ကြားတော်မူ၏။ ယော၊ ၁၄း၁၅-၂၄။ ၁၅း၁၀။

---ooo---

# စပျစ်ဥယျာဉ်တော်

### မ၊ ၂၁း၃၃-၄၄ ကိုအခြေပြုပါသည်။

### ယုဒအမျိုးသား

သားနှစ်ယောက်၏ဥပမာပြီးဆုံးသောအခါ စပျစ်ဥယျာဉ်၏ ဥပမာနှင့်ခရစ်တော်ဩဝါဒပေးတော်မူ၏။ ပထမဥပမာတွင် ယုဒဆရာများအား နားထောင်ခြင်း၏အရေးကြီးပုံကို ညွှန်ပြတော်မူ၏။ နောက်ဥပမာတွင်ကား၊ ဣသရေလတို့အပေါ်သို့ ကြွယ်ဝစွာသောကောင်းချီးများသွန်းလောင်းတော်မူကြောင်း တရားနာသူများအားဖေါ်ပြတော်မူလျက် နားထောင်ခြင်းရှိကြရန် ဘုရားသခင်ဆင့်ဆိုတော်မူကြောင်း ယင်းဥပမာများအားဖြင့် သွန်သင်ပြသတော်မူ၏။ သူတို့နားထောင်ခဲ့ကြပါလျှင် ဘုရားသခင်၏ဘုန်းတော်ဆိုင်ရာကြံရွယ်တော်မူချက်သည် ပြည့်စုံခြင်းသို့ရောက်လိမ့်မည်ဖြစ်ကြောင်း သူတို့၏ရှေ့မျှောက်တွင် ချ၍ပြတော်မူ၏။ သို့သော် ယင်းကြံရွယ်တော်မူချက်ကို ပြီးပြည့်စုံအောင် မဆောင်ရွက်မလိုက်နာခဲ့ကြသဖြင့် အမျိုးသားတစ်ရပ်လုံးသည် ကိုယ်တော်၏ကောင်းချီးများကို ဆုံးရှုံးခဲ့ရကြသည်သာမက သူတို့အားလုံး ယိုယွင်းပျက်စီးသည့်အခြေသို့ဆိုက်ရောက်ရကြလိမ့်မည် ဖြစ်ကြောင်း နောင်လာမည့်အချိန်ကိုဖွင့်ပြတော်မူ၏။

"အိမ်ရှင်တစ်ဦးသည် စပျစ်ဥယျာဉ်ကိုစိုက်ပျိုး၍ စောင့်ရန်းကို လုပ်ပြီးမှ စပျစ်သီးနယ်ရာကျင်းကိုတူးလေ၏။ မျှော်စင်ကိုလည်း ဆောက်လေ၏။ လုပ်ဆောင်သောသူတို့အား ဥယျာဉ်ကိုငှါး၍ အခြားသောပြည်သို့သွားလေ၏" ဟု ခရစ်တော်ဥပမာကိုဆောင်တော်မူ၏။

ယင်းဥပမာနှင့်စပ်လျဉ်း၍ ပုရောဖက်ဟေရှာယက မှတ်တမ်းတင်ထားခဲ့သည်မှာ "ငါချစ်ရာသခင်၏စပျစ်ဥယျာဉ်တော်ကိုအကြောင်းပြ၍ မေတ္တာသီချင်းကိုရွေ့တော်၌ဆိုပေအံ့။ မြေကောင်းသောတောင်ပေါ်မှာငါချစ်ရာသခင်၏စပျစ်ဥယျာဉ်တော်တစ်ခုရှိ၏။ မြေကိုတူးဆွ၍ ကျောက်ခဲတို့ကို ရှင်းလင်းစေပြီးမှ အကောင်းဆုံးသောစပျစ်နွယ်ပင်တို့ကို စိုက်ပျိုးတော်မူ၏။ ဥယျာဉ်ထဲမှာမီးခိုရာ တဲလင့်ကိုလည်းဆောက်၍ စပျစ်ဦးနယ်ရာကျင်းကိုလည်းတူးတော်မူ၏။ ထိုအခါ စပျစ်သီးကို သီးမည်ဟု မျှော်လင့်၏။" ဟေရှာ၊ ၅း၁၊၂။

အိမ်ရှင်သည် တောတွင်း၌မြေတစ်ကွက်ကိုရွေးချယ်၍စောင်ရန်းကကာ၏။ ရှင်းလင်းသုတ်သင်၏။ ထွန်ယက်တူးဆွ၏။ ပြီးလျှင်ကြွယ်ဝစွာသောအပွင့်အသီးတို့ကို မျှော်မှန်းလျက်အကောင်းဆုံးသောစပျစ်နွယ်ပင်အမျိုးကိုစိုက်လေ၏။ သူကိုယ်တိုင်ကြိုးစားအားထုတ်၍ စိုက်ပျိုးပြုစုထားခြင်းကြောင့်ယင်းမြေကွက်သည်အကျိုးဖြစ်ထွန်းလိမ့်မည်။ အခြားစိုက်ပျိုးပြုစုထားခြင်းမရှိသောမြေရိုင်းထက်ကောင်းမွန်လိမ့်မည်။ ယင်းမြေကွက်က သူ့အားဂုဏ်ပြုလိမ့်မည်စသည်ဖြင့် သူမျှော်ကိုးထား၏။ ထိုနည်းတူ ခရစ်တော်ကိုယ်တိုင်လေ့ကျင့်ပညာပေးရန် ကမ္ဘာပေါ်ရှိလူမျိုးတစ်စုကို ဘုရားသခင်ရွေးချယ်ထားတော်မူ၏။ ပုရောဖက်က ဆက်လက်၍ဖေါ်ပြထားသည်မှာ "ကောင်းကင်ဗိုလ်ခြေထာဝရဘုရားသခင်၏စပျစ်ဥယျာဉ်ကား ဣသရေလအမျိုးတည်း။ နှစ်သက်တော်မူသောပျိုးပင်ကား ယုဒလူတည်း။" ဟေရှာ၊ ၅း၇။ ယင်းလူမျိုးအား ဘုရားသခင်သည် များစွာသောအခွင့်အရေးတို့ကိုပေးတော်မူ၏။ ကိုယ်တော်၏ပြည့်စုံကုံလုံသည့်ကောင်းမြတ်တော်မူခြင်းဆိုင်ရာကြွယ်ဝသောကောင်းချီးများကို သွန်းလောင်းတော်မူ၏။ သူတို့သည် အသီးကို သီးခြင်းအားဖြင့် ဘုရားသခင်ကိုဂုဏ်ပြုကြရန် ကိုယ်တော်အလိုရှိတော်

မူ၏။ ကိုယ်တော်၏နိုင်ငံတော်ဆိုင်ရာအခြေခံသဘောတရားများကို သူတို့က ထင်ရှားစွာဖေါ်ပြရကြပါမည်။ ဆိုးသွမ်းကျဆုံးနေသည့်ကမ္ဘာကြီးတွင် သူတို့သည် ဘုရားသခင်၏ဘုန်းတော်ကိုပုံဆောင်ကြရန် ဖြစ်ပါသည်။

သူတို့သည် ဘုရားသခင်၏စပျစ်ဥယျာဉ်တော်ဆိုင်ရာလူမျိုးဖြစ်၍သောကြောင့် မယုံကြည်သောလူမျိုးများထက် ထူးခြားကောင်းမွန်သောအသီးများကိုသီးရကြပါမည်။ ဘုရားသခင်ကိုမဆည်းကပ်မယုံကြည်သောလူမျိုးသည် ဆိုးသွမ်းသောအမျိုးဖြစ်ကြ၏။ သောင်းကျန်း၏။ အပြစ်ကျူးလွန်၏။ လောဘလွန်ကြူး၏။ ဖိစီးနှိပ်စက်တတ်၏။ များစွာဖေါက်ပြန်တတ်၏။ ချုပ်တည်းခြင်းမရှိဘဲ ကိုယ်စိတ်အလိုသို့လိုက်တတ်၏။ ယင်းဖေါက်ပြန်သောအပင်သည် မကောင်းမှုပြုခြင်း၊ အသရေယုတ်ခြင်း၊ စိတ်ငြိုငြင်ခြင်းအသီးများကိုသီးတတ်၏။ ဘုရားသခင်စိုက်ပျိုးတော်မူသည့် စပျစ်ပင်မှ အသီးများသည် ယင်းအသီးများနှင့်သိသိသာသာ ထူးခြားကွဲပြားသောအသီးများဖြစ်ရပါမည်။

မောရှေအားဖေါ်ပြတော်မူသည့်အတိုင်း ယုဒလူမျိုးတို့သည် ဘုရားသခင်၏ဘုန်းအင်္ဂါကိုပုံဆောင်ရန် အခွင့်အရေးရှိကြပါသည်။ "ကိုယ်တော်၏ဘုန်းကိုအကျွန်ုပ်အားပြတော်မူပါ" ဟုမောရှေဆုတောင်းသောအခါ "ငါ၏ကောင်းမွန်ခြင်းရှိသမျှကို သင့်ရှေ့၌ငါလျှောက်စေမည်" ဟု ထာဝရဘုရားသခင်ကတိပြုတော်မူ၏။ ထွ၊ ၃၃း၁၈၊၁၉။ "ထာဝရဘုရားသခင်သည် မောရှေရှေ့၌ကြွသွားတော်မူလျက် ထာဝရဘုရားသခင်၊ ထာဝရဘုရားသခင်၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော၊ အထောင်အသောင်းများစွာသောသူတို့အား သနားခြင်း

ကျေးဇူးတရားကို စောင့်တော်မူထသော။" ထွ၊ ၃၄း၆၊၇။ ဘုရားသခင်သည် မိမိ၏လူတို့အားဤကဲ့သို့သောအသီးများကိုသီးစေလိုတော်မူ၏။ "ထာဝရဘုရားသခင်၏တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကိုပြုပြင်တတ်၏။" ဆာ၊ ၁၉း၇။ ဟုဖေါ်ပြပါရှိသည့်အတိုင်း သူတို့၏အကျင့်ဖြူစင်ရမည်။ သူတို့၏အသက်တာသန့်စင်ရမည်။ သနားကြင်နာတတ်ရမည်။ မေတ္တာကရုဏာရှိရမည်။ ကျေးဇူးပြုရမည်။

ယုဒအမျိုးသားများအားဖြင့် လူမျိုးအပေါင်းတို့အား ကြွယ်ဝစွာသောကောင်းချီးများကို သွန်းလောင်းတော်မူရန် ဘုရားသခင်စီမံတော်မူ၏။ ကိုယ်တော်၏အလင်းတရားကို တစ်ကမ္ဘာလုံးသို့ပျံ့နှံ့စေရန် သယ်ဆောင်ရေးအတွက်လမ်းခရီးကိုက္ကသရေလလူမျိုးတို့အား ပြင်ဆင်စေလိုတော်မူ၏။ ကမ္ဘာပေါ်ရှိလူမျိုးအပေါင်းသည် ဖောက်ပြန်ကြသောကြောင့် ဘုရားသခင်၏အကြောင်းကို မသိကြတော့ပါ။ သို့သော် ဘုရားသခင်သည် ချစ်ကြင်နာမှုအားဖြင့် ထိုသူတို့အားဖျက်ဆီးသုတ်သင်တော်မမူဘဲ အသင်းတော်မှတစ်ဆင့် ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့နိုင်ရန် စီမံတော်မူချက်အတိုင်း အခွင့်အရေးပေးတော်မူ၏။ မိမိ၏လူမျိုးတို့မှတစ်ဆင့် ဖေါ်ပြသောအခြေခံသဘောတရားများအားဖြင့် လူသား၌ဘုရားသခင်၏သန့်စင်သောပုံသဏ္ဍာန်တော်ကို ပြန်လည်တည်မြဲစေရန် ကိုယ်တော်စီမံတော်မူ၏။

ယင်းစီမံမှုထမြောက်စေရန်အတွက် ဘုရားသခင်သည် အာဗြဟံအား ဘုရားသခင်နှင့်ကင်းဝေးသည့်အမျိုးသားချင်းများနှင့်ခွဲခွာပြီးလျှင် ခါနာန်ပြည်သို့သွား၍နေထိုင်ရန် ခေါ်တော်မူခဲ့၏။ "ငါသည်သင့်ကို လူမျိုးကြီးဖြစ်စေမည်၊ ငါကောင်းချီးပေး၍ သင်၏နာမကိုကြီးမြတ်စေမည်။ သင်သည်ကောင်းချီးခံရသောသူဖြစ်လိမ့်မည်" ဟု ပဋိညာဉ်ပြုတော်မူ၏။ က၊ ၁၂း၂။

အာဗြဟံ၊ ယာကုပ်နှင့်သားမြေးတို့မှဆင်းသက်သောလူမျိုးသည် ဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သောအခြေခံသဘောတရားကိုထင်ရှားစွာပြသကြစေရန်အတွက် သူတို့အားဘုရားသခင်သည် ဆိုးသွမ်းသည့်အဲဂုတ္တုပြည်ကြီးသို့ခေါ်ဆောင်ခဲ့တော်မူ၏။ ယောသပ်သည် အဲဂုတ္တုလူတစ်မျိုးလုံး၏အသက်အိုးအိမ် စည်းစိမ်ကို အံ့သြဖွယ်ရာစောင့်ရှောက်ထိန်းသိမ်းခဲ့ပုံနှင့် သူ၏စုံလင်သောအသက်တာသည် ခရစ်တော်၏အသက်တာကိုပုံဆောင်ထားခြင်းဖြစ်ပါသည်။ မောရှေနှင့်တကွများစွာသောသူတို့သည်လည်း ဘုရားသခင်၏သက်သေခံများဖြစ်ကြ၏။

ထိုမှတစ်ဖန် ဣသရေလလူတို့အား အဲဂုတ္တုပြည်မှထုတ်ဆောင်ခဲ့ရာ၌ ထာဝရဘုရားသခင်၏တန်ခိုးတော်နှင့်ကရုဏာတော်ကိုထင်ရှားပေါ်လွင်စေခြင်းဖြစ်ပါသည်။ သူတို့ကျွန်ခံရာနေရာမှ အံ့မခန်းအောင်ကယ်တင်ခဲ့ခြင်းသည်လည်းကောင်း၊ တောကြီးအတွင်း၌ခရီးလှည့်လည်သွားလာကြစဉ် သူတို့နှင့်ဆက်ဆံတော်မူခဲ့ပုံများသည်လည်းကောင်း သူတို့ကိုယ်ကျိုးအတွက်သက်သက်မဟုတ်ပါ။ ပတ်ဝန်းကျင်ရှိလူမျိုးများအတွက်သရုပ်ပြသင်ခန်းစာများလည်းဖြစ်ပါသည်။ ထာဝရဘုရားသခင်သည် လူသားတို့၏တန်ခိုးအာဏာစက်နှင့် ကြီးမြတ်ခြင်းရှိသမျှထက်သာလွန်မြင့်မြတ်တော်မူကြောင်း ထင်ရှားစွာပြတော်မူ၏။ မိမိလူမျိုးအတွက်ပြတော်မူသည့် နိမိတ်လက္ခဏာများနှင့်အံ့ဖွယ်ရာများသည် သဘာဝနှင့်သဘာဝကို ကိုးကွယ်သူများ၏ တန်ခိုးအာဏာထက်ကြီးမြတ်တော်မူကြောင်းကိုပြပါသည်။ ဝင့်ကြွားသောအဲဂုတ္တုပြည်ကြီးအတွင်းပြုတော်မူခဲ့သည့်အတိုင်း နောက်ဆုံးသောကာလ၌လည်း ဤကမ္ဘာမြေကြီးပေါ်တွင်ပြုတော်မူလိမ့်မည်။ "မီးနှင့်လေပြင်းမုန်တိုင်းအားဖြင့်လည်းကောင်း၊ မြေငလျင်လှုပ်ခြင်းနှင့်သေခြင်းတရားအားဖြင့်လည်းကောင်း ငါဖြစ်သည်အတိုင်းငါဖြစ်သည်" ဟု အမည်ရှိတော်မူသောကြီးမြတ်တော်မူသည့်သခင်သည် မိမိ၏လူမျိုးအားရွေးနုတ်တော်မူ၏။ ကျွန်ခံရာပြည်မှ

ထုတ်ဆောင်တော်မူ၏။ “မီးမြွေ၊ ကင်းမြီးကောက်များ၍ ရေမရှိ၊ အငတ်ခံရာအရပ်၊ ကြောက်မက်ဖွယ်သောတောကြီး” ကိုဖြတ်ကျော်ရှိပို့ဆောင်တော်မူ၏။ “မီးပါကျောက်” ထဲကရေကိုထွက်စေ၍ ရေငတ်ပြေစေတော်မူ၏။ တရား၊ ၈း၁၅။ “ကောင်းကင်ဆန်စပါး” နှင့်လည်းသူတို့အားကျွေးမွေးတော်မူ၏။ ဆာ ၊ ၇၈း၂၄။ “ထာဝရဘုရားသခင်၏အဖို့ကားလူမျိုးတော်တည်း။ ယာကုပ်အမျိုးသည် အမွေခံတော်မူရာဖြစ်သတည်း။ လူဆိတ်ညံသောအရပ်၊ သားရဲမြည်၍လွတ်လပ်သောတောလွင်ပြင်၌ယာကုပ်ကိုတွေ့တော်မူသောအခါ ဝန်းရံဆီးကာခြင်း၊ သွန်သင်ခြင်းကျေးဇူးကိုပြု၍ မျက်ဆန်တော်ကဲ့သို့အပေါ်မှာလှုပ်ရှားလျက်၊ အတောင်တို့ကိုဖြန့်လျက်၊ သားငယ်တို့ကိုယူ၍မိမိအတောင်တို့ဖြင့် ဆောင်သကဲ့သို့ ထာဝရဘုရားသခင်တစ်ပါးတည်းသာလျှင်ယာကုပ်ကိုဆောင်သွားတော်မူ၏။ အခြားတစ်ပါးသောဘုရားသခင်မရှိ” ဟုမောရှေကြေညာခဲ့၏။ တရား၊ ၃၂း၉-၁၂။ ဤနည်းအားဖြင့်သူတို့သည်အမြင့်ဆုံးသောဘုရားသခင်၏အရိပ်ကိုခိုလှုံ၍ နေထိုင်ကြရန်ကိုယ်တော်သည် သူတို့အား မိမိထံတော်သို့ဆောင်ခဲ့တော်မူ၏။

တောတွင်း၌လှည့်လည်သွားလာနေစဉ်က ခရစ်တော်သည် ဣသရေလလူတို့၏ခေါင်းဆောင်ဖြစ်တော်မူ၏။ နေ့အချိန်တွင်မိုးတိမ်တိုင်ဖြင့်လည်းကောင်း၊ ညဥ့်အချိန်တွင် မီးတိုင်ဖြင့်လည်းကောင်း အကာအကွယ်ပေး၍ လမ်းပြပို့ဆောင်တော်မူ၏။ တောကြီးကန္တာရ၏ဘေးရန်အပေါင်းမှစောင့်ထိန်းကာကွယ်တော်မူ၏။ ကတိထားတော်မူသောပြည်သို့ခေါ်ဆောင်တော်မူခဲ့ပြီးလျှင် ဘုရားသခင်ကိုအသိအမှတ်မပြုသောလူမျိုးတို့၏မျက်မှောက်တွင် ဣသရေလလူများကိုမိမိပိုင်ရွေးချယ်ထားသောလူမျိုးအဖြစ်၊ ကောင်းကင်ဗိုလ်ခြေထာဝရဘုရားသခင်၏စပျစ်ဥယျာဉ်တော်အဖြစ် တည်ထောင်ထားတော်မူ၏။

ဤလူမျိုးအားဘုရားသခင်၏ဗျာဒိတ်တော်များကို အပ်နှင်းထားတော်မူ၏။ ကိုယ်တော်၏ တရားတော်နှင့်စပ်ဆိုင်သည့် ကျင့်ဝတ်များနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားတော်ဆိုင်ရာထာဝရအခြေခံသဘောတရားများနှင့်လည်းကောင်း၊ တရားမျှတမှုနှင့်လည်းကောင်း၊ သန့်စင်ခြင်းနှင့်လည်းကောင်း သူတို့အားဝန်းရံထားတော်မူ၏။ မကောင်းမှုများနှင့်သူတို့ကိုယ်သူတို့ဖျက်ဆီးခြင်းမပြုကြစေရန် ယင်းအခြေခံသဘောတရားများကိုထားရှိတော်မူ၏။ စပျစ်ဥယျာဉ်တွင်း၌မျှော်စင်ထားသကဲ့သို့ သူတို့တိုင်းပြည်တွင်း၌ ဘုရားသခင်၏ဗိမာန်တော်ကိုထားတော်မူ၏။

ခရစ်တော်သည်တောကြီးကန္တာရတွင်း၌ သူတို့နှင့်အတူနေတော်မူ၍နည်းပြဆရာဖြစ်တော်မူခဲ့သည်နည်းတူ ယခုလည်းသူတို့၏ကထိက၊ သူတို့၏လမ်းညွှန်အဖြစ်ဆက်လက်တည်နေတော်မူ၏။ တဲတော်၌လည်းကောင်း၊ ဗိမာန်တော်၌လည်းကောင်း သက်သေခံချက်ထားသောသေတ္တာဖုံးအပေါ်၊ ခေရုဗိမ်နှင့်ပါးစပ်ကြားမှာ ကိုယ်တော်၏ဘုန်းတော်တည်နေတော်မူ၏။ ကိုယ်တော်၏ ကြွယ်ဝစွာသောချစ်ခြင်းနှင့်သည်းခံတော်မူခြင်းကိုလည်း သူတို့အပေါ်၌ အစဉ်အမြဲပြတော်မူ၏။

ဘုရားသခင်သည် မိမိလူမျိုးက္ကသရေလလူတို့အား ကောင်းချီးတစ်ရပ်၊ ဂုဏ်တစ်မျိုးဖြစ်စေလိုတော်မူ၏။ သူတို့အား ဝိညာဉ်ရေးနှင့်ဆိုင်သောအခွင့်အရေးအလုံးစုံတို့ကိုပေးတော်မူ၏။ သူတို့သည်ကိုယ်တော်၏အမွေခံကိုယ်စားလှယ်များဖြစ်စေမည့် အကျင့်တည်ဆောက်ရေးအတွက် လိုအပ်သမျှကိုပေးသနားတော်မူ၏။

သူတို့သည် ဘုရားသခင်၏တရားတော်ကိုလိုက်နာစောင့်ရှောက်ကြပါက ကမ္ဘာပေါ်ရှိလူမျိုးအပေါင်းတို့ရှေ့တွင် အံ့မခန်းအောင်ကောင်းစားသောလူမျိုးဖြစ်လိမ့်မည်။ အတတ်အမျိုးမျိုးတွင်ထူးဆန်းစွာ

လုပ်တတ်မည်အကြောင်း ဉာဏ်ပညာနှင့်လည်းကောင်း၊ ကျွမ်းကျင်မှုနှင့်လည်းကောင်း ပြည့်စုံစေနိုင်တော်မူသောသခင်သည် သူတို့၏နည်းပြလမ်းညွှန်အဖြစ် ဆက်လက်ဆောင်ရွက်တော်မူမည်ဖြစ်သောကြောင့် သူတို့သည် ကိုယ်တော်၏တရားတော်ကိုလိုက်နာစောင့်ရှောက်ကြပါက ဂုဏ်ပြုချီးမြှောက်ခြင်းကိုခံရကြပေလိမ့်မည်။ နားထောင်ခြင်းရှိကြပါက အခြားတစ်ပါးသောလူမျိုးတို့အား အနှောင့်အယှက်ပေးနေသည့် အနာရောဂါများနှင့်ကင်းဝေးစေ၍ ထက်မြက်သောစွမ်းရည်သတ္တိဖြင့် ကောင်းချီးပေးတော်မူလိမ့်မည်။ သူတို့၏အောင်မြင်ကောင်းစားခြင်း၌ ဘုရားသခင်၏ဘုန်းတန်ခိုးတော်ထင်ရှားလိမ့်မည်။ သူတို့၏နိုင်ငံသည် ယဇ်ပုရောဟိတ်နှင့်မင်းညီမင်းသားများ၏ နိုင်ငံဖြစ်လိမ့်မည်။ သူတို့သည် ကမ္ဘာပေါ်တွင် အကြီးဆုံးသောလူမျိုးဖြစ်စေရန် ဘုရားသခင်သည် သူတို့အတွက် အရာခပ်သိမ်းကိုအရန်သင့်ဖြစ်စေတော်မူ၏။

အတိကျအပြတ်သားဆုံးသောပုံစံဖြင့် ခရစ်တော်သည် မောရှေအားဖြင့် ဘုရားသခင်၏စီမံတော်မူချက်ကို သူတို့အားပြတော်မူ၏။ ၄င်းအပြင် သူတို့၏အောင်မြင်ကောင်းစားရေးအတွက် စည်းကမ်းသတ်မှတ်ချက်များကိုလည်း ရှင်းလင်းစွာညွှန်ပြတော်မူ၏။ "သင်သည် သင်၏ဘုရားသခင်ထာဝရဘုရားအဖို့ သန့်ရှင်းသောအမျိုးဖြစ်၏။ မြေကြီးပေါ်မှာရှိသမျှသော လူမျိုးထက် သင်၏ဘုရားသခင်ထာဝရဘုရားပိုင်ထိုက်သောအမျိုးဖြစ်စေခြင်းငှာ သင့်ကိုရွေးချယ်တော်မူပြီ၊ . . . သို့ဖြစ်၍ထာဝရဘုရားသခင်သည် မှန်သောဘုရားသခင်၊ ကတိတည်သောဘုရားသခင်ကိုယ်တော်ကိုချစ်၍ ပညတ်တော်တို့ကိုစောင့်ရှောက်သောသူတို့၏အမျိုးစဉ်အဆက်အထောင်အသောင်းတိုင်အောင်ပဋိညာဉ်စကားတည်၍ကြင်နာမှုကိုပြသောဘုရားသခင်၊ . . . သို့ဖြစ်၍ယနေ့ငါထားသောစီရင်ထုံးဖွဲ့ချက်၊ပညတ်တရားတို့ကိုကျင့်အံ့သောငှါစောင့်ရှောက်ရမည်။

ထိုပညတ်တို့ကို သင်သည် ကျင့်ဆောင်အံ့သော်ငှါ နားထောင်လျှင် သင်၏ဘုရားသခင်ထာဝရဘုရားသည် သင်၏ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပဋိညာဉ်နှင့်ကရုဏာတော်ကိုစောင့်တော်မူမည်။ သင့်ကိုချစ်သဖြင့်ကောင်းချီးပေး၍များပြားစေတော်မူမည်။ သင့်အားပေးခြင်းငှါသင်၏ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်၌ သင်ဖွားမြင်သောသားတို့ကိုလည်းကောင်း၊ သင်၏မြေအသီးအနှံ၊ စပါး၊ စပျစ်ရည်၊ ဆီ၊ နွား၊ အစီးအပွား၊ သိုးစုတို့ကိုလည်းကောင်း ကောင်းချီးပေးတော်မူမည်။ သင်သည်လူမျိုးတကာတို့ထက်သာ၍ ကောင်းချီးခံရသူဖြစ်၍. . . ထာဝရဘုရားသခင်သည်လည်း အနာရောဂါရှိသမျှတို့ကို သင့်ဆီကပယ်ရှား၍ သင်သိသောအဲဂုတ္တုပြည်၏အနာဆိုးကို သင်၌စွဲကပ်စေတော်မမူ" ဟုမိန့်တော်မူ၏။ တရား၊ ၇း၆၊၉၊၁၁-၁၅။

သူတို့သည် ကိုယ်တော်၏ပညတ်တော်များကို စောင့်ရှောက်လိုက်နာပါက အကောင်းဆုံးသောဆန်စပါးကိုလည်းကောင်း၊ ကျောက်ထဲကပျားရည်ကိုလည်းကောင်း ထုတ်ပေးမည်ဟုကတိပြုတော်မူ၏။ ရှည်သောအသက်နှင့်သူတို့ကိုရောင့်ရဲစေ၍ကိုယ်တော်၏ ကယ်တင်ခြင်းကျေးဇူးတော်ကို သူတို့အားပြတော်မူလိမ့်မည်။

ထာဝရဘုရားသခင်၏နှုတ်တော်ထွက်အမိန့်တော်ကို နားမထောင်ကြသောကြောင့် အာဒံနှင့်ဧဝတို့သည်ဒေင်အိမ်ကို ဆုံးရှုံးခဲ့ကြ၏။ ယင်းအပြစ်ကြောင့် တစ်ကမ္ဘာလုံးကျိန်ခြင်းကိုခံရကြ၏။ သို့သော် ဘုရားသခင်၏လူတို့သည် ကိုယ်တော်၏ လမ်းညွှန်မှုကိုလိုက်နာပါက သူတို့၏လယ်ယာမြေတို့သည် မြေဩဇာထက်သန်၍ လှပတင့်တယ်ခြင်းပြန်လည်တည်မြဲပေလိမ့်မည်။ မြေဆီလွှာကိုမည်ကဲ့သို့ပြုစုပျိုးထောင်ရန်အတွက် သူတို့အား ဘုရားသခင်ကိုယ်တော်တိုင်ညွှန်ကြားတော်မူသည်

ဖြစ်၍ ယင်းမြေကိုနဂိုမူလအတိုင်း ပြန်လည်တည်မြဲစေရာတွင် သူတို့သည်ဘုရားသခင်နှင့်အတူ ပူပေါင်းဆောင်ရွက်ရကြမည်ဖြစ်ပါသည်။ ယင်းနည်းအားဖြင့် ဘုရားသခင်၏အုပ်ချုပ်စီမံမှုအရ သူတို့၏နယ်မြေတစ်ခုလုံးသည် ဖြောင့်မတ်ခြင်းတရားနှင့်ဆိုင်သော သရုပ်ပြသင်ခန်းစာဖြစ်လိမ့်မည်။ ကိုယ်တော်၏သဘာဝများကိုလိုက်နာခြင်းဖြင့် ကမ္ဘာမြေကြီးသည် ဘဏ္ဍာရတနာများကိုဖြစ်ထွန်းစေသကဲ့သို့ ကိုယ်တော်၏ကျင့်ဝတ္တရားများကိုလိုက်နာစောင့်ရှောက်ခြင်းအားဖြင့် လူတို့သည်ဘုရားသခင်၏ဘုန်းတော်ကိုရောင်ပြန်ဟပ်ကြလိမ့်မည်။ အသက်ရှင်တော်မူသောဘုရားသခင်ကို ဝတ်ပြုကိုးကွယ်၍အမှုတော်ကိုဆောင်ရွက်သူ၏သာလွန်ထူးကဲပုံအား ဘုရားသခင်ကိုမကြည်ညိုသောသူများကပင်အသိအမှတ်ပြုကြပေလိမ့်မည်။

"သင်တို့သည်သွား၍ဝင်စားသောပြည်၌ကျင့်စရာဖို့ငါ၏ ဘုရားသခင်ထာဝရဘုရားမှာထားတော်မူသည်အတိုင်း စီရင်ထုံးဖွဲ့တော်မူချက်တို့ကို သင်တို့အား ငါသွန်သင်ပြီ။ သို့ဖြစ်၍ ထိုပညတ်တရားတို့ကိုကျင့်စောင့်ကြလော့။ သို့ပြုလျှင် ထိုပညတ်တရားရှိသမျှတို့ကိုကြားရသောလူမျိုးရှေ့မှာ သင်တို့၏ဉာဏ်ပညာသည် ထင်ရှားလိမ့်မည်။ သူတို့ကလည်း ဤကြီးမြတ်သောလူမျိုးသည် "အကယ်စင်စစ်ဉာဏ်ပညာနှင့်ပြည့်စုံသောအမျိုးဖြစ်၏" ဟုဆိုကြလိမ့်မည်။ ငါတို့သည် ဆုတောင်းလေရာရာ၌ ငါတို့ဘုရားသခင်ထာဝရဘုရားကြည့်ရှုပြုစုတော်မူခြင်းကျေးဇူးကိုခံရသည်နည်းတူ အခြားသောဘုရားသခင်ကြည့်ရှုပြုစုသောကျေးဇူးကို အဘယ်မည်သောလူမျိုးကြီးခံရသနည်း။ ငါသည် ယနေ့သင်တို့၌ထားသောတရားအပေါင်းနှင့်အမျှ ဖြောင့်မတ်သောစီရင်ထုံးဖွဲ့ချက်တို့ကိုရသော အဘယ်လူမျိုးကြီးရှိသနည်း" ဟု မောရှေဆင့်ဆိုခဲ့၏။ တရား၊ ၄း၅-၈။

ဣသရေလလူမျိုးတို့သည် သူတို့အတွက် ဘုရားသခင်သတ်မှတ်ထားတော်မူသည့်နယ်မြေအားလုံးကို သိမ်းယူရကြပါမည်။ မှန်သောဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်းမပြု၊ အမှုတော်ကိုလည်းမဆောင်ရွက်သောလူမျိုးများသည် ယင်းနယ်မြေများကိုစွန့်လွှတ်ရကြပါမည်။ သို့သော်ဘုရားသခင်သည် ဣသရေလလူမျိုးအားဖြင့် မိမိဘုန်းတော်ကိုဖေါ်ပြ၍ လူတို့အား မိမိထံတော်သို့ခေါ်ဆောင်ရန် ကြံရွယ်တော်မူခြင်းဖြစ်ပါသည်။ ကမ္ဘာအရပ်ရပ်သို့ခရစ်ယာန်ဧဝံဂေလိတရားတော်ဆိုင်ရာဖိတ်ခေါ်သံကိုပေးပို့ရမည်။ ခရစ်တော်ကိုမျှော်ကြည့်သူအပေါင်း အသက်ရှင်စေရန် ယဇ်ပူဇော်ခြင်းအကြောင်းကို သင်ကြားခြင်းဖြင့် လူမျိုးအပေါင်းတို့၏ရှေ့မှောက်တွင် ခရစ်တော်ကိုမြှောက်ထားရမည်။ ခါနာန်အမျိုးသမီးရာခပ်နှင့်မောဘပြည်သူရုသကဲ့သို့ ရုပ်တုကိုးကွယ်ခြင်းကိုစွန့်လွှတ်၍ မှန်သောဘုရားသခင်ကိုဝတ်ပြုကိုးကွယ်သူအပေါင်းတို့သည် ကိုယ်တော်၏ အရွေးချယ်ခံလူမျိုးနှင့်ပူးပေါင်းကြရန် ကိုယ်တော်အလိုရှိတော်မူ၏။ ဣသရေလလူမျိုးတိုးတက်များပြားလာသည်နှင့်အမျှ သူတို့၏နယ်နိမိတ်ကိုတိုးချဲ့ခြင်းအားဖြင့် သူတို့၏နိုင်ငံသည် တစ်ကမ္ဘာလုံးကိုငုံမိရန်ဖြစ်ပါသည်။

ဘုရားသခင်သည် လူမျိုးအားလုံးတို့အား မိမိ၏ချစ်ကြင်နာမှုဆိုင်ရာအုပ်စိုးမှုလက်အောက်သို့ ရောက်စေလိုတော်မူ၏။ ကမ္ဘာမြေကြီးတစ်ခုလုံးသည် အားရဝမ်းမြောက်ခြင်းနှင့်လည်းကောင်း၊ ငြိမ်သက်ခြင်းနှင့်လည်းကောင်း ပြည့်ဝလျက်ရှိစေလိုတော်မူ၏။ လူသားအားပျော်ရွှင်စေရန် ဖန်ဆင်းထားတော်မူသည်ဖြစ်ရာ သူတို့၏နှလုံးတွင် ကောင်းကင်ငြိမ်သက်ခြင်းနှင့်ပြည့်ဝစေလိုတော်မူ၏။ မြေကြီးပေါ်ရှိသောမိသားစုများသည်ကောင်းကင်မိသားစုတို့၏ ပုံပမာဖြစ်စေလိုတော်မူ၏။

သို့သော် ဣသရေလလူမျိုးတို့သည်ဘုရားသခင်ကြံရွယ်တော်မူချက်ကိုပြည့်စုံအောင် မဆောင်ရွက်ကြပါ။ ထိုကြောင့် "အကောင်းဆုံးသောစပျစ်နွယ်ပင်အမျိုးစစ်ဖြစ်သောသင့်ကိုငါစိုက်ပျိုးသော်လည်း သင်သည်ငါ့ရှေ့မှာအဘယ်မျှလောက်ဖေါက်ပြန်၍ အမျိုးမစစ်သောစပျစ်နွယ်ပင်ဖြစ်ပါသည်တကား" ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။ ယေရမိ၊ ၂း၂၁။ "ဣသရေလသည် အသီးများစွာသီးသောစပျစ်နွယ်ပင်ဖြစ်၏။ ကိုယ်အလိုအလျောက်သီးတတ်၏။" ဟောရှေ၊ ၁၀း၁။ "ယခုမှာ အိုယုဒပြည်သူ ယေရုရှလင်မြို့သားတို့၊ ငါနှင့်ငါ့စပျစ်ဥယျာဉ်အမှုကိုစီရင်ကြပါလော့။ ငါ့စပျစ်ဥယျာဉ်၌ ငါကျေးဇူးပြုနိုင်လျက်မပြုသေးသောအရာတစ်စုံတစ်ခုရှိသလော။ စပျစ်သီးကိုသီးမည်ဟုမျှော်လင့်သည်ရှိသော ဗောရှသီးကိုအဘယ်ကြောင့်သီးသနည်း။ ယခုနားထောင်ကြ၊ ငါ့စပျစ်ဥယျာဉ်၌ ငါပြုရမည်ကိုသင်တို့အားငါဖေါ်ပြမည်၊ စောင်ရန်းကိုငါပယ်ရှင်းသဖြင့် သူတစ်ပါးတို့သည် စားကြလိမ့်မည်။ အုတ်ရိုးကိုငါဖြိုသဖြင့် သူတစ်ပါးတို့သည်ကျော်နင်းကြလိမ့်မည်။ ဥယျာဉ်ကိုငါရှင်းရှင်းဖျက်ဆီးမည်။ အဘယ်သူမျှမပြင်ဆင်ရ။ အဘယ်သူမျှ မတူးမဆွရ၊ ဆူးပင်အမျိုးမျိုးပေါက်ကြလိမ့်မည်၊ ထိုဥယျာဉ်အပေါ်မှာလည်းမိုးမရွာစေခြင်းငှါ ငါပညတ်မည်။ . . . တရားစီရင်ခြင်းကိုမျှော်လင့်တော်မူသည်ရှိသော် အသေသတ်ခြင်းကိုလည်းကောင်း၊ ဖြောင့်မတ်ခြင်းအရာ၌လည်းကောင်း ငိုကြွေးခြင်းကိုလည်းကောင်း တွေ့မြင်တော်မူ၏" ဟုထာဝရဘုရားသခင်မိန့်တော်မူ၏။ ဟေရှာယ၊ ၅း၃-၇။

ထာဝရဘုရားသခင်သည် မောရှေအားဖြင့် မိမိလူမျိုးတို့အားသစ္စာမဲ့ခြင်း၏အကျိုးကိုပြတော်မူ၏။ ကိုယ်တော်၏ပဋိညာဉ်ကိုစောင့်ထိန်းရန်ငြင်းပယ်သည့်အတွက် သူတို့ကိုယ်သူတို့ဘုရားသခင်နှင့်အဆက်ဖြတ်ထားကြသဖြင့် ကိုယ်တော်၏ကောင်းချီးများသည် သူတို့

အပေါ်သို့မသက်ရောက်နိုင်တော့ပါ။ "ယနေ့ငါဆင့်ဆိုသောစီရင်ထုံးဖွဲ့ချက်၊ ပညတ်တရားတော်တို့ကိုသင်သည်မစောင့်၊ သင်၏ဘုရားသခင်ထာဝရဘုရားကိုမေ့လျော့သောအပြစ်ကို သတိနှင့်ရှောင်လော့။သင်သည် ဝစွာစား၍ ကောင်းသောအိမ်ကိုဆောက်လျက်နေစဉ် သင်၏သိုး၊ နွား၊ ရွှေ၊ ငွေ၊ အစရှိသော ဥစ္စာမျိုးများပြားစဉ်အခါ သင်သည်မာနထောင်လွှားခြင်းသို့ရောက်၍၊ . . . သင်၏ဘုရားသခင်ထာဝရဘုရားကိုမေ့လျော့၍ ငါ့တန်ခိုး၊ ငါ့လက်သတ္တိအားဖြင့် ဤစည်းစိမ်ကိုငါရတတ်သည်ဟု စိတ်ထဲမှာအောက်မေ့ခြင်းအပြစ်ကို သတိနှင့်ကြဉ်ရှောင်လော့။. . သင်၏ဘုရားသခင်ထာဝရဘုရားကို သင်သည်မေ့လျော့သဖြင့် အခြားတစ်ပါးသောဘုရားသခင်ကိုတို့ကိုဆည်းကပ်၍ ဝတ်ပြုကိုးကွယ်လျှင် ပျက်စီးခြင်းသို့အမှန်ရောက်လိမ့်မည်ဟု ယနေ့ငါသည် သင့်တစ်ဖက်၌သက်သေခံ၏။ သင်၏ဘုရားသခင်ထာဝရဘုရား၏စကားတော်ကိုနားမထောင်သောကြောင့် ထာဝရဘုရားသခင်သည် သင့်ရှေ့မှာဖျက်ဆီးတော်မူသောလူမျိုးများကဲ့သို့ ထိုနည်းတူသင်သည်ပျက်စီးခြင်းသို့ရောက်ရလိမ့်မည်" ဟုမောရှေမှာထားခဲ့ပါသည်။ တရား၊ ၈း၁၁-၁၄၊၁၆၊၁၇၊၁၉၊၂၀။

ယင်းသတိပေးမှာထားချက်များကို ယုဒလူတို့ဂရုမစိုက်ဘဲထားကြ၏။ သူတို့သည် ဘုရားသခင်၏ကိုယ်စားလှယ်များဖြစ်ကြပါလျက် ကိုယ်တော်ကိုမေ့လျော့၍ သူတို့၏ထူးမြတ်သောအခွင့်အရေးများကို မျက်ခြည်ပြတ်ကြ၏။ သူတို့ရရှိခံစားရကြသောကောင်းချီးများဖြင့်ကမ္ဘာလောကကြီးအတွက် ကောင်းချီးမဖြစ်စေကြပါ၊ သူတို့ခံစားရသောအကျိုးကျေးဇူးများကို သူတို့ကိုယ်တိုင်ဂုဏ်ထင်ရှားစေရန်အတွက်သာ ခွဲဝေအသုံးပြုကြ၏။ သူတို့သည် ဘုရားသခင်အလိုရှိတော်မူသည့်အတိုင်း အမှုတော်ကိုမဆောင်ရွက်ကြပါ။ ၎င်းအပြင် လူသား

အချင်းချင်းအတွက် ဘာသာရေးဆိုင်ရာလမ်းပြသူများဖြစ်ရန်နှင့် သန့်ရှင်းသောနမူနာပုံစံများဖြစ်ကြရန်ကိုလည်း ပျက်ကွက်ကြ၏။ ရေလွှမ်းမိုးခြင်းမတိုင်မီ ကမ္ဘာပေါ်တွင်နေထိုင်ခဲ့ကြသူများကဲ့သို့ သူတို့ ဆိုးသွမ်းသောစိတ်အလိုသို့ လုံးလုံးလျှောက်လိုက်ကြ၏။ ယင်းနည်းအားဖြင့် ဘုရားသခင်နှင့်ဆိုင်ရာမှန်မြတ်သောကိစ္စရပ်များကိုရယ်မောစရာဖြစ်စေရန် "ဤသည်ကား ထာဝရဘုရား၏ဗိမာန်တော်၊ ထာဝရဘုရား၏ဗိမာန်တော်၊ ထာဝရဘုရား၏ဗိမာန်တော်ဖြစ်သတည်းဟု မုသားစကားကိုပြော" ၍ (ယေ၊ ၇း၄)၊ တစ်ချိန်တည်းမှာပင် ဘုရားသခင်၏ဘုန်းတော်ကိုအလွဲပုံဆောင်ကြ၏။ ကိုယ်တော်၏နာမတော်ကို ရှုတ်ချကြ၏။ သန့်ရှင်းရာဌါနတော်ကိုလည်း ညစ်ညူးစေကြ၏။

ထာဝရဘုရားသခင်၏စပျစ်ဥယျာဉ်ကို စောင့်ထိန်းရန်အတွက် ယုံကြည်စွာလွှဲအပ်ထားခြင်းခံရသောဥယျာဉ်စောင့်များသည် မိမိတို့၏ လုပ်ငန်းတာဝန်များတွင် သစ္စာမရှိကြပါ။ ယဇ်ပုရောဟိတ်များနှင့် ဓမ္မဆရာများသည် လူတို့အတွက်ကတိတည်သောနည်းပြဆရာမဟုတ်ကြပါ။ သူတို့အပေါ်ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းနှင့်ချစ်ကြင်နာမှုကို မျက်မှောက်မပြုကြ။ သူတို့သည် ကိုယ်တော်ကိုချစ်၍အမှုတော်ကိုထမ်းဆောင်ရန် ဆင့်ဆိုမှာထားခြင်းခံရသော်လည်း မလိုက်နာကြ။ ယင်းဥယျာဉ်စောင့်တို့သည် သူတို့ဂုဏ်ထင်ပေါ်ရေးကိုသာရှေးရှုကြ၏။ စပျစ်ဥယျာဉ်၏အသီးများကိုခွဲဝေသုံးစွဲရန်သာလိုလားကြ၏။ သူတို့အား အရိုအသေပေး၍လေးစားကြစေရန်အတွက်သာ သူတို့လှေ့လာကြ၏။

ဣသရေလခေါင်းဆောင်တို့၏အပြစ်သည် သာမန်အပြစ်သား တစ်ဦး၏ အပြစ်ကဲ့သို့မဟုတ်၊ ၎င်းတို့သည်ဘုရားသခင်၏အရေးအကြီးဆုံးသောကျေးဇူးခံကျေးဇူးစားများဖြစ်ကြသောကြောင့်၊ "ထာဝရဘုရားသခင်၏အမိန့်တော်" ကိုသူတစ်ပါးတို့အား သင်ကြားပို့ချရန်နှင့်

သူတို့ကိုယ်တိုင်တိကျမှန်ကန်စွာ လက်တွေ့လိုက်နာစောင့်ထိန်းရန် ကတိခံဝန်ထားသူများဖြစ်ကြပါသည်။ ယင်းသို့လိုက်နာဆောင်ရွက်ရမည့်အစား ကျမ်းစာတော်မြွက်ကိုမှောက်လှန်ကြ၏။ သူတို့သည် လူမျိုးရေးနှင့်ဘာသာရေးဆိုင်ရာအခမ်းအနားများကို လူတို့အသက်တာတစ်လျှောက်လုံးအတင်းအကျပ်လိုက်နာဆောင်ရွက်စေခြင်းဖြင့် လူတို့အပေါ်တွင်လေးသောဝန်ကိုတင်ကြ၏။ ရဗ္ဗိဆရာများသတ်မှတ်ပြဋ္ဌာန်းထားသည် ဝိနည်းအထုံးအဖွဲ့များကိုပြည့်စုံအောင် မလိုက်နာနိုင်ကြသောကြောင့်လူတို့သည် ငြိမ်သက်စွာမနေရကြ။ ထိုကြောင့် လူတို့သည် လူလုပ်သောပညတ်တော်များကို လိုက်နာစောင့်ရှောက်ရန်မဖြစ်နိုင်သည်ကိုတွေ့ရကြသောအခါ ဘုရားသခင်၏ပညတ်တော်တို့ကို ထိန်းသိမ်းရန် ပေါ့လျော့ကြ၏။

ဘုရားသခင်သည် စပျစ်ဥယျာဉ်ပိုင်ရှင်ဖြစ်တော်မူကြောင်း၊ သူတို့ပိုင်သောပစ္စည်းဥစ္စာအားလုံးမှာ ကိုယ်တော်အတွက်အသုံးပြုရန် သူတို့အားယုံမှတ်လွှဲအပ်ထားခြင်းမျှသာဖြစ်ကြောင်း မိမိလူတို့အားဘုရားသခင်ညွှန်ကြားထားတော်မူ၏။ သို့သော် ယဇ်ပုရောဟိတ်များနှင့် ခရစ်ယာန်ဆရာများသည် ဘုရားသခင်ပိုင်ဆိုင်တော်မူသည့် ဥစ္စာပစ္စည်းများကို ကိုင်တွယ်သုံးစွဲရာတွင် သန့်ရှင်းမြင့်မြတ်သောလုပ်ငန်းတာဝန်နှင့်လျော်ညီအောင်မဆောင်ရွက်ကြပါ။ ဘုရားသခင်၏အမှုတော်ကို တိုးတက်ဖွံ့ဖြိုးရေးအတွက် မိမိတို့အားအပ်နှင်းထားသည့်ဥစ္စာပစ္စည်းများနှင့်အခွင့်အရေးများကို သူတို့စနစ်တကျလုယူကြ၏။ သူတို့၏မတော်လောဘစိတ်၊ သူတို့၏လိုချင်တပ်မက်စိတ်ကို ဘုရားသခင်ကိုမသိသောသူများကပင်ရှုတ်ချကြ၏။ ထိုကြောင့် တစ်ပါးအမျိုးသားလောကကြီးအားဘုရားသခင်၏ ဘုန်းတော်ကိုလည်းကောင်း၊ နိုင်ငံတော်နှင့်ယှဉ်သော

တရားတော်များကိုလည်းကောင်း၊ အနက်အကောက်လွဲအောင်အခွင့်အခါပေးရာရောက်၏။

ဘုရားသခင်သည် ခမည်းတော်ပီသသည့် နှလုံးတော်ဖြင့်မိမိလူတို့အားသည်းခံတော်မူ၏။ ကျေးဇူးကြင်နာမှုကိုပေးခြင်း၊ ရုပ်သိမ်းခြင်းတို့ဖြင့် ဖျောင်းဖျတော်မူ၏။ သူတို့၏မကောင်းမှုများတို့ကိုစိတ်ရှည်စွာဖြင့်သူတို့ရှေ့တွင်ချပြပြီးလျှင် သူတို့ဝန်ခံရန်အတွက် သည်းခံလျက်စောင့်နေတော်မူ၏။ ဥယျာဉ်စောင့်များထံသို့ ပုရောဖက်များနှင့်တမန်တော်များကိုစေလွှတ်၍ ဘုရားသခင်၏တောင်းဆိုချက်များကိုလိုက်နာရန်တိုက်တွန်းနှိုးဆော်တော်မူသော်လည်း စေလွှတ်တော်မူသောသူတို့ကိုမကြိုဆိုသည်သာမက ရန်သူကဲ့သို့သဘောထားကြ၏။ ဥယျာဉ်စောင့်တို့သည်သူတို့ကိုနှိပ်စက်ညှဉ်းပန်း၍သတ်၏။ ဘုရားသခင်သည် အခြားသောတမန်တော်များကိုဆက်လက်စေလွှတ်တော်မူပြန်ရန်၄င်းတို့သည်လည်း ပထမအကြိမ်စေလွှတ်ခဲ့သည့်တမန်တော်များနည်းတူ ခံရကြ၏။ ထို့မျှမက ဥယျာဉ်စောင့်တို့သည် ပို၍မုန်းမာန်ပြင်းထန်ကြ၏။

နောက်ဆုံးတွင် ဘုရားသခင်က "သူတို့သည် သားကိုအားနာကြလိမ့်မည်" ဟုဆို၍ သားတော်ကိုစေလွှတ်တော်မူ၏။ သို့သော်သူတို့၏ခုခံမှုလက်စသည် ပို၍ပြင်းထန်လာသောကြောင့် သားတော်ကိုမြင်သောအခါ "ဤသူသည်အမွေခံဖြစ်၏၊ လာကြ၊ သူ့ကိုသတ်၍သူ၏အမွေဥစ္စာကိုယူကြကုန်အံ့" သို့မှသာလျှင် ငါတို့သည် စပျစ်ဥယျာဉ်စည်းစိမ်ကိုခံစား၍ အသီးများကိုလည်း ငါတို့ကြိုက်နှစ်သက်သလိုအသုံးပြုနိုင်ကြလိမ့်မည်ဟု အချင်းချင်းတိုင်ပင်ကြ၏။

ယုဒအရာရှိများသည် ဘုရားသခင်ကိုမချစ်ကြသောကြောင့် ကိုယ်တော်နှင့်ခွဲခွာ၍ ကိုယ်တော်၏ နှုတ်ထွက်တရားတော်များအတိုင်း

ဖြောင့်မှန်စွာလိုက်နာဆောင်ရွက်ရန်ငြင်းပယ်ကြ၏။ ထာဝရဘုရားသခင်ချစ်တော်မူသောခရစ်တော်သည် စပျစ်ဥယျာဉ်ပိုင်ရှင်၏ဆင့်ဆိုချက်များအတိုင်းအတိအကျဆောင်ရွက်ရန် ကြွလာတော်မူသောအခါဥယျာဉ်စောင့်တို့သည် ကိုယ်တော်အားသိသိသာသာမထီမဲ့မြင်ပြုကြပြီးလျှင် "ဤသူ၏အုပ်စိုးခြင်းကိုငါတို့မခံမယူကြ" ဟု အချင်းချင်းတိုင်ပင်ကြ၏။ ခရစ်တော်၏တင့်တယ်သောဘုန်းတော်ကို သူတို့ငြူစူစောင်းမြောင်းကြ၏။ ကိုယ်တော်၏ဆုံးမပေးပုံပေးနည်းသည် သူတို့ထက်များစွာသာလွန်ကောင်းမွန်သောကြောင့် ကိုယ်တော်အောင်မြင်ပြီးမြောက်တော်မူမည်ကို သူတို့ထိတ်လန့်စိုးရိမ်ကြ၏။ ကိုယ်တော်သည် သူတို့၏သူတော်ကောင်းယောင်ဆောင်မှုကို ဖွင့်ပြမြစ်တားတော်မူပြီးလျှင် သူတို့လုပ်ဆောင်ပုံလုပ်ဆောင်နည်း၏ အကျိုးသက်ရောက်မှုအမှန်ကိုလည်းဖော်ပြတော်မူ၏။ ထိုကြောင့်သူတို့ပို၍ဒေါသအမျက်ထွက်ကြ၏။ ယင်းသို့ပြစ်တင်ဆုံးမစကားများကို သူတို့မတားဆီးနိုင်သောကြောင့် နာကြဉ်းစွာခံရကြ၏။ စဉ်ဆက်မပြတ်ခရစ်တော်သွန်သင်ပြသတော်မူသည့်ဖြောင့်မတ်ခြင်းတရားသည် အဆင့်အတန်းမြင့်သည်ဖြစ်၍ သူတို့မုန်းတီးကြ၏။ ကိုယ်တော်၏သွန်သင်တော်မူချက်များသည် သူတို့၏တစ်ကိုယ်ကောင်းစိတ်ထားများကိုဖေါ်ထုတ်တော့မည်ဖြစ်ကြောင်းသူတို့သိသောအခါ ကိုယ်တော်ကိုသတ်ရန်ဆုံးဖြတ်ကြ၏။ ကိုယ်တော်၏ဖြောင့်မှန်ခြင်းနှင့်ဘုရားသခင်ကို ကြည်ညိုခြင်းသည်လည်းကောင်း၊ ကိုယ်တော်၏ဆောင်ရွက်တော်မူသမျှတွင် မြင့်မြတ်သည့်စိတ်နေသဘောထားပေါ်လွင်သည်ကိုလည်းကောင်း သူတို့မုန်းတီးကြ၏။ နားထောင်ခြင်းအားဖြင့်ထာဝရအသက်ကိုရလိမ့်မည်။ (သို့မဟုတ်) နားမထောင်သောကြောင့်ထာဝရသေခြင်းကိုခံရလိမ့်မည်ဆိုသည်ကို ခရစ်တော်၏ စုံလင်သော

အသက်တာက သူတို့၏အပြစ်များကိုဖေါ်ပြဆုံးမနေသောကြောင့် နောက်ဆုံးစစ်ဆေးချိန်ရောက်သောအခါ သူတို့သည် ဣသရေလ၏ တစ်ဆူတည်းသော သန့်ရှင်းသောဘုရားသခင်ကိုငြင်းပယ်ကြ၏။ ခရစ်တော် (သို့မဟုတ်) ဗာရဗ္ဗကိုလွှတ်ရမည်လောဟုမေးသောအခါ၊ သူတို့က "အကျွန်ုပ်တို့အား ဗာရဗ္ဗကိုလွှတ်ပါလော့" ဟုဟစ်ကြော်ကြ၏။ ပိလတ်မင်းက "သို့ဖြစ်လျှင် ခရစ်ဟုခေါ်ဝေါ်သောယေရှုကို အဘယ်သို့ပြုရမည်နည်း" ဟုမေးမြန်းသော သူတို့က "သူသည် လက်ဝါးကပ်တိုင်မှာရိုက်ထားခြင်းကိုခံပါလေစေ" ဟစ်အော်ကြ၏။ မ၊၂၇း၂၂။ တစ်ဖန်ပိလတ်မင်းက "သင်တို့၏ရှင်ဘုရင်ကိုလက်ဝါးကပ်တိုင်မှာရိုက်ထားရမည်လော" ဟုထပ်၍မေးမြန်ရာ ယဇ်ပုရောဟိတ်အကြီးများနှင့်အရာရှိများက "အကျွန်ုပ်တို့၌ကဲသာဘုရင်မှတစ်ပါး အဘယ်ရှင်ဘုရင်မျှမရှိပါ" ဟုဖြေကြ၏။ ယော၊ ၁၉း၁၅။ ပိလတ်မင်းသည်မိမိလက်ကိုဆေး၍ "ဤဖြောင့်မတ်သောသူ၏အသွေးနှင့်ငါသည်ကင်းရှင်း၏" ဟုပြောသောအခါ ယဇ်ပုရောဟိတ်များသည် အသိပညာနည်းပါးသောလူအုပ်ကြီးနှင့်အတူ "သူ၏အသွေးသည် ငါတို့၏ခေါင်းပေါ်၌လည်းကောင်း၊ သားမြေးတို့၏ခေါင်းပေါ်၌လည်းကောင်းတည်ရှိပေါ်၌လည်းကောင်း၊ သားမြေးတို့၏ ခေါင်းပေါ်၌လည်းကောင်းတည်ရှိပါစေ" ဟု ကိုယ်ရောစိတ်ပါကြွေးကြော်ကြ၏။ မ၊ ၂၇း၂၄၊၂၅။

ဤကဲ့သို့ပင် ယုဒခေါင်းဆောင်များရွေးချယ်ဆုံးဖြတ်ကြပါသည်။ တမန်တော်ယောဟန်၏ မြင်ခြင်းအိပ်မက်တွင် တွေ့မြင်ရသည့်ပလ္လင်တော်ပေါ်၌ထိုင်နေတော်မူသောသူလက်တွင်ရှိ၍ မည်သူမျှမဖွင့်နိုင်သောစာစောင်တွင် သူတို့ရွေးချယ်ဆုံးဖြတ်ပုံကို မှတ်တမ်းတင်ထားတော်မူ၏။ ယုဒအမျိုးခြသေ့်တည်းဟူသော ဒါဝိဒ်၏အမြစ်သည်၎င်းစာစောင်ကိုဖွင့်သောနေ့သို့ရောက်ကသောအခါသူတို့ရန်ငြိုးဖွဲ့၍ဆုံးဖြတ်ချက်ချထား

ခြင်းသာဖြစ်ကြောင်း သူတို့ရှေ့မှောက်တွင်ထင်ရှားစွာ ပေါ်လွင်လျက်ရှိပေလိမ့်မည်။

ယုဒလူတို့သည် သူတို့ကိုယ်သူတို့ကောင်းကင်ကမျက်နှာသာပေးခြင်းခံရသောလူမျိုးဖြစ်သည်ဟု သဘောထား၍နှစ်ခြိုက်နေကြ၏။ ၎င်းအပြင်သူတို့သည် ဘုရားသခင်၏အသင်းတော်ဖြစ်သောကြောင့် အမြဲတစေချီးမြှင့်ခြင်းကိုခံရမည်ဟုသဘောထားကြ၏။ သူတို့သည် အာဗြဟံ၏သားစဉ်မြေးဆက်များဖြစ်သည်ဟု ကြွေးကြော်ကြ၏။ ထိုသို့ကြွေးကြော်သည်နှင့်အမျှ သူတို့၏စီးပွားရေးတိုးတက်အောင်မြင်မှုအခြေခံခိုင်လုံမြဲမြံသည်ဟု သူတို့ထင်မြင်သောကြောင့် ကောင်းကင်နှင့်မြေကြီးကိုတုပြိုင်သဖြင့် သူတို့ရထိုက်သောအခွင့်အရေးကိုဆုံးရှုံးကြ၏။ ၎င်းအပြင်သူတို့သည် သစ္စာမတည်သောကြောင့် ကောင်းကင်မှပြစ်ဒဏ်စီရင်ခြင်းကိုခံရ၍ ဘုရားသခင်နှင့်ခွဲခွာရကြပေလိမ့်မည်။

စပျစ်ဥယျာဉ်ပုံပမာတွင် ယဇ်ပုရောဟိတ်များ၏ဆိုးသွမ်းမှုသည် ထိပ်ခေါင်သို့ရောက်နေပြီဖြစ်ကြောင်း သူတို့၏ရှေ့မှောက်တွင်ဖော်ပြပြီးသောအခါ "သို့ဖြစ်လျှင် ဥယျာဉ်ရှင်သည်လာသောအခါ ဥယျာဉ်စောင့်တို့ကိုအဘယ်သို့ပြုရမည်နည်း" ဟုခရစ်တော်မေးတော်မူ၏။ ယဇ်ပုရောဟိတ်များသည်လည်း ပုံပမာကိုစိတ်ပါစွာနားထောင်နေကြသည့်အလျောက် သူတို့အားရည်မှတ်၍ မိန့်တော်မူသည်ကို မချင့်ချိန်နိုင်ဘဲ လူပရိတ်သတ်ကြီးနှင့်ပူးပေါင်း၍ "ထိုလူဆိုးတို့အားဆိုးသောဖျက်ဆီးခြင်းကိုစီရင်ပါလိမ့်မည်။ အသီးသီးချိန်တွင် အသီးကိုဆက်အံ့သောအခြားလူတို့အား ထိုဥယျာဉ်ကိုငှါးပါလိမ့်မည်" ဟုဖြေဆိုလျှောက်ထားကြ၏။

သူတို့သည် သူတို့ကိုယ်သူတို့အမှတ်တမဲ့စီရင်ချက်ချမှတ်ကြသဖြင့် ယေရှုသည်သူတို့အားကြည့်၍နေတော်မူ၏။ ကိုယ်တော်သည် ထိုးထွင်းသိမြင်တတ်သောဉာဏ်မျက်စိဖြင့် သူတို့အားစိုက်၍ကြည့်နေတော်မူသည်ကိုသူတို့မြင်သောအခါ သူတို့၏စိတ်နေသဘောထားများကို သိမြင်တော်မူကြောင်းသူတို့သိကြ၏။ ကိုယ်တော်၏ ဘုရားသခင်ဇာတိတော်ကို သူတို့၏ရှေ့မျှောက်တွင်မမှားမယွင်းနိုင်သောတန်ခိုးတော်ဖြင့် ထင်ရှားစွာလျှပ်ပြက်သကဲ့သို့ပြတော်မူ၏။ ဥယျာဉ်စောင့်များ၏ဥပမာတွင်သူတို့ကိုယ်သူတို့မြင်ယောင်ကြသဖြင့် "ဘုရားသခင်တားမြစ်ပါစေ" ဟုအမှတ်မထင်ကြွေးကြော်ကြ၏။

ထိုအခါ ခရစ်တော်သည်ကရုဏာကိုဆောင်လျက် နှမြောသောစိတ်ချင့် "တိုက်ကိုတည်လုပ်သောသူများပယ်ထားသောကျောက်သည် နောက်တစ်ဖန်တိုက်ထောင့်အထွတ်အဖျားသို့ရောက်ပြန်၏။ ထိုအမှုသည်ထာဝရဘုရားသခင်ပြုတော်မူသောအမှုဖြစ်၏။ ငါတို့မျက်မှောက်၌လည်း အံ့သြဖွယ်ဖြစ်၏ဟူသောစကားကို ကျမ်းစာ၌သင်တို့သည်တစ်ခါတစ်ရံမျှမဖတ်ဖူးသလော။ ထိုကြောင့်ငါဆိုသည်ကား ဘုရားသခင်၏နိုင်ငံတော်ကိုသင်တို့မှနုတ်၍ နိုင်ငံတော်အသီးကိုသီးအံ့သောလူမျိုးအား ပေးရလတ္တံ့။ အကြင်သူသည် ထိုကျောက်အပေါ်သို့ကျ၏။ ထိုသူသည် ကျိုးလတ္တံ့။ အကြင်သူ၏အပေါ်သို့ ထိုကျောက်သည်ကျ၏။ ထိုသူသည် ညက်ညက်ကြေလတ္တံ့" ဟုခရစ်တော်မိန့်တော်မူ၏။

အကယ်၍ယုဒလူတို့သည် ခရစ်တော်ကိုလက်ခံခဲ့မည်ဆိုပါက သူတို့အပေါ်သို့ကျရောက်တော့မည်ပြစ်ဒဏ်ကိုလွှဲဖယ်ပေးတော်မူလိမ့်မည်။ သို့သော်ငြူစူသောစိတ်၊ မနာလိုဝန်တိုသောစိတ်များကြောင့် သူတို့မကျေမချမ်းနိုင်ကြပါ။ နာဇရက်မြို့သားယေရှုကို မေရှိယအဖြစ်

လက်မခံရန် ဆုံးဖြတ်ကြ၏။ ဤလောက၏အလင်းကို သူတို့ငြင်းပယ်ကြသည့်အချိန်မှအစပြု၍ သူတို့၏အသက်တာသည် သန်းခေါင်းယံအချိန်ကဲ့သို့မှောင်မိုက်ဝန်းရံလျက်ရှိ၏။ ယုဒလူမျိုးအပေါင်းတို့ပြစ်ဒဏ်ကျရောက်လိမ့်မည်ဟု ကြိုတင်ဟောထားချက်ရှိသည့်အတိုင်း ပြည့်စုံခြင်းသို့ရောက်၏။ သူတို့၏ပြင်းထန်သောအမျက်ဒေါသကို သူတို့မချုပ်တည်းသောကြောင့် ပျက်စီးခြင်းသို့ရောက်ကြ၏။ သူတို့၏အမျက်ဒေါသမှောင်မိုက်သည် အချင်းချင်းတစ်ဦးကိုတစ်ဦးဖျက်ဆီးကြ၏။ သူတို့၏ပြင်းထန်သောမာန်မာနနှင့်ပုန်ကန်တတ်သောသဘောထားကြောင့်ရောမအာဏာပိုင်တို့၏အမျက်ဒေါသသည် သူတို့အပေါ်သို့ကျရောက်သဖြင့် ယေရုရှလင်မြို့ကြီးသည် ဖျက်ဆီးခြင်းကိုခံရ၏။ ဗိမာန်တော်ကြီးပျက်စီးသဖြင့် ယင်းနေရာတွင် လယ်ယာမြေကဲ့သို့ထွန်ယက်ကြ၏။ ယုဒလူမျိုးတို့အသေဆိုးကြ၏။ သန်းပေါင်းများစွာသောယုဒအမျိုးသားတို့သည် တစ်ပါးအမျိုးသားတိုင်းပြည်များသို့ ကျွန်အဖြစ်ရောင်းစားခြင်းကို ခံရကြ၏။

လူမျိုးတစ်မျိုးအနေဖြင့် ယုဒလူမျိုးတို့သည် ဘုရားသခင်၏စီမံမှုကိုပြည့်စုံအောင် အကောင်အထည်ဖေါ်ရန် ပျက်ကွက်ကြသောကြောင့် စပျစ်ဥယျာဉ်ကို သူတို့လက်မှရုပ်သိမ်းတော်မူ၏။ သူတို့အလွဲသုံးစားပြုသောအခွင့်အရေးများနှင့်သူတို့မထီလေးစားပြုသောလုပ်ငန်းကို သူတစ်ပါးတို့ပအား တာဝန်ပေးလွှဲအပ်လိုက်တော်မူ၏။

## ယနေ့အသင်းတော်

စပျစ်ဥယျာဉ်သည်ယုဒလူမျိုးအတွက် သီးသန့်ပုံဆောင်ထားခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့နှင့်စပ်ဆိုင်သောသင်ခန်းစာလည်း ရှိပါသေးသည်။

ယနေ့အသင်းတော်ကိုလည်း ဘုရားသခင်ကကြီးမားသောအခွင့်အရေးများနှင့်ကောင်းချီးများစွာ ပေးအပ်ထားတော်မူသည်ဖြစ်၍ အချိုးညီသောတုံ့ပြန်မှုကိုလိုလားတော်မူ၏။

ကျွန်ုပ်တို့သည် အနှောင်အဖွဲ့မှလွတ်မြောက်ရန် ကြီးစွာသောတန်ဖိုးကိုပေး၍ ရွေးယူထားတော်မူ၏။ ယင်းကြီးစွာသောတန်ဖိုး၏အကြောင်းကိုသိနားလည်မှသာလျှင် ကျွန်ုပ်တို့အတွက်အကျိုးဖြစ်ထွန်းပေလိမ့်မည်။ သားတော်၏အသွေးတော်နှင့်မျက်ရည်အားဖြင့်အစိုဓါတ်ပေးထားသော ဤကမ္ဘာမြေကြီးပေါ်တွင် ပရဒိသုဘုံဆိုင်ရာအဖိုးတန်အသီးများကိုသီးစေရမည်။ နှုတ်တော်ထွက်တရားတော်ဆိုင်ရာသစ္စာတရားများ၏စုံလင်ခြင်းနှင့်ဘုန်းကျက်သရေသည် ဘုရားသခင်သားသမီးများ၏အသက်တာတွင် ထင်ရှားစေမည်။ ခရစ်တော်ဘုန်းတော်နှင့်ကိုယ်တော်၏နိုင်ငံတော်နှင့်စပ်လျဉ်းသောအခြေခံသဘောတရားများကို ကိုယ်တော်၏လူမျိုးအားဖြင့် ထင်ရှားစေရန်ဖြစ်ပါသည်။

စာတန်သည် ဘုရားသခင်၏အမှုတော်နှင့်ဆန့်ကျင်ဖီလာသောလုပ်ငန်းကိုရှာဖွေဆောင်ရွက်နေသည်ဖြစ်သောကြောင့် သူ၏အခြေခံသဘောတရားလမ်းစဉ်ကို လူတို့လက်ခံရန်အမြဲတစေတိုက်တွန်းသွေးဆောင်၍နေပါသည်။ ဘုရားသခင်၏အရွေးချယ်ခံလူမျိုးသည် မှားယွင်းသောလူမျိုးဖြစ်သည်ဟု စာတန်ကတင်ပြနေပါသည်။ သူသည်ညီအစ်ကိုများကိုစွပ်စွဲသောသူဖြစ်သောကြောင့် ဖြောင့်မတ်ခြင်းတရားလမ်းသို့လိုက်သောသူများကိုဖီလာကန့်လန့်လုပ်ရာ၌ မိမိတို့၏တန်ခိုးအာဏာကိုအသုံးပြုနေပါသည်။ ထိုကြောင့် ဘုရားသခင်၏လူမျိုးသည် မှန်သောအခြေခံသဘောတရားလမ်းစဉ်ကိုလိုက်လျှောက်သည့်အတွက် ဖြစ်ထွန်းသောအကျိုးကျေးဇူးကိုပြခြင်းအားဖြင့် စာတန်၏စွပ်စွဲချက်ကိုချေပရန်ဘုရားသခင်အလိုရှိတော်မူ၏။

ယင်းအခြေခံသဘောတရားများသည် ခရစ်ယာန်တစ်ဦးစီ၏ အသက်တာတွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ အသင်းတော်တွင်လည်းကောင်း၊ ဘုရားသခင်၏အမှုတော်အတွက်တည်ထောင်ထားသည့်အဖွဲ့အစည်းတိုင်းတွင်လည်းကောင်း ပေါ်လွင်ထင်ရှားစေရမည်။ ၎င်းတို့အားလုံးသည် ကမ္ဘာလောကကြီးအတွက် တစ်စုံတစ်ခုကို တာဝန်ယူလုပ်ဆောင်နိုင်သည့် အထိမ်းအမှတ်များဖြစ်ရမည်။ သူတို့အားလုံးသည် ဧဝံဂေလိတရားတော်ဆိုင်ရာဖြောင့်မတ်ခြင်းတရား၏ ကယ်တင်နိုင်သောတန်ခိုးနှင့်စပ်လျဉ်းသည့်ပုံစံနမူနာဖြစ်ရမည်။ သူတို့အားလုံးသည် လူသားတို့အတွက် ဘုရားသခင်၏ကြီးမြတ်တော်မူသောကြံရွယ်ချက်ပြည့်စုံအောင် ပါဝင်ထမ်းဆောင်သည့် ကိုယ်စားလှယ်တော်များဖြစ်ရမည်။

ယုဒခေါင်းဆောင်များသည် သူတို့၏ကြီးကျယ်ခမ်းနားသောဗိမာန်တော်ကြီးနှင့်ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာအဆောင်အယောင်များကိုကြည့်၍ မာန်စောင်နေကြ၏။ သို့သော်တရားမျှတခြင်း၊ ထောက်ထားညှာတာခြင်းနှင့်ဘုရားသခင်၏ချစ်ခြင်းမေတ္တာကင်းမဲ့နေကြ၏။ ဗိမာန်တော်ကြီး၏ဘုန်းတန်ခိုးကြီးပုံနှင့် သူတို့ဝတ်ပြုကိုးကွယ်ခြင်း၏ခမ်းနားပုံများက သူတို့အား ဘုရားသခင်၏အထံတော်သို့ရောက်အောင်ထောက်ခံနိုင်သည်မဟုတ်ပါ။ ဘုရားသခင်၏ရှေ့တော်မှောက်၌ အဖိုးထိုက်တန်သည့်တစ်ခုတည်းသောအရာကို သူတို့ဆက်ကပ်ပူဇော်ခြင်းမပြုကြ။ ဘုရားသခင်နှစ်သက်တော်မူသည့် နှလုံးကြေကွဲ၍ နှိမ့်ချသည့်ယဇ်ကိုသူတို့မပူဇော်ကြ။ ဘုရားသခင်၏နိုင်ငံတော်နှင့်စပ်ဆိုင်သည့် အရေးကြီးသောအခြေခံသဘောတရားများ လက်လွတ်သောအခါ ဘာသာရေးအခမ်းအနားများသည် အဆာကျယ်ခြင်းနှင့်ဖြုန်းတီးခြင်း

သက်သက်ဖြစ်၏။ အကျင့်တည်ဆောက်ရေးကို လျစ်လျူရှုသောအခါ၊ စိတ်ဝိညာဉ်ကိုတင့်တယ်စေခြင်းမရှိသောအခါ၊ ရိုးသားစွာဝတ်ပြုကိုးကွယ်ခြင်းကိုမျက်ခြည်ပြတ်သောအခါ ပကာသနဂုဏ်ဒြပ်ကိုလိုလားတောင့်တလာသောကြောင့် ကြီးကျယ်ခမ်းနားသောဘုရားရှိခိုးကျောင်းကြီးများ၊ ဘုံဗိမာန်ကြီးများ၊ သိုက်မြိုက်ဆန်းကြယ်စွာမွမ်းမံခြယ်လှယ်ခြင်းများ၊ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာအခမ်းအနားပွဲနေ့များကိုလိုလားတောင်းဆိုကြ၏။ ယင်းကိစ္စအပေါင်းတွင် ဘုရားသခင်ကိုဂုဏ်ပြုခြင်းမရှိ။ အခမ်းအနားများ၊ ဟန်ဆောင်မှုများနှင့်ခင်းကျင်းပြသမှုများရောပွမ်းသည့်ခေတ်မီဘာသာရေးကို ဘုရားသခင်နှစ်သက်လက်ခံတော်မူသည်မဟုတ်။ ယင်းကဲ့သို့သောဝတ်ပြုကိုးကွယ်ခြင်းများအတွက်ကောင်းကင်တမန်တို့တုံ့ပြန်ခြင်းမပြုကြပါ။

အသင်းတော်သည် ဘုရားသခင်ရှေ့တော်မှောက်တွင် အလွန်အဖိုးထိုက်တန်ပါသည်။ အပေါ်ယံက အခွင့်သာမှုအတွက်မဟုတ်၊ လောကနှင့်ခြားနားသည့်ရိုးသားသောဝတ်ပြုကိုးကွယ်ခြင်းကိုသာလျှင်ကိုယ်တော်တန်ဖိုးထားတော်မူ၏။ အသင်းသားများသည် ခရစ်တော်ကိုသိကျွမ်းခြင်း၌ ကြီးထွားရှင်သန်ခြင်းအပေါ်မူတည်၍လည်းကောင်း၊ သူတို့၏ဝိညာဉ်ရေးအတွေ့အကြုံဖွံ့ဖြိုးမှုအပေါ်မူတည်၍လည်းကောင်းကိုယ်တော်တန်ဖိုးသတ်မှတ်တော်မူ၏။

ခရစ်တော်သည် မိမိ၏စပျစ်ဥယျာဉ်တော်မှသန့်ရှင်းသောအသီးများ၊ တစ်ကိုယ်ကောင်းစိတ်ထားကင်းသောအသီးများကို သုံးဆောင်လိုတော်မူ၏။ မေတ္တာနှင့်ကောင်းမြတ်ခြင်းဆိုင်ရာအခြေခံသဘောတရားများကိုရှာဖွေတော်မူ၏။ ခရစ်တော်ကိုပုံဆောင်သူများ ထုတ်ဖော်ရမည့်အကျင့်သဘောထားလှပပုံတို့ကို မည်သည့်အနုပညာလှပပုံကမျှဖက်ပြိုင်

ဝံ့မည်မဟုတ်ပါ။ ယုံကြည်သူ၏စိတ်ဝိညာဉ်ကိုကျေးဇူးတော်အရှိန်အဟုန် ဝန်းရံသည်ဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်သည် စိတ်နှလုံးအတွင်း ပြုပြင်ခြင်းဖြင့် အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏အမွှေး အကြိုင်ဖြစ်သောကြောင့် သူ၏အလုပ်ကိုဘုရားသခင်ကောင်းချီးပေး တော်မူ၏။

တိုင်းပြည်တွင် အနှိမ်းပါးဆုံးသော လူစုလူဝေးတစ်ရပ်ဖြစ် ကောင်းဖြစ်ပေလိမ့်မည်။ ဆွဲဆောင်နိုင်မှုအတွက် ပြင်ပဟိတ်ဟန်မရှိ သော်လည်းအသင်းသားများသည် ခရစ်တော်၏ဘုန်းတော်ကိုဖော်ထုတ် နိုင်သည့်အခြေခံသဘောတရားများရှိပါက သူတို့သည် ကိုယ်တော်ကဲ့သို့ ဝမ်းမြောက်ရွှင်လန်းကြပေလိမ့်မည်။ သူတို့ဘုရားသခင်ကိုဝတ်ပြုရာတွင် ကောင်းကင်တမန်များလည်းပါဝင်ကြပေလိမ့်မည်။ ကျေးဇူးတော်နှင့်ဘုန်း တော်ကိုချီးမွမ်းကြသည့် ကျေးဇူးတရားသိတတ်သူတို့၏အသံများသည် မွှေးကြိုင်သောပူဇော်သကာကဲ့သို့ ဘုရားသခင်၏အထံတော်သို့တက်လေ ၏။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းနှင့် တန်ခိုးတော်အကြောင်းကိုထုတ်ဖော်ပြောကြားရန် ကိုယ်တော်အလိုရှိ တော်မူ၏။ ကျေးဇူးတော်နှင့်ဘုန်းတော်ကိုချီးမွမ်းခြင်းအားဖြင့်ကိုယ်တော် ၏ဘုန်းအသရေကိုထင်ရှားစေကြ၏။ "ကျေးဇူးတော်ချီးမွမ်းခြင်းယဇ်ကို ပူဇော်သောသူသည် ငါ၏ဘုန်းကိုထင်ရှားစေသောသူဖြစ်၏" ဟု ကိုယ်တော်မိန့်တော်မူ၏။ ဆာ၊ ၅ဝး၂၃။ ဣသရေလလူတို့သည် တောကြီးကန္တာရအတွင်း၌လှည့်လည်သွားလာ၍နေကြစဉ်က သန့်ရှင်း သောသီချင်းသံဖြင့် ဘုရားသခင်ကိုချီးမွမ်းကြ၏။ ဘုရားသခင်၏ ပညတ်တော်များနှင့်ကတိတော်များကိုသံစုံသွင်း၍ တောကြီးအတွင်း လှည့်လည်စဉ်ကာလပတ်လုံးဘုရားဖူးခရီးသည်များသီဆိုကြ၏။ ခါနာန် ပြည်သို့ရောက်ကြသောအခါ ဘာသာရေးဆိုင်ရာစားသောက်ပွဲများတွင်

ဘုရားသခင်၏အံ့ဩဖွယ်ရာဆောင်ရွက်မှုများကိုပြန်လည် ပြောပြကြပြီးလျှင် နာမတော်နှင့်ကျေးဇူးတော်ကိုချီးမွမ်းပူဇော်ရမည်ဖြစ်ပါသည်။ ဘုရားသခင့်လူတို့၏အသက်တာတစ်လျှောက်လုံးသည်ကျေးဇူးတော်ကိုချီးမွမ်းသောအသက်တာဖြစ်စေရန် ဘုရားသခင်အလိုရှိတော်မူ၏။ ယင်းနည်းအားဖြင့် "မြေကြီးသားတို့သည် အမှုတော်ကိုသိ၍ ခပ်သိမ်းသောလူမျိုးတို့သည် ကယ်တင်တော်မူခြင်းကျေးဇူးကိုခံရကြပါစေသော။ " ဆာ၊ ၆၇း၂။

ယနေ့လောကတွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သင့်ပါသည်။ လောကသားများသည် ဘုရားသခင်ကိုမသိကြ၊ သို့သော်သူတို့၏ဘာသာအယူဝါဒများကိုပြစ်တင်ဝေဖန်ခြင်းမပြုဘဲ သာလွန်ကောင်းမွန်သောအယူဝါဒကိုသိတွေ့စေခြင်းအားဖြင့် သူတို့၏မှားသောဝတ်ပြုကိုးကွယ်ခြင်းများကိုစွန့်လွှတ်ရန် ဆောင်ရွက်ရကြပါမည်။ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို အများသိအောင်ဆောင်ရွက်ရကြပါမည်။ "ငါသည်ဘုရားသခင်မှန်ပြီဟု သင်တို့သည် ငါ၏သက်သေဖြစ်ကြ၏"။ ဟေရှာယ ၊ ၄၃း၁၂။

ကြီးမြတ်တော်မူသော ကယ်တင်ခြင်းစီမံကိန်း၏အကျိုးကျေးဇူးကိုကျွန်ုပ်တို့ကောင်းစွာသိနားလည်ရန် ထာဝရဘုရားသခင်အလိုရှိတော်မူ၏။ ဘုရားသခင်၏သားသမီးများဖြစ်သောကြောင့် ကျွန်ုပ်တို့ရရှိသည့်မြင့်မြတ်သောအခွင့်အရေးကိုမှချသိမြင်၍ ကျေးဇူးတော်ကိုချီးမွမ်းလျက်ကိုယ်တော်၏ရှေ့တော်တွင် နားထောင်ခြင်းဖြင့် တရားတော်ကိုကျင့်စောင့်စေလိုတော်မူ၏။ ကျွန်ုပ်တို့သည် အသစ်သောအသက်တာဖြင့်လည်းကောင်း၊ အားရဝမ်းမြောက်ခြင်းဖြင့်လည်းကောင်း၊ နေ့စဉ်အမှုတော်ဆောင်ရွက်ရန်ကိုယ်တော်အလိုရှိတော်မူ၏။ ကိုယ်တော်သည်ကျွန်ုပ်တို့အားစောင့်ထိန်းတော်မူသည်ဖြစ်၍ ကျွန်ုပ်တို့၌စိုးရိမ်ကြောင့်ကြစရာ

ရှိသမျှကို ကိုယ်တော်အားလွှဲအပ်နိုင်သည်ဖြစ်၍ လည်းကောင်း၊ ကျွန်ုပ်တို့၏နာမည်များကို သိုးသငယ်၏အသက်စာစောင်တွင်ရေးမှတ်ထားသည့်အတွက်ကြောင့်လည်းကောင်း ကျွန်ုပ်တို့၏စိတ်နှလုံးများသည် ကျေးဇူးတရားသိတတ်ခြင်းနှင့်ပြည့်လျှံလျက်ရှိစေရန် ကိုယ်တော်အလိုရှိတော်မူ၏။ ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်၏အမွေခံများဖြစ်သောကြောင့် လည်းကောင်း၊ ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားသည် ကိုယ်တော်၏သန့်ရှင်းသူများအတွက် ဖြူသောဝတ်ရုံဖြစ်သောကြောင့် လည်းကောင်း၊ ကျွန်ုပ်တို့၏ကယ်တင်သခင်မကြာမီကြွလာတော်မူမည်ကို ကျွန်ုပ်တို့သည်အမင်္ဂလာရှိစွာဖြင့်မြော်လင့်ခွင့်ရှိသောကြောင့်လည်းကောင်း ကိုယ်တော်သည် ကျွန်ုပ်တို့အားဝမ်းမြောက်ရွှင်မြူးစေလိုတော်မူ၏။

ကျွန်ုပ်တို့သည်ဆုတောင်းရန်တာဝန်ရှိသကဲ့သို့ စိတ်နှလုံးရိုးသားစွာဖြင့်လည်းကောင်း၊ ပြည့်စုံကုံလုံစွာဖြင့်လည်းကောင်း ဘုရားသခင်အားချီးမွမ်းထောမနာပြုရန်တာဝန်ရှိပါသည်။ ပျက်စီးဆုံးရှုံးနေသောလူသားအပေါ်တွင် ဘုရားသခင်ထားရှိတော်မူသည့်အံ့သြဖွယ်ဖြစ်တော်မူသောချစ်ခြင်းအတွက် ကျွန်ုပ်တို့အထူးကျေးဇူးတရားသိတတ်ကြောင်းကို ဤကမ္ဘာလောကကြီးအားလည်းကောင်း၊ ကောင်းကင်သတင်းထောက်များအားလည်းကောင်း ထင်ရှားစွာပြသရကြပါမည်။ ၄င်းပြင်များပြားသည်ထက်ပို၍များပြားသောကောင်းချီးများကိုလည်း အတိုင်းမသိစုံလင်တော်မူသည့် ကိုယ်တော်ထံတော်မှမျှော်လင့်လျက်ရှိကြောင်းကိုလည်းပြသရကြပါမည်။ ကျွန်ုပ်တို့၏ဘဝအသက်တာတွင် အဖိုးတန်အတွေ့အကြုံအခန်းကဏ္ဍများအတွက် အလုပ်နှင့်ပြသည်ထက်ပို၍ ဟောပြောကြရန်လိုအပ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အထူး

သွန်းလောင်းတော်မူခြင်းတစ်ကြိမ်ခံရပြီးနောက် ကိုယ်တော်၏ကောင်းမြတ်တော်မူခြင်းကိုလည်းကောင်း၊ ကိုယ်တော်သည် မိမိ၏သားသမီးအတွက် အံ့ဩဖွယ်ရာလုပ်ဆောင်တော်မူကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့ပြန်လည်သုံးသပ်ရေတွက်ခြင်းအားဖြင့် ဘုရားသခင်၌ကျွန်ုပ်တို့ပို၍ဝမ်းမြောက်ခြင်းရှိပြီး ကိုယ်တော်၏အမှုတော်၌ ကျွန်ုပ်တို့ပို၍အရည်အချင်းပြည့်စုံကြပေလိမ့်မည်။

ယင်းဆောင်ရွက်မှုများအားဖြင့် စာတန်၏တန်ခိုးကိုယုတ်လျော့စေနိုင်ပါလိမ့်မည်။ သည်းညျုမြည်တမ်းသည့်စိတ်သဘောထားများကိုလည်းပျောက်ပျက်စေသောကြောင့် စာတန်နောက်ဆုတ်ရ၏။ ယင်းလုပ်ဆောင်ချက်များအားဖြင့်မြေကြီးသားတို့သည် ကောင်းကင်နေအိမ်များတွင် နေထိုင်ရန် ထိုက်တန်သောအကျင့်များတည်ဆောက်ကြလိမ့်မည်။

ယင်းသို့သက်သေခံခြင်းအားဖြင့် လူအများကိုစည်းရုံးနိုင်ပေလိမ့်မည်။ ခရစ်တော်အတွက် ဝိညာဉ်ကယ်တင်ရေးအမှုတော်ကိုဆောင်ရွက်ရာတွင်ထိုထက်ပို၍ထိရောက်သောနည်းလမ်းမရှိနိုင်။

ထင်ရှားသိသာသောအမှုတော်ကိုဆောင်ရွက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည်ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းရကြပါမည်။ ၎င်းအပြင်ဘုရားသခင်၏နာမတော်ဆိုင်ရာဘုန်းထင်ရှားပြန့်ပွားရေးအတွက်အစွမ်းရှိသမျှနှင့်ဆောင်ရွက်ရကြပါမည်။ ကျွန်ုပ်တို့သည်ပေးကမ်းစွန့်ကြဲနိုင်ရန်ဘုရားသခင်သည် ကျွန်ုပ်တို့အားဆုကျေးဇူးများကိုပေးသနားတော်မူ၏။ ယင်းနည်းအားဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုကမ္ဘာသိစေရန်ဆောင်ရွက်ရကြပါမည်။ ယုဒလူတို့၏စားဝတ်နေရေးဆိုင်ရာအခန်းကဏ္ဍတွင်ပေးကမ်းစွန့်ကြဲခြင်းနှင့်အလှူပေးခြင်းများသည် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်း၌အထူးလိုအပ်ချက်များဖြစ်ပါသည်။ သန့်ရှင်းရာဌါနတွင်

ဝတ်ပြုကိုးကွယ်ခြင်းအတွက် ဣသရေလတို့သည် သူတို့၏ဝင်ငွေမှ ဆယ်ဖို့တစ်ဖို့ကို သစ္စာရှိစွာဆက်ကပ်ရန်သွန်သင်တတ်မြောက်ထားကြပါသည်။ ၎င်းအပြင် အပြစ်ဖြေရာပူဇော်သကာကိုလည်းကောင်း၊ ကျေးဇူးတော်ဝန်ခံဖို့ရာ ပူဇော်သကာကိုလည်းကောင်း၊ ကိုယ်အလိုအလျောက်ပူဇော်သော ပူဇော်သကာကိုလည်းကောင်း ယူဆောင်ခဲ့ကြရပါသည်။ ယင်းသို့စိစဉ်သတ်မှတ်ထားခြင်းမှာ ထိုအချိန်ကဧဝံဂေလိအမှုတော်အတွက်ထောက်ပံ့ရန် နည်းလမ်းများဖြစ်ပါသည်။ ရှေးခေတ်ကဘုရားသခင်သည် မိမိလူမျိုးအားယင်းသို့ပြုလုပ်စေလိုတော်မူသည်နည်းတူယနေ့ကျွန်ုပ်တို့သည်လည်း ပြုစေလိုတော်မူ၏။ ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတော်ကြီးကို ရှေ့သို့တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရကြပါမည်။ ကိုယ်တော်သည် ၎င်းလုပ်ငန်းအတွက်ဆယ်ဖို့တစ်ဖို့၊ အလှူငွေပေးကမ်းစွန့်ကြဲခြင်းများအားဖြင့် စီမံထားတော်မူ၏။ ထိုနည်းအားဖြင့်ဧဝံဂေလိတရားတော်ဆိုင်ရာအမှုတော်တည်မြဲစေရန် ကိုယ်တော်စီမံခန့်ခွဲတော်မူ၏။ တစ်ဆယ်ဖို့တစ်ဖို့ကို ကိုယ်တော်ပိုင်တော်မူသည်ဟုဆင့်ဆိုတော်မူသောကြောင့် သန့်ရှင်းသည့်သီးသန့်ဘဏ္ဍာဖြစ်သည်ဟု
ဆင့်ဆိုတော်မူသောကြောင့် သန့်ရှင်းသည့်သီးသန့်ဘဏ္ဍာဖြစ်သည်ဟု
အမြဲတစေသဘောထားလျက်ကိုယ်တော်၏အမှုတော်တိုးတက်ပြန့်ပွားရေးအတွက်ကိုယ်တော်၏ ဘဏ္ဍာတိုက်တွင်းသို့ပေးပို့ရပါမည်။ ၎င်းအပြင်ကျွန်ုပ်တို့အားစေတနာအလျောက် ရက်ရောစွာပေးလှူခြင်းနှင့်ကျေးဇူးတော်ချီးမွမ်းသည့်အလှူတော်ငွေများကိုလည်း တောင်းဆိုတော်မူ၏။ ထိုကြောင့် ဧဝံဂေလိတရားတော်ကိုမြေကြီးစွန်းတိုင်အောင်ပို့ဆောင်ရေးအတွက် ကျွန်ုပ်တို့အားလုံးယုံကြည်စွာဖြင့်ဆက်ကပ်လှူဒါန်းရကြပါမည်။

ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရာတွင် ကိုယ်တိုင်ပါဝင်ရန်လိုအပ်ပါသည်။ ကိုယ်တိုင်ပါဝင်ကြိုးစားအားထုတ်ခြင်းဖြင့် ဤကမ္ဘာ

လောကကိုကယ်ဆယ်ရာတွင် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ ပူပေါင်းဆောင်ရွက်ရကြပါမည်။ "သင်တို့သည်လောကနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့" ဟု ကိုယ်တော်၏နောက်တော်သို့လိုက်သောသူအားလုံးကိုမိန့်မှာ၍ တာဝန်ပေးတော်မူ၏။ (မာ၊ ၁၆း၁၅။) ခရစ်တော်၏အသက်တာအတွက် တာဝန်ပေးခြင်းခံရသူတိုင်းသည် လူသားအချင်းချင်းကယ်တင်ရန်လုပ်ငန်းအတွက် တာဝန်ပေးခြင်းကိုခံရသောသူများဖြစ်ပါသည်။ သူတို့၏စိတ်နှလုံးများသည် ခရစ်တော်၏စိတ်နှလုံးများနှင့်အတူတစ်ပြိုင်တည်းတက်တက်ကြွကြွရှိကြ၏။ ခရစ်တော်သည်အသက်ဝိညာဉ်များကိုတမ်းတသကဲ့သို့ သူတို့သည်လည်းတမ်းတကြပေလိမ့်မည်။ လူတိုင်းအတွက် အမှုတော်တစ်မျိုးတည်းတွင် နေရာမရှိနိုင်သော်လည်း လူတိုင်းအတွက် နေရာတစ်ခုအလုပ်တစ်မျိုးရှိပါသည်။

ရှေးခေတ်ကအာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့သည်လည်းကောင်း၊ စိတ်နှလုံးနှိမ့်ချ၍ပညာဉာဏ်နှင့်ပြည့်စုံသောမောရှေသည်လည်းကောင်း အရည်အချင်းအမျိုးမျိုးနှင့်ပြည့်စုံသောယောရှုသည်လည်းကောင်း ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရာတွင် စာရင်းဝင်သူများဖြစ်ကြ၏။ မိရိအံကဲ့သို့သံပြိုင်သီချင်းသီဆိုနိုင်ခြင်း၊ ဒေဗောရကဲ့သို့ကဲ့ရဲ့ခြင်းနှင့်ဘုရားသခင်ကိုကြည်ညိုခြင်း၊ ရုသကဲ့သို့သမီးဝတ်ကျေပွန်သောချစ်မေတ္တာထားခြင်း၊ ရှမွေလကဲ့သို့နားထောင်ခြင်းနှင့်သစ္စာရှိခြင်း၊ ဧလိယကဲ့သို့မျက်နှာထားတည်ခြင်းနှင့်ကတိသစ္စာမြဲခြင်း၊ ဧလိရှဲကဲ့သို့နူးညံ့ပျော့ပျောင်းစေနိုင်ခြင်းနှင့် နှိမ့်ချစေနိုင်ခြင်း စသည့်အရည်အချင်းများလိုအပ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ကောင်းချီးကိုခံစားရသူတိုင်းသည် အမှုတော်ကိုကိုယ်တွေ့တုံ့ပြန်ဆောင်ရွက်ရပါမည်။ ရရှိထားသောဆုကျေးဇူး

ရှိသမျှကို ကိုယ်တော်၏နိုင်ငံတော်တိုးတက်ပြန့်ပွားရေးနှင့်နာမတော် ဘုန်းထင်ရှားရေးအတွက် အသုံးပြုရမည်။

ခရစ်တော်သည် မိမိ၏ကယ်တင်သခင်ဖြစ်ပါသည်ဟု လက်ခံသောသူတိုင်းသည် ဧဝံဂေလိတရားတော်ဆိုင်ရာခရစ်ယာန်တရားတော်နှင့်၄င်း၏အသက်ကယ်နိုင်သောတန်ခိုးတော်အကြောင်းကိုထင်ရှားစွာဖေါ်ပြရပါမည်။ ဘုရားသခင်သည် မိမိတောင်းဆိုတော်မူချက်အောင်မြင်စေရန် အစီအစဉ်မရှိဘဲ ဆင့်ဆိုတော်မူသည်မဟုတ်ပါ။ ဘုရားသခင်၏တောင်းဆိုချက်ရှိသမျှကို ကျွန်ုပ်တို့သည် ခရစ်တော်၏ကျေးဇူးတော်အားဖြင့်ပြီးမြောက်အောင်မြင်နိုင်ပါသည်။ ကောင်းကင်၏ကြွယ်ဝမှုရှိသမျှကို ဘုရားသခင်၏လူတို့က ထုတ်ဖေါ်ကြရမည်ဖြစ်ပါသည်။ "သင်တို့သည်များစွာသောအသီးကိုသီးသောအားဖြင့် ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍ သင်တို့သည်လည်းငါ၏တပည့်မှန်ကြလိမ့်မည်" ဟု ခရစ်တော်မိန့်တော်မူ၏။ ယော၊ ၁၅း၈။

ကမ္ဘာမြေကြီးတစ်ပြင်လုံးသည် ကိုယ်တော်၏စပျစ်ဥယျာဉ်ဖြစ်သည်ဟု ဘုရားသခင်ဆင့်ဆိုတော်မူ၏။ ယခုအခါ လုယူထားသူ၏လက်ဝယ်၌ရှိနေသေးသော်လည်း ဘုရားသခင်ပိုင်တော်မူ၏။ ဖန်ဆင်းထားတော်မူခြင်းအားဖြင့်လည်းကောင်း၊ ရွေးနုတ်ထားတော်မူခြင်းအားဖြင့်လည်းကောင်း ကိုယ်တော်ပိုင်တော်မူ၏။ လောကသားတို့အတွက် ခရစ်တော်သည် ကိုယ့်ကိုကိုယ်ပူဇော်တော်မူ၏။ "ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကသားတို့ကိုချစ်တော်မူ၏။" ယောဟန်၊ ၃း၁၆။ ယင်းဆုကျေးဇူးတစ်ခုအားဖြင့် လူအပေါင်းတို့အား အခြားဆုကျေးဇူးရှိသမျှကိုပေးတော်မူ၏။ နေ့ရက်အစဉ်အတိုင်း ကမ္ဘာမြေကြီးတစ်ခုလုံးသည် ဘုရားသခင်၏

ထံတော်မှကောင်းချီးများကိုရရှိနေပါသည်။ မိုးရေပေါက်ရှိသမျှကိုလည်းကောင်း၊ နေရောင်ခြည်ရှိသမျှကိုလည်းကောင်း ကျေးဇူးတရားမသိတတ်သောကမ္ဘာနိုင်တို့လူမျိုးအပေါ်သို့သက်ရောက်စေတော်မူ၏။ သစ်ရွက်ရှိသမျှ၊ ပန်းပွင့်မှန်သမျှ သီးနှံအပေါင်းတို့သည် ဘုရားသခင်၏မေတ္တာတော်နှင့်အဖွန်ရှည်စွာသည်းခံနေတော်မူခြင်းကို သက်သေထူနေကြပါသည်။

ထိုမျှပေးသနားတော်မူသောဘုရားသခင်ကို မည်သည့်အရာများပြန်၍ ဆက်ကပ်နေကြပါသနည်း။ ဘုရားသခင်ဆင့်ဆိုတော်မူခြင်းများကို လူတို့အဘယ်သို့တုံ့ပြန်နေကြပါသနည်း။ လူသားအပေါင်းသည် မိမိတို့အသက်တာတွင်မည်သူ၏အမှုတော်ကိုထမ်းဆောင်နေကြပါသနည်း။ သူတို့သည် ငွေဘုရား၏အမှုတော်ကိုဆောင်ရွက်နေကြပါသည်။ စည်းစိမ်ဥစ္စာကြွယ်ဝခြင်း၊ အခြေအနေကြီးမြတ်ခြင်း၊ လောကပျော်မွေ့ခြင်းများသည် သူတို့၏ရည်ရွယ်ချက်များဖြစ်ကြ၏။ လူသားအချင်းချင်းထံမှသာမက ဘုရားသခင်၏ထံတော်မှလုယူ၍စည်းစိမ်ဥစ္စာကြွယ်ဝခြင်းသို့ရောက်ကြပါသည်။ လူတို့သည် ကိုယ်တော်၏ဆုကျေးဇူးတော်များကို မိမိတို့ကိုယ်ကျိုးအတွက်သက်သက်ကြိုက်နှစ်သက်သလိုအသုံးပြုနေကြပါသည်။ သူတို့ရှာဖွေရရှိသမျှကို သူတို့၏အလိုလောဘအတိုင်း လောကပျော်မွေ့ခြင်းအတွက်သက်သက်အသုံးပြုနေကြပါသည်။

ယနေ့လောက၏မကောင်းမှုများသည် ဣသရေလလူတို့ကိုဖြိုလှဲခဲ့သောမကောင်းမှုများနှင့်ထပ်တူထပ်မျှဖြစ်နေပါသည်။ ဣသရေလလူတို့၏အပေါ်သို့အမျက်တော်ဆိုက်ရောက်ရခြင်း၏ အကြောင်းရင်းများတွင် ဘုရားသခင်၏ကျေးဇူးတော်ကိုမသိတတ်ခြင်း၊ အခွင့်အရေးများနှင့်ကောင်းချီးများကို လျစ်လျူရှုခြင်း၊ ဆုကျေးဇူးတော်များကို

ကိုယ်ကျိုးအတွက်သာသုံးစွဲခြင်းစသည်တို့ပါဝင်ပါသည်။ ၄င်းတို့ကြောင့်ပင် ယုနေ့လောကသည်လည်း ယိုယွင်းလျက်ရှိနေပါသည်။

သံလွင်တောင်ပေါ်မှ အရွေးချယ်ခံမြို့တော်ကိုကြည့်တော်မူလျက်ခရစ်တော်၏မျက်ရည်ကျတော်မူရခြင်းအကြောင်းမှာ ယေရုရှလင်မြို့တော်အတွက်သက်သက်မဟုတ်ပါ။ ယင်းမြို့တော်ပေါ်သို့ဆိုက်ရောက်ရတော့မည့်ဘေးဥပဒ်အတိုင်း ဤလောကကြီးပျက်စီးခြင်းသို့ရောက်ရတော့မည့်အခြေအနေကိုလည်း မြင်တော်မူသောကြောင့်ဖြစ်ပါသည်။

"အချင်းမြို့၊ သင်၏ငြိမ်သက်ခြင်းနှင့်စပ်ဆိုင်သောအရာတို့ကိုသင်၏လက်ထက် ယခုကာလ၌ပင် သင်သည်သိရလျှင်မင်္ဂလာရှိ၏။ ယခုမူကား၊ ထိုအရာတို့ကိုသင်၏မျက်စိရှေ့မှာ မထင်ရှားစေခြင်းငှါဝှက်ထားလျက်ရှိ၏။" လု၊ ၁၉း၄၂။

"သင်၏လက်ထက်ယခုကာလ" ယခုကာလကုန်ဆုံးချိန်နီးပါပြီ။ ကရုဏာနှင့်အခွင့်အရေးကာလပြီးဆုံးချိန် အလွန်နီးကပ်နေပါပြီ။ အပြစ်နှင့်အလျောက်ဆပ်ပေးရန် မိုးတိမ်ဆင်လျက်ရှိနေပါပြီ။ ဘုရားသခင်၏ကျေးဇူးတော်ကို ငြင်းပယ်သူများသည် အလျင်အမြန် ကေန်အမှန်ကျရောက်တော့မည့်ဘေးဒဏ်တွင် ပါဝင်ဖို့အချိန်နီးလေပြီ။

သို့ပါလျက် ကမ္ဘာကြီးသည် အိပ်ပျော်၍ပင်ရှိနေသေးပါ၏။ ဘုရားသခင်၏ ကြည့်ရှုစီရင်တော်မူသောနေ့ရက်သည် သူတို့ထံသို့ရောက်လာတော်မူမည်ကို လူတို့မသိကြပါတကား။

ယင်းအရေးကြီးသောကာလတွင် အသင်းတော်ကို မည်သည့်နေရာတွင်ရှာ၍တွေ့ရပါမည်နည်း။ အသင်းသူအသင်းသားများသည်လည်း ဘုရားသခင်ဆင့်ဆိုတော်မူသည့်အတိုင်း လိုက်နာနေကြပါ၏လော။ သူတို့အား ဘုရားသခင်ခန့်အပ်တော်မူသည့်တာဝန်ကို ထမ်းဆောင်၍

ကိုယ်တော်၏ဘုန်းတော်ကို လောကသားတို့ရှေ့တွင်ထင်ရှားစွာဖေါ်ထုတ်နေကြပါ၏လော။ လူသားအချင်းချင်းတို့အား နောက်ဆုံးသောကာလ၏ကရုဏာတော်ဆိုင်ရာသတင်းစကားသတိပေးနှိုးဆော်ချက်များအတိုင်းတိုက်တွန်းနှိုးဆော်လျက်ရှိကြပါ၏လော။

လူသားအပေါင်းကိုဘေးရန်များဝန်းရံလျက်ရှိနေပါသည်။ လူစုလူဝေးအလိုက်ပျက်စီးခြင်းနှင့်ရင်ဆိုင်နေရကြပါသည်။ သို့သော်ယင်းအသက်ဝိညာဉ်များအတွက် တာဝန်ယူဆောင်ရွက်နေသည့်ခရစ်ယာန်အမည်ခံသူများ မည်မျှနည်းလှပါသနည်း။ ကမ္ဘာကြီး၏သေရေးရှင်ရေးသည် သို့လောသို့လောတွေးတောစရာဖြစ်နေပါသည်။ သေခြင်းတရားကိုမလွန်ဆန်နိုင်သော လူသားအား ပေးအပ်ထားသမျှတွင် အကျိုးသက်ရောက်ဆုံးဖြစ်သောဖြောင့်မတ်ခြင်းတရားတော်ကိုယုံကြည်အားထားပါသည်ဟု အဆိုပြုသူများပင်လျှင် ဤအခြေအနေကြောင့် တုန်လှုပ်ခြင်းမရှိကြပါ။ လူသားဇာတိအသွင်ဖြင့် လူသားကိုတွေ့ထိ၍ ယင်းလူသားကို ဘုရားသခင်၏ထံတော်သို့ခေါ်ဆောင်ရန် ခရစ်တော်သည်မိမိ၏ကောင်းကင်အိမ်တော်ကိုစွန့်ခွာ၍ လူသားဘဝကိုလာရောက်ယူဆောင်တော်မူသည့် မေတ္တာမျိုးလိုအပ်နေပါသည်။ ယခုလောလောဆယ်အချိန်၏တာဝန်ကိုနားမလည်နိုင်လောက်အောင် ဘုရားသခင်၏လူတို့သည် ထိုင်းမှိုင်းတွေဝေ၍ ရောဂါစွဲနေကြပါသည်တကား။

က္ကသရေလလူတို့သည် ခါနာန်ပြည်သို့ဝင်ရောက်ကြသောအခါဘုရားသခင်၏ စီမံတော်မူချက်အတိုင်း ပြည်နယ်တစ်ဝန်းလုံးကိုသိမ်းယူရန် ပျက်ကွက်ကြပါသည်။ တစ်ပိုင်းတစ်ပစ်တိုက်ခိုက်သိမ်းပြီးယူကြသောအခါ အတည်တကျနေထိုင်၍ မိမိတို့အောင်နိုင်ထားသည့်အကျိုးသက်ရောက်မှုကိုသာ ခံစားနေကြ၏။ သူတို့၏ ယုံကြည်မှုမလုံလောက်

ခြင်းနှင့် သက်သက်သာသာနေထိုင်လိုသောစိတ်သဘောများကြောင့် သူတို့သည် အောင်ပွဲခံပြီးသောဒေသများတွင်သာ စုပြုံနေထိုင်ကြပြီးလျှင် ရှေ့သို့ဆက်လက်၍နယ်သစ်များသိမ်းပိုက်ရန် မကြိုးစားမဆောင်ရွက်ကြတော့ပါ။ ယင်းနည်းအားဖြင့်သူတို့သည် ဘုရားသခင်ထံမှခွဲခွာစပြုကြ၏။ သူတို့သည် ဘုရားသခင်၏စီမံတော်မူချက်ကိုပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်ရန် ပျက်ကွက်ကြသောကြောင့် ကိုယ်တော်ကတိပြုတော်မူသည့်ကောင်းချီးကို အချည်းအနှီးဖြစ်အောင် သူတို့ပြုကြ၏။ ယနေ့အသင်းတော်သည်လည်း ယင်းလမ်းစဉ်အတိုင်းလိုက်လျှောက်နေကြသည်မဟုတ်ပါလော။ ဧဝံဂေလိတရားတော်ကိုလိုအပ်နေသောကမ္ဘာတစ်ဝန်းလုံး သူတို့၏ရှေ့မှောက်တွင်ရှိနေပါလျက် ခရစ်ယာန်အမည်ခံသူများသည် ဧဝံဂေလိတရားတော်ဆိုင်ရာအခွင့်အရေးများကိုမိမိတို့ဘာသာစံစားနိုင်သည့် နေရာများ၌သာစုပြုံနေထိုင်ကြ၏။ ဝေးလံသောဒေသများသို့ ကယ်တင်ခြင်းသတင်းစကားကိုသယ်ဆောင်သွားရန်၊ ပြည်နယ်သစ်များသိမ်းပိုက်ရန်အထူးလိုအပ်သည်ဟု သူတို့မတွေ့မသိကြ။ "သင်တို့သည် လောကနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့" ဟု ခရစ်တော်ပေးအပ်ထားသည့်တာဝန်ကိုပြည့်စုံအောင်သူတို့မဆောင်ရွက်ကြပါ။ မာကု၊ ၁၆း၁၅။ သူတို့သည် ယုဒအသင်းတော်ထက်လျော့နည်း၍ တာဝန်ပျက်ကွက်ကြပါသလား။

ခရစ်တော်၏နောက်တော်သို့လိုက်သော သူများဖြစ်ကြပါသည်ဟုအဆိုပြုသောသူများသည် မိုးကုတ်စက်ဝိုင်း၏ရှေ့မှောက်တွင် စစ်ဆေးစမ်းသပ်ခြင်းကိုခံနေရကြပါသည်။ သို့သော် ဘုရားသခင်၏အမှုတော်တွင် သူတို့၏ စိတ်ထက်သန်မှုမရှိခြင်း၊ အားထုတ်ဆောင်ရွက်မှုနည်းပါးခြင်း၊

ထိုကြောင့်သူတို့အား သစ္စာမရှိသူများဖြစ်သည်ဟု သတ်မှတ်ခြင်းခံနေကြပါသည်။ သူတို့သည် မိမိတို့၏စွမ်းအားရှိသမျှနှင့် အကောင်းဆုံးဆောင်ရွက်နေကြပါက သူတို့အပေါ်သို့ပြစ်ဒဏ်စီရင်ချက်ကျရောက်မည်မဟုတ်ပါ။ သို့သော် သူတို့သည် သူတို့၏တာဝန်တွင်စိတ်ပါဝင်စားခြင်းရှိပါက အမှုတော်ကိုများစွာပို၍ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ သူတို့သည် ကိုယ်ကျိုးစွန့်၍ အနစ်နာခံလိုသောစိတ်နှင့်လက်ဝါးကပ်တိုင်ကိုစိတ်ဝင်စားစွာ ထမ်းလိုသောစိတ်များစွာယုတ်လျော့ကြောင်း သူတို့ကိုယ်တိုင်သာမက ကမ္ဘာကလည်းသိပါသည်။ ကောင်းကင်စာရင်းတော်တွင် အများသောသူတို့၏အမည်နှင့်ယှဉ်၍ အသီးသီးသောသူများမဟုတ်၊ စားသုံးသောသူများသာဖြစ်သည်ဟုမှတ်တမ်းတင်ထားခြင်းကို ခံရကြပါလိမ့်မည်။ ခရစ်တော်၏အမည်ကိုခံယူသောသူအများကြောင့် ကိုယ်တော်၏ဘုန်းတော်မှေးမှိန်လိမ့်မည်။ ကိုယ်တော်၏ တင့်တယ်ခြင်းဖုံးကွယ်နေလိမ့်မည်။ ကိုယ်တော်၏ ဘုန်းတော်မထင်ရှားဘဲရှိလိမ့်မည်။

အသင်းတော်၏အမည်စာရင်းတွင်ပါဝင်သော်လည်း ခရစ်တော်၏အုပ်ချုပ်မှုအောက်ခံမဟုတ်သူများရှိနေပါသည်။ သူတို့သည် ကိုယ်တော်၏လမ်းညွှန်မှုကို ဥပေက္ခာပြုလျက် ကိုယ်တော်၏အမှုတော်ကိုလည်းမဆောင်ရွက်ဘဲနေကြ၏။ ထိုကြောင့် သူတို့သည် ရန်သူ၏လက်အောက်ခံများဖြစ်ကြ၏။ သူတို့သည် ကောင်းမှုအမှန်ကိုမပြုမလုပ်ကြသောကြောင့် အတိုင်းမသိနစ်နာမှုကိုပြုနေကြပါသည်။ သူတို့၏ဩဇာသက်ရောက်မှုသည် အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏အမွှေးအကြိုင်မဖြစ်သောကြောင့် သေခြင်းတိုင်အောင် သေခြင်း၏ရနံ့ဖြစ်ကြ၏။

ထာဝရဘုရားသခင်က "ထိုသို့သောအပြစ်တို့ကို ငါသည် မစစ်ကြောဘဲနေရမည်လော" ဟုမေးတော်မူ၏။ ယေရမိ၊ ၅း၉။ ဣသရေလအမျိုးသားတို့သည် ဘုရားသခင်၏စီမံတော်မူချက်ကိုပြည့်စုံအောင်မဆောင်ရွက်ကြသောကြောင့် သူတို့အားပယ်ထားပြီးလျှင် ဘုရားသခင်သည် အခြားသောလူမျိုးတို့အားခေါ်တော်မူ၏။ ထို့ကြောင့် အခြားသောလူမျိုးများသည်လည်း သစ္စာမဲ့ကြပါက အလားတူငြင်းပယ်တော်မူခြင်းကို ခံရကြလိမ့်မည်မဟုတ်ပါလော။

စပျစ်ဥယျာဉ်၏ဥပမာတွင် ခရစ်တော်သည် ဥယျာဉ်စောင့်များအား အပြစ်ရှိသည်ဟုစီရင်ချက်ချမှတ်တော်မူ၏။ ဥယျာဉ်မြေအသီးအနှံများကို ဥယျာဉ်ပိုင်ရှင်အားပြန်လည်ပေးအပ်ရန် သူတို့ငြင်းပယ်ကြ၏။ ယုဒလူမျိုးတွင်လည်း ယဇ်ပုရောဟိတ်များနှင့်ယုဒဆရာသည် သာမန်လူတို့အား အမှားလမ်းပြခြင်းဖြင့် ဘုရားသခင်တောင်းဆိုတော်မူသည့်အမှုတော်ကို အလွဲဆောင်ရွက်ကြ၏။ သူတို့လမ်းပြမှုမမှန်သောကြောင့် တစ်မျိုးသားလုံးခရစ်တော်ကိုကျောခိုင်းကြ၏။

လူသားတို့၏ရိုးရာဓလေ့များနှင့်ရောနှောခြင်းမရှိသော ဘုရားသခင်၏ပညတ်တရားတော်သည် နာခံထောင်ရန်အတွက်စံနမူနာကြီးဖြစ်ကြောင်း ခရစ်တော်ညွှန်ပြတော်မူ၏။ ယင်းအချက်က ရဗ္ဗိဆရာတို့အား ရန်ငြိုးဖွဲ့ရန်လှုံ့ဆော်ပေး၏။ သူတို့သည် လူ၏သွန်သင်ချက်များကို ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်ထက် ပို၍ဦးစားပေးကြသောကြောင့် လူတို့သည် ဘုရားသခင်၏ပညတ်ချက်များမှဝေးကွာကြ၏။ ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်ကိုလိုက်နာစောင့်ရှောက်နိုင်ရန် လူလုပ်သောပညတ်များကို သူတို့လက်မလွှတ်ကြပါ။ သမ္မာတရားတော်၏အကျိုးငှာ စဉ်းစားဆင်ခြင်၍မာန်မာနကိုမလျှော့ကြ၊

လူတို့၏ချီးမြှောက်ခြင်းကိုလည်းရမြဲရလိုကြ၏။ ခရစ်တော်ကြွလာ၍ ဘုရားသခင်တောင်းဆိုတော်မူချက်များကို ညွှန်ပြသောအခါ ယဇ်ပုရောဟိတ်များနှင့်အရာရှိများသည် သူတို့နှင့်လူတို့စပ်ကြားတွင် ကိုယ်တော်၏ကြားဝင်ဖျန်ဖြေပိုင်ခွင့်ကိုငြင်းပယ်ကြ၏။ ကိုယ်တော်၏သြဝါဒများနှင့် သတိပေးနှိုးဆော်စကားများကို သူတို့မခံနိုင်ကြသောကြောင့် ကိုယ်တော်ကိုဖီလာကန့်လန့်လုပ်ရန်နှင့် လုပ်ကြံသတ်ဖြတ်စေရန် လူတို့အားလှုံ့ဆော်ပေးကြ၏။

ခရစ်တော်အားငြင်းပယ်ခြင်းနှင့်တကွ ၎င်းနှင့်ဆက်စပ်၍ နောက်ထပ်ဖြစ်ပျက်သမျှသောအကြောင်းအရာများမှာ သူတို့အတွက်ကြောင့်ဖြစ်၏။ လူတစ်မျိုးလုံး၏ မကောင်းမှုနှင့်လူတစ်မျိုးလုံးပျက်စီးရခြင်း၏အကြောင်းရင်းမှာလည်း ဘာသာရေးခေါင်းဆောင်များကြောင့်ပင်ဖြစ်၏။

ယနေ့ကျွန်ုပ်တို့အချိန်ကာလတွင်လည်း ယင်းသြဇာသက်ရောက်မှုများပင် လှုပ်ရှားနေကြသည်မဟုတ်ပါလော။ ယနေ့ဘုရားသခင်၏စပျစ်ဥယျာဉ်တော်မှ ဥယျာဉ်စောင့်များအနက် အများသောသူတို့သည် လည်းယုဒခေါင်းဆောင်များ၏လမ်းစဉ်ကိုလိုက်လျှောက်နေကြသည်မဟုတ်ပါလော၊ ဘာသာရေးခေါင်းဆောင်များသည် ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်ဆိုင်ရာ ရှင်းလင်းစွာသောဆင့်ဆိုချက်များမှ လူတို့ကျောခိုင်းစေရန်ဆောင်ရွက်နေကြသည်မဟုတ်ပါလော။ ဘုရားသခင်၏တရားတော်ကို လိုက်နာစောင့်ရှောက်ရန်ပညာမပေးဘဲ တရားတော်ကိုကျူးလွန်စေရန် ပညာပေးနေကြသည်မဟုတ်ပါလော။ ဘုရားသခင်၏တရားတော်သည် လူတို့အားတုပ်နှောင်ထားခြင်းမရှိကြောင်း အများသောအသင်းတော်တရားပလ္လင်များမှ လူတို့အား သြဝါဒပေးနေကြ၏။ လူတို့၏ရိုးရာဓလေ့များ၊ နည်းဥပဒေသများ၊ ထုံးစံများကိုအရေးပေး

ချီးမြှောက်နေကြ၏။ ဘုရားသခင်၏ကျေးဇူးတော်များကိုခံစားရသည့်အတွက် မာနထောင်လွှား၍ ကိုယ့်အရည်အချင်းနှင့်ကိုယ်ပင်ရောင့်ရဲနေကြပြီးလျှင် ဘုရားသခင်တောင်းဆိုတော်မူချက်များကို မသိကျိုးကျွန်ပြုနေကြ၏။

ဘုရားသခင်၏တရားတော်ကိုဘေးဖယ်ထားခြင်းဖြင့် မိမိတို့မည်သို့ပြုနေကြသည်ကို လူတို့မသိကြ။ ဘုရားသခင်၏တရားတော် သည် ကိုယ်တော်၏ဘုန်းတော်ကိုဖေါ်ပြခြင်းဖြစ်ပါသည်။ ယင်းသည် ကိုယ်တော်၏နိုင်ငံတော်ဆိုင်ရာ အခြေခံသဘောတရားများကို သရုပ်ဖေါ်ထားခြင်းဖြစ်ပါသည်။ ယင်းအခြေခံသဘောတရားများကိုလက်ခံရန် ငြင်းပယ်သောသူသည် ဘုရားသခင်၏ကောင်းချီးစီးဆင်းရာလမ်းကြောင်း၏အပြင်ဘက်တွင် ရပ်တည်နေသောသူဖြစ်ပါသည်။

ဣသရေလလူတို့၏ရှေ့မှောက်တွင် ထားရှိသောမွန်မြတ်သည့်အရာရှိသမျှကို ဘုရားသခင်၏ပညတ်တော်များကိုလိုက်နာစောင့်ရှောက်ခြင်းအားဖြင့်သာ ခံစားခွင့်ရှိပါသည်။ ကိုယ်စိတ်နှလုံးသုံးပါးနှင့်ဆိုင်သောကောင်းချီး၊ လယ်ယာအိမ်ခြေနှင့်ဆိုင်သောကောင်းချီး၊ ယခုဘဝအသက်တာနှင့်ဆိုင်သောကောင်းချီး၊ တမလွန်ဘဝအသက်တာနှင့်ဆိုင်သောကောင်းချီးစသည့်ပြည့်စုံကုံလုံသောကောင်းချီးအပေါင်းနှင့်မြင့်မြတ်သောအကျင့်ကို နာခံကျင့်ကြံခြင်းအားဖြင့်သာ ရယူနိုင်ပါသည်။

ဝိညာဏလောကတွင်လည်းကောင်း၊ သဘာဝလောကတွင်လည်းကောင်း ဘုရားသခင်၏ပညတ်တော်တို့ကို လိုက်နာစောင့်ရှောက်ခြင်းအားဖြင့်သာလျှင် အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ပါသည်။ လူတို့အားဘုရားသခင်၏ ပညတ်တော်များကို ဂရုမမူရန် အားပေးကြသောအခါကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေရန်အတွက်အကျိုးမဖြစ်ထွန်းအောင်

ပိတ်ပင်ဟန့်တားရာရောက်ပါသည်။ သူတို့သည် ဘုရားသခင်၏စပျစ်ဥယျာဉ်တော်ဆိုင်ရာအသီးများကို မဝေဖျဘဲထားသည့်အတွက် ပြစ်ဒဏ်သင့်ပါသည်။

ဘုရားသခင်ဆင့်ဆိုတော်မူသည့်အတိုင်း ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် ကျွန်ုပ်တို့ထံသို့လာကြ၏။ ခရစ်တော်ကြွလာတော်မူပြီးလျှင် ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်ကို လိုက်နာစောင့်ရှောက်ရန် ဆင့်ဆိုတော်မူသကဲ့သို့ ယခုကောင်းကင်တမန်တို့လာရောက်ဆင့်ဆိုကြ၏။ မေတ္တာအသီးများ၊ နှိမ့်ချအသီးများ၊ ကိုယ်ကျိုးစွန့်အသီးများ၊ အနစ်နာခံအသီးများတည်းဟူသော ဘုရားသခင်၏စပျစ်ဥယျာဉ်တော်ဆိုင်ရာအသီးများကို သူတို့သည် ကိုယ်တော်အတွက်တောင်းဆိုကြ၏။ ယုဒခေါင်းဆောင်များကဲ့သို့အများသောယနေ့ဥယျာဉ်စောင့်တို့သည်လည်း အမျက်ဒေါသထွက်ကြသည်မဟုတ်ပါလော။ ဘုရားသခင်၏တရားတော်နှင့်စပ်လျဉ်းသောတောင်းဆိုချက်များကို လူတို့ရှေ့မှောက်တွင်ချ၍ပြသောအခါ အများကငြင်းပယ်ရန် ၎င်းဆရာတို့သည် သူတို့၏ဩဇာသက်ရောက်မှုကို အသုံးပြုကြသည်မဟုတ်ပါလော။ ယင်းသို့သောဆရာများကို သစ္စာမရှိသောအမှုဆောင်များဟု ဘုရားသခင်သတ်မှတ်တော်မူ၏။

ရှေးခေတ်ဣသရေလလူတို့အတွက် ဘုရားသခင်၏နှုတ်တော်ထွက်စကားများသည် ယနေ့အသင်းတော်နှင့်အသင်းတော်ခေါင်းဆောင်အတွက် လေးနက်သောသတိပေးနှိုးဆော်ချက်များဖြစ်၏။ ဣသရေလလူတို့အား ဘုရားသခင်မိန့်တော်မူသည်မှာ "ငါ့တရား၏ထူးဆန်းသောအရာတို့ကို သူတို့အဖို့ငါရေးထားပြီ။ သို့သော်လည်း ရိုင်းသောအရာဟူ၍သူတို့ မှတ်လေပြီတကား။" ဟောရှေ ၈း၁၂။ တစ်ဖန်ယဇ်ပုရောဟိတ်

နှင့်ဆရာတို့အား ကိုယ်တော်မိန့်တော်မူသည်မှာ "ငါ့လူတို့သည် ပညာနည်းသောကြောင့် ဆုံးရှုံးကြ၏။ သင်သည် ပညာကိုပယ်သော ကြောင့် . . . . သင့်ကိုငါပယ်မည်။ သင်၏ဘုရားသခင့်တရားကို သင်မေ့လျော့သောကြောင့် သင်၏သားသမီးတို့ကိုငါမေ့လျော့မည်။" ဟောရှေ၊ ၄း၆။

ဘုရားသခင်၏ထံတော်မှရောက်လာသော သတိပေးနှိုးဆော်ချက်များကိုသတိမမူဂရုမစိုက်ဘဲထားကြလိမ့်မည်လော။ အမှုတော်အတွက်အခွင့်အရေးများကို တိုးတက်ကောင်းမွန်အောင်မပြုဘဲထားကြလိမ့်မည်လော။ လောက၏မခန့်မညားပြောင်းလှောင်သရော်ခြင်း၊ ဂုဏ်သေးသိမ်မည်စိုးခြင်း၊ လူတို့၏ရိုးရာဓလေ့များကိုလိုက်နာရခြင်း စသည်တို့ကြောင့်ခရစ်ယာန်များသည် ဘုရားသခင်၏အမှုတော်ကိုမထမ်းဆောင်ဘဲနေကြမည်လော။ ယုဒခေါင်းဆောင်များသည် ခရစ်တော်ကိုငြင်းပယ်သည်နည်းတူ သူတို့သည်လည်း ဘုရားသခင်၏နှုတ်တော်ထွက်တရားတော်ကိုငြင်းပယ်ကြလိမ့်မည်လော။ ဣသရေလလူတို့၏အပြစ်အတွက်အကျိုးသက်ရောက်မှုသည် ကျွန်ုပ်တို့ရှေ့မှောက်တွင်ရှိနေပါသည်။ ယနေ့အသင်းတော်သည် သတိပေးနှိုးဆော်ချက်ကိုခံယူပါမည်လော။

"အချို့သောအခက်တို့ကိုချိုးဖဲ့ပြီးမှ ရိုင်းသောသံလွင်ပင်တည်းဟူသောသင့်ကိုအထက်ငုတ်၌ဆက်၍စိုက်သဖြင့် အခက်များနှင့်အတူ သံလွင်ပင်အမြစ်ကိုလည်းကောင်း၊ အဆီဩဇာကိုလည်းကောင်း ဆက်ဆံလျှင် ချိုးဖဲ့သောအခက်တို့ကို ကဲ့ရဲ့ဝါကြွားခြင်းမရှိနှင့်၊ မယုံကြည်သောစိတ်ရှိသောကြောင့် သူတို့ကိုချိုးဖဲ့သည်ဖြစ်၍သင်သည်ယုံကြည်ခြင်းအားဖြင့်သာတည်၏။ မာနစိတ်မရှိစေနှင့်၊ ကြောက်ခြင်းစိတ်ရှိစေလော့။ အကြောင်းမူကား ဘုရားသခင်သည် ပကတိအခက်များကိုနှမြောတော်မမူလျှင် သင်တို့ကိုနှမြောတော်မူမည်လော" ရောမ၊ ၁၁း၁၇-၂၁။

---ooo---

# မင်္ဂလာဆောင်ပွဲ၏အဝတ်ကိုမဝတ်သောသူ

**မ၊ ၂၂း၁-၁၄ ကိုအခြေပြုပါသည်။**

မင်္ဂလာဆောင်ပွဲအဝတ်ဥပမာကို ကျွန်ုပ်တို့အတွက်အကျိုးသက်ရောက်မှုအထိရောက်ဆုံးရရှိစေရန် ဖွင့်ပြထားခြင်းဖြစ်ပါသည်။ မင်္ဂလာဆောင်ခြင်း၏အနက်မှာ ဘုရားသခင်နှင့်လူသားတစ်လုံးတစ်ဝတည်းဖြစ်ခြင်းကိုပုံဆောင်ပါသည်။ မင်္ဂလာဆောင်ပွဲ၏အဝတ်ဆိုသည်မှာ မင်္ဂလာဆောင်ပွဲသို့တက်ရောက်ထိုက်သူဟုသတ်မှတ်သည့် ကျွန်ုပ်တို့အားလုံးတွင် ရှိရမည့်အကျင့်ကိုပုံဆောင်ပါသည်။

ဤဥပမာတွင် စားသောက်ပွဲကြီးဥပမာကဲ့သို့ ဧဝံဂေလိတရားတော်ဆိုင်ရာဖိတ်ခေါ်ခြင်းအကြောင်း၊ ၎င်းဖိတ်ခေါ်ခြင်းကိုယုဒလူတို့ကငြင်းပယ်ခြင်း၊ တစ်ပါးအမျိုးသားများအား ချစ်ကြင်နာမှုဆိုင်ရာဖိတ်ခေါ်ခြင်းစသည်တို့ကိုပုံဆောင်ထားပါသည်။ ဖိတ်ခေါ်ခြင်းကိုငြင်းပယ်သူများနှင့်ပတ်သက်၍ ဤဥပမာတွင်ပို၍မထီလေးစားလုပ်ပုံ၊ ပို၍ထိတ်လန့်ဖွယ်ကောင်းသည့်ပြစ်ဒဏ်ပေးပုံများကို ဖော်ပြထားပါသည်။ စားသောက်ပွဲကြီးသို့ခေါ်ဖိတ်ခြင်းသည် ဘုရင်ကြီးထံမှဖြစ်ပါသည်။ အမိန့်ထုတ်ပြန်နိုင်သောတန်ခိုးအာဏာရှိသူများထံမှ ဖိတ်ခေါ်ခြင်းဖြစ်ပါသည်။ သို့သော် ယင်းဂုဏ်သရေ၏အကျိုးကျေးဇူးကိုတန်ဖိုးမထားကြပါ။ ဘုရင်ကြီး၏အမိန့်တော်အာဏာကိုမထီလေးစားပြုကြ၏။ အိမ်ရှင်၏ဖိတ်ကြားခြင်းကိုလျစ်လျူရှုခဲ့ကြသော်လည်း ဘုရင်ကြီး၏ဖိတ်ကြားခြင်းကိုမူကား ပို၍မထီလေးစားပြုသည့်ပြင် လူသတ်မှုကိုပါကျူးလွန်ကြ၏။ ဘုရင်ကြီး၏အမှုထမ်းများကို ပြောင်လှောင်သရော်၍သတ်ကြ၏။

အိမ်ရှင်ဖိတ်ခေါ်ခဲ့သောဧည့်သည်များသည် ဖိတ်ခေါ်သံကို အရေးမပေးကြသောအခါ အိမ်ရှင်ကယင်းဖိတ်ခေါ်ထားသူများသည် မိမိတည်ခင်းထားသောစားသောက်ပွဲကို မမြည်းမစမ်းရဟုကြေညာလိုက်ပါသည်။ သို့ရာတွင် ဘုရင်ကြီးဖိတ်ကြားသည်ကို မထီလေးစားပြုသူများအား စားသောက်ပွဲသို့မဝင်မရောက်ရ၊ သူ၏ရှေ့မှောက်သို့မလာမရောက်ရဟု အမိန့်ထုတ်၍ "စစ်ချီစေသဖြင့် လူအသက်ကိုသတ်သောထိုသူတို့ကို အပြီးလုပ်ကြ၍ သူတို့၏မြို့ကိုမီးရှို့လေ၏။"

ဥပမာနှစ်ခုလုံးတွင် ဧည့်သည်များအတွက် စားသောက်ပွဲတည်ခင်းထားပါသည်။ သို့သော် ဒုတိယစားသောက်ပွဲမှာမူကား စားသောက်ပွဲသို့ဝင်ရောက်သောသူတိုင်း ပြင်ဆင်မှုတစ်ရပ်ပြုလုပ်ရန်လိုအပ်ပါသည်။ ယင်းပြင်ဆင်မှုမပြုလုပ်သောသူများသည် စားသောက်ပွဲမှနှင်ထုတ်ခြင်းကိုခံရကြ၏။ "မင်းကြီးသည် ပွဲ၌လျောင်းသောသူတို့ကိုကြည့်ရှုခြင်းငှါဝင်လာတော်မူသောအခါ မင်္ဂလာဆောင်ပွဲ၏အဝတ်ကိုမဝတ်သောသူတစ်ယောက်ကိုမြင်လျှင် အဆွေ၊ မင်္ဂလာဆောင်ပွဲ၏အဝတ်မရှိဘဲ အဘယ်ကြောင့်ဝင်သနည်းဟုမေးတော်မူသည်ကို ထိုသူသည်မပြောနိုင်ဘဲနေ၏။ ထိုအခါ မင်းကြီးသည် အခြံအရံတို့အား ထိုသူ၏လက်ခြေကိုတုပ်နှောင်လော့၊ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာပြင်အရပ်မှောင်မိုက်ထဲသို့ယူသွားချလိုက်ကြဟု အမိန့်တော်ရှိ၏။"

စားသောက်ပွဲကြီးသို့ဖိတ်ခေါ်ခြင်းကို ခရစ်တော်၏တပည့်တော်များကဆောင်ရွက်ကြပါသည်။ ပထမတွင် တပည့်တော်တစ်ဆယ့်နှစ်ယောက်ကိုလည်းကောင်း၊ ထိုနောက် ခုနစ်ဆယ်သောတမန်တော်များကိုလည်းကောင်း စေလွှတ်တော်မူ၍ ဘုရားသခင်၏နိုင်ငံတော်သည်တည်လုနီးပြီဖြစ်ကြောင်း၊ လူအပေါင်းတို့သည် နောင်တရ၍ ဧဝံဂေလိ

တရားတော်ကိုယုံကြည်ကြရန်ဖြစ်ကြောင်း ကြွေးကြော်ရန် ကျွန်ုပ်တို့၏အရှင်သခင်စေလွှတ်တော်မူခဲ့၏။ သို့သော် ယင်းသို့ဖိတ်ခေါ်တော်မူခြင်းကိုအရေးမယူ ဂရုမစိုက်ကြ။ စားသောက်ပွဲသို့ဖိတ်ခေါ်ခြင်းခံရသူများမလာမရောက်ကြ။ ထိုနောက်အခြားသောလုလင်တို့ကိုစေလွှတ်၍ "ငါ့ပွဲကိုငါပြင်ဆင်ပြီ၊ နွားမှစသောဆူဖြိုးသည့်တိရစ္ဆာန်များကိုသတ်၍ပြီးပြီ၊ အလုံးစုံတို့သည် အသင့်ရှိပြီ၊ မင်္ဂလာဆောင်ပွဲသို့လာကြပါ" ဟုမှာကြားပြန်၏။ ယင်းသို့မှာကြားခြင်းမှာ ခရစ်တော်သည်လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံတော်မူပြီးနောက် ယုဒလူတို့ထံသို့ပေးပို့သောသတင်းစကားဖြစ်ပါသည်။ သို့သော်ဘုရားသခင်၏ထူးဆန်းသောလူမျိုးဟုအခေါ်ခံသောလူမျိုးသည် သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးဖြင့် သူတို့ထံသို့ပို့ဆောင်သောဧဝံဂေလိတရားတော်ကိုငြင်းပယ်ကြ၏။ ထိုသို့ငြင်းပယ်ခြင်းကိုအများသောသူတို့သည် ပြောင်လှောင်သည့်ပုံစံဖြင့်ပြုကြ၏။ အခြားလူများကမူကား ဘုန်းရှိသောအရှင်ကိုငြင်းပယ်ပြီးသည်တိုင်အောင်လွတ်ငြိမ်းခွင့်ပေးပြီးလျှင် ကယ်တင်ခြင်းကိုပါကမ်းလှမ်းသော်လည်း အမျက်ဒေါသပြင်းစွာထွက်၍ သတင်းစကားသယ်ဆောင်လာသူများကို ခုခံကြ၏။ ထိုကြောင့် "ပြင်းစွာသောညှဉ်းဆဲခြင်း" ကိုခံရကြ၏။ တ၊ ၈း၁။ အမျိုးသားအမျိုးသမီးအများကို အကျဉ်းထောင်သို့ပို့ကြ၏။ သတေဖန်နှင့်ယာကုပ်တို့ကဲ့သို့ ကိုယ်တော်၏ တမန်တော်အချို့ အသေသတ်ခံရကြ၏။

ယင်းသို့ပြုခြင်းအားဖြင့် ယုဒလူတို့သည် ဘုရားသခင်၏ကရုဏာတော်ကိုလက်ခံရန်အဆုံးသတ်ငြင်းပယ်လိုက်ကြ၏။ ယင်းသို့ပင်ဖြစ်ရမည်ဟု ခရစ်တော်သည် ဥပမာတွင်ကြိုတင်၍မိန့်တော်မူခဲ့၏။ ဘုရင်ကြီးသည် "စစ်ချီစေသဖြင့်လူအသက်ကို သတ်သောထိုသူတို့ကိုအပြီးလုပ်

သူတို့၏မြို့ကိုမီးရှို့လေ၏။” ၎င်းပြစ်ဒဏ်စီရင်ချက်သည် ယုဒလူတို့အပေါ်သို့ကျရောက်သဖြင့် ယေရုရှလင်မြို့ကြီး ဖျက်ဆီးခြင်းခံရသောကြောင့်လူတစ်မျိုးလုံး ကစဉ့်ကလျား ဖရိုဖရဲဖြစ်ကြ၏။

စားသောက်ပွဲသို့တတိယအကြိမ်ဖိတ်ခေါ်ခြင်းသည် တစ်ပါးအမျိုးသားတို့ထံသို့ ဧဝံဂေလိတရားတော်ပေးပို့ခြင်းကိုပုံဆောင်ထားပါသည်။ မင်းကြီးသည် လုလင်တို့ကိုခေါ်၍ “ငါ၏မင်္ဂလာဆောင်ပွဲသည် အသင့်ရှိ၏။ ဖိတ်ခေါ်သောသူတို့သည် မထိုက်မတန်သောကြောင့် လမ်းမလမ်းကြားသို့သွား၍ တွေ့သမျှသောသူတို့ကိုပွဲသို့ဖိတ်ခေါ်ကြ” ဟုအမိန့်တော်ရှိ၏။

လမ်းများသို့ထွက်သွားသောလုလင်တို့သည် “ကောင်းမကောင်းတွေ့သမျှသောလူအပေါင်းတို့ကိုစုဝေးစေ၍ ပွဲတော်၌အပြည့်ရှိလေ၏” လူမျိုးစုံသောပရိသတ်ဖြစ်လေ၏။ ယခင်ကစားသောက်ပွဲသို့ ဖိတ်ခေါ်ခြင်းကိုငြင်းပယ်ခဲ့သောသူများကဲ့သို့ပင် ဖိတ်ခေါ်သည့်စားသောက်ပွဲရှင်ကိုမကြည်ညိုမလေးစားသူများလည်းပါဝင်ပါသည်။ ပထမအကြိမ်ခေါ်ဖိတ်ခြင်းကိုခံရသောသူများသည် မင်းကြီး၏စားသောက်ပွဲသို့တက်ရောက်နိုင်ရေးအတွက် လောကအခွင့်အရေးတစ်စုံတစ်ခုကိုမျှ မစွန့်မလွှတ်နိုင်ဟု သဘောထားသောလူတန်းစားဖြစ်ပါသည်။ ၎င်းအပြင်ခေါ်ဖိတ်ခြင်းကိုလက်ခံသောသူတို့တွင် မိမိတို့ကိုယ်ကျိုးအတွက်သာရှေးရှုသောသူများပါဝင်ပါသည်။ ခင်းကျင်းထားသည့်စားသောက်ဖွယ်များကိုသုံးဆောင်ရန်အတွက် သက်သက်စားသောက်ပွဲသို့တက်ရောက်ခြင်းဖြစ်ပြီး မင်းကြီးအားဂုဏ်ပြုလိုသောစိတ်လုံးဝမရှိကြ။

ဧည့်သည်များအား ကြည့်ရှုရန် မင်းကြီးဝင်လာသောအခါဧည့်သည်များ၏အမှန်သဘောထားများကိုတွေ့သိတော်မူ၏။ လာရောက်

သောညှေ့သည်တိုင်းအတွက် မင်္ဂလာဆောင်ပွဲ၏အဝတ်ကိုအဆင်သင့် စီမံထားပါသည်။ ယင်းအဝတ်သည် မင်းကြီး၏လက်ဆောင်ဖြစ်၏။ ထိုအဝတ်ကိုဆင်မြန်းထားခြင်းအားဖြင့် ဧည့်သည်ဖြစ်သူက မင်းကြီးအား ရိုသေလေးစားကြောင်းကိုပြပါသည်။ သို့သော် တစ်ယောက်သောသူ သည်မိမိပိုင်သာမန်ဝတ်စုံကိုသာဆင်ယင်ထားပါသည်။ သူသည် မင်းကြီးအလိုရှိသည်အတိုင်း ပြင်ဆင်မှုကိုမပြုမလုပ်။ သူ့အတွက် အသင့်စီမံထားသောတန်ဖိုးကြီးဝတ်ရုံကိုအထင်အမြင်သေး၍ဝတ်ဆင် ခြင်းမပြု။ ယင်းသို့ပြုခြင်းအားဖြင့် မိမိအရှင်သခင်ကိုမထီလေးစားပြု၏။ "မင်္ဂလာဆောင်ပွဲ၏ အဝတ်မရှိဘဲ အဘယ်ကြောင့်ဝင်သနည်း" ဟု မင်းကြီးမေးသောအခါ သူ့မှာအဖြေမရှိ။ သူ့ကိုယ်သူပင်အပြစ်စီရင်ချက် ချမှတ်လိုက်ခြင်းဖြစ်၏။ ထိုနောက်မင်းကြီးက "ထိုသူ၏လက်ခြေကို တုပ်နှောင်လော့။ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ ပြင်အရပ် မှောင်မိုက်ထဲသို့ယူသွားချလိုက်ကြဟု အမိန့်တော်ရှိ၏။"

စားသောက်ပွဲသို့တက်ရောက်သောဧည့်သည်များကို မင်းကြီး စစ်ဆေးခြင်းသည် တရားစီရင်ခြင်းကိစ္စရပ်ကို ပုံဆောင်ထားပါ သည်။ ဧဝံဂေလိစားသောက်ပွဲသို့လာရောက်သောဧည့်သည်များဆိုသည် မှာ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်သောသူများ၊ အသက်စာစောင်တွင် အမည်စာရင်းပါဝင်သူများဖြစ်ပါသည်။ သို့သော် ခရစ်ယာန်အမည်ခံ သောသူတိုင်း စစ်မှန်သောတပည့်တော်များမဟုတ်နိုင်ပါ။ နောက်ဆုံး သောဆုပေးချိန်တွင် ဖြောင့်မတ်ခြင်းအမွေကိုခံထိုက်သောသူသည် မည်သူဖြစ်သည်ကို ဆုံးဖြတ်ရပါမည်။ ခရစ်တော်သည် မိုးတိမ်ကိုစီး၍ ဒုတိယအကြိမ်ကြွလာတော်မမူမီ ယင်းဆုံးဖြတ်ချက်ကိုအပြီးသတ်ချမှတ် ရပါမည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ကြွလာတော်မူသောအခါ

**"အဆွေ၊ မင်္ဂလာဆောင်ပွဲ၏အဝတ်မရှိဘဲအဘယ်ကြောင့်ဝင်သနည်း"**

အကျိုးအပြစ်ကိုဆောင်ခဲ့သည်ဖြစ်၍ "လူအသီးအသီးတို့အား မိမိတို့အကျင့်အတိုင်းဆပ်ပေးမည်။" ဗျာ၊ ၂၂း၁၂။ ထိုကြောင့် ကိုယ်တော်ကြွလာတော်မမူမီ လူတိုင်း၏ အကျင့်ပမာဏကိုသတ်မှတ်ပြီးဖြစ်ရပါမည်။ ၄င်းအပြင် ခရစ်တော်၏ နောက်သို့လိုက်သော သူတိုင်း

အတွက် သူ၏အပြုအမူနှင့်လျော်ညီသောအကျိုးအပြစ်ကို ခွဲဝေပေးတော်မူလိမ့်မည်။

လူတို့သည် ဤကမ္ဘာမြေကြီးပေါ်တွင် မှီတင်းနေထိုင်စဉ်ကာလ၌ပင် သူ၏အမှုကိုကောင်းကင်တံတိုင်းတော်အတွင်း၌ စစ်ကြောစုံစမ်းတရားစီရင်နေပါသည်။ ကိုယ်တော်၏နောက်သို့လိုက်သောသူအားလုံး၏အသက်တာများကို ဘုရားသခင်၏ရှေ့တော်မှောက်တွင်စစ်ဆေးနေပါသည်။ ကောင်းကင်စာစောင်များတွင် မှတ်တမ်းတင်ထားသည့်အတိုင်း လူတိုင်းကိုစစ်ဆေး၍ သူ၏အပြုအမူများအပေါ်မူတည်လျက် ထာဝရကာလအတွက် အပြီးသတ်ဆုံးဖြတ်ထားပါသည်။

ဥပမာတွင်ပုံဆောင်ထားသော မင်္ဂလာဆောင်ပွဲ၏အဝတ်ဆိုသည်မှာ ခရစ်တော်၏တပည့်တော်အစစ်အမှန်များတွင်ရှိရမည့်သန့်ရှင်းဖြူစင်၍အစွန်းအကွက်နှင့်ကင်းသောအကျင့်ဖြစ်ပါ၏။ အသင်းတော်အတွက် မှာမူကား "အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည်တို့နှင့်လွတ်လပ်သဖြင့်" ဧ၊ ၅း၂၇။ "စင်ကြယ်ပြောင်လက်သောပိတ်ချောကိုဝတ်ဆင်ရသောအခွင့်ကိုရ၏။" စင်ကြယ်ပြောင်လက်သောပိတ်ချောဆိုသည်မှာ "သန့်ရှင်းသူတို့၏ဖြောင့်မတ်ခြင်းဖြစ်သတည်း" ဟုကျမ်းစာတွင်ဖေါ်ပြထားပါသည်။ ဗျာ၊ ၁၉း၈။ ၎င်းသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းဖြစ်ပါသည်။ ၎င်းသည် ကိုယ်တော်၏ အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောဂုဏ်အင်္ဂါတော်ဖြစ်ပါသည်။ ၎င်းဖြောင့်မတ်ခြင်းတည်းဟူသောဝတ်ရုံကို ကိုယ်တော်အား မိမိကယ်တင်ပိုင်သခင်အဖြစ်လက်ခံသူတိုင်းအားပေးတော်မူ၏။

အကျွန်ုပ်တို့၏ ပထမမိဘနှစ်ပါးတို့သည် ထာဝရဘုရားသခင်ပေးသနားတော်မူသည့် သန့်ရှင်းသောဒေင်အိမ်၌နေကြစဉ်က အပြစ်နှင့်

ကင်းစင်သည့်ဖြူစင်သောဝတ်ရုံကိုဝတ်ဆင်ရကြ၏။ သူတို့သည် ဘုရားသခင်၏အလိုတော်ကို တစ်သဝေမတိမ်းလိုက်နာကြ၏။ သူတို့၏ကောင်းကင်ဘုံရှင်အဘဘုရားသခင်ကို အစွမ်းသတ္တိရှိသမျှနှင့်ချစ်ကြ၏။ သန့်ရှင်းသောမင်္ဂလာစုံတွဲအား ဘုရားသခင်၏တင့်တယ်သောအလင်းရောင်ဖျော့ဖျော့ကလေးဖြင့် ဖုံးကွယ်ထားတော်မူ၏။ အလင်းရောင်ဝတ်စုံသည် သူတို့၏ဝိညာဉ်ရေးဝတ်စုံဖြစ်၍ အပြစ်ကင်းသောကောင်းကင်သားဝတ်စုံ၏အမှတ်အသားဖြစ်ပါသည်။ သူတို့သည်ဘုရားသခင်၏အပေါ်၌သစ္စာတည်မြဲခဲ့ကြပါက ယင်းဝတ်စုံသည် သူတို့အားအမြဲတစေဆက်လက်၍ ဖုံးကွယ်ထားပေလိမ့်မည်။ သို့သော် အပြစ်ဝင်ရောက်လာသောအခါ သူတို့သည် ဘုရားသခင်နှင့်အဆက်ပြတ်၍ သူတို့အားဝန်းရံလျက်ရှိသောအလင်းရောင်သည်လည်း သူတို့နှင့်ခွဲခွာလေ၏။ အဝတ်အချည်းစည်းရှိသဖြင့် အရှက်ရ၍ ကောင်းကင်ဝတ်စုံအစား သင်္ဘောသဖန်းပင်အရွက်များကို ချုပ်စပ်၍ဝတ်ဆင်ကြ၏။

အာဒံနှင့်ဧဝတို့နားမထောင်သည့်အချိန်မှအစပြု၍ ဘုရားသခင်၏တရားတော်ကိုကျူးလွန်သူများယင်းနည်းတူပင်ပြုနေကြပါသည်။ သူတို့သည် သင်္ဘောသဖန်းရွက်များကို ချုပ်စပ်၍သူတို့ကျူးလွန်သောမကောင်းမှုကြောင့်အဝတ်အချည်းစည်းဖြစ်ခြင်းကိုဖုံးကွယ်ရန်ကြိုးပမ်းကြ၏။ သူတို့ကိုယ်တိုင်ကြံစည်တီထွင်သောဝတ်စုံကို ဝတ်ဆင်ကြသည်မှာ သူတို့ကို ဘုရားသခင်လက်ခံအောင် ကိုယ်ပိုင်အကျင့်ကောင်းများအားဖြင့်သူတို့၏မကောင်းမှုများကိုဖုံးကွယ်ရန် ကြိုးပမ်းခြင်းဖြစ်၏။

သို့သော် သူတို့သည် ယင်းနည်းလမ်းအတိုင်းဆောင်ရွက်၍ မရနိုင်ပါ။ ဆုံးရှုံးသောအပြစ်နှင့် ကင်းစင်သည့် ဝတ်ရုံကိုပြန်လည်ရရှိရန် လူသည် မည်သို့မျှကြံစည်တီထွင်၍အစားမထိုးနိုင်ပါ။ ဘုရားသခင့်

သိုးသငယ်၏မင်္ဂလာဆောင်စားသောက်ပွဲတော်တွင် ကောင်းကင်တမန်များအပါအဝင် ခရစ်တော်နှင့်အတူထိုင်ရန်အတွက် မည်သည့်သဘော်သဖန်းရွက်ဝတ်စုံ၊ မည်သည့်လောကသားဝတ်စုံကိုမျှ ဝတ်ဆင်ခွင့်မရှိပါ။

ခရစ်တော်ကိုယ်တိုင် အသင့်စီမံထားတော်မူသောဝတ်ရုံကို ဝတ်ဆင်ထားမှသာလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ရှေ့တော်၌ လုံခြုံမှုရှိပါလိမ့်မည်။ ၎င်းဝတ်ရုံသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းဖြစ်၍ နောင်တသံဝေဂရပြီးလျှင် ကိုယ်တော်ကိုယုံကြည်သောသူတိုင်းအား ဝတ်ဆင်ပေးတော်မူ၏။ သို့ဖြစ်၍ "အဝတ်အချည်းစည်းရှိ၍ သူတစ်ပါးရှေ့တွင်မရှက်စေခြင်းငှါ ခြုံစရာဖို့ဖြူသောဝတ်ရုံကို. . . . ငါ့ထံမှာဝယ်လော့" ဟု ကိုယ်တော်မိန့်မှာတော်မူ၏။ ဗျာ၊ ၃း၁၈။

ကောင်းကင်ရက်ကန်းစင်တွင် ရက်လုပ်ထားသည့် ယင်းဝတ်ရုံတွင်လူသားတို့ကြံစည်ပြုလုပ်ထားသည့် ချည်မျှင်တစ်မျှင်မျှပင်ပါဝင်ခြင်းမရှိပါ။ ခရစ်တော်သည် လူသားအဖြစ်ကိုခံယူတော်မူ၍စုံလင်သောအကျင့်ကိုဆည်းပူးခဲ့ပြီးလျှင် ယင်းအကျင့်ကို ကျွန်ုပ်တို့အားကမ်းလှမ်းတော်မူ၏။ "အကျွန်ုပ်တို့ပြုဖူးသမျှသောကုသိုလ်ကောင်းမှုတို့သည် ညစ်သောအဝတ်နှင့်တူကြပါ၏။" ဟေရှာ၊ ၆၄း၆။ ကျွန်ုပ်တို့ကိုယ်တိုင်ကျင့်နိုင်သမျှသည် မကောင်းမှုကြောင့် ညစ်ညူးခြင်းသာဖြစ်၏။ သို့သော် ဘုရားသခင်၏သားတော်သည် "ငါတို့၏အပြစ်များကိုဆောင်သွားခြင်းငှါထင်ရှားပေါ်ထွန်းတော်မူ၏။ . . . . ကိုယ်တော်၌လည်းအပြစ်မရှိ" မကောင်းမှုဆိုသည်မှာ "ပညတ်တော်ကိုလွန်ကျူးခြင်းဖြစ်သတည်း" ၁ယော၊ ၃း၅၊၄။ သို့သော်ခရစ်တော်သည် ပညတ်တော်ရှိသမျှကို သစ္စာနှင့်လိုက်နာ စောင့်ရှောက်တော်မူ၏။ ထို့ကြောင့်ကိုယ်တော်မိန့်တော်

မူသည်မှာ "အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်၏အလိုကိုဆောင်ရာ၌အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားတော်သည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏။" ဆာလံ၊ ၄၀း၈။ ဤလောက၌ကိုယ်တော်ရှိတော်မူစဉ်က "ငါသည် ငါ့ခမည်းတော်၏ပညတ်တို့ကိုစောင့်ရှောက်၏" ဟုတပည့်တော်တို့အားမိန့်တော်မူ၏။ ယော၊ ၁၅း၁၀။ ကိုယ်တော်သည်ဘုရားသခင်၏ပညတ်တော်တို့ကိုစုံလင်စွာနားထောင်တော်မူခြင်းအားဖြင့် လူသားတိုင်းအားလည်း ပညတ်တော်များကိုလိုက်နာစောင့်ရှောက်နိုင်စေတော်မူ၏။ ကျွန်ုပ်တို့ကိုယ်ကို ခရစ်တော်အားဆက်ကပ်အပ်နှံထားပါက ကျွန်ုပ်တို့၏စိတ်နှလုံးသည် ကိုယ်တော်၏စိတ်နှလုံးနှင့်တပေါင်းတည်းဖြစ်လိမ့်မည်။ ကျွန်ုပ်တို့၏စိတ်အလိုများသည်ကိုယ်တော်၏အလိုတော်အတိုင်းဖြစ်လိမ့်မည်။ ကျွန်ုပ်တို့၏စိတ်နေသဘောထားသည် ကိုယ်တော်၏စိတ်နေသဘောထားနှင့်တညီတညွတ်တည်းဖြစ်လိမ့်မည်။ ကျွန်ုပ်တို့၏အကြံအစည်များသည်လည်းကိုယ်တော်၏အလိုတော်အတိုင်းဖြစ်၍ ကျွန်ုပ်တို့သည်ကိုယ်တော်၏အသက်တာနည်းတူ အသက်ရှင်ကြလိမ့်မည်။ ယင်းအခြေအနေသို့ဆိုက်ရောက်လာလျှင် ကိုယ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကိုဝတ်ဆင်ထားသည်မည်၏။ ထိုနောက်ကျွန်ုပ်တို့ကိုဘုရားသခင်ကြည့်ရှုတော်မူသောအခါ သင်္ဘောသဖန်းရွက်နှင့်ချုပ်စပ်ထားသောအဝတ်ကိုလည်းကောင်း၊ အပြစ်လွှမ်းခြုံသဖြင့် အဝတ်အချည်းစည်းရှိခြင်းကိုလည်းကောင်း၊ အပြစ်ကြောင့် ကြန်အင်လက္ခဏာချို့တဲ့ခြင်းကိုလည်းကောင်းတွေ့မြင်တော်မူမည်မဟုတ်တော့ပါ။ ယေဟောဝါအရှင်၏တရားတော်ကိုပြည့်စုံကုံလုံစွာနားထောင်ခြင်းတည်းဟူသော ကိုယ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံနှင့်လွှမ်းခြုံလျက်ရှိသည်ကိုသာတွေ့မြင်တော်မူလိမ့်မည်။

မင်္ဂလာစားသောက်ပွဲသို့တက်ရောက်သည့် ဧည့်သည်များကိုဘုရင်မင်းကြီးစစ်ဆေးကြည့်ရှုတော်မူ၏။ ဘုရင်မင်းကြီး၏တောင်းဆိုချက်များကို လိုက်နာစောင့်ရှောက်၍ မင်္ဂလာဆောင်ပွဲ၏အဝတ်ကိုဝတ်ဆင်ထားသူများကိုသာလျှင် လက်ခံတော်မူ၏။ ဧဝံဂေလိစားသောက်ပွဲဆိုင်ရာဧည့်သည်များမှာလည်း ယင်းအတိုင်းပင်ဖြစ်ပါသည်။ မြတ်တော်မူသောဘုရင်ကြီးစေ့စပ်သေချာစွာစစ်ဆေးခြင်းကိုအောင်မြင်၍ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကိုဝတ်ဆင်ထားသူများသာလျှင် သိမ်းဆည်းခြင်းကိုခံရကြပေလိမ့်မည်။

ဖြောင့်မတ်ခြင်းဆိုသည်မှာ ဖြောင့်မှန်စွာကျင့်ကြံပြုမူခြင်းဖြစ်၍ လူတိုင်းမိမိတို့၏အကျင့်အလျောက်တရားသဖြင့်စီရင်တော်မူခြင်းကို ခံရကြပေလိမ့်မည်။ အကျွန်ုပ်တို့အကျင့်သည် ကျွန်ုပ်တို့၏ကျင့်ကြံပြုမူခြင်းဖြင့်ထင်ရှားပေါ်လွင်ပါသည်။ စစ်မှန်သောယုံကြည်ခြင်း ဟုတ်မဟုတ်အကျင့်က အထင်အရှားပြပါသည်။

ဖြောင့်မတ်ခြင်းတရားတော်နှင့်စပ်ဆိုင်သည့် ဘာသာအယူဝါဒသည် လိမ္မာပါးနပ်စွာအသစ်တီထွင်ထားသည့် ဒဏ္ဍာရီမဟုတ်ကြောင်းကိုလည်း၊ ခရစ်တော်သည်လည်း အယောင်ဆောင်၍လှည့်စားသူမဟုတ်ကြောင်းကိုလည်းကောင်း ယုံကြည်ရုံမျှဖြင့်မလုံလောက်သေးပါ။ လူသည်ကယ်တင်ခြင်းကိုရရှိရန်အတွက် ကောင်းကင်အောက်မြေကြီးပေါ်တွင် သခင်ယေရှု၏နာမတော်မှအပ အခြားသောနာမတစ်စုံတစ်ခုမျှမရှိကြောင်းကိုလည်း ကျွန်ုပ်တို့ယုံကြည်ကောင်း ယုံကြည်ပေလိမ့်မည်။ သို့သော် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်အားကျွန်ုပ်တို့၏ ကယ်တင်ပိုင်သူအဖြစ် ကိုယ်တိုင်လက်မခံသေးဘဲရှိနိုင်ပါသည်။ ဘုရားသခင်၏တရားတော်ကို စာတွေ့အားဖြင့် ယုံကြည်

ရုံမျှဖြင့်လည်း မလုံလောက်သေးပါ။ ခရစ်တော်ကိုယုံကြည်ပါသည်ဟု အမည်ခံ၍အသင်းတော်၏စာစောင်တွင် ကျွန်ုပ်တို့၏အမည်ကိုမှတ်တမ်းတင်ထားရုံမျှဖြင့်လည်း မလုံလောက်သေးပါ။ "ပညတ်တော်တို့ကိုစောင့်သောသူသည် ဘုရားသခင်၌တည်၏။ ထိုသူ၌လည်း ဘုရားသခင်တည်တော်မူ၏။ ငါတို့အားပေးတော်မူသောဝိညာဉ်တော်ကိုငါတို့သည် အမှီပြု၍ ဘုရားသခင်သည် ငါတို့၌တည်တော်မူသည်ကိုသိရကြ၏။" "ထိုသခင်ကိုကိုယ်တိုင်သိကျွမ်းသည်ကို အဘယ်သို့သိရသနည်းဟူမူကားပညတ်တော်တို့ကိုစောင့်ရှောက်လျှင်သိရသတည်း။" ၁ယော၊ ၃း၂၄။ ၂း၃။ ယင်းသာခကေများသည် စစ်မှန်သောပြောင်းလဲမှုအတွက် သက်သေဖြစ်၏။ ကျွန်ုပ်တို့သည်ဖြောင့်မတ်စွာကျင့်ကြံပြုမူခြင်းအားဖြင့် ခရစ်တော်ပေါ်လွင်ထင်ရှားခြင်းမရှိလျှင် ကျွန်ုပ်တို့၏ ရာထူးဌာနန္တရမည်မျှပင်မြင့်မားစေကာမူ အကျိုးသက်ရောက်မှုမရှိနိုင်ပါ။

ဘုရားသခင်၏တရားတော်ကိုစိတ်နှလုံးအတွင်း၌ စွဲစွဲမြဲမြဲသိုဝှက်ထားခြင်းအားဖြင့် စိတ်နှလုံးကိုအုပ်ချုပ်စေ၍ ချစ်ခင်ကြင်နာမှုကိုနည်းမှန်လမ်းမှန်ဖြစ်စေရမည်။ အကျင့်တစ်ခုလုံးသည် ဘုရားသခင်၏မြွက်ဆိုခြင်းများအားဖြင့် ထူးခြားသည့်လက္ခဏာပေါ်လွင်ရမည်။ ဘုရားသခင်၏နှုတ်ထွက်တရားတော်မှ အငယ်ဆုံးသောစာလုံးဗိန္ဒုတစ်လုံးမျှ မကျန်အောင် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာတွင်ဖေါ်ထုတ်ရမည်။

ဘုရားသခင်နှင့်ဆက်ဆံရသောသူသည် ဘုရားသခင်၏မြင့်မြတ်သန့်ရှင်းတော်မူသောဖြောင့်မတ်ခြင်းတရားအဆင့်နှင့် လိုက်လျောညီလိမ့်မည်။ ယင်းနည်းဥပဒေအားဖြင့် ဘုရားသခင်သည် လူတို့၏အပြုအမူများကို တိုင်းတာတော်မူ၏။ တရားစီရင်သောအချိန်တွင်လည်း ယင်းနည်းအားဖြင့် အကျင့်ကိုစစ်ဆေးတော်မူ၏။

ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံတော်မူခြင်းအားဖြင့် ပညတ်တော်များကိုပယ်ဖျက်ပြီးသည်ဟု အများသောသူတို့ကအဆိုပြုကြပါသည်။ သို့သော် ယင်းအဆိုပြုချက်မှာ ခရစ်တော်၏နှုတ်တော်ထွက်စကားများနှင့်ဆန့်ကျင်နေပါသည်။ "ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှါ ငါလာသည်ဟုမထင်ကြနှင့်၊. . . ကောင်းကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌အငယ်ဆုံးသောစာလုံးဖိန္ဒုတစ်လုံးမျှ ပြည့်စုံခြင်းသို့မရောက်မီ မပျက်စီးရ။" မ၊ ၅း၁၇၊၁၈။ လူသည်ပညတ်တော်ကိုလွန်ကျူးသည့်အပြစ်ကိုဖြေဖို့ရာ ခရစ်တော်သည် မိမိအသက်ကိုစွန့်တော်မူ၏။ ပညတ်တရားကိုပြောင်းလဲနိုင်မည်။ (သို့မဟုတ်) ပယ်ထားနိုင်မည်ဆိုပါက ခရစ်တော်အသေခံတော်မူရန်လိုမည်မဟုတ်ပါ။ ကိုယ်တော်သည် ဤလောကတွင်အသက်ရှင်ခြင်းအားဖြင့် ဘုရားသခင်၏ပညတ်တော်ကို ဂုဏ်ပြုတော်မူ၏။ အသေခံတော်မူခြင်းအားဖြင့်တည်မြဲစေတော်မူ၏။ ကိုယ်တော်သည် မိမိအသက်တော်ကို တင်လျှုပူဇော်တော်မူခြင်းအားဖြင့် ဘုရားသခင်၏ ပညတ်တော်ကို ဖြိုဖျက်ရန်မဟုတ်၊ အဆင့်အတန်းနိမ့်ကျစေရန် ဖန်တီးခြင်းလည်းမဟုတ်၊ တရားမျှတမှုတည်မြဲစေရန်နှင့်ပညတ်တော်ကို မပြောင်းလဲဘဲ ထာဝစဉ်တည်တံ့ခိုင်မြဲစေရန်ဖြစ်၏။

လူသည်ဘုရားသခင်၏ပညတ်တော်ကို လိုက်နာစောင့်ထိန်းခြင်းငှါမစွမ်းနိုင်ဟု စာတန်ကအဆိုပြုထားပါသည်။ ကျွန်ုပ်တို့ကိုယ်ပိုင်စွမ်းအားဖြင့်စောင့်ထိန်းရန် မစွမ်းဆောင်နိုင်သည်မှာ မှန်ကန်ပါသည်။ သို့သော်ခရစ်တော်သည် လူ့ဇာတိအဖြစ်ကိုယူတင်ဝတ်ဆောင်၍ကြွလာတော်မူခဲ့ပြီးလျှင် ပညတ်တော်ကို စုံလင်စွာလိုက်နာစောင့်ထိန်းခြင်းအားဖြင့် လူသားနှင့်ဘုရားသခင်ပူးပေါင်း၍ ဘုရားသခင်၏ပညတ်တော်

အလုံးစုံတို့ကိုလိုက်နာစောင့်ထိန်းနိုင်ကြောင်း သာဓကပြထားခြင်းဖြစ်ပါသည်။

"ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။" ယော၊ ၁း၁၂။ ၎င်းအခွင့်သည် လူ၏အခွင့်အာဏာမဟုတ်၊ ဘုရားသခင်ပေးသောအခွင့်အာဏာဖြစ်၏။ အသက်ဝိညာဉ်တစ်ခုသည် ခရစ်တော်ကိုလက်ခံသောအခါ ခရစ်တော်၏အသက်တာအတိုင်း အသက်ရှင်ရန်အခွင့်အာဏာကိုလည်းရရှိပါသည်။

ဘုရားသခင်သည် မိမိ၏သားသမီးတို့အား စုံလင်သောသူများဖြစ်စေလိုတော်မူ၏။ ကိုယ်တော်၏ပညတ်တော်သည် ကိုယ်တော်နှင့်တစ်ပုံတစ်သဏ္ဍာန်တည်းဖြစ်၍အကျင့်အားလုံးအတွက်စံဖြစ်၏။ ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ရောက်ရမည့်အမျိုးအစားတွင် အမှားအယွင်းမရှိစေရန် ယင်းစုံလင်သည့်စံပြဖြစ်သောပညတ်တော်သည် လူတိုင်းအတွက်ဖြစ်ပါသည်။ ဤလောကတွင်ခရစ်တော်၏အသက်တာသည် ဘုရားသခင်၏ပညတ်တော်များကိုစုံလင်စွာဖေါ်ထုတ်ခဲ့ပါသည်။ ၎င်းအပြင်ဘုရားသခင်၏ သားသမီးများဟု အခေါ်ခံသူများသည် ခရစ်တော်နှင့်တူညီလာသောအခါ သူတို့သည် ဘုရားသခင်၏ပညတ်တော်များကိုလိုက်နာစောင့်ထိန်းကြလိမ့်မည်။ ထိုအခါသူတို့သည် ကောင်းကင်မိသားစုအသိုက်အဝန်းတွင်ပါဝင်နိုင်ရန်အတွက် ဘုရားသခင်စိတ်ချယုံကြည်တော်မူလိမ့်မည်။ ခရစ်တော်၏ဘုန်းတန်ခိုးနှင့်ပြည့်စုံသည့်ဖြောင့်မတ်ခြင်းဝတ်ရုံကိုဆင်မြန်းထားခြင်းဖြင့် သူတို့သည် ဘုရင်မင်းကြီး၏စားသောက်ပွဲတွင်နေရာရကြလိမ့်မည်။ သူတို့သည် အသွေးတော်အားဖြင့်ဆေးကြောခြင်းကိုခံရပြီးသည့် ပရိသတ်နှင့်ပူးပေါင်းခွင့်ရကြပေလိမ့်မည်။

မင်္ဂလာဆောင်ပွဲ၏အဝတ်ကိုမဝတ်ဘဲ စားသောက်ပွဲသို့ဝင်သော သူဆိုသည်မှာ ယနေ့လောကလူအများ၏အခြေအနေကိုပုံဆောင်ထား ခြင်းဖြစ်ပါသည်။ သူတို့သည် ခရစ်ယာန်အမည်ခံ၍ ဧဝံဂေလိတရား တော်ဆိုင်ရာအခွင့်အရေးများနှင့်ကောင်းချီးမြောက်မြားစွာကိုတောင်းဆို ရယူနေကြ၏။ သို့သော် သူတို့သည် အကျင့်အားဖြင့် ပြောင်းလဲမှုရှိရန် မလိုဟုသဘောထားကြ၏။ အပြစ်အတွက် မှန်သောနောင်တသံဝေဂကို မည်သည့်အခါကမျှမရကြပါ။ သူတို့သည်ခရစ်တော်ကိုလိုအပ်သည် ဟူ၍လည်းကောင်း၊ ခရစ်တော်၌ယုံကြည်ခြင်းရှိရမည်ဟူ၍လည်းကောင်း သဘောမပေါက်ကြပါ။ ရိုးရာဓလေ့ထုံးစံအရ (သို့မဟုတ်) ကိုယ်တိုင် ပြုစုပျိုးထောင်ထားသည့် မှားသောအလေ့အကျင့်များကိုသူတို့မချိုးမနှိမ် နိုင်ကြသေးပါ။ သို့ပါလျက် သူတို့သည် သူတော်ကောင်းများဖြစ်သည် ဟုသဘောပိုက်၍ ခရစ်တော်ကိုယုံကြည်ကိုးစားရမည့်အစား သူတို့၏ ကုသိုလ်ကောင်းမှုများကိုသာ အားကိုးအားထားပြုနေကြ၏။ နှုတ်ထွက် တရားတော်ကိုကြားနာရသဖြင့် စားသောက်ပွဲကြီးသို့ဝင်ကြသော်လည်း ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကို ဝတ်ဆင်ထားခြင်းမရှိကြပါ။

ခရစ်ယာန်အမည်ခံသူအများသည် လောကကျင့်ဝတ်ကို လိုက်နာနေသူများသာဖြစ်နေပါသည်။ လောကသားတို့ရှေ့၌ခရစ်တော် ကိုပုံဆောင်ခြင်းအားဖြင့် ကိုယ်တော်ကိုဂုဏ်ပြုနိုင်မည့်တစ်ခုတည်းသော ဆုကျေးဇူးကို သူတို့ငြင်းပယ်ကြ၏။ သန့်ရှင်းသောဝိညာဉ်တော် လုပ်ဆောင်မှုသည် သူတို့အတွက် ထူးဆန်းသောအလုပ်ဖြစ်နေပါသည်။ သူတို့သည်နှုတ်ထွက်တရားတော်နှင့်ညီညွတ်အောင် ကျင့်သောသူများ မဟုတ်၊ ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်သည် သို့မဟုတ်၊လောက နှင့် တစ်လုံးတစ်ဝတည်းဖြစ်သည်ကိုခွဲခြားသိမြင်နိုင်သည့် ကောင်းကင်

အခြေခံသဘောတရားများမှာ မခွဲခြားနိုင်လောက်အောင်ဖြစ်လာပါသည်။ ခရစ်တော်၏နောက်တော်သို့လိုက်သည်ဟုအမည်ခံသူများသည် သီးသန့်ထားသည့်ထာဝရဘုရားသခင်ပိုင်ထိုက်တော်မူသောလူမျိုး၊ ထူးခြားသောလူမျိုးမဟုတ်တော့သည့်အခြေသို့ဆိုက်ရောက်နေပါသည်။ သတ်မှတ်ထားသည့်နယ်နိမိတ်မှာလည်း ထင်ရှားခြင်းမရှိတော့ပါ။ လူအပေါင်းတို့သည် လောကလက်အောက်ခံ၊ လောကဓလေ့ထုံးစံအကျင့်လက်အောက်ခံ၊ ကိုယ်ကျိုးလိုက်စားခြင်း၏လက်အောက်ခံများဖြစ်နေကြ၏။ ပညတ်တော်ကိုလိုက်နာစောင့်ရှောက်ရာ၌လောကသားတို့သည် အသင်းတော်သို့ကူပြောင်းရမည့်အစား ပညတ်တော်ကိုကျူးလွန်ခြင်း၌ အသင်းတော်သည် လောကသားတို့ဘက်သို့ကူးပြောင်းနေပါသည်။ အသင်းတော်သည် နေ့ရက်အစဉ်အတိုင်းလောကဘက်သို့ပြောင်းလဲနေပါသည်။

ဤသူအားလုံးတို့သည် ခရစ်တော်ကဲ့သို့ကိုယ့်အကျိုးကိုယ့်စည်းစိမ်ကိုစွန့်လွှတ်၍ အနစ်နာခံခြင်းမရှိဘဲ ခရစ်တော်၏အသေခံတော်မူခြင်းအားဖြင့် ကယ်တင်ခြင်းကိုခံစားလိုကြ၏။ သူတို့၏အကျင့်အမှန်ကိုဖုံးကွယ်ထားရန် ကျေးဇူးတော်များကိုချီးမွမ်းထောမနာပြုကြ၏။ ဖြောင့်မတ်သည့်အသွင်ကိုဆောင်ကြ၏။ သို့သော်သူတို့အားထုတ်ဆောင်ရွက်သမျှသည် ထာဝရဘုရားသခင်၏ နေ့ရက်တွင် အလဟသဖြစ်ကြပေလိမ့်မည်။

မကောင်းမှုကိုမြတ်နိုးသူအား ခရစ်တော်၏ဖြောင့်မတ်ခြင်းက ဖုံးကွယ်ထားလိမ့်မည် မဟုတ်ပါ။ လူတစ်ဦးတစ်ယောက်သည် မိမိစိတ်နှလုံးအတွင်း၌ တရားဥပဒေချီးဖောက်နေသော်လည်း လက်တွေ့အပြစ်ကျူးလွန်ခြင်းမရှိပါက လောကအမြင်အားဖြင့်သူသည်သမ္မာဓိရှိသောသူဖြစ်၏။ သို့သော် ဘုရားသခင်၏တရားတော်သည် စိတ်နှလုံးအတွင်း၌

ရှိသောလျှို့ဝှက်ချက်များကို ကြည့်ရှုတတ်၏။ အပြုအမူရှိသမျှကိုလှုံ့ဆော်ပေးသည့်မူလရည်ရွယ်ရင်းအတိုင်း စီရင်ဆုံးဖြတ်ပါသည်။ ဘုရားသခင်၏တရားတော်ဆိုင်ရာ အခြေခံသဘောတရားများနှင့်ညီညွတ်သည့် အပြုအမူများသာလျှင် တရားစီရင်ခြင်းကိုခံနိုင်စွမ်းရှိပေလိမ့်မည်။

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ကိုယ်တော်သည် ခရစ်တော်ကိုစွန့်တော်မူခြင်းအားဖြင့် ယင်းချစ်ခြင်းမေတ္တာကိုပြတော်မူ၏။ “သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူ” ပြီးလျှင် အသွေးတော်အားဖြင့် ဝယ်ယူပိုင်ဆိုင်ထားသောသူများအတွက် အခြားမည်သည့်အရာကိုမျှမပေးဘဲနေတော်မူမည်မဟုတ်ပါ။ (ယော၊ ၃း၁၆။) ကျွန်ုပ်တို့၏အကြီးဆုံးသောရန်သူကြီးက ကျွန်ုပ်တို့အားအောင်မြင်နိုင်နင်းခြင်းမှကာကွယ်ရန်လိုအပ်သောစွမ်းအားနှင့်အရည်အချင်းရယူရန်ကောင်းကင်အားလုံးကိုပေးတော်မူ၏။ သို့သော်ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်က အပြစ်ကိုလွှတ်ငြိမ်းချမ်းသာခွင့်ပေးတော်မူမည်မဟုတ်ပါ။ ကိုယ်တော်သည်စာတန်၌အပြစ်ဖြေလွှတ်ခြင်းမပြုပါ။ အာဒံ၌လည်းကောင်း၊ ကာဣန၌လည်းကောင်း အပြစ်ဖြေလွှတ်ခြင်းမပြုပါ။ အခြားမည်သည့်လူသား၌မျှလည်း အပြစ်ဖြေလွှတ်ခြင်းကိုပြုတော်မူလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏အပြစ်များကို လျစ်လျူရှု၍ ကျွန်ုပ်တို့၏အကျင့်ပျက်ယွင်းမှုကိုလည်း မေ့ထားတော်မူလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏နာမတော်ကို အမှီပြု၍ အပြစ်များကိုအောင်မြင်နိုင်နင်းစေလိုတော်မူ၏။

ခရစ်တော်၏ဖြောင့်မတ်ခြင်း ဆုကျေးဇူးကိုငြင်းပယ်နေသူများသည် ဘုရားသခင်၏သားသမီးများအဖြစ်သို့ သွတ်သွင်းပေးမည့်အကျင့်ဆိုင်ရာဂုဏ်အင်္ဂါလက္ခဏာများကို ငြင်းပယ်နေခြင်းဖြစ်ပါသည်။ မင်္ဂလာဆောင်စားသောက်ပွဲကြီးသို့ဝင်ထိုက်သည့် တစ်ခုတည်းသောအခွင့်အရေးကို သူတို့ငြင်းပယ်နေကြပါသည်။

ဥပမာတွင် ဘုရင်မင်းကြီးက "မင်္ဂလာဆောင်ပွဲ၏အဝတ်မရှိဘဲ အဘယ်ကြောင့်ဝင်သနည်း" ဟုမေးသောအခါ ထိုသူသည်အဖြေမပေးနိုင်ဘဲရှိ၏။ တရားစီရင်တော်မူသည့်နေ့ရက်ကြီးရောက်လာသောအခါ ထိုနည်းအတူဖြစ်လိမ့်မည်။ လူတို့သည် မိမိတို့အကျင့်ပျက်ပြားမှုအတွက် ယနေ့ဆင်ခြေပေးနိုင်ကြပေလိမ့်မည်။ သို့သော် ထိုနေ့ရက်ကြီးရောက်လာသောအခါ သူတို့ဆင်ခြေပေးကြတော့မည်မဟုတ်ပါ။

ခရစ်တော်၏အမည်ကိုခံယူသောအသင်းတော်သည် ယနေ့လူမျိုးဆက်တွင် အမြင့်ဆုံးတိုင်အောင်မြှောက်စားခြင်းခံနေရကြပါသည်။ ဘုရားသခင်သည်လည်း အမြဲတစေပို၍ထွန်းလင်းလျက်ရှိသောအလင်းတရား၌ ကျွန်ုပ်တို့အတွက်ထင်ရှားလျက်ရှိနေပါသည်။ ကျွန်ုပ်တို့ယနေ့ရရှိနေသောအခွင့်အရေးများသည် ရှေးခေတ်ဘုရားသခင်၏လူမျိုးများရရှိခဲ့သည့်အခွင့်အရေးများထက်များစွာပိုပါသည်။ ဣသရေလလူမျိုးအားပေးအပ်ခဲ့သည့်အလင်းတရားကိုသာ ကျွန်ုပ်တို့ရရှိသည်မဟုတ်၊ မြတ်တော်မူသောကယ်တင်ခြင်းတရားအတွက် ပိုမိုထင်ရှားသောသက်သေကို ခရစ်တော်အားဖြင့် ကျွန်ုပ်တို့လက်ခံရရှိကြပါသည်။ ယုဒလူတို့အတွက် အရိပ်နိမိတ်နှင့်အထိမ်းအမှတ်ကိုသာပေးခဲ့သော်လည်း ကျွန်ုပ်တို့သည် ဖြစ်ရပ်အမှန်ကိုလက်ခံရရှိထားပါသည်။ သူတို့သည် ဓမ္မဟောင်းရာဇဝင်ကိုသာရရှိ၍ ကျွန်ုပ်တို့ကဓမ္မဟောင်းနှင့်ဓမ္မသစ်ရာဇဝင်ကိုပါ ရရှိထားပါ

သည်။ ကျွန်ုပ်တို့အတွက်လာရောက်တော်မူသည့် ကယ်တင်သခင်၊ လက်ဝါးကပ်တိုင်ပေါ်တွင် အသေသတ်ခြင်းခံယူတော်မူပြီးသည့်ကယ်တင်သခင်၊ ထမြောက်တော်မူပြီးသည့် ကယ်တင်သခင်၏အာမခံချက်ရှိပါသည်။ ၄င်းအပြင် ထိုကယ်တင်သခင်သည် ယောသပ်ငှားသောသင်္ချိုင်းပေါ်မှ “ငါသည်ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏” ဟုကြွေးကြော်တော်မူ၏။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုလည်းကောင်း၊ ကိုယ်တော်၏မေတ္တာတော်ကိုလည်းကောင်း သိကျွမ်းခြင်းအားဖြင့် ဘုရားသခင်၏နိုင်ငံတော်သည် ကျွန်ုပ်တို့တွင်တည်နေပါသည်။ တရားဟောပြောချက်များအားဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ထင်ရှားတော်မူ၏။ ကျူးအေးသံများအားဖြင့်လည်း ကိုယ်တော်ကိုတမ်းတကြ၏။ ဝိညာဉ်ရေးစားသောက်ပွဲကြီးသည် ကျွန်ုပ်တို့၏ရှေ့တွင်အဖိုးထိုက်တန်စွာဖြင့်လည်းကောင်း၊ ပြည့်စုံကုံလုံစွာဖြင့်လည်းကောင်း တည်ခင်းထားလျက်ရှိနေပါသည်။ တန်ဖိုးမဖြတ်နိုင်သည့်အသင့်စီမံထားသောမင်္ဂလာဆောင်ပွဲ၏ဝတ်စုံကိုအသက်ဝိညာဉ်တိုင်းသို့ အခမဲ့ကမ်းလှမ်းလျက်ရှိနေပါသည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုလည်းကောင်း ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းတရားကိုလည်းကောင်း၊ ဘုရားသခင်၏နှုတ်ထွက်တရားတော်ဆိုင်ရာ ထူးကဲစွာအဖိုးထိုက်တန်သောကတိတော်များကိုလည်းကောင်း၊ ခရစ်တော်မှတစ်ဆင့်ခမည်းတော်ထံသို့လွတ်လပ်စွာချဉ်းကပ်နိုင်ခွင့်ကိုလည်းကောင်း၊ ဝိညာဉ်တော်အားဖြင့်နှစ်သိမ့်ခြင်းရသည်ကိုလည်းကောင်း၊ ဘုရားသခင်၏နိုင်ငံတော်တွင်ထာဝရအသက်တည်ရှိကြောင်း ခိုင်လုံသည့် အာမခံချက်ရှိကြောင်းကိုလည်းကောင်း ဘုရားသခင်၏တမန်တော်များက ကျွန်ုပ်တို့အားကမ်းလှမ်းနေကြပါသည်။ ကောင်းကင်စားသောက်ပွဲကြီးဖြစ်သော ညစာစားပွဲ

ကြီးတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ဆောင်ရွက်သင့်သမျှအထဲမှအသင့်ပြင်ဆင်ထားခြင်းမရှိသောအရာ ကျန်ပါသေး၏လော။

ကျွန်ုပ်တို့အားခန့်အပ်ထားသည့်အမှုတော်ကို ကျွန်ုပ်တို့ဆောင်ရွက်၍ပြီးပါပြီဟု ကောင်းကင်ဘုံတွင်အမှုတော်ဆောင်ကောင်းကင်တမန်များက ကြေညာကြသည်မှာ ကျွန်ုပ်တို့သည် စာတန်၏တမန်များကိုတွန်းလှန်ကြပါ၏။ ကျွန်ုပ်တို့သည် လူတို့၏စိတ်ဝိညာဉ်အတွင်းသို့အလင်းတရားပေးသွင်းထွန်းလင်းစေခြင်းအားဖြင့် သခင်ယေရှု၌ဖေါ်ပြသည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်အကြောင်းကို သူတို့အားသတိရစေပါပြီ။ ခရစ်တော်၏လက်ဝါးကပ်တိုင်သို့ သူတို့၏မျက်စိကိုဆွဲဆောင်ပါပြီ။ ဘုရားသခင်၏သားတော်ကိုလက်ဝါးကပ်တိုင်တွင်အသေသတ်သည့်အပြစ်ကို သူတို့သိမြင်သောအခါ သူတို့စိတ်နှလုံးတုန်လှုပ်ကြပါ၏။ သူတို့နောင်တသံဝေဂရကြပါ၏။ ပြောင်းလဲရန်အတွက် လှမ်းတက်ရမည့်အဆင့်တို့ကို သူတို့တွေ့မြင်ကြပါ၏။ ဧဝံဂေလိတရားတော်၏တန်ခိုးအာဏာကို သူတို့တွေ့သိကြပါ၏။ ဘုရားသခင်၏ချစ်ခြင်းသည် ချိုမြိန်သောအရသာရှိသည်ကို သူတို့သိကြသောအခါ စိတ်နှလုံးကြည်နူးကြပါ၏။ ခရစ်တော်၏တင့်တယ်ပုံကိုသူတို့မြင်ရကြပါ၏။ သို့သော် အများသောသူတို့အတွက်အလဟဿဖြစ်ပါ၏။ သူတို့၏အကျင့်ဓလေ့များနှင့်အကျင့်များကိုမစွန့်ပယ်ကြပါ။ ကောင်းကင်ဝတ်ရုံကိုဝတ်ဆင်ရန်အတွက် သူတို့၏လောကဝတ်စုံများကိုမစွန့်မလွှတ်ကြပါ။ လူတို့၏စိတ်နှလုံးသည်တပ်မက်လိုချင်သောစိတ်နှင့်ပြည့်ဝကြ၏။ သူတို့သည်ဘုရားသခင်အားမြတ်နိုးသည်ထက် လောကအပေါင်းအသင်းတို့ကိုပို၍ချစ်ကြ၏။

အပြီးသတ်ဆုံးဖြတ်ချက်ချသောနေ့ကြီးသည် လွန်စွာပင်အရေးကြီး၍ လေးနက်ခမ်းနားပါလိမ့်မည်။ ဖေါ်ပြချက်မြင်ခြင်းအားဖြင့် တမန်တော်ယောဟန်ဖေါ်ပြထားသည်မှာ "ဖြူသောပလ္လင်ကြီးကိုလည်းကောင်း၊ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူကိုလည်းကောင်း၊ ငါမြင်၏။ ကောင်းကင်နှင့်မြေကြီးသည် မျက်နှာတော်ရှေ့မှပြေးလွင့်၍ သူတို့နေစရာအရပ်မရှိ။ သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာရပ်နေကြသည်ကိုငါမြင်၏။ စာစောင်များကိုဖွင့်ထား၏။ အသက်စာစောင်တည်းဟူသောအခြားတစ်ပါးသောစာစောင်ကိုလည်းဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း စာစောင်တို့၌ရေးထားချက်များနှင့်အညီတရားစီရင်ခြင်းကိုခံရကြ၏။" ဗျာ၊ ၂၀း၁၁၊၁၂။

ထိုနေ့တွင်လူတို့သည် ထာဝရကာလနှင့်မျက်နှာချင်းဆိုင်ရကြသောအခါ လွန်ခဲ့သည့်ကာလကိုပြန်လည်စဉ်းစား၍ စိတ်နှလုံးကြေကွဲဝမ်းနည်းကြပေလိမ့်မည်။ ဘဝအသက်တာတစ်လျှောက်လုံး၏ဖြစ်ပျက်ခဲ့ပုံအကြောင်းစုံကို ပကတိအတိုင်းအလိုအလျောက်တင်ဆက်ပြီးဖြစ်လိမ့်မည်။ ထိုအခါ လောကပျော်မွေ့ခြင်း၊ လောကကြွယ်ဝခြင်း၊ လောကဂုဏ်အသရေရှိခြင်းတို့သည် အရေးပါအရာရောက်တော့မည်မဟုတ်ပါ။ ထိုအခါ လူတို့မထီလေးစားပြုခဲ့သည့် ဖြောင့်မတ်ခြင်းတရားတစ်ခုတည်းသာလျှင် တန်ဖိုးရှိကြောင်းသူတို့တွေ့သိကြလိမ့်မည်။ စာတန်၏လိမ်လည်လှည့်ဖြားခြင်းလက်အောက်တွင် သူတို့၏အကျင့်ကိုပုံသွန်းခဲ့ကြကြောင်း သူတို့သလောပေါက်ကြလိမ့်မည်။ သူတို့ရွေးချယ်ခဲ့သောဝတ်ရုံများသည် ပထမဦးဆုံးအယူဖေါက်ပြန်သူကြီး၏ကျေးဇူးသစ္စာကိုစောင့်ထိန်းသည့်တံဆိပ်ဖြစ်နေပါတော့သည်။ ထိုအခါ သူတို့ရွေးချယ်ခြင်း၏ အကျိုးသက်ရောက်မှုကို သူတို့တွေ့သိ ကြလိမ့်မည်။

ဘုရားသခင်၏ ပညတ်တော်တို့ကို လွန်ကျူးခြင်းဆိုသည်မှာ အဘယ် အရာဖြစ်သည်ကို သူတို့သိကျွမ်းကြပေလိမ့်မည်။

ထိုအခါထာဝရကာလအတွက် ပြင်ဆင်ရန်ကရုဏာတော်အချိန် ဆက်လက်တည်ရှိတော့မည်မဟုတ်ပါ။ ယခုဘဝအသက်တာတွင် သာလျှင် ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကို ကျွန်ုပ်တို့ဝတ်ဆင်ရန် ဖြစ်ပါသည်။ ကိုယ်တော်၏ပညတ်တော်တို့ကို စောင့်ရှောက်သောသူတို့ အတွက် ခရစ်တော်ကိုယ်တိုင်ပြင်ဆင်ထားတော်မူသည့်အိမ်တော်နှင့် ထိုက်တန်သောအကျင့်ဆောက်တည်ရန် ယခုဘဝတစ်ခုတည်းသာလျှင် ကျွန်ုပ်တို့၏အခွင့်အရေးဖြစ်ပါသည်။

ကျွန်ုပ်တို့အတွက် ကရုဏာတော်အချိန်ကုန်ဆုံးဖို့ လွန်စွာနီးကပ် လျက်ရှိနေပါသည်။ နောက်ဆုံးသောအချိန်ရောက်လုနီးပါပြီ။ “သင် တို့သည် ကိုယ်ကိုကိုယ်သတိပြုကြလော့။ သို့မဟုတ် အစားအသောက် လွန်ကြူးခြင်း၊ လောကစိုးရိမ်ခြင်းအားဖြင့် စိတ်နှလုံးပင်ပန်းလျက်နေ စဉ်တွင် ထိုနေ့ရက်သည်အမှတ်တမဲ့ သင်တို့နှင့်တွေ့ကြုံလိမ့်မည်” ဟု ကျွန်ုပ်တို့အား သတိပေးနှိုးဆော်ထားပါသည်။ လုကာ၊ ၂၁း၃၄။ အသင့်မရှိသောအချိန်တွင် ထိုနေ့ရက်ရောက်လာမည်ကိုသတိပြုကြပါ ကုန်လော့။ ဘုရင်မင်းကြီး၏ စားသောက်ပွဲတွင် သင်သည်မင်္ဂလာဆောင် ပွဲအဝတ်ကိုမဝတ်ဆင်ဘဲမင်းကြီးနှင့်တွေ့နေမည်ကိုသတိပြုပါလော့။

“သင်တို့မထင်မမှတ်သော အချိန်နာရီ၌လူသားသည်ကြွလာ လိမ့်မည်၊” “အဝတ်အချည်းစည်းနှင့်သွားလာ၍သူတစ်ပါးရှေ့၌ရှက်စရာ အကြောင်းမရှိစေခြင်းငှါ နိုးလျက်နေ၍ ကိုယ်အဝတ်ကိုစောင့်သောသူ သည် မင်္ဂလာရှိ၏။” မဿဲ၊ ၂၄း၄၄။ ဗျာ၊ ၁၆း၁၆။

---ooo---

# “အသီးအသီးအစွမ်းသတ္တိရှိသည်အတိုင်း”

### မ၊ ၂၅း၁၃-၃၀ ကိုအခြေပြုပါသည်။

ခရစ်တော်သည် ဤလောကသို့ဒုတိယအကြိမ်ကြွလာတော်မူမည်အကြောင်း တပည့်တော်များအား သံလွင်တောင်ပေါ်တွင်ပြောကြားတော်မူ၏။ ကြွလာတော်မူမည့်အချိန်နီးသောအခါ ဖြစ်ပျက်မည့်နိမိတ်လက္ခဏာအချို့ကိုလည်း သီးခြားဖေါ်ညွှန်း၍ တပည့်တော်များအား သတိဝီရိယနှင့်အသင့်စောင့်နေရန်မှာထားတော်မူ၏။ “လူသားသည် ကြွလာအံ့သောနေ့ရက်အချိန်နာရီကို သင်တို့မသိသောကြောင့် စောင့်နေကြလော့” ဟုသတိပေးနှိုးဆော်ခဲ့သည်ကို ယခုတစ်ဖန်ထပ်မံ၍ မိန့်မှာတော်မူ၏။ ၎င်းနောက် ကိုယ်တော်ကြွလာတော်မူမည့်အချိန်ကို စောင့်နေရမည်ဆိုသည့်အနက်ကိုလည်းရှင်းပြတော်မူ၏။ အလဟဿ အချိန်ဖြုန်း၍ စောင့်နေခြင်းမျိုးမဟုတ်၊ လုံ့လဝီရိယစိုက်ထုတ်၍ လုပ်ဆောင်ခြင်းအားဖြင့် အချိန်ကိုအသုံးပြု၍ စောင့်နေရန်ဖြစ်ကြောင်း သရုပ်ပြသင်ခန်းစာကိုအစွမ်းသတ္တိဥပမာဖြင့် ဩဝါဒပေးတော်မူ၏။

ထိုကြောင့် ကိုယ်တော်မိန့်မှာတော်မူသည်မှာ၊ “လူတစ်ဦးသည် အခြားသောပြည်သို့သွားမည်ဟု အကြံရှိလျက်၊ မိမိငယ်သားတို့ကိုခေါ်၍ မိမိဥစ္စာများကိုအပ်ပေး၏။ သူတို့သည် အသီးအသီးအစွမ်းသတ္တိရှိသည် အတုင်း တစ်ဦး၌ငွေအခွက်ငါးဆယ်၊ တစ်ဦး၌ငွေအခွက်နှစ်ဆယ်၊ တစ်ဦး၌ငွေအခွက်တစ်ဆယ်ကိုအပ်ပေးပြီးမှ ချက်ချင်းသွားလေ၏။”

အခြားသောပြည်သို့ခရီးသွားသောသူဆိုသည်မှာ ခရစ်တော်ကို ပုံဆောင်ထားခြင်းဖြစ်၍ ယင်းဥပမာကိုဟောပြောပြီးမှမကြာမီအတွင်း ဤကမ္ဘာပေါ်မှကောင်းကင်နိုင်ငံတော်သို့ ပြန်လည်ကြွသွားတော့မည်

ဖြစ်ပါသည်။ "မိမိငယ်သားတို့" (သို့မဟုတ်) အစေခံများဆိုသည်မှာ ခရစ်တော်၏ နောက်တော်သို့လိုက်လျှောက်သောသူများကိုဆိုလိုပါသည်။ ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ်မပိုင်ဆိုင်ကြပါ။ "အဖိုးနှင့်ဝယ်တော်မူသော" သူများဖြစ်ကြ၏။ (၁ကော ၊ ၆း၂၀။) "ရွှေ၊ ငွေ အစရှိသော ဖေါက်ပြန်ပျက်စီးတတ်သောဥစ္စာနှင့်. . . မဟုတ်ဘဲ. . . ခရစ်တော်၏ အသွေးတော်မြတ်နှင့်ရွေးချယ်တော်မူ" သောသူများဖြစ်သောကြောင့်၊ ၁ပေ၊ ၁း၁၈၊၁၉။ "အသက်ရှင်သောသူတို့သည် တစ်ဖန်ကိုယ့်အလိုသို့လိုက်၍မရှင်၊ သူတို့အတွက်ကြောင့် အသေခံပြီးမှထမြောက်တော်မူသောသူ၏အလိုသို့လိုက်၍ရှင်" ရကြပါမည်။ (၂ကော၊ ၅း၁၅)။

လူအပေါင်းတို့အားအတိုင်းမသိ ကြီးသောဂုဏ်အဖိုးအခကိုပေး၍ ဝယ်ထားတော်မူသည်မှာ၊ ကောင်းကင်ဘဏ္ဍာတော်တိုက်ကြီးတစ်ခုလုံးကို ဤလောကတွင်းသို့သွန်းလောင်း၍လည်းကောင်း၊ ခရစ်တော်၌ ကောင်းကင်တခွင်လုံးကို ကျွန်ုပ်တို့အားပေးတော်မူသည်ဖြစ်၍လည်းကောင်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့လူသားတိုင်း၏အလိုဆန္ဒကိုလည်းကောင်း၊ ချစ်ခင်စုံမက်တတ်ခြင်းကိုလည်းကောင်း၊ အသိဉာဏ်ကိုလည်းကောင်း၊ စိတ်ဝိညာဉ်ကိုလည်းကောင်း ဝယ်ယူထားတော်မူ၏။ ယုံကြည်သောသူဖြစ်စေ၊ မယုံကြည်သောသူဖြစ်စေ လူသားအားလုံးသည် ထာဝရဘုရားသခင်ပိုင်ဆိုင်တော်မူသည့် ဥစ္စာပစ္စည်းဖြစ်ကြ၏။ လူတိုင်းအားကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်၍ ခေါ်တော်မူပြီးဖြစ်သောကြောင့် ယင်းခေါ်တော်မူခြင်းအတွက် မည်သို့မည်ပုံဆောင်ရွက်ပြီးသည်ကို တရားစီရင်တော်မူသည့်နေ့ရက်ကြီးရောက်လာသောအခါ လူတိုင်းစာရင်းရှင်းရကြပါလိမ့်မည်။

သို့သော် ဘုရားသခင်ဆင့်ဆိုတော်မူသည်ကို လူတိုင်းအသိအမှတ်မပြုကြပါ။ ခရစ်တော်၏ အမှုတော်ကိုဆောင်ရွက်ပါသည်ဟု အမည်ခံသောသူများကို ဥပမာပုံတွင်ကိုယ်တော်၏ငယ်သား (သို့မဟုတ်) အစေခံများဟု ပုံဆောင်ထားပါသည်။

ခရစ်တော်၏နောက်တော်သို့လိုက်သောသူများသည် အမှုတော်ဆောင်ရွက်ရန်အတွက် ရွေးနုတ်ထားသောသူများဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏အသက်တာ၏စစ်မှန်သောရည်ရွယ်ချက်မှာ ကိုယ်တော်အတွက်အမှုတော်ဆောင်ရွက်ရန်ဖြစ်သည်ဟု ကျွန်ုပ်တို့အားဘုရားသခင်ဩဝါဒပေးထားတော်မူ၏။ ကိုယ်တော်ကိုယ်တိုင်အမှုတော်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် ကိုယ်တော်၏နောက်တော်သို့လိုက်သောသူတိုင်းအားဘုရားသခင်အတွက်လည်းကောင်း၊ လူသားအချင်းချင်းအတွက်လည်းကောင်း အမှုတော်ဆောင်ရွက်ရန် တရားဥပဒေကိုပေးအပ်ထားပါသည်။ ဤနေရာ၌ ဘ၀အသက်တာ၏ ခံယူချက်နှင့်ပတ်သက်၍ လူတို့သိနားလည်သည်ထက် ပို၍မြင့်မားကြောင်း ခရစ်တော်သည် လောကသားတို့အား သရုပ်ပြထားတော်မူ၏။ သူတစ်ပါးအတွက် အမှုထမ်းဆောင်ရန် အသက်ရှင်ခြင်းအားဖြင့် လူသည် ခရစ်တော်နှင့် ဆက်စပ်လျက်ရှိနေပါသည်။ အမှုတော်ဆောင်ရွက်ခြင်းဆိုင်ရာတရားဥပဒေသည် ကျွန်ုပ်တို့ကိုလူသားအချင်းချင်းနှင့်လည်းကောင်း၊ ဘုရားသခင်နှင့်လည်းကောင်း ဆက်စပ်ပေးသည့်ကွင်းဆက်ဖြစ်ပါသည်။

ခရစ်တော်သည် မိမိတပည့်တော်များအား "ဥစ္စာများ" အပ်ပေးတော်မူခြင်းမှာ ကိုယ်တော်အတွက်အသုံးချရန်ဖြစ်ပါသည်။ ကိုယ်တော်သည် လူ "အသီးသီး"တို့အား ကိုယ်တိုင်ဆောင်ရွက်ရန်လုပ်ငန်းတာဝန်ပေးအပ်ထားပါသည်။ ကောင်းကင်၏ထာဝရစီမံကိန်းတွင် လူတိုင်းအတွက်နေရာရှိပါသည်။ လူတိုင်းသည် ခရစ်တော်နှင့်အတူ

ပူးပေါင်း၍ အသက်ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ရပါမည်။ ကောင်းကင်အိမ်တော်၌ ကျွန်ုပ်တို့အတွက်သတ်မှတ်ထားသည့်နေရာအတွက် စိတ်ချရမှုသည် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန် ဤလောက၌ ကျွန်ုပ်တို့အတွက် သတ်မှတ်ထားသည့်အထူးနေရာအပေါ်တွင်မူတည်ပါသည်။

## သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများ

အသင်းတော်သို့ခရစ်တော်ယုံမှတ်လွှဲအပ်ထားသည့် အစွမ်းသတ္တိများမှာ အထူးသဖြင့်သန့်ရှင်းသောဝိညာဉ်တော်ဝေငှသည့်ဆုကျေးဇူးများနှင့် ကောင်းချီးများကိုဆိုလိုပါသည်။ "ဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ပညာတရားကိုပေးတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့်တစ်ယောက်သောသူအား ထိုးထွင်းခြင်းတရားကိုပေးတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့်တစ်ယောက်သောသူအား ယုံကြည်ခြင်းကိုပေးတော်မူ၏။ ထိုဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား အနာရောဂါကိုငြိမ်းစေနိုင်သောအခွင့်ကိုပေးတော်မူ၏။ တစ်ယောက်သောသူအား တန်ခိုးကိုပြနိုင်သောအခွင့်ကိုလည်းကောင်း၊ တစ်ယောက်သောသူအားပုရောဖက်ပြုနိုင်သောအခွင့်ကိုလည်းကောင်း၊ တစ်ယောက်သောသူအား စိတ်ဝိညာဉ်တို့ကိုပိုင်းခြား၍ သိနိုင်သောအခွင့်ကိုလည်းကောင်း၊ တစ်ယောက်သောသူအား အမျိုးမျိုးသောဘာသာစကားကိုပြောနိုင်သောအခွင့်ကိုလည်းကောင်း၊ တစ်ယောက်သောသူအား ထိုဘာသာစကား၏ အနက်ကိုဖေါ်ပြနိုင်သောအခွင့်ကိုလည်းကောင်း ပေးတော်မူ၏။ ဤအခွင့်ရှိသမျှတို့ကိုတစ်ပါးတည်းသောဝိညာဉ်တော်သည်ပြုပြင်၍ လူအသီးသီးတို့အား အသီးအသီး ခံရသောအခွင့်ကို

အလိုတော်ရှိသည်အတိုင်းဝေငှ၍ပေးတော်မူ၏။" ၁ကော၊ ၁၂း၈-၁၁။ လူတိုင်းတူညီသောဆုကျေးဇူးများကို ခံရကြသည်မဟုတ်ပါ။ သို့သော် အရှင်သခင်သည် မိမိငယ်သားတိုင်းအား ဝိညာဉ်တော်၏ဆုကျေးဇူး အချို့ကိုဝေငှရန် ကတိထားတော်မူ၏။

ခရစ်တော်သည် တပည့်တော်များအားထားခဲ့၍ ပြန်ကြွသွား တော်မမူမီ "သူတို့အပေါ်၌မှုတ်လျက်၊ သင်တို့သည်သန့်ရှင်းသောဝိညာဉ် တော်ကိုခံကြလော့" ဟူ၍လည်းကောင်း ၊ယော၊၂၀း၂၂။ "ငါ့ခမည်း တော်၏ကတိရှိသည်အတိုင်း သင်တို့၌ငါပြုဦးမည်" ဟူ၍လည်းကောင်း မိန့်တော်မူ၏။ လု၊ ၂၄း၄၉။ သို့သော် ကိုယ်တော်သည် ကောင်းကင် သို့တက်ကြွသွားတော်မူပြီးနောက်မှ ဆုကျေးဇူးများကိုပြည့်စုံကုံလုံစွာ ရရှိကြပါသည်။ တပည့်တော်တို့သည် ယုံကြည်စွာဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့်လည်းကောင်း ကိုယ်တော်၏အမှုတော်ကိုထမ်း ဆောင်ရန် ကိုယ်ကိုကိုယ်လုံးလုံးလျားလျားဆက်ကပ်အပ်နှံပြီးမှ ဝိညာဉ် တော်အထူးသွန်းလောင်းတော်မူခြင်းကိုခံရကြပါသည်။ ထိုအချိန်မှအစ ပြု၍ ကောင်းကင်ဥစ္စာများကိုခရစ်တော်၏ နောက်တော်သို့လိုက်လျှောက် သောသူများအား အထူးကိစ္စရပ်အဖြစ်ပေးတော်မူ၏။ ကိုယ်တော်သည် "မြင့်သောအရပ်သို့ တက်ကြွတော်မူသဖြင့် များစွာသောသူတို့ကိုဖမ်းသွား တော်မူ၍ လူတို့အားဆုလာဘ်များကိုပေးတော်မူ၏။" "ခရစ်တော်သည် ဆုပေးတော်မူသည်အတိုင်း ငါတို့သည်ကျေးဇူးတော်ကိုအသီးအသီး ကိုယ်စီခံရကြပြီ။" ဧဖက်၊ ၄း၇၊၈။ ဝိညာဉ်တော်သည် "လူအသီးအသီး တို့အား အသီးအသီးခံရသောအခွင့်ကို အလိုတော်ရှိသည်အတိုင်း ဝေငှ၍ပေးတော်မူ၏။" ၁ကော၊ ၁၂း၁၁။ ခရစ်တော်၌ ကျွန်ုပ်တို့အတွက် ဆုကျေးဇူးများ ရှိနှင့်ပြီးဖြစ်ပါသည်။ သို့သော် ယင်းဆုကျေးဇူးများကို

ကျွန်ုပ်တို့အမှန်ပိုင်ဆိုင်ရန်မှာ ဘုရားသခင်၏ဝိညာဉ်တော်ကိုခံယူခြင်းအပေါ်မူတည်ပါသည်။

ဝိညာဉ်တော်ဆိုင်ရာကတိတော်၏ ဆုကျေးဇူးများကိုကောင်းစွာသဘောပေါက်နားလည်သင့်သည်အတိုင်း နားမလည်ကြသေးပါ။ ယင်းပြည့်စုံမှုကိုလည်းသဘောပေါက်သင့်သလောက် မပေါက်ကြသေးပါ။ ဝိညာဉ်တော်မရောက်ရှိသည့်အတွက် ဧဝံဂေလိအမှုတော်သည် ဤမျှလောက်တန်ခိုးမှေးမှိန်နေရခြင်းဖြစ်ပါသည်။ စာပေကျမ်းဂန်တတ်သိလိမ္မာဖြင်း၊ စွမ်းရည်ထက်မြက်ခြင်း၊ စကားပြောကောင်းခြင်းစသည့်ပင်ကိုအတိုင်း (သို့မဟုတ်) ဆည်းပူး၍ရရှိထားသည့်အရည်အချင်းများရှိကောင်းရှိပေလိမ့်မည်။ သို့သော် ဘုရားသခင်၏ဝိညာဉ်တော်မပါလျှင် မည်သည့်နှလုံးသားကိုမျှ ထိတွေ့နိုင်လိမ့်မည်မဟုတ်ပါ။ တစ်ဖက်တွင်မူကား၊ သူတို့သည် ခရစ်တော်နှင့်ပေါင်းစပ်မှုရှိပါကလည်းကောင်း၊ ဝိညာဉ်တော်၏ဆုကျေးဇူးများကို လက်ခံရရှိထားပါကလည်းကောင်း သူတို့သည် ကိုယ်တော်၏တပည့်တော်များတွင် ခွန်အားအနည်းဆုံး၊ အသိပညာအနည်းဆုံးပင်ဖြစ်စေကာမူ လူတို့၏စိတ်လှုပ်ရှားအောင်ပြောဟောနိုင်သည့် တန်ခိုးရှိလိမ့်မည်။ ဘုရားသခင်သည်သူတို့အား ဤမိုးကုပ်စက်ဝိုင်းကြီးတစ်ခုလုံးတွင် အစွမ်းအထက်ဆုံးလုပ်ကိုင်နိုင်သည့် ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်စေတော်မူလိမ့်မည်။

## အခြားသောစွမ်းရည်များ

ဥပမာတွင်ဖော်ပြထားသောအစွမ်းသတ္တိများတွင် ဝိညာဉ်တော်၏အထူးဆုကျေးဇူးအားလုံးမပါဝင်သေးပါ။ စွမ်းရည်သတ္တိများတွင်ပင်ကို

မူလအတိုင်းဖြစ်စေ၊ ဆည်းပူးထားသည့်အတိုင်းဖြစ်စေ၊ (သို့မဟုတ်) ဇာတိပကတိအတိုင်းဖြစ်စေ၊ ဝိညာဉ်ပကတိအတိုင်းဖြစ်စေ လက်ခံရရှိထားသမျှသောဆုကျေးဇူးများနှင့်စွမ်းရည်သတ္တိများအားလုံးပါဝင်ပါသည်။ အားလုံးကိုခရစ်တော်၏အမှုတော်အတွက် အသုံးချရပါမည်။ ကိုယ်တော်၏တပည့်တော်များဖြစ်လာရာတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်နှင့်တကွ ကျွန်ုပ်တို့ပိုင်ဆိုင်သမျှကို ကိုယ်တော်အားအပ်နှံကြပါသည်။ ယင်းဆုကျေးဇူးအပေါင်းကို ကိုယ်တော်၏ ဘုန်းတော်ထင်ရှားစေရန်နှင့် လူသားအချင်းချင်းအတွက် ကောင်းချီးဖြစ်စေရန် ကျွန်ုပ်တို့အသုံးချဖို့ သန့်စင်မြင့်မြတ်စေပြီးမှ ပြန်၍ပေးတော်မူ၏။

ဘုရားသခင်သည် လူတိုင်းအား "အသီးအသီးအစွမ်းသတ္တိရှိသည်အတိုင်း" ပေးသနားတော်မူ၏။ စွမ်းရည်သတ္တိများကိုရုတ်တရက် အလွယ်တကူခွဲဝေပေးအပ်ထားခြင်းမဟုတ်ပါ။ ငွေအခွက်ငါးဆယ်အသုံးချနိုင်သည့်စွမ်းရည်ရှိသောသူသည် အခွက်ငါးဆယ်ကိုလက်ခံရရှိပါသည်။ ငွေအခွက်နှစ်ဆယ်ကိုသာအကျိုးထူးအောင်အသုံးပြုနိုင်သောသူသည် ခွက်နှစ်ဆယ်ကိုလက်ခံရရှိခဲ့ပါသည်။ အခွက်တစ်ဆယ်တည်းကိုသာသင့်မြတ်အောင် အသုံးချနိုင်မည့်သူသည် အခွက်တစ်ဆယ်ကိုသာလက်ခံရရှိပါသည်။ မိမိအားယုံကြည်စွာလွှဲအပ်ထားသည့်ဆုကျေးဇူးသည်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ကိုယ်တော်ခွဲဝေတော်မူသည့်အချိုးအတိုင်း တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သူသည် တူညီသောဂုဏ်ပြုခြင်းကို ခံရမည်ဖြစ်၍ ပို၍မရကောင်းလားဟု ဝမ်းနည်းစရာအကြောင်းမရှိပါ။ အခွက်ငါးဆယ်ကိုလက်ခံရရှိသောသူသည် အခွက်ငါးဆယ်တိုးပွားအောင် ဆောင်ရွက်၍ ပြန်လည်ပေးအပ်ရန်ဖြစ်ပါသည်။ အခွက်တစ်ဆယ်ကိုသာလက်ခံရရှိသူမှာလည်း အခွက်တစ်ဆယ်တိုးပွား

## ခရစ်တော်သည် “လူအသီးအသီးတို့အား မိမိတို့အကျင့်အတိုင်း ဆပ်ပေးတော်မူ၏။”

အောင် ဆောင်ရွက်ရန်သာလိုပါသည်။ ဘုရားသခင်သည် “မတတ်နိုင်သောအမှုကိုမထောက်ဘဲ တတ်နိုင်သောအမှုကိုထောက်၍” ပြန်လည်ပေးအပ်ရန်လိုလားတော်မူ၏။ ၂ကော၊ ၈း၁၂။

ဥပမာတွင် “အခွက်ငါးဆယ်ကိုခံသောသူသည် သွား၍ကုန်သွယ်ခြင်းကိုပြုသဖြင့် အခြားသောအခွက်ငါးဆယ်ကို အမြတ်ရလေ၏။ ထိုနည်းတူအခွက်နှစ်ဆယ်ကိုခံသောသူသည်လည်း အခြားသောအခွက်နှစ်ဆယ်ကိုအမြတ်ရလေ၏။”

စွမ်းရည်သတ္တိမည်မျှပင်နည်းစေကာမူ အသုံးချရန်ဖြစ်ပါသည်။ အရေးကြီးသောအချက်မှာ ကျွန်ုပ်တို့မည်မျှလက်ခံရရှိသည့်အပေါ်တွင် မူတည်သည်မဟုတ်ပါ၊ ကျွန်ုပ်တို့ရရှိသမျှကို မည်သို့မည်ပုံအသုံးချမည်ဆိုသည့်အပေါ်မူတည်ပါသည်။ ကျွန်ုပ်တို့၏စွမ်းရည်ကိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်မှာပထမဘုရားသခင်နှင့် လူသားအချင်းချင်းအတွက် အကျိုးပြုလုပ်ငန်းဆောင်ရွက်ရန်တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သည်အရည်အချင်းတွင်လည်းကောင်း၊ အသုံးဝင်မှုတွင်လည်းကောင်း နေ့စဉ်တိုးတက်မှုမရှိပါက အသက်တာ၏ရည်ရွယ်ချက် မှန်းခြေမကိုက်ပါ။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယုံကြည်ပါသည်ဟုအမည်ခံလျှင် ကိုယ်တော်အတွက် တတ်စွမ်းသမျှ အမှုတော်ထမ်းပါမည်ဟု ကတိပြုသည်ဖြစ်၍ ကျွန်ုပ်တို့၏စွမ်းရည်ရှိသမျှကို အမြင့်ဆုံးစုံလင်သည်တိုင်အောင်ပြုစုပျိုးထောင်ရမည်။ သို့မှသာလျှင် အများဆုံးအကျိုးပြုလုပ်ငန်းကို ကျွန်ုပ်တို့တတ်စွမ်းသမျှဆောင်ရွက်နိုင်ကြပေလိမ့်မည်။

ဘုရားသခင်၌ ကြီးမြတ်သည့်လုပ်ငန်းတစ်ခုပြီးမြောက်ဖို့ရန်ရှိနေသည်ဖြစ်၍ ယခုအသက်တာတွင် သစ္စာအရှိဆုံးနှင့်စိတ်အပါဝင်ဆုံးအမှုတော်ထမ်းဆောင်သူကို နောင်အသက်တာတွင် အများဆုံးအမွေပေးတော်မူလိမ့်မည်။ ဘုရားသခင်သည် မိမိအတွက် ကိုယ်စားလှယ်များကိုကိုယ်တော်တိုင် ရွေးချယ်တော်မူပြီးလျှင် မိမိ၏လုပ်ငန်းစီမံကိန်းတွင် သူတို့အားတစ်နေ့လျှင်တစ်မျိုးတစ်ဖုံစမ်းသပ်စစ်ဆေးတော်မူ၏။ ကိုယ်တော်၏ စီမံကိန်းကိုသစ္စာရှိသောစိတ်ထားနှင့်ဆောင်ရွက်သည့်အခါတိုင်းထိုသူအား မိမိ၏ကိုယ်စားလှယ်အဖြစ်ရွေးချယ်တော်မူခြင်းမှာ လုပ်ငန်းစုံလင်မှုကြောင့်မဟုတ်ပါ။ ကိုယ်တော်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် သူတို့သည် စုံလင်ခြင်းသို့ရောက်မည်အကြောင်းတည်း။

မြင့်မြတ်သောရည်မှန်းချက်ထားရန် စိတ်ပြဋ္ဌာန်းသူကိုသာ ဘုရားသခင်လက်ခံတော်မူလိမ့်မည်။ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ရန် လူသားကိုယ်စားလှယ်တိုင်းအား ဘုရားသခင် တာဝန်ပေးအပ်တော်မူ၏။ လူတိုင်းကျင့်ဝတ်စုံလင်စေရန် အလိုရှိတော်မူ၏။ ဓလေ့ထုံးစံကြောင့်ဖြစ်စေ၊ ကျင့်သားရနေသောကြောင့်ဖြစ်စေ မကောင်းမှုပြုသည့်အခြေအနေသို့ရောက်အောင် ကျွန်ုပ်တို့သည် မည်သည့်အခါမျှ ဖြောင့်မတ်ခြင်းစံနမူနာကိုလျှော့မထားသင့်ပါ။ အကျင့်မစုံလင်ခြင်းသည် မကောင်းမှုအပြစ်ဖြစ်သည်ဟု ကျွန်ုပ်တို့နားလည်သဘောပေါက်ထားသင့်ပါသည်။ ဘုရားသခင်၏ဂုဏ်အင်္ဂါလက္ခဏာရှိသမျှသည် ဖြောင့်မတ်စုံလင်သည်ဖြစ်၍ ခရစ်တော်အား မိမိ၏ကယ်တင်သခင်အဖြစ်လက်ခံသောသူတိုင်း ယင်းဂုဏ်အင်္ဂါများကို ပိုင်ဆိုင်ခွင့်ရှိပါသည်။

ဘုရားသခင်နှင့်အတူ အမှုတော်ထမ်းဆောင်မည့်လူများသည် မိမိတို့၏ကိုယ်လက်အင်္ဂါအားလုံးနှင့် စိတ်နေသဘောထားပါစုံလင်အောင်ကြိုးစားရမည်။ စစ်မှန်သောပညာဆိုသည်မှာ တာဝန်ရှိသမျှကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် ကာယစွမ်းအား၊ ဉာဏစွမ်းအားနှင့်အကျင့်စွမ်းအားများကိုစုံလင်အောင် အသင့်ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော်အတွက် ကိုယ်စိတ်နှလုံးသုံးပါးကိုလေ့ကျင့်ပေးခြင်းလည်းဖြစ်ပါသည်။ ယင်းပညာကသာလျှင် ထာဝရအသက်တာသို့ ပို့ပေးနိုင်စွမ်းရှိပေလိမ့်မည်။

ခရစ်ယာန်တိုင်းအား ထာဝရဘုရားသခင်က အလုပ်မျိုးစုံအတွက်ထက်မြက်ခြင်းနှင့်ကျွမ်းကျင်ခြင်း၌ကြီးထွားစေလိုတော်မူ၏။ ကျွန်ုပ်တို့သည်စိတ်ပါကိုယ်ရောက်အမှုတော်ထမ်းဆောင်စေရန် ခရစ်တော်သည်မိမိအသွေးတော်အားဖြင့်လည်းကောင်း၊ ဆင်းရဲခံခြင်းအားဖြင့်

လည်းကောင်းအဖိုးအခကိုပေးတော်မူ၏။ ကျွန်ုပ်တို့သည်အမှုတော်ကိုဆောင်ရွက်ရာ၌ မည်သို့စိတ်သဘောထားရမည်ကိုလည်းကောင်း၊ မည်သို့မည်ပုံလုပ်ဆောင်ရမည်ကိုလည်းကောင်း စံနမူနာဖြစ်စေရန်ကိုယ်တော်သည် ဤလောကသို့ကြွလာတော်မူခဲ့၏။ "သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင် လောကသားတို့ကိုချစ်တော်မူ"သောဘုရားသခင် (ယော၊ ၃း၁၆) အား ကျွန်ုပ်တို့သည်များစွာချစ်မြတ်နိုးခြင်းဖြင့်လည်းကောင်း၊ ကိုယ်ကိုကိုယ်ဆက်ကပ်ခြင်းဖြင့်လည်းကောင်း ကိုယ်တော်၏နာမတော်ကို ဤလောကတွင် ဘုန်းထင်ရှားစေ၍ ဘုန်းတော်သည် ထိပ်ဆုံးသို့ရောက်သည်တိုင်အောင် ကျွန်ုပ်တို့သည် အမှုတော်တိုးတက်ကြီးပွားရေးအတွက် လေ့လာသင်ကြားရန်ကိုယ်တော်အလိုရှိတော်မူ၏။

သို့သော် ကျွန်ုပ်တို့သည် အကျင့်စုံလင်မှုရရှိရန်မှာ လွယ်ကူသောအမှုကိစ္စဖြစ်သည်ဟု ခရစ်တော်က အာမခံချက်ပေးမထားပါ။ မြင့်မြတ်၍စုံလင်သောအကျင့်ဆိုသည်မှာ ရိုးရာဇာတိကပါလာသည်မဟုတ်ပါ။ အကြောင်းအားလျော်စွာရရှိထားခြင်းလည်းမဟုတ်ပါ။ မြင့်မြတ်သောအကျင့်ကို ခရစ်တော်၏ကျေးဇူးတော်နှင့်ကောင်းမှုများအားဖြင့်သာရထိုက်ပါသည်။ ဘုရားသခင်သည် စွမ်းရည်သတ္တိနှင့်ဉာဏ်မျက်စိကိုပေးတော်မူ၏။ ၎င်းမှတစ်ဆင့် ကျွန်ုပ်တို့အကျင့်ကိုပုံသွန်းရ၏။ ပုံသွန်းရာတွင် မိမိကိုယ်တိုင်နှင့်ပြင်းထန်ခက်ခဲသောတိုက်ပွဲများဆင်နွှဲရပါသည်။ ရိုးရာဓလေ့ထုံးစံဘက်သို့ လိုက်တတ်သည့် စိတ်နှင့်အကြိမ်ကြိမ်ဆိုင်ပြိုင်တိုက်လှန်ရပါလိမ့်မည်။ ကိုယ်ကိုကိုယ် စေ့စေ့စပ်စပ်ဝေဖန်

သုံးသပ်ရမည်။ မသင့်မလျော်သောအကျင့်တစ်ခုကိုမျှ မပြုပြင်မပြောင်းလဲဘဲချိန်မထားရ။

ကျွန်ုပ်၏အကျင့်ချွတ်ယွင်းမှုကိုပြုပြင်၍မရတော့ပါဟု မည်သူမျှမပြောပါစေနှင့်။ ယင်းသို့ဆုံးဖြတ်ထားပါက ထာဝရအသက်ကိုလက်လွှတ်ရမည်မှာသေချာပါသည်။ ထိုသို့လက်လွှတ်ရခြင်းမှာလည်း သင်၏ဆန္ဒကြောင့်သာဖြစ်ပါသည်။ ဆန္ဒမရှိလျှင် မအောင်မြင်နိုင်ပါ။ ခက်ခဲမှုအမှန်ပေါ်ပေါက်ရခြင်းမှာ စိတ်နှလုံးယိုယွင်းညစ်ညူးသည့်အတွက် ဘုရားသခင်၏အုပ်ချုပ်လမ်းညွှန်မှုကိုမလိုက်နာလိုသောကြောင့်ဖြစ်ပါသည်။

အမှုတော်ကိုထူးခြားစွာဆောင်ရွက်နိုင်ရန် ဘုရားသခင်က အရည် အချင်းပြည့်စုံစွာပေးထားသော်လည်း ထမြောက်အောင်မြင်ခြင်းနည်းလှသည်မှာ ကြိုးစားအားထုတ်မှုနည်းသောကြောင့်ဖြစ်ပါသည်။ ထောင်သောင်းမကများစွာသောသူတို့သည် အသက်ရှင်ခြင်းအတွက် တိကျသောရည်မှန်းချက်မရှိပါ၊ မီအောင်တက်လှမ်းရန် ရည်မှန်းချက်လည်းမထားပါ။ ထိုသို့သောသူသည် မိမိတို့ဆောင်ရွက်မှုအချိုးအစားအတိုင်းသာအကျိုးခံစားခွင့်ရှိကြပေလိမ့်မည်။

သင်ကိုယ်တိုင်ရည်မှန်းထားသည့်အဆင့်ထက်ကျော်လွန်၍ မရောက်နိုင်သည်ကိုသတိရပါ။ ထို့ကြောင့် မြင့်မားသောရည်မှန်းချက်ထား၍ ခဲရာခဲဆစ်ကြိုးစားအားထုတ်ရသော်လည်း ကိုယ်ကျိုးစွန့်၍ အနစ်နာခံလျက် အောင်မြင်သည့်အဆင့်သို့တက်သောလှေကားကိုတစ်ထစ်ပြီးတစ်ထစ်အဆုံးတိုင်အောင်တက်ရမည်။ အဘယ်အရာကမျှ မဟန့်တားပါစေနှင့်။ လူသည် မလှုပ်မရှားနိုင်လောက်အောင်သော်လည်းကောင်း၊ သူတစ်ပါးထံမှအကူအညီမတောင်းခံနိုင်လောက်အောင်သော်

လည်းကောင်း ကံကြမ္မာပိုက်ကွန်ဖြင့် တင်းတင်းကျပ်ကျပ်ရစ်ပတ်ထားသည်မဟုတ်ပါ။ ဖီလာကန့်လန့်ဖြစ်သောအခြေအနေများကပင် ၎င်းတို့ကိုအောင်မြင်ရန် ခိုင်မာစွာစိတ်ပြဋ္ဌါန်းဖို့ဖန်တီးပေးသင့်ပါသည်။ အတားအဆီးတစ်ခုကိုချိုးဖောက်ကျော်ဖြတ်နိုင်သည်နှင့်အမျှ ရှေ့သို့ဆက်လက်ချီတက်နိုင်ရန် စွမ်းရည်နှင့်ရဲရင့်ခြင်းသတ္တိပို၍ ရရှိလိမ့်မည်။ မှန်ရာဘက်သို့ရှေးရှု၍စိတ်ပြဋ္ဌာန်းချက်ဖြင့်တွန်းအားပေးပါက အခြေအနေများသည် သင့်အတွက် ဆူးငြောင့်ခလုတ်မဖြစ်ဘဲ အကူအညီပင်ဖြစ်ကြပေလိမ့်မည်။

ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန်အတွက်ယဉ်ကျေးဖွယ်ရာသောအကျင့်ဓလေ့တည်ဆောက်ဖို့ စိတ်အလိုပြင်းပြပါစေ။ သင်၏အကျင့်ဓလေ့တည်ဆောက်သည့်အဆင့်တိုင်းတွင် ဘုရားသခင်၏အလိုတော်နှင့်ညီပါစေ။ နောက်သည်လူမျိုးဆုတ်ယုတ်လာသောကာလတွင် ဘုရားသခင်၏အလိုတော်နှင့်ညီအောင် သက်ရှင်နေထိုင်နိုင်ခဲ့သည့်အတွက် သင်သည်လည်း ဘုရားသခင်၏အလိုတော်နှင့်ညီအောင်နေထိုင်နိုင်ပါသည်။ ယနေ့လောကတွင်လည်း နောက်ကဲ့သို့သောသူအများရှိပါသည်။

တိုင်းရေးပြည်ရေးတတ်သိလိမ္မာ၍ တိုင်းပြည်ကိုကောင်းစွာအုပ်ချုပ်စိုးမိုးနိုင်သည်သာမက မည်သည့်ဖြားယောင်းမှုမျိုးကိုမျှ မဖေါက်ပြန်စေနိုင်သည့်သစ္စာတည်သောဒံယေလကဲ့သို့ရပ်တည်ပါ။ သင်၏အပြစ်ရှိသမျှကို သင်ပုန်းချေရန် မိမိ၏အသက်တော်ကိုစွန့်တော်မူသည်တိုင်အောင်သင့်အားချစ်တော်မူသည့်အရှင်ကိုစိတ်မနာပါစေနှင့်။ "ငါနှင့်ကွာလျှင် သင်တို့သည်အဘယ်အမှုကိုမျှမတတ်နိုင်ကြ" ဟုကိုယ်တော်မိန့်တော်မူ၏။ ယော၊ ၁၅း၅။ ဤအချက်ကိုသတိရပါ၊ သင်ပြုမိသော

အမှားများက သင့်ကိုသတိပေးနှိုးဆော်သည့်အထိမ်းအမှတ်များဖြစ်သည်ဟုသဘောထားလျှင် သင်သည်အောင်မြင်သောသူဖြစ်၏။ ယင်းသို့ပြုခြင်းဖြင့် အရှုံးကိုအနိုင်ဖြစ်စေသောကြောင့် သင်၏ရန်သူကိုစိတ်ဓါတ်ကျဆင်းစေသဖြင့် သင်၏ရွေးနုတ်သခင်ကိုဂုဏ်ပြုခြင်းဖြစ်ပါသည်။

ဘုရားသခင်နှစ်သက်တော်မူသည့်အတိုင်း ပုံသွန်းထားသောအကျင့်ရတနာတစ်ခုတည်းကိုသာ ကျွန်ုပ်တို့သည် ဤကမ္ဘာမှကမ္ဘာသစ်သို့သယ်ဆောင်သွားနိုင်ပါလိမ့်မည်။ ဤလောကတွင် ခရစ်တော်၏ဩဝါဒကိုခံယူသောသူများသည် ကိုယ်တော်နှင့်စပ်ဆိုင်သောသူများဖြစ်၍ မိမိတို့ကြိုးစားအားထုတ်ရရှိသမျှကို ကောင်းကင်အိမ်တော်သို့သယ်ဆောင်သွားနိုင်ပါသည်။ ၎င်းအပြင် ကောင်းကင်တွင် ကျွန်ုပ်တို့သည် အမြဲတစေတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေရပေလိမ့်မည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် ဤလောကတွင်အကျင့်တိုးတက်မြင့်မားရေးအတွက်အားထုတ်ရန် မည်မျှအရေးကြီးပါသနည်း။

## စိတ်အစွမ်းသတ္တိ

စုံလင်သည့်အကျင့်တည်ဆောက်ဖို့ ယုံကြည်စွာဆုံးဖြတ်လျက်ရှာဖွေသူအား ယင်းအကျင့်စုံလင်၍ လက်တွေ့လုပ်ရှားနိုင်သည်တိုင်အောင် ကောင်းကင်သားများက ကူညီဆောင်ရွက်ကြပေလိမ့်မည်။ ယင်းသို့ပြုမူသောသူအားလုံးတို့အား ခရစ်တော်က “ငါသည် သင်၏လက်ယာဘက်၌ရှိနေသည်” ဟုမိန့်တော်မူ၏။

လူသည် မိမိ၏အလိုကို ဘုရားသခင်၏အလိုတော်နှင့်ပူးပေါင်းဆောင်ရွက်ဖို့လိုလားသည်နှင့်အမျှ မည်သည့်အမှုကိုမဆိုပြုလုပ်နိုင်သည့်တန်ခိုးစွမ်းအားကိုရပါသည်။ ကိုယ်တော်မိန့်တော်မူသမျှကို ကိုယ်တော်

ပေးတော်မူသည့်တန်ခိုးစွမ်းအားဖြင့် ဆောင်ရါက်ပြီးစီးနိုင်ပါသည်။ ကိုယ်တော်ဆင့်ဆိုတော်မူသည် ပြီးစီးအောင်ဆောင်ရွက်နိုင်သည့် အမှုများသာဖြစ်ပါသည်။

စိတ်၏အစွမ်းသတ္တိကိုလေ့ကျင့်ပေးရန် ဘုရားသခင်အလိုရှိတော်မူ၏။ ဘုရားသခင်သည် မိမိ၏အမှုတော်ဆောင်များအား လောကသားတို့ထက်ပို၍ ကောင်းသောအသိဉာဏ်နှင့်ပို၍ရှင်းလင်းစွာပိုင်းခြားဝေဖန်တတ်သောဉာဏ်ကိုရရှိစေရန် စီမံထားတော်မူ၏။ ထိုကြောင့် ဝီရိယမရှိ၊ ပျင်းရိပေါ့ဆမှုကြောင့် အရည်အချင်းမပြည့်စုံဘဲ အတွေ့အကြုံနည်းသောအမှုဆောင်များအတွက်စိတ်ပျက်တော်မူ၏။ ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ချစ်ကြရန် ကိုယ်တော်ဩဝါဒပေးတော်မူ၏။ ယင်းဩဝါဒက ဘုရားသခင်ကိုဉာဏ်ရှိသမျှနှင့်သိကျွမ်း၍ ချစ်မြတ်နိုးရန်အတွက် အသိဉာဏ်ကိုအပြည့်အဝတိုးတက်ဖွံ့ဖြိုးအောင် အားထုတ်ရန် ကျွန်ုပ်တို့အားတာဝန်ပေးအပ်ထားပါသည်။

ကိုယ်တော်၏ဝိညာဉ်တော်အုပ်ချုပ်ကွပ်ကဲမှုကို ခံယူလိုက်နာ၍ အသိဉာဏ်ကိုပိုမိုစုံလင်အောင် ပြုစုပျိုးထောင်သည်နှင့်အမျှ ယင်းအသိဉာဏ်ကိုဘုရားသခင်၏အမှုတော်တွင် ပို၍အကျိုးသက်ရောက်မှုရှိအောင် အသုံးပြုနိုင်ပါသည်။ ဘုရားသခင်အား ကိုယ်ကိုကိုယ်အပ်နှံထားသည့် အတတ်ပညာမဲ့သူတစ်ဦးသည် သူတစ်ပါးတို့အတွက် ကောင်းချီးဖြစ်စေရန်လိုလားလျှင် ဘုရားသခင်၏အမှုတော်အတွက် အသုံးပြုနိုင်သည် ဖြစ်၍ အသုံးပြုတော်မူ၏။ သို့သော်အတတ်ပညာစုံလင်သောသူသည် အလားတူစွာအပ်နှံခြင်းပြုပါက များစွာပိုမိုခရီးရောက်အောင် ခရစ်တော်အတွက် အမှုတော်ဆောင်ရွက်နိုင်ပါလိမ့်မည်။ သူတို့သည် အခွင့်အရေးသာသောသူများဖြစ်ကြ၏။

မိမိတတ်မြောက်သမျှသောအတတ်ပညာကို သူတစ်ပါးတို့အား တစ်ဆင့်ဝေငှသင်ကြားပေးလိုသောသဘောထားဖြင့် အတတ်ပညာ ဆည်းပူးသောသူကို ထာဝရဘုရားသခင်လိုလားတော်မူ၏။ ဘုရားသခင် အတွက် မည်သည့်နေရာတွင် မည်သို့မည်ပုံဟောပြောရမည်၊ မည်သည့် အရပ်တွင်အမှုတော်ဆောင်ရန် မည်သို့ခေါ်တော်မူသည်ကို မည်သူမျှ ကြိုတင်မသိနိုင်ပါ။ လူကိုမည်သို့အသုံးပြုနိုင်မည်ကို ကျွန်ုပ်တို့၏ကောင်း ကင်ဘုံရှင်အဘခမည်းတော်တစ်ပါးတည်းသာသိမြင်တော်မူ၏။ ကျွန်ုပ် တို့၏ရှေ့မှောက်တွင်ဖြစ်နိုင်သောအရာမြောက်မြားစွာရှိသော်လည်း ကျွန်ုပ်တို့ယုံကြည်ခြင်းအားနည်းသောကြောင့် ခွဲခြားဝေဖန်သိမြင်နိုင် ခြင်းမရှိပါ။ ထာဝရဘုရားသခင်၏နာမတော်နှင့် ဘုန်းတော်ထင်ရှားစေ ရန်အတွက်ကမ္ဘာမြေကြီးပေါ်တွင် အကြီးဆုံးသောအာဏာပိုင်၏ရှေ့၌ပင် ဘုရားသခင်၏နှုတ်ထွက်တရားတော်ကိုတင်ဆက်ရန် အရေးကြုံလာ ပါကဆောင်ရွက်နိုင်လောက်အောင် ကျွန်ုပ်တို့၏ဦးနှောက်ကိုလေ့ကျင့် ထားရမည်။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန်အတွက် ကျွန်ုပ် တို့၏အသိဉာဏ်ကိုအရည်အချင်းပြည့်မီအောင် ပြုလုပ်နိုင်သည့်အခွင့် အရေးတစ်စုံတစ်ခုကိုမျှ လက်မလွှတ်စေသင့်ပါ။

ပညာလိုအပ်နေသောလူငယ်သည် ယင်းပညာကိုလက်ဝယ်ရရှိ သည်တိုင်အောင် စိတ်ပြဋ္ဌာန်းချက်ဖြင့် ကြိုးစားအားထုတ်ရမည်။ လမ်းဖွင့်ပေးချိန်ကိုစောင့်မနေပါနှင့်၊ ကိုယ်တိုင်ဖွင့်ပါ။ အလိုအလျောက် ပေါ်လာသည့်လမ်းစငယ်ရှိသမျှကိုကိုင်စွဲရယူပါ။ ချွေတာသုံးစွဲပါ။ သင်၏ဥစ္စာပစ္စည်းစသည်များကို မိမိအလိုဆန္ဒပြည့်ဝရေးအတွက်လည်း ကောင်း၊ အပျော်အပါးအတွက်လည်းကောင်း မသုံးမဖြုန်းပါနှင့်။ ဘုရားသခင်ခေါ်တော်မူသည့်အဆင့်ကိုမီအောင်ဆောင်ရွက်နိုင်သည့် အရည်အချင်းနှင့်ပြည့်စုံပြီး အသုံးဝင်သူဖြစ်အောင် စိတ်ပြဋ္ဌာန်း၍

အားထုတ်ပါ။ သင်တာဝန်ယူဆောင်ရွက်သမျှတွင် သစ္စာရှိပါ။ စေ့စပ်သေချာပါ၊ နှံ့စပ်ကျွမ်းကျင်ပါ။ အသိဉာဏ်ရင့်ကျက်စေဖို့သင်လက်လှမ်းမီသမျှ အခွင့်အရေးကိုရယူပါ။ စာပေဆည်းပူးရာတွင်အကျိုးရှိသည့် လက်ဖြင့်လုပ်သောအလုပ်နှင့်တွဲဖက်သင်ယူပါ။ ၎င်းအပြင် သစ္စာရှိစွာကြိုးစားအားထုတ်ခြင်း၊ အာရုံစိုက်ခြင်းနှင့်ဆုတောင်းခြင်းတို့ဖြင့် အထက်မှပညာကိုရအောင်ယူပါ။ ယင်းသို့ဆောင်ရွက်လျှင် သင်သည် ပညာပေါင်းစုံကိုရလိမ့်မည်။ ဤနည်းအားဖြင့် သင်သည်အကျင့်တိုးတက်ပြီးလျှင် အခြားသူများအပေါ်ဩဇာသက်ရောက်၍ ၎င်းတို့အားဖြောင့်မှန်ခြင်းနှင့်သန့်ရှင်းခြင်းလမ်းသို့ပို့ဆောင်နိုင်လိမ့်မည်။

ကျွန်ုပ်တို့ရရှိသည့်အခွင့်အရေးများနှင့်အခါအခွင့်များကို နိုးနိုးကြားကြားခံယူအသုံးပြုပါက ကိုယ်တိုင်ကြိုးစားအားထုတ်၍ဆည်းပူးသည့်ပညာပြီးမြောက်အောင်မြင်ရေးတွင် များစွာပိုမိုအကျိုးဖြစ်ထွန်းလိမ့်မည်။ မှန်သောပညာဆိုသည်မှာ တက္ကသိုလ်များမှဆည်းပူးရရှိသောပညာထက်ပိုပါသည်။ သိပ္ပံပညာများကိုပစ်ပယ်ရန်မဟုတ်သော်လည်း ဘုရားသခင်နှင့်လေးစားစွာဆက်သွယ်ခြင်းအားဖြင့် ပိုမိုမြင့်မားသောပဲ့ပြင်သွန်သင်မှုကိုရယူနိုင်ပါသည်။ ပညာသင်ကြားသူတိုင်းသည် ခရစ်ယာန်ကျမ်းစာကိုလက်ကိုင်ထား၍ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းဖြင့် မြတ်တော်မူသောဆရာကြီးထံမှပညာကို သင်ကြားရယူနိုင်ပါသည်။ ဘုရားသခင်၏တရားတော်ကိုရှာဖွေစူးစမ်းရာတွင် ခက်ခဲနက်နဲသည့်အရာများနှင့် ရင်ဆိုင်တိုက်လှန်နိုင်သည့်စိတ်ကို စည်းကမ်းသေဝပ်အောင်လေ့ကျင့်ပေးရမည်။

လူသားအချင်းချင်းအား ကောင်းချီးဝေငှရန် လိုလားသောစိတ်ထားနှင့် အတတ်ပညာဆည်းပူးသောလူတိုင်းသည် ဘုရားသခင်၏ထံမှာ

ကိုယ်တိုင်ကောင်းချီးရကြလိမ့်မည်။ ကိုယ်တော်၏နှုတ်ထွက်တရားတော်ကို လေ့လာသင်ကြားခြင်းအားဖြင့် ကောင်းသောအမှုကိုပြုလုပ်ရန် သူတို့၏ဉာဏစွမ်းအား လှုပ်ရှားထကြွလိမ့်မည်။ စွမ်းရည်တိုးတက်ဖွံ့ဖြိုး၍ နှလုံးရည်နှင့်ပြည့်စုံခြင်းရှိလိမ့်မည်။

ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်မည့်သူတိုင်းသည် ကိုယ်တိုင်စည်းကမ်းသေဝပ်ရမည်။ ဤသို့ပြုခြင်းအားဖြင့်စကားပြောကောင်းခြင်းနှင့်အထက်မြက်ဆုံးသောစွမ်းရည်သတ္တိထက်ပို၍အကျိုးသက်ရောက်အောင်မြင်လိမ့်မည်။ ကောင်းစွာစည်းကမ်းသေဝပ်မှုရှိသည့်သာမန်စိတ်သဘောရှိသူသည် အမြင့်ဆုံးပညာကိုတတ်မြောက်ထားသောစိတ်သဘောရှိသူထက် ပိုမိုကောင်းမွန်မြင့်မြတ်သောလုပ်ငန်းကိုဆောင်ရွက်ပြီးမြောက်ပေလိမ့်မည်။

## ပြောဟောခြင်း

ပရိသတ်ရှေ့တွင် စကားပြောတတ်ခြင်းသည်စွမ်းရည်တစ်ခုဖြစ်သောကြောင့် လုံ့လဝီရိယစိုက်ထုတ်၍ ပြုစုပျိုးထောင်ရမည်။ ဘုရားသခင်၏ထံတော်မှ ကျွန်ုပ်တို့ရရှိသောဆုကျေးဇူးအားလုံးတွင် ဤကောင်းကြီးထက် ပို၍သင့်လျော်သောဆုကျေးဇူးမရှိပါ။ စကားပြောခြင်းအားဖြင့်သဘောပေါက်အောင် ဖျောင်းဖျနိုင်ပါသည်။ အသံအားဖြင့်ကျွန်ုပ်တို့ဆုတောင်း၍ ဘုရားသခင်ကိုချီးမွမ်းကြပါသည်။ ၄င်းပြင်ယင်းအသံအားဖြင့်ပင် သူတစ်ပါးအား ရွေးနှုတ်သခင်၏မေတ္တာတော်အကြောင်းကို ပြောဟောကြပါသည်။ ထို့ကြောင့် ၄င်းအားဖြင့် ကောင်းမြတ်သောအမှုကိုဆောင်ရွက်ဖို့ ၄င်းကိုလေ့ကျင့်ထားရန် မည်မျှအရေးကြီးပါသနည်း။

အတွေ့အကြုံကြွယ်ဝသူများနှင့် ခရစ်ယာန်လုပ်ရှားမှုတွင်ပါဝင်သူအများသည် အသံကိုလေ့ကျင့်ခြင်းဖြင့် မှန်ကန်စွာအသုံးပြုရန် များစွာလျစ်လျူရှုထားကြပါသည်။ စကားပြောရာ၌လည်းကောင်း၊ စာဖတ်ရာ၌လည်းကောင်း အသံကိုတိုးလွန်းခြင်း၊ လျင်မြန်လွန်းခြင်း စသည်တို့ကြောင့် လွယ်ကူစွာနားမလည်နိုင်ကြပါ။ အချို့အသံကြောင်ပြီး မကွဲမပြားပြောသောကြောင့်လည်းကောင်း၊ အချို့အသံများမြှင့်၍ ကျယ်လောင်စူးရှစွာပြောသောကြောင့်လည်းကောင်း နားထောင်သူများနားမသက်မသာဖြစ်ရကြ၏။ ခရစ်ယာန်ကျမ်းချက်များ၊ ခရစ်ယာန်သီချင်းများနှင့်အစီရင်ခံစာများမှအစ အခြားစာရွက်စာတမ်းများကိုပရိသတ်ရှေ့တွင်တင်ပြဖတ်ကြားကြရာ၌ ဖတ်ပုံဖတ်နည်းကြောင့်နားမလည်နိုင်ကြသည်သာမက ၎င်းတို့၏အနက်နှင့်စိတ်ပါဝင်စားစေလိုသည့်အချက်များကိုလည်း ပျက်ပြယ်စေပါသည်။

၎င်းသည် ပြုပြင်သင့်၍ပြုပြင်နိုင်သောအမှားဖြစ်ပါသည်။ ယင်းအကြောင်းနှင့်စပ်လျဉ်း၍ ခရစ်ယာန်ကျမ်းစာတော်မြတ်တွင် ဩဝါဒပေးထားချက်ရှိပါသည်။ "ထိုသို့ဘုရားသခင်၏ ကျမ်းစာကိုသေချာစွာဖတ်ရွတ်၍အနက်ကိုပြန်သဖြင့် လူများနားလည်စေခြင်းငှါပြုကြ၏။" ဟု ဧဇရလက်ထက်က လူပရိတ်သတ်တို့အား ကျမ်းစာဖတ်ရသောလေဝိအမျိုးသားများအကြောင်းကို မှတ်တမ်းတင်ထားပါသည်။

လူအများနားလည်လွယ်အောင် စာဖတ်နိုင်ခြင်းနှင့်ကြည်လင်ပီသ၍ ပြေပြစ်သောအသံဖြင့် အများစိတ်နှင့်တွေ့ထိအောင် စကားပြောနိုင်ခြင်းတို့ကို ကောင်းစွာကြိုးစားအားထုတ်ခြင်းဖြင့် လူတိုင်းဆည်းပူးရယူနိုင်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ခရစ်တော်၏အမှုတော်အတွက် ကျွန်ုပ်တို့၏အရည်အချင်းများစွာ ပိုမိုတိုးတက်ပေလိမ့်မည်။

ရှာဖွေစူးစမ်း၍မကုန်မခန်းနိုင်သော ခရစ်တော်၏ကြွယ်ဝပြည့်စုံမှုကိုသူတစ်ပါးတို့သိကျွမ်းအောင်ဆောင်ရွက်ရန် ခရစ်ယာန်တိုင်းအား ခေါ်တော်မူသည်ဖြစ်၍ စကားပြောခြင်း၌စုံလင်ခြင်းရရှိအောင် ရှာဖွေကြိုးစားအားထုတ်သင့်ပါသည်။ ကြားနာသူများချီးမွမ်းထောက်ခံရလောက်အောင် ဘုရားသခင်၏နှုတ်ထွက်တရားတော်ကိုတင်ဆက်သင့်ပါသည်။ လူသားအမှုဆောင်များသည် လူနုံလူအမများကဲ့သို့မတင့်တယ်ဘဲဖြစ်နေကြမည်ကို ဘုရားသခင်အလိုမရှိပါ။ ကိုယ်တော်ထံမှ ဤလောကသို့စီးဆင်းသောကောင်းကင်ရေစီးကြောင်းကို လူသားတို့က ယုတ်လျော့အောင် (သို့မဟုတ်) အဆင့်အတန်းနိမ့်ကျစေအောင် ဆောင်ရွက်ရန် ဘုရားသခင်အလိုတော်မရှိပါ။

ကျွန်ုပ်တို့သည် စုံလင်သောစံနမူနာဖြစ်တော်မူသည့်ယေရှုကို ရှေးရှု၍ အမှုတော်ကိုစုံလင်စွာဆောင်ရွက်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်၏ကူညီမစမှုနှင့် ကိုယ်တော်၏စွမ်းအားကို တောင်းလျှောက်၍ ကိုယ်အင်္ဂါရှိသမျှကို လေ့ကျင့်ပေးရန် ကြိုးစားသင့်ပါသည်။

ဤအမှုသည် အများပြည်သူအတွက် အမှုတော်ဆောင်ရွက်ရန် ခေါ်တော်မူခြင်းကိုခံရသူများနှင့်အထူးသက်ဆိုင်ပါသည်။ ခရစ်ယာန်ဆရာအားလုံးနှင့်စာသင်ဆရာအားလုံးတို့သည် ထာဝရအကျိုးသက်ရောက်မှုနှင့်စပ်လျဉ်းသောသတင်းစကားကို အများပြည်သူလူအပေါင်းတို့အား ဝေငှနေသူများဖြစ်ကြောင်း သတိပြုကြရန်လိုအပ်ပါသည်။ နောက်ဆုံးနေ့ကြီးရောက်လာသောအခါ သူတို့ဟောပြောသည့်ဘုရားသခင်၏တရားသည် သူတို့အားစီရင်ဆုံးဖြတ်လိမ့်မည်။ အချို့သောအသက်ဝိညာဉ်များအတွက်မှာမူကား သတင်းစကားဝေငှသောသူ၏ ပြောဟောပုံအပေါ်မူတည်၍ လက်ခံခြင်း၊ ငြင်းပယ်ခြင်းပြုလိမ့်မည်။

ထိုကြောင့်နာကြားသူနားလည်သဘောပေါက်၍ စိတ်နှလုံးတွင်မှတ်ကျုံးနိုင်လောက်သောစကားလုံးများဖြစ်ပါစေ။ ဖြည်းညင်းစွာဖြင့်လည်းကောင်း၊ ရှင်းလင်းပြတ်သားစွာဖြင့်လည်းကောင်း၊ လေးနက်စွာဖြင့်လည်းကောင်းပြောရမည်။ သို့သော အရေးကြီးလျှင်အရေးကြီးသလိုစိတ်အားထက်သန်စွာပြောဟောရမည်။

စစ်မှန်သောယဉ်ကျေးမှုနှင့် စာပေဟောပြောခြင်းစွမ်းရည်သည် ခရစ်ယာန်အမှုဆောင်လုပ်ငန်းလိုင်းပေါင်းစုံနှင့် သက်ဆိုင်သည်ဖြစ်ရာ အိမ်ထောင်ရေးအသက်တာတွင်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦးဆက်ဆံမှုတွင်လည်းကောင်း လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် နှစ်သက်ဖွယ်သောအသံဖြင့်ပြောဆိုခြင်းကိုလည်းကောင်း၊ သန့်စင်မှန်ကန်သောစကားလုံးအသုံးအနှုန်းများကိုလည်းကောင်း၊ ယဉ်ကျေးပြေပြစ်၍ကြင်နာမှုဖြင့်ပြောဆိုဆက်ဆံခြင်းကိုလည်းကောင်း၊ အလေ့အကျင့်ရနေသင့်ပါသည်။ ချိုသာကြင်နာသောစကားလုံးများသည် စိတ်ဝိညာဉ်အတွက်နှင်းပေါက်နှင့်ဖြည်းညင်းသောမိုးပေါက်ကဲ့သို့ဖြစ်ပါသည်။ "ပင်ပန်းသောသူအားမစခြင်းငှါ စကားပြောမည်အကြောင်း" ဟေရှာ၊ ၅၀း၄။ ခရစ်တော်၏နှုတ်တော်သည် ကျေးဇူးစကားနှင့်ပြည့်စုံ" တော်မူ၏။ ဆာ၊ ၄၅း၂။ ဟု ခရစ်ယာန်ကျမ်းစာတွင် ဖေါ်ပြထားပါသည်။ ထို့မျှမက "ကြားနာရသောသူတို့၏ အကျိုးကိုပြုစုစေခြင်းငှါ" ဧ၊ ၄း၂၉။ "သင်တို့၏စကားသည် . . . . အစဉ်မပြတ်တင့်တယ်လျောက်ပတ်ပါစေ" ဟု ကိုယ်တော်မိန့်တော်မူ၏။ ကော၊ ၄း၆။

သူတစ်ပါးအားဆုံးမပဲ့ပြင်ခြင်းပြုလိုသောအခါ ကျွန်ုပ်တို့၏စကားအသုံးအနှုန်းကိုအထူးသတိပြုရမည်။ ယင်းစကားများသည်အသက်ရှင်ခြင်းတိုင်အောင်အသက်ရှင်ခြင်း၏အမွှေးအကြိုင်(သို့မဟုတ်)သေခြင်း

တိုင်အောင် သေစေသောရန်ဖြစ်ကြပေလိမ့်မည်။ အပြစ်ဖေါ်ပြဆုံးမခြင်း (သို့မဟုတ်) အကြံပေးခြင်းများပြုလုပ်ရာတွင် အများသောသူတို့သည် ဒဏ်ရာရရှိနေသောစိတ်ဝိညာဉ်အတွက် မသင့်လျော်သည့်လျင်မြန်ပြင်းထန်သောစကားလုံးများကို အသုံးပြုတတ်ကြပါသည်။ ယင်းသို့မသင့်မလျော်သောအသုံးအနှုန်းများကြောင့် စိတ်အနှောင့်အယှက်ဖြစ်၍အမျက်ထွက်သဖြင့် အမှားပြုမိသူ၌ပုန်ကန်လိုစိတ်များပေါ်ပေါက်လာတတ်ပါသည်။ ဘုရားသခင့်တရား၏အခြေခံသဘောတရားနှင့်ပတ်သက်၍ ရှေ့ဆောင်လမ်းပြပြုလိုသူများသည် ကောင်းကင်မေတ္တာဆီကိုလက်ခံရယူထားရန်လိုအပ်ပါသည်။ မည်သည့်အခြေအနေ၌ပင်ဖြစ်စေ မေတ္တာရှေ့ထား၍ဆုံးမပဲ့ပြင်သင့်ပါသည်။ ထိုအခါ ကျွန်ုပ်တို့၏စကားလုံးများကြောင့် အမျက်ဒေါသမဖြစ်ဘဲ ပြုပြင်ပြောင်းလဲလိမ့်မည်။ ခရစ်တော်သည် မိမိ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စွမ်းအားနှင့်အကျိုးသက်ရောက်မှုကိုပေးတော်မူလိမ့်မည်။ ၄င်းသည် ကိုယ်တော်၏တာဝန်ဖြစ်ပါသည်။

မလျော်ကန်မသင့်မြတ်သောစကား တစ်ခွန်းတစ်ပါဒကိုမျှမပြောမဆိုသင့်ပါ။ ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်နေသူတစ်ဦးသည် မသင့်လျော်သောစကားနှင့်သိမ်ဖျင်းသောစကားများကိုလည်းကောင်း၊ စိတ်တို၍မကျေမချမ်းဖြစ်ခြင်းများကိုလည်းကောင်း၊ မစင်ကြယ်သောအကြံပေးခြင်းများကိုလည်းကောင်း ရှောင်လိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်တိုက်တွန်းခြင်းအားဖြင့် တမန်တော်ပေါလုက "ညစ်ညူးသောစကားတစ်ခွန်းကိုမျှ သင်တို့နှုတ်ထဲကမထွက်စေနှင့်" ဟု ဩဝါဒပေးထားပါသည်။ ဧဖက်၊ ၄း၂၉။ ညစ်ညူးသောစကားဆိုသည်မှာ စက်ဆုပ်ဖွယ်သောစကားများကိုသာ ဆိုလိုသည်မဟုတ်ပါ၊

သန့်ရှင်းသောအခြေခံသဘောတရားများနှင့်သန့်စင်ပီပြင်၍ စင်ကြယ်သန့်ရှင်းသောဘာသာအယူဝါဒနှင့်ဆန့်ကျင်ဖီလာသောအသုံးအနှုန်းများကိုဆိုလိုပါသည်။ မသန့်ရှင်းသောစကားရိပ်ပေးခြင်းများနှင့် မကောင်းမှုကိုသွယ်ဝိုက်၍ မထင်မရှားအားပေးခြင်းများပါဝင်ပါဝည်။ ဤအရာများကိုရုတ်ခြည်းတွန်းလှန်တိုက်ဖျက်ခြင်းမပြုပါက ကြီးလေးသောမကောင်းမှုလမ်းသို့ပို့ဆောင်လိမ့်မည်။

ယုတ်ညံ့သောစကားပြောဆိုခြင်းကို ဆန့်ကျင်တားဆီးရန် ခရစ်ယာန်တိုင်းနှင့် ခရစ်ယာန်မိသားစုတိုင်းတွင် တာဝန်ရှိပါသည်။ မကောင်းသောစကားများကိုပြောဆိုလေ့ရှိသောသူတို့နှင့် ဆုံတွေ့ရသောအခါ ပြောဆိုဆွေးနွေးသည့်အကြောင်းအရာကို အတတ်နိုင်ဆုံးလွှဲပြောင်းရန်ကျွန်ုပ်တို့တွင်တာဝန်ရှိပါသည်။ ဘုရားသခင်၏ကျေးဇူးတော်အကူအညီဖြင့် အကျိုးရှိသောစကားပြောဆိုဆွေးနွေးသည့်အခြေသို့ရောက်အောင်မသိမသာစကားလုံးများထည့်သွင်းခြင်း၊ အကြောင်းအရာကိုလွှဲပြောင်းဆွေးနွေးခြင်းများပြုလုပ်သင့်ပါသည်။

ကလေးသူငယ်များသည် ကောင်းသောစကားပြောဆိုခြင်းအလေ့အထရရှိအောင်လေ့ကျင့်ပေးရန် မိဘတို့တွင် တာဝန်ရှိပါသည်။ ထိုသို့သောယဉ်ကျေးသိမ်မွေ့ခြင်းကိုရရှိအောင် ဆောင်ရွက်နိုင်သည့်အကောင်းဆုံးသောကျောင်းမှာ မိသားစုအသက်တာပင်ဖြစ်ပါသည်။ ကလေးသူငယ်များသည် ငယ်ရွယ်နုနယ်စဉ်အချိန်မှစ၍ ရှုသေကိုင်းရှိုင်းစွာဖြင့်လည်းကောင်း၊ ချစ်ခင်မြတ်နိုးစွာဖြင့်လည်းကောင်း မိဘများနှင့်သာမက မိမိတို့အချင်းချင်းကိုပါပြောဆိုဆက်ဆံရန် သင်ကြားပေးသင့်ပါသည်။ သူတို့၏နှုတ်ထွက်စကားများသည် သိမ်မွေ့သောစကား၊ သန့်စင်သောစကားများသာဖြစ်ရန် သွန်သင်ထားရမည်။ မိဘများကိုယ်တိုင်ကလည်း

ခရစ်တော်၏ကျောင်းတော်တွင် နေ့ရက်အစဉ်အတိုင်းသင်ကြားနာယူနေသောသူများဖြစ်ရပါမည်။ သို့မှသာလျှင် ကျင့်ဝတ်အားဖြင့်လည်းကောင်း၊ စံနမူနာအားဖြင့်လည်းကောင်း သားသမီးတို့အား "အပြစ်တင်ဖွယ်မရှိ၊ စင်ကြယ်သောတရားစကားကိုပြော" ဆိုကြရန် သင်ကြားပေးနိုင်ကြပေလိမ့်မည်။ (တိတု၊ ၂း၈။) ယင်းအချက်သည်မိဘတို့အတွက် အကြီးဆုံးနှင့်အရေးပါအရာရောက်ဆုံးသော တာဝန်ဝတ္တရားပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်သောသူများဖြစ်ကြသည်နှင့်လျော်ညီစွာ ကျွန်ုပ်တို့ပြောဆိုသောစကားများသည်ခရစ်ယာန်အသက်တာအတွက် တစ်ဦးကိုတစ်ဦးအထောက်အကူဖြစ်စေမည့်စကားများနှင့်အားပေးကူညီသောစကားများသာဖြစ်သင့်ပါသည်။ ကျွန်ုပ်တို့ဘဝအသက်တာအတွေ့အကြုံများတွင် မြတ်နိုးဖွယ်ဖြစ်သောအခန်းကဏ္ဍများအကြောင်းကို များစွာထုတ်ဖော်ပြောသင့်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်နှင့်ကြင်နာမှုအကြောင်းကိုလည်းကောင်း၊ ကယ်တင်သခင်၏အတုမရှိ နက်နဲသောမေတ္တာတော်အကြောင်းကိုလည်းကောင်း ဆွေးနွေးသင့်ပါသည်။ ကျွန်ုပ်တို့ပြောသောစကားများသည် ဘုရားသခင်၏ဘုန်းတော်နှင့်ကျေးဇူးတော်ကိုချီးမွမ်းမြွက်ဆိုသည့်စကားများသာဖြစ်သင့်ပါသည်။ စိတ်နှလုံးသည်ဘုရားသခင်၏ချစ်ခြင်းနှင့်ပြည့်ဝနေပါက စကားပြောဆိုရာတွင်ပေါ်လွင်လိမ့်မည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသတက်တာတွင် ခံယူရရှိထားသောအရာများကိုဝေငှပေးကမ်းရန် အခက်အခဲရှိမည်မဟုတ်ပါ။ မြင့်မြတ်သောအတွေးအခေါ်များ၊ ဂုဏ်အသရေရှိစွာဖြင့်မြွက်ဆိုခြင်း၊ ဘုရားသခင်၏တရားကိုရှင်းလင်းစွာသိမြင်ခြင်း၊ကိုယ်ကျိုးမဖက်သောအကြံ

အစည်များ၊ ဘုရားသခင်ကိုကြည်ညိုခြင်း၊ သန့်ရှင်းခြင်းကိုလိုလားတောင့်တခြင်း အစရှိသည့်ကောင်းကျိုးအသီးများသည် အကျင့်နှလုံးဘဏ္ဍာတွင် ပေါ်လွင့်ထင်ရှားလိမ့်မည်။ ၄င်းနည်းအားဖြင့် ကျွန်ုပ်တို့စကားပြောဆိုရာတွင် ခရစ်တော်၏ဘုန်းတော်ကိုထင်ရှားပေါ်လွင်စေခြင်းအားဖြင့် ကိုယ်တော်အတွက် အသက်ဝိညာဉ်များကိုအောင်မြင်စွာကယ်ဆယ်နိုင်ပေလိမ့်မည်။

ခရစ်တော်၏အကြောင်းကိုမသိသေးသောသူများအား ကျွန်ုပ်တို့ပြောပြသင့်သည်များမှာ၊ ခရစ်တော်ပြုတော်မူသကဲ့သို့ ကျွန်ုပ်တို့ပြုသင့်ကြောင်းများပင်ဖြစ်ပါသည်။ ခရစ်ယာန်တရားဇရပ်တွင်ဖြစ်စေ၊ လမ်းဘေးလမ်းမတွင်ဖြစ်စေ၊ လှေထဲ၌ကမ်းခြေမှအနည်းငယ်ခွာ၍ဖြစ်စေ ဖါရိရှဲ၏စားသောက်ပွဲ၌ဖြစ်စေ၊ အခွန်ခံ၏စားသောက်ပွဲ၌ဖြစ်စေ၊ မည်သည့်နေရာ၌ပင်ဖြစ်စေကာမူကိုယ်တော်သည် အထက်အရပ်အသက်တာအကြောင်းကို လူတို့အားဟောကြားတော်မူ၏။ သဘာဝ၏အကြောင်းများနှင့်နေ့စဉ်ဘဝအသက်တာ၏အတွေ့အကြုံများကိုဘုရားသခင်၏တရားစကားများနှင့်ပေါင်းစပ်၍ ဩဝါဒပေးတော်မူ၏။ တရားနာသောသူတို့တွင် ဖျားနာသောသူတို့အားအနာရောဂါငြိမ်းစေခြင်း၊ စိတ်သောကရောက်သောသူတို့အားနှစ်သိမ့်စေခြင်း၊ သူတို့၏ကလေးငယ်များအား လက်တော်နှင့်ပွေ့ပိုင်၍ ကောင်းချီးပေးခြင်းများအားဖြင့် တရားနာသူများ၏စိတ်နှလုံးများကိုဆွဲယူတော်မူ၏။ ကိုယ်တော်သည် နှုတ်တော်ကိုဖွင့်၍ဟောပြောတော်မူသည်နှင့်တစ်ပြိုင်နက်တရားနာသူအပေါင်းတို့သည် ကိုယ်တော်အားစိုက်၍ကြည့်နေကြရာ ကိုယ်တော်၏စကားလုံးတိုင်းသည် အသက်ဝိညာဉ်များအတွက် အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏အမွှေးအကြိုင်ဖြစ်လေ၏။

ထိုကြောင့် ကျွန်ုပ်တို့သည်လည်းယင်းအတိုင်းပင်ဆောင်ရွက်သင့်ပါသည်။ ကျွန်ုပ်တို့သည် မည်သည့်နေရာအရပ်၌ပင်ရှိနေစေကာမူ ကယ်တင်သခင်၏အကြောင်းကိုပြောဟောရန် အခွင့်အရေးကို အမြဲတစေစောင့်ကြည့်နေသင့်ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏စံနမူနာကိုလိုက်၍ကိုယ်တော်ကဲ့သို့ ကျေးဇူးပြုလုပ်ငန်းဆောင်ရွက်ပါက တရားနာသူများသည် ကိုယ်တော်အားသူတို့၏စိတ်နှလုံးများကိုဖွင့်ပေးကြသကဲ့သို့ ကျွန်ုပ်တို့အားလည်းဖွင့်ပေးကြပေလိမ့်မည်။ ရုတ်တရက်ချက်ချင်းမဟုတ်သော်လည်း ဘုရားသခင်၏မေတ္တာတော်မှဖြစ်ပွားသည့်ချက်ကျလက်ကျပြောဆိုတတ်ခြင်းဖြင့် "လူတစ်သောင်းတို့တွင် အထွတ်အမြတ်ဖြစ်တော်မူ" ၍ "တစ်ကိုယ်လုံး၌ချစ်ဖွယ်သောဂုဏ်တော်အပေါင်းတို့နှင့်ပြည့်စုံတော်မူ" သောကိုယ်တော်၏အကြောင်းကို ကျွန်ုပ်တို့ပြောဟောနိုင်ပါသည်။ သီ၊ ၅း၁၀၊၁၆။ ၎င်းမှာစကားများပြောဆိုတတ်ခြင်းစွမ်းရည်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ဆောင်ရွက်သည့်အမြင့်မြတ်ဆုံးအမှုတော်ဖြစ်ပါသည်။ ယင်းစွမ်းအားကို ကျွန်ုပ်တို့အားပေးထားတော်မူသည့်အကြောင်းရင်းမှာ ခရစ်တော်သည် အပြစ်များကိုဖြေလွှတ်တော်မူသည့်ကယ်တင်သခင်ဖြစ်တော်မူကြောင်း ဟောပြောရန်အတွက်ပင်ဖြစ်ပါသည်။

## ဩဇာသက်ရောက်မှု

ခရစ်တော်၏အသက်တာသည် အကျိုးသက်ရောက်ဖြစ်ပေါ်စေသည့်အရှိန်ဩဇာဖြစ်တော်မူ၍ အဆုံးမရှိ၊ အခါခပ်သိမ်းကျယ်ပြန့်နေပါသည်။ ၎င်းအရှိန်ဩဇာအားဖြင့် ကိုယ်တော်သည် ဘုရားသခင်နှင့်လည်းကောင်း၊ လူသားမိသားစုကြီးတစ်ရပ်လုံးနှင့်လည်းကောင်း တစည်းတပေါင်းတည်းဖြစ်တော်မူ၏။ လူသည် မိမိဘာသာအသက်ရှင်ဖို့

မဖြစ်နိုင်အောင် ယင်းအကျိုးသက်ရောက်မှုအရှိန်ကို ဘုရားသခင်သည် ခရစ်တော်မှတစ်ဆင့် သူ့အားပေးအပ်ထားတော်မူ၏။ ကျွန်ုပ်တို့သည် လူသားအချင်းချင်း တစ်ဦးနှင့်တစ်ဦးဆက်စပ်လျက် ဘုရားသခင်၌ တစုတလုံးတည်းဖြစ်သောကြောင့် ကျွန်ုပ်တို့အချင်းချင်းကင်းကွာ၍ မနေနိုင်ကြပါ။ တစ်ဦးတစ်ယောက်၏ကောင်းစားရေးသည် အခြားသူများကိုအကျိုးသက်ရောက်မှုရှိစေပါသည်။ အများကောင်းစားရေးအတွက် မိမိသည်အရေးပါအရာရောက်သည်ဟု လူသည်သဘောပေါက်၍ လူအများ၏ချမ်းသာပျော်ရွှင်မှုအဆင့်အတန်းမြင့်မားအောင် ရှာဖွေစူးစမ်းကြရန် ဘုရားသခင်စီမံတော်မူ၏။

အသက်ဝိညာဉ်တိုင်းကို သက်ဆိုင်ရာပတ်ဝန်းကျင်၏အခြေအနေတစ်မျိုးစီက ဝန်းရံလျက်ရှိပါသည်။ ပုံစံအားဖြင့်အသက်ပေးနိုင်သည့်အာနိသင်ရှိသော ယုံကြည်ခြင်း၊ ရဲရင့်ခြင်းနှင့်မျှော်လင့်ခြင်း၊ သင်းပျံ့မွှေးကြိုင်သောမေတ္တာရနံ့နှင့်ပြည့်စုံခြင်း စသည့်ဝန်းကျင်အခြေအနေများဖြစ်နိုင်ပါသည်။ သို့မဟုတ်ပါက အလိုမကျ၍စိတ်မသက်မသာခြင်း၊ တစ်ကိုယ်ကောင်းစိတ်ထားခြင်း၊ သေစေတတ်သောအပြစ်ရောယှက်ထားသည့်ဖေါက်ပြန်ပျက်စီးခြင်းဆိုင်ရာ အဆိပ်အတောက်စသည်တို့နှင့်ပြည့်ဝသည့်အေးစက်ထိုင်းမှိုင်းသောဝန်းကျင်အခြေအနေအားလည်းဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်အခြေအနေအားဖြင့် ကျွန်ုပ်တို့နှင့်ဆုံတွေ့သမျှသောသူတိုင်းသည် သိလျက်နှင့်ဖြစ်စေ၊ မသိ၍ပင်ဖြစ်စေ အကျိုးဆက်ရှိနေပါသည်။

၎င်းတာဝန်ကိုကျွန်ုပ်တို့လွှဲရှောင်၍မရပါ။ ကျွန်ုပ်တို့၏စကားလုံးအသုံးအနှုန်းများ၊ ကျွန်ုပ်တို့၏အပြုအမူနှင့်လှုပ်ရှားမှုများ၊ ကျွန်ုပ်တို့၏ဝတ်စားဆင်ယင်ပုံများ၊ ကျွန်ုပ်တို့၏နေပုံထိုင်နည်းများ၊ ကျွန်ုပ်တို့၏

ဟန်ပန်အမူအရာများစသည်တို့မှာ အကျိုးသက်ရောက်ဖြစ်ပေါ်စေသည့် အရှိန်သြဇာများဖြစ်ပါသည်။ ယင်းမြင်ကွင်းများအားဖြင့် ဖြစ်ပေါ်စေမည့် ကောင်းကျိုးဆိုးပြစ်မှာ မခန့်မှန်းနိုင်လောက်အောင်ပင်ဖြစ်ပါသည်။ အလျင်စလိုစိတ်အလိုကိုလိုက်၍ပြုသောကိစ္စတိုင်းသည် တူညီသောအသီးကိုရိတ်သိမ်းရန် စိုက်ပျိုးလိုက်သည့်မျိုးစေ့ဖြစ်ပါသည်။ ၎င်းသည် လူတို့တွင်ဖြစ်ပျက်တတ်သည့် ရှည်လျားလှစွာသောအကြောင်းမျိုးစုံလမ်းတစ်လျှောက်လုံးတွင် ကွင်းဆက်တစ်ခုဖြစ်၍ မည်သို့တိုင်ဆက်လက်ရှည်လျားဦးမည်ကိုမသိမခန့်မှန်းနိုင်ပါ။ ကျွန်ုပ်တို့သည် ကိုယ်ကျင့်တရားတိုးတက်ဖွံ့ဖြိုးစေမည့်ပုံစံနမူနာကိုပြပါက သူတစ်ပါးအားကောင်းမှုပြုလုပ်ရန်အတွက် စွမ်းအားဝေငှခြင်းဖြစ်ပါသည်။ သူတို့ကလည်း ဆက်လက်၍သူတစ်ပါးတို့အား အလားတူသောအကျိုးသက်ရောက်မှုကိုတစ်ဆင့်ပြီးတစ်ဆင့် လက်ဆင့်ကမ်းကြပေလိမ့်မည်။ ထိုနည်းအားဖြင့် ကျွန်ုပ်တို့သည် သတိမမူဘဲ ကောင်းကျိုးသက်ရောက်စေသဖြင့် ထောင်သောင်းမကများစွာသောသူတို့သည် ကောင်းချီးများစွာရရှိကြပေလိမ့်မည်။

ကျောက်ခဲကလေးတစ်လုံးကို ရေအိုင်ထဲသို့ပစ်လိုက်သောအခါ စက်ဝိုင်းလှိုင်းကလေးများတစ်ဆင့်ပြီးတစ်ဆင့်ဖြစ်ပေါ်လာကြပါသည်။ ၎င်းလှိုင်းစက်ဝိုင်းကလေးများ ပို၍များလာလေလေ လှိုင်းစက်ဝိုင်းမှာလည်း ပို၍ကျယ်ဝန်းလာလေလေဖြစ်ရာ ကမ်းခြေသို့ရောက်မှသာရပ်ဆိုင်းလိမ့်မည်။ ကျွန်ုပ်တို့၏အကျိုးသက်ရောက်စေသည့်အရှိန်သြဇာသည်လည်း ယင်းအတိုင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့မခန့်မမှန်းနိုင်လောက်အောင်၊ (သို့မဟုတ်) ကျွန်ုပ်တို့မတားဆီးနိုင်လောက်အောင် သူတစ်ပါးအတွက်ကောင်းချီး (သို့မဟုတ်) မကောင်းမှုများဖြစ်စေပါလိမ့်မည်။

အကျင့်သည် စွမ်းအားဖြစ်ပါသည်။ နှုတ်ထွက်စကားတည်မြဲစွာဖြင့်လည်းကောင်း ၊ဘုရားသခင်၌မွေ့လျော်ခြင်းဖြင့်လည်းကောင်း၊ အနစ်နာခံခြင်းဖြင့်လည်းကောင်း ကျွန်ုပ်တို့သည် အသံတိတ်စံနမူနာကို ပြုခြင်းအားဖြင့်ပင်လျှင် မငြင်းဆန်မတွန်းလှန်နိုင်လောက်အောင် ဩဇာသက်ရောက်ပါလိမ့်မည်။ ကျွန်ုပ်တို့အကျင့်တွင် ခရစ်တော်၏ဘုန်းတော်ကိုပေါ်လွင်ထင်ရှားစေခြင်းဖြင့် အသက်ဝိညာဉ်ကယ်တင်ရေးအမှုတော်တွင် ကိုယ်တော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရာရောက်ပါသည်။ ကျွန်ုပ်တို့၏အသက်တာတွင် ကိုယ်တော်၏ဘုန်းတော်ကိုဖေါ်ပြခြင်းအားဖြင့်သာလျှင် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူလုပ်ဖေါ်ဆောင်ဖက်များဖြစ်ပါလိမ့်မည်။ ကျွန်ုပ်တို့၏ဩဇာသက်ရောက်မှု (သို့မဟုတ်) အကျိုးသက်ရောက်ဖြစ်ပေါ်စေသည့်အရှိန်အဝါကျယ်ပြန့်လေ ကျွန်ုပ်တို့သည် ပို၍ကောင်းမှုပြုလေဖြစ်လိမ့်မည်။ ဘုရားသခင်၏အမှုတော်ထမ်းအမည်ခံသူတို့သည် ခရစ်တော်၏ပုံစံနမူနာကိုလိုက်လျှောက်၍ ဘုရားသခင့်တရားတော်၏အခြေခံသဘောတရားများကို သူတို့၏နေ့စဉ်အသက်တာတွင် ကိုယ်တွေ့လိုက်နာကျင့်သုံးပါကလည်းကောင်း၊ သူတို့သည် ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့အစွမ်းရှိသမျှနှင့်ချစ်၍ သူတို့နှင့်စပ်ဆိုင်သူများကို သူတို့ကိုယ်နှင့်အမျှချစ်ကြောင်း သူတို့လုပ်ကိုင်ဆောင်ရွက်လှုပ်ရှားမှုမှန်သမျှက သက်သေပြနေကြပါကလည်းကောင်း၊ အသင်းတော်သည် ကမ္ဘာကြီးကိုရွှေ့ပြောင်းနိုင်သည့်စွမ်းအားရှိပေလိမ့်မည်။

ဩဇာသက်ရောက်မှုဆိုသည်မှာ ကောင်းကျိုးကိုဖြစ်စေနိုင်သကဲ့သို့မကောင်းမှုကိုလည်းဖြစ်စေနိုင်သည့် စွမ်းအားဖြစ်ကြောင်းမမေ့မလျော့သင့်ပါ။ ကိုယ်အသက်ဝိညာဉ်ဆုံးရှုံးရသည်ဆိုသည်ဆိုသည်မှာ ထိတ်လန့်ဖွယ်ဖြစ်ပါသည်။ သို့သော်သူတစ်ပါးတို့၏ အသက်ဝိညာဉ်များကိုဆုံးရှုံး

စေခြင်းကပို၍ပင် ကြောက်လန့်တုန်လှုပ်ဖွယ်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဩဇာသက်ရောက်မှုသည် သေခြင်းတိုင်အောင် သေခြင်း၏ရနံ့ဖြစ်နေမည်ဆိုပါက အထူးကြောက်မက်ဖွယ်ပင်ဖြစ်ပါသည်။ ဖြစ်လည်းဖြစ်နိုင်ပါသည်။ ခရစ်တော်နှင့်အတူစုသိမ်းသည်ဟု အမည်ခံသူအများသည် ကစဉ့်ကလျားဖြစ်အောင် ကြဲဖြန့်နေသူများဖြစ်နေတတ်ပါသည်။ ထိုကြောင့်အသင်းတော်အားနည်းနေခြင်းဖြစ်ပါသည်။ အများသူတို့သည် လွတ်လပ်စွာပြစ်တင်စွပ်စွဲခြင်းနှင့်ဝေဖန်ခြင်းများကို နှစ်သက်မြတ်နိုးကြ၏။ မယုံသင်္ကာဖြစ်သည့်အမူအရာ၊ မနာလိုသည့်အမူအရာနှင့် စိတ်မကျေမချမ်းသည့်အမူအရာကိုပြခြင်းဖြင့် သူတို့ကိုယ်သူတို့စာတန်၏လက်နက်များဖြစ်စေကြ၏။ သူတို့သည် မည်သည့်အမှုကိုပြုလုပ်နေကြောင်းသူတို့ကိုယ်တိုင်မသိမီ ရန်သူသည် သူတို့အားဖြင့်ကြံရွယ်ချက်ပြီးမြောက်၏။ မကောင်းမှုပုံစံကိုပြလေပြီ။ မှောင်ရိပ်ဖုံးလွှမ်းလေပြီ။ စာတန်၏မြှားတို့သည် ပစ်မှတ်ကိုထိမှန်ကြလေပြီ။ ခရစ်တော်ကိုလက်ခံမည့်အခြေအနေသို့ရောက်ရှိနေသောသူများပင်လျှင် သူတို့ကြောင့် စိတ်နှောင့်နှေးခြင်း၊ မယုံသင်္ကာဖြစ်ခြင်းမှအစပြု၍ လုံးလုံးမယုံကြည်သည့်အခြေသို့ဆိုက်ရောက်ရောက်ကြတော့၏။ ဤအတောအတွင်းခရစ်ယာန်အယူဝါဒကိုမယုံကြည်သူများဖြစ်အောင် သူတို့ဆောင်ရွက်လိုက်နိုင်သဖြင့်ယခုအခါပြစ်တင်ဝေဖန်ခြင်း၊ ဆုံးမခြင်း၊ အနူးအညွတ်တောင်းပန်ခြင်းများကို လုံးဝနားမထောင်ဘဲစိတ်နှလုံးခိုင်မာနေသူများအား စာတန်၏လုပ်သားအမှုထမ်းများသည် စိတ်ချမ်းမြေ့စွာနှင့်ကြည့်နေကြ၏။ ဤသူများနှင့်နှိုင်းယှဉ်လျှင် သူတို့သည် ကောင်းမြတ်သောသူများ၊ ဖြောင့်မတ်သောသူများဖြစ်သည်ဟု သူတို့ကိုယ် သူတို့မြှောက်ပင်နေကြ၏။ ယင်းသို့ အကျင့်ပျက်စီးယိုယွင်းနေသူများသည် သူတို့၏ အထိမ်း

အကွပ်မရှိသောလျှာ၊ ပုန်ကန်တတ်သောစိတ်နှလုံးများကြောင့်ဖြစ်သည်ကိုသူတို့မသိ၊ သဘောမပေါက်ကြ။ သူတို့၏ဆွဲဆောင်မှုအရှိန်သြဇာကြောင့်ဤစုံစမ်းသွေးဆောင်ခြင်းခံရသူအများဆုံးရှုံးရကြ၏

ထိုကြောင့် ခရစ်ယာန်အမည်ခံသူတို့၏သေးနုပ်သောအရာကိုအလေးမထားသောသဘော၊ ကိုယ့်ကောင်းကျိုးကိုလိုလားသောသဘော၊ စိုးရိမ်ကြောင့်ကြမှုမရှိ လျစ်လျူရှုသောသဘောများကြောင့် အများသောအသက်ဝိညာဉ်များသည် အသက်လမ်းမှဝေးသွားကြ၏။ ထိုကြောင့် သူတို့၏ဆွဲဆောင်မှုအရဖြစ်ပေါ်လာသည့်အကျိုးသက်ရောက်မှုအတွက်ဘုရားသခင်၏ တရားရုံးတော်တွင်ရင်ဆိုင်ရန် ကြောက်ရွံ့သူအများရှိကြပေလိမ့်မည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာလျှင်ဤအမွေနှင့်ဤဆုကျေးဇူးတော်ကိုမှန်ကန်စွာအသုံးချနိုင်ပေလိမ့်မည်။ သူတစ်ပါးတို့အား ကောင်းရာသို့ဆွဲဆောင်နိုင်လောက်သည့် ကိုယ်ပိုင်စွမ်းရည် ကျွန်ုပ်တို့တွင်ဘာမျှမရှိပါ။ ကျွန်ုပ်တို့သည် ကိုယ်တိုင်ဘာမျှမတတ်နိုင်ကြောင်း၊ ဘုရားသခင်၏ တန်ခိုးတော်ကိုလိုအပ်ကြောင်းသဘောပေါက်နားလည်လျှင် ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ်အားကိုးအားထားပြုကြလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် တစ်နေ့၊ တစ်နာရီ၊ တစ်ခဏသောအချိန်အတွင်း မည်သည့်အကျိုးသက်ရောက်မှုများဖြစ်ပေါ်လိမ့်မည်ဟု မသိနိုင်သောကြောင့် ကျွန်ုပ်တို့၏လမ်းစဉ်များကို ကောင်းကင်ဘုံရှိအဘဘုရားသခင်ထံအပ်နှံခြင်းမပြုဘဲ မည်သည့်အခါမျှ နေ့စဉ်အသက်တာကို အစမပြုသင့်ပါ။ ကျွန်ုပ်တို့အားစောင့်ကြပ်ရန် ကိုယ်တော်သည် ကောင်းကင်တမန်များကိုခန့်ထားတော်မူသည်ဖြစ်၍ ကျွန်ုပ်တို့သည် သူတို့၏အုပ်ချုပ် ကွပ်ကဲမှုကို ခံယူလိုက်နာပါက အခက်အခဲနှင့်

ရင်ဆိုင်ရသောအခါတိုင်း သူတို့သည် ကျွန်ုပ်တို့၏ လက်ယာဘက်တွင် ရှိနေကြပါလိမ့်မည်။ ကျွန်ုပ်တို့သည် အမှတ်တမဲ့မကောင်းမှုကိုဆွဲဆောင် မည့်ဘေးရန်နှင့်ရင်ဆိုင်ရသောအခါ ကောင်းကင်တမန်တို့သည် ကျွန်ုပ် တို့၏ဘေးမှနေ၍ပိုမိုကောင်းမွန်သောလမ်းစဉ်သို့လိုက်ရန် အားပေး တိုက်တွန်းကြလိမ့်မည်။ ကျွန်ုပ်တို့အတွက် စကားလုံးများရွေးချယ် ပေးကြလိမ့်မည်။ ကျွန်ုပ်တို့၏လှုပ်ရှားမှုများကိုလည်းအကျိုးသက်ရောက် မှုရှိစေလိမ့်မည်။ ထိုနည်းအားဖြင့် ကျွန်ုပ်တို့၏ဆွဲဆောင်မှု၊ အကျိုး သက်ရောက်မှုဖြစ်ပေါ်စေသည့်အရှိန်ဩဇာသည် အသံတိတ်၍အမှတ် တမဲ့ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သို့သော် ကြီးမားသောစွမ်းအားဖြင့် သူတစ်ပါးတို့အား ခရစ်တော်ထံသို့လည်းကောင်း၊ ကောင်းကင်ရွှေပြည် တော်သို့လည်းကောင်း ဆွဲဆောင်နိုင်ပေလိမ့်မည်။

## အချိန်

ကျွန်ုပ်တို့၏အချိန်ရှိသမျှကို ဘုရားသခင်ပိုင်တော်မူ၏။ အချိန် ရှိသမျှကိုကိုယ်တော်ပိုင်တော်မူသည်ဖြစ်၍ ကိုယ်တော်၏ဘုန်းထင်ရှား စေရန်၊ ကိုယ်တော်၏အချိန်ရှိသမျှကို တိုးတက်ကောင်းမွန်စေရန်မှာ ကျွန်ုပ်တို့၏အရေးကြီးဆုံးသော တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့အား ပေးအပ်ထားသည့် စွမ်းရည်ရှိသမျှတွင် အဘယ်စွမ်းရည်ကိုမျှအချိန်ထက် ပို၍တိကျမှန်ကန်စွာ စာရင်းမှတ်သားထားရန် တောင်းဆိုထားခြင်း မရှိပါ။

အချိန်၏တန်ဖိုးကိုတွက်ချက်၍မရနိုင်ပါ။ခရစ်တော်သည်အချိန် ရှိသမျှကိုမွန်မြတ်သည်ဟုသဘောထားတော်မူ၏။ ကျွန်ုပ်တို့သည်လည်း ၎င်းအတိုင်းပင်လိုက်နာသင့်ပါသည်။ အလဟသအချိန်ဖြုန်းရန်အတွက်

အသက်တာသည် တိုတောင်းလွန်းပါ၏။ ထာဝရကာလအဖို့ပြင်ဆင်ရန် ကျွန်ုပ်တို့တွင် သနားကြင်နာမှုအချိန်ကာလရက်အနည်းငယ်မျှသာ ရှိပါသည်။ ကျွန်ုပ်တို့မှာဖြုန်းစရာအချိန်မရှိပါ။ အပြစ်အတွင်း နစ်မွန်းနေဖို့အချိန်မရှိပါ။ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းလွတ်ရာ နောင်ကာလအတွက် အကျင့်တည်ဆောက်ရန်အချိန်မှာ ယခုပင်ဖြစ်၏။ စုံစမ်းစစ်ဆေး၍တရားစီရင်သောအခါ အချိန်အတွက်အသင့်ပြင်ဆင် ထားရန်အချိန်မှာ ယခုပင်ဖြစ်ပါသည်။

လူသားမိသားစုကြီးသည် သက်ရှင်နေထိုင်ရန် အစပြုသည်နှင့် တစ်ပြိုင်နက် စတင်သေကြေပျက်စီးကြ၏။ ထာဝရအသက်နှင့်ပတ်သက် ၍အမှန်တရားကိုတတ်ကျွမ်းမထားပါက မရပ်မနားလှုပ်ရှားအလုပ် များနေသောကမ္ဘာကြီးသည် အလဟဿအဆုံးသတ်လိမ့်မည်။ သူ၏ အလုပ်ရက်ကဲ့သို့အချိန်၏ အကျိုးကျေးဇူးကိုသိသောလူသည် ထာဝရ အိမ်တော်ကိုလည်းကောင်း၊ သေခြင်းတရားနှင့်ကင်းလွတ်သောအသက် တာကိုလည်းကောင်း ခံစားထိုက်၏။ သူသည်ကောင်းချီးနှင့်မွေးဖွား လာသူဖြစ်၏။

အချိန်ကိုရွေးယူရန်ကျွန်ုပ်တို့အား သတိပေးဆုံးမတော်မူ၏။ သို့သော် ဖြုန်းတီးလိုက်သောအချိန်ကို အဘယ်အခါမျှပြန်၍မရနိုင်၊ တဒင်္ဂမျှသောအချိန်ကိုပင် ပြန်၍မယူနိုင်ပါ။ ကျွန်ုပ်တို့သည် အချိန်ကို ရွေးယူရန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ ဘုရားသခင်၏ ရွေးနုတ်ခြင်းစီမံကိန်းကြီးတွင် ကိုယ်တော်နှင့်အတူပူးပေါင်းဆောင်ရွက် ခြင်းဖြင့် ကျန်သေးသောအချိန်ကို အကောင်းဆုံးအသုံးပြုရန်ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်သောသူ၏အကျင့်ပုံသဏ္ဍာန်သည် ပြောင်း လဲ၏။ သူသည် ဘုရားသခင်၏သား၊ ကောင်းကင်ဘုရင်မင်းမြတ်၏

မိသားစုဝင်၊ ဘုရားသခင်၏အဆက်အနွယ်ဖြစ်လာ၏။ သူသည် ကောင်းကင်တမန်များနှင့်ပေါင်းသင်းထိုက်၏။

လူသားတို့ ကယ်တင်ခြင်းရရှိရန် ကျွန်ုပ်တို့ဆောင်ရွက်ရမည့် အချိန်မှာ ယခုပင်ဖြစ်ပါသည်။ ခရစ်တော်၏အမှုတော်အတွက် အလှူတော်ငွေထည့်သွင်းလျှင် သူတို့တာဝန်ပြီးမြောက်ပြီဟုအချို့ထင်မှတ်မှားကြပြီးလျှင် သူတို့ကိုယ်တိုင်အမှုတော်ဆောင်ရွက်ရန်ပေးအပ်ထားသည့်အဖိုးထိုက်တန်သောအချိန်ကို တိုးတက်ကောင်းမွန်အောင်အားထုတ်ခြင်းမပြုဘဲ ကုန်လွန်စေကြ၏။ သို့သော် ဘုရားသခင်၏အမှုတော်အတွက် ကိုယ်တိုင်လုပ်ရှားပါဝင်ဆောင်ရွက်နိုင်လောက်သည့် ကျန်းမာရေးနှင့်စွမ်းအားရှိသူတို့အတွက် မှာမူကား အခွင့်အရေးနှင့်တာဝန်ဖြစ်ပါသည်။ ခရစ်တော်အတွက် အသက်ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတွင် လူတိုင်းပါဝင်ဆောင်ရွက်ရမည်။ အလှူငွေထည့်သွင်းပါဝင်ခြင်းဖြင့် ယင်းလုပ်ငန်းကိုအစားမထိုးနိုင်ပါ။

တဒင်္ဂအချိန်တိုင်းတွင် ထာဝရအကျိုးသက်ရောက်မှုအတွက် ဝန်တင်ထားလျက်ရှိပါသည်။ ကျွန်ုပ်တို့သည် တဒင်္ဂလူများဖြစ်၍ တဒင်္ဂအချိန်အတွင်း ဆင့်စာရောက်လာလျှင် အမှုတော်ထမ်းဆောင်ရန် အသင့်ဖြစ်နေရမည်။ လိုအပ်နေသောအသက်ဝိညာဉ်တစ်ခုအတွက် အသက်ရှင်ခြင်းဆိုင်ရာနှုတ်ထွက်တရားတော်ကို ယခုချက်ချင်းပြောရမည့် ကျွန်ုပ်တို့၏အခွင့်အရေးကို အသုံးမချဘဲနေလျှင် ၎င်းအခွင့်အရေးကို ကျွန်ုပ်တို့မည်သည့်အခါမျှ ပြန်လည်မရရှိဘဲဆုံးရှုံးသွားနိုင်ပါသည်။ ထိုသူအားဘုရားသခင်က “ယနေ့ညဥ့်ပင်သင်၏ဝိညာဉ်ကိုရုပ်သိမ်းရာအချိန်ရောက်လိမ့်မည်” ဟုမိန့်တော်မူခဲ့သည်ရှိသော် (လု၊ ၁၂း၂၀)။ ကျွန်ုပ်တို့၏ပေါ့လျော့မှုကြောင့် ထိုသူသည် အသင့်မရှိဘဲအသက်ဆုံးရှုံး

သွားပါမည်။ တရားစီရင်ရာနေ့ရက်ကြီးသို့ရောက်သောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်ချင့်မည်သို့စာရင်းရှင်းကြပါမည်နည်း။

ဘဝအသက်တာသည် လေးနက်လွန်းသည်ဖြစ်သောကြောင့် ပစ္စုပ္ပန်ဘဝနှင့် စပ်လျဉ်းသောကိစ္စရပ်များ၊ လောကရေးရာနှင့်စပ်လျဉ်းသောဖြစ်ရပ်များနှင့်သာနစ်မွန်း၍မနေသင့်ပါ။ ထာဝရကာလတွင်ခံစားရမည့်အကျိုးကျေးဇူးများနှင့်နှိုင်းယှဉ်လျှင် ဤလောက၏ပူပန်သောကကြောင့်ကြစရာနှင့် ငြီးငွေ့ဖွယ်ရာထပ်တလဲလဲလုပ်ကိုင်ဆောင်ရွက်ရသည့်အရာများသည် မြူမှုန့်မျှသာဖြစ်ပါသည်။ သို့သော်ဘုရားသခင်သည် ကျွန်ုပ်တို့အား အသက်တာ၏လောကရေးဆိုင်ရာကိစ္စရပ်များအတွက် အမှုတော်ဆောင်ရွက်ရန်ခေါ်တော်မူ၏။ ယင်းလုပ်ငန်းအတွက် ကြိုးစားအားထုတ်ခြင်းသည်လည်း ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်းကဲ့သို့မှန်သောဘာသာရေးအယူဝါဒ၏တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ အချိန်ကိုအလဟဿဖြုန်းတီးရန်ခရစ်ယာန်ကျမ်းစာတော်မြတ်ကမထောက်ခံပါ။ အချိန်ဖြုန်းခြင်းသည်ကျွန်ုပ်တို့ကမ္ဘာကြီးအား အခက်အခဲရောက်စေသည့်အကြီးဆုံးသောမကောင်းမှုဖြစ်ပါသည်။ စစ်မှန်စွာပြောင်းလဲသည့်အမျိုးသားအမျိုးသမီးတိုင်း လုံ့လဝီရိယရှိသောအမှုတော်ဆောင်များဖြစ်ကြပါလိမ့်မည်။

ကျွန်ုပ်တို့သည် ယဉ်ကျေးမှုနှင့်အတတ်ပညာဆည်းပူးရာတွင် အောင်မြင်ခြင်းရရှိမှုသည် အချိန်ကိုမှန်ကန်စွာတိုးတက်ကောင်းမွန်အောင် အားထုတ်သည့်အပေါ်မူတည်ပါသည်။ ပိုင်းခြားသိမြင်တတ်သောဉာဏ်ကိုပြုစုပျိုးထောင်ရာတွင် ဆင်းရဲနွမ်းပါးခြင်းကလည်းကောင်း၊ နိမ့်ကျသည့်မျိုးရိုးကလည်းကောင်း အဆီးအတားမဖြစ်သင့်ပါ။တဒင်္ဂမျှသောအချိန်တိုင်းကိုသာအမြတ်တနိုးအသုံးပြုပါ။ ဤနေရာတွင် အချိန်

အနည်းငယ်၊ ထိုနေရာတွင် အချိန်အနည်းငယ်စသည်ဖြင့် ရည်ရွယ်ချက်မရှိသည့်စကားကိုပြော၍ အကျိုးမဲ့ကုန်လွန်စေမည့်အချိန်၊ နံနက်မိုးလင်းစအိပ်ရာတွင်း၌အလဟဿဖြုန်းတီးမည့်အချိန်၊ ခရီးသွားလာစဉ် ရထား၊ မော်တော်ကားများပေါ်စီးနင်းလိုပါသည့်အချိန်၊ ငှင်းယာဉ်များကိုစောင့်နေသည့်အချိန်၊ အစားအစာစားသောက်ရန်အတွက် စောင့်ဆိုင်းနေသည့်အချိန်၊ ချိန်းချက်ထားပါလျက် နောက်ကျသောသူများကိုစောင့်နေရသည့်အချိန် စသည်ဖြင့် ယင်းအချိန်တိုအချိန်စကလေးများကို တိုးတက်ကောင်းမွန်စွာအသုံးချရန် စာအုပ်တစ်အုပ်ကိုလက်ကိုင်ထား၍ လေ့လာဖတ်ရှုတ်ဆင်ခြင်လျှင် မည်မျှအကျိုးကျေးဇူးရှိပါလိမ့်မည်နည်း။ စိတ်ပြဌာန်းထားသည့်ရည်မှန်းချက်ဖြင့်လည်းကောင်း၊ မရမနေပြုလုပ်လိုသည့်လုံ့လဝီရိယဖြင့်လည်းကောင်း၊ အချိန်ကိုစနစ်တကျအသုံးပြုပါက အသုံးဝင်၍ဩဇာသက်ရောက်မှုရှိသောမည်သည့်ရာထူးအဆင့်အတန်းမျိုးကိုမဆို ထိုက်တန်သည့် အတတ်ပညာနှင့်စိတ်သဘောထားစည်းကမ်းသေဝပ်မှုကို လူတို့ဆည်းပူးရရှိနိုင်ကြပေလိမ့်မည်။

ခရစ်ယာန်တိုင်းစည်းကမ်းတကျပြုလုပ်တတ်သည့် အလေ့အထရှိရမည်။ စီမံတတ်ရမည်၊ စေ့စပ်သေချာရမည်၊ လျင်မြန်ထက်မြက်ရမည်။ ကပျက်ကချော်နှေးနှေးကန်ကန်၊ အလွဲလွဲအမှားမှားပြုလုပ်တတ်သူ အတွက်ဆင်ခြေမရှိပါ။ လူတစ်ယောက်သည် အလုပ်ခွင်တွင်အမြဲတစေထိုင်နေပါလျက် အလုပ်မပြီးလျှင်စိတ်ပါကိုယ်ရောက်မလုပ်သောကြောင့်သာတည်း။ လုပ်ငန်းတွင်နှေးကန်သောကြောင့်အကျိုးဖြစ်ထွန်းမှုမရှိလျှင်ပြုပြင်ရန်အချိန်တန်ပြီဟု သဘောပေါက်ရမည်။ အကောင်းဆုံးအကျိုးသက်ရောက်မှုဖြစ်စေရန် သူ၏ဉာဏ်မျက်စိကို အသုံးပြု၍အချိန်ဇယား ရေးဆွဲရမည်။ ချက်ကျလက်ကျ ပြုလုပ်တတ်ခြင်းကြောင့်လည်း

ကောင်း၊ လုပ်နည်းလုပ်ဟန်ကိုသိနားလည်သောကြောင့်လည်းကောင်း၊ စည်းကမ်းနည်းလမ်းကျအောင်လုပ်တတ်ခြင်းကြောင့်လည်းကောင်း၊ အခြားသူများ ဆယ်နာရီလုပ်ရမည့်လုပ်ငန်းတစ်ရပ်ကို အချို့က ငါးနာရီဖြင့်ကောင်းစွာပြီးစီးအောင်ဆောင်ရွက်နိုင်ကြပေလိမ့်မည်။ အချို့သောသူတို့သည်အိမ်တွင်းမှုလုပ်ငန်းကို အမြဲတစေလုပ်နေကြသည်မှာ အလုပ်များသောကြောင့်မဟုတ်၊ အချိန်ကုန်သက်သာအောင် အစီအစဉ်မပြုလုပ်သောကြောင့်ဖြစ်ပါသည်။ သူတို့၏နှေးကန်မှုကြောင့်လည်းကောင်း၊ အချိန်ရွှေ့ဆိုင်းတတ်မှုကြောင့်လည်းကောင်း အနည်းငယ်မျှသောလုပ်ငန်းကိုမြောက်မြားစွာလုပ်နေရတတ်ပါသည်။ သို့သော် အလိုဆန္ဒရှိခဲ့ပါလျှင် ဤကဲ့သို့ယောက်ယက်ခတ်ခြင်း၊ အချိန်ဆွဲခြင်းစသည့်အလေ့အထများကိုပြုပြင်နိုင်ပါသည်။ သူတို့၏လုပ်ငန်းတွင်တိကျသောရည်မှန်းချက်ရှိပါစေ။ ပေးထားသောလုပ်ငန်းတစ်ခုအတွက် အချိန်မည်မျှလိုအပ်သည်ကိုအတိအကျဆုံးဖြတ်ထားပြီးလျှင် ယင်းအချိန်အတွင်းပြီးမြောက်အောင် စွမ်းအားရှိသမျှကြိုးစားအားထုတ်ရမည်။ ဆန္ဒစွမ်းအားကိုအသုံးပြုခြင်းဖြင့် လုပ်ငန်းကျင်လည်လာလိမ့်မည်။

သူတို့ကိုယ်တိုင်တာဝန်ယူရန်နှင့်သူတို့၏ အကျင့်ဓလေ့များကိုပြောင်းလဲရန်စိတ်ပြဋ္ဌါန်းခြင်းမပြုကြသောကြောင့် လူအများမှားယွင်းသောလမ်းစဉ်တွင်ပုံသေကားကျဖြစ်နေကြပါသည်။ သို့မဟုတ်ပါက သူတို့၏စွမ်းအားကိုအသုံးပြုခြင်းဖြင့် အကောင်းဆုံးလုပ်ဆောင်နိုင်ကြပေလိမ့်မည်။ ယင်းသို့ပြုလျှင် သူတို့သည် နေရာအနှံ့အပြားရေပန်းစား၍အများကတောင်းဆိုကြလိမ့်မည်။ ထိုအခါ သူတို့ထိုက်ထိုက်တန်တန်ဖြစ်လာရသည့် အကျိုးကျေးဇူးကို သူတို့သဘောပေါက်ကြလိမ့်မည်။

အိမ်မှုအလုပ်တွင်ပါဝင်ကူညီခြင်းအားဖြင့် မိခင်နှင့်ဖခင်ကို ချစ်မြတ်နိုးကြောင်းပြရမည့်အစား၊ များစွာသောကလေးလူငယ်လူရွယ်တို့သည် အချိန်ကိုအလဟဿဖြုန်းတီးနေကြပါသည်။ လူငယ်လူရွယ်တို့သည် ခွန်အားနှင့်ပြည့်စုံသည်အားလျော်စွာ တစ်ဦးတစ်ယောက်ထမ်းဆောင်ရမည့်မြောက်မြားစွာသောတာဝန်များကို ကူညီဆောင်ရွက်နိုင်ပါသည်။

ခရစ်တော်၏အသက်တာသည် ငယ်ရွယ်စဉ်အခါမှစ၍ စိတ်ထက်သန်စွာလှုပ်ရှားသည့်အသက်တာဖြစ်ခဲ့ပါသည်။ ကိုယ်တော်သည် မိမိကိုယ်ကျိုးအတွက် အသက်ရှင်ခဲ့သည်မဟုတ်ပါ။ ကိုယ်တော်သည် တန်ခိုးတော်ရှိသောဘုရားသခင်၏သားတော်ဖြစ်တော်မူပါလျက် မိမိလူသားဖခင်ယောသပ်နှင့်အတူ လက်သမားလုပ်ငန်းတွင်ပါဝင်ကူညီဆောင်ရွက်ခဲ့ပါသည်။ ကိုယ်တော်၏ လုပ်ငန်းသည် အရေးပါအရာရောက်သောလုပ်ငန်းဖြစ်ပါသည်။ ကိုယ်တော်သည်ဤလောကသို့အကျင့်တည်ဆောက်သောသူအဖြစ် ကြွလာတော်မူခဲ့သည်ဖြစ်၍ ကိုယ်တော်၏လုပ်ငန်းအားလုံးစုံလင်ခြင်းရှိ၏။ ကိုယ်တော်သည် ဘုရားသခင်၏တန်ခိုးအားဖြင့် စုံလင်သောအကျင့်ပုံသဏ္ဌာန်ပြောင်းလဲနေသကဲ့သို့ လောကရေးရာလုပ်ငန်းတာဝန်ရှိသမျှတွင်လည်း အလားတူပင်စုံလင်တော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် စံနမူနာဖြစ်တော်မူ၏။

မိဘများသည် သားသမီးတို့အား အချိန်၏တန်ဖိုးနှင့် ၎င်းကိုမှန်ကန်စွာအသုံးပြုရန် သင်ကြားပေးရမည်။ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေ၍ လူသားများအတွက် ကောင်းချီးဖြစ်စေမည့်အရာတစ်ခုခုဖြစ်ပါက ကြိုးစားအားထုတ်ဆောင်ရွက်သင့်ကြောင်း သင်ကြားပေးပါ။ သူတို့ငယ်ရွယ်နုနယ်စဉ်မှာပင် ဘုရားသခင်အတွက် သာသနာပြုသူများဖြစ်နိုင်ပါသည်။

သားသမီးများအား အလုပ်တာဝန်မပေးသည့်အပြစ်ထက်ကြီးလေးသောအခြားမည်သည့်အပြစ်မျှ မိဘတို့တွင်မရှိပါ။ ကလေးလူငယ်များသည် မကြာမီပင်အလဟဿနေခြင်းကို နှစ်သက်လာကြပြီးလျှင် ကြိုးစားအားထုတ်မှုမရှိဘဲ အသုံးမဝင်သောအမျိုးသားအမျိုးသမီးများဖြစ်လာကြလိမ့်မည်။ သူတို့သည် အချိန်တန်အရွယ်ရောက်၍ ကိုယ့်ဝမ်းစာကိုယ်ရှာစားချိန်ရောက်သောအခါ မိမိတို့တာဝန်ကျသည့်လုပ်ငန်းခွင်တွင် ငြီးငွေ့ဖွယ်ရာပျင်းရိပျင်းတွဲလုပ်ကိုင်ပါလျက် အခကြေးငွေကိုမူကားသစ္စာရှိစွာလုပ်ဆောင်ဘိသကဲ့သို့ လိုလားကြ၏။ ယင်းအလုပ်သမားအတန်းအစားနှင့် သစ္စာရှိသောဘဏ္ဍာစိုးများဖြစ်ရမည်ဟုသဘော ပေါက်သည့်လူတန်းစားတို့မှာ ကမ္ဘာကြီးကျယ်ဝန်းသည်နှင့်အမျှခြားနားပါသည်။

လောကလုပ်ငန်းခွင်၌ ဝီရိယမရှိခြင်း၊ ပျင်းရိခြင်းနှင့်ပေါ့ဆသည့်အလေ့အထရှိသူတို့သည် သူတို့၏ဘာသာရေးအသက်တာတွင်လည်း ယင်းအတိုင်းပင် တူညီသောအလေ့အထများရှိမည်ဖြစ်သောကြောင့် သူတို့သည် ဘုရားသခင်၏အမှုတော်အတွက် အရည်အချင်းနှင့်ပြည့်စုံသောသူများမဖြစ်နိုင်ပါ။ လုံ့လဝီရိယဖြင့် အလုပ်ကိုကြိုးစား၍လုပ်ဆောင်လျှင်ကမ္ဘာလောကကြီးအတွက် ကောင်းချီးကိုဖြစ်စေနိုင်မည့်အများသောသူတို့သည် အလဟဿနေမှုကြောင့် ပျက်စီးဆုံးရှုံးခြင်းသို့ရောက်ကြ၏။ အလုပ်အကိုင်မရှိခြင်းနှင့်တည်ငြိမ်သောကြံရွယ်ချက်ကင်းမဲ့ခြင်းကြောင့်စုံစမ်းနှောင့်ယှက်ခြင်းပေါင်းတစ်ထောင်နှင့်ရင်ဆိုင်ရလိမ့်မည်။ ဆိုးသွမ်းသောအပေါင်းအသင်းများနှင့် မကောင်းသောအကျင့်များသည် စိတ်နှလုံးနှင့်တကွ အသက်ဝိညာဉ်ကိုပါဖေါက်ပြန်ပျက်စီးစေသည်ဖြစ်၍ ယခုဘဝအသက်တာနှင့်ထာဝရအသက်တာကိုပါဆုံးရှုံးလိမ့်မည်။

ကျွန်ုပ်တို့သည် မည်သည့်အလုပ်အမျိုးအစားကိုပင် လုပ်ကိုင်စေကာမူ "အားထုတ်ခြင်းအရာများပျင်းရိခြင်းမရှိဘဲလျက် စိတ်တမ်းသဖြင့် ဘုရားသခင်၏ အလိုတော်ကိုလိုက်၍ အားထုတ်ကြလော့" "ဆောင်ရွက်စရာအမှုရှိသမျှကိုကြိုးစားအားထုတ်၍ဆောင်ရွက်လော့" "သင်တို့သည် သခင်ခရစ်တော်၏အစေကိုခံကြသည်ဖြစ်၍ အမွေတော်တည်းဟူသောအကျိုးကို ထိုဘုရားသခင်၏ လက်တော်မှခံရလိမ့်မည်ဟုသိမှတ်ကြလော့" ဟုနှုတ်ထွက်တရားတော်က ကျွန်ုပ်တို့အားသြဝါဒပေးထားပါသည်။ ရောမ၊ ၁၂း၁၁။ ဒေ၊ ၉း၁၀။ ကောလောသဲ၊ ၃း၂၄။

## ကျန်းမာခြင်း

ကျန်းမာခြင်းသည် ကောင်းချီးတစ်ရပ်ဖြစ်သော်လည်း ၎င်း၏တန်ဖိုးနှင့်အကျိုးသက်ရောက်မှုကို သဘောပေါက်သူနည်းလှပါ၏။ ကျွန်ုပ်တို့၏ နှလုံးရည်နှင့်လက်ရုံးရည်သည် ယင်းအပေါ်တွင်များစွာ အမှီတံကဲပြုနေပါသည်။ ကျွန်ုပ်တို့၏စိတ်အာရုံအလိုဆန္ဒပြင်းပြမှုတို့သည်ကျွန်ုပ်တို့၏ခန္ဓာကိုယ်အတွင်း၌ အရင်းခံသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့၏စွမ်းရည်များကို အကောင်းဆုံးအသုံးပြုနိုင်ရန် ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကျန်းမာရေးနှင့်ဝိညာဉ်ရေးအကျိုးသက်ရောက်မှုကို အကောင်းဆုံးသောအခြေအနေတွင်ရှိအောင် ဂရုစိုက်ရမည်။

ကိုယ်အင်္ဂါကို ခွန်အားယုတ်လျော့စေသည့်အရာရှိသမျှသည် ဦးနှောက်ကိုပါအားနည်းစေသည်ဖြစ်၍ အမှန်အမှားကိုပိုင်းခြားဝေဖန်ရန် အခက်အခဲရှိလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့သည် အကောင်းကိုရွေးချယ်ရန် အခက်အခဲရှိလိမ့်မည့်အပြင် အမှန်ကိုသိလျက် အမှန်အတိုင်းပြုလုပ်ရန်အားနည်းလိမ့်မည်။

ကျွန်ုပ်တို့သည် ကိုယ်အင်္ဂါစွမ်းအားကိုအလွဲအသုံးပြုပါက ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်အတွက် ကျွန်ုပ်တို့၏အသက်တာကိုအသုံးပြုရန် အချိန်တိုတောင်းလိမ့်မည်။ ၎င်းအပြင် ကျွန်ုပ်တို့အားဘုရားသခင်ပေးအပ်ထားသည့်လုပ်ငန်းတာဝန်ကိုထမ်းဆောင်ရန်မထိုက်မတန်ဖြစ်လိမ့်မည်။ မကောင်းသောအလေ့အကျင့်များကိုလိုက်စားခြင်း၊ ညဥ့်နက်အောင်နေခြင်း၊ ကျန်းမာရေးချို့တဲ့လောက်အောင်ခံတွင်းအလိုလိုက်၍စားသောက်ခြင်းတို့သည် ခွန်အားနည်းခြင်းအကြောင်း၏အခြေခံများဖြစ်ပါသည်။ ကိုယ်လက်အင်္ဂါဖွံ့ဖြိုးအောင်လေ့ကျင့်မှုမပြုလုပ်ခြင်းအားဖြင့်လည်းကောင်း၊ ဦးနှောက်ရောကိုယ်ခန္ဓာကိုပါလွန်ကြူးစွာအလုပ်ပေးခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့သည် အာရုံကြောများကိုအလေးမညီဖြစ်စေပါသည်။ ယင်းနည်းများဖြင့် ကိုယ်အသက်ကိုတိုအောင်ပြု၍ ဓမ္မတရားများကိုအလေးဂရုမပြုသည့်အတွက် ကိုယ်ကိုကိုယ်ဘုရားသခင်၏အမှုတော်နှင့်မထိုက်မတန်အောင်ပြုသူများသည် ဘုရားသခင်၏ဥစ္စာကိုလုယူသည့်ပြစ်ဒဏ်သင့်ပါသည်။ လူသားအချင်းချင်းလုယူသူများလည်းဖြစ်ကြ၏။ လူသားများအတွက် ကောင်းချီးဖြစ်စေရန် ဤလောကအတွင်းသို့ဘုရားသခင်က သူတို့အားအခွင့်အရေးများပေးအပ်၍ စေလွှတ်လိုသော်လည်း သူတို့သည် ကိုယ့်လမ်းစဉ်သို့သာကိုယ်လိုက်လျှောက်ကြသဖြင့် အချိန်မရောက်မီရုတ်တရက်အဆုံးသတ်လိုက်ရ၏။ သာ၍တိုတောင်းသောအချိန်အတွင်း၌ပင် သူတို့ဆောင်ရွက်ပြီးစီးရမည့်လုပ်ငန်းကိုပင် မဆောင်ရွက်နိုင်အောင်သူတို့ကိုယ်သူတို့ဖျက်ဆီးကြ၏။ ကျွန်ုပ်တို့၏ မဟုတ်မမှန်သောအကျင့်ဓလေ့များကြောင့်ဤကမ္ဘာကြီးသည် ကောင်းသောအရာများကို လက်လွှတ်ရသည့်အတွက်ကျွန်ုပ်တို့တွင် အပြစ်ဒဏ်သင့်သည်ဟု ဘုရားသခင်မှတ်တော်မူ၏။

ကိုယ်အင်္ဂါနှင့်စပ်ဆိုင်သောတရားဥပဒေကို ကျူးလွန်ခြင်းသည် ကောင်းသောကျင့်ဝတ်နှင့်စပ်ဆိုင်သောတရားဥပဒေကိုကျူးလွန်ခြင်းပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ကိုယ်အင်္ဂါနှင့်စပ်ဆိုင်သောတရားဥပဒေကိုပြဋ္ဌာန်းတော်မူသကဲ့သို့ ကောင်းသောကျင့်ဝတ်နှင့်စပ်လျဉ်းသောဥပဒေကိုလည်း ပြဋ္ဌာန်းတော်မူ၏။ ကိုယ်တော်သည် ၎င်းတရားဥပဒေကိုအာရုံကြောတစ်ခုချင်းအပေါ်၌လည်းကောင်း၊ ကြွက်သားတစ်ခုချင်းအပေါ်၌လည်းကောင်း၊ လူသားအားယုံမှတ်လွှဲအပ်ထားသည့်စွမ်းရည်သတ္တိ တစ်ခုချင်းအပေါ်တွင်လည်းကောင်းလက်တော်ဖြင့် ရေးသားထားတော်မူ၏။ ထို့ကြောင့် ကျွန်ုပ်တို့၏အင်္ဂါစုတွင်မည်သည့်အင်္ဂါကိုမဆို အလွဲအသုံးပြုလျှင် ယင်းတရားဥပဒေကိုကျူးလွန်ခြင်းဖြစ်ပါသည်။

လူ၏ကိုယ်ခန္ဓာအနေအထားဖွဲ့စည်းပုံကို လူတိုင်းတတ်သိနားလည်ထားသင့်ပါသည်။ သို့မှသာလျှင် သူတို့သည် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန်လိုအပ်သည့်အခြေအနေတွင် သူတို့၏ကိုယ်ခန္ဓာကိုတည်မြဲအောင်ထိန်းသိမ်းထားနိုင်ပါလိမ့်မည်။ ရုပ်ပိုင်းဆိုင်ရာအသက်တာကိုမပျက်မယွင်းအောင်၊ တိုးတက်ဖွံ့ဖြိုးအောင်အသိတရားနှင့်ထိန်းသိမ်းထားရမည်။ သို့မှသာလျှင် ဘုရားသခင်၏ဇာတိသည် လူသားတွင်စုံလင်စွာပေါ်လွင်ထင်ရှားပေလိမ့်မည်။ ရုပ်ပိုင်းဆိုင်ရာကိုယ်အင်္ဂါဖွဲ့စည်းပုံနှင့် ဝိညာဉ်ရေးအသက်တာဆက်စပ်မှုသည် အရေးအကြီးဆုံးပညာရပ်တစ်ခုဖြစ်ပါသည်။ ကျောင်း၌ဖြစ်စေ၊ နေအိမ်၌ဖြစ်စေအလေးဂရုပြု၍ သင်ကြားနာယူသင့်ပါသည်။ လူတိုင်းမိမိတို့ကိုယ်ခန္ဓာဖွဲ့စည်းထားပုံနှင့် သဘာဝအသက်ကို ကွပ်ကဲသည့်ဥပဒေစည်းကမ်းများကိုတတ်ကျွမ်းထားသင့်ပါသည်။ ယင်းဥပဒေစည်းကမ်းများကို လိုလို

လားလားမသိနားမလည်အောင်နေ၍ မသိနားမလည်သည့်အတွက် ယင်းဥပဒေစည်းကမ်းများကို ကျူးလွန်သူသည် ဘုရားသခင်ကိုပြစ်မှားနေခြင်းဖြစ်ပါသည်။ မိမိတို့၏ကျန်းမာရေးနှင့်အသက်ရှင်ရေးအတွက် လူတိုင်းအထူးဂရုစိုက်သင့်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အုပ်ချုပ်ကွပ်ကဲတော်မူသည်ကိုနာခံ၍ ကျွန်ုပ်တို့၏အကျင့်ဓလေ့များကိုချုပ်တည်းသင့်ပါသည်။

"သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ကိန်းဝပ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိတို့ကိုမိမိတို့ မပိုင်ကြောင်းကိုလည်းကောင်း မသိကြသလော။ သင်တို့သည်အဖိုးနှင့် ဝယ်တော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေကြလော့" ဟုတမန်တော်ပေါလက သြဝါဒပေးခဲ့ပါသည်။ ၁ကော၊ ၆း၁၉၊၂၀။

## အစွမ်းသတ္တိ

ကျွန်ုပ်တို့သည် ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့်ချစ်ရမည်သာမက အစွမ်းရှိသမျှနှင့်လည်းချစ်ရမည်။ ဤအချက်သည်ရုပ်ပိုင်းဆိုင်ရာအာနိသင်ရှိသမျှကို တတ်သိလိမ္မာစွာအသုံးချခြင်းဖြစ်၍ ပြည့်စုံကုံလုံပါသည်။

ခရစ်တော်သည် လောကရေးရာနှင့်ပတ်သက်၍လည်းကောင်း၊ ဝိညာဉ်ရေးရာနှင့်ပတ်သက်၍လည်းကောင်းသစ္စာတည်မြဲသောလုပ်သားဖြစ်တော်မူ၏။ မိမိလုပ်ငန်းရှိသမျှတွင် ခမည်းတော်၏အလိုတော်နှင့်

အညီ ဆောင်ရွက်ရမည်ဟုဆုံးဖြတ်ထားတော်မူ၏။ ကောင်းကင်အရာနှင့် မြေကြီးအရာတို့သည် ခရစ်တော်၏လက်ရုံးတော်အောက်တွင် နီးကပ်စွာဆက်စပ်၍ ကိုယ်တော်တိုက်ရိုက်ကြီးကြပ်အုပ်ချုပ်လျက်ရှိသည့်အရာမှာ အများသဘောပေါက်ထားသည်ထက် များစွာပိုမိုပါသည်။ မြေကြီးပေါ်တွင်ပထမတဲတော်တည်းဟူသော သန့်ရှင်းရာဌာန၏အစီအစဉ်များကို ခရစ်တော်စီမံတော်မူ၏။ ရှေလမုန်မင်းကြီးတည်ဆောက်ခဲ့သည့်ဗိမာန်တော်နှင့်ပတ်သက်၍ အသေးစိတ်အစီအစဉ်များကိုလည်း ကိုယ်တော်ညွှန်ပြတော်မူခဲ့၏။ လူသားဘဝက နာဇရက်ရွာတွင် လက်သမားအဖြစ်နှင့်အသက်ရှင်တော်မူခဲ့သည့် ကိုယ်တော်သည် ကောင်းကင်ဗိသုကာပြီးဖြစ်တော်မူ၍ မိမိနာမတော်ကိုဂုဏ်ပြုမည့် သန့်ရှင်သောအဆောက်အအုံပုံစံကိုလည်း ချမှတ်တော်မူ၏။

တဲတော်ဆောက်လုပ်ခဲ့ကြသောဗိသုကာများအား လှပတင့်တယ်စွာဆောက်လုပ်နိုင်ရန် ထူးဆန်းသောပညာအရည်အချင်းများနှင့်ပြည့်စုံကုံလုံစေသောသူမှာလည်း ခရစ်တော်ပင်ဖြစ်တော်မူ၏။ “နားထောင်လော့၊ ငါသည်ယုဒ၏အမျိုးသား ဟုရ၏သားဖြစ်သော ဥရိ၏သားဗေဇလေလကိုအမည်ဖြင့်ခန့်ထား၏။ သူသည် . . . အမျိုးမျိုးသောအလုပ်ကိုထူးဆန်းစွာလုပ်တတ်မည်အကြောင်း၊ ဉာဏ်ပညာနှင့်တကွသိပ္ပံအတတ်အမျိုးမျိုးတို့ကိုငါပေး၍ ဘုရားသခင်၏ဝိညာဉ်တော်နှင့်ပြည့်စုံစေ၏။ သူနှင့်အတူဒန်အမျိုးသားအဟိသမက်၏သား အဟောလျဘကိုလည်း ငါခန့်ထား၏။ ငါသည်သင့်အားမှာထားသမျှတို့ကို လိမ္မာသောသူအပေါင်းတို့သည် လုပ်တတ်မည်အကြောင်း၊ သူတို့နှလုံးထဲသို့ ဉာဏ်ပညာကိုငါသွင်းထားပြီ” ဟုမိန့်တော်မူ၏။ ထွ၊ ၃၁း၂-၆။

လုပ်ငန်းမျိုးစုံတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသောဘုရားသခင်၏လုပ်သားများသည် မိမိတို့တတ်ကျွမ်းသည့်လုပ်ငန်းဆိုင်ရာပညာမှာ ဘုရားသခင်ပေးသနားတော်မူရာဖြစ်ကြောင်း သဘောပေါက်ကြရန် ဘုရားသခင်အလိုရှိတော်မူ၏။ မှန်ကန်သည့်တီထွင်မှုများနှင့် ပိုမိုတိုးတက်ကောင်းမွန်အောင်ပြုပြင်မှုမှန်သမျှ ကိုယ်တော်ထံမှအစပြုသည်ဖြစ်၍ ကိုယ်တော်သည် အကြံပေးတော်မူရာ၌ အံ့သြဖွယ်ဖြစ်၍ ဆောင်ရွက်တော်မူရာ၌စုံလင်တော်မူ၏။ ကိုယ်တော်၏ကျွမ်းကျင်သည့်လက်တော်နှင့်တို့ထိခြင်းသည်လည်းကောင်း၊ အကြောနှင့်ကြွက်သားများအပေါ်ကိုယ်တော်၏ တန်ခိုးတော်သည်လည်းကောင်း၊ အနုစိတ်ဖွဲ့စည်းထားသည့် ကိုယ်ခန္ဓာအင်္ဂါစုနှင့်စပ်လျဉ်း၍ ကိုယ်တော်၏အသိပညာတော်သည်လည်းကောင်း ဆင်းရဲခြင်းခံစားရသောသူတို့အတွက် အသုံးပြုရန် ဘုရားသခင်တန်ခိုးပါသောဉာဏ်ပညာတော်ဖြစ်တော်မူ၏။ လက်သမားဆရာသည် တူကိုကောင်းစွာအသုံးပြုတတ်သည့်ကျွမ်းကျင်မှုကိုလည်းကောင်း၊ ပန်းဘဲဆရာသည် ပေကိုခေါင်းလောင်းသံပါအောင်ထုနိုင်သည့်အစွမ်းသတ္တိကိုလည်းကောင်း၊ ဘုရားသခင်ထံတော်မှရရှိကြပါသည်။ ကိုယ်တော်သည် လူတို့စွမ်းရည်သတ္တိများကို ယုံမှတ်လွှဲအပ်ထားတော်မူသည်ဖြစ်၍ ကိုယ်တော်၏အထံတော်မှ အကြံဉာဏ်တောင်းယူစေလိုတော်မူ၏။ ကျွန်ုပ်တို့သည် မည်သည့်လုပ်ငန်း၌ာနန၌ မည်သည့်လုပ်ငန်းရပ်ကိုလုပ်ကိုင်နေသည်ဖြစ်စေ လုပ်ငန်းခွင်တွင် စုံလင်မှုရှိကြစေရန် ကိုယ်တော်တိုင်ကွပ်ကဲလမ်းညွှန်လိုတော်မူ၏။

ဘာသာအယူဝါဒနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့မှာ အတူတူပင်ဖြစ်၍ နှစ်မျိုးနှစ်စားကွဲပြားခြားနားသောအရာများမဟုတ်ပါ။ ခရစ်ယာန် ကျမ်းစာတော်ဆိုင်ရာအယူဝါဒကို ကျွန်ုပ်တို့ပြောဆို

လုပ်ကိုင်ဆောင်ရွက်ခြင်းရှိသမျှနှင့်ပေါင်းစပ်ထားရမည်။ ဘုရားသခင်၏ တန်ခိုးတော်နှင့်လူသားစွမ်းရည်များကို လောကရေးရာနှင့်ဝိညာဉ်ရေးရာ အောင်မြင်မှုများအတွက် ပေါင်းစပ်ထားရပါမည်။ စက်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေးရာလုပ်ငန်း၌ဖြစ်စေ၊ ကူးသန်းရောင်းဝယ်ရေးနှင့်သိပ္ပံပညာဆိုင်ရာစီမံကိန်းများ၌ဖြစ်စေ လူသားတို့ရှာဖွေလုပ်ကိုင်ရာတိုင်းတွင် ၎င်းတို့ကိုပေါင်းစပ်ထားရမည်။ ခရစ်ယာန်လှုပ်ရှားမှုခံယူချက်တိုင်းတွင် ပူးပေါင်းဆောင်ရွက်ခြင်းရှိရမည်။

ယင်းသို့ပူးပေါင်းဆောင်ရွက်ရန် ဖြစ်နိုင်သည့်တစ်ခုတည်းသော အခြေခံသဘောတရားကို ဘုရားသခင်ကြေညာထားတော်မူ၏။ ကိုယ်တော်နှင့်အတူပူးပေါင်းလုပ်ဆောင်သောသူအားလုံးတို့သည် ကိုယ်တော်၏ ဘုန်းတော်ကိုထင်ရှားစေရန် ရည်ရွယ်ချက်ရှိရမည်။ ကျွန်ုပ်တို့၏အလုပ်မှန်သမျှကို ကိုယ်တော်၏ အလိုတော်အတိုင်း ကိုယ်တော်ကို ချစ်သောအားဖြင့် ဆောင်ရွက်ရကြပါမည်။

ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်သည့်အစည်းအဝေးတွင်ပါဝင် ဆောင်ရွက်ရာ၌ ဘုရားသခင်၏အလိုတော်အတိုင်းဆောင်ရွက်ရန် အထူးလိုအပ်သကဲ့သို့ အဆောက်အအုံတည်ဆောက်ရာတွင်လည်း အလားတူ လိုအပ်ပါသည်။ ၎င်းအပြင်လုပ်သားများသည် မိမိတို့၏အကျင့်တည် ဆောက်ရေးတွင် မှန်ကန်သောအခြေခံသဘောတရားများအတိုင်း လိုက်နာပါက အဆောက်အအုံတည်ဆောက်သည့်လုပ်ငန်းတိုင်းတွင် လည်း ကျေးဇူးတရားနှင့်လည်းကောင်း၊ အတတ်ပညာနှင့်လည်းကောင်း၊ ပြည့်ဝ၍ ကြီးပွားကြပေလိမ့်မည်။

သို့သော် တစ်ကိုယ်ကောင်းစိတ်ထားကို သက်ရှင်ယဇ်ကောင် အဖြစ်ဘုရားသခင်အားပူဇော်ဆက်ကပ်ခြင်းမပြုလျှင် ဘုရားသခင်သည်

အကြီးဆုံးသောစွမ်းရည်သတ္တိနှင့်အခမ်းအနားဆုံးသောအမှုတော်ကိုပင်လက်ခံတော်မူမည်မဟုတ်ပါ။ အမြစ်မသန့်ရှင်းပါက ဘုရားသခင်လက်ခံနိုင်တော်မူသည့်အသီးကိုမသီးနိုင်ပါ။

ဒံယေလနှင့်ယောသပ်တို့သည် မိမိတို့၏စိတ်အလိုသို့လိုက်၍အသက်မရှင်ဘဲ ကိုယ်တော်၏အလိုတော်သို့လိုက်လျှောက်ကြသဖြင့် ဘုရားသခင်သည် သူတို့အားအကင်းပါးသော မန်နေဂျာများဖြစ်စေတော်မူ၏။

ဒံယေလ၏အမှုမှ ကျွန်ုပ်တို့အတွက်သင်ခန်းစာမှာ ကြီးမားသောလုပ်ငန်းတစ်ရပ်ကိုတာဝန်ယူဆောင်ရွက်ရသောသူတစ်ယောက်သည် ထက်မြက်ဖို့မလို၊ အုပ်စိုးနည်းအုပ်စိုးပုံကိုချုပ်ကိုင်ထားသူဖြစ်ရန်လည်းမလို၊ လုပ်ငန်းအဆင့်တိုင်းတွင် ဘုရားသခင်၏လမ်းညွှန်မှုကိုခံယူသောသူဖြစ်ရမည်။ ဒံယေလသည် ဗာဗုလုန်နိုင်ငံတွင် နန်းရင်းဝန်ဖြစ်စဉ်က ဘုရားသခင်၏ပုရောဖက်လည်းဖြစ်၍ ကောင်းကင်မှဝိညာဉ်တော်နှိုးဆော်ခြင်းဖြင့် အလင်းတရားကို ခံယူရရှိသောသဖြစ်၏။ တိုင်းရေးပြည်မှုကိုကျွမ်းကျင်၍ထင်ပေါ်လိုသည့်လောကခေါင်းဆောင်များကို ကျမ်းစာတော်မြတ်က မြေတွင်ပေါက်၍ သွေ့ခြောက်တတ်သောမြက်ပင်နှင့်လည်းကောင်း၊ ညှိုးနွမ်းတတ်သောမြက်ပွင့်နှင့်လည်ကောင်း နှိုင်းယှဉ်ထားပါသည်။ သို့သော် ဘုရားသခင်သည်မိမိ၏အမှုတော်တွင် တတ်သိလိမ္မာစွာပြုလုပ်ဆောင်ရွက်တတ်သောလူများ၊ လုပ်ငန်းအမျိုးမျိုးတို့တွင်ကျွမ်းကျင်သောသူများကို အလိုရှိတော်မူ၏။ ဘုရားသခင်၏တရားတော်၏ကောင်းမြတ်သောအခြေခံသဘောတရားများကိုမူတည်၍မိမိတို့၏အမှုကိစ္စရပ်များကို ဆောင်ရွက်သောကုန်သည်ကြီးများ၊ လုပ်ငန်းပိုင်ရှင်ကြီးများလိုအပ်နေပါသည်။ သူတို့၏စွမ်းရည်သတ္တိများမှာလည်းနှံ့စပ်စွာ

လေ့လာဆည်းပူးထားခြင်းဖြင့် စုံလင်ခြင်းရှိနေသင့်ပါသည်။ မည်သည့် အလုပ်ခွင်၌ပင်ရှိစေကာမူ လူတို့သည် သူတို့၏အခွင့်အရေးတိုးတက်၍ ပညာဉာဏ်တိုးပွားလျက် အရည်အချင်းပြည့်စုံလိုလျှင် ကျွန်ုပ်တို့၏ ဤကမ္ဘာလောကကြီးတွင် ဘုရားသခင်၏နိုင်ငံတော်တည်ထောင်ရန် အတွက် မိမိတို့၏စွမ်းရည်သတ္တိများကို အသုံးပြုနေသူများဖြစ်ရကြ ပါမည်။ ဒံယေလ၏အကြောင်းအရာတွင် သူဆောင်ရွက်သောလုပ်ငန်း ရှိသမျှ၌စေ့စပ်သေချာစွာစစ်ဆေးကြည့်ရှုရသည့် အမှုကိစ္စရပ်တိုင်းတွင် အပြစ်တင်စရာအမှားအယွင်းတစ်စုံတစ်ရာမရှိကြောင်း ကျွန်ုပ်တို့ သင်ကြားသိရှိရပါသည်။ ကုန်သည်ကြီးများနှင့်လုပ်ငန်းဆောင်ရွက်သူများ အတွက် ဒံယေလသည် ပုံစံနမူနာဖြစ်ပါသည်။ လူတစ်ဦးတစ်ယောက် သည် မိမိ၏ဦးနှောက်၊ အစွမ်းသတ္တိနှင့်ကိုယ်ခန္ဓာအင်အားရှိသမျှကို လည်းကောင်း၊ စိတ်နှလုံးနှင့်ဘဝအသက်တာကိုလည်းကောင်း ဘုရား သခင်၏အမှုတော်အတွက် အပ်နှံထားပါက မည်ကဲ့သို့သောအရာများကို ပြီးမြောက်အောင်မြင်အောင် စွမ်းဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း ဒံယေလ၏အကြောင်းအရာက ဖေါ်ညွှန်းနေပါသည်။

## ငွေကြေး

ဘုရားသခင်သည် လူတို့အားဥစ္စာပစ္စည်းများကိုလည်းယုံကြည် စွာလွှဲအပ်ထားတော်မူ၏။ ယင်းဥစ္စာပစ္စည်းကြွယ်ဝချမ်းသာအောင်ရှာဖွေ စုဆောင်းနိုင်သော စွမ်းရည်ကိုပေးထားတော်မူ၏။ ကိုယ်တော်သည် ကောင်းကင်မှအင်အားပြည့်ဖြိုးစေသည့်နှစ်သက်စရာ မိုးရေမိုးပေါက် တို့နှင့်လည်းကောင်း၊ ဆီးနှင်းတို့ဖြင့်လည်းကောင်း မြေကြီးကိုစွတ်စို စေတော်မူ၏။ ကိုယ်တော်သည် မြေကြီးကိုနွေးစေ၍ သဘာဝများကို

နိုးကြားသက်ရှင်စေလျက် အပွင့်အသီးတို့ကိုဖြစ်ထွန်းစေသည့်နေရောင်ခြည်ကိုလည်း ပေးသနားတော်မူ၏။ ထိုကြောင့် ကိုယ်တော်အတွက် တုံ့ပြန်ရန် တောင်းဆိုတော်မူ၏။

ကျွန်ုပ်တို့အားပေးသနားတော်မူသည့်ငွေသည် ကျွန်ုပ်တို့ကိုယ်တိုင်ဘုန်းထင်ရှားဘုန်းကြီးမားရန်အတွက်မဟုတ်ပါ။ ကျွန်ုပ်တို့သည် သစ္စာမရှိသော ဘဏ္ဍာစိုးများဖြစ်၍ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်နှင့်ဘုန်းတန်ခိုးအာနုဘော်ကြီးမြတ်စေရန်အတါက် အသုံးချရကြပါမည်။ အချို့သောသူတို့က သူတို့၏ဥစ္စာဘဏ္ဍာမှတစ်စိတ်တစ်ဒေသကိုသာဘုရားသခင်ပိုင်ဆိုင်တော်မူသည်ဟုထင်မှတ်မှားကြ၏။ ဘာသာရေးနှင့်ကောင်းမှုပြုရေးအတွက် တစ်စိတ်တစ်ဒေသကိုသီးသန့်ဖယ်ထားပြီးလျှင် ကျန်ငွေကိုမိမိတို့ပိုင်သဖြင့် စိတ်တိုင်းကျသုံးစွဲနိုင်ကြပြီဟုသဘောထားကြ၏။ ဤသည်ကား သူတို့၏မှားယွင်းမှုပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သမျှသည် ဘုရားသခင်၏ဥစ္စာဘဏ္ဍာဖြစ်၍ ကျွန်ုပ်တို့သုံးစွဲသမျှအတွက် ဘုရားသခင်နှင့်စာရင်းရှင်းရန်တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သုံးစွဲသမျှသောကျပ်တိုင်း၊ ပြားတိုင်းတွင် ကျွန်ုပ်တို့သည် ဘုရားသခင်ကို အထူးမြတ်ဆုံးချစ်သည်။ မချစ်သည်ကိုလည်းကောင်း၊ ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှချစ်သည်မချစ်သည်ကိုလည်းကောင်း သိမြင်နိုင်ပါသည်။

ငွေဖြင့်ကောင်းမြတ်သောအမှုကို ဆောင်ရွက်နိုင်သည်ဖြစ်၍ တန်ဖိုးကြီးမားလှပါ၏။ ဘုရားသခင်၏သားသမီးတို့လက်တွင် ငွေသည် မွတ်သိပ်သောသူအတွက် အစားအစာဖြစ်၏။ ရေငတ်သောသူသောက်စရာဖို့ရေအေးဖြစ်၏။ အဝတ်အချည်းစည်းရှိသူအတွက် အဝတ်အထည်ဖြစ်၏။ နှိပ်စက်ညှဥ်းပန်းခြင်းခံရသူအတွက် အကွယ်အကာဖြစ်၏။

နာဖျားမကျန်းသူအတွက် ကုသရန်နည်းလမ်းဖြစ်၏။ အသက်တာအတွက်အမှန်လိုအပ်သောအရာများနှင့်ပတ်သက်၍ သုံးစွဲထောက်ပံ့ခြင်း၊ သူတစ်ပါးအတွက် ကောင်းချီးဖြစ်စေခြင်း၊ ခရစ်တော်၏အမှုတော်တိုးတက်ကြီးပွားရေးအတွက် သုံးစွဲကုန်ကျခြင်းများမှလွဲ၍ ငွေသည်သောင်ပြင်မှသဲပမာ တန်ဖိုးမရှိပါ။

သိုလှောင်ထားသောဥစ္စာဓနသည် အချည်းနှီးဖြစ်သည်သာမက မကောင်းမှုပင်ဖြစ်၏။ ယခုဘဝအသက်တာတွင် အသက်ဝိညာဉ်အတွက်ကျော့ကွင်းဖြစ်၍ ကောင်းကင်ဘဏ္ဍာထက် အခြားအရာများကို စုံမက်တတ်၏။ ဘုရားသခင်၏နေ့ရက်ကြီးသို့ရောက်လာသောအခါ အသုံးမပြုဘဲထားသောစွမ်းရည်သတ္တိများနှင့်ဥပေက္ခာပြုခဲ့သောအခွင့်အရေးများ၏ပိုင်ရှင်များကို ပြစ်ဒဏ်စီရင်ရာတွင် ၎င်းစွမ်းရည်သတ္တိများနှင့် အခွင့်အရေးများက သက်သေခံကြလိမ့်မည်။ ထို့ကြောင့် ခရစ်ယာန်ကျမ်းစာတော်မြတ်တွင် "အချင်းသူဌေးသူကြွယ်တို့၊ ယခုလာကြ၊ သင်တို့အပေါ်၌ရောက်လတ္တံ့သောဆင်းရဲခက်ခဲမှုကြောင့် ငိုကြွေးအော်ဟစ်ကြ။ သင်တို့ဥစ္စာပစ္စည်းသည် ပုပ်စပ်လျက်ရှိ၏။ အဝတ်ကိုလည်းပိုးကိုက်စားလေပြီ။ ရွှေငွေလည်း အချေးတက်၍ ပျက်ကုန်ပြီ။ ထိုအချေးသည် သင်တို့တစ်ဖက်၌ သက်သေဖြစ်၍ မီးကဲ့သို့သင်တို့အသားကိုစားလိမ့်မည်။ နောက်ဆုံးသောနေ့ရက်ကာလအဖို့ ဘဏ္ဍာကိုဆည်းပူးကြပြီတကား၊ နားထောင်ကြ၊ သင်တို့လယ်ကွက်၌ရိတ်သောသူတို့ကိုလှည့်စား၍ အခမပေးဘဲနေသောကြောင့် ထိုအခသည်ကြွေးကြော်လေ၏။ ရိတ်သောသူတို့၏အော်ဟစ်ခြင်းအသံသည်လည်း ကောင်းကင်သခင်ထာဝရဘုရား၏ နားတော်ထဲသို့ဝင်လေပြီ" ဟု သတိပေးနှိုးဆော်ထားပါသည်။ ယာ၊ ၅း၁-၄။

ကျွန်ုပ်တို့ရရှိသောငွေကြေးဉစ္စာဘဏ္ဍာကို အလေးဂရုမပြုဘဲ သုံးဖြုန်းဖို့ခရစ်တော်ခွင့်ပြုမထားပါ။ ယောဟန်၊ ၆း၁၂ အရ "ဘာမျှ မပျောက်စေခြင်းငှါ ကျန်ကြွင်းသောအကျိုးအပဲ့တို့ကို ကောက်သိမ်းကြလော့" ဟုမိန့်တော်မူခြင်းမှာ မိမိ၏နောက်တော်သို့လိုက်လျှောက်သောသူအပေါင်းအတွက် ချွေတာရေးသင်ခန်းစာဖြစ်ပါသည်။ မိမိရရှိသောဘဏ္ဍာငွေသည် ဘုရားသခင်ပေးအပ်ထားတော်မူသည့်စွမ်းဆောင်ရည်တစ်ရပ်ဖြစ်ကြောင်း သဘောပေါက်သူတိုင်း ချွေတာသုံးစွဲရန် သူတစ်ပါးအားပေးကမ်းစွန့်ကြဲနိုင်ဖို့စုဆောင်းထားလိမ့်မည်။

ကျွန်ုပ်တို့သည် ဉစ္စာဘဏ္ဍာများကို ကိုယ့်ကောင်းကျိုးနှင့်ဟိတ်ဟန်ထုတ်ရာတွင်ပို၍သုံးစွဲလေ မွတ်သိပ်သောသူနှင့်အဝတ်အချည်းစည်းရှိသူတို့အတွက် လျော့နည်းသုံးစွဲရလေဖြစ်ပါသည်။ အမှန်စင်စစ်မလိုအပ်ဘဲသုံးစွဲလိုက်သည့်ကျပ်တိုင်း၊ ပြားတိုင်းသည် သုံးစွဲသူအား ကောင်းမှုတစ်စုံတစ်ခုပြုရန် မွန်မြတ်သည့်အခွင့်အရေးကို ဆုံးရှုံးစေခြင်းဖြစ်ပါသည်။ ဘုရားသခင်ယုံကြည်စွာလွှဲအပ်ထားသည့် စွမ်းရည်သတ္တိများကို တိုးတက်ဖွံ့ဖြိုးအောင်အသုံးချပါက ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေ၍ ဘုန်းတန်ခိုးတော်အာနုဘော်ကြီးမြတ်စေခြင်းဖြစ်ပါသည်။ သို့မဟုတ်ပါက ကိုယ်တော်၏ ဘုန်းတော်နှင့်ပိုင်ဆိုင်သောအရာကို လုယူရာရောက်ပါသည်။

## ချစ်ခင်ကြင်နာတတ်သောစိတ်

ချစ်ခင်ကြင်နာတတ်ခြင်း၊ စွန့်ကြဲပေးကမ်းတတ်ခြင်း၊ ဝိညာဉ်ရေးရာကိစ္စရပ်များကို လျင်မြန်စွာသိနားလည်တတ်ခြင်းတို့သည် အဖိုးထိုက်သောစွမ်းရည်သတ္တိများဖြစ်၍ပိုင်ရှင်အားကြီးလေးသောတာဝန်ရှိပါသည်။

အားလုံးသောစွမ်းရည်သတ္တိများကို ဘုရားသခင်၏အမှုတော်အတွက် အသုံးချရပါမည်။ သို့သော် ဤအချက်တွင် အများသူတို့မှားယွင်းကြပါသည်။ ယင်းအရည်အချင်းများကိုပိုင်ဆိုင်ရသည့်အတွက် စိတ်ကျေနပ်ပြီးလျှင် သူတစ်ပါးအတွက် လက်တွေ့အသုံးမပြုကြတော့ပါ။ အခွင့်အရေးကောင်း၍အခြေအနေသင့်မြတ်ပါက ကြီးကျယ်ခမ်းနားသောကောင်းမှုတစ်ခုခုပြုမည်ဟု ကိုယ်ကိုကိုယ်မြှောက်ပင့်တတ်ကြ၏။ သို့သော် သူတို့သည် အခွင့်အခါကိုသာငံ့လင့်နေတတ်ကြ၏။ မလုံလောက်သောသူကို အနည်းငယ်မျှဝေငှရန် တွန့်တိုသည့်ဆင်းရဲသားလူစေးနှဲ၏ သဘောထားကျဉ်းမြောင်းပုံကို သူတို့ရှုတ်ချတတ်ကြ၏။ ထိုသူသည် ကိုယ်ကျိုးအတွက်အသက်ရှင်ဖို့သာသိတတ်သည်။ ထိုကြောင့် သူ့စွမ်းရည်ကိုအလွဲအသုံးပြုသည်ဟု သူတို့မြင်ကြ၏။ ထိုကြောင့် သူတို့သည် ယင်းသဘောထားကျဉ်းမြောင်းသူများနှင့်ခြားနားပုံကို နှိုင်းယှဉ်၍ ထိုအိမ်နီးချင်းများထက် သူတို့ကအခြေအနေများစွာပို၍ ကောင်းသည်ဟုယူဆလျက် စိတ်ကျေနပ်နေကြ၏။ သို့သော် သူတို့သည် ကိုယ်ကိုကိုယ်လှည့်စားနေခြင်းသာဖြစ်ကြ၏။ ပိုင်ဆိုင်ထားသည့်စွမ်းရည်သတ္တိများကို အသုံးမပြုဘဲထားခြင်းဖြင့် သူတို့တွင်တာဝန်ပိုမိုများပြားပါသည်။ များစွာချစ်ခင်ကြင်နာတတ်သောသူတို့သည် ဘုရားသခင်တာဝန်ပေးအပ်ထားခြင်းခံရသူများဖြစ်၍ သူတို့၏မိတ်ဆွေများကိုသာမက သူတို့၏ထောက်ပံ့မှုကို လိုအပ်သူအားလုံးကိုပါ ချစ်ခင်ကြင်နာရမည်။ လူမှုရေးတွင် အခွင့်အရေးသာခြင်းများသည် စွမ်းရည်ဖြစ်၍ ကျွန်ုပ်တို့၏သြဇာလွှမ်းမိုးမှုဘောင်အတွင်းရှိသူအားလုံး၏ အကျိုးကျေးဇူးအတွက် အသုံးချရမည်။ အချို့သောသူများကိုသာ ကျေးဇူးပြုတတ်သည့် မေတ္တာသည် မေတ္တာစစ်မဟုတ်ပါ။ တစ်ကိုယ်ကောင်းဆန်ခြင်းမျှသာ

ဖြစ်ပါသည်။ ထိုသို့ပြုခြင်းဖြင့် စိတ်ဝိညာဉ်များအတွက် အဘယ်နည်း နှင့်မျှကောင်းမှုမပြု၊ ဘုရားသခင်၏ဘုန်းတော်ကိုလည်းထင်ရှားစေခြင်း မရှိ။ ယင်းသို့သူတို့သခင်ပေးအပ်ထားသောအစွမ်းရည်သတ္တိများကို တိုးတက်ကောင်းမွန်အောင် မပြုစုသောသူများသည် သူတို့အထင်သေး သောသူများထက်ပို၍ပြစ်ဒဏ်သင့်ပါသည်။ ထိုသူများအားသင်တို့သည် သခင်၏အလိုကိုသိနားလည်သော်လည်း မလိုက်မနာသူများဖြစ်ကြ၏ဟု ပြစ်တင်ပြောဆိုခြင်းကိုခံရကြပေလိမ့်မည်။

## အသုံးချခြင်းအားဖြင့်တိုးပွားလာသောစွမ်းရည်သတ္တိများ

အသုံးချသောစွမ်းရည်သတ္တိများသည် တိုးပွားလာသောစွမ်းရည် သတ္တိများဖြစ်ပါသည်။ အောင်မြင်မှုသည် အကြောင်းအားလျော်စွာဖြစ် လာခြင်းမဟုတ်၊ ကံကြမ္မာကြောင့်လည်းမဟုတ်ပါ။ ဘုရားသခင်စီမံ တော်မူရာဖြစ်၏။ ချင့်ချိန်တိုင်းထွာတတ်ခြင်းနှင့်ယုံကြည်ကိုးစားခြင်း၏ ဆုကျေးဇူးဖြစ်၏။ သီလနှင့်မလျှော့သောလုံ့လဖြင့် အားထုတ်ကြိုးစား ခြင်းတို့၏အကျိုးကျေးဇူးလည်းဖြစ်၏။ ကျွန်ုပ်တို့တွင်ရရှိထားသော ဆုကျေးဇူးတိုင်းကိုအသုံးချရန် ဘုရားသခင်အလိုတော်ရှိတော်မူသည် ဖြစ်၍ ကျွန်ုပ်တို့လိုက်နာပါက ဆက်လက်အသုံးချရန် ပို၍ကြီးမြတ် သောဆုကျေးဇူးများကိုပေးသနားတော်မူလိမ့်မည်။ ကျွန်ုပ်တို့ခံယူနိုင် သည်ထက်ကျော်လွန်၍ သဘာဝမကျသောအစွမ်းသတ္တိကိုပေးတော်မူ မည်မဟုတ်ပါ၊ သို့သော် ကျွန်ုပ်တို့၏ အတတ်ပညာရှိသမျှကို ပိုမိုတိုး တက်ဖွံ့ဖြိုးစေရန် ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူလုပ်ဆောင်တော် မူလိမ့်မည်။ သခင်၏အမှုတော်အတွက် ကျွန်ုပ်တို့သည် ကိုယ်ရောစိတ်ပါ အားထုတ်၍ စေတနာအပြည့်အဝနှင့်အနစ်နာခံပါက ကျွန်ုပ်တို့၏

စွမ်းရည်သတ္တိဖွံ့ဖြိုးလိမ့်မည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ ဦးဆောင်လမ်းညွှန်မှုကိုလိုက်နာပါက ကိုယ့်သဘောကိုယ့်အလိုသို့ လိုက်တတ်သောစိတ်ဟောင်းများနှင့် မကောင်းသောအထုံဝါသနာများကို စွန့်လွှတ်ပြီးလျှင် ကောင်းသောအကျင့်ဓလေ့များကိုပြုစုပျိုးထောင်ရန် ဘုရားသခင်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့အားပြုပြင်တော်မူလိမ့်မည်။ ဝိညာဉ်တော်လမ်းညွှန်သည်ကိုရိုသေစွာလိုက်နာပါက ကိုယ်တော်၏ တန်ခိုးတော်ကိုလက်ခံနိုင်လောက်အောင် ကျွန်ုပ်တို့၏စိတ်နေသဘော ထားများရင့်ကျက်လာပြီးလျှင် ပို၍ကောင်းမြတ်သည့်အမှုကိုဆောင်ရွက် နိုင်ပေလိမ့်မည်။ တိမ်မြုပ်နေသောအင်အားများနိုးထလာပြီးလျှင် သွက်ချာပါဒလိုက်နေသောအတတ်ပညာနှင့်အစွမ်းသတ္တိများလည်း အသစ်သောအသက်တာနှင့်ပြည့်ဝကြပေလိမ့်မည်။

ဘုရားသခင်၏ခေါ်တော်မူခြင်းကို လိုလားစွာတုံ့ပြန်သည့်စိတ် နှလုံးနှိမ့်ချသောအမှုဆောင်သည် ဘုရားသခင်ဖေးမတော်မူခြင်းကို ဧကန်မုချခံစားရပါလိမ့်မည်။ ဤမျှမြင့်မြတ်သန့်ရှင်းသောတာဝန်ကို လက်ခံခြင်းသည်ပင်လျှင် အကျင့်ကိုမြှင့်တင်လိုက်ခြင်းဖြစ်ပါသည်။ အမြင့် ဆုံးသောစိတ်အင်အား၊ ဝိညာဉ်အင်အားကိုထကြွလှုပ်ရှားစေပြီးလျှင် ဦးနှောက်နှင့်နှလုံးကို အားအင်ပြည့်ဖြိုးသန့်စင်စေ၏။ အင်အားချည့်နဲ့ သောသူတစ်ယောက်သည် ဘုရားသခင်၏တန်ခိုးတော်ကိုယုံကြည်သော အားဖြင့် မည်မျှသန်စွမ်းလာမည်ကိုလည်းကောင်း၊ ကြိုးစားအားထုတ် ရာတွင်မည်မျှစိတ်ပြဋ္ဌာန်းခြင်းရှိလိမ့်မည်ကိုလည်းကောင်း၊ အကျိုး သက်ရောက်မှုမည်မျှကြီးလိမ့်မည်ကိုလည်းကောင်း အံ့ချီးဖွယ်ရာ သိတွေ့ရလိမ့်မည်။ အနည်းငယ်မျှသောအတတ်ပညာဖြင့် စိတ်နှလုံး နှိမ့်ချစွာ လုပ်ငန်းအစပြုပြီးလျှင် တိုးတက်တတ်မြောက်ရန် လုံ့လဝီရိယ

စိုက်ထုတ်၍အတတ်ပညာဆည်းပူးရင်း မိမိတတ်သမျှကိုသူတစ်ပါးအား ပြောဟောဝေငှသောသူသည် အလိုရှိသမျှကိုရရှိနိုင်သည့် ကောင်းကင်ဘဏ္ဍာတစ်ရပ်လုံးကိုတွေ့မြင်ရလိမ့်မည်။ အလင်းတရားကိုကြိုးစားအားထုတ်၍ဝေငှလေ သာ၍များသောအလင်းတရားကိုကိုယ်တိုင်ရရှိလေဖြစ်လိမ့်မည်။ အသက်ဝိညာဉ်များကိုချစ်မြတ်နိုးသောအားဖြင့် ဘုရားသခင်၏နှုတ်ထွက်တရားတော်ကို သူတစ်ပါးအားကြိုးစား၍ရှင်းပြလေသူကိုယ်တိုင်အတွက် ပို၍ရှင်းလေဖြစ်လိမ့်မည်။ ကျွန်ုပ်တို့၏အတတ်ပညာကိုအသုံးချ၍ စွမ်းအင်ကိုလေ့ကျင့်ပေးလေ ပို၍များသောအတတ်ပညာနှင့်စွမ်းအင်ကိုရလေဖြစ်လိမ့်မည်။

ခရစ်တော်အတွက် ကြိုးစားအားထုတ်မှုမှန်သမျှကို ကျွန်ုပ်တို့အတွက်ကောင်းချီးရောင်ပြန်ဟပ်လိမ့်မည်။ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေရန်ကျွန်ုပ်တို့၏ဥစ္စာဓနကိုအသုံးချလျှင် ပို၍များသောဥစ္စာဓနကိုပြန်၍ပေးတော်မူလိမ့်မည်။ အသက်ဝိညာဉ်များ၏လေးလံသောဝန်ကိုထမ်း၍ဆုတောင်းခြင်းဖြင့် သူတို့အားခရစ်တော်ထံသို့ပို့ဆောင်ရန်အားထုတ်လျှင် ဘုရားသခင်၏ကျေးဇူးတော်ဆိုင်ရာအသက်ရှင်စေတတ်သည့်အရှိန်ဩဇာနှင့်အတူ ကျွန်ုပ်တို့၏နှလုံးလှုပ်ရှားလိမ့်မည်။ ကျွန်ုပ်တို့၏ကြင်နာသနားမှုသည် ပို၍ပြင်းထန်စွာ ဘုရားသခင်ကိုရောင်ပြန်ဟပ်လိမ့်မည်။ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာသည် ပို၍စစ်မှန်လိမ့်မည်။ ပို၍စိတ်အားထက်သန်လိမ့်မည်။ ပို၍ဆုတောင်းခြင်းရှိလိမ့်မည်။

ဘုရားသခင်အားသိကျွမ်းနိုင်သည့် စိတ်နှလုံးအတိုင်းအတာကိုမူတည်၍ ကောင်းကင်ဘုံတွင်လူ၏ တန်ဖိုးကိုခန့်မှန်းပါသည်။ ယင်းအသိပညာသည် စွမ်းအားရှိသမျှစီးဆင်းရာစမ်းချောင်းကြီးပမာဖြစ်ပါသည်။ လူ၏အတတ်ပညာရှိသမျှသည် ဘုရားသခင်၏စိတ်တော်နှင့်လျော်ညီ

သောအတတ်ပညာဖြစ်ရန် ဘုရားသခင်သည် လူကိုဖန်ဆင်းတော်မူ၏။ ၄င်းအပြင် ကိုယ်တော်သည် လူ၏စိတ်သဘောကို ဘုရားသခင်၏စိတ်တော်နှင့် မိတ်သဟာယဖွဲ့နိုင်ရန် အမြဲတစေလိုလားတော်မူ၏။ ကျွန်ုပ်တို့သည်ကောင်းကင်အရာများကိုပို၍ သိကျွမ်းနိုင်အောင် ကိုယ်တော်၏ကျေးဇူးတော်ကို ဤကမ္ဘာလောကသို့ဖေါ်ပြရာ၌ခရစ်တော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် အထူးအခွင့်အရေးကို ပေးသနားတော်မူ၏။

သခင်ယေရှုကိုစေ့စေ့ထောက်ရှုခြင်းဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်အားပို၍ထင်ရှားစွာဖြင့်လည်းကောင်း၊ ပို၍ကြည်လင်ပြတ်သားစွာဖြင့်လည်းကောင်း တွေ့မြင်နိုင်ပြီးလျှင် ကိုယ်တော်ကိုရှုမျှော်ခြင်းဖြင့် ကျွန်ုပ်တို့သည် ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်ရကြပေလိမ့်မည်။ ကောင်းမြတ်ခြင်းနှင့်လူသားအချင်းချင်းကို ချစ်ခင်မြတ်နိုးခြင်းတို့သည် ကျွန်ုပ်တို့၏အတွင်းစိတ်တွင် အလိုအလျောက်ဖြစ်ပေါ်လာလိမ့်မည်။ ဘုရားသခင်၏ဘုန်းတော်နှင့်လျော်ညီသောအကျင့်ကို ကျွန်ုပ်တို့ဆည်းပူးနိုင်ကြလိမ့်မည်။ ကိုယ်တော်၏ပုံသဏ္ဍာန်တော်နှင့်တူညီအောင် ကြီးထွားရင့်ကျက်လာသည်နှင့်အမျှ ကျွန်ုပ်တို့တွင် ကိုယ်တော်အားသိကျွမ်းသည့်စွမ်းရည်ပိုမိုထက်မြက်လာပါလိမ့်မည်။ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်နှင့် ပိုသည်ထက်ပို၍ မိတ်သဟာယဖွဲ့ခြင်းဖြင့် ထာဝရကာလ၏ ကြွယ်ဝလှစွာသောအသိပညာနှင့်အတတ်ပညာများကိုခံယူနိုင်ရန် စဉ်ဆက်မပြတ် တိုးတက်နေသောစွမ်းအားကိုရရှိကြလိမ့်မည်။

## အခွက်တစ်ဆယ်

အခွက်တစ်ဆယ်ကိုသာရရှိသောသူသည် "သွား၍မြေ၌တူးပြီးလျှင် အရှင်၏ငွေကိုဝှက်ထားလေ၏။"

အခွက်တစ်ဆယ်ဖြစ်သည့်အနည်းဆုံးသောဆုကျေးဇူးကို ရရှိသောသူသည် မိမိရရှိသောစွမ်းရည်ကို တိုးတက်ဖွံ့ဖြိုးအောင်မပြုလုပ်သောသူဖြစ်၏။ ဤနေရာတွင် စွမ်းရည်အနည်းငယ်မျှသာရရှိသောသူတို့သည် ခရစ်တော်၏အမှုတော်ကိုဆောင်ရွက်ခြင်းမှ ခွင့်လွှတ်ထားခြင်းခံရသည်ဟု သဘောထားသူများကို သတိပေးထားခြင်းဖြစ်ပါသည်။ အကယ်၍သူတို့သည် အရေးကြီးသောလုပ်ငန်းတစ်ခုကိုဆောင်ရွက်ရမည်ဆိုပါက ဝမ်းမြောက်ဝမ်းသာစွာဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့သော် အသေးအဖွဲ့ကိစ္စရပ်ကိုသာ ဆောင်ရွက်ခွင့်ရရှိသဖြင့် လုံးဝမဆောင်ရွက်ဘဲထားလျှင်လည်း တရားမျှတပါသည်ဟု သူတို့ယူဆကြ၏။ ဤနေရာတွင် သူတို့မှားနေကြပေပြီ။ ဘုရားသခင်သည် လူအသီးသီးတို့အား ဆုကျေးဇူးအဖုံဖုံကို စီမံဖြန့်ဖြူးရာ၌ အကျင့်များကိုစမ်းသပ်စစ်ဆေးနေခြင်းဖြစ်ပါသည်။ မိမိရရှိထားသောစွမ်းရည်သတ္တိဆုကျေးဇူးများကို တိုးတက်ဖွံ့ဖြိုးအောင် အားထုတ်ခြင်းမရှိသောသူသည် သစ္စာမရှိသောကျွန်ဖြစ်ပါသည်။ အကယ်၍ထိုသူသည် ငွေအခွက်ငါးဆယ်ကိုလက်ခံရရှိမည်ဟုဆိုပါက အခွက်တစ်ဆယ်ကိုမြေ၌ တွင်းတူးမြှုပ်ထားသကဲ့သို့ အခွက်ငါးဆယ်ကိုလည်း မြှုပ်ထားပေလိမ့်မည်။ သူသည် အခွက်တစ်ဆယ်ကို အလွဲအသုံးချခြင်းအားဖြင့် ကောင်းကင်ဆုကျေးဇူးများကို မထီလေးစားပြုပါသည်။

“အနည်းငယ်သောအမှု၌ သစ္စာရှိသောသူသည် ကြီးသောအမှု၌လည်းသစ္စာရှိလိမ့်မည်။” လု၊ ၁၆း၁၀။ သေးငယ်သောအရာတို့၏အရေးကြီးပုံကို မကြာခဏအထင်မှားကြသည့်အကြောင်းရင်းမှာ၊ ထိုအရာများတို့သည် သေးငယ်သောကြောင့်ပင်ဖြစ်သော်လည်း အသက်တာအတွက် စည်းကမ်းသေဝပ်မှုတွင် များစွာအထောက်အကူဖြစ်ပါသည်။

**အပ်ထားသောငွေကိုအသုံးမပြုဘဲတွင်းတူး၍ဝှက်ထားလေ၏။**

အမှန်အားဖြင့် ခရစ်ယာန်အသက်တာတွင် အရေးမကြီးသောအရာဟူ၍ မရှိပါ။ ကျွန်ုပ်တို့သည် သေးငယ်သောအရာများ၏ အရေးကြီးပုံကို အထင်မှားပါက ကျွန်ုပ်တို့၏ အကျင့်တည်ဆောက်ရေးတွင် များစွာ ဘေးရန်ရှိပါသည်။

“အနည်းငယ်သောအမှု၌သစ္စာမရှိသောသူသည် ကြီးသော အမှု၌လည်းသစ္စာမရှိ” အငယ်ဆုံးသောတာဝန်၌ပင် သစ္စာမရှိသော သူသည် ဘုရားသခင်အတွက် မိမိထမ်းဆောင်ရမည့်တာဝန်များကို သစ္စာရှိစွာမဆောင်ရွက်ပါ။ ယင်းသို့သစ္စာမဲ့သောကြောင့် သူ့ကိုယ်သူ တန်ပြန်လိမ့်မည်။ ဘုရားသခင်အား လုံးလုံးလျားလျားအပ်နှံပါက

မိမိရရှိမည့်ကျေးဇူးတော်၊ စွမ်းအားနှင့်စာရိတ္တဗလများကိုလည်း ဆုံးရှုံးလိမ့်မည်။ ခရစ်တော်နှင့်ခွဲခွာ၍ နေသောကြောင့် စာတန်၏ဖြား ယောင်းမှုလက်အောက်သို့ရောက်နေသဖြင့် သခင်အတွက်သူ၏လုပ်ငန်း တွင် အမှားမှားအယွင်းယွင်းဖြစ်နေလိမ့်မည်။ သေးငယ်သောအမှုကိစ္စ များတွင် စစ်မှန်သောအခြေခံသဘောတရားကို စံထားခြင်းမပြုသော ကြောင့် သူ၏အထူးတာဝန်ဖြစ်သည်ဟုသဘောထားသည့်အရေးကြီး သောကိစ္စရပ်များတွင် ဘုရားသခင်၏အလိုတော်အတိုင်း လိုက်နာ ဆောင်ရွက်ရန်ပျက်ကွက်တော့၏။ ဘဝအသက်တာ၏သေးငယ်သော အရေးကိစ္စများတွင် ချွတ်ယွင်းမှုများကိုအလေးမထားပါက အရေးကြီး သောအမှုကိစ္စများသို့တိုင်အောင်ကူးစက်ပါသည်။ သူ့အတွက်သမားရိုးကျ ဖြစ်နေသောအခြေခံသဘောတရားအပေါ် အမှီတံကဲပြုနေသော ကြောင့်ဖြစ်၏။ ထို့ကြောင့်ထပ်တလဲလဲပြုခြင်းများသည် အလေ့ အထများဖြစ်လာ၏။ ယင်းအလေ့အထများမှတစ်ဆင့် အကျင့်ဖြစ်လာ ၏။ ယင်းအကျင့်မှတစ်ဆင့် ကျွန်ုပ်တို့၏ပစ္စုပ္ပန်ဘဝနှင့် ထာဝရကာလ အတွက် သွားရမည့်ခရီးလမ်းဆုံးကို ဆုံးဖြတ်ပါသည်။

သေးငယ်သောအမှုကိစ္စရပ်များ၌ သစ္စာစောင့်ခြင်းအားဖြင့်သာ လျှင် ပို၍ကြီးသောတာဝန်ဝတ္တရားများ၌ သစ္စာတည်မြဲစေရန် လေ့ကျင့် ပေးနိုင်လိမ့်မည်။ ဒံယေလနှင့်သူ၏အပေါင်းအဖေါ်များအား ထင်ရှား ကျော်ကြားသည့် ဗာဗုလုန်လူကြီးလူကောင်းများနှင့်တွေ့ဆုံရန် ဘုရား သခင်ခေါ်တော်မူခြင်းမှာ ယင်းဘုရားသခင်ကိုမသိသောလူကြီးလူ ကောင်းများသည် စစ်မှန်သောဘာသာအယူဝါဒ၏အခြေခံသဘောတ တရားများကိုသိကျွမ်းကြစေရန်အတွက်ဖြစ်ပါသည်။ ဘုရားသခင်ကိုမကိုး ကွယ်သည့်တိုင်းပြည်အလယ်တွင်ဒံယေလသည်ဘုရားသခင်၏ဘုန်းတော်ကို

ဖေါ်ထုတ်ရန်ဖြစ်ပါသည်။ ဤမျှလောက်ဘုန်းအသရေရှိ၍ ယုံကြည်လွှဲအပ်ခြင်းခံရသည့်တာဝန်ကိုထမ်းဆောင်ရန် ဒံယေလသည်မည်သို့မည်ပုံထိုက်တန်ပါသနည်း။ သေးငယ်သောအမှုကိစ္စများတွင် သစ္စာ ရှိမှုကသူ၏ဘဝအသက်တာတစ်ခုလုံးကို ရုပ်လုံးဖေါ်ထားသောကြောင့်ပင်ဖြစ်ပါသည်။ သူသည် အသေးငယ်ဆုံးသောအမှုအရေးတွင် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသည်ဖြစ်၍ ဘုရားသခင်သည် သူနှင့်အတူလုပ်ဆောင်တော်မူ၏။ ဘုရားသခင်သည် ဒံယေလနှင့်သူ၏အဖေါ်များအား “အထူးထူးသောသိပ္ပံအတတ်ပညာတို့ကို သိစေခြင်းငှါထိုးထွင်း၍နားလည်နိုင်သောဉာဏ်သတ္တိကို ပေးသနားတော်မူ၏။ ဒံယေလသည်လည်း မြင်ခြင်းအိပ်မက်ကိုနားလည်နိုင်သောဉာဏ်ပညာနှင့်ပြည့်စုံ” စေ၏။ ဒံ၊ ၁း၁၇။

ဘုရားသခင်သည် ဒံယေလအား ဗာဗုလုန်နိုင်ငံတွင် ကိုယ်တော်အတွက်သက်သေခံရန် ခေါ်တော်မူသကဲ့သို့ ကျွန်ုပ်တို့ကိုလည်း ယနေ့ဤကမ္ဘာတွင် ကိုယ်တော်၏သက်သေခံများဖြစ်ရန် ခေါ်တော်မူ၏။ ဘဝအသက်တာ၏ အငယ်ဆုံးသောအမှုကိစ္စ၌ဖြစ်စေ၊ အရေးအကြီးဆုံးသောအမှုကိစ္စ၌ဖြစ်စေ လူအပေါင်းတို့မျက်မှောက်တွင် ဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သော ကျင့်ဝတ်များကိုဖေါ်ညွှန်းရန် ဘုရားသခင်အလိုရှိတော်မူ၏။

ခရစ်တော်သည် ဤလောကတွင် သက်တော်ထင်ရှားရှိခဲ့စဉ်က သေးငယ်သောအမှုကိစ္စများကို ဂရုစိုက်ရန်ဩဝါဒပေးတော်မူ၏။ ကြီးမြတ်တော်မူသည့် ရွေးနုတ်ခြင်းစီမံကိန်းကြီး၌ကိုယ်တော်သည်အသက်ဝိညာဉ်အတွက် အမြဲတစေလေးသောဝန်ထုပ်ကြီးဖြစ်ခဲ့၏။ ကိုယ်တော်သည် ဩဝါဒပေးလျက် ၊ အနာရောဂါများကိုကင်းငြိမ်းစေလျက်နေတော်

မူစဉ်က ကိုယ်ခန္ဓာစွမ်းအားရှိသမျှ အသိဉာဏ်ရှိသမျှအစွမ်းကုန်အသုံးချတော်မူ၏။ သို့ပါလျက် ဘဝအသက်တာနှင့်ဘဝလောကတွင် အရိုးဆုံး၊ အလွယ်ကူဆုံးသောအရာများကိုသတိပြုတော်မူ၏။ ကိုယ်တော်၏အထိရောက်ဆုံးသောဩဝါဒများမှာ ဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သောအကြီးမြတ်ဆုံးသော ဘုရားသခင်၏တရားတော်များကိုသဘာဝ၏အလွယ်ကူဆုံးနားလည်နိုင်သောအရာများနှင့် သရုပ်ဖော်ထားခြင်းပင်ဖြစ်ပါသည်။ ကိုယ်တော်၏ အချို့တဲ့ဆုံးသော၊ အားအနည်းဆုံးသောတပည့်တော်များ၏အသက်တာအတွက် အမှန်လိုအပ်သည့်အရာများကိုလျစ်လျူရှုတော်မမူပါ။ ကိုယ်တော်သည် အမှန်စင်စစ်လိုအပ်သဖြင့် မျက်ရည်ကျလျက်တောင်းလျှောက်သံတိုင်းကိုကြားတော်မူ၏။ လူအုပ်ကြီးထဲတွင် အခက်အခဲရောက်နေသည့် အမျိုးသမီးက လက်နှင့်တို့ထိလိုက်သည်ကိုသိတော်မူ၏။ ယုံကြည်ခြင်းအပြည့်အဝရှိသဖြင့်တို့ရုံမျှတို့သည်ကိုပင်အရေးယူတော်မူ၏။ ယာဣရု၏သမီးငယ်ကိုသေခြင်းမှထမြောက်စေပြီးသောအခါ သူမ၏မိဘများအား အစားအစာကျွေးရန်သတိပေးတော်မူ၏။ ကိုယ်တော်သည် မိမိတန်ခိုးတော်အားဖြင့်သင်္ချိုင်းတွင်းမှထမြောက်တော်မူသောအခါ ကိုယ်တော်အားရစ်ပတ်ထားသည့်အဝတ်ကိုခေါက်ထားရန် ဂုဏ်နိမ့်ဖွယ်ဖြစ်သည်ဟူ၍သဘောမထားဘဲ သေသေသပ်သပ်ခေါက်၍ နေရာတကျထားခဲ့တော်မူ၏။

ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့အားခေါ်တော်မူခြင်းမှာ အသက်ဝိညာဉ်များကိုကယ်ဆယ်ရန်အတွက် ခရစ်တော်နှင့်အတူပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါသည်။ ယင်းလုပ်ငန်းကိုဆောင်ရွက်ရန် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်ပဋိညာဉ်ဖွဲ့ထားကြသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ယင်းလုပ်ငန်းတာဝန်ကို ကျေပွန်အောင်မဆောင်ရွက်ပါက

ခရစ်တော်ကိုသစ္စာဖေါက်ခြင်းဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် ယင်းတာဝန်ကိုကျေပွန်အောင်ဆောင်ရွက်ကြမည်ဆိုပါက ခရစ်တော်၏ ပုံစံနမူနာအတိုင်းသေးငယ်သောကိစ္စများတွင် သစ္စာရှိရမည့်ပြင် စိတ်ကြည်လင်စွာဖြင့် အာရုံစိုက်ရမည်။ ယင်းအချက်သည် ခရစ်ယာန် တို့ကိုကြိုးစားအားထုတ်ဆောင်ရွက်ရမည့် အကျိုးသက်ရောက်မှုလုပ်ငန်း တိုင်းအတွက် အောင်မြင်ခြင်းဆိုင်ရာလျှို့ဝှက်ချက်ဖြစ်ပါသည်။

ကိုယ်တော်၏လူတို့သည် ကိုယ်တော်ကိုလိုလားစွာပေးသနား တော်မူသည့်စွမ်းရည်သတ္တိကို ပိုင်ဆိုင်ရခြင်းအားဖြင့် ထိပ်ဆုံးသို့ရောက် အောင်တိုးတက်ကြီးပွားလျက် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှား စေရန် ကိုယ်တော်အလိုရှိတော်မူ၏။ ကျွန်ုပ်တို့သည် လောကသားတို့၏ အစီအစဉ်ထက်ပို၍ကောင်းသောအစီအစဉ်ပေါ်တွင် လုပ်ငန်းဆောင် ရွက်ရသည်ဖြစ်ကြောင်းထင်ရှားစေရန် ဘုရားသခင်သည် ကျေးဇူးတော် အားဖြင့်ကျွန်ုပ်တို့အတွက်ပြည့်စုံကုံလုံစွာစီမံထားတော်မူ၏။ ကျွန်ုပ် တို့သည် ဘုရားသခင်ကိုလည်းကောင်း၊ ကိုယ်တော်သည်လူတို့၏စိတ် နှလုံးကိုပြုပြင်နိုင်တော်မူသည်ဟူ၍လည်းကောင်း၊ ယုံကြည်သောကြောင့် သိမှတ်တတ်သောစွမ်းရည်နှင့်လည်းကောင်း၊ အသိဉာဏ်ထက်မြက်ခြင်း နှင့်လည်းကောင်း ၊ကျွမ်းကျင်မှုနှင့် သိပ္ပံအတတ်ပညာတွင်လည်းကောင်း ထူးချွန်သူများဖြစ်ကြောင်းပြရကြပါမည်။

သို့သော် ဆုကျေးဇူးတော်အမြောက်အမြားမရရှိသောသူများက လည်း စိတ်မပျက်သင့်ပါ။ သူတို့၏အကျင့်တွင် အားနည်းချက်ကို သစ္စာနှင့်စောင့်ထိန်းလျက် ကျေးဇူးတော်အားဖြင့် ကြံ့ခိုင်အောင်အား ထုတ်ပြီးလျှင် သူတို့ရရှိသောဆုကျေးဇူးများကိုအသုံးပြုရမည်။ ကျွန်ုပ်တို့ ဘဝအသက်တာတစ်လျှောက်ပြုလေသမျှတို့၌ ရိုးသားဖြောင့်မတ်ခြင်း

တွင် ကျေးဇူးသစ္စာစောင့်ခြင်းကိုပေါင်းစပ်လျက် အမှုတော်ပြီးမြောက် အောင်ဆောင်ရွက်နိုင်ရေးအတွက် အရည်အချင်းတိုးတက်ဖွံ့ဖြိုးအောင် ပြုစုပျိုးထောင်ရမည်။

ပေါ့လျော့ပျက်ကွက်သည့်အလေ့အထကို ဇွဲကောင်းကောင်းနှင့် နှိမ်နင်းပါ။ အကြီးလေးဆုံးသောအမှားများကိုပင်လျှင် သတိလစ်၍ ဖြစ်ရပါမည်ဟုဆင်ခြေပေးလျှင် လုံလောက်သည်ဟု အများထင်မှတ် မှားကြပါသည်။ သို့သော် သူတို့သည် အခြားသောသူများနည်းတူ သိမှတ်တတ်သောစွမ်းရည်သတ္တိ ရှိကြသည်မဟုတ်ပါလော။ ထို့ကြောင့် သူတို့သည် သူတို့၏ဦးနှောက်များတွင် စွဲမှတ်တတ်သည့်စွမ်းရည်နှင့် ပြည့်ဝအောင် လေ့ကျင့်ထားသင့်ပါသည်။ မေ့လျော့တတ်ခြင်းနှင့် ပေါ့လျော့ခြင်းတို့သည် အပြစ်များဖြစ်ပါသည်။ သင်သည် လျစ်လျူရှု သည့်အလေ့အထကိုပုံသွန်းထားလျှင် သင်၏အသက်ဝိညာဉ်ကယ်တင် ရေးအတွက်ကိုလည်း လျစ်လျူရှုထားလိမ့်မည်ဖြစ်သောကြောင့် နောက်ဆုံး တွင်သင်သည် ဘုရားသခင်၏နိုင်ငံတော်အတွက် အသင့်မရှိဖြစ်နေ လိမ့်မည်။

ကြီးမြတ်တော်မူသည့် ဘုရားသခင်၏တရားများကို သေးငယ် သောအရာများနှင့်ဆက်စပ်ရမည်။ လက်တွေ့ဘာသာရေးကိုနေ့စဉ် သေးနုပ်သောတာဝန်များနှင့်တွဲဖက်ရမည်။ ဘုရားသခင်၏ နှုတ်ထွက် တရားတော်ကို စိတ်နှောင့်နှေးခြင်းမရှိဘဲ နားထောင်ခြင်းသည် မည်သူ့ အတွက်မဆို အကြီးမြတ်ဆုံးသောအရည်အချင်းဖြစ်ပါသည်။

ဘာသာရေးဆိုင်ရာလုပ်ငန်းတစ်စုံတစ်ရာနှင့် တိုက်ရိုက်ဆက် သွယ်မှုမရှိသောကြောင့် မိမိတို့၏ အသက်တာများသည်အသုံးမဝင်ဟု အများသောသူတို့ယူဆကြပါသည်။ သူတို့သည်ဘုရားသခင်၏နိုင်ငံတော်

တိုးတက်ရေးအတွက် ဘာတစ်ခုမျှမဆောင်ရွက်ရကြဟုထင်မှတ်နေကြ၏။ ယင်းသည်မှားယွင်းသောအယူအဆဖြစ်ပါသည်။ သူတို့ဆောင်ရွက်ရသောလုပ်ငန်းသည် တစ်စုံတစ်ယောက်သောသူက ကေန်မုချလုပ်ရမည့်အလုပ်ဖြစ်ပါက သူတို့သည်လည်း ဘုရားသခင်၏မိသားစုအသိုက်အဝန်းတွင်ပါဝင်သည်ဖြစ်၍ သူတို့ကိုယ်သူတို့အသုံးမဝင်သောသူများဟူ၍မစွပ်စွဲသင့်ပါ။ အနိမ့်ကျဆုံးသောလုပ်ငန်းတာဝန်များကိုပင်လျစ်လျူရှုရန်မဟုတ်ပါ။ ရိုးဖြောင့်သောလုပ်ငန်းမှန်သမျှသည် ကောင်းချီးဖြစ်၍ ယင်းကိုသစ္စာရှိစွာထမ်းဆောင်ခြင်းဖြင့် ပို၍မြင့်မြတ်သောတာဝန်ကိုထမ်းဆောင်ရန် လေ့ကျင့်ထားသည့်သာဓကဖြစ်လိမ့်မည်။

မည်မျှပင်နိမ့်ကျသောလုပ်ငန်းတာဝန်ဖြစ်စေကာမူ မိမိကိုယ်ကိုဘုရားသခင်အား လုံးလုံးလျားလျားအပ်နှံ၍ဆောင်ရွက်ပါလျှင်အကြီးမြတ်ဆုံးသောအမှုတော်ကိုဆောင်ရွက်သကဲ့သို့ပင်ဘုရားသခင်လက်ခံတော်မူဖွယ်ဖြစ်ပါသည်။ စိတ်သဘောထားရိုးဖြောင့်စွာဖြင့်လည်းကောင်း၊ ဝမ်းမြောက်ဝမ်းသာစွာဖြင့်လည်းကောင်း ဆက်ကပ်ပူဇော်သည့်အလှူမှန်သမျှ နည်းသည်ဟူ၍မရှိပါ။

ကျွန်ုပ်တို့သည် မည်သည့်အရပ်၌ပင်ရှိနေစေကာမူ အလိုအလျောက်ဖြစ်ပေါ်လာသမျှသောတာဝန်ကိုထမ်းဆောင်ရန် ခရစ်တော်အလိုရှိတော်မူ၏။ အကယ်၍ယင်းကိစ္စမျိုးအိမ်တွင်း၌ဖြစ်ပေါ်လာပါကလိုလားစွာဖြင့်လည်းကောင်း၊ စိတ်အားထက်သန်စွာဖြင့်လည်းကောင်းနေအိမ်၏သာယာမှုကိုရှေးရှု၍ဆောင်ရွက်ပါ။ သင်သည်မိခင်ဖြစ်ပါကသားသမီးများအား ခရစ်တော်အတွက်လေ့ကျင့်ပညာပေးပါ။ ဤတာဝန်သည်သာသနာပြုဆရာမတစ်ဦးအတွက် တရားပလ္လင်၌တာဝန်ရှိသကဲ့သို့သခင့်အတွက် ဘုရားသခင်၏ အမှုတော်ကို အမှန်ထမ်းဆောင်ခြင်းဖြစ်

ပါသည်။ သင်၏တာဝန်သည် စားဖိုဆောင်၌ဖြစ်ပါက စုံလင်သည့် စားဖိုမှူးတစ်ယောက်ဖြစ်ရန်အားထုတ်ပါ။ ကျန်းမာခြင်းနှင့်လည်းကောင်း၊ အာဟာရနှင့်လည်းကောင်း၊ အရသာနှင့်လည်းကောင်း ပြည့်စုံသည့် အစားအသောက်ကိုပြုပြင်ပါ။ ချက်ပြုတ်စဉ်အကောင်းဆုံးပစ္စည်းများကို အသုံးပြု၍ အလေးနက်ဆုံးသောအရာများကို ဆင်ခြင်ရန်သတိပြုပါ။ သင်၏တာဝန်သည် လယ်ယာမြေကိုထွန်ယက်သည့်အလုပ်ဖြစ်ပါက လည်းကောင်း၊ ကူးသန်းရောင်းဝယ်ခြင်း (သို့မဟုတ်) အခြားလုပ်ငန်းရပ်တစ်ခုခုဖြစ်ပါကလည်းကောင်း လက်ရှိလုပ်ငန်းတာဝန်တွင် အောင်မြင်မှုရရှိအောင် ကြိုးစားဆောင်ရွက်ပါ။ သင်၏လုပ်ငန်းတွင် စိတ်ပါဝင်စားမှုရှိပါ။ သင်၏လုပ်ငန်းတာဝန်ရှိသမျှတွင် ခရစ်တော်ကို ပုံဆောင်ပါ။ ကိုယ်တော်သည် သင်၏နေရာတွင်ရှိပါက ကိုယ်တော် ဆောင်ရွက်တော်မူမည်ကဲ့သို့ သင်လည်းဆောင်ရွက်ပါ။

သင်၏စွမ်းရည်သတ္တိမည်မျှပင်သေးငယ်စေကာမူ သင့်အတါက် ဘုရားသခင်တစ်နေရာသတ်မှတ်ထားပါသည်။ ယင်းသေးငယ်သည့် တစ်ခုတည်းသောစွမ်းရည်သတ္တိကို ပညာဉာဏ်နှင့်ယှဉ်၍ အသုံးချပါက သတ်မှတ်သီးသန့်ထားသည့်လုပ်ငန်းတာဝန်ကို ပြီးမြောက်အောင်မြင်ပါလိမ့်မည်။ သေးငယ်သောတာဝန်များတွင် သစ္စာစောင့်သိရိုသေခြင်းအားဖြင့် ကျွန်ုပ်တို့သည် "အပေါင်း" စီမံကိန်းတွင်တာဝန်ယူ၍ ဘုရားသခင်က "အမြှောက်" စီမံကိန်းတွင် ကျွန်ုပ်တို့အတွက် ဆောင်ရွက်ပေးတော်မူလိမ့်မည်။ ယင်းသေးငယ်သောအရာများအားဖြင့် ကိုယ်တော်၏အမှုတော်တွင် မြတ်နိုးဖွယ်သောအကျိုးသက်ရောက်မှုများ ဖြစ်လာလိမ့်မည်။

အသက်ရှင်သောယုံကြည်ခြင်းကို ရွှေအပ်ချည်မျှင်ကလေးများပမာ အလွန်သေးငယ်သည့်လုပ်ငန်းတာဝန်ကလေးများ၌ပင်လျှင် ရောယှက်ပေါင်းစပ်၍နေပါစေ။ ထိုသို့ပြုလျှင် နေ့စဉ်လုပ်ငန်းတာဝန်သည် ခရစ်ယာန်အသက်တာကို ရှင်သန်ရင့်ကျက်စေလိမ့်မည်။ သခင်ယေရှုကိုအမြဲတစေစေ့စေ့ထောက်ရှု၍နေကြလိမ့်မည်။ ကိုယ်တော်၏အပေါ်၌ထားသောမေတ္တာသည် တာဝန်ယူဆောင်ရွက်လေသမျှအတွက် အလွန်အရေးပါသောစွမ်းအားဖြစ်လိမ့်မည်။ ထိုကြောင့် ကျွန်ုပ်တို့၏စွမ်းရည်သတ္တိများကို မှန်ကန်စွာအသုံးချခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ် အထက်ကမ္ဘာနှင့်ရွှေကြိုးအားဖြင့် ဆက်သွယ်ထားနိုင်ပေလိမ့်မည်။ ဤအရာသည် စစ်မှန်သောသန့်စင်ခြင်းဖြစ်၍ သန့်စင်ခြင်းဆိုသည်မှာ ဘုရားသခင်၏အလိုတော်ကိုစုံလင်စွာနားထောင်ခြင်းအားဖြင့် နေ့စဉ်တာဝန်ဝတ္တရားကိုရွှင်လန်းဝမ်းမြောက်စွာဆောင်ရွက်ခြင်းဖြစ်ပါသည်။

သို့သော် အများသောခရစ်ယာန်တို့သည် မိမိတို့ထံသို့ကြီးမြတ်သောလုပ်ငန်းတာဝန်တစ်စုံတစ်ခုရောက်ရှိလာရန်စောင့်ဆိုင်းနေတတ်ကြပါသည်။ သူတို့ရည်မှန်းချက်အတိုင်း ကျေနပ်လောက်အောင်ကြီးမြတ်သည့်လုပ်ငန်းတာဝန်ကိုမတွေ့ရသောအခါ နေ့စဉ်အသက်တာ၏သာမန်တာဝန်များကို သစ္စာရှိစွာထမ်းဆောင်ရန် ပေါ့လျော့ကြပါသည်။ ယင်းတာဝန်များကိုသူတို့စိတ်မဝင်စားကြပါ။ သူတို့သည်ဘုရားသခင်၏သစ္စာတော်ကိုစောင့်သိရိုသေကြောင်းပြရန် နေ့ရက်အစဉ်အတိုင်းရရှိသောအခွင့်အရေးများကို လက်လွှတ်လိုက်ကြ၏။ သူတို့သည်ကြီးမြတ်သောအလုပ်တစ်စုံတစ်ခုကိုစောင့်မျှော်လျက်နေစဉ်တွင် သူတို့၏အသက်တာကိုကုန်လွန်စေသဖြင့် အသက်တာ၏တာဝန်ကို မကျေပွန်ကြ။ အသက်တာ၏ လုပ်ငန်းမပြီးမြောက်ကြ။

## စွမ်းရည်သတ္တိအမြတ်အစွန်း

"ကာလကြာမြင့်ပြီးမှ ထိုငယ်သားတို့အရှင်သည်လာ၍သူတို့ကို စာရင်းယူလေ၏။" ဘုရားသခင်သည် မိမိအမှုတော်ဆောင်များ၏ စာရင်းများကို စစ်ဆေးသောအခါ စွမ်းရည်သတ္တိရှိသမျှအတွက်အကျိုး ဆောင်ရွက်သူ၏အကျင့်ကိုပြီးမြောက်သည့်လုပ်ငန်းက ထင်ရှားစွာပြလိမ့်မည်။

အခွက်ငါးဆယ်နှင့်အခွက်နှစ်ဆယ်ကို လက်ခံရရှိသောသူတို့သည်မိမိတို့အားအပ်နှင်းထားခဲ့သည့်ဆုကျေးဇူးများနှင့်တကွ ၎င်းတို့မှ တိုးပွားရရှိထားသောဆုကျေးဇူးများကိုပါ ပြန်လည်ပေးအပ်ကြပါသည်။ ယင်းသို့ဆောင်ရွက်ခြင်းအားဖြင့် သူတို့ခံစားထိုက်သောအကျိုးအမြတ်ကို မတောင်းဆိုကြ။ သူတို့၏စွမ်းရည်သတ္တိများမှာ သူတို့အားယုံကြည်လွှဲအပ်ထားခဲ့သည့် အတိုင်းဖြစ်၍အခြားသောစွမ်းရည်သတ္တိများကိုလည်း ထပ်လောင်းရရှိခဲ့ပါသည်။ သို့သော် သူတို့အားပေးအပ်ထားခြင်းမရှိခဲ့ပါကသူတို့သည် အမြတ်အစွန်းကိုရရှိနိုင်ကြမည်မဟုတ်ပါ။ ပေးအပ်ခဲ့သည့်တာဝန်ဝတ္တရားများကိုသာ ဆောင်ရွက်ကြသည်ဟု သူတို့နားလည်သဘောပေါက်ကြ၏။ အရင်းတည်သောပစ္စည်းသည် ထာဝရဘုရားသခင်၏ ဥစ္စာဘဏ္ဍာဖြစ်သောကြောင့် အမြတ်အစွန်းကိုလည်း ဘုရားသခင်ပိုင်တော်မူ၏။ ကယ်တင်သခင်သည် သူတို့၏အပေါ်သို့ မိမိကျေးဇူးတော်ကို သွန်းလောင်းခြင်းမပြုပါက သူတို့သည် ထာဝရကုန်ရှုံး၍ ပစ္စည်းပြုန်းတီးသူများဖြစ်ကြလိမ့်မည်။

သို့သော်သခင်သည် ငွေအခွက်များတည်းဟူသောစွမ်းရည်သတ္တိများကိုပြန်လည်ရရှိသောအခါ အမှုတော်ဆောင်များ၏ လုပ်ငန်းကိုနှစ်သက်ကျေနပ်တော်မူသောကြောင့် သူတို့ရရှိသည့်အကျိုးအမြတ်

အားလုံးကို သူတို့ပင်ပိုင်သကဲ့သို့ သူတို့အားဆုချတော်မူ၏။ ကိုယ်တော်၏မျက်နှာတော်တွင် ကျေနပ်ဝမ်းမြောက်ခြင်းအပြည့်အဝရှိတော်မူ၏။ သူတို့အား ကောင်းချီးပေးနိုင်တော်မူသည်ဖြစ်၍ အားရနှစ်သက်တော်မူ၏။ အမှုတော်ဆောင်ရွက်သမျှနှင့်အနစ်နာခံသမျှအတွက်ကိုယ်တော်ပြန်လည်တုံ့ပြန်ခြင်းပြုသမျှသည် ကိုယ်တော်ပေးဆပ်ရန် ကြွေးမြီးဖြစ်၍မဟုတ်၊ ကိုယ်တော်၏ နှလုံးတော်သည် ချစ်ကြင်နာမှုယိုဖိတ်လျက်ရှိသောကြောင့်ဖြစ်၏။

"သာဓုသစ္စာရှိသောငယ်သားကောင်း၊ သင်သည်အမှုငယ်၌သစ္စာစောင့်လေပြီ၊ များစွာသောအမှုအခွင့်ကို သင်၌ငါအပ်ပေးမည်။ သင်၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့" ဟုကိုယ်တော်မိန့်တော်မူ၏။

အလိုတော်နှင့်ညီညွတ်ရန်အတွက် ရိုးသားဖြောင့်မတ်ရမည်။ ဘုရားသခင်၏ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေရမည်။ မေတ္တာရှေ့ထား၍အမှုတော်ကိုထမ်းဆောင်ရမည်။ သန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်တိုက်တွန်းသည့်အတွက် လူတို့အားကောင်းမှုပြုရန်နှင့် ဘုရားသခင်အထံတော်သို့ရောက်ရန် လမ်းညွှန်သူများ၏ ဆောင်ရွက်ချက်တိုင်းကို ကောင်းကင်စာစောင်များတွင် မှတ်တမ်းတင်ထားသည်ဖြစ်၍ ဘုရားသခင်၏နေ့ရက်ကြီးသို့ရောက်လာသောအခါ ထိုအမှုတော်ဆောင်များသည် ချီးမွမ်းခြင်းကိုခံရကြလိမ့်မည်။

ကိုယ်တော်၏ နိုင်ငံတော်သို့ရောက်သောအခါသူတို့ကိုယ်တိုင်ဆောင်ရွက်သည့်အတွက် ရွေးနုတ်ခြင်းကိုခံရသောသူများနှင့်တွေ့ဆုံရကြသောအခါ သူတို့သည် ထာဝရဘုရားသခင်နှင့်အတူ ဝမ်းမြောက်ရကြလိမ့်မည်။ ထိုသူတို့သည် ဤလောက၌ ကိုယ်တော်၏အမှုတော်တွင်

ပါဝင်ဆောင်ရွက်ရာ၌ ထိုက်တန်သည်ဖြစ်၍ ထိုအရပ်တွင်လည်း ကိုယ်တော်၏အမှုတော်တွင်ပါဝင်ဆောင်ရွက်ရန် အခွင့်အရေးရကြပေလိမ့်မည်။ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်တွင် အဘယ်သို့ဖြစ်ကြလိမ့်မည်ကို ကျွန်ုပ်တို့၏ဘဝအကျင့်နှင့်သန့်ရှင်းသောအမှုတော်ကိုဆောင်ရွက်ပုံက ရောင်ပြန်ဟပ်လိမ့်မည်။ ထို့ကြောင့် "လူသားသည် သူတစ်ပါးကိုစေစားခြင်းငှာမလာ၊ သူတစ်ပါးအစေကိုခံခြင်းငှါ. . . ကြွလာသည်" ဟုကိုယ်တော်သည် မိမိအကြောင်းကိုမိန့်တော်မူ၏။ မ၊၂၀း၂၇၊၂၈။ ဤကမ္ဘာပေါ်တွင်ရှိသော ကိုယ်တော်၏လုပ်ငန်းမှာ ကောင်းကင်နိုင်ငံတော်တွင်ရှိသော လုပ်ငန်းလည်းဖြစ်တော်မူ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤကမ္ဘာ၌ခရစ်တော်နှင့်အတူအမှုတော်ဆောင်ရွက်သည့်အတွက် ရရှိသောဆုလာဘ်မှာ နောင်လာမည့်ကမ္ဘာတွင် ကိုယ်တော်နှင့်အတူ အမှုတော်ဆောင်ရွက်ရန် ပိုမိုကြီးမြတ်သောစွမ်းအားနှင့်ပိုမိုကျယ်ပြန့်သောအခွင့်အရေးဖြစ်ပါသည်။

"အခွက်တစ်ဆယ်ကိုခံသောသူသည်လည်း ချဉ်းကပ်၍ သခင်၊ ကိုယ်တော်သည် ခဲယဉ်းသောသူဖြစ်သည်နှင့် ကိုယ်မစိုက်မပျိုးသောအရပ်၌ရိတ်၍ ကိုယ်မဖြန့်မကြဲသောအရပ်၌စုသိမ်းတတ်သည်ကို အကျွန်ုပ်သိ၍ကြောက်သောကြောင့် အခြားသို့သွား၍ ကိုယ်တော်၏ ငွေအခွက်တစ်ဆယ်ကိုမြေ၌ဝှက်ထားပါပြီ။ ယခုကိုယ်တော်၏ဥစ္စာရှိပါသည်ဟုလျှောက်၏။"

ဘုရားသခင်၏ဆုကျေးဇူးများကို ဥပေက္ခာပြုထားကြသည့်အတွက်ယင်းအတိုင်းလူတို့ဆင်ခြင်ကန်ကြ၏။ဘုရားသခင်သည်ခဲယဉ်းသည်၊ ကျပ်တည်းသည်၊ရက်စက်စွာအုပ်စိုးသည်၊အမှားများကိုသာ စောင့်ကြည့်နေသည်။ ပြီးလျှင်အပြစ်နှင့်တကွ ဆပ်ပေးစီရင်တော်မူသည်ဟု သူတို့

သဘောထားကြ၏။ ကိုယ်တော်သည်မစိုက်မပျိုးသောအရပ်၌ရိတ်သိမ်း၍ကိုယ်မစွန့်မကြဲသောအရာကို စုသိမ်းသည်ဟုစွပ်စွဲကြ၏။

သူတို့ပိုင်ဆိုင်သောဥစ္စာပစ္စည်းများနှင့်သူတို့၏လုပ်အားကိုတောင်းဆိုသောကြောင့် ဘုရားသခင်သည် ခဲယဉ်းသောသခင်ဖြစ်သည်ဟု မိမိတို့၏စိတ်နှလုံးအတွင်း၌ စွပ်စွဲသောသူအများအပြားရှိပါသည်။ သို့သော်ကျွန်ုပ်တို့သည် ဘုရားသခင်အားအပ်နှံနိုင်သည့်ပစ္စည်းမှန်သမျှတွင်ဘုရားသခင် မပိုင်ဆိုင်သောဥစ္စာတစ်စုံတစ်ခုမျှမရှိပါ။ "ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်ကြောင့်ဖြစ်ပါ၏။ အကျွန်ုပ်တို့သည်ကိုယ်တော်၏ဥစ္စာထဲကသာ ကိုယ်တော်အားပူဇော်ပါ၏" ဟု ဒါဝိဒ်မင်းကြီးလျှောက်ထားခဲ့ပါသည်။ ၅ရာ၊ ၂၉း၁၄။ ဖန်ဆင်းတော်မူခြင်းအားဖြင့်လည်းကောင်း၊ ရွေးနုတ်တော်မူခြင်းအားဖြင့်လည်းကောင်း ခပ်သိမ်းသောအရာတို့ကို ဘုရားသခင်ပိုင်တော်မူ၏။ ယခုဘဝအသက်တာတွင် ကျွန်ုပ်တို့ခံစားရရှိသည့်ကောင်းချီးအပေါင်းနှင့်တကွ နောင်လာမည့်ထာဝရဘဝတွင်လည်း ရရှိမည့်ကောင်းချီးများကို ကရာနီလက်ဝါးကပ်တိုင်တံဆိပ်ရိုက်နှိပ်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့်ဘုရားသခင်အား ခဲယဉ်းသောသခင်ဖြစ်သည်ဟူ၍လည်းကောင်း၊ ကိုယ်မစိုက်မပျိုးသောအရပ်၌ ရိတ်သိမ်းသည်ဟူ၍လည်းကောင်း စွပ်စွဲခြင်းမှာမှားယွင်းမှုသာဖြစ်ပါသည်။

မလိမ္မာသောကျွန်၏တရားမျှတမှုမရှိသောစွပ်စွဲချက်ကို သခင်ကမငြင်းဆိုဘဲ "ငါ့ငွေကိုပွဲစားလက်သို့အပ်ရမည်၊ ထိုသို့အပ်လျှင် ငါပြန်လာသောအခါ ငွေရင်းနှင့်အတိုးကိုရနိုင်၏" ဟုပေးအပ်ထားသည့်ငွေအခွက်တစ်ဆယ်ပိုင်ရှင်အတွက် အကျိုးဖြစ်အောင်အသုံးချနိုင်ပုံကိုသူပေးသော ဆင်ခြေပေါ်တွင်ပင် အခြေပြု၍ဖော်ပြလိုက်ပါသည်။

ကျွန်ုပ်တို့အားပေးအပ်ထားသည့်စွမ်းရည်သတ္တိထက် မပိုမလိုသောဆောင်ရွက်မှုကိုသာ ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင် အဘဘုရားသခင်လိုလားတော်မူ၏။ ကိုယ်တော်၏အမှုတော်ဆောင်များ မထမ်းမဆောင်နိုင်သောတာဝန်ကို ပေးတော်မမူပါ။ "ငါတို့ကိုယ်ခန္ဓာကိုသိတော်မူ၏။ ငါတို့သည် မြေမှုန့်ဖြစ်ကြောင်းကိုအောက်မေ့တော်မူ၏" ဆာ၊ ၁၀၃း၁၄။ ကျွန်ုပ်တို့ထံမှကိုယ်တော်တောင်းဆိုသမျှကိုကျေးဇူးတော်အားဖြင့် ပြန်လည်ဆက်ကပ်နိုင်ပါသည်။

"အကြင်သူသည် များစွာသောကျေးဇူးကိုခံ၏။ ထိုသူသည် အများကိုဆပ်ရ၏" လု၊ ၁၂း၄၈။ ကျွန်ုပ်တို့တွင်ရှိသည့်စွမ်းရည်သတ္တိထက်တစိုးတစိမျှပင်လျှော့၍ ဆောင်ရွက်လျှင်ကျွန်ုပ်တို့တစ်ဦးစီတွင်တာဝန်ရှိပါသည်။ အမှုတော်ဆောင်ရွက်ရန် ကျွန်ုပ်တို့တတ်စွမ်းနိုင်သမျှကို ဘုရားသခင်စေ့စပ်သေချာစွာတိုင်းထွာတော်မူလိမ့်မည်။ အသုံးမပြုဘဲထားသည့်အရည်အချင်းများကို တိုးတက်ဖွံ့ဖြိုးအောင်အသုံးချထားသည့် စွမ်းရည်သတ္တိများနည်းတူပင် စာရင်းမှတ်သားထားတော်မူ၏။ ကျွန်ုပ်တို့ရရှိထားသောစွမ်းရည်သတ္တိများကို မှန်ကန်စွာအသုံးပြုခြင်းအားဖြင့် တိုးတက်ကြီးပွားမည့်အတိုင်းအတာနှင့်လျော်ညီစွာ ကျွန်ုပ်တို့အပေါ်ဘုရားသခင်တာဝန်တင်ထားတော်မူ၏။ ကျွန်ုပ်တို့စွမ်းရည်ကို ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန်အတွက် အသုံးမပြုသောကြောင့် ကျွန်ုပ်တို့၏ တာဝန်မပြီးမြောက်ပါက ယင်းအတိုင်းအတာနှင့်လျော်ညီစွာတရားစီရင်တော်မူလိမ့်မည်။ အကယ်၍ ကျွန်ုပ်တို့သည် ကိုယ်အသက်ဝိညာဉ်မဆုံးရှုံးသည်တိုင်အောင် ကျွန်ုပ်တို့အသုံးမချခဲ့သည့်စွမ်းရည်သတ္တိများ၏အကျိုးအပြစ်ကိုကေန်မုချတွေ့သိရကြပေလိမ့်မည်။ ကျွန်ုပ်တို့ရသင့်ရထိုက်ပါလျက် မရရှိသည့်အသိပညာနှင့်စွမ်းရည်သတ္တိများအတွက် ထာဝရဆုံးရှုံးမှုရှိပါလိမ့်မည်။

သို့သော် ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ်ဘုရားသခင်အားလုံးလုံးလျားလျားအပ်နှံ၍ မိမိလုပ်ငန်းတာဝန်ကို ဘုရားသခင်လမ်းညွှန်တော်မူသည့်အတိုင်းလိုက်လျှောက်ပါက လုပ်ငန်းပြီးမြောက်အောင်မြင်ရေးကို ကိုယ်တော်တာဝန်ယူတော်မူ၏။ ကျွန်ုပ်တို့သည် ရိုးသားအားထုတ်ကြိုးစားပါက မည်သို့မည်ပုံအောင်မြင်လိမ့်မည်ကို ကြိုတင်မှန်းဆထားရန် ကိုယ်တော်အလိုတော်မရှိပါ။ ဆုံးရှုံးလိမ့်မည်ဟုတစ်ကြိမ်တစ်ခါမျှပင် ကျွန်ုပ်တို့မစဉ်းစားသင့်ပါ။ မအောင်မြင်သည်ဟူ၍မည်သည့်အခါမျှ မရှိသောအရှင်နှင့် ကျွန်ုပ်တို့ပူးပေါင်းဆောင်ရွက်ရကြပါမည်။

ကျွန်ုပ်တို့၏အားနည်းခြင်းများ၊ မစွမ်းဆောင်နိုင်ခြင်းများအကြောင်းကို မည်သည့်အခါ၌မျှ မပြောဆိုမဆွေးနွေးသင့်ပါ။ ယင်းသို့ပြုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုမယုံကြည်မကိုးစားသည့်ပြင် နှုတ်ထွက်တရားတော်ကိုလည်း ငြင်းပယ်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်စေခိုင်းတော်မူသည့်တာဝန်ကို လေးလံသည်ဟု ညည်းညူလျှင် (သို့မဟုတ်) ယင်းတာဝန်ကိုငြင်းပယ်လျှင် ကျွန်ုပ်တို့သည် ကိုယ်တော်အားခဲယဉ်းသောသခင်ဖြစ်သည်ဟူ၍လည်းကောင်း၊ ကျွန်ုပ်တို့ကိုစွမ်းအားမပေးဘဲ တာဝန်ပေးတော်မူသည်ဟူ၍လည်းကောင်း စွပ်စွဲနေခြင်းပင်ဖြစ်ပါသည်။

ပျင်းရိသောကျွန်၏ စိတ်နေသဘောမျိုးကို ရိုးဖြောင့်သည်ဟူ၍ ကျွန်ုပ်တို့မကြာခဏစေတနာအလျောက်ခေါ်ဆိုတတ်ကြပါသည်။ သို့သော်စစ်မှန်သောရိုးဖြောင့်ခြင်းမှာ ပျင်းရိခြင်းနှင့်များစွာပင် ကွာခြားပါသည်။ အသိဉာဏ်သိမ်ဖျင်းနေသည်ကိုလည်းကောင်း၊ စိတ်အားထက်သန်မှုယုတ်လျော့နေသည်ကိုလည်းကောင်း၊ စိတ်သဘောထားရိုးသည်၊ စိတ်နှိမ့်ချသည်ဟူ၍ မခေါ်ဆိုနိုင်ပါ။ ထိုမျှမက ကြောက်တတ်လျှင်

တာဝန်ကင်းသည်ဟု သဘောထား၍အောင်မြင်စွာမဆောင်ရွက်နိုင်မည်ကိုစိုးရိမ်သောကြောင့်တာဝန်ကို လွှဲရှောင်ခြင်းဖြင့်လည်း အသက်တာတွင် သူရဲဘောနည်းနေသူများမဖြစ်သင့်ပါ။ စစ်မှန်သည့် ရိုးသားနှိမ့်ချသော သဘောရှိသူသည် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် စီမံတော်မူသည့် အတိုင်း ကျေပွန်စွာပြီးမြောက်အောင် ဆောင်ရွက်ပေလိမ့်မည်။

ဘုရားသခင်သည် အလိုရှိတော်မူသောသူအားဖြင့် အမှုတော်ကို ဆောင်ရွက်တော်မူ၏။ တစ်ခါတစ်ရံကိုယ်တော်သည်အကြီးမြတ်ဆုံးသောလုပ်ငန်းတစ်ခုကိုဆောင်ရွက်ရန် အနိမ့်ကျဆုံးသောသူကိုရွေးချယ်တော်မူခြင်းဖြင့်ကိုယ်တော်၏တန်ခိုးတော်ကိုအားနည်းသောသူအားဖြင့် ဖေါ်ညွှန်းတော်မူ၏။ ကျွန်ုပ်တို့တွင်စံနှုန်းတစ်ခုရှိသည်ဖြစ်ရာယင်းစံနှုန်းအားဖြင့် အရာတစ်ခုကိုကြီးသည်ဟူ၍လည်းကောင်း၊ အခြားတစ်ခုကိုငယ်သည်ဟူ၍လည်းကောင်း တိုင်းထွာတတ်ကြပါသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့ကဲ့သို့ခန့်မှန်းတော်မူသည်မဟုတ်ပါ။ ကျွန်ုပ်တို့အတွက် ကြီးမားသောအရာသည်ဘုရားသခင်အတွက်ကြီးမားလိမ့်မည်ဟူ၍လည်းကောင်း၊ ကျွန်ုပ်တို့အတွက် သေးငယ်သောအရာသည် ဘုရားသခင်အတွက် သေးငယ်လိမ့်မည်ဟူ၍လည်းကောင်း ကျွန်ုပ်တို့ မထင်မမှတ်သင့်ပါ။ ကျွန်ုပ်တို့၏စွမ်းရည်သတ္တိကို ကျွန်ုပ်တို့ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။ ကျွန်ုပ်တို့ဆောင်ရွက်ရန်အမှုတော်ကိုလည်းကျွန်ုပ်တို့ ရွေးချယ်ပိုင်ခွင့်မရှိပါ။ ဘုရားသခင်စီမံခန့်ခွဲတော်မူသည့်တာဝန်များကိုသာ ထမ်းဆောင်ရပါမည်။ ကိုယ်တော်အတွက် သယ်ပိုးထမ်းရွက်ရပါမည်။ သက်သာခွင့်နှင့်နားနေခွင့်ရရန် ကိုယ်တော်ထံအမြဲတစေချဉ်းကပ်ရပါမည်။ ကျွန်ုပ်တို့၏လုပ်ငန်းသည် မည်သည့်လုပ်ငန်းမျိုးပင်ဖြစ်စေကာမူ စိတ်နှလုံးအကြွင်းမဲ့ဝမ်းမြောက်ရွှင်လန်းစွာဖြင့်အမှုတော်ကို

ထမ်းဆောင်လျှင် ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူပူးပေါင်းဆောင်ရွက်ရန် ထိုက်တန်သောသူများဖြစ်သည်ကို အားရဝမ်းမြောက်၍ကျေးဇူးတရားသိတတ်စွာဖြင့်တာဝန်များကိုထမ်းရွက်လျှင် ကိုယ်တော်နှစ်သက်ကျေနပ်တော်မူ၏။

## နုတ်ယူခြင်းခံရသည့်စွမ်းရည်

"ထိုကြောင့် အခွက်တစ်ဆယ်ကိုထိုသူ၏လက်မှနုတ်ကြ၊ အခွက်တစ်ရာရှိသောသူကိုပေးကြ" ဟုပျင်းရိသောကျွန်ကိုစီရင်ချက်ချမှတ်လိုက်ပါသည်။ သစ္စာရှိသောလုပ်သား၏ဆုလာဘ်သည် နောက်ဆုံးတရားစီရင်ခြင်းနေ့မှသာရရှိမည့်ဆုလာတ်ကိုဆိုလိုသည်မဟုတ်ပါ။ ယခုဘဝအသက်တာတွင် တဖြည်းဖြည်းတိုးတက်လာသည့်အကျိုးသက်ရောက်မှုလည်းပါဝင်သည်ဖြစ်၍ ပျင်းရိသောကျွန်ကိုစီရင်ချမှတ်သည်မှာလည်း ၎င်းအတိုင်းပင်ဖြစ်ပါသည်။ သဘာဝလောကမှာကဲ့သို့ ဝိညာဉ်ရေးလောကတွင်လည်း စွမ်းအားရှိသမျှကို အသုံးမချဘဲထားပါကအားနည်း၍ တရွေ့ရွေ့ယိုယွင်းပျက်စီးလိမ့်မည်။ လှုပ်ရှားမှုသည် သက်ရှင်ခြင်းတရားဖြစ်၍ အလဟဿနေခြင်းသည် သေခြင်းတရားဖြစ်၏။ "ကောင်းသောအကျိုးအလို့ငှါသာ ဝိညာဉ်တော်ကိုလူအသီးအသီးတို့အားထင်ရှားစွာပေးတော်မူတော်မူလျက်ရှိ၏။" ၁ကော၊၁၂း၇ "သူတစ်ပါးအကျိုးဆောင်ကိုယ်အကျိုးဆောင်" ဆိုသကဲ့သို့ သူတစ်ပါးကောင်းချီးခံစားရအောင်လုပ်ဆောင်သောသူ၏ဆုကျေးဇူးများတိုးပွားလိမ့်မည်။ မိမိကောင်းကျိုးအတွက်သင်သက်ဆောင်ရွက်လျှင်ယင်းကျေးဇူးများယုတ်လျော့၍နောက်ဆုံးတွင်နုတ်ယူခြင်းကိုခံရလိမ့်မည်။ ရရှိထားသောဥစ္စာပစ္စည်း

များကို သူတစ်ပါးအားဝေငှပေးကမ်းခြင်းမပြုသောသူသည် နောက်ဆုံးတွင်ပေးကမ်းစွန့်ကြဲရန်လုံးဝမရှိတော့သည်ကိုတွေ့ရလိမ့်မည်။ ထိုသူသည် အသက်ဝိညာဉ်၏စွမ်းရည်သတ္တိများကို တဖြည်းဖြည်းသိမ်ဖျင်းစေ၍ နောက်ဆုံးတွင် လုံးဝဖျက်ဆီးခြင်းခံရသည့်လမ်းစဉ်ကို သဘောတူလိုက်လျှောက်နေခြင်းဖြစ်ပါသည်။

ကိုယ်ကျိုးအတွက် သက်သက်အသက်ရှင်နိုင်သည်ဟု အဘယ်သူမျှ မထင်မမှတ်ပါစေနှင့်။ ၎င်းအပြင် ကိုယ်ကျိုးအတွက်ကိုသာ စိတ်ပါစွာလုပ်ဆောင်ပြီးမှ သူ၏သခင်နှင့်အတူ ဘုန်းစည်းစိမ်သို့ဝင်စားရလိမ့်မည်ဟူ၍လည်း မထင်ပါလေနှင့်။ ကိုယ်ကျိုးမငဲ့သောမေတ္တာ၏ ဝမ်းမြောက်ခြင်း၌ သူတို့ပါဝင်ဆက်ဆံနိုင်ခြင်းမရှိပါ။ သူတို့သည် ကောင်းကင်တံတိုင်းတော်အတွက် ထိုတန်သူများမဟုတ်ပါ။ မေတ္တာတော်နှင့်ပြည့်လျှံလျက်ရှိသည့် ကောင်းကင်ဘုံ၏သန့်စင်သောဝန်းကျင်ဆိုင်ရာအကျိုးကျေးဇူးကိုသူတို့နားမလည်နိုင်ပါ။ ကောင်းကင်တမန်များနှင့်စောင်းတော်သံများသည် သူတို့ကို နှစ်သိမ့်စေလိမ့်မည်မဟုတ်ပါ။ ကောင်းကင်သိပ္ပံပညာသည် သူတို့၏စိတ်နှလုံးတွင် ပဟေဠိဖြစ်နေလိမ့်မည်။

နောက်ဆုံးတရားစီရင်ရာနေ့ရက်ကြီးတွင် ခရစ်တော်အတွက်အမှုတော်မဆောင်ရွက်သူများ၊ ရေစုန်ကိုမျှောလိုက်နေသူများ၊ တာဝန်လုံးဝမယူသောသူများ၊ ကိုယ်ကျိုးကိုသာလိုလားသူများ၊ ကိုယ်ကိုကိုယ်သာနှစ်သိမ့်နေသူများအားလုံးကို ဤကမ္ဘာမြေကြီးအား တရားစီရင်ရသောသခင်က မကောင်းမှုအပြစ်ကိုပြုသောသူများနှင့်အတူထားပြီးလျှင် သူတို့နှင့်အတူ ဒဏ်စီရင်လိမ့်မည်။

ခရစ်ယာန်အမည်ခံသူအများသည် ဘုရားသခင်ဆင့်ဆိုတော်မူသည်ကို ဥပေက္ခာပြုလျက်ပင် သူတို့၌အမှားအယွင်းမရှိဟုထင်မှတ်မှားကြ၏။ ဘုရားသခင်ကိုပြစ်မှားသောသူ၊ လူအသက်ကိုသတ်သောသူ၊ သူတစ်ပါး၏ဇနီးကိုပြစ်မှားသောသူများသည်သည် ပြစ်ဒဏ်စီရင်ခြင်းကိုခံထိုက်သောသူများဖြစ်သည်ဟု သူတို့သိနားလည်ကြ၏။ သို့သော် သူတို့မှုကား ဘာသာရေးဆိုင်ရာဝတ်ပြုခြင်းများ၌မွေ့လျော်ပျော်ပိုက်နေကြ၏။ ဧဝံဂေလိတရားတော်ဆိုင်ရာဟောပြောခြင်းကိုနားထောင်ရန် သူတို့နှစ်သက်မြတ်နိုးကြ၏။ ထိုကြောင့်သူတို့သည် ကောင်းသော ခရစ်ယာန်များဖြစ်သည်ဟု သဘောထားကြ၏။ သူတို့သည် ကိုယ်ကိုကိုယ်စောင့်ရှောက်ကြည့်ရှုခြင်းဖြင့်သာ အသက်တာကိုကုန်လွန်စေကြ၏။ သို့သော်ဥပမာတွင် "အခွက်တစ်ဆယ်ကို ထိုသူ၏လက်မှနုတ်ကြ" ဟုသစ္စာမဲ့သောကျွန်အား သခင်ကစီရင်ချက်ချမှတ်သည်နည်းတူသူတို့အားစီရင်ချက်ချမှတ်သောအခါ သူတို့အံ့အားသင့်နေရကြပေလိမ့်မည်။ ယုဒလူများကဲ့သို့ သူတို့ရရှိခံစားရသောကောင်းချီးများကိုအသုံးချသင့်သည်အတိုင်း အသုံးမကျဘဲ မှားယွင်းစွာစည်းစိမ်ခံစားကြ၏။

ခရစ်ယာန်ဆိုင်ရာကြိုးပမ်းမှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန်အတွက်လုံလောက်သောစွမ်းရည်မရှိပါဟူ၍ ဆင်ခြေကန်သူအများရှိပါသည်။ သို့သော် ဘုရားသခင်သည် သူတို့အား ထိုမျှလောက်မစွမ်းဆောင်နိုင်အောင် စီမံထားတော်မူပါသလား။ မည်သို့မျှမဟုတ်နိုင်ပါ။ ယင်းသို့စွမ်းရည်သတ္တိကင်းမဲ့ရခြင်းမှာ သူတို့လုပ်ရှားမှုနည်းလွန်းသောကြောင့်ဖြစ်၍ သူတို့လိုလားစွာရွေးချယ်သည့်အတွက် ထာဝရတည်မြဲခြင်းသို့ရောက်ရပါသည်။ ထိုကြောင့် "အခွက်အတစ်ဆယ်ကို ထိုသူ၏လက်မှနုတ်ကြ" ဟုဆိုသည့်သူတို့အတွက် စီရင်ချက်ကို သူတို့၏နေ့စဉ်

ကျင့်ဝတ်များအရ ပေါ်လွင်ထင်ရှားနေပါသည်။ သူတို့၏စွမ်းရည်သတ္တိများကို စဉ်ဆက်မပြတ်အလွဲအသုံးချနေကြသောကြောင့် တစ်ခုတည်းသောအလင်းတရားဖြစ်သည့် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ထံမှ လုံးဝဆုတ်ခွာတော်မူလိမ့်မည်။ "အသုံးမရသောထိုငယ်သားကို ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ ပြင်အရပ်မှောင်မိုက်ထဲသို့ နှင်ထုတ်ချလိုက်ကြ" ဆိုသည့် စီရင်ချက်အတိုင်းပင် သူတို့ကိုယ်တိုင်ရွေးချယ်သည့်ထာဝရ စီရင်ချက်ကို ကောင်းကင်တံဆိပ်ခတ်လိုက်ခြင်းဖြစ်ပါသည်။

---ooo---

# "မမြဲသောလောကစည်းစိမ်ကိုသုံးဆောင်ကြလော့"

**လုကာ၊ ၁၆း၁-၉ ကိုအခြေပြုပါသည်။**

ခရစ်တော်ကြွလာတော်မူခဲ့သည့်အချိန်က လူတို့သည် လောကရေးရာများကိုသာ ဂရုစိုက်နေကြပါသည်။ လောကရေးရာများကိုထာဝရရေးရာများထက် ပို၍အရေးပေးကြ၏။ လွန်ခဲ့ပြီးသောရေးရာများကိုနောင်လာမည့်ရေးရာများထက်ပို၍အာရုံစိုက်ကြ၏။ အမှန်တရားကိုစိတ်ကူးယဉ်မှုဟူ၍လည်းကောင်း၊ စိတ်ကူးယဉ်မှုကိုအမှန်တရားဟူ၍လည်းကောင်း ထင်မှတ်မှားကြ၏။ သူတို့သည် မျက်မြင်မရသောကမ္ဘာကိုယုံကြည်ခြင်းအားဖြင့် မကြည့်မမြင်ကြ။ စာတန်သည် သူတို့အားယခုဘဝ၏ရေးရာများကိုသာ တပ်မက်ဖွယ်ရာဖြစ်အောင်၊ စိတ်ပါဝင်စားဖွယ်ဖြစ်အောင် သွေးဆောင်ဖြားယောင်းနေသည်ကိုသာ သူတို့အလေးဂရုပြုနေကြ၏။

လူတို့သည် ယင်းသို့အညို့ခံနေရသည်ကိုလည်းကောင်း၊ မကောင်းမှု၌သာစွဲလမ်းနေသည်ကိုလည်းကောင်း၊ ပရိယာယ်နှင့်ကျော့မိနေသည်ကိုလည်းကောင်း ပယ်ဖျက်လွှဲပြောင်းရန် ခရစ်တော်ကြွလာတော်မူခဲ့ပါသည်။ လူတို့သည် လောကလိုအပ်ချက်များနှင့် ကောင်းကင်လိုအပ်ချက်များကိုညှိနှိုင်း၍ လွန်ခဲ့သည့်အရာကိုအာရုံစိုက်နေမည့်အစားရှေ့လာမည့်အချိန်ကိုအာရုံပြုရန် ကိုယ်တော်ဩဝါဒပေးတော်မူ၏။ လူတို့သည် ခေတ်၏အလိုကိုသာလိုက်နေမည့်အစား ထာဝရကာလအတွက် ဘဏ္ဍာကိုဆည်းပူးရန် ကိုယ်တော်ခေါ်တော်မူ၏။

ထို့ကြောင့် ကိုယ်တော်က "ငွေရတတ်သောသူတစ်ယောက်၌ဘဏ္ဍာစိုးရှိ၏။ ထိုဘဏ္ဍာစိုးသည် သခင်၏ဥစ္စာများကိုဖျက်ဆီးသည့်

အကြောင်းကို သူတစ်ပါးတို့သည် သခင့်ရှေ့၌အပြစ်တင်" ကြ၏ဟု မိန့်တော်မူ၏။ ထိုသူဌေးကြီးသည် မိမိဥစ္စာဘဏ္ဍာရှိသမျှကို သူ၏ ကျွန်လက်၌အပ်ထားခဲ့၏။ သို့သော် ထိုကျွန်သည် သစ္စာမဲ့သည်ကို လည်းကောင်း၊ သူ၏ဥစ္စာပစ္စည်းများအား စနစ်တကျအလွဲသုံးစားပြုနေ သည်ကိုလည်းကောင်းသိလေ၏။ ထိုသူကိုမိမိ၏ လုပ်ငန်းတွင် ဆက်လက် မထားရန်ဆုံးဖြတ်ပြီးလျှင် ၎င်းကျွန်ကိုခေါ်၍ စားရင်းရှင်းစေပြီးလျှင် "သင်၏အှုအရာ၌ ငါကြားရသောစကားအဘယ်သို့နည်း၊ ဘဏ္ဍာစိုး အရာ၌ မှတ်သားသောစာရင်းကိုပေးလော့၊ ယခုမှစ၍ ဘဏ္ဍာစိုးမလုပ်ရ ဟုဆို၏။"

ဘဏ္ဍာစိုးသည် အလုပ်မှ ထုတ်ပယ်ခြင်းခံရတော့မည်ကိုသိ သောအခါ ပင်ပန်းစွာလုပ်ကိုင်ရမည်၊ (သို့မဟုတ်) တောင်းစားရမည်၊ (သို့မဟုတ်) အငတ်ဘေးနှင့်ရင်ဆိုင်ရမည်စသည်ဖြင့် ရွေးချယ်ရန်နည်း လမ်းသုံးမျိုးကိုတွေ့မြင်လေ၏။ ထိုကြောင့် စဉ်းစားမိသည်မှာ "ငါသည် အဘယ်သို့ပြုရမည်နည်း၊ ငါ၏သခင်သည် ဘဏ္ဍာစိုးအရာကိုနုတ်လေ ပြီ၊ လယ်လုပ်ခြင်းငှါမစွမ်းနိုင်၊ သူတောင်းစားလုပ်ခြင်းငှါ ရှက်ကြောက် ၏။ ဘဏ္ဍာစိုးအရာမှကျသည်နောက် သူတစ်ပါးတို့သည် မိမိတို့အိမ်၌ ငါ့ကိုလက်ခံစေခြင်းငှါ အဘယ်သို့ငါပြုရမည်ကိုငါသိ၏ဟူ၍စိတ်ထဲ၌ ကြံစည်ပြီးမှ သခင်၏ငွေရှိသောသူအပေါင်းတို့ကို ခေါ်၍ငါ၏သခင်ကို ဆပ်ပေးရန် သင်၌အဘယ်မျှလောက်ရှိသနည်းဟု တစ်ယောက်ကို မေးလျှင် ထိုသူကဆီအခွက်တစ်ထောင်ပေးရန်ရှိပါသည်ဟုဆို၏။ ဘဏ္ဍာစိုးကလည်း သင်၏စာရင်းကိုယူ၍အသော့ထိုင်ပြီးလျှင် အခွက် ငါးရာကိုရေးမှတ်လော့ဟုဆို၏။ ထိုနောက်အခြားသောသူကိုခေါ်၍ ငါ၏သခင်ကိုဆပ်ပေးရန် သင်၌ အဘယ်မျှလောက်ရှိသနည်းဟုမေးလျှင်

ထိုသူကဂျုံစပါးအတင်းတစ်ထောင်ပေးရန်ရှိပါသည်ဟုဆို၏။ ဘဏ္ဍာစိုးကလည်း သင်၏စာရင်းကိုယူ၍ အတင်းရှစ်ရာကိုရေးမှတ်လော့ဟုဆို၏။"

သစ္စာမဲ့သောအမှုထမ်းသည် မိမိကိုယ်တိုင်သစ္စာမဲ့သည့်ကိစ္စတွင် သူတစ်ပါးကိုဆွဲသွင်းသေး၏။ ထိုသူ၏အကျိုးအတွက် မိမိ၏သခင်ကိုဆုံးရှုံးစေခြင်းမှာ ထိုသူတို့သည် သူပေးသောအခွင့်အရေးကို လက်ခံခြင်းဖြင့်သူ့ကိုမိမိတို့၏နေအိမ်များတွင် လက်ခံရန်တာဝန်ယူရကြ၏။

"မတရားသောထိုဘဏ္ဍာစိုးသည် လိမ္မာစွာပြုသည်ကိုသခင်ချီးမွမ်းလေ၏။" သူ့အားလိမ်လည်လှည့်ဖြားသော်လည်း သူဌေးသည်လောကသားပီသစွာ ထိုသူ၏ထက်မြက်ပါးနပ်ပုံကိုချီးမွမ်း၏။ သို့သော် သူဌေးကြီး၏ချီးမွမ်းစကားသည် ဘုရားသခင်ချီးမွမ်းတော်မူသကဲ့သို့မဟုတ်ပါ။

ခရစ်တော်သည် ထိုမတရားသောဘဏ္ဍာစိုးကိုချီးမွမ်းနေခြင်းမဟုတ်ပါ။ မိမိအလိုရှိသောဩဝါဒကိုပေးရန်အတွက် "သင်တို့သည် စုတေသောအခါ အစဉ်အမြဲတည်သောဗိမာန်၌ သင်တို့ကိုလက်ခံလတ္တံ့သောအဆွေရှိစေခြင်းငှါ မမြဲသောလောကစည်းစိမ်ကိုသုံးဆောင်ကြလော့" ဟု ထိုစဉ်ကလူသိများသောအဖြစ်အပျက်ကိုအသုံးပြု၍ဩဝါဒပေးတော်မူ၏။

သခင်ခရစ်တော်သည် အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့်ပေါင်းသင်းသည်ဟုဖါရိရှဲများက ကဲ့ရဲ့ပြစ်တင်ကြ၏။ သို့သော် သူတို့အပေါ် ကိုယ်တော်စိတ်ဝင်စားမှုလျော့နည်းခြင်းမရှိ။ သူတို့အတွက်အားထုတ်ဆောင်ရွက်မှုကိုလည်း ရပ်ဆိုင်းတော်မမူပါ။ ထိုသူတို့၏လုပ်ငန်းသည် စုံစမ်းနှောင့်ယှက်ခြင်းနှင့် မကင်းသည်ကို ကိုယ်တော်

သိတော်မူ၏။ မကောင်းမှုမျိုးစုံသည် သူတို့အားဝန်းရံမြူဆွယ်လျက်ရှိနေ၏။ အမှားဘက်သို့ပထမခြေလှမ်းမှာလွယ်ကူပါ၏။ ထိုနောက်ပို၍သစ္စာတရားကင်းမဲ့လာ၏။ ထိုမှတစ်ဆင့် ပို၍ကြီးလေးသောရာဇဝတ်မှုကိုကျူးလွန်ရန် လျင်မြန်လာတော့၏။ ထို့ကြောင့် ထိုသူတို့ပသည် ပို၍မြင့်မြတ်သောရည်ရွယ်ချက်ရှိကြရန်နှင့် သာလွန်ကောင်းမွန်သောကျင့်ဝတ်ကျင့်စဉ်များကို လိုက်လျှောက်ကြရန် ခရစ်တော်သည်သူတို့ကိုနည်းမျိုးစုံဖြင့် လမ်းညွှန်မိန့်ကြားတော်မူ၏။ သစ္စာမဲ့သောဘဏ္ဍာစိုး၏ဥပမာတွင် ယင်းရည်ရွယ်ချက်ရှိတော်မူ၏။ ဥပမာတွင်ဖေါ်ပြပါရှိသည့်အတိုင်း အခွန်ခံများတို့တွင် အလားတူအဖြစ်အပျက်များရှိသည်ဖြစ်၍ ခရစ်တော်မိန့်တော်မူသောအခါ သူတို့ကိုယ်တိုင်အကျင့်များကို မှတ်မိသတိရကြ၏။ ထိုအခါ သူတို့သတိတရားရကြပြီးလျှင် သူတို့၏သစ္စာမဲ့သောအကျင့်ဓလေ့များရုပ်လုံးပေါ်သဖြင့် အများသောသူတို့သည် ဝိညာဉ်ရေးဆိုင်ရာသစ္စာတရားကို နားလည်သဘောပေါက်ကြ၏။

---

“ဥစ္စာများပြားလျှင် စိတ်စွဲလမ်းခြင်းမရှိကြနှင့်” ဆာ၊ ၆၂း၁၀။ “ပျောက်တတ်သောအရာကို စေ့စေ့မျက်မှောက်ပြုသင့်သလော၊ အကယ်စင်စစ်ရွှေလင်းတသည် မိုးကောင်းကင်သို့ပျံတက်သကဲ့သို့ ထိုအရာသည် အတောင်တို့ကိုလုပ်၍ပျံသွားတတ်၏။” သု၊ ၂၃း၅။ “ထိုသူတို့သည် ကိုယ်ဥစ္စာကို ကိုးစား၍ ကိုယ်စည်းစိမ်များသောကြောင့် ဝါကြွားသော်လည်း မိမိညီအစ်ကိုကိုအဘယ်သူမျှအလျှင်းမရွေးနိုင်၊ ရွေးရန်အဖိုးကို ဘုရားသခင်၌မပေးနိုင်။” ဆာ၊ ၄၉း၆၊၇။

---

မည်သို့ပင်ဖြစ်စ ယင်းဥပမာကိုတပည့်တော်တို့အားတိုက်ရိုက်ဟောကြားတော်မူ၏။ ဖေါင်းကြွစေတတ်သောတဆေးနှင့်တူသည့်ဘုရားသခင်၏တရားတော်ကို တပည့်တော်များအား ပထမကမ်းလှမ်းတော်မူပြီးလျှင် သူတို့မှတစ်ဆင့်အခြားသောသူများထံသို့ဆက်လက်ပေးပို့ဝေငှရန်ဖြစ်ပါသည်။ တပည့်တော်များသည် ခရစ်တော်၏ဩဝါဒများကိုပထမတွင်နားမလည်ကြသည်သာမက လုံးဝမေ့လျော့သွားသကဲ့သို့ပင်မကြာခဏဖြစ်တတ်ပါသည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်ခြင်းဖြင့် ယင်းသစ္စာတရားများသည် နောက်ပိုင်းတွင် ထင်ရှားပြတ်သားစွာပြန်၍ပေါ်လာပြီးလျှင် တပည့်တော်များသည် အသင်းတော်သို့ထပ်လောင်းဝင်ရောက်လာသည့် ယုံကြည်သူအသစ်များအား ထပ်ဆင့်ဝေငှသရုပ်ဖေါ်ကြ၏။

၄င်းအပြင် ခရစ်တော်သည် ဖါရိရှဲများအားလည်း သွန်သင်နေခြင်ဖြစ်ပါသည်။ ထိုသွန်သင်ချက်များ၏အကျိုးသက်ရောက်မှုကိုဖါရိရှဲများသဘောပေါက်နားမလည်ဘဲ နေကြလိမ့်မည်ဟု ကိုယ်တော်မမျှော်လင့်ပါ။ အများသောသူတို့လေးလေးနက်နက်နားလည်သဘောပေါက်ကြပြီးဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်လမ်းပြခြင်းအားဖြင့်ဘုရားသခင်၏တရားကိုကြားနာရပါက အများသောသူတို့သည်လည်းခရစ်တော်ကိုယုံကြည်သောသူများဖြစ်လာကြပေလိမ့်မည်။

သခင်ခရစ်တော်သည် အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့်အတူစားသောက်ပေါင်းဖေါ်သည်ဟု ကဲ့ရဲ့ပြစ်တင်ခြင်းဖြင့် ကိုယ်တော်ကိုဘုန်းနိမ့်အောင် ဖါရိရှဲတို့ကရှုတ်ချပြောဆိုကြ၏။ ထိုသို့ပြစ်တင်ပြောဆိုခြင်းကို ယခုသူတို့ဘက်သို့မြားဦးလှည့်ပေးလိုက်ပါသည်။ အခွန်ခံတို့လောကတွင် ဖြစ်ပျက်နေသည်ဟုသိရသောမြင်ကွင်းကို ဖါရိရှဲများ၏

ရှေ့တွင်မြင်သာအောင် ပြလိုက်ခြင်းဖြင့် လူတို့၏အမှားများကိုပြုပြင်ရန် တစ်နည်းတစ်လမ်းသာရှိသည်ကိုလည်းကောင်း၊ ၎င်းကိစ္စနှင့်ပတ်သက်၍ သူတို့မည်သို့ပြုလုပ်ဆောင်ရွက်နေကြသည်ကိုလည်းကောင်း ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

သစ္စာမဲ့သောဘဏ္ဍာစိုးအား ယုံကြည်စွာလွှဲအပ်ထားသောဥစ္စာဓနများမှာ အများအတွက်ကောင်းမှုပြုရန်ဖြစ်ပါသော်လည်း သူတို့ကိုယ်တိုင်ကောင်းစားရေးအတွက်သာ ရှေးရှုအသုံးပြုလိုက်၏။ ဣသရေလလူတို့သည်လည်း ယင်းအတိုင်းပင်ပြုနေကြ၏။ အာဗြဟံ၏ အမျိုးအနွယ်ကို ထာဝရဘုရားသခင်ရွေးချယ်တော်မူ၏။ သူတို့ကျွန်ခံရာအဲဂုတ္တုပြည်မှ မြတ်တော်မူသောလက်ရုံးတော်အားဖြင့် သူတို့အားထုတ်ဆောင်ခဲ့တော်မူ၏။ ဤလောကအတွက် ကောင်းချီးဖြစ်စေရမည့်မြတ်တော်မူသောဘုရားသခင်၏တရားတော်သိုလှောင်ရာ ဘဏ္ဍာတိုက်များအဖြစ် ကိုယ်တော်သည်သူတို့အားရွေးချယ်ထားတော်မူ၏။ ကိုယ်တော်သည် အသက်ရှင်သောဖော်ပြချက်များကို သူတို့အားယုံကြည်စွာလွှဲအပ်ထားတော်မူသည်မှာသူတို့သည် ထိုအလင်းတရားတော်ကို သူတစ်ပါးတို့အားထပ်ဆင့်ဝေငှကမ်းလှမ်းရန် တာဝန်ပေးထားခြင်းဖြစ်ပါသည်။ သို့သော် ကိုယ်တော်၏ ဘဏ္ဍာစိုးများသည် ယင်းဆုကျေးဇူးများကို သူတို့ကိုယ်တိုင်ကောင်းစားရေးနှင့်သူတို့ကိုယ်သူတို့ ချီးမြှင့်ရေးအတွက်သာ အသုံးချကြ၏။

ဖါရိရှဲတို့သည် ကိုယ့်ဂုဏ်ကိုယ်ဖော်၍ သူတို့ကိုယ်သူတို့ဖြောင့်မတ်သည်ဟုသဘောပိုက်ပြီးလျှင် ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေရန်အတွက် သူတို့အားဘုရားသခင်အပ်နှင်းထားသည့် ဥစ္စာပစ္စည်းများကို အလွဲအသုံးချကြ၏။

ဥပမာတွင်ပုံဆောင်ထားသည့်အစေခံသည် နောင်ရေးအတွက် စီမံထားခြင်းမပြုမလုပ်ပါ။ အများကောင်းကျိုးအတွက် သူ့အားပေးအပ်ထားသောဥစ္စာပစ္စည်းများကို ကိုယ်ကျိုးအတွက်သက်သက်အသုံးပြု၏။ သို့သော် သူသည် လက်ရှိအချိန်အတွက်သာအာရုံစိုက်ခဲ့၏။ ဘဏ္ဍာစိုးတာဝန်ကိုလက်လွှတ်ရမည်ဆိုပါက သူပိုင်ပစ္စည်းဟူ၍လုံးဝရှိတော့မည်မဟုတ်ပါ။ သို့သော် သခင်၏ဥစ္စာပစ္စည်းများသူ့လက်တွင်း၌ပင်ရှိနေသေး၍ သူ၏နောင်ရေးအတွက်စိတ်ချရန် ယင်းဥစ္စာပစ္စည်းများကိုအသုံးပြုမည်ဟု သူဆုံးဖြတ်လိုက်၏။ ယင်းအကြံထမြောက်ရေးအတွက် အသစ်သောစီမံကိန်းနှင့်ဆောင်ရွက်ရပေမည်။ ဤနေရာတွင်သူ့အဖို့သာ စုသိမ်းမည့်အစား သူတစ်ပါးအားဝေငှပေးကမ်းရပေမည်။ ဤနည်းအားဖြင့်သာလျှင် သူသည်နှင်ထုတ်ခြင်းကိုခံရသောအခါ သူ့ကိုလက်ခံမည့်မိတ်ဆွေများရှိနေပေလိမ့်မည်။ ဖါရိရှဲတို့အတွက်မှာလည်း ဤင်းအတိုင်းပင်ဖြစ်နေပါသည်။ ဘဏ္ဍာစိုးရာထူးတာဝန်ကိုသူတို့ထံမှ မကြာမီရုပ်သိမ်းတော်မူလိမ့်မည်ဖြစ်၍ သူတို့၏နောင်ရေးအတွက် စီမံပြုပြင်ထားရန် သူတို့ကိုတိုက်တွန်းနှိုးဆော်တော်မူခြင်းဖြစ်၏။ သူတစ်ပါးအတွက်ကောင်းကျိုးပြုမှသာလျှင် သူတို့အတွက်အကျိုးကျေးဇူးခံစားရကြပေလိမ့်မည်။ ဘုရားသခင်၏ကျေးဇူးတော်များကိုယခုဘဝတွင်ဝေငှပေးကမ်းမှသာလျှင် ထာဝရကာလအတွက်စီမံထားတော်မူပြီဖြစ်ပေလိမ့်မည်။

ခရစ်တော်သည် ဥပမာဆုံးသောအခါ “လောကသားတို့သည် မိမိတို့အမှုကိုဆောင်ရွက်ရာတွင် အလင်းသို့ရောက်သောသူတို့ထက်သာ၍လိမ္မာကြ၏” ဟုမိန့်မြွက်တော်မူ၏။ ဆိုလိုသည်မှာ ဘုရားသခင်၏ သားသမီးဟုအခေါ်ခံသူများသည် ကိုယ်တော်၏အမှုတော်ကိုထမ်းဆောင်

ရာ၌ ပညာဉာဏ်ကိုအသုံးပြုသည်ထက် လောကရေးတွင်ပညာရှိသောသူများသည် မိမိတို့ကိုယ်ကျိုးအတွက်ဆောင်ရွက်စီမံရာ၌ ပညာဉာဏ်ကိုပို၍သုံးကြ၏။ ပို၍ဖွဲ့ကောင်းကြ၏။ ခရစ်တော်၏လက်ထက်က ၎င်းအတိုင်းဖြစ်ခဲ့၏။ ယနေ့လောကတွင်လည်း ၎င်းအတိုင်းပင်ဖြစ်နေ၏။ ခရစ်ယာန်အမည်ခံသူများ၏ ဘဝအသက်တာများကိုစဉ်းစားဆင်ခြင်ကြပါ။ ဘုရားသခင်သည် သူတို့အားအရည်အချင်း၊ စွမ်းရည်သတ္တိနှင့်သြဇာကိုလည်းကောင်း၊ ငွေရေးကြေးရေးကိုလည်းကောင်း၊ ကြီးမြတ်တော်မူသည့်ရွေးနုတ်ခြင်းစီမံကိန်းတွင်ကိုယ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် အခွင့်အရေးများကိုလည်းကောင်း ယုံကြည်စွာလွှဲအပ်ထားတော်မူ၏။ ကိုယ်တော်၏ဆုကျေးဇူးအားလုံးကို လူသားတို့အတွက်ကောင်းချီးဖြစ်စေရန်နှင့် အခက်အခဲရောက်သောသူများနှင့်ဆင်းရဲနွမ်းပါးသူများကိုချမ်းသာပေးရာတွင် အသုံးချရပါမည်။ ကျွန်ုပ်တို့သည် ဆာလောင်မွတ်သိပ်သောသူကိုကျွေးမွေးရမည်။ အဝတ်အချည်းစည်းရှိသောသူကိုအဝတ်ပေးရမည်။ မိဘမဲ့နှင့်မုဆိုးမများကိုကြည့်ရှုပြုစုရမည်။ ဆင်းရဲပင်ပန်းသောသူနှင့် အလွန်အခက်အခဲရောက်သည့် အနှိမ်ခံလူတန်းစားကို ကူညီထောက်ပံ့ရမည်။ ဤကမ္ဘာလောကကြီးတွင် ဆင်းရဲမှုများပြန့်ပွားနေစေရန် ဘုရားသခင်အလိုရှိတော်မူသည်မဟုတ်ပါ။ လူတစ်ဦးတစ်ယောက်၏အသက်တာတွင် စည်းစိမ်ဥစ္စာမြောက်မြားစွာကိုခံစား၍ အခြားသောသူတို့၏ကလေးများမှာမူကား စားစရာမလုံလောက်၍ငိုနေကြသည်ကို ဘုရားသခင်အလိုတော်ရှိသည်မဟုတ်ပါ။ အသက်တာအတွက်အမှန်စင်စစ်လိုအပ်သည့်အရာများကိုသုံးစွဲရန်ထက်ပိုလျှံသောဥစ္စာပစ္စည်းများကိုယုံကြည်စွာ လွှဲအပ်ထားခြင်းမှာလူသားများအားကောင်းချီးဖြစ်လာစေရန်နှင့် ကောင်းမှုပြုရန်ဖြစ်ပါသည်။ ထို့ကြောင့်

ဘုရားသခင်မိန့်တော်မူသည်မှာ “သင်တို့ဥစ္စာများကိုရောင်း၍ ဆင်းရဲသားတို့အားစွန့်ကြဲကြလော့” လု၊ ၁၂း၃၃။ “စွန့်ကြဲချင်သောစေတနာစိတ်ရှိခြင်း၊ အချင်းချင်းဆက်ဆံခြင်း” အတွက် အသင့်ရှိလော့။ ၁တိ၊၆း၁၈။ “သင်သည်ပွဲခံသောအခါ ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်းသောသူ၊ မျက်စိကန်းသောသူများကိုခေါ်ဖိတ်လော့” လု၊ ၁၄း၁၃။ “မတရားသောအချည်အနှောင်ကိုချွတ်ခြင်း၊ လေးသောဝန်ကိုချခြင်း၊ ညှဉ်းဆဲခံရသောသူကိုလွှတ်ခြင်း၊ ထမ်းပိုးရှိသမျှကိုချိုးခြင်း၊” “မွတ်သိပ်သောသူကိုအစာကျွေးခြင်း၊ နေရာမရှိ၊ ဆင်းရဲသောသူတို့ကိုကိုယ်အိမ်သို့ဆောင်ခြင်း၊ အဝတ်မရှိသောသူကိုမြင်လျှင်အဝတ်ကိုပေးခြင်း၊” “ဆင်းရဲခံရသောသူကို သနားသောစိတ်နှင့်ချမ်းသာပေး” လော့။ ဟေရှာ၊ ၅၈း၆၊၇၊၁၀။ “သင်တို့သည် လောကနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ဝေနေယျသတ္တဝါလူအပေါင်းတို့အားဧဝံဂေလိတရားကိုဟောကြလော့” မာကု၊ ၁၆း၁၅။ ဤပညတ်များသည် ဘုရားသခင်၏သွန်သင်ချက်များဖြစ်ပါသည်။ ခရစ်ယာန်ထုကြီးသည် ဤအမှုတော်ကိုထမ်းဆောင်လျက် ရှိကြပါ၏လော။

ဘုရားသခင်၏ကျေးဇူးတော်များကို ကိုယ်ကျိုးအတွက်သက်သက်ခွဲဝေသုံးစွဲနေသူများအဘယ်မျှလောက် များပြားနေကြပါသနည်း။ အိမ်တစ်လုံးကနှစ်လုံးဖြစ်အောင်၊ လယ်ယာမြေတစ်ကွက်ကနှစ်ကွက်ဖြစ်အောင် ထပ်လောင်းပေါင်းစပ်နေသူများ အဘယ်မျှများပြားနေပါသနည်း။ မိမိတို့၏ငွေကြေးများကို အပျော်အပါးလိုက်စားရေးအတွက်သက်သက်၊ လျှာ၏အလိုဆန္ဒပြည့်ဝရေးအတွက်သက်သက်၊ ခမ်းနားထယ်ဝါသောအိမ်များ၊ အိမ်ထောင်ပရိဘောဂများနှင့်ဝတ်စားတန်ဆာများအတွက် သက်သက်သုံးစွဲနေသူများ အဘယ်မျှများပြားနေပါသနည်း။

သူတို့နှင့်စပ်ဆိုင်သောလူသားအချင်းချင်းများမှာမူကား အခက်အခဲရောက်နေကြ၏။ တရားဥပဒေကိုပင်ကျူးလွန်နေကြ၏။ ရောဂါဝေဒနာနှင့်သေမင်းကိုပင်ရင်ဆိုင်နေရကြ၏။ လူတို့သည် အစုလိုက်အစုလိုက်မြောက်မြားစွာပျက်စီးဆုံးရှုံးနေကြပါလျက် ကြင်နာစွာကြည့်မြင်သူတစ်ဦးတစ်ယောက်မျှမရှိ၊ ထောက်ထားသည့်စကားတစ်ခွန်းကိုမျှမပြော၊ တစ်ဦးတစ်ယောက်မျှမရှ၊ ထောက်ထားသည့်စကားတစ်ခွန်းကိုမျှမပြော၊ ညှာတာသည့်အမှုတစ်ခုကိုမျှ မပြုမလုပ်ကြပါတကား။

လူတို့သည် ဘုရားသခင်၏ဥစ္စာဘဏ္ဍာများကို လုယူနေကြပါပြီတကား။ မိမိတို့၏ဥစ္စာပစ္စည်းများကို ခက်ခဲမှုအမျိုးမျိုးခံစားခံစားနေရသောလူသားများအတွက် သက်သာချောင်ချိရေးနှင့် အသက်ဝိညာဉ်

**ခရစ်တော်နောက်ဆုံးအပ်နှင်းခဲ့သော အခွင့်အာဏာတော်ကား**
**"လူအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့"**

ကယ်ဆယ်ရေးရေးအတွက် အသုံးချခြင်းဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုရောင်ပြန်ဟပ်စေမည့်အစား ကိုယ်ကျိုးအတွက်သက်သက်အသုံးချခြင်းဖြင့် ဘုရားသခင်၏ဥစ္စာဘဏ္ဍာများကို လုယူနေကြ၏။ ကိုယ်တော်ယုံကြည်စိတ်ချစွာလွှဲအပ်ထားသောဥစ္စာဓနများကို အလွဲသုံးစားပြုကြ၏။ ထိုကြောင့် ကိုယ်တော်မိန့်တော်မူသည်မှာ "သင်တို့ကိုစစ်ကြောစီရင်ခြင်းငှါ ငါချဉ်းမည် . . . . သူငှါးကိုအခမပေးညှဉ်းဆဲသောသူ၊ မိဘမရှိသောသူငယ်နှင့်မုဆိုးမကိုညှဉ်းဆဲသောသူ၊ ဧည့်သည်ကိုမတရားသဖြင့်စီရင်သောသူ . . . . တို့တစ်ဖက်၌ ငါသည်လျင်မြန်သောသက်သေဖြစ်သည်။" "လူသည် ဘုရားသခင်၏ဥစ္စာတော်ကိုလုယူရမည်လော၊ သို့သော်လည်း သင်တို့သည် ငါ့ဥစ္စာကိုလုယူကြပြီ။ အကျွန်ုပ်တို့သည် အဘယ်သို့လုယူပါသနည်းဟု သင်တို့မေးလျှင် ဆယ်ဖို့တစ်ဖို့ကိုလည်းကောင်း၊ ပူဇော်သကာတို့ကိုလည်းကောင်း လုယူကြပြီ။ သင်တို့သည် ကျိန်ခြင်းကိုခံရကြ၏။ အကြောင်းမူကား ပြည်သူပြည်သားအပေါင်းတို့သည် ငါ့ဥစ္စာကိုလုယူကြပြီ" မာလခိ၊ ၃း၅၊၈၊၉။ "အချင်းသူဌေးသူကြွယ်တို့၊ ယခုလာကြ . . . . သင်တိုဥစ္စာပစ္စည်းသည် ပုပ်စပ်လျက်ရှိ၏။ အဝတ်ကိုလည်းပိုးကိုက်စားလေပြီ။ ရွှေငွေလည်း အချေးတက်၍ပျက်ကုန်ပြီ၊ ထိုအချေးသည် သင်တို့တစ်ဖက်၌သက်သေဖြစ်၍ . . . . နောက်ဆုံးသောနေ့ရက်ကာလအဖို့ ဘဏ္ဍာကိုဆည်းပူးကြပြီတကား" "သင်တို့သည် မြေကြီးပေါ်မှာစည်းစိမ်ခံစား၍ အလွန်ပျော်မွေ့ကြပြီ။" "နားထောင်ကြ၊ သင်တို့လယ်ကွက်၌ရိတ်သောသူတို့ကိုလှည့်စား၍ အခမပေးဘဲနေသောကြောင့် ထိုအခသည် ကြွေးကြော်လေ၏။ ရိတ်သောသူတို့၏အော်ဟစ်ခြင်းအသံသည်လည်း ကောင်းကင်ဗိုလ်ခြေထာဝရဘုရား၏နားတော်ထဲသို့ဝင်လေပြီ။" ယာကုပ်၊ ၅း၁-၃၊၅၊၄။

မိမိအားယုံကြည်စွာလွှဲအပ်ထားသည့် ဆုကျေးဇူးများအတွက် လူတိုင်းစာရင်းတင်ပြရကြမည်။ နောက်ဆုံးတရားစီရင်သောနေ့တွင် လူတို့သိုလှောင်ထားသော ဥစ္စာဘဏ္ဍာအပေါင်းသည် သူတို့အတွက် တန်ဖိုးမရှိဖြစ်လိမ့်မည်။ သူတို့ပိုင်ပစ္စည်းဟုပြောစရာလုံးဝရှိတော့မည် မဟုတ်ပါ။

ဤလောက၏ဥစ္စာဘဏ္ဍာများကိုသာ ဆည်းပူးခြင်းဖြင့်မိမိတို့ ဘဝအသက်တာကို ကုန်လွန်စေသောသူများမှာ သစ္စာမဲ့သောဘဏ္ဍာစိုး သည် မိမိနောင်ရေးအတွက် မစုမသိမ်းသည်ထက်ပို၍ ဥာဏ်ပညာမဲ့ သောသူများ၊ ထာဝရကောင်းစားရေးအတွက် အာရုံမစိုက်သောသူများ ဖြစ်ကြ၏။ လောကသားများသည် သူတို့အမှုကိုသူတို့ဆောင်ရွက်ရာ၌ အသိပညာရှိသလောက် အလင်းတရားရှိပါသည်ဟု အဆိုပြုသော ထိုခေတ်ကလူတို့တွင် အသိပညာမရှိကြပါ။ ဤသူတို့သည် ပုရောဖက် ဟေရှာယ၏မြင်ခြင်း၌ နောက်ဆုံးတရားစီရင်ရာနေ့တွင် တွေ့မြင်ရသော သူများဖြစ်ကြ၏။ "ထိုကာလ၌လူတို့သည် မိမိတို့ကိုးကွယ်ဖို့ မိမိတို့ လုပ်ဖူးသောဘုရားသခင်ပုံတို့ကိုပွေးများ၊ လင်းနို့များ၌ပစ်ထားကြလိမ့် မည်။ ထာဝရဘုရားသခင်သည် မြေကြီးကိုချောက်လှန့်အံ့သောငှါ ထတော်မူသောအခါ ထိုဘုရားသခင်ကိုကြောက်ခြင်းအရှိန်ကြောင့် ကျောက်တွင်း၊ ချောက်ကြားထဲသို့ပြေးဝင်ကြလိမ့်မည်။" ဟေရှာ၊ ၂း၂၀၊၂၁။

ထိုကြောင့်ခရစ်တော်က "သင်တို့သည် စုတေသောအခါအစဉ် အမြဲတည်သောဗိမာန်၌ သင်တို့ကိုလက်ခံလတ္တံ့သောအဆွေရှိစေခြင်းငှါ မမြဲသောလောကစည်းစိမ်ကိုသုံးဆောင်ကြလော့" ဟု မိန့်တော်မူ၏။ အခက်အခဲရောက်သောသူများ၊ ဆင်းရဲခြင်းဒုက္ခခံစားရသောသူများနှင့်

ဆိုးသွမ်းသောသူများကို ခမည်းတော်၊ သားတော်နှင့် ကောင်းကင်တမန်တို့စောင့်ရှောက်ကြည့်ရှုတော်မူ၏။ ယင်းအမှုတော်အတွက် ဘုရားသခင်အား ကိုယ်ကိုကိုယ်ဆက်ကပ်ပါ။ ကိုယ်တော်ပေးသနားတော်မူသည့်ဆုကျေးဇူးများကို ယင်းလုပ်ငန်းအတွက်အသုံးချပါ။ ၎င်းအပြင်သင်ကိုယ်တိုင် ကောင်းကင်ဗိုလ်ခြေအပေါင်းတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ပါ။ သူတို့သည် ကြင်နာသောစိတ်ရှိသည်နည်းတူ သင်သည်လည်းကြင်နာသောစိတ်နှလုံးရှိလိမ့်မည်။ သင်၏အကျင့်သည် သူတို့နည်းတူဖြစ်လာလိမ့်မည်။ အစဉ်အမြဲတည်သောဗိမာန်တော်၌နေကြသောသူတို့သည် သင်နှင့်အကျွမ်းဝင်ပြီးသူများဖြစ်ကြလိမ့်မည်။ လောကဆိုင်ရာကိစ္စရပ်များပြီးဆုံးချိန်ရောက်သောအခါ ကောင်းကင်တံခါးတော်များသည် သင့်အားဝမ်းမြောက်စွာကြိုဆိုကြလိမ့်မည်။

ထိုအခါကောင်းချီးဖြစ်စသည့်ဥစ္စာပစ္စည်းများကို အကျိုးအမြတ်နှင့်တကွပြန်၍ရလိမ့်မည်။ ကြွယ်ဝချမ်းသာမှုများကို မှန်ကန်စွာအသုံးချလျှင် ကောင်းမှုများစွာပြီးမြောက်လိမ့်မည်။ အသက်ဝိညာဉ်များစွာကိုခရစ်တော်ထံသို့ပို့ဆောင်နိုင်လိမ့်မည်။ ခရစ်တော်၏အသက်တာပုံစံနမူနာကိုလိုက်လျှောက်သောသူသည် ဘုရားသခင်၏ကောင်းကင်တံတိုင်းတော်သို့ရောက်သောအခါ ဤလောကတွင် သူကိုယ်တိုင်အနစ်နာခံ၍အမှုတော်ဆောင်ရွက်ထားသည့်အတွက် ကယ်တင်ခြင်းရရှိသောသူများနှင့်တွေ့ဆုံရပေလိမ့်မည်။ ရွေးနုတ်ခြင်းကိုခံရသောသူတို့သည် မိမိတို့ကယ်တင်ခြင်းရရှိရေးအတွက် အမှုဆောင်ရွက်သူများကို ကျေးဇူးတရားသိတတ်စွာဖြင့် သတိရကြလိမ့်မည်။ အသက်ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်းတွင် သစ္စာရှိသောသူများအတွက် ကောင်းကင်နိုင်ငံတော်သည်မွန်မြတ်လှပါသည်တကား။

ဤဥပမာသင်ခန်းစာမှာ လူတိုင်းအတွက်ဖြစ်ပါသည်။ ခရစ်တော်အားဖြင့်ပေးအပ်ထားသည့်ကျေးဇူးတော်များကိုလက်ခံရရှိသောလူတိုင်းတာဝန်ရှိလိမ့်မည်။ လောကရေးရာကိစ္စရပ်များနှင့်သာ အချိန်ဖြုန်းရန်အတွက်ဘဝအသက်တာသည် လေးနက်လွန်းလှပါ၏။ မျက်စိဖြင့်မတွေ့မမြင်ရသောထာဝရရေးရာများမှ ကျွန်ုပ်တို့ရရှိထားသမျှကိုတစ်ဆင့်ဝေငှပေးကမ်းရန် ကိုယ်တော်အလိုရှိတော်မူ၏။

သန်းပေါင်းများစွာသောလူသားတို့၏ အသက်ဝိညာဉ်များသည်နှစ်စဉ်နှစ်တိုင်းသတိပေးနိုးဆော်မည့်သူ၊ ကယ်ဆယ်မည့်သူကိုမတွေ့ရဘဲထာဝရကာလသို့ရွေ့လျော့သွားကြလေပြီ။ တစ်နာရီမှတစ်နာရီသို့ပြောင်းလဲနေသည့် ကျွန်ုပ်တို့၏ဘဝအသက်တာတွင်အသက်ဝိညာဉ်များကိုကယ်ဆယ်နိုင်သည့်အခွင့်အရေးများနှင့်အမြဲတစေကြုံကြိုက်နေပါသည်။ ယင်းအခွင့်အရေးများသည် စဉ်ဆက်မပြတ်သွားလျက်ပြန်လျက်ရှိနေပါသည်။ ထို့ကြောင့် ယင်းအခွင့်အရေးများကိုအတတ်နိုင်ဆုံးအသုံးချရန် ဘုရားသခင်အလိုရှိတော်မူ၏။ နေ့များ၊ သီတင်းများ၊ လများရွေ့လော့နေကြသည်ဖြစ်၍ ကျွန်ုပ်တို့သည် တာဝန်ကိုထမ်းဆောင်ရန် တစ်နေ့၊ တစ်သီတင်း၊ တစ်လလျော့နည်းသွားလေပြီ။ နောက်နှစ်အနည်းငယ်အတွင်း "ဘဏ္ဍာစိုးအရာ၌ မှတ်ထားသောစာရင်းကိုပေးလော့" ဟု ကျွန်ုပ်တို့အား အမိန့်ပေးတော်မူသည့်အသံကိုကြားရကြပေလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့ငြင်းဆိုနိုင်ကြလိမ့်မည်မဟုတ်ပါ။

လူတိုင်းဂရုစိုက်၍ ဆင်ခြင်သုံးသပ်ရန် ခရစ်တော်ဆင့်ဆိုတော်မူ၏။ သစ္စာနှင့်ချင့်ချိန်ကြပါ။ ချိန်ခွင်ခွက်တစ်ဖက်တွင် ခရစ်တော်ကိုထည့်ထားပါ။ ဆိုလိုသည်မှာ ထာဝရဘဏ္ဍာများဖြစ်သည့် အသက်၊

အမှန်တရား၊ ကောင်းကင်နိုင်ငံတော်နှင့် အသက်ဝိညာဉ်များကိုဆယ်နုတ်နိုင်သည့်အတွက် ခရစ်တော်၏ဝမ်းမြောက်ခြင်းများဖြစ်ပါသည်။ အခြားတစ်ဖက်တွင် လောကမှပေးနိုင်သည့်စိတ်ဝင်စားဖွယ်ရာရှိသမျှကိုထည့်ထားပါ။ ချိန်ခွင်ခွက်တစ်ဖက်တွင် ဆုံးရှုံးပြီးသောသင်၏အသက်ဝိညာဉ်နှင့်သင်ကိုယ်တိုင်အမှုဆောင်ဆောင်ရွက်လျှင် ဆယ်နုတ်နိုင်မည့်အသက်ဝိညာဉ်များကိုထည့်ပေးပါ။ အခြားတစ်ဖက်တွင် သင်နှင့်သူတို့အတွက်လုံလောက်သည့်ဘုရားသခင်၏အသက်နှင့်တူညီသောအသက်တစ်ခုကိုထည့်ထားပါ။ ပြီးလျှင်မျက်မှောက်ကာလအတွက်လည်းကောင်း၊ ထာဝရကာလအတွက်လည်းကောင်း သစ္စာနှင့်အချိန်စက်ပါ။ သင်သည်ယင်းသို့ချိန်စက်နေစဉ် "လူသည် ဤမိုးကုပ်စက်ဝိုင်းကိုအကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း" ဟု ခရစ်တော်သည် သင့်အားမေးနေတော်မူ၏။ မာ၊ ၈း၃၆။

ကျွန်ုပ်တို့သည် လောကနှင့်ဆိုင်သောအရာများကိုရွေးချယ်မည့်အစားကောင်းကင်နိုင်ငံတော်နှင့်ဆိုင်သော အရာများကိုရွေးချယ်ရန်ဘုရားသခင်အလိုရှိတော်မူ၏။ ကောင်းကင်ဘဏ္ဍာကိုဆည်းပူနိုင်ရန်အတွက်ဖြစ်နိုင်သောအရာများကို ကိုယ်တော်သည် ကျွန်ုပ်တို့၏မျက်မှောက်တွင်ဖွင့်ပြထားတော်မူ၏။ ကျွန်ုပ်တို့၏အမြင့်မြတ်ဆုံးသောရည်မှန်းချက်အတွက် ကိုယ်တော်သည် တိုက်တွန်းနှိုးဆော်တော်မူ၏။ ကျွန်ုပ်တို့သည် အကောင်းဆုံးသောဘဏ္ဍာကိုရွေးချယ်ရန်အတွက်ကာကွယ်စောင့်ရှောက်တောမူ၏။ ထိုကြောင့် "လူသည်ရွှေစင်ထက်အဖိုးထိုက်မည်အကြောင်း၊ ဆင်းရဲသားသည် ဩဖိရရွှေကျောက်ထက်အဖိုးထိုက်မည်အကြောင်းငါပြုမည်" ဟု ကိုယ်တော်ကတိပြုတော်မူ၏။ ဟေရှာယ၊ ၁၃း၁၂။ သံချေးပိုးရွဖျက်ဆီးနိုင်သော ဉစ္စာဘဏ္ဍာများ

ကွယ်ပျောက်လေသောအခါ ခရစ်တော်၏တပည့်တော်များသည် ထာဝရတည်မြဲသောကောင်းကင်ဘဏ္ဍာဖြင့် မွေ့လျော်ပျော်ပိုက်နိုင်ကြပေလိမ့်မည်။

ခရစ်တော်၏ရွေးနုတ်ခြင်းကိုခံရပြီးသူ အချင်းချင်းမိတ်ဆွေဖွဲ့ရခြင်းသည် လောကမိတ်ဆွေဖွဲ့ခြင်းရှိသမျှထက်ပို၍ကောင်း၏။ ဤလောကတွင် ဂုဏ်အကြီးဆုံးသောနန်းတော်တစ်ဆောင်ကိုပိုင်ဆိုင်ခွင့်ရသည်ထက် ကိုယ်တော်သွား၍ ပြင်ဆင်နေသောနေစရာအခန်းအများတွင် နေထိုင်ခွင့်တစ်နေရာသည်က ပို၍ကောင်း၏။ "ငါ့ခမည်းတော်ထံကောင်းချီးကိုခံသောသူတို့၊ ကမ္ဘာဦးကပင် သင်တို့အဖို့ပြင်ဆင်သောနိုင်ငံကိုလာ၍အမွေခံကြလော့" ဟုမိမိ၏အမှုဆောင်များအားကယ်တင်သခင်မိန့်မြွက်တော်မူသည့်စကားလုံးများသည် လောကချီးမွမ်းစကားရှိသမျှထက်ပိုကောင်းပါသည်။ မ၊ ၂၅း၃၄။

ကိုယ်တော်၏ ဥစ္စာဘဏ္ဍာများကို အကျိုးမဲ့သုံးဖြုန်းနေသူများအားခရစ်တော်သည် ထာဝရတည်မြဲသောဥစ္စာဘဏ္ဍာများကို ဆည်းပူးရန်အခွင့်ကောင်းအခါကောင်းများ ကမ်းလှမ်းနေတော်မူဆဲပင်ဖြစ်ပါသည်။ "တစ်ပါးအားပေးကြလော့၊ ပေးလျှင် သူတစ်ပါးသည် သင်တို့အားပေးကြလိမ့်မည်။" "မဆွေးမဟောင်းတတ်သောအိတ်တို့ကိုကိုယ်သုံးဖို့လုပ်ကြလော့။ သူခိုးမရောက်၊ ပိုးများမဖျက်ဆီးရာအရပ်၊ ကောင်းကင်ဘုံ၌ မကုန်မဆုံးနိုင်သောဘဏ္ဍာကိုဆည်းပူးကြလော့" ဟူ၍လည်းကောင်း၊ လုကာ၊ ၆း၃၈။ ၁၂း၃၃။ "ဤဘဝ၌ငွေရတတ်သောသူတို့သည်မာန်မာနစိတ်နှင့်ကင်းလွတ်၍ . . . သူတစ်ပါးအားကျေးဇူးပြုခြင်း၊ ကောင်းသောအကျင့်၌ ကြွယ်ဝပြည့်စုံခြင်း၊ စွန့်ကြဲချင်သောစေတနာစိတ်ရှိခြင်း၊ အချင်းချင်းဆက်ဆံခြင်း၊ မှန်သောအသက်ကိုဝင်စားလိုသောငှါ၊

နောင်ဘဝ၌ကောင်းသောဘဏ္ဍာကို မိမိတို့အဖို့ ဆည်းပူးခြင်းတို့ကို ပြုရမည်" ဟူ၍လည်းကောင်း ကိုယ်တော်လမ်းညွှန်မြွက်ကြားတော် မူ၏။ ၁ တိ၊ ၆း၁၇-၁၉။

ထို့ကြောင့်ကောင်းကင်နိုင်ငံတော်သို့သင်၏ဉစ္စာစည်းစိမ်များ ကို ရှေးဦးစွာပို့ထားနှင့်ပါ။ ဘုရားသခင်၏ပလ္လင်တော်ရင်းတွင် သင်၏ ရတနာများကိုဆည်းပူးထားပါ။ ခရစ်တော်ပိုင်ဆိုင်တော်မူသည့် စစ်၍ မကုန်နိုင်သောဘဏ္ဍာရတနာများကို သင်လည်းပိုင်ဆိုင်ခွင့်အတွက် စိတ်ချရအောင်ဆောင်ရွက်ထားပါ။ "သင်တို့သည်စုတေသောအခါ အစဉ်အမြဲတည်သောဗိမာန်၌ သင်တို့ကိုလက်ခံလတ္တံ့သောအဆွေရှိစေ ခြင်းငှါ မမြဲသောလောကစည်းစိမ်ကိုသုံးဆောင်ကြလော့။"

---ooo---

# “အဘယ်သူသည်အကျွန်ုပ်နှင့်စပ်ဆိုင်သောသူဖြစ်ပါသနည်း”

**လုကာ၊ ၁၀း၂၅-၃၇ ကိုအခြေပြုပါသည်။**

“အဘယ်သူသည် အကျွန်ုပ်နှင့်စပ်ဆိုင်သောသူဖြစ်ပါသနည်း” ဆိုသောမေးခွန်းနှင့်ပတ်သက်၍ ယုဒလူတို့တွင် အဆုံးမရှိအောင် အငြင်းပွားနေတတ်ပါသည်။ တစ်ပါးအမျိုးသားများ၊ ရှမာရိလူများနှင့် ပတ်သက်၍မူကား အငြင်းပွားစရာမရှိ၊ နိုင်ငံခြားသားရန်သူများဖြစ်သည်ဟုသဘောထားကြ၏။ သို့ရာတွင် မိမိတို့၏ပြည်သားအချင်းချင်းတွင်လူထုလူတန်းစားအမျိုးမျိုးရှိသည်အနက် မည်သို့တိကျစွာသတ်မှတ်ထားရပါမည်နည်း။ ယဇ်ပုရောဟိတ်များ၊ ရဗ္ဗိဆရာများနှင့်အကြီးအကဲများအတွက် သူတို့နှင့်စပ်ဆိုင်သောသူများကို အဘယ်သို့သတ်မှတ်ထားရပါမည်နည်း။ သူတို့၏အသက်တာတွင် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာအခမ်းအနားများကို အလှည့်ကျထမ်းဆောင်ခြင်းဖြင့် ကိုယ်ကိုကိုယ်သန့်စင်စေကြ၏။ ထို့ကြောင့် အတတ်ပညာမဲ့၍အသိတရားမပြည့်ဝသောလူထုနှင့်တွေ့ထိခြင်းအားဖြင့် သူတို့သည် ညစ်ညူးကြလိမ့်မည်။ ယင်းသို့ညစ်ညူးမစင်ကြယ်ဖြစ်လျှင် ပြန်လည်သန့်စင်စေရန် ပင်ပန်းစွာကြိုးပမ်းရလိမ့်မည်ဟု သူတို့အယူသီးကြ၏။ ထို့ကြောင့်သူတို့သည် “မစင်ကြယ်” သောသူများကို ကိုယ်နှင့်စပ်ဆိုင်သောသူဟူ၍ သဘောထားရပါမည်လော။

ယင်းမေးခွန်းကိုခရစ်တော်သည် ကောင်းသောရှမာရိလူ၏ဥပမာဖြင့် အဖြေပေးတော်မူ၏။ ကျွန်ုပ်တို့နှင့်စပ်ဆိုင်သောသူဆိုသည်မှာ ကျွန်ုပ်တို့ယုံကြည်သည့်ဘာသာဝင် (သို့မဟုတ်) ကျွန်ုပ်တို့ပါဝင်သည့်အသင်းဝင်သာဖြစ်ရမည်ဟုမဆိုလိုကြောင်း ကိုယ်တော်ပြည့်ွှန်တော်မူ၏။

ထိုအမှုအရာသည် လူအမျိုးအနွယ်နှင့်လည်းကောင်း၊ အသားအရောင်နှင့်လည်းကောင်း၊ လူတန်းစားနှင့်လည်းကောင်းမသက်ဆိုင်ပါ။ ကျွန်ုပ်တို့၏ကူညီထောက်ပံ့မှုကို လိုအပ်သူတိုင်းသည် ကျွန်ုပ်တို့နှင့်စပ်ဆိုင်သောသူဖြစ်ပါသည်။ ဘုရားသခင်ပိုင်ဆိုင်တော်မူသောသူတိုင်းသည်ကျွန်ုပ်တို့နှင့်စပ်ဆိုင်သောသူဖြစ်ပါသည်။

ကောင်းသောရှမာရိလူ၏ဥပမာကို ကျမ်းတတ်တစ်ယောက်က မေးလျှောက်သည့်အပေါ်တွင်မူတည်၍ခရစ်တော်ဟောကြားတော်မူရာဖြစ်ပါသည်။ သခင်ခရစ်တော်သည် ဩဝါဒပေးနေတော်မူစဉ် "ကျမ်းတတ်တစ်ယောက်သည်ထ၍၊ သခင်၊ ထာဝရအသက်ကို အမွေခံရအံ့သောငှါ အကျွန်ုပ်သည်အဘယ်အမှုကိုပြုရပါမည်နည်းဟု ကိုယ်တော်ကိုစုံစမ်းနှောင့်ယှက်ခြင်းငှါမေးလျှောက်" လေ၏။ ထိုကျမ်းတတ်အား ဖါရိရှဲတို့က ယင်းသို့မေးရန်အကြံပြုကြသည်မှာ ကိုယ်တော်၏စကားတော်များတွင် အမှားပါမည်ဆိုပါက အပြစ်ရှာရန်ဖြစ်သည့်အလျောက်စိတ်ဝင်စားစွာနားစွင့်နေကြပါသည်။ သို့သော် ခရစ်တော်သည် သူတို့အားအတိုက်အခံမပြုဘဲ "ပညတ္တိကျမ်း၌အဘယ်သို့လာသနည်း။ သင်သည်အဘယ်သို့ဖတ်သနည်း" ဟုပြန်၍ မေးတော်မူသည်မှာ မေးသောသူကိုယ်တိုင်ပင် အဖြေပေးစေခြင်းငှါဖြစ်ပါသည်။ သိနာတောင်ပေါ်မှပေးတော်မူခဲ့သည့် ပညတ်တော်ကိုပေါ့ပေါ့တန်တန်သဘောထားသည်ဟု ယုဒလူတို့က ယေရှုကိုစွပ်စွဲနေကြ၏။ သို့သော် ကိုယ်တော်က ကယ်တင်ခြင်းအကြောင်းသည် ဘုရားသခင်၏ပညတ်တော်များကိုစောင့်ရှောက်သည့်အပေါ်တွင် မူတည်သည်ဟုပြန်၍ မိန့်တော်မူ၏။

ကျမ်းတတ်က "သင်၏ဘုရားသခင်ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဥာဏ်ရှိသမျှနှင့်ချစ်လော့၊ ကိုယ်နှင့်

စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့" ဟုပြန်၍လျှောက်၏။ ကိုယ်တော်ကလည်း "သင်၏စကားသည်မှန်ပေ၏။ ထိုသို့ပြုလျှင် အသက်ကိုရမည်" ဟုမိန့်တော်မူ၏။

ကျမ်းတတ်သည် ဖါရိရှဲ၏အကျင့်များနှင့်လုပ်နည်းလုပ်ဟန်များကိုမကျေမနပ်ပါ။ သူသည် ကျမ်းစာတော်မြတ်၏မှန်သောအနက်ကိုနားလည်သဘောပေါက်ရန် စေ့စေ့ရှာဖွေနေသူဖြစ်၏။ သူသည် ယင်းကိစ္စကိုအလွန်စိတ်ဝင်စားသည်ဖြစ်၍ ကိုယ်တော်အား "အကျွန်ုပ်သည်အဘယ်အမှုကိုပြုရပါမည်နည်း" ဟုရိုးသားစွာမေးလျှောက်၏။ ပညတ်တော်အရ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ထိုကျမ်းတတ်က ပြန်လည်လျှောက်ထားရာတွင် ဝတ်ပြုခြင်းဆိုင်ရာအခမ်းအနားများနှင့် ဝိနည်းအထုံးအဖွဲ့များကိုချန်လုပ်ထားခဲ့ပါသည်။ ယင်းကျင့်ဝတ်များကို အရေးကြီးသည်ဟု သူသဘောမထားဘဲ ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းရှိသမျှတို့၏ အချုပ်အခြာဖြစ်သော အခြေခံပညတ်တရားနှစ်ပါးကိုသာတင်ပြလျှောက်ထားခဲ့ပါသည်။ ထိုသူ၏ဖြေကို ခရစ်တော်ကချီးမွမ်းပြောဆိုရာတွင် ကိုယ်တော်အားကျမ်းတတ်များထက်သာသောအခြေအနေတွင် တည်ရှိစေပါသည်။ ပညတ်တော်ကိုအနက်ဖွင့်သူတစ်ဦး၏အနက်ဖေါ်ပြချက်ကို ကိုယ်တော်ကအတည်ပြုသည့်အတွက် ဖါရိရှဲတို့သည် ပြစ်တင်ဝေဖန်၍ မရကြတော့ပါ။

"ထိုသို့ပြုလျှင် အသက်ကိုရလိမ့်မည်" ဟုခရစ်တော်အတည်ပြု၍မိန့်တော်မူ၏။ ကိုယ်တော်၏ဩဝါဒရှိသမျှတွင် ပညတ်တော်သည် တစ်လုံးတစ်ဝတည်းဖြစ်ကြောင်း၊ ပညတ်တစ်ခုကိုချိုးဖေါက်ပြီးလျှင် အခြားပညတ်တစ်ခုကိုစောင့်ထိန်း၍ မဖြစ်နိုင်ကြောင်း၊ အရာခပ်သိမ်းသည် ယင်းအခြေခံသဘောတရားအတိုင်းပင်ဖြစ်ကြောင်း ညွှန်ကြား

မိန့်မြွက်တော်မူ၏။ ပညတ်အပြည့်အစုံကိုလိုက်နာစောင့်ထိန်းသည့်အပေါ်မူတည်၍ လူ၏နောင်လာမည့်ဘဝကိုဆုံးဖြတ်ပါလိမ့်မည်။

လူသည်မိမိ၏အစွမ်းအားဖြင့် ပညတ်တရားတော်ကိုလိုက်နာစောင့်ထိန်းခြင်းမပြုနိုင်ကြောင်း ခရစ်တော်သိတော်မူ၏။ ထိုကျမ်းတတ်သည်သာ၍ရှင်းလင်းစွာဖြင့်လည်းကောင်း၊ ပို၍နိုင်းချိန်နိုင်ခြင်းဖြင့်လည်းကောင်း ဘုရားသခင်၏တရားတော်ကိုသိကျွမ်းသည်တိုင်အောင်စေ့စေ့စပ်စပ်ရှာဖွေလေ့လာရန် ခရစ်တော်သည် သူ့အားလမ်းညွှန်လိုတော်မူ၏။ ကျွန်ုပ်တို့သည် ခရစ်တော်၏ကောင်းမြတ်သောပါရမီနှင့် ကျေးဇူးတော်ကိုလက်ခံခြင်းအားဖြင့်သာ ပညတ်တော်ကိုလိုက်နာစောင့်ထိန်းနိုင်ပါသည်။ အပြစ်ဖြေလွှတ်ခြင်းတရားကိုယုံကြည်မှုသာလျှင် ကျရှုံးပြီးသောလူသားသည် ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့ချစ်၍ ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှ ချစ်နိုင်စွမ်းရှိလိမ့်မည်။

ထိုကျမ်းတတ်သည် ပထမပညတ်တော်လေးပါးကိုလည်းကောင်း၊ ဒုတိယခြောက်ပါးကိုသော်လည်းကောင်း မိမိမစောင့်ရှောက်မလိုက်နာသည်ကိုသိပါ၏။ ထိုးထွင်းသိမြင်တော်မူပြီးသည့်အတိုင်း ခရစ်တော်မေးတော်မူသောအမေးကြောင့်ကျမ်းတတ်သည် အပြစ်ရှိကြောင်းထင်ရှားနေပြီဖြစ်သော်လည်း ဝန်မခံဘဲအပြစ်မရှိကြောင်းဆင်ခြေပေးဖို့ကြိုးစားနေပါသည်။ အမှန်တရားကိုဝန်ခံရမည့်အစား ပညတ်တော်ကိုပြည့်စုံစွာလိုက်နာစောင့်ထိန်းရန်ခက်ခဲသည်ဟု အကြောင်းပြဖို့ကြိုးစားနေပါသည်။ ဤသို့ပြုခြင်းဖြင့် ပြစ်ဒဏ်စီရင်ခြင်းကို လွှဲရှောင်၍လူတို့၏ရှေ့မှောက်တွင် အပြစ်ကင်းသူဖြစ်လိမ့်မည်ဟု သူမျှော်လင့်၏။ သူမေးသောမေးခွန်းကို သူကိုယ်တိုင်ဖြေနိုင်သောကြောင့် မေးစရာမလိုကြောင်း ခရစ်တော်၏စကားတော်များကဖေါ်ပြနေပါလျက် “ အဘယ်သူသည်

အကျွန်ုပ်နှင့်စပ်ဆိုင်သောသူဖြစ်ပါသနည်း” ဟု ထပ်ဆင့်၍မေးလျှောက်ပြန်၏။

ခရစ်တော်သည် အတိုက်အခံမပြုဘဲရှောင်တော်မူပြန်၏။တရားနာသူများ ကောင်းစွာမှတ်မိသတိရသေးသည့်အဖြစ်အပျက်တစ်ခုကို ပြန်၍ပြောပြတော်မူခြင်းဖြင့် သူ၏အမေးကိုဖြေတော်မူ၏။ “လူတစ်ယောက်သည် ယေရုရှလင်မြို့မှယေရိခေါမြို့သို့သွားရာတွင် ဓါးပြနှင့်တွေ့လေ၏။ ဓါးပြတို့သည် ထိုသူ၏အဝတ်ကိုချွတ်၍နာကျင်စွာရိုက်နှက်ပြီးမှသေလုမြောပါးရှိသောအခါ ပစ်ထား၍သွားကြ၏။”

ယေရုရှလင်မြို့မှယေရိခေါမြို့သို့သွားရာလမ်းတွင် ခရီးသွားသူသည် ယုဒပြည်၏တောကြီးကန္တာရတစ်နေရာကို ဖြတ်ကျော်၍သွားရပါသည်။ ထိုလမ်းတစ်နေရာတွင် တောနက်၍ကျောက်ဆောင်ထူထပ်သောချောက်ကမ်းပါးတစ်ခုတွင်းသို့ဆင်းသွားရသည်ဖြစ်ရာ ထိနေရာတွင်လုယက်တိုက်ခိုက်သူများမင်းမူကြသည်ဖြစ်၍ မကြာခဏပင်သောင်းကျန်းလုယက်မှုနှင့် ရင်ဆိုင်ရကြ၏။ ထိုနေရာသို့ခရီးသည်ရောက်လာသောအခါ လုယက်ခြင်းခံရ၍ သူ၏အဖိုးတန်ပစ္စည်းပါသမျှကို လမ်းဘေးတွင်ပစ်ထားခဲ့ကြ၏။ ၄င်းခရီးသည် လဲနေသည့်နေရာသို့ ယဇ်ပုရောဟိတ်တစ်ဦးရောက်လာ၏။ ထိုသူသည် ဒဏ်ရာဒဏ်ချက်များနှင့်သွေးအိုင်၌လူးလိမ့်နေသည်ကိုတွေ့မြင်သောအခါ တစ်စုံတစ်ခုမျှကူညီမှုမပြုဘဲ “လွဲရှောင်၍သွားလေ၏။” ထိုနောက်လေဝိလူတစ်ဦးရောက်လာပြန်၏။ မည်သို့ဖြစ်နေသည်ကို သိမြင်ချင်သောစိတ်ရှိ၍ ရပ်ဆိုင်းပြီးမှ ဝေဒနာခံစားနေရသူကိုကြည့်၏။ သူ့အနေဖြင့်မည်သို့ပြုသင့်သည်ကိုသိနားလည်ပါ၏။ သို့သော် ယင်းတာဝန်ကိုသူမဆောင်ရွက်လို။ ယင်းသို့နာကျင်မှုခံစားနေရသူကို မတွေ့မမြင်ရအောင်

ထိုလမ်းသို့သူမလာခဲ့မိလျှင်ကောင်းမည်ဟုတွေး၏။ ယင်းကိစ္စသည် ကိုယ်နှင့်စပ်ဆိုင်သောကိစ္စမဟုတ်ပါဟု ကိုယ်ကိုကိုယ်တိုက်တွန်း၍ သူသည်လည်း ယဇ်ပုရောဟိတ်နည်းတူ "လွှဲရှောင်၍သွားလေ၏။"

သို့သော် ယင်းလမ်းဖြင့်ပင် ခရီးသွားနေသောရှမာရိလူတစ်ယောက်သည် သွေးအိုင်တွင်လဲနေသောခရီးသည်ကိုမြင်သောအခါ ယခင်ကလူများနည်းတူမပြု၊ ခံစားနေရသောဝေဒနာရှင်ကို ကြင်နာယုယစွာပြုလေ၏။ "မြင်သောအခါ ကြင်နာမှုစိတ်ရှိသည်နှင့်ချဉ်းကပ်၍ အနာကိုဆီနှင့်စပျစ်ရည်ထည့်လျက် အဝတ်နှင့်စည်းပြီးလျှင် မိမိတိရစ္ဆာန်ပေါ်မှာတင်၍ ဇရပ်တစ်ခုသို့ဆောင်သွားပြုစုလေ၏။ နက်ဖြန်နေ့၌ထွက်သွားသောအခါ၊ ဒေနာရိနှစ်ပြားကိုထုတ်၍ ဇရပ်ရှင်အားပေးလျက်၊ ဤသူကိုကြည့်ရှုပြုစုပါ။ ကုန်သမျှကိုငါပြန်လာသောအခါ ဆပ်ပေးမည်ဟုဆို၏။" ယဇ်ပုရောဟိတ်နှင့်လေဝိလူနှစ်ဦးလုံးတို့သည် ဘုရားသခင်ကိုရိုသေကိုင်းညွှန်ပါသည်ဟု အဆိုပြုကြသော်လည်း ရှမာရိလူသာလျှင် အမှန်ပြောင်းလဲသောသူဖြစ်၏။ ယဇ်ပုရောဟိတ်နှင့်လေဝိလူတို့အတွက် နှစ်သက်ဖွယ်သောအလုပ်မဟုတ်သကဲ့သို့ ရှမာရိလူအတွက်လည်း မြတ်နိုးစရာအလုပ်မဟုတ်ပါ။ သို့သော် သူ၏လုပ်ရပ်နှင့်စိတ်သဘောထားသည် ဘုရားသခင်၏အလိုတော်နှင့်ညီညွတ်ပါ၏။

ခရစ်တော်သည် ယင်းသင်ခန်းစာကိုအနက်လေးနက်စွာဖြင့် ဖေါ်ပြလိုက်ခြင်းမှာ ကိုယ်တော်၏တရားတော်ကိုနားကြားနေသူများသည် တရားတော်၏အခြေခံသဘောတရားများကို ဥပေက္ခာပြုနေကြကြောင်း တိုက်ရိုက်ဖေါ်ပြလိုက်ခြင်းဖြစ်ပါသည်။ ကိုယ်တော်၏စကားတော်များသည် ချက်ကျထင်ရှားလှသည်ဖြစ်သောကြောင့် တရားနာသူများ ပြစ်တင်စရာကိုရှာ၍မတွေ့ကြ။ သွန်သင်ချက်များတွင် ပြစ်တင်ဝေဖန်စရာကို ကျမ်းတတ်သည်ရှာ၍မတွေ့။ ကိုယ်တော်အပေါ်

သူအထင်မှားခဲ့သည်များကွယ်ပျောက်သွားလေပြီ။ သို့သော် သူ၏ လူမျိုးရေးမုန်းတီးမှုစိတ်ကိုမနှိမ်နင်းနိုင်သောကြောင့် ရှမာရိလူကိုအမည် ဖော်၍ သိက္ခာမတင်နိုင်။ ထိုကြောင့် "သင်သည် အဘယ်သို့ထင်သနည်း။ ထိုသူသုံးယောက်တို့တွင် အဘယ်သူသည် ဓါးပြလက်သို့ရောက်သော သူနှင့်စပ်ဆိုင်သောသူဖြစ်သနည်း" ဟု ခရစ်တော်မေးတော်မူသော အခါကျမ်းတတ်က "လူနာကို သနားသောသူသည် စပ်ဆိုင်သောသူ ဖြစ်ပါ၏" ဟုပြန်၍လျှောက်လေ၏။

"ယေရှုကသင်သည်သွား၍ ထိုနည်းတူပြုလော့ဟု မိန့်တော်မူ၏။" လိုသောသူကိုယင်းနည်းအတိုင်းကြင်နာစွာစောင့်ရှောက်ပြုစုပါ။ ထိုသို့ပြုလျှင် သင်သည် ပညတ်တော်အလုံးစုံကို လိုက်နာစောင့်ရှောက် ကြောင်းသက်သေထင်ရှားလိမ့်မည်။

ယုဒလူတို့နှင့်ရှမာရိလူတို့စပ်ကြားတွင် အကြီးဆုံးသောကွာဟမှု မှာဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခြင်းအကြောင်းပင်ဖြစ်၍ မှန်သောဝတ် ပြုကိုးကွယ်ခြင်းဆိုသည်မှာ အဘယ်နည်းဟုဆိုသည့်အခက်အခဲပင်ဖြစ် ပါသည်။ ဖါရိရှဲတို့က ရှမာရိလူတို့ကောင်းကြောင်းတစ်ခွန်းတစ်ပါဒမျှ မပြောဆိုကြဘဲ ခါးခါးသီးသီးကျိန်ဆဲပြောဆိုကြ၏။ ယုဒလူတို့နှင့် ရှမာရိလူတို့တစ်ဦးကိုတစ်ဦး မည်မျှစက်ဆုပ်ရွံရှာကြသည်ကို ရှမာရိ အမျိုးသမီးအား ခရစ်တော်ကသောက်ရေတစ်ခွက်တောင်းသောအခါ "သင်သည်ယုဒလူဖြစ်လျက်ပင် ရှမာရိမိန်းမဖြစ်သော အကျွန်ုပ်ကို အဘယ်ကြောင့်သောက်ဖို့တောင်းသနည်း" ဟုမေးလျှောက်ခြင်းက ဖော်ပြနေပါသည်။ ထို့အပြင် တမန်တော်ပေါလုက "ယုဒလူတို့သည် ရှမာရိလူတို့နှင့်ပေါင်းဖော်ခြင်းမရှိ" ဟု ဆက်လက်ဖော်ပြထားပါသည်။ ယော၊ ၄း၉။ ၎င်းအပြင် ယုဒလူတို့သည် ခရစ်တော်အားသတ်လိုသည် အထိ မုန်းတီးကြသဖြင့် ဗိမာန်တော်အတွင်း၌ ကိုယ်တော်အားခဲနှင့်

ပစ်ခြင်းငှါ ကျောက်ခဲတို့ကိုကောက်ယူကြစဉ် “သင်သည်ရှမာရိလူဖြစ်၏။ နတ်ဆိုးစွဲသောသူလည်းဖြစ်၏။” ဟုပြောဆိုကြ၏။ ထိုသို့ပြောဆိုကြသည်မှာ ကိုယ်တော်ကိုမုန်းလွန်းသည်ဖြစ်၍ ထိုစကားထက်ပို၍နစ်နာစေမည့်စကားလုံးများကို သူတို့ရှာ၍ပင်မတွေ့ကြ။ ယော၊ ၈း၄၈။ သို့ပါလျက် ယဇ်ပုရောဟိတ်နှင့်လေဝိလူတို့သည် သူတို့အားဘုရားသခင်ပေးအပ်ထားသည့်တာဝန်အရ မိမိတို့အမျိုးသားချင်းတစ်ယောက်ကို ကြည့်ရှုစောင့်ရှောက်ခြင်းမပြုဘဲ သူတို့ရွံရှာမုန်းတီး၍မထီလေးစားပြုကြသော ရှမာရိလူတစ်ယောက်က ကြည့်ရှုပြုစုရသည်အထိလျစ်လျူရှုခဲ့ကြ၏။

“ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့” ဟုဆိုသည့်ပညတ်တော်ကိုရှမာရိလူလိုက်နာစောင့်ရှောက်ခဲ့၏။ထိုနည်းအားဖြင့်

**“ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှချစ်လော့” ဟူသောပညတ်ကို ရှမာရိလူသည်အပြည့်အဝလိုက်နာ၍ ဒဏ်ရာရသူကိုပြုစုလေ၏။**

သူတို့သည် သူ့အားရှုတ်ချပြောဆိုသောသူများထက် ပို၍ဖြောင့်မတ်သူဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။ သူသည် မိမိအသက်ဘေးရန်ကိုအလေးမထားဘဲ ဒဏ်ရာရနေသူအား မိမိညီအစ်ကိုအရင်းကဲ့သို့သဘောထား၍ ပြုစုခဲ့ပါသည်။ ထိုရှမာရိလူသည် ခရစ်တော်ကိုပုံဆောင်ပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် လူသားတို့၏ချစ်ခြင်းနှင့်မတူသောချစ်ခြင်းဖြင့် ကျွန်ုပ်တို့အားချစ်တော်မူကြောင်းဖေါ်ပြထားခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည်ဒဏ်ရာရ၍ သေလုမြောပါးရှိသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့အားကြင်နာသနားတော်မူ၏။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုလွှဲရှောင်၍မသွား၊ ပျက်စီးဆုံးရှုံးခြင်းသို့ရောက်အောင်မျှော်လင့်ရာမဲ့၊ အားကိုးရာမဲ့ပစ်၍မထားခဲ့။ ကောင်းကင်ပိုလ်ခြေအပေါင်းတို့၏ချစ်မြတ်နိုးခြင်းကိုခံရ၍ ပျော်မွေ့ဖွယ်ရာကောင်းကင်အိမ်တော်တွင် ဆက်၍မနေနိုင်တော့ပါ။ ကိုယ်တော်အားကျွန်ုပ်တို့အပြင်းအထန်လိုအပ်နေသည်ကို သိမြင်တော်မူ၍ ကျွန်ုပ်တို့အတွက်တာဝန်ယူတော်မူပြီးလျှင် လူသားတို့၏အရေးကို မိမိအရေးကဲ့သို့မှတ်တော်မူ၏။ ကိုယ်တော်သည် မိမိ၏ရန်သူများကိုကယ်ဆယ်ရန်အသေခံတော်မူ၏။ မိမိအားအသေသတ်သူများအတွက် ဆုတောင်းတော်မူ၏။ "ငါသည်သင်တို့ကိုချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့။" "သင်တို့သည်အချင်းချင်းချစ်စေခြင်းငှါ ဤပညတ်တို့ကိုငါပေး၏။" ဟုမိမိပုံစံနမူနာကိုဖေါ်ညွှန်းလျက် တပည့်တော်တို့အားဆုံးမသြဝါဒပေးတော်မူ၏။ ယော၊ ၁၃း၃၄။ ၁၅း၁၇။

ထိုယဇ်ပုရောဟိတ်နှင့် လေဝိလူတို့သည် ဗိမာန်တော်တွင်ဘုရားသခင်ကိုယ်တော်တိုင်အပ်နှင်းထားသည့် ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာတာဝန်များကိုထမ်းဆောင်ပြီး၍ ပြန်လာသူများဖြစ်ကြပါသည်။ ယင်းမြင့်မြတ်သန့်ရှင်းသည် အခွင့်အရေးဖြစ်သောတာဝန်များကိုထမ်းဆောင်

ပြီးသည့်အတွက် များစွာဂုဏ်အသရေချီးမြှင့်ခြင်းခံရပြီးဖြစ်သောကြောင့် လမ်းဘေးသွေးအိုင်ထဲတွင်လဲနေသည့် အမည်မသိသောဝေဒနာရှင်ကို ပြုစုရန်ကိစ္စမှာ သူတို့အတွက်နိမ့်ကျသည်ဟု သူတို့သဘောထားကြ၏။ သူတို့သည် ကိုယ်တော်၏ကိုယ်စားလှယ်တော်များဖြစ်ကြသည်အားလျော်စွာ ကိုယ်နှင့်စပ်ဆိုင်သောလူသားတစ်ဦးကို ကောင်းချီးပေးရန်၊ ဘုရားသခင်ပေးသောအထူးအခွင့်အရေးတစ်ရပ်ကို သူတို့ဥပေက္ခာပြုကြ၏။

ယနေ့လောကတွင်လည်း အလားတူသောအမှားကိုပြုနေသူအများရှိပါသည်။ သူတို့၏တာဝန်များကို အတန်းအစားနှစ်မျိုးထင်ထင်ရှားရှားခွဲခြားထားတတ်ကြပါသည်။ တစ်မျိုးမှာ ကြီးမားသောကိစ္စရပ်များဖြစ်၍ ဘုရားသခင်၏ပညတ်တော်နှင့်အညီ နည်းမှန်လမ်းမှန်ကျအောင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ အခြားတစ်မျိုးမှာ အမည်အားဖြင့်အသေးအဖွဲ့ကိစ္စများဖြစ်၍ "ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှချစ်လော့" ဟုဆိုသောပညတ်ကို ဥပေက္ခာပြုခြင်းဖြစ်ပါသည်။ ယင်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရုတ်တရက်စိတ်ကူးပေါက်သည့်အတိုင်းဆောင်ရွက်ရန်ဖြစ်သည်ဟု သဘောထားကြ၏။ ထို့ကြောင့် အကျင့်ပျက်ပြားကြ၏။ ခရစ်တော်၏ အမှုတော်ကိုလည်း အမှားပုံဆောင်ကြ၏။

အခက်အခဲတွေ့နေရသောလူသားကိုကြည့်ရှုပြုစုသောအလုပ်သည် သူတို့၏ဂုဏ်သိက္ခာကိုယုတ်လျော့စေသည်ဟု ယူဆသောသူများရှိတတ်ပါသည်။ အသက်ဝိညာဉ်ဗိမာန်များပျက်စီးယိုယွင်းနေကြသည်ကို ဂရုမစိုက်လျစ်လျူရှုနေသူအများရှိပါသည်။ အခြားသောသူများက နွမ်းပါးသူများအား အခြားရှုထောင့်မှကြည့်၍ ဥပေက္ခာပြုနေကြပါသည်။ သူတို့ထင်မြင်ယူဆချက်အရ သူတို့သည် ခရစ်တော်၏အမှုတော်တွင် ထိုက်တန်သောစီမံကိန်းတစ်ခုပြုလုပ်ဆောင်ရွက်ရန် ရှာဖွေလေ့လာသူများဖြစ်ကြပါသည်။ သူတို့သည် ဆင်းရဲနွမ်းပါးသူများနှင့်ပူပန်သောကရောက်သူများကိုသတိမပြုနိုင်လောက်အောင် ကြီးမြတ်သောအမှုတော်ကို

ထမ်းဆောင်နေရကြသည်ဟုသဘောထားကြ၏။ ကြီးမြတ်သည်ဟု သူတို့ယူဆသောအမှုတော်ကိုမြှင့်တင်ရာတွင် နွမ်းပါးသူများကိုညှဉ်းပန်းခြင်းပင်ရှိနိုင်ပါသည်။ သူတို့၏လိုအပ်ချက်များကိုဂရုမစိုက်ဘဲထားခြင်း၊ သူတို့ခံစားထိုက်သည့်အခွင့်အရေးများကိုမပေးဘဲထားခြင်းများအားဖြင့် သူတို့ကိုကျပ်တည်းကျဉ်းမြောင်းသည့်အခြေအနေသို့ ပို့ပေးသကဲ့သို့ ဖြစ်နေပါသည်။ သို့ပါလျက်သူတို့သည် ခရစ်တော်၏အမှုတော်ကို မြှင့်တင်နေသူများဖြစ်သည်ဟုယူဆသဖြင့် ယင်းသို့ပြုနေခြင်းများကို လည်း တရားမျှတသည်ဟုသဘောပိုက်ကြ၏။

အခက်အခဲတွေ့နေသည့်ညီအစ်ကိုတစ်ဦး (သို့မဟုတ်) အိမ်နီးချင်းတစ်ဦး (သို့မဟုတ်) ကိုယ်နှင့်စပ်ဆိုင်သောသူတစ်ဦးကို အကူအညီမပေးဘဲထားသူအများရှိပေလိမ့်မည်။ သူတို့သည် ခရစ်ယာန်အမည်ခံသူများဖြစ်သောကြောင့် သူတို့မထံတတ်သေးနေပုံများ၊ စိမ်းကားပုံများ၊ တစ်ကိုယ်ကောင်းဆန်ပုံများအတိုင်း ခရဇ်တော်ကိုပုံဆောင်နေကြသည်ဟုထိုအိမ်နီးချင်း၊ ညီအစ်ကို (သို့မဟုတ်) ကိုယ်နှင့်စပ်ဆိုင်သောသူက ထင်မှတ်ပေလိမ့်မည်။ ဘုရားသခင်၏အမှုတော်ဆောင်များသည် ဘုရားသခင်နှင့်အတူတွဲဖက်ဆောင်ရွက်ခြင်းမပြုကြသောကြောင့် သူတို့မှတစ်ဆင့်လူသားအချင်းချင်းများထံသို့စီးဆင်းရမည့်ဘုရားသခင်၏ချစ်ခြင်းသည်အများအားဖြင့် အဆက်ပြတ်သွားပါသည်။ ၄င်းအပြင် လူသားမြောက်မြားစွာတို့ထံမှ ဘုရားသခင်၏အထံတော်သို့ပြန်တက်ရမည့် ကျေးဇူးတော်နှင့်ဘုန်းတော်ကိုချီးမွမ်းသည့်အသံများ၊ ချီးမွမ်းသံများလည်းအဆက်ပြတ်သွားပါတော့၏။ ထိုနည်းအားဖြင့် ကိုယ်တော်၏သန့်ရှင်းသောနာမတော်အတွက် ရရှိမည့်ဘုန်းတော်ကိုသူတို့လုယူကြ၏။ ထိုနည်းအားဖြင့် ကိုယ်တော်၏နိုင်ငံတော်တွင် ထာဝရကာလပတ်လုံးကိုယ်တော်နှင့်အတူ နေထိုင်ရန် အလိုရှိတော်မူသည့်အသက်

ဝိညာဉ်များ၊ သူတို့အတွက်ခရစ်တော်ကိုယ်တော်တိုင်အသေခံထားတော်မူသည့်အသက်ဝိညာဉ်များကို သူတို့လုယူကြ၏။

ကျွန်ုပ်တို့၏အပြုအမူများအားဖြင့် ဘုရားသခင်၏တရားတော်သည်ဤလောကတွင် မြောက်မြားစွာ အကျိုးသက်ရောက်မှုရှိသင့်ပါလျက် အနည်းငယ်မျှသာအကျိုးသက်ရောက်ပါသည်။ ဘာသာအယူဝါဒကို အမည်ခံသူအများရှိသော်လည်း အရာရောက်မှုနည်းလှပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏နောက်လိုက်များ၊ ခရစ်ယာန်များ၊ နှုတ်ထွက်တရားတော်ဆိုင်ရာ ဘုရားသခင်၏တရားအလုံးစုံကို ယုံကြည်သက်ဝင်သူများဖြစ်သည်ဟု အဆိုပြုကြသော်လည်း ကျွန်ုပ်တို့၏ယုံကြည်ချက်ကို နေ့စဉ်အသက်တာတွင် လက်တွေ့အသုံးမချပါက ကျွန်ုပ်တို့၏ညီအစ်ကို၊ အိမ်နီးချင်း (သို့မဟုတ်) ကျွန်ုပ်တို့နှင့်စပ်ဆိုင်သူအတွက် မည်သို့မျှအကျိုးထူးမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ခံယူချက်သည် ကောင်းကင်နှင့်အမျှမြင့်မြတ်ခြင်းရှိသော်လည်း ခရစ်ယာန်မပီသလျှင် ကျွန်ုပ်တို့သည် လူသားအချင်းချင်းကိုမကယ်တင်နိုင်သည့်အပြင် ကိုယ်တိုင်လည်း ကယ်တင်ခြင်းမရနိုင်ပါ။ ကျွန်ုပ်တို့၏ခံယူချက်ထက် ကျွန်ုပ်တို့၏မှန်သောပုံသက်သေက ဤလောကအတွက် ပို၍အကျိုးထူးလိမ့်မည်။

တစ်ကိုယ်ကောင်းစိတ်ထားလျှင် ခရစ်တော်၏အမှုတော်ကို မဆောင်ရွက်နိုင်ပါ။ ကိုယ်တော်၏အမှုတော်သည် နွမ်းပါးသူနှင့်ညှဉ်းဆဲခံရသူအတွက်ဖြစ်၏။ ကိုယ်တော်၏နောက်တော်သို့လိုက်သည်ဟု အဆိုပြုသူများ၏စိတ်နှလုံးတွင် ခရစ်တော်ကဲ့သို့ကြင်နာသောစိတ်ထားရှိသင့်ပါသည်။ သူတို့ကယ်တင်ခြင်းရရှိရန်အတွက် အသက်တော်ကိုစွန့်တော်မူသည်တိုင်အောင် တန်ဖိုးထားတော်မူသောသူတို့အတွက် ပို၍နက်ရှိုင်းသောမေတ္တာထားသင့်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား ဆက်ကပ်နိုင်သည့် ပူဇော်သကာရှိသမျှထက် ယင်းအသက်ဝိညာဉ်များကို

ကိုယ်တော်ထံသို့ပို့ဆောင်ခြင်းက အဖိုးမဖြတ်နိုင်လောက်အောင်ပင် ပို၍မြတ်နိုးဖွယ်ဖြစ်ပါသည်။ အမြင်အားဖြင့် ကြီးမြတ်သောအမှုတော်တစ်ခုအတွက် စွမ်းအားရှိသမျှနှင့်ဆောင်ရွက်နေသော်လည်း နွမ်းပါးသူကို လျစ်လျူရှုခြင်း (သို့မဟုတ်) သူတစ်ပါးအားပြုသင့်သည်ကိုမပြုဘဲနေခြင်းများသည် ဘုရားသခင်၏အလိုတော်နှင့်ညီသောအမှုတော်မဖြစ်နိုင်ပါ။

သန့်ရှင်းသောဝိညာဉ်တော်လုပ်ဆောင်မှုဖြင့် သန့်စင်ခြင်းရရှိသောအသက်ဝိညာဉ်သည် လူသားများတွင် ခရစ်တော်၏သိက္ခာတော်မျိုးစေ့ကို စိုက်ပျိုးထားခြင်းဖြစ်ပါသည်။ ဧဝံဂေလိတရားတော်သည် အသက်တာ၌ ခရစ်တော်ကိန်းဝပ်တော်မူခြင်းဖြစ်၏။ သက်ရှင်လှုပ်ရှားသောအခြေခံသဘောတရားဖြစ်၏။ အမူအကျင့်ဆိုင်ရာအသက်တာတွင် ခရစ်တော်၏ ကျေးဇူးတော်ထင်ရှား၍ ကောင်းမှုကိုပြုတတ်၏။ အသက်တာ၏မည်သည့်အခန်းကဏ္ဍကိုမျှ ဧဝံဂေလိတရားတော်ဆိုင်ရာအခြေခံသဘောတရားများနှင့်အဆက်ဖြတ်မထားနိုင်ပါ။ ခရစ်ယာန်ဗဟုသုတအလုံးစုံနှင့် ခရစ်ယာန်လုပ်ငန်းရှိသမျှသည် ခရစ်တော်၏ဘဝအသက်တာကိုပုံဆောင်မှုတစ်ရပ်ဖြစ်ပါသည်။

ဘုရားသခင်၌ မွေ့လျော်ခြင်းသည် ချစ်ခြင်းမေတ္တာပေါ်တွင်အခြေပြုပါသည်။ မည်သည့်ခံယူချက်ပင်ရှိစေကာမူ မိမိညီအစ်ကိုအတွက် ကိုယ်ကျိုးမဖက်သောချစ်ခြင်းမေတ္တာမရှိလျှင် အဘယ်သူမျှဘုရားသခင်ကိုသန့်စင်စွာမချစ်နိုင်ပါ။ သို့သော်သူတစ်ပါးကိုကြိုးစား၍ချစ်ခြင်းအားဖြင့် ယင်းစိတ်သဘောကိုမရနိုင်။ ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် စိတ်နှလုံးအတွင်း၌ ကိန်းအောင်းတော်မူရန်လိုအပ်ပါသည်။ ငါတည်းဟူသောမာန်မာနကိုခရစ်တော်နှင့်ပူးပေါင်းပြီးမှသာလျှင် ချစ်ခြင်းသည် အလိုအလျောက်ပေါ်လာပေလိမ့်မည်။ အတွင်းစိတ်သဘောအားဖြင့် သူတစ်ပါးအား ကူညီယိုင်းပင်းလိုစိတ်၊ ကောင်းချီးပေးလိုစိတ်များ

စဉ်ဆက်မပြတ်ပေါ်ပေါက်လာမှသာ ကောင်းကင်နေရောင်ခြည်သည် စိတ်နှလုံးအတွင်း၌ထွန်းလင်းလျက်ရှိကြောင်းမျက်နှာတွင်ပေါ်လာသော အခါမှသာ စုံလင်သောခရစ်ယာန်အကျင့်ကိုရရှိပေလိမ့်မည်။

စိတ်နှလုံးအတွင်း၌ ခရစ်တော်ကိန်းဝပ်တော်မူလျှင်ချစ်ခြင်း မေတ္တာမရှိဘဲမဖြစ်နိုင်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဦးစွာချစ်တော်မူသောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်အားချစ်သည်မှန်လျှင် ခရစ်တော်သည် လူသားအားလုံးအတွက် အသေခံတော်မူသည်ဖြစ်၍ လူသားအလားလုံးကို ကျွန်ုပ်တို့ချစ်ကြလိမ့်မည်။ ကျွန်ုပ်တို့သည် လူသား အချင်းချင်းတွေ့ထိမှုမရှိလျှင် ဘုရားသခင်ကို မတွေ့မသိနိုင်။ အဘယ် ကြောင့်ဆိုသော် မိုးကုပ်စက်ဝိုင်း၏ပလ္လင်ပေါ်တွင် ထိုင်တော်မူသော ကိုယ်တော်သည် လူသားဇာတိနှင့်ဘုရားသခင်ဇာတိကိုပေါင်းစပ်သော သခင်ဖြစ်တော်မူ၏။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်ဆက်စပ်နေခြင်း အားဖြင့် လူသားအချင်းချင်းလည်း မေတ္တာရွှေကြိုးကွင်းဆက်ကလေး များဖြင့် ဆက်စပ်နေပြီးဖြစ်ပါသည်။ ထိုအခါ ခရစ်တော်၏ကရုဏာ တရားသည် ကျွန်ုပ်တို့၏အသက်တာတွင် ပေါ်လွင်လျက်ရှိပေလိမ့်မည်။ ဘဝအခြေအနေမကောင်းသူများနှင့်နွမ်းပါးသူများကို ကျွန်ုပ်တို့ထံခေါ်

---

"လောကဓါတ်မှစ၍လောကဓါတ်၌ရှိသမျှသောအရာတို့ကို ဖန် ဆင်းတော်မူသောဘုရားသခင်သည်. . မြေတစ်ပြင်လုံး၌နေရသောလူအ မျိုးမျိုးတို့ကိုတစ်သွေးတည်းနှင့်ဖန်ဆင်းတော်မူ၍. . လူတို့သည်ဘုရားသ ခင်ကိုရှာစမ်းသဖြင့် တွေ့ကောင်းတွေ့ကြလိမ့်မည်အကြောင်းတည်း။" တမန်တော်၊ ၁၇း၂၄-၂၇။ "ငါကြည့်လျှင် အသီးအသီးဘာသာစကားကို ပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှ. . လူများအပေါင်းတို့သည် ဖြူသောဝတ်ရုံကိုဝတ်ဆင်လျက်၊ စွန်ပလွံခက်ကိုကိုင်လျက်ပလ္လင်တော်ရှေ့၊ သိုးသငယ်ရှေ့မှာ ရပ်နေကြ၏။" ဗျာ၊ ၇း၉။

---

ဆောင်လာရန် စောင့်နေကြလိမ့်မည်မဟုတ်ပါ။ ပူပန်သောကဖြစ်နေသူများကိုကိုယ်ချင်းစာရန် သူတစ်ပါးကလာ၍တောင်းပန်ရန်လိုတော့မည်မဟုတ်ပါ။ ခရစ်တော်သည် ကျေးဇူးပြုလျက်၊ ချမ်းသာပေးလျက် လှည့်လည်တော်မူသည်နည်းတူ ကျွန်ုပ်တို့သည်လည်း ဆင်းရဲနွမ်းပါးသူများနှင့် ဆင်းရဲခက်ခဲမှုတွေ့နေသူများကို အလိုအလျောက်ကူညီယိုင်းပင်းကြလိမ့်မည်။

ချစ်ကြင်နာစိတ်ရှိသည့်နေရာတိုင်း၊ သူတစ်ပါးအားကောင်းချီးပေးခြင်းနှင့်ချီးမြှင့်ခြင်းပြုလိုစိတ်ရှိသည့်နေရာတိုင်းတွင် သန့်ရှင်းသောဝိညာဉ်တော်လုပ်ဆောင်မှုထင်ရှားပါသည်။ ဘုရားသခင်အကြောင်းကိုမသိသောဒေသများတွင် ဘုရားသခင်၏ပညတ်တရားတော်ကိုမသိသောလူများ၊ ခရစ်တော်၏နာမတော်ကိုပင်မကြားဖူးသောသူများသည် သူတို့၏အသက်အိုးအိမ်စည်းစိမ်များကို အလေးမထားဘဲ ကိုယ်တော်၏အမှုတော်ဆောင်များကိုကူညီခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းပြုတတ်ကြပါသည်။ ထိုသူတို့ဆောင်ရွက်ကြခြင်းမှာ ဘုရားသခင်၏တန်ခိုးတော်ကြောင့်ဖြစ်ကြောင်း ထင်ရှား့ါသည်။ ထိုမယဉ်ကျေးသောသူ၏အသိပညာနှင့်သဘာဝစိတ်ကိုဆန့်ကျင်၍ သူ၏စိတ်နှလုံးအတွင်းသို့ခရစ်တော်၏ကျေးဇူးတော်ကို သန့်ရှင်းသောဝိညာဉ်တော်က ပေးသွင်းလိုက်ခြင်းအားဖြင့် သူ၏ကြင်နာစိတ်ကိုသက်ရှင်လှုပ်ရှားစေလိုက်ခြင်းဖြစ်ပါသည်။ “ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အားအလင်းကိုပေးသော” ကြောင့် (ယော၊ ၁း၉) သူ၏စိတ်နှလုံးအတွင်းထွန်းလင်းနေသဖြင့် ၎င်းအလင်းတရားကိုအလေးဂရုပြုပါက ဘုရားသခင်၏နိုင်ငံတော်ဘက်သို့ ဦးတည်သွားနိုင်ရန် သူ၏ခြေတို့ကိုလမ်းပြတော်မူလိမ့်မည်။

လဲသောသူကိုထူမရာ၌လည်းကောင်း၊ ပူပန်သောကဖြစ်နေသူကိုနှစ်သိမ့်စေရာ၌လည်းကောင်း ကောင်းကင်ဘုန်းတန်ခိုးထင်ရှားပါသည်။ မည်သည့်နေရာ၌ပင်မဆိုလူသား၏စိတ်နှလုံးတွင် ခရစ်တော်ကိုန်းဝပ်တော်မူလျှင်ကိုယ်တော်သည် ၄င်းအတိုင်းထင်ရှားတော်မူလိမ့်မည်။ ၄င်းလှုပ်ရှားမှုရှိသည့်နေရာတိုင်းတွင် ခရစ်တော်၏တရားတော်ကောင်းချီးရှိလိမ့်မည်။ ၄င်းအမှုဆောင်ရွက်သည့်နေရာတိုင်းတွင် ရောင်ခြည်တော်ထွန်းလင်းလိမ့်မည်။

လူမျိုး၊ အမျိုးအနွယ်၊ မျိုးရိုးဇာတိဟူ၍ဘုရားသခင်အသိအမှတ်မပြု၊ လူသားအားလုံးကိုဘုရားသခင်ဖန်ဆင်းတော်မူ၏။ လူခပ်သိမ်းတို့သည်ဖန်ဆင်းတော်မူခြင်းအားဖြင့်လည်းကောင်း၊ ရွေးနုတ်တော်မူခြင်းအားဖြင့်လည်းကောင်း တလုံးတစည်းတည်းသောမိသားစုကြီးဖြစ်၏။ ခရစ်တော်ကြွလာတော်မူခြင်းအားဖြင့် ခွဲခြားမှုရှိသမျှပယ်ဖျက်တော်မူ၏။ လူတိုင်းဘုရားသခင်၏အထံတော်သို့လွတ်လပ်စွာဝင်ရောက်နိုင်ရန်ဗိမာန်တော်အခန်းများကိုလည်းဖွင့်တော်မူ၏။ ကိုယ်တော်၏မေတ္တာတော်သည်ကျယ်ပြန့်တော်မူသည်ဖြစ်၍လည်းကောင်း၊ နက်ရှိုင်းတော်မူသည်ဖြစ်၍လည်းကောင်း၊ ပြည့်စုံကုံလုံတော်မူသည်ဖြစ်၍လည်းကောင်း နေရာတိုင်းသို့ထိုးဖေါက်နိုင်တော်မူ၏။ စာတန်၏လိမ်လည်လှည့်ဖြားမှုကြောင့် သူ၏စက်ကွင်းအတွင်း ခက်ခဲမှုဆင်းရဲရောက်နေသူများကိုထုတ်ယူနိုင်တော်မူ၏။ ထိုသူတို့အား ပဋိညာဉ်သက်တံဝန်းရံလျက်ရှိတော်မူသည့်ဘုရားသခင်၏ပလ္လင်တော်သို့ ချဉ်းကပ်နိုင်ခွင့်ပေးတော်မူ၏။

ခရစ်တော်၌ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ အသွေးတော်အားဖြင့် အနီးသို့ရောက်ကြပြီ။ (ဂလာတိ၊ ၃း၂၈။ ဧဖက်၊၂း၁၃။)

ဘာသာအယူဝါဒမည်သို့ပင်ကွဲပြားခြားနားမှုရှိစေကာမူ အခက်အခဲတွေ့နေသည့်လူသား၏ခေါ်သံကို နားထောင်ရမည်၊ အဖြေပေးရမည်၊ ဘာသာအယူဝါဒကွဲပြားနေသည့်အတွက် နာကြည်းသောစိတ်ထားရှိလျှင် ကိုယ်တိုင်ကျေးဇူးပြုခြင်း၊ စောင့်ရှောက်ခြင်းများဖြင့် များစွာသောကောင်းကျိုးကိုဖြစ်စေနိုင်ပါသည်။ မေတ္တာရှေ့ထား၍ သူတစ်ပါးအကျိုးကိုဆောင်ရွက်ခြင်းသည် အထင်လွဲအမြင်မှားမှုများကွယ်ပျောက်၍ အသက်ဝိညာဉ်များကိုဘုရားသခင်၏အထံတော်သို့ပို့ဆောင်နိုင်ပေလိမ့်မည်။

ကျွန်ုပ်တို့သည် သူတစ်ပါး၏ဝမ်းနည်းကြေကွဲခြင်းများ၊ အခက်အခဲများ၊ ဆင်းရဲခြင်းများအတွက်အသိတရားရှိသင့်ပါသည်။ ကြွယ်ဝသူ၊ ဆင်းရဲနွမ်းပါးသူများနှင့်လည်းကောင်း၊ ဝမ်းမြောက်ခြင်း၊ ပူပန်သောကဖြစ်ခြင်း များတွင်အတူတကွပေါင်းသင့်ပါသည်။ “သင်တို့သည် အဖိုးမပေးဘဲကျေးဇူးတော်ကိုခံရကြပြီဖြစ်၍ အဖိုးမခံဘဲပေးကမ်းကြလော့” ဟု ခရစ်တော်မိန့်မှာတော်မူ၏။ မ၊ ၁၀း၈။ ကျွန်ုပ်တို့ဝန်းကျင်တွင် ကိုယ်ချင်းစာစကားကိုပြော၍ ကူညီယိုင်းပင်းမှုပြုရန် လိုအပ်သည့်နွမ်းပါးသူ၊ အခက်အခဲတွေ့သူအများအပြားရှိပါသည်။ စာနာထောက်ထားခြင်းနှင့်ကူညီထောက်ပံ့ခြင်းကိုလိုအပ်သောမုဆိုးမများရှိပါသည်။ မိဘမဲ့သားသမီးများကို ဘုရားသခင်ကယုံမှတ်လွှဲအပ်ထားသည့်ရတနာများအဖြစ် ခရစ်တော်၏နောက်တော်သို့လိုက်သောတပည့်တော်များအနေဖြင့် လက်ခံစောင့်ရှောက်ထားရန် ခရစ်တော်အလိုရှိတော်မူ၏။ သူတို့ကို အများအားဖြင့် ဥပေက္ခာပြုထားတတ်ကြပါသည်။ သူတို့သည်စုတ်ပြတ်၊ ချို့တဲ့၍ရှုမြင်ဖွယ်ရာမကောင်းသော်လည်း ဘုရားသခင်ပိုင်တော်မူ၏။ သူတို့ကိုလည်းအဖိုးအခမပေး၍ ဝယ်ယူထားတော်မူသည့်အတွက် ရှေ့တော်တွင် သူတို့သည်ကျွန်ုပ်တို့ကဲ့သို့ပင် အဖိုးထိုက်တန်ပါသည်။

သူတို့သည် ဘုရားသခင်၏အိမ်တော်ကြီးတွင်မိသားစုဝင်များဖြစ်ကြ၍ ကိုယ်တော်၏ဘဏ္ဍာစိုးများဖြစ်သည့် ခရစ်ယာန်များတွင်သူတို့အတွက် တာဝန်ရှိပါသည်။ "သူတို့၏အသက်ကိုသင်တို့၌ငါတောင်းမည်" ဟု ကိုယ်တော်ကိုသတိပေးထားတော်မူပါသည်။

မကောင်းမှုရှိသမျှအနက် အပြစ်သည် အဆိုးဆုံးဖြစ်၏။ ထိုကြောင့် အပြစ်သားကိုကြင်နာစွာကူညီထောက်ပံ့ရန် ကျွန်ုပ်တို့တွင် တာဝန်ရှိပါသည်။ သို့သော်အားလုံးကို နည်းတစ်မျိုးတည်းဖြင့် လက်လှမ်းမီနိုင်မည်မဟုတ်ပါ။ အသက်ဝိညာဉ်၏ဆာငတ်ခင်မွတ်ခြင်းကို လျှို့ဝှက်ထားသူအများရှိပါသည်။ ထိုသို့သောသူများကို ကြင်နာစကားတစ်ခွန်းပြောလျှင်လည်းကောင်း၊ သတိရစာတစ်စောင်ရေးလျှင်လည်းကောင်း များစွာသက်သာရာရကြပေလိမ့်မည်။ ထိုမျှမက မိမိတို့တွင် အရေးကြီးဆုံးလိုအပ်ချက်ရှိနေပါလျက် ကိုယ်တိုင်မသိသောသူများလည်းရှိတတ်ပါသည်။ သူတို့၏အသက်ဝိညာဉ်သည် အလွန်အကျွံခိုလှုံရာမဲ့နေသည်ကိုသူတို့မသိကြ။ မြောက်မြားစွာသောသူတို့သည်အပြစ်အတွင်းနစ်မွန်းနေကြသည်ဖြစ်၍ ထာဝရကာလ၏အမှန်ဖြစ်ရပ်များနှင့် ကင်းဝေးကြ၏။ ဘုရားသခင့်ပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းထားခြင်းမှာလည်း ပျက်သုဉ်းလျက်ရှိပါ၏။ ၎င်းအပြင်သူတို့တွင် ကယ်တင်ရန်လိုသောအသက်ဝိညာဉ်ရှိသည်ကိုပင် သိနိုင်ခဲ့ကြ၏။ သူတို့သည် ဘုရားသခင်ကိုမယုံကြည်၊ လူကိုလည်းစိတ်မချ။ ထိုသို့သောသူများအား ကိုယ်ကျိုးမဖက်သောကြင်နာမှုဖြင့်သာ လက်လှမ်းမီနိုင်ပေလိမ့်မည်။ ပထမတွင်သူတို့အား ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်စွက်ပေးရမည်။ သူတို့အားကျွေးမွေးပြုစုရမည်။ သန့်စင်ပေးပြီးလျှင် သင့်လျော်သောအဝတ်များဝတ်ဆင်ပေးရမည်။ သင်၏ကိုယ်ကျိုးမဖက်သောချစ်ခြင်းကို သူတို့သိမြင်လာသောအခါ ခရစ်တော်၏ချစ်ခြင်းကို ယုံကြည်ရန် သူတို့အတွက်လွယ်ကူလိမ့်မည်။

အမှားပြုမိ၍ မိမိအမှားအတွက် ရှက်ကြောက်တတ်သူအများရှိပါသည်။ သူတို့၏အမှားများကိုပြန်လည်သုံးသပ်ပြီးလျှင် ခိုလှုံရာမဲ့သည့်အခြေသို့ဆိုက်ရောက်သွားတတ်ပါသည်။ ယင်းအသက်ဝိညာဉ်များကိုကျွန်ုပ်တို့ဥပေက္ခာပြုမထားသင့်ပါ။ လူတစ်ဦးတစ်ယောက်သည်ရေဆန်ကိုလှန်၍ကူးနေရမည်ဆိုပါက စီးဆင်းနေသောရေအင်အားရှိသမျှသည်နစ်မွန်းလုနီးသောပေတရုကိုလက်ကမ်းသကဲ့သို့ ထိုသူအားလက်လှမ်း၍ကူညီသင့်ပါသည်။ မျှော်လင့်ချက်ရှိသောအားပေးစကား၊ ယုံကြည်စိတ်ချ၍မေတ္တာတရားနိုးထစေမည့်စကားများပြောပါ။

သင်သည် ညီအစ်ကိုတစ်ယောက်၏ မေတ္တာကိုလိုသကဲ့သို့ စိတ်ဆင်းရဲနေသောသင်၏ညီအစ်ကိုသည်လည်း သင်၏ချစ်ခြင်းကိုလိုအပ်နေပါသည်။ သူကဲ့သို့ပင် အားနည်းခဲ့သူတစ်ဦး၏ ဗဟုသုတကိုလည်းကောင်း၊ ကိုယ်ချင်းစာ၍ကူညီနိုင်သူတစ်ဦးကိုလည်းကောင်းသူလိုအပ်နေပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်အားနည်းချက်ကိုသဘောပေါက်ထားသည့်အသိပညာသည် များစွာအခက်အခဲတွေ့နေသည့်အခြားသူတစ်ဦးအား အကူအညီပေးရန် အထောက်အကူပြုလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ထံတော်မှနှစ်သိမ့်ခြင်းကောင်းချီးကိုခံရကြသည်ဖြစ်၍ ခက်ခဲမှုဆင်းရဲခြင်းတွေ့နေသောသူတစ်ဦးကိုနှစ်သိမ့်စေခြင်း၊ အားပေးခြင်းမပြုဘဲပစ်မထားသင့်ပါ။

ခရစ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်း၊ ခရစ်တော်နှင့်ကိုယ်တိုင်အဆက်အသွယ်ပြုခြင်းအားဖြင့်သာလျှင် ကိုယ်၊ စိတ်၊ နှလုံးသုံးပါးသည်ဇာတိပကတိအားဖြင့်ယုတ်နိမ့်သောစိတ်သဘောကို အောင်နိုင်လိမ့်မည်။ ဘုရားသခင်သည် လက်တော်နှင့်ဖေးမတော်မူလိမ့်မည်ဟူ၍လည်းကောင်း၊ ခရစ်တော်သည် လူသားအဖြစ်ခံယူတော်မူခဲ့ပြီးဖြစ်၍သူ့အားကိုယ်ချင်းစာကြင်နာတော်မူသည်ဟူ၍လည်းကောင်းစိတ်လေလွင့်နေသူအား

ပြောပြပါ။ အကူအညီတောင်းသံကိုမည်သည့်အခါမျှမကြားနိုင်သည့်ပြင်ကြင်နာစိတ်မရှိသောအရာများကိုလည်းကောင်း၊ ပညတ်ချက်နှင့်ဥပဒေသများကိုလည်းကောင်း ယုံကြည်ရုံမျှနှင့်သူ့အတွက်လုံလောက်မှုမရှိသေးပါ။ သူသည်ချစ်ခြင်းနှင့်ပြည့်ဝသောလက်ကိုဆုပ်ကိုင်မိဖို့နှင့်သနားကြင်နာခြင်းနှင့်ပြည့်ဝသောစိတ်နှလုံးတော်ကိုယုံကြည်ကိုးစားဖို့လိုပါသည်။ ကိုယ်တော်သည် သူ၏ဝန်းကျင်တွင်အစဉ်အမြဲရှိတော်မူ၍သူ့အားသနားကြင်နာမှုဖြင့် မပြတ်မလပ်ကြည့်ရှုစောင့်ရှောက်နေတော်မူကြောင်းကို သူ၏ဉာဏ်မျက်စိနှင့်အမြဲအာရုံစိုက်နေပါစေ။ အပြစ်အတွက်အမြဲစိတ်မကြည်မသာဖြစ်နေတော်မူသည့်အဘခမည်းတော်သည်လက်တော်ကိုဆန့်၍သူ့အားခေါ်လျက်နေတော်မူကြောင်းကိုလည်းကောင်း၊ “ငါ၏စွမ်းအားသတ္တိကိုကိုးစား၍ ငါနှင့်မိတ်သဟာယဖွဲ့ကြစေ။ ငါနှင့်မိတ်သဟာယဖွဲ့ကြစေသော” ဟုလမ်းညွှန်နေတော်မူသည့်အဘဘုရားသခင်၏အသံတော်ကိုလည်းကောင်း စဉ်းစားဆင်ခြင်ရန်သူ့အားပြောပြပါ။ ဟေရှာ၊ ၂၇း၅။

သင်သည်ယင်းအမှုကိုဆောင်ရွက်နေသည့်အချိန်တွင် လူသားတို့၏မျက်စိနှင့်မတွေ့မမြင်နိုင်သည့်အပေါင်းအဖေါ်များသင်၏ဝန်းကျင်တွင်ရှိနေကြပါသည်။ ထိခိုက်ဒဏ်ရာနှင့်ဝေဒနာခံစားနေရသောခရီးသည်အား ကြည့်ရှုပြုစုနေသည့်ရှမာရိလူ၏ဝန်းကျင်တွင် ကောင်းကင်တမန်များစွာစောင့်ရှောက်နေကြပါသည်။ လူသားအချင်းချင်းအားကူညီယိုင်းပင်းခြင်းအားဖြင့် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်သူများ၏ဝန်းကျင်တွင် ကောင်းကင်တံတိုင်းတော်များမှ ကောင်းကင်တမန်များစောင့်ကြပ်နေကြပါသည်။ ၎င်းအပြင် ခရစ်တော်ကိုယ်တိုင်သင်နှင့်အတူပူးပေါင်းဆောင်ရွက်လျက်ရှိနေပါသည်။ ကိုယ်တော်သည်အားဖြည့်တော်မူသောသခင်ဖြစ်တော်မူ၍ သင်သည်ကိုယ်တော်လမ်းညွှန်

တော်မူသည့်အတိုင်းဆောင်ရွက်ပါက ကြီးစွာသောအကျိုးသက်ရောက်မှုများကို သင်ကိုယ်တိုင်တွေ့သိရပေလိမ့်မည်။

ယင်းအမှုတော်ကိုဆောင်ရွက်ရာတွင် သူတစ်ပါးတို့၏ကောင်းစားရေးသာမက သင်၏ထာဝရကောင်းစားရေးသည်လည်း သင်ကိုယ်တိုင်သစ္စာရှိမှုပေါ်တွင်မူတည်နေပါသည်။ ခရစ်တော်သည် ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်တော်မူသကဲ့သို့ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ရန် မိတ်သဟာယဖွဲ့လိုသောသူအပေါင်းတို့ကိုချီးမြှင့်ရန် ခရစ်တော်လိုလားတော်မူ၏။ ကျွန်ုပ်တို့သည် တစ်ကိုယ်ကောင်းစိတ်ထားကိုစွန့်လွှတ်နိုင်စေရန် အခက်အခဲတွေ့နေသူများ၊ ဘေးရန်နှင့်ရင်ဆိုင်နေရသူများကို ကျွန်ုပ်တို့နှင့်ဆုံတွေ့စေတော်မူ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်နည်းတူ သနားကြင်နာတတ်သောသဘော၊ နူးညံ့သိမ်မွေ့သောသဘောများကို ဆည်းပူး၍ချစ်ခြင်းပွားများနိုင်ရန် နည်းများကိုဖန်တီးပေးတော်မူ၏။ ယင်းကိုလက်ခံခြင်းသည် ဘုရားသခင်၏တံတိုင်းတော်များအတွင်းသို့ ဝင်ရောက်ထိုက်သူများဖြစ်ရန်ပုံသွန်းပေးသည့်ကိုယ်တော်၏ ကျောင်းတော်သို့ဝင်ရောက်ခြင်းပင်ဖြစ်ပါသည်။ ယင်းကိုငြင်းပယ်လျှင် ကျွန်ုပ်တို့သည် ကိုယ်တော်၏အမိန့်တော်ကိုငြင်းပယ်ခြင်းပင်ဖြစ်၍ ကိုယ်တော်နှင့်ထာဝရခွဲခွာခြင်းကိုရွေးချယ်လိုက်ခြင်းဖြစ်ပါသည်။

"သင်သည် . . . ငါ့ပညတ်တရားကိုစောင့်ရှောက်လျှင် . . . ရှေ့တော်၌ရပ်နေသောသူအချို့တို့ကို" (ကိုယ်တော်၏ပလ္လင်တော်ကိုဝန်းရံလျက်ရှိသောကောင်းကင်တမန်များကိုပင်) "သင့်အားလမ်းပြရသောသူဖြစ်မည်အကြောင်းငါခန့်ထားမည်။" (ဇာခရိ၊ ၃း၇)။ မြေကြီးပေါ်၌ကောင်းကင်သားတို့ဆောင်ရွက်သောလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကောင်းကင်နိုင်ငံတော်တွင် သူတို့နှင့်အတူ ပေါင်းသင်း

နေထိုင်ရန်ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ “ကောင်းကင်တမန်များတို့ ကားကယ်တင်တော်မူခြင်းကျေးဇူးကို အမွေခံလတ္တံ့သောသူတို့အား ပြုစုစေခြင်းငှါစေလွှတ်တော်မူသောအစေခံနံဝိညာဉ်များဖြစ်ကြသည်။” ဟေဗြဲ၊ ၁း၁၄။) ဤလောကတွင် သူတစ်ပါးကိုမစေစားဘဲ “သူတစ်ပါး အစေကိုခံ” သောသူတို့အား ကောင်းကင်နိုင်ငံတော်တွင် ကောင်းကင် တမန်များက ကြိုဆိုကြလိမ့်မည်။ (မဿဲ၊ ၂၀း၂၈)။ “အဘယ်သူသည် အကျွန်ုပ်နှင့်စပ်ဆိုင်သောသူဖြစ်ပါသနည်း” ဆိုသည့်အမေးနှင့်ပတ်သက် ၍ထိုကောင်းမြတ်သောအပေါင်းအသင်းများနှင့်ဆုံတွေ့ကြသောအခါ ထာဝရဝမ်းမြောက်ဖွယ်ရာအဖြစ် ကျွန်ုပ်တို့သင်ကြားနိုင်ကြပေလိမ့်မည်။

---ooo---

## ကျေးဇူးတော်ဆိုင်ရာဆုလဒ်

**မ၊ ၁၉း၁၆-၃၀။ ၂၀း၁-၁၆။ မာကု၊၁၀း၁၇-၃၁။**
**လုကာ၊ ၁၈း၁၈-၃၀ ကိုအခြေပြုပါသည်။**

ဘုရားသခင်အခမဲ့ပေးတော်မူသည့်ကျေးဇူးတော်ဆိုင်ရာ ဘုရားသခင်၏တရားတော်ကိုယုဒလူတို့မျက်ခြည်ပြတ်လုမတတ်ရှိခဲ့ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကိုအလုပ်အားဖြင့်သာရယူနိုင်သည်ဟု ကျမ်းတတ်ဆရာများကသွန်သင်ကြပါသည်။ ဖြောင့်မတ်ခြင်းဆုလာဘ်ကိုသူတို့၏အလုပ်၊ အကျင့်အားဖြင့်သာရလိမ့်မည်ဟု သူတို့မျှော်မှန်းကြ၏။ သို့ဖြစ်ရာသူတို့သည် အကျိုးအမြတ်ကိုမြော်မြင်၍ ဝတ်ပြုကိုးကွယ်ကြ၏။ ကိုယ်တော်၏တပည့်တော်များသည်ပင်လျှင် ယင်းသဘောထားမျိုးနှင့်မလွတ်ကင်းကြပါ။ ထိုကြောင့် ခရစ်တော်သည် အခါအခွင့်သင့်တိုင်းသူတို့၏ အမှားကိုညွှန်ပြတော်မူခဲ့ပါသည်။ ကိုယ်တော်သည်စပျစ်ဥယျာဉ်၌လုပ်ဆောင်သောသူများ၏ဥပမာကို ဟောကြားတော်မမူမီက ဖြစ်ပျက်သောအကြောင်းတစ်ခုကိုအမှီပြု၍ မှန်သောအခြေခံသဘောတရားကိုလမ်းဖွင့်ခဲ့ပါသည်။

ကိုယ်တော်ကြွချီတော်မူစဉ်တွင် အရာရှိငယ်တစ်ဦးသည်ပြေးလာ၍ ကိုယ်တော်ကိုချဉ်းကပ်ပျပ်ဝပ်လျက်ရိုသေစွာဖြင့် “ကောင်းမြတ်သောဆရာ၊ ထာဝရအသက်ကိုရအံ့သောငှါ အကျွန်ုပ်သည် အဘယ်ကောင်းမှုကိုပြုရပါမည်နည်း” ဟုမေးလျှောက်လေ၏။

အရာရှိငယ်သည် ခရစ်တော်အားဂုဏ်အသရေရှိသောခရစ်ယာန်ဆရာတစ်ဦးအနေဖြင့်စကားပြောခဲ့၏။ ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကိုသူမသိ။ “ငါ့ကိုကောင်းမြတ်သည်ဟုအဘယ်ကြောင့်ခေါ်သနည်း။ ဘုရားသခင်တစ်ပါးတည်းသာကောင်းမြတ်တော်မူ၏” ဟု ခရစ်တော်မိန့်တော်မူ၏။ အဘယ်အကြောင်းကို အမှီပြု၍ ငါ့ကို

ကောင်းမြတ်သည်ဟုခေါ်သနည်း။ ဘုရားသခင်တစ်ပါးတည်းသာ ကောင်းမြတ်တော်မူ၏။ သင်သည်ငါ့အားကောင်းမြတ်သည်ဟု အသိအမှတ်ပြုလျှင် ငါသည်ဘုရားသခင်၏သားတော်ဖြစ်သည်ကိုလည်းကောင်း၊ကိုယ်စားလှယ်တော်ဖြစ်သည်ကိုလည်းကောင်းသင်လက်ခံရမည်။

"အသက်ရှင်ခြင်းသို့ဝင်စားလိုလျှင် ပညတ်တော်တို့ကိုစောင့်ရှောက်လော့" ဟုကိုယ်တော်သည်ထပ်လောင်း၍မိန့်တော်မူ၏။ ဘုရားသခင်၏ဘုန်းတော်သည် နှုတ်ထွက်စကားတော်၌ဖေါ်ညွှန်းလျက်ရှိပါ၏။ ထို့ကြောင့် သင်သည်ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့လိုလျှင် သင်၏အပြုအမူအားလုံးသည် ကိုယ်တော်၏တရားတော်ဆိုင်ရာအခြေခံသဘောတရားများနှင့်ညီညွတ်ရမည်။

ခရစ်တော်သည် ပညတ်တော်၏ ဆင့်ဆိုချက်များကိုယုတ်လျော့စေသည်မဟုတ်ပါ။ ထာဝရအသက်ကိုရနိုင်ရန် လိုက်နာရမည့်စည်းကမ်းချက်မှာ ပညတ်တော်ကိုစောင့်ထိန်းရန်ဖြစ်သည်ဟု မမှားမယွင်းနိုင်သောစကားအသုံးအနှုန်းများဖြင့် မိန့်တော်မူ၏။ အာဒံမကျဆုံးမီကလည်း ယင်းစည်းကမ်းကိုပင်ပေးထားတော်မူ၏။ ပရဒိသုဘုံတွင်နေထိုင်ခဲ့ရသောလူသည် လုံ၀ဥသုံနားထောင်၍စုံလင်ဖြောင့်မတ်ရန် ဘုရားသခင်လိုလားတော်မူသည်နည်းတူ ယနေ့လူကိုလည်းအလားတူပင်လိုလားတော်မူ၏။ ကျေးဇူးတော်ဆိုင်ရာပဋိညာဉ်တရားသစ်အရလိုအပ်ချက်များမှာ ဒေင်ဥယျာဉ်တွင်ဆင့်ဆိုခဲ့သည့်လိုအပ်ချက်များအတိုင်းကျယ်ပြန့်၍ ဘုရားသခင်၏ပညတ်တရားတော်နှင့် ညီညွတ်ပါ၏။ တရားတော်သည်လည်း သန့်ရှင်းတော်မူပါ၏။ တရားမျှတတော်မူပါ၏။ ကောင်းမြတ်တော်မူပါ၏။

"ပညတ်တော်တို့ကိုစောင့်ရှောက်လော့" ဟုခရစ်တော်မိန့်တော်မူသောအခါ "အဘယ်ပညတ်တို့ကို" စောင့်ရှောက်ရပါမည်နည်းဟု

ယင်းအရာရှိငယ်ကပြန်၍မေးလျှောက်ခဲ့ပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သောနည်းဥပဒေသတစ်ခုခုဖြစ်လိမ့်မည်ဟု သူထင်မှတ်ခဲ့သော်လည်း သိနာတောင်ပေါ်တွင် ပေးတော်မူခဲ့သည့်ပညတ်တော်ကိုခရစ်တော်ကညွှန်ပြခဲ့ပါသည်။ ပညတ်တော်ဆယ်ပါးကိုအက္ခရာတင်ထားသည့်ကျောက်ပြားနှစ်ပြားအနက် ဒုတိယကျောက်ပြားပါပညတ်အများစုကိုဖော်ပြတော်မူပြီးလျှင် "ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှချစ်လော့" ဟုအကျဉ်းချုပ်၍မိန့်တော်မူ၏။

ယင်းလူငယ်ကလည်း "ထိုပညတ်ရှိသမျှကို အကျွန်ုပ်သည်ငယ်သောအရွယ်မှစ၍ စောင့်ရှောက်ပါပြီ။ အဘယ်အကျင့်လိုသေးသနည်း" ဟု မဆိုင်းမငံ့ပြန်၍မေးလျှောက်လေ၏။ ပညတ်တရားတော်နှင့်ပတ်သက်၍သူ၏သဘောထားမှာအပေါ်ယံကသာဖြစ်၏။ လူသားတို့၏အမြင်အားဖြင့် သူသည်စုံလင်ဖြောင့်မတ်သောသူဖြစ်၏။ များသောအားဖြင့် သူ၏ပြင်ပအသက်တာလက္ခဏာတွင် မကောင်းမှုမရှိ။ ချွတ်ယွင်းချက်မရှိအောင် ပညတ်တရားတော်ကိုသူလိုက်နာစောင့်ရှောက်သည်ဟု သူအမှတ်ပင်ထင်မှတ်၏။ သို့သော် ဘုရားသခင်နှင့်သူ၏စပ်ကြားတွင်ချွတ်ယွင်းမှုရှိနေသည်ဟု လျှို့ဝှက်သည့်စိုးရိမ်မှုရှိနေပါသည်။ ထို့ကြောင့် "အဘယ်အကျင့်လိုသေးသနည်း" ဟုဆက်၍မေးလျှောက်ခဲ့ပါသည်။

"သင်သည်စုံလင်ခြင်းသို့ရောက်လိုလျှင်သွားလော့၊ ကိုယ်ဥစ္စာများကိုရောင်း၍ ဆင်းရဲသောသူတို့အားပေးလော့။ ထိုသို့ပြုလျှင်ကောင်းကင်ဘုံ၌ဘဏ္ဍာကိုရလိမ့်မည်။ သို့ပြီးမှ ငါ့နောက်သို့လိုက်လော့" ဟုခရစ်တော်ညွှန်ကြားတော်မူသောအခါ "ထိုလုလင်သည် များစွာသောဥစ္စာကိုရတတ်သောသူဖြစ်၍ ထိုစကားကိုကြားလျှင် စိတ်မသာညည်းနှင့်သွားလေ၏။"

## "အသက်ရှင်ခြင်းသို့ဝင်စားလိုလျှင်ပညတ်တော်တို့ကိုစောင့်ရှောက်လော့"

ကိုယ်ကိုကိုယ်ချစ်သောသူသည် ပညတ်တော်ကိုလွန်ကျူးသောသူဖြစ်ကြောင်း ယင်းအရာရှိငယ်သိမြင်စေရန် သခင်ယေရှုအလိုရှိတော်မူသည်ဖြစ်၍ သူ၏တစ်ကိုယ်ကောင်းစိတ်ထင်ရှားအောင်စမ်းသပ်စစ်ဆေးလိုက်ခြင်းဖြစ်ပါသည်။ သူ၏အကျင့်တွင်ဘေးရန်ဖြစ်နေသည့်အစိတ်အပိုင်းကိုဖေါ်ပြတော်မူ၏။ သို့သော် ထိုအရာရှိကလေးမူကားထိုထက်ပို၍မသိမမြင်လိုတော့ပါ။ လောကသည် သူ၏ဘုရားသခင်၍ယင်းဘုရားသခင်ကိုသာ သူမြတ်နိုးကိုးကွယ်ထားပါသည်။ ပညတ်တော်များကိုလိုက်နာစောင့်ထိန်းပါသည်ဟု အဆိုပြုသော်လည်းပညတ်တော်၏အခြေခံသဘောတရားသူ့မှာမရှိပါ။ ဘုရားသခင်ကိုလည်းကောင်း၊ လူကိုလည်းကောင်း သူသည်အမှန်စင်စစ်ချစ်သည်မဟုတ်ပါ။ ကောင်းကင်နိုင်ငံတော်သို့ဝင်နိုင်ရန် သူ့အတွက်အဓိကလိုအပ်ချက်မှာ

ယင်းချစ်ခြင်းမေတ္တာပင်ဖြစ်ပါသည်။ သူသည် ကိုယ်ကိုကိုယ်သာချစ်မြတ်နိုးသည်ဖြစ်၍ လောကရေးရာများကိုသာ ဦးစားပေးနေသောကြောင့် ကောင်းကင်နိုင်ငံတော်ဆိုင်ရာကျင့်ဝတ်ကျင့်စဉ်များနှင့်ကွာဟနေပါသည်။

ထိုအရာရှိငယ်သည် ခရစ်တော်၏အထံတော်သို့ရိုးသားစွာချဉ်းကပ်သောကြောင့် ကိုယ်တော်၏စိတ်တော်နှင့်တွေ့ထိတော်မူ၏။ ကိုယ်တော်သည် "ကြည့်ရှုလျက်ချစ်သောစိတ်ရှိ" တော်မူ၏။ ဖြောင့်မတ်ခြင်းတရားကိုဟောကြားသူဖြစ်နိုင်သည့်အရည်အချင်းကို ထိုသူ၌ကိုယ်တော်တွေ့မြင်တော်မူ၏။ ကိုယ်တော်သည် အတတ်ပညာမဲ့သောတံငါသည်များနောက်တော်သို့လိုက်ခြင်းကိုလက်ခံတော်မူသည်နည်းတူ ပညာအရည်အချင်းနှင့်ပြည့်စုံ၍ ဇာတိဂုဏ်ရှိသောၤလူငယ်ကိုလည်း လက်ခံတော်မူပေလိမ့်မည်။ အကယ်၍ၤအရာရှိငယ်သည် မိမိ၏အရည်အချင်းများကို ဝိညာဉ်ရေးကယ်ဆယ်ရေးအမှုတော်အတွက်အသုံးချရန် စိတ်ဝင်စားမည်ဆိုပါက ခရစ်တော်အတွက်လုံ့လဝီရိယရှိသော၊ အောင်မြင်သောအမှုတော်ဆောင်ကောင်းတစ်ယောက်ဖြစ်လာနိုင်ပါသည်။

သို့သော်သူသည် တပည့်တော်များကိုနာရမည့်စည်းကမ်းများကိုဦးစွာလက်ခံရပါမည်။ သူသည်မိမိကိုယ်ကိုဘုရားသခင်အားလုံ၀ဥဿုံဆက်ကပ်ထားရပါမည်။ ခရစ်တော်ခေါ်တော်မူသောအခါ ယောဟန်၊ ပေတရု၊ မဿဲနှင့် အပေါင်းအဖေါ်များတို့သည် "ရှိသမျှတို့ကိုစွန့်ပစ်လျက်ထ၍နောက်တော်သို့လိုက်" ကြ၏။ လု၊ ၅း၂၈။ လူငယ်သည်လည်း အလားတူသောဆက်ကပ်မှုကိုပြုရပါမည်။ ၤနေရာတွင်ခရစ်တော်သည် မိမိကိုယ်တိုင်အနစ်နာခံနိုင်တော်မူသည်ထက်ပို၍ကြီးမားသောအနစ်နာခံမှုကို တောင်းဆိုတော်မူသည်မဟုတ်ပါ။ ကိုယ်တော်သည် "စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှါ သင်တို့အတွက်ကြောင့်ဆင်းရဲခြင်းကို

ခံတော်မူ၏။” ၂ ကော၊ ၈း၉။ ထိုလူငယ်သည် ခရစ်တော်ဦးဆောင်တော်မူသည့်လမ်းစဉ်သို့ လိုက်လျှောက်ရန်သာလိုပါသည်။

ခရစ်တော်သည် ယင်းလူငယ်ကိုရှုစားတော်မူ၍ သူ၏အသက်ဝိညာဉ်ကိုကယ်ဆယ်ရန် လိုလားတော်မူ၏။ လူသားအများအတွက်ကောင်းချီးဖြစ်စေရန် တမန်တော်အဖြစ် ယင်းလူငယ်ကိုစေလွှတ်ရန်ကိုယ်တော်အလိုရှိတော်မူ၏။ သူစွန့်လွှတ်အရှုံးခံရမည့်အရာများအစားကိုယ်တော်နှင့်အတူလိုက်ပါပေါင်းဖေါ်ရန် အခွင့်အရေးကိုခရစ်တော်ကမ်းလှမ်းတော်မူ၏။ ထိုကြောင့် “ငါ့နောက်သို့လိုက်တော့” ဟုကိုယ်တော်မိန့်တော်မူ၏။ ၎င်းအခွင့်အရေးကိုပေတရု၊ ယာကုပ်နှင့်ယောဟန်တို့ကဝမ်းသာအားရလက်ခံခဲ့ကြ၏။ ဤလူငယ်သည်လည်းခရစ်တော်အားရိုသေလေးမြတ်ခြင်းရှိပါ၏။ သူ၏စိတ်နှလုံးသည်ခရစ်တော်နှင့်နီးစပ်ခဲ့၏။ သို့သော် ခရစ်တော်၏အနစ်နာခံလမ်းစဉ်ကိုလက်ခံရန် သူသည်အသင့်မရှိသေးပေ။ သခင်ယေရှုထက်သူ၏ဥစ္စာရတနာကိုဦးစားပေးလိုက်ပါသည်။ ထာဝရအသက်ကိုသူအလိုရှိပါ၏။ သို့သော်အသက်ဖြစ်၍ ကိုယ်ကျိုးမဖက်သောချစ်ခြင်းကိုသူ၏အသက်ဝိညာဉ်တွင်းမှာ သူလက်မခံနိုင်ပါ။ သို့ပါ၍ဝမ်းနည်းစွာဖြင့်ခရစ်တော်အားကျောခိုင်းကာ ထွက်ခွာသွားရှာလေ၏။

ထိုလူငယ်ထွက်သွားသောအခါ ယေရှုက “ဥစ္စာရတတ်သောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့အလွန်ဝင်ခဲလှ၏” ဟုမိန့်တော်မူ၏။ ယင်းစကားတော်များကိုတပည့်တော်တို့ကြားနာရကြသောအခါမိန်းမောတွေဝေကြ၏။ ဥစ္စာကြွယ်ဝချမ်းသာသောသူများမှာ ဘုရားသခင်ထံမှမျက်နှာရသောသူများဖြစ်သည်ဟု သူတို့သင်ယူခဲ့ကြပြီးဖြစ်၏။ သူတို့ကိုယ်တိုင်ပင်လျှင် မေရှိယ၏နိုင်ငံတော်တွင် လောကအာဏာစက်နှင့်ကြွယ်ဝချမ်းသာမှုကို လိုလားနေသောသူများဖြစ်ကြ၏။ အကယ်၍

ဥစ္စာကြွယ်ဝသူများပင်လျှင် နိုင်ငံတော်သို့မဝင်ရောက်နိုင်ဟုဆိုပါက အခြားသူများအတွက် အဘယ်သို့လျှင်မျှော်လင့်စရာရှိပါတော့မည်နည်း။

"တစ်ဖန်ယေရှုကငါ့သားတို့၊ မိမိဥစ္စာကိုမှီခိုသောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့အလွန်ဝင်ခဲလှ၏။ ကုလားအုတ်သည်အပ်နဖါးကိုလျှိုလွယ်၏။ ငွေရတတ်သောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ခဲသည်ဟုမိန့်တော်မူ၏။ ထိုသူတို့သည်သာ၍မိန်းမောတွေဝေ" ကြ၏။ ယင်းလေးနက်သောသတိပေးစကားများမှာ မိမိတို့အတွက်လည်း ပါဝင်ကြောင်း ထိုအခါမှတပည့်တော်များသတိထားမိကြ၏။ ယင်းသို့ ခရစ်တော်မိန့်တော်မူသည့်အတွက် သူတို့သည်လည်းတန်ခိုးအာဏာနှင့်ကြွယ်ဝချမ်းသာမှုကိုလျှို့ဝှက်စွာလိုလားစွဲလမ်းနေသူများဖြစ်ကြောင်း ဗူးပေါ်သလိုပေါ်လေတော့၏။ သူတို့သည်လည်း စိတ်စနောင့်စနင်းဖြစ်၍ "အဘယ်သူသည်ကယ်တင်တော်မူခြင်းသို့ရောက်နိုင်မည်နည်း" ဟုအံ့သြပြောဆိုကြ၏။

"ယေရှုသည်လည်း သူတို့ကိုကြည့်ရှု၍၊ ဤအမှုကိုလူမတတ်နိုင်သော်လည်း ဘုရားသခင်မတတ်နိုင်သည်မဟုတ်၊ ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကိုတတ်နိုင်တော်မူသည်ဟု မိန့်တော်မူ၏။"

ထိုကဲ့သို့သောသူဌေးသည် ကောင်းကင်နိုင်ငံတော်သို့ဝင်နိုင်ခဲ၏။ သူ၏ဥစ္စာပစ္စည်းများသည် သူ့အားအလင်းတရားရှိသည့်သန့်ရှင်းသူများ၏အမွေကိုဆက်ခံပိုင်ခွင့်မပေးနိုင်ပါ။ ကျွန်ုပ်တို့နှင့်မထိုက်မတန်သော ခရစ်တော်၏ကျေးဇူးတော်အားဖြင့်သာလျှင် ဘုရားသခင်၏မြို့တော်သို့ မည်သူမဆိုဝင်နိုင်ခွင့်ရှိပါသည်။

"သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့်. . မိမိတို့ကိုမိမိတို့မပိုင်ကြောင်းကို. . . . မသိကြသလော" ဟုသန့်ရှင်းသောဝိညာဉ်တော်အားဖြင့်မိန့်တော်မူ၏။ ၁ကော၊ ၆း၁၉၊၂၀။ ဤအချက်

ကို လူတို့ယုံကြည်သောအခါ သူတို့ပိုင်ဆိုင်သည့်ဥစ္စာပစ္စည်းများသည် ဘုရားသခင်လမ်းညွှန်တော်မူသည့်အတိုင်း ပျောက်သောသူများကို ကယ်ဆယ်၍ အခက်အခဲတွေ့နေသူများနှင့် နွမ်းပါးသူများအား ချမ်းသာပေးရန်အတွက် သူတို့အားယုံမှတ်လွှဲအပ်ထားသည့်ပစ္စည်းများ ဖြစ်ကြောင်း သဘောပေါက်ကြလိမ့်မည်။ ယင်းအမှုကိုလူမတတ်နိုင်၊ အဘယ်ကြောင့်ဆိုသော် လူ၏စိတ်နှလုံးသည် လောကစည်းစိမ်ကိုတပ်မက်၏။ ငွေဘုရားသခင်၏အမှုတွင် ချုပ်နှောင်ထားခြင်းခံရသူသည် အခက်အခဲတွေ့နေသောလူသား၏အော်ဟစ်သံကိုမကြားနိုင်။ သို့သော် ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကိုတတ်နိုင်တော်မူ၏။ အတုမရှိသောခရစ်တော်၏ချစ်ခြင်းကိုစေ့စေ့ထောက်ရှုခြင်းဖြင့် တစ်ကိုယ်ကောင်းစိတ်အရည်ပျော်၍ ချုပ်ထိန်းနိုင်လိမ့်မည်။ ထိုအခါကြွယ်ဝချမ်းသာသောသူသည် ဖါရိရှဲရှောလုကဲ့သို့ "ငါ၏အကျိုးစီးပွားကိုပြုစုသောအရာရှိသမျှတို့ကိုရှုံးစေသောအရာကဲ့သို့ ခရစ်တော်ကြောင့်ငါထင်မှတ်၏။ ထိုမျှမက ငါ၏သခင်ယေရှုခရစ်ကိုသိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကိုထောက်၍ ခပ်သိမ်းသောအရာတို့ကိုရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏" ဟုပြောနိုင်လိမ့်မည်။ ဖိ၊ ၃း၇၊၈။ ထိုအခါငါပိုင်ပစ္စည်းဟုအဘယ်သူမျှ သဘောထားကြတော့မည်မဟုတ်ပါ။ ဘုရားသခင်၏အမျိုးမျိုးအဖုံဖုံသောကျေးဇူးတော်များအတွက် ဘဏ္ဍာစိုးများဖြစ်ရကြသည်ဟူ၍လည်းကောင်း၊ ကိုယ်တော်အဖို့လူအမျိုးအပေါင်းအတွက်အမှုတော်ဆောင်များဖြစ်ရသည်ဟူ၍လည်းကောင်း သဘောပိုက်၍အားရဝမ်းမြောက်ကြလိမ့်မည်။

ခရစ်တော်၏ နှုတ်ထွက်စကားတော်များကြောင့် ကိုယ်အကြောင်းကိုယ်သိသဖြင့် ပထမဦးစွာအားယူ၍ စကားပြောလိုက်သူမှာ ပေတရုဖြစ်ပါသည်။ သူနှင့်သူ၏ညီအစ်ကိုဖြစ်သူအခြား တပည့်တော်

များအနေဖြင့် ခရစ်တော်အတွက် စွန့်လွှတ်ခဲ့ရသည်များကိုစဉ်းစား၍ စိတ်ကျေနပ်နေခဲ့၏။ အရာရှိငယ်အား "ကောင်းကင်ဘုံ၌ဘဏ္ဍာကို ရလိမ့်မည်။" ဟုကိုယ်တော်ကတိပြုခဲ့သည်ကိုသတိရသဖြင့် "အကျွန်ုပ်တို့သည် ရှိသမျှကိုစွန့်ပစ်၍ ကိုယ်တော်နောက်သို့လိုက်ကြပါပြီ" ဟုလျှောက်ထားပါသည်။ ယင်းသို့လျှောက်သည်မှာ သူနှင့်သူ၏အပေါင်းအဖေါ်များအနစ်နာခံခဲ့ရကြသည့်အတွက် မည်သည့်ဆုလာဘ်များရကြပါလိမ့်မည်နည်းဟုသဘောထား၍ မေးလျှောက်ခြင်းဖြစ်ပါသည်။

ခရစ်တော်၏အဖြေကြောင့် ဂါလိလဲတံငါသည်များ သည်းလှိုက်ရင်ဖိုဖြစ်ကြ၏။ သူတို့စိတ်ကူးယဉ်ခဲ့သည်များအတွက်အသရေတင့်တယ်သောမြင်ကွင်းများကိုပြတော်မူ၏။ "ငါမှန်ဆိုသည်ကား အလုံးစုံသောအရာတို့ကို အသစ်ပြုပြင်သောကာလ၌လူသားသည် ဘုန်းရှိသောပလ္လင်တော်ပေါ်မှာထိုင်တော်မူသောအခါ ငါ့နောက်သို့လိုက်ကြသောသင်တို့သည် တစ်ဆယ့်နှစ်ခုသောပလ္လင်ပေါ်မှာထိုင်လျက် ဣသရေလတစ်ဆယ့်နှစ်မျိုးကိုစစ်ကြောစီရင်ရကြလတ္တံ့" ထို့အပြင်ဆက်လက်၍မိန့်တော်မူသည်မှာ "အကြင်သူသည် ငါကြောင့်လည်းကောင်း၊ ဧဝံဂေလိတရားကြောင့်လည်းကောင်း၊ အိမ်၊ လယ်၊ ညီအစ်ကို၊ နှမ၊ မိဘ၊ သားမယား

---

"လူ၏အမှုကိုသာဆောင်ရွက်သကဲ့သို့မဟုတ်၊ သခင်ဘုရား၏အမှုတော်ကိုဆောင်ရွက်သကဲ့သို့ပြုလေသမျှတို့၌စေတနာစိတ်နှင့်ပြုကြလော့။ အမွေတော်တည်းဟူသောအကျိုးကို ထိုသခင်ဘုရား၏လက်တော်မှခံရလိမ့်မည်ဟု သိမှတ်ကြလော့။" ကော၊၃း၂၃၊၂၄။ "ငါသည်အလျင်အမြန်လာမည်၊ ငါသည်အကျိုးအပြစ်ကိုဆောင်ခဲ့သည်ဖြစ်၍လူအသီးသီးတို့အား မိမိတို့အကျင့်အတိုင်းဆပ်ပေးမည်။" ဗျာ၊ ၂၂း၁၂။

---

တည်းဟူသောတစ်ပါးပါးကိုစွန့်၏။ ထိုသူသည်အဆတစ်ရာသောအကျိုး တည်းဟူသောယခုကာလ၌ညဥ့်ဦးဆဲခြင်းနှင့်တကွ အိမ်၊ လယ်၊ ညီအစ်ကို၊ နှမ၊ အမိ၊ သားသမီးတို့ကိုလည်းကောင်း ၊ နောင်ဘဝ၌ ထာဝရအသက်ကိုလည်းကောင်းခံရလတ္တံ့" ဟုကတိပြုတော်မူ၏။

သို့သော်တပည့်တော်ပေတရုက "အဘယ်အကျိုးကိုရကြပါမည်နည်း" ဟုလျှောက်ထားသည်တွင် သူ၌ငါး၏သဘောထားပါနေသောကြောင့်ပဲ့ပြင်သွန်သင်ပေးခြင်းမရှိပါက တပည့်တော်များသည် ခရစ်တော်၏တမန်တော်များဖြစ်ထိုက်ကြလိမ့်မည်မဟုတ်ပါ။ သူတို့သည် ယေရှု၏မေတ္တာတော်ဆွဲဆောင်မှုဖြင့် ကိုယ်တော်အားရိုသေမြတ်နိုးပြီးသူများဖြစ်ကြသော်လည်း ဖါရိရှဲဝါဒမပျောက်ကြသေးပါ။ သူတို့၏အလုပ်နှင့်လျော်ညီသည့်အချိုးအစားအတိုင်း ဆုလာဘ်ရကြမည်ဟုမျှော်ကိုး၍ အမှုတော်ကိုဆောင်ရွက်နေကြသေးပါသည်။ ကိုယ်ကိုကိုယ်ချီးမြှင့်ပြီးလျှင် သူ့ထက်ငါသာသည်ဟု အထင်ကြီးနေကြသေးပါသည်။ သူတို့တွင် တစ်ဦးတစ်ယောက်၌ ချွတ်ယွင်းမှုမရှိပါက အခြားသူများက ထိုသူထက်သာသည်ဟုသဘောထားကြပါသည်။

ထိုကြောင့်တပည့်တော်များသည် ဧဝံဂေလိတရားတော်၏အခြေခံသဘောတရားကိုမျက်ခြည်မပြတ်ကြစေရန် ခရစ်တော်သည်ဥပမာကိုဆောင်၍တပည့်တော်များအား ဩဝါဒပေးတော်မူ၏။ ဘုရားသခင်သည် မိမိ၏အမှုတော်ဆောင်များနှင့်ဆက်ဆံပုံကို ယင်းဥပမာဖြင့်ဖေါ်ပြတော်မူ၏။ တပည့်တော်များကလည်း ယင်းအတိုင်းသဘောထား၍ ကိုယ်တော်အတွက် အမှုတော်ထမ်းဆောင်ကြရန် သခင်ယေရှုအလိုရှိတော်မူ၏။

"ကောင်းကင်နိုင်ငံတော်သည် စပျစ်ဥယျာဉ်ကိုလုပ်ဆောင်သောသူတို့ကိုငှါးခြင်းငှါ နံနက်စောစောထွက်သွားသောအိမ်ရှင်နှင့်တူ၏" ဟုဥပမာကိုအစချီတော်မူ၏။ ထိုခေတ်ကအလုပ်ရှာဖွေသောသူတို့သည် ဈေးသို့သွား၍စောင့်နေရကြပါသည်။ အလုပ်ရှင်များကလည်း ထိုနေရာသို့သွား၍ အလုပ်သမားရှာဖွေကြသည့်ထုံးစံရှိပါသည်။ ဥပမာတွင်

အိမ်ရှင်သည် အလုပ်သမားများကိုတစ်ချိန်တည်းမဟုတ်၊ အချိန်နာရီခွဲခြား၍တစ်သုတ်စီငှါးရမ်းခဲ့သည်ဟုဖေါ်ပြထားပါသည်။ အစောဆုံးအချိန်က ငှားရမ်းခဲ့သောအလုပ်သမားများသည် သတ်မှတ်ထားသောလုပ်အားခကိုသဘောတူလက်ခံ၍ အလုပ်ခွင်သို့ဝင်ရောက်ခဲ့ကြပါသည်။ နောက်ကျမှငှားရမ်းခဲ့သောလုပ်သားများကမူကား အိမ်ရှင်ကချင့်ချိန်၍ပေးမည့်လုပ်သားခကိုသဘောတူခဲ့ကြပါသည်။

"ညအချိန်ရောက်သောအခါ စပျစ်ဥယျာဉ်ရှင်ကလုပ်ဆောင်သောသူတို့ကိုခေါ်ခဲ့လော့။ နောက်ဝင်သောသူမှစ၍ အရင်အဦးဝင်သောသူတိုင်အောင် အခကိုပေးလော့ဟု မိမိစာရေးကိုမှာလိုက်လေ၏။ ထိုကြောင့်ဆယ်တစ်နာရီအချိန်၌ဝင်သောသူတို့သည်လာ၍ ဒေနာရိတစ်ပြားစီခံကြ၏။ အဦးဝင်သောသူတို့သည်လာကြသောအခါ၊ ငါတို့သည်သာ၍ရမည်ဟု စိတ်ထဲမှာထင်မှတ်သော်လည်း ဒေနာရိတစ်ပြားစီခံရကြ၏။

ဥပမာတွင်အိမ်ရှင်သည် မိမိ၏စပျစ်ဥယျာဉ် လုပ်သားများနှင့်ဆက်ဆံသည့်ပုံစံမှာ ဘုရားသခင်သည် လူသားမိသားစုကြီးနှင့်ဆက်ဆံပုံကိုပုံဆောင်ထားခြင်းဖြစ်ပသါည်။ ယင်းဆက်ဆံပုံမှာ လူတို့တွင်ခေတ်စားနေသည့် ထုံးစံနှင့်ဆန့်ကျင်နေပါသည်။ လောကလုပ်ငန်းတွင်လုပ်ငန်းပြီးစီးသည့်အပေါ်မူတည်၍ လုပ်အားခကိုပေးပါသည်။ လုပ်သားသည် သူရသင့်ရထိုက်သောလုပ်အားခကိုသာမျှော်လင့်ပါသည်။ သို့သော်ခရစ်တော်သည် မိမိနိုင်ငံတော်၏အခြေခံသဘောတရားများကိုအနက်ပေါ်လွင်စေရန် ယင်းဥပမာအားဖြင့် ဩဝါဒပေးတော်မူ၏။ ကိုယ်တော်၏နိုင်ငံတော်သည် လောကနိုင်ငံမဟုတ်၊ ကိုယ်တော်သည်လူသားတို့၏စံနှုန်းဖြင့်ထိန်းချုပ်ထားခြင်းကိုခံရသောသူမဟုတ်၊ "ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ၊ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ၊ မိုးကောင်းကင်သည်မြေကြီးထက်သာ၍မြင့်သကဲ့သို့ ငါ၏အကျင့်သည် သင်တို့၏ အကျင့်ထက်လည်းကောင်း၊

ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်လည်းကောင်း သာ၍မြင့်၏။" ဟုကိုယ်တော်ဖော်ပြတော်မူ၏။ ဟေရှာ၊ ၅၅း၈၊၉။

ဥပမာတွင် ပထမငှားရမ်းထားသောလုပ်သားများသည် သတ်မှတ်သဘောတူထားသည့်နှုန်းအတိုင်း အပိုအလိုမရှိသောလုပ်အားခကို လက်ခံရရှိကြပါသည်။ နောက်မှငှားသောသူတို့သည် "တော်လျော်စွာ ရကြလိမ့်မည်" ဟုသခင်၏ကတိပေးစကားကိုယုံကြည်ကြ၏။ လုပ်အားခနှုန်းနှင့်စပ်လျဉ်း၍ မမေးခဲ့သည်မှာ သခင်ကိုစိတ်ချယုံကြည်ခြင်းကြောင့်ဖြစ်ပါသည်။ သူ၏တရားမျှတမှုနှင့်ဖြောင့်မှန်ခြင်းကို သူတို့ယုံကြည်ကိုးစားကြ၏။ သူတို့၏လုပ်ငန်းပြီးမြောက်မှုအပေါ်အခြေမပြုဘဲ သူ၏စီမံချက်အတိုင်းရက်ရောစွာသူတို့အား ဆုလာဘ်ဝေငှပေးကမ်းခြင်းဖြစ်ပါသည်။

ထိုနည်းတူ ဘုရားသခင်မသိသောသူများကိုပင် တရားမျှတစွာစီရင်တော်မူသည့်ဘုရားသခင်အား ကျွန်ုပ်တို့ယုံကြည်ကိုးစားရန် ကိုယ်တော်အလိုရှိတော်မူ၏။ ကိုယ်တော်သည် မိမိဆုလာဘ်များကို ကျွန်ုပ်တို့၏ကုသိုလ်ကောင်းမှုအပေါ်မူတည်၍ပေးသနားတော်မူသည်မဟုတ်၊ ကြံစည်ထားတော်မူသည့်အတိုင်း "ငါတို့သခင်ယေရှုခရစ်ကိုအကြောင်းပြု၍ ထာဝရအကြံတော်ရှိသည်နှင့်အညီ" ပေးသနားတော်မူ၏။ ဧ၊ ၃း၁၁။ "ငါတို့ကျင့်သောဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ဘဲ မိမိသနားခြင်းကြင်နာမှုနှင့်အညီ. . . ငါတို့ကိုကယ်တင်တော်မူ၏။" တိတု၊ ၃း၅။ ၎င်းအပြင်ကိုယ်တော်ကို ယုံကြည်ကိုးစားသောသူတို့အား "တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာ" ပြုတော်မူလိမ့်မည်။ ဧ၊ ၃း၂၀။

လုပ်ငန်းဆောင်ရွက်မှုအနည်းအများအပေါ်တွင် မူတည်သည်မဟုတ်။ ၎င်း၏မျက်မြင်အကျိုးသက်ရောက်မှုပေးတွင်လည်းမူမတည် သို့သော်ယင်းလုပ်ငန်းလုပ်ဆောင်ရာတွင်ထားရှိသည့်စိတ်စေတနာအပေါ်မူတည်၍ဘုရားသခင်တန်ဖိုးထားတော်မူ၏။ နောက်ဆုံးသောအချိန်ကုန်လုနီးမှ

စပျစ်ဥယျာဉ်သို့ရောက်လာသောသူများသည် လုပ်ငန်းဆောင်ရွက်ခွင့်ရကြသည့်အတွက် ကျေးဇူးတရားကိုသိနားလည်ကြပါသည်။ သူတို့ကိုလက်ခံသူအား အထူးကျေးဇူးတင်ကြ၏။ နေ့အချိန်ကုန်ဆုံးသောအခါတွင်လည်း လုပ်ငန်းရှင်ကတစ်နေ့အတွက် လုပ်အားခကိုအပြည့်အဝပေးသောကြောင့် များစွာအံ့အားသင့်နေကြပါသည်။ ယင်းလုပ်အားခအပြည့်အဝနှင့်မထိုက်တန်ကြောင်းသူတို့သိကြ၏။ ၄င်းအပြင်သူတို့အပေါ်ကြင်နာမှုရှိကြောင်း အလုပ်ရှင်၏မျက်နှာတွင်ပေါ်လွင်လျက်ရှိသည်ကိုသူတို့တွေ့မြင်ရကြသောအခါ အလွန်အားရဝမ်းမြောက်ကြ၏။ လုပ်ငန်းရှင်၏ကောင်းမြတ်ခြင်းနှင့်ရက်ရောမှုကို သူတို့မည်သည့်အခါမျှမမေ့ကြ။ ထိုနည်းအတူ နောက်ဆုံးသောအချိန်တွင်အပြစ်သားသည်မိမိနှင့်မထိုက်တန်ဘဲလျက် ဘုရားသခင်၏စပျစ်ဥယျာဉ်တော်သို့ဝင်ခွင့်ရသည့်အတွက် ဝမ်းမြောက်အားရလိမ့်မည်။ သူအမှုဆောင်ရွက်ရသောကာလတိုတောင်းလှသည်ဟု ယူဆရသည့်အတွက်ဆုလာဘ်မရထိုက်ဟုထင်မှတ်ခဲ့သော်လည်း ဘုရားသခင်သည်သူ့အား လက်ခံတော်မူသည့်အတွက်ကိုပင် အားရဝမ်းမြောက်ခြင်းနှင့်ပြည့်ဝ၏။ ခရစ်တော်နှင့်အတူပူးပေါင်းလုပ်ဆောင်ခွင့်ရသည့်အတွက် ကျေးဇူးတင်သည်ဖြစ်၍နှိမ့်ချယုံကြည်ကိုးစားသောသဘောထားဖြင့် အမှုတော်ကိုထမ်းဆောင်ပါသည်။ ယင်းသဘောထားကို ဘုရားသခင်ဂုဏ်ပြုတော်မူ၏။

ကျွန်ုပ်တို့သည် မည်ကဲ့သို့သောဆုလာဘ်ကိုရကြပါမည်နည်းဟုသို့လောသို့လောတွေးတောခြင်းမရှိဘဲ ဘုရားသခင်၌ လုံးဝယုံကြည်ကိုးစားကြရန် ကိုယ်တော်အလိုရှိတော်မူ၏။ အသက်ဝိညာဉ်၌ ခရစ်တော်တည်နေတော်မူလျှင် ဆုလာဘ်ပဓါနမဟုတ်၊ ဆုလာဘ်ကိုလိုလား၍ကျွန်ုပ်တို့အမှုတော်ထမ်းဆောင်ခြင်းလည်းမဟုတ်ပါ။ သို့သော်လုပ်ဆောင်သည့်အတွက်ဆုလာဘ်ကိုပဓါနမထားသော်လည်းရရှိသည့်အကျိုးကျေးဇူးကိုလေးစားရမည်မှာမှန်ပါသည်။ ကတိတော်အတိုင်းဘုရားသခင်ပေးသနားတော်မူသည့် ကောင်းချီးများ၏ အကျိုးကျေးဇူးကို ကျွန်ုပ်တို့

သိနားလည်ရန် ဘုရားသခင်အလိုရှိတော်မူ၏။ သို့သော် ကျွန်ုပ်တို့ ဆောင်ရွက်သည့်အမှုကိစ္စတိုင်းအတွက် ဆုလာဘ် (သို့မဟုတ်) လုပ်အားခ ရလိမ့်မည်ဟူသော စွဲလမ်းခြင်းဖြင့်အမှုတော်ကိုဆောင်ရွက်ရန် ဘုရားသခင်အလိုတော်မရှိပါ။ ကျွန်ုပ်တို့သည် အမြတ်အစွန်းကိုပဓါနမထား၊ ဆုလာဘ်ကိုလည်းမမျှော်ကိုးဘဲ အမှန်အတိုင်းဆောင်ရွက်ရန်ဦးစားပေးရမည်။ ဘုရားသခင်ကိုလည်းကောင်း၊ လူသားအချင်းချင်းကိုလည်းကောင်း ချစ်မြတ်နိုးရန်မှာ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ဖြစ်သင့်ပါသည်။

ဥပမာအရ ပထမအကြိမ်ခေါ်တော်မူသံကိုကြားသိရသော်လည်း ဘုရားသခင်၏စပျစ်ဥယျာဉ်တော်သို့ဝင်ရောက်၍ အမှုတော်ကိုမထမ်းဆောင်သောသူများအား အပြစ်မှလွတ်ငြိမ်းခွင့်ပေးမထားပါ။ အိမ်ရှင်သည်နောက်ဆုံးဆယ့်တစ်နာရီအချိန်တွင် ဈေးသို့သွားသောအခါ အခြားသောသူတို့သည် အလုပ်မလုပ်ဘဲရပ်နေကြသည်ကိုတွေ့၍ "သင်တို့သည် တစ်နေ့လုံးအလုပ်ကိုမလုပ်ဘဲ ဤအရပ်၌အဘယ်ကြောင့်နေကြသနည်း" ဟုမေးရာ "ကျွန်တော်တို့ကိုအဘယ်သူမျှမငှား" ဟုပြန်၍ ဖြေကြပါသည်။ ထိုနေ့နောက်ပိုင်းမှ အခေါ်ခံရသူများသည် ထိုနေ့နံနက်ပိုင်းက ထိုနေရာတွင်ရှိကြသူများမဟုတ်ပါ။ သူတို့သည်ခေါ်သံကို

---

"စိုက်ပျိုးသောသူမတတ်နိုင်၊ ရေလောင်းသောသူလည်းမတတ်နိုင်၊ ကြီးပွားစေတော်မူသောဘုရားသခင်သာလျှင်တတ်နိုင်တော်မူ၏။ သို့သော်လည်း စိုက်ပျိုးသောသူနှင့်ရေလောင်းသောသူသည် တစ်လုံးတစ်ဝတည်းဖြစ်၍ အသီးအသီးမိမိလုပ်သည်အတိုင်း မိမိအကျိုးကိုခံရလိမ့်မည်။ ငါတို့သည် ဘုရားသခင်ထံ၌အလုပ်လုပ်သောသူချင်းဖြစ်ကြ၏။ . . . . ယေရှုခရစ်တည်းဟူသော၊ ချလျက်ရှိသောတိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှ မချနိုင်. . . . အသီးအသီးလုပ်သောအလုပ်သည် ထင်ရှားလိမ့်မည်။ . . . ထိုတိုက်မြစ်အပေါ်၌ထပ်ဆင့်တည်ဆောက်သောအကြင်သူ၏အလုပ်သည်မြဲ၏။ ထိုသူသည်အကျိုးကိုခံရလိမ့်မည်။ ၁ကော၊ ၃း၇-၁၄။

---

ငြင်းပယ်သောသူများမဟုတ်ကြပါ။ ခေါ်တော်မူခြင်းကိုငြင်းပယ်၍ နောက်မှနောင်တရသောသူတို့သည် ကောင်းစွာသောနောင်တရခြင်းဖြစ်ပါသည်။ သို့သော်ကျေးဇူးတော်ဆိုင်ရာပထမအကြိမ်ခေါ်တော်မူခြင်းကို အရေးမပေးဘဲ မထီလေးစားပြုလျှင် ဘေးရန်မကင်းပါ။

စပျစ်ဥယျာဉ်တွင်လုပ်သောသူအားလုံးတို့သည် "ဒေနာရိတစ်ပြားစီ" ရကြသောအခါ ထိုနေ့စောစောပိုင်းကလုပ်ငန်းခွင်သို့ဝင်ရောက်ကြသောသူများမကျေမနပ်ဖြစ်ကြ၏။သူတို့သည်တစ်ဆယ့်နှစ်နာရီပတ်လုံးအလုပ်လုပ်ခဲ့ရကြသည်ကိုအကြောင်းပြ၍နေအေးသည့်အချိန်ရောက်မှတစ်နာရီမျှသာအလုပ်လုပ်ရသူများထက် ပို၍လုပ်အားခရထိုက်ကြောင်းအဆိုပြုကြပါသည်။ "နောက်ဝင်သောသူတို့သည် တစ်နာရီခန့်မျှသာလုပ်ဆောင်သော်လည်း တစ်နေ့လုံးအမှုဝန်ကိုထမ်းရွက်၍ နေပူဆင်းရဲခံရသော အကျွန်ုပ်တို့နှင့်အညီအမျှ ကိုယ်တော်စီရင်ပါပြီတကား" ဟုသူတို့ကတင်ပြကြပါသည်။

ထိုအခါအိမ်ရှင်က တစ်ယောက်သောသူအား "အဆွေ၊ သင်၌မတရားသောအမှုကိုငါမပြု၊ ဒေနာရိတစ်ပြားကိုအမှတ်ပြု၍သင်သည်ငါနှင့်ဝန်ခံသည်မဟုတ်လော၊ သင်၏ဉစ္စာကိုယူ၍သွားလော့၊ နောက်ဝင်သောသူတို့အား သင်နှင့်အညီအမျှပေးခြင်းငှါ ငါအလိုရှိ၏။ ငါသည်ကိုယ်ဉစ္စာကိုပြုလိုသမျှမပြုရာသလော။ ငါ့သဘောကောင်းသောကြောင့်သင်သည်မျက်မုန်းကျိုးရသလောဟုဆိုလေ၏။"

ထိုနည်းတူနောက်ကျသောသူတို့သည် အဦးကျလိမ့်မည်။ အဦးကျသောသူတို့သည် နောက်ကျလိမ့်မည်။ ခေါ်တော်မူသောသူအများရှိသော်လည်း ရွေးကောက်တော်မူသောသူနည်းသည်ဟုမိန့်တော်မူ၏။"

ဥပမာအရ ပထမလုပ်ဆောင်သောသူများသည် မိမိတို့၏လုပ်ငန်းအရသူတစ်ပါးထက် အခွင့်သာသောသူများဖြစ်သည်ဟု အဆိုပြုသောသူများကိုပုံဆောင်ထားပါသည်။ သတို့သည် ကိုယ်ကျိုးစွန့်ခြင်း၊

အနစ်နာခံခြင်းများမရှိပါ။ ကိုယ်ကိုကိုယ်ချီးကျူးသည့်သဘောထားဖြင့် လုပ်ငန်းခွင်သို့ဝင်ကြ၏။ သူတို့သည် တစ်သက်လုံးဘုရားသခင်၏ အမှုတော်ဆောင်ဟု အမည်ခံသူများဖြစ်ကောင်းဖြစ်ကြပေလိမ့်မည်။ အမှုတော်ဆောင်ရာတွင်လည်း စားဝတ်နေရေးအခက်အခဲများ၊ ဆင်းရဲခြင်းများ၊ စမ်းသပ်စစ်ဆေးခြင်းများနှင့် ပထမဦးစွာရင်ဆိုင်ရသူများ ဖြစ်ကောင်းဖြစ်ကြပေလိမ့်မည်။ ထိုကြောင့် သူတို့သည် မြောက်မြားစွာသောဆုလာဘ်နှင့်ထိုက်တန်သူများဖြစ်သည်ဟု ယူဆကြ၏။သူတို့သည် ခရစ်တော်၏အမှုတော်ဆောင်များဖြစ်ရသည့်အခွင့်အရေးထက်ဆုလာဘ်ကိုပို၍နှစ်သက်မြတ်နိုးသောသူများဖြစ်ကြ၏။ ထိုသို့သူတို့အမှုတော်ဆောင်ရွက်ရသည့်အတွက်လည်းကောင်း၊ အနစ်နာခံရသည့်အတွက်လည်းကောင်း သူတစ်ပါးတို့ထက်ပို၍ဂုဏ်ပြုခြင်းကိုခံထိုက်သည်ဟု သူတို့မြင်ကြ၏။ ယင်းသို့ထင်မြင်ယူဆချက်အတိုင်း အသိအမှတ်ပြုခြင်းကိုမခံရကြပါက သူတို့မကျေမနပ်ကြ။ သူတို့သည် သူတို့၏လုပ်ငန်းကိုချစ်ခြင်းမေတ္တာနှင့် ယုံကြည်ကိုးစားသောသဘောထားဖြင့် ဆက်လက်ဆောင်ရွက်ကြပါက သူတို့သည် ပထမအဆင့်တွင်ပင် ဆက်လက်တည်မြဲနေကြပေလိမ့်မည်။ သို့သော် သူတို့၏ရန်လိုသောသဘော၊ ညည်းညူတတ်သောသဘောထားများသည် ခရစ်တော်၏သဘောထားနှင့်ဆန့်ကျင်သည်ဖြစ်၍ ယုံကြည်လွှဲအပ်ထားခြင်းကိုခံထိုက်သောသူများမဟုတ်ကြပါ။ သူတို့သည် ကိုယ်တိုင်တိုးတက်ကြီးပွားရေးကိုသာလိုလား၍ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်းမရှိကြောင်း ညီအစ်ကိုအချင်းချင်းမနာလိုဝန်တိုခြင်းနှင့် ငြူစူစောင်းမြောင်းသောသဘောထားရှိကြောင်းထင်ရှားနေပါသည်။ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းနှင့်ရက်ရောတော်မူခြင်းများသည်သူတို့အတွက်ညည်းညူရန်အကြောင်းသာဖြစ်လာပါသည်။ ထိုကြောင့်သူတို့၏အသက်ဝိညာဉ်သည် ဘုရားသခင်နှင့်ဆက်သွယ်မှုမရှိကြောင်း ထင်ရှားနေပါသည်။ လုပ်သားတော်ရှင်နှင့်တွဲဖက်ဆောင်ရွက်ရခြင်းအတွက် အားရဝမ်းမြောက်ဖွယ်ဖြစ်ကြောင်းကိုသူတို့မသိကြပါ။

ထိုသို့သေးသိမ်ကျဉ်းမြောင်းသောသဘော၊ ကိုယ်ကျိုးဖက်သော သဘောများသည် ဘုရားသခင်၏ရှေ့တော်တွင်အဆိုးရွားဆုံးဖြစ်ပါသည်။ ယင်းသဘောထားရှိသူသည် မည်သူနှင့်မျှတွဲဖက်၍အမှုတော်ကို မဆောင်ရွက်ပါ။ ထိုသူတို့သည် ကိုယ်တော်၏ဝိညာဉ်တော်နှိုးဆော်တိုက်တွန်းခြင်းကိုမခံမယူနိုင်ကြပါ။

ယုဒလူတို့သည် ဘုရားသခင်၏စပျစ်ဥယျာဉ်တော်သို့ ပထမဦးစွာအခေါ်ခံရသူများဖြစ်ပါသည်။ ထိုအကြောင်းကြောင့်သူတို့သည် ကိုယ်ကိုကိုယ်ဖြောင့်မတ်သည်ဟုသဘောထား၍အထင်ကြီးဂုဏ်ယူနေသောသူများဖြစ်ကြပါသည်။ သူတို့သည် နှစ်ပေါင်းများစွာဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်ရကြသောကြောင့် သူတစ်ပါးတို့ထက်ပို၍ဆုလာဘ်များရထိုက်သည်ဟု အထင်ရှိနေခဲ့ကြပါသည်။ ဘုရားသခင်နှင့်ဆိုင်သောရေးရာကိစ္စများတွင် သူတို့ရရှိသည့်အခွင့်အရေးများနည်းတူ သူတစ်ပါးအမျိုးသားများကိုလည်း ညီမျှစွာအခွင့်အရေးပေးတော်မူကြောင်းသူတို့ကြားသိရသောအခါ ပြင်းစွာအမျက်ဒေါသထွက်ကြ၏။

ကိုယ်တော်၏နောက်တော်သို့လိုက်သော ပထမဦးစွာခေါ်တော်မူခြင်းကိုခံရသောတပည့်တော်များသည်လည်း အလားတူမိမိကိုယ်ကိုအထင်ကြီးသောစိတ်များမမွေးမြူကြစေရန် ခရစ်တော်သတိပေးနှိုးဆော်တော်မူ၏။ ကိုယ်ကိုကိုယ်ဖြောင့်မတ်သည်ဟု သဘောထားခြင်းသည် အသင်းတော်၏အားနည်းချက်၊ အသင်းတော်၏ဆိုးကျိုးဖြစ်လိမ့်မည်ဟု ကိုယ်တော်သိမြင်တော်မူခဲ့၏။ ကောင်းကင်နိုင်ငံတော်တွင်တစ်နေရာရရှိရေးအတွက် သူတို့ကိုယ်တိုင်ကြိုးစားအားထုတ်နိုင်ကြလိမ့်မည်ဟု သတို့ထင်မြင်ယူဆကြလိမ့်မည်။ သူတို့ကိုယ်တိုင် တိုးတက်မှုတစ်ခုခုပြုလုပ်မှသာလျှင်ထာဝရဘုရားသခင်သည်လာ၍ကူညီထောက်ပံ့မည်ဟုတွေးဆထင်မှတ်ကြလိမ့်မည်။ ထိုသို့အားဖြင့်ကိုယ်ကိုကိုယ်မြောက်မြားစွာအရေးပေး၍သခင်ယေရှုကိုအနည်းငယ်မျှသာအရေးပေးကြလိမ့်မည်။ အနည်းအကျဉ်းတိုးတက်အောင်မြင်မှု ပြုနိုင်သောသူများကလည်းဘဝင်မြင့်၍

သူတကာထက်သာ၍ ကြီးမြတ်သည်ဟု ကိုယ်ကိုကိုယ်အထင်ကြီးနေလိမ့်မည်။ သူတို့အားချီးမြှောက်ရန်များစွာလိုလားနေကြလိမ့်မည်။ အကယ်၍သူတို့သည်အရေးပါအရာရောက်ဆုံးဖြစ်သည်ဟု အများက မယူဆကြပါက မနာလိုဝန်တိုကြလိမ့်မည်။ တပည့်တော်များသည် ယင်းအဖြစ်မျိုးနှင့်ကင်းလွတ်ကြစေရန် ခရစ်တော်ကြိုတင်ကာကွယ်တော်မူ၏။

မိမိကောင်းမှုအတွက် ဝါကြွားခြင်းမှန်သမျှသည် မှားယွင်းမှုဖြစ်၍ "ပညာရှိသောသူသည် မိမိပညာ၌မဝါကြွားစေနှင့်၊ ခွန်အားကြီးသောသူသည် မိမိခွန်အား၌မဝါကြွားစေနှင့်၊ ဥစ္စာရတတ်သောသူသည် မိမိဥစ္စာ၌မဝါကြွားစေနှင့်။ ဝါကြွားသောသူမည်သည်ကား၊ ငါသည်မြေကြီးပေါ်မှာချစ်သနားခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကိုပြုသောထာဝရဘုရားသခင်ဖြစ်ကြောင်းတည်းဟူသော၊ ငါ့သဘောကိုသိနားလည်ခြင်း၌ဝါကြွားစေ၊ ငါသည်ထိုအရာတို့၌ မွေ့လျော်သည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။" ယေ၊ ၉း၂၃၊၂၄။

အကျင့်အားဖြင့်အကျိုးကျေးဇူးကိုရသည်မဟုတ်၊ ကျေးဇူးတော်အားဖြင့်သာရနိုင်၏။ အကယ်၍အကျင့်အားဖြင့် အကျိုးကျေးဇူးကိုရမည်ဆိုပါက မည်သူမဆိုဝါကြွားလိမ့်မည်။ "ထိုသို့ဖြစ်လျှင် ငါတို့အဘအာဗြဟံသည် ဇာတိပကတိအားဖြင့် အဘယ်အကျိုးရသနည်း။ အာဗြဟံသည်အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်မှန်လျှင် ဝါကြွားစရာအကြောင်းရှိ၏။ ဘုရားသခင့်ရှေ့တော်၌ ထိုသို့မဟုတ်၊ ကျမ်းစာ၌အဘယ်သို့လာသနည်း၊ အာဗြဟံသည် ဘုရားသခင်ကိုယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကိုဖြောင့်မတ်ခြင်းကဲ့သို့မှတ်တော်မူ၏။ အကျင့်ရှိသောသူမည်သည်ကား၊ ကျေးဇူးတော်အားဖြင့် အကျိုးကိုခံရသည်မဟုတ်၊ ခံထိုက်သောအားဖြင့်ခံရ၏။ အကျင့်မရှိသောသူမည်သည်ကား၊ မတရားသောသူ၏အပြစ်ကိုဖြေသောသူကို ယုံကြည်လျှင် သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်လျက်ရှိ၏။" ရော၊ ၄း၁-၅။

ထိုကြောင့်လူတစ်ဦးသည် အခြားသူတစ်ဦးအပေါ်တွင် ဝါကြွားစရာအကြောင်းမရှိ၊ ငြူစူစောင်းမြောင်းစရာအကြောင်းလည်းမရှိ၊ အဘယ်သူမျှအခြားသူတစ်ဦးထက် အခွင့်အရေးသာသည်မဟုတ်၊ အဘယ်သူမျှအကျိုးကျေးဇူးကိုရထိုက်ပါသည်ဟူ၍တောင်းဆိုပိုင်ခွင့်မရှိ။

ကြီးမြတ်တော်မူသောထာဝရအကျိုးကျေးဇူးတော်ကိုခံစားကြရာတွင်အဦးကျသောသူတို့နှင့်နောက်ကျသောသူတို့သည်အတူတကွခံစားရကြလိမ့်မည်ဖြစ်ရာ အဦးကျသောသူတို့သည် နောက်ကျသောသူများကိုဝမ်းသာအားရကြိုဆိုသင့်ပါသည်။ သူတစ်ပါးအကျိုးကျေးဇူးခံစားရသည်ကိုငြူစူစောင်းမြောင်းသောသူသည် သူကိုယ်တိုင်ကျေးဇူးတော်အားဖြင့်သာ ကယ်တင်ခြင်းခံရသည်ကိုမေ့သောသူဖြစ်၏။ လုပ်ဆောင်သောသူများ၏ဥပမာသည် မနာလိုဝန်တိုသောသူများနှင့်မယုံကြည်သောသူတို့ကိုဆုံးမထားခြင်းဖြစ်ပါသည်၊ မေတ္တာသည် သစ္စာတရား၌ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ ငြူစူစောင်းမြောင်းသောသဘောဖြင့်ဂုဏ်ပြိုင်ခြင်းမပြု၊ မေတ္တာတရားနှင့်ပြည့်ဝသောသူသည် မိမိ၏မစုံလင်သောအကျင့်ကို ခရစ်တော်၏ချစ်ဖွယ်သောဂုဏ်အင်္ဂါနှင့်သာနှိုင်းယှဉ်လိမ့်မည်။

ဤဥပမာသည် အမှုတော်ဆောင်သောသူအားလုံးတို့အားသတိပေးနှိုးဆော်ထားခြင်းဖြစ်ပါသည်။ သူတို့၏အမှုဆောင်သက်တမ်းမည်မျှ

---

"သင့်အမှု၏အကျိုးကို ထာဝရဘုရားသခင်ပေးတော်မူပါစေသော။ . ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားသည်စုံလင်သောဆုကိုချတော်မူပါစေသော။" ရု၊ ၂း၂၁။ "ဖြောင့်မတ်သောသူသည်အကျိုးကိုကေန်အမှန်ခံရ၏။" ဆာ၊ ၅၈း၁၂။ "ဖြောင့်မတ်ခြင်းတရားမျိုးစေ့ကိုကြဲသောသူမူကား၊မြဲမြံသောအကျိုးကိုခံရလိမ့်မည်။"သု၊ ၁၁း၁၈။

---

ကြာရှည်သည်ဖြစ်စေ၊ သူတို့၏ဆောင်ရွက်မှုမည်မျှပင်များပြားသည်ဖြစ်စေ၊ ညီအစ်ကိုအချင်းချင်းအပေါ်မေတ္တာမရှိလျှင်လည်းကောင်း၊ ဘုရားသခင်၏ရှေ့တော်တွင်နှိမ့်ချခြင်းမရှိပါကလည်းကောင်းအချည်းနှီးဖြစ်ကြ၏။ ကိုယ်ကိုကိုယ်ချီးမြှောက်ခြင်း၌ဘာသာတရားမရှိ။ ကိုယ်ကိုသိက္ခာတင်သောသူသည် ခရစ်တော်၏အမှုတော်တွင်အရည်အချင်းနှင့်ပြည့်စုံရန် ရည်ရွယ်ထားသော်လည်း ၎င်းအရည်အချင်းကိုပေးစွမ်းနိုင်သည့်ကျေးဇူးတော်ကိုမရနိုင်။ မာန်မာနထောင်လွှား၍ ကိုယ်ကိုကိုယ်အထင်ကြီးသည့်အခါတိုင်း လုပ်ငန်းပျက်ယွင်းပါသည်။

ဘုရားသခင်၏ရှေ့တော်၌ နှစ်သက်ဖွယ်သောအလုပ်မှာ၊ လုပ်ငန်းဆောင်ရွက်ခြင်းအချိန်ကာလကြာမြင့်သည့်အပေါ်တွင် မူတည်သည်မဟုတ်ပါ။ လိုလားစွာဖြင့်လည်းကောင်း၊ ကတိသစ္စာတည်မြဲစွာဖြင့်လည်းကောင်း ဆောင်ရွက်သည့်အပေါ်မူတည်ပါသည်။ အမှုတော်ကိုဆောင်ရွက်ရာ၌ ကိုယ်ကိုကိုယ်လုံးလုံးလျားလျားဆက်ကပ်ထားရန်လိုအပ်ပါသည်။ အငယ်ဆုံးသောတာဝန်တစ်ရပ်ကို ရိုးသားစွာဖြင့်ကိုယ်ကျိုးမဖက်ဆောင်ရွက်ခြင်းသည် အကြီးဆုံးသောလုပ်ငန်းတစ်ခုကိုဆောင်ရွက်ရာ၌ ကိုယ်ကျိုးဖက်သည့်အတွက် ပျက်ယွင်းသည်ထက်ပို၍ဘုရားသခင်နှစ်သက်တော်မူ၏။ ခရစ်တော်ကဲ့သို့စိတ်သဘောထားကိုကျွန်ုပ်တို့မည်မျှနှစ်ခြိုက်သည်ကိုလည်းကောင်း၊ ကျွန်ုပ်တို့ဆောင်ရွက်သောလုပ်ငန်းသည် ခရစ်တော်၏လုပ်ငန်းနှင့်မည်မျှတူညီမှုရှိသည်ကိုလည်းကောင်း ကိုယ်တော်ကြည့်ရှုနေတော်မူ၏။ ကျွန်ုပ်တို့သည် အမှုတော်ကိုဆောင်ရွက်ရာ၌ လုပ်ငန်းအနည်းအများထက် မေတ္တာဖြင့်သစ္စာရှိစွာဆောင်ရွက်ခြင်းကို ပို၍နှစ်သက်တော်မူ၏။

တစ်ကိုယ်ကောင်းစိတ်ကိုအသေသတ်၊ အမြင့်ဆုံးသောအာဏာကိုလိုလားသည်သဘောကိုနှင်ထုတ်၊ စိတ်နှလုံးအတွင်းမှာကျေးဇူးသိတတ်သောသဘောထားကိုသိုလှောင်၍ထား၊ အသက်တာကိုမေတ္တာတရားနှင့်မွှေးကြိုင်ထုံသင်းစေပြီးမှသာလျှင် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်

အတွင်း၌ ခရစ်တော်ကိန်းအောင်းတော်မူလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့သည်ဘုရားသခင်နှင့်အတူ လုပ်ဆောင်သောသူများဖြစ်သည်ဟူ၍အသိအမှတ်ပြုတော်မူခြင်းခံရလိမ့်မည်။

သူတို့၏လုပ်ငန်းတာဝန်သည် မည်မျှပင်ခက်ခဲစေကာမူ စစ်မှန်သောလုပ်သားများသည် ပင်ပန်းသောအလုပ်ဟူ၍ သဘောထားလိမ့်မည်မဟုတ်ပါ။ သူတို့သည် ကိုယ်ကိုကိုယ်အသုံးချရန်နှင့်အသုံးပြုခံရန်အသင့်ရှိကြလိမ့်မည်။ သို့သော် ယင်းအလုပ်သည် သူတို့အတွက်ဝမ်းမြောက်စရာဖြစ်၍ ရွှင်လန်းစွာဖြင့်ပြီးဆုံးအောင်ဆောင်ရွက်ကြလိမ့်မည်။ ဘုရားသခင်၏ဝမ်းမြောက်ခြင်းကို ခရစ်တော်အားဖြင့် ထင်ရှားစွာပြတော်မူ၏။ "ငါ့ကိုစေလွှတ်တော်မူသောသူ၏အလိုတော်ကိုဆောင်ခြင်း၊ သူ၏အမှုတော်ကိုပြီးစီးခြင်း" ဆိုသည့်မူကိုလက်ကိုင်ထား၍ ခရစ်တော်၏ဝမ်းမြောက်တော်မူသကဲ့သို့ သူတို့ဝမ်းမြောက်ကြ၏။ ယော၊၄း၃၄။ သူတို့သည် ဘုန်းကြီးတော်မူသောသခင်နှင့်အတူ လုပ်ဆောင်သောသူများဖြစ်ကြသည်ဟု သဘောပေါက်လာသောအခါ ပင်ပန်းကြီးစွာလုပ်ရသောလုပ်ငန်းတာဝန်ဟူသမျှသည် သာယာသောလုပ်ငန်းဖြစ်လာ၏။ စိတ်ရောကိုယ်ပါဆောင်ရွက်၏။ မည်သည့်အခက်အခဲမျိုးနှင့်ပင် ကြုံကြိုက်ရစေကာမူ ဆောင်ရွက်မည်ဟုစိတ်ထက်သန်လာ၏။ ကိုယ်ကျိုးမဖက်သောစိတ်သဘောထားနှင့်အမှုတော်ကိုဆောင်ရွက်ခြင်းသည်လည်းကောင်း၊ ခရစ်တော်နည်းတူ ဆင်းရဲခံရခြင်းဖြင့် ဘုန်းအသရေတိုးတက်ခြင်သည်လည်းကောင်း၊ ကိုယ်တော်ကဲ့သို့ကြင်နာတတ်သောသဘောထားခြင်းဖြင့်လည်းကောင်း၊ ကိုယ်တော်၏အမှုတော်တွင် အတူပါဝင်ဆောင်ရွက်ခြင်းအားဖြင့်လည်းကောင်း ကိုယ်တော်၏ဝမ်းမြောက်ခြင်းဒီရေအရှိန်အဟုန်ကို တက်ကြွစေပြီးလျှင် ချီးမြှင့်ခြင်းခံရပြီးသော ကိုယ်တော်၏ နာမတော်ကိုချီးမွမ်းခြင်း၊ ထောမနာပြုခြင်းများနှင့်ပြည့်ဝစေကြလိမ့်မည်။

အမှန်စင်စစ်ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရာတွင် ယင်းစိတ်သဘောထားမျိုးရှိရမည်။ ယင်းသဘောထားမျိုးမရှိပါက အဦးကျသည်ဟုထင်ရသော်လည်း နောက်ကျသူများဖြစ်နေကြလိမ့်မည်။ ယင်းစိတ်သဘောထားမျိုးရှိသူများမှာမူကား နောက်ကျနေသည်ဟု ထင်ရသော်လည်း အဦးကျကြလိမ့်မည်။

ကိုယ်ကိုကိုယ်ခရစ်တော်အား ဆက်ကပ်ထားသူအများရှိသော်လည်းကိုယ်တော်အတွက်ကြီးမြတ်သောအမှုတော်တစ်စုံတစ်ခုကိုဆောင်ရွက်ရန် (သို့မဟုတ်) ခရစ်တော်၏အမှုတော်အတွက် တစ်စုံတစ်ရာအနစ်နာခံရန် မတွေ့မသိသောသူများရှိပါသည်။ တရားတော်အတွက်မာတုရသေခြင်းကိုခံရန် မိမိကိုယ်ကိုလုံးလုံးအပ်နှံသူသာလျှင် ဘုရားသခင်၏ရှေ့တော်၌ နှစ်သက်ဖွယ်ဖြစ်သည်မဟုတ်ကြောင်းကိုလည်းကောင်း၊ နေ့ရက်အစဉ်အတိုင်းသေဘေးနှင့်တကွ ဘေးရန် အမျိုးစုံကိုရင်ဆိုင်နေရသောခရစ်ယာန်သာသနာပြုဆရာသာလျှင် ကောင်းကင်မှတ်တမ်းတွင်အမြင့်ဆုံးသော နေရာကိုရရှိလိမ့်မည်မဟုတ်သည်ကိုလည်းကောင်း သိထားကြပါလျှင် ထိုသူများသက်သာရကြပေလိမ့်မည်။ ခရစ်ယာန်တစ်ဦးသည် မိမိ၏အသက်တာတွင် ကိုယ်ကိုကိုယ်နေ့စဉ်အပ်နှံခြင်း၊ ကြံရွယ်ချက်ရိုးသား၍ သန့်စင်စွာတွေးတောဆင်ခြင်ခြင်း၊ အမျက်ဒေါသထွက်စရာနှင့် ရင်ဆိုင်ရသောအခါ စိတ်နှလုံးကိုနူးညံ့သိမ်မွေ့စွာထိန်းချုပ်နိုင်ခြင်း၊ အနည်းငယ်သောအမှု၌သစ္စာရှိခြင်း၊ နေ့စဉ်အိမ်တွင်းမှုအသက်တာတွင် ခရစ်တော်၏ဘုန်းတော်ကိုပုံဆောင်ခြင်း စသည့်အရည်အချင်းများနှင့် ပြည့်စုံလျှင် ကမ္ဘာပေါ်တွင် ထင်ရှားကျော်စောသည့် ခရစ်ယာန်သာသနာပြုဆရာထက်လည်းကောင်း၊ မာတုရသေခြင်းခံသူထက်လည်းကောင်း ဘုရားသခင်၏ရှေ့တော်တွင် နှစ်သက်ဖွယ်ဖြစ်လိမ့်မည်။

အကျင့်ကိုတိုင်းတာရာ၌ ဘုရားသခင်၏စံနှုန်းနှင့်လူတို့၏စံနှုန်း ကွာခြားလှပါသည်တကား။ အိမ်တွင်း၌ဖြစ်စေ၊ စိတ်နှလုံးအတွင်း၌ ဖြစ်စေ ခုခံနိုမ်နင်းရသည့်မြောက်မြားစွာသောစုံစမ်းနှောင့်ယှက်ခြင်းများ နှင့်စပ်လျဉ်း၍ကမ္ဘာကမသိထားဘိ၊ မိတ်ဆွေရင်းချာများကပင်သိကြ မည်မဟုတ်သော်လည်း ဘုရားသခင်သိတော်မူ၏။ အသက်ဝိညာဉ် အားနည်းပါးလျက် နိုမ့်ချခြင်းရှိသည်ကိုမြင်တော်မူ၏။ မကောင်းမှုကို စဉ်းစားမိသည့်အတွက် ရိုးသားစွာနောင်တရသည်ကိုပင် သိတော်မူ၏။ ကိုယ်တော်၏အမှုတော်အတွက် စိတ်နှလုံးကိုလုံးလုံးလျားလျားအပ်နှံ ထားသည်ကိုလည်းသိတော်မူ၏။ မိမိကိုယ်တိုင်နှင့်နာရီပေါင်းများစွာ တိုက်ခိုက်ရသောပြင်းထန်သည့်တိုက်ပွဲများတွင် အောင်မြင်ခြင်းများကို လည်းမှတ်သားထားတော်မူ၏။ ဤအရာအားလုံးတို့ကို ကောင်းကင် တမန်များနှင့်တကွ ဘုရားသခင်သိတော်မူ၏။ ထာဝရဘုရားသခင်ကို ကြောက်ရွံ့၍ နာမတော်ကိုအောက်မေ့သောသူတို့အဖို့ ရှေ့တော်၌ မှတ်တမ်းတင်ထားတော်မူ၏။

အောင်မြင်ခြင်း၏လျှို့ဝှက်ချက်သည် ကျွန်ုပ်တို့၏အတတ်ပညာ ၌လည်းကောင်း၊ ကျွန်ုပ်တို့၏ရာထူး၌လည်းကောင်း၊ ကျွန်ုပ်တို့၏ လူအင်အားအရေအတွက် (သို့မဟုတ်) ယုံကြည်စွာလွှဲအပ်ထားသည့် စွမ်းရည်များ၌လည်းကောင်း၊ လူ၏စိတ်အလို၌လည်းကောင်း တည်ရှိ သည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကိုယ်တိုင်အားဖြင့် အရည်အချင်း မလုံလောက်သည်ကိုသိ၍ခရစ်တော်၌ဆင်ခြင်သုံးသပ်လျှင်ကိုယ်တော် သည်စွမ်းအား ရှိသမျှ၏ စွမ်းအားဖြစ်တော်မူ၍လည်းကောင်း၊ စိတ်ကူး တကာတို့၏စိတ်ကူးဖြစ်တော်မူ၍လည်းကောင်း၊ လိုလားစွာနားထောင် သောသူသည် အောင်မြင်မှုတစ်ခုပြီးတစ်ခုဆက်လက်ရရှိလိမ့်မည်။

ကျွန်ုပ်တို့သည် အမှုတော်ဆောင်ရွက်ရာ၌မည်မျှပင်အချိန်ကို တောင်းစေကာမူ၊ မည်မျှပင်နိမ့်ကျသောအလုပ်တာဝန်ဖြစ်စေကာမူ ရိုးသားစွာဖြင့်လည်းကောင်း၊ ယုံကြည်စွာဖြင့်လည်းကောင်း ခရစ်တော်၏နောက်လိုက်သို့လိုက်လျှောက်ပါက ဆုချီးမြှင့်တော်မူသောအချိန်သို့ ရောက်သောအခါ စိတ်ပျက်ရလိမ့်မည်မဟုတ်ပါ။ အမြင့်မြတ်ဆုံးသော သူနှင့် အတတ်ပညာအများဆုံးသောသူတို့လုပ်ဆောင်၍မရနိုင်သည့် အရာကိုပင် ခွန်အားအနည်းဆုံးနှင့်စိတ်အနှိမ့်ချဆုံးသောသူများရရှိနိုင်ပါသည်။ ကိုယ်ကိုကိုယ်ချီးမြှင့်သူအတွက် ကောင်းကင်ရွှေတံခါးဖွင့်ထားသည်မဟုတ်ပါ။ မာန်မာနထောင်လွှားသောသူအတွက် တံခါးမုခ်ကိုကြွထားသည်မဟုတ်ပါ။ သို့သော် ကလေးငယ်တစ်ဦးက တုန်တုန်ယင်ယင်တို့ထိသည်ကိုပင် ထာဝရတံခါးများကိုကျယ်ဝန်းစွာဖွင့်ပေးတော်မူလိမ့်မည်။ မေတ္တာဖြင့်လည်းကောင်း၊ ယုံကြည်ခြင်းဖြင့်လည်းကောင်း၊ ထာဝရဘုရားသခင်အတွက် အမှုတော်ကိုရိုးသားစွာဆောင်ရွက်သူများသည်ကျေးဇူးတော်အားဖြင့် ဆုကျေးဇူးများခံစားရကြပေလိမ့်မည်။

---၀၀၀---

# “မင်္ဂလာဆောင်လုလင်ကိုခရီးဦးကြိုပြုအံ့သောငှါ”

## မ၊ ၂၅း၁-၃၃ ကိုအခြေပြုပါသည်။

ခရစ်တော်သည်တပည့်တော်များနှင့်အတူ သံလွင်တောင်ပေါ်တွင် ထိုင်၍နေတော်မူ၏။ နေသည်တောင် များ၏နောက်ကွယ်သို့ဝင်သွားလေပြီ။ ရီတမှောင်အချိန်ဖြစ်၍ ကောင်းကင်တစ်ခွင်လုံးမှောင်ရိပ်သန်းလျက်ရှိလေပြီ။ လူနေအိမ်တစ်ဆောင်တွင် မီးရောင်များတောက်ပလျက်ပျော်ပွဲရွှင်ပွဲခင်းကျင်းရန်စီစဉ်နေဟန်ရှိသည်ကို လည်း တွေ့မြင်နေရကြပါသည်။ ပြတင်းပေါက်စသည်များမှ လျှံထွက်နေသောမီးရောင်များနှင့်စောင့်ဆိုင်းငံ့လင့်နေသောလူတစ်စုကို မြင်ရခြင်းဖြင့်လည်း မကြာမီမင်္ဂလာဆောင်အခမ်းအနားစီတန်းလာတော့မည့် လက္ခဏာပေါ်လွင်နေပါသည်။အရှေ့တိုင်းပြည်အချို့တွင် ထိမ်းမြားလက်ထပ်ခြင်းအခမ်းအနားများကို ညနေချမ်းအချိန်တွင် ခင်းကျင်းတတ်ကြပါသည်။ မင်္ဂလာဆောင်သတို့သားသည် သတို့သမီး၏နေအိမ်သို့သွား၍ သတို့သမီးအား မိမိ၏နေအိမ်သို့ခေါ်ဆောင်ခဲ့ရပါသည်။ မီးရှူးမီးတိုင်များဖြင့် မင်္ဂလာအဖွဲ့သားများသည် မင်္ဂလာသတို့သမီး၏ဖခင်အိမ်မှစားသောက်ပွဲများခင်းကျင်းလျက်ဧည့်သည်များကိုခေါ်ဖိတ်ထားသည့် သတို့သား၏ နေအိမ်သို့စီတန်း၍သွားရပါသည်။ ခရစ်တော်ရှုမြင်ရသည့်မြင်ကွင်းမှာမင်္ဂလာဆောင် အဖွဲ့သားများနှင့်ဆုံဆည်းရန် စောင့်ဆိုင်း နေသူတစ်စုဖြစ်ပါသည်။

မင်္ဂလာဆောင် သတို့သမီး၏ နေအိမ်တွင်ဝတ်စုံဖြူများ ကိုဝတ်ဆင်လျက် သတို့သမီးဆယ်ဦးစောင့်ဆိုင်းနေကြပါသည်။ သူတို့တစ်ဦးလျှင် မီးထွန်းထားသည့်

ဆီမီးခွက်တစ်ခုစီနှင့်ဆီပိုထည့်သည့်ဆီဘူးတစ်ခုစီကိုကိုင်ဆောင်ထားကြပါသည်။ သတို့သမီးတိုင်းမင်္ဂလာဆောင်သတို့သားပေါ်လာဖို့ စိတ်စောစွာဖြင့်စောင့်နေကြပါသည်။ သို့သော်မင်္ဂလာဆောင်သတို့သားသည် နှောင့်နှေး၍နေပါသည်။ တစ်နာရီပြီးတစ်နာရီစောင့်ဆိုင်းနေကြသော်လည်း မင်္ဂလာဆောင်သတို့သားမပေါ်လာသဖြင့် စောင့်နေသည့် သတို့သမီးများ မောပန်းနွမ်းရိသောကြောင့်အိပ်ပျော်သွားကြပါ သည်။ သန်းခေါင်ယံအချိန်သို့ရောက်သောအခါ “ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်လာပြီ၊ ခရီးဦးကြိုပြုခြင်းငှါထွက်သွားကြကုန်” ဟုကြွေးကြော်သောအသံကိုကြားရ၏။ အိပ်နေသောသတို့သမီးအားလုံးလန့်၍ နိုးကြပြီးလျှင် အမြန်ထကြ၏။ မင်္ဂလာဆောင်အဖွဲ့သားတို့သည် မီးရှူးမီးတိုင်များဖြင့်လည်းကောင်း၊ ဝမ်းမြောက်စွာသီဆိုသံများဖြင့်လည်းကောင်း စီတန်းလျက်လာနေသည်ကိုတွေ့မြင်ကြ၏။ မင်္ဂလာဆောင်သတို့သားအသံနှင့် မင်္ဂလာဆောင်သတို့သမီး၏အသံကိုသူတို့ကြားရကြ၏။ သတို့သမီးဆယ်ယောက်တို့သည်အတူလိုက်ပါရန်မိမိတို့၏ဆီမီးခွက်များကို အလျင်အမြန်ပြင်ဆင်ကြ၏။ သို့သော်ငါးယောက်တို့သည်မိမိတို့၏ဆီဘူးများတွင် ဆီပိုထည့်ခဲ့ကြရန်သတိမထားခဲ့ကြပါ။ ဤသို့ကြာရှည်စွာစောင့်ဆိုင်းနေရကြလိမ့်မည်ဟူ၍သူတို့မထင်မမှတ်ခဲ့ကြသဖြင့်အရေးပေါ်ကိစ္စအတွက်ပြင်ဆင်မှုမရှိကြ။ စိတ်ဆင်းရဲစွာဖြင့်ပင် “ငါတို့ဆီမီးသေပါပြီ၊ သင်တို့ဆီကိုအနည်းငယ်ပေးပါ”ဟုပညာသတိရှိသောသတို့သမီးများထံမှတောင်းဆိုကြ၏။ သို့သော်အသင့်ပြင်ဆင်ထားသည့်ဆီမီးခွက်များနှင့်စောင့်နေသောသတို့သမီးငါးယောက်တို့၏ဆီဘူးများမှဆီများကိုအကုန်အစင်သုံးပြီး၍ဆီပိုမကျန်တော့သဖြင့်“သင်တို့အဖို့နှင့်ငါတို့ဖို့ဆီမလောက်၊ထိုကြောင့်ဆီရောင်းသောသူရှိရာသို့သွား၍ကိုယ်သုံးဖို့ဝယ်လျှင်သာ၍ကောင်းသည်”ဟုပြန်ဖြေကြပါသည်။

သူတို့ဆီဝယ်သွားနေကြစဉ် မင်္ဂလာဆောင်သတို့သားနှင့်အဖွဲ့ရောက်လာသဖြင့် သူတို့ကျန်ရစ်ခဲ့ကြ၏။ ဆီမီးခွက်များကိုအသင့်ပြင်ဆင်ထားသည့် သတို့သမီးငါးဦးတို့မှာမူကား မင်္ဂလာဆောင်အဖွဲ့နှင့်ပူးပေါင်း၍ အိမ်တွင်းသို့ဝင်ကြပြီးလျှင်တံခါးကိုပိတ်ထားလိုက်ကြပါသည်။ စားသောက်ပွဲပြင်ဆင်ထားသည့်ခန်းမဆောင်သို့ပညာသတိမရှိသောသတို့သမီးငါးဦးပြန်၍ရောက်လာကြသောအခါ "သင်တို့ကိုငါမသိ" ဟုဆိုသောစားသောက်ပွဲအရှင်၏ ဖြေသံကိုမမျှော်လင့်ဘဲကြားလိုက်ရကြပါသည်။ သူတို့သည်လည်းလူသူမရှိမှောင် အတိဖုံးလွှမ်းလျက်ရှိသောနေအိမ်၏ အပြင် ဘက်လမ်းမပေါ်တွင် ကျန်ရစ်ခဲ့ရကြပါတော့၏။

ခရစ်တော်သည် မင်္ဂလာဆောင်သတို့သားအားစောင့်ဆိုင်းနေ သောအဖွဲ့ကိုတွေ့မြင်နေရစဉ်သတို့သမီးတစ်ကျိပ်၏ဥပမာကို တပည့်တော်များအား ပြောပြတော်မူသည်မှာ၊ သူတို့၏အတွေ့အကြုံများအားဖြင့် ကိုယ်တော်ဒုတိယအကြိမ်ကြွလာလုနီးသောအခါအသင်းတော်၌တွေ့ကြုံရမည့် အခြေအနေများကို ပုံဆောင်၍သြဝါဒပေးတော် မူခြင်းဖြစ်ပါသည်။

စောင့်ဆိုင်းနေကြသောသတို့သမီးနှစ်မျိုးနှစ်စားသည် ကိုယ်တော်ကြွလာတော်မူမည်ကိုစောင့်နေကြသည့်လူတန်းစားနှစ်ရပ်ကိုပုံဆောင်ထားပါသည်။ သူတို့အားသတို့သမီးများဟုခေါ်ဆိုထားခြင်းမှာသူတို့သည် စစ်မှန်သောယုံကြည်ခြင်းကိုပုံဆောင်ထားကြသောကြောင့်ဖြစ်ပါသည်။ဆီမီးခွက်ဆိုသည်မှာနှုတ်ထွက် တရားတော်ကိုပုံဆောင်ထားခြင်းဖြစ်ပါသည်။ ဆာလံ ၁၁၉း၁၀၅ တွင်ဆာလံဆရာက"နှုတ်ထွက်တရားတော်သည်အကျွန်ုပ်ခြေရှေ့မှာမီးခွက်ဖြစ်၍အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏"ဟုဆိုထားပါသည်။ ဆီသည်သန့်ရှင်းသောဝိညာဉ်တော်၏အမှတ်လက္ခဏာဖြစ်ပါသည်။သို့ဖြစ်၍ ဇာခရိအနာဂတ္တိကျမ်းတွင်လည်း ဝိညာဉ်တော်ကိုဆီနှင့်ပုံဆောင်ထားပါသည်။ "ငါနှင့်ပြောဆိုသောကောင်းကင်တမန်သည်ပြန်လာ၍အိပ်ပျော်သောသူကိုနှိုးသကဲ့သို့ ငါ့ကိုနှိုးလျက်၊ သင် သည်အဘယ်အရာကိုမြင်သနည်းဟု

**မင်္ဂလာဆောင်လုလင်၏အိမ်အနီးတွင်ဝတ်စုံဖြူတို့ကိုဆင်မြန်းထားသည့် သတို့သမီးဆယ်ယောက်**

မေးလျှင် ငါက အကျွန်ုပ်သည်ကြည့်ရှု၍ရွှေအတိပြီးသောဆီမီးခုံကို မြင်ပါ၏။ မီးခုံတိုင်အဖျား၌ဆီအိုးတစ်လုံး၊ မီးခွက်ခုနစ်လုံး၊ ဆီအိုးနှင့်မီးခွက်ခုနစ်လုံးဆက်သောပြွန်တံခုနစ်တံရှိပါ၏ ဆီအိုး လက်ယာဘက်၌ သံလွင်ပင်တစ်ပင်၊ လက်ဝဲဘက်၌တစ်ပင်၊ မီးခုံကို လွှမ်းမိုးသော သံလွင်ပင် နှစ်ပင်ရှိပါသည်ဟုပြီးမှ ၊ငါနှင့်ပြောဆိုသောကောင်းကင်တမန်အား အကျွန်ုပ် သခင်၊ ဤအရာတို့ကား အဘယ်အရာဖြစ်သနည်းဟုမေးသော် . . . ကောင်းကင်တမန်ကလည်းဇေရုဗဗေလသို့ရောက်လာသော ထာဝရဘုရား၏နှုတ်ထွက်တရားတော်ဟူမူကား၊ ဤအမှုသည်ဗိုလ်ခြေအားဖြင့် မဟုတ်၊ အာဏာတ်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့်ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေထာဝရဘုရား သခင်မိန့်တော်မူ၏။ . . . . . . ဆီညှစ်ရာရွှေစက်နှစ်ခုအားဖြင့် မိမိတို့ဆီကိုသွန်းလောင်းသော

ထိုသံလွင်ကိုင်းနှစ်ကိုင်းကား အဘယ်သို့နည်းဟူ၍လည်းကောင်း မေးလျှောက်သော် . . . ကောင်းကင်တမန်ကလည်းထိုအကိုင်းတို့သည် မြေကြီးတစ်ပြင်လုံးကိုအစိုးပိုင်တော်မူသောသခင်၏ရှေ့တော်၌ရပ်နေသော ဘိသိက်ခံသူ နှစ်ပါးဖြစ်သည်ဟုဆို၏။" ဇာ ၄း၁-၁၄။

သံလွင်ပင်နှစ်ပင်မှ ရွှေအဆင်းရှိသောသံလွင်ဆီသည် ရွှေပြွန်များဖြင့်မီးခုံတိုင်အဖျား၌ရှိသော ဆီအိုးထဲသို့ စီးဝင်ပါသည်။ ထိုမှတစ်ဆင့် သန့်ရှင်းရာဌါနတော်ကိုအလင်းရောင်ပေးသည့်ရွှေဆီမီးခွက် များအတွင်းသို့စီးဝင်ပါသည်။ ထိုနည်းအတူ ဘုရားသခင်၏ရှေ့တော်တွင်ရပ်နေသော သန့်ရှင်းသူများကကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်ရန်အတွက်ကိုယ်ကို ကိုယ်အပ်နှံထားသောလူသားအမှုတော်ဆောင်များအားကိုယ်တော်၏ဝိညာဉ် တော်ကိုပေးပါသည်။ ဘိသိက်သွန်းလောင်းတော်မူခြင်းကိုခံရသောသူနှစ်ပါးတို့၏အမှုတော်မှာကောင်းကင်ဆုကျေးဇူးတည်းဟူ သောခြေရှေ့မှာ မီးခွက်ဖြစ်၍ လမ်းခရီးကိုလင်းစေနိုင်သည့် ဘုရားသခင်၏နှုတ်ထွက်တရားတော်ကိုဘုရားသခင်၏ လူတို့အားဖြင့်ဖြန့်ဝေရန်ဖြစ်ပါသည်။ "ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာတန်ခိုးအားဖြင့်မဟုတ်၊ ငါ၏ဝိညာဉ်အားဖြင့်ဖြစ်လိမ့်မည်ဟုကောင်းကင်ဗိုလ်ခြေထာဝရဘုရားသခင်မိန့်တော်မူ၏။" ဇာ ၄း၆။ ဥပမာတွင်သတို့သမီးဆယ်ဦးလုံးမင်္ဂလာဆောင်သတို့သားကိုခရီးဦးကြိုပြုရန်ထွက်သွားကြပါသည်။ လူတိုင်းဆီမီးခွက်နှင့်ဆီဘူး ကိုယ်စီပါကြပါသည်။ ပထမပိုင်း၌သူတို့တွင်ခြားနားမှုကိုမတွေ့မမြင်ရပါ။ ခရစ်တော်ဒုတိယအကြိမ်ကြွလာလုနီးသောအခါအသင်းတော်၌ယင်းအတိုင်း ဖြစ်လိမ့်မည်။ လူတိုင်းကျမ်းစာတတ်ကျွမ်းကြပေလိမ့်မည်။ ခရစ်တော်ကြွလာတော်မူရန် အချိန်နီးပြီဟုဆိုသောသတင်းစကားကို လူတိုင်းကြားသိရပြီးဖြစ်၍ယုံကြည်စွာ စောင့်မျှော်နေကြပေလိမ့်မည်။ သို့သော်ဥပမာတွင်ဖေါ်ပြထားသည့်အတိုင်း ယခုအချိန်တွင်လည်း ဖြစ်နေပါသည်။ စောင့်ဆိုင်းနေရသောအချိန် ကြားဝင်လာပါသည်။

ယုံကြည်ခြင်းကိုစမ်းသပ်လျက်ရှိနေပါသည်။ "ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်သည်လာပြီ၊ ခရီးဦးကြိုပြုခြင်းငှါထွက်သွားကြကုန်" ဟုကြွေးကြော်သံကိုကြားရကြသောအခါ အများသောသူတို့အသင့်မရှိဘဲနေကြလိမ့်မည်။ သူတို့၏ဆီမီးခွက်များနှင့်ဆီဘူးများတွင်ဆီမရှိ၊ သူတို့၌သန့်ရှင်းသော ဝိညာဉ်တော်ကင်းမဲ့ကြ၏။

ဘုရားသခင်၏ဝိညာဉ်တော်မပါလျှင် နှုတ်ထွက်တရားတော်ကိုတတ်ကျွမ်းထားခြင်း၌အကျိုးကျေးဇူးမရှိ။ အမှန်တရားလမ်းစဉ်နှင့်အတူသန့်ရှင်းသောဝိညာဉ်တော်မပါလျှင် အသက်ဝိညာဉ်ကိုမရှင်သန်စေနိုင်။ စိတ်နှလုံးကိုလည်းမသန့်စင်စေနိုင်ပါ။ လူတစ်ဦးသည် ခရစ်ယာန်ကျမ်းစာတော်မြတ်တွင်ပါရှိသောပညတ်များနှင့် ကတိတော်များကိုတတ်ကျွမ်းနိုင်သော်လည်းသန့်ရှင်းသောဝိညာဉ်တော်ပြုပြင်စီမံခြင်းမပြုပါက ပုံသဏ္ဌာန်ပြောင်းလဲခြင်းမရှိနိုင်။ သန့်ရှင်းသောဝိညာဉ်တော်က အလင်းတရားမပေးပါက လူတို့သည်အမှားအမှန်ကိုခွဲခြားဝေဖန်နိုင်လိမ့်မည်မဟုတ်သောကြောင့်နိုင်လိုမင်းထက်ပြုတတ်သည့်စာတန်၏သွေးဆောင်ဖြား ယောင်းမှုလက်အောက်တွင်ပြိုလဲကြလိမ့်မည်။

ပညာသတိမရှိသောသတို့သမီးများနှင့် ပုံဆောင်ထားသည့် လူတန်းစားမှာသူတော်ကောင်းယောင်ဆောင် သောသူများကိုဆိုလိုသည်မဟုတ်ပါ။ သူတို့သည်အမှန်တရားကိုလေးစားသောသူများဖြစ်ကြ၏။ သူတို့သည်ဘုရားသခင်၏ တရားတော်ကိုထောက်ခံကြ၏။ ဘုရားသခင်၏တရားကိုယုံကြည်သောသူများနှင့်တွဲဖက်ကြ၏။ သို့သော်သူတို့ သည်သန့်ရှင်းသောဝိညာဉ်တော်ပြုပြင်စီမံသည့်အတိုင်းမလိုက်နာကြ။ သူတို့သည် ယေရှုခရစ်တော်တည်းဟူ သောကျောက်ပေါ် သို့မကျ၊ သူတို့၏ ဇာတိပကတိကိုကျိုးပဲ့ကြေမွစေရန်ခွင့်မပြုကြ။ ဤလူတန်းစား ကိုကျောက်ပေါ် သောမြေနှင့်တူသည့်တရားနာသူများနှင့်လည်းပုံဆောင်ထားပါသည်။ သူတို့သည်တရားတော်ကိုအသင့်လက်ခံကြသော်လည်းတရားတော်၏ အခြေခံသဘောတရားများကိုပြည့်စုံကုံလုံအောင်မခံယူ-

ကြပါ။ ၎င်း၏အကျိုးသက်ရောက်မှု သည်လည်း သူတို့၌မတည်မြဲပါ။ ဝိညာဉ်တော်သည် လူ၏အလိုဆန္ဒနှင့်သဘောတူလက်ခံသည့်အပေါ်မူတည်၍ အသစ်သောစိတ်သဘောကိုပြုပြင်ပေးပါသည်။ သို့သော်ပညာသတိမရှိသောသတို့သမီးများနှင့်ပုံဆောင်ထားသော သူများမူကားသမန်ကာလျှံကာမျှသာကျင့်သောသူများဖြစ်ကြ၏။ သူတို့သည်ဘုရားသခင်ကိုမသိကြ။ ကိုယ်တော်၏ဂုဏ်သိက္ခာတော်များကိုမလေ့လာ၊ မဆည်းပူးကြ၊ ကိုယ်တော်နှင့်မဆက်ဆံကြ၊ ထိုကြောင့်သူတို့သည် မည်သို့ယုံကြည်ကိုးစားရမည်ဟူ၍မသိနားမလည်ကြ၊ မည်သို့ကြည့်၍အသက်ရှင်ရမည်ကိုလည်းမသိကြ၊ သူတို့သည်အပေါ်ယံသာဘုရားသခင်ကို ဝတ်ပြုသောသူမားဖြစ်ကြ၏။"ငါ၏လူကဲ့သို့သင့်ထံသို့လာ၍၊ ငါ၏လူကဲ့သို့သင့်ရှေ့မှာထိုင်လျက် သင်၏စကားကိုကြားသော်လည်းနားမထောင်ဘဲနေကြ၏။ အလွန်ချစ်ဖွယ်သောလက္ခဏာကိုနှုတ်နှင့်ပြသော်လည်းစိတ်နှလုံးမူကား လောကဥစ္စာကိုစွဲလမ်းလျက်ရှိ၏။ ယေဇ ၃၃း၃၁။ ထိုကြောင့်တမန်တော်ပေါလုက ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူရန် အလွန်နီးသောအချိန်တွင် နေထိုင်ကြမည့်လူများ၏ ထူးခြားသောအကျင့်များအကြောင်း ကိုမှတ်တမ်းတင်ထားသည်မှာ "နောင်ကာလသည်ခဲယဉ်းသောကာလဖြစ်မည်ဟု သိမှတ်လော့။ အဘယ်သို့နည်းဟူမူကားလူတို့သည် ကိုယ်ကိုကိုယ် ချစ်သောသူ. . . ဘုရားသခင်ကိုနှစ်သက်သည်ထက်လောကပျော်မွေ့မှု ကိုသာ၍နှစ်သက်သောသူ၊ ဘုရားသခင်၌မွေ့လျော်ယောင်ဆောင်၍ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူဖြစ်ကြလိမ့်မည်။" ၂တိ၃း၁၅။

၎င်းလူတန်းစားသည် ဘေးရန်နှင့်ရင်ဆိုင်ရသောအခါမှ ငြိမ်သက်ခြင်းရှိပါစေသော၊ လုံခြုံမှုရှိပါစေသောဟု အော်ဟစ်သောသူများဖြစ်ကြ၏။ ကိုယ်ကိုကိုယ်နှစ်သိမ့်စေပြီးလျှင် ဘေးရန်ကိုမစဉ်းစားဘဲနေကြ၏။ မေ့လျော့နေရာမှလန့်ဖျပ်သတိရလာသောအခါ သူတို့တွင်လိုနေသောအရာကိုသိသဖြင့်သူတစ်ပါးထံတိုးလျှိုးတောင်ခံတတ်ကြပါ သည်။

သို့သော်ဝိညာဉ်ရေးတွင် တစ်ဦး၏ချို့တဲ့မှုကိုအခြားတစ်ဦးက ဖြည့်စွက်၍မပေးနိုင်ပါ။ ဘုရားသခင်၏ကျေးဇူးတော်ကိုလူတိုင်းအားရက်ရောစွာကမ်းလှမ်းထားတော်မူ၏။ ဧဝံဂေလိသတင်းစကားတော်နှင့်စပ်လျဉ်း၍ "ရေငတ်သောသူသည်လာပါစေ၊ အလိုရှိသောသူသည်အဖိုးကိုမပေးဘဲအသက်ရေကိုယူပါစေ"ဟုသံတော်ဆင့်ထားပါသည်။ဗျာ ၂၂း၁၇။ သို့သော်လည်းအကျင့်ကိုလွှဲပြောင်း၍မရပါ။ လူတစ်ဦးအတွက်အခြားမည်သူကမျှယုံကြည်ပေးခြင်းငှါမစွမ်းဆောင်နိုင်ပါ။ ဝိညာဉ်တော်ကိုအခြားမည်သူတစ်ဦး၏ကိုယ်စားမည်သူကမျှလက်ခံပေး၍မရပါ။ ဝိညာဉ်တော်ပြုပြင်မှုဖြင့်ရရှိထားသည့်အကျင့်ကို အခြားသူတစ်ဦးအားဝေငှပေးကမ်း၍မရပါ။ "နောဧ၊ ဒံယေလ၊ ယောဘတို့ (ထိုပြည်၌) ရှိသော်လည်း ငါအသက်ရှင်သည်အတိုင်းကိုယ်သားသမီးကိုမကယ်မနုတ်၊ ကိုယ်ဖြောင့်မတ်ခြင်းအားဖြင့်ကိုယ်အသက်ဝိညာဉ်ကိုသာကယ်နုတ်ရကြလိမ့်မည်ဟု ထာဝရဘုရားသခင်မိန့်တော်မူ၏။ ယေဇ၁၄း၂၀။အရေးကြီးသောအခါမှအကျင့်ထင်ပေါ်လာပါသည်။ ညဉ့်နက်သန်းခေါင်တွင် "ကြည့်ပါ၊ မင်္ဂလာဆောင် လုလင်သည်လာပြီး၊ ခရီးဦးကြိုပြုခြင်းငှါထွက်သွားကြကုန်" ဟုအမှန်စင်စစ်ကြွေးကြော်သံကိုကြားရသောအခါ ငိုက်မျဉ်းအိပ်ပျော်နေသောသတို့သမီးအားလုံးနိုးထကြ၏။ ထိုအခါမှအဘယ်သူသည် ယင်းအရေးအခင်းအတွက် အသင့်ပြင်ဆင်မှုရှိကြောင်းတွေ့မြင်ရပါသည်။ သူတို့သည်အုပ်စုနှစ်ခုလုံးသတိလစ်ချိန်တွင်ကြွေးကြော်သံကိုကြားလိုက်ရသော်လည်းအုပ်စုတစ်စုသည် အရေးအခင်းအတွက်ပြင်ဆင်မှုရှိ၍အခြားသောအုပ်စုတွင်ပြင်ဆင်မှုမရှိကြောင်းတွေ့ရပါသည်။ ရုတ်တရက် မမျှော်လင့်ဘဲကြီးစွာသောဘေးရန်တည်းဟူသောသေခြင်းတရားနှင့်အသက် ဝိညာဉ်တို့မျက်နှာချင်းဆိုင်ရကြသောအခါမှ ဘုရားသခင်၏ကတိတော်များတွင်စစ်မှန်သောယုံကြည်မှုရှိမရှိထင်ပေါ် လိမ့်မည်။ အသက်ဝိညာဉ်သည်ကျေးဇူးတော်၏အားပေးထောက်မခြင်းကိုခံရသည်မခံရသည်ကိုထင်ရှားလိမ့်မည်။

လူသားတို့အတွက် ကရုဏာတံခါးပိတ်၍နောက်ဆုံးစစ်ဆေးသည့် အချိန်တွင်မည်သည့်အသက်ဝိညာဉ်၏လိုအပ် ချက်ကိုမျှ ဖြည့်စွက်ပေးနိုင်တော့မည်မဟုတ်ပါ။သတို့သမီးဆယ်ဦးတို့သည် ဤကမ္ဘာကြီး၏သမိုင်းညနေပိုင်းအချိန်တွင်စောင့်ကြည့်နေကြပါသည်။ သူတို့ အားလုံးခရစ်ယာန်အမည်ခံကြပါသည်။ အားလုံးခေါ်တော်မူခြင်းကိုခံရပါသည်။ သတ်မှတ်ထားသည့်နေရာတစ်ခုစီရှိ ပါသည်။ ဆီမီးခွက်တစ်ခုစီပါကြပါသည်။ အားလုံးခရစ်တော်ကြွလာတော်မူမည်ကို အမှန်ပင်စောင့်မျှော်နေကြပါ သည်။ သို့သော်ငါးဦးတို့သည်အသင့်မရှိကြ။ သူတို့သည်စားသောက်ပွဲခန်းမကြီး၏ အပြင်ဘက်တွင်အလွန်အံ့အားသင့်လျက်၊ အလွန်စိတ်ပျက်လျက် နေကြပေလိမ့်မည်။နောက်ဆုံးသောနေ့ရက်ကြီးသို့ရောက်သောအခါ အများသော သူတို့သည် ခရစ်တော်၏နိုင်ငံတော် သို့ဝင်ရောက်ခွင့်ရရှိရန် "အကျွန်ုပ်တို့သည်အထံတော်၌စားသောက်ပါပြီ၊ အကျွန်ုပ်တို့နေသော မြို့ရွာ၌ ကိုယ်တော်သည် ဆုံးမဩဝါဒပေးတော်မူပြီ" ဟူ၍လည်းကောင်း၊ "သခင်၊ သခင် အကျွန်ုပ်တို့သည်ကိုယ် တော်အခွင့်နှင့်ဆုံးမဩဝါဒပေးပါ ပြီမ ဟုတ်လော၊ ကိုယ်တော်အခွင့်နှင့်နတ်ဆိုးတို့ကိုနှင်ထုတ်ပါပြီမဟုတ်လော၊ ကိုယ်တော်အခွင့်နှင့်များစွာသောတန်ခိုးကိုပြပါပြီမဟုတ်လော" ဟူ၍လည်းကောင်းလျှောက်ထားကြလိမ့်မည်။ ထိုအခါကိုယ်တော်က "သင်တို့သည် အဘယ်ကလာ သည်ကို ငါမသိဟုငါဆိုပြီ၊မတရားသောအမှုကိုပြုသောသူအပေါင်းတို့ ငါ့ထံမှ ဖယ်သွားကြ" ဟုမိန့်တော်မူလိမ့်မည်။ လုကာ ၁၃း၂၆၊၂၇။ မဿဲ ၇း၂၂။ ယခုဘဝတွင်သူတို့သည်ခရစ်တော် နှင့်မိတ်သဟာ ယမဖွဲ့ကြသော ကြောင့်ကောင်းကင် ဘာသာစကားကို သူတို့နားမလည်ကြ။ သူတို့သည်ကောင်းကင် ဝမ်း မြောက်ခြင်းအတွက် သူစိမ်းပြင်ပြင်ဖြစ်ကြ၏။ "လူ၏နက် နဲသောအရာကိုလူ၌ရှိသောမိမိ၏ စိတ်ဝိညာဉ်မှတစ်ပါး အဘယ်သူသိသနည်း။

ထိုနည်းတူဘုရားသခင်၏ နက်နဲသောအရာကို ဘုရားသခင်၏ ဝိညာဉ်တော်မှတစ်ပါး အဘယ်သူမျှမသိ။" ၁ ကော ၂း၁၁။

သေခြင်းတရားကိုမလွန်ဆန်နိုင် သောလူသားတို့ကြားရသည့် စကားများအနက် ဝမ်းနည်းစရာအ ကောင်းဆုံးသောစကားလုံးများမှာ "သင်တို့ကိုငါမသိ" ဟုနောက်ဆုံးတရားစီရင်ချက်ချမှတ်သောစကား လုံးများပင်ဖြစ်ပါသည်။ ထိမ်းမြားလက်ထပ်စားသောက်ပွဲတွင် ဝမ်းသာ အားရဆင်နွှဲနေသောသူများတွင်သင်လည်းတစ်ယောက်အပါအဝင်ဖြစ်နိုင် ရန်လိုအပ်သည့်တစ်ခုတည်းသောအာမခံချက်မှာဝိညာဉ်တော်နှင့် မိတ် သဟာယဖွဲ့ခြင်းဖြစ်သော်လည်း ယင်းကိစ္စကိုသင်သည် လျစ်လျူရှုခဲ့၏။ ထိုမြင်ကွင်းတွင်သင်မပါဝင်နိုင်။ ၎င်း၏မေတ္တာနှင့်ဝမ်းမြောက်ခြင်း ကလောကရေးရာမလှုံ့ဆော်နိုင်။ သင်သည်ကောင်းကင်သားများနှင့် မပေါင်းဖော်ထိုက်အောင်၊ ကောင်းကင်နိုင်ငံတော်သို့မဝင်ထိုက်အောင် သင်ကိုယ်တိုင်ဖန်တီးခြင်းသာဖြစ်ပါသည်။"ကြည့်ပါ၊ မင်္ဂလာဆောင်လုလင် လာပြီ" ဟုကြွေးကြော်သံကို ကြားသောအခါမှနိုးထ၍ဆီမရှိသော မီးခွက်များကို ပြန်လည်ပြုပြင်ဖြည့်စွက်ခြင်းဖြင့် ဘုရားသခင်ကိုဖူးမြော် ရန်အသင့်ရှိတော့မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည်ဤဘဝတွင်ခရစ်တော်နှင့် ခွဲခွာ၍နေပြီးမှ ကောင်းကင်နိုင်ငံတော်တွင် ကိုယ်တော်နှင့်အတူ ပေါင်းဖော်ရန်ထိုက်တန်လိမ့်မည်မဟုတ်ပါ။

ဥပမာတွင် ပညာသတိရှိသောသတို့သမီး၏ ဆီမီးခွက် နှင့်ဆီဘူးများတွင်ဆီရှိနေကြပါသည်။ သူတို့ စောင့်ဆိုင်း နေကြသောညဥ့်အချိန်တစ်လျှောက်လုံး သူတို့၏ဆီမီး ခွက်များမှေးမှိန်ခြင်းမရှိ၊ မီးလျှံများဖြင့် ထွန်းတောက်နေကြ သည်ဖြစ်၍ မင်္ဂလာဆောင်သတို့သား၏ ဘုန်းအသရေ

ထွန်းတောက်စေရာတွင် အထောက်အကူပြုကြ၏။ မှောင်မိုက်သောနေရာတွင် ထွန်းလင်းနေသည်ဖြစ်၍ မင်္ဂလာဆောင်စားသောက်ပွဲတည်ရှိရာမင်္ဂလာဆောင်သတို့သား၏ နေအိမ်သို့သွားသောလမ်းကို အလင်းရောင်ပေးခြင်း၌ အထောက်အကူပြုပါသည်။ထိုနည်းတူခရစ်တော်၏နောက်တော်သို့လိုက်လျှောက်သော သူများသည်လည်း လောကမှောင်မိုက်အတွင်းသို့အလင်းရောင်ပေးကြရန်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ထွက်တရားတော်ကိုလက်ခံထားသူ၏အသက်တာသည် သန့်ရှင်းသောဝိညာဉ်တော်စီမံပြုပြင်ခြင်းအားဖြင့်ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက်သောအခါ အလင်းရောင်ဖြစ်လာပါသည်။ လူတို့သည် နှုတ်ထွက်တရားတော်၏အခြေခံသဘောတရားများ ကိုနှလုံးပိုက်ထားပါက သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့၏အသက်တာတွင်ဘုရားသခင်၏ဘုန်းတော်ရောင်ပြန်ဟပ်စေပါလိမ့်မည်။ ကိုယ်တော်၏ဘုန်းတော်၊ ကိုယ်တော်၏ဘုန်းရောင်ခြည်သည် နောက်တော်သို့လိုက်လျှောက်သောသူတို့တွင်ထွန်းတောက်နေရမည်။ ယင်းနည်းအားဖြင့် သူတို့သည် သိုးသငယ်၏မင်္ဂလာဆောင်စားသောက်ပွဲတည်ခင်းရာ၊ မင်္ဂလာဆောင်သတို့သားတော်၏အိမ်တော်ရှိသောဘုရားသခင်၏မြို့ တော်သို့သွားရာလမ်းတော်ကို အလင်းရောင်ခြည်ပေးခြင်းဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရမည်။

မင်္ဂလာဆောင်သတို့သားရောက်လာသောအချိန် သည်သန်းခေါင်ယံဖြစ်၍အမှောင်မိုက်ဆုံးသောအချိန်ဖြစ်၏။ ထိုနည်းအတူဤ လောက၏သမိုင်းတွင်အမှောင်မိုက်ဆုံးသောအချိန်၌ခရစ်တော်ကြွလာတော်မူလိမ့်မည်။ လူသားကြွလာတော်မူမည့်အချိန်ရောက်လုနီးသောအခါ ဤလောကကြီးအခြေအနေမြင်ကွင်းသည်နောနှင့်လောတတို့၏အချိန်ကကဲ့သို့ဖြစ်လိမ့်မည်။ ထိုအချိန်တွင်စာတန်သည်မိမိ၏တန်ခိုးအာဏာ ရှိသမျှကိုအသုံးချ၍လည်းကောင်း၊ "မတရားသောလှည့်ဖြားခြင်းအမျိုးမျိုး နှင့် လည်းကောင်း (၂သက် ၂း၉-၁၀)။ လုပ်ငန်းဆောင်ရွက်လိမ့်မည်။

ဖြစ်ကြောင်း ခရစ်ယာန်ကျမ်းစာတွင်ဖေါ်ညွှန်းထားပါသည်။ ဘာသာရေးလမ်းလွဲမှုများ၊ အယူဝါဒကွဲလွဲမှုများ၊ မြားမြောင်လှစွာသော ပျက်စီးခြင်းများစသည့်ယနေ့ကာလဆိုင်ရာလောကမှောင်မိုက်အရှိန်အဟုန်တိုးတက်မြင့်မားနေပါသဖြင့် သူ၏လုပ်ဆောင်မှုမှာထင်ရှားနေပါသည်။ စာတန်သည်ကမ္ဘာလောကကြီးသို့သုံ့ပန်းအဖြစ်ဖမ်းဆီးချုပ်နှောင်ရာ၌ အရေးပါအရာရောက်နေသည်သာမက သခင်ယေရှု ခရစ်၏အမည်ကိုခံယူသော အသင်းတော်များကိုပင် မမှန်သောဩဝါဒများဖြင့်လိမ့်လည်လှည့်ဖြား၍မူးယစ်စေ၏။ ဆိတ်မွေးဖြင့်ရက်လုပ်ထားသောလျှော်ဖျင်ကြမ်းသည်ထူပိန်းနေဘိသကဲ့သို့လည်းကောင်း၊ မှောင်အတိကျနေသောသန်းခေါင်ယံအချိန်ကဲ့သို့လည်းကောင်း ကြီးမားလှသည့် အယူဝါဒဖေါက်ပြန်မှုကြီးထွန်းကားလိမ့်မည်။ ဘုရားသခင်၏ လူတို့အတွက်မှာမူကားဘုရားသခင်၏တရား တော်နှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းခံရသောညဥ့်၊ ငိုကြွေးရသောညဥ့်၊ နှိပ်စက်ညှဉ်းဆဲခြင်းခံရသောညဥ့် ဖြစ်လိမ့်မည်။ သို့သော်ထိုမှောင်မိုက်သည် ညဥ့်ကာလအတွင်းမှ ဘုရားသခင်၏အလင်းတော်ထွန်းတောက်လိမ့်မည်။ကိုယ်တော်သည် "မှောင်မိုက်ထဲကအလင်းထွန်းလင်း" စေတော်မူ ၏။ ၂ကော ၄း၆။ "မြေကြီးသည် အဆင်းသဏ္ဍာန်မရှိ၊ လွတ်လပ် လဟာဖြစ်၏။ နက်နဲရာအရပ်ကိုမှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ ဝိညာဉ်တော်သည်ရေမျက်နှာပြင်ပေါ်မှာလှုပ်ရှားတော်မူ" သောအခါ "ဘုရားသခင်ကလည်းအလင်းဖြစ်စေဟုအမိန့်တော်ရှိ၍ အလင်းဖြစ်လေ၏" က၊ ၁း၂-၃။ ထိုနည်းအတူ ဝိညာဉ်ရေးမှောင်မိုက်ဖုံးလွှမ်းသောညဥ့် တွင် "အလင်းဖြစ်စေ" ဟုဘုရားသခင်အမိန့်တော်ရှိလိမ့်မည်။ "သင်ထလော့၊ လင်းလော့၊ သင်၏အလင်း ရောက်လာပြီ။ ထာဝရဘုရားသခင်၏ ဘုန်းတော်သည်သင်၏အပေါ်မှာပေါ်ထွန်းလျက် ရှိ၏" ဟုကိုယ်တော် မိန့်တော်မူ၏။ ဟေရှာယ ၆၀း၁။

“ကြည့်ရှုလော့၊ မှောင်မိုက်သည် မြေကြီးကိုဖုံးလွှမ်းလိမ့်မည်။ ထူထပ်သောမှောင်မိုက်သည် လူများ ကိုဖုံးလွှမ်းလိမ့်မည်။ သို့သော်လည်း သင်၏အပေါ်မှာ ထာဝရဘုရားသခင်သည် ပေါ်ထွန်းတော်မူ၍ဘုန်းတော်သည်သင်၏အပေါ်မှာထင်ရှားလျက်ရှိလိမ့်မည်” ဟုခရစ်ယာန်ကျမ်းစာတွင်ဖေါ်ပြထားပါသည်။ ဟေရှာယ ၆၀း၂။ ဤလောကကြီးကိုဖုံးလွှမ်းနေသည့်မှောင်မိုက်မှာ ဘုရားသခင်၏အကြောင်းကိုမသိသောမှောင်မိုက်ဖြစ်လိမ့်မည်။ လူတို့သည်ကိုယ်တော်၏ဘုန်းတော်ကိုမသိမေ့လျော့ကြ၏။ ၎င်းနှင့်စပ်လျဉ်း၍ အလွဲအနက်ကောက်ပြီးလျှင် အလွဲနားလည်နေကြ၏။ ဤအချိန်တွင်ဘုရားသခင်၏အထံတော်မှ အကျိုးသက်ရောက်မှုရှိသည့်အလင်းတရားတော်ဆိုင်ရာသတင်းစကား၊ ကယ်တင်နိုင်သည့်တန်ခိုးတော်ပါသောသတင်းစကားကို ကြွေးကြော်ရန်ဖြစ်ပါသည်။ ကိုယ်တော်၏ကျေးဇူး၊ ကိုယ်တော်၏ကောင်းမြတ်ခြင်း၊ ကိုယ်တော်၏ချစ်ကြင်နာမှု၊ ကိုယ်တော်၏ဖြောင့်မတ်ခြင်းတရားတော်စသည့် ကိုယ်တော်၏အလင်းတရားတော်ကို မှောင်မိုက်ဖုံး လွှမ်းနေသောဤကမ္ဘာ အတွင်းသို့ပေးပို့ထွန်းလင်းစေခြင်းအားဖြင့် ဘုရားသခင်၏ဂုဏ်သိက္ခာတော်အကြောင်းကိုပြောဟောရကြပါမည်။ ထိုအမှုတော်နှင့်စပ်လျဉ်း၍ ပုရောဖက်ဟေရှာယက ယေရုရှ လင်မြို့သို့ဝမ်းမြောက်စရာသတင်းကိုဆောင်ခဲ့သောသူ၊ ကျယ်သောအသံကိုလွှင့်လော့။ မစိုးရိမ်ဘဲအသံကိုလွှင့်လော့။ သင်တို့၏ဘုရားသခင်ကို ကြည့်ရှုကြဟုယုဒမြို့ရွာတို့အားပြောကြလော့။ ကြည့်ရှုလော့၊ ထာဝရဘုရားသခင်သည်ကြီးစွာသောဘုန်း တန်ခိုးနှင့်ကြွလာ၍ လက်ရုံးတော်အားဖြင့်အစိုးရတော်မူလိမ့်မည်။ မိမိခံတော်မူထိုက်သောအခ မိမိ၌ပါလျက်ဆုလာဘ်တော်သည်ရှေ့တော်၌ရှိ၏”ဟုအချုပ်အားဖြင့်ဖေါ်ပြထားပါသည်။ ဟေရှာယ ၄၀း၉၊၁၀။

လူအပေါင်းတို့အားကြွေးကြော်ကြရန်ဖြစ်ပါသည်။ ကမ္ဘာလောကကြီးသို့ပေးပို့ရမည့်နောက်ဆုံးသောကရုဏာတော်ဆိုင်ရာ အလင်းတရားတော်ရောင်ခြည်များနှင့်နောက်ဆုံးသော သနားကြင်နာမှုဆိုင်ရာ သတင်းစကားမှာ ကိုယ်တော်၏မေတ္တာတော်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏သားသမီးများသည် ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစွာပြသရကြပါမည်။ ဘုရားသခင်၏ကျေးဇူးတော်သည် သူတို့အားမည်သို့ပြုပြင်ပြောင်းလဲထားကြောင်းသူတို့၏အသက်တာနှင့်သူတို့၏အကျင့်များအားဖြင့် ထင်ရှားစွာဖေါ်ပြရကြပါမည်။ သူတို့၏ကောင်းမြတ်သောအလုပ်များအားဖြင့်လည်းကောင်း၊ ဥစ္စာစကားကိုပြောဆိုခြင်းအားဖြင့် လည်းကောင်း၊ သန့်ရှင်းသောအကျင့်များအားဖြင့်လည်းကောင်း တရားတော်နေမင်း၏ အလင်းတရားတော် ကိုထွန်းလင်းစေရမည်။ခရစ်တော်သည် ခမည်းတော်၏ဘုန်းတော်ရောင်ခြည်ကို ဤလောကဌ်ပိုမိုထွန်းလင်းစေရန် အတွက် ဤလောက၏အလင်းအဖြစ်နှင့်ကြွလာတော်မူခဲ့၏။ ကိုယ်တော်သည် လူတို့ရှေ့မှောက်တွင် ဘုရားသခင်အားကိုယ်စားပြုရန် ကြွလာတော်မူသည်ဖြစ်သောကြောင့် "သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်း ကောင်း၊ တန်ခိုးတော်နှင့်လည်းကောင်း . . . . ဘိသိက်ပေးတော်မူသဖြင့် . . . . ကျေးဇူးပြုလျက် . . . လှည့်လည်တော်မူ၏" ဟုကိုယ်တော်၏ အကြောင်းနှင့်စပ်လျဉ်း၍ ကျမ်းစာတွင်အက္ခရာတင်ထားပါသည်။ တ ၁၀း၃၈။ နာဇရက်မြို့တရားဇရပ်တွင်လည်း "ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည်ငါ၏အပေါ်၌တည်တော်မူ၏။ အကြောင်းမူကား၊ဆင်းရဲသားတို့အားဝမ်းမြောက်စရာသတင်းကိုကြားပြောစေခြင်း၄ါ ငါ့ကိုဘိသိက် ပေးတော်မူပြီ။ ကြေမွသောသူတို့၏အနာကိုပျောက်စေခြင်း၄ါလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်း နှင့်မျက်စိကန်းသောသူတို့အားမျက်စိမြင်ပြန်စေခြင်း အကြောင်းကိုပြ စေခြင်း၄ါလည်းကောင်း၊ ညှဉ်းဆဲခံရသော

**ပညာမဲ့သောသတို့သမီးတို့နောက်ကျသဖြင့်အိမ်၏အပြင်ဘက်တွင် ကျန်ရစ်ခဲ့ကြလေ၏။**

သူတို့ကိုကယ်မစေခြင်းငှါလည်းကောင်း၊ ထာဝရဘုရားသခင်၏ကောင်း ချီးနှစ်သစ်အချိန်ကို ကြားပြောစေခြင်းငှါလည်းကောင်း၊ ငါ့ကိုစေလွှတ် တော်မူပြီ" ဟုခရစ်ယာန်ကျမ်းစာတွင်ပါသည့်အတိုင်းဖတ်၍မိန့် မြွက်တော်မူ၏။ လု ၄း ၁၈၊ ၁၉။ ကိုယ်တော်၏တပည့်တော် များကိုလည်း ယင်းအမှုတော်ကိုပင်ဆောင်ရွက်ရန် ခန့်အပ်တော်မူ၏။ ထို့ကြောင့်

"သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏" ဟုကိုယ်တော်မိန့်တော်မူပြီးလျှင် "သူတစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ကျေးဇူးတော် ကိုချီးမွမ်းစေခြင်းငှါ၊ သူတစ်ပါးတို့ရှေ့၌ သင်တို့၏အလင်းကိုလင်းစေကြလော့" ဟုဆက်၍လမ်းညွှန်မိန့်ကြားတော်မူ၏။ မဿဲ ၅း၁၄၊၁၆။

ယင်းအမှုတော်နှင့်စပ်လျဉ်း၍ပုရောဖက်ဟေရှာယက "မွတ်သိမ်သောသူကိုအစာကျွေးခြင်း၊ နေရာ မရှိဆင်းရဲသောသူတို့ကို ကိုယ့်အိမ်သို့ဆောင်ခြင်း၊ အဝတ်မရှိသောသူကိုမြင်လျှင် အဝတ်ကိုပေးခြင်း၊ ကိုယ်အသားကိုမရှောင်ဘဲနေခြင်းမဟုတ်လော။ သို့ပြုလျှင်သင်၏ အလင်းသည်မိုးသောက်သောအလင်းကဲ့သို့ ပေါ်ထွန်း၍အလျင်အမြန်ကျန်းမာခြင်းသို့ရောက်လိမ့်မည်။ သင်၏ဖြောင့်မတ်ခြင်းပါရမီသည်သင့်ရှေ့၌သွား၍ ထာဝရဘုရားသခင်၏ဘုန်းတော်သည် နောက်၌လုံခြုံစေလိမ့်မည်" ဟုသရုပ်ဖေါ်ထားပါသည်။ ဟေရှာ ၅၈း၇၊၈။ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ဝိညာဉ်ရေးမှောင်မိုက်လွှမ်းခြုံနေသောညဉ့်ကာလတွင်ကိုယ်တော်၏ အသင်းတော်မှတစ်ဆင့် ဝန်လေးသူကိုကူပင့်၍ ပူဆွေးသူကိုနှစ်သိမ့်စေခြင်းဖြင့် ဘုရားသခင်၏ဘုန်းတော် ရောင်ခြည်ကို ထွန်းပြောင်စေရမည်။

ကျွန်ုပ်တို့၏ဝန်းကျင်တွင် ပူပန်သောကရောက်သူများ၏ ငိုကြွေးမြည်တမ်းသံများကို ကမ္ဘာနှင့် အဝန်းကြားနေရပါသည်။ ဆင်းရဲနွမ်းပါးသောသူများနှင့် စိတ်သောကရောက်သူများကို လူတိုင်းလက်လှမ်းမီနိုင်ပါသည်။ ဘဝအသက်တာ၏အခက်အခဲများနှင့်ပူပန်သောကများမှ လွတ်မြောက်စေရန်နှင့် သက်သာရာ ရစေရန်အတွက် ကူညီရိုင်းပင်းရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်ပါသည်။

လက်တွေ့ဆောင်ရွက်ပေးခြင်းသည် ဟောပြောနေသည်ထက်ပို၍ ထိရောက်ပါလိမ့်မည်။ ကျွန်ုပ်တို့ သည် မွတ်သိပ်သောသူကိုအစာကျွေးရမည်။ အဝတ်အချည်းအစည်းရှိသောသူကိုအဝတ်ပေးရမည်။ နေအိမ်-

မရှိသောသူကို ခိုလှုံစရာပေးရမည်။ ဤမျှနှင့်လည်း ကျွန်ုပ်တို့၏တာဝန်မကုန်ဆုံးသေးပါ။ အသက်ဝိညာဉ်ဆင်းရဲခြင်းကို ခရစ်တော်၏ မေတ္တာတော်ကသာလျှင်ချမ်းသာပေးနိုင်ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးအတွင်း၌ကိန်းအောင်းတော်မူလျှင်ကျွန်ုပ်တို့သည်ကိုယ်တော် နည်းတူ စာနာထောက်ထားတတ်ကြပေလိမ့်မည်။ ဖုံးကွယ်နေသည့်စစ်မှန်သောမေတ္တာတရား၊ခရစ်တော်၏မေတ္တာတော်နှင့်တူသောမေတ္တာတရားပေါ် လွင်လာပေလိမ့်မည်။ဆင်းရဲနွမ်းပါးသောသူများအား ဝေငှပေးကမ်းရန်သာကျွန်ုပ်တို့အားဘုရားသခင်ခေါ်တော်မူသည်မဟုတ်ပါ။ ရွှင်ပျသောမျက်နှာထားနှင့်စေတနာထက်သန်စွာအကျိုးရှိသောစကားကိုပြောဆိုလျက် လက်ယာလက်ချင်းဆုပ်ကိုင်၍ရင်းနှီးစွာပြုစုရန်ကိုလည်းဆင့်ဆိုတော်မူ၏။ ခရစ်တော်သည် နာဖျားမကျန်းသောသူတို့အား အနာရောဂါကင်းငြိမ်းစေရာ၌ သူတို့၏အပေါ်တွင် လက်တော်ကိုတင်တော်မူ၏။ ထိုနည်းအတူ ကျွန်ုပ်တို့အကျိုးပြုလိုသောသူတို့နှင့် ရင်းနှီးစွာဆက်ဆံ ရန်လိုအပ်ပါသည်။

မြော်လင့်ခြင်းကင်းမဲ့သောသူအများရှိပါသည်။ သူတို့စိတ်ရွှင်လန်းစေရန် ကြိုးစားပါ။ စိတ်ပျက်အားလျော့နေသောသူအများရှိပါသည်။ သူတို့ကိုအားပေးစကားပြောပါ၊ ဆုတောင်းပေးပါ။ အသက်မုန့်ကို လိုအပ်နေသောသူများလည်း ရှိပါသည်။ နှုတ်ထွက်တရားတော်ကိုဖတ်ပြပါ။ အသက်ဝိညာဉ်နာဖျားမကျန်းဖြစ်နေသူအများရှိရာ လောကလိမ်းဆေးမထိမရောက်၊ ဆေးသမားမကုမသနိုင်။ ထိုအသက်ဝိညာဉ်များ အတွက်ဆုတောင်းပေးပါ။ ယေရှုထံတော်သို့ခေါ်လာပါ။ ဂိလဒ်တောင်ပေါ်မှာသစ်ဆီလိမ်းဆေးရှိကြောင်း၊ ဥမားတော်ကြီးလည်းရှိကြောင်း ပြောပြပါ။အလင်းတရားသည် ကောင်းချီးတစ်ရပ်၊ မိုးကုပ်စက်ဝိုင်း တစ်ဝိုင်းလုံးနှင့်ဆိုင်သော ကောင်းချီးတစ်ရပ်ဖြစ်၍ ကျေးဇူးတော်ကိုမသိတတ်သောကမ္ဘာ၊ မသန့်ရှင်းသောကမ္ဘာ၊ အကျင့်ဖောက်ပြန်နေသော

ကမ္ဘာ တစ်ခုအပေါ်သို့ ၎င်း၏ရတနာအရပ်ရပ်ကိုသွန်းလောင်း လျက်ရှိတော်မူ၏။ တရားတော်နေမင်း၏အလင်း ရောင်သည်လည်း ထိုနည်းအတူပင်ဖြစ်တော်မူ၏။ ကမ္ဘာမြေကြီးတစ်ခုလုံးသည် အပြစ်၏မှောင်မိုက်၊ စိတ်ပူပန်ခြင်း၏မှောင်မိုက်၊ နာကျင်ခြင်း၏ မှောင်မိုက်တို့ဖြင့် လွှမ်းခြုံလျက်ရှိနေသော်လည်း ဘုရားသခင်၏ချစ် ကြင်နာမှုကိုသိနားလည်သည့်ပညာအလင်းရောင်ဖြင့်ထွန်းလင်း တောက်ပနေစေရမည်။ မည်သည့်ဂိုဏ်းဂဏ၊ မည်သည့်အသင်း၊ မည်သည့် လူတန်းစားမျှကောင်းကင်ပလ္လင်တော်မှ ထွန်းတောက်လျက်ရှိသော အလင်းတော်ကို မရဘဲမရှိစေရ။ မြော်လင့်ခြင်းနှင့်သနားကြင်နာမှုဆိုင် ရာသတင်းစကားကို ကမ္ဘာတစ်စွန်းမှသည် အခြားတစ်စွန်းသို့ တိုင်အောင် သယ်ယူပို့ဆောင်ရမည်။ အလိုရှိသောသူတိုင်းဘုရားသခင်၏ တန်ခိုးတော် ကိုအားကိုး၍ ဘုရားသခင်နှင့်ငြိမ်းချမ်းရေးကိုရယူနိုင်ပါသည်။ ထိုသူသည် လည်းငြိမ်းချမ်းရေးကိုကိုယ်စားလှယ်ဖြစ်လာနိုင်ပါသည်။ ဘုရားသခင်နှင့် ဝေးကွာနေသောသူများလည်း သန်းခေါင်ယံအချိန်၌ မှောင်မိုက်တွင်း၌ နစ်မွန်းနေရန် မလိုတော့ဘဲတရားတော်နေမင်း၏ ထွန်းတောက်သော ရောင်ခြည်တော်အောင်တွင် စိတ်မသာငြီးငွေ့ဖွယ်ရာများနှင့်ဝေးကွာ ကြပေလိမ့်မည်။ သေမင်း၏တန်ခိုးအာဏာကိုလည်းအောင်ပြီ။သို့သော် မိမိကိုယ်တိုင်လက်ခံရရှိမထားသည့်အရာကိုအဘယ်သူမျှမဝေငှနိုင်။ ဘုရားသခင်၏အမှုတော်တွင်လူသားသည်အဘယ်အရာကိုမျှ အစမဖေါ် နိုင်။ ကိုယ်တိုင်ကြိုးစားအားထုတ်မှုဖြင့် မည်သူမျှ ဘုရားသခင်၏အလင်း တရားတော်ကိုသယ်ဆောင်သူမဖြစ်နိုင်။ ကောင်းကင်တမန်များသည် ကောင်းကင် ရွှေဆီကိုရွှေပြွန်များဖြင့်သန့်ရှင်းရာဌါနတော်အတွင်း၌ရှိသော ရွှေဆီအိုးမှတစ်ဆင့် ဆီမီးခွက်များအတွင်းသို့ စီးဆင်းစေခြင်းအားဖြင့်သာ စဉ်ဆက်မပြတ်ထွန်းတောက် လျက်ရှိသောအလင်းရောင်ကိုဖြစ်ပေါ်စေပါသည်။ ဘုရားသခင်၏ ချစ်ခြင်းသည်

လူသားတို့၏စိတ်နှလုံးအတွင်းသို့ စဉ်ဆက်မပြတ်စီးဆင်းနေခြင်းအားဖြင့်သာလူသားသည်မိမိ၏အလင်းတရားကိုထပ်ဆင့်ဝေငှနိုင်ပါသည်။

ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်သူတိုင်း၏ စိတ်နှလုံးအတွင်းသို့ ဘုရားသခင်၏မေတ္တာတော်ရွှေဆီသည် အချုပ်အချယ်မရှိလွတ်လပ်စွာစီးဆင်းလျက်ရှိနေခြင်းမှာ ကောင်းသောလုပ်ငန်းဖြင့်လည်းကောင်း၊ စေတနာဖြင့်လည်းကောင်းဘုရားသခင်၏အမှုတော်ဆိုင်ရာအလင်းတရား ကိုထွန်းလင်းစေခြင်းငှါဖြစ်သတည်း။

အတိုင်းမသိများပြားကြီးမားလှစွာသော သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးများကိုချပေးသွန်း လောင်းတော်မူရာ၌ အရေးကြုံလျှင်အသုံးပြုနိုင်ရန် ကောင်းကင်စွမ်းအားရှိသမျှပါဝင်တော်မူ၏။ ဘုရားသခင်၏ကြွယ်ဝစွာသောကြင်နာမှုကျေးဇူးတော်များ မြေကြီးပေါ်ရှိလူသားတို့အပေါ်သို့မသက်ဆင်းသည်မှာဘုရားသခင်ကကန့်သတ်ချက်ပြုထားခြင်းကြောင့်မဟုတ်ပါ။ လူတိုင်းလက်ခံရန်အလိုရှိပါက သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝကြပါလိမ့်မည်။ဘုရားသခင်၏ကျေးဇူးတော်ဆိုင်ရာ ဘဏ္ဍာရတနာများကိုလည်းကောင်း၊ စစ်၍မကုန်နိုင်သောခရစ်တော်၏ ကြွယ်ဝမှုများကိုလည်းကောင်း ဤလောကသို့ဝေငှတော်မူရာ၌ လူတိုင်းသက်ရှင်သောဆက်သွယ် ရေးလမ်းကြောင်းများဖြစ်ရန် အခွင့်အရေးရှိပါသည်။ ကိုယ်တော်၏ဝိညာဉ်တော်နှင့်ဂုဏ်အင်္ဂါတော်ကိုဤ လောကတွင် ပုံဆောင်ရန်အတွက် ကိုယ်စားလှယ်များအလိုရှိတော်မူသည်ထက် အလိုရှိတော်မူသောအရာသည်ခရစ်တော်၌မရှိပါ။ ခရစ်တော်၏ချစ်ခြင်းကို လူသားတို့ မှတစ်ဆင့်ပေါ်လွင်ထင်ရှားစေရန်လိုအပ်သည်ထက်ပို၍လိုအပ်သောအရာ ဤလောကတွင်မရှိပါ။ လူသားတို့အတွက်ဝမ်းမြောက်စရာနှင့် ကောင်းချီးဖြစ် စေရန်သန့်ရှင်းသောဆီကို ဝေငှသွန်းလောင်းရန်အတွက် လူသားဆက်သွယ်ရေးလမ်းကြောင်းများကိုကောင်းကင်သားအားလုံးက ကြိုဆိုစောင့်ဆိုင်းနေကြပါသည်။

မောန္တေလ၏ဘုန်းတော်ကို ရရှိထားခြင်းအားဖြင့်လည်းကောင်း၊ ဤလောက၏အလင်းဖြစ်တော် မူသောသခင်၏အလင်း တရားကိုရောင်ပြန်ဟပ်နေခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်တော်၏အသင်းတော်သည် ပုံသဏ္ဍာန်ပြောင်းလဲပြီးသောအသင်းတော်ဖြစ်ရန်ခရစ်တော်သည် အလုံးစုံတို့ကိုစီမံထားတော်မူ၏။ ခရစ်ယာန်တိုင်းသည် ဝိညာဉ်ရေးအလင်းတရားနှင့်ငြိမ်သက်ခြင်းတို့ဖြင့် ဝန်းရံလျက်ရှိကြရန်မှာ ကိုယ်တော်၏စီမံချက်ဖြစ်တော်မူ၏။ ကိုယ်တော်၏ဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့၏အသက်တာတွင်ဖေါ်ထုတ်ရန် ကိုယ်တော်လိုလားတော်မူ၏။

ကောင်းကင်မေတ္တာတော်ယိုဖိတ်ခြင်းအားဖြင့် ဝိညာဉ်တော်ကိန်းအောင်တော်မူကြောင်းထင်ရှားလိမ့်မည်။ ဘုရားသခင်နှင့်စပ်ဆိုင်သောစုံလင်ခြင်းသည်အပ်နှံထားသောလူသားကိုယ်စားလှယ်အားဖြင့် အခြားသူများထံသို့ ထပ်ဆင့်ဝေငှရန် စီးဆင်းပေလိမ့်မည်။

တရားတော်နေမင်း၏ "အနာပျောက်စေသောအတောင်" များရှိတော်မူ၏။ ထိုကြောင့် စစ်မှန်သော တပည့်တော်တိုင်းသည် အသက်ရှင်ရေးအတွက် အကျိုးသက်ရောက်မှုပျံ့နှံ့စေရမည်၊ ရဲရင့်တည်ကြည်ခြင်း ပျံ့နှံ့စေရမည်၊ ကူညီထောက်ပံ့လိုစိတ်ပျံ့နှံ့စေရမည်၊ စစ်မှန်သောရောဂါပျောက်ကင်းမှုပျံ့နှံ့စေရမည်။

ခရစ်တော်၏ဘာသာအယူဝါဒဆိုသည်မှာ အပြစ်ဖြေလွှတ်ခြင်းထက်ပိုပါသည်။ ကျွန်ုပ်တို့၏အပြစ်များကိုပယ်ရှားပြီးလျှင် ယင်းလစ်လပ်နေသောနေရာ၌ သန့်ရှင်းသောဝိညာဉ်တောက်ကိုအစားထိုးပေးခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာဘုရားသခင်၌ဝမ်းမြောက်ခြင်းရှိ၍ ဘုရားသခင်နှင့်စပ်ဆိုင်သောအလင်းရောင် ကိုထွန်းလင်းစေခြင်းဖြစ်ပါသည်။ စိတ်နှလုံးအတွင်းကိုယ်ကျိုးဖက်သောသဘောကင်းစင်၍ ခရစ်တော်ကိန်း ဝပ်တော်မူခြင်းဖြင့် ကောင်းချီးနှင့်ပြည့်ဝခြင်းကိုလည်းဆိုလိုပါသည်။ အသက်ဝိညာဉ်ကို ခရစ်တော်စိုးမိုးသောအခါသန့်ရှင်းစင်ကြယ်၍ အပြစ်နှင့် ကင်းဝေး၏။ အသက်တာသည် ဘုန်းတော်နှင့်လည်းကောင်း၊

ဇေဝံဂေလိစီမံကိန်းပြီးမြောက်ခြင်းနှင့်လည်းကောင်း၊ ပြည့်စုံကုံလုံစေ၏။ ခရစ်တော်အားလက်ခံသောအခါ စုံလင်သောငြိမ်သက်ခြင်း၊ စုံလင်သောမေတ္တာ၊ စုံလင်သောယုံကြည်စိတ်ချခြင်းများပေါ်လွင်ထင်ရှားလာပါသည်။ ခရစ်တော်၏တင့်တယ်ကောင်းမြတ်ခြင်းအဖြာဖြာနှင့်ပြီးပြည့်စုံသောဂုဏ်အင်္ဂါတော်ကဲ့သို့သော အကျင့်သည်အသက်တာ၌ပေါ်လွင်ထင်ရှားလျှင်ဘုရားသခင်သည် မိမိ၏သားတော်ကို၌လောက၏ကယ်တင်သခင်အဖြစ် အကယ်စင်စစ်စေလွှတ်တော်မူကြောင်းသက်သေထင်ရှားနေပါသည်။

ခရစ်တော်သည်တပည့်တော်တို့အား သင်တို့အလင်းကိုလင်းစေကြလော့ဟု မိန့်မှာတော်မူ၏။ ကြိုးစားအားထုတ်၍ လင်းစေရမည်ဟုမိန့်တော်မူခြင်းမဟုတ်ပါ။ သင်သည်ဘုရားသခင်၏ကျေးဇူးတော်ကိုလက်ခံရရှိပြီးဖြစ်ပါက သင်၌အလင်းတရားရှိနေပါသည်။ အတားအဆီးရှိသမျှကိုပယ်ရှားလိုက်ပါက ဘုရား သခင်၏ဘုန်းတော်ထင်ရှားလိမ့်မည်။ အလင်းသည် အမှောင်ကိုခွင်းလိမ့်မည်။ သင်၏ဩဇာသက်ရောက်မှုနယ်နိမိတ်အတွင်း မလင်းဘဲမနေနိုင်။

ကိုယ်တော်၏ဘုန်းတော်ကိုလူသားအသွင်ဖြင့်ဖေါ်ထုတ်ရာ၌ကောင်းကင်ဘုံသည် လူတို့နှင့်မည်မျှတိုင်နီးစပ်လာသည်ကို ခရစ်တော်ကိန်းဝပ်တော်မူသည့် အသက်ဝိညာဉ်တိုင်း၏စိတ်နှလုံးဗိမာန်တွင်လှပတင့်တယ်စွာ တန်ဆာဆင်မြန်းထားခြင်းဖြင့် သိသာလိမ့်မည်။ ခရစ်တော်ကိန်းဝပ်တော်မူခြင်းဖြင့်လူတို့သည် ဘုန်းတော်ဆိုင်ရာသိမ်းဆည်းတော်မူခြင်းခံရသူများဖြစ်ကြလိမ့်မည်။ ယင်းနည်းအားဖြင့် ဘုရားသခင်၏အထံတော်သို့ပို့ဆောင်ခြင်းကိုခံရသော၊ မြောက်မြားစွာ သောလူတို့၏ကျေးဇူးတော်နှင့် ဘုန်းတော်ကိုချီးမွမ်း ကြသည့်အသံအပေါင်းသည်ယင်းဘုန်းတော်ကိုပေးတော်မူသည့် ဘုန်းတော်သခင်ထံသို့ပြန်၍တက်လိမ့် မည်။

"သင်ထလော့၊ လင်းလော့၊ သင်၏အလင်းရောက်လာပြီ။ ထာဝရဘုရားသခင်၏ဘုန်းတော်သည်သင်၏အပေါ်မှာပေါ်ထွန်းလျက်ရှိ၏။" ဟေရှာ ၆၀း၁။ သတို့သားတော်ကိုခရီးဦးကြိုပြုခြင်းငှါထွက်သွားကြကုန်သောသူအပေါင်းအား ယင်းသတင်းစကားကိုပေးအပ်ထားတော်မူ၏။ ခရစ်တော်သည်ဘုန်းတန်ခိုးတော်ကိုဆောင်လျက်ကြွလာတော် မူလိမ့်မည်။ ကိုယ်တော်သည် မိမိ၏ဘုန်းတော်ကိုလည်းကောင်း၊ ခမည်းတော်၏ဘုန်းတော်ကိုလည်းကောင်းဆောင်လျက်ကြွလာတော်မူလိမ့်မည်။ ကိုယ်တော်သည် သန့်ရှင်းသောကောင်းကင်တမန်အပေါင်းခြံရံလျက် မိုးတိမ်ကိုစီး၍ကြွလာတော်မူလိမ့်မည်။ တစ်လောကလုံးမှောင်မိုက် အတွင်းနစ်မွန်းနေစဉ်သန့်ရှင်းသူအပေါင်း၏နေအိမ်တိုင်းတွင် အလင်းရောင်ရှိနေလိမ့်မည်။ ကိုယ်တော်ဒုတိယအကြိမ်ကြွလာတော်မူရာတွင် ပထမဦးစွာပေါ်လာသောအလင်းရောင်ကိုသူတို့တွေ့မြင်ရကြပေလိမ့်မည်။ ပြိုးပြိုးပြက်ပြက်တစ်ခဲနက်သောဘုန်းတော်ရောင်ခြည်ကိုဆောင်လျက် ကြွလာတော်မူသောအခါကိုယ်တော်အားကိုးကွယ်သောသူအပေါင်းသည် ရွေးနုတ်တော်မူသောသခင်ခရစ်တော်အား အံ့ဩချီးမွမ်းကြ လိမ့်မည်။ မတရားသောသူတို့သည်ကိုယ်တော်၏အထံတော်မှထွက်ပြေးတိမ်းရှောင်ကြလိမ့်မည်ဖြစ်သော်လည်းခရစ်တော်၏နောက်တော်သို့လိုက်လျှောက်သောသူများ ဝမ်းမြောက်ရွှင်မြူးကြလိမ့်မည်။ အိမ်ထောင်ဦးစီးမျိုးယောဘသည် ခရစ်တော်ဒုတိယ အကြိမ်ကြွလာတော်မူမည့်အကြောင်းကိုမျှော်မှန်း၍ "ငါမြင်မည်၊ သူတစ်ပါးမြင်သည်သာမကငါသည်ကိုယ်တိုင်မျက်စိနှင့်ဖူး မြင်မည်" ဟုအတိအလင်းမြွက်ဆိုခဲ့ပါသည်။ ယောဘ ၁၉း၂၇။ ခရစ်တော်သည် နောက် တော်သို့လိုက်သောသူများနှင့် နေ့စဉ်အတူနေ၍အကျွမ်းဝင်သောအဆွေဖြစ်တော်မူ၏။ သူတို့သည်ဘုရားသခင်နှင့် အစဉ်မပြတ်ပွန်းပွန်းတီးတီး ဆက်သွယ်၍နေကြ၏။ ထာဝရဘုရားသခင်၏ဘုန်းတော်သည် သူတို့အပေါ်မှာ ပေါ်ထွန်းလျက်ရှိ၏။ ဘုရားသခင်၏ဘုန်းတော်ကို သိကျွမ်းသည့်ပညာ

အလင်းရောင်းသည် သူတို့၌ရှိကြောင်းသခင်ယေရှုခရစ်တော် ရှေ့တော်မှောက်တွင် ရောင်ပြန်ဟပ်နေပါသည်။ သူတို့သည် ဘုန်းတန်ခိုး တော်နှင့်ပြည့်စုံတော်မူသည့် ဘုရင်ကြီး၏မမှေးမှိန်နိုင်သောရောင်ခြည် တော်အောက်တွင်ရွှင်လန်းဝမ်းမြောက်လျက်ရှိလေကြလေပြီ။ သူတို့၏စိတ် နှလုံးအတွင်း၌ကောင်းကင်ဘုံရှိသည်ဖြစ်၍ သူတို့သည်ကောင်းကင်နိုင်ငံ တော်၏ပွဲတော်သို့ဝင်ရောက်ရန် အသင့်ရှိကြလေပြီ။

တရားတော်နေမင်း၏ရောင်ခြည်တော်သည် သူတို့၏အပေါ်၌ ထွန်းတောက်သဖြင့်ခေါင်းပေါ် ရှုမျှော်လျက်သူတို့အတွက် ရွေးနုတ်ရာ ကာလရောက်ပြီဖြစ်ကြောင်းသိရကြသဖြင့်သတို့သားတော်ကိုခရီးဦးကြို ပြုခြင်းငှါ ဝမ်းမြောက်ရွှင်လန်းစွာထွက်လာကြပြီးလျှင် "ဤသခင်ကား ငါတို့မျှော်လင့်သောငါတို့၏ဘုရားသခင်ပေတည်း။ ငါတို့ကိုကယ်တင် တော်မူလိမ့်မည်" ဟုကြွေးကြော်ကြလိမ့်မည်။ ဟေရှာ ၂၅း၉။

"တစ်ဖန်တုံ၊ ဟာလေလုယ။ ထာဝရတန်ခိုးတော်နှင့် ပြည့်စုံတော် မူသောထာဝရသခင်၊ ငါတို့ဘုရား သခင်၊ ငါတို့ဘုရားသခင်သည်စိုးစံ တော်မူ၏။ ငါတို့သည်ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့၊ အံ့ဖွယ်အမှုကိုချီး မွမ်းကြကုန်အံ့၊ အကြောင်းမူကား သိုးသငယ်၏မင်္ဂလာဆောင်ပွဲကိုခံချိန်ရှိပြီ၊ သူ၏ မိန်းမသည်ကိုယ်ကို တန်ဆာဆင်ပြီဟုစည်းဝေးသောသူအများတို့၏အသံ၊ သမုဒ္ဒရာ အသံ၊ ပြင်းစွာသောမိုးကြိုးသံကဲ့သို့ ငါကြား ၏။. . . . ကောင်းကင်တမန်ကလည်း သိုးသငယ်၏မင်္ဂလာဆောင်ပွဲသို့ ခေါ်ဖိတ်ခြင်းခံရသောသူတို့ သည်ကောင်းချီးရှိကြ၏ ဟုရေးထားလော့ ဟူ၍ . . . ငါ့အားပြောဆို၏။" "သိုးသငယ်သည် သခင်တို့၏သခင်၊ ဘုရင်တို့၏ဘုရင်ဖြစ်တော်မူ၏။ ကိုယ်တော်နှင့်အတူရှိသောသူတို့သည်လည်း ခေါ်တော်မူသောသူ၊ ရွေးချယ်တော်မူသောသူ၊ ဥစ္စာရှိသောသူဖြစ်ကြ၏။" ဗျာ ၁၉း၆-၉။ ၁၇း၁၄။